မုံရွာမြို့နယ်

မိုဃ်းညှင်း တောရတိုက်

အဂ္ဂမဟာပဏ္ဍိတ

ကျောင်းရှင်

မိုဃ်းညှင်းဆရာတော်ဘုရားကြီး

၏

# ဝိပဿနာအလုပ်ပေးစဉ် တရားကြီး

နှင့်

# ဝိပဿနာဝီထိအစားစားကျင့်စဉ်တရားကြီး

PYIGYIMUNDYNE PITAKA PRESS

ရန်ကုန်မြို့၊ အမှတ်၅၂၊ ၂၅-လမ်း၊ စာဆိုတန်း
ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်

၂၁၉၈၄

မုံရွာမြို့နယ်အတွင်းမှာ၊ မိုးညှင်းမင်းတရားကြီး
တည်ထား ကိုးကွယ်ခဲ့သည့်၊ စေတီတော် အဆူဆူတို့ဖြင့်၊
တင့်တယ်သော-မိုးညှင်းတောရတိုက်တော်ကြီးနှ၍၊ ယာပထလေးလီ၊
မွန်မြတ်သော ဝသီဖြင့်၊မျှညီရှင်ပြုး
သီတင်းသုံးလျက်ရှိပါသော

အဂ္ဂမဟာ-ပဏ္ဍိတ

# မိုးညှင်းတောရ ကိုယ်တော်ကြီးသည်

မြန်မာပြည်တဝှမ်းလုံးတို့က လာရောက်သမျှသော
သူတော်ကောင်း-အစားစားတို့အား
(၁၅) ရက်မျှနှင့်-ဝိပဿနာအလုပ်ရအောင်၊
ဟောပြတော်မူအပ်သော ဝိပဿနာအလုပ်ပေးစဉ်ဝယ်
မကျဉ်း-မကျယ် သိလွယ်ရုံမျှ-ရေးသား၍ ပေးသနားတော်မူအပ်သော

# ဝိပဿနာအလုပ်ပေးစဉ်
# တရားကြီး

နှင့်


## ဝိပဿနာဒီပနီအခြားခြား ကျင့်စဉ်တရားကြီး

ကို

ဦးဘညွန့်က ကြည့်ကြပ်စီစဉ်ပြီးလျှင်
ရန်ကုန်မြို့၊ ဘောင်ဒရီလမ်း၊ မိုးညှင်းဝိပဿနာတိုက်သစ်
ဝေယျာဝစ္စ အကျိုးဆောင် အဖွဲ့ကြီးက
တာဝန်ခံ၍ ဒုတိယအကြိမ်၊ ရန်ကုန်မြို့
ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်တွင်ရိုက်နှိပ်သည်

၁၃၁၀-ခု တန်ဆောင်မုန်းလ

သုဒ္ဓိတာ ဟောထ - ဒုက္ခာ မုစ္စထ



၁၃၂၀-ပြည့်နှစ်တွင် သက်တော် ၈၆-နှစ်ရှိ
အဂ္ဂမဟာ ပဏ္ဍိတ
ကျေးဇူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးပုံတော်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| | နိဝါတ-နိမာနတရားနှင့်အများသိကြရန် တောင်းပန်ချက် | ၁ |
| ၁။ | ဝိပဿနာအလုပ်ပေးစည်ကျမ်းကြီး၏အာသီသ နိဒါန်းနှင့် တကွ အဘိယာစကကို ပြခြင်း .... .... | ၂ |
| ၂။ | ဘုရားမရှိခင်က ပရမတ်တရားတို့ အရင် ရှိကြပုံများကို ဇီဝက, မဟောသဓာ ဥပမာနှင့်ပြ, ရတနာနှင့် စပ်ရက အမှိုက်,ချွေးချေးတို့မျက်နှာကြီးလာကြပုံ.... .... | ၈ |
| ၃။ | ရတနာ ၃-ပါးနှင့် စပ်ရသော ထမိစုတ်နှင့် လူနုပ်အများ စေတီအလား မြင့်မြတ်သွားကြပုံ .... .... | ၁၀ |
| ၄။ | အာကာသဓာတ်ကို အတပ်ထင်မြင်ရန် ဆန်ဆေးတောင်း ရေအိုး,ခြင်းကြား ဥပမာများနှင့် အလုပ်တရားပေးပုံ..... | ၂၃ |
| ၅။ | အရေ,အဖတ် ဥပမာနှင့် အရာရာတို့မှာ ကလာပ် ၂-စား ပညတ်များ ကွဲအောင်ရှုပုံ .... .... .... | ၃၂ |
| ၆။ | ကလာပ်တို့အမည်များနှင့် ပရမတ်စုမိက ပညတ်ပေါ်ရပုံ ပညတ်ရှိက ပရမတ်သိရပုံ .... .... .... | ၃၆ |
| ၇။ | အရေ, အဖတ် ကလာပ်များကို အသုဘ ရှုစားရပုံနှင့်၊ အချုပ်တရား ဟောကြားပုံ .... .... .... | ၄၁ |
| ၈။ | အခြောက်ဟူသမျှ ကြေး,သံရေတို့ အာကာသနှင့်၊စကြဝဠာ အနန္တတို့ ပရမတ်တိုက်ကြီး ဖြစ်ကြပုံ .... | ၄၆ |
| ၉။ | အလုပ် တရားကြီးများ ထက်သန် ပြီးစီးသွားတို့ သီလ (ဓား)နှင့် ကွပ်ရပုံ ... .... .... ...... | ၅၇ |
| ၁၀။ | ဒုတိယ-တတိယ-စတုတ္ထ ဓားကွပ် တရားကြီးတွေနှင့် နေ့စဉ် အလုပ် အသားတက်သွားကြပုံ .... .... | ၇၃ |
| ၁၁။ | တတိယရက်မှာ ဓာတ်တပါးစီ ဟောကြားချက် အစဉ် | ၈၆ |
| ၁၂။ | စတုတ္ထရက်မှာ ဓာတ်လေးပါးလုံး ပေါင်းရုံး၍ ဟော ကြားချက် အစဉ်.... .... .... .... | ၉၁ |
| ၁၃။ | ပဉ္စမရက်၌ ပရမတ်, ပညတ် အစားစား ခြားနား၍ ဒိဋ္ဌိ ဝိသုဒ္ဓိအလုပ်ကြီး ပေါက်ရောက်သွားပုံ .... .... | ၉၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၁၄။ | ရုပ် ပေါက်ပြန်ပုံနှင့်၊ ပရမတ် မပေါက်ပြန်ပုံကို နှိုးနှော၍ ပြချက်နှင့်၊ အတွင်းသားပရမတ် ပဉ္စာရုံကို ပဉ္စဝိညာဏ်တို့ကသိ၊ အပေါ်ရံ ပညတ်ဓမ္မာရုံကို မနောဝိညာဏ်က သိကြပုံများကို ခြားနား၍ ပြချက် .... .... | ၁၀၃ |
| ၁၅။ | အတွင်းသား ပရမတ်ထဲမှာ ပညတ်နှံ့နှံ့မျှ မပါပုံ၊ ဒိဋ္ဌ သက်သေများနှင့် ပညတ်,ပရမတ် တခြားစီ ကွာခြား နေပုံကိုပြချက် .... .... .... .... | ၁၁၄ |
| ၁၆။ | ပရမတ်, ပညတ်ခြား၍ ဒိဋ္ဌိဝိသုဒ္ဓိ ပေါက်သွားပုံ ပါဠိနှင့်၊ ဘာမျှမရှိသည့် ဟာလာဟာ အဘာဝ ပညတ်များကို သဘာဝ ထင်မှားကြပုံ .... .... .... | ၁၁၈ |
| ၁၇။ | ပရမတ်,ပညတ်မကွဲ တသားထဲ ထင်သူတို့ သက္ကာယဒိဋ္ဌိ ဖြစ်ပုံနှင့်၊ ၎င်းနှစ်ပါး ခွဲခြားသိသူတို့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ကြပုံ | ၁၂၄ |
| ၁၈။ | ဆဋ္ဌမရက် သက္ကာယ ဒိဋ္ဌိဖြစ်က သဿတ- ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြပုံနှင့်၊ သက္ကာယဒိဋ္ဌိ လွတ်က သဿတ-ဥစ္ဆေဒ ဒိဋ္ဌိမှ လွတ်ပုံ .... .... .... .... | ၁၂၈ |
| ၁၉။ | အ-နု-ထုံင်းမှိုင်း သူတို့ပါ သဿတ- ဥစ္ဆေဒဒိဋ္ဌိ သိရှိကြပြီး၊ဘဝကူးအရှုပ်အထွေးကြီးများကိုလည်း ရှင်းလင်း၍ ပြချက် .... .... .... .... | ၁၃၇ |
| ၂၀။ | ပြတ်မှား ဥစ္ဆေဒနှင့် လူဝင်စားတို့ အရကို၊ပညာရှိများ သတိထားဘို့ ပြချက် .... .... .... | ၁၄၅ |
| ၂၁။ | နိယတ မိစ္ဆာဒိဋ္ဌိ ဖြစ်ပွါးပုံနှင့်၊ ပဋိစ္စနည်း လေးပါးဖြင့် အမှားစုကို ပယ်ရှားပုံ .... .... .... | ၁၅၁ |
| ၂၂။ | သတ္တမရက်၌ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအတွက် အကြောင်းကို သိမ်းဆည်းချက်နှင့်၊ သုတမယ ဉာဏ်ထင်ဘုရား ဝိသုဒ္ဓိအစား မဟုတ်ပုံ .... .... .... | ၁၅၉ |
| ၂၃။ | ပါရမီ ရှိကြသူတို့ အာဠာရ- ဥဒက- ဒေဝဒတ် များကို သက်သေထား၍၊ အမြန်တရားကို အားထုတ် ကြရန်နှင့်၊ ဘုရားစစ်ကို မျက်စိနှင့်မြင်၍ နားနှင့်ကြား၍ မသိကြပုံ သက်သေစု .... .... .... .... | ၁၆၅ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ်


၂၄။ တရား၌ စိန္တာမယဉာဏ်ပေါက်လျှင် ဘုရား,သံဃာနှင့် တကွ ၁၆–ဝသော ယုံမှားခြင်း ကင်းကြပုံ .... ၁၇၁

၂၅။ စာမဘာတ်သော အရိယာနှင့် ဝိပဿနာ သမားတို့ ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားကင်းပုံ၊ စူဠသောတာပန်အစစ် ဖြစ်ကြပုံ .... .... .... .... ၁၇၉

၂၆။ အဋ္ဌမရက်၌ ပရမတ်စစ်ကိုမှ မြင်နိုင်,ကိုင်ယူနိုင်ကြောင်း များနှင့်၊ အပေါ်ရံ ပညတ် အတွင်းသား ပရမတ်မှန်ကို ကျွမ်းဝန်နှင့် ပြချက်...... ...... .... ...... ၁၈၇

၂၇။ အတွင်းသားဓာတ်ကြည်အစစ်ကိုကိန်းသေရှုနည်း,ဉာဏ် အမြင်ပေါက်ရှုနည်းနှင့်, သဏ္ဍာန သန္တတိပညတ် ခွါ၍ ရှုနည်း...... ... .... .... .... ၁၉၈

၂၈။ တေဇောဓာမီး နှစ်မျိုး ဓာတ် ၄-ပါးတို့ဆိုးမှုနှင့်၊ သမ္မသန ဉာဏ်အရဖြင့် အားလုံးကြီးတို့ အနိစ္စရှုရပုံ ..... ...... ၂၀၆

၂၉။ ဥဒယဗ္ဗယ ဉာဏ်အရကို ခြေလှမ်းစသည်နှင့် ဟောပြပြီး နောက်၊ ညဥ့်ချမ်းရောက်သည့်အခါ ကိုယ်တိုင်စင်္ကြံနှင့် သွားပြပုံ.... ..... ...... .... .... ၂၁၈

၃၀။ ဘင်္ဂဉာဏ် အချက်က သတိပဋ္ဌာန် ပါဠိတော်အရကို တွဲ ဘက်၍ပြပုံ၊သမ္ပဇညလေးပါးဖြစ်ပွါးနေကြပုံ .... ၂၂၇

၃၁။ အဇ္ဈတ္တ,ဗဟိဒ္ဓတွဲပုံနှင့်၊မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိပြီးစီးပုံ ၂၄၁

၃၂။ နဝမရက်၌ သိက္ခာဥပမာနှင့်၊အဘိဓမ္မာတရား-စကား-စာ ဤသုံးပါးတို့ ခြားနားချက်နှင့်၊ စက္ခုဝိညာဏဓာတ် အရပ် ရပ်တို့ဖြင့် ဝိပဿနာ အလုပ်ပေးချက် .... .... ၂၄၆

၃၃။ ဝိညာဏဓာတ်တို့အလုပ်ပေါက်အောင် ဟောကြားကြွတို့ အချက်.... .... .... ... .... ၂၄၈

၃၄။ ကြားသိပေါက်ကဘင်္ဂဉာဏ်ကျအောင် ဝိပဿနာအလုပ် ပေးစဉ်ကြီးနှင့်၊အသီးသီး သတိပေးချက် ... ...... ၂၅၇

၃၅။ ဒသမရက် နံသိပေါက်က ဝိပဿနာ အလုပ်ပေးစဉ်များ ဒါနမှာသတိထားရန် .... .... .... ၂၆၉

၃၆။ ဒါနနှင့်စပ်၍ အထူးသတိထားရန်အချက် ... ...... ၂၇၃

ဦးရေ                    အကြောင်းအရာ                    စာမျက်နှာနံပါတ်

၃၇။ လျက်သိပေါက်က ဘဂ်ဉာဏ်ကျအောင် ဝိပဿနာအလုပ် ပေးစဉ်ကြီး .... .... .... .... ၂၇၇
၃၈။ စားသိပေါက်ကဘုရားအလိုတော်ကျ ကျင့်ကြရပုံ၊အသားဟင်း,ဆားဟင်း ၂–ပါးစုံတို့ ဖြောင့်ဖြောင့်ကျင့်သွားကြရပုံနှင့်၊ ကျွဲ, နွားအသား ရှောင်ရှားရပုံ .... .... ၂၈၁
၃၉။ ဇောဒသမရက် အလုပ်ပေးချက်၌ ကာယဝိညာဏခေတ် ဝိပဿနာလုပ်ရတ်ကိုပြချက် .... ...... .... ၂၉၆
၄၀။ သုခ,ဒုက္ခဝေဒနာ ဝိပဿနာ သက်စောင့်တရားကြီးနှင့်၊ သမသိသိ လေးပါးကိုပြချက်...... ...... ...... ၃၀၂
၄၁။ မနောဝိညာဏခေတ်က ဝိပဿနာလုပ်ရပုံကိုပြချက် ...... ၃၀၉
၄၂။ ဝိညာဏခေတ် ၆–ပါး အနိစ္စများကို တပြိုင်နက်ဝိပဿနာ ရှုစားပုံနှင့်၊နေ့စဉ် သူတော်ကောင်း စာရင်းရှင်းလင်းချက် ၃၁၅
၄၃။ ဒွါဒသမရက် ဘုံသုံးဝကြီးဟာ မီးကျီးတွင်း ပမာတူပုံ, ၁၁ မီးတို့ အပြီးတိုင် လောင်နေပုံနှင့် သူတော်ကောင်း အလုပ်ထဲမှာ မီးစွဲလာပုံ .... .... .... ၃၂၀
၄၄။ ဘေရသမရက် ဘယဉာဏ်,အာဒီနဝဉာဏ်တို့ထက်မြက်အောင် အဘိဇ္ဈာသုတ်က ဒိုဘေးကြီး, နာဘေးကြီး အနည်းနည်းတို့နှင့်ရှုကြရပုံ .... .... .... ၃၃၈
၄၅။ သေဘေးကြီးများရှုစားပုံနှင့်၊လက်ထပ်စကပင် ဖျတ်ကနဲ ကွဲဘေးကြီးက ဘေး အမျိုးမျိုးသင့်သွားကြပုံ .... ၃၄၈
၄၆။ စုဒ္ဒသမရက်မှာ မွဲဘေးကြီးနှင့် နှက်ကြပုံနှင့်၊ မကွဲနိုင်သည့်ဆွေမျိုး၊မမွဲနိုင်သည့် ပစ္စည်းအစစ်ဖြစ်ကြရန် ဘဏ်သွင်းမှုကုသလတို့ကိုပြကြရပုံ ... .... ...... ၃၆၂
၄၇။ အဘိဇ္ဈာသုတ်က သီလဘာဝနာ ဘဏ်သွင်းကြပုံ .... ၃၆၈
၄၈။ ကံနှစ်တွဲအရကို သုံးဌာနတို့နှင့် ပွါးများရပုံ,ဥပ္ပန္န အနုပ္ပန္န အကုသလတို့ ဇောက္ကနှိုကြပုံများကို ဝိဠသက်သေထား၍ ထင်ရှားအောင်ပြပုံ.... .... .... .... ၃၇၉
၄၉။ ပန္နရသမရက်က သဗ္ဗေသင်္ခါရာ အနိစ္စာအရ အဝိညာဏကတို့ကို မေးလိုရာမေးကြပါဟု ရဲရဲကြီးတာဝန်ပြုနိုင်ရန် အချက်ကို ထန်းရွက်နှင့်ပြပုံ .... .... .... ၃၉၄

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|


၅၀။ သဝိညာဏက သုံးစား အရိပ်နေပုံများနှင့်၊ စိတ္တသခါရ အစားစားတို့အတွက် အနိစ္စပြောဟောချက်တို့ ပေါ်များလှ၍ မယုံသေးဘူး လိုက်သမားတွေက အရှုံး ပေးနေရအောင်ပြချက် .... .... .... .... ၄၁၂
၅၁။ ခြောက်ဒွါရနှင့် စပ်လျက် အမူအရာပျက်အနိစ္စ အနန္တပေါ်များလှပုံနှင့်၊ အနိစ္စပုတီးစိပ် တလုံးလုံးတို့အထဲမှာ၊တလောကလုံးတို့ အပျက်ထင်မြင်လာပုံ နိဂုံးခါးပတ် အပြီးအဆုံးသတ်ပုံအချက်စု ...... ...... .... ၄၂၃
နိဂုံး .... .... .... .... .... ၄၃၃

## ၆ပဿနာ ဝိထိအစားစား ကျင့်စဉ်တရားကြီး

၁။ ဒွိဌာကာ၀ါ အနိစ္စအလုပ်တို့ပါ စတုဇရုပ်နှင့် လိုရင်းအကျဉ်းချုပ်ကိုပြချက် .... .... .... .... ၄၃၄
၂။ ရုပ်နာမ်ဝိထိ၌ ရမိရန်နှင့် သင်္ကေတ သိရှိရန်စု .... ၄၃၀
၃။ ရုပ် ဝိထိပုံနှင့် တိသမုဋ္ဌာန် ရုပ် နာမ် ဝိထိ အဓိပ္ပါယ်စုဝိပဿနာရှုပုံ ... .... .... .... ၄၄၃
၄။ စိတ္တဇရုပ် ဝိထိစုနှင့်၊ ပညတ်ပရမတ်ခြားနား၍ ဝိပဿနာအနုစားရှုပုံ .... .... .... .... ၄၅၀
၅။ နာမ်၌ဒွိဌ ကာ၀ါ အလုပ် အားထုတ်ပုံနှင့်၊ စက္ခုသိဝိထိအစားစား ဝိပဿနာအလုပ်များ .... .... ၄၅၇
၆။ ကြားသိဝိထိဆန်းကြယ်ပုံ၊ပရမတ်-ပညတ်-သဒ္ဒါ ၂-ပါးဆက်ပုံ၊ ပြောသူ, ကြားသူများဝိထိ အစားစားနှင့်ဝိပဿနာရှုစားပုံ .... .... .... .... ၄၆၆
၇။ နှာ-လျှာ-ကိုယ် မနောတို့ ဝိထိအစားစားနှင့် ဝိပဿနာရှုရပုံများ .... ...... .... .... ၄၇၀
၈။ မျာန်-မဂ်-ဖိုလ်နှင့် တကွ၊ မရဏာသန္နဝိထိတို့ ဖြစ်ကြပုံ ၄၈၆
၉။ ဝဋ်ဆိုးကြီး ၃-ပါးတို့၌ နစ်နေကြပုံနှင့်၊ထွက်မြောက်ရပုံကိုပြချက် .... .... .... .... ၄၉၇
၁၀။ ကျမ်းပြီးသက္ကရာဇ် .... .... .... .... ၅၀၉

# နိဝါတ-နိမာနတရားနှင့် အများ သိကြရန်
# တောင်းပန်ချက်

နိဝါတ-နိမာနတရားနှင့် ကြားသိစေအပ်ပါသည်။ ဤစာအုပ်ကိုကြည့်ရှုတော်မူကြကုန်သော ပညာရှိအပေါင်း-သူတော်ကောင်းတို့။ အကြောင်းမှာ၊ ဤကျမ်းဂန်ကို ရှုကြည့်ကြသောအခါ၊ ဆန်း,အလင်္ကာ-သဒ္ဒါနေတ္တိနည်းအစုံ၊သတ်ပုံအရင်ရင်၊ စကားသွားပညတ်မှုတို့၊ သတ်လွတ်ကင်း၍၊ အနည်းငယ်မျှ ချွတ်ယွင်းချက်တွေ့ရှိတော်မူကြပါမူ၊ မေတ္တာမထား၊ နိုက်ရန်ပွါးဘို့၊ဝိရောဓိစကားတို့ကိုပယ်ရှား၍၊ကရုဏာမေတ္တာတော်ကြီးတွေများများ ရှေ့ရှုထားကာ၊ ငါတို့မှာလည်း ဤစာကျမ်းကြီးတွေလောက် အဓိပ္ပါယ်ရောက်အောင် ရေးသားဘို့ကို မသိထားဘိဦး၊ သူတပါးရေးပြီးသားကိုပင် မှုပြု၍ရေးကူးရရုံမျှနှင့် ဘယ်လောက်များ အကျ,အမှားပါကြလိမ့်မည်နည်း ဟု အသီးအသီး ဆင်ခြင်ကြကာ ကိုယ်ချင်းစာ တရားနှင့် ကရုဏာတော်များ ရှေ့ထား၍ ကြည့်ရှုတော်မူကြပါမည့် အကြောင်းကို တောင်းပန်လိုက်ပါသည် ပညာရှိအပေါင်း သူတော်ကောင်းတို့။

အကယ်၍ ဤ စာအုပ်၌ ရေးသား ထားသော အဓိပ္ပါယ် များသည်၊ ဘုရားဟော ပါဠိတော်-ရှင်းအဖွင့် အဋ္ဌကထာ-ဋီကာ ဂန္ထန္တရတို့နှင့်ရှင်း၊ ယခုကာလအလျောက် ပေါ်ပေါက်ကြသော ယောဂီအရှင်မြတ်တို့ သွားလမ်း, လာလမ်း, ဟောပြောလမ်းများနှင့်ရှင်း၊ သဘာဝဏ္ဏအနက် ပျက်ကွက် တိမ်းစောင်းသော အရာများတွေ့ရှိခဲ့ပါလျှင်သာ၊ဘုရားသားတော်ရင်း ညီအစ်ကိုချင်း နှလုံးသွင်းကာ၊ထိုမျက်နှာများကို ထောက်ထားတော်မူကြပါသဖြင့်၊ အလွန့် အလွန်ကြီး မေတ္တာ,ကရုဏာကြီးများ ရှေ့ထားတော်မူကြပါ၍၊ ကိုယ်တော်တိုင်ကြွလာသဖြင့်ရှင်း၊သို့မဟုတ်ပြား အမှားထင်မြင်သော နံပါတ်,မျက်နှာ, စာကြောင်းရေ များနှင့်တကွ သေချာစွာ ဘယ်လိုမှားနေသည်၊ ဘယ်လိုမှ မှန်မည် စသည်ဖြင့်ရှင်း စာရေးသား၍ တပည့်တော်များအထံသို့ ပေးပို့တော်မူကြရန်အကြောင်းများကို နိဝါတ, နိမာနတရား ရှေ့ရှုထားသဖြင့်၊ လျှောက်ထား တောင်းပန်လိုက်ပါသည် ပညာရှိအပေါင်း-သူတော်ကောင်းတို့။

## ဥပသမ္ပဒါ အလင်္ကာပေးစာဦးကျမ်းကြီး၏ အာသဝီသ နိဒါန်းနှင့်တကွ

# အဘိဓာန်ဒီပကကိုပြချက်

ဇေယျတုသဗ္ဗမင်္ဂလံ။ ။ရန်ကုန် နယ်အပါ ဖါးကူး ရွာကြီး၏ အနီးဝင်းခနီးရွာလျှင် ဘွားရာဇာတိ ပဝတ္တိနေရာ မန်းမြို့ညာမှာ ရှင်သာမဏေက ရဟန်း ၁၇-ဝါကျအောင် ထင်ပေါ် ကျော်စောလှပေသော ဆရာ့-ဆရာ – သာထက်သာ ကြီးများအထံ ကျမ်းဂန် ဗဟုသုတ အလုပ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်ရမိအောင် နည်းခံ၍၊ ၁၂၇၀-ပြည့်နှစ်က စပြီးလျှင်၊ အထက်အညာအရပ်၌ပင် အရညကင်းတောရမြိုးလျက်၊ အံ့ချီးမခန်း၊ ဂုဏ်ထူးဆန်း အဖြာဖြာ၊ ကျင့်ကြံမှု အရာရာတို့၌ လိုတာမရှိ၊ ပိုတာတွေတောင် ရာဇဝင်, တွင်ရစ်အောင် ရှိနေကြပေသော ကျေးဇူးတော်ရှင်-**လယ်တီဆရာတော်ကြီး**၊ခင်မွန်ရွာ ဗောဓိတောရတိုက်- **ခင်မွန်ဆရာတော်ကြီး**၊ ရေစကြိုမြို့ ဂူပြုတောရတိုက် **ပခန်း ဆရာတော်ကြီး** စသော ဆရာတော်ကြီး အမျိုးမျိုးတို့အထံ ကျင့်ကြံရေးအတန်တန် နည်းခံရင်း လှည့်လည်ရာမှ ရွှေအင်းဝမြို့တော်ကြီးကိုမိုးညှင်းမင်းတရားကြီးသည် ၇၀၀-ခုနှစ်က ရွှေထီး-ရွှေနန်းနှင့်တကွ စိုးစံတော်မူရပြီးနောက်၊ ၂၇-ဌာနသော ကောင်းမှုတော်ကြီးများကို ပြုတော်မူရာတွင် ၈-ဌာနမြောက်မှာ မုံရွာနယ်အတွင်းပါ မြေနဲ့ရွာအရှေ့ ကုလားလေ့တာ ပြန်ငါးချာအကွာတွင် အလွန်တရာတင့်တယ်လျောက်ပတ်သော စည်းခံစေတီတော်မြတ်တို့နှင့် ရွှေကျောင်းတော်ကြီးများကို တည်ထားကိုးကွယ်တော်မူခဲ့ပေသော မိုးညှင်းတောရ-တိုက်တော်ကြီး၌၊ ယာပထလေးသီ မွန်မြတ်သော ဝသီဖြင့် မျှညီ ရွှင်ပြုံး တာရှည်စွာ သီတင်း သုံးသော ကြောင့် **မိုးညှင်းတောရ ကိုယ်တော်ကြီး** ဟု အမည် တွင်သော ထေရ်အရှင်ကိုယ်တော်မြတ်ကြီးသည်၊ ၁၂-ဝါမျှ ထိုထို အရညမှာ အထူး ဝိသေသ တရားမဟော စကားမပြောဘဲ၊ထိုထို ဆရာတော်များအထံက လက်ဆုပ်ရသည့်ပြင်၊ ကျမ်းဂန်များနှင့် ဆင်ခြင်၍ မိမိလည်း အထူး ထင်သော ဝိပဿနာအလုပ်များကို၊ ထိုထိုကျောင်းပေါက်တွေ ပိတ်ထား၍ ကြိုးကြိုးစားစား အားထုတ်ထားပြီး နောက်မှ ကျေးဇူးရှင် ဆရာတော်ကြီးများ, သာသနာတော်ကြီးများတို့၏ ထူးကဲမွန်မြတ်သော ဂုဏ်ထူး ဝိသေသ

များတို့ တိမ်မြုပ်မသွားကြစေရန်အလေးတမူအရေးယူလတ်ကျေးဇူးဆပ်
သော အားဖြင့်၊ ဝိပဿနာအလုပ်တရားကို၊ ၎င်း ၁၂-နှစ်ကလွန်မှ အထူး
အချွန်အားဖြင့် ဟောကြားလေရာ၊ အရှေ့ကျောက်မဲ၊ အနောက် ဂန့်ဂေါ
ရခိုင်မြို့၊ မြောက်အတိုက မိုးကုတ်၊ ကသာ, ဟုန်းမလင်း၊ အရှေ့တောင်
နယ်ချဉ်းသော်၊ မော်လမြိုင်,ထားဝယ်၊ ပုသိမ်နယ်အတွင်းက လာရောက်
သမျှသော ရသေ့, ရှင်, ရဟန်းအများ ယောကျ်ား, မိန်းမ, သူတော်စင်,
သီလရှင် အပေါင်း သူတော်ကောင်းတို့သည်၊ မိမိတို့ ဉာဏ်အဆင့်ဆင့်
အားလျော်စွာ၊ ၁၅-ရက်မျှနှင့် ဝိပဿနာအလုပ်ရကြသော်လည်း၊ ဟော
ပြော သုံးနှုန်းနည်းများကို ဆရာတော် ဘုရားကြီး အတိုင်း အဆင့်ဆင့်
တပည့်များကို ဟောကြားတတ်ကြရန်၊ တရား ၂-ပတ် ၃-ပတ် ထပ်မံ၍
နာကြားရင်းပင်၊ အလုပ်ပေး ဟောစဉ်များကို ကိုယ်စီကိုယ်ငှ ရေးသား
တော်မူကြရသောကြောင့်၊ အလွန်ပင် ငြိုငြင်ဆင်းရဲလျက် **ဝိပဿနာ
အလုပ်ပေးစဉ်ကြီး**ကို၊ သိမှတ်ကြဘို့ နည်းအမျိုးမျိုးတို့ ဘက်ကလည်း
မစေ့စပ်နိုင်ကြသဖြင့်၊ ၎င်းဝိပဿနာအလုပ်ကြီးကို လာရောက် ဆည်းပူး
သူတိုင်းပင် စိတ်ထင်, လိုချင်ကြသလောက် မရေးနိုင်, မမှတ်နိုင်ကြဘဲ၊
နောက်နောင် ဤတရားကြီးများ အရှည်သဖြင့် ကြီးပွါးရန် အားနည်းပါး
သွားလိမ့်မည်များ စိုးရိမ်တော်မူလှကြပေသော မိုးညှင်းပဋ္ဌမတိုက်အုပ်
ဘုန်းတော်ကြီး **ဦးသုမင်္ဂလ**,**ဦးကေသရ**၊မိုးညှင်း ဓမ္မကထိက **ဦးနာရဒ**၊
မန္တလေး စိန်ပန်း ဓမ္မိကာရုံ ကျောင်းတိုက် ဘုန်းတော်ကြီး **ဦးဓမ္မပါလ**၊
အလုံမြို့ ဆုတောင်းပြည့်ကျောင်း ဘုန်းတော်ကြီး **ဦးစက္ကိန္ဒ**၊ရင့်မာပင်မြို့ပိုင်
တမာပင်ခွဲရွာ မြောက်တိုက် ကျောင်းသစ် ဘုန်းတော်ကြီး **ဦးဈန္ဒဝံသ**၊
ရေစကြိုမြို့ တောကျောင်းတိုက်သစ်ဘုန်းတော်ကြီး **ဦးပညာသီဟ**၊သထုံ
မြို့ မြသပိတ်တောင် တောရဘုန်းတော်ကြီး **ဦးသိရိန္ဒ**၊ ရန်ကုန်မြို့ ဘောင်
ဒရိလမ်း မိုးညှင်း ဝိပဿနာ တိုက်သစ်ကြီး၏ နာယက **ဦးဈန္ဒြသ**၊
၎င်းတိုက် မိုးညှင်း ဓမ္မကထိက သာသနဓဇ သိရိပဝရ ဓမ္မာစရိယ-
**ဦးဇောတိကာဘိဝံသ**၊ ၎င်းတိုက် မိုးညှင်း ဓမ္မကထိက ဝိပဿနာကမ္မ
ဋ္ဌာနာစရိယ **ဦးဥက္ကဋ္ဌ** စသော ရဟန်း ရှင် လူ အပေါင်း သူတော်ကောင်း
တို့က အရှင်ဘုရား ရေးထားပြီးသော ( ဝိသုဒ္ဓိကျင့်စဉ်,ပဋိပတ္တိသမုဒ္ဒါဒ်ကျင့်
စဉ် ) တို့သည်၊ အလွန်ပင် ကောင်းမြတ်လှသော်လည်း ယခု ဝိပဿနာ
အလုပ်ပေးနေသည့် အတိုင်း ပြောဟောစဉ် မကျသည့် အတွက်၊ ၎င်း
အလုပ်ပေးစဉ်အတိုင်း ကျနအောင် ၎င်းကျမ်းတို့မှ ထုတ်နှုတ်၍ အရှင်

တပည့်များ ဝိပဿနာအလုပ်ပေးရန် ဟောကြားကြဘို့ ခဲယဉ်းကြလိမ့်မည်လည်းတကြောင်း။

ယခုနောက်ရှောင်း ဉာဏ်လက်သစ် အကောင်းဆုံးကြီးတွေ ဖြစ်နေကြသည့် ရက်ကာလ လျင်မြန်စွာနှင့် ဝိပဿနာ အလုပ်များ ဖြတ်ကနဲ ရသွားနိုင်သော ဝိပဿနာအလုပ်ပေးနည်း၊ ဉာဏ်လက်ဆန်း တရားကြီးတို့လည်း မတိမ်ကောစေဘဲ၊အရှင်ဘုရားကြီးအထံနည်းခံလာသူ အရှင်၏တပည့်များအထံ အဆင့်ဆင့်နည်းခံကြသူ ယောဂီဖြူတို့လည်း ၎င်းအလုပ်ပေးဟောစဉ်ကို မရေးကူးကြရဘဲ၊ အလုပ်တပတ်ထဲနှင့်ပင် ဤဝိပဿနာအလုပ်ပေးစဉ်စာအုပ်ကိုလက်စွဲ၍ မိမိတို့လည်း အားသစ်သွားနိုင်၊တပည့်အသစ် အဆက်ဆက် များတို့လည်း ဤအလုပ်တရား ရက်စဉ် အတိုင်းဆက်လက်၍ ဝိပဿနာအလုပ်ကို အဟုတ် ပေးသွားနိုင်ကြရန် တောင်းပန်လျှောက်ထားကြစဉ်ကပင် ရေးချင်တင်တင်ရှိနေဆဲမှာ မုံရွာနယ်စသော ဒိစတြိတ်နယ်ပေါင်း (၂၀) နယ်တို့မှာ မြို့အုပ်, ဝန်ထောက် စသည်ဖြစ်ပြီး ရန်ကုန်မြို့ကြီးမှာလည်း မြို့ဝန်ကြီး ၂-ကြိမ်ဖြစ်၍၊ (၃၇) နှစ် မင်းမှုထမ်းစဉ်ကပင် ကျေးဇူးရှင် လယ်တီဆရာတော်-ဦးတိလောက အရှင်မြတ်တို့အထံက ဝိပဿနာလုပ်နည်းကိုရ၍၊ နေ့ညဥ့်မစဲ ဝိပဿနာအလုပ်ကိုခဲမဲရာအထူး ထင်မြင် ပေါက်ရောက် လာခဲ့ပေသော သရက်မြို့ အငြိမ်းစားဝန်ထောက် ဦးရှုံကြီးကရင်း၊ မန္တလေးမြို့နေ ကြက်သရေဆောင် ရွှေစလွယ်လည်းရ၊ အမှုထမ်းကောင်း တံဆိပ်တော်လည်းရ၊ ဗုန္ဒိယ သစ်ဟောအဘွဲ့ဝင်ကြီးလည်းဖြစ်သော သစ်တောအရေးပိုင် ဦးကျော်ကရင်း၊ မုံရွာမြို့ ငွေတိုက်ဝန်ထောက်-ဦးဘသင်း။ ၎င်းမြို့မှာပင် ငွေတိုက် ဝန်ထောက် အလုပ်နှင့် ဖိုးအုပ် နေထိုင်သွားသော ငွေတိုက် ဝန်ထောက် ဦးသောင်းဖေ။ ၎င်းမြို့ နယ်ပိုင်ဝန်ထောက်-ဦးမဲ။ ၎င်းမြို့သား, စာတိုက်ဝန်ထောက်-ဦးရိမ်း။၎င်းမြို့ ရာဇဝတ်ဝန်ထောက်-ဦးကျော်ခေါင်။၎င်းမြို့ ကြေးတိုင် အင်စပက်တော်- ဦးမောင်ကြီး။ ၎င်းမြို့ အခွန်ဝန်- ဦးမှူ။ ၎င်းမြို့ မြို့အုပ်-ဦးဘကွန့်။ ၎င်းမြို့ ဆန်ကုန်သည်ကြီး-ဦးသာခင်။ ၎င်းမြို့ ကုန်သည်ကြီး-ဦးထွန်း တို့ကရင်း၊ မုံရွာဒိစတြိတ် အောင်သာရွာ၊ ကန်ပေါက်ဆရာကြီး-ဦးရန်ချုံ။၎င်းအောင်သာရွာမိုးဿဉ်းညွှန်းတောရကျောင်း ဒါယကာကြီး-ဦးဘိုးကြူတို့ကရင်း၊ မုံရွာဒိစတြိတ် ရင့်မာပင်မြို့ပိုင် မြပွဒတ်ရွာ အထူးအာဏာရ သူကြီး-ဦးအောင်ပန်ကရင်း၊ ရန်ကုန်မြို့ ဟိုက်ကွတ်ရုံး ဘီလစ်ကြီး-ဦးဘိုးရိမ်းကရင်း၊ ကမ်းနီမြို့ ကင်းရွာသူကြီး-ဦးဗန်

ဖေကရင်း၊ ဖျာပုံမြို့ဒိစတြိတ် ကျုံပျော်မြို့နေ အမှုထမ်းကောင်း ရွှေတံဆိပ်တော်ရ, နယ်ပိုင်ဝန်ထောက်-ဦးမြင်၊ ၎င်းဒိစတြိတ် ကန်ကြီးရွာ-ဘုရားဒါယကာကြီး-ဦးစောလှိုင်၊၎င်းဒိစတြိတ် မြင်းကကုန်းရွာ အဘိဓမ္မာဆရာကြိုင်ဂြင်းတို့ကရင်း၊ မြောင်းမြဒိစတြိတ် မော်လမြိုင်ကျွန်းမြို့စာတိုက်လမ်းမြေပိုင်ရှင်, ဦးမောင်ကလေး၊ မေမြို့ သိမ်ကြီးဒါယကာ-ဦးဘော၊ ၎င်းမြို့ကျောင်းဒါယကာကြီး, ဦးရစ် တို့ကရင်း၊ ပုသိန်မြို့ ကြက်သရေဆောင်ရွှေစလွယ်ရ, အငြိမ်းစား ရာဇဝတ်ဝန်ကြီး-ဦးကျော်ဇံ၊ စစ်ကိုင်းမြို့ မင်းတိုင်ပင်-ဦးမောင်မောင်၊၎င်းမြို့ သမိန္ဒြာချောင်-ဆရာကြီး ဒေါ်မာလာရီနှင့် ၎င်းညီမ သမိန္ဒြာဆရာကလေး မသုဓမ္မစာရီ တို့ကရင်း၊ တပည့်တော်တို့နှင့်တကွ အားထုတ်ကြဆဲ အားထုတ်ကြပြီး အားထုတ်ကြလတ္တံ့သော ယောဂီဟူသမျှတို့ပါ၊ ရက်လတိုစွာနှင့် မကြံ့စဘူး ထင်မြင်ပေါက်ရောက်ချက်တွေ ထူးလှသော ဤဝိပဿနာ အလုပ်ပေးစဉ် တရားထူးကြီးများကို၊ ဤတဘဝထဲနှင့်ပင် အားလုံးကြီးတို့ ကံလေသာ ရောဂါဆိုးတို့နာလံအထ လျင်မြန်ကြအောင် ရေးပြစီရင်တော်မူပါ ဘုရားဟု အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ကြငြားသောအခါ။—

(ဒွိမ်း) မကင်းတရားနှင့် ငါတို့ကရေးသားရမှာကလည်း၊ စာမဘတ်ငြားအဘိုးအို,အမယ်အိုများအောက်တန်းစားနှင့်တကွ အထက်တန်းစားဟူသမျှတို့ပါ၊ သဘောအရပ်ရပ် ကျေနပ်လောက်အောင် ယခုအခါမှာဟောပြောနေတာအတိုင်း ဝီရိယသန်သန်နှင့်ခပ်မှန်မှန်အားထုတ်ကြပါမူဧကန္တမုချ ဝိပဿနာအလုပ်ရလောက်အောင် (ဆန်ဆေးတောင်း)ဥပမာက စ၍ ရေးပြလိုက်ရမည့်များကို **မိုယ်းညှင်း တောရ ကိုယ်တော်ကြီး၏ ဝိပဿနာအလုပ်ပေးနည်း တရားကြီးတဲ့၊ မိုယ်းညှင်းတောရကိုယ်တော်ကြီး၏ ဝိပဿနာအလုပ်ပေးနည်း တရားကြီးတဲ့** ဟု ကြည့်ရှုတော်မူလိုကြသော ကျမ်းဂန်ဗဟုသုတ လွန်ပြည့်ဝသော ပညာဉာဏ် ဗန်သူဌေးကြီးများက ဗန်ကျောက်ကြီးတွေ အလား ပညာဉာဏ် အထက်တန်းထား၍ ရှုကြည့်ကြငြားသောအခါ၊ မှုး, မတ်,သမားတို့ပါ သုံးစားနိုင်ကြရသော အလွယ်ဆုံး အတန်းစား၊ ဆန်ဆေးတောင်း ဥပမာများနှင့်၊ မကြာခင် ထင်မြင်သွားအောင် ထုတ်ဆောင် ရေးသားလိုက်သော ဝိပဿနာအလုပ်ပေးနည်း တရားကြီးများကို၊ ဗန်ကျောက် ဉာဏ်သူဌေးတော် မင်းများက အောက်တန်းကျတယ်လို့ ဟင်-ဟယ်များ ထိုးသွားနေကြမှာလား-ဦးရှုံတို့ရယ်ဟု အမိန့်ရှိသောအခါ။—

ဝိပဿနာ ရှင်းမိန့်သူတော်မြတ်များဆိုပေမဲ့၊ထင်းခွေ,ရေခပ်သမား၊အရပ်ရပ် အောက်တန်းစားတို့ကို မိန့်ကျောက်နှင့်ချည်း သုံးသွားရန် မလျော်၍၊ပဲ-မှုး-မတ်-ကျပ်တို့ကိုသော်ကား များများကြီး သုံးကြရန် အမြန်လိုလှပါ သကဲ့သို့၊ အရှင် ယခုရေးပြလတ္တံ့သော အောက်တန်းစားတို့ပါ သိလွယ်ရသော တရားကို ရှင်းမိန့်သူမွေး ကိုယ်တော်များက မိမိတို့တပည့်များ အောက်တန်းစားဘို့မှ စ၍ အထက်တန်းကြီးများ ကျအောင် ဟောပြရန် ယခုအမြန် သုံးလိုနေကြလှပါ၍၊နေ့ညဥ့်ပင်ပြီးစီးအောင် ရေးသားစီရင်သင့်ပါကြောင်းနှင့် အကြိမ်ကြိမ်တောင်းပန်ကြပြန်သောကြောင့်၊လျစ်လျူထား၍ ပယ်ရှားခွင့်မလျော်သဖြင့်၊မကျဉ်းမကျယ် သင့်တော်အောင် ချင့်မြော်ကာ ဝိပဿနာ အလုပ်ပေးနည်း၊ကြီးပွါးကြဘို့ ရေးသားသော ကျင့်စဉ်တရားကြီးများ ဖြစ်သောကြောင့် **ဝိပဿနာအလုပ်ပေးစဉ် တရားကြီး** ဟူသော အမည်နာမနှင့်ရေးပြလိုက်သည်များကို၊ကောဇာသက္ကရာဇ် ၁၃၂၀-ခုနှစ် ဝါခေါင်လတွင် ဒုတိယအကြိမ် ရန်ကုန်မြို့ ဘောင်ဒရီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ ဝေယျာဝစ္စ အဖွဲ့ကြီးက တာဝန်ခံယူပြီးလျှင် ကျွန်ုပ်တို့ **မြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်** ပါဠိဆရာ-ဦးဝင်းမောင် အမှူးရှိသော စာပြင်ဆရာအဖွဲ့က သိက်မြိုက်သေချာစွာ တည်းဖြတ်ပုံနှိပ် လုပ်ဆောင်အပ်ပါသည်ကို၊ အများသူငါ ခဲယဉ်းလျက် ရှိနေကြပါသော ဝိပဿနာအလုပ်ကြီးများကို တိုတို တုတ်တုတ်နှင့် လက်ဆုပ်ရမိကြကာ၊ ကာလလည်း မကြာဘဲ၊ တခါထဲ ပေါက်ရောက်လိုသူ ယောဂီဖြူအစစ်တို့ မှန်ပါက၊ ဤစာအုပ်ကို တယောက်တအုပ်ကျ ထား၍ ကျင့်ကြံအားသစ်သွားကြပါမူ၊ မကြာခဏ လျင်မြန်စွာပေါက်ရောက်ကြဘို့ ရှိလှသည်များကို အသိ နောက်မကျရအောင် စောစောက သတိပေးလိုက်ရပါသည်။
ယောဂီအများ ယောကျ်ား, မိန်းမ, ဘိုးသူတော်, မယ်သီလ၊ ရသေ့, ရှင်ရဟန်း စသော ပညာရှိအပေါင်း သူတော်ကောင်းတို့။

# ဝိပဿနာ အလုပ်ပေးစဉ်တရားကြီး

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊**

**ကဿံ ဝိပဿနာမဂ္ဂံ၊ နုဒုက္ခရေနေ သာရကံ။**
**ဒုဗ္ဗလာနံပိ သိက္ခတ္ထံ၊ သီဃံ သိဇ္ဈတု ဣစ္ဆိတံ။**

( ပဇ္ဇာဝဇ္ဇဂါထာ )

**အနက်မြန်မာကား။** ။အဟံ၊ အတွင်းအရှုတ်၊ ပရမတ်တို့၊ ပူးစပ်မိသော အခါ၊ အပေါ်ရံကြောက၊ ကလာပ်သဘောချင်း ဟပ်ခါ- စပ်ခါ၊ မနောနှင့်သာ ကြောင်ကြောင်ကြီး သိရှိရသော သမုတိသစ္စာ နယ်ဘောင်မှာ အကောင်အထည်ဖြစ်၊ အတ္တပညတ်တည်းဟူသောငါသည်။ ဝိပဿနာမဂ္ဂံ၊ ၁၅-ရက်မျှနှင့် ဝိပဿနာအလုပ်ရအောင် ဟောပြသည့်၊ အလုပ်ပေးစဉ်တရားကြီးများ ဖြစ်သောကြောင့်၊ **ဝိပဿနာ အလုပ်ပေးစဉ် တရားကြီး**ဟု အမည်တွင်သော ထိုတရားကြီးကို။ ဒုဗ္ဗလာနံပိ၊ စိတ်အားထက်သန်စွာနှင့် ကျင့်ကြံ အားသစ်ဘိုကိုသာ လိုလားခြင်း၊ ပဓာနထားရင်းရှိပါသော ဒုက္ခိတအရွယ်ကြီး-ကိုယ်အားနည်းသောသူ၊ မရမကျက်နိုင်သော ဉာဏ်အားနည်းပါးသော သူတို့၏လည်း။ (ဝိသဒ္ဒါဖြင့် သုခိတအရွယ်သေး, ဉာဏ်ပဂေးတို့မှာ ဆိုဖွယ်ရာမရှိဟုဆည်း၏) နုဒုက္ခရေနံ၊ သိရာမှတ်ရာ- ကျင့်ကြံရာတို့၌ မငြိုငြင်မပင်ပန်းဘဲ မခဲယဉ်းကြ၊ လွယ်ကူလှသဖြင့်။ သာရကံ၊ အကြောင်းကြောင်းညီညွတ်တာကြောင့် ကောင်းစွာ။ သိက္ခတ္ထံ၊ လျင်လျင်မြန်မြန်- သိမှတ် ကျင့်ကြံကြစေခြင်းအကျိုးငှါ။ ကဿံ-ကရိဿာမိ၊ ပါဠိနည်းပါး၊ မြန်မာတို့ သိမှတ်လွယ်သော စကားဖြင့်၊ ကျမ်းဂန်ဆီ အနှစ်တရားကို ရေးသား စီရင်ပေအံ့သတည်း။ တေသံ၊ ထိုအားအင်ကြီးငယ် မရွေးချယ်ဘဲ၊ တကယ်အဟုတ်၊ အားထုတ်ကြသူ၊ လူရှင်ရဟန်းတို့အား။ သီဃံ၊ မကြာမတင်၊ လျင်လျင်မြန်မြန်။ ဣစ္ဆိတံ၊ ဤကျမ်းအရ၊ ကျင့်ကြံကြ၍၊ ကောင်းမြတ်သောဆန္ဒ၊ အလုံးစုံ အလိုရှိသမျှသည်။ သိဇ္ဈတု၊ မနေရိုင်းမတွ၊ ပြီးစီးပြည့်စုံကြပါစေသတည်း။

## (ခ-ရက်) ပရမတ်တရားတို့ သိသွယ်ပုံနှင့် ရတနာနှင့်စင်က အမှိုက်ခွေးချေး ဖြစ်ကြပုံ

## (၂) ဘုရားမရှိခင်က ပရမတ်တရားတို့အရင်ရှိကြပုံ၊ သိသွယ်ကြပုံများကို ဗီဇက မပေါ်သေးသော ဥပမာနှင့်ပြ၊ ရတနာနှင့် စင်ရက အမှိုက်ခွေးချေးတို့ မျက်နှာကြီးလာကြပုံ

ယခုအခါ ပွါးများအားထုတ်၊ ပြုလုပ် ကျင့်ကြံကြဘို့ အမှုတို့ကား၊ ဘာဝနာ အလုပ်ကြီးများပေတည်း။ ထိုဘာဝနာအလုပ်ကို ရှေးဆရာကြီးများတို့။ ။"ဘာဝေတဗ္ဗာတိ- ဘာဝနာ"။ ။ဘာဝေတဗ္ဗာ၊ ပွါးများအားထုတ်အပ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ဘာဝနာ၊ဘာဝနာမည်၏)။ ။ဟု-ဝိဂြိုဟ်ဆို၍၊ ပါဠိစကားအလို **ဘာဝနာ၊** မြန်မာစကားအလို **ပွါးများအပ်သော၊** ဤပါဠိ-မြန်မာ ၂-ဘာသာစကားတို့က ဟောကြားအပ်သော တရားအစစ်တို့အရကား၊ ယောဂီအစားစားတို့အတွင်းမှာ ပွါးများအားထုတ်အပ်သော **သမာဓိ-ပညာ-ပြဋ္ဌာန်းသောကုသိုလ်ဒွိဟုမျိုးရှိ**ရ၏။ ။ ထိုဘာဝနာအလုပ်ကလည်း သမထ ဘာဝနာအလုပ်,ဝိပဿနာ ဘာဝနာ အလုပ်ဟူ၍ ၂-မျိုးပြားရာတွင်၊သမထအရကို ရှေးဆရာကြီးများတို့။ ။"နီဝရဏဓမ္မေ သမေတီတိ သမထော"။ ။နီဝရဏဓမ္မေ၊ နီဝရဏ တရားတို့ကို။ သမေတိ၊ ငြိမ်းစေတတ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။သမထော၊သမထမည်၏။ ။ဟု-ဝိဂြိုဟ်ဆို၍၊ပါဠိစကားအလို **သမထ၊** မြန်မာစကားအလို **ငြိမ်းစေတတ်သော၊** ဤပါဠိမြန်မာ ၂-ဘာသာ စကားတို့က ဟောကြားအပ်သောတရားအစစ်တို့အရကား၊ကသိုဏ်း,အသုဘစသော ကမ္မဋ္ဌာန်း ၄၀-တို့ကို ပွါးများကြသော ယောဂီများတို့ အတွင်းသားမှာ ဖြစ်ပွါးလာသော **ပရိကမ္မသမာဓိ,ဥပစာသမာဓိ,အပ္ပနာသမာဓိ**ရ၏။ ။ "သမထောဝ ဘာဝနာ သမထဘာဝနာ"။ ။ဟူ၍ ၂-ပုဒ်အရတူကြသောကြောင့် ကမ္မဓာရည်းသမာသ် တွဲစပ်အပ်လေသတည်း။ ။သမထောဝ၊ နီဝရဏကိုငြိမ်းစေတတ်သော သမထသည်ပင်လျှင်။ဘာဝနာ၊ ပွါးများအပ်သော ဘာဝနာတည်း။ သမထဘာဝနာ၊ နီဝရဏကိုငြိမ်းစေတတ်သော သမထသည်ပင်လျှင် ပွါးများအပ်သော ဘာဝနာ။ ။ဤသို့ ရှေးဆရာမြတ်ကြီးများ ပြုလုပ်ထားသည့် ဝိဂြိုဟ်ဝစနတ် ဖျူပွတ်နှင့်အညီ၊ ဤလောကကြီးမှာ မိမိ- မိမိတို့၏ ဝါသနာစရိုက်နှင့် အလိုက် သင့်ရာ ကသိုဏ်း,အသုဘ စသည်တခုခုကို ပွါးများအားထုတ်အပ်သော သမာဓိ

အလုပ်များကို **သမထဘာဝနာတရား** ဟု-ဆိုအပ်ပါသတည်း။ ဤသမထဘာဝနာတို့၏ လုပ်ပုံ,လုပ်နည်းအရတို့ကိုကား၊ထိုထိုဆရာတော်ကြီးများ ဟောကြားနည်းပေးသူများလှ၍၊ ဤမှာ မဟောကြားလိုက်ပါသတည်း။

**ဝိပဿနာ အရောက်ကား**။ ။“ပညတ္တိံ ထပေတွာ အနိစ္စာဒိဝိဝိခါကာရေန ပဿတီတိ ဝိပဿနာ”။ ။ပညတ္တိံ၊ပရမတ်တို့ အခြေအကာ ပညတ်ပျက် အနိစ္စကို။ ထပေတွာ၊ ဝိပဿနာ အလုပ်အတွင်းမှာ၊ မသွင်း ပယ်ရှား စွန့်ခွါထား၍။ အနိစ္စာဒိဝိဝိခါကာရေန၊ပရမတ်စစ်၊ ဓာတ်အနှစ်တို့၏ မမြဲပျက်ပျောက်၊ အနိစ္စရောက်ခြင်း အစရှိသော အထူးထူးသော အခြင်းအရာအားဖြင့်။ ပဿတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ။ဟု-ဝိဂြိုဟ်ဆို၍၊ တရားကိုယ်အရကား **အနိစ္စစသည် ရှုသော ပညာတရား** ရ၏။ ။ဝိပဿနာဧဝ ဘာဝနာ-ဝိပဿနာ ဘာဝနာ။ ။ဟူ၍ ၂-ပုဒ်အရ တူသောကြောင့် ကမ္မဓာရည်း သမာသ် တွဲစပ်ရလေသတည်း။ ။ဝိပဿနာဧဝ၊ အနိစ္စစသည်ရှုသော ဝိပဿနာသည်ပင်လျှင်။ ဘာဝနာ၊ ပွါးများအပ်သော ဘာဝနာတည်း။ ဝိပဿနာဘာဝနာ၊ အနိစ္စစသည်ရှုသော ဝိပဿနာသည်ပင်လျှင် ပွါးများအပ်သော ဘာဝနာ။ ။ဤသို့ ရှေးဆရာမြတ်ကြီးများ ပြုလုပ်ထားသော ဝိဂြိုဟ်ဝစနတ် ဗျုပ္ပတ်နှင့် အညီ၊ ဤလောကကြီး၌ တရုပ်– ကုလား၊ အများ သတ္တဝါတို့ပင် သိမြင်ထင်ရှားနေသော သူသူ-ငါငါ သတ္တဝါဟူသမျှ သဝိညာဏက ပညတ်ကောင်ကြီးတွေ၊ဘုန်းဘုန်းကြီးလဲလဲသေကြသော ပညတ်ပျက် အနိစ္စမျိုးများကိုရင်း၊ဇိမ်ကျောင်းစရပ်၊မဏ္ဍပ်စသည် အဝိညာဏက ရှိသမျှတို့ ပျက်ပျောက်နေကြသည့်၊ ပညတ်ပျက် အနိစ္စမျိုးများကိုရင်း ပယ်ရှား၍၊ ထိုထိုသဝိညာဏက, အဝိညာဏက ရှိရှိသမျှတည်းဟူသော ပညတ်ကောင်, ပညတ်ခဲ, ပညတ်တုံးတို့၏ အတွင်းရှိ ပထဝီ ပြဋ္ဌာန်းသော အဖတ်ကလာပ် သဘော၊ အာပေါ ပြဋ္ဌာန်းသော အရေကလာပ်သဘော စသော **ရုပ်အစစ်**၊သိမှုခံစားမှုစသော **နာမ်အစစ်**၊ ခန္ဓာအစစ်၊အဘိဓမ္မာပရမတ် အစစ်တို့၏ မမြဲပျက်ပျောက် အနိစ္စရောက်ခြင်း အစရှိသည်တို့ကို ရှုကြည့် ပွါးများအပ်သော ဝိပဿနာ အလုပ်များကိုသာ **ဝိပဿနာ ဘာဝနာအစစ်တရား** ဟု ဆိုအပ်ပါသတည်း။

ဤဝိပဿနာဘာဝနာ အစစ်တရားတို့ဖြစ်ကြရန်၊ရုပ်နာမ် ခန္ဓာစသော အဘိဓမ္မာဓာတ်ပရမတ် တရားမြတ်တွေဆိုတာ၊လွန်စွာမှ နက်နဲခက်ခဲလှ၍၊ ဘုရားရှင်ပွင့်တော်မူခါမှ ပေါ်ပေါက်နိုင်သည်ဟု ဆိုကြသောစကား

နှင့်၊ သဝိညာဏက, အဝိညာဏကတို့ အတွင်းသား အဖတ်ကလာပ်သဘော၊အရေကလာပ်သဘောစသော ရုပ်အစစ်ရ၊သိမှုခံစားမှုစသော နာမ်အစစ်ရ၊ ခန္ဓာအစစ် အဘိဓမ္မာပရမတ်တို့အစစ်ရဟု ထား၍၊ ရှေ့က ဝိပဿနာ အလုပ် လုပ်ရန် ရေးသား ပြောဟော ခဲ့သော စကားတို့ မဆန့်ကျင်ကြဘူးလား ဟုငြားအံ့၊မဆန့်ကျင်လေ။အဘယ်သို့ မဆန့်ကျင်သနည်းဟူမူ၊ ဘုရားပွင့်မှ ပေါ်ပေါက်လာကြသည်ကား၊ ရုပ်နာမ်စသော အဘိဓမ္မာ ပရမတ် တရားမြတ် အစစ်တို့မဟုတ်၊ ၎င်းတရားအစစ်တို့ကို အပေါ်ရံ ပုံသဏ္ဌာန်ပညတ်လွှာ,ပညတ်အကာကြီးတွေမှ အသီးထုတ်နုတ်၍ ဟောဆိုအပ်သော အဘိဓမ္မာပရမတ် တရားတော်မြတ်တို့၏ စကားအစစ်တို့သာတည်းဟု သိကြရမည်။ ထိုစကားမှန်၏။ အကယ်၍ ဘုရားပွင့်တော်မူမှ ရုပ်နာမ်- အဘိဓမ္မာပရမတ်တို့ ပေါ်ရသည်မှန်မူ၊ ရုပ်နာမ်ကြီးတွေနှင့် တကွ ဖြစ်ပေါ်၍ နေကြသော ဤ လောကဓာတ်ကြီးတို့နှင့် တကွ၊ ဘုရားမယ်တော်, ခမည်းတော် စသည့်တို့လည်း ဘုရားမပွင့်သေးခင် မရှိသင့်ကြသဖြင့်၊ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားလည်း မရှိသင့်ပြန်၍၊ပွင့်ရန် ဘုရားသခင်လည်း ကေန္တမရှိရာ၊စင်စစ်မှာမူကား၊ရုပ်နာမ်စသော အဘိဓမ္မာပရမတ်၊ တရားမြတ်အစစ်တွေ ဘုရားမပွင့်ခင်ကပင် ရှိနေကြသောကြောင့်သာ လောကကြီးနှင့် တကွ ထင်ရှားစွာဖြစ်ထွန်း၍ နေကြသော်လည်း၊ထိုဘုရားမပွင့်ခင် အခါတို့မှာ ထိုထိုအကောင်အထည်ဖြစ် ပညတ်များမှ သီးခြားထုတ်နုတ်၍ အဟုတ်ပရမတ်စစ်များကို၊ သိကြားနားလည် သွားအောင်၊ ၎င်းအဘိဓမ္မာ ပရမတ် တရားစကားတို့ကို မည်သူ တဦးတယောက်မျှ မဟောပြောနိုင်ကြ၍ ပရမတ် စကားမပေါ်ငြားသည့်အတွက် ၎င်းပရမတ်တရားအစစ်တို့၏ **မြဲခက်အနိစ္စ၊ ဆင်းရဲခက်ဒုက္ခ၊အနှစ်မရှိခက်အနတ္တ**တို့က ဆက်လက်ကြ၍ မဂ်ဖိုလ်ဘက်သို့ တက်သွားကြအောင် ဘုရားပစ္စေကဗုဒ္ဓါ လောင်း၊ အရိယာအပေါင်းတို့မှ တပါး၊ တခြား လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့ မတတ်နိုင်ကြ၊ ထိုပရမတ်တွေကို အသုံးမပြုနိုင်ကြသဖြင့်၊ ၎င်းရုပ်နာမ်စသော အဘိဓမ္မာဓာတ် ပရမတ်တရားမြတ်တွေ မရှိသေးရာ, မပေါ်သေးရာ ကျနေ၍သာ ဘုရားမဖြစ်ခင်က အနတ္တတရား အဘိဓမ္မာပရမတ်တရား မပေါ်သေးဘူးဟု ဆိုကြပေလိမ့်မည်။

ယခုခေတ်အခါ ဘုရားပွင့်လာ၍ သဗ္ဗညုတဉာဏ်နှင့် သဝိညာဏက အဝိညာဏကတို့အတွင်းထဲမှာ ရှိရင်းစွဲပရမတ်တရား အကြီးအချုပ်တို့ကို

ပညတ်မှ အသီး ထုတ်ဆိုကာ ဟောပြတော်မူအပ်ပါသော **အဘိဓမ္မာ ပရမတ်တရားစကားတွေ**ပေါ်ရှိပေမှ၊ ၎င်းတရားစကားအရနှင့်သူကောင်း၊ ငါကောင်းစသောပညတ်တို့၏အတွင်းတို့နှင့် အပြည့်အပြည့် တည်ရှိနေကြသော ပရမတ်တရားအစစ်တွေကို သိရှိကြရ၏။ ဝိပဿနာ အလုပ်နှင့် အသုံးကျ၊ အသုံးချနိုင်ကြရသည့်များကို သဘောထားကြ၍သာ၊ ဩော်- ယခု ဘုရားပွင့်တော်မူမှ အနတ္တတရားတွေ၊ ရုပ်နာမ်အဘိဓမ္မာ ပရမတ်တရားတွေဟာ ဖြစ်ပေါ်လာသည်ဟု ဆိုကြပေလိမ့်မည်။ စင်စစ်မူကား၊ ဘုရားမပွင့်ခင်ကပင် ဖြစ်ထွန်းလျက် ရှိနေကြသော အဘိဓမ္မာပရမတ်၊ တရားမြတ်အစစ်တွေဟူသည် သူတွေ-ငါတွေ မရောက်ထဲ့ မသိထဲ့နိုင်သော ပုဗ္ဗဝဿ၊ တာဝတိံသာ စသည်တို့မှာသာ တည်ရှိနေတာမျိုး မဟုတ်၊ ဘယ်သူမဆို နားလည်အောင် ပြောပြ တတ်ပါက၊ နားလည်နိုင်ကြသော သူကောင်း— ငါကောင်းစသော ပညတ် အကောင်ကြီးတွေ၊ ပညတ် အထည်ကြီးတွေတို့၏ အတွင်းနှင့် အပြည့်အပြည့်တည်ရှိနေကြသည်ကား၊ အဘိဓမ္မာပရမတ်၊တရားမြတ်အစစ်တို့သာတည်း။ ပရမတ်စကား မဟုတ်၊ ဘုရားပွင့်မှ **ကုသလာဓမ္မာ** စသည်ဖြင့် ဟောပြောပြသည်ကား ပရမတ်စကားတည်း။ ၎င်းတရားမဟုတ်။ တဖန်-၎င်းစကားတွေ မပျောက်ပျက်လေအောင် အက္ခရာတွေနှင့် ရေးသားထားသည်ကား၊ ပရမတ်အဘိဓမ္မာ ကျမ်းစာမျှသာ ဖြစ်၏။ အဘိဓမ္မာတရားလည်း မဟုတ်၊ အဘိဓမ္မာစကားလည်း မဟုတ်ဟု သိကြပါလေ၊ ယောဂီမြတ်တွေတို့။

ဤသို့ မိမိတို့အတွင်းမှာ ပရမတ်တရားတွေ ထင်ရှားရှိနေပါလျက် သိ, ကြားနားလည်သွားအောင် ဟောကြားသောစကားမရှိသေးသည့်အတွက် အသုံးမချနိုင်ချက်များကို ထင်ရှားအောင်ဆိုဦးအံ့။—

ဇီဝကမပေါ်ခင်က ထိုထိုတောတောင်ထက်ဝန်းကျင်မြေပြင်အရပ်ရပ်တို့မှာ ဆေးဘက်ဝင်လတ်သော သစ်ပင်, ချုံနွယ် အထည် ဝတ္ထုတို့သည်ကား၊ဆေးဝါးတို့အစစ်သာတည်း၊ဆေးစကားမဟုတ်ကြကုန်။ထိုဆေးဝါးပင်, စသည်တို့သည် ဇီဝကမပေါ်ခင်အရင်က တည်ရှိနေကြသော်လည်း အသုံးနှင့်တကွ အကျိုးအာနိသံသကို ပြောပြသော ဆေးစကား မရှိသေးသောကြောင့်၊ ၎င်းဆေးပင်များကို အသုံးချထားသော အရာ၌ မဖြစ်ပေါ်လာသေး၍၊ ရှေ့က ဤဆေးပင်တွေ, ဤဆေးတွေ မပေါ်သေးဟု ပြောဆိုကြမှာလို-ပြောဆိုကြတာလို။ ဘုရားမပွင့်ခင်က ပရမတ်တရားတွေ မပေါ်သေးဟု ပြောဆိုကြပေလိမ့်မည်။ ဇီဝကဆရာ ပေါ်လာသော အခါကျမှ

ဘယ်အပင်က–ဘာဆေး၊ ညာအပင်က–ညာဆေး ကောင်းသည်ဟုသုံးစားပုံနှင့် တကွ အကျိုးအာနိသံသများကို ပြောကြားခြင်း သည်ကား၊ **ဆေးစကားသာတည်း**၊ ဆေးလည်းမဟုတ်၊ ဤဆေးစကားပေါ်ပေါက်လာမှ ရောဂါရှိကြသောအခါ ဆေးအသုံးချသောအခါ၌၊ ၎င်းဆေးပင်စသည်တို့ ဖြစ်ပေါ်လာကြ၍၊ ဒီဝကပေါ်လာမှ ဆေးအသုံးပြုရန်ဆေးပင်ပါးပင်စသည် အများတို့ ထွန်းကားပေါ်ထွက်လာသည်ဟု ပြောဆိုကြရသည်။ ဘုရားပွင့်တော်မူမှ အနုတ္တတရားတွေ၊ ရုပ်နာမ်စသော အဘိဓမ္မာဓာတ် ပရမတ်တရားမြတ်တွေ ဤလောကကြီးမှာ ပေါ်ထွက်ထွန်းကား လာနေသည်၊ လာပေသည်ဟု ပြောဆိုကြပေလိမ့်မည်ဖြစ်သောကြောင့်၊ အဆိုစကားသာ ဘုရားပွင့်မှ တရားတွေ ပေါ်သည်ဟု ကွဲလွဲကြ၍၊ ဘုရားမပွင့်ခင်က အဘိဓမ္မာပရမတ်တရားမြတ်တွေရှိနေကြခြင်း သဘောရင်းတို့ကား၊ မကွဲလွဲကြရာသည်ကိုလည်း သိတော်မူကြပြီးလျှင်၊ ဤဒီဝက ဥပမာကြီး၌ ဒီဝက ပေါ်လာမှ ပြောပြသမျှသော ဆေးပင်၏အမျိုးနှင့်၊ အကျိုးအာနိသံသစကားဟူသမျှတို့ကို ဘာသာမျိုး တရာ့တပါးတို့နှင့် ပြောကြားသမျှ အကုန်လုံးတို့သည် ဆေးစကားချည်းသာဖြစ်ကြကုန်၏။ ဘယ်ဘာသာနှင့်ပြောက ဆေးစကားမဖြစ်ရဟု မရှိသင့်။ ဤဆေးစကားတို့သည်ကား၊ ဆေးပင်, ဆေးစာ မဟုတ်ကြကုန်။ ၎င်းဆေးစကားတို့ မပျောက်ပျက်ကြဘဲ၊ ဘယ်ဘာသာ, ဘယ်အက္ခရာစာလုံးတို့နှင့်မဆို ရေးထားသမျှအကုန်လုံးတို့သည်ဆေးစာ, ဆေးကျမ်းချည်း ဖြစ်ကြကုန်၏။ ဘယ်ဘာသာ အက္ခရာစာလုံးနှင့်ရေးက ဆေးစာ, ဆေးကျမ်း မဖြစ်ကြဟုမဆိုရ။ ဤဆေးစာ, ဆေးကျမ်းတို့သည် ဆေးပင်တွေလည်း မဟုတ်၊ ဆေးစကားလည်း မဟုတ်ကြကုန်။ စင်စစ်မူကား၊ မိမိတို့ဘာသာအက္ခရာတို့နှင့် ရေးထားသော ဆေးစာ–ဆေးကျမ်းတို့က မိမိတို့စကားဖြစ်ရန်အမြန်ကျေးဇူးပြုသည်။ မိမိတို့ဘာသာစကားက ဆေးပင်စသည်တို့ကို သိရန် အသိဉာဏ်ကို ကျေးဇူးပြုသည်။ ၎င်းအသိဉာဏ်က ဝိဇ္ဇာဓိုရ်ရန်, ဆေးကြီးများကိုရယူသုံးစား–ဘေးကင်းသွားကြဘို့ အကျိုးတမျိုးတည်းသာ လိုရင်းဆုံးကြီး ဖြစ်ကြသည့် ဥပမာလို။ ဝိဇ္ဇာဓိုရ်ဆရာကြီးထက်မက အဘိုးအနဂ္ဃ ထိုက်တန်လှသော ဝိဇ္ဇာရေဆေးမြတ် ပရမတ်အစစ်တို့ကား၊ သူ့ငါတို့မရောက်နိုင်သောဟိမဝန္တာတောတောင်စသည်တို့မှသာ ရှိတာမျိုးမဟုတ်။ ထိုထိုမြို့ရွာ, ကောင်းကင် မြေပြင်ကုန်းကြည်း၊ သူငါစသည်တို့၏ အတွင်းမှာ သဏ္ဌာဝါတွေ နေ့စဉ်အသုံးကျ၊ နေ့စဉ်အသုံးချနေကြသော ၆–ဒွါရနှင့်။ ၆–ပါး အာရုံ။ ၆–စုံ ဝိညာဏ်။ ၆–စဉ်

ဖသ။ ဇ-ဝ ဝေဒနာ။ ဇ-သညာနှင့်၊ သင်္ခါ ဇ-ချ၊ နိဗ္ဗာန်ပေါက် ဝိဇ္ဇာရိန် ဆေးအထုတို၊ ပေါင်းစုကြကာ၊ အခါခပ်သိမ်းဖြစ်ပျက်၊ ဆက်လက်တည့် ထွန်းလျက် ရှိနေကြသည်ကား **အဘိဓမ္မာပရမတ်၊ တရားမြတ်အစစ်ကြီး တို့ပေတည်း**။ အဘိဓမ္မာ ပရမတ် စကားလည်း မဟုတ်၊ ၎င်းစာလည်း မဟုတ်ကြကုန်ဟုသိပါ။

ဇိဝက-ဝိဇ္ဇာရိန်တို့ အလား၊ တို့ဘုရားကစ၍ ဆက်လက်ကြပြီးလျှင်၊ အဘိဓမ္မာပရမတ် တရားမြတ်ကြီးများကို၊သိ,ကြား နားလည်လွယ်အောင် ပြောဟောသမျှ ပါဠိ-မြန်မာ အစဖြာသော အရာ,အထောင် မကသည့် ဘာသာစကား ဟူသမျှတို့သည်၊ **အဘိဓမ္မာပရမတ် စကားချည်း ဖြစ်ကြကုန်၏**။ဘယ်ဘာသာစကားနှင့်ပြော၍၊ အဘိဓမ္မာပရမတ် စကားမဟုတ် သည်မရှိ။ ထိုထိုပါဠိ-မြန်မာစသည့် အဘိဓမ္မာ ပရမတ် စကားတို့သည် ကား၊ အဘိဓမ္မာပရမတ် တရား အစစ်လည်း မဟုတ်၊ အဘိဓမ္မာကျမ်းစာ လည်းမဟုတ်ကြကုန်ဟုသိပါ။ ၎င်းအဘိဓမ္မာပရမတ် စကားတို့ မပျောက် ပျက်ရအောင်၊ ထိုထိုလူမျိုး တရာ့တပါးတို့ မိမိတို့ဘာသာ အက္ခရာစာလုံး များနှင့် ရေးသားထားသမျှ အကုန်လုံးတို့သည်၊ **အဘိဓမ္မာကျမ်းစာချည်း ဖြစ်ကြကုန်၏**။ ဘယ်ဘာသာ အက္ခရာစာလုံးတို့နှင့် ရေးလို့ အဘိဓမ္မာ ကျမ်းစာမဟုတ်ဟု မဆိုရ။ ဤအဘိဓမ္မာကျမ်းစာတို့သည် ပြောဟောနေ ကြသော အဘိဓမ္မာ ပရမတ်စကားလည်း မဟုတ်ကြကုန်။ အဘိဓမ္မာ ပရမတ်တရားလည်း မဟုတ်ကြကုန်ဟု သိပါ။ စင်စစ်မှာမူကား၊ မိမိတို့ ဘာသာ စာလုံးနှင့် ရေးသားထားသော အဘိဓမ္မာ ကျမ်းစာက မိမိတို့ ဘာသာ အဘိဓမ္မာစကားတို့ကို လွန်စွာကျေးဇူးပြုနိုင်၏။၎င်းစကားတို့က အဘိဓမ္မာတရား အစစ်များကို မိမိတို့ သိ,ကြား နားလည် သွားအောင် လွန်စွာ ကျေးဇူးကို ဆောင်နိုင်ကြောင်းများကို သိရှိတော်မူကြရသဖြင့်၊ ဘယ်လူမျိုးမဆို မိမိတို့ဘာသာစကား-အက္ခရာစာလုံးများနှင့်ပြောဟော ကြ,ရေးမှတ်ကြ၍၊မဂ်,ဖိုလ်,နိဗ္ဗာန်ကိုအမြန်ရွက်ဆောင်နိုင်သော အဘိဓမ္မာ ပရမတ် အမြတ်တရားကိုယ်၊ဝိဇ္ဇာရိန်ဆေးချက်များကို တခြားမှာမရှာရဘဲ မိမိတို့နေ့စဉ် အမြဲအသုံးကျ၊အသုံးချနေကြသော ဇ-ဒွါရနှင့်။ ဇ-ဝ အာရုံ။ ဇ-စုံ ဝိညာဏ်-စသည်တို့ အထဲက ယချက်ခြင်း လက်ငင်း၊ဘွက်ဘွက် ကွင်းကွင်း ဒင်းကနဲ၊ ဒင်းကနဲ၊ သိသိ-သိသိသွားအောင် မိမိတို့ ဘာသာ စကားသက်သက်များနှင့် ဟောကြားကြပါမူ၊ စာတတ်သူ,မတတ်သူများ **တို့ပါ အလွယ်တကူနှင့် သင်ယူ ပေါက်ရောက်ကြကာ၊ တနေ့တခြားပင်**

အားကက်တက်-တက်တက် လာချင်ကြအောင် မကြာမကြာ စကားစပ်ပြီး ဤဇီဝက ဥပမာကြီးကိုလည်း ဟောကြားကက်ကြ ပါစေသတည်း။

[**အင်္ဂလိပ်စာပီစကားကိုကောင်းမွန်ချက်အနေအား၊** သည့်မိုဃ်းသြွင်းကိုယ်တော်ကြီးက ပါဠိဘာသာ ကျမ်းဂန်စာများ ကွယ်ပ မသွားအောင်သင်ကြားကြဘို့ အားမပေးသည့်ပြင်၊ဘာသ်ဘာသာစကားအက္ခရာစာလုံးများနှင့်မဆို ဘုရားဟောတရားကျနအောင်သာ မိမိတို့ ဘာသာချင်း နှုလုံးသွင်းနိုင်,ကျင့်ကြံနိုင်အောင် ပြောဟောကြ၊ ရေးသားကြ၍၊ကျက်မှတ်သင်အံ ကျင့်ကြံ အားထုတ်ကြဟုတောင် တိုက်တွန်းနေပြန်သည်တကားဟု အပြစ်တင်ဘွယ် စကားကို သိ,ကြားပါလျက်၊ တိုက်တွန်းရချက်ကား၊ဘခြားမဟုတ်ပါ။ ၎င်းပါဠိတော် ကျမ်းဂန်များကို သင်ကြားဆောင်ရွက်နိုင်သူ ရှင်လူရဟန်းအထက်တန်းစားကြီး များကား၊ အရပ်ထက်ဝန်းကျင်မှာ မိမိတို့ဘုန်းပညာပါရမီစွမ်းတွေနှင့်သင်ကြားနေကြပြီး အားထုတ်နေကြပြီးသား ဖြစ်နေကြမှာကြောင့်၊ ငါတို့က တိုက်တွန်း နှိုးဆော်ရန်မလိုလှ၍သာ မတိုက်တွန်းလိုက်ပါသတည်း။ ယခုကာလကြီးမှာစားသောက်သုံးစွဲရန် အသီးအသီး တို့ကလည်း အလွန်ပင် ကျပ်တည်းကြ၍၊၎င်းပါဠိတော်ပါဌ်အနက် ကျမ်းစာများကို သင်အံလေ့ကျက်ရန်ကလည်းမရှိ။ သဒ္ဓါ,ပညာ, ဝီရိယတို့ကလည်း များများမရှိကြဘဲ၊ ၎င်းပါဠိစကားထဲ စာထဲမှာသာ အဘိဓမ္မာတရားတွေရှိနေရာသည်ဟု အထင်ဲကြ၍၊ ထိုပါဠိ ကျမ်းဂန်တို့ကို ပေါက်ရောက် တတ်မြောက်အောင် ငါတို့ မသင်ကြားနိုင်သဖြင့်၊ ၎င်းအဘိဓမ္မာတရား အစစ်များနှင့် ငါတို့လည်းမတန်။ ဟိုအကောင်တွေလည်း မတန်ဟု စိတ်ကိုလျှော့ထားပြန်၍ ကျင့်ကြံခွင့်မရသောရှင်လူအများ ယောကျ်ား, မိန်းမတို့အတွက်သာ ဤဇီဝကဥပမာတို့နှင့် တိုက်တွန်းရချက်တို့ကား တကယ့် ဘဝကောင်း ကာလကောင်းကြီးတွေထဲက နဲနဲကလေးမျှ ဉာဏ်လှည့်လွဲ နေကြသည့်အတွက် တကယ့်ဝိပဿနာရဘနာကြီးတွေနှင့်ကွဲသွားကြ၊လွဲသွားကြမည့် အချက်များကို အလွန်အလွန်ကြီး မေတ္တာ, ကရုဏာကြီးထား၍၊ ရှေ့ကရေးသားလိုက်သည်များကို အပြစ်မဆို အချစ်သာပိုသင့်ကြောင်းနှင့် တောင်းပန်လိုက်ပါသည်။ ကြောင်းကျိုး မြော်သိ၊ ပညာရှိအပေါင်း-သူတော်ကောင်းတို့။]

ဤဇီဝက ဥပမာနှင့် ရှေးကပြခဲ့သည့်အတိုင်း ဇီဝကမပေါ်ခင်ကသာ ဆေးပင်တို့၏ အတွင်းက ရှိနေကြသော စွမ်းရေသတ္တိ ဂုဏ်ထူး ရှိသမျှ တို့သည်၊ အလွန်ပင်နက်နဲ ခက်ခဲ နေကြသော်လည်း ဇီဝကဆရာ၏ ဆေးစကားပေါ်သည့်နောက် ဆေးပင်ပေါက်စသည်တို့ကို ကောက်ကာ ကောက်ကာ၊ မိမိတို့ နားလည်လွယ်သော စကားနှင့် ပြောကြားလိုက်က ပြောပလောက်အောင် မခက်ခဲ မနက်နဲကြပါဘဲ၊ သက်သက် သာသာ ကလေးတို့နှင့် သိ,ကြားနားလည်သွားနိုင်ကြ ရာသကဲ့သို့၊ဘုရားမပွင့်ခင်က ထိုထိုပညတ် အကောင်အထည်တို့၏ အတွင်းကရှိနေကြသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်အစစ်တို့၏ သဘောလက္ခဏာစွမ်းရေသတ္တိ ရှိရှိသမျှ တို့သည်၊အလွန်ပင် နက်နဲ ခက်ခဲလှနေကြသော်လည်း မြတ်စွာဘုရား၏ ပရမတ် စကားပေါ်သည့်နောက်၊ ပြောပလောက်အောင် မခက်ကြစရာ ပရမတ်တွေရှိရာ သူငါစသည်တို့ အတွင်းဘက်သို့ ဉာဏ်မျက်နှာလှည့်ပါ၍၊မိမိတို့နားလည်လွယ်ကြသောစကားနှင့်ပြောကြားလိုက်က လွယ်လွယ် ကလေးနှင့် သိမြင်နိုင်ကြရာသော အချက်ကောင်းကြီးများကို အထူးသတိ မထားမိကြသည့်အတွက် အဘိဓမ္မာပရမတ် အမြတ်တရားတွေ နက်သည် ထက်နက်၊ ခက်သည်ထက် ခက်နေကြရာသော **ဥပမာကား**။—

မဟောသဓာ ဇာတ်တော်မှာပါသော အဘိုးအနဂ္ဃထိုက်တန်လှသည့် ပတ္တမြားရတနာကြီးကို သိန်း,ဒေဝိန်းစသည်အမတ်တို့ ရေကန်အတွင်းမှာ ထိုပတ္တမြားအဆင်း ထင်လာသည့်အရနှင့်၊၎င်းရေအတွင်းမှာ ဧကန္တရှိရာ သည်ဟု-အထင်မှား၍၊ တိုင်းသူ ပြည်သားတို့နှင့်တကွ အလွန်ပင်ဆင်းရဲ ကြပြီး ရလည်းမရကြသည့် ပမာအလား၊ ထိုထိုပရမတ်အစစ်,ဓာတ်အနှစ် တရားတို့၏ အလွန်ပင်နက်နဲကြ၊ ခက်ခဲသိမ်မွေ့လှနေသည့်အထဲမှာ ပါဠိ ဘာသာ ကျမ်းဂန်တို့ အတွင်းတွင် ၎င်းပရမတ်,ဓာတ်စကားတို့ ပြောဆို ရွတ်ဘတ်ရန်ဘို့ အရိပ်အသံတို့ ထင်နေကြပြန်သည်နှင့် တူလှ၏။ ထိုသိန်း, ဒေဝိန်း စသည်တို့အလား၊ ၎င်းပါဠိဘာသာ စကားများမှာသာ ပရမတ် တရားအစစ်တွေရှိနေသည်ဟု အထင်မှားလျက် တပည့်သားအပေါင်းနှင့် တကွ ကျက်မှတ်သင်အံ လိုက်လံ ရှာဖွေကြသော်လည်း သရုပ်-သဘော အရစတို့ကို ပြောဟောတတ်မှုနှင့်သာ ကာလရှည်လျားစွာ ဆင်းရဲပင်ပန်း ကြပါလျက် ဝိပဿနာ အလုပ်ဘက်သို့ မတက်နိုင်ကြသူတို့နှင့်တူလှ၏။

ထို သိန်း-ဒေဝိန်းစသည်တပြည်လုံးတို့ ထိုပတ္တမြားရတနာမြတ်ကြီးကို မရလတ်ဘဲ၊ ပင်ပန်းချိ၍ နေကြဆဲအခါမှာ မဟောသဓာ ပေါ်ထွက်လာမှ

ပညာနှင့် ချင့်ဆ၍ ဝန်းပင်ဘက်နိုင်သူ၊ တယောက်လူမျှနှင့် ထန်းပင်ပေါ် ကိုးသိုက်က၊ ပဒ္ဒုမြားအစစ်ကို ယူကြသည့် ဥပမာနှင့်ကား၊ ထိုထိုပါဠိ ဘာသာ ကျမ်းဂန်စာတို့ကို မိမိတို့ ဘာသာ မပြုတ်ကြသည့် အတွက် အလွန်ပင်သင်ဇုံလေ့ကျက်လို့လည်း ခက်ခဲကြ၊ပရမတ်စစ်တွေကလည်း နက်နဲလှနေသည့် အထဲမှာ မဟောသဓာနှင့် တူလှစွာသော တို့မြန်မာ အသွားနှင့်အဓိပ္ပါယ် ပေါ်လွင်ထင်ရှားသောစကားတို့ဖြင့် ရေးသားတော် မူကြပေသော နိသျ ဆရာ, အဆုံးအဖြတ် ဆရာ, ဒီပနီ အစားစားတို့ကို ရေးသားတော် မူကြပါပေသော ကျေးဇူးတော်ရှင် **ညောင်ကန် ဦးဗုဓ် ဆရာတော်ကြီး, လယ်တီဆရာတော်ဘုရားကြီး**တို့ ပေါ်ထွန်းလာမှ ပညာ နှင့်ချင့်ဆ၍ ပရမတ္ထတို့၏အာ သူငါစသည်တို့ အတွင်းထဲမှ လက်ဆွဲ၍ ပြဘိသကဲ့သို့ အလွန်ပင်သိသာလွယ်ကူ ပေါ်လွင်ထင်ရှားလှစွာသော တို့ မြန်မာစကားဖြင့်သံဂြိုဟ်တို့အစားစား,ဒီပနီစသည်အစားစားတို့နှင့်ပရမတ် အလုပ်ကများ ဓာတ်အလုပ်တရား, ဝိပဿနာအလုပ်တရားကြီးတွေများကို သေသေ-ချာချာ နေ့ရာတကျ ပြသညွှန်ကြားတော်မူကြပေကုန်သတည်း။

ဤသို့ပြသညွှန်ကြားသည့်အတိုင်းကိုသာ ထန်းတက်သမားနှင့် တူစွာ သော ယောဂီအရာ လုပ်လိုပါသည့် သူငါတို့ကသာ ထန်းတက်သော အလား နေ့ညဥ့်မခြား ကြိုးကြိုး စားစား အားထုတ်သွားလိုက်ကြပါမူ၊ မကြာခဏာ ပဒ္ဒုမြားရတနာနှင့် တူလှစွာသော ပညတ်ကောင်-ပညတ်ခဲ၊ ပညတ်တုံးတို့၏အတွင်း၌ ပဋိစ္ဆန်းသော အဖတ်ကလာပ်မှုန့်၊အားပေါ ပြဌာန်းသော အရေကလာပ်မှုန့်စသော **ရုပ်စစ်**၊သိမှုစသော **နာမ်စစ်**တို့၏ အမြဲပျက်ပျောက် အနိစ္စရောက်ခြင်း အစရှိသော ဝိပဿနာ ရတနာစစ် တရားကြီးများကို ဒေကန္တမုချ အဟုတ်အဟုတ် လုပ်ကြလျှင် ဆဲ့ငါးရက်မျှ နှင့်ပင် ပေါက်ရောက် ထင်မြင်ရတော့မည်ဟု မနသိအဓိဋ္ဌာန်နှင့် စိတ်သန် သန် နှလုံးသားပြီးလျှင် မိမိ ကိုယ်ကို ဘုရားနှင့်ဆရာသမားတို့အား အပ်နှင်း ဝန်နှံလှူကြကုန်ရာ၏။ ။ဤသို့အပ်နှင်းကြဘို့ရာ အဋ္ဌကထာ ဆရာကြီးများ မှာထားတော်မူခဲ့တိုင်း ဘုရားနှင့်ဆရာသမားတို့အား မိမိကိုယ်ကိုအပ်နှင်း ဝန်နှံလှူရပုံကား။—

**ဣမာဟံ ဘဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ။**
**ဒုတိယမ္ပိ ဣမာဟံ။ ။တတိယမ္ပိ ဣမာဟံ။—**

စသည်ဖြင့်ဆို၍၊ **ဘုရားအား ဝန်နှံလှူပါသည့် အနက်မြန်မာကား။** ။ဘဂဝါ၊ မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဣမံ အတ္တဘာဝံ၊ ဤ

အတ္တဘောတည်းဟူသော ခန္ဓာကိုယ်ကို။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ ။ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘဂဝါ၊ မြတ်စွာဘုရား။ ။တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘဂဝါ၊ မြတ်စွာဘုရား။ ။စသည် ဆို၍လှူပြီးမှ ကမ္မဋ္ဌာန်း ဆရာအားလည်း။ —

**ဣမာဟံ ဘန္တေ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ။**
**ဒုတိယမ္ပိ ဣမာဟံ။ ။တတိယမ္ပိ ဣမာဟံ။—**

စသည်ဆို၍ **စွန့်လှူပါသည့် အနက်မြန်မာကား။** ။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဣမံအတ္တဘာဝံ၊ ဤအတ္တဘောတည်းဟူသော ခန္ဓာကိုယ်ကို။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ ။ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ ။တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ။စသည်ဆို၍ စွန့်လှူကြပါလေ။

**ဤသို့စွန့်လှူရသောအကျိုးကား။** ။နောင်ကြောက်မက်ဘွယ် ဘေးရန်ကြီးငယ်တို့နှင့်တွေ့သောအခါ **ငါသည် ဤခန္ဓာကိုယ်ကြီးကို ဆရာသမား, မြတ်ဘုရား၌ စွန့်ထားအပ်နှင်းပြီးသား မဟုတ်ပါလား**ဟု- နှလုံး ထားခြင်းကို ပြုလိုက်ပါမူ၊ ၎င်း အန္တရာယ် ပျောက်ကင်း၍ ကြောက်လန့်ခြင်းကို ပယ်ဖျောက်နိုင်၏။

**ဆရာကို စွန့်လှူရကျိုးကား။** ။နောင်မိမိမှာ အပြစ် ဒေါသ ထင်မြင်သောအခါ ဆရာကလည်း မိမိတာဝန်ပြု၍ ဆုံးမပိုင်၏။ ခံခက်အောင် ဆုံးမရာ၌လည်း မိမိက ဆရာရာတို့မှာ ဆုံးမနိုင်ဘို့ ဆရာတို့ကို အပ်နှင်းပြီးသား ပေကိုး။ **ဤသို့လည်း ဆုံးမမှာပေါ့၊** ဟူ၍ သည်းခံနိုင်၏။

**အန္တရာယ် ကင်းပုံအရေကို၊ ဥပမာဖြင့် ပြရမူ၊** ဤလောကတွင် ထူးကဲ မွန်မြတ်လှသည့် ရှင်ဘုရင်နှင့် စပ်ရသော အိမ်တော်ပါ ကျေးတော် ရင်း၊ ကျွန်တော်ရင်းအစစ်, ငါပင်ဖြစ်သည်ဟု ပြောဆိုသူကို သိသမျှ လူစုက မနှိပ်စက်ဝံ့ကြဘဲ၊ မွန်မြတ်ထူးကဲသော အဖြစ်၌သာ ထားကြရာ သကဲ့သို့၊ထူးကဲမွန်မြတ်လှစွာသော လောကီရတနာကြီးတွေ အဆင့်ဆင့် တို့ထက် ကုဋေရာထောင်မက အမြတ်ဆုံးကြီး ဖြစ်လှသော ဘုရားရတနာ မြတ်အား၊ စွန့်လှူ အပ်နှင်း၊ စပ်ရှက်ခြင်းပြု၍၊ ဘုရား၏ ကျေးတော်ရင်း ကျွန်တော်ရင်း၊ တပည့်ရင်း၊တကာရင်းအစစ်တို့ဖြစ်ကြရသဖြင့်၊ အဘယ် မှာ အန္တရာယ်မကင်းဘဲရှိနိုင်တော့အံ့နည်းဟု ယုံယုံကြည်ကြည်အပ်နှင်း၍

အန္တရာယ် တွေ့သောအခါတို့မှာ မိမိစိတ်ကိုသာတင်းကြပါလေ။ ၎င်း၊ထိုထို လောကီ လောကုတ္တရာ-ရတနာ အစားစားတို့နှင့်စပ်ရက်ရသဖြင့် အဘိုး မထိုက်ကြ၊ယုတ်ညံ့လှတာတို့ပင်၊ အထူးအမြတ်ထင်ကြရသောအချက်တို့ ကို ဆက်၍ ဆိုဦးအံ့။ လောက၌ မိမိတို့ ကျောင်းထဲ အိမ်ထဲက မြက် သစ်ရွက်ခြောက်စသောအမှိုက်တို့ကို အလိုရှိသလို ထုပ်ပိုး ယူငင်ကြကာ အလိုရှိတာတို့ကို သုံးစွဲကြပါလေဟုပေးမူ၊ ဘယ်သူမှ မယူကြသည့်ပြင်၊ အဘိုးမထိုက်တာ ငါ့ကိုပေးရမှာလားဟု စိတ်များပင် မဆိုးကြဲလျှင် ကံ ကောင်းပလေ။ သို့ဖြစ်၍ နေကြသည့် အခိုက်ထဲမှာ၊ နှံနှံကလေးမျှ အသုံး ကျသော ပိုက်ဆံ ပဲစေ့-မူးစေ့-မတ်စေ့ တည်းဟူသော ငွေရတနာတွေ တရာဘိုးလောက်လဲ၍၊ ၎င်းအမှိုက်တွေထဲမှာ ရောစပ်ထားပြီးလျှင်၊ဤငွေ ပါသည့် အမှိုက်တွေကို ဘယ်သူမှ မယူရဟု တဖွဖွ တားမြစ်နေပါသော် လည်း အလစ်ကိုချောင်း၍ တတောင်း, နှစ်တောင်းစသည် ယူသွားသူ၊ ယူလိုသူတွေ ဘယ်မျှလောက် ပေါနေလိမ့်မည် များကိုရင်း၊ ထို့ထက် အဘိုး ထိုက်တန်သည့် ရွှေမူးစေ့-မတ်စေ့- ရွှေဒင်္ဂါး ရတနာတွေ၊ မိမိတို့ ကျောင်း-အိမ်ထဲက ရွှေမစင်တိုင်းတို့ အထဲမှာပါနေသည်များကို သိကြ သူတို့ကို လက်နှင့်ကိုယ်တိုင် ရွှေချေးကို ကိုင်ယူသူမှပေးမည်ဟု ဆိုသော် လည်း ကိုင်ယူလိုသူတွေ ပေါနေရုံမျှမက၊ ၎င်းရွှေချေးယိုရာ အရပ်ကို ရုံးကံနှင့်စပ်သူတို့က မိမိတို့ချည်း ရလတ်ကြအောင်၊ ပတ္တာခံယူလိုသူတွေ ရှိနေစေကာမူ၊ ၎င်းပတ္တာခံထားသည့်အတွင်းက ဥပဒေနှင့်လွတ်ကင်းကြ အောင်၊ ရွှေနောက်ပိုင်းတွင် ပိုးကတ္တီပါအိတ် မိမိတို့တံဆိပ်နှင့်စွပ်၍ ယုံ သမျှရွှေချေး၊ အနည်းငယ်မျှ မလွတ်ရအောင်ပင် ယူချင်သူတွေ ဘယ်မျှ လောက် ပေါနေကြလိမ့်မည် များကိုရင်း၊ စဉ်းစားမိသူတို့ ဉာဏ်ထဲမှာ ဤလောကတွင်သာ သုံးစွဲရပါသော ရတနာနှင့်စပ်မိမှ အမှိုက်တွေ-ရွှေ ချေးတွေ မျက်နှာကြီးပြီး အသီးသီး ဂုဏ်ရှိလာကြမှုများဟာ အလွန်ပင် ထင်ရှားလာကြပါလိမ့်သတည်း။

## (၃) ရတနာ ၃-ပါးနှင့်စပ်ရသော ထမီစုတ်နှင့် လူနိုင်အများ စေတီအလေး မြင့်မြတ်သွားကြပုံ

ထို့မှတပါး ရတနာ ၃-ပါးနှင့်စပ်မိက၊ မြတ်သည့်ထက် မြတ်ကြသည် ကို ဆက်၍ဆိုဦးအံ့။မသုံးရသေးခင်၊မိန်းမတို့ထမီဆင်ကစ၍၊ အဆင့်ဆင့် ယုတ်မာ သွားသော သေနှီရုပ်း သူဌေးကျွန်မ မယ်ပုဏ္ဏား၏ အလောင်း ကောင်, အပုပ်ကောင်, ဖူးဖူးရောင်, ကွဲအက်၊ လောက်ကောင် တွေ

တဖွားဖွားတက်နေသည်၌၊ ရစ်ပတ်၍ ပစ်ထားသည်ကို လောကုတ္တရာ- ရတနာထွင့်ထား၊ ငါတို့မြတ်စွာဘုရားကြီးက အရိယာဝံသတရားကြီးများကို နှလုံးထားကာ၊ ထိုထို လောက်ကောင်တွေကို ခါချပါ၍၊ ကောက်ယူသော ခဏမှာ၊ ထိုထမီစုတ်ကြီးဟာ မြင့်မြတ်၍ လာသည့် အဖြစ်များကို ထင်ရှားအောင် အသီးအသီး၊တော်ပဲ့တင်လျှင်တီးလျက် မြေကြီးပါ တုန်လှုပ်ပြီး ကောင်းချီးများ ပေးကြရလေသတည်း။ ။ရင်းကျွန်မ၏ထမီကို ချုပ်လုပ်သော သင်္ကန်းကို အရှင်မဟာကဿပကြီးအား တောထွက်စကပင် ချီးမြှောက်သောအခါ၊ရင်းထမီကိုပြုလုပ်သောသင်္ကန်းကို အရှင်မဟာကဿပကြီးက ထိပ်ပေါ်တင်- ပခုံးပေါ်ထမ်း၊ လက်ယမ်းထုံး ရှိခိုးခြင်းစသည်ဖြင့် သောတာပန် သက်ဆုံးအောင် အသုံးဆောင်ခံရသဖြင့်၊အလွန်ပင် ထူးကဲလွန်မြတ်သော ရှိခိုးခြင်း,ပူဇော်ခြင်း,ဖူးမျှော်ကန်တော့ခြင်းငှါ ထိုက်လှပါသော ရင်းထမီက ဆက်လက်၍ သင်္ကန်းအဖြစ်သို့ တက်လာသော ပရိဘောဂစေတီထိုက်သော မြတ်စွာဘုရားနှင့်တကွ ပစ္စေကဗုဒ္ဓါကပည့်သားသံဃာတော်များတို့၏သင်္ကန်းကို ရှိခိုးပူဇော်ကြ ကိုးကွယ်လှူဒါန်းကြသူတို့ နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်းအစစ် ဖြစ်ကြီးဖြစ်အောင် မြင့်မြတ်သော အဖြစ်သို့ဆောင်လေ၏။ **ရင်းစေတီထိုက်သော သင်္ကန်းကို ရှိခိုးပူဇော် ဖူးမျှော်လှူဒါန်း၍ နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်းသက်သေကား။** ။ငါ့တို့ ဘုရားလက်ထက် မဟာကာလ အမည်ရှိသော မထေရ်မြတ်သည်၊ ဤကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက်၌ လူဖြစ်၍ တောသို့သွားသောအခါ၊ သစ်ပင်မှာ ခွဲထားသော သင်္ကန်းကိုမြင်၍ အရိယာတို့၏ တမ်းခွန်ဖြစ်သော သင်္ကန်းပေတကားဟု အလွန်ကြည်ညိုသော စိတ်ဖြင့် အဆင်းလှသောပန်းတို့ကို၊ ထိုသင်္ကန်းအား လှူဒါန်းပူဇော်၍၊ ဖြစ်လေရာဘဝတို့မှာ မဟာလှေကားပန်းအဆင်းရှိသော လူမင်း,နတ်မင်းတို့ အဖြစ်နှင့် စည်းစိမ်ချမ်းသာများကို ခံစား၍၊ တို့ဘုရားလက်၌ သေတဗျမြို့မှာ လှည်းကုန်သည်ကြီးဖြစ်လာ၍၊ သာဝတ္ထိပြည်မှာ ဘုရားတရားနာရသဖြင့်၊ ရဟန်းပြု၍ တရားကိုအားထုတ်ရာ များမကြာမီ ဆဋ္ဌာဘိညရဟန္တာဖြစ်၍ မဟာကာလမထေရ်ဟု ထင်ရှားကျော်စောလေ၏။

ထိုမှတပါးလည်း၊ငါတို့ဘုရားရှင်လက်ထက် ဂေါပါလအမည်ရှိသော မထေရ်သည်၊ ဤကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက်၌ လူဖြစ်၍၊ သစ်ခက်၌ ခွဲ၍ထားသောအရှင်ပစ္စေကဗုဒ္ဓါ၏သင်္ကန်းတော်ကိုမြင်၍၊ကြည်ညိုသော စိတ်ဖြင့် ထိုသင်္ကန်းကို ပန်းသုံးပွင့် ပူဇော်ခဲ့သော ကောင်းမှုကြောင့်၊

လူ, နတ်တို့၏ စည်းစိမ်ချမ်းသာကို အစဉ်သဖြင့်ခံစား၍၊ တို့ဘုရားလက်ထက်၌ မဂဓရာဇ်တိုင်း သူကြွယ်မျိုး၌ဖြစ်၍ ဘုရားအထံတော်၌ ရဟန်းပြုပြီးနောက်၊ လျောက်ပတ်သော ကျောင်းနေရာ ဂဏာဆွမ်း တို့ကိုရ၍ ကမ္မဋ္ဌာန်းအားထုတ်ရာ၊ မကြာခဏ ပဋိသမ္ဘိဒါအဘိညာဏ်သမာပတ်နှင့်တကွ ရဟန္တာ အဖြစ်ကိုရ၍၊ ဂေါပါလမထေရ်ဟု ထင်ပေါ် ကျော်စောကြောင်း၊ ၎င်းဝတ္ထု၊ ၂–ခုသည်၊ ထေရဝတ္ထု၌ လာ၏။ ဤသို့လာသောသက်သေများကိုထောက်ထား၍၊ရတနာသုံးပါးနှင့် စပ်ကြရကာ ထမီစုတ်မျှပင် မြတ်လှသည့် ဖြစ်အင်ကို ထင်ထင် မြင်မြင်ကြီး ယုံကြည်ကြကုန်ရာ၏။ ။ဤပြဆိုအပ်ခဲ့ပြီးသော အမှိုက်,ချေးချေးတို့ကား၊ လောကီတွင်သာ အသုံးဝင်ပါသော ရတနာနှင့်စပ်ရ၍၊ လူခပ်သိမ်းတို့ နှစ်သက်အင်–တောင့်တအပ် ရယူကျုံးစုအပ် မြတ်လှသောအဖြစ်သို့ရောက်ရခြင်း။ ။ အသေအပုပ် ကျွန်မယုတ်၏၊ မသာထုပ်သော ထမီစုတ်သော်မှလည်း၊ ဘုရားသံဃာ လောကုတ္တရာ ရတနာကြီးတွေနှင့် စပ်ရ၍၊ လူနတ်ဗြဟ္မာသတ္တဝါခပ်သိမ်းတို့ နှစ်သက်တောင့်တအပ်၊ ရှိခိုးပူဇော် အပ်လှရုံမျှမက ရှိခိုးပူဇော်ကြသူပါ နတ်ရွာနိဗ္ဗာန်တို့ကိုပင် ရလတ်အောင် မြတ်လှသောအဖြစ်သို့ ရောက်ရခြင်းတို့ကား၊ ၎င်းမြင့်မြတ်ကြ, စေတီထိုက်ကြသောအမှိုက်, ထမီသက်နိုး ဝတ္ထုတို့၏ အတွင်းမှာ ကုသိုလ်ရတနာ ဖြစ်သောစိတ်စေတနာ မရှိကြပါဘဲ၊အတိုးထိုက်တန်လှ မြင့်မြတ်ကြသော လောကီရတနာတွေနှင့်ရောစပ်ကာမျှ၊လောကုတ္တရာ ရတနာတွေ၏ အသုံးခံရကာမျှနှင့်သာ ထိုမျှလောက် မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်ရကုန်၏။ဤသို့ မြင့်မြတ်လာကြသည်များကို ကိုယ်တွေ့မျက်မြင် အထင်အရှားကြားသိကြရပြီးသား၊ ဝိပဿနာ ဓာတ်တရားကို အားထုတ်လိုလှကြသော ယောဂီအများ ယောကျ်ား,မိန်းမ၊ ရှင်ရဟန်းစသည်တို့မှာကား၊ လောကီ–လောကုတ္တရာ ကောင်းနိုးရာရာ အလုပ်တို့ကို စဦး အားထုတ်စအခါ၊ နေ့စဉ်အားထုတ်ခါနီး အခါတိုင်းတို့မှာ ဘုရားအား မိမိကိုယ်ကို ရှေ့ကပြခဲ့တိုင်း စွန့်လှူကြပြီးမှ၊လောကီ,လောကုတ္တရာအလုံးစုံတို့ကို အကုန်သိတတ်သော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကြီး၏ ဂုဏ်တော်များကို အာရုံပြု၍၊ ကာလအနည်းငယ်မျှ **ဗုဒ္ဓေါ ဗုဒ္ဓေါ၊ အလုံးစုံကို အကုန်သိတော်မူတတ်သော မြတ်စွာဘုရား၊ အလုံးစုံကို အကုန် သိတော်မူ တတ်သော မြတ်စွာဘုရား** ဟု ပါဠိ မြန်မာ ၂ ပါးတွင်၊ ဘုရားဂုဏ်တော် အနက်သို့ ဉာဏ်သက်လွှယ်ရာ ကပါးပါးတို့ကို ပွါးများအားထုတ်ကြကုန်ရာ၏။

ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွါးများအားထုတ်ပြီးမှ မိမိနှင့် တကွ သူတော်ကောင်းတရားကို အားထုတ်ကြသူတို့ ဘေးရန်ကင်းကြ၊ ပေါက်ရောက် လွယ်ကြစေရန်၊ ရည်သန်တောင့်တ၍ **ခင်သင်မင်းသော အမိုးရ, အစောင့်အရှောက်သူတော်ကောင်းစသည်ဘို့ချမ်းသာကြပါစေ၊ချမ်းသာ ကြပါစေ**ဟု မေတ္တာတရားကိုလည်း အတန်ငယ် ပွါးများအားထုတ်ကြကုန်ရာ၏။ ဤသို့အတန်ငယ်ပွါးများပြီးမှ၊ယခုမိမိနှင့်တကွ လောကအားလုံးတွင် ရှိရှိသမျှသော သူတို့မှာ ပညတ်နယ်က တည်ရှိကြသော အသက် ဇီဝိတ ခန္ဓာအစဉ် ဖြစ်နေကြရခြင်းသည်၊ မကြာခင်အတွင်းမှာ ဘိုင်းဘိုင်းကြီး လဲပြီး သေသွားနိုင်ရာသော ဘေးရန်တွေ အတွင်းမှာ မြုပ်ခြင်းကြီးမလှ မြုပ်နစ်၍ တရက်နှစ်ရက်အတွင်း၊ဘနေ့-တညဉ့်အတွင်း၊တထိုင်အတွင်း၊ ခြေတလှမ်းသွားရင်းအတွင်း၊ ခြေတလှမ်းချပ်ရင်းအတွင်း၊ ထမင်းစားရင်းအတွင်း-စသည်တို့မှာဘဲ၊ဘုန်းဘုန်းကြီးလဲ၍လဲ၍ သေဘူးသူမိတ်ဆွေစသည်များကို ထင်မြင်လာအောင် ရှာကြံစဉ်းစား အမြန်သေနိုင်သည့်သက်သေထား၍၊ ငါလည်း ဤလူစုများနှင့် အလားတူ **မကြာခင်သေရချည်သေး-မကြာခင် သေရချည်သေး** ဟု မရဏဿတိ တရားကိုလည်း အတန်ငယ် ပွါးများ အားထုတ်ကြကုန်ရာ၏။ ဤသို့အနည်းငယ်ပွါးများပြီးမှ၊ မိမိတို့အားထုတ်ရင်း သမထဘာဝနာအလုပ်, ဝိပဿနာဘာဝနာ အလုပ်တရားကြီးများကို ကာလရှိသမျှ ဇောစေတနာမြဲမြဲနှင့် သဲသဲမဲမဲခဲခဲကြိတ်ကြိတ်ကြီး ပြီးစီး ပေါက်ရောက်သွားအောင် ဘုရားရတနာနှင့် စပ်၍ ဓာတ်အလုပ်၊ တရားရတနာနှင့်စပ်၍ အားထုတ်ရသူ ယောဂီပြု အများ ယောကျ်ား,မိန်းမ၊ ရှင်ရဟန်းစသည်တို့မှာကား၊မိမိတို့လိုလားကြသော လောကီ လောကုတ္တရာ တရားကြီးများကို မကြာခဏမိမိတို့သာ ပေါက်ရောက် လာကြရုံမက၊ ဤလောကုတ္တရာ ရတနာအစစ်ကြီးတွေနှင့် စပ်၍ အားထုတ်ဘူးကြသူတို့၏ ကိုယ်ကောင်ကြီးသည်၊ ဘုရား ဓာတ်တော်များ ဌာပနာ၍ တည် ထား ကိုးကွယ်ကြသော ဘုရားစေတီများကဲ့သို့၊ စေတီယ-ဃရ အစစ်ဖြစ်၍၊ နတ်ရွာနိဗ္ဗာန်ကို အမြန်ရောက်လိုသော လူ,နတ်တို့ဦးခိုက် ရှိခိုးပူဇော်ခြင်း ခံထိုက်လေ၏။ ခံထိုက်ကြောင်းကိုသိစေလို၍။—

**ဗုဒ္ဓဂုဏာနုဿတိယာ အဋ္ဌာရတနဥစ္ဆသ သင်္ဂြိုဟ် စေတိယင်္ဂဏေ မိတ္တ ပူဇာရဟံ ဟောတိ။**

ဗုဒ္ဓဂုဏာနုဿတိယာ၊ဘုရားဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဖြင့်။ အဇ္ဈာဝုဋ္ဌံ၊ အမြဲနေ့အပ်သော။ အဿ၊

ထိုဇုဒ္ဒါနီသဿတိအလုပ်ကို အားထုတ်သော ယောကျ်ား, မိန်းမ ရှင်ရဟန်း စသည်၏။ သရိရဓာ်၊ ခန္ဓာကိုယ်သည်လည်း။ စေတီယဿရိ ဇု၀၊ မြေဗိုက် ဘုရား၊ စေတီအိမ်များကဲ့သို့။ပူဇာရဟံ၊ နတ်ရွာနိဗ္ဗာန်ကို အမြန်ရောက်လို သော လူနတ်တို့ဦးခိုက် ရှိခိုးပူဇော်ခံထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ။ ဤသို့ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မိန့်မှာတော် မူသည်များကို ကြားနာမှတ်သား ရသူ ရှင်လူအများ ယောကျ်ား, မိန်းမတို့သည်၊ မိမိတို့လည်း ဘုရားတဆူ ဂူတလုံးကဲ့သို့ မြတ်ထက်မြတ်ဖြစ်ကြရ။ မိမိတို့ကို ပြုစုလုပ်ကျွေး ပေးကမ်း ကြသူ၊ ရှိခိုးဦးချကြသူတို့လည်း မြတ်ထက်မြတ်အောင်တနေ့တနေ့ ၃-ကြိမ် စီထက်မက ရတနာသုံးပါး ဂုဏ်တော်များနှင့် မိမိတို့ အားထုတ်လိုသော သမထတရား, ဝိပဿနာတရားအစစ်ကြီးတွေများသို့ ဆိုက်အောင် **စူးစူး စိုက်စိုက်၊ဇီဇီ သဲသန်သန်နှင့်၊ မြန်မြန်ကြီးအားထုတ်ခိုက်မဟဲ့၊ မြန်မြန်ကြီး အားထုတ်ခိုက်မဟဲ့** ဟု နေ့စဉ် အမိန့်ချွန်ပြုကာ ပြုကာ အားထုတ်ကြပါ လေ၊ ရှင်လူအများ ယောကျ်ား, မိန်းမ သူတော်ကောင်း ဟူသမျှတွေတို့။

ဤလောကုတ္တရာ ရတနာကြီးတွေနှင့်စပ်ရလျှင် မြတ်မြတ်လာကြသည် ကို သိရှိလှသော လူကြီးသူမတို့က ယုတ်ညံ့သည့်နိမိတ် အမင်္ဂလာတို့နှင့် စပ်သမျှသော အသုံးအဆောင်,အကောင်အထည် ဟူသမျှတို့ကို လောကီ နယ်မှာမကောင်းဟု ထင်ကြမှု **မကောင်း–ကျောင်းဗို့၊မကောင်းကျောင်း ဗို့** ဟု ကောင်းလာအောင်၊ အကောင်း ဖြစ်သွားအောင် ဆိုကြသည်ကို မစဉ်းစားမိကြ၍၊ဤလူကြီး မကောင်းဘူး ကျောင်းပို့ဟု အပြောအဆို ခံရ သူတို့က နစ်နာလှပြီးလျှင် ငါ့ကို မကောင်းလို့ကျောင်းပို့ဟုဆိုရမည်လား ဟု အမျက် ဒေါသ မပွါးများစေကြဘဲ၊ ဩော်–လောကီနယ်မှာ၊ အ, နှ, လှ၍ ဘယ်လိုပင် အသုံးမဝင်သူ၊ အင်္ဂါအပွါးမတတ်သူတို့ ဖြစ်စေကာမူ၊ ကျောင်းသို့ သွားရောက်က ဘုရား,သံဃာတော်တို့နှင့်တွေ့ရ၊ စပ်ရသော အခါ ဦးချရ, ရှိခိုးရ၊ တလုံးတပါဒ တရား ပြောဟောကြသော အခါ နာခံမှတ်သား နာကြားရသော ကောင်းကျိုးပေးတတ် အလွန်မြတ်သော ကုသိုလ်ကံရှိသူများဖြစ်ကြရ၍ငင်း၊ မအ–မနညာ့ နေ့စဉ်အားထုတ်ထား သော မေတ္တာစသော သမထအလုပ်, ဝိပဿနာအလုပ် ကုသိုလ်ထုပ်ရှိ ကြသူများ ဖြစ်ကြရ၍ငင်း၊ ရှေးကပြခဲ့သော အမှိုက်တွေ, ချွေးချေးတွေ ထက်မက လူသေထုပ်သည့် အပုပ်ထမီတွေထက်မက မြတ်သည်ထက် မြတ်လှသော လောကီ, လောကုတ္တရာအမျိုးမျိုး၊ ကောင်းကျိုးချမ်းသာ အရပ်ရပ်တို့ကို ရလတ်ဘို့ချည်း ဖြစ်သတည်းဟု အနည်းဆုံး တနေ့သုံးခါ

ရှိခိုးခြင်း၊ဆည်းကပ်ခြင်း၊ ပွါးများအားထုတ်ခြင်းတို့ကို မပျင်းမရိ တိတိ မတ်မတ် အားထုတ်ဘတ်ကြ၊ အားထုတ်လတ်ကြပါစေသတည်း။

[ဤကနောက်ကို ပြလတ္တံ့တို့ကား၊ **ဝိပဿနာ အလုပ်ပေးစဉ် တရားကြီး**ဟု အမည်ရသည့်အတိုင်း၊ လုပ်ရပုံနည်း စံနစ်များကို အကန့်,အကန့်ထား၍ပြသည့်အတိုင်း၊ထင်မြင်ထင်မြင်လာအောင် စာဘတ်ရင်း၊ စာဘတ်ပြီးတို့မှာလည်း အထပ်ထပ် စဉ်းစားအား ထုတ်သွားသူမှ အလုပ်ရမည်၊ ဘတ်ရုံမျှနှင့် အလုပ် မရဟု သိကြလေ။]

## (၁-ချက်) အာကာသခေတ်အရ ဆန်ဆေးတောင်း စသည် ဥပမာဖြင့်ပြချက်

## (၄) အာကာသခေတ်ကို အတင်သင်မြင်ရန် ဆန်ဆေးတောင်း, ခေတ်နှိုး,ခြင်းကြား ဥပမာများနှင့် အလုပ်တရားပေးပုံ

ဤသို့ဘုရားနှင့် ဆရာသမားတို့အား မိမိကိုယ်ခန္ဓာကို အပ်နှံထားပြီး နောက်၊ဝိပဿနာ ဘာဝနာအလုပ်ကို ပေးရကြဘို့ကလည်း ခန္ဓာ-အာယတန-ဓာတ်ပဋိစ္စသမုပ္ပါဒ်စသည် အမျိုးမျိုးရှိကြရာတွင်၊မိုးညှင်းတောရ ကိုယ်တော်ကြီး အလွယ်ဆုံးနည်းနှင့် ပေးသော-ဝိပဿနာ ဘာဝနာနည်း ကား။ ။ပထဝီဓာတ်- အာပေါဓာတ်- တေဇောဓာတ်- ဝါယောဓာတ်- အာကာသဓာတ်- ဝိညာဏဓာတ် တည်းဟူသော ဓာတ်ခြောက်ပါးဖြင့် ပြအပ်သော ဝိပဿနာ ဘာဝနာနည်း၊ တရားကြီးတို့ပေတည်းဟု သိကြ-မှတ်ကြ- ပြောပြတတ် ကြပါစေ သတည်း။ ဤဓာတ် ခြောက်ပါးတို့တွင် အပေါင်းဃနလည်းကြေ၊ ပရမတ္ထ သဘာဝတွေလည်း ပေါက်ရောက် လွယ်ကြစေခြင်းငှါ အာကာသ ဓာတ်ကစ၍ ပြအပ်ပေသတည်း။ ထို အာကာသဓာတ် အရကို အကျဉ်းဆုံးနည်းနှင့်ဆိုရသော်၊ ရေးခြစ်ခြင်းငှါ မထင်ပါသော အပေါက်အခေါင်း၊ ဟောင်းလောင်းအပြင်၊ ကောင်းကင် ဟင်းလင်းဖြစ်သော ပညတ်အာကာသ၊ ကလာပ်တမှုန်နှင့် တမှုန်တို့ကို ပိုင်းခြားတတ်သော ပရမတ်အာကာသ ၂-ပါးတို့အရကို။ ။နကဿတိ တိတိ အကာသော။ ။အကာသောဧဝ အာကာသော။ ။နကဿတိ၊ မရေးခြစ်အပ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အကာသော၊ အကာသမည် ၏။ ။အကာသောဧဝ၊ အကာသသည်ပင်လျှင်။ အာကာသော၊ အာကာ သမည်၏။ ။ဟု- သဒ္ဒိုပ်ဂန္ထ်ဆရာတော်အများ၊ ဖွင့်ပြုထားသည့်

အတိုင်း၊ မရေးခြစ်အပ်သော ပညတ် အာကာသ၊ ပရမတ် အာကာသ ၂ ပါးလုံး ရကြသည်တွင်၊ ဤ ဝိပဿနာ အဘိဓမ္မာအရမှာ ပရမတ် အာကာသကိုသာ ယူစေလိုပါ၏။ ။အာကာသဓာတု, ပရိစ္ဆေဒရူပံနာမ။ ။အာကာသဓာတု၊ အာကာသဓာတ်သည်။ပရိစ္ဆေဒရူပံနာမ၊ကလာပ်တပါးနှင့်တပါးကို ပိုင်းခြားတတ်သော ပရိစ္ဆေဒရုပ်မည်၏။ ။ဟု-သင်္ဂြိုဟ်ဆရာ မိန့်မှာတော်မူတိုင်း၊ ၎င်းဂဏ္ဌိဆရာတို့က၊—

**ကလာပါနံ ကလာပန္တရေဟိ အသံကိဏ္ဏဘာဝသေန**
**ပရိယန္တတာ ဆိန္ဒတီတိ ပရိစ္ဆေဒေါ။**

ကလာပါနံ၊ ရုပ်ကလာပ်တို့၏။ ကလာပန္တရေဟိ၊ ရုပ်ကလာပ်တပါးတို့နှင့်။ အသံကိဏ္ဏဘာဝသေန၊ မရောရှက်သည့်အစွမ်းဖြင့်။ ပရိယန္တတော၊ ထက်ဝန်းကျင်မှ။ ဆိန္ဒတိ၊ ပိုင်းခြားတတ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ ပရိစ္ဆေဒေါ၊ ပရိစ္ဆေဒရုပ်မည်၏။ ။ဟု-ဖွင့်ပြသည့် အတိုင်း၊ တင်းတောင်းထဲမှာ၊ သဲမှုန့်တွေအပြည့်ထည့်ထားသောအခါ၊ သဲတမှုန့်နှင့်တမှုန့်တို့မရောကြဘဲ၊ အကြားကလေး၊ အခြားကလေးတွေ ရှိနေသကဲ့သို့၊ ကလာပ်သဘောအမှုအရာတို့ တမှုန့်နှင့် တမှုန့်တို့ မရောရှက်စေကြသော အပိုင်းအခြား၊ အကြားဖြစ်သည့် အဘိဓမ္မာ အာကာသ အစစ်ကိုသာ ယူရ၏။ ကလာပ်၊ တစည်းအတွင်းက ရုပ်တခုနှင့် တခုတို့မှာ အကြား အာကာသရှိသေးပါသည်ဟု မယူရ။ကလာပ်တစည်း အတွင်းက ရုပ်ချင်းကား၊ သဘောလက္ခဏာချင်းသာ ခြားနားကြရသတည်းဟု သိမှတ်ကြပါလေ။ ဤအဘိဓမ္မာဝိပဿနာအရာတို့၌ တလောကလုံးကြီး ဟင်းလင်းအပြင်ကြီးထင်မြင်လာသည့်၊ ထင်မြင်နေသည့် ပညတ်အာကာသများကို မယူစေလို၍။—

**ကလာပ်ခြားမှု၊ အာကာသ၊ ပရိစ္ဆေဒရုပ်။ ။ဟူ၍၎င်း၊**
**ထိုထိုအမှုအရာ၊ ပိုင်းခြားရာ၊ အာကာသဓာတ်အစစ်။—**

ဟူ၍၎င်း၊ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီးက ဟောပြနည်းပေးတော်မူခဲ့ပေသတည်း။ ။ဤ နူးညံ့သိမ်မွေ့ နက်နဲခက်ခဲသော အရာတို့မှာ သိသာလွယ်အောင်။ ။ဥပမာယမိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။ ။ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ကြောင်းကျိုးမြင်သိ၊ ပညာရှိတို့သည်။ ဥပမာယ၊ ပေါ်လွင်ထင်ရှားသော နှိုင်းခိုင်းစရာ ဥပမာဖြင့်။ အတ္ထံ၊ မိမိတို့လိုအပ်သည့် နက်နဲ ခက်ခဲသော

အနက်သဘောကို။ ဇာနန္တံ၊ သိကြကုန်၏။ ။ဟု-အဋ္ဌကထာကြီးများမိန့်ကြားတော်မူသည်နှင့်အညီ၊ ဤအဘိဓမ္မာပရမတ် အာကာသဓာတ် တရားမြတ်တို့မှာ အလွန်တရာနူးညံ့သိမ်မွေ့လှစွာသော ရုပ်ကလာပ် အမှုအရာကလေးတို့၏ အကြား- အခြားသဘောမျှ၊ အာကာသ ကလေးတွေကို စစဦးဓာတ်အလုပ် အားထုတ်သူတို့ မမြင်နိုင်ကြမည် ဖိုးသောကြောင့်၊ အားလုံး သူငါတို့မြင်နိုင်ကြရာသော ဆန်ဆေးတောင်းထဲမှာ ဆန်တို့၏ အကြား ဥပမာဖြင့် ထင်ရှားစွာပြကြရာ၏။

**မြင်ပုံကား**— တဖက်လောက်အင်တုံကြီးကို ဥဏ်နှင့်ယူပြီး-အောက်ကခံ၊ ဆန်ဆေးတောင်းတင်ရန် ဒုတ် ၂-ချောင်းတင်ထား၍၊ တစိတ်ဝင်ဆန်ဆေးတောင်းမှာဆန် ၂-ပြည်လောက်ထည့်ကာ ၎င်းဒုတ် ၂ -ချောင်းပေါ်မှာတင်ထားပြီးလျှင်၊ ၎င်းဆန်ဆေးတောင်းထဲက ဆန်တို့အကြားကို ထွင်းဖေါက်၍၊ ဉာဏ်တွေ ဆန်အောက်သို့ ဖြုတ်ကနဲ- ဖြုတ်ကနဲရောက်လွယ်လေအောင် ရှေသွားလမ်းပြ၊ဆန်ပေါ်က ရေအိုးကြီးနှင့်ရေမပြတ်အောင် ဉာဏ်နှင့်လောင်းချ၍၊၎င်းဆန်အကြားဖေါက်ပြီး အောက်သို့ချည်းဆင်းနေသော ရေတွေနှင့်ဉာဏ်ရော၍၊ ဆန်အောက်သို့ ဖြုတ်ကနဲ- ဖြုတ်ကနဲ ရောက်ရောက်သွားအောင် မိမိဉာဏ်နှင့် ဆင်းကာ ဆင်းကာရှုကြည့်ကြသောအခါ၊လျင်စွာ-လျင်စွာ အခါခါဆင်းနိုင်မှု၊ဝါ၊ဆင်းနိုင်ကြပြီးမှ၊ ၎င်း အင်တုံအတွင်း ပြည့်နေသော ရေထဲသို့၊ ၎င်း ဆန်ဆေးတောင်းကို ဉာဏ်နှင့် နှစ်မြှုပ်၍ ကြည့်သောအခါ၊ ထိုဆန်တို့၏ အကြားတို့က ဘွက်ဘွက်-ဘွက်ဘွက်နှင့် အထက်သို့ တက်တက်လာသော ရေပွက်တွေနှင့် ဉာဏ်ရော၍-ရော၍ ဖြုတ်ကနဲ-ဖြုတ်ကနဲလျင်မြန်စွာ အခါခါဆန်အောက်က အထက်သို့ တက်တက်ကြည့်ကြလေ။ သို့တက်ကြည့်၍ လျင်မြန်စွာ တက်နိုင်ပြန်မှ။ ။၎င်းဆန်ဆေးတောင်းကို အင်တုံ အတွင်းက ရေကြည်ထဲသို့ နှစ်မြှုပ်ပြီးလျှင် **ဉာဏ်နှင့် ဆင်ခြင်ပုံကား**၊— ဩော်—ယခင်က ဆန်ပေါ်မှ အောက်သို့၊ ဆန်အောက်မှ အပေါ်သို့ ဆင်းသောရေ၊ တက်သောရေနှင့် ရော၍ လျင်မြန်စွာ ဉာဏ်ဖြင့်ဆင်းနိုင်- တက်နိုင်သည်နှင့် အတူ၊ ယခုမှာ မူကား၊ ရေကြည်ထဲမှာ မြှုပ်နှစ်ထားသော ဆန်တို့၏ အထက်နှင့်အောက်၊ အရှေ့နှင့်အနောက်၊ တောင်နှင့် မြောက်တို့ ရေတွေ တဆက်ထည်း ဗိုးရှိပေါက်နေသည်ကို မျက်စိနှင့် ကြည့်မှုလည်းမြင်နိုင်၏။ ဉာဏ်ဖြင့်ကြံ၍ ကြည့်မှုလည်း ရေတွေဖိုးရှိပေါက်နေသည်ကို ထင်မြင်နိုင်ရာ၏။ ဝါ၊ ထင်မြင်အောင်ကြည့်ပြီးမှ၊ ၎င်းရေတွေ ဖိုးရှိပေါက်နေသော

ဆန်တို့အကြားကို ဉာဏ်နှင့်တိုး၍တိုး၍၊ ယခင်က ရေရှင်မှာ လျှင်မြန်စွာ အခါခါ အောက်အထက်သို့ဆင်းနိုင်- တက်နိုင်သလို၊ ဤဆန်အကြားက ရေသေတို့မှာလည်း ဉာဏ်နှင့်တိုးလျက် အထက်နှင့်အောက်၊ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက်သို့ ဖြတ်ကနဲ-ဖြတ်ကနဲ ရောက်ရောက်သွား အောင် မကြာမကြာ အခါခါဆင်း၍ တက်၍၊ ဝင်၍-ထွက်၍ ကြည့်ရှု ကြပါလေ၊ ယောဂီမြတ်တွေတို့။ အကယ်၍ ဉာဏ်တိုး၍ မဝင်နိုင်သေးဘဲ ခံနေပြန်သည်ဟုထင်မူ၊ ၎င်းဆန်တို့အပေါ်က ရေထဲသို့ ဆားကိုဖြစ်စေ၊ သကြားမှုန့်ကိုဖြစ်စေ တဆုပ်လောက် ချလိုက်ပါမူ၊ ၎င်း ဆန်အောက်၊ ဆန်ဘေးတို့သို့ စိမ့်ရောက်တိုးဝင်၍ အလျင်အမြန်ပေါက်ထွင်းကာ ဆန် ဆေးတောင်းအပြင်ဘက်တို့သို့ အငန်ရေ, အချိုရေတို့ တိုးထွက်ကြလိမ့် မည်များကို သိရှိရသဖြင့်၊ ဤအဝိဇ္ဇာဏာက, ဆားသကြားတို့ တောင် ပေါက်ထွင်း၍၊ ဝင်နိုင်-ထွက်နိုင်သေးတာကဘဲ။ သဝိဇ္ဇာဏာက ဖြစ်သော ငါတို့၏ဉာဏ်လည်း အဘယ့်ကြောင့် မဝင်ထွက်နိုင်ဘဲ ခံနိုင်ပါအံ့နည်းဟု အားသည်း၍ မကြာမကြာ အခါခါဉာဏ်နှင့်ဝင်၍ ထွက်၍ ကြည့်ကြပါ လေ။ အလွန်ဉာဏ်ဖုင်းသူတို့မှာ ရှေ့ကပြခဲ့တိုင်း ဆန်ဆေးတောင်းမှာ ဆန်ထည့်ပြီး အဟုတ်ပြုလုပ်၍ကြည့်က မသိမရှိနိုင်၊ ဧကန္တ ဆန်တို့အကြား ကို ဉာဏ်သွားနိုင်ကြပေလိမ့်သတည်း။

တနည်း၊ **ဆန်တို့၏အကြားတို့ကို ထင်မြင်သွားအောင် ရှုရပုံကား၊—** ၎င်း ဆန်ဆေးတောင်းကို ရေထဲသို့ မြှုပ်၍ကြည့်သောအခါ၊ ဆန်တွေ အကြားသို့ ရောင်လာသဖြင့် ၎င်းဆန်တွေရေထဲမှာ မြုပ်နစ်နေသည်ကို ၎င်း၊ တဖန်ရေအပေါ်သို့ ဆန်ဆေးတောင်းကို ပေါ်ထုတ်လိုက်ပြန်မူ၊ ရေတွေထွက်သွားသည့်နေရာမှာ အကြားအာကာသတွေသာဖြစ်ပေါ်လာ ၍၊ ၎င်းဆန်တွေကား မိမိတို့၏ထက်ဝန်းကျင် အကြား အာကာသတွေထဲ မှာ မြုပ်နစ်နေပြန်သည်ကို၎င်း ထင်မြင်အောင်ရှုကြပါလေ။ ဤ တကြိမ် ချင်းနှင့်မှ ဉာဏ်မလင်းကသေးမူ၊ ၎င်း ဆန်ဆေးတောင်းကို ရေထဲသို့ အခါခါချလိုက်လျှင် ဆန်တို့အကြားပတ်လည်သို့ ရေတွေဝင်လာ၍၊ ဆန် တွေရေထဲမှာ အခါခါ မြုပ်နေပြန်သည်ကို၎င်း၊ တဖန်ရေ အပေါ်သို့ အခါခါ ပေါ်ပေါ်ကြည့်ကြပြန်မူ၊ ရေတွေထွက်သွားသည့် ဆန်ပတ်လည် နေရာတို့မှာအကြားတွေသာဖြစ်ပေါ်လာပြန်၍၊ ၎င်းဆန်တွေ ထိုအကြားတို့ အထဲမှာ အခါခါ မြုပ်နစ်နေကြရပြန်သည်ကို၎င်း၊ ကြောင်ကြောင်ကြီး ထင်မြင်ကြရန် သုံးပြန်-လေးပြန်လောက် ရေထဲသို့ချကြည့်- ပေါ်ကြည့်ကြ

ပါမူ၊ ၎င်းဆန်စေ့တွေ ဖြုံးကနဲ ရေထဲသို့မြုပ်ချက်၊ ဖြုံးကနဲအကြား အာကာသတွေထဲသို့ မြုပ်ချက်များကို မိမိတို့ဉာဏ်မှာ ထင်မြင်လာအောင် ယခုစာကြည့်ရင်းပင် အခါခါဆင်ခြင်က ထင်မြင်ကြပေလိမ့်သတည်း။ အကယ်၍ ဆန်စေ့ကငယ်၍ ၎င်းအကြားတို့သို့ ဉာဏ်မသွားနိုင်ကြသေးပါမူ၊ ပဲစေ့တို့အကြား၊ ဇီးဖြူသီးတို့၏အကြား၊ ဖန်းခါးသီးတို့၏အကြား၊သင်္ဘောရာသီး,ရှောက်သီး၊ ဥသျှစ်သီး၊ ကျွဲကောသီး၊ ဖူးသီ,ဖရုံသီး၊ အုန်းသီးစသော ကြီးသည့်ထက် ကြီးကြသော ဝတ္ထုတို့၏ အကြားတို့ကိုလည်း၊ ယခင်ရှေ့က ဆန်မှာပြသောနည်းအတိုင်း၊ စိတ်ရှေရှေနှင့် ပြသကြပါမူ၊ အားထုတ်သူတို့ကလည်း ၎င်းတို့အကြားအာကာသတို့ကို မထင်မြင်သမျှ ငါမနေဟု စိတ်အား,ကိုယ်အား ထက်သန်ငြားကြပါမူ၊ ဘယ်သူမှ မထင်မြင် မပေါက်ရောက်ဘဲ မခံနိုင်ကြရာ။ ဧကန္တ ၎င်းတို့အကြားအာကာသ တို့ကို ထင်မြင်ပေါက်ရောက် ကြရတော့ သည်သာတည်း။ ဤကား- ရှေးဦးစွာဥပမာ စံပြတွင် ထင်မြင်ပေါက်ရောက်အောင် ရှုရပုံနည်းတည်း။

ဤသို့ ရှေ့က ပြထားသောဆန်စသော ဥပမာ တခုခုတို့၏ အထက်အောက်၊ အရှေ့အနောက်၊ တောင်မြောက်တို့၏အကြားတို့ကို လျင်မြန်စွာဉာဏ်ဖြင့် ထွက်ဝင်သွားလာနိုင်ကြသောအခါ၊ ဥပမေယျဖြစ်သော ဤမဟာပထဝီမြေကြီး၏ အကြား အာကာသကိုကူး၍ **ရှုကြရသည်ကား၊—** ဤမြေထုအောက်က ရေထုရှိကြရုံမက၊ မြေကြီးတို့၏ အတွင်းမှာလည်း ရေတွင်းတူးရာ ရေထွက်တာကိုမြင်ကြရသဖြင့် ဧကန္တရေရှိနေကြသည်ဟုသိရသည့်ပြင်။၎င်း မြေအတွင်းက ရေတို့ကလည်း မြေထု အောက်က ရေတို့နှင့်၎င်း၊ထိုထိုတွင်းရေ၊မြစ်ရေ၊ချောင်းရေ၊ပင်လယ်ရေတို့နှင့်၎င်း၊ တဆက်ထည်း တစပ်ထည်း ဒိုးရိုးပေါက် နေကြသည့်အဖြစ်ကို **သိကြရသည်ကား၊—** ထိုထိုမြစ်ချောင်း-ပင်လယ်တို့မှာ ရေတိုးလျှင်၊ထိုထိုတွင်း-အိုင်ထန်းပင် ပေပင်စသည်တို့မှာလည်း ရေတိုးခြင်း၊ ထန်းရေ-ပေရေထွက်ခြင်းရှိကြ၏။ ထိုမြစ်ချောင်း ပင်လယ်တို့မှာ ရေဆုတ်မူလည်း ၎င်းတွင်းစသည်တို့မှာလည်း ရေဆုတ်နေတာကို သူသိ,ငါမြင် အထင်အရှားကြီးဖြစ်နေကြသည်ကိုလည်း သိရသေး၏။ ၎င်း မြေကြီးအတွင်းရှိ ရေတို့၏အထက်အပေါ်ဘက်ကသာ ရေမရှိကြရာသည်၌၊ မြေပေါ်သို့ခါး-ရင်ဘတ်လောက် ရေတွေတက်လာအောင် ဉာဏ်ဖြင့် မိုးစီးကြီးစွာရွာ၍၊ ၎င်းရေတို့ အောက်သို့ စိမ့်ဝင်လျက် မြေတွင်းကရေတို့နှင့် ဆက်စပ်မိကြသော

အခါ၊ ဉာဏ်နှင့် ထိုးထွင်းကာ ထိုးထွင်းကာ**ရှုကြည့်ပုံမှာကား၊......**သြော် ဤမြေထုကြီးအတွင်းသို့ရေသွင်း၍ ရှုကြည့်လိုက်တာ၊ယခင်က ဆန်ဆေး တောင်း ဆန်အကြားတို့မှာ ရေတွေ ဒိုးရိုပေါက် ဆက်လက်နေကြ သကဲ့သို့၊ ဤမြေပေါ်ကရေနှင့်-မြေအောက်ကရေ၊ အရှေ့ပင်လယ်ရေနှင့် အနောက်ပင်လယ်ရေ၊ တောင်ပင်လယ်ရေနှင့် မြောက်ပင်လယ်ရေတို့ မြေကလာပ်မှုန့်ကလေးတွေ အကြားသို့ ထွင်းဖေါက် ဆက်စပ်ကြကာ၊ ဒိုးရိုပေါက် တည်ရှိကြပါတကားဟု ဆန်ဆေးတောင်းမှာကဲ့သို့ ကြောင် ကြောင်ကြီး ထင်မြင်လာအောင်၊ ဆရာလုပ်သူတို့ကလည်း ဉာဏ်နှင့် ဖန်တီး၍ ပြောပေးကြပါလေ။ နာခံမှတ်သားသည့် တပည့်များကလည်း ဆရာပြောတိုင်း ရှိသေစွာမှတ်သားပြီးလျှင် မကြာမကြာ အခါခါရှုကြည့် ကြပါလေ။ ။ဤသို့ရှုကြည့်ကြသောအခါ ဆန်ဆေးတောင်းမှာကဲ့သို့၊ ဤ မြေထုကြီးမှာလည်း အထက်အောက်၊ အရှေ့, အနောက်၊ တောင်နှင့် မြောက်တို့မှာ ရေတွေ ဒိုးရိုပေါက်နေကြတာကို ဉာဏ်မှာ ထင်မြင်ပေါက် ရောက်သောအခါ ဉာဏ်ကွန်ယက်နှင့် **ရှုစရာဥပမာကား၊ .....**

ရေကန်ကြီး တခုက ရေထဲသို့ ပိုက်ကွန်ကြီးနှင့် အထက်အောက်- အရှေ့အနောက်၊ တောင်မြောက်အရပ်တို့ကို တိုက်ဆွဲမှု၊ ၎င်းကန်ရေတို့ သည် ပိုက်ကွန်ကိုမခုခံဘဲ၊ ပိုက်ကွန်ကသာ ၎င်းရေကိုခွဲ၍ ခွဲ၍ တိုက်ဆွဲ သောအရပ်တို့သို့သာ ပိုက်ကွန်ကြီး ရောက်ရသကဲ့သို့၊ ထိုထိုထက်ဝန်း ကျင်ရေတွေဒိုးရိုပေါက်နေသော ဤမြေထုကြီး အတွင်းသို့ ဤမြေအကျယ် အပြန့်နှင့်အမျှ မိမိတို့ဉာဏ်ကွန်ယက်ကြီးကိုလည်းကျယ်ပြန့်စေကြပြီးလျှင် အထက်အောက်၊ အရှေ့ အနောက်၊ တောင်မြောက်တို့ အဆုံးအဆုံးသို့ ဖြုတ်ကနဲ-ဖြုတ်ကနဲ ရောက်ရောက်သွားအောင် ၎င်းမြေကလာပ်မှုန့်, ရေ ကလာပ်မှုန့်တို့က မခုခံကြစေဘဲ၊ ဉာဏ်ကွန်ယက်ကြီးနှင့် အုပ်ဆွဲကာ- ဆွဲကာ၊မကြာမကြာ အခါခါရှုကြည့်ကြပါလေ။ ။ထိုသို့ရှုကြည့်၍ ဉာဏ် ကွန်ယက်မှာ အခုအခံမရှိပါဘဲ၊ ထိုထိုအရပ်သို့ ဉာဏ်ကွန်ယက်ဖြင့် ဒိုးရို ပေါက်သွားလာနိုင်မှု၊ ထိုဆန်ဆေးတောင်းက ဆန်တို့အကြား အာကာသ ဥပမာနှင့်၊ ဤ မြေအကြားအာကာသ ဥပမေယျအစုံတို့ ထပ်တူထပ်မျှ ပေါက်ရောက်ကြပြီဟူ၍ မှတ်ကြပါလေ။

**နည်းတခွေမှာ၊** ရှိရင်းစွဲမြေခြောက်ကြီးများသည် တလုံးတခဲထည်း **တခုထည်း**သာထင်ရပါသော်လည်း၊ ၎င်းမြေထုကြီးအတွင်းသို့ ဉာဏ်နှင့် **ဖြစ်စေ၊** ရေသွင်း၍ ကြည့်ကြသောအခါ၊ ပထဝီ ကလာပ် မြေအဖတ်မှုန့်

အကြားတိုင်းတို့သို့၊ အရေ-အာပေါ ကလာပ်တွေဝင်၍၊ ပထဝီကလာပ်မြေအဖတ်မှုန့်တို့သည် အရေအာပေါကလာပ်မှုန့်တို့အတွင်းမှာ မြုပ်နစ်နေရချက်ကိုငင်း၊ တဖန်- အရေမှုန့်တွေ ထုတ်ပစ်ပြန်မူ၊ အရေမှုန့်ထွက်သည့်နေရာတို့မှာ အကြား အာကာသတွေသာ ဖြစ်ပေါ်လာ၍၊ ၎င်းမြေအဖတ်မှုန့်တို့သည်၊ မိမိတို့၏ထက်ဝန်းကျင်က အကြား အာကာသထဲမှာ မြုပ်နစ်နေကြရပြန်ချက်ကိုငင်း ထင်မြင်အောင်ရှုကြပါလေ။ ။ဤတကြွမ်ချင်းနှင့်မှ မြေခြောက် အာကာသအတွင်း ဉာဏ်မလင်း ကြသေးမူ၊ ၅-ကြိမ် ၆-ကြိမ်လောက်၊မြေခြောက်မှုန့်တို့အကြားကို ရေသွင်း၍သွင်း၍ ကြည့်လိုက်တိုင်း ရေထဲမှာချည်း မြေအဖတ်မှုန့်တွေ နစ်နစ်နေကြကုန်၏။ ရေတွေကိုဉာဏ်နှင့် ထုတ်ပစ်လိုက်တိုင်းတို့မှာလည်း၊ မြေအဖတ်မှုန့်တွေ အကြား အာကာသတို့ အထဲမှာချည်း နစ်နစ်နေကြကုန်၏ဟု မြေပို-မြေခြောက်တို့၏ အကြားအာကာသတို့ကို ရှေ့ကပြခဲ့သည့် ဆန်ဆေးတောင်း ဥပမာကဆန်တို့ ရေထဲသို့ မြုပ်ချည် ပေါ်ချည်ပြု၍ ပြခဲ့သည့် ဥပမာအရနှင့်တထင်ထည်းထင်မြင်ကြအောင်၊ ယခုစာကြည့်ရင်းပင် အတန်ငယ်ဆင်ခြင်၍ ရှုကြည့်ကြပါက၊ မကြာခင် မြေပို, မြေခြောက်တို့၏ အကြားအာကာသတို့ကို ထင်မြင်လာကြပေလိမ့်သတည်း။

**ရေအိုး ခြင်းကြား ဥပမာနှင့် ကြည့်ကြဘို့ရာကား**

ဤမြေပေါ်ရှိသမျှ အကောင်အထည် ဝတ္ထုတို့၏ အတွင်းသား ဓာတ်ကလာပ်များတို့အကြား အာကာသတို့ကိုမူကား၊ ရေအိုး,ခြင်းကြား ဥပမာနှင့်စပ်ဟပ်ကာ ရှုကြည့်ကြရာ၏။ **၎င်းဥပမာတို့ကား**၊ ရေစိမ့်သောအိုးသစ်တွေထဲသို့ ရေအပြည့် အပြည့် ထည့်ထားသော အခါ၊ စိမ့်ယို ထွက်၍ အောက်သို့ စက်စက် ကျနေကြသည်၌၊ အိုးအတွင်းကရေနှင့် အိုးပြင် ဗိုနေသော ရေတို့သည်၊ ဗိုးရိုပေါက် ဆက်စပ်နေကြသည်ကို ဉာဏ်ဖြင့် ထင်မြင်အောင်ကြည့်ရှုပြီးမှ၊၎င်းရေစိမ့်အိုးတရာလောက် အရှေ့အနောက် စီတန်းထိစပ်၍ ထားသောအခါ၊ အိုးဘေးချင်း ထိသဖြင့် အပြင်က ရေဗိုချင်းလည်း ထိကြစပ်ကြ၍၊ ၎င်းအိုးတရာလုံးတို့မှာ ရေဗိုးရိုပေါက် ဆက်စပ်နေတာတို့ကိုလည်း ယခုဤစာကြည့်ရင်းပင် ဆင်ခြင်ကြည့်၍ ထင်မြင်သိသောအခါ၊ အရှေ့ အနောက် အိုးတရာလုံးတို့တွင် ဝင်ချင်ရာ အိုးက ဉာဏ်ဖြင့် ဝင်ရောက်ငင်လျှိုးလျက်၊ထွက်ချင်ရာအိုးက ထွက်နိုင်ကြအောင် အိုးအဆက်ဆက်သို့ ကူးရောက်ပြေးသွားကာ မကြာမကြာ အခါခါဉာဏ်ကစားကြပါလေ ယောဂီမြတ်တွေတို့။ ။ဉာဏ်နုသူများ ရေအိုးချင်းချင်း

ရေတစပ်တည်းသွားသည်ကို အထင်အမြင်လေးပုံရမှု၊ ဖက်ခြင်းကြားကြီး အလုံး တရာလောက်၊ အရှေ့ အနောက်၊ ဒူးလောက်နက်သည့် ရေထဲမှာ ထိစပ်ကွာခြား၍ ထားချင်သလို ထားသော်လည်း၊ ထိုခြင်းကြားအတွင်းက ရေဟူသမျှ တို့သည် တဆက်ထည်း ဆက်စပ် နေသည်တို့ကို ပကတိ မျက်စိနှင့်ပင် ထင်မြင်နိုင်ကြရာ၏။ ငါးငယ်တို့ကိုပင် လွှတ်လိုက်က ထိုထို ခြင်းကြားပေါက်က တဖျတ်ဖျတ် ဝင်ထွက်၍ သွားလာ နိုင်ကြမည်ကို ထင်မြင်နိုင်ကြကုန်ရာ၏။ ဤခြင်းကြားက ရေတွေ ဆက်စပ်နေကြမှုနှင့်၊ ရေအိုးကြားကရေတွေ ဆက်စပ်၍နေကြမှုတို့ကား၊ မထူးမခြား တသား ထည်း တူကြ၏။ အကြားအာကာသချင်းသာ အကျဉ်းအကျယ် တနယ်စီ ထူးခြားကြသည်ဟု ဉာဏ်နှင့် ထင်မြင်တတ်ပါက၊ ဤရေအိုး-ခြင်းကြား တို့၏ အာကာသဥပမာ ထင်မြင်ပေါက်ရောက်လာပြီဟုမှတ်ကြပါလေ။ ။ ဤရှေးက ပြထားခဲ့သော ရေအိုး-ခြင်းကြား ဥပမာ၌၊ ရေတွေ တဆက် တစပ်ထည်း ဒိုးရိုးပေါက်နေသည်တို့ကို ထင်မြင်ပေါက်ရောက်သောအခါ၊ ဥပမေယျဖြစ်သော ဤမြေပြင်ကောင်းကင်တို့မှာ ရှိရှိသမျှသောအကောင် အထည် ဝတ္ထု ရှိရှိသမျှ တို့၏ အတွင်းရှိ ဓာတ်ကလာပ်တို့ အကြား အာကာသ တို့ကိုလည်း ထင်မြင်ပေါက်ရောက် သွားကြအောင် **ရှုစား ကြရမုံကား။—**

အထက်ဗြဟ္မာဘုံတွေအားလုံး အကုန်ရေမြုပ်အောင် ဉာဏ်ဖြင့်ကမ္ဘာ ပျက် မိုးသည်းကြီးထက်မက မိုးသည်းကြီးများ ရွာစေပြီးလျှင် ရေဝင်နိုင်သမျှ သော အကောင်အထည် ဝတ္ထုတို့၏ အတွင်းက ရေချင်းချင်း အားလုံးတို့ ရေအိုး ခြင်းကြားတို့မှာကဲ့သို့ တဆက်တစပ်ထည်း ဆက်စပ်နေကြသည် ကို အစိတ်အစိတ် ထင်မြင် သွားကြအောင် ရှုစားကြပါလေ။ ။ဤသို့ ရှုသည်ရှိသော် ဤက လူ, နတ်, ဗြဟ္မာ သတ္တဝါ ခပ်သိမ်းတို့ အတွင်းရှိ ရေတို့နှင့်၊ ထိုထိုက-လူ, နတ်, ဗြဟ္မာ သတ္တဝါ ခပ်သိမ်းတို့ အတွင်းရှိ ရေတို့သည်ငင်း၊ ဤက-ဘုံနန်းဗိမာန် အသုံးအဆောင် တောတောင်ဝတ္ထု တခုခုတို့၏ အတွင်းရှိ ရေတို့နှင့်၊ ထိုထိုက ဘုံနန်းဗိမာန် အသုံးအဆောင် တောတောင်ဝတ္ထု တခုခုတို့၏ အတွင်းရှိ ရေတို့သည်ငင်း၊ အချင်းချင်း ကူးစပ်ဆက်သွယ်၍ တကယ်ဘဲ ဆက်စပ် နေကြပါတကားဟု အစိတ် အစိတ်တွေပါနှံ့ပြားအောင် ယခုစာကြည့်ရင်းလည်း အနည်းငယ်တန့်ရပ် ၍ မိမိလည်း နှလုံးသွင်းပါလေ။ နောက်နောင် သူတပါးတို့ကိုလည်း စိတ် စောနာကြီးကြီး အနည်းနည်းနှင့် ရေချင်းဆက်စပ်ကြပုံကို ပြောဟော

ပြသကြပါလေ၊မိမိတို့လည်း နှလုံးသွင်းကြပါလေ။ ။ဤသို့နှလုံးသွင်း၍ တလောကလုံး၌ရှိ အကောင်အထည် ရှိသမျှတို့ အတွင်းမှာ ရေတွေ ဖိုးရိ ပေါက် ဆက်စပ်နေကြတာတွေကို ထင်မြင်ပေါက်ရောက်ကြသော အခါ၊ ဉာဏ်ကွန်ယက်ကြီးများနှင့် ရှေ့ကအုပ်အုပ်ကြည့်သကဲ့သို့၊ ရေတွေ မြုပ်နှစ် ဆက်စပ်နေကြသော ပို-အထက်ဆုံး ဗြဟ္မာတွေအထက်က ရေပြင်ကြီးနှင့် အကျယ်အပြန့်, အမျှရှိအောင် မိမိတို့ ဉာဏ်ကွန်ယက်ကိုလည်း ကြီးစေကြပြီးလျှင် အထက်အောက်၊ အရှေ့အနောက်၊ တောင်မြောက်တို့ အဆုံးအဆုံးသို့ ဖြတ်ကနဲ ဖြတ်ကနဲ ရောက်ရောက်သွားအောင်၊ ထိုထို အကောင်အထည်တို့အတွင်းက အဖတ်ကလာပ်မှုန့်, အရေကလာပ်မှုန့်တို့ ကလည်း မချန်ကြစေဘဲ၊ ဉာဏ်ကွန်ယက်ကြီးနှင့် အုပ်ကာ အုပ်ကာ၊ မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။ ဤသို့ရှုကြည့်၍ ဉာဏ်ကွန်ယက် မှာ အချအချံမရှိပါဘဲ၊ ထိုထို အရပ်တို့သို့ ဉာဏ်ကွန်ယက်ဖြင့် ဖိုးရိပေါက် သွားလာနိုင်ကြပါမူ၊ထိုရေအိုး-ခြင်းကြားတို့၏ အကြားအာကာသဥပမာ နှင့်၊ဤမြေပြင် ကောင်းကင် ရှိရှိသမျှအကောင်အထည်ဝတ္ထုတို့၏ အတွင်း ရှိ ဓာတ်ကလာပ်တို့အကြား အာကာသဥပမေယျအစုတို့အကုန်ထမြောက် ကြပြီဟူ၍ မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

**တဖွေတနည်း**မှာ၊ ရှေ့က ပြခဲ့သည့်အတိုင်း အထက် ဗြဟ္မာတွေပါ အကုန်မြုပ်အောင်ရေတွေနှင့်မြုပ်ထားသောအခါ၊ထိုထိုအကောင်အထည် ဝတ္ထုတို့၏ အတွင်းသို့ အရေကလာပ်တို့ ဝင်လာ၍၊ပထဝီပြဋ္ဌာန်းပါသော အဖတ် ကလာပ်မှုန့် ဟူသမျှတို့သည်၊ အရေကလာပ်တို့ အကြားတိုင်း တို့မှာ မြုပ်နှစ်၍ နေကြတာကိုလည်း လောကအားလုံးကြီးတို့မှာ အကုန် နှံ့ပြားပါအောင် ရှုစားတော်မူကြပြီးမှ၊တဖန်-ထိုသို့မြုပ်ထားသော အရေ ကလာပ်မှုန့်တို့ကို အကုန်အစင် ဉာဏ်နှင့် ထုတ်ပစ်လိုက်ပြန်မူ၊ အရေ ကလာပ်မှုန့်တို့ ထွက်ပျောက်သည့် နေရာတို့မှာ အကြား အာကာသတွေ သာ ဖြစ်ပေါ်လာ၍၊ ထိုထိုအကောင်အထည် ဝတ္ထုတို့၏အတွင်းရှိ အဖတ် ကလာပ်မှုန့်တို့သည် မိမိတို့၏ ထက်ဝန်းကျင်က အကြား အာကာသတို့ အထဲမှာ မြုပ်နှစ်၍ နေပြန်ပါသည်ကိုလည်း ထင်မြင်အောင် ရှုကြပါလေ။ ဤတခါချင်းနှင့်မှ လောကအားလုံး အာကာသကို ဉာဏ်မလင်းကြသေး ပါမူ၊ ၅-ကြိမ် ၆-ကြိမ်လောက် ဗြဟ္မာပြည် အထက် ရောက်အောင် ထိုထို အခြောက်ကောင်, အခြောက်တုံး, အခြောက်ခဲတို့ အတွင်းသို့ ရေ သွင်း၍သွင်း၍ရှုကြည့်လိုက်တိုင်း ရေထဲမှာချည်း ထိုထိုအဖတ်ကလာပ်မှုန့်

တွေ နစ်နစ်နေကြကုန်၏။ ထိုရေတွေကို ဉာဏ်နှင့်ကုန်စင်အောင် ထုတ်ပစ်လိုက်တိုင်းတို့မှာလည်း ၎င်းအဖတ်ကလာပ်မှုန့်တွေ မိမိတို့ထက်ဝန်းကျင်က အကြားအာကာသတို့အထဲမှာချည်း နစ်နစ်နေကြကုန်၏ဟု တလောကလုံးကြီးတို့မှာ ရှိရှိသမျှ အခြောက်ကောင်, အခြောက်တုံး, အခြောက်ခဲတို့၏ အကြားအာကာသတို့ကို ရှေ့ကပြခဲ့သည့် ဆန်ဆေးတောင်း ဥပမာကဆန်တို့ကို ရေထဲသို့ ချလိုက်တိုင်း ရေထဲမှာချည်း မြုပ်၊ ပေါ်လိုက်တိုင်း အကြားထဲမှာချည်း မြုပ်နစ်နေကြသည့် ဥပမာအရနှင့် တထပ်ထည်း ထင်မြင်ကြအောင်၊ ယခုကြည့်ရင်းပင် လောကအားလုံးတို့အတွင်းသို့ ဉာဏ်နှင့် ရေသွင်းကာ ထုတ်ကာ ရှုကြည့်လိုက်ကြပါမူ၊ မကြာခင် ထင်မြင်ကြပါလိမ့်သတည်း။ ။ဤရှေ့က ပြအပ်ခဲ့ပြီးသော ဥပမာ, ဥပမေယျနှစ်ရပ်တို့ကား၊ ထိုထိုအာကာသအကြားတို့ကို အလျင်အမြန်ဉာဏ်တွေ ထွက်ဝင်သွားလာနေနိုင်ကြရန် ရေတို့နှင့် လုပ်ကြံပြချက်တို့ပေတည်း။

## (၃) အခရေအဖတ်ဥပမာနှင့် အရာရာတို့မှာ ကလာပ် ၂-စား ပညတ်ချုး ကွဲအောင်ရှုပုံ

ပကတိရှိမြဲတိုင်းသော အကောင် အထည် ဝတ္ထုတို့၏ အာကာသကို မလုပ်ကြံဘဲနှင့် ရှုကြည့်တတ်ကြစေရာ၊ **အဖတ်မှုန့် အရေမှုန့်တို့ ဥပမာကိုကား**–ရှေ့ကရေးသားပြီးသော ဝိပဿနာအလုပ်ကျင့်စဉ် အမျိုးမျိုးတို့မှာ ပါသော်လည်း၊ ဤအလုပ်ပေးစဉ်, ပြောဟောစဉ်မှာ မပါဘဲကိုမဖြစ်သာ၍ ၎င်းဥပမာကို ထင်ရှားစွာပြရမှာကား။ ။ဇလုံပန်းခံတချ၌၊ ပထဝီပြဒ္ဒါန်းသော မြေမှုန့်ကလေးတွေ တစလယ်သားလောက် ဉာဏ်နှင့်ဖြစ်စေ ထည့်ထားပြီးမှ၊ ပရမတ်စကားနှင့် ပရမတ်တရားအစစ်တို့ကို ခြားနားအောင် **ရှုကြည့်ကြရပုံကား**–ထိုဇလုံပန်းခံအတွင်း၌ ဉာဏ်နှင့်ဖြစ်စေ ထည့်ထားသဖြင့် ထင်ရှားရှိနေသော ပထဝီကလာပ်မှုန့်, ဓာတ်မှုန့်တို့ကား၊ အဘိဓမ္မာ ပရမတ် တရားမြတ် အစစ်တို့သာတည်း။ စကားမဟုတ်ကုန်။ ထိုပရမတ်အစစ်တို့ကို ပါဠိစကားနှင့်ပြောဆိုလိုမူ၊ **ပထဝီပြဒ္ဒါန်းသော ကလာပ်မှုန့်တို့ဟူ၍ငှင်း**၊ မြန်မာစကားနှင့်ပြောဆိုလိုမူ၊ **မြေမှုန့်တို့ဟူ၍ငှင်း** ပြောဆိုကြရာ၏။ ဤပါဠိ, မြန်မာ ၂-ဘာသာတို့သည် ပရမတ်စကားတို့သာတည်း။ ပရမတ္ထတရားအစစ်မဟုတ်ကြကုန်ဟု ထိုပရမတ်စကားနှင့် ပရမတ်တရားတို့ကို ခြားနားအောင်ရှုပြီးမှ၊ ၎င်းဇလုံထဲက ပထဝီပြဒ္ဒါန်းသော အဖတ်ကလာပ်မှုန့်တို့အထဲမှာ အတုံး, အခဲ, အတွဲ, အပြား စသော ပုံသဏ္ဌာန်အထည်ဒြပ်ပညတ်ကြီးတို့ မရှိသေးမှုကိုလည်း သေချာစွာ ယခုစာကြည့်

ရင်းပင် အထပ်ထပ် နှလုံးသွင်း ဆင်ခြင်၍ ရှုကြည့်ထားလိုက်ဦး။ ။ တဖန် **ရေခွက် တခု**၌လည်း အာပေါ ပြဋ္ဌာန်းသော အရေမှုန့် တို့ကို၊ ဉာဏ်နှင့် ဖြစ်စေထည့်ထား၍၊ ၎င်းအရေကလာပ်မှုန့်တို့သည် အဘိဓမ္မာ ပရမတ် တရားမြတ်အစစ်တို့သာတည်း။ စကားမဟုတ်ကုန်။ ထိုရေခွက် ထဲက ပရမတ် တရားအစစ်တို့ကို ပါဠိစကားနှင့် ပြောဆိုလိုမူ **အာပေါ ပြဋ္ဌာန်းသော ကလာပ်မှုန့်တို့ ဟူ၍၎င်း၊** မြန်မာစကားနှင့် ပြောဆိုလိုမူ၊ **အရေမှုန့်တို့ဟူ၍၎င်း** ပြောဆိုကြရာ၏။ ဤပါဠိ- မြန်မာ ၂-ဘာသာတို့ သည် ပရမတ်စကား အစစ်တို့သာတည်း။ ပရမတ္ထတရား အစစ်မဟုတ် ကြကုန်ဟု ထိုပရမတ်စကားနှင့် တရားအစစ်တို့ကို ခြားနားအောင် ရှုပြီး မှ၊ထိုရေခွက်အတွင်းက အာပေါပြဋ္ဌာန်းသော အရေကလပ်မှုန့်တို့ အထဲ မှာလည်း အတုံးအခဲ အတွဲ,အပြားစသော ပုံသဏ္ဌာန်အထည်ဒြပ် ပညတ် တို့မရှိသေးမှုကိုလည်း သေချာစွာ ယခုစာကြည့်ရင်းလည်း အထပ်ထပ် နှလုံးသွင်းမှုနှင့် ကြည့်ရှုထားပြီးမှ၊ ထိုဇလုံအတွင်း၌ ရှိသော အဖတ် ကလာပ်မှုန့်တို့အထဲသို့ ရေခွက်ထဲက အရေကလာပ်မှုန့်တို့ကို လောင်း ထည့်လိုက်ပြီးလျှင် အကုန်ပြန့်နှံ့၍ ဝင်သွားအောင် ဆုပ်နယ်လိုက်သော အခါ၊ အဖတ်ကလာပ်မှုန့် အကြားတိုင်းတို့မှာ အရေကလာပ် မှုန့်တွေ အစေ့ရောက်၍ အချင်းချင်းပိုင်းခြားနေကြမှု။ထိုအရေကလာပ်မှုန့် အကြား တိုင်းတို့မှာလည်း အဖတ်ကလာပ်မှုန့်တွေ အစေ့ရောက်၍ အချင်းချင်း ပိုင်းခြားနေကြမှုတို့ကိုလည်း မျက်စိနှင့်ကြည့်က ကြောင်ကြောင်ကြီး ထင်မြင်ရကြသလို။ ဉာဏ်နှင့်လည်း ထိုအတွင်းသား အရေ, အဖတ် ကလာပ်နှစ်ရပ်တို့ အချင်းချင်း ရောစပ် ပိုင်းခြားနေကြမှုတို့ကို ကြောင် ကြောင်ကြီး ထင်မြင်လာအောင် ဤ စာကြည့်ရင်းလည်း အနည်း ငယ် တန့်ရပ်၍ အထပ်ထပ်ရှုကြည့်ကြပါလေ။ ဤနေရာတခုမှာ ပြထားသည့် အတိုင်း ကြောင်ကြောင်ကြီး ထင်မြင်လာမူ၊ အရာရာတိုင်းတို့မှာ တခါ ထည်း ပေါက်ရောက်သွားကြရန် အချက်ကောင်းကြီး၊ အကွက်ကောင်း ကြီးဖြစ်လှ၍ အထပ်ထပ်-မှာထားအပ်ပေသတည်း။

ဤသို့ရှုကြည့်၍၊ အရေ,အဖတ်ကလာပ်တို့ရောစပ်၍ ထားသော်လည်း အချင်းချင်းပိုင်းခြားနေမှုတို့ကို မိမိတို့ဉာဏ်မှာ ကြောင်ကြောင်ကြီး ထင် မြင်လာသောအခါ၊ပရမတ်,ပညတ်ခြားနားအောင် စဉ်းစား၍ **ရှုကြည့်ရန် ကား**၊ .....ပြောပ်- အချင်းချင်းပိုင်းခြားနေကြသော အရေ,အဖတ်ကလာပ် မှုန့် ၂-ပါးတို့ကို ရောစပ်၍ထားရာ ဖွံလုံးကြီးအတွင်းသားထဲမှာ ရှိရင်းစွဲ

အဖတ် ကလာပ်မှုန့်တို့က အရေ ကလာပ်မှုန့်တို့လည်း မဖြစ်၊ အပေါ်ရုံ အလုံးအခဲ ပုံသဏ္ဍာန်အထည်ဒြပ် ပညတ်ကြီးလည်း မဖြစ်ကြဘဲ၊ထိုဇလုံထဲကရှိရင်းစွဲ အဖတ်,ကလာပ်မှုန့်တို့အတိုင်းသာဖြစ်၍ စင်စစ်မှာမူကား၊ အရေ ကလာပ်မှုန့်တွေ၏ အကြား တိုင်းတို့အထဲသို့ ဝင်ရောက်နေကြ၏ ဟူ၍ငင်း။ ။တဖန် အရေ, အဖတ်ကလာပ် ၂-ပါး ရောစပ်ထားသည့် ရွှံ့လုံးကြီး အတွင်းသားထဲမှာ ရှိရင်းစွဲ အရေ ကလာပ်မှုန့် တို့ကလည်း အဖတ်ကလာပ်မှုန့်တို့လည်းမဖြစ်။ အပေါ်ရုံ အလုံး- အခဲ- ပုံသဏ္ဍာန် အထည်ဒြပ် ပညတ်ကြီးလည်း မဖြစ်ကြဘဲ၊ ရေခွက်ထဲက ရှိရင်းစွဲ အရေ ကလာပ်မှုန့်တို့ အတိုင်းသာဖြစ်၍ စင်စစ်မူကား၊ အဖတ်ကလာပ်မှုန့်တွေ၏ အကြားတိုင်းတို့ အထဲသို့ ဝင်ရောက်နေကြ၏ ဟူ၍ငင်း။ ။တဖန်- ထိုအရေ, အဖတ် စပ်ဟပ်မိကြသောအခါမှ ဖျတ်ကနဲ- ဖျတ်ကနဲ ပေါ် ပေါက်လာကြသော အပေါ်ရုံ ကြာတွင်ကသာ ဘာကြီးဘဲ၊ ညာကြီးဘဲ ဟု မျက်လှည့်ရုပ်အသွင်ဖြင့် ထင်မြင်နေကြရသည့် ရွှံ့လုံး- ရွှံ့ခဲစသော ပုံသဏ္ဍာန် အကောင်အထည်ဒြပ် အသီးသီးတို့ကလည်း အတွင်းသား အရေ,အဖတ်ကလာပ်တို့လည်းမဟုတ်ကြကုန်။ စင်စစ်မူကား၊ထိုကလာပ် ၂-ပါးတို့ ပေါင်းစပ် ပူးကပ်ရောနှော လတ်မှုကို အကြောင်း ပြုကာမှ အပေါ်ရုံကြော သက်သက်ကသာ မျက်လှည့်ရုပ် ဥပမာဖြင့် ထင်ရှားစွာ ဖြစ်ပေါ်လာမှု၊ အတုံး-အခဲစသော ပညတ်ကြီးငယ်စုသာ ဖြစ်နေ၏ဟူ၍ ငင်း။ ။ထိုအတွင်းသားပရမတ်တရားနှင့်၊ အပေါ် ရုံပညတ်အများတို့ကို ခြားခြားနားနားကြီး တင်အပ်ကျ သိရှိသွားကြအောင် နောက်ခါမှ၊နောက် တော့မှ ကျင့်ကြံ အားထုတ်မည်ဟု-အကြွေးမထားကြဘဲ၊ ယခုစာကြည့် ရင်းလည်း အနည်းငယ်တန့်ရပ်၍ ရှေ့နောက်စကား အဓိပ္ပါယ်အသွားနှင့် တရားအစစ်တို့ဘွားဘွားကြီး ပေါ်ပေါ်-ပေါ်ပေါ်လာအောင် မကြာမကြာ အခါခါကြည့်ရှုကြ၊ပွါးများအားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

၌ရွှံ့တုံး- ရွှံ့ခဲကြီးတခုမှာ အတွင်းသား အရေ, အဖတ်ကလာပ်တို့ အချင်းချင်း ပိုင်းခြားနေကြပုံနှင့်၊အပေါ်ရုံအတုံးအခဲ ပုံသဏ္ဍာန်အကောင် အထည်ဒြပ်ပညတ်တို့ကို အသိဉာဏ် ရှင်းလင်းကြပါမူ၊ ထိုထိုအကောင် အထည်ဒြပ် ရှိရှိသမျှတို့မှာလည်း၊ အကုန်လုံး ပရမတ်, ပညတ်ခြားနား၍ အသိဉာဏ်ပေါက်ရောက်သွားကြကုန်ရာ၏။အဘယ်သို့ပေါက်ရောက်သွား ဇံ့နည်းဟူမူ၊ ၌နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီး အတွင်းသို့ အားလုံးမြေဒိုချည်းဖြစ်နေအောင် ဉာဏ်ဖြင့် မိုဃ်းကြီးရွာစေပြီး

လျှင်၊အရေကလာပ်မှုန့်တွေသွင်း၍ ကြည့်ရှုလိုက်ကြပါမူ၊ အဖတ်ကလာပ်မှုန့်တွေ အကြားတိုင်းသို့ အရေကလာပ်မှုန့်တွေဝင်၍သာစိုရ၏။ထိုအရေကလာပ်မှုန့်တို့ အကြားတိုင်းတို့မှာလည်း အဖတ်ကလာပ်မှုန့်တွေ ရှိနေပြန်၏ဟု အရေ, အဖတ်ရုပ်ကလာပ်စု၊ ပရမတ်စုတို့ကိုလည်း အချင်းချင်း ပိုင်းခြားနေကြမှုတို့ကို သိနိုင်ကြကုန်ရာ၏။ ထိုအတွင်းသားပရမတ်စုတို့၏ အပေါ်ရုံကြောက ထင်မြင်နေကြသော မြေပြင်-ကုန်း-ကြည်း၊ကန်သင်း-တောင်ပို့စသော ထိုထိုပုံသဏ္ဍာန်တို့သည် အပေါ်ရုံကြောက ရှိနေကြသော အရေ အဖတ်ဓာတ်ကလာပ်တို့ထိပ်စီးချင်းစပ်ဟပ်မိ၍ထင်ပေါ်လာကြသော ပညတ်စုတို့သာတည်းဟု ပိုင်ပိုင်နိုင်နိုင်ကြီး သိရှိကြကုန်ရာသတည်း။ ဝါ၊ ပိုင်ပိုင်နိုင်နိုင်ကြီး မသိရှိကြကုန်သေးမူ၊ ဇလုံအတွင်းက ထင်မြင်ပြီးသား အမှုန့် ၂-ပါး ဥပမာများနှင့် စပ်ကာ-ဟပ်ကာ မကြာမကြာ အခါခါ ရှုကြည့်ကြပါမူ၊ ကြောင်ကြောင်ကြီး ထင်မြင်လာကြပေလိမ့်သတည်း။ ။ထိုသို့ထင်မြင်လာပြီးနောက်မှ ခုတ်ဗို,ကျောက်ဗို၊တောဗိုတောင်ဗို၊ တုံးဗို၊ တိုင်ဗို၊ သစ်ပင်ဗိုကြီးစသည့်တို့အတွင်းသား၊ အရေ,အဖတ်ကလာပ်မှုန့်တို့အချင်းချင်း ပိုင်းခြားနေကြပုံကိုရင်း၊ထိုကလာပ် ၂-ပါးတို့ စပ်ဟပ်မိသောအခါမှ အပေါ်ရုံကြောကသာ ခုတ်ကျောက်ပုံ၊ တောတောင်ပုံ၊ တုံးတိုင်ပုံ၊ သစ်ပင်စသော ထိုထိုပုံသဏ္ဍာန်အထည်ဒြဗ်ပညတ်ကြီးငယ်တို့ ဖြစ်နေကြပုံတို့ကိုလည်း အဗိတ်ဗိတ် ဝဋ္ဋတခုစီ ဓာတ်ကလာပ်သား၊ ပညတ်များတို့၊ ခြားနားစွာ ထင်မြင်လာအောင် မကြာမကြာ အခါခါဆင်ခြင်ကြ၊ အားထုတ်ကြလေ။ ။ရင်းအဝိဇ္ဇာဏက အရိုတွေထင်မြင်နေပြီး နောက်၊ မိမိတို့ကိုယ်လုံး အရိုတုံးကြီး အတွင်းသို့ ဉာဏ်သွင်း၍ ရှုကြည့်လိုက်သောအခါ၊ အရိုကောင်၊ အရိုခဲမှန်သမျှ အဖတ်ကလာပ်တို့ အကြားသို့ အရေကလာပ်တွေ ဝင်နေမှ စိုရသည်ချည်းဟု ရှေ့ရှုံ့ဗိုတုန်းကသိခဲ့ကြပြီးအတိုင်းသာ အရေ,အဖတ်ကလာပ်တို့ရောစပ်၍ အချင်းချင်း ပိုင်းခြားနေကြဘာကိုရင်း၊ ထိုကလာပ် ၂-ပါးတို့ စပ်ဟပ်မိခြားမှ အပေါ်ရုံကြောကသာ ခြေ,လက်, ကိုယ်ခေါင်း အပေါင်း, အဗိတ်စသော ထိုထိုပုံသဏ္ဍာန် အကောင်အထည်ဒြဗ် ပညတ်ကြီးငယ်တို့ ဖြစ်နေကြဘာတို့ကိုရင်း ထင်မြင်လာလိမ့်မည်။ဝါ၊အကြွေးမထားကြဘဲ၊ ယခုစာကြည့်ရင်းပင် မိမိတို့ကိုယ်လုံးမှာ အကုန်လုံးထင်မြင်လာအောင် မကြာမကြာအခါခါ ရှုကြည့်ကြပါလေ။ ။ဤသို့ရှုကြည့်၍၊မိမိတို့ကိုယ်လုံးမှာ အတွင်းရှိအရေ, အဖတ်ကလာပ်တို့နှင့် အပေါ်ရုံပညတ်တို့ကို ခြားခြား-

နားနားကြီး သိရှိထင်မြင် ပြီးကြပါမူ၊ ရှေးအဘိုးကြီး မိမိတို့ပင် အဟုတ်ကြီး တွေ့ထင်၍ ချစ်ခင်လှကြသော မိဘ-လင်မယား၊သွီးသား-မျိုးဆွေစသော သဝိညာဏကတွေကို အပိုင်ပိုင် တကောင်စီ- တကောင်စီ၊ ခတ် ကလာပ်သား ပညတ်များတို့ တပါး တပါးစီ ခြားခြား နားနားကြီး ထင်မြင်ကြအောင် မကြာမကြာ အခါခါရှုကြည့်ကြပါလေ ယောဂီမြတ် တွေတို့။

## (၆) ကလာင်တို့အမည်များနှင့် ပရမတ်ဓမ္မက ပညတ်ပေါ်ရပုံ ပညတ်၌က-ပရမတ်သိရပုံ

ဤနေရာမှာ ပရမတ်ဆရာတို့က ကမ္ဘဇ-ဗိတ္တဇစသည်ကလာပ် ၂၁-စည်း၊တနည်း ၂၃-စည်းဟု ရှိကြသည့်အထဲမှာ မပါသည့် အရေ,အဖတ် ကလာပ်တို့ကိုသာပြခြင်းကား၊ ဘယ်စာအရနှင့် ဘယ်လိုအာဘော်ထား၍ ပြပါသနည်းဟုမေးမူ၊ ဒွတ္တိံသကာယ,က၊ ကေသာ-လောမာ, စသော ရှေကောဋ္ဌာသ-၂၀။ပိတ္တံ သေမှံ စသောနောက်ကောဋ္ဌာသ ၁၂-ပါးတို့ မှာ၊ ခတ်လေးပါးလုံးပင်ပါသော်လည်း ရှေ့ကောဋ္ဌာသ ၂၀-ကို ပထဝီ ခတ်က ပြဋ္ဌာန်းလှသောကြောင့်၊ ထိုပထဝီခတ်ကိုသာ အမည်တပ်ပါ၍၊ (ပထဝီခတ် ၂၀-)ဟူ၍ ၎င်း၊ နောက်ကောဋ္ဌာသ ၁၂-ပါးကိုလည်း အာ ပေါခတ်က ပြဋ္ဌာန်းလှသောကြောင့်၊ ထိုအာပေါခတ်ကိုသာ အမည် တပ်ပါ၍၊ (အာပေါခတ် ၁၂-ပါး) ဟူ၍၎င်း မြတ်စွာဘုရားဟောကြား တော်မူသော နည်းအရနှင့်၊၎င်းပထဝီခတ် ၂၀-တို့အထဲက ကလာပ်တို့ မှာလည်း ထိုပထဝီခတ် အဖတ်သဘောပင်ပြဋ္ဌာန်းကြလေသောကြောင့်၊ မြန်မာနှင့် ရောစပ်၍၊ **အဖတ်ကလာပ်မှုန့်**ဟု ခေါ်ဝေါ် အပ်ပေသတည်း။ ထိုအာပေါခတ် ၁၂-ပါးတို့ အထဲက ကလာပ်တို့မှာလည်း ထိုအာပေါ ခတ် အရေသဘောပင် ပြဋ္ဌာန်းကြလေသောကြောင့်၊ မြန်မာနှင့်ရော စပ်၍၊ **အရေကလာပ်မှုန့်**ဟု ခေါ်ဝေါ်အပ်ပေသတည်း။ ပါဠိသက်သက် နှင့်ခေါ်ဝေါ်လိုမူ၊ **ပထဝီကလာပ်မှုန့်-အာပေါကလာပ်မှုန့်**ဟု ခေါ်ဝေါ်ရ ပေလိမ့်မည်။ မြန်မာသက်သက်နှင့် ခေါ်ဝေါ်လိုမူ၊ **အဖတ်မှုန့်-အရေမှုန့်** ဟု ခေါ်ဝေါ်ရပေလိမ့်မည်။

## အရေ,အပတ်ဟူသော စကားနှင့် အမှုန့်ခေါ် ခြင်းများကို အထူး ပြေရှင်းချက်

ဤ၌ အပတ်ကလာပ်မှုန့်- အရေကလာပ်မှုန့် စသည်ဖြင့် ရေးပြလိုက်သည်ကား၊ လောကမှာ အထည်ဒြပ်တွေ ထင်ရှားရှိနေသော အမှုန့်မျိုးတို့ကို မဆိုလိုပါ။ မြန်မာခေါ်-ဝါးစည်း- ထင်းစည်းခေါ်သကဲ့သို့၊ ရုပ်ပေါင်း ရုပ်စည်း၊ ပါဠိခေါ် ရုပ်ကလာပ်တို့သည်၊ အနည်းငယ်မျှ အထည်ဒြပ်မရှိကြ။ သဘောမျှ သက်သက်ကလေးတွေဖြစ်၍ နေကြသော်လည်း အထည်ဒြပ်ရှိသော ဖုံမှုန့်,သဲမှုန့်တို့မှာ ထက်ဝန်းကျင် အပိုင်းအခြား အာကာသရှိနေကြတာလို၊ထက်ဝန်းကျင်အပိုင်းအခြား အဘိဓမ္မာအာကာသများတို့၊ ထိုထိုကလာပ် အကြားတိုင်းတို့မှာ ရှိနေကြတာကို ထင်ရှားစွာ သိကြစေလို၍သာ၊ **ကလာပ် သဘောဟု မရေးဘဲ ကလာပ်မှုန့်** ဟု (မှုန့်) အက္ခရာနှင့် ရေးသားလိုက်သော အာဘော်သွား နှလုံးထားကိုလည်း ထင်ရှားမသိ။ဖုံမှုန့်-သဲမှုန့်တွေမှာ တခုနှင့်တခု ခြားနားသည့် အာကာသများလောက်မှလည်း ထိုထိုဝတ္ထု-အကောင်အထည်တို့အတွင်းမှာ အမှုန့်သဘောတွေထင်မြင်နေသော ဉာဏ်အလင်းကလေးမျှလည်း မရှိကြဘဲနှင့်၊ ပါးစပ် ပြောထဲတွင်သာ သူများထက် သာကြအောင် မိုဃ်းညှင်းကိုယ်တော်ကြီးအလုပ်ပေးနည်းမှာ အရေကလာပ်မှုန့်-အပတ်ကလာပ်မှုန့် စသည်ဖြင့် **အမှုန့်**ဟူသောအသံပါနေသည့်အတွက် ပရမတ္ထ-သဘာဝသို့ မသက်သေး။ အမှုန့်ဒြပ်ပညတ် ခံနေသေးသည်ဟု ထင်မှတ် ပြောဆိုမိကြပေလိမ့်မည်။ အကယ်၍-စစဦး အားထုတ်ကြသူတို့မှာ ဇလုံးပန်းခံထဲက ဥပမာစံပြသည့် ဖုံမှုန့်- သဲမှုန့်တွေလောက် ဒြပ်တွေနှင့်ပင်၊ ထိုထိုအကောင်အထည်ကြီးတွေ အတွင်းမှာ အမှုန့်စုတို့သာ ထင်မြင်လာကြပါမူ၊ လွန်စွာကျေးဇူးများကြပုံကား၊ ထိုအမှုန့်ထက်ကြီးမားသော အထည်ဒြပ်တွေ အကုန်လုံး ကွယ်ပျောက်လေအောင် ထိုအမှုန့်စုက ကျေးဇူးကို ဆောင်ကြသည့်ပြင်၊ နောက်အနီး၌ ဝိပဿနာဉာဏ်စုနှင့် ရှုသောအခါကျတော့ မြူလေးမျိုးနှင့် ခြားနားပြီးလျှင် အသီးအသီးရှုဆင်ခြင် လိုက်ကြပါမူ၊ တလောကလုံးကြီးတို့နှင့် အပြည့်ရှိနေကြသော ပညတ် အကောင်အထည်ကြီးငယ်တွေအတွင်းမှာ သဘောမျှ ခတ်ကြည်အလင်းတို့ ရှင်းရှင်းကြီး ပေါ်လာနိုင်အောင် ၎င်းအမှုန့် ကြမ်းစုတို့က ကျေးဇူးကို ဆောင်ကြပေလိမ့်သတည်း။

## ကလာပ်တို့အမည်နှင့် ပရမတ်ပညတ်နှစ်သီ ခွဲခြင်းပုံ

ဝင်း ကလာပ်မှုန့်တို့ အမည်များကို ပြောကြား ခေါ်ဆိုရာမှာ လည်း ထိုထိုကလာပ်တို့ အတွင်းထဲက ထင်ရှားကြသော ရုပ်တို့ကိုစွဲ၍ ပထဝီ ပြဒ္ဒါန်းသောကြောင့် **အမာကလာပ်မှုန့်၊** အာပေါ ပြဒ္ဒါန်းသော ကြောင့် **အရေကလာပ်မှုန့်၊** အဝါဝဏ္ဏရုပ်၊ အရောင်ဝဏ္ဏရုပ်၊ မှောင်ဝဏ္ဏရုပ်တို့ ပြဒ္ဒါန်းသောကြောင့်၊ (အဝါကလာပ်မှုန့်၊ အရောင်ကလာပ်မှုန့်၊ မှောင် ကလာပ်မှုန့်၊) အသံရုပ်၊လေရုပ်၊အနံ့ရုပ်၊အပူရုပ်၊အအေးရုပ်တို့ပြဒ္ဒါန်းသော ကြောင့်၊ **အသံကလာပ်မှုန့်၊ လေကလာပ်မှုန့်၊ အနံ့ကလာပ်မှုန့်၊ အပူ ကလာပ်မှုန့်၊ အအေးကလာပ်မှုန့်**တို့ဟု အမည်ကို ပြုလိုက်ရုံမျှ မကသေး၊ ထိုထိုအကောင်အထည်ဖြိမ်ပညတ်တို့၏အတွင်းရှိသမျှ အဘိဓမ္မာပရမတ္ထ တို့ကို သိရှိကြအောင် ဘုရားရဟန္တာ, အဋ္ဌကထာ ဆရာများတို့၊ **ဣတ္ထိ သဒ္ဒေါ၊မိန်းမ၏အသံ၊ဣတ္ထိဝဏ္ဏော၊မိန်းမ၏အဆင်း၊ဣတ္ထိဂန္ဓော၊မိန်းမ၏ အနံ့**။ ဤသို့စသည်ဖြင့် ခေါ်ဝေါ်ဟောကြား- ရေးသားတော် မူကြသည့် ထုံးစံအတိုင်းသာ ဤမှာလည်း **ဣတ္ထိကလာပေါ၊ မိန်းမကလာပ်၊ ပုရိသ ကလာပေါ၊ ယောကျ်ားကလာပ်၊ ကဋ္ဌကလာပေါ၊ တုံးကလာပ်၊ ထမ္ဘ ကလာပေါ၊တိုင်ကလာပ်၊ဝနကလာပေါ၊တောကလာပ်၊ပဗ္ဗတကလာပေါ၊ တောင်ကလာပ်** စသည်ဖြင့် အတွင်းသားကလာပ်တွေကို သိမှတ်ကြစေ လိုသောအခါ၊ အပေါ်ရုံပညတ်တို့နှင့် ဘက်စပ်၍သာ အမည်နာမ ပညတ် များကို ခေါ်ဝေါ်ရေးသားအပ်ပေသတည်း။ ရှေးရိုးထုံးနည်းလက်ဟောင်း ကြီးပါ။ နောက်မှ လက်သစ် အဆန်းဖြစ်လာသည်ဟု မမှတ်သင့်ချေ။ ။

ဤရှေ့က အရေ-အဖတ်၊ ကလာပ် ၂-စားတို့နှင့် ပြအပ်ခဲ့ပြီးသမျှတို့မှာ ကျမ်းဂန်အထောက်အထား သက်သေများလည်းရ၊ ထိုထိုရုပ်နာမ်ပရမတ် တို့၌ သိထိုက်သမျှသော အချက်တိုင်းတို့ကိုမသိကြဘဲ၊ ဝိပဿနာအလုပ် တရားတို့ကိုလဲ အားခဲလိုသူများ တလောကလုံး ပေါက်သွားကြအောင် ရုပ်ကလာပ်တပါးတမျိုးတည်းနှင့်သာ ကလာပ်နှင့် ရှုကြည့်ရသော အရာ မှာ ရှုကြည့်ကြစေလိုပါသည်များကို ထင်ရှားစွာပြခြင်းငှါ၊—

**ဝဏ္ဏော,ဂန္ဓော,ရသော,ဩဇာ၊ စတဿောစာပိ ဓာတုယော။**
**အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကေသာဒိသမ္မုတိ။**
**တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာဒိသမ္မုတိ။**

ဝဏ္ဏောစ၊ အဆင်းဟုဆိုအပ်သောရူပါရုံရှင်း။ ဂန္ဓောစ၊အနံ့ဟုဆိုအပ်သော ဂန္ဓာရုံရှင်း။ ရသောစ၊ အရသာဟု ဆိုအပ်သော ရသာရုံရှင်း။ ဩဇာစ၊ အာဟာရဓာတ်ဆီဟုဆိုအပ်သော ဩဇာရှင်း။ စတသောဝိ၊ လေးပါးလည်းဖြစ်ကုန်သော။ ဓာတုယောစ၊ ပထဝီဓာတ်,အာပေါဓာတ်, တေဇောဓာတ်,ဝါယောဓာတ်တို့ရှင်း။ ဇာတိ၊ ဤသို့။အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါး,ရှစ်ပါးသောဓါတ်ပရမတ်အများတို့ပေါင်းဆုံကြငြားသောကြောင့်။ ဝါ၊ အရေ-အဖတ် ဓာတ်ပရမတ်တို့ ပေါင်းစပ်ကြငြားသော ကြောင့်။ ကောသာဒိသမ္မုတိ၊သံအစရှိသောသမ္မုတိပညတ်သည်။ ဟောတိ၊သမ္မုတိ သစ္စာနယ်မှာ ထင်ရှားစွာဖြစ်ပေါ်လာ၏။ ။တေသံ ယေဝ၊ (ထိုဓာတ် ရှစ်ပါး ကလာပ်အများတို့ကိုသာလျှင်။ ဝါ၊ အရေ-အဖတ် ဓာတ်ကလာပ် တို့ကိုသာလျှင်။) ဝိနိဗ္ဘောဂါ၊ ဓာတ်ပရမတ် ဆိုက်အောင် ခွဲခြမ်းလိုက် သည်ရှိသော်။ ဝါ၊ အရေ-အဖတ် ကလာပ်မှုန့်ဆိုက်အောင် ခွဲခြမ်းလိုက် သည်ရှိသော်။ ကောသာဒိသမ္မုတိ၊ သံအစရှိသော သမ္မုတိပညတ်သည်။ နတ္ထိ၊ဓာတ်အစု၌တခုမျှမရှိ။ဝါ၊အရေ-အဖတ်ကလာပ်ထဲ၌နဲနဲမျှမရှိ။ ။ဟု ဝိသုဒ္ဓိမဂ် မိန့်တော်ချက်များကို ယုံကြည်အားထားသူ ယောဂီဖြူအများတို့ သည်၊ကလာပ်ကိုပိုင်းခြားသည့် အာကာသတရား၊အရေ-အဖတ်ကလာပ် များတို့ ပေါင်းစပ်မိကြငြားမှ ရွှံ့တုံး-ရွှံ့ခဲစသော ပုံသဏ္ဌာန်ပညတ်တရား တို့ ဘွားကနဲ-ဘွားကနဲ ဖြစ်ပေါ် လာကြ သလို၊ ထိုထို သဝိညာဏက, အဝိညာဏက ရှိရှိသမျှတို့မှာလည်း အရေ-အဖတ် ကလာပ် အများတို့ ပေါင်းစပ်ကြငြားမှသာ-ကောသာ-သံ၊ လောမာ-အမွေးစသော အမျိုးမျိုး သော သဝိညာဏက ပုံသဏ္ဌာန် ပညတ်တရား၊အဝိညာဏက ပုံသဏ္ဌာန် ပညတ်တရားတို့၊ဘွားကနဲ-ဘွားကနဲ စစဦးဖြစ်ပေါ်လာပြီးနောက် အဆုံး သို့ရောက်မှ တခါပျက်သာရှိကြရသော ပညတ်နယ်ကြီး အသီးသီးတို့ ဖြစ်ပျက်ပုံ အလုံးစုံတို့ကိုလည်း တစ်တစ်ခွခွ ဤ အဋ္ဌကထာ အရ အတိုင်း အရေ-အဖတ် ကလာပ်မှုန့်များနှင့် ရှေ့ကရေးသားခဲ့သည်များကို ယုံယုံ ကြည်ကြည် မှတ်သား၍၊ ပညတ်- ပရမတ်, ကွဲကွဲ-ကွဲကွဲသွားအောင် ကြိုးစား အားထုတ်ကြပါလေ၊ ယောဂီမြတ်တွေတို့။ ဤကား- အဋ္ဌဓမ္မ သမောဓာနာ၊ ဟောတိ ကောသာဒိသမ္မုတိ-ဟု အဋ္ဌကထာ လာရှိတိုင်း ပရမတ်တွေစုပေါင်းမိမှ ပညတ်တွေ ပေါ်လာရပုံကိုပြချက်တည်း။

ထို့ပြင် တဖန် ပရမတ်စစ်တွေကိုသိလိုပြန်မူ၊ တခြား၌ ရှာကြံနေဘွယ် မရှိ၊ထိုထိုသဝိညာဏကဖြစ်နေကြသော ပညတ်နယ်သား၊ ငါ-သူတပါး၊

ယောကျ်ား-မိန်းမစသော ပညတ်ကောင်တို့၏ရင်း၊ အဝိဇ္ဇာဇာကဖြစ်နေကြသော တုံးတိုင်-တောတောင်စသော ပညတ်တုံး-ပညတ်ခဲ-ပညတ်ထည်တို့၏ရင်း၊ အတွင်းတို့နှင့် အပြည့်အပြည့်ရှိနေကြသော ထိုအရေ-အဖတ်-ကလာပ်၊ အဘိဓမ္မာပရမတ်အစစ်တို့သည်၊ အမှုအရာတပါးသို့ အရွေ့အထားမခံအောင် အလွန်ပင်အပျက်မြန်လှသော်လည်း ဖြစ်ပေါ်ရန်အကြောင်းက ထပ်လောင်း၍ဖြည့်စွက်၊ အသစ်အသစ် ဖြစ်ချက်ကြောင့် မပျက်ဘူးဟု ထင်ရရုံမက ရှေ့အတိုင်းထက် ကြီးပွါးတိုးတက်လာသည်ဟူ၍တောင် ထင်နေရသည်ကား တခြားမဟုတ်၊ ရှေ့နောက်ဆက်လက်မှု **သန္တတိပညတ်ခ** တို့၏ သတ္တိတို့ပေတည်း။ ထိုထိုအကောင်အထည်တို့၏ အတွင်းသား၊ ပရမတ်စစ်တရားတို့ကား အရွေ့အထားမခံဟု သဘောမှန် အနှစ်ကို မနော၀ိညာဏ်အစစ်နှင့် စိစစ်ကြ၍၊ထိုထိုသဝိဇ္ဇာဇာက, အဒိဇ္ဇာဇာကတို့၏ ပုံသဏ္ဌာန်တည်းဟူသော **သဏ္ဌာနပညတ်**တို့ကိုရင်း၊ ထိုထိုအကောင်အထည်ပုံသဏ္ဌာန်များနှင့်၊ဘွားကနဲဖြစ်ပေါ်လာစက နောက်ဆုံးပိတ် အပျက်ကျအောင် ရှေ့နောက်အစဉ်ဆက်လက်နေကြသော **သန္တတိ ပညတ်**တို့ကိုရင်း မယူပယ်ရှား၊ ဉာဏ်နှင့်ခွန့်ခွါထား၍၊ ထိုပညတ် ၂-ပါး အရမှ အသီးအခြားထုတ်နုတ်လျက် ထိုထိုပုံသဏ္ဌာန်ကြီးငယ်၊ ထိုထိုအမှုအရာကြီးငယ်တို့၏အတွင်းနှင့် အပြည့်အပြည့်ဖြစ်ပျက်၍အစဉ်သန္တတိနှင့်တည်ရှိနေကြသော အရေကလာပ်, အဖတ်ကလာပ်တွေဟာ ပရမတ်အစစ်တို့သာတည်းဟု ယုံယုံကြည်ကြည်မှတ်သား၍ ပညတ်များမှ အသီးအခြားကွဲပြားအောင် ကြိုးစားအားထုတ်ကြပါလေ၊ ယောဂီမြတ်တွေဘို့။ ဤကား ( တေသံယော ဝိနိဗ္ဘောဂါ၊ နတ္ထိ ကောသာဒိသမ္မုတိ ) ဟု အဋ္ဌကထာရှိတိုင်း၊ ထိုထိုအကောင်အထည်ပညတ်များကို **အလေကား ဘာမျှမရှိ၊ အလေကား ဘာမျှမရှိ**ဟု အရမ်းမဲ့ မပယ်လိုက်ကြဘဲ၊ထိုထိုအကောင်အထည်ပညတ်တို့ အတွင်းသားထဲမှာသာ ပရမတ်စစ်ကိုရှာရပါ၍၊အရေအဖတ် ဓာတ်ကလာပ်စစ်တို့ကို တွေ့နေသည့်အထဲမှာ ဆံပင် မွေးညှင်းစသည်တွေလဲ နဲနဲကလေးမှ မရှိကြပုံကို ပြချက်ပေတည်း။ ။ဤအဋ္ဌကထာအရတို့နှင့်၊ ရှေ့ကပြခဲ့တိုင်း အားထုတ်ကြည့်ကြ၍၊ထိုထိုအကောင်အထည်တို့အတွင်းထဲမှာ အာကာသပေါက်ပေက၊ အပေါင်းစုနပျောက်လေကြ၍ သဘာဝကလာပ်မှုန့် သဘောကို အပေါ်ရုံကြော ပုံသဏ္ဌာန်ပညတ်တွေနှင့်မရောစေဘဲ၊ ကွဲကွဲပြားပြား ပရမတ်ဘရား၊ ပညတ်တရား၊ အမှန်များကို အဟုတ်ခြားနား၍သိသောသူကို မြန်မာခေါ် **အမြင်စင်ကြယ်**

မှု။ ဝါ၊ အမှားစင်ကြယ်မှု၊ ပါဠိခေါ် ဒိဋ္ဌိဝိသုဒ္ဓိ စတို့ ပေါက်ရောက်ပြီးသူ ဟူ၍ သိအပ်၏။ နောက်နောင်လည်း ဤဒိဋ္ဌိဝိသုဒ္ဓိများကို ထင်ရှားအောင် ပြလတ္တံ့ပေလိမ့်သတည်း။

---

## (၇) အရေအဖတ်ကလာပ်များကို အသုဘရှုစားရပုံနှင့် အချုပ်တရား ဟောကြားပုံ

အကယ်၍ လူကပ်တို့က တပည့်တော်တို့၏ ဒွတ္တိံသအစုတို့ကား၊ ဓာတ်တရားတို့နှင့်လည်းရှုရ၊ အသုဘတို့နှင့်လည်း ရှုရပါ၏။ အရှင်ဘုရားတို့ အရေ–အဖတ် ကလာပ်တို့မှာကား၊ ဓာတ်ကလာပ်တမျိုးထဲသာရှုကြရာ၏ ဟုပြောငြားအံ့၊ (အိမ်း) ငါတို့ အရေ–အဖတ် ကလာပ်တို့မှာ အသုဘဘာဝနာကိုလည်း အလွယ်ဆုံးနည်းကလေးနှင့် ရှုလိုကြပါသေးမူ၊ အရေကလာပ်တွေကို အပုပ်ရေ၊ အဖတ်ကလာပ်တွေကို အပုပ်ဖတ် ဟု အနည်းငယ် ဉာဏ်လှဲ၍ရှုကြည့်ပုံကား၊ မိမိတို့၏တကိုယ်လုံးအတွင်းမှာ အပုပ်ရေနှင့် အပုပ်ဖတ်တို့ စပ်မိကြသော အခါကျမှ ဖျတ်ကနဲ–ဖျတ်ကနဲ ဆံပင်, မွေးညှင်းစသော ဒွတ္တိံသကာယတို့ ပေါင်းစုကြကာ အပုပ် ဦးခေါင်း, အပုပ်ကိုယ်, အပုပ်ခြေလက်တို့သာ ဖြစ်နေကြရာသည်ကို ထင်မြင်လာအောင် ရှုကြပါလေ။ အထင်အမြင်နှေးမူ၊ လူသေသွင်းသော ခေါင်းကြီးအတွင်းသို့ မိမိအလောင်းကောင်ကြီးကို ၅–ရက်လောက်သွင်းထားကြည့်မူ၊ အရေဟူသမျှ အပုပ်ရေတွေဖြစ်၍ ထွက်လာကြလိမ့်မည်။ အဖတ်တွေဟူသမျှလည်း ကျောက်ဖရုံသီးပုပ်ကြီးကဲ့သို့ မြည့်မြည့် ကြေမွ၍ အပုပ်အဖတ်တွေဖြစ်ပြီး နေကြလိမ့်မည်ကို ရှုလိုက်က၊ လွယ်လွယ်ကလေးနှင့်ပင် အပုပ်ရေ,အပုပ်ဖတ်များ ထင်မြင်နိုင်ကြပေလိမ့်သတည်း။ အကယ်၍တည်း ယခုချက်ခြင်းလက်ငင်းပုပ်လှသည့်အသုဘကိုရှုကြည့်လိုမူ၊ မိမိတို့ကိုယ်ကို နေ့ရှိသမျှ သုတ်သင်နိုင်ကြ၍သာ အချင်းချင်းနီးစပ်နိုင်ကြသည်။ ညဥ့်အိပ်နေကြရာမှာ မဆေးကြောဘဲ ၆–နာရီလောက် ကြာလိုက်လျှင် မျက်စိ, မျက်နှာ, ပါးစပ်တွေပါ ပုပ်သိုးလာ၍ ချဉ်းဖေးလှသော အခါလည်း မနေသာဘဲ၊ မျက်နှာသစ်ရင်းထဲမှာ အပုပ်ရေ,အပုပ်ခဲတို့ပါ မိမိတို့တကိုယ်လုံးကြီးမှာထင်မြင်လာပြီး။ မိမိကိုယ်ကိုဘဲ၊ မိမိတို့အနံ့နဲ့ ကမ္ဘဌာန်းနှင့် ဆဲကြပုံကား–**ချမ်းတုန်းကြီး တို့မှာလည်း မနေသာအောင်၊** နှင်ဘလချာ ခန္ဓာ **အယုတ်တို့၊ ပုပ်ချင်တိုင်းပုပ်နေကြသည့်၊ အပုပ်ကောင်မ, အပုပ်ကောင်ထီး**

**မဟုတ်ကောင်းမ၊ မဟုတ်ကောင်းထီး၊ အယုတ်ကောင်းမ, အယုတ်ကောင်းထီး၊ ကောင်းအစော်ကြီးသားတည်း**-ဟု မျက်နှာသစ်ကြတိုင်းအပုပ်အယုတ်တို့နှင့်စပ်ယှဉ်ကြ၍၊သုတ်သင်ကြရတိုင်းတို့မှာလည်း ရွံရှာဘွယ် အသုဘကို အခါခါရှုကြရာ၏။

ထိုမှ ၃ ပါး၊ကိုးဒွါရ တံခါးတို့က အပုပ်ရေ,အပုပ်ခဲ,အပုပ်ချွဲ အပုပ်ကျိတို့ တစိမ့်စိမ့် တဗိုဗို အမြဲယိုနေကြရာမှာ သူများဘကာက ရွံဘာကိုမသိကြနှင့်ဦး၊ မိမိတို့ ဒွါရချင်းပင် မခေါ် မပြောချင်အောင် ရွံရှာနေကြသည်ကား၊ ယည်ကျေးအောင် ရွှေတပ်ပြီး ရွှေနှာခေါင်းပေါက်က ရွှေနှပ်တော်ကလေးများ စီးယိုသွားပြီ၊ မိမိတို့ရွှေပါးစပ်ထဲသို့ဝင်သွားမှု၊ ၎င်းရွှေပါးစပ်က သဘောမကျဘဲ၊ ထွီ-ဘွယ်ဟု အမြန်ထွေးအန်ပစ်လိုက်ကြရာ၏။ ။ တဖန်- ရွှေပါးစပ်တော်က ရွှေသွားချေးကလေးများကို ပွတ်တိုက်၍၊ ရွှေနှာခေါင်းပေါက်ဝမှာ တေ့ထားပါမှု၊ ၎င်းရွှေနှာခေါင်းကပင် သဘောမကျချင်ဘဲ၊ ဘင်-ဟယ်ဟု နှာခေါင်းလေပြင်းပြင်းနှင့်အဘင်းမှုတ်ထုတ်ကြကုန်ရာ၏။ ။ထို့မှတပါး၊ မျက်စိပေါက်က မျက်ရေ,မျက်ချေးတို့၏၎င်း၊ နားပေါက်က ပြည်ပုပ်,ပြည်ဆွေး,နဖါချေးတို့၏၎င်း၊ နှာခေါင်းပေါက်က နှပ်ရေ,နှပ်ချေးတို့၏၎င်း၊ပါးစပ်ပေါက်က သွားချေးသရေ အာပုပ်တွေတို့၏၎င်း၊ညစ်ထေးကြသော မိမိတို့၏ ၎င်းတို့အဆင်းတွေကိုပင် မိမိတို့၏ မျက်စိတို့ကလည်း မကြည့်ရှုနိုင်ကုန်။ ထိုထို ညစ်ထေး နေကြသည်ကို ပြော ဆိုကြသော အသံစကားတွေကို မိမိတို့နားကလည်း မကြားနိုင်ကြကုန်။ ထိုထို ညစ်ထေးနေသော ၎င်းတို့ အနံ့တွေကို၊ မိမိတို့ နှာခေါင်းကလည်း မနမ်းနိုင်ကြကုန်။ ထိုထိုညစ်ထေးနေသော ၎င်းတို့အရသာတွေကို မိမိတို့ ပါးစပ်ကလည်း မစားနိုင်ကြ ကုန်လောက်အောင် မတင့်မတယ် စက်ဆုပ်ရွံရှာဘွယ် အသုဘအစစ်ကြီးတွေ ဖြစ်ဖြစ်နေကြသည်ကို ထင်မြင်လာအောင် မကြာ မကြာ အခါခါရှုကြပါလေ။ ။ဤကား အထက်ဒွါရ ၇-ပေါက်တို့က ညစ်ထေးလှသော အသုဘတို့ကို ရှုကြည့်ကြရပုံတည်း။

**အောက်ဒွါရ ၂-ပေါက်က ညစ်ထေးလှပုံကား၊** ကာမရာဂစိတ် မရှိဘဲ ပကတိစိတ်အတိုင်းနှင့်သာ နေထိုင်လျက်ရှိကြပါသော လူကြီးလူကောင်းတို့အလယ်မှ ၊ ၎င်းဒွါရ ၂-ပါးတို့က ထွက်၍ကျသော ကျင်ကြီး,ကျင်ငယ် စက်ဆုပ်ဘွယ်တို့ကို မဆိုထားနှင့်ဦး၊ ထိုအောက်ဒွါရ ၂-ပါးတို့၏ အဆင်းကိုလည်း ပြရန်မှာ ခဲစွ၊အနံ့ကိုလည်း လွှတ်ပံ့မှာ ခဲစွ။အရသာကိုလည်းကျွေးရန်မှာ ခဲစွ။ ၎င်းဒွါရ ၂-ပါးတို့၏ အမည်နာမကိုမျှ တစ်တစ်

ဠဠ မပြောဝံ့ ကြလောက်အောင်ပင်၊ **မဘင့်မတယ် စက်ဆုပ် ရွံရှာဘွယ် အသုဘ** အစစ်ကြီးတွေ ဖြစ်နေကြသည့်ကို စိတ်လိုက်မာန်ပါ ဒေါသမှု တွက်တာဖြင့်၊ ၎င်းဒွါရ ၂-ပါးတို့ကို ထင်ရှားပြသ အမည်နာမနှင့် ပြောဆို ဆဲရေးကြမှု၊ မင်းဘေး-မင်းဒဏ်မှပင် မလွတ်ရအောင် မတင့် မဘယ်၊ ယုတ်ညံ့သော အသုဘနယ်အစစ် ဖြစ်နေကြသည်များကို ထင်ရှားအောင် ရှုစားကြပါလေ။

ဤအသုဘ တရားများကို မရှုစားကြသော ကာမရာဂ- ကိလေသဝင်ရှိ အတွင်းက မလွတ်ကင်းကြ သူတို့သည်သာ၊ ၎င်းဒွါရ ၂-ပါး တို့ကို အကောင်း အမွန်, အလွန် အကဲ ဖိတ်ယူစွဲနေကြသည်ကား၊ ဝိပါကဝင်ရှိက မကင်းလွတ်ကြသောခွေးဝက်,လင်းတတို့မှာ မစင်ခွေးကောင်ပုပ်များကို အကောင်းအမွန်,အလွန်အကဲ အထင်လွဲသကဲ့သို့ရှိ၎င်း၊ အကုသိုလ်ကမ္မဝင်ရှိ နှင့်မကင်းလွတ်သော ရှင်ဇမ္ဗူကသည် ဆီဦးသောပတ်အရသာမြတ်တို့ကို တော့ မစင်ခွေးကောင်ပုပ်ထက်မက စက်ဆုပ်လှပြီး၊သူ့ဘကာများစွန့်ပစ် ထားသော မစင်တုံးကြီးတွေ အစားစားကိုတော့ အကောင်းအမွန် အလွန် အမြတ်ထားသကဲ့သို့ရှိ၎င်း၊ ကာမရာဂ ကိလေသဝင်ရှိ မကင်းလွတ်သူများ၊ ၎င်းဝင်ရှိဆိုးတရားကြီးတို့ အတွက်နှင့်သာ ၎င်းအပုပ်အယုတ် ဒွါရ ၂-ပါး တို့အတွက်နှင့် မိုက်ချက်, မှားချက် အမြတ်တွေ အစားစားဟု တင်ထား နိုင်ချက်စုတို့သာ တည်းဟူ၍၊ ဤစာကို ဘတ်ရင်း ဇွိပ်ရာဝင်ရင်း အခါ စသည်တို့မှာ နံဖူးမှာလက်တင်၍ ကြောမကြာ အခါခါဆင်ခြင် နိုင်ကြပါ စေသတည်း။ ။ဤကာမရာဂ ကိလေသဝင်ရှိမလွတ်ငြား၍ အထင်အမြင် တွေ မှားနေရုံမျှ မကသေး၊ အဝိဇ္ဇာက မိုက်သမျှ တဏှာက ကြိုက်လှ၍ ငါဘဲ,သူဘဲ အထင် အမြင် လွဲနေကြအောင် နာမ်ဝိညာဏ် သွေးဆောင်၍ အရှင်ကောင်တွေကိုတော့ ဟုတ်ဟာတ်သည်၊ လူမစင်တောင်, မစင်ပုံတွေ ကိုတော့ ယုတ်လတ်သည်။၎င်းလူရှင်တွင်လည်း ဦးခေါင်းကိုတော့ ဟုတ် ဟာတ်သည်။ ခြေဘဝါးကိုတော့ ယုတ်လတ်သည်။ ထိုဦးခေါင်းတွင်လည်း မျက်နှာဘက်က ဟုတ်ဟာတ်သည်၊ နောက်စေ့ဘက်က ယုတ်လတ်သည်။ ထိုမျက်နှာဘက်တွင်လည်း မျက်စိကိုဖွင့်နေနိုင်တာက ဟုတ်ဟာတ်သည်။ မျက်စိမဖွင့်နိုင်တာက ယုတ်လတ်သည်ဟု အများထင်မှတ် နေကြသည်၌၊ ထိုရှေ့က ပြခဲ့သော မစင်နှင့် အဝိဇ္ဇာတဏှာတရားတို့က မလှည့်စားချင်း တုကြအောင် အသက်ထင်နေကြသော နာမ်ဝိညာဏ် ကလေးတို့ကို နုတ် ကြည့်လိုက်က ရုပ်ကာယ,မသာလောင်းအစစ်တွေဖြစ်နေကြပေလိမ့်မည်။

ထိုမသာလောင်းကြီးကို မိမိတို့အိမ်ရှေ့နားမှာတောင် အစွန့်အထားမခံနိုင်မှုကို ထင်မြင်အောင်ရှုကြပါလေ။

ထိုမစင်တွေနှင့် လူသေ မသာလောင်းတို့ကို မလွဲမကင်းသာရအောင် မင်းကိုးရာဇာက မောင်မင်းအိမ်ရှေ့မှာ မစင်ပုံကြီးတွေကိုဘဲ အထားခံမလား၊ သို့မဟုတ် ရှေ့က အလှကောင်မ, အလှကောင်ထီး၊ အဟုတ်ကောင်မ,အဟုတ်ကောင်ထီး၊အမြတ်ကောင်မ,အမြတ်ကောင်ထီးတို့ဘဲဟု အထင်အမြင် လွဲနေကြသော ထိုထို ကောဋ္ဌာသ အပေါင်း အဝိဇ္ဇာနှင့် တဏှာလှည့်စားမှုတွေ ကင်းကွာနေသော လူသေကောင် မသာလောင်းတို့ကိုဘဲ အထားခံမလားဟု မေးလာမူ၊ ရှေ့ကအယုတ်ထင်သည့် ထိုမစင်တပုံမက ဆယ်ပုံမျှကိုသာ အထားခံနိုင်ကြကုန်ရာ၏။ ထိုထို ကောဋ္ဌာသ အပေါင်း လူသေကောင် မသာလောင်းကိုကား၊ အထား မခံနိုင်ကြ၊ အထားမခံချင်ကြကုန်ရာသည်၌၊ မနေသာအောင် တဖန် နောက်ထပ်မံ၍ မောင်မင်း အိမ်ရှေ့မှာမစင်ပုံကိုမထားရ၊ လူသေတကောင်လုံးမှာကား၊ ခြေဖြတ်,ဦးခေါင်းဖြတ် ၂-ခုတွင်ဘယ်အဖြတ်ကိုအထားခံမည်နည်းဟုမေးမူ၊ရှေ့ကအယုတ်ထင်သည့်ခြေပြတ်ကြီးတခုတွင်မက ၂-ခုလုံးကိုပင် ထားချင်ကြကုန်ရာ၏။ရှေ့က အမြတ်ထင်သည့်ဦးခေါင်းပြတ်ကိုကား မထားနိုင်ကြကုန်ရာ။ အထားမခံနိုင်ကြကုန်ရာသည်၌လည်း မနေသာအောင် တဖန် နောက်ထပ်မံ၍ မောင်မင်းအိမ်ရှေ့မှာ ခြေပြတ်ကိုမထားရ၊ ဦးခေါင်းပြတ်ကိုသာ မျက်နှာဘက်,နောက်စေ့ဘက် ၂-ခုတွင် ဘယ်ဘက်ကိုအိမ်ရှေ့သို့ တည့်တည့်လှည့်၍ အထားခံမည်နည်းဟုမေးမူ၊ ရှေ့က အယုတ်ထင်သည့် နောက်စေ့ဘက်ကိုသာ အထားခံနိုင်ကြကုန်ရာ၏။ရှေ့ကအမြတ်ထင်သည့် မျက်နှာဘက်ကိုကား အိမ်ဘက်သို့လှည့်၍မထားနိုင်ကြကုန်ရာသည်၌လည်း မနေသာအောင်တဖန် နောက်ထပ်မံ၍ မောင်မင်း အိမ်ရှေ့မှာ နောက်စေ့ဘက်ကို မထားရ၊ မျက်နှာဘက်ကသာ မျက်စိကို မှိတ်အထားခံမလား၊ သို့မဟုတ် မျက်စိကိုဖွင့်ပြီး ပြူးပြူးကြီးကြည့်၍နေဟန် အထားခံမလားဟု မေးမူ၊ ရှေ့က အယုတ်ထင်သည့် မှိတ်ထားတာကိုသာ အထားခံနိုင်ကြကုန်ရာ၏။ ရှေ့က အမြတ်ထင်သည့် အိမ်ဘက်သို့ မိစ်ပြူးပြူးကြီး ဖွင့်၍ ကြည့်နေဟန်ကိုကား၊ အထားမခံနိုင်ကြကုန်ရာသည်များကို ထင်ရှားသိရှိကြကုန်ရာ၏။ဤသို့အဝိဇ္ဇာနှင့်တဏှာတွေ ဝင်ကြသောအခါမို့သာ၊ကာမရာဂစသော ကိလေသာဝင်ရိုးဆိုး၊ကမ္မဝင်ရိုးဆိုး၊ဝိပါကဝင်ရိုးဆိုးတွေကလည်း ဝင်နေကြသော အခါမို့သာ အယုတ်တမာ အပုပ်ဘလချာနှင့် မဟုတ်တာ

တုမရသည့် အသုဘာတွေကို မယုတ်-မမာ၊အပုပ်တွေကွာပြီး အဟုတ်တွေ သာတည်းဟုဘာလောကလုံးကြီးတို့မှာ အကောင်းဆုံးတုမရကြသည့်၊သုဘာ တွေ-အစစ်တို့ပါပဲလို့ တကတဲ ထင်မြင်လွဲကြဘို့ အကြောင်းတို့ကိုလည်း ကောင်းကောင်းကြီး သိရှိကြကာ၊ ရှေ့ကပြခဲ့သမျှသော အပုပ်ရေ,အပုပ် ဖတ် အသုဘာအရပ်ရပ်တွေကို ကြောင်ကြောင်ကြီး ထင်မြင်လတ်အောင် ယခု ဟောကြားအပ်သော တရားတော်မြတ်ကြီး၏ အချက်များကို မကြာ မကြာ အခါခါစဉ်းစား၍ ပွါးများ အားထုတ်ကြပါလေ သူတော်ကောင်း တွေတို့။ ။ဤသည်တို့ကား လူကင်များက ဥတ္တံသ ကာယတို့ ကဲ့သို့ အရေ,အဖတ်ကလာပ်တို့မှာလည်း အသုဘာရှုနည်းကို မရနိုင်ရာဟုစောဒနာ ဘွယ်ရှိ၍သာထည့်သွင်း၍ပြလိုက်ပါသတည်း။ဤသည်လျှင်ခါတ်အလုပ်မှာ တနေ့တွက်တာ ပြောဟောစရာ အချက်တို့ပါတည်း။

ဤခါတ်အလုပ်တရားကို အကျယ်ဟောကြား၍ အပြီးသတ်မှာ မိမိတို့ နေရာကျတော့ အားထုတ်တတ်ကြဘို့ လိုရင်းဆုံး အချုပ်တို့ကို ထုတ်ကာ ထုတ်ကာ၊ **နိဂုံးချုပ်၍ ပြရေးကား**—ကုသိုလ်ဗိတ် စေတနာ မရှိသော ရှေ့က ပြခဲ့သည့် အမှိုက်တွေ ချွေးချေးတွေ အပုပ်ကောင်မ, ထုပ်လို့ အယုတ်တွေဖြစ်နေသည့် ထမီတွေမှာပင် လောကီ,လောကုတ္တရာ ရတနာ တွေနှင့်စပ်ရလို့ အသီးအသီးမြတ်ကြတာထက် ဆယ်ဆထက်မက ငါတို့ တစုရှိသမျှတို့မှာကား လောကုတ္တရာ ရတနာသုံးပါးနှင့်စပ်ကြရ၍၊အလွန့် အလွန်ကြီး မြတ်ကြပြီးသားဖြစ်မည်များကို အထူးသတိထားကာ၊ ဘုရား သံဃာရတနာတို့ကို ရိုရိုသေသေလေးလေးမြတ်မြတ် ထိခြင်းငါးရပ်တို့ဖြင့် ဦးချရှိခိုးတတ်ကြ ပါစေသတည်း။အလုပ် တရားတော် မြတ်တွေကိုလည်း ကြိုးကြိုးကုတ်ကုတ် သွားလာနေထိုင်ရာတို့မှာ မရ-ရသာ အခွင့်ရှာ၍ မကြာမကြာ အခါခါအားထုတ်ကြစရာ ရှေ့ကပြခဲ့သည့်ဆန်ဆေးတောင်း အတွင်းကဆန်တို့၏အကြားအာကာသကို ဉာဏ်နှင့်အဟုတ်ထွင်းဖေါက်၍ အထက်အောက်၊ အရှေ့, အနောက်၊ တောင်နှင့် မြောက်တို့သို့ ထွက်ဝင် သွားလာနိုင်ကြသလို၊ ဤမြေကြီး၏ အကြားအာကာသ အတွင်းသို့လည်း ရေသွင်း၍ အရပ် ၆-မျက်နှာတို့သို့ ဉာဏ်ကွန်ယက်နှင့် ခုပ်ကာခုပ်ကာ ထွက်ဝင်သွားလာကြပါလေ။

**တဆွေတနည်း**မှာ၊ ရှေ့ကပြခဲ့သည့် ထိစပ်ထားသော ရေဗိမ့်အိုးတို့၊ ရေထဲသို့ ချထားသောခြင်းကြားတို့ ဥပမာမှာ၊ ရေတွေတစပ်ထည်း ဖိုးရို ပေါက် အာကာသကိုထင်မြင်အောင် ရှုနိုင်ကြသလို၊မြေက-အထက်ပေါ်

ရှိသမျှ အထက်ဆုံးဖြပ်ဗွာတွေပါ ရေမြုပ်နေကြအောင် မိုးယံကြီးရွာ၍၊ ရေဝင်သမျှ ဝဏ္ဏ အကုန်လုံးတို့ ရေတွေ တစပ်ထည်း ဒိုးရိုပေါက် အရပ် ၆-မျက်နှာသို့လည်း ဉာဏ်ကွန်ယက်ကြီးနှင့် အုပ်ကာအုပ်ကာ ထွက်ဝင်သွားလာကြပါလေ။ ။တစ္ဆေတနည်းမှား၊ ရှေ့ကပြခဲ့ပြီးပါသော ဇလုံထဲက ရွှံ့ဂိုတုံးကြီးဥပမာ၌၊ အတွင်းသား အရေ, အဖတ်ကလာပ်တို့ သက်သက်နှင့်၊ အပေါ်ရံ ပုံသဏ္ဌာန်အများ ပညတ်တရားတို့ သက်သက်ကို ကွက်ကွက်-ကွင်းကွင်းကြီး ခြားနားအောင် ထင်မြင်နိုင်ကြသလို၊ ဤမြေထုဂိုဏ်- ခုတ်ဂို၊ ကျောက်ဂို- တောင်တောင်ဂို၊ တုံးတိုင် သစ်ပင်ဂို စသော အဝိညာဏက အရိုဝဏ္ဏတို့၏အတွင်းသား ဂိုဟူသမျှတို့၏ရင်း၊ မိမိကိုယ်ကြီး၏အတွင်းသားဂို၊ လင်ဂို-မယားဂို၊ သားဂို၊ သမီးဂို၊ ဆရာဂို-တပည့်ဂို စသော သဝိညာဏက အရိုကောင်ဟူသမျှတို့၏ အတွင်းသားဂို ရှိသမျှတို့၏ရင်း၊ အရေ,အဖတ်ကလာပ်တို့ သက်သက်နှင့်၊ အပေါ်ရံ ပုံသဏ္ဌာန်အများ ပညတ်တရားတို့ သက်သက်ကိုရင်း၊ အပုပ်ရေ-အပုပ်ဖတ်တို့ စပ်ဟပ်ကြပြီး အပုပ်ကောင်မ, အပုပ်ကောင်ထီးစသော အသုဘတို့ကိုရင်း၊ ကွက်ကွက်-ကွင်းကွင်းကြီး ထင်မြင်နိုင်ကြအောင် ကြိုးကြိုး ကုတ်ကုတ်သွားလာနေထိုင်ရာတို့မှာ မရ-ရသာအခွင့်ကိုရှာ၍ မကြာမကြာ အခါခါအားထုတ်ကြပါလေ၊ ယောဂီမြတ်တွေတို့ဟု- ဤပဌမနေ့ တရားဟော၍ ပြီးခါနီးအဆုံးမှာ ကျင့်ကြံဘို့လိုရင်းဆုံးကြီးအချုပ်တို့ကို ထုတ်ကာထုတ်ကာ နှိုးအုပ်တရားများကိုလည်း ဟောကြားကြပါလေ။ ဆရာလုပ်သမျှ သူတော်ကောင်းအပေါင်းတွေတို့။

## (၈) အခြောက်ဟူသမျှ ကြေး,သံရေတို့ အခါကသနှင့် စကြဝဠာအနန္တဘို့ပရမတ်တိုက်ကြီးဖြစ်ကြပုံ

ဒုတိယနေ့မှာ ဝိပဿနာအလုပ်ပေးသောအခါ၊ ပဌမနေ့ကမပါသော လူသစ်များပါလာမူ၊ ရှေ့နေ့က ဟောပြီးသား၊ ဇလုံထဲက အရေ-အဖတ်ကလာပ် ၂-ပါးရောစပ်ထားသော ရွှံ့ဂိုတုံးဥပမာကစ၍ ဟောပြီးမှ၊ ဤပြလတ္တံ့သော အခြောက်ဝဏ္ဏသည်ဘို့ကို ရှုကြစရာ ဥပမာကား၊ ဆန်ကောထဲမှာ-ပဲပြုံ,ပဲနို၊ တစလယ်စီလောက် ရောနှောမွှေနှောက်၍ အချင်းချင်းမိပြားစပ်ရှက်နေကြအောင် ဖိနှိပ်၍ ထားပြီးမှ၊ ပဲပြုံစေ့ကိုသာ ကောက်ယူပါက၊ ပဲနိုချည်းသာ အကြားကျယ်ဇွာရှိနေတာလို၊ ထိုထိုအရိုဝဏ္ဏမှာ

အရေ,အဖတ်အမှုန့် ၂-ခုတို့တွင် ဉာဏ်ဖြင့် အရေမှုန့်တွေကိုနုတ်၍ပစ်ကာ ရှုကြည့်ကြပါမူ၊အဖတ်ကလာပ်မှုန့်ချည်း တခုထည်းသာ အာကာသကျယ်စွာ ပွ-ရွ-မွ-ကဲ့ကာ ထင်မြင်လာလတ္တံ့ ပေလိမ့်သတည်း။ ဤသို့ ထင်မြင်လာရာ၊**ထင်ရှားသော သက်သေတနည်းမှာကား၊**—အပေါက်အခေါင်းမရှိသော တုံးတိုင်ထက်ရှိသော တုံးတိုင်တို့က တီးခေါက်၍ အသံမြည်ကြသည့် ဥပမာလို၊ အစိုတုံးတိုင် စသည်တို့ထက် အခြောက် တုံးတိုင်စသည်တို့က အပေါက်အကြားအာကာသ ကျယ်ပွါးလျက် တီးခေါက်၍ အသံထွက်မှု ဥပမေယျစုမှာ အကုန်လုံး ပေါက်ရောက် သွားအောင် အခြောက် ဝတ္ထုတခုတခုစီ ရှုကြည့်လိုက်ကြပါက အရေကလာပ်မှုန့်တို့ ထွက်-ခြောက်၊ပျောက်ချုပ်ကြသဖြင့်၊အဖတ်ကလာပ်မှုန့်တမျိုးထည်းသာ ကဲ့ရဲ့ရွဲစွာရှိနေကြရာသည်ကို ဉာဏ်မှာထင်မြင် သိရှိလာကြလတ္တံ့ ပေလိမ့်သတည်း။ ဤသို့ရေဆိုဝင်သောဝတ္ထုတို့ကို၊ ရေတို့-ဆိုတို့ကို ဉာဏ်နှင့် သွင်းကာ ထုတ်ကာ အမှုန့်တမျိုးထည်းသက်သက် ၂ မျိုးရောလျက်တို့ကို ထင်မြင်ပေါက်ရောက်လာအောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။ ။၎င်းအရတို့ကို ထင်မြင်ကြသောအခါကျမှ ပကတိရေ,ဆီတို့ မဝင်နိုင်ရာသော ကြေးခွက်- သံခွက်- ဖန်ခွက်စသည်တို့ကိုမူကား၊ ခြသေ့်ဆီထည့်ထားမူ၊ ၎င်းခွက်များတို့ အာကာသ အကြား အပေါက်တို့က၊စက်စက်-စက်စက်နှင့် ထွက်ကျကုန်ရာ၏။ ၎င်းခြသေ့်ဆီ မထွက်နိုင်သော ရွှေခွက်တို့ ရွှေတို့၏ အမှုန့်အကြား အာကာသတို့ကို သိလိုကြပါမူ၊ ရွှေပိုင်းတချပ်မျှကို ပွတ်ချေကြည့်ကြလျှင်၊ ၎င်းရွှေတွေ တမှုန့်စီ နေမှု၊ အာကာသစုတို့ကို ဒိဋ္ဌတွေ့မြင်ကြရပေလိမ့်သတည်း။

**တနည်းဥပမာထင်ရှားရာသောအချက်ကား၊**အင်တေပြုလုပ်ကြရာမှာ ထုံးမှုန့်- သဲမှုန့်-ဘိလပ်မြေမှုန့်တို့ကို ရောစပ်၍ ရေနှင့် မွှေနှောက်သောအခါ၊ အချင်းချင်းရောနှော၍ အင်တေခဲကြီးပင် ဖြစ်နေပါသော်လည်း အတွင်းသားထဲက ထုံးမှုန့်စသည်တို့ကား၊ မိမိ-မိမိတို့၏ အပိုင်းအခြားတို့နှင့်သာ တခုက-ဘခုတို့ မဖြစ်ကြဘဲ၊ ထိစပ်ကာမျှတည်နေကြသလို၊ကြေး (ဒိ) သားကိုအရေကျို၍ ရွှေ(ဒိ) သားထည့်လျှင် (၂) မှုန့်ရော။ငွေ(ဒိ)သားထည့်ပြန်လျှင် (၃) မှုန့်ရော။သံ-သွတ်-ဇွတ်,ခဲ-စသော သတ္တုဓာတ်တရာလောက် ထည့်ပြန်လျှင် ၎င်းအမှုန့်စု တရာတို့ရောစပ်နေကြကာ မိမိ-မိမိတို့၏ အပိုင်းအခြားအာကာသတို့နှင့်သာပူးစပ်ကာ တည်ရှိကြရာသည်ကို၊ အင်တေခဲ ဥပမာနှင့် ဟပ်ကာဟပ်ကာ၊ မိမိတို့ဉာဏ်မှာ ကြောင်ကြောင်

ကြီး ထင်မြင် ပေါက်ရောက်လာအောင် မကြာမကြာ အခါခါ ရှုကြည့်လိုက်ကြပါလေ။ ၎င်းသဏ္ဌာန်ဓာတ်ကလာပ်မှုန့်တွေ တခုက–တခုတို့ မဖြစ်ကြလေဘဲ၊တခုစီသာ အာကာသ ခြားနေပါသော–သက် သေကား၊၎င်းဓာတ်ခွဲ ဆရာကြီးတွေက ထိုသဏ္ဌာန်ဓာတ်တရာစုတို့ကို တခြားစီ ကွဲထွက်စေတတ်သော ဆေးတို့နှင့်ပေါက်၍ ထိုးလိုက်ပါမူ၊ ရွှေ-ငွေ-ကြေး–သံ, စသည်တို့ တခြားဘလမ်းစီ ထွက်သွားကြကုန်ရာ သည်များကိုထောက်ထားကြ၍၊ ဓာတ်တခုက ဓာတ်တခု မဖြစ်နိုင်ကြဘဲ၊ မိမိ-မိမိတို့အပိုင်းအခြားတို့နှင့်သာ ပူးစပ်ကပ်တွယ်ကြကာ၊ တည်နေကြရာသည့် သက်သေစုတို့ကို ရှုကာရှုကာ ၎င်းသဏ္ဌာန်ဓာတ်တို့ တခြားဓာတ်တို့နှင့် မရောစပ်ကြသေးဘဲ၊ တမျိုးတမျိုးစီတို့ အထဲမှာလည်း ကလာပ်စုတို့ချင်းမရောနှော အမှုန့်စုသဘောတွေသာ ပူးစပ်ကပ်တွယ်ကာ တည်ရှိနေကြရာသည်ကိုလည်း ထင်မြင်လာအောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။ ဤသဏ္ဌာန်ဓာတ်ကလာပ်မှုန့်တို့ကိုထင်မြင်က ဘယ်အကောင်အထည်မျှ မခံနိုင်ကြကုန်ရာ၊ အကုန်လုံးကလာပ်မှုန့်စု၊ကလာပ်မှုန့်ခဲ, ကလာပ်မှုန့်တွဲကြီးတွေ ထင်မြင် လာကြပေလိမ့်သတည်း။

အရေဝဏ္ဏတို့၏ အကြားအာကာသတို့ကို ထင်ရှားလိုစေမူကား၊ ရေခွက်ထဲက ရေကြည်တွေအတွင်းသို့ မီးရောင်ကလာပ်မှုန့်တွေ သွင်းလိုက်ပါမူ၊ရေကလာပ်မှုန့် အကြားတိုင်းသို့ဝင်၍ ရေခွက်အောက်အပြင်မှာ မီးရောင်တွေ ဝင်းဝါနေတာကို လူတိုင်းပင် မြင်ကြကုန်ရာ၏။ အကာယ်၍နည်းတပါးနှင့် ထင်ရှားသိလိုကြသေးပါမူ၊ နွားနို့ ကလာပ်တို့နှင့် ရေကလာပ်တို့ ရောစပ်လိုက်က တခုအကြား တခုဝင်သွားကြပုံ၊ တဖန်မရိုးစေးနှင့်ဖြစ်စေ၊ သမ္ဘာရာရေစသည်နှင့်ဖြစ်စေ၊၎င်းနွားနို့-ရေ ၂–ခုစပ်တို့ကို နွားနို့ခဲပြုလုပ်လတ်မူ၊ နွားနို့ကလာပ်စုကနွားနို့ခဲဖြစ်၊ ရေကလာပ်စုက အရေ သက်သက်ဖြစ်၍ ထွက်ကျရာသည့် စံပြသက်သေများမှာ ထင်မြင်ပေါက်ရောက်ကြပါမူ၊အရေဝဏ္ဏဟူသမျှတို့မှာ အရေကလာပ်မှုန့်တို့ သက်သက်သာဟု ထင်မြင်ပေါက်ရောက်ကြပါလိမ့်သတည်း။ ။ဤသို့ရှေးကပြခဲ့တိုင်း အရိုး,အခြောက်, အရေတို့မှာ ထင်မြင်ပေါက်ရောက်ကြသောအခါ၊ အနန္တစကြာဝဠာတိုင်းတို့မှာ ရှိရှိသမျှသော အရိုးတုံး,အရိုးခဲ, အရိုးကောင်,အရိုးဝဏ္ဏတို့၏ အတွင်းဟူသမျှတို့မှာ အရေ, အဖတ်ကလာပ် ၂-ပါးတို့သာ အချင်းချင်း ပိုင်းခြားကာတည် ရှိကြ၏။ ရှိရှိသမျှသော အခြောက်တုံး,အခြောက်ခဲ,အခြောက်ကောင်,အခြောက်ဝဏ္ဏတို့ အတွင်း

ဟူသမျှတို့မှာလည်း အဖတ်ကလာပ်မှုန့်တို့သာ အချင်းချင်း ပိုင်းခြားကာ တည်ရှိကြ၏။ ရှိရှိသမျှသော အရေဝဏ္ဏတို့အတွင်းတို့ ဟူသမျှမှာလည်း အရေကလာပ်တို့သာ အချင်းချင်းပိုင်းခြားကာ တည်ရှိကြ၏ဟူ၍၊ ထိုထို စကြဝဠာတို့မှာ အကောင်အထည် ဝတ္ထု ရှိရှိသမျှတို့ကို သိရှိကြပြီး နောက်၊ ၎င်းအနန္တစကြဝဠာတို့ဝယ် ပညတ်နယ်က ထင်ရှားရှိနေကြသော အပေါက်, အခေါင်း, ဟောင်းလောင်း, ဟင်လင်းအပြင်၊ ကောင်းကင် အရပ်တို့မှာကား၊အရိပ်ကလာပ်, အရောင်ကလာပ်, မှောင်ကလာပ်, အသံကလာပ်, လေကလာပ်, အနံ့ကလာပ် စသည့်တို့ အကြောင်း အား လျော်စွာ ရှိနေကြကုန်ရာ၏။ ထိုကဲ့သို့ ရှိနေကြရာ၌လည်း လောကမှာ ထင်ရှားကြသော ရုပ်တပါးထည်းသာ မက ရုပ်ရှစ်ပါးစီ ရှိကြသည်ကို သိစေလို၍၊ —

**အရိပ်,အရောင်၊ မှောင်,အသံ,လေ၊ ရေနှင့်,အနံ့၊ နူးညံ့,လှစွာ၊ တေဇော်တို့မှာ၊ ရှစ်ပြားရုပ်ရေ၊ ပေါ်အောင်ရှု။**

၎င်းရုပ်ရှစ်ခုအရကို၊သိစေလိုလှပြန်၍။ ။(ပထဝီ-အာပေါ၊တေဇော ဝါယော၊ ဝဏ္ဏ-ဂန္ဓ၊ ရသ-သြဇာ၊ ပေါင်း ရုပ်ရှစ်ခုသည်၊ သုဒ္ဓဋ္ဌက-ကလာပ်မည်၏)။ ။ဟု ဝိသုဒ္ဓိကျင့်စဉ် ဆောင်ပုဒ်မှာ၊ ရေးထုတ်လိုက်ပါသတည်း။

ထိုထို ကောင်းကင် အရပ်တိုင်းတို့မှာ အမြဲ ထာဝရ ရှိနေကြသော ကလာပ်တို့ကား၊အရောင်ကလာပ်မှုန့်,မှောင်ကလာပ်မှုန့် ၂-ပါးတို့တွင်၊ တခုမရှိက တခုဧကန်ရှိနေကြကုန်၏ဟု သိကြကုန်ရာ၏။တခုမရှိ တခုရှိသည်ကို ဤမျက်မြင်လောကကြီး အတွင်းက အာကာသ ကောင်းကင်တို့မှာ ဧကန်မုချ ထင်မြင်သိရှိကြပြီးနောက်၊ဤမြေကလာပ်ထု,ရေကလာပ်, လေကလာပ်ထုကြီးတို့၏ အောက်အရပ်တို့၌၎င်း၊ အထက်ဆုံးဗြဟ္မာဘုံတို့၏ အထက်ရပ်တို့၌၎င်း၊ အဆုံး အပိုင်း အခြား မရှိသော ကောင်းကင် အပြင်ကြီးတို့ အတွင်း၌၊ ထိုထိုဘုံဌာန သတ္တဝါတွေနှင့် တကွ လေထု, ရေထု,မြေထုတို့ တခုမျှမရှိကြသောကြောင့်သာ **တုစ္ဆာကာသ**ဟု အမည် ရလေသည်။၎င်းတုစ္ဆာကာသ အမည်ကို ရသည့်အတိုင်း အာကာသတို့ အတွင်းမှာ အလင်းကိုပြုတတ်သော နေ, လ, နက္ခတ်, တာရာ၊ ပတ္တမြား, ကျောက်၊ မီးတောက်, မီးခဲစသော အကောင် အထည်ဝတ္ထုတို့ တခုမျှ ဧကန်မရှိကြရာ။ ထိုဝတ္ထုတို့မရှိကလည်း အလင်းအရောင် ဟူသမျှတို့

7

ကောင်းကင်ကြီးများ မလွှမ်းမိုးကြဘူးပေါ့။ ထိုထိုအလင်းအရောင်မရှိကလည်း မှောင်အတိတို့သာ ကောင်းကင်ရှိကြရသောကြောင့် **အတွေးနှင့်ကျောင်းစာရေးကို ဆောင်းသည်** ဆိုဘာသို၊ မြေထု, ရေထု, လေထုတို့ အောက်က မှောင်ကလာပ်ထုကြီး တွေ ကောင်းကင်ရှိနေကြပြီးဟုသိစေလို၍ ဝိသုဒ္ဓိဆောင်ပုဒ်၌။ ။**မြေထု,ရေထု, လေထု,မှောင်ထု** ဟုဆိုလိုက်ပေသတည်း။ထိုထိုအဓိပ်, အရောင်,အလင်း, မှောင်တို့ကလည်း ဝဏ္ဏရုပ် ပရမတ်အစစ်တို့သာတည်းဟု သိစေခြင်းငှါ ဝဏ္ဏရုပ်ကိုဟောပြချ မွေသင်္ဂဟပါဠိတော်မှာ။**ဆာယာ,အာတပေါ်,အာလောကော,အန္ဓကာရော**။ ။ဆာယာ၊အရိပ်ဟုဆိုအပ်သောဝဏ္ဏရုပ်ငင်း။ အာတပေါ၊ နေပူချောင်ဟုဆိုအပ်သော ဝဏ္ဏရုပ်ငင်း။ အာလောကော၊ အလင်းချောင်ဟုဆိုအပ်သော ဝဏ္ဏရုပ်ငင်း။အန္ဓကာရော၊အမိုက်မှောင်ဟု ဆိုအပ်သောဝဏ္ဏရုပ်ငင်း။ ။ဟုဘုရားဟောတော်မူသည့်အတိုင်း ဝဏ္ဏရုပ် ဖြစ်ကလည်း ထိုဝဏ္ဏရုပ်နှင့် မကွဲမကွာ အမြဲပါနေသော ပထဝီ,အာပေါ, တေဇော, ဝါယော, ဂန္ဓ, ရသ, ဩဇာတို့လည်း ကောင်းကင် ရှိကြပြီးဖြစ်ရကား၊ အောက်အထက် အဆုံးအပိုင်းအခြားမရှိသော ထိုထို ကောင်းကင် ကြီးနှင့် အပြည့်အပြည့်တို့မှာလည်း မှောင်ကလာပ်ထုကြီးတို့ကောင်း ရှိကြ ကုန်၏ဟု အတပ်သိကြကုန်ရာ၏။ ဤသို့ရှေ့က ဟောပြခဲ့တိုင်း အကောင် အထည် ဝတ္ထုတို့၏ အတွင်း ရှိသမျှတို့မှာ အရေကလာပ် သက်သက်၊ အဖတ်ကလာပ်သက်သက်၊ ငင်းကလာပ် ၂-ပါး ရောရှက်၍သာ ရှိနေကြ ရာသည်ကိုငင်း၊ ထိုထိုကောင်းကင်အတွင်းတိုင်းတို့မှာ အရောင်ကလာပ်, မှောင်ကလာပ်တွေဟာ ကောင်း ရှိနေကြတာကိုငင်း သိရှိကြပြီးနောက် **တွင်းဖေါက်ကြံစည်ရန်အား**။—ဩဝ် …ဤစကြဝဠာတိုက်ကြီးဟုဆိုတာ ကလည်း တခြားမဟုတ်ပါ၊စင်စစ်မှာမူကား၊ကလာပ်တိုက်,ဓာတ်တိုက်, ပရမတ်တိုက်ကြီးတို့ သက်သက် တွေပါတကား၊ထိုထိုအထက်,အောက် အရှေ့ အနောက်, တောင်မြောက် အဆုံး အပိုင်းအခြား မရှိသော အရပ် မျက်နှာရှိ၊ စကြဝဠာ အနန္တတို့ ဆိုတာတွေလည်း တခြားမဟုတ်ပါ။ ကလာပ်တိုက်, ဓာတ်တိုက်, ပရမတ်တိုက်ကြီးတို့သက်သက်ပါတကား။ ထိုထို အကောင်အထည် ဝတ္ထုတို့ အတွင်း ရှိသမျှတို့ကလည်း ကလာပ် ကောင်,ဓာတ်ကောင်,ပရမတ်ကောင်,ပရမတ်ထည်ပရမတ်ဝတ္ထုတို့ချည်း ဖြစ်ကြ၍ ရေတွေထဲမှာ ငါးတွေ မြုပ်နေကြတာလို အရောင်ကလာပ်- မှောင်ကလပ်တို့ အတွင်းမှာ သူ, ငါရှိသမျှတို့သည် မြုပ်ခြင်းကြီး မလှ မြုပ်နေကြကာ၊ နေယုင်သွားလာ၍ မိမိတို့အလိုရှိရာ ပြုနေကြကုန်၏။ ထိုသို့

ပြုနေကြပါလျက် ရေနှစ်နေသူမှာ ရေများစွာ မဝင်ဘဲ၊ ရေငတ်ချင် သမျှ ငတ်နေကြတာလို၊ ထိုထို ပရမတ်စစ်တွေ မိမိတို့ ဉာဏ်ပေါက် ထဲသို့ မဝင်ကြလေဘဲ၊ ပရမတ်တရားရေ အစစ်မတတ် ငတ်နေကြရသည့်ကား တခြားမဟုတ်ပါ။သတ္တဝါတိုင်းတို့ သိမှတ်လွယ်ရာ မိမိတို့ဘာသာစကား နှင့် ပရမတ်တရားတွေ လောကကြီးတို့နှင့် အပြည့်အစုံ ရှိနေကြသည် ဘက်သို့၊ ဉာဏ်မျက်နှာလှည့်ကြပြီး ပြောဟောပြသသော နည်းကလေး တချို့ လိုနေကြသည့် အတွက်ကြောင့်သာ ပါဠိဘာသာကို လေ့လာနေ ကြရလို့ ခက်သည်ထက်ခက်လှ နက်သည်ထက် နက်နေကြပါတကားဟု အထူးသတိပြုကြကာ၊ တို့မြန်မာစကားနှင့် အလွန်ထင်ရှား ပေါ်လွင်သွား အောင် ရေးသားခဲ့သည့် အတိုင်း ထိုထိုအရပ်၌ အကောင် အထည် ရှိသမျှတို့ အတွင်းသို့၊ တခုစီ တခုစီက အကုန်လုံး ပြန့်နှံ့ကြအောင် ဉာဏ် သွင်းကာ သွင်းကာ ထွင်းဖေါက် ကြိုးစည်းကြံသောအခါ၊ ထိုထိုစကြဝဠာ တိုက်တွေဟာ အရေ, အဖတ်၊ အရောင်- မှောင်ဓာတ်၊ ကလာပ်တိုက်- ဓာတ်တိုက်- ပရမတ်တိုက်တွေသာ ဆက်စပ်ကြကာ ဖြစ်ထွန်းနေကြပါ တကားဟု ထင်မြင် လာကြကုန်ရာ၏။ ဝါ၊ မထင်မြင်သေးမူ၊ နောက်က ရေးပြခဲ့သမျှကို သေချာ ဂ,န အထပ်ထပ် ရှုကြည့်ကြကာ၊ ထင်မြင်လာ အောင် မကြာမကြာ အခါခါရှုကြည့် ကြပါလေ၊ ယောဂီမြတ်တွေတို့။

ဤသို့ရှုကြည့်၍ ထင်မြင်လာသောအခါ၊ **ခေတ်ကလာပ်ချင်း ဆက်စပ်၍ရှုကြည့်ရပုံကား**။......ဟို....အောက်အဆုံးအပိုင်းအခြားမရှိသည့် မှောင် ကလာပ်ထုကြီး အောက်နားက ရှိကြသည့် မှောင်ကလာပ်များနှင့် ဆက် စပ်ကြ၍၊အထက်လေထုသို့ကျအောင် အချင်းချင်းထိဆက်လျက် အထက် သို့ တက်တက် လာချက်တို့ကို မိမိတို့ ဉာဏ်မှာ ထင်မြင်လာအောင် အခါခါရှု။ ။တဖန်-၎င်းအထက်ဆုံးမှောင်ကလာပ်မှုန့်တွေနှင့်ထိစပ်ကာ၊ ကိုးသိန်းခြောက်သောင်း အထုရှိသော လေကလာပ်မှုန့် တို့သည်လည်း ဆက်စပ်ကြ၍၊ အထက်ရေထု ကျအောင် အချင်းချင်း ထိဆက်လျက် အထက်သို့ တက်တက် လာချက်တို့ကိုလည်း မိမိတို့ဉာဏ်မှာ ထင်မြင်လာ အောင် အခါခါရှု။ ။တဖန်- ၎င်းအထက်ဆုံး လေကလာပ် မှုန့်တွေနှင့် ထိစပ်ကြကာ၊ လေးသိန်း ရှစ်သောင်း အထုရှိသော ရေကလာပ်မှုန့်တို့ သည်လည်း ဆက်စပ်ကြ၍၊အထက်မြေထုကျအောင် အချင်းချင်းထိဆက် လျက် အထက်သို့ တက်တက်လာချက်ကိုလည်း မိမိတို့ဉာဏ်မှာ ထင်မြင် လာအောင် အခါခါရှု။ ။တဖန်- အထက်ဆုံး ရေကလာပ်မှုန့်တွေနှင့်

ထိစပ်ကြကာ ၂-သိန်း၄-သောင်းအထုရှိသော မြေကလာပ်မှုန့်တို့သည်လည်း မြေအထက်ကရှိနေကြသော ထိုထိုကောတောင် အကောင်အထည်စသော သဝိညာဏက,ကလာပ်မှုန့်၊အဝိညာဏက,ကလာပ်မှုန့်၊အရောင်မှောင်စသော ကလာပ်မှုန့်တို့သို့ ကျအောင် ဆက်စပ်ကြ၍၊ အချင်းချင်း ထိစပ်ကြလျက် အထက်သို့ တက်တက်လာချက်ကိုလည်း မိမိတို့ဉာဏ်မှာ ထင်မြင်လာအောင် အခါခါ ရှုကြပါလေ။

တဖန်-၎င်းအထက်ဆုံး မြေကလာပ်မှုန့်တွေနှင့် ထိစပ်ကြကာ၊ ထိုမြေအထက်မှာ ရှိရှိသမျှသော သဝိညာဏက,အဝိညာဏကတို့အတွင်းသားဖြစ်နေကြသော အရေကလာပ်,အဖတ်ကလာပ်မှုန့်၊အရိပ်ကလာပ်-မှောင်ကလာပ်မှုန့်၊ အလင်းကလာပ်-အရောင်ကလာပ်မှုန့် တို့သည်လည်း ဆက်စပ်ကြ၍၊ အထက်စာတုမဟာရာဇ်ကျအောင် အချင်းချင်း ထိဆက်လျက် အထက်သို့ တက်တက်သွားချက်ကိုလည်း မိမိတို့ဉာဏ်မှာ ထင်မြင်လာအောင် အခါခါရှု။ ။တဖန်၎င်းစာတုမဟာရာဇ်က အထက်ကောင်းကင်၌ အဆင့်ဆင့်တည်ရှိနေကြကုန်သော နတ်ဘုံနတ်သွီး,နတ်သားတို့၏၎င်း၊ ဗြဟ္မာဘုံ-ဗြဟ္မာများတို့၏၎င်း၊ အရေကလာပ်, အဖတ်ကလပ်မှုန့်၊ ၎င်းနတ်ဗြဟ္မာတို့ ကိုယ်ရောင် ကလာပ်မှုန့်၊၎င်းအရောင်တို့ မရောက်ရာ ၂-ဘုံတို့၏အကြားတို့၌၎င်း၊ အထက်ဆုံးဗြဟ္မာရောင်တို့ အထက်ကစ၍၊ အဆုံးအပိုင်းအခြားမရှိကြသော အထက်ကောင်းကင်အပြင်ကြီးတို့၌၎င်း၊ထိုထိုအရောင် မရှိသဖြင့် စင်စစ်ကြန် အမှန်မလွဲ မှောင်ချပ်ကြီး မဲမဲတွေသာ ရှိနေကြရသော မှောင်ကလာပ်မှုန့်တို့သည်လည်းဆက်စပ်ကြ၍၊အထက်အဆုံး အပိုင်းအခြားမရှိသည့် အထက်နားကျအောင် အချင်းချင်းထိဆက်ကြလျက် အထက်သို့ တက်တက် သွားချက်ကိုလည်း မိမိတို့ ဉာဏ်မှာ ကြောင်ကြောင်ကြီး ထင်မြင်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။

ဤသို့ရှေ့က ဟောပြခဲ့တိုင်း ဤစကြဝဠာတခုမှာ အထက်, အောက်၊ အရှေ့အနောက်၊တောင်,မြောက်ရှိသမျှတို့၌၊ ကလာပ်မှုန့်တို့လည်း တစပ်ထည်း၊ အကြားအာကာသ တို့လည်း တစပ်ထည်း တည်ရှိ၍ နေကြပုံကို၊ တင်းတောင်းနှင့်အပြည့် နှမ်းစေ့တွေထည့်ထားရာမှာ အောက်ဆုံးနှမ်းစေ့နှင့် အထက်ဆုံးနှမ်းစေ့တွေ၊ အရှေ့,အနောက်, တောင်, မြောက် နှမ်းစေ့တွေလည်း တစပ်ထည်း အချင်းချင်း ဆက်စပ်၍ နေကြပုံကို ကြောင်ကြောင်ကြီး ထင်မြင်ကြရသလို၎င်း၊ ထိုတင်းတောင်းအတွင်းက နှမ်းစေ့

အကြားတို့လည်း အထက်အောက် ရှေ့နောက်, ဝဲယာအရပ်တို့မှာ တစပ်ထည်းဆက်စပ်၍နေကြပုံကို ကြောင်ကြောင်ကြီး ထင်မြင်ကြရသလိုရင်း၊ ကြောင်ကြောင်ကြီး ဤစကြဝဠာတခုကို ထင်မြင်ပါမူ၊အဆုံးအပိုင်းအခြားမရှိသော ထိုထိုအရပ်မျက်နှာရှိ စကြာဠာအနန္တ၊ ကောင်းကင် အနန္တတို့မှာလည်း ကလာပ်မှုန့်တို့လည်း တစပ်ထည်း၊ အကြားအာကာသတို့လည်း တစပ်ထည်းဆက်စပ်၍ နေကြတာကို ထင်မြင်လာနိုင်ကြ ပေလိမ့်သတည်း။ ထိုသို့ ထင်မြင်လာကြသောအခါ၊ ပရမတ်အာကာသနှင့် တကွကလာပ်တိုက်,ဓာတ်တိုက်, ပရမတ်တိုက်ကြီးများကို လောကဝေါဟာရနှင့် ထင်မြင်ပြောဆိုစရာ ဝိပဿနာယောဂီအစစ်ဖြစ်ကြသော ငါကောင်မငါကောင်ထီးကြီးတို့မှာ ထင်ရှားစွာ ထင်မြင်ပေါက်ရောက်ပြီး တကားဟုလက်ခမောင်းများ ခတ်ချင်လာအောင် တက်ကြွသော ပီတိများ ထင်ရှားဖြစ်ပေါ်နိုင်ကြကုန်ရာ၏။ ။ထိုဓာတ်,ကလာပ်, ပရမတ်တိုက်ကြီးများကို တဆက်တစပ်ထည်း အထက်–အောက်၊အရှေ့,အနောက်၊တောင်မြောက်တို့မှာ ထင်ရှားပေါက်ရောက်ကြပါမူ၊ ၎င်းကလာပ်တိုင်းတို့မှာ ပါသော ပထဝီဓာတ်တိုက်ကြီး၊ဝါ၊ မြေထုကြီးတို့လည်း အထက်-အောက်၊ အရှေ့အနောက်၊တောင်မြောက်တို့မှာ တစပ်ထည်းနေကြတာကိုလည်း ထင်မြင်ကြကုန်ရာ၏။

အာပေါဓာတ်တိုက်ကြီး။ဝါ၊ ရေထုကြီးတို့လည်း တစပ်ထည်း။ တေဇောဓာတ်တိုက်ကြီး။ဝါ၊မီးထုကြီးတို့လည်းတစပ်ထည်း။ ဝါယောဓာတ်တိုက်ကြီး။ဝါ၊ လေထုကြီးတို့လည်း တစပ်ထည်း။ ဝဏ္ဏတိုက်ကြီး။ ဝါ၊ အဆင်းထုကြီးလည်းတစပ်ထည်း၊ ဂန္ဓတိုက်ကြီး။ဝါ၊ အနံ့ထုကြီးလည်း တစပ်ထည်း။ ရသတိုက်ကြီး။ဝါ၊ အရသာအထုကြီးလည်း တစပ်ထည်း။ ဩဇာတိုက်ကြီး။ဝါ၊ ဓာတ်ဆီအထုကြီးလည်း တစပ်ထည်းဟု ထိုထိုကလာပ်အတွင်းက ရုပ်တပါးချင်းစီတို့ကို ထင်မြင်အောင်ဆင်ခြင်ကြည့်ရှုကြသောအခါ၊ မကြာမတင် လျင်လျင်မြန်မြန် ထင်မြင်ပေါက်ရောက်ကြပြန်၍၊ ထိုထိုစကြာဠာအတွင်းက လူ, နတ်, ဗြဟ္မာ စသော ရှိရှိ သမျှသဝိညာဏက, အဝိညာဏကတို့၏ အတွင်းသား ဟူသမျှတို့မှာလည်း ဤရုပ်ရှစ်ပါး အသီးအသီးတွေ အကုန်လုံးဖြစ်နေကြသည်ကို အထင်အမြင်ပေါက်ရောက်ကြသူချင်းတို့ ထိုထိုရုပ်တပါးစီနှင့်၊ဤလောကကြီး အားလုံးတို့က ပညတ်ကောင်, ပညတ်တုံးတို့နှင့်တွဲ၍ အဆန်းကလေးများလဲဖြစ်ကြအောင် ပြောဟောလိုကြပါမူ၊တို့လူပြည်နှင့်ဗြဟ္မာပြည်တွေ မြေကပြင်

ထည်းဘဲ ဟူ၍၎င်း၊ ရေတပြင်ထည်းဘဲ ဟူ၍၎င်း၊ မီးတွေတဆက်ထည်းဘဲဟူ၍၎င်း၊ စာကားမတတ် အလုပ်နှင့် အဟုတ် မြတ်သူတယောက်က ပြောဟောပြမှု၊၎င်းသဘောတူမိန်းမဟူသမျှတို့ကပင် အကုန်လုံးသဘောကျလှ၍၊ အေးတော့- အေးတော့ဟု လိုက်နိုင်ကြပေလိမ့် သတည်း။ (ဘနည်း) တို့-မိုဃ်းညှင်းနှင့် စပ်ရတော့မှ မြေအိမ်- မြေကျောင်း- မြေအပေါင်းတို့အပေါ်မှာ မြေလူ-မြေသတ္တဝါ၊မြေပြဟ္မာတွေဟာ မြေထဲမှာ အကုန်လုံး မြုပ်နစ်နေကြသည်ဟု ပြောကလည်း အကုန်လုံးသဘောကျပြီး၊ အေးတော့- အေးတော့ဟု လိုက်နိုင်ကြပေလိမ့်သတည်း။ (တနည်း) ရေအိမ်- ရေကျောင်း- ရေအပေါင်းတို့အပေါ်မှာ ရေလူ-ရေသတ္တဝါ၊ ရေပြဟ္မာကြီးတွေဟာ ရေတွေထဲမှာ အကုန်လုံးမြုပ်နစ်နေကြသည်ဟု ပြောကလည်း အေးတော့- အေးတော့ဟူ၍ချည်း လိုက်နိုင်ကြ ပေလိမ့် သတည်း။

(တနည်း) အရေးအကြီးဆုံး ဤမီးအချက်တွေ တစပ်ထည်း စပ်နေကြသည်များကို ကြိုးကြိုးစားစား အားထုတ်ထားကြစေချ ဥပမာကား၊ ငရဲပြည်မှာ ရှိရှိသမျှသော အကောင်အထည် ဝတ္ထုတွေဟာ ငရဲမီး ရဲရဲညီးကြီးတွေသာ အကုန်လုံးရှိနေကြတာကဲ့သို့၊ ထိုထို ကလာပ်တိုင်းတို့က တေဇောဓာတ်ဟူသမျှတို့လည်း တစပ်ထည်းသာ ရဲရဲညီးတည်ရှိကြပါသဖြင့် မီးမြေ-မီးအိမ်-မီးကျောင်း၊မီးအသုံးအဆောင်အပေါင်းတို့ အကုန်လုံး၊မီးတုံး-မီးခဲကြီးတွေချည်းဖြစ်နေကြသော မီးလင်-မီးမယား၊မီးသားမီးသမီး၊ မီးဘုန်းကြီး၊ မီးသတ္တဝါ၊ မီးပြဟ္မာကြီးတို့သည် မီးကလာပ်အတွင်းတို့မှာ အမြဲထာဝရ မြုပ်နစ်၍ နေကြသည်များကို အကောင်အထည်ရှိသမျှ မီးတစပ်ထည်း ထင်မြင်ပေါက်ရောက်ကြအောင် ရှုထားကြသူချင်း ပြောဟောကြမှု၊ အကုန်လုံး သဘောကျကြပြီး အေးတော့- အေးတော့ဟု ဝန်ခံချက်ကို သွက်သွက်ကြီး လိုက်နိုင်ကြပေလိမ့်သတည်း။ (တနည်း) လေအိမ်- လေကျောင်းတို့ အပေါ်မှာ လေလူ-လေသတ္တဝါ, လေပြဟ္မာတို့ လေအသုံးအဆောင်, လေအစား အသောက်တွေကို သုံးဆောင် ခံစားနေကြသည်ဟူ၍လည်း အဆန်းဖြစ်အောင် ပြောသမျှတို့ကို၎င်း၊ ဝဏ္ဏ ဂန္ဓ-ရသ-ဩဇာရုပ်တို့ တခုစီနှင့်လည်း ရှေ့နည်းကို မှီး၍၊ အဆန်းပြောသမျှတို့ကို၎င်း၊ အေးတော့- အေးတော့ဟု သဘောကျပြီး အကုန်လုံး ဝန်ခံနိုင်ကြပေလိမ့်သတည်း။

ဤသို့ ရုပ်တပါးစီနှင့် ဤလောကကြီးအားလုံးက ပညတ်တုံးကိုတဲ့၍ အဆန်းတွေအကုန်ဖြစ်နေအောင် ထင်မြင်နိုင်ကြ ပြောဟောနိုင်ကြ, ဝန်ခံနိုင်ကြသောအခါ၊ ထိုထို၀ဋ္ဋ၊ အကောင်အထည် အရပ်မျက်နှာတို့မှာ အဘိဓမ္မာပရမတ် လွတ်လပ်တာတခုမျှကို ပြနိုင်ကြပါမူ၊ လိုရာ သိန်းသောင်း ရွှေဒင်္ဂါးစသော ဆုအပေါင်းကို ကောင်းကောင်းကြီး ပေးမည်ဟု ပရမတ်တရားမသိဂြားမှု အဝိဇ္ဇာလူဆိုးစုရှိက လှလှကြီး ဖမ်းမိကြအောင် ဆုပေး၍ ဝါရမ်းထုတ်သော်လည်း ဤခေတ်အလုပ်ကို အဟုတ်ပေါက်ရောက်ပြီးသူ မှန်ပါက ကြေ႑ာမှုချ ထိုဆုကို လိုချင်လှသော်လည်း ပရမတ်ကို မသိသည့်အတွက်နှင့် ပရမတ်တွေ မရှိချက်ကို ပြလိုသော အဝိဇ္ဇာ သူခိုးမိုလ်ကြီးတွေ တခါထည်း ထွက်ပြေးကြလေသောကြောင့်၊ ပရမတ်လွတ်ရာဌာန အကောင်အထည်ဟူသမျှတို့ကို မပြနိုင်ကြကုန်ရာ။ သို့ကလောက် ခရီးရောက်နေကြပါသော ယောဂီမြတ်အများ ယောကျ်ား မိန်းမ-ရှင်ရဟန်း စသည့်တို့ကား တခြားမဟုတ်ပါ။ ။ပရမဿဥတ္တမဿ ဉာဏဿ အဂ္ဂော ဂေါစရော- ပရမဂ္ဂော။ ။ပရမဿ ဥတ္တမဿ ဉာဏဿ၊ မဖေါက်မပြန်မြတ်သော ဘုရား—ပစ္စေကဗုဒ္ဓါအရိယာ- သာဝကတို့ဉာဏ်၏။ အဂ္ဂေါဂေါစရော၊ကျက်စားရာ အာရုံတည်း။ပရမဂ္ဂော၊ မဖေါက်မပြန် မြတ်သော ဘုရား— ပစ္စေကဗုဒ္ဓါ- အရိယာ- သာဝကတို့ဉာဏ်၏ ကျက်စားရာ အာရုံ။ ။ဟူသော- ဋီကာကျော် စသောကျမ်းဆရာကြီးများ မိန့်ကြားတော်မူသည်နှင့်အညီ၊ ယခုငါတို့ တစုမှာကား၊ ဘုရားရှင် တပည့်သားစစ်ဖြစ်ကြ၍သာ ဤပရမတ်အစစ် လောကကြီး အားလုံးတို့မှာ ဖြစ်နေကြတာကို ထင်မြင်ပေါက်ရောက် နေကြရပါတကား ဟု အထူးဝမ်းမြောက်ကြကာ၊ အနည်းဆုံးဘမင်္ဂ, တဖိုလ်မျှ မရက မနေရအောင် ဇောစိတ်ကြီး သန်သန်နှင့် မြန်မြန်ကြီး အားထုတ်ကြကုန်ရာ သတည်း။

ထိုထိုဘုရား ပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်တို့နှင့်၊ ၎င်းတပည့်သား သာဝကတို့မှတပါး၊ အခြားဆရာ ဗြဟ္မာသိကြား အထက်တန်းစားကြီးတွေ လောကီနယ်မှာ ဘယ်လိုပင်အကြီးအကျယ်ဖြစ်စေကာမူ၊ အတွင်းသားအနှစ်,ခေတ်ပရမတ်အစစ်တို့ကို မထင်မြင်ကြကုန်ရာ။ထိုထို ပရမတ်စစ်တို့၏ အပေါ်ရံမှာ အမျိုးမျိုးကွယ်ကာနေလတ်သည့် ပညတ်တို့ကား၊ (ပညာပိယတိ ဝေါဟာရိယတီတိ ပညတ္တိ)။ ။ပညာပိယတိ ဝေါဟာရိယတိ၊ ထိုထိုအမည်နာမတပ်၍ ခေါ်ဝေါ်ပြောဆိုအပ်၏။ ဣတိတသ္မာ၊

ထို့ကြောင့်။ ပညတ္တိ၊ ပညတ်မည်၏။ ။ဤကမ္ဗသာဝိဂြိုဟ်ဖြင့် ငါ-သူ-တပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါစသော ထိုထိုအမည်နာမတင်၍ ခေါ်ဝေါ်ပြောဆိုအပ်သည့်။ ငါ၊ အခေါ်ဝေါ်ခံရသည့် ထိုထိုအကောင်အထည် ပုံသဏ္ဌာန်ဒြပ် စသော **အတ္ထပညတ်**ရ၏။ ။(ပညာပိယတေ-ဝေါဟာ ရိယတေ ပညတ္တိ)။ ။ပညာပိယတေ ဝေါဟာရိယတေ၊ထိုထိုအမည်နာမ နှင့် ခေါ်ဝေါ်ပြောဆိုခြင်းတည်း။ ပညတ္တိ၊ ထိုထိုအမည်နာမနှင့် ခေါ်ဝေါ် ပြောဆိုခြင်း။ ။ဤဘာဝသာဝိဂြိုဟ်ဖြင့် ထိုထိုအမည်နာမနှင့် ခေါ်ဝေါ် ပြောဆိုနေကြသည့်၊ ထိုထိုဘာသာအမျိုးမျိုးတို့၏ စကားတည်းဟူသော **သဒ္ဒပညတ် နာမပညတ်**ရ၏။ ဤသဒ္ဒနာမပညတ်,အတ္ထပညတ် ထို ၂-ရပ် တို့တွင် ထိုထိုပရမတ်ဓာတ်ကလာပ်တို့ စပ်ဟပ်မိသောအခါမှာ အပေါ် ရံကြောကသော အကောင်ကြီးတွေဘဲ၊ အထည်ကြီးတွေဘဲဟု အထင်မြင် လွဲနေကြအောင် အမြဲထာဝရ ကွယ်ကာလျက် ရှိကြသော အကောင် အထည်အတ္ထဒြပ်၊ မိန်းမ, ယောကျ်ားစသော ထိုထိုပုံသဏ္ဌာန်တို့ကား၊ (သဏ္ဌာနပညတ္တတို့ပင်တည်း။) ထိုထိုပညတ်ကောင်ကြီးဖြစ်ပေါ်သည်က ပျက်ဆုံးသည် ကျအောင်၊ ထိုထိုပုံသဏ္ဌာန် ကြီး,ငယ်တို့အတိုင်း ဆက် လက်၍သွားမှု၊ အစဉ်သန္တတိစုတို့ကား၊ (သန္တတိပညတ္တတို့ပင်တည်း။) ၎င်းပညတ်တို့အတွင်းသား အရေကလာပ်မှုန့်,အဖတ်ကလာပ်မှုန့်တို့ကား (ပရမတ္ထအစစ်တို့ပင်တည်း။) ဤပညတ္တ ၂-ပါးနှင့် ပရမတ္ထတရားတို့ကို ခြားခြားနားနားကြီး သိ,ကြား နားလည်ကြအောင် ဟောကြားမှုအတွက် ဒုတိယရက် အပြီးသတ်မှာလည်း မိမိတို့ နေရာကျတော့ အားထုတ်တတ် ကြဘို့ လိုရင်းဆုံးအချုပ်တို့ကိုထုတ်ကာ၊ **နိဂုံးချုပ်၍ပြခရာကား**၊ ရှေ့က ပြခဲ့တိုင်း ပဲဖြူ,ပဲနီ ၂-မျိုးစပ် ဥပမာမှာ တမျိုးနှုတ်က ကျန်-ပဲစေ့တမျိုးမျှ သာ ကျဲရဲရဲစွာ ထင်မြင်ရတာလို၊ ဤလောကကြီး၌လည်း ရှိရှိသမျှ အဝို ကောင်, အဝိုထည်တို့အတွင်းက အရေကလာပ်မှုန့်တွေကို နှုတ်ပစ်ကြက အဖတ်ကလာပ်မှုန့်တွေမျှသာ ကျဲရဲရဲစွာနှင့် အပေါ်ရံ ပညတ်လွှာတို့ပါ ထင်မြင်လာအောင် အခါခါရှုကြပါလေ။

ရှေ့ကပြခဲ့တိုင်း အင်္ဂတေခဲကြီးမှာ ထုံး, သဲ, ဘိလပ်မြေတို့ ရောစပ် ထားသော်လည်း တခုက-တခုတို့မဖြစ်ကြဘဲ၊ မိမိတို့ အပိုင်းအခြားတို့နှင့် သာ အပေါ်ရံပညတ်လွှာတို့ တွဲစပ်ကာ နေကြသည်ကို ထင်မြင်တာလို၊ ရွှေ,ငွေ, ကြေး,သံစသော သတ္တုဓာတ်အများတို့ ရောစပ်ထားရာ စသည် တို့မှာလည်း မိမိတို့၏ ကလာပ်မှုန့် အသီးအသီး အပိုင်း အခြားတို့နှင့်သာ

ဖြစ်ပေါ်နေကြတာကိုရင်း၊ စပ်ဟပ်မိကြသောအခါမှာမှ အပေါ်ရံ ပညတ်လွှာတို့ ဖြစ်ပေါ်လာကြသည်ကိုရင်း ထင်မြင်လာအောင် အခါခါ ရှုကြပါလေ။ ။ရှေ့က ပြခဲ့တိုင်း ရေ-နွားနို့ ၂-ပါး ရောစပ်ထားရာ အကြားအာကာသတွေရှိကြလို့ တမှုန့်အကြား တမှုန့်ဝင်ကြတာကို ထင်မြင်လာသလို၊အရေဝတ္ထုတိုင်းတို့၏အကြားအာကာသတို့ကို ထင်မြင်လာအောင် အခါခါရှုကြပါလေ။ ။ရှေ့ကပြခဲ့တိုင်း တင်းတောင်းအတွင်းက နှမ်းစေ့တို့ချင်းလည်း အထက်အောက်၊ရှေ့နောက်-ဝဲယာ အကုန်လုံးတို့ ထိစပ်နေကြတာကိုရင်း၊ ထိုနှမ်းစေ့တို့၏ အကြားအာကာသချင်းတို့လည်း အထက်အောက်၊ ရှေ့နောက်ဝဲယာ အကုန်လုံးတို့ ဒိုးရိုးပေါက် နေကြတာကိုရင်း ထင်မြင်နိုင်ကြသလို၊ဤစကြဝဠာ၊ထိုထိုစကြဝဠာ အကုန်လုံးတို့မှာ အရေကလာပ်,အဖတ်ကလာပ်၊အရောင်ကလာပ်၊မှောင်ကလာပ်တို့အချင်းချင်းလည်း အထက်အောက်၊ရှေ့နောက်-ဝဲယာအဆုံးအပိုင်းအခြားမရှိ အကုန်လုံးတို့ပါ၊ ထိစပ်ကာ နေကြတာကိုရင်း၊ ထိုထို ကလာပ်တို့၏ အကြားအာကာသတို့အချင်းချင်းလည်း အထက်အောက်၊ရှေ့နောက်-ဝဲယာအကုန်လုံးတို့ပါ၊ ဒိုးရိုပေါက်နေကြတာကိုရင်း၊ ကွက်ကွက်ကွင်းကွင်းကြီး ထင်မြင်နိုင်ကြအောင် ကြိုးကြိုးကုတ်ကုတ် သွားလာ နေထိုင်ရာတို့မှာ မရ-ရသာ အခွင့်ကိုရှာ၍၊ မကြာမကြာ အခါခါ အားထုတ်ကြပါလေ၊ယောဂီမြတ်တွေတို့ဟု ဤဒုတိယနေ့ တရားဟော၍ ပြီးခါနည်း အဆုံးမှာလည်း လိုရင်းဆုံးကျင့်ကြံဘို့ အချုပ်တရားတို့ကို ထုတ်ကာထုတ်ကာ၊ နိဂုံးအုပ်တရားများ ကိုလည်း ဟောကြားကြပါလေ။ ဆရာလုပ်သမျှ သူတော်ကောင်းတွေတို့။ ။ဤသည်တို့ကား၊ အားထုတ်အပ်သော ဓာတ် ၆-ပါးတို့တွင် သိတံသဘောမျှ ပြအပ်သော အာကာသဓာတ် အလုပ်ကြီး ပြီးစီးလေ၏။

## (၉) အလုပ်တရားကြီးများ ထက်သန်ပြီးစီးသွားဘို့ သီလ(ခေး)တို့နှင့်ကွင်းရပုံ

( ဒုတိယရက် ပြီးသည့်နောက် တတိယရက်ကစ၍ ဉာဏ်လေးသူ, သဘောဝေးသူများ ပါလျှင် ပထဝီစသော ဓာတ် ၄-ပါးတို့ကို ၂-ရက်ဟော၊ နွါရနှင့် စပ်သော ဝိညာဏဓာတ် ၆-ပါးတို့ကို ၉-ရက်မြောက်သောနေ့ကစ၍ ၃-ရက်ဟော၊ ပေါင်းငါးရက်ဟောရ၏။ ဉာဏ်ထက်သူ

တို့ချည့်ဖြစ်မှု၊ ခေတ် ၄-ပါးဘရက်၊ ဝိညာဏခေတ် ၂-ရက်၊ ပေါင်း ၃-ရက်ပေါ့ရ၏။ဉာဏ်လေးသူပေါ့။၎င်း ၅-ရက်တို့တွင် ရှေ့ ၄-ရက်တို့၏၎င်း၊ ဉာဏ်ထက်သူပေါ့။ ၎င်း ၃-ရက်တို့တွင် ရှေ့ ၂-ရက်တို့၏၎င်း၊ အစ အစတို့မှာ ဝိပဿနာအလုပ် အားသန်၍ မြန်မြန်ကြီး ပေါက်ရောက်လွယ်ကြစေခြင်း အကျိုးငှါ၎င်း) ဝိသေသဒါနကြီးများကို ပြုရရုံမျှနှင့်၊ ဝိသေသ သီလကြီးများကို လုံခြုံမျှနှင့်၊ ဝိသေသ ဥပစာအပ္ပနာ သမာဓိကြီးများကို ရရုံမျှနှင့်၊ ထက်နတ်ရွာထက်မက ဖြူဖွေး- ငွေဖွေးကြီးတွေ ဖြစ်နေရုံမျှနှင့်၊ မိမိ-မိမိတို့၏ ကိုယ်ကို၎င်း၊ အလုပ်တရားများကို၎င်း အားရကျေနပ်၍ မနေသင့်ကြဘဲ၊ ယုတ်စွအဆုံး တမဂ်,တဖိုလ်လောက် ဤဘဝတွင် ပေါက်ရောက်ကြအောင် အားခဲကြစေခြင်း အကျိုးငှါ၎င်း၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးပေးသနားသောနည်းဖြင့် **ဓားကျွံတရားကြီးများကို ဟောကြားကြရပုံကား။—**

ဤလောကကြီးမှာ ကျမ်းဂန်စာတွေနှင့် ကျနံ့ညီညွတ်စွာ မိမိတို့ခန္ဓာစသည်တို့မှာ ဝိပဿနာ အလုပ်အစစ်ကြီးများကို ရကြဘို့ကား လွန်စွာခဲယဉ်းလှကြ၏။ ထိုသို့ ခဲယဉ်းလှကြပါသော်လည်း ဉာဏ်ကြီးထွားသူဆရာကောင်းများကို မှီဝဲမိသူတို့မှာ ၎င်းဝိပဿနာတရားအစစ်ကြီးများကို ရလွယ်ပါသေး၏။ ဤရလွယ်ပြီးသား ဝိပဿနာ အလုပ်ကြီးများကို နေ့စဉ်အမြဲ အားခဲကြရဘို့ကား၊ ရှေ့က အလုပ်ရကြဘို့ ခဲယဉ်းတာတွေထက် ဆယ်ဆထက်မက ခဲယဉ်းနေဘတ်ကြလှ၏။ ထိုသို့ ခဲယဉ်းနေကြသည်၌ အားမထုတ်ချင် မနေသာအောင် ပြုလုပ်ကြရသော ဥပမာကြီးကား၊—လောကမှာ စစ်တပ်ကြီးနှစ်ဖြာဆိုင်ပြိုင်၍ တိုက်ကြရာ၌၊ စစ်ရေးနိမ့်သောဘက်က နောက်သို့ ဆုတ်လာကြသော သူတို့ကို ဗိုလ်ချုပ်, ဗိုလ်မှူးကြီး တို့က တယောက်, နှစ်ယောက်လောက် ပြတ်သွားအောင် ဓားနှင့် ခုတ်ကာခုတ်ကာ ကွပ်ကွပ်ပေးလိုက်ပါမှ၊ နောက်သို့မဆုတ်ဝံ့ကြဘဲ၊ ရှေ့သို့သာခဲမဲ၍ တိုက်ကြသောအခါ၊ အောင်ပွဲကြီးတွေကို ရကြတာလို၊ ကုသိုလ်အလုပ်များကို အဟုတ်ရမိအောင် မရှာလိုသူ၊ ရမိပြီးသူတို့တွင်လည်း နေ့စဉ်ဝတ်ထား၍ အားမထုတ်လိုသူဘို့ကို သာသနာသုံးပါးဘုရားဓားလွတ်တော်ကြီးများနှင့် နေ့စဉ် ကွပ်ကွပ်ပေးရပုံကား၊— ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာအားဖြင့် သုံးပါးရှိကြရာတွင်၊ဘုရားအလိုတော်ကျ ကျင့်ကြံအားထုတ်တတ်ကြဘို့ မိမိတို့နှင့်ဆိုင်သော နည်းလမ်း, စည်းကမ်းများကို ရဟန်း, ရှင်, လူတို့ သင်ယူ

ဆောင်ရွက် လေ့ကျက် ပို့ချကြရန် ထုတ်ပြန်ဟောကြားတော်မူအပ်သော ဘုရားအဆုံးအမတော်တို့ကို ပရိယတ္တိသာသနာတော်ဟုဆို၏။ ဤပရိယတ္တိ သာသနာ ဘုရားအဆုံးအမတော် ဆိုရာမှာလည်း ပါဠိဘာသာနှင့် သင်ကြားမှဟု မမှတ်လင့်၊ **ယာယကာယဇိဘာသာသယ**ဟု အဋ္ဌကထာဆရာများ မိန့်ကြားတော်မူသည့်အတိုင်း၊ ဘယ်ဘာသာ စကားနှင့်မဆို ဘုရားအလိုတော်ကျ ကျင့်ကြံအားထုတ်ကြဘို့ အချက်တို့ကို သင်ကြား ဆောင်ရွက် လေ့ကျက်ပို့ချကြပါက ပရိယတ္တိမွေကို အားထုတ်ကြသူဟု ဆိုရ၏။ ဤမိမိတို့နှင့်ဆိုင်သော သီလကျင့်ဝတ် နည်းလမ်း,သမာဓိကျင့်ဝတ်နည်းလမ်း, ဝိပဿနာ ပညာကျင့်ဝတ် နည်းလမ်းများကို တတ်သိ လိမ္မာအောင် သင်ကြားကြရဘို့ကို မထိုထားနှင့်ဦး၊ မိမိတို့နှင့်ဆိုင်သော သီလတို့ကား၊ ဘယ်နှစ်ပါးတည်း။ဘယ်လိုပြုက သီလပျက်၏။ဘယ်လိုပြုမှ သီလဖြစ်လာကြပြန်၏ ဟူ၍လည်းမသိ။ သိရအောင်လည်း မသင်လိုသော မိမိတို့၏ စိတ်ယုတ်များကို ပယ်ရှားခြင်းငှါ အိပ်ရုံ, စားရုံ, ကာမဂုဏ် ငါးပါးကို ခံစားရုံမျှသာ သိရှိကြပါသော တိရစ္ဆာန်များအတွင်းတွင် ငါတို့ယောက် ပါဝင်ပြီး **လူတိရစ္ဆာန်အစစ်ကြီး ငါကြနံဖြစ်နေဘေသသဘည်း**ဟုနေ့စဉ် စဉ်းစား၍၊မိမိတို့နှင့်ဆိုင်ရာကျင့်ဝတ်နည်းလမ်းများကို သင်ကြားတော်မူနိုင်ကြပါစေသတည်း။

ဤလူစင်စစ်က တိရစ္ဆာန် ဖြစ်နေရသည့် သဘောသွားကို နေ့စဉ် စဉ်းစားမိကြကာ၊အထူးအားထုတ်သင်ကြားပါ၍၊မိမိတို့ဉာဏ်အားလျော်စွာ သိရှိကြပါသမျှသော သိက္ခာပုဒ်များကို တဖန် အားမထုတ်လိုပြန်ဘဲ၊ အများတို့ပေါ့လျော့ကြသောနည်းကိုသာ အတုလိုက်ပါ၍၊မိမိတို့သင်ကြား ပို့ချဘတ်သော ပရိယတ်နှင့်သာ ရောင့်ရဲဘင်းတိမ်နေလိုကြပါသော မိမိကိုယ်ကို၊ ကျင့်ကြံအားထုတ်မှု ပဋိပတ် သာသနာတော်ဘက်သို့ တိုးတက်သွားကြအောင် **ဗိဗိတို့ပင်သျှင် သုံးကြရမှာဘား**၊-ထိုထိုကျမ်းဂန် သင်အံ ပို့ချမှုမှာ လွန်ကဲစွာ တတ်မြောက်ရေး,အားထုတ်ရေး ပရိယတ္တိသာသနာကလေးများနှင့် မောင်မင်းကိုယ်ကို တင်းတိမ်အားရ စိတ်မချနှင့်ဦး၊ ၎င်းပရိယတ္တိသာသနာက ကျင့်ကြံအားထုတ်ကြဘို့၊ပဋိပတ္တိသာသနာ အရေးတို့ကို အားပေးကူညီကြရုံမျှသာ ရှိသေးသည်။ ၎င်းသင်ကြားပို့ချနေကြဆဲအခါတို့မှာ ကျင့်ကြံမှု ပဋိပတ်ဘုရား မလုံကြငြားက ကားကနဲ့, ကားကနဲ့အပါယ်သို့ ရောက်သွားရသော ကပိလရဟန်းကြီးများကို သက်သေထား၍၊ပဋိပတ္တိတရားဘက်သို့ အလျင်အမြန်ထွက်ကြဘို့ပဋိပတ္တိကျင့်ဝတ်

ချွတ်မှု၊ကပိလဝေးကွပ် စုများနှင့် ကွပ်ကွပ်သွားပုံကား–**ငါသည် ပဏ္ဍိတ် တရား၊ ပြည့်စုံခြင်းသည်ထက် ပဋိပတ်တရား၌ ပျက်မှုကြောင့်၊ယခုအခါ ငါသေရမှု၊ ထိုကပိလရဟန်းကြီးအတူ ကော်တယ် ကော်တယ်၊ ကော်တယ် ကော်တယ်** ဟု နေ့စဉ်ရှုကြည့်ကြ၍ သတိရကာ–ရကာ၊ နောက်သို့ မဆုတ် သာအောင် မိမိကိုယ်ကို မိမိတို့ပင် ဝေးကွပ်ကြပါလေ။ ပရိယတ်တွင်သာ တင်းတိမ်ချင်ရှာသူအပေါင်း သူတော်ကောင်းတို့။

ထိုသို ကျမ်းဂန်တတ်ပြီး ပရိယတ္တိ သာသနာတော်ကြီးနှင့်သာ တင်းမတိမ်ပါဘဲ၊ ကျင့်ကြံပွါးများအားထုတ်သွားကြဘို့ ဘုရားအဆုံးအမတော်တို့ကို **ပဋိပတ္တိသာသနာ** ဟု ဆို၏။ ထိုပဋိပတ္တိ သာသနာတော်ကလည်း သီလအလုပ်နှင့် ကျင့်ကြံအားထုတ်ကြဘို့ ဆုံးမတော်မူအပ်သော**သီလသာသနာ**၊သမာဓိအလုပ်နှင့် ကျင့်ကြံအားထုတ်ကြဘို့ ဆုံးမတော်မူအပ်သော **သမာဓိသာသနာ**၊ဝိပဿနာ**ပညာ**အလုပ်နှင့်ကျင့်ကြံအားထုတ်ကြဘို့ ဆုံးမတော်မူအပ်သော **ပညာသာသနာ** အားဖြင့်လည်း သုံးပါး အပြားရှိပြန်၏။ ထိုသာသနာ သုံးပါးတို့သည်ကား၊လူရှင်,ရဟန်းအများတို့နှင့် အသီးအသီး သက်ဆိုင်ကြသည်ချည်း ဖြစ်ကြကုန်၏။ ထိုသို့သက်ဆိုင်ကြခြင်းကြောင့်၊ မိမိ-မိမိတို့နှင့်ဆိုင်ရာ သာသနာအလုပ်တို့ကို အားထုတ် ကျင့်ကြံကြသော လူ.ရှင်,ရဟန်းအများ ယောကျ်ား,မိန်းမဟူသမျှတို့သည်၊အကုန်လုံး ဘုရား သာသနာတော်မြတ်ကြီးကို ထမ်းဆောင်ကြသော သာသနာတော်ထမ်းချည်းဖြစ်ကြရကုန်၏။ထိုသို့ဖြစ်ကြသည်ကိုသိရှိကြသောယောကျ်ား,မိန်းမတို့သည်၊ပြောင် ... ခေါင်းတုံးရိတ်ကာ သင်္ကန်းဝါများဝတ်ဆင်ထားမှသာ သာသနာတော်ထမ်းဟု ငါတို့ထင်နေပါသည်။ယခုမူကား၊သင်္ကန်းမဝတ်ရဘဲ၊ လူတို့နှင့်ဆိုင်သော သီလ, မေတ္တာစသော သမထ, ဝိပဿနာတို့ကို အားထုတ်ကြသော ငါတို့လူစုတွေပါ ဘုရားသာသနာတော်ထမ်း ရာထူးဌာနန္တရအဖြစ်ကိုရနေကြပါတကားဟူ၍လည်း ဝမ်းမြောက်ကြကုန်ရာ၏။ ထိုသို့ဝမ်းမြောက်ကြပြီးနောက် ဝမ်းနည်းစရာ ရောက်လာပြန်သည်ကား၊ ဘုရားသာသနာတော်ခေတ် အနှစ် (၅၀၀၀) ရှိသည်ဟု ဆိုရာမှာ ငါတို့ ဘို့ချည်း ဖြစ်သည့် (၅၀၀၁) မဟုတ်ပါ။ ယနေ့ သေက ယနေ့ မကျင့်ဘ ယနေ့ပင် ကွယ်ပကြ၍၊ ငါတို့တစုမှာ သာသနာကွယ်ပကြဘို့ အရေးဟာ တားတားကလေး ဖြစ်နေပါတကားဟု ထိတ်လန့်ခြင်း သံဝေဂ တရားကြီးကြီးထား၍ ဝမ်းနည်းကြကုန်ရာ၏။ ဝမ်းနည်းကြပြီးနောက် သာသနာတွေ ကွယ်ပနေတာများကို ထင်ရှားအောင် ရှုကြည့်ကြရပုံကား။ ။

အကြွင်း ရှင်, လူ, အများ ယောကျ်ား, မိန်းမတို့သည်၊ ဝိပဿနာ ပညာ သာသနာ အလုပ်ကြီးများကို မိမိလည်း အားမထုတ်ဘဲ၊ ရှောင်လွှဲခွန့်ခွါ သူတကာ အားထုတ်တာတောင် မဟုတ်တာတွေကိုပင် အယုတ်တမာဆင် ၍ မပြောလျှင် သူတော်ကောင်းပင်၊ သို့သော် ဝမ်းထဲကတော့ ပြောချင် တင်တင်ရှိလာနေအောင် ပညာသာသနာတော်ကြီးကို မထမ်းဆောင်လို ဘဲ နေရဲကြကုန်၏။ ထိုသို့ နေကြကုန်သော လူ, ရှင်အများ ယောကျ်ား, မိန်းမတို့ကို ပညာသာသနာကြီးကွယ်ပနေပြီးဟု ဆိုသင့် ဆိုထိုက်၏။ ဝါ၊ မိမိကိုယ်ကိုတော့ ပညာသာသနာတော်ကြီး ကွယ်ပနေပြီး, ကွယ်ပနေပြီး ဟု သတိပညာ လက်ညှိုးနှင့် မကြာမကြာ ထိုးကာ ထိုးကာ သေသေ ချာချာဆိုကြပါလေ။

(တနည်း) အကြွင်းသူတို့သည်လည်း ဤပညာသာသနာ အလုပ်ကြီးနှင့် တကွ ကာယိကလ်း,အသုဘ, မေတ္တာစသော သမာဓိသာသနာ အလုပ်ကြီး များကို မိမိအားထုတ်မှာဝေးစွ၊ အားထုတ်လိုကြသူတို့၏ ကျင့်ကြံကြတို့, အားထုတ်ကြတို့,ရှောင်ကြဉ်ကြတို့ စကားပြောသံမျှ ကြားတာနှင့်တောင် မဟုတ်တာတွေကိုပင် အယုတ်တမာဆင်၍ မပြောလျှင် သူတော်ကောင်း ပင်၊ သို့သော် ဝမ်းထဲကတော့ ပြောချင်တင်တင် ရှိလာနေအောင်၊ ၎င်း သာသနာတော် အလုပ်ကြီးများကို မထမ်းဆောင်ဘဲ နေရဲကြကုန်၏။ ထိုသို့နေကြကုန်သော လူ, ရှင်အများ ယောကျ်ား, မိန်းမတို့ကို ထိုပညာ သာသနာကြီး, သမာဓိ သာသနာကြီးတွေ ကွယ်ပနေပြီးဟု ဆိုသင့် ဆိုထိုက်၏။ ဝါ၊ မိမိကိုယ်ကိုတော့ ၎င်းသာသနာကြီး ၂-ပါး ကွယ်ပ သွားပြီး- ကွယ်ပသွားပြီးဟု သတိပညာ လက်ညှိုးနှင့် မကြာမကြာ ထိုး ကာ ထိုးကာ သေသေချာချာ ဆိုကြပါလေ။ ။(တနည်း) အကြွင်-ရှင် လူအများ ယောကျ်ား, မိန်းမတို့သည်၊ ဤပညာသာသနာ, သမာဓိ သာ သနာ အလုပ်ကြီးတို့နှင့် တကွ မိမိတို့ကျင့်ထိုက်လှသော သီလသာသနာ အလုပ်ကြီးများကို အားထုတ်ကျင့်ကြံကြမှာ ဝေးစွ။ သူတပါးတို့ ကျင့်ကြံ ကြတို့,အားထုတ်ကြတို့,ရှောင်ကြဉ်ကြတို့စကား ပြောသံမျှ ကြားတာနှင့် တောင် အယုတ်တမာတွေညှပ်ထဲ့ပြီး မဟုတ်တာတွေ အသချေကတ်ဒွဲကြီး တို့ဖြင့် အသီးအသီး မပြောဆိုလျှင် သူတော်ကောင်းပင်၊သို့သော်-ဝမ်းထဲ ကတော့ ပြောချင်တင်တင် ရှိလာနေအောင် ၎င်းသာသနာ ၃-ပါး တရား အလုပ်ကြီးများကိုမထမ်းဆောင်ဘဲ နေရဲကြကုန်၏။ထိုသို့နေကြကုန်သော လူ, ရှင်အများ ယောကျ်ား, မိန်းမတို့ကို ထိုပညာသာသနာကြီး, သမာဓိ

သာသနာကြီး, သီလ သာသနာကြီးတွေ အကုန်လုံး ကွယ်ပနေပြီးဟု ဆိုသင့်ဆိုထိုက်၏။ ဒါ၊မိမိကိုယ်ကိုတော့ငါးသာသနာကြီး ၃-ပါးကွယ်ပ သွားပြီး-ကွယ်ပသွားပြီးဟု သတိပညာလက်ညှိုးနှင့် မကြာမကြာ ကြပ်ကြပ်ကြီး ထိုးကာထိုးကာ သေသေချာချာလည်း ဆိုကြ၊ ယိတ်လန့်ခြင်း သံဝေဂကြီးကြီးလည်း ရကြပါလေ-သူတော်ကောင်းတွေတို့။

အချို့သူတွေကတော့ သာသနာကြီးများကိုအားမထုတ်လိုဘဲ၊ ထိုဘုရား သာသနာခေတ် အခါကြီးများ ထင်ရှားရှိနေကြဆဲမှာ လူဖြစ်လာကြ၍ ငါတို့သာသနာတွင်း ဖြစ်နေရ၏။ ရောက်နေရ၏။ ရနေရ၏ဟု ထင်မှတ် ပြောဆိုကြသည့် အလိုစကားအရနှင့်၊ တို့ကျောင်းက ခွေးမကြီးတွေက လည်း တော်တို့လို သာသနာရှိတုန်း မွေးကြလို့ သာသနာတော်အတွင်း ကျရမှာဖြင့် ကျွန်မတို့က ဘုရားလိုဏ်အတွင်းမှာ မွေးဖွားကြ၍ သာလို့ပင် သာသနာအတွင်းသို့ ကျသင့်လှသည်ဟု ဆိုကြမည့်စကားကို မကျင့်သူ မှန်ငြားက ပယ်ရှားဘို့ခပ်ခက်ခက်၊ ရှိကြမည့် အတွက်ကြောင့်၊ သံဝေဂ တရား ကြီးကြီးထားကြကာ၊ မိမိတို့ ကိုယ်စိတ် အနေအထား သာသနာ ကွယ်ပနေချက်များကိုစဉ်းစားကာ၊ စဉ်းစားကာ၊ ဩော်.....ငါ့မှာသီလ, သမာဓိ,ပညာပုတီးစိပ်ဘာဝနာအလုပ်များကို မလုပ်ဘဲနေခဲ့မိငြား၍၊ဘယ် သာသနာတပါး ကွယ်ပနေပါတကား၊ ၂-ပါးကွယ်ပနေပါတကား၊၃-ပါး လုံး ကွယ်ပနေပါတကား ဟူ၍၎င်း၊အရင်နှစ်တွေကလည်း အရင်လတွေ ကလည်း အရင်ရက်တွေကလည်း အရင်နေ့, အရင်ညဉ့်, အရင်နာရီတွေ ကလည်းဘယ်လို နေမိထိုင်မိ ပြောမိဆိုမိ ပေါ့မိလျော့မိ ပေါင်းမိ သင်းမိ သည့်အတွက်၊ ငါ့မှာ ဘယ်သာသနာကြီးတွေ ကွယ်ပ လိုက်နေကြပါ တကားဟူ၍၎င်း၊ ဤသာသနာအလုပ်ကို အားမထုတ်ကြသော ဟို-တိုင်း ပြည်ကြီးတွေ၊ ဟိုမြို့,ဟိုရွာ, ဟိုအရပ်,ဟိုအိမ်, ဟိုလူတွေမှာလည်း ဘယ် သာသနာဘယ်သာသနာကြီးတွေ ကွယ်ပလိုက်နေကြပါတကားဟူ၍၎င်း၊ ကြီးမားသော သံဝေဂကိုပြု၍၊ ထိုသာသနာ ကွယ်ပနေသူများကိုလည်း ကရုဏာရှေ့ထားကာ၊မိမိမှာသာ ရှေးဦးစွာ ဤနေ့ကစ၍ နောင်ဖြစ်လတ္တံ့ သော ရက်လ,နှစ်တို့မှာ ၎င်းသာသနာတော် အလုပ်ကြီးများကို **ဖြစ်ဖြစ် အောင် အားသစ်မယ့်**ဟု စိတ်ကိုအဓိဋ္ဌာန်ပြုကြ၍၊ အဆင့်ဆင့်တိုးတက် သွားကြဘို့ **ဓား**ကွပ်တရားကြီးတို့ကား၊ **ရှေ့များမှာ** ငါးပါးသီလမလုံခြုံက အပါယ်သို့ကျရ၏။လုံခြုံက အပါယ်တံခါးပိတ်ကြ၏ဟု ဟောပြောတော်မူ ကြသည့်အတိုင်း ငါးပါး သီလပေါက်ကဖြင့် ပိတ်ကြ၏ဟုမှတ်။ ပိသုကာ

ဝါစာ, ဖရုသဝါစာစသော အာဇီဝဋ္ဌမက-ပေါက်ကတော့ အပါယ်တံခါး ပိတ်ပြီးဟု မဆိုသာသေးပါ။ အကယ်၍ ၎င်းသီလလုံ့ခြုံပြန်ပါမူ၊ ၎င်း အာဇီဝဋ္ဌမက, ပေါက်ကတော့ အပါယ်မကျဟုသိရ၏။အဘိဇ္ဈာ, ဗျာပါဒ စသောဒုစရိုက်ပေါက်ကတော့ အပါယ်တံခါး ပိတ်ပြီးဟူ၍ကား မဆိုသာ သေးပါ။ ထိုအဘိဇ္ဈာတို့နှင့်တကွ ဒုစရိုက်ဆယ်ပါးလုံး၊ လုံ့ခြုံကြသူ လူတို့ မှာကား၊သီလပေါက်ကတော့ အပါယ်တံခါးပိတ်ရာ၏။သမာဓိပေါက်က မလုံ့ခြုံကြဘဲ၊မနော‌ပေါက်မှာ ကိလေသာတွေနှင့်မရဏာသန္တသေကြမည့် အဆုံးနားမှာဖြစ်ပေါ်ငြားမူ၊ သမာဓိပေါက်ကတော့ အပါယ်တံခါးပိတ်ပြီး ဟူ၍ကား မဆိုသာသေးကြောင်းကို ကောင်းကောင်းကြီး လူများသတိ ထားကြဘို့ပေတည်း။

**သာမဏေများမှာကား၊**ဆယ်ပါးသီလလုံ့ခြုံကြသော်လည်း သေခိယ စသော သီလပေါက်က မလုံ့ခြုံကြမူ၊၎င်းမလုံ့ခြုံသည့်အပေါက်က အပါယ် သို့ ကျနိုင်ကြသေး၏။ သာမဏေများ ကျင့်ထိုက်သော သီလ တရားလုံ့ခြုံ ငြား၍၊အပါယ်တံခါးပိတ်ကြသော်လည်း လူများကဲ့သို့ သမာဓိပေါက်က အပါယ်တံခါး ပိတ်ပြီးဟူ၍ကား မဆိုသာသေးကြောင်းကို ကောင်း ကောင်းကြီး သာမဏေများ သတိထားကြဘို့ပေတည်း။

**ရဟန်းတော်များမှာကား၊**သဒ္ဓါ ပညာ နည်းပါးသောအစား၊ပေါများ သော အစားတို့ ထင်ရှားလေအောင် ဥပမာဆောင်၍ပြရမူ၊ အဘသူဌေး ကြီးက သား,မြေး မြစ်နှင့်တကွ တကမ္ဘာလုံးချမ်းသာသွားရစ်ကြအောင် လယ်ယာ,ကိုင်းကျွန်းစသည်အမြောက်အများ ပစ္စည်းတွေ စုပေါင်းရှာဖွေ ၍ ထားခဲ့သည်၌၊ ဝီရိယ,ပညာ လုံ့လောက်ကြပါသော သား, မြေး, မြစ် စသည်တို့ကား၊ ၎င်းလယ်ယာ,ကိုင်းကျွန်းစသည်တို့ကိုအမှီရ၍ ချမ်းသာ လေစွ-ချမ်းသာလေစွဟု တ,သ မြော်မြင် ထိုသူဌေးကြီးကို ကျေးဇူးတင် ကြကုန်ရာသည်။ ဝီရိယ,ပညာ မလုံ့ရှာခြင်း အလုပ်ပျင်းသူ, ပျင်းသူ,သား မြေး, မြစ်ဟူသမျှတို့သည်ကား၊ ကျေးဇူးတင်မှာဝေးစွ၊ ငါတို့မလုပ်ချင် မနေသာအောင် လယ်ယာတွေများများ စုဆောင်း၍ ထားခဲ့ရမလားဟု အဖန်ဖန် အပြစ်စကားတို့ မိမိတို့ ပျင်းတိုင်း ဖျင်းတိုင်း ပြောဆိုကြရာ သကဲ့သို့၊ ဝိနည်းပညတ်တော် အရာမှာ သူတပါးနှင့် မဆက်ဆံပါ။ လေး သင်္ချေနှင့် ကမ္ဘာတသိန်း တိုင်တိုင် ရှာဖွေစုဆောင်း၍ ဘုရားအဖြစ်သို့ ရောက်မှသာ ရလာသော သဗ္ဗညုတ ဉာဏ်မဟာဖြင့် ရွှေရင်တော်နှစ် သားတော်,သမီးတော်စစ်များသာ ကျင့်ကြံခွင့်ရပါ၍၊သီလသူဌေးကြီးများ

ဖြစ်သွားကြအောင် ဘုရားကိုယ်တော်မြတ်ကြီးသည်၊ သံသရာတလျောက်လုံးမှာ ရှည်မြင့်စွာ ဆင်းရဲ အမျိုးမျိုးကြီးတွေကို ခံရှာ၍၊ သီလတကာတို့တွင် ထူးချွန် ကဲလွန်လှစွာသော အဓိသီလသာသနာတော်မြတ်ကြီးကို အကျဉ်းနည်းအားဖြင့် (၂၂၇) သွယ်၊အကျယ်ကိုပွါး၊ ပေယျာလမထားဘဲ လျက် ရေတွက်ပါမူ **ကုဋေ–ကိုးထောင်တရာရှစ်ဆယ်နှင့်၊ ငါးသန်း–သုံးသောင်း–ခြောက်ထောင်** မျှ ကျယ်ပွါးကြအောင် ဟောပြညွှန်ကြား ထားတော် မူခဲ့ပါသည်ကို သဒ္ဓါ, ဝိရိယ, ပညာစသည်တို့ ပြည့်ဝ၍ ရာဇာမျိုးစစ်လှသော ဘုရားတပည့် သားတော်တို့သည်ကား၊ သီလသိက္ခာ တပါးတိုးရင်လဲ ငါ့အကျိုးဘဲဟဲ့၊ တရာတိုးရင်လဲ ငါ့အကျိုးဘဲဟဲ့၊ တထောင်တိုးရင်လဲ ငါ့အကျိုးဘဲဟဲ့ဟု သံသရာတလျောက်လုံးက နိဗ္ဗာန်ကျအောင် ခံစံသွားကြရန် အာနိသံအကျိုး အမျိုးမျိုးတို့ကို မြော်မြင်၍၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အထူးထူးပင် ကျေးဇူးတင်ကြကုန်ရာ၏။

ထိုသို့မဟုတ်ဘဲ၊ သဒ္ဓါ, ဝိရိယတို့ကလဲ ခပ်မွဲမွဲ၊ ငါ့အကျိုးအစစ်ဘဲဟု အမြော်အမြင်ပညာကလဲ ခပ်နဲ့နဲ့၊ ရွှေနှုတ်တော်ကြီးတို့ကလဲ ခပ်ခဲခဲဖြစ်သူတို့မှာကား၊ ဘုရားကိုပင် ကျေးဇူးတင်မှာဝေးစွ၊ ငါတို့မကျင့်ချင်မနေသာအောင် သိက္ခာပုဒ်တွေ များများ ထားခဲ့ရမလားဟု အပြစ်စု ကိုလည်းတင်ကြရာ၏။ မကျင့်ဘဲသော်လည်း နေချင်ရာ၏။ ရဟန်းအလုပ်ဟာ ကျပ်လှပါသည်၊လူအဖြစ်သာ ချောင်ကြရာသည်ဟုအထင်မှား၍ လူများတောင်ထွက်ချင်ကြရာသည်၌၊ ကိုယ့်အကျိုးစီးပွါး အစစ်များကို မစဉ်းစားသူတို့သာ ၎င်းအကြံမျိုးဖြစ်ရာ၏။ အဘယ့်ကြောင့်ဆိုသော် ရဟန်းအလုပ်ကျပ်ဆိုတာ မိမိတို့ အကျိုးထင်၍ ကောင်းသည်ထက် ကောင်းအောင်နေချင် သူတို့မှာကား၊ နေရာကျောင်းကန် ဝတ်စားရန်တို့ကို မလုပ်မကိုင်ဘဲ၊ ကုသိုလ်အလုပ်ကို လုပ်ရင်းထဲက အလိုလိုရ၊ ကောင်းသည်ထက်ကောင်းအောင် ကျင့်ကြံကြတို့ကလည်း ကာမဂုဏ်တွေနှင့် လွတ်လပ်ခွင့်ရပြီး၊ အနည်းနည်း အကြောင်းညီညွတ် နိုင်ကြ၍၊ရဟန်းတို့ အလုပ်ဟာကောင်းကြတို့မကျပ်ပါ။ကောင်းချင်သမျှကောင်းကြတို့ကား၊များများကြီးချောင်လှပါ၏။ မကျင့်ချင်သူများမှာသာ မကျင့်ကြသည့် အတွက် ကဲ့ရဲ့စရာအမျိုးမျိုးနှင့် အပါယ်သို့ ၄င်လျှိုးခွင့် ဆိုက်နေမှုအတွက်နှင့် မကောင်းအောင် နေကြတို့သာ ကျဉ်းကျပ်လျက် ရှိရှာကြ၏ဟု လူထွက်လိုသူတို့၏ ကျဉ်းကျပ်မှုကို ထင်မြင်အောင် ရှုကြပါလေ။

ထို့ပြင်တဖြာ– လူအဖြစ်သာ ချောင်ကြရာသည်ဟု ထင်ကြရာ၌လည်း၊ လျော့ပေါ့မိုက်မှား နေလိုသူများမှာသာ အလိုရှိသလောက် လျော့ပေါ့ မိုက်မှားနေကြသူတို့ကို မစင်တုံးဟာ မနှေးပါတယ်လို့ မကဲ့ရဲ့ရာသလို၊ ခေတ်ကာလ အလိုက် မိုက်ခွင့်သာသလောက် မိုက်ပေါက်ရာ၍ မိုက်နေကြသော ဤလောကကြီးထဲမှာ ဤလူတို့– ထုံးတမ်း ရှိသလောက် မိုက်ပေါက်ရာ၍ မိုက်မှားနေကြပါသည်ကို ဤလူဟာ လျော့ပေါ့ မိုက်မှားတယ်ဟု ကဲ့ရဲ့ဘွယ်မရှိရာ၊ ထိုကဲ့ရဲ့ဘွယ်မှ လွတ်မှုမျှသာ မိုက်မှားခွင့် ချောင်ရာသည်၊အပါယ်က လွတ်ရဘို့ကား မချောင်ပါ၊အလွန်ပင်ကျပ်လှပါ၏။ ကောင်းသည်ထက်ကောင်းအောင် ကျင့်ကြံအားထုတ်ကြဘို့ကား၊ စားဝတ်သုံးစွဲရန် အတန်တန်တို့ကို လူတမ်းစေ့ရန် အလွန်ပင် ကြံဖန်၍ နပ်ပါးနိုင်မှ လှည့်စားခိုးဝှက်နိုင်ကြမှ ကိုယ့်အရင်း ရရုံမျှသာ ရှိနေကြသော ခေတ်ကာလကြီးထဲမှာ ကာမဂုဏ် အသီးအသီး တို့နှင့် တွဲနေကြသည့်အတွက် အနည်းနည်းခက်၊ အနည်းနည်း ကျဉ်းကျပ်လျက် နေကြမှုတို့ကို လူထွက်လိုသူတို့ ထင်မြင်အောင် ရှုဆင်ခြင်၍ ထင်မြင်ကြသော အခါ၊ **လူယုတ်, လူနိုင်တို့ ဥပမာ ဆင်ခြင်ရေးသည်ကား**၊— ဩဝါ ..... မင်းကြီး အရေးပိုင် စသည်တို့၏ ကျပ်မှုသည် အစိုးရအလုပ်နှင့် လောကီအသား တက်ကြဘို့၊ အစိုးရ အမှုတို့ ကျေကုန်အောင် ရွက်ဆောင်ရမှု အရပ်ရပ်နှင့် ကျပ်ကြသလို၊ ရဟန်းတို့မှာ ကျပ်သည်ဟု ဆိုကြတာလည်း လောကုတ္တရာ အသားတက်ကြဘို့ ရဟန်းတို့ သီလ စောင့်ရှောက်ရမှု အလုပ်စုနှင့်သာ ကျပ်သည်ဟု မိမိတို့အကျိုး ရှိသည်ကို မသိသူများသာ ထင်မှားနေကြပါဘကား၊ သူတောင်းစားစသည့် ယုတ်,နုပ်,စုတ်ဖျင်းသူ၊ ပျင်းသူတို့မှာကား အစိုးရပညာစသည်ကို အလုပ်ရကင်းသဖြင့် ခွက်စုတ်နှင့် တောင်းစားရခြင်းကိုပင် လောကီအသား ပျက်ပြားကြဘို့ ဟာကို ချောင်သည်ထင်သလို၊ရဟန်းတို့ထက် လူတို့မှာချောင်သည်ဟု ဆိုကြတာလည်း လွန်ကဲသော အဓိသီလဟု ဆိုအပ်သော ရဟန်းတို့သီလ မစောင့်ရှောက်ရကြမှုနှင့်၊လောကုတ္တရာအသားပျက်ကြဘို့ဟာကို ချောင်သည်ဟု မိမိတို့အကျိုးပျက်မှုကို မသိသူ ငါ့ပုင်း,ငါ့ဖျင်းများသာ ထင်မှားရှာနေကြပါတကားဟု စဉ်းစားကြည့်၍ သိရှိကြကာ၊ ငါတို့ အစီးအပွါး ကြီးမားတိုးတက်ကြဘို့သာ သီလသိက္ခာပုဒ်များစွာတို့ကို ခမည်းတော်မြတ်ဘုရား ဟောကြား၍ ထားတော်မူခဲ့ပါ တကားဟု အထူး ကျေးဇူးတင်ကြကာ

ရဟန်းတို့ သီလပေါက်က အပါယ်မကျအောင် အထူး စောင့်ရှောက်ပါ လေ၊ သူတော်ကောင်းတွေတို့။

ဤနေရာဝယ် စောဒနာဘွယ်ရှိသူတို့အတွက် ဆက်၍ဆိုဦးအံ့။ ရဟန်း တို့ သီလပေါက်ကလုံမှ အပါယ်ကျ လွတ်မည်ဆိုလျှင်၊ ယခုအခါ ဘယ် ရဟန်းမှ မလုံနိုင်ကြကုန်ရာ။ အဘယ့်ကြောင့်နည်းဆိုသော် ရဟန်းသီလ (၂၂၇) သွယ်မျှသာဟု ထင်မှတ်နေပါသည်တွင်၊ သည့်ထက်မက ကုဋေ ပေါင်း ၉-ထောင် ကျော်အောင်ပင် များပြား၍ လာပြန်သောကြောင့်၊ ၎င်းပေယျာလ အမြွှပ် သိက္ခာပုဒ်တို့ကို ယခုကာလ ဘယ်သူစေ့ငှအောင် ပေါ်ထုတ်၍ အဟုတ်သိနိုင်ကြဘို့မရှိချေ။ မသိနိုင်ကြကလည်း မကျင့်နိုင်ကြ ကုန်ရာ။ မကျင့်နိုင်ကြကလည်း အာပတ်မှ မလွတ်နိုင်ကြကုန်ရာ။ မလွတ် ကလည်း သီလဝိသုဒ္ဓိ မဖြစ်နိုင်ကြကုန်ရာ။ မဖြစ်ကလည်း သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ကြီးတွေဖြစ်၍ ဘယ်လိုပင် အားထုတ်ငြားသော်လည်း နတ်ရွာ သုဂတိသို့ရင်း၊ ဈာန်,မဂ်ဖိုလ် တရားများကိုရင်း ရဟန်းများတို့ မရောက်- မရနိုင်ကြကုန်ရာသည်ဟု မှတ်ရမည်လောလို့။ ပြောဘွယ်, တောဘွယ်, စောဒနာဘွယ်များကို ဖြေကြားရန်အချက်ကား၊ (အိမ်း) အာပတ် ၇ ဖုံတို့ တွင် တပါးပါးကို လွန်ကျူးလိုသော ဝီတိက္ကမ စေတနာဖြင့် လွန်ကျူးမှ သာလျှင်၊ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ဖြစ်၏။ လွန်ကျူးလိုသော ဝီတိက္ကမ စေတနာမရှိဘဲ၊ လွန်ကျူးလိုက်မှန်းကိုမျှ မသိရဘဲ၊ အစိတ္တကပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကိုလွန်ကျူးမိသော်လည်း သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်မဖြစ်နိုင် အကယ်၍ ပုထုဇဉ်ဂဏ်မှ ဝီတိက္ကမစေတနာနှင့်ပင် မိုက်မှားမိသော်ရင်း၊ စေတနာမရှိဘဲ အစိတ္တက အာပတ်သင့်မှန်းသိသော်ရင်း၊ထိုသို့ဒေသနာဂါမိ အာပတ်တို့ကို ဒေသနာကြား၊ဝုဋ္ဌာနဂါမိအာပတ်တို့ကို ဝုဋ္ဌာနဂါမိပြု။ပါရာ ဇိကအာပတ်တို့ကို ပရိသုဒ္ဓပြုကြပါက၊ ထိုအန္တရာယ် ၂-ပါးတို့မှ ဧကန္တ ကင်းလွတ်ကြကြောင်းကို၊ ပါဠိအဋ္ဌကထာမှာ သေချာစွာ မိန့်မှာတော်မူ ကြောင်းနှင့်၊ ငါတို့ရေးထုတ်လိုက်သော ဝိသုဒ္ဓိကျင့်စဉ်စာအုပ်မှာပါသည် များကို ယုံကြည်စွာ အားထားကြကာ၊ ကုဋေ-ကိုးထောင်ကျော် အာပတ် တို့ကိုပင် မသိကြသော်လည်း မိမိတို့သင်ကြားရမိ၊ ထိုထိုပါဠိတော်, အဋ္ဌ ကထာတို့၌ ထင်ရှားစွာရှိကြသော သိက္ခာပုဒ်တို့ကိုကား၊ **သိလျက်နှင့်ဖြင့် တော့မလွန်ကျူး ဘူးမဲ့၊ သင့်မှန်းသိသော အာပတ်တို့ကိုလည်း ချိုးဖောက်၍ မထားဘဲ၊ ဒီနည်းကံနှင့် လျင်မြန်စွာ ကုစားမဲ့** ဟု အဓိဋ္ဌာန်လည်းပြု၊ အဓိဋ္ဌာန်တိုင်းလည်း ကျင့်ကြံကြသူတို့မှာ စိတ်မရှိ-မသိဘဲနှင့် သင့်နေနိုင်

သော အဇ္ဈတ္တက ပဏ္ဏတ္တိသဘော အာပတ်အများတို့ပင် သင့်နေကြစေကာမူ၊ သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်တို့ ကေန္တမဖြစ်ဟု တစ်တစ်ခွခွ သိမှတ်တော်မူကြပါလေ။ [အကျယ်ကို သိလိုကြသေးမူ၊ ဝိသုဒ္ဓိကျင့်စဉ်စာအုပ် အရင်းမှာ ကြည့်ကြပါလေ၊ သူတော်ကောင်းတွေတို့။]

ယခုခေတ်ကာလမှာ ရှေးက ရေးပြခဲ့ပါသော အဓိဋ္ဌာန်ကြီးတွေနှင့် သီလ အဟုတ်စင်ကြယ်ကြအောင် သုတ်သင်၍နေလိုကြပါမူ၊ ကောင်းသူ မကောင်းသူများ အစားစားတို့နှင့် မဆက်ဆံရအောင် ဆွမ်းခံမှတပါး၊ သံဃာအများနှင့် အလှူခံဟူသမျှ ဘယ်သင်းကိုမှ မလိုက်ကြဘဲ၊ ဝေ့ကရ ပရိသတ်အများနှင့် ဝေ့ကရ လာဘ်အများတို့ကိုလည်း အလိုမရှိက၊ ဝေ့ကရတွေနှင့် သမ္ဘောဂ,သံဝါသမဖြစ်ကြရဘဲရင်း၊ ရှေးကအဓိဋ္ဌာန်အတိုင်း သိသျက် မလွန်ကျူးရဘဲရင်း နေနိုင်ကြကုန်ရာ၏။ သင့်မှန်းသိသော အာပတ်တို့ကိုလည်း သူငါများကို မငဲ့ငြားရဘဲရင်း၊ လျှို့ဝှက်၍လည်း မထားဘဲရင်း၊ ဝိနည်းကံနှင့် ညီညီ ညာညာကြီး လျင်မြန်စွာ ကုစားနိုင်ကြကုန်ရာသည်။ ထိုသို့မဟုတ်ဘဲ ဝေ့ကရအလှူခံလိုက်က ပရိသတ်အစားစားတို့နှင့် ဆက်ဆံရ၍၊ သမ္ဘောဂ,သံဝါသတို့ မကင်းနိုင်ကြဘဲ၊ အလွန်ပင် သုတ်သင်နိုင်ခဲသည်။ ဝေ့ကရပရိသတ်အများ လက်ခံထားက ထိုပရိသတ်ထဲမှာ လူပေ,လူတေ,လူညစ်တွေလည်း ပါနေတတ်လှသည့်အတွက် အသုတ်သင် ခက်တတ်သည်လည်းတကြောင်း။ ထိုပရိသတ်အများနှင့် မျှတ,သွားအောင်လည်း ပစ္စည်းအရပ်ရပ် အပ်မအပ်ကို မရွေးချယ်သာ။ မျှတအောင် လာဘ်မပေါ်လာလျှင် တော်ရာက ငွေကြေး ခလေးချေး၍တောင် ပရိသတ်တခြားမပြေးကြအောင် ချက်ပြုတ်၍ ကျွေးမွေးနေရမှု အတွက်စုနှင့်လည်း သုတ်သင်ရဘို့ခက်တတ်သည်လည်း တကြောင်းတို့ကြောင့် **သိက္ခာကာမ သန္တုဋ္ဌိ သလ္လေခ စသည် သဘောမတူမှု၊ တပါးသူကို လက်မခံဘဲ၊ ငါ တယောက်ထည်းနေမဲ့**ဟုအဓိဋ္ဌာန်ပြု၍၊ မိမိ·မိမိတို့ကိုယ်ကစ၍သာသနာတော်ကြီးများ ကြီးပွါးကြအောင်ပြုကြပြီးမှ တပါးလူတို့က မိမိနည်းယူကြကာ နေလိုပါမူ၊ မိမိခေတ်အတိုင်းသာ ကျင့်ကြံကြစေရာ၏။ ။ဝေ့ကရ လာဘ်အများကိုအလိုရှိကလည်း အပ်–မအပ်၊ရာ မရာ၊သာ-မသာ၊ကောင်း မကောင်း စသည်တို့ကို မရွေးချယ်နိုင်ဘဲ၊ ဆွမ်းဘုံလောင်း ထဲမှာတောင် ခဲမဲကြဲကြဲတ်က၊ အကြိမ်ကြိမ် အထပ်ထပ် ရပ်လာမှုတွက်ဘာကြောင့် ဤဝဋ္ဋုစုကို အကုန်လှူမဟဲ့ဟု အဓိဋ္ဌာန်ပြုထားသူတို့ပင် မသဒ္ဒါချင်အောင် ဘုံလောင်းတိုးကိန်းစုနှင့် ရသမျှ မရ,မက အလှူခံခြင်းကိုပြုကြတတ်သည့်

အတွက် အသုတ်သင် ခက်နေတတ်ကြသောကြောင့်၊မအပ်,မရာနှင့်ကား၊ ပစ္စည်းအများတို့ကို အလိုမရှိကြဘဲ၊ သပိတ်တလုံး, သင်္ကန်းသုံးထည်မျှနှင့်သာ အပ်အပ်–ရပ်ရပ်ကို ရ၍၊ သီလစင်ကြယ်အောင် သုတ်သင်ရာ၏။ ထိုသို့စင်ကြယ်အောင် နေရာက ကြောင့်ကြမကိုက်ရဘဲ၊ လာဘ်အများတို့ အလိုလိုပေါ်လာငြားမူကား၊ **မရ မနှိုးဘာဘွေ့ကိုလည်း မတောင့်တ၊ ရနှိုး လာဘာဘွေ့ကိုလည်း မကြောင့်ကြဘူးဟဲ့** ဟူသော မိမိစိတ်ကိုသာ နိုင်နိုင်ကြီး ချုပ်ထားကြပြီးလျှင်၊ လှူသူများနှင့် မိမိတို့ အနွဲ့အရံ များကိုသာ ငဲ့ညှာသနား မေတ္တာတော်အထူးရှေ့ထား၍သာ ခံယူငြားကား၊ အန္တရာယ် ၂-ပါး ကင်းလွတ်ကြပါအောင် ဝိနည်းတရားအလုပ်ကို သုတ်သင်တော်မူကြပါလေ၊ ယောဂီအရှင်မြတ်တွေတို့။

ဤအန္တရာယ် ၂-ပါးတို့ကို မဖြစ်နိုင်သောအာပတ်တွေ၊သင့်နေလျက်နှင့်ပင် ဈာန်မဂ်ကိုရလောက်အောင် အားထုတ်ကြ၊ဒင်းဈာန်မဂ်ကိုရနိုင်ကြပါ၏။**ခဘူးသည့်အဆောက်ကား**၊—ဒေဝဒတ်သင်းခွဲရာသို့ လိုက်ပါသွားသော ရဟန်းငယ်ငါးရာတို့ကို အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ သွားပြီးတရားဟော၍၊အာပတ်နှင့်တကွအံ့ယာအကုန်ဖြစ်ကြလျက်၊ဘုရားအထံတော်သို့ ပြန်လာရာကျောင်းတော်မှ ရှေ့ကသင့်ထားရင်း အာပတ်များကို ဒေသနာကြား ရသော အထောက်သက်သေများနှင့်၊ရှေ့ပရိဒါ အမွှာထောစကားတို့ကို ယုံယုံကြည်ကြည် အလေးတမူ- အရေးယူကာ မသိဘဲနှင့် သင့်နေသောအာပတ်တို့အတွက် စိတ်မပျက်ကြဘဲ၊ သိလျက်နှင့်လဲ မမိုက်မှားကြစေဘဲ၊ ရဟန်းတို့ ကျင့်ရသည့် ပါတိမောက္ခသံဝရ သီလဝိသုဒ္ဓိ အစစ်ဖြစ်ကြအောင် အထူးအားသင်ကြပါလေ၊ သူတော်ကောင်းတွေတို့။

ဤကဲ့သို့ ရှေ့ကပြခဲ့တိုင်း လူများနှင့် ရဟန်းများတွင် ရဟန်းများကသာ ကောင်းချင်သလောက် ကောင်းသည့် အပေါက်သို့ တက်လွယ်၊ ထွက်လွယ်ကြသည့်ကား မှန်လှပါပေ၏။ မကောင်းချင်သူတို့ ရဟန်း, လူ ၂-ဦးမှာ ရဟန်းတို့က အထူးသာ၍ ကောင်းမှု နည်းပါး မကောင်းမှု များကြရာသည် မဟုတ်ပါလော.ဟူငြားအံ့။ (အမိန့်)ရဟန်းတို့က လူများနှင့် အတူမြိုင်၍ မိုက်ကြရာ၊ တကုဋေလောက်ပင် သာ၍ မိုက်ကြစကာမူ၊ လူများထက် ရဟန်းများက သီလတည်းဟူသောကောင်းမှုများ မနည်းပါးကြဘဲ၊ ကြီးပွါးသော သီလသိက္ခာပုဒ်ပေါင်း ကုဋေ ၉-ထောင်တရာ ခုနစ်ဆယ် ကိုးကုဋေနှင့် ငါးသန်း သုံးသောင်း ခြောက်ထောင်တို့မျှ ရှိနေကြသည့် အတွက်၊ အတောင်ရှည်ပုဆိုးကြီး အနည်းငယ်မျှ မီးလောင်

ပေါက်ကြရမှာ ရွှေ့လို့ဝတ်စရာ ရှိနေတာလို ဖြစ်လေ၏။ ယခုကာလ လူအများ ကျင့်ကြံဝတ်ငါးပါးတို့တွင်၊အသတ်ခံသူ,အခိုးခံသူစသည်တို့က ထုံဆိုလိုသူများ ဒုစရိုက် ကင်းသွားအောင် အတင်အဓမ္မ ရုန်းထွက်၍ပင် ပြေးကြစေကာမူ၊မလွတ်ထိုက်အောင် ဖွတ်လိုက်၍ ပြုနေကြသည့်အထဲက နဲနဲကလေးမျှ လွတ်ခွင့်ရသူတို့ကိုတောင် လားလားဟယ်၊နင်–သည်တခါ နပ်ပါးသွားလို့ တားတားကလေး လွတ်သွားတယ်၊နောက်တခါမှ သိရစေ့ မဟဲ့ဟုနောက်ကလိုက်၍၊ဟန်းလိုက်,ကြိမ်းလိုက်ကြချင်နေလေါက်အောင် ပေါက်ပြန်နေကြသည့် လူတို့သီလကား၊ကုလားများ လံကွတ်တိအဝတ်မျှ နှင့်တူလှ၏။ ၎င်းလံကွတ်တိမှ, လံကွတ်တိထီးတို့၏ ငါးပါးသီလထဲက တပါးမျှ ပေါက်ကြ,ပျက်ကြပါမူ၊ထိုလံကွတ်တိမျှကို မီးလောင်ပေါက်ကြ ရာမှာ၊ ရွှေ့၍ ဝတ်ကြစရာ လုံခြုံစွာမရှိသလို၊ ကုဋေကြီးများ ရာထောင် လောက် ကျိုးပေါက်သွားအောင် ဆိုးဝါးလှသောရဟန်းများလောက်ပင်၊ သီလတည်ဟူသော ကောင်းမှုတို့မရှိအင်ကို ထင်ထင်ရှားရှားကြီးသိရှိကြ သူ၊ ထိုထိုလူတို့ကား၊ ရဟန်းများကို မကဲ့ရဲ့ကြဘဲ၊ဂေါတမဘုရား တပည့် သား သံဃာတော်မြတ်ထဲကသာထား၍၊ သရဏကျင့်စဉ်စာအုပ်မှာ မိမိ တို့ စိတ်ကိုသာ မိမိတို့သာသနာ ပြုပြင်ပေးတတ်စရာ၊ ငါတို့ရေးထုတ် လိုက်ပါသည့် အတိုင်းပင် ပြုပြင်၍ပေးကြပါလျက် ဆန့်ကျင်ဘက် မဖြစ် ကြအောင် အထူးကြံဆောင်ကြကာ၊ ကြည်ညိုကိုးကွယ်တတ်ကြပါစေ။ ကိုယ်ကျိုး ကိုယ်စီးပွါး အစစ်ကိုသာ ရှာလိုသော အသက်တိုသူ တို့လူစု အပေါင်း သူတော်ကောင်းတို့။

**ဓောဒနာချန်တပါး ရှိပြန်ပုံကား၊......** ကိုယ်တော်များ ဘက်ကလည်း မိုဃ်းညှင်းကိုယ်တော်ကြီး စာကိုကြည့်ရမှ လူများထက် အပုံသာလှ၍၊ အနည်းငယ်မျှ လွန်ကျူးလိုသူတို့ လွန်ကျူးကြလို့ ကိစ္စမရှိဘူးလားဟု စောဒနာငြားအံ့။ (ဖြေမိန်း) မအပ်မှန်းကို ကြောင်ကြောင်ကြီး သိလျက်သား နှင့် သိက္ခာပုဒ် တပါးကိုပင် လွန်ကျူး ဖြစ်မှားပြီးနောက်၊ မေ့လျော့မှု အတွက်နှင့်ဖြစ်စေ မကုစားဘဲ၊ ထိုအပြစ် ထင်ရှားရှိသော အရှင်မြတ်တို့ သည်၊ နောင် စိတ်ကောင်း ရှိလတ်သောအခါ နည်းလမ်း ကျနစွာနှင့်၊ ဈာန်,မဂ်ဖိုလ် ပေါက်ရောက်နိုင်ရာသော ဝီရိယ, ပညာတို့လည်း လုံလုံ လောက်လောက်ကြီးများနှင့် နှစ်ပေါင်းများစွာ အားထုတ်ပါသော်လည်း ထိုဝီတိက္ကမန္တရာယ်တပါးက မဂ္ဂန္တရာယ်ဖြစ်ငြားခဲ့၍၊ဘားမြစ်သည့်အတွက် ဈာန်မဂ်သို့ မတက်နိုင်ကြရာရုံမျှ မကသေး၊သေပေါက်သို့ ကျသောအခါ

လည်း သုဂတိဘုံသို့ချည်းသွားရန် အားသည်းကြပြန်ရာမှာ၊ ၎င်းလွန်ကျူးထားပြီး အပြစ်အာပတ်ကြီးကလာ၍ ကိုယ်တော်ကြီး, ကိုယ်တော်ကြီး-ယခုသေပြီးကာလ ဘယ်ကို ကြွမည်နည်းဟုမေးက၊ ငါသုဂတိဘုံသို့ကြွမှာပဟု ဆိုနိုင်ကြစေကာမူ၊ ထိုဝိဘင်္ဂအန္တရာယ် တပါးက သဂ္ဂန္တရာယ်ဖြစ်ငြားလှ၍ ကိုယ်တော်- သည်လိုသွားလိုရာများကို မသွားရဘူးဟု အဆူးတားမြစ်နိုင်ကြသည့်အတွက် သုဂတိဘုံဘက်သို့ မတက်နိုင်ကြဘဲ၊ ဒုဂ္ဂတိထဲ ပါယ်ငရဲ ထိုထိုပြည်မှာ ကျရောက်နေကြ ရကုန်၏။ ကျရောက်နေကြရှာသော **အဆက်ဆက်သောသား၊......**

ကဿပဘုရား လက်ထက်က ရဟန်းငယ်တပါး ဂင်္ဂါမြစ်မှာ လှေနှင့်သွားရာ လက်ဆော့ပါ၍ မြိုန်းမြက်ကို လက်နှင့် ဆွဲကာ၊ ပြတ်လိုပြတ်စေဘနာထားနှင့် လှေသွား၍ပြတ်လေရာ၊ ထိုအပြစ်တပါးကို မကုစားဘဲ၊ မေ့လျော့၍ သွားပြီးနောက်၊ စိတ်ကောင်း ပေါက်၍ အနှစ် ၂-သောင်း တောကျောင်းကြီးမှာ အားသည်းကာ ဈာန်မဂ်ကို ရှာပါသော်လည်း ထိုအန္တရာယ်ကြီးကြောင့်မရ။သေခါနီးကလေးမှာ သုဂတိဘက်သို့ တက်လိုမှုအတွက်နှင့်၊ မိမိသီလအချက်စုကို ဆင်ခြင်ရာ၊ ဟိုယခင်က သီလတခုပျက်တာ ထင်မြင်လာ၍ ဒေသနာသည်း မကြားနိုင်သည့်အတွက် ဧရကပတ္တ နဂါးဘိရဇ္ဇာန် အဖြစ်နှင့်၊ အပါယ်၌ နှစ်ချက်များကို မကြာမကြာ အခါခါစဉ်းစား၍ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားအမိန့်တော်ထားခဲ့သော သီလတခု လိုနေမှုအလုပ်နှင့် နောက်သို့ ဆုတ်ချင်လာသော မိမိတို့ စိတ်ယုတ်မာကို ဧရကပတ္တနဂါး သက်သေတည်းဟူသော သီလဓားနှင့် ခုတ်ဖြတ်ကာ ခုတ်ဖြတ်ကာ သီလစင်ကြယ်သည့် ဘက်သို့ တိုးတက်လာအောင် အနည်းဆုံး တနေ့တခါကျ မိမိတို့သီလ လုံ, မလုံမှုကို ဆင်ခြင်ကြည့်ကြပါမူ၊ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုဘာလို၊ မကောင်းဘရားနှင့်သီလျက် ပြုနေရသောအချက်စု တွေ့မြင်ရသောအခါ၊ဩော် ....ငါသည်သီလပေါက်က မလုံရှိသည့်အတွက် ယခုအခါ ငါသေပါမူ၊ ခက်တယ်ခက်တယ်, ခက်တယ် ခက်တယ်ဟု နေ့စဉ်သုံးခွန်းကျစီ ညည်းညူကြကာ သီလတခုယုတ်၍ နောက်သို့ဆုတ်မှု၊ ဇောက္ခန္ဓာချ ခုတ်ကြမည့် သီလဓားနှင့် ကွပ်ကာ ကွပ်ကာ နေ့စဉ်သွားကြပါလေ၊သူတော်ကောင်းတွေတို့။

ဤကား ယခုမိုက်နေကြဆဲ ဒုစရိတ ဒုဿီလတို့ကို နောင်မမိုက်ဝံ့ကြအောင် **ဓားကွပ်ချက်**တို့ပေတည်း။

သည်သာမကသေး၊ မိုက်ပြီး အကုသိုလ် တို့ကိုလည်း ပြေငြိမ်းသွားအောင် ပြုကြရဘို့ လွန်စွာ အရေးကြီးနေကြကုန်၏။ အဘယ့်ကြောင့်ဆိုသော် မည်သူမဆို ပုထုဇဉ်မှန်သမျှ မိမိတို့လောဘအလျောက် ဒေါသအလျောက် မောဟအလျောက် မိုက်ခွင့်သာသလောက် သိသိသာသာ အမှတ်တရ မိုက်မှားထားမိကြတာများ ရှိတတ်ကြလေ၏။ ထိုမိုက်မှားမိသော အပြစ်များကို ကျန်းမာစဉ်အခါက ပယ်ဖျောက်နည်း အာဝဇ္ဇနိုင်မပယ်ဖျောက်ကြဘဲ၊ အမှတ်တမဲ့နေလိုက်ကြပါမူ၊ ထိုမိုက်ကြွေးမှားကြွေး အကုသိုလ်ဘေးတို့က မဖေးငြိမ်းကြဘဲ၊ မိုက်မှားသူတို့ ကျန်းမာချမ်းသာတုန်းအခါတို့မှာ ခပ်ငြိမ်ငြိမ်ကလေး ရှိရှာကြသေး၏။ အကုသိုလ်အခွင့်သာ၍ မကျန်းမာကြသောအခါ၊ မညှာတာသော ကြွေးရှင်ကြီး မောင်ချစ်တီးတို့က ပစ္စည်းရှိသမျှ လေလံဘင်၍ ပြောင်စင်အောင် ယူရုံမက၊ လူကိုလည်း ထောင်ချလိုက်သေးသလို၊ ထိုအကုသိုလ်တို့က ရောဂါအမျိုးမျိုး ကာယိက ဒုက္ခဆိုးကြီးတွေ နှင့်လည်း နှိပ်စက်၊ စေတသိက ဒုက္ခဆိုးအချက်တို့မှာတော့ သေခါနီးအခါတို့မှာ အပါယ်ဘက်သို့ကျရန် အရိပ်နိမိတ်ကြီးတို့ဟု ဆိုအပ်သော မိမိတို့ မိုက်ခဲ့ဘူးသော အကုသိုလ်ကံဟူသမျှတို့ကို မထင်ချင် မနေရဘဲ၊ သတိတရ ရရှိနေတတ်ကြလေသော **ကံနိမိတ်** ထိုအကုသိုလ် အာရုံတွေ၊ အကုသိုလ်ပြုနေပုံ အခြင်းအရာတွေ မထင်ချင် မနေရဘဲ၊ သတိတရ ရရှိနေတတ်ကြလေသော **ကမ္မနိမိတ်** ထိုအကုသိုလ်အခွင့်ပေးရာ အပါယ်ဘုံတို့မှာ ဆင်းရဲခံကြစရာ ငရဲဒိုး, ငရဲထိန်း၊ ငရဲမီး, ခွေးနက်ကြီးစသည်တို့ပါ မထင်ချင် မနေသာဘဲ၊ သတိတရ-ရရှိနေတတ်ကြလေသော လားရာ **ဂတိနိမိတ်** အစားစားတို့ ဘွားဘွားကြီး ထင်မြင် လာရာကျတော့မှ၊ ကြောက်ထိတ်ပိုးရိမ် ညှိုးငိုမ်နွမ်းဆွေး ငိုကြွေးဆင်းရဲ ဘယ့်လောက်မှ စိတ်မချမ်းသာကြဘဲ၊ စေတသိကဒုက္ခ အနည်းနည်းတို့နှင့်လည်း နှိပ်စက်ကြပြီး၊ အပါယ်ထောင် ဘေးကြီးတို့မှာ တခါတည်းမလွတ်သင့်အောင် ဖြစ်ဖြစ်နေကြရဘို့သာ၊ ထိုလွန်ကျူးလိုသော စေတနာနှင့် သိသိ,သာသာ မိုက်မှားထားကြသော အကုသိုလ်တည်းဟူသော မောင်ချစ်တီး ကံအကြောင်းကြီးတို့ ဖြစ်နေကြသောကြောင့်၊ ထိုလွန်ကျူးလိုသော စေတနာနှင့် သိသိသာသာ မိုက်မှားထားခဲ့ဘူးသော အကုသိုလ်ကံအထွေးများကို အမှတ်တမဲ့မထားကြဘဲ၊ မိုက်ခဲ့သမျှ သတိရအောင် စဉ်းစားကြပြီးလျှင်၊ ထိုမိုက်ခဲ့မိသော ဒုစရိုက် အပေါက်ကပင် အကုသိုလ်ကြွေးမြိစင်အောင်၊ **ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ**

**ဝါယာမော**။ ။ဥပ္ပန္နာနံ၊မိုက်မှားမှုအထူး ဖြစ်ကုန်ဘူးသော။အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ဖျောက် ခြင်းငှါ။ ဝါယာမော၊ ကြိုးကြိုးကုတ်ကုတ် အားထုတ်ရခြင်းငှင်း။ ။ဟူ သော သမ္မပ္ပဓာန်ပါဠိတော်အရ ပယ်ဖျောက်နည်း အာဝတို့တွင် စောင့် စည်း၍ ကင်းစင်ပုံများကို ထင်ရှားစွာ သိစေလိုသောကြောင့်။ .....

**တံဟိ ( နပုနေဝံ ကရိဿာမိ ) တိ စိတ္တာဓိဋ္ဌာန**
**သံဝရေနေဝ သုဒ္ဓတ္တာ သံဝရသုဒ္ဓီတိ ဝုစ္စတိ။**

ဟိ၊ စောင့်စည်း၍ စင်ကြယ်ပုံများကို ထင်ရှားအောင်ဆိုဦးအံ့။ တံ၊ ထိုသီလကို။ ပုန၊ တဖန်။ ဧဝံ၊ ဤကဲ့သို့ လွန်ကျူးခြင်းကို။ နကရိဿာမိ၊ ငါမပြုတော့အံ့။ ဣတိ၊ ဤသို့။ ဝါ၊ ဤလို-ဤပုံ။ စိတ္တာဓိဋ္ဌာနသံဝရေနေဝ၊ စိတ်ကိုဆောက်တည်၍စောင့်စည်းသဖြင့်သာလျှင်။ သုဒ္ဓတ္တာ၊ စင်ကြယ်သောကြောင့်။ သံဝရသုဒ္ဓီတိ၊ စောင့်စည်းသဖြင့် စင်ကြယ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဟူ၍-ပါရာဇိကကဏ်အဋ္ဌကထာမိန့်မှာတော်မူသည်နှင့်အညီ အမှတ်တရ-လူကြီးကိုပင် သတ်မိကြစေကာမူ၊ ထိုပါဏာတိပါတပေါက် က ဘယ်တော့မှ နောင်မပေါက်ရ မလွန်ကျူးရအောင် စာစကားနှင့် **နပုနေဝံကရိဿာမိ**၊ရွာစကားနှင့် **နောင်တဖန် ဤအမှုကိုမပြုတော့အံ့**-ဟု မြဲမြဲမြံမြံ ဓိဋ္ဌာန်ဆောက်တည်ပြီးမှ နေ့တိုင်း ပုတီးပတ် ၅၀-၆၀,စသည် ရအောင် **သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏**ဟု ပုတီးပတ်နှင့် ၎င်းသီလကုသိုလ်များကို အထပ်ထပ်ဆောက်တည် ပွါးများထားလိုက်ကြပါက၊ ခရီးတတိုင် လမ်း မှားသွားသောသူသည်၊ထိုတတိုင်မှပြန်လာက လမ်းမှန်သို့ပြန်ရောက်ဘာ လို၊ ၎င်းမိုက်ခဲ့သည့်ဒုစရိုက်ကို ယခုဆောက်တည်သော သုစရိုက်တရား နှင့် ပယ်ရှားကြပါလေ။ ။ထို့အပြင်၊ လွန်ကျူးခဲ့မိသမျှ ကြွင်းသီလ တို့ကိုလည်း အဟုတ်ရှောင်ကြဉ်ရန် မြဲမြဲမြံမြံကြီး **နပုနေဝံ ကရိဿာမိ၊ နောင်တဖန် ဤအမှုကိုမပြုတော့အံ့**ဟု အဓိဋ္ဌာန်ဆောက်တည်ကြပြီးလျှင်၊ အသီးအသီး ပုတီးပတ်များများကြီး စိပ်သွားကြစေရကား။ ။**သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏၊ သူ့သားမယားကို လွန်ကျူးခြင်းမှ ရှောင် ကြဉ်ပါ၏၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏၊ ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဆဲရေး သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏၊ အနက် ကင်းညွှား၊**

လင်ကြံ၍ရေးသားသော၊ ဇာတ်ဝတ္ထုစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ပါ၏၊ ဒုစရိုက်နှင့်အသက်မွေးခြင်းမှရှောင်ကြဉ်ပါ၏။ ။ဤသည်တို့ကား အာဇီဝဋ္ဌမကသီလ ကျိုးပေါက်ကြသူများ ပုတီးစိပ်သွားကြဘို့တည်း။

မနောပေါက်က ပုတီးစိပ်ကြဘို့ကား။ ။သူတပါး ဥစ္စာကို၊ ငါ့ဟာ ဖြစ်ပါစေဟု ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏။ ။သူတပါးတို့ ဆုံးပါး ပျက်စီးခြင်းကို ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏။ ။မှားသော မိစ္ဆာ အယူကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏။ ။ဤကား-သုစရိတ သီလသမား မနောဒုစရိုက် ဖြစ်မှားသူတို့ ပုတီးစိပ်ကြကာ အပြစ်ကိုပယ်ဖျောက်ကြဘို့ ရာတည်း။ ဤသို့ရေးပြထားတိုင်း လွန်ကျူးမိသမျှ ပုတီးစိပ်ထားကြသူတို့ နောင် သေဝမှာ ၎င်းသီလပျက်မှုနှင့် သတိရ၍ သံသယ ဖြစ်လာကြမူ၊ ငါသည် ထိုဒုစရိုက်ဘို့ ပြေငြိမ်းအောင် ရှောင်ကြဉ်သော သုစရိုက် တရားနှင့်ပယ်ရှားပြီးသားကဘဲ၊ ဘာအတွက်ကြောင့်သံသယဆက်လက် ရမှာလဲဟု အာရုံကိုပြောင်းလဲ၍ ငွဲမြဲလိုက်က အကုန်လုံး ကင်းငြိမ်းရ၏။ နောက်နောင် သံသရာမှာ ဒုစရိုက် အကျိုးပေးလာစေကာမူ၊ ယခု ပုတီး စိပ်ထားသည့် သုစရိတ တရားတို့ကလည်း ထိုအပြစ်မှ လွတ်လပ်ခွင့်ကို ပေးနိုင်ကြကုန်ရာ၏ဟု လယ်တီဆရာတော်ဘုရားကြီးများ မိန့်ကြား နည်း ပေးတော်မူခဲ့သည့်အတိုင်း၊ စောစောစီးစီးက ၎င်းဒုစရိုက်တို့၏ အပြစ်တို့ ပြေငြိမ်းကြအောင် အထူးအားထုတ်ကြပါလေ။ ကြားသိသမျှ အပေါင်း သူတော်ကောင်းတွေတို့။

ဤကား ပဉ္စမအတွက် သီလ, ခေါက်ပွဲချက်ကြီးပြီး၏။

## (၁၀) ဒုတိယ-တတိယ-စတုတ္ထ ခေါက်ပွင်တရားကြီးတွေနှင့် နေ့စဉ်အလုပ် အသားတက်သွားကြပုံ

ဒုတိယအတွက် ခေါက်ပွင်ရကြဘို့ အချက်တို့ကား။ ။ရှေ့ကဟောပြ ခဲ့တိုင်း လူ, ရှင်, ရဟန်းတို့မှာ အသီးအသီး ၅၈-၁၀၈တို့၏ သီလသိက္ခာတို့ လုံခြုံကြပါမူ၊ ကာယဒွါရ, ဝစီဒွါရပေါက်တို့က အယုတ် အကြမ်းဆုံးကြီး တွေ ဖြစ်လှသော ကိုယ်အမှုအရာ,နှုတ်အမှုအရာအမျိုးမျိုးတွေနှင့် ဆိုးဝါး သောင်းကျန်းနေကြသော ကိလေသာ ဒုစရိုက်အလုံးစုံ ဝီတိက္ကမဘုံတို့က သာ အပါယ်တံခါး ပိတ်ရာသည်။ မနောဒွါရပေါက်က စိတ်အမှုအရာ အမျိုးမျိုးတွေနှင့် ဆိုးဝါးသောင်းကျန်းနေကြသော ကိလေသာ ဒုစရိုက်

အလုံးစုံ **ပဋိသန္ဓေနဲ့တိုက** အပါယ်သို့ကျဘို့ တံခါးတို့ကား မပိတ်ကြ သေးရာ၊ ထိုတံခါးကိုထင်ရှားစွာချ၍သို့ဦးအံ့။ မနောပေါက်က ကိလေသာ ဒုစရိုက် မဖြစ်ကြအောင် ဥပစာသမာဓိ, အပ္ပနာသမာဓိကြီးများကို မရ ကြဘဲ၊ တနာရီ, နှစ်နာရီမျှပင် မိမိတို့လိုချင်သော ကုသိုလ်အလုပ်ထဲမှာ စိတ်စွဲအောင် မထားနိုင်ကြဘဲ၊ ကျောင်းကန်တပည့်သား လင်မယားနှင့် သား,သမီးအမှုမျိုး၊ ထိုထိုလောကီပစ္စည်းအာရုံ ကာမဂုဏ်ဆိုးတို့ အထဲမှာ သာ ငုံမြုပ်ရှုးပိုက်ကာ နေကြသော ကိလေသာတွေကို မဖြစ်ကြရအောင် တားမြစ်နိုင်ကြဘို့ ခဲယဉ်းလှသည်ကား၊ ယခုအခါတရားလည်းရှိ၊ တရား လည်းသိ၊ ကျွန်းမာချမ်းသာကြတုန်းအခါ၊ ဆိတ်ငြိမ်ရာမှာ **ငါဘုရားနှိုး ခေါ်ခင်းအတွင်း ဘုရားမှတပါး၊ တခြားသို့ စိတ်မသွားရဘူးဟဲ့** ဟု မြဲမြံ စွာ စိတ်ကိုအဓိဋ္ဌာန်၍ ကုသိုလ်အရာ သမာဓိဖြစ်အောင် အားထုတ် စမ်း ကြည့်မှ ကြေညက်စွာ ဘုရားရှိခိုး ရ,ထားသောနှုတ်က အလိုက်သိစွာ၊ ငါအဆုံးသို့ကျအောင် ဆိုမှသာ ဆုံးတော့မှာကိုးဟု မတွက်ကတတ်ဘဲ၊ဆိုမြဲ တိုင်း ဆိုသွား၍သာ ဘုရားရှိခိုး ဆုံးနေကြရသည်များကို ကိုယ်တိုင်တွေ့ ရှိ၍ နေကြရကုန်၏။ ထိုသို့ တွေ့ရှိကြရသော ရဟန်း, ရှင်, လူ အများ သူတို့ကား မရဏာသန္နသေခါနီးကာလတို့မှာ ရောဂါ, ဒုက္ခ, ဒေါမနဿနှင့် သောကပရိဒေဝ သပွတ် အုမကာ ရှုပ်ပွေလှစွာသော ကိန်းတွေ ဆိုက် ရောက်၍ နေကြရတွင် အလွန်ပင် ခင်မင်လှပါသော ပစ္စည်း ၄-ပါး တပည့်သားနှင့် လင်မယား သား, သမီးစသော ထိုထိုအာရုံ ကာမဂုဏ် တခုခုကို ထင်မြင်ခင်မင်၍ သေကြလျှင်အမြဲ အပါယ်ထဲသို့ မနောပေါက် **ပဋိသန္ဓေနဲ့** ကိလေသာအလုံးစုံတို့က ဖွင့်ဆွဲ၍ချကြပေလိမ့်မည်။ထိုသို့ ဖွင့်ဆွဲ၍ချနိုင်ပေသော **အကြောင်းသက်သေကား၊**—

သာဝတ္ထိပြည်သား ဦးတိဿအရှင်မြတ် ဘုရားကြီးသည်၊ ရဟန်းတို့ တရားအကျဉ်းအားဖြင့် (၂၂၇) ပါး။ အကျယ်အားဖြင့် ကုဋေ ကိုးထောင် တရာ့ ရှစ်ဆယ်နှင့် ငါးသန်း သုံးသောင်း ခြောက်ထောင်ရှိသော(၉၁၈၀, ၅၀၃၆၀၀၀) အကျင့်သီလတို့ဘက်က လုံခြုံလှ၍ အပါယ်တံခါးပိတ်နေရ သော်လည်း သေပေါက်သောမှာ ဓမ္မိယလဒ္ဓ တရားသဖြင့် ရအပ်သော သပိတ်တလုံး, သင်္ကန်း သုံးထည်တို့တွင်၊ နှမက ရက်ပေးသည့် သင်္ကန်း တထည် ကလေးမျှကို သမာဓိအလုပ်နှင့် မထိန်းအုပ်နိုင်သော မနော ပေါက်က ပဋိသန္ဓေနှ အလုပ်နှင့် အဟုတ်သာယာ တွယ်တာမိသော လောဘကလေးက အပြေးအလွှားအပါယ်ထဲသို့ ဖွင့်ဆွဲ၍သွားမှုကြောင့်၊

ထိုသက်နီးမှာ သန်းတိရစ္ဆာန် ဖြစ်ရှာရသော ဝတ္ထုကို ထောက်ထား၍ သိကြရမည်။ ဤသို့သော ဝတ္ထုကိုထောက်ဆလျှင် ယခုကာလ ကိုယ်တော် မြတ်ဘက်က သေတ္တာကြီးတွေ, ဘိရိုကြီးတွေ,အခန်းကြီးတွေ, ကျောင်း ကြီးတွေ၊ ထိုထိုအာရာမ်ကြီးတွေနှင့် အပြည့်အပြည့်ရှိနေကြသော ပစ္စည်း တွေကို သာယာမိကြက သန်းထက်မက ကြမ်းပိုး, ပိုးဟပ်, အိမ်မြှောင်, တောက်တဲ့ စသည့်တွေတောင် ဖြစ်နေကြဘို့ အကြောင်းစုတို့ ရှိကြမှုကို အကြောင်းပြု၍ အဓိဋ္ဌာန်ထားကာ၊ ဘုရားရှိခိုးတုန်းမှာမှ တည်ကြည်ရာ မရသည်များကို ထိတ်လန့်ခြင်းသံဝေဂ ကြီးကြီးထား၍ သြော်.....**ငါသည် သမာဓိပေါက်က ဘုရားရှိခိုးနေတုန်းမှာမှ မလုံခြုံသည့် အတွက်၊ ယခု အခါ ငါသေရမူ ခက်တယ် ခက်တယ် ခက်တယ်**ဟု နေ့စဉ် သုံးခွန်းကျစ် ညည်းညူကြကာ ဓားကွပ် ကွပ်သွားကြပါလေ၊ သူတော်ကောင်းတွေတို့။

လူအပေါင်းဘက်ကလည်း ဝိသေသဒါနကြီး, သီလကြီးတို့နှင့်လည်း အားရတင်းတိမ်၍မနေသာ၊ ဤအရှင်တိဿဝတ္ထုကိုထောက်စာမူ၊ ကုဋေ ၉–ထောင်ကျော်သီလကြီးများ ရောတည်ထားတာကသုံးပင်တိုင်သင်္ဘော ကြီးများနှင့်တူလှသည့်အပေါ်သို့ ကျောက်စရစ်ကလေးမျှပမာ ဓမ္မိယလဒ္ဓ တရားသဖြင့်ရသော မိမိသက်နီး တထည်မျှကိုသာ သေဝမှာ တွယ်တာ ကင်ငြိ၊ တပ်စွန်းမိသောတဏှာ ကိလေသာ ဝန်ကလေးများကို တင်ထား မိသည့်အရေးနှင့်မှောက်၍ အပါယ်သို့ချောက်ချောက် ရောက်ရသေးတာ ကဘဲ၊ ငါတို့လိုသူ့ လူငနဲ့တို့မှာကား၊ ငါးပါးသီလမျှ မလုံခြုံကြဘဲ၊ အကွဲ အရှတွေနှင့်သာ ရောတယ်ရသော ဗိန်းကောမကလေးအပေါ်သို့ နေ့စဉ် ထာဝရ ဝန်ကြီးတွေ တင်နေကြသော လင်မယားဝန်, သား, သမီးဝန်, ဆွေမျိုးဝန်, ရပ်ရွာဝန်, မြို့နယ်ဝန်, အိမ်ကြီး, တိုက်ကြီး၊ ကျွဲ–ကျ–စ်, ကိုဒေါင်ကြီးတွေနှင့် အပြည့်အနှက်ရှိနေကြသော ပစ္စည်းဝန်၊ ငွေဝန်ကြီး တွေနှင့်နေ့စဉ်စပ်၍၊တလစပ် တင်တင်–တင်တင်နေကြသော ကိလေသာ ဝန်,ခန္ဓာဝန်ကြီးတို့ကား မြင်းမိုရ်တောင်ဘခြမ်းသား မှဲ့တင်ထားသကဲ့သို့ ဝန်အများတက်နေကြသည့်အတွက်၊တောင်တခြမ်းသားတင်၍ထားသော ငှင်းဗိန်းကောမကလေးလဲ မြစ်ပင်လယ်ထဲသို့တောင် မထွက်ရဘဲ၊ ကမ်း နားက နွံထဲ၌ပင် မြုပ်နစ်ချင်သလောက် မြုပ်မှောက်၍ သွားရာသည်။ သေပေါက် သေဝကြီးနားမှာ လားရာဂတိကို သုတ်သင်ပေးစွမ်းနိုင်သော ဂတိဝိသုဒ္ဓိအသင်းကြီးတို့လည်းမရှိ၊သေဝကြီးနားမှာ ဘယ်လိုနှုလုံးထား ပြီး ဘယ်သမထ, ဝိပဿနာစသော တရားကြီးတို့ကို ပွါးစီးလိုက်မဟဲ့။

နှလုံးထဲမှာ ဘယ်လိုစွဲထားလိုက်မဟဲ့ဟု စောစောက ကြိုတင်ထားသော သက်စောင့်တရားကြီးတို့လည်းမရှိ။ ယခုကျန်းမာတုန်းအခါက အားခွင့် ကို ရှာကြ၍ လူရှုပ်ရာမှာတော့ မေတ္တာဘာဝနာ၊ လူရှင်းရာကျတော့ ကသိုဏ်း,အသုဘ ဘာဝနာစသည်တရချ၊ မိမိတို့နှစ်သက်သော သမထ တရားစုတို့လည်း မရှိကြပါမူ၊ ကိုယ်ပေါက်, နှုတ်ပေါက်တို့က လုံခြုံကြ သည့် သာမညဒါန၊ သာမည-ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ ကလေးများကို အားမထားသာသေးဘဲ၊ ထိုသေဘေး ဒုက္ခကြီးတို့နှင့် တွဲရသော အခါတို့မှာ ထိုထိုသမာဓိ အလုပ်နှင့် မထိန်းအုပ်နိုင်ကြပါမူ၊ မနောပေါက်က ပရိယုဋ္ဌာနအလုပ်နှင့် အဟုတ်ထကြွ သောင်းကျန်းနိုင် သော လင်မယား,သား,သမီး၊ ပစ္စည်းကျောင်းကန် စသည်တို့ကို မခွဲချင် အောင် ခင်မင်သည့် လောဘ၊ ခွဲရမှုအတွက်နှင့် နှလုံးမသာယာချက် ဒေါသ၊ ကြင်နာချက်ဒုက္ခ စသည်စုပေါင်း အားကြောင်းကြောင်းချို့တဲ့၍၊ တကယ့် ကြောက်စရာအထူး ဘဝကူးလမ်းမှား မနောပေါက် မလုံခြား သည့် ပရိယုဋ္ဌာနတရားက ကားကနဲမှုချ ချကြမည့် အချက်များကိုရင်း၊ အရှင်တိဿ ကိုယ်တော်ကြီး သက်သေထား၍၊ မိမိတို့ ကိုယ်ကို မိမိတို့ သမာဓိ လိုမှုဓားနှင့် ကွပ်ကာကွပ်ကာ နေ့စဉ်သွားကြပါလော၊ သူတော် ကောင်းတွေတို့။

ဤကား ဒုတိယအတွက် သမာဓိဓားကွပ်ချက်ကြီးပြီး၏။

**တတိယအတွက်ဓားကွပ်ကြဘို့အချက်တို့ကား**။ ။အကယ်၍သူတော် ကောင်းတရား ဆရာသမားတို့နှင့် ကျကျနနအားထုတ်ထားကြလို့၊ သီလ ပေါက်ကလည်းကြောက်စရာမရှိ၊သမာဓိပေါက်ကလည်း ဥပစာသမာဓိ, အပ္ပနာသမာဓိများ အဟုတ်ပေါက်ရောက်ထားသော သူတို့ပင်ဖြစ်စေကာ မူ၊ဧင်းသမာဓိများနှင့် အားရတင်းတိမ်လှကာ မနေသာသေးပါ။အဘယ့် ကြောင်းနည်း ဆိုရာမှာ ၎င်းဈာန်သမာဓိကား မြဲသောနိဗ္ဗာန် တရားမျိုး မဟုတ်သေးပါ၊ ခန္ဓာအစဉ်မှာ လျှို့ငုပ်ကာ နေကြသော အနုသယကိလေ သာ ငွေတွေဟာ အာရုံခါတ်နှင့်တွေ့လာမှု၊ ဖွေ့ကနဲမနောပေါက်ကစ၍ **ပရိယုဋ္ဌာနဘုံ**၊ ကာယဝစီပေါက်က **ဝီတိက္ကမဘုံ**တို့မှာ မျှားစွာ သောင်း ကျန်းသည့် သဘောနှင့် ဈာန်လျှောကျသော ဈာန်ပုံများ၍ ကာမနှင့် ညားသော သာမဏေဝတ္ထု၊ လာဘ်ပေါ်များအောင် ဈာန်ဣဒ္ဓိတန်းခိုးနှင့် အမျိုးမျိုး ကြံဆောင်သည့် အလိုရမက်အတွက် အဝီစိငရဲထဲသို့ ဖွက်ကနဲ

ကျရောက်သွားသည့် အရှင်ဒေဝဒတ်စသော ဈာန်လျှောကျသော ဝတ္ထုများကို သက်သေထား၍၊ ၎င်းဈာန်သမာဓိတို့က မမြဲတတ်ကြပြီး၊ ငရဲနှင့် အလွန်နီးစပ်လှပါသေးတကားဟု မိမိတို့ကိုယ်ကို မိမိတို့ **အနိစ္စခြားသွတ်ကြီးဖွဲ့နှင့်လည်း** ကွပ်ကာကွပ်ကာ သမာဓိအလုပ်ဘက်သို့လည်း အားကြီးကြီးတက်ကြပြီး၊ ထိုက်လေသော အသီးအသီးတို့အတွက် ဈာန်မပျက်နိုင်ရာ ပ်မဝန္တာ၍ပင်နေစေကာမူ၊ ထိုဈာန်ရသူတို့ သေကြမှုမလွဲ ရောဂါနှင့်တွဲရ၍ ဒုက္ခနှင့်တွေ့သောအခါ၊ ဒေါမနဿ ဖြစ်ပေါ်လာကြလျှင် မကြာခင် ဈာန်လျှောကျခါ အမျိုးမျိုး ပေါက်ပြန်တတ်လှပါသော သက်သေမှာကား၊ဘုရားလက်ထက်တော်က အရှင်ဂေါဓိကမထေရ်သည်၊မမာသည့်အတွက်နှင့် ၇-ကြိမ်တိုင်တိုင် ဈာန်လျှောပျက်မှုကြောင့်၊မိမိအသက်ကို မငဲ့ကွက်ခြား သင်ရှုန်းဓားနှင့် လည်သားကို လှီးပြီးကာ၊ ထိုဝေဒနာစုကိုဝိပဿနာတင်မှုနှင့် ဇီဝိတ သမသီသီ ရဟန္တာဖြစ်အင်နှင့် နိဗ္ဗာန်သို့ဝင်ရလေသော သက်သေများပေ၊ဈာန်ရပြီ သား သမာဓိသာသနာနယ်က စောင့်ရှောက်၍ ထားကြသော်လည်း သေဝကြီး၌ ရောဂါစီးလိုက်က ဈာန်လျှောတတ်လှမှု မမြဲကြသော အရှင်ဂေါဓိက၏ ဈာန်အနိစ္စခြားစုနှင့် မိမိကိုယ်ကို မိမိတို့ ကွပ်ကာကွပ်ကာ အယုတ်ဆုံး တမဂ်, တဖိုလ်သို့ ဆိုက်ရောက်ပါအောင် ဝိပဿနာတရားကို ကြိုးကြိုးစားစား အားထုတ်သွားကြပါလေ ယောဂီမြတ်တွေတို့။

တတိယအတွက် ဈာန်လျှောတတ်ချက် အနိစ္စခြားကွပ်ချက်ကြီးပြီး၏။

**စတုတ္ထအတွက် ခါးကွင်းကြသို့ အချက်တို့ကား၊၊** ။ဤလောကကြီးမှာ ယခု ခေတ်အခါ၌ တိပိဋကတ်ပုဂ္ဂိုလ်များ အလွန် ရှားပါးခဲသည်ဟု များစွာပြောဆိုလေ့ရှိကြသည်မှာ၊ တိပိဋကတ်ဟူက ဉာဏ်ကောင်း လှသည်ဟု ထင်မှတ်ပြောဆိုနေကြသည်၌၊အရှင်စူဠပန်ဟာ တဂါတွင်းလုံးချလို့မှ တဂါထာမျှ မရသော တိပိဋကတ်ဉာဏ်လေး သက်သေ ပေးချက်ကြီးပေတည်းဟုသိကြပါ။ပညာပါရမီ ကြီးသူတို့မှာသာ ဉာဏ်ပညာကြီးရာသည့် အဖြစ်ကို ဘုရားအလောင်း ရွှေဥဒေါင်း တရားနာရ၍၊ ပစ္စေကဗုဒ္ဓါလည်း ဖြစ်၊သားငှက်တွေလွတ်ရန် နိဗ္ဗာန်မှုလည်း ဖြစ်ရသောမုဆိုး၊ပစ္စေကဗုဒ္ဓါ အရှင်မြတ်က လက်အုပ်ချီ ကြွလျက် အဥ္ဇလီ သ, ရလောက်အောင် တိရစ္ဆာန် ဘုရားအလောင်း ရွှေဥဒေါင်းတို့ကလည်း ပညာကြီးကြရာဘို အချက် တို့ကိုလည်း သတိထားကြပါ။ အချို့သူငါတို့ကလည်း တိပိဋကတ်

ဟူက မကြောက်ကြဘဲ၊ ရဲရင့်လှသည်ဟု ထင်မှတ်ပြောဆိုနေကြသည်၌၊ မြေဒိုးအရှင်မြတ်၏ဆရာ မဟာနာဂမထေရ်ကြီးသည်ငါရဟန္တာဖြစ်ပြီဟု ထင်မှားနေရာမှာ၊ ၎င်းမြေဒိုး အရှင်မြတ်က ဆင်ပြောင်ကြီး အရှင်မြတ် ဘုရားသို့ ထိုးလိုက်သော အဟန်များ ဖန်ဆင်းတော်မူပါဟု လျှောက်၍ ဖန်ဆင်းရာမှာ၊ ထိုးလိုက်လာသော ၎င်းဆင်ကို ကြောက်၍၊ ထ၍ပြေးမှ ရဟန္တာ ငါမဟုတ်သေးဟု သိရသဖြင့်၊ ၎င်းတပည့်အရှင် မြေဒိုးအထံက ဝိပဿနာနည်းယူပြန်ရ၍၊ထိုနေရာ၌ပင် တရားကိုဆင်ခြင်မှ ရဟန္တာဖြစ်ရသော တိဟိတ်ကြောက်ကြီးများ သက်သေထားချက်ကြီးပေတည်းဟု သိကြပါ။ သက္ကာယဒိဋ္ဌိ အစွဲကြီးလှသော ဆင်,မြင်း,နွား, အာဇာနည်တို့နှင့် ခြင်္သေ့တိရစ္ဆာန်တို့ မကြောက်ကြတာ တိဟိတ်မဟုတ်ပါ။စင်စစ်မူကား၊ ဒေါသကို ပယ်ရှားပြီးသား အနာဂါမ် ရဟန္တာများသာ အစစ်မကြောက်ကြရာသတည်း။ ထိုမှတပါးသော ပုထုဇဉ် အရိယာတို့ကား၊ ကြောက်လောက်သော အကြောင်းနှင့် ဆိုက်တိုက်က ကြောက်ကြမှာချည်းဘဲ ဖြစ်ကြဘို့အချက်တို့ကိုလည်း သတိထားကြပါ။အချို့သူတို့ကတိဟိတ်ဘဝကို အလွန်ခဲယဉ်းလှသည်ဟုထင်၍၊ ဤကောင်းမှုကြောင့် တိဟိတ်ဥက္ကဋ္ဌပဋိသန္ဓေ ဆက်တိုင်းနေ၍ စသည်ဖြင့် ဆုတောင်းတွင် ထည့်၍တောင်းကြ၏။ထိုသို့တောင်းကြခြင်းကို ပညာရှိအများ စဉ်းစားရန်ကား၊တိဟိတ်ဘဝဆိုတာ ဆုမတောင်းရဘဲ၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ပြုက ၎င်းတိဟိတ်ဘဝဖြစ်နိုင်ကြသည်ကို သိရှိပြီးသူတို့ ဆုတောင်းဘို့ဟာ အပိုသာတည်းဟု သိတော်မူကြပေလိမ့်သတည်း။

**ဥပမာကား**။ ။မျိုးစေ့နှင့် အခန့်သင့်အောင် လုပ်ဆောင် ပြီးမှ၊ စပါးစေ့များ ကြဲထားသောသူသည်၊ငါ့မျိုးစေ့က စပါးပင်ပေါက်ရပါစေသောဟု ဆုတောင်း နေဘွယ်လည်းမရှိ၊ ၎င်းမျိုးစေ့က တခြားအပင်ပေါက်အောင် ဆုတောင်းလို့လည်း မရသည့်အတွက်လို၊ဆုတောင်းချက်ဟာ ၎င်းတိဟိတ်ဖြစ်ကြဘို့အတွက်မှာ အပိုသာဖြစ်ရုံမက၊ တိဟိတ်ဘဝတည်းဟူသော ဝဋ်ဒုက္ခတို့ကို တောင့်တ, မိကြသည့်အတွက် ပါရမီကုသိုလ်မျိုးမဖြစ်။ ဝဋ္ဋနိဿိတ ကုသလမှာ တဏှာတွေတောင် ရံနေကြသည်ဟု အချို့သူတို့ကပင် ဆိုချင်ကြ၏။ သို့ရာတွင် ဘဝအဆက်ဆက်တို့မှာ ပညာဉာဏ်ကြီးကြီးနှင့် ပါရမီများကိုဖြည့်ဆည်းပူးလို၍သာ စမ္ပေယျနဂါးမင်း ပါရမီကို ဖြည့်တင်းလိုလှ၍၊ လူဘဝကို တောင့်တ, တာလို၊ တောင့်တ,ပါသည်ဟုဆိုမှုကား တော်ပါသေး၏ဟုမှတ်။

ပင်၊ ထိုတိပဋ်ိတ်တွေ ပေါများနေကြောင်းကိုမသိ၍၊ဆုတောင်းနေကြသော သက်သေကို ဆက်၍ဆိုဦးအံ့။ မုံရွာမြို့အနီး ကူးတော်ဘုန်းတော်ကြီး၏ တပည့် အများတွင်၊ သင်္ဂြိုဟ်သမား တယောက်က ၎င်းဘုန်းတော်ကြီးအား တပည့်တော် တိပဋိတ်ဥက္ကဋ္ဌ ပဋိသန္ဓေ ဆက်တိုင်း နေလိုကြောင်းနှင့် ဆုတောင်းသည်ကို လျှောက်ထားရာ၊ ၎င်းဘုန်းတော်ကြီးက သည်အကောင်ဟာ ငါ့တပည့်ဟု မပြောပါနှင့်၊ ထိုတိပဋိတ်ဘာသိတာ ဆုတောင်းမှရတာမျိုးလည်းမဟုတ်၊တိပဋ်ိတ်ဥက္ကဋ္ဌကုသိုလ်ပြုက အလိုလိုတိပဋိတ်ဘာကို ရတာမျိုးတည်း။ ထို တိပဋ်ိတ်တွေဟာ ယခု အခါမှာ ခွေးပေါ၊ ဝက်ပေါ-ပေါနေတာတို့တည်းဟု ပြောဆိုဘူးသော စကားကို ကြားသိရာ၌၊ ၎င်းဘုန်းတော်ကြီးသည် ခွေး, ဝက်များတို့ကို အားနာပြီးညှာတာ၍ပြောသော စကားအစစ် ဖြစ်ရာ၏။ မညှာတာဘဲ ခပ်ရဲရဲကြီးပြောဆိုပေမူ၊ ယခုအခါ သာသနာတွင်းမှာ ဘုန်းပါရမီရှိသောသူတို့သာ ဖြစ်ရာခေတ်ကာလ ဖြစ်သောကြောင့်၊ တိပဋ်ိတ်တွေဆိုတာ မောင်ရှေ၊ ခွေးထက်,ဝက်ထက်ပေါကြရာ၏ဟု ဆိုပေလိမ့်သတည်း။အဘယ့်ကြောင့်နည်းဟူမူ၊ ထိုထို မြို့, ရွာတွေ အိမ်တွေမှာ၊ ခွေးဝက်တို့ထက် လူတွေကများနေချက် တို့ကြောင့်တည်း။ ။**ထိုစကားကို ထင်ရှားအောင် ဆိုဦးအံ့**၊ ကမ္ဘာပျက်ခြင်းဟူသည် သတ္တဝါများ မကောင်းမှုကံ အားကြီးလို့ ပျက်ကြ ရသည့်ချည်း ဖြစ်ကြ၏။ ထိုအခါမှာ လူဖြစ်လာရသူ တို့သည် အလွန်ပင် ဘုန်းကံနည်းကြ၏ဟု သိထိုက်၏။ ထိုထက် သာသနာပ, ကမ္ဘာကြီး အလယ်လောက်အခါ၊အစပိုင်းအခါတို့မှာ အဆင့်ဆင့်ဘုန်းရှိ၏။ ထို့ထက် ယခုအခါ ကမ္ဘာလည်းတိုးတက်၊ သာသနာတော်ထွန်းပေါ်တောက်ပချက်လည်းဖြစ်ကြသည့်အခါမှာ လူဖြစ်လာသူတို့သည်၊အလွန့်အလွန်ကြီးမားသော တိပဋိတ်ဥက္ကဋ္ဌ ကံကြီးများသာ အကျိုးပေးကြရာသဖြင့်၊ တိပဋိတ်ပုဂ္ဂိုလ်တွေသာများရာ၏။ အဘယ့်ကြောင့်နည်းဆိုသော် သာသနာပ အခါမှာပင် ဟတ္ထိပါလတို့ ဇာတ်တော်မှာ တောထွက်ကြသော ပရိသတ်အလျား ၃၆-ယူဇနာ။ အနံ ၁၅-ယူဇနာ။ အကျယ်ရှိရာတို့တွင် ၃-စု ၂ စု ပရိသတ်ကား ဖြဗ္ဗာပြည်သို့လား၏။ ကျန်ပရိသတ်သုံးဖို့ဖို့၍ တဖို့ဖြဗ္ဗာဖြစ်၊ တဖို့နတ်ဖြစ်၊ တဖို့လူဖြစ်ကြ၏။

ဇာတ်တော်တွင် အလွန် ထင်ရှားသော တေမိဇာတ်တော် များမှာလည်း ခုနှစ်တိုင်း-ခုနှစ်ပြည်တို့က တောထွက်ကြ၍၊ လူမှန်သမျှ ဖြဗ္ဗာပြည် လားကြကြောင်း။ ၎င်းရသေ့များကို ကြည်ညိုသော တိရစ္ဆာန်တို့

ကား၊ နတ်ရွာသုဂတိ လားရကြောင်းကို တေမိဇာတ်တော်၌လာ၏။ ထိုမှ တပါး၊ လူအများတွေမြဲပုဗ္ဗာချည်းဖြစ်ကြလေသော ကုဋ္ဍာလပဏ္ဍိတဇာတ် အယောဃရဇာတ်စသည်များမှာ သာသနာပ အခါတောင် သို့ကလောက် တိဟိတ်တွေ ဖြစ်နေကြသည်ထက်၊ ကမ္ဘာပျက်တုန်းဆဲဆဲကြီး အခါမှာ လူဖြစ်ရတာ အလွန် ကံညံ့သည်ဟု ဆိုထိုက်လှပါသော **ရှုနတ်သတ္တဝါ ဟူသမျှတို့သည်၊ အကုန်လုံး တိဟိတ်ချည်းဖြစ်ကြ၍၊ ဗြဟ္မာပြည်သို့ချည်း လားကြရသော သက်သေများကို ထောက်ထားပါမူ**၊ ယခုအခါသာသနာ တွင်းမှာ လူဖြစ်လာသူတို့က၊ ကမ္ဘာပျက်သည့်အခါ ဖြစ်ကြသည့် တိဟိတ် တို့ထက်မက၊ စတုဟိတ် ဥက္ကဋ္ဌ–ပဥ္စဟိတ်ဥက္ကဋ္ဌ စသည်တို့ချည်းတောင် ဖြစ်ထိုက် လှနေသည့်အတွက် ကူတောဘုန်းတော်ကြီးမိန့်ချက် ခွေးပေါ, ဝက်ပေါ ပေါနေသည်ထက်မက၊ ခွေး, ဝက်တွေထက် ပေါများနေသင့် သော အချက်ကိုတောင်၊ ပြောဟာရန် အခွင့်ဆိုက်နေကြောင်း များကို ထင်ရှားသိရှိတော် မူကြသော ယောဂီအများ ယောကျ်ား, မိန်းမ, ရှင်, ရဟန်းစသည်တို့သည်ကား၊ ဤတိဟိတ်ဖြစ်လွယ်မှု ဗဟုသုတနည်းပါးလှ သော သူတပါးတို့ကို တိဟိတ်များသည်ဟုဆိုက ငြင်းခုံခြင်းသာ များနေ မှာကြောင့်၊ အဟုတ်အပါယ်ဘေး ဆုတ်ယုတ်ပျက်စီးသွားကြမည့် သံသရာ ဘေးကြီးများကို ကြောက်လှသူတို့ ကြုံတွေ့ရန် ကုဋေ သိန်း, သန်း မက ခဲယဉ်းလှသော အရိမိတေယျ ဘုရားကို ထင်ယောင် ထင်မှား နောက် ဘုရားမှဟု မကိုးစားကြဘဲ၊ နှခမ်းမွှေးမှာ ပျားစွဲ၍နေပါသော တို့ဂေါတမ မြတ်စွာဘုရား ပျားလဘို့ကြီးများကိုသာ ထိုးဟပ်လိုက်လိုသော အားဖြင့် ကိုးစားပါ၍၊ မိမိတို့ ကိုယ်ကိုကား၊ တိဟိတ်ထားပြီး ယခု လက်တွေ့ ဝိပဿနာအလုပ်ကြီးများ ယခု နေ့, ညဉ့်, လ, နှစ် အတွင်းတွင် ထင်မြင် ပေါက်ရောက်သွားအောင် အားသစ်ကြပါလေ၊ ယောဂီမြတ်တွေတို့။

အချို့သူတို့က ကျေးဇူးတော်ရှင် ခင်မွန်ဆရာတော်ဘုရားကြီး အမိန့် တော်ရှိတဲ့ **မိုး–ချိုးငှက်ပစ်တဲ့ ဥပမာ**ကို ဆိုတာလို၊ မြေချော် လက်ချော် ရယ်လို့ အရိမိတေယျ ဘုရားမှာ ဦးစွာဖူးတွေ့ရ၍ ကျွတ်လွတ်ရပါလို၏ ဟု ဆုလည်းတောင်းကြ၏။ အားလည်းထုတ်ကြ၏။ ၎င်းအမှုသည် ပျင်းသူ ဖျင်းသူတို့ကား၊ ပေါက်လိုပေါက်ငြား ငွေတကျပ်နှင့် သောင်းထိုးတာ လိုဖြင့် ကောင်းပါ၏။ အဟုတ် ပေါက်ရောက် နိုင်လောက်အောင် ဝီရိယ, ပညာရှိကာ အားလည်း ထုတ်လျက် နေပါသော ယောဂီမြတ်တို့ကား၊ ယခင်ကဥပမာလိုဖြစ်ကြမှာကြောင့် မတောင်းထိုက်ပေ။ ၎င်းဥပမာကား

သစ် ၂-ပင်မှာ ချိုးငှက် ၂-ကောင် နားနေရာ တကောင်ကောင်ကို ရအောင် လေးနှင့်မပစ်ပါဘဲ၊ ၂-ကောင်းလုံးကို ရလိုမှုနှင့်၊၎င်း ၂-ကောင် အကြားကို ပစ်လိုက်ရာ တကောင်မျှမရတာလို၊ နောက်ဘုရားမှာ ဖြစ်ခါ ကျွတ်လိုပါသော နိကန္တိတဏှာကြောင့်၊ ယခု နေ့,ညဉ့် မဂ်, ဖိုလ်ကို ရဘို့ ရန် အခွင့်အလမ်း မှန်သော်လည်း ကြေနပ်မရနိုင်ဘဲ၊ ချိုးငှက်တကောင် လွဲမှုကိုသိကြပါ။ နောက်ဘုရားဖြစ်ပြောဘို့ အခါသို့ရောက်ရန် ဆုတ်ကပ် ကြီးတွေ အတန်တန်တို့နှင့်တွေ့ရာက တကြိမ်လောက်အပါယ်ကျလိုက်မူ၊ ထိုထိုအပါယ်တို့က မတက်ရဘဲ၊ ဘုရားတဆူထည်းမက ဘုရားသိန်းသန်း တို့နှင့် တခါထည်း ကြေနပ်မတွေ့ရဘဲ၊ ချိုးငှက်တကောင် လွဲမှုကိုလည်း သိရှိကြပါသဖြင့်၊ မဂ်,ဖိုလ်များကို ယခုအားထုတ်မှုတရားနှင့် ရထိုက်လှ ပါလျက်၊ နောက်ဘုရား အထံသို့ တွယ်တာပြန်သည့် အတွက်၊ ယခု လက်ငင်း မရနိုင်ကြခြင်းတို့ဟာ ငမိုး-ချိုးငှက်ပစ်သည့်ဥပမာနှင့်လွန်စွာ တူလှပါ၏ဟု သိကြပါလေ။

နောက်ဘုရားကို ငံ့မိကမရ၊မငံ့မှသာ မဂ်,ဖိုလ်ကိုရနိုင်ပါသော သက် သေကား၊သီဟိုဠ်ကျွန်းက အသက်တော် ၆၀-ရှိသော မဟာသံဃရက္ခိတ မထေရ်ကြီး သေခါနီးမှာ ရဟန္တာဖြစ်ပြီဟု အထင်ရ၍၊ ၁၂-ယူဇနာက လူအများလာရောက်မှ တပည့်များ ကအရှင်ဘုရား-ရဟန်းကိစ္စတုံးပြီလား ဟု ထိုမထေရ်ကြီးသေခါနီးမှာ လျှောက်ထားကြ၏။ယခုကာလ ငါတို့တစု နှင့်အား၊ သိသိကလေး ကွာခြားကြပုံမှာ၊ထိုထိုသေခါနီး ဆရာတော်ကြီး တို့အား အရှင်ဘုရား-ကျောင်းကန် အာရာမ်များ ဆန်ပေါ် စသည်များကို စာတမ်းစာမှတ် သက်သေအရပ်ရပ်တို့နှင့် အပ်ထားရဘို့ ယခုကာလ ဘယ်သူဘယ်သူများလို တရားမတွေ့ရဘို့ ရဟန်းတို့ကိစ္စတုံးကြပါပြီလား ဟု လျှောက်ထားရိုး ထုံးစံကြီးများ ဖြစ်ပွါးနေကြသည်၌၊ သိသိကလေး ဈေးက ဈာန်,မဂ်ဉာဏ်၊ ယခုတော့ ဆန်,ကျောင်းကန်တို့ကို မေးကြရဘို့ ကွာခြားနေကြသည်များကို လွန်စွာထိတ်လန့်ကြဘို့ဘေးအပြစ်ကြီးတို့ပေ တည်း။ ထိုသို့ တပည့်များက ထို မဟာသံဃရက္ခိတ မထေရ်ကြီးအား လျှောက်ထားသောအခါ၊ထိုမထေရ်ကြီးကငါကိစ္စမတုံးသေးအရိမေတ္တေယျ ရှင်တော်ဘုရားကို ဖူးတွေ့ရပြီးမှ ကျွတ်သွတ်ချင်သှလို့ ပေတည်းဟု မိန့် ကာမှ တပည့်များက အရှင်ဘုရား-ရဟန္တာဟုကျော်ကြားပြီးမှ ပုထုဇဉ် အဖြစ်နှင့် သေပါက တပည့်များလည်း မကောင်းပါ၊ သံသရာခရီးခဲမှာ အယုတ်တမာအမျိုးမျိုး၊ မဟုတ်တာ အမျိုးမျိုးတို့ဖြင့် အဆိုးတကာ့ အဆိုး

ဆုံးကြီးတွေအစစ် ဖြစ်ဖြစ်သွားနေနိုင်ကြသည့် အခြေမျိုးများကိုလျှောက်ထားမှသဘောတော်ကျပြီး၊ ထိုနိဗ္ဗာန်ကြီးကို ယခုပင်ယူလိုလှ၍ ငါ့ကိုထူမ၍ ထားခဲ့ပြီး အပြင်သို့ ထွက်သွားခိုင်းရာ၊ ၎င်းတပည့်တို့ တိုက်ခန်းပြင်သို့ ထွက်ကာမျှနှင့် ရဟန္တာအဖြစ်ကို ထိုမထေရ်ကြီးရလေ၏။ သို့ကလောက်ရလွယ်တို့ အကြောင်းတို့နှင့် ပြည့်စုံကြငြားသော်လည်း ငမိုး-ချိုးငှက်ပစ်သောနည်းအလား၊ **နောက်ဘုရားမှာ ဖြစ်လိုကြသေးသော နိကန္တိတဏှာကလေးကြောင့် မဂ်ဖိုလ်နှင့်ဝေးသွားကြောင်း၊ ၎င်း နိကန္တိတဏှာသွတ်မှ မဂ်ဖိုလ်နှင့် နီးလာရကြောင်းများကို သက်သေထား၍**၊ အပါယ်ဘေးဆိုးနှင့် ဒုက္ခကြီးတွေ အမျိုးမျိုးတို့ကို အဟုတ်လည်းကြောက်၊ ဝိပဿနာများအားထုတ်နိုင်ရန် အလုပ်လည်းပေါက်ကြသူ ယောဂီဖြူအစစ်တို့ မှန်ပါက၊ နောက်ဘာ နောက်ကာလဟု အကြွင်း အကျန်မထားကြဘဲ၊ ယခုအားထုတ်ဆဲပင် ယခုညဉ့်ပင် နေ့ပင်-နာရီပင်-မိနစ်ပင်၊ အတိုဆုံးကာလပင် မဂ်ဖိုလ်ကိုရအောင်၊ ယခုလပင်-နှစ်ပင်-ဘဝပင် မဂ်ဖိုလ်ကို ရအောင်ခဲမဲကြသူတို့မှာ ရခွင့်ဆိုက်ပါမူလည်း ရနိုင်ကြရာ၏။ အကယ်၍ ယခု နှစ်, လ-ဘဝတို့မှာ မရပါလည်း ဒုတိယ,တတိယနှစ်,လ ဘဝတို့မှာ ရနိုင်ရာ၏။ အယုတ်ဆုံး ဤသာသနာမှာ နောက်ပိုင်းကျပါ၍ မရဘူးဟု ဆိုစေကာမူ၊ သင်္ကြာယဒိဗ္ဗ ကင်းကင်းနှင့် ဝိပဿနာဉာဏ်အလင်း အရပ်ရပ်၊ အမြတ်ဆုံး ကုသိုလ်တရားကြီးများကို ဤတဘဝလုံး ဆည်းပူးအားထုတ်သူယောဂီဖြူတို့သည်၊ အရိမေတ္တေယျကျွတ်ပွဲမှာ လွဲနိုင်ကြဘို့မရှိ ကြောင်းကိုကောင်းကောင်းကြီးသိရှိကြကာ၊ ဤဘဝတွင်သာ ကျွတ်လွတ်ပါအောင်အလွတ်အားထုတ်ကြကုန်ရာသတည်း။

ဤစတုတ္ထနေ့အတွက်နှင့် ရှေ့ကပြဆို၍ ပြီးချက်တို့ကား၊ ယခုကာလရှိရှိသမျှသော အပါယ်ဘုံသား လူ,နတ်အများတွေသော်၍ သုဂတိပြည်မှာတိပိတ်တွေ ဖြစ်တာကို မဆိုထားနှင့်ဦး၊ ကမ္ဘာပျက်ဆဲ အခါ ထဲမှာတောင် အကုန်လုံး ချည်းဘဲ တိပိတ်တွေဖြစ်ကြရရုံမက၊ ဗြဟ္မာတွေချည်းဘဲ အကုန်လုံး ဖြစ်ကြရသည်ကို သိစေလိုရင်း အတွက်နှင့် ပြဆိုရခြင်းအချက်တို့ပေတည်း။ ဤပြဆိုချက်အရနှင့် အကုန်လုံးချည်း ဗြဟ္မာဖြစ်ကြသူတို့သည် သီလသာသနာ နယ်က လုံခြုံလှ၍လည်း ကျိုးပေါက်ဘွယ်မရှိ။ သမာဓိ သာသနာနယ်ကလည်း ဈာန်ရကြပြီးဖြစ်ကြ၍ ဈာန်လျောဘွယ်ကြီး ကိလေသာမီးတို့လည်း မရှိကြဘဲ၊ အလွန်ပင် ခိုင်မြဲကြသော်လည်း ပညာသာသနာ ဝိပဿနာအလုပ်နယ်က ထိုထိုဘဝသံသရာ ခန္ဓာ

တို့အစဉ်မှာ အမြဲခိုင်ကိန်းဝပ်လျက် ပါရှိကြသော အနုသယကိလေသာ ဒိဋ္ဌိ ဝိစိကိစ္ဆာ စသည်တို့ကို တမဂ်, တဖိုလ်စသည်တို့ဖြင့် မပယ်ဖျက်ကြရ သေးသည့်အတွက်၊ ၎င်းတို့ကဆက်လက်၍ ဒိဋ္ဌိဝိပလ္လာသ, သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ အဝဝတို့လည်း ရှိနေကြသေးသောကြောင့်၎င်း၊ထိုထိုဖြပ္ပာကြီးတွေဟာ ဤကမ္ဘာပျက်ရေက အသစ်ဖြစ်၍၊အောက်အောက်ဘုံတွေ ပေါ်လာကြသောအခါ၊မိမိတို့ ဖြပ္ပာဘုံမှာ ငြီးငွေ့ပျင်းရိလာ၍၊ ထိုဝိပလ္လာသတို့အငွေ့နှင့် အောက်အောက်ဘုံတို့ကလဲ သာလို့ဘဲကောင်းဦးမည် အထင်လွဲ၍ ဖြစ်လိုသည့်ဘက်ထဲသို့ စိတ်မဖွဲ့ချင်မနေရအောင် နိကန္တိတဏှာတို့က ဆောင်ကြရုံမက၊ ပုထုဇဉ်ဖြပ္ပာဟူသမျှမှာ အပါယ်လေးပါးနှင့်ဆိုင်သော ဒိဋ္ဌိဝိစိကိစ္ဆာစသော **ကိလေသာဝဋ်**၊ ဒုစရိုက်ကံစသော **ကမ္မဝဋ်**၊ အပါယ်အကျိုး ရုပ်နာမ် အမျိုးမျိုးတို့ တည်းဟူသော **ဝိပါကဝဋ်**တို့လည်း ရှိနေကြသည့် အတွက်ကြောင့်၎င်း၊ ကာမသုဂတိနှင့်ဆိုင်သော ကာမရာဂ-ဗျာပါဒစသော **ကိလေသာဝဋ်**၊ ကာမကုသိုလ်ကံတည်းဟူသော**ကမ္မဝဋ်**၊ကာမသုဂတိအကျိုး ရုပ်နာမ် အမျိုးမျိုးတို့တည်းဟူသော **ဝိပါကဝဋ်**တို့လည်းရှိနေကြသည့်အတွက်ကြောင့်၎င်း၊ ထိုထို ဝဋ်တရားတို့က ပြန်ပြန်လည်စေကြ ဆွဲငင်ကြသည့် အတွက်တို့ကြောင့်လည်း၊ ထိုဖြပ္ပာကြီးတွေ သေသည့်အခြားမဲ့မှာ ဥပပဇ္ဇဝေဒနီယကံ,ဂရုကံကြီးတွေဖြစ်၍၊စင်စစ်အကျိုးပေးနိုင်သော ဈာန်ကုသိုလ်ကြီးများက အကျိုးမပေးရကြဘဲ၊ ထိုနိကန္တိတဏှာနှင့် ဝဋ်တရားတို့က ဆွဲငင်ရာ၊ အောက် အောက်ဘုံစုတ် အယုတ်တို့ အထဲမှာသာ အကျိုးပေးနိုင်ပါသော ကာမကုသိုလ်ကံ,အကုသိုလ်ကံ ကလေး အဆင့်ဆင့်တို့က အကျိုးပေးခွင့်ရသဖြင့်၊ပြာသို,တပို့တွဲလ တို့က နေပူကြရာ၊ရင့်ယော်ခြောက်သွေ့လျက်ရှိပါသော သစ်ရွက်ခြောက် ဟူသမျှတို့သည် တပေါင်း, တန်ခူးလေဟုန် မြူးလိုက်လျှင်၊ သူ့ထက်ငါ အရင်ဦးအောင် ၎င်မြူးကာအမြဲပေတဖြုတ်ဖြုတ်ကြွေကျနေသကဲ့သို့၊ထိုကမ္ဘာတွေ ဖြစ်ပေါ်စက ဖြပ္ပာတွေဟူသမျှတို့လည်း သူ့ထက်ငါ အရင်ဦးအောင်၎င်မြူးကာအမြဲပေ တဖြုတ်ဖြုတ်သေပြီးလျှင်၊ ယခု လူပြည်, နတ်ပြည်တို့နှင့် အပြည့် ဖြစ်နေကြသောလူတွေ,နတ်တွေအပါယ်ဘုံတို့နှင့် အပြည့်အပြည့်ဖြစ်၍၊ဒုက္ခမီး,ဒေါသမီးကြီးတွေ၌ အမြဲနစ်နေကြသော ငရဲသားကြီးတွေ, အသုရကာယ်ကောင်ကြီးတွေ, ပြိတ္တာကြီးတွေ,တိရစ္ဆာန်အမျိုးမျိုးတွေ ဟူသမျှတို့တာစုယချဖြစ်နေကြရကုန်၏။

ထိုသို့ဖြစ်နေကြရသည့် သက်သေများကို ထင်ရှားစွာ သိတော်မူကြသော ဟို-ရှေးအခါ ဗြဟ္မာမင်းတွေက၊ ယခုအခါ လူ့ပြည် ဆင်းနေကြသော ယောဂီအများ ယောကျ်ား,မိန်းမ ရှင်ရဟန်းစသော ဗြဟ္မာမင်းအဖြစ်က လူထွက်ကြမှု ယခုငါတို့တစုမှာကား၊ ထိတ်လန့်ခြင်း သံဝေဂတရား ကြီးကြီးထားကြ၍၊ အဘိုးအနဂ္ဃ ထိုက်တန်လှသည့် သာသနာတွင်းမှာ၊ ယခု ရထားရင်းရှိနေပါသော ဘဝအဘိုးတန်ကြီးတွေ, ကာလအဘိုးတန်ကြီးတွေ သံသရာမှာ တခါထည်း နာလံထ၍၊ အယုတ်ဆုံး ဤဘဝမှာ တမဂ်,တဖိုလ်ရကြအောင် ယခုပြောဟောပြသခြင်း ဝိပဿနာအလုပ် နှလုံးသွင်းကို နေ့စဉ်အဟုတ် ကြိုးကြိုးကုတ်ကုတ် အားထုတ်ကြရာ စိတ်ယုတ်မာဝင်၍ နောက်သို့ ဆုတ်ချင်လာမူ၊ ထိုထိုဗြဟ္မာအများက ဆက်လက်ကြပြီး၊ အပါယ်မီးမှာ အသီးအသီး ခံနေကြရတာတို့ကား တခြားမဟုတ်၊ဤဝိပဿနာ,ပညာသာသနာပေါက်က အယုတ်ဆုံး တမဂ်,တဖိုလ်ရမှုနှင့် မလုံ့ရှိကြသည့်အတွက်ဟု မိမိတို့ကိုယ်ကို မိမိတို့ပင် အဖြစ်မြင်၍၊ သြော်.....ငါသည် မဂ်ဖိုလ်ရဘို့ဝေးစွ၊ နေ့စဉ် ဝိပဿနာ အလုပ်အားမထုတ်ရသည့်အတွက်၊ယခုအခါ ငါသေရမူ **ဗြဟ္မာကြီးတွေတောင် ခေါက်တယ် ခေါက်တယ်၊ ခေါက်တယ် ခေါက်တယ်** ဟု နေ့စဉ် ရှုကြပါလျက်၊ ဝိပဿနာ, ပညာသာသနာ ဓားလွှတ်ကြီးတွေနှင့် ကွပ်ကာ–ကွပ်ကာ၊ အယုတ်ဆုံး တမဂ်,တဖိုလ်ဆိုက်ရောက်လာအောင် မကြာမကြာ အခါခါ အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤသို့ ရှေ့က ပေါ်ပြဟောကြားခဲ့သော သီလအများ လုံ့ရှိငြားလျက် တပါးသောသီလပေါက်အတွက်က လူရှင်ဟူသမျှတို့ အပါယ်သို့ ရောက်ကြသော ကြောက်စရာ ဓားကွပ်ကြီးတို့နှင့် ကွပ်ကြ၍၊ မိမိတို့သီလ အားလုံးချည်း လုံ့ရှိကြစေကာမူ၊ မဖေးသာသေးမှု အထက်အဆင့်ရှုကြဘို့ကား၊သေဝအနီးမှာ ဓမ္မိယလဒ္ဓပစ္စည်းကလေးတခုမျှကို သာယာမှု သမာဓိပေါက်က လူရှင်တွေဟူသမျှတို့ အပါယ်သို့ကျနိုင်သော ကြောက်စရာ ဓားကွပ်ကြီးတို့နှင့် ကွပ်ကြ၍၊ ဥပစာ သမာဓိ, အပ္ပနာ သမာဓိက အဘိညာဏ်များ ကျအောင် ရကြစေကာမူ၊ မဖေးသာသေးမှု အထက်အဆင့်ကိုရှုကြဘို့ကား၊ ထိုဈာန်မှလျောကျ၍ လူရှင်ဟူသမျှတို့ အပါယ်သို့ကျနိုင်သော ကြောက်စရာဓားကွပ်ကြီးတို့နှင့် ကွပ်ကြ၍၊ထိုဈာန်,သမာဓိတရားတွေမလျောသွားနိုင်ကြဘဲ၊ဗြဟ္မာပြည်က ဗြဟ္မာကြီးတွေဘဲ ဖြစ်နေကြစေကာမူ၊ မဖေးသာသေးမှု အထက်အဆင့်ကို ရှုကြဘို့ကား၊ ထိုဗြဟ္မာ

ပြည်မှာ ဝိပလ္လာသအစားစား၊ အထင်အမြင်မှားချက် ဝိပဿနာမဂ်ပညာတို့ မလုံလောက်သည့်အပေါက်က ဗြဟ္မာ့-ဗြဟ္မာတွေဟူသမျှတို့ သုဂတိဘဝအဆင့်ဆင့်က အပါယ်သားတွေ ဖြစ်နေကြရသော အလွန့်အလွန်ကြောက်စရာ့ခရီးကွပ်ကြီး အသီးအသီးတို့ကို ဘတ်ရှုမှတ်သားနာကြားရသော်လည်း ငါမကြောက်ဘူးဟဲ့ဟု ဘယ်သူက ထွက်ကြမလဲ။ အကယ်၍ထွက်လာခဲ့မှာ ထိုမကြောက်တာကို ဥပမာဖြင့်မေးစစ်ရာ၏။ ဤလောကမှာ ကြောက်ဘွယ်ဖြစ်သည့် သူရဲ-သူဘက် အစစ်တို့ကို ဆေးဝါးပယောဂလုံလောက်ကြလို့ မကြောက်သူ၊ ချောက်မှန်းမသိလို့ မကြောက်သူ၊ သိသော်လည်း ဒုန်းသက်သက်မကြောက်တတ်သူ သုံးယောက်တို့တွင် ရှေ့တယောက်၏ဘေးကင်းရန်ကွာလျက် မကြောက်ချက်ကိုသာချီးမွမ်းထိုက်ရာ၏။ နောက် ၂-ယောက်၏ ဘေးရန်ဖြစ်လျက် မကြောက်ချက်ကိုကား မချီးမွမ်းထိုက်သလို၊ ယခင်ကခရီးကွပ်ကြီးတွေပြလို့ မကြောက်ကြသူတို့မှာလည်း ၎င်းသာသနာ ၃-ပါး အသီးအသီး ပြည့်စုံ လုံလောက်ငြား၍ မကြောက်သူ၊ ကြောက်ရမှန်းမှ မသိကြ၍ မကြောက်သူ၊ ကြောက်ရမှန်းသိလျက် ဒုန်းသက်သက် မကြောက်သူ၊ ၎င်း ၃-ယောက်တို့တွင် ရှေ့တယောက်၏ အပါယ်စသော ဘေးကင်းကွာလျက် မကြောက်ချက်ကိုသာ ချီးမွမ်းထိုက်,သာရခေါ်ထိုက်ရာ၏။ ဤပဌမပုဂ္ဂိုလ်စား အစစ်ဖြစ်ကြအောင်လည်း အားသစ်ကြပါလေ ယောဂီမြတ်တွေတို့။

[ နောက် ၂-ယောက်၏ အပါယ်စသော ဘေးရန်ကြီးတွေနှင့်မကင်းဘဲလျက် မကြောက်ချက်ကိုမချီးမွမ်းထိုက်၊ကဲ့ရဲ့ထိုက်၏ဟု သိရှိတော်မူကြကာ၊ နေ့စဉ်ထာဝရ ကာလအချိန်တခုထား၍၊ ဤယနေ့ရက်ကုန်ခဲ့ခြင်း၏ အဖြစ်သနစ်များကို စဉ်းစား၍ ရှုကြည့်ကြသောအခါ၊၎င်းသာသနာစုတခုခုတို့ အချွတ်ချော်ကြီးချွတ်ချော်နေကြတာနှင့် တကွ **ရောဂါဖြစ်ကြောင်း, အသပတ်သင့်ကြောင်း၊** ဘာဝနာ လုပ်ငန်းဘက်မှာ **သမာဓိပျက်ကြောင်းများ၊** ထင်ရှားတွေ့မြင်ကြပါမူ၊ထိုအချက် ၃-ပါးတို့ကိုအကြွေးမထားဘဲ၊ယခင်ကသာသနာသုံးပါးခရီးကြီးများနှင့်လည်း အလျင်အမြန်ကွပ်ကြကာ၊ ပြုမြဲသမထ, ဝိပဿနာဝတ်များကို ခေတ္တတန့်နား၍ လျင်မြန်စွာပျောက်ငြိမ်း ကင်းလွတ်ကြစေပြီးမှ၊ ငါတို့ ရေးထုတ်လိုက်သော **ဝိပဿနာအလုပ် အားထုတ်စဉ် စာအုပ်ငယ်မှာ** ပါသည့် နေ့စဉ်**သူ**အချိန်နှင့် **သူ**အလုပ် အားထုတ်စဉ် အတိုင်းဖြစ်စေ၊ ကောင်း

သည်ထက် ကောင်းအောင် မိမိတို့စိတ်ကူးအရနှင့် အလုပ်တွင် အောင် အဓိဋ္ဌာန်ထားကြသော အတိုင်းဖြစ်စေ၊အယုတ်ဆုံး တမင် တဖိုလ်ပေါက်ရောက် သွားကြအောင် သမထ, ဝိပဿနာ အလုပ် များကို ကျွန်းမာခိုက် အကြောင်းညီညွတ်ခိုက်တို့မှာ ကြိုးစား၍ အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။]

စတုတ္ထအတွက် ဓားကွပ်ချက်ပြီး၏။

## (၁၁) တဘ်သရက်မှာ ဓာတ်တပါးစီ ဟောကြားချက်အစဉ်

ဤတတိယရက်မှာ နိဗ္ဗာန်သံဝေဂတရား ရှေ့ထားတတ်ကြစရာ အစစွာ ပဌမ ပရိယတ်ချုပ်မှ၊ သိလပဋိပတ်ချုပ်မှ ဓားကွပ်ချက် တရားစုကြီးများကို ဟောကြားပြီးမှ၊ ပညတ်အစားစားတို့နှင့် ခြားနားပြီးသား၊ ထိုထိုကလာပ် များတို့၏ အတွင်းသားထဲက ဓာတ်လေးပါး အရတို့ကိုသာ ခွဲပြကြရာ၏။ ပရမတ်,ပညတ် မခြားနားဘဲ၊ လက်မောင်းကြီးထဲမှာ ဓာတ်လေးပါးခွဲပါ မူ၊ကြည့်ကြ ကြည့်ကြ–ဤလက်မောင်းကြီး၌ မာမှု- သဘောကလေးဟာ **ပထဝီဓာတ်**၊လက်မောင်း အထည်ဒြပ်ကြီးတွေ ထင်နေရအောင် ဖွဲ့စေးမှု သဘော ကလေးဟာ **အာပေါဓာတ်**၊ လက်မောင်းကြီးမှာ ပူမှု, အေးမှု သဘောကလေးဟာ **တေဇောဓာတ်**၊ လက်မောင်းကြီးမှာ လှုပ်မှု,ငြိမ်မှု သဘောကလေးဟာ **ဝါယောဓာတ်**ဟူ၍ကား ခွဲပြတတ်ကြ၏။ ခွဲပြသည့် စကားအရ အတိုင်းလည်း ဟုတ်လှပါသေး၏။ ထိုခွဲပြသူ, နာသူ ၂-ဦး လူတို့၏ စိတ်အထင်ထဲမှာကား၊ ဤလက်မောင်း ပညတ်ကြီးနှင့် မာမှု သဘော,ဖွဲ့စေးမှုသဘော,ပူအေးမှုသဘော,ငြိမ်မှု-လှုပ်မှုသဘောတည်းဟူ သော ပရမတ်စစ်တို့ကို ခြားနား၍ သိတတ်ကြဘို့ စိတ်ထဲမှာ ခြားခြား နားနား ကျေနပ်ကြဘို့ကား လွန်စွာမှခဲယဉ်းကြပေလိမ့်သဘည်း။ ဘယ် လိုစိတ်ထဲမှာ ထွေးရှုပ်နေကြ လိမ့်မည်နည်းဟူမူ၊ လက်မောင်းကြီးထဲမှာ ဘဲ **မာဒါ**၊မာဒါကြီးမှာဘဲ **လက်မောင်း**ဟု-လက်မောင်းနှင့်မာဒါတို့ မကွဲ မပြားကြဘဲ၊ တသားထဲ ငယ်မှတ်စိတ်မှာတော့ ထင်နေတတ်လှ၏။ ၎င်း အထင်က ထူးခြား၍ အပေါ်ရံ လက်မောင်းပုံသဏ္ဌာန်ဒြပ် ပညတ်ကြီးတို့ အတွင်းမှာ အပြည့်အနှက် ရှိနေပါသော ပရမတ်သား ကလာပ်အများ ထဲက မာမှု၊ထေိစသော ဓာတ်လေးပါးတို့ကိုသာ ခွဲခြားရာသည်ကိုရင်း၊ ထိုပရမတ်သား ကလာပ်အများတို့ ပေါင်းစပ်ကြမိခါမှ၊ ဖျတ်ကနဲ-ဖျတ်

ကနဲ ပေါ်လာကြသော ဆံပင်, မွေးညှင်း စသော ထိုထို သဝိညာဏက, အဝိညာဏကတို့၏ ကောဋ္ဌာသတို့ဖြစ်မှု၊ ထိုထို ပုံသဏ္ဌာန် အစုတို့ကား ပညတ်တရားတို့သာတည်း။ထို့နောက်တဖန် ၎င်းအဖိပ်အဖိပ် ကောဋ္ဌာသ တို့ပေါင်းစပ်မိကြပြန်သောအခါမှ မိန်းမယောကျ်ားစသည်များတို့၏ခြေ, လက်,ကိုယ်,ခေါင်း၊အပေါင်းပညတ်တို့ပုံဟန်သဏ္ဌာန်များသည် ခွဲခြား၍ အသီးအသီး ဖြစ်ပေါ်လာကြသည့် အပေါ်ရံကြောက ပညတ်မျှတို့မှာကား ခါတ်လေးပါးလည်း မရှိ၊ ခွဲလည်း မခွဲရသည်ကိုင်း၊ သိလွယ်ထင်မြင် ပေါက်ရောက်လွယ်ကြစေခြင်း အကျိုးငှါ ရှေ့ ၂-ရက်က အာကာသကို ခွဲပြသည့်အထဲမှာပင် ထိုထို အကောင်အထည်တို့၏ အတွင်းသားပရမတ် နယ်တို့ကား အဖတ်ကလာပ်သက်သက်၊အရေကလာပ်သက်သက်၊အရေ အဖတ်ကလာပ် ရောလျက်တို့သာ ရှိကြရသည်ကိုင်း၊ ထိုထို ပရမတ် ခါတ်ကလာပ်တို့ ပေါင်းစပ်မိကြသော အခါကျမှ၊ ထိုထို ပရမတ်တုံး, ပရမတ်ခဲတို့ အဆုံးစွန်အစပ်နားက ကလာပ်သားချင်း စပ်ဟပ်ကြပြီးလျှင် အပေါ်ရံကြောတွင်သာ မျက်လှည့်မှုပ်ပမာကဲ့သို့ အကောင် အထည်ကြီး တွေ ထင်မြင်နေကြရသည်ကား ပညတ်တို့သာ ဖြစ်ကြ ရာသည်ကိုင်း၊ သဲပုံစေတီဥပမာနှင့်လည်း သိကြကုန်ရာ၏။

**သိကြရပုံမှာ**—သဲမှုန့်တွေစုမိမှ၊ စေတီပုံ ချွန်ချွန်ပေါ်လာသည်၌၊၎င်း သဲများကို အကြမ်းစားအားဖြင့် ကလာပ်အနေနှင့်ထားပြီးလျှင်၊သဲကလာပ် ကား-လုံးလုံး၊စေတီကား-ချွန်ချွန်သာဖြစ်ကြ၍၊ တခုက တခုမဟုတ်ကြပုံ ကို ခြားနား၍သိကြပြီးမှ၊ သဲကလာပ်လုံးတို့အထဲမှာသာ ပထဝီ, အာပေါ စသော ရုပ်စုတို့ပါရှိသည်။ ထိုစေတီအတွင်းတွင် အပြင်စပ်က ရှိနေကြ သော သဲကလာပ် မှုန့်ချင်းတို့ စပ်ဟပ်ကြပြီး၊ ၎င်းသဲကလာပ် မှုန့်တို့ အပေါ်ရံက ထင်မြင်ရသော ချွန်ချွန်စေတီပုံသဏ္ဌာန်တို့မှာကား ရုပ်ရှစ်ပါး မရှိဟု သိကြပြီးနောက်၊ ခါတ်လေးပါး, ခါတ်ရှစ်ပါး ခွဲကြဘို့ကား သဲ ကလာပ်တွေမှာသာ ခွဲရမည်။ ၎င်းသဲကလာပ်စု အပေါ်ရံက စပ်ဟပ်၍ ထင်မြင်ကြသော စေတီချွန်ချွန်ပုံသဏ္ဌာန် ပညတ်မှာကား ခွဲလည်းမခွဲရ။ ခွဲစရာလည်း ခါတ်သားမရှိဟု သိရှိကြရသလို၊ရှေ့ရက်များက ပညတ်, ပရမတ်များကို သေချာစွာခွဲပြ၍ သိရှိကြပြီးသား ယောဂီများတို့ ခါတ် လေးပါး ခွဲခြားကြဘို့ကား၊— အောက်ဆုံး မြောင်ကလာပ် ထုကြီးက အထက်ဆုံး မြောင်ကလာပ်ထုကြီးကျအောင် ထိုထို အကောင်, အထည် ဝတ္ထုတို့၏ အတွင်းရှိ အဖတ်ကလာပ်, အရေကလာပ်, မီးကလာပ်, လေ

ကလာပ်,အရိပ်မှောင်ကလာပ်, အလင်း-အရောင်ကလာပ်, အနံ့ကလာပ်, အသံကလာပ်စသည်ဖြင့် အမည်ခေါ်မှုကား ပြဒ္ဒါန်းသည်ကိုစွဲ၍ခေါ်သော အမည်တည်း။ ၎င်းတို့အမည်ရှိသော ကလာပ်တို့ အထဲမှာသာ ဓာတ်လေးပါးတို့ကိုခွဲခြားရာ၏။ ပါဠိခေါ် ကလာပ်၊ မြန်မာခေါ် ရုပ်စည်း-ရုပ်ပေါင်း၊ ၎င်းရုပ်အပေါင်း အမည်ကလာပ်သံမပါဘဲ၊ မြေထဲမှာ,ရေထဲမှာ, မီးထဲမှာ,လေထဲမှာ စသည်ဖြင့် ရုပ်တခုတခုထဲမှာကား၊ ဓာတ်လေးပါး မရှိငြား၍ မခွဲကြရာ။ ဓာတ်လေးပါးတို့သည်၊၎င်းရုပ်တပါးစီတို့ အထဲမှာ မရှိဟု ပယ်လိုက်ရာ၏။သည့်သာမကသေး၊ ထိုထိုအမည်နာမသဒ္ဒပညတ်တို့၌၎င်း၊ ကလာပ် အစုကြီးတွေ ပြင်ဘက်က စပ်ဟပ်မိမှ အပေါ်ရံ ပုံသဏ္ဍာန်ကြီးများနှင့် သမုတိ သစ္စာနယ်သားတို့မှာ ထင်ရှားစွာ ထင်မြင်ငံ့လမ်းနေကြသော မိန်းမ, ယောကျ်ား၊ ငမိ-သူတပါး၊ တုံးတိုင်-တောတောင် စသော အကောင်, အထည်ခြမ် အပေါ်ရံ အတ္ထပညတ်တို့၌၎င်း၊ ဓာတ်လေးပါးတို့ တစိုးတစိမျှမရှိကြသောကြောင့်၊ ထိုသဒ္ဒပညတ်, အတ္ထပညတ်တို့သက်သက်နှင့် ဓာတ်လေးပါးခွဲရန် မေးလာငြားသော်လည်း၊ ၎င်းပညတ်တို့မှာ ဓာတ်တပါးမျှမရှိကြဟု ပယ်လိုက်ရာ၏။

ပရမတ်စစ်များကို ပညတ်နှင့် မှတ်သား၍ကား၊ ဘုရားရဟန္တာ အရိယာတို့က ဣတ္ထိသဒ္ဒေါ၊ မိန်းမအသံ။ ဣတ္ထိဝဏ္ဏော၊ မိန်းမအဆင်း-စသည်ဖြင့် ပြောဟောတော်မူကြသော ထုံးစံအတိုင်း၊ထိုထိုပညတ်တို့အတွင်းက မိန်းမအဆင်းမှာဓာတ်လေးပါးခွဲပါ။ယောကျ်ားအဆင်းမှာဓာတ်လေးပါးခွဲပါ စသည်ဖြင့် မေးလာငြားအံ့၊ ၎င်း မိန်းမ, ယောကျ်ားတို့ အတွင်းက ရုပ်တခုချင်းထဲမှာ ဓာတ်လေးပါး မပါသောကြောင့်၊ ဓာတ်လေးပါးမရှိဟုပယ်လိုက်ရာ၏။ရှေ့ကပြတိုင်း ဣတ္ထိသဒ္ဒေါ၊ဣတ္ထိဝဏ္ဏော၊ပုရိသသဒ္ဒေါ ပုရိသဝဏ္ဏော စသည်ဖြင့် ဟောတော်မူသလို၊ ဣတ္ထိကလာပေါ၊ မိန်းမကလာပ်။ပုရိသကလာပေါ၊ယောကျ်ားကလာပ် စသည်ဖြင့်လည်း၊ ထိုထိုပညတ်တို့နှင့် မှတ်၍၊ ထိုထိုကလာပ်တို့ကို ပြောဟောအပ်သည့် အတိုင်း မိန်းမကလာပ်မှာ ဓာတ်လေးပါးခွဲပါ။ ယောကျ်ားကလာပ်မှာ ဓာတ်လေးပါးခွဲပါစသည်ဖြင့်မေးမှသာ ၎င်းကလာပ်တို့မှာ ဓာတ်လေးပါးစီပါသောကြောင့် ဖြစ်ထိုက်သည့် ဓာတ်လေးပါးတို့ကိုသာခွဲခြား၍ ပြောဆိုရာ၏။၎င်းဓာတ်လေးပါးလုံးတို့ကိုခွဲခြားနိုင်အောင် ရှေးဦးစွာဓာတ်တပါးစီ၊ ထိုထိုဝဏ္ဏကလာပ်တိုင်းတို့မှာ ခွဲကြရဘို့ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီးက-**နှုံးညွှံ့-ခက်မာ၊ဖြိုယာ၊ ၂-ဖြာ မြေဓာတ်စစ်ဟု**

မိန့်ဆိုရာမှာ လွယ်သည်ထက် လွယ်ပါအောင်၊ငါတို့က **မာသျှင် ခက်မာပထဝီ**၊**မမာသျှင် နူးညံ့ပထဝီ**ဟုပြရာတွင်၊**မာသျှင်**ဆိုသည်ကား၊တခုထက် တခု အဆင့်ဆင့် မာနေကြမှု၊ နူးနေကြမှုများကို ထောက်ထားကြပါမှု၊ ထို မာမှုတွေ အဆင့်ဆင့်၊ ထိုနူးမှုတွေလည်း အဆင့်ဆင့်ဖြစ်နေကြသော်လည်း ၎င်းအဆင့်ဆင့် နောက်သို့ မလိုက်ကြဘဲ၊ ဤကမ္ဘာ့ဌာန်း အလုပ်ထဲမှာကား အတည်ထား၍ ခွဲခြားကြရန်မှာ ကိုင်ယူ၍ ရစကောင်းသော အကောင်, အထည်ဝတ္ထုတို့အတွင်းရှိ ကလာပ်တို့အထဲက ပထဝီဘိုကို **ခက်မာပထဝီ** ဟုသိမှတ်မြဲစွာ**ခွဲ**ကြပါ။ထိုမှတပါးတို့ကိုကား၊**နူးညံ့ပထဝီ**ဟု သိမှတ်မြဲစွာ တလောကလုံးကို ဉာဏ်ပေါက်သွားအောင် ခွဲကြပါ။ ဆရာလုပ်သူများက လည်း ကိုင်ယူ၍ရစကောင်းသော တုံးတိုင်-တောတောင်ကလာပ်စသည် တို့ကိုသာ သီးသန့်ခြားနား၍မေးသောအခါ၊တပည့်များက ခက်မာပထဝီ ခက်မာပထဝီဟု နှုတ်တက်သွားအောင်ဖြေပြီးမှ အရိပ်-အရောင်, မှောင်- အသံ,လေ,ရေနှင့် အနံ့ကလာပ်တို့ကိုသာ သီးသန့်ခြားနား၍ မေးသော အခါ၊ တပည့်များက-နူးညံ့ပထဝီ၊ နူးညံ့ပထဝီဟု နှုတ်တက်သွားအောင် ဖြေကြပါလေ။တပည့်တို့ကလည်း၊ဆရာကမေးသောကလာပ်နှင့်စပ်သော ဝတ္ထုဗြဗ်တို့ ကိုင်ယူလို့ ရ-မရကြည့်၍၊ ၎င်းအတွင်းကပထဝီတို့ မာ-မမာ သိကာသိကာ ဖြေဆိုကြပါလေ။

**ခေတ်ခွဲနည်းတထွေကား**။ ။**ဖွဲ့စေး-စီးယို၊ ၂-ပါးကိုးခေါ်ဆိုရခေတ် စစ်ဟု**– ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး မိန့်ဆိုရာမှာ၊ ငါတို့က **ဓိုသျှင်-စီးယိုအာပေါ်**၊**မဓိုသျှင်-ဖွဲ့စေး အာပေါ်**ဟုပြရာတွင်၊ **ဓိုသျှင်**ဆိုရာ မှာလည်း ဓိုမှုတို့အဆင့်ဆင့်ရှိနေကြရာ၌၊ ကမ္ဘာ့ဌာန်းသမားများ မှုတည် ထား၍ ခွဲခြားစရာကား၊အရေဝတ္ထုဟူသမျှတို့အတွင်းရှိ ကလာပ်တို့အထဲ က အာပေါ်ခေတ်ဟူသမျှတို့ကို **စီးယိုအာပေါ်**ဟုသိမှတ်မြဲစွာခွဲကြပါ။ထိုမှ တပါးတို့ကိုကား **ဖွဲ့စေးအာပေါ်**ဟု သိမှတ်မြဲစွာ၊ တလောကလုံးကိုဉာဏ် ပေါက်သွားအောင် ခွဲကြပါ။ဆရာလုပ်သူများကလည်း၊ရေ,ဆီ,ဖျော်ရည် စသော အရေကလာပ်တို့ကိုသာ သီးသန့် ခြားနား၍ မေးသောအခါ၊ တပည့်များက စီးယိုအာပေါ်၊ စီးယိုအာပေါ်ဟု နှုတ်တက်သွားအောင် ဖြေပြီးမှ၊ အရေမဟုတ်သော အရိပ်အရောင်, တောတောင် စသည်တို့၏ ကလာပ်တို့ကိုသာ သီးသန့်ခြားနား၍ မေးသောအခါ၊ တပည့်များက ဖွဲ့စေး အာပေါ်-ဖွဲ့စေး အာပေါ်ဟု နှုတ်တက်သွားအောင် ဖြေကြပါလေ။ တပည့်တို့ကလည်း၊ ဆရာမေးသော ကလာပ်တို့နှင့် စပ်သော ဝတ္ထုတို့၏

အရေဟုတ်၊မဟုတ်ကိုကြည့်၍၊၎င်းအတွင်းက အာပေါဓာတ်တို့ ဖို-မဖိုကို သိကာ-သိကာ ဖြေဆိုကြပါလေ။

**ဓာတ်ခွဲနည်းတာတွေ့ကား။ ။ပူမှု-အေးမှု၊ ဤ၂-ခု၊ ခေါ်မှု မီးဓာတ်စစ်**ဟု ကျေးဇူးတော်ရှင်, ဆရာတော်ဘုရားကြီး မိန့်ဆိုရာမှာ၊ ငါတို့က **ပူသျှင်-ဥဏှတေဇော မပူသျှင် သီတတေဇော**ဟု ပြရာတွင်၊ ပူသျှင်-မပူသျှင် ဆိုသည်ကား၊ ထိုထို ဝတ္ထု- ဓာတ်ကလာပ်တို့ ကာလဒေသ အားလျော်စွာ ပူ မပူများကို သိသာထင်ရှားကြပါ၏။ အထူးဗိသေသအားဖြင့်ကား၊ သဝိညာဏကတို့၏ အတွင်းရှိတေဇောဓာတ်တို့ကား ဥဏှသာများ၏ဟု သိရှိကြကာ၊ လောက အားလုံးကို ဉာဏ်ပေါက်သွားအောင် ခွဲခြားပေးပုံမှာလည်း ဆရာလုပ်သူက နေပူထဲမှာရှိသမျှသော တုံးတိုင်- ရေမြေ၊ လေ-အရောင် စသည်ကလာပ်တို့ကိုသာ သီးသန့်ခြားနား၍ မေးသောအခါ၊ တပည့်များက ဥဏှတေဇော- ဥဏှတေဇောဟု နှုတ်တက်သွားအောင်ဖြေပြီးမှ၊ ဧးရာ၌ တည်ရှိသော ယခင်က ဝတ္ထု ရုပ်ကလာပ်တို့ကိုသာ သီးသန့်ခြားနား၍ မေးသောအခါ၊ တပည့်များကို သီတ တေဇော- သီတ တေဇောဟု နှုတ်တက် သွားအောင် ဖြေကြပါလေ။ တပည့်တို့ကလည်း၊ ဆရာမေးသော ကလာပ်တို့နှင့်စပ်သော ဝတ္ထုတို့၏ ပူ-မပူကို ကြည့်၍၊၎င်းအတွင်းက တေဇောကို ဥဏှ-သီတ-ဖြစ် မဖြစ်ကို သိကာ-သိကာ ဖြေဆိုကြပါလေ။

**ဓာတ်ခွဲနည်းတာတွေ့ကား။ ထောက်ကန်လှုပ်ရှား၊ဤ ၂-ပါး၊ခေါ်ပြား လေဓာတ်စစ်** ဟု-ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး မိန့်ဆိုရာမှာ၊ ငါတို့က **လှုပ်သျှင်လှုပ်ရှားဝါယော။မလှုပ်သျှင် ထောက်ကန် ဝါယော**ဟု ပြရာတွင် **လှုပ်သျှင်-မလှုပ်သျှင်**ဆိုသည်ကား၊ ထိုထိုဝတ္ထုဓာတ် ကလာပ်တို့လှုပ်-မလှုပ်များ သိသာထင်ရှားကြပါ၏။ အထူးဗိသေသအားဖြင့်ကား၊ အငွေ့-အရောင်-မှောင်-အသံ, လေ-အနံ့ ကလာပ်တို့အတွင်းရှိ ဝါယောတို့ကား၊ လှုပ်ရှားဝါယောသာများ၏ဟု သိကြကာ၊ လောကအားလုံးကို ဉာဏ်ပေါက်သွားအောင် ခွဲခြားပုံမှာလည်း ဆရာလုပ်သူက လှုပ်ရှားလျက်ရှိနေကြသော သစ်ကိုင်း-သစ်ရွက်၊ ခြေ,လက်၊ အကောင်အထည်၊ အရည် အခဲတွေ၊ လေ,ရေ,စသောကလာပ်တို့ကိုသာ သီးသန့်ခြားနား၍ မေးသောအခါ၊ တပည့်များက လှုပ်ရှားဝါယော- လှုပ်ရှား ဝါယောဟု နှုတ်တက်သွားအောင် ဖြေပြီးမှ၊ ငြိမ်လျက်တည်သော တုံးတိုင်- ရေမြေ, အကောင်အထည် ကလာပ်စသည်တို့ကိုသာ သီးသန့်ခြားနား၍ မေးသော

အခါ၊တပည့်များက ထောက်ကန် ဝါယော- ထောက်ကန် ဝါယောဟု နှုတ်တက်သွားအောင် ဖြေကြပါလေ။ တပည့်များကလည်း ဆရာမေးသော ကလာပ်တို့နှင့် စပ်သော၀တ္ထုတို့၏ လှုပ်-မလှုပ်ကိုကြည့်၍၊ ၎င်းအတွင်းက ဝါယောဓာတ်တို့ထောက်ကန်-လှုပ်ရှား၊ဖြစ်-မဖြစ်ကို သိကာ သိကာ ဖြေဆိုကြပါလေ။

[ဤနည်း အတိုင်း ခွဲခြားကြ၍၊ ဤတတိယရက် ဓာတ်အလုပ်ပေးနည်းမှာ အကောင်,အထည် ၀တ္ထုတိုင်းတို့၌၊ ပညတ်ကို မေးသည့်အချက်၊ ဓာတ်ကလာပ်ကို မေးသည့်အချက်တို့ပါ နားလည်ကြကာ၊ ဓာတ်တပါးစီသာ အရှပ်မေး,အရှင်းမေးတို့ပါ ဖြေဆိုနိုင်လာမှု၊ ဉာဏ်လေးသူတို့ကိုလည်း ငဲ့ပါမှု၊ဤတွင်၍သာ အပြီးသတ်လိုက်ကြ၍၊ ဓာတ်တပါးစီခွဲနည်း မမေ့အောင် အထပ်ထပ် သတိပေးလိုက်ပါလေ၊ ဆရာလုပ်သမျှအပေါင်း-သူတော်ကောင်းတို့။]

အလုပ်ပေးချက် တတိယရက်ပြီး၏။

---

## (၁၂) စတုတ္ထရက်မှာ၊ ဓာတ်လေးပါးလုံးပေါင်းရုံး၍ ဟောကြားရက်အစဉ်

စတုတ္ထနေ့မှာ ဝိပဿနာ အလုပ်ပေးသော အခါလည်း၊ နိဗ္ဗိန္ဒသံဝေဂ တရား ရှေ့ထားတတ်ကြစရာ ရှေ့က ရေးသားခဲ့သည့် ဒုတိယ သမာဓိပျက်မှု ဓားကွပ်ချက်တရားကြီးများကိုရှေးဦးစွာဟောကြားပြီးမှ၊ဤနေ့မှာ လူသစ်ပါမူ၊သဘောခပ်ထိုင်းထိုင်းတို့လည်းပါမူ၊ ရှေ့နေ့ကပထဝီဓာတ်၏ **မာ-မမာ** ခွဲခြားချက်။အာပေါဓာတ်၏ **ဓိ-မဓိ** ခွဲခြားချက်။တေဇောဓာတ်၏ **ပူ-မပူ** ခွဲခြားချက်။ ဝါယောဓာတ်၏ **လှုပ်-လှုပ်** ခွဲခြားချက်များကို အကျဉ်းနည်းအားဖြင့် ဟောပြခြင်း၊မေးမြန်းခြင်းတို့ကိုပြု၍ အတော်အတန် လည်ပတ်၊ နပ်နောလာသော အခါကျမှ၊ ဓာတ်လေးပါးလုံးကို ခွဲပြစရာ ဆောင်ပုဒ်ကရေးပြခဲ့သော။ ။မြေထုကလာပ်မှုန့်၌(ခက်မာပထဝီ၊ဖွဲ့စေးအာပေါ၊ သိဘတေဇော၊ထောက်ကန်ဝါယော) ဟူ၍-မြေထုကလာပ်**မှုန့်**၌၊ ဓာတ်လေးပါး ခွဲခြားရာတွင်၊ ခက်မာပထဝီနှင့်၊ ဖွဲ့စေးအာပေါကား၊ မပြောင်းမလွဲဘဲ အမြဲတည်ရှိနိုင်၏။ တေဇောနှင့်ဝါယောတို့ကား၊မမြဲကြဘဲ၊ ပြောင်းလဲနိုင်ကြကြောင်းကို ဤဆောင်ပုဒ်မှာ **သိဘတေဇော** ဟု

ခွဲသည်ကား၊ ညဉ့်အခါ စသည်ကိုရည်၍ ခွဲခြင်းဖြစ်သည်။နေ့အခါစသည် တို့မှာကား၊ ၎င်းမြေထုကလာပ်တို့မှာ ဥဏှတေဇော ပြောင်းရသည်ကို လည်း သိကြရာ၏။ ဤဆောင်ပုဒ်မှာ **ထောက်ကန်ဝါယော**ဟု ခွဲသည် ကား၊ ပကတိ ငြိမ်နေသောအခါကို ရည်၍ ခွဲခြင်းဖြစ်သည်။ လျောင်လှုပ် သော အခါတို့မှာကား၊ ၎င်းမြေထု ကလာပ်တို့မှာ လှုပ်ရှားဝါယော ပြောင်းရသည်ကိုလည်း သိကြရာ၏။ထိုသို့သိရှိကြရသဖြင့်၊ဤဆောင်ပုဒ် စာမှာ ပါသည့်အတိုင်း ဤမြေထုကလာပ်မှုန့်တို့အထဲမှာ ခက်မာပထဝီနှင့် ဖွဲ့စေး အာပေါဓာတ်တို့ကား မပြောင်းမလွှဲမြဲ၏။ တေဇောနှင့် ဝါယော ဓာတ်တို့ကား အကြောင်းအားလျော်စွာ မမြဲဟု ဧကန်ဒိဋ္ဌသိရှိကြရာသည့် အတိုင်း၊ ကိုင်ယူ, ပွေ့ထိ၍ ရစေကောင်းသော အကောင် အထည်ဒြပ် ပညတ်ကြီး,ငယ် အမျိုးမျိုးတို့၏ အတွင်းခံပရမတ် ဓာတ်ကလာပ်တို့မှာ ဓာတ်လေးပါး ခွဲရာတို့၌လည်း ခက်မာ, ဖွဲ့စေးဓာတ် ၂-ပါးတို့ကိုကား မှတ်ထားပြီးလျှင် ပူ-မပူ ကြည့်၍ တေဇောကိုခွဲ၊ လှုပ်-မလှုပ်ကြည့်၍ ဝါယောကို ခွဲရာ၏။

**ခွဲပုံနည်းပြ။** ။လဘက်ရေဒိုး တခုမျှနှင့် သိကြရာ၏။ လဘက်ရေ တယ်ရန်ရေထည့်၍ချထားရာ၊မီးနှင့်မတွေ့ခင်အတွင်း ၎င်းဒိုးကလာပ်မှာ ခက်မာ,ဖွဲ့စေး-သီတ၊ဤသုံးပါးကိုမှတ်ထား၍၊ဝါယောဓာတ်ဘခုထည်း ကိုသာ ကြည့်ပြီး၊လှုပ်လျှင် **ရှောင်ရှား**၊မလှုပ်လျှင် **ထောက်ကန်**ဟု ခွဲရမည်။ ၎င်းဒိုးမှာ ငြိမ်နေရသောကြောင့် ထောက်ကန်နှင့်တကွ ဤဓာတ်လေး ပါးရှိ၏။ မီးဖိုထဲသို့ ယူသွားဆဲအခါ၊ ၎င်းဒိုးကလာပ်မှာ ခက်မာ,ဖွဲ့စေး သီတ။မှုရင်းတည်မှာ လှုပ်ရှားနှင့်တကွ ဤဓာတ်လေးပါးရှိ၏။ ခုံလျှောက် ပေါ်မှာ နာရီတကွက်ခန့် တယ်ထားသောအခါ၊ မီးနှင့်အတွေ့တွင် ၎င်း ဒိုးကလာပ်မှာ ခက်မှာ, ဖွဲ့စေး, ဥဏှ၊ ဤဓာတ်သုံးပါးကို မှတ်ထား၍ ဝါယောဓာတ်ဘခုထည်းကိုသာကြည့်ပြီး လှုပ်လျှင် **ရှောင်ရှား**၊ မလှုပ်လျှင် **ထောက်ကန်**ဟု ခွဲရမည်၌၊ ၎င်းဒိုးမှာ ငြိမ်နေပါသောကြောင့် ထောက် ကန်နှင့်တကွ ဤဓာတ်လေးပါးရှိ၏။ နာရီဝက်လောက် မီးပြင်းထိုးလျက် ကျိုချက်၍ဆူပွက်လာသောအခါ၊၎င်းဒိုးကလာပ်မှာခက်မာ,ဖွဲ့စေး,ဥဏှ မှုတည်ရင်းမှာ လှုပ်ရှားနှင့်တကွ ဤဓာတ်လေးပါးရှိ၏။ဘဘက်ခြောက် ခတ်၍ ချသွားဆဲအခါလည်း ယခင် ဓာတ်လေးပါး အတိုင်းပင် ရှိ၏။ အောက်သို့ ချထားသောအခါ၊ ၎င်းဒိုးကလာပ်မှာ **ခက်မာ-ဖွဲ့စေး-ဥဏှ** ထောက်ကန်နှင့်တကွ ဤဓာတ်လေးပါးရှိ၏။သောက်ရာအရပ်သို့ ယူသွား

ဆဲအခါ၊ သောက်ရာအရပ်မှာ ငွေပေါ်၌ ချထားဆဲအခါ၊ ယူ၍လာဘက်ရေထည့်ဆဲအခါတို့မှာ ဝါယောဓာတ်တပါး၊ လှုပ်-မလှုပ်သာ ခြားနားတော့သည်။ ကြွင်းဓာတ်သုံးပါးတို့ကား၊ ခက်မာ,ဖွဲ့စေး, ဥဏှတို့သာတည်းဟု မဆုတ်ဆိုင်းဘဲ၊ ဟုတ်တိုင်းမှန်စွာ၊ ဉာဏ်နှင့် သိ၍ ကြည့်၍၊ မေးတိုင်းမေးတိုင်း ဖြေနိုင်ပါမူ၊အကောင်,အထည်ဖြစ်၊ ပညတ်ကြီး,ငယ် အမျိုးမျိုးတို့၏ အတွင်းခံပရမတ် ဓာတ်ကလာပ်တို့မှာ ဓာတ်လေးပါး အကုန်ခွဲနိုင်ကုန်ရာ၏ဟု မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

**ဘာတွေဘာနည်း**မှား၊ ဆောင်ပုဒ်လင်္ကာက ကျက်ထားကြသော **ရေထုကလာပ်မှုန့်၌။ နူးညံ့ပထဝီ၊ စီးယိုအာပေါ၊ သီတတေဇော၊ ဆောက်ကန်ဝါယော**ဟူ၍ ရေထုကလာပ်မှုန့်တို့၌၊ ဓာတ်လေးပါး ခွဲခြားရာတွင်၊ နူးညံ့ပထဝီနှင့် စီးယိုအာပေါကား မပြောင်းမလွှဲဘဲ အမြဲဖြစ်ထွန်း နိုင်၏။ တေဇောနှင့်ဝါယောကား မမြဲနိုင်ဘဲ၊ ပြောင်းလွှဲနိုင်ကြောင်းကို ဤဆောင်ပုဒ်၌ **သီတတေဇော**ဟု ခွဲသည်ကား နေပူ, မီးပူ စသည်တို့နှင့် မတွေ့သော ပြကတေ့အခါကိုရည်၍ ခွဲခြင်းဖြစ်သည်။ ကမ္ဘာပျက်၍ ကမ္ဘာပျက်မီးနှင့် တွေ့သောအခါ၊ ၎င်းရေထုကလာပ်စုမှာ ဥဏှတေဇောသာ ပြောင်းရာသည်ကိုရင်း၊ ဤဆောင်ပုဒ်မှာ **ဆောက်ကန်ဝါယော**ဟု ခွဲသည်ကား၊ ပကတိငြိမ်သက်နေသော အခါကိုရည်၍ ခွဲခြင်းဖြစ်သည်။ ဤရေထုကြီးအောက်က လေအထု လှုပ်ရှားသောအခါ၊ ကမ္ဘာကို မီးဖျက်သောအခါ၊ လေဖျက်သော အခါတို့မှာကား၊ ၎င်းရေထု ကလာပ်စုမှာ လှုပ်ရှားဝါယောသာ ပြောင်းရာသည်ကိုရင်း သိကြရာ၏။ ထိုသို့ သိရှိကြရသဖြင့် ဤဆောင်ပုဒ်စာမှာ ပါသည့်အတိုင်း၊ ဤရေထု ကလာပ်မှုန့်တို့ အထဲမှာ ပထဝီနှင့် အာပေါဓာတ်တို့ကား မပြောင်းမလွှဲမြဲ၏။တေဇောနှင့် ဝါယောဓာတ်တို့ကား အကြောင်းအားလျော်စွာမမြဲဟု ဧကန်ဒိဋ္ဌသိရှိကြရသည့်အတိုင်း အရေမှန်သမျှသော ဝတ္ထုကြီးငယ် အမျိုးမျိုးတို့၏ အတွင်းခံပရမတ်ဓာတ်ကလာပ်တို့မှာ ဓာတ်လေးပါး ခွဲခြားရာတို့၌လည်း နူးညံ့, စီးယို ဓာတ် ၂-ပါးတို့ကိုကား မှတည်ထားပြီးလျှင်၊ ပူ-မပူကြည့်၍ တေဇောကိုခွဲ၊ လှုပ်-မလှုပ်ကြည့်၍ ဝါယောကိုခွဲရာ၏။

**ခွဲပုံနည်း**ပြ။ ။လာဘက်ရေတခုမျှနှင့်သိကြရာ၏။လာဘက်ရေ တယ်ရန်၎င်းအိုး၌ ရေထည့်၍ချထားရာ မီးနှင့်မတွေ့ခင်အတွင်း၊ ၎င်းရေကလာပ်တို့မှာ နူးညံ့,စီးယို,သီတ-ဤသုံးပါးကို မှတည်ထား၍၊ ဝါယောဓာတ် တခုထည်းကိုသာ ကြည့်ပြီး လှုပ်လျှင် **လှုပ်ရှား**၊ မလှုပ်လျှင် **ဆောက်ကန်**ဟု

ခွဲရမည်၌၊ ၎င်းရေမှာ ငြိမ်နေပါသောကြောင့်၊ ထောက်ကန်နှင့် တကွ ဤခါတ်လေးပါးရှိ၏။ မီးဖိုထဲသို့ ယူသွားဆဲအခါ၊ ၎င်းရေကလာပ်တို့မှာ **နူးညံ့-စီးယို-သိဗ်ဘ** မှုတည်ရင်းမှာ လှုပ်ရှားနှင့်တကွ ဤခါတ်လေးပါး ရှိ၏။ ခံလှောက်ပေါ်မှာ နာရီတကွက်ခန့် တည်ထားသောအခါ၊ မီးနှင့် တွေ့သည်ကစ၍ ၎င်းရေကလာပ်တို့မှာ **နူးညံ့-စီးယို-ဥဏှ**၊ဤခါတ်သုံးပါး မှုတည်ထား၍၊ ဝါယောခါတ် တခုထည်းကိုသာ ကြည့်ပြီး လှုပ်လျှင် **လှုပ်ရှား**၊မလှုပ်လျှင် **ထောက်ကန်**ဟု ခွဲရမည်၌၊ ၎င်းရေမှာ ငြိမ်နေသော ကြောင့်၊ ထောက်ကန်နှင့်တကွ ဤခါတ်လေးပါးရှိ၏။ နာရီဝက်လောက် မီးပြင်းထိုးလျက် ကျိုချက်၍ဆူပွက်လာသောအခါ၊၎င်းရေကလာပ်တို့မှာ **နူးညံ့ စီးယို ဥဏှ** မှုတည်ရင်းမှာ လှုပ်ရှားနှင့် တကွ ဤခါတ်လေးပါး ရှိ၏။ လဘက်ခြောက်ခတ်၍ ချသွားဆဲအခါ၊ အောက်၌ ချထားရာ အဆူ မငြိမ်သေးသော အခါတို့မှာလည်း ယခင်က နူးညံ့,စီးယို,ဥဏှ,လှုပ်ရှား၊ ဤခါတ်လေးပါးတို့အတိုင်းပင်ရှိ၏။အဆူငြိမ်သောအခါ၊၎င်းရေကလာပ် တို့မှာ **နူးညံ့-စီးယို-ဥဏှ**-ထောက်ကန်နှင့် တကွ၊ ဤခါတ်လေးပါးရှိ၏။ သောက်ရာအရပ်သို့ ယူသွားဆဲအခါ၊ ၎င်းအရပ်မှာ ခွက်ပေါ်သို့ ချထားဆဲ အခါ၊တဖန်ယူ၍ လဘက်ရေထည့်ဆဲအခါ၊ပန်းခံထဲမှာ ၎င်းရေငြိမ်နေဆဲ အခါ၊ ယူသောက်ဆဲအခါ၊ အစာသစ်အိမ်ထဲမှာ တည်နေဆဲအခါ၊ ၎င်း ကျင်ငယ်ဖြစ်၍ ဆီးအိမ်ထဲသို့သွားဆဲအခါ၊ ၎င်းဆီးအိမ်၌တည်ဆဲအခါ၊ ကျင်ငယ်အိုးခင်းပုံ၌စွန့်ဆဲအခါ၊၎င်းအိုးခင်းပုံထဲ ကျပြီးစ အခါတို့၌၊ ၎င်း ရေကလာပ်တို့မှာကား ဝါယောခါတ်တပါး။ လှုပ်-မလှုပ်သာ ခြားနား တော့သည်။ကြွင်းနူးညံ့,စီးယို,ဥဏှ၊ဤခါတ်သုံးပါးတို့ကား မထူးခြားဘဲ၊ တစားထည်းဟုမဆုတ်ဆိုင်းဘဲ၊ဟုတ်တိုင်းမှန်စွာဉာဏ်နှင့် သိ၍-ကြည့်၍ မေးတိုင်း ပြောခိုနိုင်ပါမူ၊ အရေဝတ္ထု အမျိုးမျိုးတို့၏ အတွင်းခံပရမတ် ခါတ်ကလာပ်တို့မှာ ခါတ်လေးပါးစီ အကုန်ခွဲနိုင်ကြကုန်၏ဟု မှတ်ကြ ပါလေ ယောဂီမြတ်တွေတို့။

**တစေ့တနည်းမှား**။ ။ဆောင်ပုဒ်က ကျက်ထားကြသော **လေဆု ကာသောင်ရှုနို့၌**၊ **နူးညံ့ ပထဝီ**၊ **ဖွဲ့စေးအာပေါ**၊ **သိဗ်ဘတေဇော**၊ **လှုပ်ရှား ဝါယော**ဟူ၍ လေထုကလာပ်မှုန့်တို့၌ ခါတ်လေးပါး ခွဲခြားရာတွင်၊နူးညံ့ ပထဝီ၊ ဖွဲ့စေးအာပေါ၊ လှုပ်ရှားဝါယောတို့ကား မပြောင်းမလွဲဘဲ၊ အမြဲ တည်ရှိနိုင်၏။ တေဇောတခုသာ မမြဲနိုင်ဘဲ ပြောင်းလွဲနိုင်ကြောင်းကို ဤ ဆောင်ပုဒ်၌ **သိဗ်ဘတေဇော**ဟုခွဲသည်ကား၊ မီးပူစသည်နှင့် မတွေ့သော

ပြကတေ့အခါကိုရည်၍ ခွဲခြင်းဖြစ်လေသည်။ ကမ္ဘာပျက်၍ ကမ္ဘာမီးနှင့် တွေ့သော ၎င်းလေထုကလာပ်စုမှာ ဥတုတေဇောပြောင်းရသည်ကို သိရှိကြရာ၏။ ထိုသို့သိရှိကြရသဖြင့် ဤဆောင်ပုဒ်စာမှာ ပါသည့် အတိုင်း ဤလေထုကလာပ်မှုန့်တို့အထဲမှာ ပထဝီ, အာပေါ, ဝါယောခေတ်တို့ကား မပြောင်းမလွဲမြဲ၏။ တေဇောတခုသာ အကြောင်းအားလျော်စွာ မမြဲဟု ဧကန်ဒိဋ္ဌသိရကြသည့်အတိုင်း၊ လေကလာပ်မှန်သမျှတို့မှာ ခေတ်လေးပါး ခွဲရာတို့၌လည်း နူးညံ့, ဖွဲစေး, လှုပ်ရှား ဤခေတ်သုံးပါးတို့ကိုကား မှတ်ထားပြီးလျှင် ပူ မပူ တခုကိုကြည့်၍သာ တေဇောကိုခွဲရာ၏။

**ခွဲပုံနည်း**ပြ။ ။လာဘက်ရေအခိုးတခုမျှနှင့်သိကြရာ၏။ လာဘက်ရေတွေ ဆူပွက်နေသောအခါ၊ အခိုးလေခေတ်တွေ လွင့်တက်နေ ကြရာသည်၌၊ ၎င်းရေတို့က ထွက်ခါစ အခိုးလေကလာပ်တို့မှာ နူးညံ့, ဖွဲစေး, ဥဏှ, လှုပ်ရှား၊ ဤခေတ်လေးပါးရှိ၏။ ၎င်းရေတို့မှထွက်၍ အထက်ကောင်းကင် သို့ကျရာ နေမပူသောအခါ၊ ၎င်းလေကလာပ်တို့မှာ နူးညံ့, ဖွဲစေး, သီတ, လှုပ်ရှား၊ ဤခေတ်လေးပါးရှိ၏။ တဖန် ကောင်းကင်သို့ကျရာ နေပူလာ သောအခါ၊ ၎င်းလေကလာပ်တို့မှာ နူးညံ့, ဖွဲစေး, ဥဏှ, လှုပ်ရှား၊ ဤခေတ် လေးပါးရှိ၏ဟု မဆုတ်ဆိုင်းဘဲ၊ ဟုတ်တိုင်းမှန်စွာ ဉာဏ်နှင့်ကြည့်၍သိ၍ မေးတိုင်းပြောနိုင်ပါမှ၊ လေကလာပ်ဟူသမျှတို့မှာ ခေတ်လေးပါးခွဲနိုင်၏ ဟု မှတ်ကြပါလေ။

[၎င်းလေကလာပ်ဟူသမျှတို့၌ ခေတ်လေးပါးခွဲနိုင်ကြကလည်း အဖိုပ်ကလာပ်, အရောင်ကလာပ်, မှောင်ကလာပ်, အသံကလာပ် အနံ့ကလာပ်တိုင်းတို့မှာလည်း တေဇောတခုကိုသာ ဤလောက ခေတ်ကြီးမှာ မေးသည့်အခါ၊ ပူ-မပူ တခုမျှကို ကြည့်ရှုကြကာ ခေတ်လေးပါးတို့ကို မဆုတ်ဆိုင်းဘဲ ဟုတ်တိုင်းမှန်စွာ ဉာဏ်နှင့် ကြည့်၍- သိ၍ မေးတိုင်းမေးတိုင်း ဖြေဆိုနိုင်ကြကုန်ရာ၏။ ဝါ၊ ဖြေဆိုနိုင်အောင်၊ ဤလေထုကလာပ်နှင့် စပ်၍လည်းခွဲကြ၊ ရှေ့က ရေထုကလာပ်နှင့် စပ်၍လည်းခွဲကြ၊ ရှေ့က မြေထုကလာပ်နှင့် စပ်၍လည်း ခွဲကြပါလေ။ ဤအထုသုံးပါးနှင့်စပ်၍ခွဲတတ်က အနန္တ လောကခေတ်အတွင်း ရှိရှိသမျှတို့မှာ ခေတ်လေးပါး ခွဲခြားနိုင် သော ခေတ်ပိဋကာ္တရိုက်ကြီးတယောက်၊ ငါအစစ် ပေါ်ပေါက်လာ တော့ပြီဟု ဝမ်းမြောက်ကြပါလေ။ ယောဂီအပေါင်း သူတော် ကောင်းတွေတို့။]

စတုတ္ထရက် အလုပ်ပေးချက်ပြီး၏။

## (၁၃) ပဉ္စမရက်၌ ပရမတ်, ပညတ်အစားစားခြားနား၍ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်ကြီး ပေါက်ရောက်သွားပုံ

ပဉ္စမရက် ဝိပဿနာ အလုပ်ပေးချက်၌၊ ရှေးအခါက ခေတ်လေးပါး ဟောကြားပြီးနောက်၊ အသိဉာဏ်ပေါက်ရောက် လွယ်အောင် ဝိညာဏ ခေတ်စုကို အလုပ်လည်းပေးခဲ့၏။ ဝိသုဒ္ဓိဆောင်ပုဒ် စာအုပ်ငယ်၌လည်း ဝိပဿနာအလုပ်ပေးစဉ်ကို ရေးထုတ်လိုက်၏။ ယခုမူကား- ရုပ်ခေတ်တို့ ချည်း တခြားစီ-ဘသန့်တည်း ဒိဋ္ဌိကန်္ခါများကိုပယ်ရှား၍၊ ရုပ်ဝိပဿနာ တရားတို့ လျင်မြန်စွာ ပေါက်ရောက် သွားကြစေရန် ခေတ်လေးပါးကို ဟောပြီးနောက်၊ ရုပ်၌ သက္ကာယဒိဋ္ဌိတရက်၊ သဿတဒိဋ္ဌိတို့တရက်၊ ယုံမှားခြင်း တရက်၊ ရုပ်ဝိပဿနာတရက်၊ ၎င်းတို့ နောက်ကမှ ဝိညာဏ ခေတ်၊ နာမ်ခန္ဓာပရမတ်တို့၏ ဝိပဿနာအလုပ်ပေးချက် ၃-ရက်၊၎င်းတို့ နောက်ကမှ တဆဲ့တမီးတရက်၊အဘိဓာသုတ်ကြီးအရနှင့် ဟောပြဘာက ၂-ရက်၊၎င်းတို့နောက်ကမှ သဗ္ဗသန်္ခါရ တရားနှင့် တလောကလုံးကြီး တို့၏ အနိစ္စ အချက်ကြီးများကို အာစရိယမုဋ္ဌိ လက်ဆုပ်မကြအောင် ဤ ဝိပဿနာ အလုပ်ကြီးတို့ကို အမြှုမြှု အရှာရှာတို့က လာရောက်သမျှသော ရဟန်း, ရှင်လူ, ပြည်သူအများတို့အား ဟောကြားပြသနေသည့် အတိုင်း သာ ဤဝိပဿနာ အလုပ်ပေးစဉ် စာအုပ်ကြီးမှာ ဒိဋ္ဌိဝိသုဒ္ဓိ အချက်က ဆက်လက်၍ ပြအပ်ပါသည်၌၊ဉာဏ်ကြီးသူ အားထုတ်ခွင့်ကာလများများ ရသူတို့မှာ၊သဂြိုဟ်ရုပ်ပိုင်းစသည်တို့၌လာသော ရုပ် ၂၈-ပါး၊ ကလာပ် အစားစားတို့နှင့် ဒိဋ္ဌိဝိသုဒ္ဓိအလုပ်များကို အားထုတ်တတ်ကြဘို့ ကောင်း မြတ်လှပါ၏။ ဉာဏ်လေးသူ အားထုတ်ခွင့် ကာလများများ မရသူများ အတွက် စိတ်မပျက်ရဘဲ၊ အားခဲလိုသောစိတ်ရှိကြပါမူ၊ လွယ်လွယ်ကူကူ ကလေးနှင့် အားထုတ်နိုင်ကြရန် ရုပ်ရှစ်တန်ပေါင်းစပ်သည့် ကလာပ် တမျိုးထည်းနှင့်ပင် ပရမတ်, ပညတ်ထင်မြင်၍ ဒိဋ္ဌိဝိသုဒ္ဓိ ပေါက်စဉ်ကို ဝိသုဒ္ဓိမဂ်က **ကလာပတော**အရနှင့် ထင်ရှားစွာပြပြီးနောက်၊ ရုပ်မှုန့် **ဧကဒေ** **တော**အရနှင့် ရှုနည်းကိုရောက်သောအခါ၊ မိမိတို့ပရမတ် သဘောတရား အစစ်များကို မထင်ရှားအောင် အပေါ်ရံပုံသဏ္ဌာန်အကောင်, အထည်ဖြိုမ်၊ ပညတ်ကြီးငယ်တွေ၊ အနည်းနည်းအနေနှင့် အမြဲလှည့်စား နေကြသော ရုပ်မှုန့်နှစ်ပါး ခေတ်နှစ်ရပ်တို့ကို ဖျတ်ကနဲ သိဘတ်ကြဘို့ လူလတ်စားတို့ အတွင်းသားမှာ ပရမာဏုမြူမျှ ပထဝီပြဒ္ဒာန်းကြသော အဖတ်ကလာပ် မှုန့်တို့က, တစိတ်သားခန့်၊ အာပေါပြဒ္ဒာန်းသော အရေကလာပ်မှုန့်တို့က

နှစ်ပြည့်သားခန့်တို့ ပေါင်းစပ်ကြ၍သာ။ ဝါ၊ ပေါင်းစပ်မိသော အခါက စ၍သာ အပေါ်ရုံကြောပညတ်နယ်မှာ သုံးဆဲ့နှစ်ဝသော နွတ္တိံသကာယ တို့ ဖြစ်ပေါ်လာကြလျက် မိန်းမယောကျ်ား, ပုဂ္ဂိုလ်သတ္တဝါစသည်အစား စားတို့ ထင်ရှားစွာဖြစ်နေချက်ကို ဝိသုဒ္ဓိမဂ် စတုဓာတုဝဝတ္ထာနနိဒ္ဒေသ ထုတ် ပြန် ဟောကြားတော်မူသည့်အတိုင်း ပြရပါမူ၊ ပါဠိသက်သက်ခေါ်ရူပ-**ကလာပ**ပေါ်၊ ပါဠိပျက် မြန်မာခေါ် **ရုပ်ကလာပ်**၊ မြန်မာသက်သက်ခေါ် **ဖေါက်ပြန်တတ်တာစုအပေါင်း** ဟု ခေါ်ရပေလိမ့်မည်။

ဤနှစ်ဘာသာတို့ဟာ ဘယ်ဘာသာမှ အဘိဓမ္မာပရမတ် အမြွတ် တရားအစစ်မဖြစ်ကြသေး။ ခေါ်ဝေါ်ပြောဆိုကြသော ဝေါဟာရစကား၊ သဒ္ဒါပညတ်များသာရှိသေးသည်။ရင်းအခေါ်အဝေါ်စကား သဒ္ဒါပညတ် များတို့က ဟောပြောအပ်, ညွှန်ကြားအပ်သော ရုပ်ပရမတ် ကလာပ် အစစ်တို့ကား တခြားမဟုတ်။ ရှေ့ပဌမရက်,က အရေ-အဖတ်၊ တတိယ ဉပမာရုပ်ဖြင့် ပြအပ်ခဲ့သည့်အတိုင်း၊ အဖိုကောင်-အဖိုတုံး-အဖိုခဲဖြစ်လျှင် အရေ- အဖတ်- ရုပ်ကလာပ်တို့ ရောစပ်တည်ရှိ၏။ အခြောက်ကောင်-အခြောက်တုံး- အခြောက်ခဲဖြစ်လျှင် အဖတ်ကလာပ် သက်သက်သာ တည်ရှိရာ၏။အရေဝတ္ထုတို့သက်သက်ဖြစ်လျှင် အရေကလာပ်သာ တည် ရှိရာ၏ဟု အကျဉ်းဆုံး **ရုပ်ကလာပ်တပါး-အရေအဖတ်မှုန့် ၂-စားတို့ကို** လောကအားလုံးက အကောင်အထည် ဟူသမျှတို့ အတွင်းသား ရှိသမျှ တို့မှာ ထိုးထွင်းမွှေနှောက်၍ ကြည့်ကြ- သိကြပါလေ။ ထိုထိုအကောင် အထည်ကင်းသည့် ကောင်းကင်ဟင်းလင်းတို့မှာကား၊ အရောင်မရှိလျှင် မှောင်ကလာပ်၊ မှောင်မရှိလျှင် အရောင်ကလာပ်တို့ ဆက်စပ်တည်ရှိ ကြ၏ဟု ပါဠိမြန်မာ၊ သဒ္ဒါပညတ်နှစ်ပါးနှင့် အနက် အဋ္ဌ ရုပ်ပရမတ် ကလာပ်တရားတို့ကို ခြားခြားနားနားကြီး သိရှိကြပြီးနောက်၊ ဝိပဿနာ အလုပ် ပေါက်ရောက်သွားအောင် အားထုတ်လိုကြပါမူ၊ ပါဠိ ခေါ် **ဒိဋ္ဌိ ဝိသုဒ္ဓိဖြစ်အောင်လုပ်**၊ မြန်မာခေါ် **အမှားစင်ကြယ်အောင် လုပ်ရမည်**ဟု သိရာ၏။

အမှားစင်ကြယ်အောင်ဘယ့်နှယ်လုပ်ရမည်နည်း။ (မေး)
အမှန်ကိုသိအောင်လုပ်။ (ဖြေ)
ဘာမှန်ကိုသိအောင်လုပ်ရမည်နည်း။ (မေး)
ပရမတ်မှန်-ပညတ်မှန်တို့ကို သိအောင်လုပ်ရမည်။ (ဖြေ)

ဤရုပ်ဒိဋ္ဌိဝိသုဒ္ဓိအရာ၌လည်း ဝိညာဏာရုံ နာမ်ပရမတ်မှာ ကဲ့သို့၊ **နာမရူပ ပရိစ္ဆေဒဉာဏ်**ဟူ၍သာ ဝိသုဒ္ဓိမဂ်စသည်တို့မှာ လာသော်လည်း **ပရမတ္ထတော**—ဟူသော သဘိုဟ်အရကို။ ။ပရမတ္ထတော- ပရမတ္ထဝသေနဝ၊ သမုတိပညတ်ကိုထား၍ ဆတ်ဆတ်သော ပရမတ်တို့၏ အစွမ်းဖြင့်သာလျှင်ဟု-ဋီကာကျော်-မဏိမဉ္ဇူတို့နှင့်အညီ၊ နိသျဆရာကြီးများ အနက်ပေးထားတိုင်း ပရမတ်ချည်း အသီးထုတ်ယူရန် အပါဒါန်ဖြစ်ကြသော ၎င်းပညတ်တို့ကိုလည်း ပညတ်နယ်က ရှိနေကြသည့် အတိုင်းပင် ပညတ်မှန်တို့ကိုသိမြင်ကြရန်၊ လိုနေပြန်သေးသည့်အတွက်၊ဆွမ်းဆန်နှင့် ကြွက်ချေးရောရာမှာ ကြွက်ချေးလက္ခဏာသိပါမှ အလိုရှိရင်းဆန်ကို ရွေးယူနိုင်ကြသလို၊နာမရူပ ပရိစ္ဆေဒဉာဏ်၌ **ပညတ်မှန်**တို့ကိုသိရှိကြရန်ကိုလည်း ဒိဋ္ဌိ ဝိသုဒ္ဓိ အလုပ်မှာ အရေးအကြီးဆုံးအဖြစ်နှင့် ပါရှိနေရလေသတည်း။ ။၎င်းအမှန်သိရန်နှစ်ပါးတို့တွင် ရုပ်ပရမတ်မှန်တွေဆိုတာ သူငါတို့ မသိနိုင်တာမျိုးတွေ မဟုတ်ပါ၊ စင်စစ်မှာကား ဝိသုဒ္ဓိမဂ်ကြီးက အကျဉ်းဆုံးနည်း အရများနှင့် ရှေးကပြထားခဲ့သည့် ထိုထိုအရိုး-အကောင်၊ အထည်ဒြပ် ပညတ်ကြီးငယ်တို့၏ အတွင်းနယ်တို့နှင့် အပြည့်-အပြည့် ထိုက်သည့် အားလျော်စွာ တည်ရှိကြပါကုန်သော ပထဝီဓာတ်ပြဋ္ဌာန်းသည့် အဖတ်ရုပ်ကလာပ်မှုန့်သဘော။ အာပေါဓာတ်ပြဋ္ဌာန်းသော အရေရုပ်ကလာပ်မှုန့် သဘော အမျိုးမျိုးတို့လည်း **ရုပ်ပရမတ်စစ် အမှန်တည်း**။ ထိုထို အခြောက်အကောင်, အထည်ဒြပ် ပညတ်ကြီးငယ်တို့၏ အတွင်းနယ်တို့နှင့် အပြည့်-အပြည့် ထိုက်သည့် အားလျော်စွာ တည်ရှိကြပါကုန်သော ပထဝီပြဋ္ဌာန်းသည့် အဖတ်ရုပ်ကလာပ်မှုန့် သဘောသည်လည်း **ရုပ်ပရမတ်စစ်အမှန်တည်း**။ ထိုထိုအရေဝတ္ထုဒြပ် ပညတ်ကြီးငယ်တို့၏ အတွင်းနယ်တို့နှင့် အပြည့်-အပြည့် ထိုက်သည့်အားလျော်စွာတည်ရှိကြပါကုန်သော အာပေါဓာတ်ပြဋ္ဌာန်းသည့်အရေရုပ်ကလာပ်မှုန့်သဘောသည်လည်း **ရုပ်ပရမတ်စစ်အမှန်တည်း**။

[ဤသည်တို့ကား၊ထိုထို အကောင်,အထည်ဒြပ်တို့ အတွင်းက တည်ရှိကြသော ရုပ်ပရမတ်အစစ်အရကို အကျဉ်းဆုံးနည်းမျှနှင့်၊ သိမှတ်လွယ်အောင်ပြချက်ပေတည်း။]

၎င်းအထည်ဒြပ်တွေကင်းသော ထိုထိုဟာလာဟင်း အပြင် ကောင်းကင် အရပ်ရပ်တို့မှာကား အရောင်မရှိလျှင် မှောင်ဝဏ္ဏရုပ် ပြဋ္ဌာန်းသော မှောင်ရုပ်ကလာပ်၊မှောင်မရှိလျှင် အရောင်ဝဏ္ဏရုပ်ပြဋ္ဌာန်းသော အရောင်

ရုပ်ကလာပ် သဘော တို့သည်လည်း **ရှင်ပရမတ်စစ် အမှန်တည်း** ဟု ပရမတ်မှန်များကို ဝိပဿနာ အလုပ်သမား အစားစားတို့ မဂ်ဖိုလ်ထိ အကျိုးများဘို့ရာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက အကျဉ်းဆုံး **ကလာပတော-နုဿရဏ**တို့ အရနှင့် ပြအပ်သော အချက်ကို၊ တို့မြန်မာ သက်သက်နှင့် ကွက်ကွက်-ကွင်းကွင်းကြီး သိ, ကြားနားလည်သွားကြဘို့ ပြအပ်သော အချက်ကောင်းကြီးတို့ပေတည်း။ ။ပညတ်မှန်ကို သိပြန်ကြရဘို့ကလည်း ပညတ်တွေဆိုတာ- သူငါတို့မသိနိုင်ကြတာမျိုးတွေမဟုတ်ပါ။စင်စစ်မှာ မူကား၊ ယခင်ကပြထားသည့် အရေ-အဖတ် ရုပ်ပရမတ်အများတို့ အဝိဝမ်းတွင်းက ပေါင်းစပ်မိစကပင်၊ကလာပ်အများတို့၏အပေါ်ရံကြောတွင် စပ်ဟပ်မိမှထင်မြင်ရသော **ကလလ ရေကြည်ပေါက် ပုံသဏ္ဌာန်ကလေး** ဖြစ်ပေါ်လာသည်က စ၍လည်း **သဏ္ဌာနပညတ်**ဖြစ်ပေါ်လတ်ပြီးဟုသိပါ။ ၎င်းနောက်- အဆင့်ဆင့်ဖြစ်ပေါ်၍ လာကြကုန်သော အမြှုပ်- သွေးခဲ-သားတစ်- ခက်မ, ငါးဖြာတို့သည်၎င်း၊ ဆံပင်- မွေးညှင်း- ခြေသည်း-လက်သည်းစသော ၃၂- ကောဋ္ဌာသ အဝဝနှင့်၊ အမ-အထီး စသော ပုံသဏ္ဌာန်တို့သည်၎င်း၊အတွင်းသား ပစ္စုပ္ပန် ပရမတ်အများတို့ပေါင်းစပ်မိစကပင်၊ ၎င်းပစ္စုပ္ပန်ကလာပ်အများတို့ အပေါ်ရံကြောတွင် စပ်ဟပ်၍ ထင်မြင်ရသော **သဏ္ဌာနပညတ်** တို့အစစ် ဖြစ်ကြကုန်၏ဟု သိပါ။၎င်း ကလလ ရေကြည်စသော ထိုထိုအတုံးအတစ်, အကောင်, အထည်ဒြပ် သဏ္ဌာနပညတ်တို့ ဖြစ်ပေါ်စက- ပျက်သည့် အဆုံးကျအောင် အတွင်းသား ရုပ်နာမ်ပရမတ်အများတို့ ရှေ့နောက်မပြတ် တလစပ် ဆက်လက် နေကြသော အစဉ်သည် **သန္တတိပညတ်**တို့ အစစ်ဖြစ်ကြ၏ဟု- သိပါ။ ၎င်းပညတ်နှစ်ပါးကို တခါထည်းပြောကြားလိုမူ၊ မိန်းမတွေ-ယောကျာ်းတွေ၊လူတွေ-တိရစ္ဆာန်စသည်တွေ၊ အထင်ခံ,အမြင်ခံအားဖြင့် မွေးသည်ကစ၍ သေသည်ကျမှ- ဆုံးသည်, တုံးသည်ဟူ၍၎င်း၊ သစ်ပင် တောတောင်စသော ထိုထိုအဝိညာဏကတို့လည်း စဦးဖြစ်ပေါ်သည်ကစ၍ နောက်ဆုံးပိတ် ပျက်ရာကျမှ ဆုံးသည် တုံးသည်ဟူ၍၎င်း ထင်မှတ်ပြောဆိုနေကြပေသတည်း။ဤ-မိန်းမကြီး စသည်အကောင်,အထည်ထင်ချက်၊ ၎င်းအကောင်, အထည်ကြီးတို့ တသက်လုံး တည်နေနိုင်သည်ဟု ထင်ချက်တို့သည်ပင်လျှင် သဏ္ဌာန,သန္တတိ ပညတ်နှစ်ပါးတို့ကို ထင်မြင်ချက် ပေတည်းဟု **ပညတ်မှန်ကို** သိကြရာ၏။ ဤသို့ ရှေ့ကပြခဲ့သော ပရမတ်, ပညတ်စကားရပ်တို့ကို အထပ်ထပ်ကြည့်ရှုကြကာ၊ ထိုထို ပုံသဏ္ဌာန်ဒြပ်

အတ္တပညတ်မှန်နှင့်၊ အတွင်းသားပရမတ်မှန်တို့ကို သိရှိကြပါက၊အတွင်း သားပရမတ်တွေကို မိန်းမစသည် ပညတ်အနေနှင့် မှားနေကြသည့် ပါဠိ ခေါ် **သက္ကာယဒိဋ္ဌိ**၊ မြန်မာခေါ် **ပရမတ်မှား** အဖြစ်မှ စင်ကြယ်ကြလေ၏။ ဤအမှားစင်ကြယ်ကလည်း ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ** အစစ် ဖြစ်ကြလေ၏ ဟု မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဟိုမိတ္တာရေမိ၊ ထိုပရမတ်သား ပညတ်များတို့ ခြားနားချက်အရ အမိ ဝမ်းထဲက ဖြစ်ပေါ်နေကြသည်ကို အသိ ခက်လှ၍၊ အပြင်ဘက်တွင် ကွက်ကွက်- ကွင်းကွင်း ထင်မြင်စေလိုသောကြောင့် အကျယ်ကို ပြဆို ဦးအံ့။ ။ရှေ့အာကာသပဌမနေ့က တတိယဥပမာအရနှင့် ပြခဲ့သည့်အတိုင်း ဇလုံပန်းခံတခုမှာ ဖုံမှုန့်, မြေမှုန့်။ ၁၊ အဖတ်ကလာပ်မှုန့် တစလယ်သား လောက်ထည့်ထား၍၊၎င်းအဖတ်ကလာပ်မှုန့်အတွင်းသို့ အရေကလာပ်မှုန့် တခွက်လောက် သွင်းလိုက်လျှင်၊အဖတ်ကလာပ်မှုန့်အကြားတိုင်းသို့အရေ ကလာပ်မှုန့်တွေ ဝင်သွားကြ၍၊အမှုန့်နှစ်ပါးတို့ အချင်းချင်းပိုင်းခြားလျက် ဖွာမထွက်အောင် ပူးကပ်- စပ်တွယ်ကာ တည်နေကြရာ၌၊ ပရမတ်ကို သိတော်မူသည့် ဘုရားရှင်တို့၏ဘပည့်တို့ ဉာဏ်မျက်စိနှင့် အတွင်းသား ပရမတ်စုတို့ကိုသာ ပေါက်ရောက်အောင် ရှုကြည့်လိုက်ပါမူ၊၎င်း ဇလုံ အတွင်းက ရွှံ့လုံးထဲမှာ အဖတ်ကလာပ်မှုန့်-အရေကလာပ်မှုန့်မျှ **ပရမတ္ထ** တို့ကိုသာ ထင်မြင်ကြကုန်ရာ၏။ ၎င်း ဇလုံအတွင်းက အရေ - အဖတ် ကလာပ်နှစ်ပါး နုတ်ယူထားလိုက်က၊ တစုံတခုသော အထယ် ပညတ်နယ် က၊ ၎င်းဇလုံအတွင်းမှာ ကြွင်းမရှိကြရာသည်ကို ဉာဏ်ဖြင့်ဒိဋ္ဌ သိရှိရ သဖြင့်၊အရေ,အဖတ်ကလာပ်နှစ်စား ပရမတ်စစ်တရားတို့ကိုသာ ထင်မြင် ကြကုန်ရာသတည်း။

ထို့ပြင် တရပ် ပညတ်ကိုသာ သိကြပါသည့် သတ္တဝါ အများတို့ ဓမ္မတာ မိစ္ဆာမျက်စိနှင့် အပေါ်ရံကြောတို့ကိုသာ ရှုကြည့်ကြပါမူ၊ ၎င်း ဇလုံအတွင်းရှိ ကလာပ်မှုန့် နှစ်ရပ်တို့ ပေါင်းစပ် မိကြရာမှ၊ အပေါ်ရံ ကြောက မျက်လှည့်ပြသကဲ့သို့ ဘွားကနဲ ဘွားကနဲ ပေါ်လာကြသော ရွှံ့တုံး,ရွှံ့ခဲ ပုံသဏ္ဌာန် အထည်ဒြပ်မျှ **ပညတ္တ**တို့ကိုသာ ထင်မြင်နေကြကုန် ရာသတည်း။ထိုရွှံ့တုံး,ရွှံ့ခဲ၏အတွင်းသား ကလာပ်မှုန့်နှစ်မျိုးတို့ အထဲမှာ နဲနဲမျှမပါ။ အပေါ်ရံကြောကသာ ပြုလုပ်ပေးသူတို့ လက်ထဲမှာ ဘွားကနဲ ဘွားကနဲ ပြောင်းလွဲလိုက်နေကြရသော ပညတ်အမျိုးမျိုးတို့ကို ထင်ရှား လာအောင် သိလိုကြသေးပါမူ၊၎င်းရွှံ့ခဲကိုပင် လုံး၍လာအောင် ပြုပြင်၍

ပေးပါက၊ ထိုပြုပြင်ပေးသူ လက်ထဲတွင်သော ရှိရင်းစွဲ ရွှံ့တုံး ပျောက်၍ သွားကနဲ—သွားကနဲ အလုံးပုံသဏ္ဌာန်ဖြစ် **အဋ္ဌပညတ်ဘို့ကား**၊ အပေါ်ရုံကြောက ကလာပ်သဘောချင်းစပ်ဟပ်ကြကာ၊ ပေါ်ပေါက်လာကြသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရနိုင်၏။ တဖန်-ပြားသွားအောင် နှိပ်၍ပေးလိုက်ပါက နှိပ်ပေးသည့်လက်ထဲမှာ ရှိရင်းစွဲ အလုံးပုံသဏ္ဌာန်ပျောက်၍ သွားကနဲ-သွားကနဲ အပြားပုံသဏ္ဌာန်ဖြစ် **အဋ္ဌပညတ်ဘို့ကား**၊အပေါ်ရုံကြောက၊ ကလာပ်သဘောချင်း စပ်ဟပ်ဖိပြားကာ ပေါ်ပေါက်လာသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရနိုင်၏။ တဖန် ၎င်း ရွှံ့ပြားကိုပင် နွားရုပ်အမျိုးမျိုး ဆင်လာအောင်ပြုပြင်ပေးသူလက်ထဲမှာ ရှိရင်းစွဲပုံသဏ္ဌာန် အမျိုးမျိုးတွေ ကွယ်ပျောက်၍ သွားကနဲ ဦးချိုဝိုင်-ဦးချိုကိုင်း နွားရုပ်ပုံ ပေါ်ပေါက်လာနိုင်၏။ ၎င်း ဦးချိုကိုအမျိုးမျိုး ပြုပြင်ပေးသူလက်ထဲမှာ သွားကနဲ ဦးချိုထောင်ပုံ၊ ဦးချိုကားပုံ၊ ဦးချိုပေ၊ ဦးချိုပြန်ပုံ၊ချိုဘယ်လှူးပုံ၊ချိုကုပ်-ဒနုတ်ပုံ၊ချိုကွင်း၊ ချိုကွေးပုံ စသည်ပေါ်လာရ၏။ ထို့အတူ လောကအားလုံး၌၊ ရှိရှိသမျှသော သဝိညာဏက,အဝိညာဏကတို့၏ ပုံသဏ္ဌာန်အမျိုးမျိုးတို့ ဖြစ်ပေါ်လာအောင် ၎င်းရွှံ့လုံးကို ပြုပြင်ပေးလိုက်ကြပါမူ၊ ထိုပြုပြင်ပေးကြသူလက်ထဲမှာ ရှိရင်းစွဲ ပုံသဏ္ဌာန်အမျိုးမျိုးတို့ ကွယ်ပျောက်၍ သွားကနဲ-သွားကနဲ ထိုထိုသဝိညာဏက, အဝိညာဏကတို့ ပုံသဏ္ဌာန်ဖြစ် **အဋ္ဌပညတ်ဘို့ကား**၊ အပေါ်ရုံကြောက ကလာပ်သဘောချင်း စပ်ဟပ်ကြကာ အသစ်အသစ်ပြုပြင်ပေးသမျှ အတိုင်းသာ ဖြစ်ပေါ်လာကြသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ကြရနိုင်သဖြင့်၊ ဩော်...... ဤရွှံ့တုံး၌ ပညတ်အစားစားတို့ ပေါက်ပြန်၍ သွားနေသည့်အထဲမှာ အတွင်းသား- အရေ, အဖတ်ရွှံ့ညိုကလာပ် ပရမတ်တို့ကလည်း နဲနဲမျှပေါက်ပြန်၍ မလိုက်ကြသလို၊ ထိုထိုအကောင်, အထည် ဝတ္ထုတို့၏ အတွင်းရှိ အရေ, အဖတ်ရုပ်ကလာပ်မှုန့်တို့ကလည်း အပေါ်ရုံကြောက ပြောင်းချင်သမျှ ပြောင်းလဲ၍နေကြသော ထိုထိုပုံသဏ္ဌာန်အကောင်,အထည်ဖြစ် **အဋ္ဌပညတ်ဘို့အထဲသို့** နဲနဲမျှ ပေါက် ပြန်၍ မလိုက်ကြပါ တကား—ဟု သူတပါးပြောစကားကိုမှတ်သား၍ သိရမှုနှင့်မဆိုင်၊မိမိတို့ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိရှိကြရသော ဘိန္နာမယဉာဏ်ပညာဖြင့်ထင်ရှားစွာ အပေါ်ရုံပုံသဏ္ဌာန်ပညတ်များ အမှန်နှင့်၊ အတွင်းရှိ ဓာတ်ပရမတ်သားအမှန်တို့ကို ခြားခြားနားနားကြီး သိရှိကြကုန်ရာသတည်း။

ထို့ပြင်တရင်၊အတွင်းသားပရမတ် ရုပ်ကလာပ်တို့က အမျိုးမျိုးပေါက်ပြန်၍ နေကြသည်၌လည်း၊ အပေါ်ရံ ပုံသဏ္ဌာန် အကောင်, အထည်ဒြပ် ပညတ်တို့ကလည်း နဲနဲကလေးမျှ ပေါက်ပြန်၍ မလိုက်ကြသည်ကို သိလိုကြပြန်သေးမူ၊ ၎င်း နွံ့ရုပ်ပုံအမျိုးမျိုးထဲက အတွင်းသားအစို၊ နွံ့ညိုနွား ရုပ်ကလေးကို နေလှမ်း၍ ခြောက်လာလျှင် အညိုအဆင်းရုပ်တွေ ပျောက်၍ အဖြူအဆင်း ရုပ်တွေပေါ်ပေါက်ကာ၊ ပြောင်းလဲ၍ လာသော်လည်း ရှိရင်းစွဲ နွားရုပ်ကလေးက မပြောင်းလဲကြသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရနိုင်၏။ တဖန်-၎င်းနွားရုပ်ကို မီးဖုတ်ရာ၊ မကျက်သေးခင် မှင်အဆင်းတွေတက်ပြီး နက်၍နေသော်၎င်း၊ ကြပ်ကြပ်ကျက်ရာ အနီအဆင်း ရုပ်ပြောင်းလာသော်၎င်း၊နွားရုပ်ပုံပညတ်ကမပြောင်းကြသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရနိုင်၏။

(တနည်း) တဖန်-သိလိုပြန်သေးမူ၊၎င်း နွားရုပ်ကို ယနေ့နံက်က နက်ပြန်နံက်ကျအောင် နေလှမ်း၍ထားရာမှာ၊ နေ့အခါ- နွားရုပ်အတွင်းသား ဓာတ်ကလာပ်တို့ အကုန်လုံး ပူရုပ်တွေ အဆင့်ဆင့် ပြောင်းလဲ၍နေကြသော်လည်း၊အပေါ်ရံ ပုံသဏ္ဌာန်နွားရုပ်ကလေးက နဲနဲမျှမပြောင်းလဲကြသည်ကို၎င်း၊ညဉ့်အခါ နွားရုပ်အတွင်းသား ဓာတ်ကလာပ် အကုန်လုံးတို့ အေးရုပ်တွေ အဆင့်ဆင့်ပြောင်းလဲ၍နေကြသော်လည်း အပေါ်ရံ ပုံသဏ္ဌာန် နွားရုပ်ကလေးက နဲနဲ မျှ မပြောင်းလဲကြသည် ကို၎င်း ကိုယ်တွေ့ ဒိဋ္ဌ သိမြင်နိုင်ကြရသဖြင့်၊ဩော်......ဤနွံ့ နွားရုပ်အတွင်းသား ဓာတ်ကလာပ် အစားစားတို့ ပေါက်ပြန်၍သွားနေသည့် အထဲမှာ၊အပေါ်ရံ ပုံသဏ္ဌာန်ဒြပ် နွားရုပ်ပညတ်တို့ကလဲ နဲနဲကလေးမျှ ပေါက်ပြန်၍ မလိုက်ကြသလို၊ ထိုထို အကောင်, အထည်ဒြပ် ပညတ် အမျိုးမျိုးတို့ကလည်း ၎င်း ပညတ်တို့၏ အတွင်းသားထဲက ပြောင်းချင်သမျှ ပြောင်းလဲ၍ နေကြသော အရေ-အဖတ် ခေတ်ပရမတ်တို့အထဲသို့၊ နဲနဲကလေးမျှ ပေါက်ပြန်၍ မလိုက်ကြပါ တကားဟု သူတပါးပြောစကားကို မှတ်သား၍ သိရမှုနှင့် မဆိုင်၊ မိမိတို့ ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်သိရှိရသော စိန္တာမယ ဉာဏ်ပညာဖြင့် ထင်ရှားစွာ ထိုထို အကောင်, အထည်ဝတ္ထုတို့ အတွင်းရှိ ပရမတ်သား အမှန်နှင့်၊ အပေါ်ရံ ပုံသဏ္ဌာန် ပညတ်များအမှန်တို့ကို ခြားခြား နားနား ကြီး သိရှိရ-သိရှိကြကုန်ရာသတည်း။ ။ဤသို့ လောကကြီးနှင့် အပြည့် အပြည့် တည်ရှိနေကြကုန်သော ထိုထိုအကောင်, အထည်ဒြပ် အပေါ်ရံ ပုံသဏ္ဌာန် ပညတ်နှင့် ၎င်း ပုံသဏ္ဌာန်ကြီးငယ်ကြီးတို့၏ အတွင်းတို့နှင့်

အပြည့်တည်ရှိကြကုန်သော အရေ-အဖတ် ခေတ်ပရမတ်တို့သည်၊ တပါးနှင့်တပါး ခွဲခွါထား၍ မရနိုင်လောက်အောင် ပူးကပ် ပေါင်းစပ်၍ နေကြသော်လည်း၊ တအိမ်ထဲမှာ တကန့်စီနေကြရသော ရန်သူနှစ်အိမ်သားတို့ အချင်းချင်း မငဲ့ကြငြားဘဲ၊ သဘောချင်းဝေးဝေးကြီး ကွာခြားကြသလို၊ ပရမတ်-ပညတ်နှစ်ရပ်တို့ အချင်းချင်း မငဲ့- မစပ်ကြငြားဘဲ၊ သဘောချင်း အလွန့်အလွန်ကွာခြားလျက် ရှိနေကြသည့်**ပရမတ်မှန်**, **ပညတ်မှန်တို့ကို** **သိရှိ**ကာသဏ္ဍာယဟု အမည်ရသည့်၊ထိုထိုအကောင်,အထည်တို့၏ အတွင်းသား **ပရမဏ္ဍတို့ကို**၊ အပေါ်ရံကြောင့် ထင်မြင်နေကြသော ထိုထိုပုံသဏ္ဍာန်အရ **ပညတ္တိတို့အတိုင်းနှင့်သာ** မိန်းမကြီးဘဲ- ယောကျ်ားကြီးဘဲ၊ငါကြီးဘဲ—သူကြီးဘဲစသည်ဖြင့် မှားနေကြသည့် **ဧဒ္ဓ-အမှားကြီး** **အဖြစ်မှ** သေသေ ချာချာစင်ကြယ်ရ၏။ အမှားစင်ကြယ်ကလည်း ဒိဋ္ဌိဝိသုဒ္ဓိအစစ် သေသေ ချာချာဖြစ်ကြ၏ ဟု သိကြပါလေ ယောဂီမြတ်တွေတို့။

---

## (၁၄) ရုပ်ဖေါက်ပြန်ပုံနှင့်, ပရမတ်မဖေါက်ပြန်ပုံကို နှီးနှော၍ပြချက်နှင့်၊ အတွင်းသား ပရမတ် ပဋ္ဌာရုံကို ပဋ္ဌိညာဏ်ဘိုကသိ၊အပေါ်ရံပညတ်ဓမ္မာရုံကိုမနောဝိညာဏ်က သိကြပုံများကို ခြားနား၍ပြချက်

ပန်းရှေ့စကားဝယ် အပြစ်တင်ဘွယ် ပယ်၍ခဲ့ခက် စကားအချက်တို့ကို ဆက်၍ဆိုဦးအံ့။ ။ဤစာကိုကြည့်ရှုကြ၍ သဘောကျလှသူ စိတ်ကောင်းသဘောဖြူတို့က အရှင်ဘုရား- ရှေ့ကရေးသားတော်မူခဲ့သည့် အတိုင်း၊ အပေါ်ရံ ပုံသဏ္ဌာန်ပညတ် အမျိုးမျိုးတို့ ဖေါက်ပြန်နေကြသည့် အထဲသို့၊ ပရမတ်တို့ကလဲ နဲနဲမျှမလိုက်ကြပုံ။တဖန် အတွင်းသား ပရမတ်အမျိုးမျိုးတို့ ဖေါက်ပြန်နေကြသည့် အထဲသို့လည်း ပညတ်တို့ကလဲ နဲနဲမျှမလိုက်ကြပုံများကိုခြားခြားနားနားကြီးဘဲ၊ကွက်ကွက်-ကွင်းကွင်းကြီးဘဲ၊ဗိတ်မှာစွဲအောင် သိမှတ်နားလည်ကြရပါသဖြင့်၊ တပည့်တော်များ ရှေ့ကမှတ်သားမိခဲ့ကြသည့်**ပရမတ်မှန်သမျှမဖေါက်ပြန်ရဘူး**-ဟူသောစကားနှင့်၊ အရှင်ဘုရားရှေ့ကပြထားခဲ့သည့် အတွင်းသား ရှုံ့ညှိုပရမတ်တွေ ဖေါက်ပြန်၍ နေသည်ဟူသောစကားတို့ မဆန့်ကျင်ကြဘူလားဟူငြားအံ့။ (အိမ်း)မဆန့်ကျင်ပေ။ အဘယ်သို့ မဆန့်ကျင်သနည်းဟူမူ၊ ၎င်း မဖေါက်ပြန်ကြသော ပရမတ္ထ တရားတို့ကား၊ အဘယ်မျှ အပြား ရှိပါသနည်းဟု မေးမူ။ ။

သဗ္ဗိုဟ်မှာလာတိုင်း **စိတ် စေတသိက်-ရုပ်-နိဗ္ဗာန်** အားဖြင့် လေးပါးရှိပါသည်ဟု- ဖြေရပေလိမ့်မည်။ ဤလေးပါးထဲမှာ ပါသည့် ရုပ်ပရမတ်တရားဟာ အဘယ့်ကြောင့် ရုပ်မည်ပါသနည်းဟု- မေးဘွယ် ရှိသောကြောင့်၊ "ရုပ္ပတီတိ ရူပံ"ဟု- ဋီကာကျော်ပြတော်မူတိုင်း သမ္မောဟဝိနောဒနီ အဋ္ဌကထာက"ကေနဋ္ဌေန ရူပံ၊ ရုပ္ပနဋ္ဌေန ရူပံ"၊ ဟု မိန့်တော်မူတိုင်းပင်လျှင် ဝိဘင်းပါဠိတော်-သံယုတ်ပါဠိတော်တို့၌လည်း။ .....

**ကိဉ္စဘိက္ခဝေ ရူပံ ဝဒေထ၊ ရုပ္ပတီတိခေါ ဘိက္ခဝေ တသ္မာရူပန္တိ ဝုစ္စတိ။** ။ဟု-ဘုရားကိုယ်တော်တိုင် ဟောတော်မူ၏။

ဤပါဠိတော် အဋ္ဌကထာ ဋီကာစကားတို့၏ အနက်သဘောသွားတို့ တသားထည်း တူကြချက်ကို စဉ်းစား၍ ရှုကြည့်ရန် **မြန်မာပြန်အနက်ကား၊** ။ယံဓမ္မဇာတံ၊ အကြင် ပထဝီ, အာပေါ, တေဇော,ဝါယော အစရှိသော ၂၈-ပါး သဘောတရားသည်။ ဝါ၊သဘောတရားကို။ရုပ္ပတိ၊ဖေါက်ပြန်တတ်၏။ ဝါ၊ ဖေါက်ပြန်စေအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုဖေါက်ပြန်တတ်သော။ ဝါ၊ ဖေါက်ပြန်စေအပ်သော ၂၈ ပါး သဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။ ။(ဋီကာကျော်ဝစနံ- မြန်မာပြန်တည်း)။ ။ယံဓမ္မဇာတံ၊အကြင် ပထဝီအစရှိသော ၂၈-ပါး သဘောတရားသည်။ ကေနဋ္ဌေန၊အဘယ်အနက် သဘောကြောင့်။ ရူပံ၊ရုပ်မည်သနည်း။ ရုပ္ပနဋ္ဌေန၊ ဖေါက်ပြန်တတ်သော အနက် သဘောကြောင့်။ တံဓမ္မဇာတံ၊ ထိုပထဝီအစရှိသော ၂၈-ပါး ဖေါက်ပြန်တတ်သောသဘောတရားသည်။ ရူပံ၊ရုပ်မည်၏။ ။(သမ္မောဝစနံ-မြန်မာပြန်တည်း)။ ။ဘိက္ခဝေ၊ရဟန်းတို့။ ခေါစင်စစ်၊ ယံဓမ္မဇာတံ၊ အကြင်ပထဝီစသော ၂၈-ပါး သဘောတရားသည်။ ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုဖေါက်ပြန်တတ်သော ၂၈-ပါး သဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤလို-ဤပုံ။ ဝုစ္စတိ၊ ဆိုအပ်၏။ ။(ပါဠိတော် ၂-ချက်၏ မြန်မာပြန်အနက်တည်း။)ဤပါဠိတော်အဋ္ဌကထာ,ဋီကာသုံးစားတို့၏ လိုရင်းသဘောသွား **တို့မြန်မာ အချုပ်စကားကား၊— အကြင် ၂၈ ပါး သဘောတရားတို့သည် ဖေါက်ပြန်တတ်ကြကုန်၏။ ထိုဖေါက်ပြန်တတ်သည့် သဘောတရားတို့သည်သာလျှင် ရုပ်မည်ကြကုန်၏။** ။ ဤ တိုတို တုတ်တုတ် တို့မြန်မာ အချုပ်စကားနှင့် ရှေ့က ရေးပြခဲ့သည့် ပါဠိတော်, အဋ္ဌကထာ, ဋီကာ သုံးစားတို့ တသားထည်း၊ တလုံးထည်း၊ တခုထည်း ဖြစ်-မဖြစ်ကို အခါခါဝိစစ်၍ ရှုကြည့်တော်မူကြပါမူ၊တသား

ထည်း တူကြသည့်အဖြစ်ကို သိရှိတော်မူကြပေလိမ့်မည်။ ဤပါဠိ သုံးစား
တို့မြန်မာ စကားတို့က ဟောကြားအပ်- ပြောကြားအပ်သော ၂၈-ပါး
ရုပ်ပရမတ်စစ် တရားတို့၏ သဘောလက္ခဏာအချုပ် အရကို ဝိသုဒ္ဓိမဂ်
အဋ္ဌကထာကြီးက။ ။"ရုပ္ပနလက္ခဏံ ရူပံ"။ ။ဟူ၍လည်း ပြတော်မူ
ပြန်သည့်စကားကို မြန်မာဆိုသော်။ ။ရူပံ၊ ၂၈-ပါး ရုပ်ပရမတ်စစ်တရား
သည်။ ရုပ္ပနလက္ခဏံ၊ ခဏချက်ခြင်း ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏။ ။
ဟု ပြတော်မူသည် များကိုလည်း ရှေ့စကားတို့နှင့် တသားထည်း တူကြ
သည့် အဖြစ်ကို သိရှိတော် မူကြရပြန်သဖြင့်။ သြော်.....မိုဃ်းညှင်းတောရ
ကိုယ်တော်ကြီးသည် သင်္ဂြိုဟ်ထဲမှာ ပါသော ရုပ်ပရမတ်စစ် တရားတို့
ဆိုတာ ဖေါက်ပြန်တတ်သော သဘောရှိမှသာ ရုပ်မည်ကြ ရသည်ဟု
ဋီကာကျော်-သမ္မောအဋ္ဌကထာ ဝိဘင်းပါဠိတော်,သံယုတ်ပါဠိတော်တို့က
ပြသည့် အတိုင်းသာ၊ ရုပ်ပရမတ် အစစ်တွေဟာ ဖေါက်ပြန်တတ်ကြပါ
သည်ဟု ပြောဟောတာပါတကားဟူ၍ အပြစ်ဒေါသမပွါး အချစ်မေတ္တာ
ရှေ့ထား၍ အခါခါစဉ်းစားမိတော် မူကြပါစေသတည်း။

ဤရှေ့က ပြခဲ့သော စကားတို့အရမှာ၊ ပရမတ်ဟူသမျှတို့ ဘယ်သည့်
အခါမှ မဖေါက်ပြန်ကြဘူးဟူသော စကားတခုထဲကိုသာ အစွဲအမြဲထား
၍၊ရုပ်ဖေါက်ပြန်သည်ဆိုသောအရာမှာ စောဒနာရန်ရှိသည်ကား၊ပရမတ်
ဟူသမျှ မဖေါက်ပြန်ကြဘူးဟူသောစကားနှင့်လည်း ညီညွတ်ကြအောင်၊
ဤပရမတ် အစစ်ထဲမှာပါသော ရုပ်ပရမတ်အစစ်တို့ကား မဖေါက်ပြန်ကြ
ပါ။ အအေး,အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် အပေါင်း
ပညတ်-ဒြဗ် ရုပ်လုံး, ရုပ်ခဲတို့၏ ပြိုကွဲပုံ့ရွဲ့, ဝိန်တဲ့ချည် ဝတဲ့ချည် အလီလီ
အဖွယ်ဖွယ် ပညတ်နယ်က ဖေါက်ပြန်ချက် အရတို့ကိုသာ ရုပ်ဖေါက်ပြန်
သည်ဟု ဆိုရမှာမဟုတ်ဘူးလားဟု-စောဒနာငြားအံ့။ မစောဒနာသင့်ပေ။
အဘယ့်ကြောင့်ဆိုသော် ယခင်ရှေ့က ပြခဲ့သည့် ပါဠိတော်-အဋ္ဌကထာ-
ဋီကာတို့က ( အကြင်သဘောတရားတို့သည် ဖေါက်ပြန်တတ်ကုန်၏။
ထိုဖေါက်ပြန်တတ်သော တရားသဘော တို့သည်သာလျှင် ရုပ်မည်ကြရ
သည် ) ဟူ၍သာ ပြဆိုတော်မူကြ၏။ ပရမတ်ရုပ်စစ်မှ တပါး၊ ပညတ်
အစားစားတို့က ဖေါက်ပြန်တတ်ကြသောကြောင့် ရုပ်မည်၏ဟု မဆိုကြ
သောကြောင့်၊ ဤရုပ္ပနလက္ခဏာအရ ရုပ်ပရမတ်စစ်တို့ ဖေါက်ပြန်ကြ
သည်ဟု ဆိုကြသောအရာမှာ ပညတ်တုံး, ပညတ်ခဲတို့ ဖေါက်ပြန်ချက်
အရနှင့် မစောဒနာသင့်ကြလေ။ ။သို့ဖြစ်ပါလျှင် ပရမတ်တရားအစစ်မှန်

က ဘယ်တော့မှ မဖေါက်ပြန်ရဘူးဟု ဆိုအပ်သော ကျမ်းစကားတွေနှင့် ဤပရမတ္ထတရား လေးပါးထဲမှာ ပါသည့် ရုပ်တရားက ဖေါက်ပြန်ကြသည်ဟု ကျမ်းအဆုဆုတို့က ယူပြန်ကြ ဆိုပြန်ကြမှု၊ ရှေ့နောက်ကျမ်းစကားချင်း မဆန့်ကျင်ကြဘူလားဟုငြားအံ့။ ။မဆန့်ကျင်ပေ။ အဘယ်သို့ မကျန့်ကျင်သနည်းဟူမူ၊ ရုပ်ပရမတ်တို့က ဖေါက်ပြန်ကြ၏ဟု ဆိုပါသော်လည်း၊ ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထော၏အရ၊ မိမိတို့သဘောလက္ခဏာမှ တပါးသော လက္ခဏာသို့ မဖေါက်ပြန်ရဘူးဟူသော အဓိပ္ပါယ်နယ်က လွန်ဆန်၍ မဖေါက်ပြန်ကြပါဘဲ၊ ပထဝီလက္ခဏာထဲ,အာပေါစသည် လက္ခဏာတို့၏ နယ်ထဲတွင်သာ အဖေး,အပူစသော ဆန့်ကျင်ဘက် အကြောင်းကြောင့် ပထဝီစသော ၂၈-ပါး ရုပ်ပရမတ်အစစ်တရားတို့၏ အသီးအသီးဖေါက်ပြန်ကြသောကြောင့်၊ပရမတ်နယ်က မဖေါက်ကြဘူးဟုဆိုသော စကားနှင့် ရုပ်ပရမတ်နယ်က ဖေါက်ပြန်ကြသည်ဟုဆိုသောစကားတို့ မဆန့်ကျင်ကြပါတကားဟူ၍ ထူးခြားသော ဉာဏ်ပညာဖြင့် အခါခါ စဉ်းစားကြည့်ကြပါလေ။ ဆရာမြတ်ကြီးတွေပင် အလေး တမူ အရေးယူရသော အရာဌာနကြီး တခု ဖြစ်သောကြောင့်၊ မိမိ–မိမိတို့နယ်မှာ အမှန်ချည်း ဖြစ်ကြတာကို **မြင်းလှန်သော ဥပမာဖြင့်ပြဆိုရမူ၊—**

ခိုင်လှစွာသော ကြိုးရှည်ကြီးနှင့် လှန်၍ထားသော မြင်းသတ္တဝါကြီးက ဤလှန်ထားသော ကြိုးအတွင်းတွင်သာ မြုံးနှင်၍ ပြေးနေတာကို မြင်ရသူက ခင်ဗျားမြင်းကြီး ပြေးနေပြီဟု ပြောသော စကားနှင့် ခိုင်မြဲသော ကြိုးဖြင့်လှန်၍ ကိုယ်တိုင်ထားခဲ့သော မြင်းရှင်က ငါ့မြင်း မပြေးပါဘူးဟု ဆိုသော စကားနှစ်ရပ်တို့မှာ၊ပြောသူတို့ နှလုံးသွင်း အာဘော်ထားနှင့် အမှုသွား အချက်ကို မသိက၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်နေကြသော်လည်း၊ ၎င်းသူတို့၏ နှလုံးသွင်း အာဘော်ထားနှင့် အမှုသွားတို့ကို ကြည့်က ဆန့်ကျင်ဘက် မဖြစ်ကြပုံမှာ၊ ထိုလှန်ထားသော ကြိုးအတွင်းတွင်သာပြေးနေပါသောကြောင့်၊ ခင်ဗျားမြင်းကြီး ပြေးနေသည်ဆိုသော ရှေ့စကားလည်း အမှန်ပင်၊ ၎င်းကြိုးနယ်ကိုလွန်၍ မပြေးသောကြောင့် ငါ့မြင်းမပြေးဘူးဆိုသော နောက်စကားလည်း အမှန်ပင်ဖြစ်ကြသလို၊ ရှေ့ကပြခဲ့သော မဖေါက်ပြန်ရသည့် ပရမတ်တရားနှင့် ဖေါက်ပြန်ကြသည့် ရုပ်ပရမတ်စစ် တရားတို့မှာလည်း ပရမတ္ထတရား ၄ ပါးမှာပါသည့် ရုပ်ပရမတ်စစ် တရားတို့တွင် မြင်းကြီး လှန်ကြိုးကလွန်၍ မပြေး

သကဲ့သို့၊ ပထဝီစသော ရုပ်ပရမတ်စစ် တရားတို့သည်၊ မိမိ-မိမိတို့၏ သဘောလက္ခဏာ တည်းဟူသော ကြိုးကိုလွှန်၍၊ အာပေါ, တေဇော စသော တပါးသောလက္ခဏာသို့ ဖေါက်ပြန်၍ မပြေးသွားတာတို့လွှန်စွာ တူလှ၏။ မြင်းကြီး လှန်ကြိုးအတွင်းတွင်သာ မြူးထွင်၍ပြေးနေတာကဲ့သို့ ပထဝီ စသော ရုပ်ပရမတ်စစ် တရားတို့သည်၊ မိမိ-မိမိတို့၏ သဘော လက္ခဏာ အတွင်းတွင်သာ သိတ ဥဏှ စသည်တို့ ဆန့်ကျင့်ဘက် အကြောင်းကို ရက၊ ခက်မာပထဝီနှင့် နူးညံ့ပထဝီ၊ ဖွဲ့စေး အာပေါနှင့်-စီးယိုအာပေါ၊ သိတတေဇောနှင့်- ဥဏှတေဇော၊ ထောက်ကန်ဝါယော နှင့်- လှုပ်ရှားဝါယော၊ အညိုဝဏ္ဏ စသည်နှင့် အဖြူဝဏ္ဏ စသည်တို့ဖြင့် မိမိ-မိမိတို့၏ ပရမတ်အစစ်ဖြစ်သည့် နယ်ကိုလည်း မလွှန်ဆန်ကြစေဘဲ၊ ပထဝီလက္ခဏာထဲချင်း၊ အာပေါလက္ခဏာထဲချင်းစသည်တို့သာ ဖေါက်ပြန်နေကြပုံ တို့လည်း လွှန်စွာ တူလှသည်များကို အထပ်ထပ် စဉ်းစား တော်မူကြ၍၊ မဖေါက်ပြန်ရဘူးဟုဆိုသော ပရမတ်စစ်တရားနှင့် ဖေါက်ပြန်မည်ဆိုသောရုပ်အစစ်တရားတို့ မဆန့်ကျင်ကြပြောဘဲ၊မြင်းလှန်သော ဥပမာအရနှင့် တွဲ၍ တသားထည်း ညီညွတ်ကြသည်များကို ထင်ရှားစွာ သိရှိတော်မူကြပေလိမ့်သတည်း။

ဤ၌ရှေ့က မြင်းလှန်ချက် ဥပမာအရနှင့်တူစွာ မိမိတို့နယ်ကိုလွှန်၍ ရုပ် ပရမတ်တရားတို့ ဖေါက်ပြန်ခြင်း ဖြစ်တာများဟာ ကျမ်းဂန်တို့မှာ ပါ-ပါ ရဲ့လား ဟူပြောအံ့။ ပါ-ပါသည့်အဖြစ်ကို "သိတုဏှာဒိဝိရောဓိပစ္စယေဟိ ဝိကာရမာပဇ္ဇတိ၊ အာပါဒိယတီတိဝါ အတ္တော။" ။ဟု-ဤဋီကာကျော် ဆရာက ပြောသည့်၊ရုပ်ပရမတ်အစစ်တွေဟာ ဖေါက်ပြန်ချက် ဖြစ်တာကို ဘုရားဟောအလိုနှင့်သာ ပြရပါသည်ကို သိစေလို၍၊—

**တေနာဟ ဘဂဝါ သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ ဗျာဒိ၊ ရုပ္ပနစ္ဆေဒ္ဒ သီတာဒိ ဝိရောဓိ ပစ္စယသမဝါယေ ဝိသဒိ သဒ္ဒုပ္ပတ္တိယော၀။**

ယံမွေဇာတံ၊ အကြင် ပထဝီစသော ၂၈-ပါး သဘောတရားသည်။ သိတုဏှာဒိ ဝိရောဓိ ပစ္စယေဟိ၊ အအေး, အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ဖြင့်။ဝါ၊ဆန့်ကျင်ဘက်အကြောင်းတို့သည်။ ဝိကာရံ၊မိမိတို့ လက္ခဏာမှ တပါးသော လက္ခဏာနယ်ထဲသို့သာ မဖေါက်ပြန်ပါ။ မိမိတို့ လက္ခဏာသဘောတူချင်း၊ရုပ်ပရမတ်နယ်အတွင်းကသာ ဖေါက်ပြန်ခြင်း

သို့။ အာပန္နတိ၊ ရောက်တတ်၏။ ဝါ၊ တနည်းကား။ အာပါဒိယတိ၊ ရောက်စေအပ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ရုပ်ပရမတ်တရား အစစ်၏ ပေါက်ပြန်ချက် အနက်သွားအဖြစ်တည်း။ ။တေန၊ထို ငါဟော ပြခဲ့သည့် သဘောအရနှင့် ပေါက်ပြန်ကြသည့်၏ အဖြစ်ကြောင့်။ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝါ၊ မြတ်စွာဘုရားက။ယံဓမ္မဇာတံ၊အကြင် ၂၈-ပါး ရုပ်ပရမတ်စစ်တရားသည်။ သီတေနပိ၊အေးကြောင့်လည်း။ ရုပ္ပတိ၊ မိမိတို့ လက္ခဏာမှကား မပေါက်၊ ရှေ့နောက် အစဉ် မမှန်ကြဘဲ၊ မိမိတို့၏ လက္ခဏာနယ်ထဲတွင်သာ အသီးအသီး ပေါက်ပြန်တတ်ပါ၏။ ဥဏှေနပိ၊ အပူ ကြောင့်လည်း။ရုပ္ပတိ၊ မိမိတို့လက္ခဏာမှကား မပေါက်၊ ရှေ့နောက် အစဉ်မမှန်ကြဘဲ၊မိမိတို့၏လက္ခဏာနယ်ထဲတွင်သာ အသီးအသီး ပေါက် ပြန်တတ်ပါ၏။ ဣတိအာဒိ၊ ဤသို့ အစရှိသည်ကို။ အာဟ၊ ရုပ်ပရမတ်တို့ ပေါက်ပြန်တတ်သည်ကို ဟောဆိုတော်မူပေ၏။စ၊ထိုဘုရားဟောချက်ကို ဆက်လက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤရုပ်ပရမတ်အစစ်တို့ဟာ ပေါက်ပြန်ခြင်း ဖြစ်ကြပါသည်ဟုပြောဆိုကြသော အရာ၌လည်း။သီတာဒိ ဝိရောဓိပစ္စယ သမဝါယေ၊အချမ်းအစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့၏ ညီညွတ် ခြင်းသည်။ သတိ၊ ရှိလတ်သော်။ ဝိသဒိသုပ္ပတ္တိယေဝ၊ ပရမတ်စစ်ဖြစ်လို့ လက္ခဏာတို့ပင် မပေါက်ပြန် ကြသော်လည်း ရှေ့ပထဝီရုပ်, အာပေါရုပ် စသည် အစဉ်နှင့်မတူသော၊နောက်ပထဝီရုပ်,အာပေါရုပ်စသည်အစဉ်၏ ဖြစ်ခြင်းသည်သာလျှင်။ ရုပ္ပနံ၊ရုပ်ပရမတ်တို့ ပေါပြန်တတ်သည်မည်၏။ ။ ဟု-ဤယခုပြအပ်သည့် ဋီကာကျော်နှင့် ပါဠိတော်တို့ကသာ ရုပ်ပရမတ် အစစ်တို့ ပေါက်ပြန်ခြင်းဖြစ်တာကို ပြကြတာမကသေး၊ ထိုမှတပါးသော အဋ္ဌကထာကြီး,ဋီကာကြီးတို့မှာ ၎င်းရှေ့ကပြခဲ့သမျှသော ရုပ္ပတိစကားက ပေါက်ပြန်ချက် အရကို သိစေလို၍။ ။"ရုပ္ပတီတိ ကုပ္ပတိ၊ ဝိနဿတီတိ အတ္ထော"။ ။သံယုတ်အဋ္ဌကထာ။ ။"ရုပ္ပတီတိ ကုပ္ပတိ၊ ဃဋ္ဋီယတိ၊ ပီဠိယတိ၊ ဘိဇ္ဇတီတိ အတ္ထော"။ ။ဤသမှော အဋ္ဌကထာတို့၏ အနက် သဘောသွားကို ထင်ရှားစွာသိစေလို၍၊—

**ဘိဇ္ဇတီတိ သီတာဒိ သန္နိပါတေ ဝိသဒိသသန္တာနုပ္ပတ္တိဒဿန တော ပုရိမသန္တာနဿ ဘေဒံ သန္ဓာယာဟ၊ဘေဒေါစ ဝိသဒိသ တာ ဝိကာရာပတ္တီတိ။ဘိဇ္ဇတီတိ ဝိကာရံ အာပဇ္ဇတီတိ အတ္ထော၊ ဝိကာရာပတ္တိစ သီတာဒိသန္နိပါတေ ဝိသဒိသရူပုပ္ပတ္တိယေဝ၊.....ဟု**

မူလဋီကာ ဆရာကလည်း မိန့်ဟတော်မူလေရာ၊ ထိုအဋ္ဌကထာ, ဋီကာတို့

**အနက်မြန်မာကား**။ ။ရုပ္ပတီတိ၊ ရုပ္ပတိအနက်က ဖေါက်ပြန်ကြသည်ဟု ဆိုသည်ကား။ကုပ္ပတိ၊ နောက်ရုပ်သစ် အစဉ်ဖြစ်လာသောအခါ၊ ရှေ့ရုပ်ဟောင်းအစဉ်တို့၏ ပျက်တာတို့တည်း။ ဝိနဿတိ၊ ဖေါက်ပြန်ပျက်စီးတတ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ပါဠိတော်မှာရှိသည့် ရုပ္ပတိသဒ္ဒါ၏ အနက်သဘောတည်း။ ။(သံယုတ်အနက်)။ ။ရုပ္ပတီတိ၊ရုပ္ပတိအနက်က ဖေါက်ပြန်ကြသည်ဟုဆိုသည်ကား။ကုပ္ပတိ၊ နောက်ရုပ်အသစ်ဖြစ်လာသောအခါ၊ ရှေ့ရုပ်ဟောင်းအစဉ်တို့၏ ပျက်တာတို့တည်း။ ဃဋ္ဋီယတိ၊ ထိပါးနှိပ်စက်တတ်၏။ ပီဠီယတိ၊ ပျက်ပြား နှိပ်စက်တတ်၏။ ဘိဇ္ဇတိ၊ရုပ်သစ် အစဉ်ပြောင်းလျှင် ရုပ်ဟောင်းအစဉ်ပျက်တတ်၏။ဣတိအယံ၊ ဤသည်ကား။အတ္ထော၊ ပါဠိတော်မှာရှိသည့် ရုပ္ပတိ သဒ္ဒါ၏အနက်တည်း။ ။(သမ္မောအနက်)။ ။ဘိဇ္ဇတီတိ၊ သမ္မောမှာရှိသည့် ဘိဇ္ဇတိဟု ဆိုအပ်သောစကားသည်ကား။သီတာဒိ သန္နိပါတေ၊ အေး စသည်နှင့် ပေါင်းဆုံမိသည်။သတိ၊ ရှိသော်။ ဝိသဒိသ သန္တာနုပ္ပတ္တိဒဿနတော၊ရှေ့ရုပ်အစဉ်နှင့် မတူသော နောက်ရုပ် အစဉ်တို့ဖြစ်ခြင်းကို ပြသောကြောင့်။ ပုရိမသန္တာနဿ၊ ပထဝီ, အာပေါစသည်တို့ ပြဋ္ဌာန်းကြသည့် ရှေ့ရုပ်ဟောင်းအစဉ်ဟူသမျှ၏။ ဘေဒံ၊ ပျက်စီးခြင်းကို။ သန္ဓာယ၊ နှလုံးသွင်းအာဘော် စိတ်ရည်ရွေ၍။ဘိဇ္ဇတီတိ၊ဘိဇ္ဇတိဟူ၍(လိုက်ပေးပါ)။အာဟ၊ သမ္မောအဋ္ဌကထာဆရာမိန့်ဆိုတော်မူပါ၏။ ဘေဒေါစ၊ ရှေ့က ပြခဲ့သည့် ဘေဒသဒ္ဒါ၏ အရကိုလည်း။ ဝိသဒိသတာ၊ ရှေ့ရုပ်အစဉ်နှင့် မတူသော နောက်ရုပ်အစဉ်ကို ပြခြင်းကြောင့်။ ဝိကာရာပတ္တိတိ၊ နောက်ရုပ်အစဉ်တို့ ဖေါက်ပြန်ခြင်းသို့ ရောက်၏ဟူ၍ ၎င်း။ ဘိဇ္ဇတီတိ၊ ရှေ့ရုပ် အစဉ်များ ပျက်ပြား၏ဟူ၍၎င်း။ ဝုတ္တတိ၊ဆိုအပ်၏။ ။(ထည့်ပေးပါ) [ ရှေ့ကပြခဲ့သည့် ရုပ္ပနအနက် အများတို့တွင် ဖေါက်ပြန်ခြင်းအနက် တပါးကိုသာ ယူစေလိုပါ၍၊ ဤပြလတ္တံ့သောစကားကို ဆိုအပ်ပါသတည်းဟုသိပါ။ ] ဝိကာရံ၊ ဖေါက်ပြန်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ရုပ္ပနသဒ္ဒါ၏ လိုရင်းအချက် အနက်သဘောတည်း။ ။ ဝိကာရာပတ္တိစ၊ ရှေ့ကပြခဲ့သည့် ရုပ္ပနသဒ္ဒါ၏ အနက်ဟာ ဖေါက်ပြန်ချက်သို့ရောက်တာဟု ဆိုအပ်ပါသည်ကား။သီတာဒိသန္နိပါတေ၊ အေးစသည်နှင့် ပေါင်းဆုံမိသည်။သတိ၊ရှိလတ်သော်။ဝိသဒိသရူပုပ္ပတ္တိယော၊ခက်မာပထဝီ, ဖွဲ့စေးအာပေါ, သီတတေဇော, ထောက်ကန်ဝါယော ဆွံ့ပိုတို့မှာ အညှိုဝဏ္ဏစသော ရှေ့ရုပ်အစဉ်နှင့်မတူသော၊နူးညံ့ပထဝီ,စီးယိုအာပေါ,

ဉဏ္ဏတောဇော, လှုပ်ရှားဒါးယော၊ ရွှံ့ခြောက်သောအခါ ဖြူ၍လာသော ဝဏ္ဏစသော နောက်ရုပ်အစဉ်၏ ဖြစ်ကြခြင်းပင်တည်း။ ။ဟူ၍လည်း ရုပ်ပရမတ်စစ်တရားတို့၏ မိမိ-မိမိတို့၏ သဘောလက္ခဏာက မဖေါက်ပြန်ကြဘဲ၊ ဆန့်ကျင်ဘက်အကြောင်းကိုရ၍ ရှေ့ရုပ်အစဉ်နှင့် မတူသော နောက်ရုပ်အစဉ်တို့မှာသာ ဖေါက်ပြန်လာပုံကို ဤရှေ့ကပြခဲ့သော ပါဠိတော်,အဋ္ဌကထာ,ဋီကာကြီးများမှာ ထင်ရှားစွာလာသည့် အတိုင်းကိုသာ မြင်းလှန်သော ဉပမာနှင့် ရုပ် ပရမတ်စစ် တရားတို့ဟာ သူ့နယ်နှင့်သူတို့ ဖေါက်ပြန်ပါသည်ဟု သိရှိကြရသဖြင့်၊ ရှေ့ကပြခဲ့သော နွားရုပ်၏အတွင်းသား ရွှံ့ရိုအညိုရုပ်က ခြောက်သောအခါတော့ ဖြူ၊ မီးဖုတ်စ မှိုင်းစွဲသော အခါတော့ အမဲအနက်၊ ကြပ်ကြပ်ကျက်သော အခါတော့ အနီအဆင်း ဝဏ္ဏတို့ အဆင့်ဆင့်ဖေါက်ပြန်ကြသည်ကို စိတ်ချလက်ချ ယုံကြည်တော်မူနိုင်ကြပါစေသတည်း။

ဤဝဏ္ဏရုပ်နေရာမှာ အချို့ဆရာတို့က ပရမတ်ခရီတာ လွန်စွာနူးညံ့ သိမ်မွေ့လှသောကြောင့် မျက်စိနှင့်မမြင်ရ။ ယခု မြင်နေကြသော အညို, အရွေ စသည်တို့ကား ပညတ် တရားတွေတည်း။ ပရမတ် တရားတွေမှာ အညို-အရွှေ-အကြောင်-အကျား စသည်မရှိရ။အဆင်းဝဏ္ဏရုပ် သဘော ကလေးမျှသာရှိကြရမည်။လောကမှာ ထင်မြင်နေကြသောအတိုင်း အညို အရွှေစသည်ထင်မြင်လာမှု၊ ပညတ်သာဟု ထင်မှတ်ပြောဟောနေကြ၏။ ၎င်း ဆရာတို့သည်၊ သဗ္ဗိုဟ် ပကိဏ်းပိုင်းက စက္ခု ဝိညာဏ်ခေါက်ခေါ် သည့် မျက်ဗ်သိက အဆင်းရူပါရုံကိုသာ အာရုံပြုနိုင် မြင်နိုင်သည်များကို သက်သက် မစဉ်းစားမိရှာ၍သာ ဤအကြံဖြစ်ပေလိမ့်မည်ဟု ဆိုရန်ရှိ၏။ ပညတ် ထင်သူများက မခံချင်ဌြားလှ၍၊ ၎င်း သဗ္ဗိုဟ်များကို စဉ်းစား မိပါရဲ့၊ ၎င်းစက္ခုဝိညာဏ်က အဆင်းဝဏ္ဏ သာမည ပရမတ် စစ်ကိုသာ အာရုံပြုပါသည်။နောက်လိုက် မနောသိဝီထိက အညို,အရွှေစသော ပညတ် တွေကို သိနေတာပါဟု ဝီထိသံသွင်းပြီး ခပ်တင်းတင်းပြောလာပြန်မူ၊ ၎င်း အညို,အရွှေ အစရှိသော အဆင်းတွေဆိုတာ ပညတ်မဟုတ်ပါ။ ဝဏ္ဏရုပ် ပရမတ် အစစ်သာ ဖြစ်ကြတာကို ငါတို့က အထူးမပြောလို။ ဘုရား ကိုယ်တော်တိုင် ဓမ္မသင်္ဂဏီ ပါဠိတော်- ရူပကဏ္ဍ ရူပါယတနအခွင့် (၁၂၄) နံပါတ်၌၊......

**ကတမန္တံ ရူပံ ရူပါယတနံ၊ ယံရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ သနိဒဿနံ သပ္ပဋိဃံ-နီလံ ပီတကံ- လောဟိတကံ ဩဒါတံ ကာဠကံ မဉ္ဇဋ္ဌကံ။**

ရူပါယတနံ၊ ရူပါယတန မည်သော။ တံရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်သို့သဘောရှိသနည်း။ ယံရူပံ၊ အကြင်ရူပါယတန အမည်ရသော ရုပ်သည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊စွဲမှီ၍။ဝဏ္ဏနိဘာ၊အဆင်းဖြစ်သော ထင်ခြင်းဖြစ်၏။ သနိဒဿနံ၊ မျက်စိနှင့် မြင်ရသော သဘောအစစ်ဖြစ်၏။ သပ္ပဋိဃံ၊ ထိပါးခြင်းနှင့် တကွဖြစ်၏။နီလံ၊ညိုသောအဆင်းဖြစ်၏။ပီတကံ၊ ရွှေသောအဆင်းဖြစ်၏။ လောဟိတကံ၊ နီသော အဆင်းဖြစ်၏။ ဩဒါတံ၊ ဖြူသောအဆင်းဖြစ်၏။ ကာဠကံ၊ မည်းနက်သော အဆင်းဖြစ်၏။ မဉ္ဇဋ္ဌကံ၊ မောင်းသောအဆင်း ဖြစ်၏။ဟု– ဟောတော်မူသည်များကို ပညာရှိသော်လည်း သတိဖြစ်ခဲ ဆိုသည့်အရနှင့် မစဉ်းစားမိကြလိုသော နီလ-အညို၊ ပီတက-အရွှေစသည် တို့ဟာပညတ်လို့ ဆိုရှာကြသည်ဖြစ်ပေလိမ့်မည်ဟု သိကြပါလေ ဉာဏ်ကဝေတို့။ ။ထိုမှတပါး ဂန္ဓစသော ရုပ်တရားတို့ကလည်း ဂန္ဓရုပ် အစားစားချင်း၊ ရသရုပ်အစားစားချင်း၊ ဩဇာစသည်ရုပ်တို့ အစားစား ချင်း။ မိမိတို့ပရမတ်နယ် အတွင်းကသာ ပေါက်ပြန့်ကြပါသောကြောင့် **ရုပ်အစစ်လည်း**ဖြစ်၏။ ထိုပေါက်ပြန့်ကြသည့် ရုပ်တို့ဆိုတာ မိမိသဘော ရင်းက လွန်ဆန်၍ မပေါက်ပြန့်ကြပါသည့်အတွက် **ပရမတ္ထအစစ်လည်း** ကေန္တ-အမှန်ကျ ဖြစ်လှပါပေ၏ ဟူ၍လည်း၊ ရုပ်တို့ ပေါက်ပြန့်ပုံနှင့် ပရမတ်တို့ မပေါက်ပြန့်ပုံ စကားနှစ်ရပ်တို့ကို စပ်ဟပ်နှီးနှော သဘော ယုတ္တိ လှလှကြီးမိကြအောင် အထပ်ထပ်ကြည့်၍ သိကြပါလေ သူတော် ကောင်းတွေတို့။

**တထွေတနည်းမှာ။** ရှေ့ကပြခဲ့သည့် အပေါ်ရံ ပုံသဏ္ဌာန်ပညတ်နှင့် အတွင်းသားပရမတ်တို့သာ သဘောချင်းကွဲခြားနေကြတာ မဟုတ်သေး၊ ၎င်းနှစ်ပါးတို့ကို အာရုံပြုကြသည့် စိတ်ဝီထိစုတို့ကလည်း အသီးအသီးဘဲ ကွဲခြားနေကြသည့်အရကို ထင်ရှားအောင် ပြရမူ၊ ရှေ့က ရေးပြခဲ့သည့် အတိုင်း အတွင်းသားပရမတ်တို့အထဲမှာ နဲနဲမျှပေါ၊အရေ-အဖတ်၊ဘတ် ပရမတ်ချင်း စပ်ဟပ်မိရာမှ၊ အပေါ်ရံ ကြောက ကလာပ်သဘောချင်း ပေါင်းစပ်ကြကာ၊ကလလရေကြည် ပုံသဏ္ဌာန်ကစ၍၊ မိန်းမ,ယောကျာ်း စသော ထိုထိုသတ္တဝါ ပုံသဏ္ဌာန် အမျိုးမျိုးတို့သည်၎င်း၊ ပြုပြင်ပေးသူ

လက်ထဲမှာ ဖြစ်ပေါ်လာကြသော နွဲ့တုံး-နွဲ့လုံး နွဲ့ပြား-နွားရုပ် စသော ထိုထို သဝိညာဏက, အဝိညာဏက ရှိရှိသမျှတို့၏အပေါ်ရံ ပုံသဏ္ဍာန် အမျိုးမျိုးတို့သည်ငင်း ပညတ်ဓမ္မာရုံသာ ဖြစ်၏။ ဤပညတ် ဓမ္မာရုံတို့ကို မျက်စိနှင့်ကြည့်လို့ မဖြစ်၍လည်း အမ- အထီးစသည် ဓမ္မာရုံကိုမမြင်ရ။ နားနှင့် ကြားလို့မဖြစ်၍လည်း အမ- အထီးစသည် ဓမ္မာရုံကို မကြားရ၊ နှာခေါင်းနှင့် နမ်းလို့မဖြစ်၍လည်း အမ-အထီးစသော ဓမ္မာရုံကို နမ်း၍ မသိရ။လျှာနှင့် စားလို့မဖြစ်၍လည်း ငါးတုံး- အမဲတုံးစသော ဓမ္မာရုံကို စား၍မသိရ။ကိုယ်နှင့်စမ်းသပ်လို့မရ၍လည်း အမ,အထီးစသောဓမ္မာရုံကို တွေ့ထိလို့မသိရ။စင်စစ်မူကား၊ မိန်းမ ယောကျ်ား၊ ငါ သူတပါးစသော ထိုထို ပုံသဏ္ဍာန် အကောင်, အထည်ဖြစ် ပညတ်ဓမ္မာရုံတို့ကို မနော သက်သက်နှင့်သာ သိကြရ မှတ်ကြရ၏။အဘယ့်ကြောင့် နည်းဟူမူ၊ငင်း ပညတ်ဓမ္မာရုံတို့က မျက်စိ-နား-နှာ-လျှာ-ကိုယ်တို့ သိဖို့ဘည်းဟူသော ပဉ္စဝိညာဏ်စိတ်တို့၏ အာရုံဖြစ်သည့် အတွင်းသား ပရမတ်အစစ်ဖြစ် သော အဆင်း-အသံ-အနံ့-အရသာ-အတွေ့ တည်းဟူသော ဖြစ်ဆဲပဉ္စာရုံ မဟုတ်သောကြောင့်၊ မနောသက်သက်နှင့်သာ သိရ-မှတ်ရပါ၏ဟု ထိပ် လယ်မှာ သံရှိစွဲသကဲ့သို့ မြဲမြဲကြီးမှတ်ကြပါလေ။ ပညာရှိအပေါင်း သူ တော်ကောင်းတွေတို့။

ပ၄၊ပရမတ်ပညတ် အာရုံနှစ်စားတို့ကို ပဉ္စဝိညာဏ်သိ, မနောသိဝိထိ နှစ်စားတို့က အာရုံပြုကြသည်ကို မသိငြား၍ တသားထည်း သိကြတာ၊ သမ္ဘာသဘာနယ်မှာအမှန်ပါ။ ပရမတ်နယ်မှာကား အမှားအစစ် ဖြစ်ချက် ကို ဆက်၍ ဆိုဦးအံ့။ မျက်စိကမူကား၊ ထိုထိုမိန်းမ, ယောကျ်ားစသော ပညတ်အစားစားတို့၏ အတွင်းရှိ ဓာတ်ကလာပ်အများတို့တွင် အပေါ်ရံ အပြင်စပ်တို့က ရှိနေကြသော ဓာတ်ကလာပ် အများမှာပါသည့် အဆင်း ပရမတ်အစစ်တွေကိုသာ အာရုံပြုနိုင်သည်၊မြင်နိုင်သည်။မိန်းမ,ယောကျ်ား စသော ပညတ်ဓမ္မာရုံတို့ကိုကား မျက်စိနှင့်မမြင်ရ။ ငင်းမြင်သိ ဝိထိနှင့် တဆက်ထည်း၊ နောက်ဆက်တွဲ မနောသိဝိထိနှင့်သာ သိကြရပါသော် လည်း မျက်စိနှင့်မြင်သိ၊ မနောနှင့်ကြံသိ။ ဤဝိထိအစားစားတို့၏ အလွန် လျင်မြန်စွာ ဆက်လက်၍ ဖြစ်နေကြ ချက်ကိုလည်း ခြားနား၍ မသိ၊ အတွင်းသား အဆင်းရူပါရုံနှင့် အပေါ်ရံမိန်းမ, ယောကျ်ားစသည်များတို့ ပုံသဏ္ဍာန်ဒြဗ်၊ပညတ်ဓမ္မာရုံတို့၏ခြားနားချက်ကိုလည်း သက်သက်မသိ- မမြင် မဆင်ခြင်မိသူတို့က မိန်းမကြီးတွေ- ယောကျ်ားကြီးတွေ စသည်

တို့ကို ငါ့မျက်စိနှင့် ကိုယ်တိုင်မြင်ရပါတယ်ဟု ထင်မှတ်ပြောဆိုကြ၏။ ထို့အတူ နားနှင့်အသံ ပရမတ် အစစ်တွေကိုသာကြားရ။နှာခေါင်းနှင့်အနံ့ ပရမတ် အစစ်တွေကိုသာနမ်းရ၊ လျှာနှင့်အရသာ ပရမတ်အစစ်တွေကို သာ စားရ၊ကိုယ်နှင့်အတွေ့ ပရမတ်အစစ်တွေကိုသာ တွေ့ထိရကြသည့် ပဉ္စဒွါရဝီထိတို့နှင့် တဆက်ထည်း၊ နောက်ဆက်တွဲ မနောသိဝီထိတို့၏ လျင်မြန်ချက်ကိုလည်းမသိ။အတွင်းသားပရမတ်နယ်ထဲက ဖြစ်ပေါ်နေကြသော အသံသဒ္ဒါရုံ၊အနံ့ဂန္ဓာရုံ၊အရသာ ရသာရုံ၊ အတွေ့ဖောဋ္ဌဗ္ဗာရုံတို့နှင့် ၎င်း ပရမတ်သားတို့၏ အပေါ်ရံ ကြောတွင် ထင်မြင် ရသော မိန်းမ ယောကျ်ား၊ အမဲ, ငါး စသော ပုံသဏ္ဌာန်ဒြပ် ပညတ်ဓမ္မာရုံတို့ ခြားနား ချက်တို့ကိုလည်း သက်သက် မသိ-မမြင်-မဆင်ခြင်မိသူတို့ကလည်း ငါ့ နားနှင့်ကြား၍ မိန်းမ,ယောကျ်ား၊ မည်သူ- မည်ဝါ- အစားစားတို့ကိုဘဲ သိရတယ်ဟု ထင်မှတ်ပြောဆိုကြကုန်၏။ငါ့နှာခေါင်းနှင့် မိန်းမကိုဘဲ နမ်း မိတယ်၊ယောကျ်ားကိုဘဲ နမ်းမိတယ်။ဘာပန်း ဘာဝတ္ထု စသည်တို့ကိုဘဲ နမ်းမိတယ်ဟု ထင်မှတ်ပြောဆိုကြကုန်၏။ ငါလျှာနှင့် စား၍လည်း ဝက်သား,ကြက်သား၊ ငါး၊အမဲတုံး၊ထန်းလျက်လုံးစသည်တို့ကိုဘဲ သိရတယ်ဟု ထင်မှတ်ပြောဆိုကြကုန်၏။ ငါလက်စသည်နှင့်လည်း မိန်းမကိုဘဲ တွေ့ထိရတယ်၊ ယောကျ်ားကိုဘဲ မည်သူ မည်ဝါကိုဘဲ၊ မည်သည့်ဝတ္ထု ကိုဘဲ တွေ့ထိရတယ်ဟု ထင်မှတ်ပြောဆိုကြကုန်၏။

ဤသို့ ထင်မှတ်ပြောဆိုကြသော အချက်စုသည် လောကီအရာ သမုတိ သစ္စာနယ်ထဲမှာ အားလုံးကြီးတို့ ထင်မှတ် ပြောဆို နေကြသောကြောင့် အမှန်တမျိုးဘဲဟု ဆိုရပါ၏။ အကယ်စင်စစ် ပရမတ္ထသစ္စာနှင့် ထင်မှတ် ပြောဆို ရသည်ဖြစ်မူ၊ အမှားတွေ အစစ်ဟု ပြောဆိုရ ပေလိမ့်မည်။ အဘယ့်ကြောင့်နည်းဟုဆိုမူ၊ ပရမတ်သားတို့အပေါ်ရံက ထင်မြင်ရသော မိန်းမ, ယောကျ်ား၊ အမဲ, ငါး စသည်တို့ ပုံသဏ္ဌာန်ဒြပ်၊ **ပညတ်ဓမ္မာရုံ** ဟူသမျှ တို့ကို၎င်း၊ **ပရမတ်ဓမ္မာရုံ** ဟူသမျှ တို့ကို၎င်း မျက်စိနှင့်လည်း ဧကန္တ မမြင်ရ။ ကြည့်လို့လည်း မဖြစ်။ ၎င်းဓမ္မာရုံတို့ကို နားနှင့်လည်း ဧကန္တမကြားရ။နားထောင်လို့လည်း မဖြစ်။၎င်းဓမ္မာရုံတို့ကို နှာခေါင်းနှင့် လည်း ဧကန္တမနံရ။ နမ်းလို့လည်းမဖြစ်။ ၎င်းဓမ္မာရုံတို့ကို လျှာနှင့်လည်း ဧကန္တစား၍မသိရ။ စားလို့လည်းမဖြစ်။ ၎င်းမိန်းမ,ယောကျ်ား စသော ပညတ်,ပရမတ် ဓမ္မာရုံတို့ကို ကိုယ်စသည်နှင့်လည်း ဧကန္တတွေ့ထိ၍မရ။ ကိုင်တွယ်ယူငင်လို့လည်း မဖြစ်ကြသောကြောင့် ပရမတ္ထသစ္စာနယ်နှင့်

တကယ် အမှန်ကိုပြောက အလွဲသဘောချည်းသာ ဖြစ်ကြကုန်ရာ၏ဟု သိရှိတော်မူကြပြီးလျှင်၊ အမှန်နည်းကို သိမြင်ကြရဘို့ကား၊ အတွင်းသား ပရမတ် ပေါင်းစုမိက ပညတ်တွေပေါ်လာ၏ဟု ခွဲခြား၍သိ၊ ၎င်းအတွင်း သား ပရမတ်ထဲက ပစ္စုပ္ပန်ပစ္စုပ္ပန်ပစ္စုရုံတို့ကိုသာ ပဉ္စဝိညာဏ်တို့က သိနိုင်ကြ ၏။ ထိုပစ္စုပ္ပန်ရုံမှ တပါးသော ပညတ်ဓမ္မာရုံ, ပရမတ်ဓမ္မာရုံ တို့ကိုကား၊ ၎င်းပဉ္စ ဝိညာဏ်တို့က မသိနိုင်ကြကုန်၊ မနောသက်သက်နှင့်သာ သိမြင် နိုင်ကြရာသည်တို့ကို သေချာဂန ထိပ်လယ်မှာ သံမှိုစွဲသကဲ့သို့၊အာရုံဘက် က ပရမတ် ပဉ္စာရုံ, ပညတ် ဓမ္မာရုံဘို့ ခြားနားချက်နှင့်၊ အာရုံမှာ ဘက်က ပဉ္စဝိညာဏ်ဝိထိ, မနောသိဝိထိတို့ ခြားနားချက်တို့ကို သိမှတ် ကြပါလေ ယောဂီပညာရှိအပေါင်း သူတော်ကောင်းတွေတို့။

---

## (၁၅) အတွင်းသားပရမတ်ထဲမှာ ပညတ်နဲနဲမျှမပါပုံ ဒိဋ္ဌသက်သေ များနှင့် ပညတ်-ပရမတ်ဘခြားမှ ကွာခြားနေပုံကို ပြချက်


စ၊ ပရမတ်သား-ပညတ်များတို့ ခြားနားသည့် နည်းတပါးကို ဓာတ် မပေါက်ကြသေးသူတို့အားလည်း ထင်ရှားသိသာ လွယ်ရန်အတွက် ဆက်၍ ဆိုဦးအံ့။ ဤလောကကြီးတို့နှင့်အပြည့် တည်ရှိကြကုန်သောအကောင်တွေ အထည်တွေ ဟူသမျှတို့ကို ပညတ်, ပရမတ်ခွဲခြား၍ ဆိုရမူ၊ အတွင်းသား ဓာတ်ပရမတ်တို့ ပေါင်းစပ်မိသော အခါမှ၊ အပေါ်ရံကြောက ကလာပ် သဘောချင်းစပ်ဟပ်ကြကာ ထင်မြင်လာရသော အသေးဆုံးအဏုမြူမှစ၍ မြင်းမိုရ်တောင်မက ပမာဏတိုင်အောင် အကြီးအငယ်၊ အရှုယ်အလတ်၊ တရပ်လုံး-ပြား၊ရှည်လျား-အတို၊ဝိုင်းလို-အထောင့်၊အဖြောင့်-အကောက်၊ အစောက်-အမြှောင်၊အကောင် အထည်စသော ဝဏ္ဏ၊ဒြဗ်၊ပညတ်တို့ ထင် မြင်ရန် ပုံသဏ္ဌာန်ဟူသမျှ တို့သည်၊ **သဏ္ဌာနပညတ်တည်း**ဟု သိကြပါ လေ။ ဤသဏ္ဌာန ပညတ်တို့သည် အတွင်းသားဓာတ်ပရမတ်တို့ အထဲမှာ နဲနဲမျှ မပါမရှိကုန်။ ဓာတ်ပရမတ် အများတို့ ပေါင်းစပ်ဟပ်မိခါမှ၊ ၎င်း ဓာတ်ပရမတ်တို့၏ အပေါ်ရံအပြင်ဘက်နိုင်ငံက မနောသက်သက်နှင့်သာ ထင်မြင်ရပါသော ဒိဋ္ဌသက်သေတို့ကား၊အကြမ်းဆုံး နည်းအားဖြင့် ကွမ်း သီးတလုံးကိုဓာတ်ကလပ်တခုထား၍၊၎င်းကွမ်းသီးတလုံးထည်းချထားမူ၊ အရှည်, အဝိုင်း, အထောင့်စသည် မရှိသေးမှုကို သေချာစွာ ရှုကြည့်ပြီးမှ နောက် တခြားကွမ်းသီးဘလုံးနှင့် သဏ္ဌာန် အမျိုးမျိုး ထင်ပေါ် လာရ

အောင် စပ်ဟပ် လိုက်ပါမှုကား၊ ဝဝ | ○○ | ○○ | ○○ | ဤကဲ့သို့ အတန်း၊ အထောင့်၊ဒေါင့်ဖြတ်ရှေ့ရှေ့ ပုံသဏ္ဍာန်အမျိုးမျိုးတို့ ခြားနားလျက်ပေါ်လာ၏။ငင်းသဏ္ဍာန်အမျိုးမျိုးတို့သည်၊ငင်းကွမ်းသီးလုံးတို့အတွင်းမှာ မရှိမပါ ကွမ်းသီးလုံးချင်းစပ်ဟပ်မိခါမှ၊သိသာထင်ရှား၍ ဘွားကနဲ ဘွားကနဲထင်ပေါ်လာရ၏ဟု သေသေချာချာ အခါခါချ၍ ကြည့်ကြပါလေ။ငင်းနောက် ကွမ်းသီး တလုံးနှင့် ရှေ့နှစ်လုံး ပုံသဏ္ဍာန်အမျိုးမျိုး ထင်ပေါ်လာရအောင် စပ်ဟပ် လိုက်ပါမှုကား။ ဝဝဝ ,○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ○○○ | ဤကဲ့သို့-အတန်း၊အထောင့်စသည် ပုံသဏ္ဍာန်အမျိုးမျိုးတို့ ခြားနားလျက်ပေါ်လာရ၏။ ငင်းနောက် ကွမ်းသီး တလုံးတိုး၍၊ ပုံသဏ္ဍာန်အမျိုးမျိုး ထင်ပေါ်လာရအောင် စပ်ဟပ်လိုက်ပါမှုကား။ ○○○○ | ○○○○ | ○○○○ | ○○○○ | ○○○○ | ○○○○ | ○○○○ | ဤကဲသို့ စသည်၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့သည် ခြားနားလျက်ပေါ်လာရ၏။

ငင်းပုံသဏ္ဍာန် အမျိုးမျိုတို့သည် ကွမ်းသီးတလုံး တလုံးတို့၏ အတွင်းမှာ မပါမရှိ၊ငင်းကွမ်းသီးလုံးချင်းတို့စပ်ဟပ်မိကြခါမှ သိသာထင်ရှားကြ၍ ဘွားကနဲ-ဘွားကနဲ ပေါ်ပေါက်လာကြသည်ကို သေသေချာချာ အခါခါ ချ၍ချ၍ကြည့်ကြပြီးလျှင်(ဩော်.... ယခု ကွမ်းသီးတလုံး တလုံးတိုးကာမျှနှင့် ပုံသဏ္ဍာန်အမျိုးမျိုးတို့ ကွမ်းသီးလုံးချင်းစပ်ဟပ်မိကြမှ တိုးတိုးလာကြသည်ကို မျက်ဖြင်ဒိဋ္ဌ သိမြင်ရသလို၊ကလာပ်အများတွေ ပေါင်းစု၍နေကြသော ထိုထိုသဝိညာဏက, အဝိညာဏက, အကောင်,အထည် ဝတ္ထု ပုံသဏ္ဍာန်တို့ကား အသင်္ချေယျ အနန္တ များပြားနိုင်ကြရာပါတကား၊ထိုသို့ များပြားသမျှ ပုံသဏ္ဍာန် တို့သည်လည်း အတွင်းသား ဓာတ်ပရမတ်တို့ အထဲမှာနဲ့နဲမျှမပါ၊ ထိုဓာတ်ပရမတ်တို့စပ်ဟပ်ပေါင်းဆုံမိကြသောအခါမှ ငင်းဓာတ်ပရမတ်တို့၏ အပေါ်ရံအပြင်ဘက်နိုင်ငံက မနေသက်သက်နှင့်သာ ထင်မြင်ရပါသော၊ထိုထိုလူပုံသဏ္ဍာန်၊ နတ်ပုံ,တိရစ္ဆာန်ပုံ.ပြိတ္တာပုံ, အသုရကာယ်ပုံ, ငရဲသူများစသည်ပုံသဏ္ဍာန်။ တော, တောင်, ရေ, မြေ စသော ထိုထို ပုံသဏ္ဍာန်တို့သည် **ပညတ်သို့ သက်သက်ပါတကား** ဟု အတွင်းရှိ ဓာတ်ပရမတ်သား အမှန်နှင့် အပေါ်ရံ ပုံသဏ္ဍာန်ပညတ်များ အမှန်တို့ကိုခြားခြားနားနားကြီးသိရှိကြကုန်ရာ၏။ဤသို့ပရမတ်မှန်ပညတ်မှန်တို့ကိုသိရှိကလည်း**သဏ္ဍာနယ**ဟုအမည်ရသည့်ထိုထိုအကောင်အထည်

တို့၏ အတွင်းသား **ပရမတ္ထဓာတ်ကို** အပေါ်ရံကြောတွင် ထင်မြင်နေကြသော ထိုထို ပုံသဏ္ဌာန်အရ **ပညတ္တဓာတ်** **အတိုင်းနှင့်သာ** မိန်းမကြီးဘဲ-ယောကျ်ားကြီးဘဲ။ ငါကြီးဘဲ-သူကြီးဘဲ စသည်ဖြင့် စွဲယူထင်မြင်မှားနေကြသည့် **ဒိဋ္ဌိအမှားကြီးအဖြစ်မှ** သေသေချာချာ စင်ကြယ်ရ၏။အမှားစင်ကြယ်ကလည်း ဒိဋ္ဌိဝိသုဒ္ဓိ အစစ် သေသေချာချာဖြစ်ကြ၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

(တနည်း) ထိုထို အကောင်, အထည် ဝတ္ထုတို့၏ အပေါ်ရံ ပုံသဏ္ဌာန်ဖြင့် ပညတ်တို့မည်သည် အတွင်းသားပရမတ်နှယ်က ပေါင်းစု၍ နေကြသော ပရမတ် အများတို့တွင် အပေါ်ရံက တည်ရှိကြသော ပရမတ်သားတို့အထဲက အဆင်းဝဏ္ဏရုပ် အများတို့ကိုသာ မျက်စိနှင့် မြင်ရပါသဖြင့်၊ထိုမြင်သမျှအဆင်းထဲမှာ နဲ့နဲ့မျှမပါ၊၎င်းအဆင်းတို့ အပေါ်ရံကြောကသာ အပြင်ဖွန်းရှိ ကလာပ်သဘောချင်း စပ်ကာ,ဟပ်ကာ၊ပိုင်းခြားလျက် ရှိပါသော ထိုထိုအဝိုင်း ပုံသဏ္ဌာန်, လေးထောင့် ပုံသဏ္ဌာန်, စေတီ ပုံသဏ္ဌာန်စသည်တို့သည်၊အတွင်းသား ပရမတ်နှင့်မစပ် ပရမတ်သားမပါ၊ အပေါ်ရံကြောက ပိုင်းခြား၍ ပြနေကြသည့် ပညတ်သဘောတွေမျှ သာတည်းဟု ဤထွင်း ဖေါက် ထားသော ပုံသဏ္ဌာန်များကို ရှုစား၍ အတွင်းသား **ပရမတ်အစစ် အမှန်နှင့်**၊ အပြင်ဖွန်းက အဝိုင်း စသည် ပုံသဏ္ဌာန်တွေ ထင်မြင်ရအောင် ပိုင်းခြားနေကြသော **ပညတ်စစ် အမှန်တို့ကို**၊ ခြားခြား နားနား ကြီး ရှိအောင် ကြည့်ကြပါလေ၊ သိကြပါလေ ယောဂီတွေတို့။



ဤပုံစံ များနှင့် အဘယ်သို့ ခြားခြား နားနားကြီး ရှိအောင် ကြည့်ရ၊ သိရမည်နည်း ဟူမူ၊ ဤ ထွင်း ဖေါက် ထား သော ပုံသဏ္ဌာန် များကို ကောင်းကင် အပြင်မှာ ထောင်၍ ကြည့်လိုက်လျှင်၊ ၎င်း အဝိုင်း စသော

ပုံသဏ္ဍာန်တို့ အတွင်းက ဟာလာဟင်း ရှိနေသောကြောင့် အဆင်းတခုခုကိုမျှ မထင်မြင်ရဘဲ ပိုင်းခြားနေကြသည့် ပုံသဏ္ဍာန် ပညတ်မျှတို့သာ ထင်းရှားပါ၍၊ အပိုင်းကြီးဘဲ၊ လေးထောင့်ကြီးဘဲ၊ စေတီကြီးဘဲဟု - ၎င်းပုံသဏ္ဍာန်ပညတ်တို့ကို မနေသာနိုင်သော ထင်ရှားစွာ သိမြင်ကြပေလိမ့်သတည်း။ ။ဤမနေသာနိုင်သော သိမြင်ပါသော ပုံသဏ္ဍာန် အဝဝ ထွင်းဖေါက်ထားသော ပညတ်တွေ ဟူသမျှတို့ကို အထင် အမြင်ခံ ပရမတ်တို့နှင့် စပ်ဟပ်၍ ကြည့်လို-သိလိုကြပါသေးမူ၊ ဤမနေသာနိုင်သော သိမြင်ရပါသော ထွင်းဖေါက်ထားသည့် အပိုင်းစသောပုံသဏ္ဍာန် အစားစားတို့ကို သူငါတို့ မျက်စိတွင် ကြောင်ကြောင်ကြီး ထင်မြင်နေကြသော မြေအပြင်ပေါ်၊ သဲအပြင်ပေါ်၊ အဖြူ, အညို- အရွေစသည် အဆင်းဝဏ္ဏရုပ်ရှိသော ဝတ္ထု၊ တခုခုတို့ အပြင်ပေါ်သို့ ဖုံးအုပ်ချထား၍ ကြည့်ရှုလိုက်ကြမူ၊ ထွင်းဖေါက်ထားရင်းအတိုင်း အပိုင်း စသော ပုံသဏ္ဍာန်တို့ကိုကား မနေသာနိုင်သော ရှေ့အတိုင်းသိကြရာ၏။ ၎င်း ထွင်းဖေါက်ထားသော အပိုင်းစသည် ပုံသဏ္ဍာန်တို့၏ အတွင်းက အဆင်းဝဏ္ဏရုပ် ပရမတ္ထ အဝဝတို့ကိုကား မျက်စိနှင့်သာ မြင်သိရာ၏ဟု-သိပြီးသော်လည်း၊ ခြားခြားနားနားကြီး သိ, သိသွားအောင် အကြိမ်ကြိမ်အခါခါ ခပ်မြင့်မြင့်ကြီး မ၍-မ၍လည်းကြည့်၊ အောက် အခင်းက, အဆင်းထိအောင် ချ၍-ချ၍လည်း ကြည့်ရှုရင်း **စဉ်းစားခြင်းဖြစ်ပုံကား၊** ဩော် .... မ-၍ ကြည့်သောအခါ၊ ထွင်းဖေါက်ထားသော ဤအပိုင်းစသည် ပုံသဏ္ဍာန်တို့အတွင်းမှာ အဆင်းတခုမျှ မမြင်ရ-မပါကြဘဲ၊ ထိုထို အပိုင်း အခြားနှင့် ဖြစ်နေကြသည့် အပိုင်း စသော ပုံသဏ္ဍာန်အရပ်ရပ် ပညတ်ကြီးတွေတမျိုးထဲ အထက်သို့ ကြွကြွ (မမ) လာသည်ကိုသာ မနေသာသက်သက်နိုင်သော သိရပါတကား၊ ၎င်းထွင်းဖေါက်ထားသောပုံတို့ကို မ-၍ ကြည့်စအခါ၊ အောက် အခင်း အပြင်မှာ ထင်လင်းစွာ ရှိရစ်ခဲ့သော မျက်စိနှင့်မြင်ရသည့် အဆင်းဝဏ္ဏ ပရမတ္ထ အစစ်တို့အထဲမှာ အပိုင်းစသော ပုံသဏ္ဍာန်တခုမျှ မရှိရစ်ကြ-မကျန်ရစ်ကြဘဲ၊ ထိုထိုအဆင်း ဝဏ္ဏ စသည် ရုပ်အမျိုးမျိုးတို့သာ အောက်အခင်း အပြင်မှာရှိရစ်ခဲ့ပါတကား ဟူ၍လည်း သိရာ၏။

တဖန်မြေစသော အောက်အခင်းအပြင်ထိအောင် ၎င်းပုံတို့ကိုချ၍-ချ၍ ကြည့်ကြသောအခါ၊ ထွင်းဖေါက်ထားသော ဤအပိုင်းစသောပုံသဏ္ဍာန် အတွင်းမှာအောက်အခင်းရှိ ထိုထိုအဆင်းအရပ်ရပ်တို့နှင့်စပ်ဟပ်မိမှ၊ ပရမတ်နှင့်ပညတ်တွဲစပ်ကြ၍ မြေအပိုင်းကြီးဘဲ၊ မြေလေးထောင့်ကြီးဘဲ၊ မြေ

စေတီကြီးဘဲ စသည်ဖြင့်ထင်မြင်ရ၏။ ထို့အတူ-သဲအိုင်းစသည်ကြီးဘဲ၊ အဖြူ,အညို,အရွှေအိုင်း စသည်ကြီးဘဲဟု- ပညတ်နှင့် တွဲစပ်၍ ထင်မြင်တတ်ကြရင်း နှလုံးသွင်းမှုံ့ဘား၊ ဩော် .... ရှေကသိမြင် ထင်မှတ်ရင်းစွဲမှာတော့ မြေပြင်စသည်၌ ၎င်းပုံတို့ကိုချ၍ ကြည့်ခဲ့ပါလျှင်၊ ၎င်း အိုင်းစသော ပုံသဏ္ဍာန်ပညတ်တို့ကလည်း မြေရှိပရမတ်သား အတွင်း၊သဲရှိပရမတ်သားအတွင်း၊ အဖြူ အညို,အရွှေစသည် ပရမတ်သားတို့ အတွင်းမှာ ပါနေသည်ဟု အထင်ရကြပြီးလျှင်၊ အိုင်းစသည်တို့ပင်လျှင် မြေ,သဲ ဖြူညိုရွှေ-စသည်တို့ဘဲ၊ထိုမြေသဲ ဖြူညိုရွှေ တို့သည်ပင်လျှင် အိုင်းစသည်တို့ဘဲဟု ပညတ်နှင့် ပရမတ်မခြားဘဲ၊ တသားထည်းထင်မြင် နေကြရ၏။ ယခုမှာတော့ ထွင်းဖေါက်ထားသော အိုင်းစသော ပုံသဏ္ဍာန်တို့နှင့် ချ၍ကြည့်ရ။မ-၍လည်းကြည့်ရသဖြင့် မျက်မြင်ဒိဋ္ဌသိရှိကြသော အဆင်းစသည်ပရမတ်တို့အထဲမှာ ထွင်းဖေါက်ထားသော အိုင်းစသည် ပညတ်တို့ နဲနဲမျှမပါတာ မကျန်ရစ်တာကို သေသေချာချာ သိရှိရတာလို။ဝါ၊ သိရှိရသည့်အတိုင်းသာ ဤလောကကြီးတို့ အားလုံးမှာလည်း မနောနှင့်သာ ထင်မြင်ရပါသော၊ရှိရှိသမျှ မိန်းမ,ယောကျ်ား ငါ-သူတပါးစသော သဝိညာဏကတို့ အပေါ်ရှိ ပုံသဏ္ဍာန်အမျိုးမျိုး၊အဝိညာဏကတို့ အပေါ်ရှိ ပုံသဏ္ဍာန်အမျိုးမျိုးတို့ကလည်း၊အတွင်းသား ပရမတ္ထတို့ နယ်ထဲမှာနဲနဲမျှ-မပါမစွက်၊ခမ္မာရှိ ပညတ်တို့သက်သက်သာတည်းဟု **ပညတ်မှန်များကို**ခြားခြားနားနားကြီးသိရှိသောဉာဏ်သည်၎င်း၊ထိုထိုမိန်းမ,ယောကျ်ား ငါ-သူတပါးစသော ပညတ်တို့၏ အတွင်းနှင့် တင်းကျမ်းပြည့် တည်ရှိကြကုန်သော မျက်စိနှင့်ကြည့်လို့ရ၊ နားနှင့်ကြားလို့ရ၊ နှာခေါင်းနှင့်နမ်းလို့ရ၊လျှာနှင့်လျက်လို့ရ၊ကိုယ်နှင့် တွေ့ထိလို့ရ၊ မနောနှင့်လည်း ကြံသိလို့ရကြသော အရေ-အဖတ် ရုပ်ကလာပ် အမျိုးမျိုးတို့ ကလည်း၊ မိန်းမ, ယောကျ်ား ငါ- သူတပါးစသည် တည်းဟူသော အပေါ်ရှိ ပုံသဏ္ဍာန်ပညတ်တို့နယ်ထဲမှာ နဲနဲမျှ-မပါမစွက်၊ ရုပ်ကလာပ် ပရမတ် အစစ်တို့ သက်သက် သာတည်းဟု **ပရမတ်** မှန်များကို၊ ခြားခြား နားနားကြီး သိသောဉာဏ်သည်၎င်း ဝိသုဒ္ဓိမဂ်မှာ ပြသည့်**ယထာဘူတ ဉာဏ်မည်၏**။ ဤပညတ်မှန် ပရမတ်မှန်တို့ကိုသိသော ယထာဘူတဉာဏ်ဖြစ်က**သဏ္ဍာနဃ**ဟု-အမည်ရသော အတွင်းသား **ပရမတ္ထ**တို့၌၊ **ဓိဋ္ဌိ**ဟု- အမည်ရသော ထိုထိုပရမတ်တို့ အပေါ်ရှိကြောဝယ်၊ ပညတ်နယ်က ထင်မြင်ရသော မိန်းမကြီးဘဲ၊ ယောကျ်ားကြီးဘဲ၊ ငါကြီးဘဲ-သူကြီးဘဲ စသည်ဖြင့် စွဲယူ

ထင်မှားခြင်းဖြစ်နေကြသည်ကို ပါဠိခေါ် **သက္ကာယဒိဋ္ဌိ** ၊မြန်မာခေါ် **ပရမတ်**-**မှား**အဖြစ်မှစင်ကြယ်ရ၏။ထိုအမှားစင်ကြယ်ကလည်းပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ** အစစ် ဖြစ်ကြ၏ဟု သိကြပါလေ ယောဂီမြတ်တွေတို့။

## (၃၆) ပရမတ် ပညတ်ခြား၍ ဒိဋ္ဌိဝိသုဒ္ဓိ ပေါက်သွားပုံ ပါဠိနှင့်၊ ဘာမျှမရှိသည့် ဟာလာဟင်း, အဘာဝ ပညတ်များကို သဘာဝထင်မှားကြပုံ

ဤဒိဋ္ဌိဝိသုဒ္ဓိဖြစ်လွယ်ရန် ရှေ့ကပြခဲ့သည့်လိုရင်းဆုံးပရမတ်စစ်၊ဓာတ် အနှစ်တရားတို့ **သဝိညာဏက**,အဝိညာဏကတို့ အတွင်းမှာသာ ထင်ရှား စွာရှိနေကြပါသည်ကို ဘယ်ဘာသာနှင့်မဆို ရေးသားကြ, ပြောဟော ကြသည်၌၊ ကျင့်ကြံကြတို့ တရားအစစ်တို့ကိုသာ၊ သိ,ကြား နားလည် လွယ်တာ အကောင်းဆုံးဘဲ၊လိုရင်းအချုပ်ဘဲဟု မရိပ်မိကြသူတို့က ငါတို့ ရှေ့က ရေးပြခဲ့တိုင်း အတွင်းရှိဓာတ်ကလာပ် ပရမတ်တို့ကိုဖွဲ့၍ အပေါ်ရံ ပုံသဏ္ဌာန်တည်းဟူသော **သဏ္ဌာနနိမိတ် ပညတ်နိုင်**၊ ပရမတ်အစားစား တွေ ရှေ့နောက်အစဉ် ဆက်လက်နေမှုကို တခုထည်းဟု ထင်မြင်သော **သန္တတိနိမိတ်ပညတ်နိုင်**တို့သည်၊သစ်ပင် တောတောင်၊ ပုဂ္ဂိုလ်သတ္တဝါ စသည်ဟု ခေါ်ဝေါ်အပ်သော ဝေါဟာရ ပညတ္တိ မျှသာ ဖြစ်၏။ ၎င်း ပညတ်အကောင်, အထည်ကြီးတို့၏ အတွင်းသား အရေ ကလာပ်မှုန့်၊ အဖတ်ကလာပ်မှုန့်တို့ကို ထင်မြင် ပေါက်ရောက်သူတို့မှာ၊ ၎င်းအတွင်း သား ဓာတ်ကလာပ်ရုပ်နာမ်ခန္ဓာပရမတ်တို့ အတွင်းထဲ၌ကား၊သစ်ပင်-တော-တောင်၊ပုဂ္ဂိုလ်သတ္တဝါ စသည်ပုံသဏ္ဌာန် အကောင်,အထည်ဖြစ်၊ ပညတ်ကြီးငယ်တို့ ကွယ်ပျောက်သွား၍၊ လောကသမုတိ သစ္စာတည်း ဟူသော ဤပညတ်နယ်တကာတို့မှ အတွင်းသား အရေ,အဖတ်၊ ဓာတ် ကလာပ် စသည်တို့ဖြင့် အသီးအခြား ထုတ်ယူထားအပ်သော ရုပ်နာမ် ခန္ဓာများသာ ရှိကြပါတကားဟု **ရုပ်နာမ်ပရမတ်မှန်နှင့်၊ ထိုထိုပုံသဏ္ဌာန် ပညတ်မှန်**တို့ကို၊ ခြားခြားနားနားကြီး အသိဉာဏ် ပေါက်ရောက်သွားသူ ယောဂီပုဂ္ဂိုလ်တို့ ဒိဋ္ဌိဝိသုဒ္ဓိတရားအစစ် ဧကန္တဖြစ်၏ဟု မြန်မာဘာသာတွေ နှင့်သာ အထွေထွေ အဝဝ ကိုယ့်အထင်နှင့် ကိုယ်မှန်း၍ အရမ်းတွေသာ ရေးပြနေတာဖြစ်က စင်စစ်မယုံကြည်ထိုက်ရာ၊ ပါဠိများရှိပါမှကား၊ ဤ အလွယ်ဆုံးတရားကြီးများကို ဘယ်သူမှမချောက်ချားနိုင်ဘဲ၊ပြားပြားဝပ်

-လိုက်နာနိုင်ကြမည် ဖြစ်ကြောင်းနှင့် တောင်းပန်ဘွယ်ရှိ၍၊ ပါဠိကို ပြရမှာ ဝိသုဒ္ဓိမဂ်ကျမ်းအလာကား၊—

ခန္ဓသာခါ ပလာသာဒီသု ဧကေနာကာရေန ဌိတေသု ရုက္ခော တိ ဝေါဟာရမတ္တံ ဟောတိ။ပရမတ္ထတော ဧကေကသ္မိံ အဝယဝေ ဥပပရိက္ခိယမာနေ ရုက္ခောနာမ နတ္ထိ၊ ဧဝမေဝ ပဉ္စသု ဥပါဒါ နက္ခန္ဓေသု သတိ သတ္တော ပုဂ္ဂလောတိ ဝေါဟာရ မတ္တံ ဟောတိ။ ပရမတ္ထတော ဧကေကသ္မိံ ဓမ္မေ ဥပပရိက္ခိယမာနေ အသ္မီတိဝါ အဟံတိဝါတိ ဂါဟဿ ဝတ္ထုဘူတော သတ္တောနာမ နတ္ထိ၊ ပရမတ္ထတောပန နာမရူပမတ္တမေဝ အတ္ထီတိ၊ ဧဝံ ပဿတောဟိ ဒဿနံ ယထာဘူတဒဿနံနာမ ဟောတိ။ ။ဟု-ဤသို့မိန့်မှာတော် မူအပ်ပါသည်၌၊ **အနက်မြန်မာကား၊—**

ခန္ဓသာခါပလာသာဒီသု၊ ပင်စည်, အခက်, အရွက် စသည်တို့သည်။ ဧကေနာကာရေန၊ ရုက္ခဟု ခေါ်ဝေါ်ခြင်း အကြောင်းဖြစ်သော။ တခုခု သော သစ်ပင်ပုံသဏ္ဍာန် အခြင်းအရာဖြင့်။ ဌိတေသု၊ တည်ကြကုန်သည် ရှိသော်။ ရုက္ခောတိ ဝေါဟာရမတ္တံ၊ သစ်ပင်ဟူသော ခေါ်ဝေါ်အင်ကာ မျှသည်။ **အတ္ထပညတ်ရ၏။**ဝါ၊ သစ်ပင်ဟူသော ခေါ်ဝေါ် ခြင်းမျှသည်။ **သဒ္ဒပညတ်ရ၏။** ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဝါ၊ ဖြစ်သည်နှင့် အတူ။ ပရမတ္ထတော၊ အတွင်းသားရှိသမျှ ပရမတ္ထအနေအားဖြင့်။ ဧကေကသ္မိံ၊ အရေ,အဖတ်ကလာပ်အစု တခုခုသော။ အဝယဝေ၊ အာကာသခြားသည့် အစိပ်အစိပ် တရားကို။ ဥပပရိက္ခိယမာနေ၊ စူးစူးစိုက်စိုက် ပေါက်ရောက် သွားအောင် ဆင်ခြင်လိုက်သည်ရှိသော်။ ရုက္ခောနာမ၊သစ်ပင်ပုံသဏ္ဍာန် နိမိတ်,ပညတ်ရိပ်သည်။နတ္ထိယထာ၊အတွင်းသား အရေ,အဖတ်ပရမတ်တို့ အထဲမှာ နဲနဲမျှမရှိသကဲ့သို့။ ဧဝမေဝ၊ ဤသစ်ပင်မှာ အပေါ်ရံ ပညတ်၊ အတွင်းသား ပရမတ်တို့နှင့်မခြား အလားတူသာလျှင်။ ပဉ္စသု၊ ငါးပါး ကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာဟု မှတ်အပ်သော ရုပ်နာမ် တရားတို့သည်။ (ဥပါဒါနက္ခန္ဓေသူတိ ဥပါဒါနက္ခန္ဓ သညိတေသု ရူပါရူပ သညိတေသု-ဟု ဋီကာဖွင့်တိုင်းအနက်ပေးလိုက်၏။)သမုဒိတေသု၊အစည်း အဝေး တူသောအားဖြင့်။ အပေါ်ရံ ပုံသဏ္ဍာန် နိမိတ်ပညတ်အပေါင်းအစု ဖြစ်ကုန်သည်။ သဏ္ဌာနဝသေန၊ ရှေ့နောက်အစဉ် ဆက်လက်မှု သန္တတိ နိမိတ်အစွမ်းဖြင့်။ ပဝတ္တမာနေသု၊ ဖြစ်ကုန်သည်။ သတိသန္တေသု၊ ရှိကုန် လတ်သော်။ (သမုဒိတေသု သဏ္ဌာနဝသေန ပဝတ္တမာနေသု ဟု-ဋီကာ

ဆရာက ပါဠိသေသ ထည့်တိုင်း အနက်ပေးလိုက်သည်။) သတ္တော ပုဂ္ဂလောတိ ဝေါဟာရမတ္တံ၊ သတ္တဝါဘဲ, ပုဂ္ဂိုလ်ဘဲဟု ခေါ်ဝေါ်အပ်ကာမျှသည်။ **အတ္ထပညတ်**ရ၏။ ဝါ၊ သတ္တဝါဘဲ-ပုဂ္ဂိုလ်ဘဲဟု ခေါ်ဝေါ်ခြင်းမျှသည်။ **သဒ္ဒပညတ်**ရ၏။ ဟောတိ၊ ဖြစ်၏။ ပရမတ္ထတော၊ အတွင်းသားပရမတ္ထအနေအားဖြင့်။ ဧကေကသ္မိံ၊ အရေ, အဖတ်ကလာပ်အစု တခုခုသော။ ဓမ္မေ၊ အာကာသခြားသည့် ဓာတ်ပရမတ် တရားကို။ ဥပပရိက္ခိယမာနေ၊ စူးစူးစိုက်စိုက် ပေါက်ရောက်သွားအောင် ဆင်ခြင်လိုက်သည် ရှိသော်။ အသ္မီတိဝါ၊ ငါဖြစ်၏ ဟူ၍၎င်း။ အဟံတိဝါ၊ ငါဟူ၍၎င်း။ ဂ္ဂါဟဿ၊ ဤမိန္နာအယူ၏။ ဝတ္ထုဘူတော၊ တည်ရာဖြစ်၍ ဖြစ်သော။ သတ္တောနာမ၊သတ္တဝါ ပုံသဏ္ဌာန် အကောင်,အထည်နိမိတ်၊ အတ္ထပညတ်ရိပ် မည်သည်။နတ္ထိ၊အတွင်းသား အရေ,အဖတ် ပရမတ်တို့အထဲမှာ နဲနဲမျှမရှိ။ပန၊အလျှော်ကိုဆိုဦးအံ့။ပရမတ္ထတော၊ပရမတ္ထအားဖြင့်။နာမရူပ မတ္တမေဝ၊ နာမ်ရုပ် အစုမျှသည်သာလျှင်။ အတ္ထိ၊ထိုထိုအကောင်,အထည်တို့၏အတွင်းသားစသည်မှာ ထင်ရှားစွာရှိ၏။ ဣတိ ဧဝံ၊ဤသို့။ ဝါ၊ဤလို-ဤပုံ။ ယာထာဝတော၊ မဖေါက်မပြန် ဟုတ်မှန်သော အားဖြင့်။ ဇာနနံ၊ သမ္မာအယူ ဖြောင့်ဖြူသောအားဖြင့် သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (ထည့်ပါ) ဟိ၊ ဆက်၍ ဆိုဦးအံ့။ ဧဝံ၊ ဤသို့ ပညတ်ကို ပညတ်အတိုင်း၊ ပရမတ်ကို ပရမတ်အတိုင်းသာ ဟုတ်မှန်ရာသော အခြင်းအရာအားဖြင့်။ပဿတော၊ ရှုသောယောဂီ၏။ဒဿနံ၊မြင်ခြင်းသည်။ ယထာဘူတ ဒဿနံနာမ၊ယထာဘူတ ဉာဏ်မည်သည်။ ဝါ၊ ဟုတ်မှန်သော သဘောအလျောက်။ ဝါ၊ သဘောအတိုင်း။ ဝါ၊ သဘောအားဖြင့် တောဘူမက ဓမ္မတို့ကို မြင်သော ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤယခုပြအပ်သည့်အဋ္ဌကထာပါဠိ၊အနက်မြွတ်နှင့်အညီ၊ ရှေ့ကငါတို့ရေးပြခဲ့သည့်အတိုင်း ကလလရေကြည်ကစပြီး အတွင်းသား ဓာတ်ပရမတ်တို့ ပေါင်းစပ်မိကြသည်ကစ၍ ဆံပင်,မွေးညှင်း,ခြေသည်း,လက်သည်းစသော အပေါ်ရံ ပုံသဏ္ဌာန် အကောင်, အထည်ဖြစ် **အတ္ထပညတ်**၊ ၎င်းတို့ကို ခေါ်ဝေါ်ပြောဆိုကြသည့် **သဒ္ဒပညတ်**တို့ သမ္မုတိသစ္စာနယ်မှာ သူ့နေရာနှင့်သူ ဟုတ်လှပါပေသော လောကီနယ်သားတို့မှာ ကျေးဇူးများလှပါပေသော ပညတ် တရားတွေသာတည်းဟု ပညတ်ကို ပညတ်အတိုင်းအမှန်သိသော ဉာဏ်သည်၎င်း၊ အတွင်းသား ဓာတ်ပရမတ်တို့ အထဲမှာ ပုဂ္ဂိုလ်သတ္တဝါ-စသည် ပညတ်တို့မပါဘဲ၊ အရေ, အဖတ် ကလာပ်မှုန့်တို့

သက်သက် ရုပ်နာမ်ခန္ဓာတို့ သက်သက်သာတည်းဟု ပရမတ်ကို ပရမတ် အတိုင်း အမှန်သိသော ဉာဏ်သည်ပင်း၊ ဟုတ်တိုင်း မှန်စွာ သိသော ကြောင့် **ယထာဘူတ ဉာဏ်မည်၏**။ ၎င်းဉာဏ်ရသော ရဟန်း, ရှင်, လူ အရပ်ရပ် ယောဂီမြတ်တို့ကိုသာလျှင် **ဒိဋ္ဌိဝိသုဒ္ဓိ** အလုပ်ပြီးမြောက်သူဟူ၍ သိအပ်ကြောင်းကို ဝိသုဒ္ဓိမဂ် မဟာဋီကာ၌။ ။"ယထာဝယထာဘူတဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိတိ ဝုစ္စတိ"။ ။ဟု-မိန့်ရှိတော်မူအပ်၏။

**အနက်မြန်မာကား**။ ။ယထာဝယထာဘူတဒဿနံ၊ဤပညတ်ကို-ပညတ် အတိုင်း၊ ပရမတ်ကို ပရမတ် အတိုင်းသာ ဟုတ်မှန်ချသော သဘော အလျောက်၊ သဘောအတိုင်း၊ သဘောအားဖြင့် ထင်မြင်ကြသည့် ယထာ ဘူတဉာဏ်ကို။ ဒိဋ္ဌိဝိသုဒ္ဓိတိ၊ ဒိဋ္ဌိဝိသုဒ္ဓိအလုပ် အဟုတ် ပြီးစီးသည်ဟူ၍။ ဝုစ္စတိ၊ဆိုသင့်-ဆိုထိုက်-ဆိုအပ်၏။ ။ဤအဋ္ဌကထာဋီကာတို့အရနှင့်ရှေက အကျယ် ရေးပြခဲ့သည့် အတိုင်း ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးကလည်း **လယ်တီပုဏ္ဏ အဖြေပေါင်းချုပ်စာအုပ်** ရွှေဥဒေါင်း ပုဏ္ဏအဖြေ (၂၀၃) နံပါတ်၌။ ။**သမ္မာဒိဋ္ဌိဉာဏ် ဆေးပါးတို့တွင် ဒိဋ္ဌိ ဝိသုဒ္ဓိဉာဏ်ဆိုသည်ကား၊ပရမတ္ထဘာဓာတ်နှင့် ပညတ်ဘာဓာတို့၏ ခြားနား ချက်ကို ကောင်းစွာမြင်နိုင်သော ဉာဏ်တည်း**။ ။**ထိုဉာဏ်သည် အတ္တ ဒိဋ္ဌိမှ အထူးစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏**။ ။ဟု-ရေးပြတော် မူသောကြောင့်၊ ငါတို့ကလည်း ထိုအဋ္ဌကထာ,ဋီကာ, လယ်တီဆရာတော် တို့နှင့်အညီသာ၊ ရှေကမြန်မာဘာသာ အစားစားနှင့် ရေးသားပြောဟော အပ်ပါ သကည်း။ ကိုယ့်အထင်နှင့် ကိုယ်မှန်း၍သာ အရမ်းမဲ့ ရေးတာ မဟုတ်ဟု ဉာဏ်တုတ်သူတို့လည်း သိရှိတော်မူကြ၊ ဝမ်းမြောက်ဝမ်းသာ အားယုတ်တော် မူနိုင်ကြပါစေသတည်း။

ဤကဲ့သို့ ပရမတ်သား ပညတ်များတို့ကို ခြားနား၍၊ အတွင်းသား ပရမတ္ထသစ္စာတို့နယ်ထဲမှာသာ ပုဂ္ဂိုလ်သတ္တဝါ၊ငါ,သူတပါး-ယောကျ်ား မိန်းမ လောကအားလုံးတို့တွင် ရှိရှိသမျှသော အကောင်, အထည်ဒြပ်၊ ပညတ္တတို့မရှိ ပျောက်ဆုံး ကင်းသည်းကြမှုတို့ကိုပင်း၊ သမ္မုတိသစ္စာနယ် တို့မှာကား၊ ၎င်းပညတ်တို့ မကင်းပျောက်ကြဘဲ၊ အမြဲတည်ရှိ နေကြမှု တို့ကိုပင်း မသိရှာပေသော ဆရာတွေက " ခတ်ပေါက်လျှင် ပညတ် ပျောက်ရသည်" ဟု ပြောဆိုကြသော စကားကို ပမရတ်သား ထဲမှာသာ ပညတ် ပျောက်သည်ဟု မယူကြပါဘဲ၊ ခတ်ပေါက်၍ သက္ကာယဒိဋ္ဌိ ပျောက်သူ့ခန်က လောကအားလုံးကြီးတို့မှာ ငါ, သူတပါး၊ ယောကျ်ား,

မိန်းမစသည်တို့ကို မထင်မြင်တော့ဘူးဟူ၍ထင်မှတ်ပြောဟောကာနေကြကုန်၏။ အချို့ဆရာတို့ကလည်း သမ္မုတိ သစ္စာနယ်ရှိ ငါ, သူတပါး၊ ယောကျ်ား, မိန်းမ စသော အကောင်, အထည်ဖြစ် ပညတ်တွေပါ ပျောက်သုဉ်းသွားအောင် ဉာဏ်နှင့် အမှုန့်ကြိတ်၍ ဖျောက်ဖျက်၊ မီးရှို့၍ ဖျောက်ဖျက်၊ သမထကမ္မဋ္ဌာန်းနိမိတ်တို့နှင့် ထိုထို ဝတ္ထုတို့ကို စားစေ၍ သုဉ္ဉာန်အာကာသ ဟာလာဟင်းကြီး ထင်မြင်ကြအောင် ဖျောက်ဖျက်ကြ၍၊ ထိုဆရာတို့ဉာဏ်မှာ ပျောက်ပျက် သုဉ်းကင်း အကုန်လုံး ဟာလာဟင်းကြီးတွေ ထင်နေကြသည်ကိုရင်း၊အဘိဓမ္မာ အာကာသ စသည် ထင်မြင်လာအောင် အားထုတ် နေကြဆဲတွင်၊ ဘွားကနဲ သုဉ္ဉာန်အာကာသ ကောင်းကင် ဟင်းလင်းကြီးတွေ ထင်မြင် လာတတ်ကြ သည်ကိုရင်း၊ ခေတ်ပေါက်၍ သဏ္ဌာယဒိဋ္ဌိပျောက်လျက် လောကကြီး အထက်, အောက် ဟာလာဟင်း၊ ဘယ်သင်းတခုကိုမျှ မထင်မြင်ရဘဲ၊ ပျောက်ကွယ်ကုန်ဆုံးကာ အနတ္တလုံးလုံးချည်းတွေဖြစ်၍သုဉ်းသွားကုန်ပြီဟုထင်မှတ်ပြောဟောနေကြကုန်၏။ ထိုဆရာတို့ ဘာတခုကိုမျှ မထင်မြင်ရကြဘဲ၊ ဘာတခုမျှ မရှိကြဘဲ၊ ဟာလာဟင်းကြီးတို့သာ ထင်မြင်လာချက်သည်၊ခေတ်ပရမတ်တို့အစစ် ဖြစ်မဖြစ်ကို ပညာရှိအများ ဆင်ခြင်စဉ်းစားကြရန်မှာကား။—

**ယံ အနိစ္စံ၊ တံ ဒုက္ခံ။ ယံ ဒုက္ခံ၊ တံ အနိစ္စံ။ ယံ အနိစ္စဉ္စ ဒုက္ခဉ္စ၊ တံ အနတ္တာ။** ။ ယံ၊အကြင်ရုပ်နာမ်ပရမတ်အစစ် ဖြစ်ဖြစ်သမျှသင်္ခါရအစုသည်။အနိစ္စံ၊ချုပ်ပျောက်သေစဲ မမြဲဘာအစုတည်း။ တံ၊ထိုမမြဲသော ရုပ်နာမ်ပရမတ် အစစ်ဖြစ်ဖြစ်သမျှ သင်္ခါရအစုသည်။ ဒုက္ခံ၊ ချုပ်ပျောက်သေစဲ ဆင်းရဲတာအစုတည်း။ ။ယံ၊အကြင်ရုပ်နာမ်ပရမတ်အစစ်ဖြစ်ဖြစ်သမျှ သင်္ခါရအစုသည်။ ဒုက္ခံ၊ ချုပ်ပျောက်သေစဲ ဆင်းရဲအစုသာတည်း။ တံ၊ ထိုဆင်းရဲသော ရုပ်နာမ်ပရမတ်အစစ် ဖြစ်ဖြစ်သမျှ သင်္ခါရအစုသည်။ အနိစ္စံ၊ ချုပ်ပျောက်သေစဲ မမြဲတာအစုတည်း။ ။ယံ၊အကြင်ရုပ်နာမ်ပရမတ်အစစ် ဖြစ်ဖြစ်သမျှ သင်္ခါရအစုသည်။ အနိစ္စဉ္စ၊ ချုပ်ပျောက်သေစဲ မမြဲတာအစုလည်းဖြစ်၏။ ဒုက္ခဉ္စ၊ချုပ်ပျောက်သေစဲ ဆင်းရဲတာအစုလည်းဖြစ်၏။ တံ၊ထိုမမြဲ-ဆင်းရဲသော ရုပ်နာမ်ပရမတ်အစစ် ဖြစ်ဖြစ်သမျှ သင်္ခါရအစုသည်။အနတ္တာ၊ချုပ်ပျောက် သေကာ နှစ်ဗလာနှင့် လိုရာမကျ အစိုးမရတာ အစုတည်း။ ။ ဟူသော- ပဋိသမ္ဘိဒါမဂ်ပါဠိတော်အရ အတိုင်းနှင့် ဆင်ခြင်ညှိနှိုင်း၍ ရှုကြည့်လိုက်သော်၊ရင်းဆရာတို့ ဘာတခုကိုမျှ မထင်မြင်ကြဘဲ၊ ဘာတခုမျှ မရှိကြဘဲ၊ ဟာလာဟင်းကြီးတွေ ထင်မြင် နေချက်တို့သည် သူတို့

ကမ္မဋ္ဌာန်း အလုပ်နှင့်ပင်, ထင်မြင်လာကြသော **ဘုန္တ-အဘာဝပညတ်၊ သုညာနန်အာကာသပညတ်**တို့ပင်ဖြစ်၍၊ ဘုရားကိုယ်တော်မြတ်ကြီးက။ ။သဗ္ဗေ သင်္ခါရာ အနတ္တာ။ ။ဟု-မဟောဘဲ၊နိဗ္ဗာန်နှင့် ပညတ်တို့လည်း အနိစ္စ,ဒုက္ခနယ်ထဲမှာကားမပါ၊ အနတ္တနယ်ထဲမှာ ပါနေချက်ကို သိစေလို၍။ ။သဗ္ဗေဓမ္မာအနတ္တာ။ ။ဟု-ဟောတော်မူသည့် အထဲမှာပါသော **ပညတ်အနတ္တ**မျှသာဖြစ်ချေသည်။အကယ်၍ ၎င်းဟာလာဟင်း ဘာတခုမျှ မရှိခြင်းတို့ဟာ ပရမတ္ထသင်္ခါရ- အနတ္တတို့မှန်ပါမူ၊ အခါခါဖြစ်ပျက်နေကြသည့် အနိစ္စအချက်၊ ဘေးသင့်နေကြသည့် ဒုက္ခအချက်တို့ကိုလည်း တွေ့ရှိကြရဦးမည်။ ၎င်းဆရာတို့အားလုံးကုန် ဟာလာဟင်းကြီး ဖြစ်နေသော အနတ္တတို့မှာကား ဖြစ်-ပျက်မှု အနိစ္စလည်းမရှိ၊ ဘေးသင့်မှု ဒုက္ခလည်းမရှိကြသည့် **အဘာဝပညတ်**မျှ **အနတ္တ**သို့သာ ဖြစ်ကုန်ရာသည်ဟု သတိပြုတော်မူကြပါစေသတည်း။

## (၁၇) ပရမတ်-ပညတ်မကွဲ တသားထဲထင်သူတို့ သက္ကာယဒိဋ္ဌိ ဖြစ်ပုံနှင့်၊ ၎င်းနှစ်ပါးခွဲခြားသိသူတို့ ဒိဋ္ဌိစင်သူဖြစ်ကြပုံ

ဤရှေ့က အကြိမ်ကြိမ် အထပ်ထပ် ရေးပြအပ်ခဲ့သည့် အတိုင်း၊ပရမတ်ပညတ်တို့ကို ခြားနား၍ မသိတတ်ကြဘဲ၊ ထိုထို သဝိညာဏက, အဝိညာဏကတို့၏ အတွင်းရှိ အရေ, အဖတ်- ဓာတ်ပရမတ် တို့ကိုပင် အပေါ်ရံကြောတွင်သာ ပညတ္တိတို့အစစ်ဖြစ်နေကြသည့် မိန်းမကောင်,ယောကျ်ားကောင်၊ငါကောင်, သူကောင်၊ ပုဂ္ဂိုလ်ကောင်- သတ္တဝါကောင် စသည်ကြီးတွေဘဲဟု စွဲယူထင်မြင်မှားနေကြမှု၊ပရမတ်စုကို ပညတ်ပြု၍ မှားနေကြသည့် မြန်မာခေါ် **ပရမတ်မှား**၊ပါဠိခေါ် **သက္ကာယဒိဋ္ဌိ**ဖြစ်နေကြကြောင်းကို အဂ်ိုတ္တိုရ်စသောများစွာသော အဋ္ဌကထာကြီး, ဋီကာကြီးတို့မှာ။ ။သန္တော ကာယော-သက္ကာယော။ ။သက္ကာယေ-ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ။ ။ဟု- မိန့်ရှိတော် မူကြသည်ကို **အနက် မြန်မာ ဆိုသော်**။...... သန္တော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ တရားအပေါင်းတည်း။ သက္ကာယော၊ ပရမတ္ထတရားအပေါင်း။ ။သက္ကာယေ၊ ပရမတ္ထတရားအပေါင်း၌။ ဒိဋ္ဌိ၊ အထည်ခံ-အမာခံ အနှစ်သာရ အတ္တဟူ။ဝါ၊ ငါဟု မှားသောအားဖြင့် စွဲယူထင်မြင်ခြင်းတည်း။ သက္ကာယဒိဋ္ဌိ၊ ပရမတ္ထတရားအပေါင်း၌ အထည်ခံ-အမာခံ အနှစ်သာရ- အတ္တဟူ။ဝါ၊ ငါဟု မှားသော

အားဖြင့်စွဲယူထင်မြင်ခြင်း။ ။ဤ ဝိဂ္ဂဟ်အရဝယ် **သက္ကာယ**၏ အရကား၊ ထိုထိုသဝိညာဏက, အဝိညာဏကတို့၏ အတွင်းရှိ အရေ-အပတ်၊ ရုပ်နာမ်ဓာတ်ကလာပ်တို့ အပေါင်းအစုကြီးဟုဆိုအပ်သော **ခန္ဓာငါးပါး**ရ၏။ ထို့ကြောင့် အဂ်ုတ္တိုရ်၌ စတုက္ကနိပါတ်အဋ္ဌကထာမြတ်၌။ ။သက္ကာယပရိယာပန္နာတိ ပဉ္စက္ခန္ဓပရိယာပန္နာ။ ။ဟု-မိန့်မှာတော်မူပေသတည်း။ **အနက်မြန်မာကား**။ သက္ကာယ ပရိယာပန္နာတိ၊ သက္ကာယ စကား၌ အကျုံးဝင်သော တရားစုကား။ ပဉ္စက္ခန္ဓပရိယာပန္နာ၊ ခန္ဓာငါးပါး ပရမတ္ထတရားအစစ်စုသာ အကျုံးဝင်သော တရားဖြစ်ပါကုန်၏။ဤပါဠိ၌ အနက်အတိုင်း သက္ကာယ ဆိုက ပရမတ်စစ်ကိုသာရ၏ဟု သိကြပါလေ။

ဒိဋ္ဌိ၏ အရကား၊ထိုထိုအကောင်,အထည်တို့၏ အတွင်းရှိ ခန္ဓာငါးပါးဓာတ်ပရမတ် အများတို့ကိုပင် အထည်ခံ အနှစ်သာရအတ္တ၊အမာခံအနှစ်သာရ အတ္တဟု။ ဝါ၊ငါဟုစွဲယူထင်မြင် မှားနေကြချက်တို့ကိုရ၏။ ။ဤ သက္ကာယ ဒိဋ္ဌိအရာ၌ ရူပံအတ္တတော သမနုပဿတိ။ ။အစရှိသဖြင့် မဇ္ဈိမ သင်္ဂဟ ပါဠိတော် စသော ထိုထို ပါဠိတော်တို့၌ ဘုရားကိုယ်တော်တိုင် ဟောတော်မူရာဝယ်၊ ရုပ်စသည်တို့ကို **အတ္တ**ဟုစွဲယူထင်မြင်မှားချက်ကြီးတို့ပေတည်း။ ဤ အတ္တဟုထင်မြင် မှားချက်ကလည်း၊ **အနှစ်သာရ**ဟု ထင်မြင်မှားချက်ပေတည်း။ဤအနှစ်သာရဟု မှားချက်ကလည်း သဏ္ဌာန ပညတ်အနေနှင့် ပရမတ်တွေကို အကောင်, အထည်ကြီးတွေ ဖြစ်နေနိုင်သည်ဟု ထင်မြင်နေကြရသော **အထည်ခံ အနှစ်သာရ** သဏ္ဌာတိ ပညတ်အနေနှင့် ၎င်းအကောင်, အထည်ကြီးတွေဟာ မချုပ်မပျက်ဘဲ၊ တရက်, တလ- တဘဝစသည်တည်နေ နိုင်သည်ဟု ထင်မြင်နေကြသော **အမာခံအနှစ်သာရ**တို့ ဟု ထင်မြင်စွဲလမ်းချက်တို့ သည်ပင်လျှင်၊ ပါဠိတော်များမှာပါသည့် **အတ္တ**ဟုစွဲလမ်းချက်ပေတည်း။လိုရင်းအချုပ်မှာ အတွင်းသားပရမတ်တွေကို ၎င်းပညတ် အစားစားတွေနှင့် ငါဘဲ- သူဘဲ- မိန်းမဘဲ- ယောကျ်ားဘဲစသည် ထင်မြင်နေကြချက်သည်ပင်လျှင် **အတ္တ**တို့ ထင်မြင်ချက်ဟု သိစေခြင်းငှါ၊ ဒိဋ္ဌိအရကို **အထည်ခံအနှစ်သာရအတ္တ**၊ **အမာခံအနှစ်သာရ အတ္တ**ဟု။ဝါ၊ ငါဟု **စွဲယူထင်မြင်မှားချက်**ရ၏ဟု ပါဠိတော်များအရနှင့် ညီညွတ်အောင် ရှေ့က ပြအပ်ခဲ့ပါသတည်း။

ဤသို့ပြအပ်သည်၌ အထည်ခံအနှစ်သာရ အတ္တဟုထင်မြင် မှားချက်ကား၊ အတွင်းသားခန္ဓာငါးပါး ဓာတ်ပရမတ်တရားတို့ကို အပေါ်ရံတွင် ထင်မြင် နေကြသော ထိုထို ပုံသဏ္ဌာန် အကောင်အထည်ဒြပ် ပညတ်ကြီး

တွေအတိုင်းနှင့်သာမိန်းမကြီးတွေဘဲ၊ ယောကျ်ားကြီးတွေဘဲ၊ ငါကြီးတွေ၊ သူကြီးတွေ စသည်ဘဲဟု အထင်အမြင်လွဲမှားနေချက်တို့ပေဘည်း။ အမာခံ အနှစ်သာရအဖြူဟု ထင်မြင်မှားချက်ကား ၎င်းသဏ္ဌာန ပညတ်များနှင့် အမှားထင်မြင်ထားသော အကောင်မ, အကောင်ထီး, ပစ္စည်းဝတ္ထုတို့၏ အတွင်းသား ပရမတ်တရားတို့သည် မချုပ်မပျက်ကြဘဲ၊ ထိုအကောင်မ, အကောင်ထီး, ပစ္စည်းဝတ္ထုတို့ အတိုင်းနှင့်သာ တရက်- တလ-တဘဝ- တကမ္ဘာ၊ တသံသရာလုံး ပြောင်းရွှေ့ကျင်လည် နေနိုင်သည်ဟု သန္တတိနိမိတ်ပညတ်ရိပ်ကြီးတွေနှင့်အထင်အမြင်များ၊ လွဲမှားနေချက်တို့ပေတည်း။ ငါဟုထင်မြင်မှားနေကြချက်ကား၊ အတွင်းသားပရမတ်တွေကို ဖြဆိုအုပ်ခဲ့ပြီးသော သဏ္ဌာနပညတ်, သန္တတိပညတ်တွေနှင့် **ငါဘဲဟု** ထင်မြင်မှားနေ ချက်ပေတည်း။ အဘယ်သို့ မှားနေသနည်းဟူမူ၊ အတွင်းသား ပရမတ်တို့ ပေါင်းစပ်မိကြသည်ကစ၍ သမ္မုတိသစ္စာနယ်မှာ အကယ်ဘဲ ထင်ရှားစွာဖြစ်ပေါ်လာသော မိမိတို့၏ပုံသဏ္ဌာန် အထည်ဒြပ်ကြီး တည်းဟူသော **ငါကောင်မ, ငါကောင်ထီး** ပညတ်ကောင်ကြီးတို့ သည်ပင်လျှင် အတွင်းသားရှိသမျှ ရုပ်-နာမ်သင်္ခါရတို့ပင်တည်း။ ဝါ၊ ထိုထို အတွင်းသားရှိသမျှ ရုပ်နာမ် သင်္ခါရ တို့ပင်လျှင် **ငါကောင်မ · ငါကောင်ထီး** ပညတ်ကောင်ကြီးတို့ပင်တည်းဟု တပြိုင်နက် ဖြစ်ပေါ်လာသော အတွင်းသား ပရမတ္ထအများ သဏ္ဌာယဘရေးတို့ကို သဏ္ဌာနပညတ်နှင့် **ငါဘဲဟု** ထင်မြင်မှားနေချက်တို့သည် **သဏ္ဌာယဒိဋ္ဌိ**အစစ် ဖြစ်ချက်တို့ပေတည်း။

တဖန် တပြိုင်နက်ဖြစ်သော ပရမတ်တွေ အကုန်လုံးတို့ တဖြုန်းဖြုန်း ပျက်ပျက်သွားသမျှသော အတွင်းသား ပရမတ်တို့၏ အစဉ် အဆက် မပျောက်ပျက်ရအောင် အကြောင်း တရားလေးပါးတို့ကြောင့် ရှေ့နောက် ပရမတ်တရားတို့ ဆက်လက်ဖြစ်ပေါ်လာကြသည်ကစ၍၊ သမ္မုတိသစ္စာ နယ်မှာ အကယ်ဘဲထင်ရှားစွာ ဖြစ်ပေါ်နေသော မိမိတို့၏ခန္ဓာ အစဉ်ကို မှီ၍ဖြစ်သော သန္တတိပညတ်အရနှင့်၊ ထိုထို အကောင်မ, အကောင်ထီး စသည်တို့ပင်လျှင် မချုပ်မပျက်ဘဲ၊ ရှေ့ ရက်- ရှေ့ လ- ရှေ့ဘ- ရှေ့ ကမ္ဘာ၊ ရှေ့ရှေ့သံသရာက ခန္ဓာတွေပင်ဖြစ်ကြရုံမက၊ နောက်ရက်-နောက် လ- နောက်ဘဝ- နောက်ကမ္ဘာ၊ နောက်နောက်သံသရာတို့၌ ခန္ဓာတွေ ပင် ဖြစ်ကြဦးမည်ဟူ၍၎င်း၊ ဝါ၊ ရှေ့နောက်သံသရာက ခန္ဓာတွေသည်ပင် လျှင် ငါကောင်မ-ငါကောင်ထီး တယောက်ထည်းတို့ပင် ဧကန်စင်စစ် ဖြစ်ကြ၏ ဟူ၍၎င်း၊ ရှေ့နောက် ဖြစ်နေကြသော ထိုထို အတွင်းသား

ပရမတ္ထအများ သက္ကာယတရားတို့ကို အစဉ်သန္တတိပညတ်နှင့် ငါဘဲဟု ထင်မြင်မှားနေချက်တို့သည် သက္ကာယဒိဋ္ဌိအစစ် ဖြစ်ချက်တို့ပေတည်း။ ဤသို့လျှင် ပညတ်နှစ်ပါးနှင့် ငါဘဲဟု ထင်မြင်မှားနေချက်တို့ကို သိကြပါလေ။ ။ဤသက္ကာယဒိဋ္ဌိ၌ ဒိဋ္ဌိပုဒ်ကို ဝါပေါက်၍၊ ငါ၊ ငါဟု မှားသော အားဖြင့်၊ စွဲယူထင်မြင်ခြင်းတည်းဟု မြန်မာပြန်ချက်သည်၊ မိမိတို့အတွင်းသားပရမတ်တို့ကို မိမိတို့အပေါ်ရံ ပုံသဏ္ဌာန်ပညတ်, သန္တတိပညတ်တို့နှင့် ငါဘဲဟု မှားနေချက် တခုထည်းဖြင့်သာ ဥပလက္ခဏာနည်း အနေနှင့်ပြအပ်ပါသတည်း။ဤ ဥပလက္ခဏာနည်းကိုရ၍၊ထိုထိုသူတပါး ယောကျ်ား မိန်းမ၊တုံး တိုင်–တောင်တောင်စသည်တို့၏အတွင်းရှိ ခေတ်ပရမတ်တို့ကို ထိုထိုအပေါ်ရံ ပုံသဏ္ဌာန်ပညတ်, သန္တတိပညတ်တို့နှင့် ထိုထိုသူတပါးတွေဘဲ၊ယောကျ်ားတွေ-မိန်းမတွေဘဲ။တုံးတိုင်တွေ-တောင်တောင်တွေဘဲ စသည်ဖြင့် ထင်မြင်မှားနေကြချက်ဟူသမျှ တို့မှာလည်း၊ ထိုထို အတွင်းသားပရမတ္ထတည်းဟူသောသက္ကာယတို့ကို အပေါ်ရံ ပုံသဏ္ဌာန်-သန္တတိတို့နှင့် ငါဘဲ–သူဘဲ–ယောကျ်ား, မိန်းမစသည်တို့ဘဲဟု ထင်မြင်မှားခြင်းတည်းဟူသော ဒိဋ္ဌိတို့ချည်း ဖြစ်ကြသောကြောင့်၊ မြန်မာခေါ် ပရမတ်များ၊ပါဠိခေါ် သက္ကာယ ဒိဋ္ဌိတို့ အစစ်ဖြစ်ကြ၏ဟု ရှေးက ဝိဂြိုဟ်ပြသည့် အဋ္ဌကထာကြီးတို့ စကားအရကို အဓိပ္ပါယ်ပြဆို အပ်ပါသတည်း။ ဤ အဋ္ဌကထာကြီးတို့၏ အဓိပ္ပါယ်တို့ကို အလွယ်နှင့် သိကြစေရန် သိတံဆောင်ပုဒ်ကို။......အတွင်းရှိ ခေတ်ကလောင်ကား၊ ပရမတ်သား။ ။ရှေ့နောက်အစဉ်နှင့် အပေါ်ရံ ကြောတွင် ထင်မြင်ရသော ပုံသဏ္ဌာန်–အကောင်,အထည်ဖြစ်ကား၊ ပညတ်သား။ ။နှစ်ပါးညှက်မြင်၊ ဒိဋ္ဌိစင်၊ အတူထင်လတ် ပရမတ် မှား၊သက္ကာယဒိဋ္ဌိမှတ်။ ။ဟု-ဝိသုဒ္ဓိ ဆောင်ပုဒ်မှာ ငါတို့ရေးထုတ်လိုက်ပါသတည်း။

ဤသို့ရှေ့က ရေးပြအပ်ခဲ့ပြီးသော အဋ္ဌကထာကြီး, ဋီကာကြီးများ စကားအရကို နှလုံးမသွင်းမိကြသူတို့ကား သက္ကာယဟု ဆိုလျှင် အမှားပင်ဟု ထင်မြင်ကြပြီးလျှင် သူတပါးကိုနှိမ်နင်းလို၍ သည်အကောင်ဟာ လွန်စွာ သက္ကာယကြီးသည်ဟု ဆိုကြ၏။ ခံရသူကလည်း သက္ကာယကြီးသည်ဟုဆိုတာ ပရမတ်ကြီးသည်ဟု ဆိုရာကျသည်ကို မသိကြ၍ အလွန်ပင်နစ်နာကြ၏။ သေနတ်ကိုဘယ်ဘက်က ပစ်ရမှန်းကိုမသိကြသူတို့ချင်း မြန်မြန်သေလွယ်အောင် သေနတ်မှာ ကြီးကြီးဒင်ဘက်က ချိန်ရွယ်သည်ကို ခံရသူကလည်း သေနတ်မောင်းကို ဖြုတ်ချလိုက်လျှင်၊ ပစ်သူ ရင်

ဘတ်ကိုပင် ပြန်၍ မှန်လိမ့်မည်ကို မသိ၍သာ အလွန်ထိတ်လန့်ရှာသူနှင့် တူလှ၏။

**တနည်း**။ ဤသက္ကာယ– အရနှင့် ဒိဋ္ဌိတို့အရကို ခွဲခြား၍ မသိကြဘဲ၊ အတွင်းသား အရေ,အဖတ် ဓာတ်ပရမတ် တည်းဟူသော **သက္ကာယကြီး** တို့ကို အပေါ်ရုံပုံသဏ္ဌာန် ပညတ်ကြီးတို့ အတိုင်းသာ မိန်းမ, ယောကျ်ား စသည်တို့ပါဘဲ တုံးတိုင် တော,တောင် စသည်တို့ပါဘဲဟု အလွဲဒိဋ္ဌိကြီး တွေ မိမိတို့မှာ အမြဲဖြစ်နေကြပါလျက်၊ အနောက်တိုင်းပြည်သား ကုလား တွေကိုတော့ **မိစ္ဆာ–မိစ္ဆာ**ဟု ပြောဆိုချင်ကြ၏။ မိမိတို့မှာကား ရက်ကန်း စင်မှာ တတောင်,တထွာ အဆုံးသတ် မိစ္ဆာခေါ်သည့်ချည်မျှင်ထက်မက ရက်ကန်းတစင်လုံးက အရှည်ဆုံး ချည်မျှင်တွေဖြစ်နေကြသလို၊ မွေးသည် ကစ၍ သေသည့်နောက်ကျအောင် ပရမတ်,ပညတ်များကို ခြားနား၍မသိ တတ်ကြဘဲ၊ လောကကြီးတို့ အတိုင်းထဲနှင့်သာ **မေမေ–ဘဘ–မမ–ကိုကို** စသည်ဖြင့်၊ သဝိညာဏက အကောင်ကြီးတခုထည်း၊ အဝိညာဏက အ ထည်ကြီးတို့တခုထည်းဟု ထိုထိုအတွင်းသား **ပရမတ္ထ–သက္ကာယ**ကြီးတို့၌ အပေါ်ရုံ ပုံသဏ္ဌာန် ပညတ်ကြီးတို့နှင့် တခုထည်း,တသားထည်း ထင်မြင် မှားသည့် **ဒိဋ္ဌိ–အမှား** ကြီးများဟာ ကုလားတွေမှာသာ ဖြစ်နေတာမျိုး မဟုတ်၊ ငါတို့တစုမှာလည်း **နာမရူပ ပရိစ္ဆေဒဉာဏ်အရ** ဓာတ်ပရမတ် တို့ကို မပေါက်ရောက်ခင်က ဤအတိုင်း ထင်မှားနေကြသည်ကို ပါဠိခေါ် **သက္ကာယဒိဋ္ဌိ**၊ မြန်မာခေါ် **ပရမတ်–မှား** အစစ် ဖြစ်နေကြပါ တကားဟု သံဝေဂတရား ကြီးကြီးထား၍၊ မသေ မပျောက် မပေါက် မပြားကြခင် ဤဝိပဿနာ အလုပ်တရားကြီးကို ထင်မြင်အောင် ခဲမဲလိုက်ကြပါမူ၊ ထိုထို ပညတ်များမှ သီးခြားထုတ်နုတ်ကာ ရှေ့က ပြခဲ့တိုင်း **ရုပ်အစစ်–နာမ် အစစ်** တို့ကို ထင်မြင်ပါမူ၊ ၎င်း **သက္ကာယဒိဋ္ဌိအစစ်တို့မှ** ဝိက္ခမ္ဘနပဟာန် ဉာဏ်အမြင်မျိုးနှင့် အလား အစားတူသာ ကွင်းအကျွတ် ကင်းလွတ်ကြ သည်ကိုပင် မြန်မာခေါ် **အမြင်စင်ကြယ်မှု**၊ (တနည်း) ဒိဋ္ဌိဂတသမ္ပယုတ် စိတ်ကိုဆိုရာမှာ **ဒိဋ္ဌိအရကို** မိစ္ဆာသဒ္ဒါနှင့် မတွဲဘက်ဘဲ၊ မိစ္ဆာအနက်နှင့် တွဲဘက်၍သိရကြသလို၊ ဤဒိဋ္ဌိဝိသုဒ္ဓိက ဒိဋ္ဌိအရမှာလည်း မိစ္ဆာအနက်နှင့် တွဲဘက်၍၊ မြန်မာခေါ် **အမှားစင်ကြယ်မှု**၊ ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ** အစစ်စုတို့ ဧကန္တ ဖြစ်ကြ၏ဟု သိကြပါလေ ယောဂီပညာရှိတွေတို့။

ဤ **သက္ကာယဒိဋ္ဌိ** အရ၊ ဒိဋ္ဌိဝိသုဒ္ဓိ အရတို့ကို ယခုအခါ ဝိပဿနာဆရာ များတို့ အလွန် အရေးအကြီးဆုံး အချက်ကြီးများ ဖြစ်နေကြသည်၌၊ စာ

မတတ်သူတို့ပင် အားထုတ်လိုသော စိတ်အားသန်ကြပါလျှင် ကာလလည်း မကြာခင် အလျင်အမြန်နှင့် ထင်မြင် ပေါက်ကြရန် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးစသည်များနှင့်အဋ္ဌကထာ ဋီကာဆရာတော်ကြီးများတို့၏ အကျဉ်းဆုံး- အလွယ်ဆုံး **ကလာပတော- ရုပ္ပတောအရနှင့်** ဤ လောကကြီး အားလုံးတို့ကို ချဉ်းချုံးသော စကားရပ် တို့ဖြင့် အမျိုးမျိုး အထပ်ထပ် ကရုဏာ ရှေ့ထား၍၊ ရှေ့က ရေးသားအပ်ခဲ့သည် များကို အကြိမ်ကြိမ်အခါခါ ကြည့်ရှုဘတ်ကြား မှတ်သားကြံစည်ကြ၍၊ မကြာမီ သက္ကာယ ဒိဋ္ဌိ အလုပ်ကြီး ပြီးစီးကြရုံ မက၊ အထက် အထက် ဉာဏ်ကြီးတို့သို့ ကျအောင် ဆောလျင်စွာ ပေါက်ရောက် နိုင်ကြပါစေ သတည်း။ ဝါ၊ ဆောလျင်စွာ ပေါက်ရောက်နိုင်ကြအောင် မကြာမကြာ အခါခါကြည့်ရှုကြ-ကြံစည်ကြ-အားထုတ်ကြပါလေယောဂီမြတ်တွေတို့။

ပဥ္စမရက် ဝိပဿနာအလုပ်ပေးချက်ကြီး ပြီး၏။

## (၁၈) ဆဋ္ဌမရက်၌၊ သက္ကာယဒိဋ္ဌိ ဖြစ်က သဿတ-ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြပုံနှင့်၊ သက္ကာယဒိဋ္ဌိလွတ်က သဿတ ဥစ္ဆေဒဒိဋ္ဌိမှလွတ်ကြပုံ

ယခုရေးပြလတ္တံ့သော ဆဋ္ဌမရက် ဝိပဿနာ အလုပ်ပေးချက်၌၊ ရှေ့ရက်များက အားထုတ်ကြဘို့ ရေးပြခဲ့သည့်အတိုင်းဖြစ်စေ၊ထိုထိုပရမတ်ကို သိရာ ဆရာ့-ဆရာကြီးများ နည်းလမ်းတို့နှင့်ဖြစ်စေ၊ ရုပ်ခဋ်, နာမ်ခဋ်ပရမတ်တို့ကို အတပ်မသိသူတို့သက္ကာယဒိဋ္ဌိဖြစ်ပုံကိုပြရာ၌၊ဤခဋ်ပရမတ်ကို မပေါက်သော ကမ္ဘာဦးသူ၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါရှိသမျှ အပေါင်းတို့သည်၊ ထိုထို သဝိညာဏက, အဝိညာဏက ရှိရှိသမျှအကုန် လုံးတို့မှာ အတွင်းရှိခဋ် ကလာပ်သားအပေါ်ရုံပုံသဏ္ဌာန်ပညတ်များဟု မခြားနားဘဲ၊ အတွင်းရှိ အနိစ္စ ဒုက္ခ, အနတ္တ, အသုဘ အစစ်ဖြစ်ကြသော ခဋ်ကလာပ်သားတို့ကို အပေါ်ရုံရှိ ပညတ်တို့၏ အနေအထား အရိပ်, နိမိတ်များနှင့်၊ နိစ္စ,သုခ-အတ္တ,သုဘတို့ အစစ်ဖြစ်တကားဟု အထင်အမြင်မှားရသော သဏ္ဌာနနိမိတ်တည်းဟူသော အကောင်,အထည်ဒြပ် ပညတ်ရိပ်တို့ အနေနှင့်ငှင်း၊ အတွင်းရှိ ခဋ်ပရမတ်တို့ ရှေ့, နောက် အစဉ်ဆက်လက်မှုတို့ကို တခုထည်း ထင်မြင်ရသည့်သန္တတိနိမိတ်ပညတ်ရိပ်တို့ အနေနှင့်ငှင်း ထင်မှတ် စွဲလမ်းကြပြီးလျှင်၊ ပရမတ်, ပညတ်မခြားဘဲ၊ အတွင်း,အပြင်- ရှေ့နောက် တို့ကို တခုထည်းပြု၍ လူပုံသဏ္ဌာန် ရှိသမျှ

အတွင်း,အပြင် တကောင်လုံးကြီးတွေကို ဇာတ်တူပေါင်းလျက် လူဟူ၍၊ မနုဿ စသည်ဟူ၍၊မိမိ-မိမိတို့ဘာသာနှင့်အမည်နာမခေါ်ဝေါ် ကြကုန်၏။
ထို့အတူ၊နွားပုံသဏ္ဌာန်ရှိသမျှ၊ ကျွဲ ပုံသဏ္ဌာန်ရှိသမျှ ထိုထိုသတ္တဝါတို့ ပုံသဏ္ဌာန်ရှိသမျှ အတွင်း,အပြင် တကောင်လုံးကြီးတွေကို ဇာတ်တူပေါင်းလျက် နွားတို့ဟူ၍၊ ကျွဲတို့ဟူ၍၊ ထိုထိုသတ္တဝါတို့ဟူ၍၊ မိမိ-မိမိတို့ ဘာသာနှင့် အမည်နာမ ခေါ်ဝေါ် ကြကုန်၏။ အဝိညာဏက တို့၌လည်း အတွင်း,အပြင် ရှေ့နောက်မခြားဘဲ၊ တသားထည်းပြု၍ အိုး,ပုဆိုးစသော လူတို့ အသုံးအဆောင် တို့၌၎င်း၊ ထိုထို ပုံသဏ္ဌာန်နှင့် ထင်ရှားရှိသော သစ်ပင်,တော,တောင်,ရေ,မြေ စသော အဝိညာဏက အလုံးစုံတို့၌၎င်း၊ ထိုထိုပုံသဏ္ဌာန်နှင့် ထင်ရှားရှိကြသော ကြီး,ငယ်,လုံးပြား၊ ရှည်လျားအတို၊ ဝိုင်းလိုအထောင့်၊အဖြောင့်,အကောက်၊ အစောက်အကိုင်း စသော ပုံသဏ္ဌာန် ရှိသမျှတို့၌၎င်း၊ အတွင်း,အပြင် တခုလုံးကြီးတွေကို ဇာတ်တူပေါင်းလျက် အိုး, ပုဆိုးစသော လူတို့၏ ထိုထို အသုံးအဆောင် တို့ဟူ၍၎င်း၊သစ်ပင်,တော,တောင်၊ရေ,မြေစသော ထိုထိုအဝိညာဏကဝတ္ထုတို့ ဟူ၍၎င်း၊ထိုထိုဝတ္ထုတို့၏ အကြီးအငယ်၊အလုံးအပြားတို့၊အရှည်အတိုတို့၊ အဝိုင်း, အထောင့်, အကောက်တို့၊ အဖြောင့်တို့၊ အစောက်, အကိုင်းတို့ ဟူ၍၎င်း၊ မိမိ-မိမိတို့၏ ဘာသာစကားနှင့် အမည်နာမကို ခေါ်ဝေါ် ပြောကြားကြကုန်၏။ ဤခေါ်ဝေါ်သမျှသော အမည်နာမ, စကားဟူသမျှတို့သည်၊ **သဒ္ဒပညတ်**ဟု သိကြ။ အခေါ်အဝေါ် ခံသည့် အကောင်,အထည် ဟူသမျှတို့သည် **အတ္ထပညတ်**ဟု သိကြပါလေ။

ဤသို့ပင် အတွင်း အပြင် ရှေ့နောက်မခြားဘဲ၊သဏ္ဌာနနိမိတ်, သင်္ခတနိမိတ်ပညတ်ရိပ်တို့အတိုင်း အထင်မှားနှင့်ပင် အမည်နာမဝေါဟာရတို့ကို ပြောကြား သမုတ်ကြ ငြားသော်လည်း၊ ထိုလူအများတို့ တညီတညွတ်ထည်း သမုတ်ကြသည့်အတိုင်း၊ ၁ဇာသစ္စာ,ဝိရတိသစ္စာတို့၏ဘည်ရာဝတ္ထုအားဖြင့် လောကကြီးများ ဘက်က အဟုတ်ရှိကြီးတွေ၊ အမှန်ရှိကြီးတွေ တမျိုးတို့ ဖြစ်လေသောကြောင့် **သမုတိသစ္စာ** မှန်တာတမျိုးဘဲဟု ဘုရားဟောတော်မူအပ်၏။ဤလောကသမ္မုတိသစ္စာကြီးတို့အတိုင်းသာ ပိုင်းခြားမှတ်သားပါ၍ ဒါနကို လှူဒါန်းကြပါမူ၊ သီလကို ဆောက်တည်ကြပါမူ၊ သမထဘာဝနာကို ပွါးများကြပါမူ၊ ဤသမ္မုတိသစ္စာ ပညတ်နယ်မှာ ရှိသည့်အတိုင်း တပါးသူကိုလည်း ဟောကြားကြ၊ မိမိတို့လည်း ကျင့်ကြံအားထုတ်ကြပါမူ၊ ပါရမီဆယ်ဖြာ ကုသလာနှင့် အပ္ပနာဈာန် အဘိညာဉ်

တိုင်အောင် ထွင်းဖေါက်၍၊ လူ,နတ်,ဗြဟ္မာ ချမ်းသာသုံးရပ်တို့ကိုဖြစ်စေတတ်ကုန်၏။ လောကီကို လွန်မြောက်၍ နိဗ္ဗာန်သို့ရောက်ဘို့ကား၊ ပါရမီအကြောင်း အထောက်အပံ့မျှသာ ဖြစ်စေနိုင်ရာသည်။ ဤသမ္မုတိ သစ္စာနယ်ဘက်က ပြုကျင့်ကြသည့်ကုသိုလ်သက်သက်နှင့်ကား နိဗ္ဗာန်ချမ်းသာသို့ မရောက်နိုင်ချေ။ အတွင်းသား ပရမတ္ထသစ္စာနယ်ဘက်က ဝိပဿနာအလုပ်နှင့် အားထုတ်မှသာ နိဗ္ဗာန်ချမ်းသာ ဘက်သို့ ကူးတက်ကြောင်းဖြစ်နိုင်လေ၏ဟု မှတ်ကြပါလေ။

ဤတလောကလုံး ရှိရှိသမျှသော သဝိညာဏက,အဝိညာဏကတို့၏ အတွင်း,အပြင် ရှေ့နောက် မခြားဘဲ၊ သဏ္ဌာန နိမိတ်, သန္တတိ နိမိတ်, ပညတ်ရိပ်တို့အတိုင်း သမုတ်အပ်သော လောကမှာ အမှန်တပါး **သမ္မုတိ သစ္စာ**တရားတို့သည်၊ ပရမတ္ထသစ္စာအရနှင့် နှိုင်းစာရှုကြည့် အတူညီကြသည်ရှိသော် အမှားချည်းသာ ဖြစ်ကြရာ၏။ အဘယ့်ကြောင့် နည်းဟူမူ၊ အတွင်းသား ဓာတ်ကလာပ် ပရမတ်တို့အထဲမှာ အကောင်, အထည်ဖြစ် သဏ္ဌာန ပညတ်တို့ တာရှည်စွာ တည်နေနိုင်ရာသော သန္တတိ နိမိတ်, ပညတ်ရိပ်တို့ ထင်ရှားမရှိပါဘဲလျက်၊ထင်ရှားအရှိပြုလုပ် ထင်မှားသမုတ်ထားသောကြောင့်တည်း။ ဤသမုတ်ထားသော အရနှင့် ပရမတ် ပညတ် မကွဲကြဘဲ၊ အတွင်းသား ပရမတ်တို့ကိုပင် အပေါ်ရုံကြော ပညတ်ဟု ထင်နေကြတိုင်း ပုဂ္ဂိုလ်ကြီးတွေ- သတ္တဝါကြီး တွေဘဲ။ ငါကြီးတွေ- သူကြီးတွေဘဲ၊ ယောကျ်ားကြီးတွေ-မိန်းမကြီးတွေဘဲဟု အထင် အမြင်လွဲမှားသော **သက္ကာယဒိဋ္ဌိ၊ တနည်းအတ္တဒိဋ္ဌိ** အယူရှိသော သူတို့မှာသာ ၎င်းပုဂ္ဂိုလ်-သတ္တဝါစသည်တို့သည် သေလျှင်ဘဝတပါးသို့ ဆက်လက်သွားနိုင်ကြသည်ဟု ထင်မှတ်စွဲယူ မှားလေသောကြောင့်၊ မြန်မာခေါ် အဓိပ္ပါယ်သွား **ဆက်မှား၊** ပါဠိခေါ် **သဿတဒိဋ္ဌိ** ဟူ၍၎င်း၊ သို့မဟုတ် ၎င်းပုဂ္ဂိုလ်-သတ္တဝါစသည်တို့သည် သေလျှင် ဘဝတပါးနှင့် မဆက်စပ်ကြဘဲ၊ ပြတ်စဲ၏ဟု ထင်မှတ်စွဲယူ မှားသောကြောင့်၊မြန်မာခေါ် **ပြတ်မှား၊** ပါဠိခေါ် **ဥစ္ဆေဒဒိဋ္ဌိ** ဟူ၍၎င်း အယူဝါဒရှိကြကုန်၏။ ဤကဲ့သို့ အယူဝါဒရှိကြသောသူတို့ကို ထိုအယူဝါဒတို့သည် သက္ကာယဒိဋ္ဌိ,အတ္တဒိဋ္ဌိတို့ကိုစွဲ၍ဖြစ်သောကြောင့် ဤသက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိကြီးတို့မှ လွတ်ကင်းရန် ရှေ့**ပဉ္စမရက်က** ဟောပြအပ်ခဲ့ပြီးသော သက္ကာယဒိဋ္ဌိပြုတ် ပညတ်, ပရမတ်ခွဲခြားသည့် ဝိပဿနာ အလုပ်တရားကြီးများကို မနာကြားရဘူးသူများ, ယခုရက်မှာ ပါလာမှုကား၊စစဦးပဌမရက်က တတိယဥပမာအရ၊အရေ

ကလာပ်မှုန့်, အဖတ်ကလာပ်မှုန့်နှင့် ပြသည့်အတိုင်း ၎င်းကလာပ်နှစ်ပါး ထဲမှာ ထိုထိုပညတ် ကြီး, ငယ်တွေလည်း မပါပုံ၊ ၎င်းကလာပ် နှစ်ပါး စပ်ဟပ်မိက သဏ္ဌာန်ပညတ် ကြီး,ငယ်တွေ ပေါ်လာနေပုံများကို။—

**အညမညံ သမောဓာနာ ဟောတိ ကောဋ္ဌာသဒိ သမ္မုတိ။** ။အညမညံ သမောဓာနာ၊ ရှစ်ပါး ရှစ်ပါးသော ဓာတ်ပရမတ်အများတို့ ပေါင်းဆုံကြ ခြင်းသောကြောင့်။ ဝါ၊ အရေ, အဖတ် ဓာတ်ပရမတ်တို့ ပေါင်းစပ်ကြ ခြင်းသောကြောင့်။ ကောဋ္ဌာသဒိသမ္မုတိ၊ ဆံအစရှိသော သမ္မုတိပညတ် သည်။ ဟောတိ၊ သမ္မုတိသဏ္ဌာန်မှာ ထင်ရှားစွာဖြစ်ပေါ်လာ၏။ ။ဟု- ဝိသုဒ္ဓိမဂ် အမိန့်တော်ရှိချက်နှင့် အညီ၊ ရှေ့က ရေးပြခဲ့တိုင်း နားလည် လောက်အောင် ခပ်ကျဉ်းကျဉ်းလည်းပြောဟောပါလေ။

ထို့ပြင်တဖန်၊ ထိုထိုပညတ် ကြီး,ငယ်တွေကို တွေ့ရှိကြပြန်ကလည်း ၎င်းအကောင်, အထည်ဖြစ် ပညတ် ကြီး, ငယ်တို့၏ အတွင်းနှင့် အပြည့် အပြည့်၊ပရမတ်စစ်တွေသာ တည်ရှိကြပုံကို။— **တေသံယေဝ ဝိနိဗ္ဘော ဂါ နတ္ထိ ကောဋ္ဌာသဒိသမ္မုတိ။** ။တေသံယေဝ၊ ထိုဓာတ်ရှစ်ပါး ကလာပ် အများတို့ကို သာလျှင်။ ဝါ၊ အရေ, အဖတ် ဓာတ်ကလာပ်တို့ကို သာလျှင်။ ဝိနိဗ္ဘောဂါ၊ ဓာတ်ပရမတ် ဆိုက်အောင် ခွဲခြမ်းလိုက်သည်ရှိသော်။ ဝါ၊ အရေ, အဖတ် ကလာပ်မှုန့် ဆိုက်အောင် ခွဲခြမ်းလိုက်သည် ရှိသော်။ ကောဋ္ဌာသဒိ သမ္မုတိ၊ ဆံအစရှိသော သမ္မုတိပညတ်သည်။ နတ္ထိ၊ ဓာတ်အစု ၌,တခုမျှမရှိ။ ဝါ၊ အရေ,အဖတ်ကလာပ်ထဲမှာ နဲနဲမျှမရှိ။ ။ဟု-ဝိသုဒ္ဓိမဂ် အမိန့်တော်ရှိချက်နှင့်အညီ၊ ရှေ့က ရေးပြခဲ့တိုင်း နားလည်လောက်အောင် ခပ်ကျဉ်းကျဉ်းပြောဟောပြ၍၊ပရမတ်,ပညတ်တို့ကို ခြားခြားနားနားကြီး သိသွားသူများ၊ သက္ကာယဒိဋ္ဌိမှ လွတ်ကင်းကြပုံ၊ ခြားနား၍ မသိသူတို့ သက္ကာယဒိဋ္ဌိမှ မလွတ်ကင်းကြပုံများကို ဟောကြားပြီးမှ၊ ၎င်း သဿတ ဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့ ဖြစ်ခြင်း အကြောင်းကို၊ သမ္မောဝိသုဒ္ဓိမဂ် အဋ္ဌ ကထာတို့၌။—ဧကသ္မိံ ဘဝေ အတ္တဂ္ဂါဟ ပုဗ္ဗင်္ဂမော သဿတုစ္ဆေဒါဘိနိ ဝေသော။ ဟု-မိန့်တော်မူချက်ကို **မြန်မာသို့ဆိုသော်၊**—

ဧကသ္မိံ ဘဝေ၊ ပရမတ်တွေ အကြောင်းအကျိုး ဆက်လက်၍ နေကြ သော ဘဝအစဉ် တခု၌။ သဿတုစ္ဆေဒါဘိနိဝေသော၊ သတ္တဝါတွေ သေလျှင်၊ဘဝတပါးသို့ ဆက်လက်ကာသွားနိုင်ကြသည်ဟု ထင်မှတ်စွဲသူ များသော **ဆက်မှား သဿတဒိဋ္ဌိ၊** ၎င်းသတ္တဝါတွေသေလျှင်၊ ဘဝတပါး

နှင့်မစပ်ဘဲ ပြတ်စဲ၏ဟု ထင်မှတ်စွဲယူများသော **ပြတ်မှား-ဥစ္ဆေဒဒိဋ္ဌိသို့** သက်ဝင် ယူမှားသောသူသည်။ အဇ္ဈတ္တဂါဟ ပုဗ္ဗဂ်ဗော၊ အထည်ခံ အနှစ်သာရ အတ္တ၊ အမာခံအနှစ်သာရအတ္တဟု ယူမှားသော **သက္ကာယဒိဋ္ဌိချုပ်** အရင်းရှိ၏။ ။ဤသည်တို့ကား၊ အတွင်းသား ပရမတ်တို့ကို အပေါ်ရုံ ပုံသဏ္ဌာန် အကောင်, အထည်ဖြိမ်ကြီးပြု၍ ထင်မှားခြင်း တည်းဟူသော **အထည်ခံအနှစ်သာရအတ္တချိုင်**၊ ဤအကောင်, အထည် ဖြိမ်ကြီးဘဲ တနှစ်တလ၊တဘဝ စသည်တည်နေနိုင်သည်ဟု ထင်မှားရအောင် ဆက်လက်၍ နေကြသောသန္တတိနိမိတ် ပညတ်ရိပ်တည်းဟူသော **အမာခံ အနှစ်သာရအတ္တချိုင်**တို့အတိုင်း စွဲယူထင်မှားသော**သက္ကာယဒိဋ္ဌိ-အတ္တဒိဋ္ဌိ**တို့အရှနှင့်၊ ပုဂ္ဂိုလ် သတ္တဝါ စသည်တို့ရှိ၏ဟု-အယူဝါဒ ရှိကြသော သူတို့မှာသာ၊ ၎င်းပုဂ္ဂိုလ် သတ္တဝါစသည်တို့သေလျှင် တဘဝသို့ ဆက်လက်သွားသည်ဟု ထင်မှတ်ကြမှုကား(ဆက်မှား သဿတဒိဋ္ဌိ၊) ၎င်းပုဂ္ဂိုလ် သတ္တဝါတို့ သည့်သေလျှင် ပြတ်သည်ဟု ထင်မှတ် ကြမှုကား (ပြတ်မှားဥစ္ဆေဒဒိဋ္ဌိ)တို့ ဖြစ်ကြကုန်၏ဟု မှတ်ကြပါလေ။ ။ဤသို့ဒိဋ္ဌိချည်းဖြစ်ပါမူ၊အဘယ်သူသည် မိစ္ဆာအယူက လွတ်အောင် ရှောင်နိုင်ပါမည်နည်းဟု စောဒနာဖြားအံ့။ (အဖြေ) သက္ကာယဒိဋ္ဌိအယူ,အတ္တဒိဋ္ဌိအယူ အရင်းခံရှိသူတို့မှာကား၊ ရှောင်ရှား၍ မလွတ်နိုင်လေရာ။ ၎င်းသက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိအယူလုံးလုံး မရှိကြသော အရိယာတို့မှာ သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းအကျန်မရှိ လွတ်ကြလေ၏။ ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်း ပေါက်ရောက်သူတို့ကား၊ ဝိက္ခမ္ဘနပဟာန် အရာဖြင့် ကြာမြင့်စွာ လွတ်ကင်းကြလေရာ၏။ ကျမ်းဂန် ဗဟုသုတ ရှိကြသူတို့ကား၊ တဒင်္ဂပဟာန်ဖြင့် လွတ်ကင်းကြလေရာ၏။

အဘယ်သို့ လွတ်ကင်းသနည်းဟူမူ၊ လွတ်ကင်းပုံအရကို၊ ဥပမာပြဆိုရမူ၊မုံရွာနယ်အပါ (မအူရွာက) မပဇာနှင့်-မအဂ္ဂါတို့၊မုံရွာမြို့သို့ ဈေးဝယ်သွားရာ၊ ရှေ့ကသွားသော **မပဇာက** သြော်.....ငါ့မှာ ဝယ်ချင်တာတွေကများ၊ ငွေကရှားနေပါတကား၊ ယခုအခါ ရွှေအိုးကြီးများရလာမူ ကောင်း၏ဟု မရှိသည့် ရွှေအိုးကို၊ အရလုပ်၍ ကြံမိလျှင်ပင်၊ ငါ ရှေ့က သွားလို့-ငါရတာကို၊ နောက်ကပါသည့် **မအဂ္ဂါကို** ငါမပေးဘူးဟု စိတ်ထဲက ကြံစည်ရုံမက နှုတ်မြွက်၍ ပြောမိလေ၏။ နောက်ကပါသည့် **မအဂ္ဂါကလည်း** ၎င်းရွှေအိုးရရှိပြီးသလောက် ကြံစည်၍၊ သယ်.....သွားအတူ, လာအတူ,သေအတူ,ရှင်အတူဖြစ်ကြပါသည်ကို၊ ငါ့အတွက် တဝက်မပေးက ပါးရိုက်ပြီး- နင်းလုယူမှာပ ဟု- ဒေါသနှင့် ဆိုသောအခါ၊ ရွှေအိုးရှင်

(မပဇာကလည်း)ဒေါသမီးဆက်လာပြီး။ညီး-ဟောသည့် ခုံဘိနပ်နှင့်ရိုက်မည် ဇက်ပြတ်ချင် လာခဲ့။ ငါကဖြင့် မပေးဘူးဟု လမ်းတလျှောက်သုံး အသူးထူး ဆဲရေးသတ်ပုတ်၊ ကုပ်ဖွဲ့ရန်များ၊ ဒုက္ခပွါး၍ သွားကြသော အခါ၊ထန်းပင်တက်ဘိ၊ကိုပဏ္ဏိက၊ ကြားသိဆင်ခြင်၊ ထိုရန်ကိုဖျဉ်မည်ဟု ကြံပြီး၊ အိုခင်ဗျားတို့၊ ယခု ဆဲရေးသတ်ပုတ်၊ ကုပ်ဖွဲ့ရန်များ၊ လမ်း တလျှောက်လုံးဒုက္ခပွါးလာကြတာ၊အကြောင်းအသို့ပါနည်းဟု မေးသော်၊ နောက်ကပါသည့် (မအဂ္ဂါက) ကြည့်ပ,တော်၊မောင်ကြီးရယ်။ အတူသွား အတူလာဖြစ်ပါလျက်ကို၊ ရှေ့က သွားသည့် သက်ကြားမ, က၊ ရွှေအိုး ရလျှင် ကျွန်တော်မကို မပေးဘူးဆိုတာ၊ ပေးသင့်-မပေးသင့်၊ ထန်းပင် ပေါ်အမြင့်က၊မောင်ကြီးဘဲ နှိုင်းချင့်၍၊တရားသင့်ဖြစ်အောင် ဆုံးဖြတ်ပါဟု ဆိုသောအခါ၊ရှေ့သွား(မပဇာကလည်း) မပေးသင့်ကြောင်းအရပ်ရပ်နှင့် အဆုံးအဖြတ် ခံရာ၊ ဆုံးဖြတ်သူ ထန်းသမားက၊ အကယ်၍ သူတို့စကား အဟုတ်ထားပြီး ပေးစေဆိုမူ၊ နောက်လူဘက်သို့၊ မပေးစေနှင့် ဆိုမူ၊ ရှေ့လူဘက်သို့ လိုက်ရာကျလိမ့်မည်။ မဆုံးဖြတ်ဘဲနေကလည်း,ပညာမရှိ ရာကျ၍၊ ထိုသူတို့ စကားသွား အတိုင်းကို မဆုံးဖြတ်ပြောဘဲ၊ ခင်ဗျားတို့ ယခု၊ကုပ်ဖွဲ့ရန်ပွါး၊ဒုက္ခများအောင် ရွှေအိုးကိုလုကြတာ၊ရွှေအိုးများရရှိကြ ပါသလားဟု လိုရင်းကို စစ်ဆေးသည့်အခါမှာမှ၊ အတော်အတန် သတိ ရ၍၊ပြုံးဖိစိကြည့်ရှုကြပြီးလျှင်၊ရွှေအိုးတော့မရသေးပါဘူးတော်၊ကံတော်လို့ ရခဲ့သော်သာပါဟု-ပြောဆိုရင်း၊ရွှေအိုးမရသေးဘဲနှင့်၊ ငါတို့နှစ်ယောက် ဆဲရေးသတ်ကုပ်၊ ပုတ်ခတ်ရန်ပွါး၊ ဒုက္ခများလာမှုကို၊ ကြပ်ကြပ်ကြီး သတိရလျက် ပြုံးရယ်၍ ပြောဆိုကြလေ၏။ ဤသို့ ပြောဆိုကြသောအခါ၊ အမတို့-မဟုတ်မရတာကို၊ အဟုတ်-အရလုပ်ကြံမိသည့် အတွက်၊ လမ်း တလျှောက်လုံး ဆဲရေးသတ်ပုတ်၊ ကုပ်ဖွဲ့ရန်များ၊ ဒုက္ခတွေလည်း ပွါးခဲ့ လှကြပြီ။ သည်ကနောက်ကိုလည်း ဤအတိုင်း ရွှေအိုးအရ ကြံစည်ကြပြန် မူ၊ မုံရွာသို့ ရောက်တော့လည်း မအေးကြဘဲ၊ မအူရွာထဲသို့ ပြန်ရောက် တော့မှ၊မိမိတို့တွင်မက၊သားစဉ်,မြေးဆက်၊ကမ္ဘာကြီးတွေ ပျက်တောင် ရန်ဘက်မအေးရာဟု သတိပေးမှ၊ သက်ဆုံးတိုင် ကြေအေးလှ၍ သွားကြ လေ၏။

ဤဥပမာ၌၊ဥပမေယျကိုဆိုရမူ အဟုတ်မရသည့် ရွှေအိုးကို၊အဟုတ်ရ လုပ်ကြံမိသည့် အတွက်၊ နောက်လိုက်အပေါ်အား ပေးသင့်-မပေးသင့် သဘောနှစ်ချက်၊ ဧကနပင် ထွက်လာသကဲ့သို့၊ ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ-

သူတပါး၊ ယောကျ်ား, မိန်းမစသည် အတ္တ၊ အဟုတ်မရှိကြသည့် အတွင်းသား ခါတ်ပရမတ် တရားတို့ကို အတ္တ အဟုတ်ရှိ လုပ်ကြံမိသည့်အတွက်၊ ၎င်းပုဂ္ဂိုလ်, သတ္တဝါ၊ သူ, ငါစသည်တို့ သေပျောက်သော်၊ ဘဝပြတ်သင့်သော ဥစ္ဆေဒ၊ ဆက်သင့်သော သဿတ အယူသဘောစု၊ နှစ်ခု ထွက်လာသည်နှင့်တူလှ၏။မပေးသင့် ပေးသင့်သဘောတခုစီယူမိသော မပဇာ, မအဝှါဘို့ ဆဲရေးသတ်ပုတ်၊ ကုပ်ဖဲ့ရန်များ၊ ဒုက္ခပွါးကြသလို၊ ဥစ္ဆေဒအယူ သသတအယူ တခုခုယူမိသူတို့ သံသရာဝဲ၊ ဘေးဒုက္ခကြီးတွေထဲမှာ၊ အမြဲဒုက္ခ တွေ့နေကြရသည်နှင့် တူလှ၏။ ထန်းသမားကိုပဏ္ဍိက၊သူတို့စကားနှစ်ရပ်ဘက်သို့ မလှည့်ဘဲ၊မူလရင်းက ရွှေဒိုး-ရ, မရကိုသာ မေးသောအခါမှ၊ အတော်အတန် သတိရကြသလို၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလည်း၊ ပုဂ္ဂိုလ်, သတ္တဝါ၊ သူ-ငါစသည်တို့ သေပျောက်မှု၊ ပြတ်သင့် မပြတ်သင့်သော ဥစ္ဆေဒ- သဿတ စကား နှစ်ဘက်သို့ မလှည့်ဘဲ၊ မူလရင်း အတွင်းခါတ်၊ ပရမတ်တို့မှာ၊ ပုဂ္ဂိုလ်, သတ္တဝါသူငါစသည်တို့ မရှိမှုကိုဟောပြသော ဒေသနာတရားကို၊ကြားနာရသောအခါမှာမှ၊ တဒင်္ဂပဟာန်ဖြင့်၊သက္ကာယဒိဋ္ဌိကို ပယ်လှန်၍၊ ပုဂ္ဂိုလ်, သတ္တဝါ၊ သူငါစသည်တို့သည်၊အတွင်းရှိ ခါတ်ပရမတ်တို့မှာ မရှိမှုကို၊ အတော်အတန်သိကြ၊ သတိရကြသူတို့နှင့် တူလှ၏။

ရွှေဒိုးမရဘဲ၊ ငါတို့ နှစ်ယောက်သား၊ လွဲမှားလာမှုကို ကြပ်ကြပ်ကြီး သတိရခါ၊ ပြုံးရယ်ကြ၍ ပြောကြသလို၊ ၎င်းမူလရင်း အတွင်းခါတ် ပရမတ်တို့မှာ၊ ပုဂ္ဂိုလ်-သတ္တဝါ-သူငါစသည်တို့မရှိဟု၊ သုတမယဉာဏ် နှင့်သိသည်အတိုင်း။ပရမတ်,ပညတ်ခြားနားအောင်၊ကြိုးစားအားထုတ်၍၊ ယထာဘူတ, စိန္တာမယဉာဏ် တိုင်အောင် ပေါက်ရောက်၍၊ ဒိဋ္ဌိ ဝိသုဒ္ဓိ အလုပ်ကြီးပြီးမြောက်သောအခါ၊ ကာလမြင့်ရှည်၊ ပယ်နိုင်သည့် အစား၊ ဝိက္ခမ္ဘန ပဟာန်အလားဖြင့်၊သက္ကာယဒိဋ္ဌိကိုပယ်ရှား၍၊ ပုဂ္ဂိုလ်,သတ္တဝါ၊ သူ-ငါ စသည်တို့သည်၊ အတွင်းသား ခါတ်ပရမတ်တို့မှာ၊ တစိုးတစိ၊ ကေသဂ္ဂမျှမရှိမှုကို၊ ကြပ်ကြပ်ကြီး သိကြ၍၊ မပဇာ မအဝှါတို့ သတိရခါ၊ ပြုံးရယ်ကြတာနှင့်တူလှ၏။ထန်းသမား, ဆရာပညာရှိ၊ကိုပဏ္ဍိက၊ ခင်ဗျားတို့ မဟုတ်မရသည်ကို၊အဟုတ်-အရ လုပ်ကြံမိသည့်နေရာက၊ကျွန်တော့်အထံသို့ကျအောင် လမ်းတလျှောက်လုံးတို့မှာ၊ဆဲရေးသတ်ပုတ်၊ကုပ်ဖဲ့ရန်များ၊ ဒုက္ခတွေပွါးခဲ့ရသလို၊ သက္ကာယဒိဋ္ဌိစခန်းကို၊ဖြောင့်တန်းစွာ ပေါက်ရောက်ပြီးဖြစ်ကြပါသော။ (မပဇာ-မအဝှါ) ပမာဟပ်သည့် ယောဂီမြတ်

ဖျား၊ ယောကျ်ား,မိန်းမ၊ ရှင်ရဟန်းစသည်တို့သည်လည်း၊ ရှေ့အဘို့က မသိကြသည့်အတွက်၊ ထိုထိုအကောင် အထည်တို့၏အတွင်းသား ခေတ် ပရမတ်တို့မှာ ပုဂ္ဂိုလ်သတ္တဝါ၊ငါသူတပါး၊ယောကျ်ား,မိန်းမ၊ လင်မယား သားသမီးစသည်တို့မရှိကြ။ မဟုတ်ကြပါသည်ကို၊ အရှိ-အဟုတ်လုပ်ကြ၍ စွဲယူကြပြီး၊ ကာမဂုဏ်အမျိုးမျိုးတို့ကိုလည်း လိုက်စား၊ ဒုစရိုက်အမျိုးမျိုး တို့ကိုလည်း မိုက်မှားခဲ့ကြ၍၊ **အပါယ်ထောင်– သံသရာထောင်** ထဲသို့ ကျကြ၍ရှင်း၊ ထို့ထက်မက ကိလေသာဒုစရိုက်တို့ ကြမ်းတန်း ကြမှု၊ **အမိုးရထောင်**၊ မိဘဆွေမျိုးတို့ သဘောတူ လက်မှတ်ထိုး၍ ချကြသော **အိမ်ထောင်**၊ရပ်သူ,ရွာသား, ဆရာသမားစသည်တို့ပါ သဘောတူ လက် မှတ်ထိုး၍ ချကြသော **ကျောင်းထောင်**၊ တူ-တူမ-မြေး၊ ကလေးသူငယ်၊ အတွယ်တာခုခုတို့၏ သံယောဇဉ် ခင်တွယ်မှု အရှုပ်နှင့်၊ အကျဉ်းချုပ်ခံနေ ရသော အပျိုကြီး, လူပျိုကြီးများမက သံယောဇဉ် လွတ်ခွင့်ရနေသော မုဆိုးဖို-မုဆိုးမ၊ဘုရလပ်၊ရသေ့- ရဟန်း၊ဘိုးသူတော်၊ မယ်သီလစသည် အရပ်ရပ်တို့ မပြတ်ချအပ်သော **သံယောဇဉ်အချုပ်ထောင်** တို့ အထဲသို့ ကျကြ၍ရှင်း၊အပါယ်ဒုက္ခ၊သံသရာဒုက္ခ၊လင်မယား-သားသမီးဒုက္ခ၊တပည့် တကာ- ဆရာစသည်တို့ ဒုက္ခ၊ မမာကျန်းသည့်အရေး၊ ဘေးအဘန်တန်၊ ရန်အမျိုးမျိုး၊ အခိုးအဝါး အနှောင့်တို့နှင့်၊ နှိပ်စက်သမျှ ဘေးဒုက္ခတို့ကို၊ ရှေ့ အဘို့က တခံထဲ ခံခဲ့ကြရပါလျက်၊ ထန်းတက်သမားပမာ၊ အရှင် ဂေါတမဘုရားသာသနာတော်အတွင်း ခြေတော်ရင်းသို့၊ ဝိဋ္ဋိဝိသုဒ္ဓိဉာဏ် အလင်း ပေါက်ရောက်ကြကာ ဆိုက်ရောက်လာကြသော ယောဂီ ဆရာ တို့ကား၊ဒုက္ခတွေပွါးလာသော မပဇာတို့နှင့်တူလှ၏။

ထန်းသမား အထံက၊ နောက် မုံရွာသို့ ရောက်တော့လည်း မကျေပါ၊ မအူရွာ ပြန်ကာရောက်ခါမှ၊ ကမ္ဘာ ရန်ဘေးအစစ်ကြီးများ ဖြစ်သွားဘို့ ဧကန်၊ ရှိနေကြပြန်သလို၊ လမ်းမှန်သည့်တရား၊ သက္ကာယ ဒိဋ္ဌိ ကင်း ကြောင်း၊ ဤဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကောင်းကြီးများ၊ ထန်းသမားဆရာ၊ အရှင် ဂေါတမ သာသနာတော်ကြီးနှင့် တွေ့ကြုံကြရပါလျက်၊ တမဂ် တဖိုလ် ကိုပင် မတက်ကြရသော်လည်း ပညတ်, ပရမတ်ခြားနား၍၊ ဒိဋ္ဌိ ဝိသုဒ္ဓိ ပေါက်ရောက်သွားသော ယောဂီမြတ်အစားအဖြစ်က၊ ဝိပဿနာဉာဏ်– အတန်တန်စခန်းသို့၊တက်လှမ်းနိုင်ကြလောက်သောဘဝ-အခါ၊သာသနာ ကောင်းကြီးများနှင့် တွေ့ကြုံကြရပါလျက်၊ တနေ့တခြား တိုးတက် သွားအောင် ဘုံဆိုင်အရေးကို အလေးမမူကြဘဲ၊ ကိုယ်ပိုင် အရေး အစစ်

တို့ကိုသာ၊ စိတ်ရောကိုယ်ပါ- အားမသစ်ကြရဘဲ၊ ရိပ်ကနဲနောက်သို့ဆွဲလိုက်ပါမူ၊ ကြိတ်ကနဲ ဖေါက်လွှဲကာ၊ ငါ-သူတကာ- ဆရာတပည့်များ၊ လင်မယားနှင့်၊ သွီးသားအာရုံ၊ ကာမဂုဏ် အသွယ်သွယ်၊ ပညတ်နယ် အစားစားတို့ကို၊ ဒိဋ္ဌိကြီးတွေ အမှားမှား၊ ဘုံဆိုင် အလုပ်ကြီးတွေ အစားစားနှင့်၊ ကားကနဲ,ကားကနဲ- အပါယ်ပေါက်သို့ချည်း ထွက်ပေါက်မရှိအောင် ကျရောက်ကြဘို့ အရေး ဘေးကြီးတွေအနန္တ ဝိုင်းအုံသျက်ရှိနေကြသည်နှင့် တူလှ၏။ ။ဤသို့ (မပဇာနှင်–မအဒ္ဓါ) တို့အား ရှေ့အပြစ်, နောက်အပြစ်များကိုပြလျက်၊ဆုံးမသောအခါမှာမှ၊ သက်ဆုံးတိုင်ကြေအေးလှ၍ သွားကြသလို၊ ၎င်း ဒိဋ္ဌိ ဝိသုဒ္ဓိအလုပ်ကြီး ပြီးမြောက်သောယောဂီမြတ်တို့၊ ဝိသုဒ္ဓိဉာဏ် အစဉ်အတိုင်းအားထုတ်ကြ၍၊ အနဂ္ဂ အလုပ်ကြီးအဆုံးတိုင် ပြီးစီးအောင်မြင်သော အခါမှာမှ၊ အဏ္ဏဟု စွဲလမ်းသောသက္ကာယဒိဋ္ဌိကြီးတို့ကို၊ သမုစ္ဆေဒပဟာန်ဖြင့်၊ အကြွင်းအကျန်မရှိ၊ ပယ်ဖျက်ဘိ၍၊အတွင်းရှိ ခတ်ပရမတ်တို့မှာ၊ပုဂ္ဂိုလ်,သတ္တဝါ၊ ငါ-သူတပါး၊ ယောကျ်ားမိန်းမစသည်တို့မျှမရှိကြပါဘဲကို၊အဘယ်မှာ ပုဂ္ဂိုလ်,သတ္တဝါ၊ သူ-ငါ စသည်တို့သေမူ၊ပြတ်မှု ဥစ္ဆေဒ၊ မပြတ်မှု သဿတ–သဘောတို့ရှိနိုင်ကြတော့အံ့နည်းဟု နိဗ္ဗာန်တိုင်ကြေအေး၍၊ ဘေးအပေါင်းကင်းဝေးလှသော သန္တိသုခ နိဗ္ဗာနသို့ရောက်ကြရလေသည်နှင့်မူ၊ အလွန် တူလှ၏။ ။ဤသို့သက္ကာယဒိဋ္ဌိ အယူရှိသော သူတို့သည်၊သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့လည်း အယူရှိကြကုန်၏။သက္ကာယဒိဋ္ဌိအယူများ၊ ပဟာန်အစားစားနှင့် ပယ်ရှားပြီးသား ယောဂီများတို့သည်၊သဿတဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိအယူများကိုလည်း ပဟာန် အစားစားတို့နှင့် ပယ်ရှား နိုင်ကြောင်းများကို၊ ကောင်းကောင်းကြီး သိရှိတော်မူကြပါစေသတည်း။

## (၁၉) အ-နှ–ထိုင်း–ရှိုင်းသူတို့ပါ၊ သဿတ ဥစ္ဆေဒဒိဋ္ဌိသိရှိကြပြီး ဘဝကူးအရှုပ်အထွေးကြီးများကိုလည်း ရှင်း၍ပြချက်

ပန၊ ခတ်မပေါက်ငြား သူတို့အားလည်း၊ ဤ အခက် တရားကြီးတွေများ၊ သိသာ ထင်ရှားရန်အချက်ကို ဆက်၍ဆိုဦးအံ့။ ခတ်မပေါက်ကြသော အများသူတို့ပါ၊ အမှန်ကိုသိကြရသည့် သုတမယ ဉာဏ်ပညာဖြင့် သိလိုကြပါသေးမူ၊ ၎င်း သဿတ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတို့အချက်၊ ဘဝသံသရာကြီးတို့ ဆက်လက်နေကြမှုများကို ဗဟုဿုတနည်းပါး ကြသော

တို့ဗုဒ္ဓဘာသာ လူမျိုးများပင်၊သတ္တဝါတွေ သေလျှင် တဘဝက-ဘဘဝ သို့ အသက်ကလေး သွားသည်၊ ဝိညာဏ် ကလေးသွားသည်၊ လိပ်ပြာ ကလေးသွားသည်၊ငါကောင် သူကောင်ကလေးများသွားသည်၊ ဖို **လက်သွမ်းသသွယ် ငြည်ဏ်သွယ်**ဟု ရှေးဆိုးရိုး စကားအတိုင်း၊ သတ္တဝါ တွေသေခါနီးမှာ၊ တဘဝက အမိကိုရှာ၍ရမှ၊ ဤဘဝဟောင်းကိုလွှတ်၍၊ ဟိုဘဝသစ်သို့ သွားကြသည်။ ဤဘဝမှာ ကုသိုလ်, အကုသိုလ်များကို ပြုသော ငါကောင်ကြီးပင် နောက်ဘဝသို့ သွား၍ ကောင်းကျိုးကို ခံရ မည်။ မကောင်းကျိုးကိုခံရမည်စသည်ဖြင့် ပရမတ်စစ်စကား သက်သက် ကို ပြောကြားသောအချက်၌၊ သဿတဒိဋ္ဌိအယူကို များစွာယူကြသူတို့ကို မဆိုထားနှင့်ဦး၊ ဗဟုသုတများသော ပညာရှိကြီးတို့ပင်၊ ဤအရာ၌ အဖြေခက်၍ နေကြရသည်ကား၊ သတ္တဝါတွေသေလျှင် တဘဝသို့ ဆက် လက်၍ သွားကြသည်ဟုယူလျှင် မြန်မာခေါ်အဓိပ္ပါယ်ကျ **ဆက်မှား**၊ပါဠိ ခေါ် **သဿတ-ဒိဋ္ဌိ**ဖြစ်၏။ တဖန်သတ္တဝါတွေ သေလျှင် နောက်ဘဝသို့ မကူးမဆက်– မစပ်ရှက်ဘဲ၊ ဤ ဘဝတွင်သာ ပြတ်၏ ဟု ယူပြန်ပါလျှင် လည်း မြန်မာခေါ် **ပြတ်** မှား၊ ပါဠိခေါ် **ဥစ္ဆေဒဒိဋ္ဌိ**ဖြစ်နေပြန်၏။ တဖန် သတ္တဝါတွေသေလျှင် ၎င်း ဒိဋ္ဌိနှစ်ပါးမှ လွတ်ကြအောင် ဆက်သည် လည်း မဟုတ်-ပြတ်သည်လည်း မဟုတ်ဟုဆိုပြန်ကလည်း၊မပြတ်တပြတ် ကလေးသာ ဖြစ်လေရာ၏ဟု ယူမှားရာကျသောကြောင့်၊ မြန်မာခေါ် **မျှသွင့်သော အယူမှား**၊ ပါဠိခေါ် **အမရာ ဝိက္ခေပဒိဋ္ဌိ** ဖြစ်နေ ပြန်သော ကြောင့်၊ ၎င်း ဒိဋ္ဌိသုံးပါး အမှားသုံးချက်တို့ကိုလည်း ဇကန် မှားသည်ဟု အများသူတို့ဉာဏ်မှာ ထင်မြင်လာအောင် ဖြေရှင်းရန် အတွက်၊ မည်သို့ ယူမှ အမှန်ကျသည်များကိုလည်း အများသူတို့ ဉာဏ်မှာကြောင်ကြောင် ကြီးထင်မြင်လာအောင် ဖြေရှင်းရန်အတွက်၊အင်မတန်မှ ခက်လှ, နက်လှ သော ဤအချက်ကြီးတခုမှာ၊ အနံ့စွအလုပ်ကို ဟောရာကျတော့လည်း လွယ်ကူကြပါအောင် **ယမ်းစနက်မီး ဥပမာဖြင့် ထင်ရှား သိသာအောင် ပြုပုံကား၊—**

လှည်းများ,ရထားများသွားသောအခါ၊လွင့်တက်လာသောမြူကို ရထ ရေဏုမြူဟုခေါ်၏။ ဤရထရေဏုမြူလောက် သေးငယ်အောင် ဉာဏ်ဖြင့် ဖြစ်စေ ယမ်းကိုကြိတ်၍၊၎င်းယမ်းမှုန့်ကလေးတမှုန့်ကို ပန်းခံပြားကလေး ပေါ်မှာထားပြီးလျှင်၊ မီးကလေးနှင့် ရှို့လိုက်၍၊ ၎င်း ယမ်းမီးတောက် ကလေးတောက်ရာမှ၊ဝဲ ယာ-ရှေ့-နောက်၊အထက်-အောက် အရပ်တို့သို့

ဆောလျင်စွာ ယူဆောင်စေကာမူ၊ယူဆောင်ရာသို့ ၎င်း ယမ်းမီးတောက်ကလေး ပါလည်းမပါနိုင်ရာ၊ ထိုနေရာမှာလည်း မတည်နိုင်ရာ။ စင်စစ်မှာမူကား၊ ထိုနေရာ၌ပင် ဖြုတ်ကနဲ သေပျောက်ချုပ်ငြိမ်း၍ သွားရာသည်ကို မျက်စိဖြင့်လည်း မြင်နိုင်ရာ၏။ ဉာဏ်ဖြင့်ကြံ၍ ကြည့်လည်း, ထင်မြင်နိုင်ရာ၏။ဝါ၊မိမိတို့ဉာဏ်မှာ ၎င်းမီးတောက်ကလေး ဘယ်ကိုမှ ရွေ့မပါနိုင်။ တည်လည်း မတည်နိုင်ပြား၊ ချုပ်ပျောက်၍ သွားသည်ကိုပင် ကြောင်ကြောင်ကြီး ထင်မြင်လာအောင်၊ မကြာမကြာ အခါခါဆင်ခြင်၍ ကြည့်ကြပါလေ၊ယောဂီမြတ်တွေတို့။ဤယမ်းမီးတောက်ကလေးအရွေ့ အထားမခံ ဖြစ်ပျက်မှု မြန်တာကို၊ဉာဏ်မှာ အဟုတ်ထင်မြင်က အခက်ဆုံးဖြစ်လှသော **သဿတ- ဥစ္ဆေဒ- အမရာဝိက္ခေပဒိဋ္ဌိတို့** ပျောက်ကင်းရုံမက၊ ဝိပဿနာ ဉာဏ်တို့ပင် အလွယ်နှင့် ထင်မြင်နိုင်ကြကုန်ရာ၏။ ။ဤယမ်းမီး အရွေ့အထားမခံနိုင်တာကို ထင်မြင်လာပြီးနောက်၊ ၎င်း ရထရေဏုမှုန်လောက် ယမ်းမှုန့်ကလေးတွေကို **အနီ-အဝါ-အပြာ-အစိမ်း**ဆိုး၍၊အစဉ်အတိုင်းအမှုန့်ချင်းထိစပ်ဆက်သွယ်ကာ ယမ်းစနက် အတန်းရှည်ကြီးများ ပြုလုပ်ထားပါ၍၊အစ ယမ်းနီမှုန့်ကစပြီး မီးရှို့လိုက်ရာ၊ဆေးဆိုးထားသော ယမ်းမှုန့်အစဉ်အတိုင်း၊မီးနီ,မီးဝါ,မီးပြာ,မီးစိမ်း,၊မီးနီ,မီးဝါ,မီးပြာ,မီးစိမ်းတွေ ဆက်လက်တောက်ထွန်း သွားကြလိမ့်မည်များကို အဟုတ်ရှိမီးကို မျက်စိဖြင့်လည်းမြင်နိုင်ရာ၏။ ဉာဏ်ဖြင့်လုပ်ကြံ၍ ကြည့်လျှင်လည်း သိမြင်နိုင်ကြရာပုံမှာ။ ပြောင်- ရထရေဏုမှုန်လောက် ယမ်းတမှုန့်မီးတို့ အရွေ့အထားမခံကြသလို၊ဆေးဆိုး၍ဆက်လက်စီတန်းထားသောရထရေဏုမှုန့် ယမ်းမှုန့် မီးတို့လည်း အရွေ့အထားမခံကြဘဲ၊ မီးနီ, မီးဝါ, မီးပြာ, မီးစိမ်း စသည်ဖြင့် သူ့ယမ်းမှုန့်တွင်သာ သူ့မီးတို့ သေပျောက်ကြသည်ကိုလည်း ဉာဏ်ဖြင့် ကြောင်ကြောင်ကြီး မြင်ကြကုန်ရာ၏။ နောက် ယမ်းအဆက်ဆက်တို့လည်း ထိစပ်နေကြသဖြင့်၊ နောက်မီးအဆက်ဆက်တို့ တောက်ထရုံမျှသာ ရှေ့ယမ်းမီးတို့က မိမိတို့ မလိုက်ကြဘဲ၊ မီးစွဲစေ, လောင်စေ, တောက်စေမှုနှင့် အကြောင်းပြုလိုက်ကြ၍၊သူ့ယမ်းနှင့်သူ့မီးတို့သက်သက် ဆက်လက်တောက်လောင် သွားကြသည်ကိုလည်း၊ ဒုအသည်းထဲကပါ လှိုက်လှိုက် လှဲလှဲကြီး သိမြင်ကြကုန်ရာသတည်း။

ဤယမ်းစနက်မီးမှာ အကြောင်းအကျိုးနှင့်တကွ လိုရင်းဆုံး အချုပ်ကို သိကြရဘို့ကား၊ ယမ်းနီ, ယမ်းဝါ, ယမ်းပြာ, ယမ်းစိမ်းတို့ ဆက်လက်၍ ထိထားရာမှာ မီးရှို့လိုက်သောအခါ၊ယမ်းနီမီးက ယမ်းဝါစသည်သို့လည်း

အနည်းငယ်မျှ ကြေ့နှ့မလိုက်ကြချက်။ နောက် ယမ်းမီးတောက် ထ,ရန် အကြောင်းလည်း ကြေနမကင်းချက်တို့ကို သိမှုသည် လိုရင်းဆုံး အချက်ကြီးပေတည်း။ ဤအချက်ကြီးများကို နှုတ်ဝယ်ရွရွ ရမိထားကြရန်ကား၊ ရှေ့ရှေ့ **ယမ်းမီးက၊ နောက်နောက်ယမ်းမီးသို့လည်းမလိုက်၊ အကြောင်းအကျိုးလည်း မပြတ်** ဟု ခြားနားအောင် ရှုပြီးမှ၊ ယမ်းနှံမီးက ယမ်းဝါ စသည်တို့သို့ အဘယ့်ကြောင့် မလိုက်မှန်းကိုသိရသနည်းဟု မေးမူ၊ စစဦး ယမ်းနှံကို လောင်သည့် မီးနှံချည်းဆက်၍ တောက်သွားတာ မမြင်ပါ သောကြောင့်တည်းဟု ဖြေရပေလိမ့်မည်။ ထိုသို့ပင် ရှေ့ယမ်းမီးတို့က မလိုက်ကြသော်လည်း၊ နောက် ယမ်းမီးတောက် ထ,ရန် အကြောင်းခံတို့ကားမကင်းဟု အဘယ့်ကြောင့် သိရသနည်းဟုမေးမူ၊ မီးနှံက ယမ်းနှံအကုန်တွင် နောက် မီးမသေပျောက်ဘဲ၊ နောက် ယမ်းတွေလည်း ရှေ့ယမ်းမီးက အကြောင်းရ၍၊ ဆက်လက်တောက်ထ သွားကြသည်ကို တွေ့မြင်ရသောကြောင့်တည်းဟု ဖြေရပေလိမ့်မည်။ ဤသို့ အကြောင်း အကျိုးနှင့်တကွ လိုရင်းဆုံးအချုပ်ကြီးများကို ထင်ရှားသိထားပြီးသားဖြစ်အောင် ဤယမ်းစနက်မီး ဥပမာမှာ၊ မကြာမကြာ အခါခါ ကြံစည် ရှုကြည့်၍၊ ခြားခြား နားနားကြီး သိရှိပြီးသား ယောဂီများတို့မှာ၊ ရှေ့က ပြခဲ့သည့် အမှား သုံးချက်တို့ကိုလည်း ထင်ရှားစွာ **သိနိုင်ကြကုန်ရာ၏**။

**သင်္ခိုဏ်ာသာ**၊— ရှေ့ယမ်းနှံမီး စသည်က နောက်ယမ်းဝါ စသည်သို့ ဆက်လက် လိုက်ပါသည်ဟု- ဆိုလာသူကို၊ ရှေ့ယမ်းနှံမှာ ရှိရင်းမီးနှံ စသည်တွေ့, ဆက်လက်၍ မပါလေသည်ကို၊ဆက်လက်၍ပါနေသည်ဟု ထင်မြင်ချက်သည်ပင်လျှင် အမှားအစစ်ဖြစ်လေသောကြောင့် **ဆက်မှား-သဿတဒိဋ္ဌိ** ဖြစ်လေ၏ဟု သူတပါးတို့ပြောစကားကို မှတ်ထားကြသည်နှင့် မဆိုင်၊ မိမိတို့ ကိုယ်ပိုင်ဉာဏ်နှင့်ပင် သူတော်စင် အများတို့လည်း သိမြင်ပြောကြားနိုင်ကြကုန်ရာ၏။ ဤကား ပဌမယမ်းမီး ဥပမာတည်း။

တဖန်-ရှေ့ယမ်းနှံမီး စသည်တို့သည်၊ နောက် ယမ်းဝါမီး စသည်တို့နှင့် ဘာမျှမစပ်ကြဘဲ၊ ရှေ့ယမ်းနှံ စသည်ထဲမှာပင်၊ ၎င်းမီးနှံစသည်တို့ ပြတ်စဲကြလေ၏ ဟု ဆိုလာသူကို၊ ရှေ့က ရှိရင်းယမ်းနှံမီး စသည်တို့က အကြောင်းရမှ၊နောက်ယမ်းဝါမီးစသည်တို့တောက်ကြရသည့်အကြောင်း အကျိုးစပ်နေကြ၍ မပြတ်ပေသည်ကို၊ ပြတ်လေသည်ဟု ထင်မြင်ချက် သည်ပင်လျှင် အမှားအစစ် ဖြစ်လေသောကြောင့် **ပြတ်မှား-ဥစ္ဆေဒဒိဋ္ဌိ** ဖြစ်လေ၏ဟု သူတပါးတို့ ပြောစကားကို မှတ်ထားကြသည်နှင့် မဆိုင်၊

မိမိတို့ ကိုယ်ပိုင် ညာဏ်နှင့်ပင် သူတော်စင် အများတို့လည်း သိမြင်ပြော ကြားနိုင်ကြကုန်ရာ၏။ ဤကား-ဒုတိယ ယမ်းမီး ဥပမာတည်း။

တဖန် ရှေ့ရှိရင်း ယမ်းနိမီး စသည့်တို့သည်၊ နောက်ယမ်းဝါမီးစသည့် တို့ အထဲသို့ ဆက်လက်၍ ဂါသည်လည်းမဟုတ်၊ပြတ်သည်လည်း မဟုတ် ကြဘဲ၊ မပြတ်–တပြတ်သာ ရှိနေကြပါသည်ဟု ဆိုလာသူကို၊ ရှေ့ရှေ့က ယမ်းနီမီးစသည့်တို့နှင့် မပြတ်မစဲကြဘဲ၊ရောစပ်ကြပြီးလျှင် မီးတို့သည်၊နီ, ဝါကြီး၊ နီ,ဝါ,ပြာကြီး၊ နီ,ဝါ,ပြာ,ဖ်မ်းကြီးတို့လည်း မဖြစ်ကြ၊ ရှေ့ရှေ့က မီးနီ စသည့်တို့၏ အကြောင်းနှင့်လည်း မပြတ်မကင်းကြ သောကြောင့် **မျိုးသွင်သောအယူမှား၊အစေးစဉ်ကွေးပဒိဋ္ဌိ** များဖြစ်လေ၏ဟူ၍၊သူတပါးတို့ ပြောစကားကို မှတ်ထားကြသည်နှင့်မဆိုင်၊ မိမိတို့ကိုယ်ပိုင် ဉာဏ်နှင့်ပင် သူတော်စင် အများတို့လည်း သိမြင်ပြောကြားနိုင်ကြကုန်ရာ၏။ ဤကား- တတိယ ယမ်းမီး ဥပမာတည်း။

ဤယမ်းစနက်မီးဥပမာမှာ၊ အမှန်ကိုကောန်သိက အမှားသုံးချက်တို့ကို လည်း ကိုယ်ပိုင်ဉာဏ်နှင့်ပင် သိမြင်ရသလို၊ဥပမေယျ စကားရပ်၌လည်း **အမှန်ကို ကောန်သိရန်ကား**၊ ဤလောကကြီး အားလုံးတို့ကို အကျဉ်းဆုံး ပေါင်းရုံးလိုက်ပါက **ပရမတ်နှင့်ပညတ်** နှစ်ပါးမျှသာရှိ၏။ ဤပရမတ်ကို အကျဉ်းနည်း ပြားလိုပြန်မူ။ **ရုပ်နှင့်-နာမ်** နှစ်ပါးသာ ရှိ၏။ ထိုပညတ် ကိုလည်း အကျဉ်းနည်းနှင့် ဒိဋ္ဌိအလုပ် ပယ်နုတ်နိုင်ရန် ပြားလိုက်ပြန်မူ၊ ကာလတူ ပရမတ်တွေ တပေါင်း တစုတည်း ဖြစ်ပေါ် လာနေကြသော အခါတိုင်းတို့မှာ၊ဘွားကနဲဘွားကနဲ အကောင်ကြီးတွေ,အထည်ကြီးတွေ အမြဲထင်မြင်နေကြရသောထိုထိုပုံသဏ္ဍာန်တည်းဟူသော**သဏ္ဍာနပညတ်** ၎င်းအကောင်,အထည်ကြီးတို့အတွင်းမှာ၊ရှေ့နောက်ပရမတ်တွေ အပြည့် အပြည့် ဆက်လက်၍နေကြသဖြင့် ဘယ်ရွေ့ဘယ်မျှ တည်နေကြသည်ဟု ထင်မြင်ရသော ရှေ့နောက်အစဉ် တည်းဟူသော **သန္တတိပညတ်**နှစ်ပါး သာ ရှိ၏။ ၎င်းပရမတ်, ပညတ်တို့ အဆုံးသတ်ကား၊ အထင်ခံ, အမြင်ခံ အားဖြင့် မွေးဖွားလာသော မိန်းမ, ယောကျ်ား တည်းဟူသော သဏ္ဍာန ပညတ်များတို့သည် အစဉ်သန္တတိ ပညတ်များနှင့် ဆက်လက်၍ သွား နေလိုက်ထာ သေသောအခါ ခေါင်းထဲ စသည့်တို့မှာ ပုပ်ရိသွားသော အခါမှ အစတိုး, အဆုံးသတ်ကြ၍၊ နောက်ဘဝ သို့ မသွားနိုင်ကြသည် ကိုလည်း တပ်တပ် ထင်ထင် သိမြင်နိုင်ကြကုန်ရာ၏။ ။အမိဝမ်းထဲက ဖြစ်ပေါ်လာကြသော အရေ, အဖတ်၊ ရုပ်ကလာပ်စုတို့ကလည်း၊သုသာန်

စသည်တို့၏ မြေထဲ, မီးထဲတို့မှာ အစတုံး၍ အဆုံးသတ် ကြကုန်၏။ နောက်ဘဝသို့ မသွားနိုင်ကြသည်ကိုလည်း တပ်တပ်, ထင်ထင် သိမြင်နိုင်ကြကုန်ရာ၏။

အသက်ထင်နေကြသည့် နာမ်ဝိညာဏ်တို့ မှုကား၊ ရုပ်နာမ်, ပရမတ်တို့၏ ဥပါဒ်–ဌီ–ဘင် သဘောသွားကို အတော်အတန် သင်ကြား နာခံဘူးသူတို့ဖြစ်မူကား၊သတ္တဝါအများ အသက်ထင်ထားသည့် နာမ်ဝိညာဏ်က ရုပ်တို့ထက်ပင် စိတ္တက္ခဏ (၁၆)ချက်၊ ခဏငယ် (၄၈)ချက် အသက်တိုကြောင်းကိုသိရှိကြပြီးသား ဖြစ်သောကြောင့်၊နောက်ဘဝသို့ လိုက်နိုင်သွားနိုင်မှာဝေးစွ၊ သုသာန်သို့တောင် မပါကြဘဲ၊ အိမ်ထဲတွင်သာ အစတုံး၍ အဆုံးသတ်ကြကုန်၏။ သုသာန်သို့မပါကြောင်း သက်သေကား၊ သုသာန်သို့ အသက်ထင်နေကြသည့် နာမ်ဝိညာဏ်တို့ မပါလို့သာ မိဘ, ဆွေမျိုးများက မီးဖုတ်ကြ,မြေမြှုပ်ကြတာတွေဟာ မပါကြောင်း အလွန်ထင်ရှားသော သက်သေပါတည်း။ ။ထိုသို့ပင် ထင်ရှားသော်လည်း ရုပ်နာမ်,ပရမတ်,ပညတ်တို့ သဘောသွားကို သုတ္တန်နည်းအရ၊ အဘိဓမ္မာနည်းအရတို့နှင့်၊ (တနည်း) သမ္မုတိသစ္စာနည်း, ပရမတ္ထသစ္စာ နည်းအရတို့နှင့်၊ (တနည်း) ပုဂ္ဂလဓိဋ္ဌာန်နည်း, ဓမ္မဓိဋ္ဌာန်နည်း အရတို့နှင့် အရာဌာနသို့ လိုက်၍ ဘုရားရဟန္တာ၊ အဋ္ဌကထာ, ဋီကာ ဆရာတို့ ဟောပြောပြသရေးသားကြသော အချက်များကို မစဉ်းစားဘဲ၊ဗဟုသုတနည်းပါးသူတို့က ရှေ့ဘဝက ရုပ်သေကောင်းကြီးများကသာ တဘဝသို့ ဆက်လက်၍ မလိုက်မသွားနိုင်။ အသက်အရှင် နာမ်ဝိညာဏ်တို့ကား၊ ထိုထိုဘဝတပါးသို့ ကျင်လည်ပြောင်းသွားနိုင်၏ဟု အယူရှိကြပုံမှာ၊နာမ်အသက်ဝိညာဏ်အရှင်ဖြစ်သူတို့မှသာ၊ရင်းအသက် ဝိညာဏ်တို့ဖြင့် အဆင်းအမျိုးမျိုးတို့ကို ကြည့်မြင် ကြံသိတတ်ကုန်၏။အသံစကား အမျိုးမျိုးများကိုလည်းပြောဆိုတတ်၊ နားထောင် ကြားသိ ကြံစည်တတ်ကြကုန်၏။အနံ့ အမျိုးမျိုးများကိုလည်း နမ်းရှုကြံသိတတ်ကြကုန်၏။အရသာ အမျိုးမျိုးများကိုလည်း စားသောက် ခံစားတတ်ကုန်၏။ အတွေ့အမျိုးမျိုးများကိုလည်း တွေ့ထိခံစားတတ်ကုန်၏။သဘောအမျိုးမျိုးများကိုလည်း ကြံစည်တွေးတောတတ်၊ သိမြင် အောက်မေ့တတ်ကုန်၏။ဤအာရုံအမျိုးမျိုးတို့ကို သိတတ်,ခံစားတတ်သောအသက်အရှင် နာမ်ဝိညာဏ်တို့သည်၊ဤဘဝမှိုကွဲ၊ခန္ဓာစဲလျှင်၊သိုသိုလူ,နတ်,ဗြဟ္မာ ပါယ်လေးရွာ ဘဝသစ်များသို့ ရွှေ့ပြောင်း ဆက်လက်၍ သွားနိုင်ကြ၏ဟု အယူရှိသူ အများတို့ကိုပင် ထင်ရှားစွာ တွေ့မြင်ကြရ

ကုန်၏။ ၎င်းတို့ထင်မြင်ကြသော အလွန်ဝေးကွာသည့် လူ, နတ်, ဗြဟ္မာ၊ ပါယ်လေးရွာသို့ ရောက်အောင် အသက်ထင်သည့် နာမ်ဝိညာဏ်က သွားနိုင်မည်–မသွားနိုင်မည်များကို ထင်ရှားစွာ အတိအလင်းနှင့် ဉာဏ်သိတွေ့ အကုန်လုံးရှင်းကြအောင် **ဉာဏ်သွင်း၍ရှုကြမိုကား**၊......

သတ္တဝါအပေါင်းတွေ အသက်ဟု ထင်နေကြသော (၆) ဒွါရတို့ဖြင့် မြင်သိသမျှ၊ကြားသိသမျှ၊နံသိသမျှ၊လျက်သိသမျှ၊တွေ့သိသမျှ၊ကြံသိသမျှ သော**နာမ်ဝိညာဏ်**တို့သည် ဝေးကွာနေသော လူ့ပြည်မှ နတ်ပြည်စသည်သို့ သွားနိုင်ကြမည်ကား ဝေးစွ၊ ဝါးတပြန်မျှ ခရီး၏ အစက– အဆုံးကျ အောင် ရွေ့ပြောင်း၍ မပါနိုင်ဘဲ၊ ရှေ့ရှေ့ ခြေလှမ်းတိုင်းမှာပင် သူ့ခြေလှမ်းနှင့် သူ့သိလုံးဟူသမျှတို့ တဖြုန်းဖြုန်းပျက်စီး၍ လိုက်နေကြသည်ကို၊ ကိုယ်တွေ့ဒိဋ္ဌ သိရှိနေကြသောကြောင့်၊ နာမ်အသက် ဝိညာဏ် အရှင် ထင်နေကြသည့် ပရမတ္ထ တရားအစစ်တို့ကလည်း ကောင်း တဘဝသို့ မလိုက်ပါဘဲ၊ အိမ်ထဲတွင်သော ဝိညာဏ်တုံး၍ အဆုံး သတ်ရကုန်၏ဟု တပ်တပ်,ထင်ထင် သိမြင်ကြကုန်ရာ၏။ ။ဤရုပ်နာမ်မှတပါး ပညတ်တရား တို့ အထဲက တဘဝသို့ လိုက်ပါနိုင်ကြတာ မရှိကြပါသော်လည်း၊ အမှား ကိုသာ အထူးထူးကြံဖန်၍ သိကြသည့် ဒိဋ္ဌိတို့သည်ကြံဆအပ်သော ထိုထို သတ္တဝါ ခန္ဓာတို့အတွင်းမှာ မပျောက်မပျက်ကြဘဲ **အမြဲတည်နေနိုင်သည့် နိဝါသီ**တည်းဟူသောအနှစ်သာရ ငါဖြစ်ကြသည့်အတ္တ၊ထိုထိုအမှုကိုပြုနေ တတ်သည့် **ကာရက** တည်းဟူသော အနှစ်သာရ ငါဖြစ်ကြသည့် အတ္တ၊ ထိုထိုအာရုံ အရသာတို့ကို **ခံစားတတ်သည့်–ဝေဒက**တည်းဟူသော အနှစ် သာရ ငါဖြစ်ကြသည့်အတ္တ။ခပ်သိမ်းကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို **မိမိအလိုသို့ လိုက်စေတတ်သည့်–သယံဝသီ** တည်းဟူသော အနှစ်သာရ ငါဖြစ်ကြသည့် အတ္တစသည်တို့သည်၊ ရုပ်နာမ်တို့၏ အတွင်းမှာလည်း အနဲအကျဉ်းမျှ အလျဉ်းမရှိကြ။ရုပ်နာမ်တို့မှအပ ရှေးကပြခဲ့သည့် သဏ္ဌာန နိမိတ်,သန္တတိနိမိတ်, ပညတ်ရိပ်တို့နှင့် ထင်မြင်နေကြရသော သူကောင်– ငါကောင်၊မိန်းမကောင်– ယောကျ်ားကောင် စသည်အရိပ်ရိပ်,ပညတ္တတို့ မှာလည်း အနည်းငယ်မျှ မရှိကြသော်လည်း၊ထိုရုပ်နာမ် နှစ်ပါးတို့ကို အမှီ ပြု၍ဖြစ်သော အကောင်အထည်, ပုံသဏ္ဌာန် နိမိတ်ပညတ်ရိပ်၊ရှေ့နောက် အစဉ်သန္တတိနိမိတ် ပညတ်ရိပ်တို့ကိုစွဲ၍ အလွဲကြံစည်ကာမျှ ဖြစ်သော ကြောင့် ဘဝသစ်သို့ လိုက်ပါနိုင်သော ပညတ် တရားတို့လည်း စင်စစ် အဟုတ်၊ထင်ရှားမရှိကြကုန်။ မရှိကြောင်းကို။......

**အသာရကဋ္ဌေနာတိ အဋ္ဌာ - နိစ္စါသီ- ကာရကော- ဝေဒကော**
**သယံဝသီတိ ဇိဝံ ပဒိကပ္ပိတဿ အတ္တသာရဿ အဘာဝေန။**

အသာရကဋ္ဌေနာတိ၊အသာရကဋ္ဌေန ဟူသည်ကား။နိစ္စါသီ၊မပျောက်မပျက်ဘဲ အမြဲတည်နေနိုင်သော။ အတ္တာ၊ အနှစ်သာရ ငါဖြစ်သည့် အတ္တသည်ရင်း။ကာရကော၊ထိုထိုအမှုကို ပြုနေတတ်သော။အတ္တာ၊အနှစ်သာရငါဖြစ်သည့် အတ္တသည်ရင်း။ဝေဒကော၊ထိုထိုအာရုံ အရသာတို့ကို ခံစားတတ်သော။အတ္တာ၊ အနှစ်သာရ ငါဖြစ်သည့် အတ္တသည်ရင်း။ သယံဝသီ၊ မိမိအလိုသို့ လိုက်စေတတ်သော။ အတ္တာ၊ အနှစ်သာရ ငါဖြစ်သည့် အတ္တသည်ရင်း။ အတ္ထိ၊ ရှိ၏။ ဣတိ ဒွင်၊ ဤသို့။ ဝါ၊ ဤလို၊ ဤပုံ။ ပရိကပ္ပိတဿ၊ အချားကိုသာ အသူးထူးကြံဖန်၍ သိကြသည့် ဒိဋ္ဌိတို့သည် ကြံဆအပ်သော။အတ္တသာရဿ၊အနှစ်သာရ ငါဖြစ်သည့် အတ္တ၏။အဘာဝေန၊ထိုထို ခါတ် ပရတ်မတ်တို့အတွင်း, ပညတ်တို့အတွင်းမှာ စိုးစဉ်းမျှ မရှိကြခြင်းကြောင့်တည်း။ ။ဟု—ဝိသုဒ္ဓိမဂ် မိန့်တော်ချက်အရနှင့်၊ ရှေ့ကပြခဲ့တိုင်း **တဘာဝသို့ ရင်နာမ်ပညတ်ရေ၊ တခုခုမျှ မလိုက်ကြဟု** ပဌမ အမှန်တချက်ကိုလည်းသိရ၏။ ။ဤသို့မလိုက်ကြလျှင်၊ သတ္တဝါတွေသေလျှင် နောက်ဘဝနှင့် မစပ်ဘဲ၊ပြတ်စဲကြရောလား ဟူငြားအံ့၊သေသော သတ္တဝါတို့မှာ ရှေ့အဘိတ်ဘဝက ပြုခဲ့ကြသော ပါဋ္ဌိခေါ် **ကုသိုလ်ကံ- အကုသိုလ်ကံ၊** မြန်မာ သက်သက်ခေါ် **ကောင်းသောအကြောင်း - မကောင်း သော အကြောင်းနှင့်၊**အနာဂတ်ဘဝ၌ဖြစ်ကြလတ္တံ့သော**အကျိုးတရားတို့ကား မပြတ် စင်ကြ၏**ဟု ဒုတိယ အမှန်တချက်တို့ကိုလည်း ကွက်ကွက်–ကွင်းကွင်းကြီး ထင်မြင်အောင် အခါခါ ဆင်ခြင်ကြပြီးမှ၊ ရှေ့ဥပမာက ပြခဲ့သည့် အမှားသုံးချက်နှင့် အလားတူ၊ ဥပမေယျ အမှား ဟူသမျှတို့သည်၊ သူငါတို့အတွင်းမှာ အတင်းအဓမ္မ မှားချင်တိုင်း မှားနေကြသည်များကို **ဉာဏ်မြင်ထွာတရားနှင့် ထင်ရှားအောင်ပြရန်။—**

ရှေးရှေးဘဝက၊ရုပ်နာမ်,ပရမတ်၊ပညတ်–အတ္တတို့သည်၊ ဘဝသစ်သို့ဆက်လက်၍ ပါနေကြသည်ဟု ထင်မြင်စွဲယူဆိုလာသူတို့ကို၊ ရှေ့ကပြခဲ့သည့်အတိုင်း၊ရုပ်က သုသာန်မှာ အဆုံးသတ်။နာမ်က အိမ်ပေါ်မှာ အဆုံးသတ်။ မသာလောင်းသဏ္ဌာနပညတ်, သန္တတိ ပညတ်ကြီးတို့ကလည်း ခေါင်းထဲတွင်, ပုပ်ရိလာရာမှာ, အဆုံးသတ်ကြသောကြောင့်ရင်း၊ ထိုမှတပါး၊ဘဘဝသို့ လိုက်သွားနိုင်သော "နိစ္စါသီ–ကာရက–ဝေဒက-သယံဝသီ" စသော အနှစ်သာရ အတ္တပညတ်မျှတို့လည်း အမှားကိုသာ,

အထူးထူးကြံဖန်၍ သိကြသည့် ဒိဋ္ဌိတို့၏ အကြံ အစည် အတိုင်းလည်း ထင်ရှားမရှိကြသောကြောင့်ရင်း၊ ဘဝတပါးသို့ မဆက်လက်နိုင်သည့်တို့ ကို၊ဆက်လက်ကာလိုက်ပါနေသည်ဟုစွဲယူထင်မြင်မှားလေသောကြောင့်၊ မြန်မာခေါ် အဓိပ္ပါယ်သွားမှာ (ဆက်မှား၊) ပါဠိခေါ် (သဿတဒိဋ္ဌိ)အစစ် ဖြစ်လေ၏ဟု သူတပါးတို့ ပြောစကားကို မှတ်သားကြသည်နှင့် မဆိုင်၊ မိမိတို့ ကိုယ်ပိုင်ဉာဏ်နှင့်ပင် အများသူတော်စင်တို့ ယမ်းစနက် မီးမှာ ပဌမအချက် ဥပမာနှင့် စပ်ဟပ်ကာ သိမြင်ကြကုန်ရာ၏။ ဝါ၊ သိမြင်ကြ အောင် မကြာမကြာ အခါခါ ကြည့်ရှုကြ ကြံစည်ကြပါလေ သူတော် ကောင်းတွေတို့။

---

## (၂၀) ပြတ်မှားဥစ္ဆေဒနှင့် လူဝင်စားတို့ အရက်ကို ပညာရှိများ သဘောထားဘို့ ပြချက်

တဖန်ရှေ့ဘဝက သတ္တဝါတွေ အသေအသေတွင်၊ ရုပ် နာမ် ပရမတ် ပညတ်တို့ပါ ချုပ်ပျက်ထာကို အမှတ်ထား၍၊ ဘဝသစ်တပါးသို့ ဘာမျှ မလိုက် မစပ်ကြဘဲ၊ ဘဝသစ်ပြတ်ခဲ့ကြကုန်၏ဟု ထင်မြင် စွဲယူဆိုလာ သူတို့ကို၊ ၎င်း ရုပ်နာမ်ပရမတ် ပညတ် အသက်ဝိညာဏ်တို့ ရှေ့ဘာမှာ ချုပ်ပျောက်ကြပါသော်လည်း၊ထိုရှေးရှေးသောဘဝတို့က ပြုခဲ့သမျှသော ကောင်းမှု,မကောင်းမှု၊ ကံအကြောင်းစုတို့ကြောင့်၊ သုဂတိ,ဒုဂ္ဂတိတို့မှာ အသစ်ရုပ်နာမ်ကောင် အကျိုးဝိပါက်တို့ ဖြစ်ပေါ်လာရခြင်း၊ အကြောင်း, အကျိုးတို့ မပြတ်မကင်းကြဘဲ၊ ဖြစ်ပွါးနေကြသည်ကိုပင် ပြတ်သည်ဟု စွဲယူထင်မြင်မှားသောကြောင့်၊ မြန်မာခေါ် **ပြတ်မှား**၊ပါဠိခေါ် **ဥစ္ဆေဒဒိဋ္ဌိ** အစစ်ဖြစ်လေ၏ဟု သူတပါးတို့ ပြောစကားကို မှတ်သား ကြသည်နှင့် မဆိုင်၊ မိမိတို့ကိုယ်ပိုင် ဉာဏ်နှင့်ပင် အများ သူတော်စင်တို့ ယမ်းစနက် မီးမှာ ဒုတိယ အချက် ဥပမာနှင့် စပ်ဟပ်ကာ သိမြင်ကြကုန်ရာ၏။ ဝါ၊ သိမြင်ကြအောင် မကြာမကြာ အခါခါ ကြည့်ရှုကြ ကြံစည်ကြပါလေ သူတော်ကောင်းတွေတို့။

တဖန်ရှေ့ဘဝက သတ္တဝါတွေ အသေတွင်၊ ရုပ်နာမ်ပရမတ် ပညတ် တို့သည်၊ ဘဝသစ်သို့ ဆက်လက်၍ လိုက်ပါကြသည်လည်း မဟုတ်ကြ ကုန်။ပြတ်သည်လည်းမဟုတ်ကြကုန်ဘဲ၊ မပြတ်-တပြတ်သာ ရှိနေကြကုန် ရာသည်ဟု ထင်မြင်စွဲယူပြောဆိုလာသူတို့၏ အယူတို့ကို တည်တံ့သော

အယူဝါဒမရှိကြသောကြောင့်၊ မြန်မာခေါ် **မျှော်လင့်သောအယူများ**၊ ပါဠိခေါ် **အမရာဝိက္ခေပဒိဋ္ဌိ**အစစ်ဖြစ်ကြောင်းကို ဘဝသစ်သို့ ရုပ်နာမ်ပရမတ်နှင့် အတ္တပညတ်တို့လည်း မလိုက်မစပ်ကြဘဲ၊ လုံးလုံးပြတ်စဲသည်ကိုရင်း၊ ရှေးကံအကြောင်းနှင့် နောက်အကျိုး ဝိပါက်တို့လည်း မပြတ်ကြဘဲ၊ ဘဝသစ်နှင့်စပ်တွဲ၍၊ဆက်လက် နေကြသည်ကိုရင်း၊ ရှေးကပြခဲ့တိုင်း သိရှိကြသဖြင့်၊ **မပြတ်-တပြတ် တဘဝနှင့်တဘဝ, တန်းလန်းကြီးတို့လည်း မရှိသည်ကို** အရှိဟု အဓိပ္ပါယ်ကျနှင့် ပြောဆိုစွဲယူ မှားရာကျသောကြောင့်၊ မျှော်လင့်သော အယူရှိသည့် (အမရာဝိက္ခေပဒိဋ္ဌိ) အစစ် ဧကန္တဖြစ်၏ဟု သူတပါးတို့ပြောစကားကိုမှတ်သား၍ ပြောကြားမှုနှင့်မဆိုင်၊မိမိတို့ကိုယ်ပိုင်ဉာဏ်နှင့်ပင် အများ သူတော်စင်တို့ ယမ်းစနက်မီးမှာ တတိယအချက်ဥပမာနှင့် စပ်ဟပ်ကာ သိမြင်ကြကုန်ရာ၏။ ဝါ၊ သိမြင်ကြအောင်မကြာမကြာ အခါခါ ကြည့်ရှုကြ ကြံစည်ကြပါလေ သူတော်ကောင်းတွေတို့။

ဤသို့ငါကောင် သူကောင်တွေ၊ အသက် ဝိညာဏ်အရှင်ကောင်တွေ၊ လိပ်ပြာစသည့်တွေ၊ဘဝသစ်သို့ဆက်လက်ကူးသန်းသွားလာနေကြသည်ဟု ထင်မြင်စွဲယူမှားသော **သဿတဒိဋ္ဌိ** အယူဝါဒကို၊အမှားကိုသာ အထူးကြံဖန်၍ သိရှာကြသည့် ဒိဋ္ဌိတို့၏ ဝါဒ အတိုင်း၊ ငါကောင်, သူကောင်စသော ပညတ်အတ္တတို့လည်း မရှိချက်တို့နှင့်ရင်း၊ ရုပ်နာမ်ပရမတ်တို့ကလည်း ဆက်လက်၍ မလိုက်ချက်တို့နှင့်ရင်း ပယ်ဖျက်ကြလေ။ ။နည်းတထွေမှာ၊ ရှေးက ပြခဲ့တိုင်း သတ္တဝါတွေ သေလျှင် ရုပ်နာမ် ပရမတ်၊ ပညတ်တို့ ဘဝအဆုံးသတ်၊ ချုပ်ပြတ်ချက်ကို သိမြင်တာနှင့် ပြတ်၏ဟု **ဥစ္ဆေဒဒိဋ္ဌိ** အယူဝါဒကိုလည်း ရှေးဘဝက နောက်ဘဝနှင့် အကြောင်းအကျိုး မပြတ်ချက်တို့နှင့် ပယ်ဖျက်ကြလေ။ ။နည်းတထွေမှာ၊ မပြတ်-တပြတ်စသည် ထင်မြင်မှားနေသော **အမရာဝိက္ခေပဒိဋ္ဌိ** အယူ ဝါဒကိုလည်း၊ ရုပ်နာမ်ပရမတ် ပညတ်တို့လည်း ဘဝသစ်နှင့် ဧကန္တမဆက်ကြချက်၊အကြောင်းအကျိုးတို့လည်း ဧကန္တ မပြတ်ချက်တို့ဖြင့် ပယ်ဖျက်ကြလေ။ ဤသို့ပယ်ဖျက်ကြပြီးမှ၊ဧကန္တစင်စစ် ကျမ်းဂန်နှင့် လမ်းမှန်ဖြစ်သည်တို့ကို၊ တစ်တစ်-ခွခွ သိရှိကြရဘို့ကား– **ရှေးရှေးဘဝက၊ နောက်နောက်ဘဝသို့ ရုပ်နာမ်,ပညတ်တို့လည်းမလိုက်၊ ကံအကြောင်း အကျိုးတို့လည်းမပြတ်**ဟူ၍သာ တစ်တစ်ခွခွ (သဿတ–ဥစ္ဆေဒ- အမရာဝိက္ခေပဒိဋ္ဌိ)တို့မှ ကျွတ်လွှတ်ကြကာ၊သမ္မာအယူ အမှန်အတိကို၊ ထိုးထွင်းသော ဉာဏ်မျက်စိနှင့် သိရှိတော်မူကြပါလေ။

သို့ဖြစ်ပါလျှင် လောကတွင် ရှေ့ဘဝက ကူးပြောင်း၍ သွားသော လူဝင်စားဟု ထင်ရှားရှိနေကြပြီး။ ရှေ့ဘဝဖြစ်သမျှတို့ကို အမှန်ပြောဆိုနိုင်သည်တို့ကား၊ အသက် ဝိညာဏ်စသည် တခုခုသွားလို့ ဟုတ်ပါလား ဟုပြောအံ့။(ဇမ်း)ရင်းလူဝင်စားတို့မှာ အတိတ်လူဘဝက အကြောင်းနှင့် ယခုဘဝ အကျိုးဆက်ကြသည့် အတွက် လူဝင်စားရှိ၏ ဟူ၍ကား၊ ပြောကြားထိုက်ပါ၏။ စင်စစ်မှုကား၊ အသက်ဝိညာဏ်စသည်တို့ တခုမျှ မသွားကြဘဲ၊ ရှေ့ဘဝကကံကြောင့်သာ၊ ဤဘဝသစ် ရုပ်နာမ်တို့ ဖြစ်ကြရာ မှာသာ ရှေးရှေးဘဝတွေကို ပြန်လှန်၍ သိစွမ်းနိုင်သော **ဇာတိဿရဉာဏ်** ကိုရ၍သာ၊ အတိတ်ဘဝက ဖြစ်ခဲ့သမျှကို ပြန်၍သိနိုင်သည်ဟု နောက် နောင် မိမိတို့ အိုမင်း၍ မျက်ပျဉ်းကြမ်းထိ အခါကျအောင် တစ်တစ် ခွခွ မှတ်သိကြပါ၍၊ **လူဝင်စား သဿတဒိဋ္ဌိ** ရပ်ရွာတိုင်းမှာ ရှိနေကြသည်ကို မိမိတို့လည်း သတိထား၊ သူတပါးကိုလည်း ဟောကြားကြပါလေ။

သို့ဖြစ်လျှင် ထိုထို ရပ်ရွာတို့မှာ၊ မသေခင်က ဆီချေး စသည်တို့ဖြင့် မှတ်လိုက်ကြရာ၊ နောက်နောင်ဘဝမှာ ၎င်းအမှတ်ပါလာချက် ဖြစ်သည် ဟူ၍၎င်း၊ ရှေ့တန္ဓေဘဝက အမှိုက်ယောင် ဆောင်ပြီး ရေမှုတ်ထဲက ဝင်စားကြရာ၊ ၎င်းတန္ဓေဘဝက အင်ဖက်ခင်း၍ အိပ်ကြရသည့်အတွက် ကလေးများ ကျော, တင်ပါးဘက်တို့မှာ အင်ဖက်ခင်းရာ အညိုကွက် ပါ လာချက်ဖြစ်သည်ဟူ၍၎င်း၊ ပြောဆိုလျက်ရှိနေကြသော ရှေးလူကြီးများ စကားအတိုင်း ဟုတ်ပါဘူးလား ဟုပြောအံ့၊ (အိမ်း) အကယ်၍ သူတို့ ဆိုတိုင်း မသေခင်က မှတ်လိုက်ကြသည့် သူသေ လက်ခြေ စသည်မှာ ပါသော ဆီချေးစသည် အမှတ်တို့ ဘဝသစ်သို့ သွားကြရိုးမှန်ပါမူကား၊ ၎င်းသူသေလက် စသည်နှင့် အဝင်စားခံရသော အမိတို့ ကန်လန့်မဖြစ်ကြ ဘူးလားဟု စဉ်းစားဘို့ အချက်၊ အကယ်၍ ကန်လန့်မကျလို့ ဝင်စားနိုင် သွားတောင် သူငယ်ကလေးနှင့် သူသေလက်ကြီး ဖြစ်မနေ ဘူးလားဟု စဉ်းစားကြဘို့ အချက်တို့တည်း။

အကယ်ဘဲ အမှိုက်ယောင် ဆောင်၍ ဝင်စား သူတို့မှာလည်း၊ ၎င်း အမှိုက်ပါသောရေကို အပျိုကြီး,အမယ်ကြီး,ယောကျ်ားကြီးတို့ သောက် မိပါမူ၊ ထိုတန္ဓေကလေးကို အမွေးလိုက်တွင်၊ ခွေးဝတ်တို့ ပါးစပ်ထဲသို့ အတုံးလိုက် ပါ,မသွားပေဘူးလားဟု စဉ်းစားကြဘို့ အချက်။ အကယ်၍ ပဋိသန္ဓေယူမည့် မိန်းမတို့အထံမှာ ဝင်စားမိပြန်၍၊ တန္ဓေဘဝ-မသေရ ဘဲ၊ မွေးရလျှင် တန္ဓေကလေးသာ မွေးဖွားရာ၏။ လူမဖြစ်ရာ။ အကယ်၍

အမိဝမ်းထဲကျမှသော်၍ ဘာဘူးရမြန်လျှင်လည်း ဂတိငါးပါးသို့ လားချင်ရာ လားကြရာ၏။ ဝမ်းထဲတွင် တစ္ဆေ မသာလောင်းကလေးသာ ရှိ၍ မွေးဖွားရာ၏။ လောကမှာ လူခြောက်ကလေးများ မွေးဖွားသည်ဆိုတာ ဤတစ္ဆေမသာကလေးများဖြစ်ရာ၏ဟု ကြံဆတို့ကလည်း၊ ၎င်းလူခြောက်ကလေး ဇွိပ်မက်များတောင် ပေးသည်ဟု ပြောကြ ပြန်သည်များကို စဉ်းစားကြဘို့ အချက်တို့ဖြင့်၎င်း၊ ရှေးလူကြီးတို့စကား ဧကန္တမဟုတ်ကြဟု သိကြပါလေ။ ဤဒုတိယ စောဒနာအတိုင်းမဟုတ်ခဲ့ပါမူ၊ ၎င်းအမှတ်တို့ ကလေးများ ကျော,တင်ပါးဘက်က အညိုတို့ကို ကျေနပ်အောင် မိန့်တော်မူပါဟုပြောအံ့။ သူငယ်များတို့ ပဋိသန္ဓေနေဟန်၊ ပုံသဏ္ဌာန်နှင့် တကွ၊ ယခုကာလ ဆရာဝန်ကြီးများ စာအုပ်တို့မှာ ရေးပြထားသည် များကို တိုက်ကိုယ်တိုင် သိရှိရသည်ကား၊ သူငယ်ကလေးတို့ (လ) ရင့်ကြာသော အခါ၊ ကျော, တင်ပါးဘက်ကို အောက်ထား၍၊ နောက်သို့ ခပ်လန်လန် ကလေး နေရှာကြရသည့် အတွက်၊ သူငယ်တိုင်းတို့ ကျော, တင်ပါး ဘက်တို့နှင့် အမိ,သားအိမ်တို့ ဖိနှိပ်ကြိတ်ညှပ် ကြသောကြောင့်၊ သူငယ် တိုင်း တို့၏ ကျော,တင်ပါးဘက်က အသားညို ပါလာရသည်ဟု မှတ်ကြ ပါလေ။ ။လက်စသည်တို့မှာ အညိုမှတ်တို့ပါသည်မှာလည်း၊ ၎င်းအမှတ် ရှိရာ အရပ်တို့နှင့် တခုခုတို့ကြိတ်နှိပ်မိကြသည့်အတွက် အသားနုကလေး တို့မှာ အညိုကွက် ပေါ်လာသည်ဟု မှတ်ယူက၊ အားကြီး အကုန်လုံး ကျေနပ်ကြဘို့ ပေတည်း။ **ဤတစ္ဆေဝင်စား သဿဘဒိဋ္ဌိ** ရပ်ရွာတိုင်းမှာ ရှိနေကြသည်ကို မိမိတို့လည်း သတိထား၊ သူတပါးတို့ကိုလည်း ကျေနပ် လောက်အောင် ပြောဟောကြပါလေ။

သို့ဖြစ်ပါလျှင် ငါတို့ အောက် ဖါးကူးရွာကြီး၏ အနီး၊ **ဝင်းခနီးရွာက မောင်ဘိုးတော** ဆိုသည့် လူဝင်စားသည်၊ ဦးခေါင်းမှာ– လှည်းနင်းရာ အနာကြီးလည်း အမိ ဝမ်းတွင်းကပါ၊ ရှေ့ဘဝ-**ခေးပိန်ရွာက ဘိုးဆိုးမို** အဖြစ်မှာလည်း လှည်းနင်း၍ သေခဲ့ရကြောင်းကို ပြောဆိုသည့် အတိုင်း လည်း အမှန်ပင် ဖြစ်သည်ဟု ဆိုကြ၏။ ဤမောင်ဘိုးတောမှာ ရှေ့ဘဝက လှည်းနင်းရာပါနေချက်တို့သည်၎င်း၊ မုံရွာမြို့အနီး မြေနဲ **အောင်သာရွာ၌** ခြေလက်တို့မှာ ပိုးကြိုးလွန်းပေါင်းတင်နှင့်၊ ချည်တုပ် ပြီးသားတို့ မွေးလာ သည့် **ကလေးမနှစ်ယောက်**တို့မှာ၊ ရှေ့ဘဝက ပိုးကြိုးပါသည်ဟု ထင်နေ ချက်တို့သည်၎င်း၊ အမှန်ပင် မဟုတ်ပါဘူးလားဟုပြောအံ့။ (ဇွိမ်း)အကယ်၍ ရှေ့ဘဝက လှည်းနင်းသေသည့် မောင်ဘိုးပုံ ရုပ်စုပင် အမိဝမ်းတွင်းသို့

ဝင်လာခဲ့ပါလျှင်၊ထိုဝင်လာသော မသားလောင်းနှင့်၊ အဝင်စားခံရသည့် အမိတို့ ကန့်လန့် မဖြစ်ကြပေဘူးလားဟု စဉ်းစားပါမှုရင်း၊ သို့မဟုတ် အမိဝမ်းအတွင်းသို့ ရောက်မှ လှည်းလမ်းကျလို့ နင်းမိကြရတို့ ကလည်း မခက်ကြပေဘူးလားဟု စဉ်းစားပါမှုရင်း၊ ကြီးပါသော သူတို့မှာလည်း ရှေးဘဝက ပိုးချည်တို့ လူအကောင်, အထည်မဖြစ်ခင်က ဝင်နေနှင့်ကြရ တို့လည်းခက်၊သို့မဟုတ် နောက်မှသားအိမ်တွင်းက သူငယ်မကလေးများ ကို ပိုးချည်သွင်း၍ ချည်ရတို့ကလည်း မခက်ဘူးလားဟု စဉ်းစားပါမှုရင်း၊ ရှေးဘဝက ထိုလူစု လှည်းနင်းရာတို့-ပိုးချည်းတို့ဘာမျှမလိုက်ပါဟု ဟုတ် တိုင်းမှန်စွာ သိရှိကြကုန်ရာ၏။ ဤသို့မလိုက်ပါဘဲလျက်လည်း လှည်းနင်း ရာ ပိုးချည်တို့ဖြင့် ဖြစ်ပေါ်နေကြရပုံတို့ကို မေ့ပဒ ပါဠိတော်လာ၊ **သန္ဓိကုရ ဗြိဏ္ဏာမှာ** သံတူကြီးတွေ အလုံး ၆၀-တို့ မပြတ်မစဲ ဦးခေါင်းကို ထုခွဲ ခံနေရသည်၌၊ ဘယ်ဗဂ်လား-ဘီလပ်တို့ကမှ သံတူသွား၍ မရောင်းရဘဲ၊ မိမိတို့မကောင်းမှုကြောင့်သာ သံတူကြီးတွေ ဖြစ်ပေါ်လာရသလို၊ မိမိတို့ မကောင်းမှုကြောင့်သာ အမိတို့ဝမ်းတွင်းမှာ လှည်းနင်းရာ ပါချက်၊ ပိုး ချည်များနှင့် ချည်တုပ်ထားချက်တို့ ဖြစ်ရသည်ဟု မှတ်ယူက အားကြီး ကျေနပ်ကြဘို့ပေတည်း။

ပညာရှိသော်လည်း သတိ ဖြစ်ခဲသည်ဟု ပြောဆိုရိုး ရှိကြသည့် အတိုင်း၊ ပညာရှိကြီးတို့သည် ဘဝကူးတို့မှာ၊ သဿတ ဥစ္ဆေဒ ဒိဋ္ဌိတို့ လွတ်ကင်းကြရန်၊ ရှေးဘဝက ရုပ်နာမ်တို့ကား၊ ဘဝသစ်သို့ မလိုက်ပါ။ ကုသိုလ်, အကုသိုလ်ကံမျှသာ ဘဝအဆက်ဆက်တို့မှာ လိုက်ပါနေကြ သည်ဟု ပြောဟောလေ့ ရှိနေကြသည်၌၊ သဿတဒိဋ္ဌိမှ မလွတ်မကင်း ရှိနေခြင်းကား၊ ကံဟူသည်၊ စေတနာ စေတသိက်နာမ်ကိုပင် ဆိုရသည် ဖြစ်၍၊ ၎င်းနာမ်စေတသိက်(ကံ)တို့ ဘဝသစ်သို့၊ဆက်လက်ကာလိုက်ပါ သည်ဟု ယူရရောက်သောကြောင့်၊ **ဆက်မှား- သဿတဒိဋ္ဌိအယူဝါဒ** ဖြစ်ကြလိမ့်မည်များကို ကြပ်ကြပ်ကြီးသတိထားတော်မူကြဘို့ပေတည်း။ စင်စစ်မှာမူကား၊ ၎င်း (ကံ) တို့သည်၊ ထိုထိုဒွာရိက်, သုစရိက် တို့ကို ပြုကြစဉ် အခါကပင်၊ ဥပါဒ် ဋ္ဌိ-ဘင်ဖြစ်လျက်၊ ချုပ်ပျက်ကြ ပြီးဖြစ်၍၊ ဘဝသစ်သို့ ဧကန္တ မလိုက်ပါနိုင်သည်တို့ကို သိတော်မူကြ ကုန်ရာ၏။ ဤသို့ သိရှိကြပြန်သောအခါ၊ တဆင့်စောဒနာရန်ကား၊ ဘဝသစ်သို့ ရုပ် နာမ်တို့လည်း မလိုက်၊ (ကံ) တို့လည်း မလိုက်ခဲ့ပါလျှင်၊ သတ္တဝါတွေ သေလျှင်ပြတ်၏ဟုသူရမှာလော၊သို့မဟုတ် အကြောင်းမရှိဘဲ၊ဖြစ်ချင်သလို

ဖြစ်နေကြ၏ဟု ယူရမှာလောဟူငြားအံ့။ဤသို့လည်းမယူရ။**စင်စစ်အားဖြင့်ယူရသည်ကား**၊၎င်း (ကံ) တို့ပင် ချုပ်သော်လည်း၊ အခွင့်သာသော ခဏ ကာလတို့မှာ၊ အကျိုးကို ဖြစ်စေနိုင်ရာသော ထို (ကံ) တို့၏ သတ္တိထူးဘို့ ကား၊ နိဗ္ဗာန်သို့ မကူးသမျှ ကာလပတ်လုံး၊ အကျိုးပေးခွင့် မတုံ ကြဘဲ၊ သတ္တဝါတို့ ခန္ဓာအစဉ်တို့မှာ အကျိုးပေးခွင့်ကိုရှာ၍၊ အမြဲလိုက်ပါနေနိုင် သော**နာနက္ခဏိက ကမ္မသတ္တိ** ပဋ္ဌာန်းပါဠိတော်မြတ်နည်း အရနှင့် ကောင်း ရှိကြ၏ဟု သိကြပါလေ။ ၎င်း(ကံ)တို့ပင် ချုပ်ပျောက်သော်လည်း(ကံ)၏ သတ္တိတို့ မချုပ်ပျောက်ရာ။ ဥပမာကား၊ရှင်ဘုရင်က၊ ငါချစ်ကျွမ်းဝင်လှ သော ငမည်သူကိုတွေ့လျှင် အတိုးတသိန်းထိုက်သော ရွာမြတ်ကြီးကိုပေး စေဟု အမိန့်တော်မြတ်မှတ်သည့် စကားတော်တို့ပင် ချုပ်ပျောက် ငြား သော်လည်း၊၎င်းစကားတို့၏သြဇာ,အာဏာသတ္တိတို့ကား၊မချုပ်ပျောက် လေသောကြောင့်၊ချစ်ကျွမ်းဝင်သော သူကိုရှာ၍တွေ့က၊၎င်းရွာမြတ်ကြီး ကို အမိန့်အာဏာ စကားသတ္တိဖြင့် ပေးကြရသကဲ့သို့၊**ကုသလ-နာနက္ခဏိ က ကမ္မသတ္တိဖြင့်**၊ သုဂတိဘဝ ကောင်းကျိုး စသည်တို့ကို ပေးစွမ်းနိုင်မှု တို့ကိုသိကြပါလေ။ဘဖန်-ထိုရှင်ဘုရင်၏ ရန်သူကိုတွေ့ရာမှာ သတ်စေဟု အမိန့်တော်မြတ်မှတ်သည့်စကားပင် ချုပ်ပျောက်သော်လည်း၊၎င်းစကား တို့၏ သြဇာ,အာဏာ သတ္တိတို့ကား မချုပ်ပျောက် လေသောကြောင့်၊ ထိုရန်သူကို ရှာ၍တွေ့ရှိက၊ ၎င်းအမိန့်အာဏာစကားသတ္တိနှင့် သတ်ဖြတ် ကြသကဲ့သို့၊**အကုသလ-နာနက္ခဏိက ကမ္မသတ္တိနှင့်** ဒုဂ္ဂတိဘဝ မကောင်း ကျိုး စသည်တို့ကို ပေးစွမ်းနိုင်မှုတို့ကို သိကြပါလေ။

ဤသို့ ဟုတ်တိုင်းမှန်စွာ နက်နဲခက်ခဲသော အရာများကို မှတ်သားကြ ရသဖြင့်၊ဘဝသစ်သို့ ရုပ်နာမ်နှင့်တကွ **ကံ**တို့လည်း **သဿတဒိဋ္ဌိ** အယူရှိ ကြတိုင်း ဆက်လက်ကြကာ မလိုက်ပါကြဘဲ၊ **နာနက္ခဏိက ကမ္မသတ္တိ** မျှသာလိုက်ပါလျက်၊ ထိုထို အကျိုးများ ဖြစ်လေရာ ဘဝတိုင်းတို့မှာ၊ ရုပ် နာမ်ခန္ဓာတို့ ဆက်လက်၍ဖြစ်နေချက်ကြောင့်၊ **ဥစ္ဆေဒဒိဋ္ဌိ**အယူရှိကြတိုင်း ပြတ်လို့လည်း မသွားကြဘဲ **အမရာဝိက္ခေပဒိဋ္ဌိ** အယူရှိကြတိုင်းလည်း ရှေ့ နောက်ဘဝတို့မပြတ်တပြတ်၊တွဲလောင်း-တန်းလန်းကြီးတို့လည်း မရှိကြ မဟုတ်ကြဘဲ၊ ၎င်းမိစ္ဆာဝါဒသုံး ပါးတို့မှ အကုန်လုံး ကွင်းအကျွတ် ကင်း လွတ်ကြကာ၊ ရှေးရှေးဘဝတို့က အကြောင်း **နာနက္ခဏိကကမ္မသတ္တိ**တို့ ကြောင့်သာ၊နောက်နောက်ဘဝတို့မှာ အသစ်အသစ်အကျိုးရုပ်နာမ်တို့သာ ဖြစ်နေကြရပါသည်တို့ကို၊ တပ်တပ်ထင်ထင် သိမြင်အောင်ရှုကြပါလေ။

ဤသည်တို့ကား၊ သက္ကာယဒိဋ္ဌိ အယူရှိသူတို့ သဿတ ဥစ္ဆေဒဒိဋ္ဌိတို့ လည်း အယူရှိသွားပုံနှင့်၊ သက္ကာယဒိဋ္ဌိကင်းလွတ်သူတို့ သဿတ, ဥစ္ဆေဒ ဒိဋ္ဌိတို့လည်း ကင်းလွတ်သွားပုံတို့ဘည်း။ (တနည်း) အများသူတို့ပင် ဘဝကူးဒိဋ္ဌိ အရှုပ်အထွေးကြီးတို့ကို၊ ကိုယ်ပိုင် ဉာဏ်နှင့် ရှင်းလင်း၍ သိသွားကြပုံတို့ပေတည်း။

[ဤ၌ အကျဉ်းမျှ ပြအပ်ခဲ့ပြီးသော သဿတဒိဋ္ဌိ၏ အကျယ် အပြား (၅၅)ပါးတို့ကိုရင်း၊ ဥစ္ဆေဒဒိဋ္ဌိ၏ အကျယ်အပြား (၇) ပါး တို့တိုရင်း၊ ငါတို့ ရေးထုတ်လိုက်သော ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ် စာအုပ်က ဒိဋ္ဌုပ္ပါဒါန်အချက်။ (၂၅၅) နံပါတ်မှာကြည့်ရှု ကြပါ လေ။ လိုရင်းအချုပ်ကိုကား၊ ယခုဤစာအုပ်မှာပြထားသော စကား တို့ကိုသာ အထပ်ထပ် ကြည့်ရှုကြ၍၊ မိမိတို့လည်း ထိုဒိဋ္ဌိတို့မှ ကင်းလွတ်ကြကာ သူတပါးတို့ကိုလည်း ပြောဟော တတ်ကြပါ စေသတည်း။ ဝါ၊ ပြောဟောတတ်အောင် မကြာမကြာ အခါခါ ကြည့်ရှုကြ ကြံစည်ကြ၊ နှိုးနှောကြ၊ မေးမြန်းကြ၊ လျှောက်ထားနိုင် ကြပါစေသတည်း။]

## (၂၁) နိယတမိစ္ဆာဒိဋ္ဌိဖြစ်ပွါးပုံနှင့် ပဋိစ္စနည်း လေးပါးဖြင့် အမှားစကို ပယ်ရှားပုံ

ဤရှေ့က ပြခဲ့ပြီးသော သက္ကာယဒိဋ္ဌိ၊ (၅၅) ပါးသော သဿတ ဒိဋ္ဌိ၊ (၇) ပါးသော ဥစ္ဆေဒဒိဋ္ဌိ အယူရှိသူတို့ကား၊ အပါယ်ဘေးကြီးသို့ တခါ ထည်းမကျနိုင်ကြသေးပေ။ စင်စစ်မူကား၊ အပါယ်စာရင်း ချုပ်ကြီးများ သာဖြစ်၍၊ သံသရာဝဲသမုဒ်မှာ၊ မြုပ်နစ်မျောပါး၍ နေကြရရုံသာ ရှိကြ ရသေးသည်။ ရှေ့က ပြခဲ့သည့်အတိုင်း သတ္တဝါတွေသလျှင် မြတ်၏ဟု ယူသော (ပြတ်မှား-ဥစ္ဆေဒဒိဋ္ဌိကြီးက)ဆက်လက်ကြ၍၊ အဝီစိ ငရဲကြီးသို့ တခါထည်းကျရောက် စေတတ်သော **နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး** ဘက် သို့ ကူးတက်၍သွားနိုင်ကြလေ၏။ ဤလောကကြီးမှာ အလိမ္မာကြီးသည် ထက် ကြီးကြအောင်သာ အသူး အားထုတ် သင်ကြားကြရသည်။ မိုက် သည်ထက် မိုက်ကြဘို့ကား ဘယ်လောက်မျှ မခဲယဉ်းကြဘဲ။ ဝါ၊ အထူး အားမထုတ်ကြရဘဲ၊ လွယ်လွယ်နှင့်သာ မိုက်နိုင်ကြတာလို၊ ဤနိယတ မိစ္ဆာ ဒိဋ္ဌိကြီးသုံးပါး အမိုက်ဆုံးတရားကြီးများတို့ ဖြစ်ကြရဘို့ကလည်း

ဘယ်လောက်မျှ မခဲယဉ်းကြဘဲ၊ အထူးအားမထုတ်ကြရဘဲ၊ လွယ်လွယ်ကလေးနှင့်သာ ဖြစ်မှန်းမသိ ဖြစ်နေတတ်ကြ၏။ ၎င်း ဒိဋ္ဌိကြီး သုံးပါး ဖြစ်တယ်လို့ ဦးချုပေါက်နေကြသူလည်း မဟုတ်ကြသည့်အတွက်၊ အများသိသာ ရှောင်ရှားတတ်ကြရန် အချက်ကို ဆက်လက်၍ ဆိုဦးအံ့။ ဤနိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါးဟူသည်ကား၊ **နတ္ထိကဒိဋ္ဌိ-အကိရိယဒိဋ္ဌိ-အဟေတုကဒိဋ္ဌိ**အားဖြင့် သုံးပါးတို့ပေတည်း။ ထိုသုံးပါးတို့တွင်၊ .....

**နတ္ထိက ဒိဋ္ဌိဆိုသည်ကား**၊ ဤလောကကြီး အတွင်းမှာ သတ္တဝါတွေ သေလျှင် ဘဝအဆုံးသတ်၍ ပြတ်ကြမှာ ဖြစ်သောကြောင့်၊ပြုပြုသမျှသော ကောင်းမှု ကုသိုလ်ကံ၊ မကောင်းမှု အကုသိုလ်ကံတို့၏ **အကျိုးဝိပါက်ကားမရှိ**ဟု ဝိပါက်အကျိုးကို အပယ်မှား၍ စွဲယူထင်မြင်ခြင်းပင်တည်း။ ၎င်းနတ္ထိကဒိဋ္ဌိဟာ ယခုကာလ ဖြစ်မှန်းမသိ ဖြစ်နေကြတတ်ထာကား၊ ယခုကာလ ဒါန,သီလ စသည်တွေ ပြုလုပ် အားထုတ်နေကြပေမဲ့၊နောက်နောင် အကျိုးရှိမှာ မဟုတ်ပါဘူး၊ ယခုကာလ မိုက်ချင်တိုင်း မိုက်နေကြပေမဲ့၊နောက်နောင် အပြစ်ရှိကြမှာ မဟုတ်ပါဘူး။ဝါ၊အကျိုးအပြစ်မရှိဟု တွေးတော ထင်မှတ်၊ စွဲယူလတ်သော သူတို့သည်၊ ဤ နတ္ထိက ဒိဋ္ဌိကြီး ငရဲမီးနှင့် အလွန်နီးကြလှ၏ဟု ဆိုရပေလိမ့်မည်။

**အကိရိယဒိဋ္ဌိဆိုသည်ကား**၊ ဤလောကကြီးအတွင်းမှာ သတ္တဝါတွေ သေလျှင် ဘဝအဆုံးသတ်၍ ပြတ်ကြမှာဖြစ်သောကြောင့်၊ပြုပြုသမျှသော ကောင်းမှု ကုသိုလ်ကံ၊ မကောင်းမှု အကုသိုလ်ကံဟု ဆိုတာစသည်၊ နောင်အကျိုး ဝိပါက်တို့ကို ပေးစွမ်းနိုင်ခြင်း၏ **အကြောင်း မဟုတ်** ဟု ကံအကြောင်းကိုအပယ်မှား၍ စွဲယူထင်မြင်ခြင်းပင်တည်း။ ယခု ကာလ၌ ၎င်းဒိဋ္ဌိဖြစ်နေတတ်ကြသည်ကား၊ဒါန,သီလ စသည်တွေ ပြုလုပ်၍ နေကြပေမဲ့၊ နောက်နောင် ကောင်းကျိုးများကို ပေးစွမ်းနိုင်မှာ မဟုတ်ပါဘူး၊ ပေးစွမ်းနိုင်မယ် မထင်ပါဘူး၊ မိုက်သောသူတို့လည်း မကောင်းအပြစ်ကို ပေးမှာ မဟုတ်ပါဘူး။ဝါ၊နောက်ခံစံဘို့ အကြောင်းမဟုတ်ဟု တွေးတော ထင်မှတ်၊ စွဲယူလတ်သော သူတို့သည်၊ ဤ အကိရိယဒိဋ္ဌိ ငရဲမီးကြီးနှင့် အလွန်နီးလှ၏ဟု ဆိုရပေမည်။

**အဟေတုကဒိဋ္ဌိဆိုသည်ကား**၊ ဤလောကကြီး အတွင်းမှာ၊ သတ္တဝါတွေသေလျှင် ဘဝအဆုံးသတ်၍ ပြတ်ကြမှာ ဖြစ်သောကြောင့်၊ပြုပြုသမျှသော ကောင်းမှုကုသိုလ်ကံ, မကောင်းမှု အကုသိုလ်ကံဟု ဆိုတာစသည်

နောက်နောင် **အကြောင်းကံလည်းမဖြစ်၊ အကျိုးဝိပါက်လည်းမရှိ**ဟု ကံ အကြောင်းနှင့် ဝိပါက်အကျိုး ၂-ပါးစုံကို အပယ်များ၍ စွဲယူထင်မြင်ခြင်း ပင်တည်း။ ယခု ကာလ ၎င်း ဒိဋ္ဌိဖြစ်နေတတ်ကြသည်ကား၊ ဒါန, သီလ စသည်တွေ ပြုလုပ်နေကြ၊ မိုက်မှားနေကြပေမဲ့၊ နောက်နောင် ကောင်းတို့ အကြောင်း, မကောင်းတို့ အကြောင်းတွေလည်း ဖြစ်မှာ မဟုတ်ပါဘူး၊ ကောင်းတဲ့အကျိုး, မကောင်းတဲ့ အကျိုးတို့ကိုလည်း ရမှာမဟုတ်ပါဘူး။ အကြောင်းလည်းမဟုတ်၊ အကျိုးလည်း မဟုတ်ပါဘူးဟု တွေးတော ထင်မှတ်၊ စွဲယူလတ်သောသူတို့သည်၊ ဤအဟေတုက ဒိဋ္ဌိကြီး ငရဲမီးနှင့် အလွန်နီးလှ၏ဟု ဆိုရပေလိမ့်မည်။ ဤအလွန် အပြစ်ကြီး ဘဲ့အယူဝါဒမှာ၊ နိယာ မိစ္ဆာဒိဋ္ဌိကြီးများကို ထင်ရှားမသိသူတို့သည်၊ အလေး မပြု ဂရု မဗိုက်ကြဘဲ၊ တောအလိုက်-မြို့အလိုက်၊ လောကီ အရေးကိုသာ အရေး စိုက်ကာ, မသူတော် အလုပ်စသည်နှင့် ကြုံတွေ့လာသောအခါ၊ မသိတဲ့ အဝိဇ္ဇာကြောင့် ဤကောင်းအောင်, မကောင်းအောင် ပြုလုပ်နေကြသည့် အမှုတွေ အလုပ်တွေဟာ၊ နောက်နောင် အပြစ်လည်းရှိမှာ မဟုတ်ပါဘူး။ အကျိုးလည်းရှိမှာမဟုတ်ပါဘူးဟု အမှတ်တမဲ့တွေးတောတတ်၊ ထင်မှတ် တတ်၊စွဲယူတတ်ကြသူတို့၊ ၎င်းအယူများကို မစွန့်ကြဘဲ၊ခန္ဓာစဲမှု၊အလွန်ဘဲ ဝန်လေးလှကြောင်းများကို သိစေလို၍၊ ဤ၌လည်း ထည့်သွင်းပြလိုက်ပေ သတည်း။ ဤဒိဋ္ဌိသုံးပါး ယူပုံများကို၎င်း၊ ထိုအယူဝါဒချင်း အဋ္ဌကထာများ မတူကြငြားသော်လည်း၊အဆုံးသတ်မှာ အကြောင်း,အကျိုး နှစ်မျိုးလုံးတို့ ကိုပယ်ကြဘာချည်းဖြစ်ကြ၍၎င်း၊အဋ္ဌကထာတို့ချင်း အတူတူချည်း ဖြစ်ကြ ပုံကို၎င်း ထင်ရှားစွာ **မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ**၌။—

> တီသု ဒိဋ္ဌီသု နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ၊ အကိရိယ ဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ၊ အဟေတုကဒိဋ္ဌိ ဥဘယံ ပဋိဗာဟတိ။ ။ တတ္ထ ကမ္မံပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော ဟော တိ၊ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ။ ဣတိ သဗ္ဗေပေတေ အတ္ထတော ဥဘယံ ပဋိဗာဟကာ အဟေတုက ဝါဒါစေဝ အကိရိယ ဝါဒါစ နတ္ထိက ဝါဒါစ ဟောန္တိ။ ။ဟု မိန့်တော်မူ၏။

**အနက်မြန်မာ**။ ။တီသု၊ သုံးပါးကုန်သော။ ဒိဋ္ဌီသု၊ ဒိဋ္ဌိကြီးတို့ တွင်။ နတ္ထိကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိသည်။ ဝိပါကံ၊ ကုသိုလ်ကံ, အကုသိုလ်ကံ တို့၏ အကျိုးကို။ ပဋိဗာဟတိ၊ တားမြစ်၏။ ဝါ၊ အကျိုးမရှိဟု ယူ၏။

အကိရိယဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိသည်။ ကမ္မံ၊ အကြောင်းဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံကို။ ပဋိဗာဟတိ၊ တားမြစ်၏။ ဝါ၊ ကုသိုလ်ကံ,အကုသိုလ်ကံ မရှိဟုယူ၏။ အဟေတုကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိသည်။ ဥဘယံ၊ ကံ-ကံ၏ အကျိုးနှစ်ပါးစုံကို။ ပဋိဗာဟတိ၊ တားမြစ်၏။ ဝါ၊ ကံလည်းမရှိ၊ ကံ၏ အကျိုးလည်း မရှိဟုယူ၏။ ။ဤဒိဋ္ဌိကြီး သုံးမျိုးယူကြပုံ အချို့အဋ္ဌကထာချင်း ကွဲလွဲကြငြားသော်လည်း၊ ဤဆိုလတ္တံ့သော နောက်စကားဖြင့်တူကြတော့သည်သာတည်း။

တတ္ထ၊ ထိုမိစ္ဆာသုံးပါး စကားရပ်၌။ ကမ္မံ၊ အကြောင်းကံကို။ ပဋိဗာဟန္တေနာပိ၊ တားမြစ်သဖြင့်လည်း။ ဝိပါကံ၊ အကျိုးဝိပါက်ကို။ ပဋိဗာဟိတော၊ တားမြစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိပါကံ၊ အကျိုး ဝိပါက်ကို။ ပဋိဗာဟန္တေနာပိ၊ တားမြစ်သဖြင့်လည်း။ ကမ္မံ၊ အကြောင်းကံကို။ ပဋိဗာဟိတံ၊ တားမြစ်အပ်သည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ဤသို့။ အဟေတုကဝါဒါ စ၊ ရှိရှိသမျှသော အဟေတုကဝါဒတို့သည်၎င်း။ အကိရိယဝါဒါ စ၊ ရှိရှိသမျှသော အကိရိယဝါဒတို့သည်၎င်း။နတ္ထိကဝါဒါ စ၊ ရှိရှိသမျှသော နတ္ထိက ဝါဒတို့သည်၎င်း။ တေသဗ္ဗေပိ၊ ဤအလုံးစုံသော ဝါဒတို့သည်လည်း။အတ္ထတော၊အနက်တရားကိုယ်လိုရင်းအားဖြင့်။ ဥဘယံ၊အကြောင်းကံ-အကျိုးဝိပါက်နှစ်ပါးလုံးတို့ကို။ ပဋိဗာဟကာ၊ တားမြစ်အပ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။၎င်းဒိဋ္ဌိအယူများကို ယူမိမှားသောသူတို့ ခွန့်နိုင်ခဲသောအဖြစ်ကို **အဋ္ဌသာလိနီအဋ္ဌကထာ**၌။—

**ယာစမိစ္ဆာဒိဋ္ဌိ နိယတာတိ အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒေသု အညတရံ ဂဟေတွာ ဋ္ဌိတံ ပုဂ္ဂလံ ဗုဒ္ဓသတံပိ ဗုဒ္ဓသဟဿံပိ ဗောဓေတုံ နသက္ကောတိ။** ။ဟု—

မိန့်ရှိတော်မူသည့် **အနက်မြန်မာကား**။ ။ယာစမိစ္ဆာဒိဋ္ဌိ နိယတာတိ၊ ယာစမိစ္ဆာဒိဋ္ဌိ နိယတာ ဟူသည်ကား။ အဟေတုကဝါဒ အကိရိယ ဝါဒ နတ္ထိကဝါဒေသု၊အဟေတုက အယူဝါဒ၊အကိရိယ အယူဝါဒ၊နတ္ထိက အယူဝါဒတို့တွင်။အညတရံ၊ တပါးပါးကို။ ဂဟေတွာ၊ယူမိ၍။ ဋ္ဌိတံ၊တည်သော။ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ဗုဒ္ဓသတံပိ၊ဘုရားအရာသည်၎င်း။ဗုဒ္ဓသဟဿံပိ၊ ဘုရား အထောင်သည်၎င်း။ ဗောဓေတုံ၊ ကျွတ်လွတ်အောင် သိစေခြင်းငှါ။နသက္ကောတိ၊ တတ်နိုင်တော်မမူလေ။ ။အဘယ့်ကြောင့် သို့ကလောက်ဘုရားတွေ မချွတ်နိုင်သနည်းဟူမူ၊ တဘဝမှာ တခါယူဘူးသော

မိစ္ဆာအယူက အထုံရ၍၊ ဘဝအဆက်ဆက်မှာ နှစ်သက်ကာ သွားတတ်သောကြောင့် ထိုမိစ္ဆာဘဝက မထ- မလွတ်နိုင်ဟု သိစေခြင်းငှါ။...... **ဇွေ့မြံ ပဏ္ဏာသ အဋ္ဌကထာ၌။** .....

**အာသေဝန ဝသေန ပန ဘဝဿရေပိ တံတံဒိဋ္ဌိံ ရောစတိ ယေဝ။ဧဝရူပဿ ဟိ ယေဘုယျေန ဘဝတော ဝုဋ္ဌာနံနာမ နတ္ထိ။**

ဟု မိန့်ရှိတော်မူ၏။

**အနက်မြန်မာကား။** ။ပန၊စင်စစ်သော်ကား။ အာသေဝန ဝသေန၊ တဘဝတခါ ယူဘူးသော မိစ္ဆာကို၊အကြိမ်များစွာ ထုံအပ်သည့်၏ အစွမ်းဖြင့်။ ဘဝဿရေပိ၊ ဘဝတပါး၌လည်း။ တံတံဒိဋ္ဌိံ၊ ထိုထိုမိမိယူဘူးသော မိစ္ဆာအယူကို။ရောစတိယေဝ၊နှစ်သက်တတ်သည်သာတည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ ယေဘုယျေန၊ များသောအားဖြင့်။ ဧဝရူပဿ၊ ဤမိစ္ဆာအယူရှိသောသူအား။ဘဝတော၊ မိစ္ဆာဘဝမှ။ဝုဋ္ဌာနံနာမ၊ ထမြောက်ခြင်းမည်သည်။ နတ္ထိ၊ မရှိလေ။

(တနည်း) တဘဝတခါ ထိုမိစ္ဆာကို ယူမိသောသူသည်၊ ငရဲမှာချည်း ကမ္ဘာပျက်သော်လည်း မလွတ်ရဘဲ၊ ကမ္ဘာအဆက်ဆက် ခံနေရသောကြောင့် ချွတ်ခွင့်လည်းမရ၊ အကယ်၍ အချွတ်လာကလည်း ကျွတ်ခွင့်ရအောင် မနာနိုင်လေ။ထို့ကြောင့် **အင်္ဂုတ္တိုရ်အဋ္ဌကထာ၌။**......

**ကပ္ပဝိနာသေ မဟာဇနေ ဗြဟ္မလောကေ နိဗ္ဗတ္တေ နိယတ မိစ္ဆာဒိဋ္ဌိကော၊ တတ္ထ အနိဗ္ဗတ္တေတွာ ပိဋ္ဌိစက္ကဝါဠေ နိဗ္ဗတ္တတိ၊**.....

ဟု မိန့်တော်မူ၏။

**အနက်မြန်မာကား။** ။ကပ္ပဝိနာသေ၊ကမ္ဘာပျက်သောအခါ၌။မဟာဇနေ၊အပါယ်ဘုံနှင့်တကွ၊ ရှိရှိသမျှသော သတ္တဝါအပေါင်းသည်။ ဗြဟ္မလောကေ၊ဗြဟ္မာ့ဘုံ၌။နိဗ္ဗတ္တေ၊ ဖြစ်သည်ရှိသော်။ နိယတမိစ္ဆာဒိဋ္ဌိကော၊ နိယတမိစ္ဆာဒိဋ္ဌိသမား ငရဲသားသည်။တတ္ထ၊ ထိုသတ္တဝါအများတို့ ဖြစ်ကြသည့် ဗြဟ္မာ့ဘုံ၌။အနိဗ္ဗတ္တေတွာ၊မဖြစ်ရမူ၍။ပိဋ္ဌိစက္ကဝါဠေ၊ကမ္ဘာမပျက်သည့် စကြဝဠာ ငရဲမီးထဲ၌။ နိဗ္ဗတ္တတိ၊ဖြစ်ရ၏။ ။အကယ်၍ လောကရှိသမျှ စကြဝဠာတွေ၊ အကုန်လုံးပျက်စေကာမူ၊ ထိုငရဲသူသည်၊ တခုသော ကောင်းကင်အပြင်၌၊ ငရဲမီးတို့ ခြံရံလျက် ခံနေရ၏ဟူ၍၊ ၎င်းအဋ္ဌအထာ၌ပင် မိန့်တော်မူ၏။ ။ဤအင်္ဂုတ္တိုရ်အဋ္ဌကထာ မိန့်မှာတော်မူတိုင်း ကမ္ဘာပျက်ရမှာတောင် ဗြဟ္မာ့အထက်ရွာ၌ မဖြစ်ရဘဲ၊ ငရဲမီးထဲ၌သာ

အမြဲနှစ်စေပါသည့် နိယတ မိစ္ဆာဒိဋ္ဌိကြီးတို့၏ ဖြစ်ပွါးရန် မျိုးစေ့ကား တခြားမဟုတ်၊ပရမတ်-ပညတ် မကွဲလတ်ဘဲ၊ တွဲစပ်၍သာ၊ ငါဘဲ-သူဘဲ စသည်စွဲ၍ အလွဲထင်မြင်နေကြသည့် **သက္ကာယဒိဋ္ဌိ** ကြီးပင်တည်း။ ၎င်း သက္ကာယဒိဋ္ဌိကြီးက မျိုးစေ့ရ၍ မှားချက်ဒိဋ္ဌိအနုသယ အပင်တွေ၊ မှောက်မှားချက် ဒုစရိုက် အနုသယအပင်တွေ၊ ဖေါက်ပြားချက် ကိလေသာအနုသယ အပင်တွေပေါက်ကြ၍ ဘေးဒုက္ခ၊ရန်ဒုက္ခ၊ဒဏ်ဒုက္ခ၊အပြစ်ဒုက္ခ၊ အပါယ် ဒုက္ခ၊သံသရာဒုက္ခစသည်အမျိုးမျိုးတည်းဟူသော အပွင့်ဆိုး၊အကင်းဆိုး၊ အသီးဆိုးများ ဖြစ်ပွါးထွန်းကား စေတတ်လှသော သက္ကာယ ဒိဋ္ဌိကြီး အစစ်၊ ရေသောက်မြစ်ကြီးများကို၊ အထူးသဖြင့် သံဝေဂရရ ထိတ်လန့် ကြ၍၊ဤဝိပဿနာ အလုပ်တည်းဟူသော တူရွင်း, ပေါက်တူးကြီးတို့ဖြင့် မကြာမတင် လျင်လျင် မြန်မြန်တူးဖေါ် ခုတ်ဖြတ် မီးရှို့လတ်ကာ၊ အေး ကြည်ရာ အသန့်တသို့ မကြာခင် ပေါက်ရောက်ကြအောင် လျင်မြန်အား ထုတ်နိုင်ကြပါစေသတည်း။

ဤသို့တိုက်တွန်းသည့်အတိုင်း သံဝေဂတရား ကြီးကြီးထား၍၊ ရှေ့က ပြခဲ့ပြီးသော နည်းများအတိုင်း အားထုတ်ကြသူတို့၊ မိမိတို့ဉာဏ် ပါရမီ အားလျော်စွာ ပညတ်-ပရမတ် ခြားနား၍ **ပရမတ်မှား-သက္ကာယဒိဋ္ဌိကြီး** ငရဲမီး မျိုးစေ့များကို တဒင်္ဂပဟာန်ဖြင့် ပယ်ရှားခြင်း၊ ဒိဋ္ဌိဝိသုဒ္ဓိအလုပ် အဟုတ်ပြီးစီးသူများ ဤသက္ကာယဒိဋ္ဌိတရားကို ကြာကြာကြီး ပယ်ရှားနိုင် ရန်၊ ဝိက္ခမ္ဘနပဟာန် အနေအစားဖြင့် ပယ်ရှားခြင်း၊ ဤဒိဋ္ဌိဝိသုဒ္ဓိက အခြေ ရ၍၊ထိုထိုဝိပဿနာဉာဏ် အမြင်သန်ကာ မဂ်ဉာဏ်သို့ ဆိုက်ရောက်ပါမူ၊ ၎င်းသက္ကာယဒိဋ္ဌိတရား အကြွင်းအကျန်မထားဘဲ၊ သမုစ္ဆေဒ ပဟာန်ဖြင့် အစတုံးပယ်လိုက်ကြမှ အပါယ ဒုက္ခမျိုးစေ့တွေ ဟူသမျှမှ ရှင်းရှင်းကြီး ကင်းလွတ်ရကြလေ၏။

ထို့ပြင်တဝ၊ ဤမိစ္ဆာအယူကြီးတို့မှ ဝေးဝေးကြီး ကင်းပ၍ သမ္မာ အယူဖြစ်ကြအောင် ပဋိစ္စသမုပ္ပါဒ်၌လာသော **ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းတို့ဖြင့်လည်း**၊ သိမှတ် ပြောဟောတော် မူကြကုန်၏။ ထိုနည်း လေးပါးတို့တွင်၊ အကြောင်းအကျိုး ဆက်လက်၍ တသန္တာန်ထည်း၊ တစဉ်ဘည်း၊ တဆက်ထည်း တစပ်ထည်းဖြစ်နေကြ သည်ကို စွဲ၍၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကဘဲ၊ ထိုထိုဇာတ် တော်ကို ပေါင်းသော နေရာဌာန စသည်တို့၌၊ လေးသင်္ချေနှင့် ကမ္ဘာ တသိန်းထက်က၊ သုမေဓာရသေ့သည်၊ ယခု အခါ ငါဘုရားဖြစ်လာ၏။

ထိုထိုအခါက မည်သူမည်ဝါ စသည့်တို့သည်၊ ယခုအခါ အာနန္ဒာ-သာရိပုတ္တရာစသည် ဖြစ်လာ၏ဟု ဟောကြားတော်မူသော နည်းကား၊ **ဧကတ္တနည်း**မည်၏။

ဤသို့ခန္ဓာအစဉ်ကို တခုထည်းပြု၍ခေါ်ဝေါ် ပြောဆိုကြရသော်လည်း အကြောင်း အသီးအသီးတို့ကြောင့်၊ တလောကလုံးကြီးမှာ အကျိုးအသီး အသီးဖြစ်ကြ၍၊ ထိုကမ္ဘာ, ဤကမ္ဘာသို့ မလိုက်ပါဘဲရှင်း၊ ထိုဘဝက,ဤဘဝသို့၊ထိုအရွယ်က,ဤအရွယ်သို့၊ ထိုနှစ်က,လက,ရက်က, အမှုအရာက၊ ဤနှစ် လ-ရက် အမှုအရာစသည်သို့ မလိုက်ပါဘဲ ရှင်း၊ ထိုထို ရှေ့ဖြစ်ရာကာလတွင်သာ ပျက်၍ ပျက်၍လိုက်၏ဟု- အကြောင်း အကျိုးတို့ အသီး အသီး ယူရသောနည်း၊ ထင်မှတ် ပြောဟောတော်မူကြသောနည်းကား၊ **နာနတ္တနည်း**မြတ်ကြီး ပေတည်း။

ဤလောကကြီးမှာ ဘယ်သူက- ဘာကို ပြုမည်၊ ညာကို ပြုမည်ဟု ကြောင့်ကြမှု အားထုတ်မှု ရှိသလို၊ပရမတ္ထသဘာဝတို့၌ အဝိဇ္ဇာစသော ထိုထို အကြောင်းတရားတို့မှာလည်း ကြောင့်ကြမှု အားထုတ်မှု မရှိဘဲ၊ ထိုထိုအကျိုးတရားတို့ကို ပြီးစေတတ်သည်ဟု သိရသောနည်း။ ထင်မှတ် ပြောဟောတော်မူကြသောနည်းကား၊**အဗျာပါရနည်း**မြတ်ကြီးပေတည်း။

ဤ လောကကြီးမှာ ထိုကဲ့သို့ကြောင့်ကြမှု အားထုတ်မှု မရှိဘဲနှင့်၊ အကြောင်းတရားဖြစ်ပေါ်တည်ရှိက၊ ထိုအကြောင်းတရားကြောင့် အကျိုး တရားတွေဟာ၊ တလောကလုံးကြီးတို့မှာ ဘာသာအလျောက် ဖြစ်ပွါး နေကြသည်ဟု သိရသောနည်း၊ ထင်မှတ်ပြောဟောရသော နည်းသည် **ဧဝံဓမ္မတာနည်း**မြတ်ကြီးပေတည်း။

ဤနည်းကြီး လေးပါးတို့ဖြင့် ပရမတ္ထဓမ္မတို့ကို ပညတ်တရားတို့နှင့် စပ်ဟပ် နှီးနှောကြကာ၊ အရိယာသူမြတ်တို့နှင့်တကွ ခေတ်ပေါက်သူ, ကျမ်းဂန်တတ်မြောက် သတိရောက်သူတို့ ထင်မှတ်ပြောဟောမှုတို့သည် လည်း၊ မိစ္ဆာဝါဒ ကင်းပျောက်ပ၍ သမ္မာအယူ အစစ် ဖြစ်ကြမှုတို့ပေ တည်း။ ။ဤဆဋ္ဌမရက် အဆုံးမှာလည်း၊ ဟောကြားခဲ့သမျှ အကျယ် စကားရပ်တို့ကို နိဂုံးသတ် အချုပ်စကား မှတ်မိသွားအောင် ဟောကြား လိုက်ရပုံကား၊ မအ္ဈိမာက မပဇာနှင့် မအဒ္ဓါတို့၊ မရမရှိသည့်ရွှေအိုးကို အရ- အရှိထင်မှတ်မှား၍ နောက်ပါသူကို ပေးသင့်, မပေးသင့် အငြင့် နှစ်ပါးနှင့်၊ ခိုက်ရန်ပွါးကြရခြင်း၊ ထန်းသမားက သတိပေးမှ ရွှေအိုးမရ

သေးတာကို သတိရ၍ ခိုက်ရန်မှ ကင်းလွတ်ကြသလို၊ အံတွင်းရှိ ပရမတ်တရားတို့ကို ပညတ်အစားစား အထင်မှားသော သက္ကာယ ဒိဋ္ဌိသမားတို့ အတွင်းသားပရမတ်တို့အထဲမှာ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူဘပါးစသည်တို့ မရှိပါဘဲလျက် အရှိထင်မြင်မှားသည့် အတွက်ကြောင့်၊ ၎င်း ပုဂ္ဂိုလ် စသည်တို့သည်၊ သေလျှင် နောက်ဘဝသို့ သွားကြသည်။ မသွားနိုင်ဘဲ ပြတ်စဲကြသည်ဟု ဒိဋ္ဌိအမျိုး ဖြစ်ပွါးကြရ၏။ ဆရာသမား ကျမ်းဂန်များ ကိုတွေ့ရှိရ၍၊ ပရမတ်,ပညတ်ခြားနားကာ သိရှိသောအခါကျမှ၊ သက္ကာယ ဒိဋ္ဌိကို ပဟာန်သုံးပါးနှင့်ညှို၍ ပယ်သဖြင့်၊ ထိုက်သည် အားလျော်စွာ ဒိဋ္ဌိ အမျိုးမျိုးတို့မှ ကင်းလွတ်ကြရမှုနှင့် တူလှသည်များကို မကြာမကြာ အခါခါစဉ်းစား၍ ကြည့်ရှုကြပါလေ။

ယမ်းစနက်မီး ဥပမာမှာ၊ ရှေ့ရှေ့ ယမ်းမှုန့်မီးက နောက်နောက် ယမ်းမှုန့်မီးသို့လည်း မလိုက်၊ အကြောင်းလည်း မကင်းသည့် အတွက် မှန်သောအချက်ကိုသိရှိက **ဆက်မှားပြတ်မှား၊ မပြတ်တပြတ်မှားတို့ကို** သိရသလို၊ ရှေ့ရှေ့ဘဝက နောက်နောက်ဘဝသို့ ရုပ်နာမ်, ပညတ်တို့ လည်း မပါမလိုက်။ ကံအကြောင်းလည်း မပြတ်ကင်းသည့် အတွက် မှန်သော အချက်ကိုသိရှိက သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိ တို့ မှားကြချက်ကိုလည်း သိရအောင်၊ အခါခါအထပ်ထပ် စဉ်းစားတတ် ကြပါစေသတည်း။ ။[လူဝင်စားများ ရှေ့အကြောင်းတွေ ပြန်ပြောင်း၍ ပြောနိုင်သည်ကား။ ဇာတိသရဉာဏ်နှင့်သာ ပြန်၍သိသဖြင့် ပြောနိုင် ကြောင်း။ တဘဝသို့ အမှတ်ပါ တန္တေဘဝက ကျောညိုပါတာတို့ကို အမိဝမ်းထဲက သားအိမ်နှင့် ဖိနှိပ်ချက်၊ တိုက်ခိုက်ချက်တို့ကြောင့် ဖြစ် ကြောင်း၊ ပိုးကြိုးနှင့် ချည်တာ၊ လှည်းနင်းရာ ပါလာတာတို့သည်၊ သမ္မို ကုဋ္ဌမြဲအားမှာ သံတူကြီးတွေ မကောင်းမှုကြောင့် ဖြစ်တာလို၊ မကောင်း မှုကြောင့်ဖြစ်ကြောင်း၊ ပြုစကကုသိုလ်, အကုသိုလ်ကံတို့ ချုပ်သော်လည်း အကျိုးပေးခွင့် ဆိုက်ကပေးကြရန်၊ နာနက္ခဏိက ကမ္မသတ္တိမျှ လိုက်ပါ ကြောင်းများကို၊ မိမိတို့နေရာကျတော့ အခါခါစဉ်းစားကြည့်ကြပါလေ။ ဒိဋ္ဌိကြီး သုံးပါး ဖြစ်လွယ်ပုံများနှင့် ပဋိစ္စသမုပ္ပါဒ်နည်း လေးပါးဖြင့် ထင်မြင်မှားချက်များကို၊ ရှောင်ရှားတတ်ကြရန် အထပ်ထပ် ကြိုးပန်းကြ စဉ်းစားကြပါလေဟု နိဂုံးချုပ်စကားကို ပြန်ကြားဆုံးဖြတ် ဆဋ္ဌမရက် အပြီးသတ်လိုက်ကြပါလေ ဆရာပြုလုပ်သူတွေတို့။]

ဆဋ္ဌမရက်၊ ဝိပဿနာ အလုပ်ပေးချက် ပြီး၏။

## (၂၂) သတ္တမရက်၌၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအတွက် အကြောင်းကို သိမ်းဆည်းချက်နှင့် သုတမယဉာဏ်ထင်ဘုရား၊ ဝိသုဒ္ဓိအစားမပေးတော်မူ

ယခု ရေးပြလတ္တံ့သော သတ္တမရက်၊ ဝိပဿနာ အလုပ်ပေးချက်၌ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်က ထင်မြင်ပေါက်ရောက်ကြပြီးသောနာမရူပပရိစ္ဆေဒ ဉာဏ်၏အာရုံဖြစ်သော ရုပ်နာမ်တို့၏အကြောင်းကို သိမ်းဆည်း၍၊ အစွန်း ၃–ပါး၌၊ ယုံမှားခြင်းကို လွန်မြောက်၍တည်သော ပစ္စယပရိဂ္ဂဟဉာဏ် သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ၎င်းဝိသုဒ္ဓိကို ပွါးဟန်ကား။ ။ကံ, စိတ်,ဥတု, အာဟာရ တည်းဟူသော ရုပ်တို့၏ အကြောင်းလေးပါးတို့ တွင်၊ ဇီဝိတ နဝက ကလာပ်စသော ကမ္မဇကလာပ် ၉–စည်းတို့သည် ကံကြောင့်သာ ဖြစ်ကြကုန်၏။ ဗိဿနိုး, ဒေဝါ, ဗြဟ္မာ, သိကြား၊ထာဝရ ဘုရားစသော တပါးသော ပုဂ္ဂိုလ်တို့ ပြုပြင်မှုအကြောင်းကြောင့် မဖြစ် ဟု သိမှတ် သိမ်းဆည်းခြင်းသည်၎င်း။ ။သုဒ္ဓဋ္ဌက ကလာပ် စသော စိတ္တဇ ကလာပ် ၆–စည်း။ (တနည်း) သစ္စသံခိပ်က (သဒ္ဒနဝက ကလာပ် တစည်း) ထည့်၍ ၇–စည်း။ (တနည်း) လယ်တီဆရာတော်က ထိုထို အဋ္ဌ ကထာကြီးများ နည်းနှင့် သစ္စသံခိပ်နည်းကို စပ်ဟပ်၍ **သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်တစည်း** ထည့်ပြန်၍၊ စိတ္တဇ ကလာပ် ၈–စည်းတို့သည် စိတ်သန်လျှင် သန်သလို ပွါးများမှု၊ စိတ်နုံ့လျှင် နုံ့သလို ဆုတ်ယုတ်မှုတို့ ဖြစ်ကြ၍ စိတ်တခုကြောင့်သာ ဖြစ်ကြ၏။ တပါးသော အကြောင်းတို့ ကြောင့် မဖြစ်ဟု သိမှတ်သိမ်းဆည်းခြင်းသည်၎င်း။ ။သုဒ္ဓဋ္ဌက ကလာပ် စသော ဥတုဇကလာပ် လေးစည်းတို့သည်၊ သီတ, ဥဏှတည်းဟူသော ဥတုထက်သန်လျှင် သန်သလို ပွါးများမှု၊ ဥတုနုံ့လျှင် နုံ့သလို ဆုတ် ယုတ်မှုတို့ဖြစ်ကြ၍ ဥတုကြောင့်သာ ဖြစ်ကြ၏။ အဝိညာဏက ရှိရှိသမျှ တို့မှာကား၊ သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝက နှစ်စည်းတို့သာ ဥတုကြောင့်ဖြစ်၏။ တပါးသော အကြောင်းတို့ကြောင့် မဖြစ်ဟု သိမှတ်သိမ်းဆည်းခြင်းသည် ၎င်း။ ။သုဒ္ဓဋ္ဌက လဟုတာဒိ ဧကာဒသက-ဟု ဆိုအပ်သော အာဟာရဇ ကလာပ် ၂–စည်းတို့သည်၊ သြဇာဓာတ်ဆီတို့ ထက်သန်လျှင် သန်သလို ပွါးများမှု၊ ဓာတ်ဆီနုံ့လျှင် နုံ့သလို ဆုတ်ယုတ်မှုတို့ ဖြစ်ကြ၍၊ သြဇာ ဓာတ်ဆီဟု ဆိုအပ်သော အာဟာရကြောင့်သာ ဖြစ်ကြကုန်၏။ ဗိဿနိုး, ဒေဝါ, ဗြဟ္မာ, သိကြား၊ ထာဝရဘုရားစသော တပါးသော ပုဂ္ဂိုလ်တို့

ပြုပြင်ခြင်းအကြောင်းကြောင့် မဖြစ်ဟု သိမှတ်သိမ်းဆည်းခြင်းသည်ငင်း၊ ရုပ်၏ အကြောင်းတရား လေးပါးတို့ကို သိမ်းဆည်းနိုင်သည်မည်၏။

**သာဓာရဏ, အသာဓာရဏ**ဟု ခေါ်အပ်သော **နာမ်၏အကြောင်း ၂ ပါး**တို့တွင်၊ နာမ်၏ သာဓာရဏ အကြောင်းကို သိမ်းဆည်းရာ၌၊ မီးခတ်နှင့်ကျောက်တို့မှာ မီးမပါသော်လည်း ထိခတ်သောအခါ မီးပေါ်လာသကဲ့သို့ ငင်း၊ စည်နှင့် လက်ခတ်တို့မှာ အသံမပါသော်လည်း တီးခတ်သောအခါ အသံပေါ်လာသကဲ့သို့ငင်း၊ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါးတို့မှာ၊ ယခုဖြစ်ပေါ်မည့် ဝိညာဏ်နာမ်တို့ မပါ သော်လည်း၊ ငင်းဒွါရ, အာရုံတို့ ထိပါးကြသောအခါ ဝတ္ထုရုပ်တို့ကို မှီ၍၊ ထိုထိုအာရုံတို့ကို အာရုံပြု၍ ဝိညာဏ်နာမ်တို့ ဖြစ်ပေါ်လာရသောကြောင့်၊—

(၁) ရူပါရုံ, စက္ခုဝတ္ထုတို့သည်၊စက္ခုဝိညာဏ်နာမ်တို့၏ အကြောင်းတည်း။
(၂) သဒ္ဒါရုံ, သောတ ဝတ္ထုတို့သည်၊ သောတ ဝိညာဏ် နာမ်တို့၏ အကြောင်းတည်း။
(၃) ဂန္ဓာရုံ,ဃာနဝတ္ထုတို့သည်၊ဃာနဝိညာဏ်နာမ်တို့၏အကြောင်းတည်း။
(၄) ရသာရုံ, ဇိဝှါဝတ္ထုတို့သည်၊ဇိဝှါဝိညာဏ်နာမ်တို့၏ အကြောင်းတည်း။
(၅) ဖောဋ္ဌဗ္ဗာရုံ ကာယ ဝတ္ထုသည်၊ ကာယဝိညာဏ် နာမ်တို့၏ အကြောင်းတည်း။
(၆) ဓမ္မာရုံ၊ (တနည်း) အာရုံ ၆-ပါး၊ ဟဒယဝတ္ထုတို့သည်၊ ကြွင်းသမျှ မနောဝိညာဏ်နာမ်တို့၏အကြောင်းတည်းဟု သိမှတ်သိမ်းဆည်းခြင်းသည်၊**နာမ်၏သာဓာရဏ အကြောင်း**ကိုသိမ်းဆည်းနိုင်သည်မည်၏။

**နာမ်၏ အသာဓာရဏ အကြောင်း**ကို သိမ်းဆည်းရာ၌၊ ယောနိသောမနသိကာရ, သဒ္ဓမ္မသဝန,သပ္ပုရိသူပနိဿယ,စတုစက္ကသမ္ပတ္တိ တို့သည်၊ ကုသိုလ်တို့၏ အကြောင်းတည်း။ ထိုမှပြန်သောအားဖြင့် အယောနိသောမနသိကာရ စသည်တို့သည် အကုသိုလ်တို့၏ အကြောင်းတည်း။ ကံ, အဝိဇ္ဇာ, ဂတိ, ကာလ စသည်တို့သည် ဝိပါက်တို့၏ အကြောင်းတည်း။ ဘဝင်, သန္တီရဏ, ကာမကြိယာ, အရဟတ္တ မဂ်, ဖိုလ် စသည်တို့သည်

အာဝဇ္ဇန်း,ဇဝနာ,ကာမမဟာကုသိုလ်, ကြိယာဇောတို့၏အကြောင်းတည်းဟု သိမှတ်သိမ်းဆည်းခြင်းသည်၊ နာမ်၏ အသာဓာရဏ အကြောင်းကို သိမ်းဆည်းသည် မည်၏။ ။ဤသို့ အကျဉ်းဆုံးနည်းဖြင့် ပစ္စုပ္ပန် ရုပ်နာမ်တို့၏ အကြောင်းကို သိမြင်ကြလျှင်၊ အတိတ်အဆက်ဆက်၊ အနာဂတ် အဆက်ဆက်တို့မှာ ဖြစ်သမျှ ရုပ်နာမ်တို့၏ အကြောင်း တို့ကိုလည်း ဤပစ္စုပ္ပန် အကြောင်းနှင့် အတူပင်တည်းဟု သိမှတ် သိမ်းဆည်းနိုင်ကြတော့၏ဟု မှတ်ကြပါလေ။

ဤသို့ကာလ ၃-ပါး၌၊ရုပ်နာမ်တို့၏အကြောင်းကို သိမှတ်သိမ်းဆည်း နိုင်သော ယောဂီဖြတ်သည်၊ အဘိဓမ္မာနည်းအားဖြင့် ယုံမှားခြင်း ၈-ပါး၊ သုတ္တန် နည်းအားဖြင့် ယုံမှားခြင်း ၁၆-ပါးတို့ ကင်းစင်ကြ ကုန်ရာ၏။ အဘိဓမ္မာနည်းက ယုံမှားခြင်း ၈-ပါးအရကို လက်ာသံခိပ်နှင့်ပြခဲ့ရမူ၊-

**သုံးရတနာ၊ သိက္ခာပုဗ္ဗံ၊ အပရန္တနှင့်၊ ပုဗ္ဗာပရ၊ ပဋိစ္စ-ရှစ်ဝယုံမှား ခြင်း။** ။ဟု သိအပ်၏။

ဤ၈-ပါးတို့တွင်၊ယခုကာလ ဓာတ်ပရမတ်စသည်တရားတို့ကိုထင်ရှား မသိမြင်သူတို့ ရတနာသုံးပါး၌ ယုံမှားကင်းနေကြသည်ကား၊ ဆရာ, မိဘ ကျမ်းဂန် စသည်တို့က ပြောဟော ပြသကြသည့် အတိုင်း၊ ဆရာ, မိဘ ကျမ်းဂန် စသည်တို့ကို ယုံကြည်၍သာ၊ ဤကဲ့သို့ သဘောရှိတာတွေဟာ ဘုရားတဲ့၊ တရားတဲ့၊ သံဃာတဲ့ဟု- သုတမယဉာဏ်နှင့် **တဲ့** ဘုရား။ **တဲ့** တရား။ **တဲ့**သံဃာအဖြစ်ဖြင့်သာ ယုံမှားခြင်း ကင်းနေကြကုန်၏။ ဤသုတ မယ ဉာဏ်နှင့် ယုံမှားခြင်းကင်းမှုကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ပြီဟု မဆို ထိုက်သေး။ အဘယ့်ကြောင့်နည်း ဆိုသော်၊ အကယ်၍ ဆရာ,မိဘတို့က ဘုရား,တရား,သံဃာဆိုတာ မုတ်ဆိတ် ကြင်စွယ်ကြီးတွေနှင့်ဘဲ၊ တုံးကြီး တွေဘဲ၊တိုင်ကြီးတွေဘဲ၊ သိကြားကြီးတွေဘဲ၊ ဗြဟ္မာကြီးတွေဘဲ စသည် ဖြင့် ပြောဟောမှုနှင့် တကွ အလေးဂရုပြုလာကြမူ၊ တပည့် လက်သား စဉ်ဆက်တို့ကလည်း ယခုကာလ ဘာသာအမျိုးမျိုးတို့မှာ ယုံကြည်နေကြ တာလို၊ သုတမယ သိနှင့်သာ ဖေါက်လွဲဖေါက်ပြန် ဘုရား, တရား, သံဃာ တွေဘဲလို့ ယုံကြည် နေကြပြန်လတ္တံ့သော ကြောင့်တည်း။ ၎င်းသုတမယ ဉာဏ် ဆိုတာကလည်း ယခု ကာလ ဝိန္တာမယ ဉာဏ်နှင့် တရားမှန်ကို မသိကြဘဲ၊ သစ်သား, အုဋ်ကျောက်၊ ရွှေ, ငွေ-ကြေးသံ စသည်တို့ကို သွင်း ထုပြုလုပ်၊ ရေးသား ထားသမျှသော ဗောဓိရုပ်ပုံတော်၊ ဒက္ခိဏာသာခါ

ပုံတော်၊ ရုပ်ထုတော် အစားစားတို့ကိုရင်း၊ ယခုကာလ ပွါးများကြသော ယောဂီတို့ အာရုံထဲမှာ ထင်မြင်လာသော ဘုရားစစ်ပုံတော်,ရုပ်ထုတော် အစားစားတို့ကိုရင်း၊ အာရုံပြုသမျှ ဉာဏ်တို့ကိုသာ သုတမယ ဉာဏ်ဆိုရ တာမဟုတ်သေး။ တရားမှန်ကို ကေန်မသိက ရှေ့ကပြခဲ့သော ဘုရားအာရုံ တို့ထက်မက သက်ထော်ထင်ရှား ဘုရားကိုယ်တော်တိုင် ကြီးကိုပင်၊ မိမိ မျက်စိနှင့် ကြောင်ကြောင်ကြီး ထင်မြင်နေကြရစေကာမူ၊ ၎င်းဘုရားစစ် ကိုယ်တော်တိုင်ကြီးကပင်၊ငါဘုရားအစစ်ကေန်ဖြစ်ပြီးဟု မိန့်တော်မူသံကို မိမိတို့နားနှင့် ဆတ်ဆတ်ကြားရစေကာမူ၊ ဘုရားမှန်အစစ်ကို စိန္တာမယ ဉာဏ်အဖြစ်နှင့် တစ်တစ်ခွခွ မသိကြသေး၊ သုတမယ ဉာဏ်နယ်ကသာ ထား၍၊ ဘုရားစသည်၌ ယုံမှားခြင်း ကို ပယ်ရကျသေးသည်။ဘုရားတော် မြတ် အမှန်ကို စိန္တာမယဉာဏ်နှင့် ကေန်သိရှိ ပေါက်ရောက်က၊ ဘုရား အစစ် စသည်တို့ကိုလည်း ထင်မြင် တွေ့သိ နိုင်တော့သည် သာတည်း။ ဘုရားအစစ် ဖြစ်မဖြစ်ကို လောကီနယ်က တကယ်အသိဆုံးကြီးတွေ ဖြစ် ပေမဲ့၊ဘကယ့်ဘုရားအစစ်များကို မသိသည့်အတွက်၊သက်တော် ထင်ရှား ဘုရားအစစ်ကြီးကို မျက်စိနှင့် ကြောင်ကြောင်ကြီးဘဲ မြင်ရကြလို့မှ မသိ ကြသူ။ ဘုရား ကိုယ်တော်တိုင်ကပင် ငါဘုရား ဖြစ်ပြီဟု မိန့်မြွက်သော စကားကို မိမိနားနှင့် ဆတ်ဆတ် ကြားရလို့မှ မသိကြသူတို့ သက်သေ ကား၊ **ပဥ္စဝဂ္ဂီငါးဦးသားတို့ပေတည်း။**ဤစကားကိုထင်ရှားအောင် ပြဦးအံ့။

သိဒ္ဓတ်မင်းသား ဘုရားအလောင်း ဖွားမြင်စက လက္ခဏာဘတ်ကြ သော ပုဏ္ဏားရှစ်ယောက်တို့တွင်၊ ရာမ,ဓဇ,လက္ခဏ,ဇောတိမန္တ, ယည သုဗောဓ သုယာမဟူသော ပုဏ္ဏားတော် ၇-ယောက်တို့က၊ လက် ၂- ချောင်းကိုမြှောက်၍၊ မြို့ရွာမှာနေမူ၊ စကြာမင်းဖြစ်အံ့၊ တောထွက်မူ၊ ဘုရားအစစ်ဖြစ်အံ့ဟု- လက္ခဏာအရ ဟောပြောကြကုန်၏။ ကောဏ္ဍည နွယ်ဖွားအငယ်ဆုံးသုဒတ္တပုဏ္ဏားကလေးကမူကား၊လက်တချောင်းကိုသာ မြှောက်၍၊ ဤ လက္ခဏာတော်ကြီး, လက္ခဏာတော် ငယ်တို့နှင့် ပြည့်စုံ တော်မူလှသော အရှင်သားသည်၊ ကေန္တ ဘုရားအစစ်ဖြစ်ပါအံ့ဟု ဟော ပြောပြီးနောက်၊ ပုဏ္ဏားကြီး ၇-ယောက်တို့က သိဒ္ဓတ်မင်းသား ဘုရား ကေန်ဖြစ်အံ့။ ၎င်းကိုရည်မှန်း၍ ရသေ့, ရဟန်းပြုရစ်ကြလေဟု မှာထားခဲ့ ကြကုန်၏။ထိုသို့ပင် မှာထားခဲ့သော်လည်း ကောဏ္ဍညပုဏ္ဏားကလေးနှင့် တကွ ၎င်းပုဏ္ဏားကြီးတို့၏သား ဝပ္ပ,ဘဒ္ဒိယ, မဟာနာမ်, အဿဇိ တို့ပါ၊ ပေါင်း-ငါးယောက်တို့သာ တောထွက်ကြရသတည်း။ သိဒ္ဓတ်မင်းသား

လည်း ကြီးသောအခါ တောထွက်လာ၍၊ဥရုဝေလတော၌ ပဉ္စဝဂ္ဂီငါးဦးတို့နှင့်တွေ့လေရာ၊ ၎င်းငါးဦးသားတို့ကလည်း တရားဟုတ်သည်ဟု ထင်သဖြင့် ကျင့်ကြံနေကြပါသော အစားအစာဖြတ်၍ကျင့်ရသည့် **ပါသဏ္ဍာအယူများကို** စုံစမ်းရင်း၊ အလွန်ပြုနိုင်ခဲသော **ဒုက္ကရစရိယ အကျင့်ကို** ကျင့်ရာ၊ စကြံဦးမှာ အားပြတ်၍ လည်းနေသော အခါတွင် ဆင်ခြင်တော်မူသည်ကား၊ အစာကိုလုံးလုံးဖြတ်၍ ကျင့်ရသော အကျင့်သည်၊ အစစအားနည်းပါးသဖြင့် သမာဓိ နယ်ကလည်း မတိုးပွါး၊ အသိ ပညာနယ်ကလည်း မထွန်းကားဘဲ၊ အားပြတ်၍ လည်းရုံသာ ဖြစ်လေ၏ဟု သိ၍၊ ၎င်းအကျင့်ကို စွန့်ကာ၊ မြို့ရွာတို့မှာ ဆွမ်းခံစား၍၊ ဘုရားဖြစ်နိုင်လောက်သော အကျင့်အလေ့တို့ကို ကျင့်ကြံတော်မူသည့်အခါ ကျတော့မှ၊ပဉ္စဝဂ္ဂီငါးဦးသားတို့က သူတို့ အထူးနှစ်သက်သည့် အစာရေစာဖြတ်၍ အငတ်ကျင့်ရသော (ပါသဏ္ဍာအကျင့်ကို) မကျင့်သည့်အတွက် သိဒ္ဓတ်မင်းသားအစာမစားဘဲ၊ အလွန်ခြိုးခြံစွာကျင့်ပါလျက် ဘုရားမဖြစ်နိုင်၊ ယခု အစားအစာတို့ကို စား၍၊ ပေါ့လျော့လျော့ကျင့်မှုကား၊ အဘယ်မှာ ဘုရားဖြစ်နိုင်တော့အံ့နည်းဟု ဘုရားလောင်းကို စွန့်ခွါ၍ ၁၈-ယူဇနာ ဝေးသော ဣသိပတန မိဂဒါဝုန်တောသို့ ပဉ္စဝဂ္ဂီငါးဦးသားတို့ သွားကြလေကုန်၏။

ဤအစာဖြတ်၍ ကျင့်ကြသော အဘတ်၌၊ သူတော်ကောင်း အများအထူး သတိထားရန် ထိတ်လန့် ဘွယ်ကြီးကား၊ ဘုရားမပွင့်ခင်က ဤလောကကြီးနှင့်အမျှ အစာကိုဖြတ်၍ ကျင့်ရမှုစသော လောကီအတတ်တို့ရှိလာကြရာ၊ ယခု ခေတ်အခါ ကျမ်းစာတို့မှာလည်း မပါဘဲလျက် လောကီနှင့်စပ်ဆက်သောအကျင့်များ တစဘစထွန်းကားလာကြပြန်ရာ၊ လောကီဘက်ကို သက်သက်လိုက်သောသူတို့မှာ ဟုတ်လှပြီဟု ထင်မှတ်ကြရုံမျှမက၊ ပုထုဇဉ်အဖြစ်နှင့်ကား၊ လူ-နတ်, ဗြဟ္မာအများတို့ အထွဋ်အမြတ်ဆုံးကြီးဖြစ်သော ဝိဇ္ဇာဓိုရ်မင်း အကြီးဆုံးကြီးတွေအဖြစ်ကို ရနိုင်ကြပါစေသတည်းဟု သူတော်ကောင်း အားလုံးကြီးတို့က ပြုကြသော မေတ္တာစသည်တို့ကြောင့်၊ လူဝိဇ္ဇာဓိုရ်, နတ်ဝိဇ္ဇာဓိုရ်, ဗြဟ္မာဝိဇ္ဇာဓိုရ်မင်းအကြီးဆုံးအဖြစ်ကို ရကြစေကာမူ၊ အပါယ်ဘေးကြီးများအပူ၊ ရှိရှိသမျှသော ဒုက္ခဘေးကြီးများအပူ၊ သံသရာက မိုက်မှားခဲ့သမျှသော ကိလေသာ ဒုစရိုက် အမိုက်အမှား ဘေးကြီးများ အပူတွေက ကင်းလွတ်ကြသော လူ, နတ်, ဗြဟ္မာ, ဝိဇ္ဇာဓိုရ်မင်းကြီးတွေ အစစ်မဖြစ်နိုင် ကြချေ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပျက်သည့်အခါ၊ဗြဟ္မာအထက်ရွာမှာချည်း

သတ္တဝါတွေဟာ ဗြဟ္မာတွေချည်း ဖြစ်နေပါသော်လည်း ၎င်းဘေးတွေက မကင်းကြသည့်အတွက်များကြောင့်၊ အောက်အောက်ဘုံ အစားစားသို့ ကားကနဲ-ကားကနဲ ကျကျ- ကျကျလာကြရသဖြင့်၊ ထိုထို မြို့ရွာတွေနှင့် အပြည့်၊ ထိုထိုတောတောင် ရေမြေ ကောင်းကင်တွေနှင့် အပြည့်အပြည့်၊ အမျိုးပေါင်း သိန်း,သောင်း ရာထောင်မက ပေါများလှသော ငရဲသူ, ငရဲသားတို့ အစားစား၊ တိရစ္ဆာန်တွေ အစားစား၊ ပြိတ္တာတွေ အစားစား၊ အသုရကာယ်တွေ အစားစား၊ လူဒုဂ္ဂတိတွေ အစားစား ၊နတ်ဒုဂ္ဂတိတွေ အစားစားတွေ ဖြစ်၍နေကြသည်။ ယခု မျက်မြင် အနေနှင့်၊ ကမ္ဘာပျက်စဉ်က၊ ဗြဟ္မာ အထက်ခွင်မှာ အားလုံးကုန် ဖြစ်ပွါးကြီးမားနေကြသော အခြေတို့ကို ထောက်စာလိုက်ပေမူ၊ အလွန့်အလွန်ကြီးကွာလှမ်း၍ နေကြသည်ကို ပညာဉာဏ်မျက်ဖွင့်နှင့် စပ်ဟပ်၍ကြည့်ကြပါက၊ ယခုကာလ လိုက်စားကြသော လောကီဝိဇ္ဇာဝေရ အဘတ်မျိုး အလုပ်တို့သည်၊ ယခု တဘဝမတ္တ ခံစံသွားကြဘို့၊တနပ်စားမျှကလေးတို့တောင် ဖြစ်ကြရအောင် အလွန့်အလွန်ကြီး ခဲယဉ်းလှကြကုန်၏။ ကေန်စင်စစ် ပေါက်ရောက်ကြသည့် ကိန်းသေ တွက်ခြေကိုက် အလုပ်မျိုးမဟုတ်ကြဘဲ၊ အခဲယဉ်းဆုံးကြီးဖြစ်နေကြပုံမှာ၊ သိန်းထီဆိုးသော လူပေါင်း တသိန်း ငါးသောင်းတို့အထဲက၊ မိမိ တယောက်ထည်း ဤ သိန်းထီကြီးကို ပေါက်ကြရဘို့ဟာ လွန်စွာမှ ခဲယဉ်းကြသည်ထက် ဆယ်ဆထက်မက လောကီ ဝိဇ္ဇာမိုရ်၏ အလုပ်က ပေါက်ရောက်ကြဘို့ ခဲယဉ်းကြလှသည့်အတွက်၊အကယ်၍လောကီချမ်းသာအစစ်၊ လောကုတ္တရာ ချမ်းသာအစစ်တို့ကို အဟုတ်လိုလားသော အမျိုးကောင်းသား,အမျိုးကောင်းသမီးအစစ်ဖြစ်ကြပါမူ၊ ဧကန္တမလွဲ အမြဲကိန်းသေဖြစ်သော ဘုရားသာသနာတော် အလုပ်ကြီးတွေ ပေါ်ထွန်း၍ နေကြသည်၌၊ မိမိတို့ စွမ်းရေသတ္တိ ရှိကြသလောက် လောကီချမ်းသာကို လိုလားတောင့်တ၍ အားထုတ်ကြသော ဆန္ဒ ဝီရိယတို့လောက်သာ၊ယခုအားထုတ်ကြသော ဗုဒ္ဓသာသနာ သမထ-ဝိပဿနာများ အချက်မှာ၊ လောကီဝိဇ္ဇာနှင့် မဖက်၊ လောကုတ္တရာဝိဇ္ဇာသက်သက်နှင့်သာ၊ ဤတလလောက်၊ တနှစ်လောက်၊ တဘဝလောက်၊ ဒိ, နာ, သေရေး၊ ဒုက္ခဘေးမှ၊ လျင်မြန်စွာ ကင်းဝေး လိုကြောင်း နှင့် ကောင်းကောင်းကြီး အားထုတ်လိုက်ကြပါမူကား၊ ဤဘဝတွင်ပင် ဈ န်မဂ်ကိုသော်လည်း ပေါက်ရောက်ထင်မြင်ကြ၍၊ ဧကန္တချမ်းသာလှသော ကိုယ်,စိတ်အစဉ်တို့လည်း ဖြစ်နိုင်ကြ၏။ အကယ်၍ ဈာန်မဂ်တရားကို မရ

ကြပြောစေကာမူ၊ လောကီနှင့်မဖက်၊ လောကုတ္တရာကြောင်း သက်သက်၊ တိပိဋကဉ္စကျမ္မ သမထဝိပဿနာ ဉာဏ်မဟာတို့ အတွက်၊ ယခု ဘဝ လူပိဋ္ဌာဓိရုံမင်း, လူစကြာမင်းတို့ ချမ်းသာခြင်းတို့ထက်၊ အဆရာထောင် မက ချမ်းသာလှသော နတ်တို့၏စည်းစိမ်ချမ်းသာတည်းဟူသော သုခကို ခံစားကြရဘို့ကား၊ ဧကန္တမုချ မလွဲနိုင်ကြတော့ပြီဟု စိတ်အနေသန်သန် နှင့် မြန်မြန်ကြီး အားထုတ်ကြရဘို့ အရေးကို အထူးသတိ ပေးလိုက်ပါ သည်။လောကုတ္တရာ ဝိဋ္ဌာဓိရုံ၊ယောဂီပျို့အစစ်အပေါင်း သူတော်ကောင်း တို့။ ။[ ဤကား-အထူးသတိပေးချက်ပေတည်း။ ]

## (၂၃) ပါရမီရှိကြသူတို့ အာဠာရ ဥဒက-ဒေဝဒတ်များကို သက်သေထား၍၊ အမြန်တရားကို အားထုတ်ကြရန်နှင့် ဘုရားစစ်ကိုမျက်စိနှင့်မြင်၍၊နားနှင့်ကြား၍ မသိကြပုံ သက်သေခံ

ထိုပဥ္စဝဂ္ဂီငါးဦးသားတို့ ဣသိပတန မိဂဒါဝုန်တောသို့ သွားကြသော် လည်း၊ ဘုရားလောင်း တကိုယ်ထည်း အာဟာရများကိုမှီးလျက် အား သည်း၍ကျင့်ရာမှ၊ဘုရားအဖြစ်ကို ရတော်မူ၍၊တရားဟောရန် ဖြဟ္မာမင်း တောင်းပန်မှ၊ ဘုရားမဖြစ်ခင်က၊ လောကီဈာန် ၇-ပါးကို ဆရာထား၍၊ နာကြားနည်းယူဘူးသည့် ကျွတ်နိုင်သော ပါရမီရှိပြီးသား၊အာဠာရ-ရသေ့ အား ဟောကြားမည်ဟု စိတ်တော်ရည်ရွယ်သည်များကို နတ်သားကသိ၍၊ ၎င်းရသေ့ ပြီးခဲ့သည့် ၇-ရက်နေ့က စုတိစိတ်ကျကြောင်းကိုလျှောက်ရာ၊ ထိုရသေ့ အာကိဉ္စညာယတနဘုံမှာ ဖြစ်တာကို မြင်တော်မူ၍၊ ထိုအာဠာရ ရသေ့သည်၊ရှုံးခြင်းကြီးလှလှရှုံးလေစွ။ငါ့တရားကိုနာရမူကား ကျင့်ဘွယ် ကိစ္စပြီးစီးသွားနိုင်ရာ၏ဟု သံဝေဂကြီးရရနှင့်၊ ရင်တော်ကို သပ် မ,တော် မူရှာလေ၏။ ။၎င်းနောက် ဘုရားမဖြစ်ခင်က၊ ၅စ်ချမြောက် သမာပတ် များကို ဆရာထား၍၊နာကြားနည်းယူဘူးသည့် ကျွတ်နိုင်သော ပါရမီရှိပြီး သား ဥဒကရသေ့အား ဟောကြားမည်ဟု စိတ်ရည်ရွယ်သည်များကို နတ် သားကသိပြန်၍၊ ၎င်း ရသေ့သည် ပြီးခဲ့သည့် ညဥ့်သန်းခေါင်က၊ စုတိ စိတ်ကျကြောင်းကို လျှောက်ထားပြန်ရာ၊ ထိုရသေ့ နေဝသညာ-နာ သညာယတနဘုံမှာ ဖြစ်တာကိုတွေ့၍၊ သြော်..... ဥဒက ရသေ့လည်း ရှုံး ခြင်းကြီးလှလှ ရှုံးလေစွ၊ကျွတ်နိုင်သော ပါရမီရှိပြီးသားမို့၊ ငါ့တရားကို

နာရမှုကား၊ ကျင့်ဘွယ်ကိစ္စပြီးစီးသွားနိုင်ရာ၏ဟု သံဝေဂကြီး–ရ,ရနှင့်၊ လက်များကို တီးခတ်လိုက်မိတော်မူရှာရလေ၏။ ။ဤ ရသေ့ ၂–ပါး တားတားကလေးနှင့် ချော်ချွတ်သွားသည့်ကို သက်သေထား၍၊ သံဝေဂ တရားဖြစ်ပွါးကြရန်မှာ ကျွတ်လွတ်နိုင်သောပါရမီရှိပြီးသား ဖြစ်လေငြား လည်း၊ဘုရားကိုယ်တော်တိုင်ကြီး **ရင်ဘီး– လက်ခတ်** ဖြစ်ရလတ်အောင်၊ အမြတ်ဖိုလ်မဂ်၊ ကင်းလွတ်ချက်ကား၊ ဘုရားနှင့်လည်းမတွေ့, တရားနှင့် လည်းမတွေ့လိုပင်ဘည်း။ယခု ဝိပဿနာအလုပ်ကို အားထုတ်လိုကြသော ပညာရှိအပေါင်း သူတော်ကောင်းတို့မှာလည်း၊ဒိုဘေးဆိုးကြီး၊ နာဘေး ဆိုးကြီး၊ သေဘေးဆိုးကြီးတို့က မဦးကြမီ၊ ယခုတော့ ဘာ့ကြောင့်မို့၊ ညာကြောင့်မို့၊ နောက်ခါမှ–နောက်တော့မှစသည်ဖြင့် မိမိတို့ အစီးအပွါး အစစ်၊ နစ်ထက်နစ်၊ လစ်ထက်လစ်အောင် ကြံဆောင်လှည့်စား၊ ဝိတ် မှောင်၍ ထားနေသော အဝိဇ္ဇာတရားကြီးများကိုသာ ဉာဏ်ဝိဇ္ဇာတရား နှင့် ပယ်ခွါလှစ်ထား၊ အဘိုးမဖြတ်နိုင်သော ဝိပဿနာတရားအစစ်များကို နာခံမှတ်သား ဝိပဿနာအလုပ် လက်ဆုပ်ရမိသွားကြဘို့၊ ယခု တွေ့ကြုံ ရခဲအခါ အားထုတ်ခွင့် မရ ရအောင်သာ၊ လျင်အမြန်အခွင့် ရှာ၍ ဝိပဿနာ အလုပ်ထူးတရားက ဦးကြရန် အမြန်အားထုတ်သင့်ကြ လှပေ သည်။ ဤကဲ့သို့ အားမထုတ်မိပါဘဲ၊ အနည်းငယ်မျှ နောက်ဆွဲကြပါမူ၊ အဘိုးတသိန်းထိုက်သော ရွှေခွက်နှင့်လည်းလွဲ၊ရင်ကွဲ၍လည်း သေရသော သေရိဝ ဝါဏိဇဇာတ်က ဒေဝဒတ်အလောင်းနှင့် အတူ၊ စိတ်သောက တပူပူနှင့်တွဲ၍၊ငရဲ၌ မြုပ်နစ်သွားဘတ်လှလေသတည်း။

**ရင်းဇာတ်အရအကျဉ်း**ချုပ်ပြရမူ၊ဤကမ္ဘာက ပြန်၍ရေသည့်ရှိသော်၊ ငါးကမ္ဘာထက်၌သေရိဝတိုင်းသားဘုရားအလောင်း,ဒေဝဒတ်အလောင်း ရွှဲကုန်သည်။(တနည်း)ကျောက်ကုန်သည် ၂–ဦးသားတို့၊အရိဋ္ဌပူရမြည်သို့ အရောင်းဝင်စ,က၊ ခရီးကိုခွဲဝေ၍ ရောင်းချသောအခါ၊ မိ–ဘတို့ ပစ္စည်း အများ အားလုံးကြီးပျက်ပြားကြသော သူဌေးသမီး သူငယ်မသည်၊အဘွား အိုကြီးနှင့်သာ ပစ္စည်းကုန်ခန်းသဖြင့် ငှါးရမ်း လုပ်ကိုင်၍သာ နေထိုင်စား သောက်ကြရာ၊ ထိုဒေဝဒတ်အလောင်း ရွှဲကုန်သည် အလာတွင်၊ဤသူငယ် မ–မိဒုက္ခတို့အိမ်မှာ အဘိုးတသိန်းထိုက်ပါသော ရွှေခွက်ကြီးပင်ဖြစ်သော် ငြားလည်း၊မသိပိုးဝါး အဘိုးထိုက်တန်သည့် နေရာမှာ မသုံးစားဘဲ၊ မီးဖို ချောင်ထဲမှာ ခွက်ပန်းကန် ဆေးစရာခံသော အင်တုံအိုကြီး သဏ္ဍာန် အလား အတူထား၍ သုံးစားသည့်အတွက်၊ဘာခွက်ဘဲဟုမသိသော်လည်း

ဝတ်စားဆင်ယင်လိုသည့်အတွက်၊ အဘွားကို ပူဆာချက်ကြောင့်၊ ၎င်း ရွှဲကုန်သည်ကိုခေါ်ပြီး အမောင်—ဤခွက်ကြီးကိုယူပြီး သင့်နှမအား တစုံ တခုသော တန်းဆာကိုပေးပါလောဟု ဆိုသောအခါ၊ ထိုရွှဲကုန်သည်က တိုက်ခြစ်၍ကြည့်ရာ၊ အဘိုးတသိန်းထိုက်သော ရွှေခွက်မှန်းကိုသိလာပါ လျက်၊ တော်သင့်ရာ တခုခုပေးပြီးမယူပါဘဲ၊ ငါမူပြီးဟုံအနားသို့ တဝှေ့-ဝှေ့ သွားရလျှင်၊ အလကားလိုပင် ရလိမ့်မည်ဟု အထင်လွဲ၍၊ သင်တို့ခွက်ဟာ ပဲဝက်မျှ မတန်တာနှင့်၊အဘိုးထိုက်လှသည့် ငါ၏ဘန်းဆာတွေနှင့် လဲရ မလားဟု မြေ၌ရွှေခွက်ကိုပစ်ချလိုက်ပြီး ထ၍သွားလေ၏။ဘုရားအလောင်း ရွှဲကုန်သည်က တယောက်ရောင်းပြီးနေရာမှာ နောက်တယောက် ရောင်း ခွင့်ရသောကြောင့်၊ ထိုသူငယ်မတို့အိမ်လမ်းသို့ ချမ်းမြေ့စွာသော စကား ဖြင့် ရောင်းချ၍လာရာ၊ တဖန်-သူငယ်မ ပူဆာသည့်အတွက်၊ ထိုဘုရား လောင်းကုန်သည်ကိုခေါ်လျက် ၎င်းခွက်ကိုပြရာ၊ ရွှေခွက်မှန်းသိလာ၍၊ ခင်ဗျားတို့ရွှေခွက်ဟာ အဘိုးတသိန်း ထိုက်တန်ပါသည်။ ၎င်း တန်ဘိုး မပါပါ၊ရောင်းပြီးသား အသပြာငါးရာနှင့်၊ ငါးရာတန်-တန်းဆာများသာ ပါပါသည်ဟု ပြောလေရာ၊အဘွားအိုက အမောင် ဘုန်းကံရှိလှ၍ ရွှေခွက် ဖြစ်လာတာပါ။အရင် ရွှဲကုန်သည်က ပဲဝက်မျှ မထိုက်ထာနှင့် ငါ့တန်းဆာ များကို လဲရမလားဟု မြေမှာတောင် ပစ်ချသွားပါသေးတယ်။ မောင့်မှာ ပါသမျှတို့ကိုသာ ပေးခဲ့ပါတော့ဟုပြောကြားသောအခါမှ၊ပါသမျှအကုန် ပေးပြီး၊ထိုသူရန်နှင့် မဖေးကြောင်းကိုသိ၍ ကူးတို့စီးစရာ ငွေရှစ်သပြာနှင့် အိတ်, ချိန်ခွင်တို့ကိုသာဘောင်းကာ၊ လျင်မြန်စွာသွား၍ ကူးတို့သမားကို ရှစ်သပြာနှင့် အပိုင်ငှါးလျက် လျင်မြန်စွာ မြစ်ကိုကူးသွားလေ၏။

ထိုအခါ ဒေဝဒတ်အလောင်း ရွှဲကုန်သည်က၊ငါတဝှေ့လောက်မူပြီးပြီ။ ယခုအလကားလိုပင် ရတော့မည်အထင်နှင့် ၎င်းသူဌေးသမီးအိမ်သို့လာ၍ ကဲကဲ ယခင်က ခွက်အိုကြီးကို ယူခဲ့ကြ၊ငါတော်လျော်ရာ တခုခုကို ပေး ခဲ့မည်ဟု ပြောဆိုရာ၊ ထိုမြေးအဘွားတို့က ဆဲရေးကြ၍၊ သင်သည် အဘိုး တသိန်းထိုက်သည့် ရွှေခွက်ကို၊ ပဲဝက်မျှမတန်အောင် ပြောကြား၍ သွား ဘိ၏။သင်၏အရှင်အလား အလွန်ပင်တရားသော ရွှဲကုန်သည်တယောက် က အဘိုးတထောင်မျှ ငါတို့အား ပေးထား၍၊ ၎င်းရွှေခွက်ကြီးကို ယူပြီး သွားလေ၏ဟု ပြောဆိုသောအခါမှ၊ ရယူထိုက်တုန်းက မို့-လုံး မ-လုံး တွေ ထူလွန်းလို့မယူမိပါ။ယခုအခါမှပူရရှာသော ရွှဲကုန်သည် ငမိုက်မှာ ရွှေခွက်ကြီးနှင့်လွဲသောကြောင့်၊အသည်းပါလိုက်လှဲ၍ ဟိုက်ကနဲ မိန်းမော

၍ လဲပြီးနောက်၊ ပါသမျှ ပစ္စည်းနှင့် တကွ ပုဆိုး အဝတ်များပါ ထိုအိမ် တံခါးဝမှာ ကြဲပြောက်ချတ်ထားခဲ့၍၊ ချိန်ရိုးကိုသာ ဆွဲကိုင်ကာ လျင်မြန် စွာ လိုက်လေရာ၊ ဘုရားအလောင်း ကူးသည့်လှေ မြစ်လယ်သို့ရောက်နေ သည်ကို တွေ့မြင်သောအခါ၊ လှမ်း၍ခေါ်ပါသော်လည်း အကြောင်းကို ဘုရားအလောင်းက သိပြီးဖြစ်၍၊ပြန်မလာမှ အသည်းနှလုံးပူကာ သွေးအန် လွန်ကဲ နှလုံးကွဲ၍၊ ဟိုက်ကနဲ လဲပြီးသေရ၏။ သူတော် ကောင်းကြီးနှင့် လည်း ကမ္ဘာရန်ငြိုးကြီးများ၊စစဦး၍သည့်အခါကစ၍ထားရ၏။ရောင်း ပြီးသား ရှိပစ္စည်းများလည်း ၎င်းအိမ်ရှေ့မှာ ဆုံးပါးရ၏။ အပါယ်သို့ လည်း လားရ၏။ သို့ကလောက် ဆုံးပါးပျက်ပြားသော အချက်ကြီးများ ဟာ တခြားမဟုတ်ပါ၊ ဒေဝဒတ်အလောင်း ရွှေကုန်သည်မိုက်မှာ တသိန်း ထိုက် ရသွားလိုက်ဘို့များကို မယူမိလိုက်သည့်ကာလ တားတားကလေး မှာ၊ အမှုလွန်ပြီး တဝေ့-ဝေ့လိုက်ရုံနှင့်၊ တဝွေ့ကြီး တမေ့ကြီး ကျွံလွန် ကာ အကုန်လုံးပျက်စီးရှာရသည်ကား၊ **ငေးဖေး-ငါးခါနာဆိုတာလေ**၊တသိန်း တန် ရွှေခွက်ကြီးနှင့် လွဲရတာက တခါနာ။ ရောင်းပြီးသား ပစ္စည်းတွေ ကြဲပစ်ရတာက တခါနာ။ ဘုရားလောင်းနှင့် ကမ္ဘာရန် ငြိသွားရတာက တခါနာ။ရွှေရင်ကွဲ လဲသေရတာက တခါနာ။အပါယ်ထဲသို့ စွတ်ကနဲကျရ တာက တခါနာ။ ပေါင်း ငါးခါနာရသော ဒေဝဒတ် ရွှေကုန်သည်ထုံးကို ၎င်း၊ရှေးကပြခဲ့သော အာဠာရ-ရသေ့, ဥဒကရသေ့တို့ ထုံးများကို၎င်း၊ ယောဂီမှန်သမျှ သူတော်ကောင်း မှန်သမျှတို့ အထူး နှလုံးထားကြကာ ဒီဘေးကြီးက ဦးရာကျတော့မှ တောက်တခတ်ခတ်မရှိလတ်အောင်၊နာ ဘေးကြီးက ဦးရာကျတော့မှ၊ သေဘေးကြီးက ဦးရာကျတော့မှ တောက် တခတ်ခတ် မရှိလတ်အောင် ပစ္စည်းတွေမွဲခါမှ၊ ဆရာကောင်းနှင့်ကွဲခါမှ အကျင့်အကြံတွေ လွဲခါမှ၊ တောက် တခတ်ခတ် မရှိလတ်အောင်၊ ၎င်း ဘေးကြီးတို့က မဦးမီ၊ယခုတော့-ဘာကြောင့်မို့-ညာကြောင့်မို့၊နောက် ခါမှ-နောက်တော့မှ စသည်ဖြင့် မိမိကိုယ်ကို မိမိတို့လှည့်ပတ်နေကြသည့် အနဲနဲနှင့် နောက်ဆွဲ၍မနေကြဘဲ၊မိမိတို့၏အစီးအပွါးအစစ်၊ အဘိုးမဖြတ် နိုင်သည့် ဝိပဿနာအနှစ် တရားအစစ်ကြီးများကို ယခု တွေ့ကြုံကြရဆဲ အခါ၊လျင်မြန်စွာ အားထုတ်ခွင့်ကို ရှာ၍၊ဝိပဿနာအထူး တရားက ဦးနှင့် ရန်၊ မြန်မြန်ကြီး အားထုတ်နိုင်ကြပါစေသတည်း။

[ ဤသည်တို့ကား၊အာဠာရ-ရသေ့,ဥဒကရသေ့များ ကျွတ်ရဘို့ ပါရမီရှိပြီးသား ပါလျက်၊ တရားကို နာခံကျင့်ကြံကြရဘို့ ကာလ

လွန်ကျော်၍၊ အချော်ကြီး ချော်သွားချက်ကို သက်သေထား၍၊ ဤတရားကို ဘတ်ကြားနာမိ၊ ပါရမီအဟုတ်ရှိသူတို့မှန်လျှင်၊ သတိကြီးကြီးထားတော်မူကြရန်၊ ရွှဲကုန်သည်ဝဏ္ဏုထည့်သွင်းထုတ်ပြန်ကာ၊ မိမိတို့ဘဝကောင်း, ကာလကောင်းကြီးတွေလည်း ကိလေသာဝန်ကိုထမ်းလျက် အရမ်းမဲ့ မပြုန်းတီးမပျက်စီးကြရန် အရေးနှင့် အထူးသတိပေးချက်ကြီးတို့ပေတည်း။]

ဤသို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး အာဠာရ-ရသေ့နှင့်, ဥဒကရသေ့တို့ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကြီးများမှ ကွယ်လွန်သွားသည်ကို ကြီးမားသော သံဝေဂဖြစ်တော်မူကြပြီး၊ ရင်တီးလက်ခတ် ဖြစ်ရလတ်အောင်ပင်သနားတော် မူပြီးနောက်၊ ပဉ္စဝဂ္ဂီ ငါးဦးသားတို့ကို တရားဦး ဟောရန်ဣသိပတန မိဂဒါဝုန် တောသို့ ကြွလာတော်မူသော သက်တော်ထင်ရှားဘုရားကိုယ်တော်မြတ်ကြီး အစစ်ကိုပင်၊ ဘုရား၏ အင်္ဂါလက္ခဏာ သိမှုအရာမှာ အပါးအနပ် တစ်နံပါတ်အများ၊ငါးဦးသား ပဉ္စဝဂ္ဂီတို့က လှမ်း၍ပကတိမျက်စိနှင့် ကြည့်ကြရာ၊ ကြောင်ကြောင်ကြီး မြင်ပါသော်လည်း၊ ဘုရားအစစ် ဖြစ်-မဖြစ်ကို မသိနိုင်ကြ၍၊ ကတိကဝတ် ထားကြသည်ကား-အရှင်ဂေါတမ,ဟာ အစာကိုဖြတ်၍၊မြန်မာခေါ်**အလွန်ပြုနိုင်ခဲ့သော အကျင့်**၊ ပါဠိခေါ် **ဒုက္ကရစရိယ** အကျင့်ကို ဘုရားဖြစ်အောင်ကျင့်နေဆဲမှာ၊ ဘုရားမဖြစ်ခင်ကအကျင့်တရားကိုပယ်ရှား၍၊အစားအစာ စားခြင်းများကို ပြုပြီးလျှင်၊ဆွမ်း,သင်္ကန်းများအောင်ရှာလျက် မြို့,ရွာအရပ်ရပ်တို့ကို လှည့်ပတ်သည့်အတွက် အကျင့်ပျက်သူဖြစ်၍၊ ခရီးဦးကြိုဆိုခြင်းစသော ဝတ်တို့ကို မပြုကြစတမ်းဟု ကတိကဝတ်ထားကြကုန်၏။ ပဉ္စဝဂ္ဂီများ၏ အနီးအနားသို့ ဘုရားရောက်လာသောအခါ၊ဘုန်းတော်ကြောင့် မနေသာကြဘဲ၊ ဝတ်ကြီး,ဝတ်ငယ်တို့ကိုပြုကြပြီး၊ဘုရားရှင်ကိုလည်း**အာဝုသော ဂေါတမ အာဝုသောဂေါတမ**စသည်ဖြင့်နှုတ်ခွန်းဆက်သ ပြောကြားကြသောအခါ၊ ငါဘုရားကို **အာဝုသော** ဝါဒနှင့် မပြောကြားကြနှင့်၊ ယခုအခါ ငါဘုရားဖြစ်လာ၍ အလုံးစုံသော တရားတော်မြတ်ကို အတပ်သိတော် မူသဖြင့်၊ သင်တို့အား အမြိုက်တရားဟောကြားခြင်းငှါ ငါလာတော်မူသည်။ ရှိသေစွာ တရားကို နာကြကုန်လောဟု ဘုရားကိုယ်တော်တိုင်က ပြောပြသောစကားကို၊ ပကတိနားနှင့် အတပ်၊ ဆတ်ဆတ်ပင် ကြားရသော်လည်း၊ ဘုရားအစစ်ဖြစ် မဖြစ်ကို မသိနိုင်ဟု ရှေ့ကပြောပြခဲ့သည့်အတိုင်း ပဉ္စဝဂ္ဂီ ငါးဦးသားတို့ မသိကြ၍သာ ငါ့ရှင်ဂေါတမ-အစာကိုဖြတ်၍ ၆-နှစ်တို့

ပတ်လုံး ဒုက္ကရအကျင့်ကို ကျင့်လို့မှ ဘုရားအစစ် မဖြစ်ငြားဘဲ၊ ဆွမ်းစသော ပစ္စည်းတွေများအောင် လှည့်လည်ပါလျက် ဘယ့်အတွက်ကြောင့် မဂ်ဖိုလ်တရားတို့ကို ရနိုင်ငြားအံ့နည်း၊ သင်ဝါကြွားး၍၊ လှည့်ဖြားလေသည်ကို ငါတို့မယုံကြည်နိုင်ချေဟု သုံးကြိမ်တိုင်အောင် ဘုရားအစစ် ဖြစ်လာကြောင်း ပြောကြားသည်ကို ပယ်ရှားကြသော်လည်း၊ မြတ်စွာဘုရားက အပြစ်ထားတော်မမူ၊ များစွာသော ပရိယာယ် စကားဖြင့် ဘုရားအစစ် ဖြစ်တော်မူကြောင်းကို ပြောပြတော်မူပြီးမှ၊ ဓမ္မစကြာတရားကိုဟောကြားတော် မူသည့်အဆုံး၌၊ အရှင်ကောဏ္ဍညသည် သောတာပန်အဖြစ်ကို ရလေ၏။

[ ဤသည်တို့ကား၊ ယခုကာလ ဝိပဿနာမယဉာဏ်နှင့်တရားမှန်ကို မသိကြဘဲ၊ သစ်သား-အုဌ်-ကျောက်၊ ရွှေ, ငွေ, ကြေး, သံစသည်တို့ကို ပြုလုပ် ရေးသား သမျှသော ဗောဓိရိုးပုံ, ဒက္ခိဏာသာခါပုံတော် စသော ဘုရားရုပ်တုတော် အစားစား တို့ကိုရင်း၊ ယခုကာလ ဗုဒ္ဓါနုဿတိ အလုပ်ကို ပွါးများကြသော ယောဂီတို့ အာရုံထဲမှာ ထင်မြင်လာသော ဘုရားပုံတော်, ရုပ်တုတော် အစားစား တို့ကိုရင်း၊ အာရုံပြုသမျှသော ဉာဏ်တို့ကိုသာ သုတမယဉာဏ်ဟု ဆိုတာ မဟုတ်သေး၊ တရားမှန်ကို ကေန်မသိက၊ ရှေးကပြခဲ့သော ဘုရားအာရုံတွေထက်မက၊ သက်တော်ထင်ရှား ဘုရားကိုယ်တော်တိုင် အစစ်ကြီးကိုပင်၊ မိမိတို့မျက်စိနှင့် ကြောင်ကြောင်ကြီး ထင်မြင်နေကြ စေကာမူရင်း၊ ဘုရားကိုယ်တော် မြတ်ကြီးကပင် ငါဘုရားအစစ် ကေန်ဖြစ်ပြီဟု မိန့်တော်မူသံကို မိမိတို့နားနှင့် ဆတ်ဆတ် ကြားရစေကာမူရင်း၊ တရားမှန် အစစ်ကို ဝိပဿနာမယ ဉာဏ်အဖြစ်နှင့် တစ်တစ်ခွခွ မသိကြသော သုတမယဉာဏ်နယ်ကသာထား၍၊ ဘုရားစသည်တို့၌ ယုံမှားကင်းခြင်းများကို ပယ်ရှားရာ ကျနေသည့် ပဉ္စဝဂ္ဂီ ငါးဦးသားတို့ ထင်ရှားသော သက်သေတို့ ပေတည်း။ ]

## (၂၄) တရားဦး စိန္တာမယဉာဏ် ပေါက်ချောင်း ဘုရား,သံဃာနှင့်တကွ ၁၆-ဝသော ယုံမှားခြင်းကင်းကြပုံ

ဤ ရှေ့ကပြခဲ့သည့်အတိုင်း ဘုရားအစစ်ကို ကိုယ်တိုင်မြင်ကြရ၊ ကြား ကြရလို့မှ မသိကြရက ဘယ်သူများ သိနိုင်တော့အံ့နည်းဟု မေးဘွယ်ရှိ၍၊ ဘုရားကိုယ်တော်မြတ်ကြီးက၊......

**ယောခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊**
**ယော ဓမ္မံ နပဿတိ၊ သော မံ နပဿတိ။**

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ယော၊ အကြင်သူသည်။ ခေါ၊ စင်စစ်ဧကန် အမှန်မလွဲ။ ဓမ္မံ၊ ငါဟောထားသည့် တရားအစစ်ကို။ ပဿတိ၊ ထင်မြင် ပေါက်ရောက်နိုင်၏။ သော၊ ထိုငါ့တရားကို ထင်ရှား ပေါက်ရောက်နိုင် သောသူသည်။မံ၊ငါဘုရားအစစ်ကို။ပဿတိ၊ထင်မြင်နိုင်၏။ယော၊အကြင် သူသည်။ ဓမ္မံ၊ ငါဟောထားသည့် တရားအစစ်ကို။ နပဿတိ၊ မထင်မြင် မပေါက်ရောက်နိုင်။ သော၊ ထိုငါ့တရားကိုပင် မထင်မြင် မပေါက်ရောက် သောသူသည်။ မံ၊ငါဘုရားအစစ်ကို။နပဿတိ၊မထင်မြင် မသိရှိနိုင်။-ဟု ဟောတော်မူသည်ကို ဓမ္မပဒအဋ္ဌကထာ၌မိန့်မှာတော်မူတိုင်း၊တရားတော် မြတ်အမှန်ကို စိန္တာမယ ဉာဏ်နှင့် ဧကန်သိရှိ ပေါက်ရောက်က၊ ဘုရား အစစ် စသည်တို့ကို ထင်မြင်တွေ့သိနိုင်သည့် အထောက် သက်သေကား၊ ရှေ့ကပြခဲ့သည့် အရှင်ကောဏ္ဍညသည်၊ ပညတ်မှ အသိးထုတ်အပ်သော နာမ်ရုပ်တို့ကို သိသော နာမရူပ ပရိစ္ဆေဒဉာဏ်အစ၊ သောတာပတ္တိ ဖိုလ် ဉာဏ်အဆုံး ကျအောင်ပင် တရားမှန်တို့ကို စိန္တာမယ ဉာဏ်နှင့် သိမြင် ရတော့မှ၊ ဗုဒ္ဓေါ-စသော ဂုဏ်တော်အပေါင်းနှင့် ကောင်းကောင်းကြီး ပြည့်စုံတော်မူသော ဘုရားအစစ်ကြီးကို သိရသဖြင့်၊ လက်အုပ်ချီမိုး ရှိခိုး ဦးတင်ကာ ရဟန်းဖြစ်ရန် တောင်းပန်လာမှ၊ဧဟိဘိက္ခု ခေါ်တော်မူအပ် သော တစ်နံပါတ် ဘိက္ခုရဟန်း၊ ဖြစ်တော် မူသည်များကို အထောက် သက်သေထားချက်ပေတည်း။ ။ဤအထောက်သက်သေ အရနှင့် အတူ၊ ယခုကာလ အားထုတ်ကြသူတို့ ပညတ်မှ အသိးထုတ်၍၊ နာမ်ရုပ်တရား အစစ်များကို ထင်မြင်ပေါက်ရောက် လာကြသောအခါ၊ **ဘုရားအစစ်ကို ထင်မြင်လာပုံ ဥပမာကား။......**

အလွန်ပင် ခဲယဉ်းလှသော အသံခါတ် ရှိသမျှတို့ကို အသံးလုံး ဖိဖိ သသ ဖမ်းယူကြ၍၊ ဆိုစေချင်သည့် အခါတိုင်း ဆိုနေရသည်။ မဆိုစေ

လိုက ရပ်နေရအောင် နိုင်နင်းစွာ အသံခတ်များကို အနောက် တိုင်းပြည်မှာ ဖမ်းယူထားနိုင်သည်ဟု ကြားသိရသူများ ယုံကြည် လောက်သောဘဆင့်စကားနှင့်သာ **အသံခတ်များကို ဖမ်းထားနိုင်သတဲ့**ဟု သုတမယဉာဏ်နှင့်သာ ယုံကြည်နေကြရသည့်အခိုက်မှာ၊ငင်းအသံ ခတ်သေတ္တာများ ပေါ်ထွက်လာ၍၊ ကိုယ်တိုင်ဒိဋ္ဌ ကြားသိရသောအခါ၊ မဖြစ်ဘူးမြဲဖြစ်နိုင်ခဲ့သော ဉာဏ်အချက်ကို စစဦး ပေါက်ရောက်အောင် ကြံဆောင်နိုင်သော ပုဂ္ဂလဝိသေသနှင့်တကွ ဂုဏ်ထူးဝိသေသပါ ထင်ရှားလာကြ၍၊ မြန်မာခေါ် **အသံခတ်ဖမ်းမှုကို၊အတင်သိတတ်သူ၊ အသံခတ်ဖမ်းမှုကို အတင်သိတတ်သောသူ**ဟူ၍ငင်း၊ ပါဠိခေါ် ဗုဒ္ဓေါ-ဗုဒ္ဓေါဟူ၍ငင်း၊ အသံခတ်ဖမ်းမှုကို အတပ် သိတတ်သော ဂုဏ်နှင့် တကွ စစဦးကြံသူ လူတည်းဟူသော ဂုဏောဒြဗ်ကိုလည်း ထင်ရှားလာနိုင်ကြကုန်ရာ၏။ဤဗုဒ္ဓေါအရကို ဝိဂြိုဟ်သိရသော်။ (ဗုဇ္ဈတီတိ ဗုဒ္ဓေါ) တည်း။ ဗုဇ္ဈတိ၊သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ဗုဒ္ဓမည်၏။ ဝါ၊ သိဘတ်သူမည်၏။ ။ ဟု ဆိုပြီး၊ မြန်မာအလို **သိတတ်သောသူ**ရ၏။ ငင်းသိတတ်သော (ဗုဒ္ဓ) ကလည်း လေးမျိုးရှိပြန်သည်ကား။ဘုရားကြီးကို **သဗ္ဗညုဗုဒ္ဓ**၊ဘုရားငယ်ကို **ပစ္စေကဗုဒ္ဓ**၊ အရိယာအရှင်မြတ်တွေကို **သာဝကဗုဒ္ဓ**၊ ထိုမှတလီ လောကီ, လောကုတ္တရာ ပညာအရေး အရာတို့၌ အထူးအချွန် အလွန်အမင်း တတ်မြောက်ထွင်းဖေါက် သိကျွမ်းသောသူကို **သုတဗုဒ္ဓ**တို့ဟု သိရှိကြရသော ဗုဒ္ဓအပြား လေးပါးတွင်၊ရုပ် ၂၈-ပါး ရှိနေကြသည့်အထဲက၊ အသံခတ်တခုမျှကိုသာဖမ်းနိုင်သည့်အတွက်မှာတောင် လွန်စွာအံ့ဩဘွယ်ဖြစ်သည့်ဂုဏ်းထူးကို အစဉ်ချော်ကိုသဖြင့်၊ စစဦး ပေါ်ရောက်အောင် ကြံဆောင်နိုင်သူအစစ်၊ သုတဗုဒ္ဓဖြစ်သော ဂုဏောလူဒြဗ်၊ ပညတ်အကောင်,အထည်ဖြစ်သူကိုလည်း အဘပ်သိရှိကြရသလို၊ ယခုခတ်အလုပ်ကို အားထုတ်ကြ၍၊အပေါ်ရံပုံသဏ္ဌာန်စသော ပညတ်တို့မှ အသီးထုတ်အပ် ဆတ်ဆတ်သော အတွင်းသား ဘုရားဟောသည့် ရုပ်နာမ်ပရမတ် တရားမြတ် အစစ်တို့ကို သိမြင်ပေါက်ရောက်သူ ယောဂီဖြူတို့က၊ ဘုရားအစစ်ကို ထင်မြင်ကြရပုံမှာ၊ ဩြော်—လူနတ်ပြဟ္မာ သတ္တဝါခပ်သိမ်းတို့ပင်၊ အတွင်းသားပရမတ်အပေါင်းတွေ တည်းဟူသော **သဏ္ဍာယ တရားတွေ**ကို၊ အပေါ်ရံပုံသဏ္ဌာန် ပညတ်အနေနှင့် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ-သူတပါး၊ ယောကျ်ား, မိန်းမ စသည်တို့ဘဲဟု ပရမတ်, ပညတ်မခြားနိုင်ကြဘဲ၊ အတွင်း, အပြင်တသားထဲ,တမျိုးထဲဟု **အဆင်အမြင်လွဲမှားနေသောမိစ္ဆာအစစ်ဖြစ်နေကြ**

**သည့်အထဲမှ** ငါတို့လည်း ကျွတ်လွတ်ကြရန်၊ ပညတ်မှန်, ပရမတ်မှန် များကို ထင်ရှားသိရှိကြရလို့ပေဘည်း၊ ထိုထိုပညတ်တရားမှ သီးခြား၍၊ ပရမတ်သားအစစ်များကို ခြားနား၍ သိရကြဘို့ကလည်း တခြားမဟုတ်၊ ခေတ်သိဘရမျှကို အမိဖမ်းရဘို့ စစဦးကြံသည့်သူထက်၊ အဆ,ရာထောင် မက ခဲယဉ်းလှသော ရုပ် ၂၈-ပါး၊ စိတ်ကား တခု ယုတ် ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ့်တပါး၊စေတသိက်ကား ၅၂-ပါး၊ပရတ်စစ်တရား တို့ကို သူတပါးမဆို မိမိအလိုလို ကိုယ်တော်တိုင်လျှင် ဗောဓိပင်အောက် မှာ ထွင်းဖေါက် သိမြင်နိုင်ခြင်း စသော ဂုဏ်ကျေးဇူး တို့ကို အစဉ် လျှောက်သဖြင့်၊ စစဦး ပေါက်ရောက်အောင် ကြံနိုင်သူအစစ်၊ ထိုထို ဂုဏ်တော်အပေါင်းတို့၏တည်ရာ သမ္မာသမ္ဗုဒ္ဓဘုရား အကောင်, အထည် တည်းဟူသော ဂုဏဖြစ် ပညတ်အဖြစ်ကိုလည်း မိဇ္ဈိမ ဉာဏ်နှင့် အမှန်သိကြရသဖြင့်၊ **ဂုဏ်-ဂုဏ** ၂-ပါး မကင်းတရားနှင့်၊ ဗုဒ္ဓါနုဿတိ အလုပ်ကို အားထုတ်ကြစေခြင်းငှါ၊ပူဇော်အထူးကို ခံတော်မူထိုက်သော **အရဟံဂုဏ်တော်**၊ မပေါက်မပြန် အမှန်ကို သိတော်မူတတ်သော **သမ္မာ သမ္ဗုဒ္ဓဂုဏ်တော်**စသည်တို့နှင့် ပြည့်စုံတော်မူသည့်သူဟာ သမ္မုတိသစ္စာ နယ်မှာ ဘယ်သူလဲဟူ၍ရင်း၊အတုမရှိသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ ပေါင်းစပ်မိသောအခါ၊ သမ္မုတိသစ္စာနယ်မှာ အပေါ်ရုံကြောကသာ ထင် မြင်ရသည့် အတုမရှိသော ဘုရားပုံသဏ္ဍာန်ဖြစ်၊ အဏ္ဏပညတ် တည်းဟူ သော ဘုရားကိုယ်တော်မြတ်ကြီးဟာ ဘယ်ဂုဏ်ရှိသလဲဟူ၍ရင်း တွေး တောခြင်းကို မပြုကြဘဲ၊ ဂုဏ်တော်ကိုသိက ထိုဂုဏ်၏တည်ရာ ဂုဏ ဖြစ်ကိုလည်းသိကြ၊တဖန် ဂုဏဖြစ်ကို သိကလည်း ဂုဏ်တော်အရပ်ရပ် တို့ကိုလည်း သိရှိကြစေခြင်းငှါ ထိုထိုပိဋကတ်သုံးပုံ ပါဠိတော်တို့မှာ။......

ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ-စသည်ဖြင့် ဟောတော် မူအပ်သည်ကို။ ။သောဘဂဝါဣတိပိ အရဟံ။သောဘဂဝါ ဣတိပိသမ္မာ သမ္ဗုဒ္ဓေါ။ ။စသည်တို့ဖြင့် ဂုဏပညတ်နှင့် ဂုဏ်တော်ပရမတ် ၂-ပါး တို့ အစုံအစုံထား၍၊ ဗုဒ္ဓါနုဿတိအလုပ်ကို ပွါးများအားထုတ်ကြစေရန်၊ ထိုထို ဂုဏ်တော်ဘွင့် အဋ္ဌကထာ, ဋီကာ ကျမ်းဂန်ကြီးတို့၌ ထုတ်ပြန် မြွက်ဟာဘွင့်ပြတော်မူကြသည့်အတိုင်းသာ ပွါးများအားထုတ်ကြပါလေ။ ခေတ်ပရမတ်ကို အဘပ်ထင်၍၊ ဘုရားအစစ်ကို မြင်သောအရာ၌ကား၊ ဤငါတို့ယခု သိမြင်လာကြသော ပရမတ်အစစ် တရားတော်မြတ် အနှစ် များကို စစဦး ဗောဓိပင်အောက်မှာ ထင်မြင် ပေါက်ရောက်တော် မူပါ

သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့က ဂုဏ်ထူးတပ်၍ အမည်နာမ မမှည့်ရဘဲ၊ မိမိဂုဏ်ထူးနှင့်တွဲ၍သော မြန်မာခေါ် **အလုံးစုံကိုအကုန်သိတတ်သောဘုရား၊ အလုံးစုံကို အကုန် သိတတ်သော ဘုရား**—ဟူ၍၎င်း၊ ပါဠိခေါ် ဗုဒ္ဓေါ-ဗုဒ္ဓေါဟူ၍၎င်း၊ အလုံးစုံကို အကုန် သိစွမ်းနိုင်သော ဂုဏ်ထူးနှင့် တကွ၊ ထိုဂုဏ်အပေါင်းတို့၏တည်ရာ စစဦး ထိုးထွင်း၍ သိမြင်တတ်သူဟုဆိုအပ်သော ဂုဏ်ကြီးမြတ် အစ္စပ္ပညတ်ကြီးများပါ၊ယုံမှားသံသယ ကင်းရှင်းစွာ ထင်မြင်လာနိုင်ကြသည်ကိုရည်၍၊ အရှင် ဝက္ကလိကို ဟောတော်မူရာမှာ ငါဟောကြားသည့်တရားအစစ်ကို ထင်မြင်ပေါက်ရောက်က၊ ဂုဏ်ထူးနှင့် တကွ ငါဘုရားအစစ်ကိုလည်း ထင်မြင်နိုင်ကြလိမ့်မည်။ငါ့ဘုရားအစစ်ကို မထင်မြင်ကြသူတို့မှာကား၊ **အလုံးစုံကိုအကုန်သိတတ်သူ**ဟူသော ဂုဏ်ထူးနှင့် တကွ ငါဘုရားအစစ်ကို မထင်မြင်နိုင်ကြဘဲ၊ သုတမယဉာဏ်နှင့်တွဲ၍သော ဘုရားစသည်တို့ကို ကြည်ညိုနိုင်ကြရကုန်ရာ၏ဟု သိကြပါလေ။

ဤကာလ်ါဝိတရဏ ဝိသုဒ္ဓိအရာမှ သုတမယဉာဏ်ဆိုတယ်လို့ နဲ့တယ်ဟု မထင်ကြနှင့်၊ အနုတ္တရိယကင်းနယ်, သမာဓိအလုပ်နယ်တို့မှာကား၊ ကြီးကျယ်သော ဘာဝနာကြီး တပါးပင်ဖြစ်၍ အထူး အားသစ်ကြပါလေ။ ဤသည်တို့ကား၊ တရားအစစ်ကို ထင်မြင် ပေါက်ရောက်က၊ ဘုရားအစစ်ကိုလည်း ထင်မြင်ပေါက်ရောက်ကြ၍၊ အရှင်ဂေါတမ ဆိုသူသည် ဘုရားအစစ် ဖြစ်လေသလား၊ မဖြစ်လေဘူးလားဟူသော ယုံမှားခြင်း ကင်းရှင်းပုံတည်း။

တရားအစစ်တို့ကို ထင်မြင်ပေါက်ရောက်က၊ဘုရားအစစ်ကိုသာ ထင်မြင်ပေါက်ရောက်ထာ မဟုတ်သေး၊ဘုရားရှင်၏တပည့်သားသံဃာတော်မြတ် အစစ်တို့ကိုလည်း၊ မိမိတို့ခါတ်ပရမတ် တရားအစစ်တို့ကို ထင်မြင်ပေါက်ရောက်သည့်အတိုင်း၊ ထိုထို ယောဂီ ကလျာဏပုထုဇဉ်၊ အရိယာသူတော်စင်တို့သည်လည်း အဟုတ်ကောင်းသော ဓာတ်ပရမတ် စသော အကျင့်တို့ကို၊ အဟုတ်ထင်မြင် ပေါက်ရောက်တော် မူကြအောင်၊ ကျင့်ဆောင်တော်မူကြသည့်**သုပ္ပဋိပန္နဂုဏ်**၊အဟုတ်နိဗ္ဗာန်သို့ရောက်ရန်အလွန်ဖြောင့်မှန်သော ဓာတ်ပရမတ် စသော အကျင့်တို့ကို အဟုတ် ထင်မြင်ပေါက်ရောက်အောင် ကျင့်ဆောင်တော် မူကြသော **ဥဇုပဋိပန္နဂုဏ်** အစရှိသည်တို့နှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်မြတ်တို့တည်းဟု စိန္တာမယဉာဏ်နှင့်၊ ဘုရားရှင်တပည့်သား အမှန်ကိုပင် တပ်တပ်ထင်ထင်

သိမြင်ရ၍၊ ဘုရားတပည့်သား သံဃာတော် အပေါင်း၌လည်း ယုံမှားခြင်း ကင်းကြရုံမက၊ ၎င်းအဟုတ် အမှန်ဆုံးတရားကို အသိဆုံး ဖြစ်တော်မူကြသော ဘုရားသံဃာ အရှင်မြတ်တို့၏ ကျင့်ကြံတော် မူအပ်သော သိက္ခာပုဒ်တော်တို့သည်လည်း အဟုတ်အမှန်တို့ချည်းဘဲဟူ၍လည်း၊ သိက္ခာပုဒ်တော်များ၌ ယုံမှားခြင်းကင်းကြကုန်ရာ၏။ ။၎င်းနောက် ယုံမှားခြင်း လေးပါးတို့တွင် ပုဗ္ဗ-အရ, အတိတ်၌ ယုံမှားခြင်း ငါးပါး။ ပရ-အရ, အနာဂတ်၌ ယုံမှားခြင်း ငါးပါး၊ ပုဗ္ဗ ပရ-အရ, ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး၊ ပေါင်း ယုံမှားခြင်း ၁၆-ပါးတို့တွင်။—

**အတိတ်၌ ယုံမှားခြင်း ငါးပါးဟူသော်ကား၊** ။အတိတ်၌ ငါဖြစ်ဘူးခဲ့လေသလော-၁။ ။မဖြစ်ဘူးလေသလော-၂။ ။ငါသည် အကယ်၍ ဖြစ်ခဲ့သော်၊ ခတ္တိယ, ဂဟပတိ, ဒေဝစသော သူတို့တွင်၊ အဘယ်သို့သော သူဖြစ်ဘူးခဲ့သနည်း-၃။ ။ငါသည်အကယ်၍ ခတ္တိယစသည် ဖြစ်ခဲ့သော်၊ အတို-အရှည်၊ အမည်း-အဖြူစသည် လုံးယပ်-အဆင်းတို့တွင်၊ အဘယ်သို့သော အခြင်းအရာတို့ ဖြစ်ဘူးခဲ့သနည်း-၄။ ။ငါသည် အတိတ်ကာလ ဘဝအဆက်ဆက်တို့မှာ၊ အဘယ်သို့သောသူဖြစ်ပြီး၍၊ အဘယ်သို့သောသူ ဖြစ်ဘူးခဲ့လေသနည်း-၅။ ။ဤကား အတိတ်၌ ယုံမှားခြင်း ၅-ပါးတို့ပေတည်း။ ။ဤသို့ အတိတ်၌ ယုံမှားခြင်း ငါးပါးတို့ ကင်းကြပြီလားဟု သက္ကာယဒိဋ္ဌိတို့ ဝိသုဒ္ဓိအရနှင့် ပျောက်ကြပြီးသူတို့ကို မေးလာမူ၊ ကင်းကြပြီးဟု ဖြေကြရာ၏။ ဘယ့်နှယ် ကင်းသနည်းဟု မေးပြန်မူ၊ သည့်နှယ်ကင်းသည်ဟု ဖြေပြန်ရာ၏။ **ဤသည့်နှယ်ကင်းပုံ**အဖြေကို နောက်၌ ထင်ရှားစွာ ပြလတ္တံ့ပေလိမ့်သတည်း။

**အနာဂတ်၌ ယုံမှားခြင်းငါးပါး ဟူသော်ကား၊** ။အနာဂတ်ကာလ၌၊ ငါဖြစ်ရဦးမည်လော-၁။ ။မဖြစ်ရတော့ဘူးလော-၂။ ။ငါသည် အကယ်၍ ဖြစ်ရဦးမှာဖြင့်၊ ခတ္တိယ၊ ဂဟပတိ၊ ဒေဝ-စသောသူတို့တွင်၊ အဘယ်သို့သောသူ ဖြစ်ရဦးမည်နည်း-၃။ ။ငါသည် အကယ်၍ ခတ္တိယစသည် ဖြစ်ရဦးမည် မှန်ခဲ့သော်၊ အတို, အရှည်၊ အမည်း, အဖြူ စသည် လုံးယပ်-အဆင်းတို့တွင်၊ အဘယ်သို့သော အခြင်းအရာတို့ ဖြစ်ရဦးမည်နည်း-၄။ ။ငါသည် ဖြစ်ရလတ္တံ့သော အနာဂတ်ကာလ ဘဝ အဆက်ဆက်တို့မှာ၊ အဘယ်သို့သောသူ ဖြစ်ရလတ္တံ့ပြီးမှ၊ အဘယ်သို့သောသူ ဖြစ်ရလတ္တံ့နည်း-၅။ ။ဤကား အနာဂတ်၌ ယုံမှားခြင်း ၅-ပါးတို့ပေတည်း။ ။ဤ အနာဂတ်၌ ယုံမှားခြင်း ငါးပါးတို့ ကင်းကြပြီလားဟု

သက္ကာယဒိဋ္ဌိ ဝိသုဒ္ဓိအရနှင့် ပျောက်ကြပြီးသူတို့ကို မေးလာမူ၊ ရှေ့က ဖြေသည့် အတိုင်း ကင်းကြပြီးဟု ဖြေလေ-မေးလေ။

**ပစ္စုပ္ပန်၌ယုံမှားခြင်း ၆ ပါးဟူသော်ကား။** ။ယခု အခါ ငါသည် ငါမှ ဟုတ်ပါလေ၏လော-၁။ ။ငါမဟုတ်လေသလော-၂။ ။အကယ်၍ ငါဟုတ်ခဲ့သော် ခတ္တိယ, ဂဟပတိ စသည်တို့တွင်၊အဘယ်သို့သော အမျိုး အနွယ် အခြင်းအရာ၌ ဖြစ်နေသနည်း-၃။ ။ယခု အခါ ငါသည် အတို, အရှည်၊ အမည်း,အဖြူ စသည်လုံးယပ်-အဆင်းတို့တွင်၊ အဘယ် သို့သော အခြင်းအရာတို့ ဖြစ်နေသနည်း-၄။ ။ယခုအခါ ငါသည်၊ အတိတ်အခါ ဘယ်ဘဝကလာခဲ့ရလေသနည်း-၅။ ။ယခု အခါ ငါသည်၊ အနာဂတ် အခါ ဘယ်ဘဝမှာ သွားဖြစ်ရလတ္တံ့နည်း-၆။ ။ဤကား ပစ္စုပ္ပန်၌ ယုံ မှားခြင်း ၆-ပါးတို့ပေတည်း။ ။ဤပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါးတို့ကင်း ကြပြီလားဟု သက္ကာယဒိဋ္ဌိတို့၊ ဝိသုဒ္ဓိအရနှင့် ပျောက်ကြပြီးသူတို့ကို မေး လာမူ၊ကင်းကြပြီးဟု ဖြေကြရာ၏။ ရှေ့ကအတိုင်း ဘယ့်နှယ်ကင်းသနည်း ဟု မေးပြန်မူ၊ သည့်နှယ်ကင်းသည်ဟု ဖြေပြန်ရာ၏။ ဤသည့်နှယ်ကင်း ကြပုံအဖြေကို ဖြေပြကြသောအခါ၊ကျွန်ုပ်တို့ ပြောပြရမည်ဆိုသော်၊ မိုးညှင်း ညွှင်းကိုယ်တော်ကြီး ဟောပြောသည့်အတိုင်း သေသေ ချာချာ၊ဂဂ-နန နာလိုသလား၊ တော်လျော်ရုံပင် နာလိုသလားဟု မေးသောအခါ၊ တော် လျော်ရုံပင်နာလိုပါသည်ဟု ဆိုမူ၊မိမိတို့ နာခံမှတ်သားမိသမျှ တော်လျော် အောင်ဟောကြလို့မှ အားမရဘဲ၊ ဂဂ-နန နာလိုပြန်သည်ဟု ဆိုပြန်မူ၊ ဂဂ-နန မဖြေဘတ်သူတို့ကလည်း ဝန်လေးမနေကြနှင့်တော့။ အကယ်၍ ဂဂ-နန ဧကန္တနာလိုသူ မှန်ကြပါမူ၊ မုံရွာမြို့နယ်အတွင်းက မိုးညှင်း တောရသို့သာကြွပေတော့ဟု ဖြေကြပါလေ။ဖြေဘတ်သူတို့ကအလွယ်နှင့် ဖြေကြရပုံကား၊ထိုထိုအကောင်အထည်တို့၏ အတွင်းသား၊ရုပ်နာမ် ခတ် ပရမတ် အပေါင်းတည်းဟူသော **သက္ကာယသို့၌** ငါသူတပါး၊ယောကျာ်း မိန်းမစသည် အထင်အမြင်မှားခြင်း ဒိဋ္ဌိဖြစ်သူတို့မှာသာ၊ အတိတ်, အနာ ဂတ်, ပစ္စုပ္ပန် ကာလ သုံးပါးတို့မှာ၊ ငါလုံး စသည်တွေနှင့် ယုံမှားခြင်း ၁၆-ပါးတို့ ဖြစ်နေကြကုန်၏။ ပရမတ်-ပညတ်ခြား၍ သက္ကာယဒိဋ္ဌိကင်း သွားသူတို့မှာကား၊ မည်သည့် အခါမျှ ငါလုံး စသည်နှင့် ယုံမှားခြင်း သံသယမရှိကြပုံကို ထန်းဖိုပင် ဥပမာနှင့် နောက်၌ ပြလတ္တံ့ပါသတည်း။ ယခု ပြခဲ့သည့် ဤကာလသုံးပါးတို့၌ **ယုံမှားခြင်း ၁၆-ချက်တို့ကို အခရ ကျက်ရန်ကား၊—**

**အတိတ်ကာလ၊ ငါဖြစ်ရပြီ၊ မဖြစ်ပြီနှင့်၊ တသီမျိုးဇာတ်၊ လုံးယှဉ်ခြင်းရှာ၊ ဆင့်ဆင့်ဖြာ၊ ဖြစ်လာခဲ့လေနည်း။**

**နာဂတ်ကာလ၊ ငါဖြစ်ရမည်၊ မဖြစ်မည်နှင့်၊ တသီမျိုးဇာတ်၊ လုံးယှဉ်ခြင်းရှာ၊ ဆင့်ဆင့်မှာ၊ ဖြစ်ရာဦးမည်နည်း။**

**ယခုငါဟာ၊ ငါသာဟုတ်လား၊ မဟုတ်လားနှင့်၊ မျိုးခြားဇာတိ၊ ဆင်းရှိသတ္တဝါန်၊ တိတ်ဘာဝ၊ နာဂတမှာ၊ ဘယ်ဟာဖြစ်ငြား၊ ဤ ၆-ပါး၊ ယုံမှားသံသယ။** ။ဟု အရကျက်ကြလေ။

ဤယုံမှားချက်, ယုံမှားခြင်း ကင်းချက်တို့၌ ခေတ်ပရမတ် မပေါက်သူတို့မှာ ပရမတ်များလို သီးခြားထုတ်နုတ်၍ ပြစရာ သဘော အားဖြင့် ထင်ရှားမရှိသည့် ပညတ္တိအနေနှင့် အထွေထွေ ယုံမှားနေကြပုံ၊ ခေတ်ပရမတ်ပေါက်ရောက်သူတို့၊ထိုထိုပညတ္တိအလားနှင့် အတွင်းသားပရမတ်တို့၌ ယုံမှားခြင်းကင်းပုံကို ဥပမာဆိုသော်။ ။ထန်းဖိုပင် ၌ ဧကန္တ ထန်းသီးမသီးဟု အမှန်ကိုသိရှိပြီးသားလူရှင် အများတို့မှာ၊ထိုထန်းဖိုပင်၌ အသီးနှင့်စပ်သော ယုံမှားခြင်း ၁၆-ရပ်တို့မှကင်းရှင်းကြသကဲ့သို့တည်း။ ထိုထန်းဖိုပင်မှာ အဘယ်လို ကင်းပါသနည်းဟူမူ၊ ရှေ့လင်္ကာက၊ (အတိတ်ကာလ၊ ငါဖြစ်ရပြီ၊)လင်္ကာအရအတိုင်း၊ ဤထန်းဖိုပင်ကြီးသည် ရှေးရှေး က သီးခဲ့ပြီးလော-၁။ ။(မဖြစ်ပြီနှင့်) လင်္ကာအရ၊မသီးခဲ့သေးဘူးလော ၂။ ။( တသီမျိုးဇာတ် ) လင်္ကာအရ၊ အကယ်၍ သီးခဲ့သော်၊ ထန်းသီး အုပ်နက်သီးမျိုးသီးမည်လော။ထန်းသီး သီးဖြူသီးမျိုး သီးမည်လော-၃။ ။(လုံးယှဉ်ခြင်းရှာ) လင်္ကာအရ၊ ထိုထန်းဖိုသီးသည် အလုံးသေးသေး သီး အံ့လော၊ အလုံးကြီးကြီး သီးအံ့လော-၄။ ။(ဆင့်ဆင့်ဖြာ) လင်္ကာအရ၊ ထိုထန်းဖိုပင်ကြီး ရှေးကနှစ်စဉ်ဘဲ သီးခဲ့လေသလော၊ နှစ်ခြားဘဲ သီးခဲ့ လေသလော-၅။ ။ဟူ၍ အတိတ်ကာလနှင့်စပ်သည့် ယုံမှားခြင်း ငါးရပ် တို့ထက်မက ငါးရာတို့မှ ပင်သော်လည်း ထန်းဖိုပင်ဟူသမျှ အသီးမသီး ကြဟု သိလုံးကြီးတလုံးနှင့် အကုန်လုံး သံသယရှင်းရှင်းကြီး ကင်းနိုင် ကြကုန်ရာ၏။

**အနာဂတ်ကာလ ထန်းဖိုပင်၌ အသီးသံသယ ကင်းကြပုံကား။** ။ယုံမှားခြင်းလင်္ကာက (နာဂတ်ကာလ၊ ငါဖြစ်ရမည်-မဖြစ်မည်နှင့်) လင်္ကာ အရ၊ ဤထန်းဖိုပင်ကြီးသည် နောက်နောင် သီးလတ္တံ့ဦးမည်လော-၁။ ။ မသီးလတ္တံ့တော့ဘူးလော-၂။ ။(တသီမျိုးဇာတ်)လင်္ကာအရ၊ ဤထန်းဖို

ပင်ကြီး အကယ်၍သီးခဲ့သော်၊ ထန်းသီးအုပ်နက် သီးမျိုး သီးမည်လော၊ ထန်းသီး, သီးဖြူ,သီးမျိုး သီးမည်လော-၃။ ။(လုံးယပ်ခြင်းရာ) လက်ာအရ၊ ထိုထန်းဖိုသီးသည် အလုံးသေးသေး သီးအံ့လော၊ အလုံးကြီးကြီးဘဲ သီးအံ့လော ၄။ ။(ဆင့်ဆင့်ဖြာ)လက်ာအရ၊ ဤထန်းဖိုပင်ကြီး နောက်နောင် နှစ်စဉ်ဘဲ သီးလိမ့်မည်လော၊နှစ်ခြားဘဲ သီးလိမ့်မည်လော-၅။ ။ ဟူ၍ အနာဂတ်ကာလနှင့် စပ်သည့် ယုံမှားခြင်း ငါးရပ်တို့ထက်မက၊ ငါးရာတို့မှပင်သော်လည်း ထန်းဖိုပင်ဟူသမျှ အသီးမသီးကြဟု သိလုံးကြီးတလုံးနှင့် အကုန်လုံးသံသယ ရှင်းရှင်းကြီး ကင်းနိုင်ကြကုန်ရာ၏။

**ပစ္စုပ္ပန်ကာလ ထန်းဖိုပင်၌ အသီးသံသယကင်းကြပုံကား။** ။ယုံမှားခြင်းလက်ာက (ယခုဒါဟာ၊ ငါသာဟုတ်လား-မဟုတ်လားနှင့်) လက်ာအရ၊ ဤ ထန်းဖိုပင်ကြီး ယခုနှစ်အသီး သီးနေဆဲလော-၁။ ။မသီးဆဲလော-၂။ ။(မျိုးခြားဇာတိ) လက်ာအရ၊ ဤထန်းဖိုပင်ကြီး အကယ်၍ ယခုအသီးရှိခဲ့သော်၊ ထန်းသီးအုပ်နက်သီးမျိုး သီးနေမည်လော၊ ထန်းသီး သီးဖြူ,သီးမျိုး,သီးနေမည်လော-၃။ ။(ဆင်းရှိသဏ္ဍာန်) လက်ာအရ၊ထိုထန်းဖိုသီးသည် အလုံးသေးသေး သီးနေဆဲလော၊ အလုံးကြီးကြီးသီးနေဆဲလော-၄။ ။(တိတ်ဘာ၊ နာဂတမှာ) လက်ာအရ၊ ဤထန်းဖိုပင်ကြီးသည် အတိတ်ကာလ၊ဘယ်နှစ်က စပြီး သီးခဲ့လေသနည်း-၅။ ။နောင်အနာဂတ်ကာလ ဘယ်နှစ်ကျအောင် သီးသွားလတ္တံ့ပေလိမ့်နည်း-၆။ ။ ဟူ၍ ယခုပစ္စုပ္ပန်ကာလနှင့်စပ်သည့် ယုံမှားခြင်း ၆-ရပ်တို့ထက်မက၊ ၆-ရာတို့မှပင်သော်လည်း၊ ထန်းဖိုပင်ဟူသမျှ အသီးမသီးကြဟု သိလုံးကြီးတလုံးနှင့် အကုန်လုံးသံသယရှင်းရှင်းကြီး ကင်းလွတ်နိုင်ကြကုန်ရာ၏။ဤထန်းဖိုပင်နှင့် စပ်သော ဥပမာအရပ်ရပ်တို့ဝယ်၊ထန်းဖိုပင်မှာ မည်သည့်အခါမျှ အသီးမရှိဟု မိမိတို့သဘောထဲက လိုက်လိုက်သဲ့လဲ့ကြီးသိမှုဉာဏ်ရှိသူတို့ မှာကား၊ ပြခဲ့ပြီးသော ၁၆-ပါး ယုံမှားခြင်းထက် မက၊ တသောင်းခြောက်ထောင်သောယုံမှားခြင်းတို့မှပင် ကောင်းကောင်းကြီး ကင်းစင်ကြကုန်ရာသကဲ့သို့၊ ဤအနန္တ လောကကြီးတို့ အတွင်းက ရှိရှိသမျှသော အကောင်အထည်တို့၏ အတွင်းရှိ ခါတ်ပရမတ်တို့ကို မိမိ-သူ-တပါး၊ယောကျ်ား, မိန်းမစသော သမ္မုတိသစ္စာနယ်မှာ တကယ်အရှိပင်ဖြစ်နေကြသည့်၊ထိုထိုပုံသဏ္ဍာန်အကောင်အထည်ဖြိမ် ပညတ်ကောင်မ,ပညတ်ကောင်ထီးကြီးတွေ အနေနှင့် ထင်မြင်နေကြသည့် သက္ကာယဒိဋ္ဌိသမားတို့မှာသာ အတွင်းသားပရမတ်တွေကို ငါတွေ,သူတွေစသည်

အနေနှင့် ကာလသုံးပါးတို့မှာ ယုံမှားခြင်း ၁၆-ပါးထက်မက၊ တသောင်း ခြောက်ထောင်တိုင်ပင် ယုံမှားစရာရှိက ယုံမှားနေနိုင်ကြကုန်ရာ၏။ ဓာတ် ပရမတ်ပေါက်၍ သက္ကာယဒိဋ္ဌိ ပျောက်သူတို့မှာကား၊ ထန်းဖိုပင်ရှိသမျှတို့ ဟာ ဧကန္တအသီးမရှိကြဟု အတပ်သိကြသလို၊ အတွင်းသား ပရမတ် ရှိသမျှတွေဟာ ငါ သူတပါး၊ ယောကျာ်း, မိန်းမ-စသော ပညတ်တွေ ဧကန္တမဟုတ်ကြဟု အတပ်သိရှိကြသဖြင့်၊ ငါတွေ-သူတွေ စသည်အနေ နှင့် ကာလ သုံးပါးတို့မှာ ယုံမှားခြင်း ၁၆-ပါးထက် မက၊ တသောင်း ခြောက်ထောင်တိုင်ပင် ယုံမှားစရာရှိစေကာမူ၊ အကုန်လုံးပင် ကင်းစင်ကြ ကုန်ရာ၏ဟု သိကြပါလေ ယောဂီမြတ်တွေတို့။

---

## (၂၅) စာမတတ်သောအရိယာနှင့် ဝိပဿနာသမားတို့ ပဋိစ္စ သမုပ္ပါဒ်တရား၌ ယုံမှားကင်းပုံ၊ စူဠသောတာပန် အစစ်ဖြစ်ကြရပုံ

ပဋိစ္စသမုပ္ပါဒ်တရားမြတ်၌ ယုံမှားခြင်းကင်းကြရာမှာ၊ စာပေကျမ်းဂန် တို့တွင်မကျွမ်းကျင်သော အရိယာများနှင့်၊ ဤကင်္ခါဝိတရဏဝိသုဒ္ဓိသမား တို့ကား၊ စာထဲမှာပါသည့်အတိုင်း အဝိဇ္ဇာစသော အကြောင်းတရားတို့ ကား၊ ဘယ်ဟာ ဘယ်ဟာစု။ သင်္ခါရစသောအကျိုး တရားတို့ကား ဘယ် ဟာ- ဘယ်ဟာစုတို့ကို ပဋ္ဌာန်းပစ္စည်းအစားစားတို့နှင့် ကျေးဇူးပြုချက်၊ အကြောင်းအကျိုး ဆက်ပုံများကို ကုန်စင်အောင် နားမလည် ကြသော် လည်း။ ။ပဋိစ္စ သဟ ဥပ္ပဇ္ဇတိ ဘဲ ပဋိစ္စသမုပ္ပါဒေါ။ ။ပဋိစ္စ၊ အကြောင်း တရားတို့၏ညီညွတ်ခြင်းကိုစွဲ၍။ သဟ-ဧကတ္တံ၊ တပေါင်းထည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒ် မည်၏။ ။ဟု-ဝိသုဒ္ဓိမဂ်က ဝိဂြိုဟ်ပြသည့်အရနှင့်၊ ပါဠိခေါ် **ပဋိစ္စသမုပ္ပါဒ်၊** မြန်မာခေါ် **အကြောင်းကြောင့်ဖြစ်သည့် အကျိုးတရား**ဟု သိရှိကြရသည့် အတိုင်း၊ ယခုလောက အားလုံးကြီးတို့ အတွင်းမှာ ဖြစ်ဖြစ်သမျှသော သတ္တဝါအနန္တတို့သည်၊ ထာဝရဘုရားနှင့် သိကြား,ဗြဟ္မာ,ဒေဝါမိဿနိုး အမျိုးမျိုးတို့က ဖန်ဆင်းကြလို့ ဖြစ်ပေါ်လာကြသည်မဟုတ်၊ အကြောင်း တရားတွေ အဆင့်ဆင့်ကြောင့် အကျိုးတရားတွေ အသင့်အသင့် ဖြစ်နေ ကြသည်ဟုသိရှိကြရသဖြင့်၊ ထိုထို အတွင်းရှိ ဓာတ်ပရမတ်တို့၌ အပေါ်ရံ ကြောမှာထင်မြင်လာရသော ပုံသဏ္ဌာန်နိမိတ် ရှေ့နောက်အစဉ် သန္တတိ

နိမိတ် ပညတ်ရိပ်တို့ သတ္တိဖြင့်သာ ထင်မြင်လာရသော၊ ထိုထို ဘဝသို့ ပြောင်းသွား တတ်သော၊ ထိုထို အကြောင်းကံကို ပြုတတ်သော၊ ထိုထို အကျိုးဝိပါက်ကိုခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါ၊ငါ၊သူတပါးစသည်တို့ အဟုတ်ဧကန် အကယ်အမှန်ပင် မရှိကြဟုသိရှိရ၍၊အလုံးစုံသော ဘဝ ယောနိ၊ ဂတိဝိညာဏဋ္ဌိတိ၊သတ္တာဝါသတို့၌၊အကြောင်း ပဋိစ္စတို့ကြောင့် အကျိုးသမုပ္ပါဒ် တရားတို့ စပ်ဟပ်ဖြစ်ပွါးသည်၏ အစွမ်းဖြင့်၊ အဆင့်ဆင့် အဆက်ဆက် ဖြစ်ပျက်နေကြသော ရုပ်နာမ် ဓမ္မ သင်္ခါရ အစုကြီးမျှ တို့ကိုသာ၊ ထိုထို အတွင်းသားတို့မှာ ထင်မြင်ပါ၍၊ အကြောင်းအကျိုးမျှ ဆက်စပ်နေကြသည့် ပဋိစ္စသမုပ္ပါဒ် တရားကြီး၌လည်း ယုံမှားခြင်း ကင်း ကြလေကုန်၏။ ထိုစကားကို လောကကြီးတို့နှင့်စပ်ကာ ထင်ရှားစွာ ပြဦး အံ့။ ။ထိုသို့ပင်ရုပ်နာမ်ဓမ္မသင်္ခါရမျှ ဖြစ်ပျက်၍နေကြသော်လည်း၊ပရမတ် သက်သက် ဖြစ်နေချက်တို့အထဲမှ ၊အပေါ်ရံပုံသဏ္ဌာန် ပညတ်ကြီးတွေ ကလည်း အပြီးသား ပါနေကြသည့်အတွက်၊ ကာယဒွါရ, ဝစီဒွါရ, မနော ဒွါရတို့မှာ ထိုထို အကြောင်းကံ ခတ်ပရမတ်တို့ သက်သက် ထင်ရှား ဖြစ်လျက် တည်ရှိသော်၊ လောကသမ္မုတိသစ္စာ ပညတ်နယ်ကြီးမှာကား၊ ထိုထိုအမှုကို ပြုတတ်သောသူ ရှိနေသည်ဟူ၍ငင်း၊ ခြောက်ဒွါရနှင့်တကွ ဒွါရဝိမုတ်တို့မှာ၊ ထိုထိုအကျိုးဝိပါက် ခတ်ပရမတ် သက်သက်တို့ဖြစ်နေ ကြသည်ရှိသော်၊လောကသမ္မုတိသစ္စာ ပညတ်နယ်ကြီးတို့မှာကား၊ထိုထို အကျိုးများကို ခံစားတတ်သောသူ ရှိနေသည်ဟူ၍ငင်း၊ ပုဂ္ဂိုလ်သတ္တဝါ အကောင်,အထည်ဖြမ်နှင့် ဝေါဟာရ ပညတ်မျှဖြင့်သာ ဘုရား,ပစ္စေကဗုဒ္ဓါ အရိယာ သာဝက စသော ပညာရှိတို့ ခေါ်ဝေါ်နေကြပါ တကားဟု လောက–ဓမ္မ နှစ်ဌာနတို့မှာ မဆန့်ကျင်ကြစေဘဲ၊ သင့်မျှသော အားဖြင့် ထင်ရှား မြင်တတ်သော ဝိပဿနာပညာ ပဋိစ္စသမုပ္ပါဒ် နည်းနယာတို့ဖြင့် ကောင်းစွာ သိမြင်အပ် ဆုံးဖြတ်အပ်၏။ ထိုကြောင့် ဝိသုဒ္ဓိမဂ်၌။—

ကမ္မဿကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မ-ဒဿနံ။
ဧဝံကမ္မေ ဝိပါကေစ၊ ဝတ္တမာနေ သဟေတုကေ။
ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာကောဋိ နဉာယတိ။

ဟု–မိန့်ရှိတော်မူအပ်ပေသတည်း။ အနက်မြန်မာကား၊—ကမ္မဿ၊ အကြောင်းကံကို။ ကာရကော၊ ပြုတတ်သော ပုဂ္ဂိုလ် သတ္တဝါ၊ ငါ, သူ တပါး၊ ယောကျ်ား,မိန်းမစသော သူသည်။ နတ္ထိ၊ ပရမတ္ထသစ္စာနယ်ထဲမှာ

နဲ့နဲ့မျှမရှိ။ ဝိပါကဿ၊ အကျိုးဝိပါက်ကို။ ဝေဒကော၊ ခံစားတတ်သော ပုဂ္ဂိုလ်,သတ္တဝါ၊ ငါ,သူတပါး၊ ယောကျ်ား,မိန်းမ စသောသူသည်။နတ္ထိ၊ ပရမတ္ထ သဘာဝနယ်ထဲမှာ နဲ့နဲ့မျှမရှိ။ သုဒ္ဓဓမ္မာဧဝ၊ ပုဂ္ဂိုလ်သတ္တဝါ၊ငါ,သူ တပါး၊ ယောကျ်ား, မိန်းမစသည် အရပ်ရပ် ပညတ်ဟူသမျှတို့နှင့် မရော၊ သက်သက်သော ရုပ်နာမ်အရပ်ရင်၊ ပရမတ် တရားတို့သည် သာလျှင်။ ပဝတ္တန္တိ၊ အကြောင်းအကျိုး အားလျော်စွာ၊ လောကအားလုံးကြီးတို့မှာ ထင်ရှားစွာ ဖြစ်နေကြကုန်၏။ ဧဝံဒဿနံ၊ ဤသို့ မြင်ခြင်းသည်။ သမ္မဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သော မြင်ခြင်းမည်၏။ ဗီဇရုက္ခာဒိကာနံ၊ မျိုးစေ့နှင့်သစ်ပင်၊ကြက်နှင့် ကြက်ဥစသည်တို့၏။ပုဗ္ဗကောဋိ၊ရှေ့အစကို။ န-နာယတိဝိယ၊ မသိအပ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သဟေတုကေ၊ အကြောင်းနှင့် တကွ။ ပဝတ္တမာနေ၊ ထင်ရှားဖြစ်ပေါ်ပေသော။ ကမ္မေစ၊ အကြောင်းကံ၌၎င်း။ ဝိပါကေစ၊ အကျိုးဝိပါက်၌၎င်း။ ပုဗ္ဗကောဋိ၊ ရှေ့အစကို။ န-နာယတိ၊ မသိအပ်။

ဤအဋ္ဌကထာ စကားရပ်ဝယ်၊ ရှေးဦးစွာ ဥပမာတို့ကို ထင်မြင်အောင် ကြည့်ပြီးမှ၊ဥပမေယျတို့ကိုလည်း ထပ်တူထင်မြင်ကြအောင်ကြည့်ရှုရာ၏။ **ကြည့်ရှုပုံကား၊**—ယခုလောကမှာ ရှိရှိသမျှသော သစ်ပင်တို့သည်၊ မျိုးစေ့တို့ကြောင့် ဖြစ်ကုန်၏။ မျိုးစေ့တို့သည်လည်း သစ်ပင်တို့ကြောင့် ဖြစ်ကြကုန်၏ဟု- မျိုးစေ့သစ်ပင်တို့၏ အချင်းချင်း ဆက်လက်လာမှု၊ အစစွန်း နောက်နောင် ဆက်လက်သွားမှု၊အဆုံးစွန်တို့ကို မသိအပ်သည်၏အဖြစ်ကို၎င်း၊ ထိုအဆက်ဆက်သော မျိုးစေ့တို့သည် သစ်ပင် မဟုတ်ကြကုန်။ သစ်ပင်အထဲသို့လည်း မဝင်-မပါမလိုက်ကြကုန်။ တဖန်-သစ်ပင်တို့သည် လည်း မျိုးစေ့မဟုတ်ကြကုန်။ မျိုးစေ့ထဲသို့လည်း မဝင်-မပါ မလိုက်ကြကုန်။ အကြောင်း,အကျိုးမျှသာ ကျေးဇူးပြုကြသည့်အဖြစ်ကို၎င်း၊သေချာ ဂ-နစွာ ထင်မြင်အောင် ကြည့်ကြပါလေ။

အထူးဝိသေသအားဖြင့် မျိုးစေ့နှင့် သစ်ပင်တို့၏ အကြောင်း, အကျိုး အမျိုးမျိုးတို့တွင်၊ နှစ်ချင်းပင် အကြောင်း, အကျိုးဆက်လက် နေလေ့ **ရှိသော ပဲစေ့-ပဲပင်တို့နှင့်လည်း ထင်ရှားအောင် ရှုကြည့်ရပုံကား၊**—ရှေ့ နှစ်က အကြောင်း ပဲစေ့ကြောင့်၊ ယခုနှစ် အကျိုးပဲပင်ပေါက်၊ ယခုနှစ် အကျိုးပဲပင်ကြောင့် ယခုနှစ် အကြောင်းပဲစေ့သီး၊ ယခုနှစ် အကြောင်း ပဲစေ့ကြောင့် နောက်နောက်နှစ် အကျိုးပဲပင်ပေါက်ရပြန်ခြင်း စသည်ဖြင့် အကြောင်း,အကျိုးတို့ ဆက်လက်နေမှုတို့၏ အစ, အဆုံး တို့ကိုပင် မထင်

မြင်နိုင်သောအချက်ကို၊ ၎င်းပဲကို လုပ်ကိုင်လျက် စားသောက်သူများ၏ ကံစသည် အကြောင်းနှင့်၊ ဝိပါက်စသည် အကျိုးတရားစု ဆက်လက်၍ သွားမှုပါ **အကြောင်းကျချုပ်မှုမှာကား**၊-ထမင်းပွဲမှာတွေ့ကြုံလာသော ပဲစေ့တို့သည် ရှေးနှစ်က ပဲပင်ကြောင့်၊ ၎င်းပဲပင်လည်း သည့်ရှေးနှစ် ပဲစေ့ကြောင့် စသည်ဖြင့် အတိတ်ကာလတို့မှာ ပဲပင်နှင့် ပဲစေ့တို့ အကြောင်း, အကျိုး ဆက်လက်၍ လာချက် အစကို၊ ဤဂေါတမ ဘုရားလက်ထက်တော်မှာ လည်းမတွေ့။ ၎င်းရှေ့က ကဿပဘုရားလက်ထက်၊ ကောနာဂုံ,ကကုသန် ဘုရားတို့ လက်ထက်စသည်တို့မှာလည်း ပဲပင်, ပဲစေ့တို့၏ အစကိုလည်း မထင်မြင်နိုင်။ နောင် အနာဂတ် ကာလတို့မှာလည်း ယခုရှိ ပဲစေ့တို့နှင့် နောက်နောင်ပဲပင်စသည်တို့ဆက်လက်၍သွားကြလတ္တံ့သော အဆုံးတို့ကို လည်း မထင်မြင်နိုင် သကဲ့သို့၊ယခုဖြစ်ဆဲဖြစ်နေကြသောသတ္တဝါတို့သည်၊ အတိတ်ကာလ ဘဝအဆက်ဆက် တို့မှာလည်း အကြောင်းကံ အဆက် ဆက်တို့ကြောင့် အကျိုးဝိပါက် ရုပ်နာမ် အဆက်ဆက်တို့ဖြစ်ကြရ၊ တဖန် အကျိုးဝိပါက် ရုပ်နာမ် အဆက်ဆက်တို့ ကြောင့်လည်း၊ အကြောင်းကံ အဆက်ဆက်တို့ကို အစမထင် ဆုံးမမြင်အောင် ပြုခဲ့ကြရလှလေပြီ။ ယခု ဖြစ်ဆဲ ဘဝထဲမှာလည်း အကျိုးဝိပါက်တို့ကလည်းဖြစ်ဆဲ၊ အကြောင်းကံ တို့ကိုလည်း ပြုနေကြဆဲအတွက်ကြောင့်၊ အနာဂတ်ကာလ နောက်နောင် ဘဝအဆက်ဆက် တို့၌လည်း အကျိုးဝိပါက် အဆက်ဆက် တို့လည်း ဖြစ်ဖြစ် သွားကြလတ္တံ့။ အကြောင်းကံ အဆက်ဆက်တို့ကိုလည်း ပြုပြု သွားကြလတ္တံ့တို့သာ ဖြစ်၍၊ အစမထင် ဆုံးမမြင်အောင် အကြောင်း, အကျိုးတို့သက်သက်သာ ဆက်လက်၍ သွားနေကြရသည်ကို၊ပဲစေ့,ပဲပင် ပမာတင်၍ ထင်မြင်အောင် ရှုကြစရာကား၊ **ကံအကြောင်းတရားကြောင့် ဝိပါက် အကျိုး တရားဖြစ်၊ ဝိပါက် အကျိုး တရားကြောင့်လည်း ကံ အကြောင်းတရားပြု**ဟု အစမထင် ဆုံးမမြင်အောင် ဆက်လက်ဖြစ်ပွါး၍ နေချက်ကို ထင်မြင်အောင် ရှုကြပါလေ ယောဂီမြတ်တွေတို့။

ဤသို့ရှုကြည့်၍ထင်မြင်လာသော အကြောင်းကံ အဆက်ဆက်တို့သည် အကျိုးဝိပါက်, ရုပ်နာမ် အဆက်ဆက်တို့ မဟုတ်ကြကုန်။ အကျိုးဝိပါက် တို့၏ အတွင်းသို့လည်း၊၎င်းအတိတ်ကံ စသည်တို့ တစုံတခုမျှ မပါ-မဝင် မလိုက်ကြကုန်။တဖန် အကျိုးဝိပါက် ရုပ်နာမ်ဘဝ အဆက်ဆက်တို့သည် လည်း၊ အကြောင်းကံတို့ မဟုတ်ကြကုန်- မဖြစ်ကြကုန်။ အကြောင်းကံ အတွင်းသို့လည်း၊ ၎င်းအကျိုးဝိပါက်တို့ တစုံတခုမျှမပါ-မဝင် မလိုက်ကြ

ကုန်။ စင်စစ်မူကား၊ အတိတ်ကံတွေကြောင့် ယခုပစ္စုပ္ပန်မှာ အကျိုးဝိပါက်တွေ ဖြစ်လာ၏။ ဤပစ္စုပ္ပန်အကျိုးဝိပါက်ကြောင့် တဖန် ပစ္စုပ္ပန်အကြောင်းကံတွေကို ပြုကြပြန်၏။ ဤပစ္စုပ္ပန် အကြောင်း ကံတွေကြောင့် တဖန် အနာဂတ်ကာလ ဘဝအဆက်ဆက်တို့မှာ အကျိုးဝိပါက်တွေ ဖြစ်ကြရလေ၏ဟု ပြဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်နည်းက၊ ကမ္မဝဋ်, ဝိပါကဝဋ် တည်းဟူသော စက်ရဟတ်တို့ ဆက်စပ်၍လည်ကြပုံ၊ တစုံတယောက်သောသူက မဖန်ဆင်းရပုံ၊ နောက်နောက်ဘဝသို့ သတ္တ, ဇီဝ- စသည်တို့အနေနှင့် လိုက်ပါခြင်း မရှိကြပုံများကို အဟုတ်ဉာဏ်မှာ ထင်မြင်လာသူ ယောဂီပုဂ္ဂိုလ်တို့သည်၊ အကြောင်း, အကျိုးစပ်သည့် ပဋိစ္စသမုပ္ပါဒ် တရားမြတ်ကြီး၌လည်း၊ ယုံမှားခြင်းကြီး အကျဉ်းနည်း ဧကန္တ ကင်းပြီး ဟူ၍ သိအပ်၏။

[အကယ်၍ ကျမ်းဂန်များမှာ လာသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကြီး၏အလွှာလေးပါးတို့ကိုဎင်း၊အင်္ဂါ ၁၂-ပါးနှင့် တရားကိုယ်များကိုဎင်း၊ အစပ်သုံးပါး, မူလ ၂-ပါး, ဝဋ်သုံးပါး တို့ကိုဎင်း၊ကာလသုံးပါး,သင်္ခေပ ၂-ပါးနှင့် အချင်းအရာ ၂၀-တို့ကိုဎင်း၊ အကျယ်နှင့်တကွ ဆန်းကြယ်သော သဘောသဘာဝတို့ကို အဟုတ်အဟတ် သိလိုလတ်ကြပါမူ၊ ပဋိစ္စသမုပ္ပါဒ်နှင့် စပ်သော သံယုတ် ပါဠိတော်စသော ထိုထိုပါဠိတော်ကြီးတွေ, အဋ္ဌကထာကြီးတွေ,ဋီကာ,ယောဇနာကြီးတွေတို့မှာလည်း အကျယ်ကြီးနှင့် တကွ ရှိကြလှပါ၏။ ထိုထို ကျမ်းကြီးများကို မကြည့်အားသူတို့မှာကား၊ တို့မြန်မာစကားသွားနှင့် ပေါ်လွင်ထင်ရှားအောင် ရေးသားတော် မူကြသော ပဋိစ္စသမုပ္ပါဒ် အဆုံးအဖြတ် အစားစား၊ ဒီပနီအစားစား၊ အကျဉ်းအကျယ်အစားစား၊ ကျမ်းဂန်များတို့မှာ ရှုစားကြပါလေ။]

ဤစာအုပ်က အကျဉ်းဇယားပုံကလေးကိုကြည့်၍၊ ကျမ်းဂန်ကြီးတို့မှာလာတိုင်း လေးပါးအလွှာ,အင်္ဂါ ၁၂-ပါး စသည်များကို သိကြား နားလည်လိုကြသေးမူ၊ ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ဇယားပုံနည်းက အလွှာလေးပါးစသည်များနှင့်၊ ခြားနားကန့်ကွက်၍ အချက်ကျကျ ရေးပြထားသည့် အထဲက အင်္ဂါ ၁၂-ပါး တရားကိုယ်များကို အရကျက်ပြီးနောက်၊ အောက်ကဇယားကွက်ကို ကြည့်ရှုလိုက်က။ ။**အင်္ဂလ္လာသန်**ဂါရ ဤနှစ်ပါးက ပဌမအလွှာလည်းဖြစ်၏။ အတိတ်အကြောင်း ၂-ပါးအလွှာ

လည်းဖြစ်၏။ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ ၂-ပါး အလ္လာလည်းဖြစ်၏
ဟု ဇယားကွက်နောက်နားမှာ တွေ့အောင် ကြည့်၍ သိကြပါလေ။ ။
**ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊** ဤငါးပါးက ဒုတိယ
အလ္လာလည်းဖြစ်၏။ ပစ္စုပ္ပန်အကျိုး ၅-ပါး အလ္လာလည်းဖြစ်၏။ ဒုက္ခသစ္စာ
၅-ပါး အလ္လာလည်း ဖြစ်၏ဟု ဇယားကွက်နောက်နားမှာ တွေ့အောင်
ကြည့်၍သိကြပါလေ။ ။**တဏှာ, ဥပါဒါန်, ဘဝ၊** ဤသုံးပါးက တတိယ
အလ္လာလည်းဖြစ်၏။ ပစ္စုပ္ပန်အကြောင်း ၃-ပါး အလ္လာလည်းဖြစ်၏။ ဒုက္ခ
ဖြစ်ကြောင်း သမုဒယသစ္စာ ၃-ပါး အလ္လာလည်းဖြစ်၏ဟု ဇယားကွက်
နောက်နားမှာ တွေ့အောင်ကြည့်၍ သိကြပါလေ။ ။**ဇာတိ, ဇရာမရဏ**
ဤနှစ်ပါးက စတုတ္ထအလ္လာလည်းဖြစ်၏။ အနာဂတ်အကျိုး ၂-ပါး အလ္လာ
လည်းဖြစ်၏။ဒုက္ခသစ္စာ ၂-ပါးအလ္လာလည်းဖြစ်၏ဟု ဇယားကွက်နောက်
နားမှာ တွေ့အောင်ကြည့်၍ သိကြပါလေ။ ။ဤပြအပ်ခဲ့ပြီးသော အလ္လာ
လေးပါးတို့ကိုစပ်လိုက်လျှင် သုံးစပ်သာရှိသည်အဖြစ်ကိုဇယားပုံ၌ပြထား
တိုင်း **သင်္ခါရနှင့်-ဝိညာဏ်**က ပဌမအစပ်၊**ဝေဒနာနှင့်-တဏှာ**က ဒုတိယ
အစပ်၊**ကမ္မဘဝနှင့်-ဇာတိ**က တတိယအစပ်ဟုဇယားပုံမှာလည်း ကြည့်၍
သိကြပါလေ။ ။မူလ ၂-ပါး ယှူပုံမှာ၊ ပဌမအကြောင်းအလ္လာနှင့် ဒုတိယ
အကျိုး အလ္လာတို့ ဆက်လက်ကြရာ၊ အကြောင်းရင်းမူလ တရားကား
**မသိမှုအဝိဇ္ဇာ** ပင်တည်း။ တတိယအလ္လာ အကြောင်းနှင့် စတုတ္ထအလ္လာ
အကျိုးတို့ ဆက်လက်ကြရာ၊အကြောင်းရင်းမူလတရားကား **သာယာမှု-
တဏှာ** ပင်တည်းဟု အကြောင်းရင်းမူလ ၂-ပါးကို ဇယားကွက်မှာ
လည်း ကြည့်၍သိကြပါလေ။ ။ကိလေသဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ်သုံးပါး
တို့တွင်၊ပဌမအလ္လာက **အဝိဇ္ဇာနှင့်၊** တတိယ အလ္လာက **တဏှာဥပါဒါန်၊**
ပေါင်း ၃-ပါးတို့သည် ဇယားပုံက တရားကိုယ်ပြထားတိုင်း၊ **မောဟ-
တဏှာဒိဋ္ဌိ**တို့ပင်ဖြစ်၍ **ကိလေသဝဋ်**တည်း။ တဖန်-ရင်း ပဌမ အလ္လာက
**သင်္ခါရနှင့်၊** တတိယ အလ္လာက **ကမ္မဘဝ**၊ပေါင်း ၂-ပါးတို့သည် ဇယား
ပုံက တရားကိုယ်ပြထားတိုင်း၊ လောကီကုသိုလ်, အကုသိုလ် စေတနာတို့
ပင်ဖြစ်၍ **ကမ္မဝဋ်**တည်း။ဒုတိယ အလ္လာ ၅-ပါးနှင့်၊စတုတ္ထအလ္လာ ၂-ပါး၊
ပေါင်း ၇-ပါးတို့သည် ဇယားပုံမှာပါတိုင်း၊ အကျိုး တရားအလ္လာတို့ပင်
ဖြစ်၍ **ဝိပါကဝဋ်**တည်းဟု သိကြစေခြင်းငှါ ဇယားကွက်တို့မှာ **ကိ,ကံ,ဝိ**
ဟု ပြအပ်ပါသည်ကို ကြည့်၍သိကြပါလေ။

အကျဉ်းမျှနှင့် အကျယ်သိကြရန် ရှုကြည့်စရာ ဇယားပုံမှာကား

| ခြင်းရာ(၂၀) | သစ္စာ (၂)ပါး | ကာလ (၃)ပါး | ဝဋ် (၃)ပါး | မူလ (၂)ပါး | အစပ် (၃)ပါး | တရားကိုယ် အများ | အင်္ဂါ (၁၂) ပါး | အလွှာ (၄)ပါး |
|---|---|---|---|---|---|---|---|---|
| အတိတ်အကြောင်း(၂)ပါး ပစ္စုပ္ပန် အကြောင်း(၃)ပါး နှင့်-ပေါင်း ခြင်းရာ(၅)ပါး | သမုဒယသစ္စာ (၂) ပါး | အတိတ် အကြောင်း | ကိ | အဝိဇ္ဇာမူလကြောင့် စက်အမျိုးမျိုးလည်ကြပုံ။ | (သင်္ခါရနှင့်+ဝိညာဏ်တစပ်) (ဝေဒနာနှင့်+တဏှာတစပ်) (ဘဝနှင့်+ဇာတိတစပ်) | မောဟ | အဝိဇ္ဇာ | ဤ(၂)ပါး တလွှာ။ |
| | | | ကံ | | | လောကီကံ | သင်္ခါရ | |
| ပစ္စုပ္ပန်အကျိုးများ အခြင်းအရာ(၅)ပါး။ | ဒုက္ခသစ္စာ (၅) ပါး | ပစ္စုပ္ပန်အကျိုးများ | ဝိ | | | ဗိတ်စိ | ဝိညာဏ် | ဤ(၅)ပါး တလွှာ။ |
| | | | ဝိ | | | စေတသိက်-ရုပ် | နာမ်-ရုပ် | |
| | | | ဝိ | | | ခေတ်ကြည် ၆ ပါး | သဠာယတန | |
| | | | ဝိ | | | ဖဿ ၆-ပါး | ဖဿ | |
| | | | ဝိ | | | ဝေဒနာ ၆ပါး | ဝေဒနာ | |
| ပစ္စုပ္ပန်အကြောင်း (၃)ပါး အတိတ်အကြောင်း(၂)ပါး နှင့်-ပေါင်း ခြင်းရာ(၅)ပါး | သမုဒယ သစ္စာ (၃)ပါး | ပစ္စုပ္ပန် အကြောင်း | ကိ | တဏှာမူလကြောင့် စက်အမျိုးမျိုးလည်ကြပုံ။ | | တဏှာ ၆-ပါး | တဏှာ | ဤ(၃)ပါး တလွှာ။ |
| | | | ကိ | | | တဏှာဒိဋ္ဌိ | ဥပါဒါန် | |
| | | | ကံ-ဝိ | | | ကမ္မ-ဥပပတ္တိ | ဘဝ | |
| အနာဂတ် အကျိုး (၂) ပါး ပစ္စုပ္ပန်အကျိုး (၅) ပါးပင် ဖြစ်ကြ၍ ခြင်းရာ (၅) ပါး။ | ဒုက္ခသစ္စာ (၂)ပါး | အနာဂတ် အကျိုး | ဝိ | | | ဥပါဒ်စု | ဇာတိ | ဤ(၂)ပါး တလွှာ။ |
| | | | ဝိ | | | ဌီ-ဘင်စု | ဇရာမရဏ | |

လေးပါးအလွှာ၊ အင်္ဂါဆဲ့နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ သစ္စာနှစ်ပါး၊ ခြင်းရာကားနှစ်ဆယ်၊ အသွယ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေသောဝ်။ ။ဤဇယား၏အဓိပ္ပါယ်သွား၊ ရှေ့စကားနှင့်စပ်၍ရှုကြည့်ဘဘ်ပါမူ၊ ကျမ်းဂန်လာဘိုင်းသရုပ်ကိုဖေါ်ထုတ်၍သိပြီးဟူ၍မှတ်လေ။

အခြင်းရာ ၂၀ ယှူရပုံမှာ ပဌမအကြောင်းအလွှာ ၂ ပါးမှာ၊ တတိယ အကြောင်းအလွှာ ၃ ပါးလာ၍ **အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်,ဘဝ** တို့သည်၊ ပဌမအလွှာခြင်းရာ ၅ ပါးတည်း။ ။ဒုတိယ အကျိုး အလွှာက **ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ**တို့သည်ပင် ဒုတိယအလွှာ ခြင်းရာ ၅-ပါးတည်း။ ။တတိယ အကြောင်း အလွှာ ၃-ပါးမှာလည်း ပဌမအကြောင်းအလွှာ ၂-ပါးလာပြန်၍ **တဏှာ,ဥပါဒါန်,ဘဝ၊ အဝိဇ္ဇာ, သင်္ခါရ**တို့သည် တတိယ အလွှာခြင်းရာ ၅-ပါးတည်း။ ။စတုတ္ထအကျိုး အလွှာ ၂-ပါးထဲက **ဇာတိ**ဟူသည်ကား၊ ဒုတိယ အကျိုး အလွှာက ပြခဲ့ သည့် **ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ**ခြင်းရာ ၅-ပါးတို့ ၏ ဥပါဒ် အခိုက်အတံ့၊ ခဏကာလပင်ဖြစ်ကြ၍ငင်း၊ **ဇရာ မရဏ** ဟူသည် လည်း ၎င်းဒုတိယအလွှာခြင်းရာ ၅ ပါးတို့၏ ဌီအခိုက်အတံ့၊ ဘင်အခိုက် အတံ့ ခဏကာလတို့ပင်ဖြစ်ကြ၍ငင်း၊ ပစ္စုပ္ပန်အကျိုး ၅-ပါးတို့ အတိုင်း ပင် အနာဂတ်ကာလမှာလည်း **ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ**တို့သည် စတုတ္ထ အလွှာခြင်းရာ ၅-ပါး တို့တည်းဟု အခြင်းရာ ၂၀-တို့ကိုလည်း အလွယ်နှင့် ဇယားပုံမှာလည်းကြည့်၍ သိကြပါလေ၊ သူတော်ကောင်းတွေတို့။

ဤသို့လျှင် ရုပ်နာမ်တို့၏ အကြောင်းကို သိမ်းဆည်းလျက်၊ အဘိဓမ္မာ နည်းက ယုံမှားခြင်း ၈စ်ပါး၊ သုတ္တန်နည်းက ယုံမှားခြင်း ၁၆-ပါးတို့ကို လွန်၍ တည်သော ယောဂီမြတ်များ ယောကျ်ား, မိန်းမ ရှင်ရဟန်း စသည်တို့၏ ဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်မည်၏။ အကြောင်း တရားများကို သိမ်းဆည်းသောကြောင့် ပစ္စယ ပရိဂ္ဂဟ ဉာဏ်လည်းမည် ၏။ ။အကျိုးတရားတို့၏ တည်ရာဖြစ်သောကြောင့် ဓမ္မဋ္ဌိတိ ဉာဏ်လည်း မည်၏။ ။ဟုတ်မှန်တိုင်း သိတတ်သောကြောင့် ယထာဘူတ ဉာဏ်လည်း မည်၏။ ။ကောင်းစွာ မြင်တတ်သောကြောင့် သမ္မဒဿနဉာဏ်လည်း မည်၏။ ။ဤသို့ရှေ့က ပြဆိုအပ်ခဲ့ပြီးသော ဒိဋ္ဌိဝိသုဒ္ဓိဟု ဆိုအပ်သော နာမရူပ ဝဝတ္ထာနဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟုဆိုအပ်သော ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ဤ ၂-တန်တို့ကို ရပြီးသော ယောဂီမြတ်သည်၊ ဝါတာ တပ,ဘယ, ဘေရဝ, အရတိ, ရတိတို့ကိုသည်းခံနိုင်၏။ နိဝါတ, နိမာန, ခန္တိ, သောရစ္စ၊ သန္တုဋ္ဌိ, သလ္လေခ စသောဂုဏ်ကျေးဇူး အထူးတို့သည် အလိုလိုဖြစ်ပေါ်လာရောက်ကြကုန်၍၊ အရိယာမဂ်တည်းဟူသော ထောက် တည်ရာ ပတိဋ္ဌာ၊အရိယာဖိုလ် တည်းဟူသောသက်သာရာ၊ အဿာသကို

ရသကဲ့သို့ဖြစ်၍၊ ယခုဘဝမဂ်ဖိုလ်တို့ကိုမရဘဲ၊ စုတိကျစေကာမူ၊ သုဂတိဘသို့ မုချရောက်ရခြင်း၊နိယတ ဂတိရှိရကား၊သောတာပန်နှင့် အလားတူ၍ စူဠသောတာပန်မည်၏။ (သောတာပန် ငယ်ဟု ဆိုလိုသည်။) ၎င်း ဒုတိယဘဝ နတ်ပြည်စသည်တို့မှာ မဂ်ကြီးကိုရ၍ မဟာသောတာပန် ဖြစ်ကြသဖြင့် အပါယ်တံခါးပိတ်မှုစသော အကျိုးထူးများကို ဆောင်နိုင် ကြကုန်ရာ၏။

ဤတွင်သဏ္ဌမရက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိအတွက်ပြီး၏။

---

## (၂၆) အဋ္ဌမရက်၌ ပရမတ်စစ်ကိုမှ မြင်နိုင်-ကိုင်ယူနိုင်ကြောင်း များနှင့်၊ အပေါ်ရုံပညတ် အတွင်းသားပရမတ် မှန်ကို ကျမ်းဂန်နှင့်ပြချက်

ယခုရေးပြလတ္တံ့သော အဋ္ဌမရက် ဝိပဿနာ အလုပ်ပေးချက်၌၊ ရှေ့ ပဥ္စမရက်စ၍ ပြအပ်ခဲ့ပြီးသော အရေကလာပ်, အဖတ်ကလာပ်အရောင် ကလာပ်, မှောင်ကလာပ်စသည် တစည်းတစည်းတို့ဆိုတာ သဘောမျှ သက်သက်ကလေးတွေသာဖြစ်ကြပါ၍၊ဤမြေထုကြီးမှာ ရှိသည့်ကလာပ် တွေက ကြီးမားရင့်သန်လှ၍၊ရေထုမှာရှိသည့်ကလာပ်တွေက သေးငယ် နူးညံ့လှသည်။ တဖန် ရေထုမှာ ရှိသည့်ကလာပ်တွေက ကြီးမားရင့်သန် လှ၍၊ လေထုမှာရှိသည့် ကလာပ်တွေက သေးငယ် နူးညံ့လှသည်ဟု မတွေးတော-မကြံစည်အပ်ကုန်။အဘယ့်ကြောင့်နည်းဆိုသော်၊အကောင် အထည်ဒြပ်ရှိသော ပညတ်တို့နယ်မှာသာ ကလာပ်နဲနဲစုမူ အကောင် အထည်ငယ်သည်။ ကလာပ်များများစုမူ အကောင်အထည်ကြီးသည်ဟု ထင်မှတ်အပ်-ပြောဆိုအပ်၏။ အတွင်းသား ပရမတ်စစ်တို့နယ်မှာကား၊ အကောင်အထည်ဒြပ် ဟူသမျှတို့ အဏုမြူကလေးမျှ မရှိကြဘဲ၊သဘောမျှ သက်သက်ကလေးတွေသာ ရှိနေကြပါသောကြောင့်၊ ဘယ်ကလာပ် သဘောမျှက ဘယ်ကလာပ်သဘောမျှထက် ကြီးသည်, ငယ်သည်ဟူ၍ လည်းမရှိ။ ၎င်း ရုပ်ကလာပ်တို့အသက်မူကား၊ စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက်တို့ချည်းရှိကြသောကြောင့်၊ ဘယ်ကလာပ်က ဘယ် ကလာပ်ထက် အသက်ရှည်သည်၊ တိုသည်ဟူ၍လည်း မရှိကြကြောင်းကို သိစေလို၍။ ။**ကလာပ်ဟူသမျှ၊ ဘူမ္မသက်ရှယ်၊ မူအရောဝယ်၊ နည်း ငယ်များမှု-အရေး၍။** ။ဟု လက်ာ ၁၇-ပုဒ်မှာ ရေးထုတ်အပ်ပါသတည်း။

ထိုကလာပ်တို့ အလွန် သေးငယ် လှသော အဖြစ်ကို မြူလေးမျိုးနှင့် ဝိတ်၍ သိကြစေခြင်းငှါ။ ။ရထရေဏုမြူတလုံးကို တဇ္ဇာရီမြူက ၃၆-လုံး၊ အဏုမြူက ၁၂၉၆-လုံး၊ ပရမာဏုမြူက ၄၆၆၅၆-လုံးစီရှိကြ၏။ ။ဟု လက်ာ ၁၇-ပုဒ်၌ ရေးထုတ်လိုက်သည့်အတိုင်း လှည်း, ရထားများ သွားလာသောအခါ၊ အထက်သို့ လွင့်တက်လာသော မြူမှုန့်စုသည် ရထ ရေဏုမြူမည်၏။ ၎င်း ရထရေဏုမြူတလုံးကို ခွဲဝိတ်နိုင်သောနည်းတခုနှင့် ၃၆-ဝိတ်,ဝိတ်လိုက်က တဇ္ဇာရီမြူတွေ ဖြစ်ကုန်ကြ၏။ဘဖန် ရထရေဏုမြူ တလုံးကို ၁၂၉၆-ဝိတ်,ဝိတ်လိုက်ပြန်က အဏုမြူတွေဖြစ်ကုန်ကြ၏။ ၎င်း မြူသုံးစားတို့တွင် ရထရေဏုမြူတို့ လွင့်တက်နေကြသည်ကို ပကတိအခါ တိုင်းတို့မှာ ပကတိမျက်စိတို့နှင့်ပင် မြင်နိုင်ကြကုန်ရာ၏။ထို့အောက်သေး ငယ်သော တဇ္ဇာရီမြူ, အဏုမြူတို့ကိုကား ပကတိအခါတိုင်းတို့မှာ မမြင် နိုင်ကြကုန်ရာ။ အမိုးပေါက်,နံရံပေါက်တို့က ထွင်းဖေါက် ဝင်ရောက်လာ သောနေခြည်ပြောက်တို့နှင့် ပဏာရသောအခါ၊ လက်နှိပ်ဓာတ်မီးရောင် တို့နှင့် ပဏာရသောအခါ တို့မှာသာ မီးခိုးတွေပမာ လွင့်ပါး၍ နေတာ တို့ကို ထင်မြင်နိုင်ကြကုန်ရာ၏။ဤနေရောင်,ဓာတ်မီးရောင်တို့နှင့်ပဏာရမှ မြင်ကြရသော အခိုးတွေနှင့်တူစွာသော မြူမှုန့်ကလေးတို့တွင်၊ ခန့်မှန်းခြေ အရနှင့် အသေး တကာ့ အသေးဆုံး မြူမှုန့်တွေကို အဏုမြူဟု သိကြ။ ထို့ထက်ကြီးသော မြူကလေးတွေကို တဇ္ဇာရီမြူဟု သိကြကုန်ရာ၏။ပရမာ ဏုမြူတို့ကိုကား၊ထိုရထရေဏုမြူတလုံးကို ၄၆၆၅၆-ဝိတ်,ဝိတ်၍၊တဝိတ် စာမျှကလေးတွေသာဖြစ်၍၊ ပကတိလူများမျက်စိ,ဝိပဿနာ ဉာဏ်မျက်စိ တို့မှာ အထည်ခြိမ်အနေတို့နှင့် မထင်မြင်နိုင်ကြကုန်ရာ။သဘော အမူအရာ ကလေးတွေမျှ သက်သက်တို့သာဟူ၍၊ ဝိပဿနာဉာဏ် စသည်တို့နှင့် သိမြင်ကြ ကုန်ရာသည့် အတွက်၊ ၎င်း ပရမာ ဏုမြူတို့သည် ပင်လျှင် ရုပ်ကလာပ်စု ဖြစ်ကြောင်းကို၊ ။တေပနကလာပါ ပရမာဏုပရိမာဏာ ဟောန္တိ။ ။တေပနကလာပါ၊ထိုရုပ်ကလာပ်အများ၊ သဘာဝတရားတို့ မည်သည်ကား။ ပရမာဏုပရိမာဏာ၊ ရထရေဏုမြူ တလုံးကို ၄၆၆၅၆ လေးသောင်း– ခြောက်ထောင်– ခြောက်ရာ- ငါးဆယ် - ခြောက်, ဝိတ်- ဝိတ်ရာ တဝိတ်မျှသာဖြစ်၍ စင်စစ်ဝိပဿနာဉာဏ်မှာ အထည်ခြိမ် မထင် ပါသော ပရမာဏုမြူ ပမာဏရှိကြကုန်သည်။ဟောန္တိ၊ဖြစ်ကြကုန်၏။ ။ ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ စတုဓာတုဝဝတ္ထာန် အဘွင့်မှာ မိန့်ဆို ပါ၏။

ငင်းဆိုသည့် အတိုင်းလည်း ပကတိမျက်စိ,ဝိပဿနာဉာဏ် မျက်စိတို့မှာ အထည်ဒြပ် ပညတ်ပျောက်ပြီး ဖြစ်သောကြောင့်ငင်း၊ပကတိမျက်စိနှင့် မြင်ကောင်းသော မှုံသုံးစားတို့ ပုံသဏ္ဌာန်ဒြပ် ပညတ်တို့၏ အတွင်းမှာ ပရမာဏုမှုံခေတ်ကြည် ကလာပ်ပေါင်း အရေအတွက်နှင့် ပြခဲ့သည်ရှိသော်၊ အဏုမြူဒြပ် အတွင်းမှာ ၃၆-ကလာပ်၊ တဇ္ဇာရီ မြူအတွင်းမှာ, ၁၂၉၆-ကလာပ်၊ ရထရေဏုမြူဒြပ်အတွင်းမှာ ၄၆၆၅၆-ကလာပ် တို့ရှိကြ၏ဟု အရေ အတွက်နှင့်ပင် အတပ် သိမြင်နိုင်ကြသောကြောင့်ငင်း၊ ဝိပဿနာအလုပ် အားထုတ်သူတို့ဉာဏ်အရာမှာ အလွန်ပင် ကောင်းမြတ်လှပါသတည်း။ ဤသို့ ကောင်းမြတ်လှပါသော မဟာဋီကာ အာဘော်သွား ပရမာဏုမှုံကို ကလာပ်ထားသည်၌၊ ဝိပဿနာဉာဏ်တို့မှာ ဒြပ်ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိပေါက်လောက်သည်များကို သဘောမထားမိသူ အချို့လူတို့က ဝိပဿနာဉာဏ်အရာက စင်ကွာ၍ ဝေးလှသော ရူပါဝစရပဥ္စမဈာန် ဒိဗ္ဗစက္ခုအဘိညာဉ်တို့နှင့် မြင်နိုင်ရန် ရှိသေးသည်ဟူသော စကားအရနှင့် မဟာဋီကာက ကလာပ်ထားသည်ကား၊ဒြပ်ခံသည်၊ ပညတ်ကျန်သည်ဟု ပါးစပ်ပြောနှင့်သာ သူဘာပါးထက်သာအောင် ရမ်းဆ၍၊ ငင်းပရမာဏုမှုံကို အစိတ်တသိန်းစိတ်မှတသန်းစိတ်မှစသည်ဖြင့်ပြောဟောကြ၏။ငင်းသိန်းသန်းစိတ်ရန် ဘယ်ကျမ်းဂန်၌ လာသနည်းဟုမေးမူ၊ဤဝိသုဒ္ဓိမဂ် မဟာဋီကာကျမ်းလောက်မှ ခိုင်လုံသော ကျမ်းကြီးများကို မပြနိုင်ကြရာ။ငင်း ဒြပ် ပညတ်ခံသည်ဟု ဆိုသည့်အတိုင်း၊ဆိုသူ၏ပကတိ မျက်စိ, ဝိပဿနာဉာဏ်မျက်စိတို့မှာ ထင်မြင်ရပါသလောဟုမေးမူ၊ ထင်မြင်သည်ဟု မပြောနိုင်ရာ။ ဒိဗ္ဗစက္ခု အဘိညာဉ်မှာ ထင်မြင်၍သာ ဆိုအပ်ပါသတည်းဟူ၍သာ ပြောဆိုနိုင်ရာ၏။ ထိုဆရာများတို့ စကားအရ လိုရင်းအချုပ်ကိုပြရမူ၊ ထင်းကိုအလိုရှိ၍ ထင်းခွေသူတို့မှာ ထင်းကို ရမူကား ဝမ်းမြောက်သွားကြ၏။ ရေကိုမရတယ်လို့ မနစ်နာကြကုန်။ တဖန်ရေခပ်သူတို့မှာလည်း၊ ရေကိုရမူကား ဝမ်းမြောက်သွားကြ၏။ထင်းကို မရတယ်လို့ မနစ်နာကြကုန်သလို၊ဝိပဿနာအားထုတ်သူတို့ဉာဏ်မှာ ပရမာဏုမြူဒြပ်ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိပေါက်ကြမူကား ဝမ်းမြောက်သွားကြကုန်ရာ၏။ ဒိဗ္ဗစက္ခု အဘိညာဉ်သမားတို့မှာ ဒြပ်ထင်၍ မြင်ရတယ်လို့ နစ်နာဘွယ်မရှိလေ။ တဖန်ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် ရှုကြည့်သူတို့ အလိုရှိသောမြူများကို ထင်ရှားမြင်ရမူကား၊ ဝမ်းမြောက်သွားကြကုန်ရာ၏။ ဝိပဿနာဉာဏ်မှာ ဒြပ်မထင်မြင်ရတယ်လို့ နစ်နာဘွယ် မရှိလေကြောင်းကို ကောင်း

ကောင်းကြီး သိရှိကြကား၊ ဝိသုဒ္ဓိမဂ်် မဟာဋီကာ စကားအရနှင့်သာ ဤဝိပဿနာဉာဏ်အရာမှာ ရေးပြအပ်ပါသည့်အတိုင်း သဘောထား၍သာ ပကတိမျက်စိ, ဝိပဿနာ ဉာဏ်မျက်စိတို့မှာ ဒြဗ်ပညတ်ပျောက်အောင် ယုံယုံကြည်ကြည် ရှုကြည့်ကြပါလေ။ ၎င်း ဝိပဿနာဉာဏ်မှာ ဒြဗ်ပညတ်ပျောက်၍၊ ဘာမျှမရှိတော့ဘူးဟု ထင်မြင်ရတော့ တာလည်းမဟုတ်။ စင်စစ်မူကား၊ ထိုကလာပ်အများတို့ ပေါင်းစုမိကြသော်၊ အကောင် အထည် ဒြဗ် ပညတ်အစားစား၊ အာရုံအစားစား ထင်ရှားဖြစ်ပေါ်နိုင်ရန်၊ **ပထဝီ ပြဋ္ဌာန်းသော သဘောမျှအစုတို့ကား** ရှိရသည်။ **အာပေါ ပြဋ္ဌာန်းသော သဘောမျှအစု၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓစသည် ပြဋ္ဌာန်းသော သဘောမျှ အစုတို့ကား**ရှိကြရသည့်အတွက်၊ မြေထုနှင့်တကွ အကောင် အထည်ဝတ္ထု၊ ရေထု, အရေဝတ္ထုများ မီးပွါး, မီးပေါက်, မီးတောက်, မီးခဲများ လေညှင်း, လေပြင်း၊ အဖိုပ်, အရောင်၊ မှောင်စသော ဝဏ္ဏရုပ်စု အစားစား၊ အသံထုကြီးငယ်တို့ အစားစား၊ အနံ့စုကြီးငယ်တို့ အစားစား စသည်များတို့ ဖြစ်ပွါးနေကြရကုန်၏ဟု မှတ်ကြပါလေ။

အချို့သော ဝိပဿနာ ဘာဝနာဆရာများက အဘိဓမ္မာ ပရမတ် ဓာတ် ကလာပ်တို့အစစ်မည်သည် အကောင်အထည်ဒြဗ် ပညတ်တို့မရှိ၍ မျက်စိနှင့် မမြင်ကောင်း၊ လက်နှင့်လည်း ကိုင်ယူတွေ့ ထိလို့ မရကောင်း။ အကောင်အထည်ဒြဗ် ပညတ်ကြီးငယ်တို့ကိုသာ မြင်နိုင်,တွေ့ထိနိုင်သည်ဟု အပြော အဟောများကြ၏။ အဘိဓမ္မာ မတတ်ရှာသော ထို ဝိပဿနာ ဘာဝနာ ဆရာတို့ကို သပ္ပုရိသ်ပကိဏ်းပိုင်း အာရမ္မဏ သင်္ဂဟကို သင်ကြား နားလည်ကြသည့် အဘိဓမ္မာဆရာများက ဟုတ်မှန်တိုင်း အညှာ မထားဘဲ၊ နိုင်သင့်သလောက် ဘေးတိုက်စကား ပြောကြသည်ကား၊ မျက်စိမြင်လုံး စက္ခုဝိညာဏ်ဆိုတာ ခင်ဗျားတို့ပြောဟောသည့်အကောင် အထည်ဒြဗ် ပညတ်ဓမ္မာရုံကိုဘယ်သည့်အခါမှ အာရုံမပြုနိုင် မမြင်နိုင်ဘူးဗျို့၊ ခင်ဗျားပယ်ရှားသည့် ပဉ္စုပ္ပန်ရူပါရုံ ပရမတ်စစ် တရားတို့ကိုသာ ကေန်အာရုံပြုနိုင် မြင်နိုင်ပါသည်။ကိုယ်နှင့်ထိလုံး သိလုံးကာယဝိညာဏ် ဆိုတာလည်း၊ ၎င်း အကောင်အထည်ဒြဗ် ပညတ်ဓမ္မာရုံကို ဘယ်သည့် အခါမှ အာရုံမပြုနိုင်၊ကိုင်ယူတွေ့ထိလို့ မရနိုင်ဘူးဗျို့၊ ခင်ဗျားတို့ပယ်ရှားသည့် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ပရမတ်အစစ်တရားကိုသာ ကေန် အာရုံပြုနိုင်၊ ကိုင်ယူတွေ့ထိနိုင်ပါသည်ဟု ဟုတ်တိုင်းမှန်စွာ နိုင်သင့်သလောက် အညှာ မရှိဘဲ၊ ခပ်ဖိဖိ ဘေးတိုက်စကား ပြောကြားကြလေက၊ ထိ ဝိပဿနာ

ဆရာတို့၏ ဘိုးဘေးကြီးတို့ကတောင် မင်းတို့သင်္ဂြိုဟ်စကား မဟုတ်ဘူး ဗျားဟု မပယ်ရှားနိုင်ရာ။ ဤသို့ငင် မပယ်ရှားနိုင်သော်လည်း၊ တဦးနှင့် တဦးမှာ ဆန့်ကျင်ဘက် စကား ဖြစ်ကြတာ ကြောင့် ကျေနပ် နှီးနှော သဘောကြေလည်ကြဘို့ကား မဖြစ်နိုင်ကြလေရာ။

ဖြစ်နိုင်ဘို့ ပြောဟောနည်းကား၊ ဓာတ်ကလာပ် ပရမတ်စစ်တို့သည် သဘော အမှုအရာ ကလေးတွေမျှသာဖြစ်ကြ၍၊ မျက်စိနှင့် မမြင်နိုင်၊ကိုင် ယူတွေ့ထိလို့ မရကောင်းဟုဆိုသူတို့ အလိုကိုလိုက်၍၊ ခင်ဗျားတို့ ပြော ဟောသည့်အတိုင်း ကလာပ်တစည်းထဲက အဆင်းကိုကြည့်၍ မမြင်တာ မှန်လှပါပေသည်။ ၎င်း ကလာပ်တစည်းထဲက အတွေ့ကို ကိုင်ယူတွေ့ထိ လို့ မရတာမှန်လှပါပေသည်ဟု သူတို့အယူသို့လိုက်ပြီးမှ၊ ကိုယ့်အကြိုက် ကိုလည်း ပါဠိတော်ကြီးတို့နှင့် ဆိုက်အောင် ဆွဲပုံကား၊ထိုသို့ပင် ကလာပ် တစည်းထဲက အဆင်းအတွေ့တို့ကို မမြင်မတွေ့သော်လည်း၊ ကလာပ် အများတို့ စုဝေး၍ လုံးထွေးမိကြသောအခါ၊ ထင်ရှား ဖြစ်ပေါ်လာသော အဏုမြူ, တဇ္ဇာရီမြူစသော အကောင် အထည်ဒြပ် ပညတ် သဏ္ဌာန်တို့၏ အတွင်းသား ရှိသမျှ အရပ်ရပ်၊ တပြိုင်နက်ဖြစ်ကြသော ဓာတ်ကလာပ် အများတို့မှာပါသည့် ပစ္စုပ္ပန်ရူပါရုံဝဏ္ဏ ရုပ်ပရမတ် အစစ်တို့ကိုတော့ စက္ခုဝိညာဏ်စိတ်ဟု ဆိုအပ်သော မျက်စိနှင့် မြင်သိလုံးကား ဧကန်ဖြစ် နိုင်၏။ ၎င်း အပြင် အတွင်း သားရှိသမျှ အရပ်ရပ် ဓာတ်ကလာပ်အများ တို့မှာပါသည့် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ရုပ်ပရမတ် အစစ်တို့ကိုတော့ ကာယ ဝိညာဏ်ဟု ဆိုအပ်သော ကိုယ်နှင့် တွေ့သိလုံးကား၊ ဧကန္တ ဖြစ်နိုင်ကြ၏ ဟု ကိုယ့်အကြိုက်ကိုလည်း ဆွဲကြသည့်အတိုင်းမှာ ပါဠိတော်ကိုလည်း ပြကြစရာကား၊—

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ ။ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။**

စက္ခုံစ၊ မျက်စိ အကြည်ဟု ဆိုအပ်သော စက္ခုပသာဒ ရုပ်တပါးကို ၎င်း။ ရူပေစ၊ ညို,ရွှေ,နီ,ဖြူစသော အဆင်းဟုဆိုအပ်သော ရူပါရုံဝဏ္ဏရုပ် အများတို့ကို၎င်း။ ပဋိစ္စ၊စွဲမှီသမှု အကြောင်းပြု၍။စက္ခုဝိညာဏံ၊မြင်သိဟု ဆိုအပ်သော စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ စက္ခုအကြည်ပသာဒ ရုပ် တပါးကိုမှီ၍၊ ရူပါရုံအများကို အာရုံပြုကာ ဖြစ်ပေါ်လာ၏။ ။ကာယဉ္စ၊ ကိုယ်အကြည်ဟု ဆိုအပ်သော ကာယ ပသာဒ ရုပ် တပါးကို ၎င်း။

ဖောဋ္ဌဗ္ဗေစ၊ အကြမ်း,အနုတည်းဟူသော ပထဝီပရမတ်စစ်အတွေ့၊ အပူအအေးတည်းဟူသော တေဇော ပရမတ်စစ် အတွေ့၊ အတိုးအတွန့် တည်းဟူသော ဝါယောပရမတ်စစ် အတွေ့ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံအများတို့ကိုရင်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ ကာယဝိညာဏံ၊ တွေ့သိဟုဆိုအပ်သော ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ကာယအကြည် ပသာဒရုပ်တပါးကိုမှီ၍၊ ဖောဋ္ဌဗ္ဗာရုံအများကို အာရုံပြုကာ ဖြစ်ပေါ်လာ၏။ ။ဟုသံယုတ်ပါဠိတော်၌ ဘုရားကိုယ်တော်တိုင် ကလာပ်တစည်းထဲက ရူပါရုံတပါးထည်းကိုသာ ခင်ဗျားတို့ပြောတိုင်း မမြင်နိုင်ဘာ မှန်လှပါ၏။ ထိုရူပါရုံ တခုဘည်းကိုသာ မမြင်ပါသော်လည်း၊ ပညတ်ထင်ရှားသော ထိုထိုအကောင် အထည်တို့၏ အတွင်းသား ကလာပ် အများတို့မှာ ပါသော အဆင်းရူပါရုံ အများတို့ကိုကား၊ မျက်စိ ဟူသမျှတို့နှင့် အကြောင်းအားလျော်စွာ မြင်နိုင်ကြပါသည်ကိုလည်း သိစေတော်မူလို၍ ရူပေစဟု ရူပါရုံ အများ ဗဟုဝုစ် စကားနှင့် ဟောကြားတော်မူအပ်သည်ကို ထောက်၍ရင်း။ ။ကလာပ်တစည်းထဲက ဖောဋ္ဌဗ္ဗာရုံ တပါးထည်းကိုသာ ခင်ဗျားတို့ ပြောဟောတိုင်း မတွေ့ထိ နိုင်တာ မှန်လှပါပေ၏။ ထိုဖောဋ္ဌဗ္ဗာရုံ တခုထည်းကိုသာ မတွေ့ပါသော်လည်း၊ ပညတ် ထင်ရှားသော ထိုထိုအကောင် အထည်တို့၏ အတွင်းသား ကလာပ် အများတို့မှာ ပါသော အတွေ့ ဖောဋ္ဌဗ္ဗာရုံ အများတို့ကိုကား၊လက်ခြေ စသည်တို့မှာ ရှိသော ကိုယ် အကြည်ရှိသမျှတို့နှင့် အကြောင်း အားလျော်စွာတွေ့ထိ ကိုင်ယူနိုင်ကြသည်ကိုလည်း သိစေတော်မူလို၍၊ ဖောဋ္ဌဗ္ဗေစ ဟု ဖောဋ္ဌဗ္ဗာရုံအများ ဗဟုဝုစ်စကားနှင့် ဟောကြားတော်မူသည်ကို ထောက်၍ရင်း၊ မျက်စိက ပစ္စုပ္ပန်ရူပါရုံ ပရမတ်အစစ်ကိုသာ မြင်ရသည်။ ပညတ်ဓမ္မာရုံကို မမြင်နိုင်ဟုဆိုသော သင်္ဂြိုဟ်ဆရာတို့စကားလည်း၊ ဤပါဠိတော်များနှင့် အညီအလွန်ပင် ဟုတ်မှန်လှပါပေ၏။ ကိုယ်က ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ပရမတ်အစစ်ကိုသာ တွေ့ထိကိုင်ယူနိုင်သည်။ ပညတ်ဓမ္မာရုံကို မတွေ့ထိ မကိုင်ယူနိုင်ဟု ဆိုသော သင်္ဂြိုဟ်ဆရာတို့စကားလည်း၊ ဤပါဠိတော်များနှင့် အညီ၊အလွန်ပင်ဟုတ်မှန်လှပါပေ၏ဟု ချီးမွမ်းထိုက်၏။

ထိုမှတပါးလည်း ဘုရားကိုယ်တော် မြတ်ကြီးက ရူပဉ္စ-ဖောဋ္ဌဗ္ဗဉ္စ ဟု ရူပါရုံဘခုထည်း၊ ဖောဋ္ဌဗ္ဗာရုံတခုထည်း သက်သက်ဟု ဧကဝုစ်စကားနှင့် မဟောကြားတော်မူသည့် အတွက်၊ အချို့သော ဝိပဿနာ ဘာဝနာဆရာများက အဘိဓမ္မာပရမတ် ဓာတ်ကလပ်အစစ်တို့ မည်သည်၊ အကောင်,

အထည်ဒြပ် ပညတ်မရှိ၍ မမြင်ကောင်း၊လက်စသည်နှင့်ကိုင်ယူတွေ့ထိလို့ မရကောင်းဟု ပြောဆိုကြသော စကားအရဟာ၊ ကလာပ်တစည်းထဲက ရူပါရုံ-ဖောဋ္ဌဗ္ဗာရုံကိုရည်၍ ဆိုသည်ဟုယူပါမူ၊အလွန်ပင်မှန်လှပါပေ၏။ အကောင်, အထည်ဒြပ် ပညတ် ကြီး, ငယ်တို့ကိုသာ မြင်ကောင်းသည်, တွေ့ထိကောင်းသည်ဟု ထင်မှတ်ပြောဟောကြသော အဋ္ဌကထာဝနာဆရာတို့ စကားသည် တကယ့်ဝိပဿနာအရာ ခွာတ်ပရမတ်အရာတို့မှာ ပြောဟောပါသည်ဟု ဆိုမူ၊ ပညတ် ဓမ္မာရုံကို စက္ခုဝိညာဏ်စိတ်, ကာယဝိညာဏ်စိတ်တို့က အာရုံမပြုနိုင်ကြသောကြောင့် မြင်းကောင်းကြီးများ ခွါလိပ်သွားသလို လွဲမှား၏ဟု သိသင့်ကြ၏။ အကယ်၍ လောကသမ္မုတိသစ္စာနယ်က ပညတ် အကောင်,အထည်ဒြပ် ကြီး,ငယ်တို့၏ အတွင်းသား အဆင်းဝဏ္ဏာ ရုပ်ပရမတ်တရားတို့ကိုမြင်ရ၊ အတွေ့ဖောဋ္ဌဗ္ဗာရုံ ရုပ်ပရမတ်တရားတို့ကို တွေ့ရသော်လည်း၊ထိုထို အတွင်းသား ပရမတ်တို့ အပေါ်ရုံ ပုံသဏ္ဌာန် ပညတ်တို့နှင့် မှတ်၍သာ သမ္မုတိသစ္စာနယ်က ပြောဆိုနေကြသည့် အတိုင်းနှင့် မည်သူမည်ဝါတို့ဟာ မည်သည့် အကောင်, အထည်ဝတ္ထုတခုခုတို့ကိုသာ မြင်ကောင်းသည်။တွေ့ထိကောင်းသည်ကို သမ္မုတိသစ္စာနယ်က ရည်ရွယ်၍ ဆိုပါသည်ဟု ယူကြမူ၊ အလွန်ပင် ကောင်းမြတ်လှ ချီးမွမ်းထိုက်လှပါပေ၏ဟု တဘက်သားခံသာအောင် သူ့အလိုကို လိုက်ရော ကိုယ့်အလိုနှင့် နှီးနှော၍ သမ္မုတိသစ္စာ စကားပြောနည်း, ပရမတ္ထသစ္စာစကားပြောနည်း အသီးသီးတို့ဖြင့် အချည်းနှီးမဖြစ်ကြအောင် သူတော်ကောင်းတရားကို ဟောကြားနိုင်ကြ၊နှီးနှောနိုင်ကြ၊နာခံမှတ်သားနိုင်ကြပါစေသတည်း။

အဋ္ဌကထာဆရာတို့က ပြောဟောနေကြသည်မှာ၊ ပရမတ်စစ်တို့ မည်သည် အထည်ဒြပ် ပညတ်မရှိကောင်း၊ သဘောမျှ သက်သက်ကလေးတွေသာ ဖြစ်လေရာ၏။ ဘာမျှမရှိလေရာသောကြောင့်၊ ဤ နှစ်သိန်း လေးသောင်း မြေထုကြီးနှင့်တကွ၊ ထိုထိုအကောင်,အထည် ရှိရှိသမျှတို့ အတွင်း,အပြင် ရှိသမျှ အကုန်လုံးတို့သည်၊ ပညတ်တုံး,ပညတ်ခဲ, ပညတ်ကောင်တို့သာ တည်းဟု အကုန်လုံး ပညတ်အနေနှင့်ချည်းထား၍၊ ပရမတ်သားမပါဟု ပယ်ရှားပြီးနောက်၊ ပရမတ်အစစ်ကို ရွေးကောက် ပြောဟောကြသော အခါ **သဘောမျှ သက်သက်ကလေးတွေသာ** ရှိကြပါ၍၊ ဝိပဿနာ အားထုတ်ကြသူတို့ အကယ်၍ပရမတ်ထင်ကြမူ၊အထည်ဒြပ်နှင့် မထင်လတ်ဘဲ၊ ဖွားဖွား-ဖွားဖွားနှင့် ထင်ကြသည်။ ရွရွ-ရွရွနှင့် ထင်ကြသည်။ အခိုးမှုန်,

နှင်းမှုန့် စသည်တို့ကဲ့သို့ ထင်ကြသည်ဟူ၍ငင်း၊ ကသိဏ်း အာနာပါန နိမိတ် ရသူတို့ကလည်း အာရုံနိမိတ် ကြည်ကြည် လင်လင် ထင်မြင်လာသည်ကို ပရမတ်စစ်ဆိုကြပြီး၊ ထိုထို အကောင်,အထည်ဒြပ် ပညတ်တုံး, ပညတ်ခဲတွေကို မိမိတို့ထင်မြင်ထားသော အာရုံနိမိတ်တို့နှင့် စွပ်၍-စွပ်၍ ရှုကြည့်လိုက်တိုင်းတို့မှာ ထင်နေကျ ကသိဏ်းစသော အာရုံနိမိတ်သာ ထင်မြင်လာ၍၊ ရှိရင်းစွဲပညတ်တွေ မထင်မြင်လေသည်ကို ပညတ်တွေ ပျောက်ခါ အကြည်ဓာတ်ကလာပ် ပရမတ်တွေ ထင်မြင် ပေါက်ရောက် လာရပေသည်ဖြစ်၍၊ ပရမတ် အစစ်တွေဆိုတာ အလွန် နက်နဲလှသည် ခက်ခဲလှသည်၊ သာမန်လူစား ရှင်စား, ရဟန်းစားတို့ မသိမြင်နိုင်ကြကုန်။ဘုရားရဟန္တာ အရိယာအရှင်မြတ်တို့ ဉာဏ်တော်အရာသာ ဖြစ်လေသည်ဟု ထင်မှတ် ပြောလေ့ရှိသော ဆရာများတို့ စကားကို ယောင်ဝါးကြ၍၊ ထိုထို အကောင်,အထည် ဒြပ်တို့၏ အတွင်းသားရှိသမျှ အကုန်လုံးတို့လည်း ပညတ်တို့ချည်းတည်း။ ပရမတ် မရှိကြကုန်။ ပရမတ်ဆိုတာ သဘောမျှသက်သက်သာ ရှိသျက် ရှောကပြချက်အတိုင်း ထင်မြင်ကြရသောကြောင့်ငင်း၊အချို့ဆရာတို့က ငါတို့လည်း မသိမမြင်နိုင်။ယခုကာလ ဝိပဿနာ အားထုတ်ကြသူများလည်း ထင်မြင်နိုင်ကြဘို့ ခဲယဉ်းလှ၏ဟု ပြောဟောလေ့ရှိသူတို့၏ စကားအရဟာ၊ ဘယ်လိုအစား ကျနေသည်ကို ထင်ရှားစွာ ပြလို၍ငင်း၊ အချို့ ဆရာတို့ကလည်း ပရမတ်တွေ ဆိုတာ သဘောမျှ သက်သက်၊ အထည်ဒြပ် ဘာမျှမဘက်ဟု ဆိုသည့်အတိုင်း၊ ပရမတ်တွေ ဘယ်မျှလောက် စု၍နေကြသော်လည်း အကောင်, အထည် ဝတ္ထု မြေထုတွေ လေထုစသည် မဖြစ်နိုင်လေရာ။ ယခု ဖြစ်ပေါ်နေကြသည်ကား၊ အဘယ်သို့ သဘောသွားကို သိရပါမည်နည်းဟူသော စောဒနာချက် စကားကိုလည်း ထင်ရှားစွာပြလို၍ငင်း၊ဝိသုဒ္ဓိမဂ် မဟာဋီကာက ပရမာ ဏုမြူကို ကလာပ်ထားသည့်အရနှင့် ပြဆိုပေအံ့။

သဘောမျှ ဓာတ်ကြည်တို့အတွင်းမှာ ပထဝီသတ္တိ လွန်ကဲခြင်းရှိသော ငင်းဓာတ်ကလာပ်ကြည် တစည်းထဲမှာ ပါသော **မဥ္စုနံ့ဘိုကိုကား**၊ ပဉ္စဒွါရဝိထိတို့က အာရုံမပြုနိုင်ကြတာ မှန်လှပါ၏။ သို့ပင် မှန်သော်လည်း ငင်းကလာပ်ပေါင်း ၃၆-ခုတို့ ပေါင်းစု ရောထွေးမိကြသောအခါ၊ ပထဝီ လွန်ကဲသော သတ္တိကြောင့်၊ ရှောကပြခဲ့တိုင်း နေခြည်ပြောက်, ဓာတ်မီး ရောင်တို့နှင့် ပဏာရမှ ထင်မြင်ရသော အသေးဆုံး **အဏုမြူဒြပ်ပညတ်**၊ ဖြစ်ပေါ်လာရသည်ကိုထင်မြင်ရသည်ကား တခြားမဟုတ်ပါ၊ငင်းပေါင်းစု

လုံးထွေးကြသော ၃၆-ပါး၊ကလာပ်အများတို့တွင်၊ အပြင်စပ်က ဖြစ်ပေါ် နေကြသော ကလာပ်တို့၏အပေါ်ရံထိပ်စည်းချင်းဟပ်ပြီး,စပ်ပြီး **အဇောမြူ လုံး ပုံသဏ္ဌာန်ဒြပ်ပညတ်** ဖြစ်ပေါ်လာရသည်ကို ထင်မြင်နေကြရခြင်း ဖြစ်ကြပေ၏။ ထိုမြူမှုန့်ကလေးတို့၏ အပေါ်ရံထိပ်စည်းနှင့်တကွ အတွင်း သား ခါတ်ကြည် ၃၆-ခုတို့မှာပါသည့် ဝဏ္ဏရုပ်စစ် အခိုးကဲ့သို့ အဆင်း ညှို့ညှို့ကလေးတို့ကိုသာ စက္ခုဝိညာဏ် ဖြစ်သည့် မျက်စိက မြင်ကြရ, အာရုံပြုကြရကြောင်းကိုသဗ္ဗိုဟ်အာရမ္မဏသင်္ဂဟအရ၊သံယုတ်ပါဠိတော် ကြီးများအရနှင့် ရှေ့က ပြအပ်ခဲ့ပြီးသည့် အတိုင်းသာ ယုံယုံကြည်ကြည် မှတ်သားကြပါလေ။ မြူမှုန့်ပုံသဏ္ဌာန်ဒြပ် အဏ္ဏုပညတ် တည်းဟူသော မွှာရုံတို့ကိုမူကား၊ ၎င်းစက္ခုဒွါရဝီထိ မြင်ပြီးသား ချုပ်၍ သွားသော အတိတ်ဝဏ္ဏရုပ်သိ မနောဒွါရတဝီထိ၊ ၎င်းအတိတ် ဝဏ္ဏရုပ်အပေါင်းသိ မနောဒွါရ တဝီထိဖြစ်ကြပြီးနောက်၊ ၃-ခုမြောက် မနောဒွါရ ဝီထိနှင့်သာ ၎င်းအဇောမြူဒြပ် အဏ္ဏုပညတ် မွှာရုံကို သိမြင်နိုင် ပြီးသည့် နောက်မှ၊ အမည်နာမသိ မနောဒွါရဝီထိတို့ဖြစ်ကြကြောင်းကို ကောင်းကောင်းကြီး သိကြစေလို၍၊— **အတိတ်-သမူဟ၊ အဏ္ဏုဒြပ်၊ နာမ်ပညတ်၊လေးရင်-နုဗန် ဓွါ၊**။ ။ဟု-လယ်တီဆရာတော်ဘုရားကြီး-ရေးသားထားတော်မူခဲ့တိုင်း သိရှိကြရသဖြင့် အထူးဝမ်းမြောက်ကြပုံကား၊......

ဩဉ်-အာရုံဘက်ကလည်း အတွင်းသားက အဆင်းပရမတ်စစ်နှင့်၊ အပေါ်ရံက ပုံသဏ္ဌာန်ပညတ်စစ်တို့ ပေါင်းစပ်လိပ်လည်း နေကြသည်ကို လည်း ယခုခြားနား၍ သိကြရ၏။ အာရုံပြုတတ်သည့် အာရမ္မဏိက ဘက် ကလည်း အဆင်းပရမတ်သိ စက္ခုဒွါရဝီထိနှင့်၊ ပုံသဏ္ဌာန် ပညတ်သိ၊ နောက်လိုက်**အနုဗန္ဓ**၊ (တနည်း)**တဒနုဝတ္တက** မနောဒွါရဝီထိ အရပ်ရပ်တို့ ပေါင်းစပ်၍၊ ဖျတ်ကနဲ တပြိုင်နက် မြင်ကြရသည်ဟု ထင်နေကြရသည် မှာလည်း အသိ ဝီထိတမျိုးစီ ခြားနား၍ သိကြရ၏ တကားဟု အထူး ဝမ်းမြောက်သွားကြရဘို့ပေတည်း။ ။ဤပထဝီပြဋ္ဌာန်းသော ကလာပ်တို့ စုဝေးမိသောအခါ၊ အဇောမြူဒြပ် ပညတ်ပေါ်လာသည်နှင့် အတူ၊ အဇောမြူ ပေါင်း ၃၆-ခုတို့ ပေါင်းစုလုံးထွေး စုဝေးမိကြပြန်လျှင်၊ **တဇ္ဇာရီမြူ** ဒြပ် ပညတ် ပုံသဏ္ဌာန်ကလေး ပေါ်လာရပြန်၏။ ဤအပေါ်ရံ တဇ္ဇာရီမြူ ပုံသဏ္ဌာန်၏ အတွင်းနှင့် အပြည့်အနှက် ရှိနေကြသည်ကား၊ ၁၂၉၆-ခု သော ပရမာဏုမြူ ခါတ်ကြည်စုသာ ရှိနေကြပါတကား ဟူ၍၎င်း၊တဖန် တဇ္ဇာရီမြူပေါင်း ၃၆-ခုတို့ပေါင်းစု လုံးထွေးစုဝေးမိကြပြန်လျှင် ရထရေ

ဓာတ်မြူဖြစ် ပညတ်ပုံသဏ္ဌာန် ပေါ်လာရပြန်၏။ ဤအပေါ်ရုံ ရထရေ ဓာတ်မြူ ပုံသဏ္ဌာန်၏ အတွင်းနှင့် အပြည့်အနှက် ရှိနေကြသည့်ကား၊ ၄၆၆၅၆-ချသော ပရမာဓာတ်မြူ ခါတ်ကြည်စုသာ ရှိနေကြပါတကားဟူ၍ငင်း၊တဖန် ပထဝီပြဋ္ဌာန်းသော ရထရေဓာတ်မြူပေါင်း အစားစားတို့ ပေါင်းစုကြသော အခါ၊ ထိုထိုအကောင်,အထည်ဖြစ် ပညတ်ပုံသဏ္ဌာန် အစားစားတို့သည်၊ အဆင့်ဆင့်ကြီးပွါး၍၊ထိုထိုတောအထု၊တောင်အထု၊ မြေအထု၊အကောင် အထု၊အထည်အထုကြီးတွေ ဖြစ်ပွါး၍နေကြကုန်၏။ဤသို့ထင်ရှားစွာ ဖြစ်ပွါး၍နေကြပါသော အကောင်,တထည်ကြီး,ငယ်တို့ အပေါ်ရုံပုံသဏ္ဌာန် အစားစားတို့၏ အတွင်းတို့နှင့် အပြည့်အနှက် ရှိနေကြသည့်ကား တခြား မဟုတ်၊ ပထဝီပြဋ္ဌာန်းသော ပရမာဓာတ်မြူ ခါတ်ကြည် ကလာပ်ကြည် ရုပ်စုတို့သာ ရှိနေကြပါတကားဟု အကောင်, အထည် ရှိရှိသမျှတို့မှာ၊ အတွင်းသားအကြည် ခါတ်ပရမတ်နှင့်၊အပေါ်ရုံ ပုံသဏ္ဌာန် ပညတ်တို့ကို ခွဲခြား-ခွဲခြား၍ သိရှိကြကာ အလွန်အကျူး အထူးဝမ်းမြောက်ကြကုန်ရာ ၏။ ဝါ၊ ဝမ်းမြောက်ကြအောင် ခွဲခြား၍ ရှုစားကြပါလေ။

**တစ္ဆေတနည်းမှာ**။ဤပထဝီပြဋ္ဌာန်းသော ခါတ်ကြည် ပရမာဓာတ်မြူနှင့် အလားတူ၊ အာပေါ ပြဋ္ဌာန်းသော ခါတ်ကြည်၊ တေဇော ပြဋ္ဌာန်းသော ခါတ်ကြည်၊ဝါယောပြဋ္ဌာန်းသောခါတ်ကြည်၊ ပရမာဓာတ်မြူကလာပ်ချင်း တို့လည်း အထည်ဖြစ် ကင်းကြသောကြောင့်၊ ဘယ်သင်းက ကြီးသည်, ငယ်သည်ဟု ထူးခြားခြင်းမရှိကြကုန်။ဤသို့ပင် ထူးခြားခြင်းမရှိကြသော်လည်း၊ ထိုထိုသတ္တိ အထူးရှိသော ကလာပ်အများတို့ ပေါင်းစုလုံးထွေး စုဝေးမိကြသော အခါ၊ ထိုကလာပ် အများတို့၏ သတ္တိ ထူးတို့ကြောင့် အဓာတ်မြူ, တဇ္ဇာရီမြူ, ရထရေဓာတ်မြူ ပမာဏစသော ထိုထို ရေထု, မီးထု, လေထုကြီးတို့သည်၊ အဆင့်ဆင့်ကြီးပွါး၍ ကမ္ဘာပျက်သည့် ရေထုကြီး၊ ကမ္ဘာပျက်သည့် မီးထုကြီး၊ကမ္ဘာပျက်သည့် လေထုကြီးများထိအောင် ကြီးကျယ် မြောက်များ ဖြစ်ပွါး တည်ထွန်းနေနိုင်ကြကုန်၏။ ထိုသို့ပင် ကြီးပွါး၍နေနိုင်ကြသော်လည်း၊ ထိုထို ရေထုကြီး,မီးထုကြီး, လေထုကြီး တို့ဖြစ်ထွန်းနေကြသော သဏ္ဌာန်,နိမိတ်, ပညတ်အရိပ်အရောင်ကြီး,ငယ် တို့၏အတွင်းတို့နှင့်အပြည့်အပြည့်ရှိနေကြသည့်ကား၊ရေထုတို့မှာအာပေါ ပြဋ္ဌာန်းသော ပရမာဓာတ်မြူခါတ်ကြည်၊မီးထုတို့မှာ တေဇောပြဋ္ဌာန်းသော ပရမာဓာတ်မြူခါတ်ကြည်၊ လေထုတို့မှာ ဝါယောပြဋ္ဌာန်းသော ပရမာဓာတ်မြူ ခါတ်ကြည်,ကလာပ်ကြည်တို့သာ ရှိနေကြပါကုန်၏ဟု အဓာတ်မြူ,တဇ္ဇာရီမြူ

ရထရေဏုမြူစသော ထိုထိုပမာဏအရွယ်၊ကြီးငယ်အစားစား၊ပုံသဏ္ဌာန် ထင်ရှားသမျှ တို့မှာလည်း၊ အတွင်းသား အကြည်ဓာတ် ပရမတ်တို့နှင့် အပေါ်ရံ ပုံသဏ္ဌာန် တည်းဟူသော ပညတ်တို့ကို အတပ်အကြပ် သိကြ စေခြင်းငှါ၊—

**အဋ္ဌဓမ္မ သမောဓာနာ၊ ဟောတိ ကောသာဒိ သမ္မုတိ။**
**တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကောသာဒိ သမ္မုတိ။** ။ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်ဆို၏။

အဋ္ဌဓမ္မသမောဓာနာ၊ရှစ်ပါးရှစ်ပါးသောဓာတ်ပရမတ်အများတို့ ပေါင်း ဆုံကြငြားသောကြောင့်။ဝါ၊အရေ,အဖတ် ဓာတ်ကလာပ်တို့ပေါင်းစပ်ကြ ငြားသောကြောင့်။ ကောသာဒိသမ္မုတိ၊ ဆံအစရှိသော ထိုထို အကောင်, အထည်ဒြပ် သမ္မုတိပညတ်သည်။ဟောတိ၊သမ္မုတိသဏ္ဌာနယ်မှာထင်ရှား စွာ ဖြစ်ပေါ်လာ၏။ ။**ဤကား ပရမတ်တွေ စုဝေးမိကြက၊ ပညတ်တွေ အမိဝမ်းတွင်း စသည်တို့က ပေါ်နေကြပုံတည်း။** ။တေသံယေဝ၊ ထို ဓာတ်ရှစ်ပါး ကလာပ်အများ တို့ကိုသာလျှင်။ ဝါ၊ အရေ, အဖတ် ဓာတ် ကလာပ်တို့ကိုသာလျှင်။ ဝိနိဗ္ဘောဂါ၊ ဓာတ်ပရမတ် ဆိုက်အောင် ခွဲခြမ်း လိုက်သည်ရှိသော်။ ဝါ၊အရေ,အဖတ် ဓာတ်ကလာပ်ဆိုက်အောင်၊ခွဲခြမ်း လိုက်သည်ရှိသော်။ ကောသာဒိသမ္မုတိ၊ဆံအစရှိသော ထိုထို အကောင်, အထည်ဒြပ် သမ္မုတိပညတ်သည်။ နတ္ထိ၊ ဓာတ်အစု၌ တချမျှမရှိ။ ဝါ၊ အတွင်းသား အရေ, အဖတ် ဓာတ်ကလာပ်တို့ အထဲမှာ နဲနဲမျှမရှိ။ ။ **ဤကား ပညတ် အကောင်, အထည်တို့ကို တွေ့ရှိကာ၊အတွင်းသားဓာတ် ပရမတ် စစ်တွေကို သိရှိကြရပုံတည်း။** ။ဤသို့ ဝိသုဒ္ဓိမဂ် မိန့်တော်ချက် များကို ထောက်ထား၍၊ပြခဲ့သည်အတိုင်းဖြင့်သာ အချို့အချို့ဆရာတို့ ပြော ဟောကြသည့် အချက်များကိုရင်း၊ စောဒနာကြသည့် အချက်များကိုရင်း၊ ရှင်းလင်းဖြေကြားခြင်းကိစ္စ ပြီးစီးကြသဖြင့်၊ ထိုထို အတွင်းသား ပရမတ် နှင့်၊ အပေါ်ရံ ပုံသဏ္ဌာန် ပညတ်တို့ကို အတပ်အကြပ် သိကြပါလေ ယောဂီမြတ်တွေတို့။

## (၂၇) အတွင်းသား ခေတ်ကြည်အစစ်ကို ကိန်းသေရှုနည်း ဉာဏ်အမြင်ပေါက် ရှုနည်းနှင့်, သဏ္ဍာန-သန္တတိ ပညတ်ခွါ၍ ရှုနည်း

ရှေ့ကပြခဲ့ပြီးသော အတွင်းသား ခေတ်ကြည်များကို ထင်မြင်သိရှိကြရန် တွက်ခြေကျ ကိန်းသေနှင့်ရှုနည်း၊ဉာဏ်အမြင်ပေါက် ရှုနည်းအားဖြင့် ၂-ပါးရှိ၏။ ထို ၂-ပါးတို့တွင် တွက်ခြေကျ ကိန်းသေနှင့် ရှုကြည့်ကြရန် ဥပမာ အတန်တန်တို့ကား၊ မည်သူမဆို ဟုတ်တိုင်း သိသူမှန်က ၁-နှင့် ၂-ကို ဘယ်သူက ပေါင်း-ပေါင်း၊ ၃-ချည်း ဖြစ်ကြရ၏ဟု ကိန်းသေအမှန် ဧကန်မလွဲ အမြဲသိရှိ ကြရသလို၊ ထန်းလျက်ရေကိုကား ကော်သဘော၊ နှမ်းစေ့ကိုသော်ကား ကလာပ်သဘောထား၍၊ နှမ်းပြစ်များနှင့် ပြုလုပ်ထားသော မြေထု,တော,တောင်၊ အကောင်,အထည်တို့၏အပေါ်ရံ အပြင်ခွန်းက နှမ်းစေ့ ထိပ်ခွန်းချင်း စပ်ဟပ်ကြကာ မျက်လှည့်ရုပ်ပမာ ထိုထို အပေါ်ရံကြောကသာ ပေါ်လွင်ထင်ရှားကာ တည်ရှိနေကြပါသော မြေပြင် ကန်သင်းပုံ၊ ကုန်းကျင်းပုံ၊ တော, တောင်ပုံ၊ ထိုထို အကောင်, အထည် ပုံသဏ္ဍာန်တို့သည်၊ပညတ်နယ်က တကယ်ပင် ထင်ရှားရှိနေကြကုန်၏။ ထိုနှမ်းပြစ်ရုပ် အကောင်,အထည်တိုင်းတို့၏ အတွင်းတိုင်းတို့မှာ အသေးတကာ့အသေးဆုံးဘာယ်ဟာရှိသနည်းဟု စဉ်းစား၍ကြည့်သူတိုင်းတို့မှာ၊ ကိန်းသေနည်းအားဖြင့် နှမ်းစေ့သာ အသေးဆုံးရှိသည်ဟု အကပ် သိကြကုန်ရာ၏။ထိုသို့သိရှိကြပြီးနောက်၊တဖန် ထိုထိုနှမ်းပြစ်ရုပ်အကောင် အထည်တိုင်းတို့၏အတွင်းသားတို့မှာ၊အပြည့်အနှက်ရှိနေကြတာတွေဟာ ဘာတွေသာ ရှိကြသနည်းဟု စဉ်းစား၍ ကြည့်သူတိုင်းတို့မှာ ကိန်းသေနည်းအားဖြင့် နှမ်းစေ့တွေသာ အပြည့်အနှက်ရှိနေကြသည်ဟု အတပ် သိမြင်ကြကုန်ရာ၏။ဤနှမ်းပြစ်ရုပ်တို့၏အတွင်းတိုင်းတို့မှာ အသေးဆုံးလည်း နှမ်းစေ့၊ ထိုထို ပုံသဏ္ဍာန်တို့၏ အတွင်းတို့နှင့် အပြည့်အနှက်တို့လည်း နှမ်းစေ့တို့သာ ရှိနေကြပါသည်ဟု မချွတ်မလွဲ အမြဲဧကန် ကိန်းသေနည်းနှင့် အပြီးသားထင်မြင်လာအောင်၊ဥပမာ နှမ်းပြစ်ရုပ်တို့မှာရှု၍ထင်မြင်ပြီးနောက်မှ၊ ထိုထို နှမ်းပြစ်ရုပ်တို့မှာ ထင်မြင်ကြသည်နှင့် အတူ၊ ရှေ့က ပရမတ်ပညက်တို့ အနဲနဲ ခွဲဖိတ်၍ပြခဲ့သော အဏုမြူ, တဇ္ဇာရီမြူ, ရထရေဏုမြူက အဆင့်ဆင့် ကြီးပွါးကြ၍ ထင်ရှားရှိနေကြသော မြေထု,ရေထု, လေထု,မီးထု, တော,တောင်၊ အကောင်အထည်ဖြစ် ပညတ် ကြီး,ငယ်တို့၏ အတွင်းတိုင်းတို့မှာ၊ မြူအရပ်ရပ်တို့တွင် အသေးတကာ့ အသေးဆုံး

တို့၏ အဆုံးသတ် ဓာတ်ကလာပ်တို့ကား အဘယ်နည်းဟု စဉ်းစား၍ ကြည့်သူတိုင်းတို့မှာ၊ မချွတ်မလွဲ အမြဲကိန်းသေ နည်းအားဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာမှာ ဝိပဿနာဉာဏ်တို့တွင် ဖြစ်မထင်မြင်သည့်အတွက် မိန့်မှာတော်မူချက်အတိုင်း ပရမာဏုမြူ ဓာတ်ကြည်, ကလာပ်ကြည်တို့သာ အသေးဆုံး ရှိနေကြပါတကားဟု အတပ်သိရှိကြကုန်ရာ၏။

ထိုသို့သိရှိပြီးနောက်၊ယခင်က ပရမာဏုမြူသာ အသေးဆုံးရှိကြသော အကောင်,အထည်ဖြစ် ပညတ် ကြီး,ငယ်တို့၏ အတွင်းမှာ အပြည့်အနှက် ရှိနေကြတာတွေဟာ ဘာတွေနည်းဟု စဉ်းစား၍ ကြည့်ရှုသူတိုင်းတို့မှာ၊ ကိန်းသေနည်းအားဖြင့် ပရမာဏုမြူ ဓာတ်ကြည်, ကလာပ်ကြည်တို့သာ အပြည့်အနှက်ရှိနေကြပါတကားဟု မချွတ်မလွဲအမြဲကေန်သိရှိကြရပြန်၏။ ဤနည်းအရနှင့် အကောင်, အထည်ဖြစ် ပညတ်တွေ ရှိရှိသမျှတိုင်းတို့မှာ အနှံ့အပြားထင်မြင်သွားအောင်၊ဤစာကို ယခုကြည့်ရှုမိကြသူ,နာကြားမိကြသူများလည်း၊ နောက်ခါမှ,နောက်တော့မှဟု အကြွေးမထားကြဘဲ၊ ထိုထို ပညတ် အကောင်, အထည်တို့အတွင်းမှာ အသေးဆုံးလည်း **ပရမာဏုမြူ**၊ အပြည့်အပြည့် ရှိနေကြတာတွေလည်း **ပရမာဏုမြူ** ဓာတ်ကြည် ကလာပ်ကြည်တို့သာ ရှိနေကြပါတကားဟု ကာလကလေး အတန်ကြာကြာ အခါခါ၊ သဝိညာဏက,အဝိညာဏက ကြီး,ငယ် အသွယ်သွယ်တို့မှာ ပြန့်နှံ့၍ သွားပါအောင် ဆင်ခြင်၍ ရှုကြည့်ကြပါလေ။ ဆရာလုပ်သူတို့ကလည်း မပျင်းမရိ ဝတ္ထု အကောင်, အထည်တွေ စေ့လောက်အောင် မည်သည့် ဝတ္ထုအတွင်းမှာ အသေးဆုံးပါလဲဟု-မေး။ ။ပရမာဏုမြူပါဟု-ဖြေ။ ။ ၎င်းအတွင်းမှာ ဘာတွေသာ အပြည့် ရှိနေသနည်းဟု-မေး။ ။ပရမာဏုမြူတွေသာ ရှိနေပါသည်ဟု-ဖြေ။ ။၎င်းပမာဏုမြူတွေဟာ အထည်ဖြစ်တွေလား၊အကြည်ဓာတ်တွေလားဟု-မေး။ ။အထည်ဖြစ်မဖက်သည့် အကြည်ဓာတ် သက်သက်တွေပါဟု ကိန်းသေနည်း တွက်ခြေအရနှင့် ထိုထိုအတွင်းသားတွေသို့ ဉာဏ်ရောက်ကာ-ရောက်ကာ ဖြေကြ-မေးကြပါလေ၊ ယောဂီမြတ်တွေတို့။

ဤသို့ အဏုမြူ, တဇ္ဇာရီမြူ ပမာဏတို့ကစ၍၊ ကြီးနိုင်သမျှ ကြီးနေကြသော အကောင်, အထည်ဝတ္ထု၊ တခုတခုစီတို့၏ အတွင်းသား အစစ်၊ ပရမာဏုမြူဖြစ်သောဓာတ်ကြည်၊(တနည်း)ဆရာတပါးတို့၏အလိုအားဖြင့် ပရမာဏုမြူကိုပင် အစိတ်များစွာစိတ်၍ တစိတ်မျှဖြစ်သော ဓာတ်ကြည်, ကလာပ်ကြည်တို့ကိုပင် မထင်မြင်သေးသော်လည်း၊ဤရှေ့ကပြခဲ့ပြီးသော

တွက်ခြေကျ ကိန်းသေနည်းအရတို့နှင့်ကား၊ထိုထိုအကောင်အထည်ဝတ္ထု တို့၏ အတွင်းရှိသမျှတို့မှာ၊ အထည်ဒြဗ်မဖက် အကြည်ဓာတ် သက်သက် တို့သာ မချွတ်မလွဲ အမြဲကေန် အမှန်ရှိနေကြကုန်၏ဟု သိရှိကြပြီးမှ၊ ၎င်း အကြည် ဓာတ်တွေဟာ ဉာဏ်မှာ ထင်မြင်လာအောင် ပြသတဲ့သော ဥပမာ၌ ရှေးဦးစွာ ရှုကြည့်ရပုံမှာ- ရေငတ်သော သူသည်၊ မှော် အပြည့် ဖုံးလွှမ်းနေသော ရေကြည်အိုင်ကြီး အတွင်းသို့ သက်ဆင်းကာ မှော်များကို ပယ်ရှား၍ ရေကိုသောက်ရင်း အိုင်အတွင်းသို့ ကြည့်သော အခါ၊ ထိုရေကြည်အတွင်းမှာ ရှိသမျှအကုန်လုံးဝတ္ထုတို့ကို ထင်မြင်ရပြီး နောက်၊ အိုင်ကမ်းပေါ်သို့ ရောက်သောအခါ၊ အိုင်တွင်းသို့ ရှုကြည့်ကာ ဆင်ခြင်ရာသည်မှာ။ ။ဩော်- အပေါ်ကလုံးလုံး မှော်တွေ ဖုံးလို့သာ အိုင်အတွင်းက ရှိသမျှရေကြည် စသည်တို့ကို မမြင်ရကြပါတကား။ ၎င်း မှော်အတွင်းကို ဉာဏ်နှင့် ဖေါက်ထွင်း၍ကြည့်လိုက်က ရေအကြည်ဓာတ် တွေသာရှိလတ်နေကြပါတကားဟု ဤဥပမာစကားမှာ မျက်မြင်အပေါ်ရံ ကား **မှော်အပြင်တည်း**၊ အတွင်းသား ဉာဏ်အမြင်ကား **ရေအကြည်တို့ ပေတည်း**ဟု အခါခါ အထပ်ထပ် ရှုကြည့်လတ်ပြီးမှ၊ ဥပမေယျ တို့ကို ရှုကြည့်ရပုံကား၊ ထိုထို မြေအပြင်ကို ရှုကြည့်ကြသောအခါ၊ အပေါ်ရံ ကြော့က ကလာပ်သဘောတို့ ထိပ်စည်းချင်း စပ်ဟင်ကြကာ၊ တပြင် ထည်း တစပ်ထည်း ထင်မြင်နေကြရသည်ကား၊ ရေကြည်ဓာတ်ကို ကွယ် ကာတတ်သည့် မှော်အပြင်နှင့် တူလှစွာသော အတွင်းသားအကြည်ဓာတ် ကလာပ်တို့ကို လွှမ်းမင်းစွာ ကွယ်ကာတတ်သည့် **ပညတ်မြေအပြင်ကြီး တွေ**ဟု သိမှတ်အပ်၏။ မှော်အပြင်ကို ပယ်ရှား၍ ရေကြည်သားတို့ကို ကြည့်သကဲ့သို့၊ ရှေ့က ကိန်းသေ တွက်ခြေကျနည်းနှင့် ရှုကြည့်ထားပြီး သည့်အတိုင်း၊ထိုတပြင်ထည်း,တစပ်ထည်း ထင်မြင်နေကြရသော ပညတ် မြေပြင်ကြီး၏အပေါ်ရံက ထိပ်စည်းကလာပ်နှင့်တကွ အတွင်းသားရှိသမျှ တို့ကား၊ အထည်ဒြဗ် မဖက် အကြည်ဓာတ် သက်သက်တို့သာတည်းဟု **အပေါ်ရံပညတ်ကွယ်ကာနေပုံနှင့်၊အတွင်းရင်မှာ ဓာတ်ကြည်သာရှိကြပုံ များကို**၊ ဤဥပမေယျ မြေထုကြီးတခုမှာ အခါခါ ရှုကြပါလေ။အကယ်၍ အကြည်ဓာတ်ကိုပင် မထင်မြင်တဲ့လျှင် ဥပမာ စကားက ကွယ်ကာထား သည့် ရေမှော်များနှင့်၊အတွင်းသားရေကြည်ဓာတ်များကို လှမ်း၍ရှုလိုက် ထည့်ရင်း၊ဤမြေထုကြီးမှာ ပညတ်ကွယ်ကာထားပုံနှင့်၊အတွင်းက ဓာတ် ကြည်များသာ ရှိကြပုံကို ပြန်၍ ရှုတဲ့ရင်းနှင့်ပင်၊ ဥပမာ-ဥပမေယျတို့

တထပ်ထည်း ဤမြေအပြင်ကြီးမှာ ထင်မြင်ကြအောင်လည်း မကြာမကြာ အခါခါရှုကြပါလေ၊ ယောဂီမြတ်တွေတို့။

**တတွေတနည်း**မှာ၊ အကြည်ခတ်သက်သက်မျှ ဖြစ်နေသော ဇောတိက၏ ဖလ်မြေ,မှန်မြေအခင်းကို ဗိမ္ဗိသာရ မင်းကြီးက ဟာလာဟင်း ချောက်တွင်းကြီးဟု ထင်မြင်ရုံမက၊ထိုဇောတိက အိမ်တွင်းက ရှိရှိသမျှ သော ဖလ်တံတိုင်း, ဖလ်တိုက်စသော ဖလ်အသုံးအဆောင်၊လူ,ခွေး,ကျွဲ, နွားစသော ဖလ်ရုပ်တွေပါရှိခဲ့ပါလျှင် အကုန် အကြည်ခတ်တွေ ဖြစ်၍ ဟာလာဟင်းတွေသာ ထင်မြင် ကြကုန်ရာ၏။ ဤချောက်တွင်း စသည်တို့ မထင်မြင်ရအောင်၊ ထိုထိုအကောင်အထည် ဝတ္ထုတို့၏ အဆင်းနှင့်တူလှ သောဆေးများကို သုတ်ထားလိုက်ရာ၊ နောက်မှ လာသူတို့က မျက်မြင် ကား ဆေးသား၊ဥင်းဆေးသုတ်ထားသည့် အကောင်အထည် ဝတ္ထုတွေ၏ အတွင်းက ဘာ များရှိနေပါသနည်းဟု ဓားစသည်တို့နှင့် ခြစ်၍ရှုကြည့် ကြသော အခါ၊ဖလ်ကြည်,မှန်ကြည်အတွင်းသားတွေသာ ထင်မြင်ကြရာ သည်၌၊ဩော် .... ဤဘုံနန်းကြီးအတွင်းက ရှိရှိသမျှသောအသုံးအဆောင် အကောင်အထည် ဝတ္ထုတို့သည် မျက်မြင်မှာဆေးသား ကွယ်ကာထား၍ သာ၊ အတွင်းသာ ဖလ်ကြည်, မှန်ကြည်များကို မမြင်ကြရ ပါတကားဟု စဉ်းစား၍ စဉ်းစား၍၊ ဆေးသုတ်ထားသည့် အကောင် အထည် ဝတ္ထု တိုင်းတို့ကို ရှုကြည့်ရာ၊ အပေါ်ရံ ဆေးသားနှင့် အတွင်းရှိသမျှ ဖလ်ကြည် ခတ်များကို ခြားခြားနားနားကြီး သိရှိကြသကဲ့သို့၊ ထို့အတူ၊ ရှေးဦးစွာ မိမိ၏ခြေလက် ကိုယ်အင်္ဂါကြီး,ငယ်တို့ကိုကြည့်၍၊ ဤပုံသဏ္ဌာန်ကြီးကား အတွင်းသား အကြည်ခတ်များကို ကွယ်ကာထားသော ဆေးသားနှင့် တူသည့် ပညတ်ကြီးပေတည်း။ ရှေ့က ကိန်းသေအရ တွက်ခြေကျနှင့် ထိုထိုအကောင် အထည် ဝတ္ထုတို့၏ အတွင်းမှာ အသေးဆုံးကား ပရမာ ဏုမြူခတ်ကြည်တို့သာတည်း။ ဤခတ်ကြည်တို့ပင်လျှင် ထိုထိုဝတ္ထုတို့ အတွင်းမှာ အပြည့်အနှက် ရှိနေကြပါသည်ဟု သိရှိမှတ်သား ရှုကြည့် ထားပြီးသည့်အတိုင်း၊ ဤအပေါ်ရံ လက်ပုံသဏ္ဌာန် ပညတ်ကြီး အတွင်း ရှိသမျှတို့ကား၊ ဆေးသားအတွင်းက ဖလ်ကြည် အလင်းများနှင့် အတူ ဖြစ်အထည်မရှိသည့် ခတ်ကြည် အတိတို့သာ အပြည့်ရှိနေပါတကားဟု ဆေးသား,ဖလ်ကြည်နှင့် ပညတ်များ ခတ်ကြည်တို့ကို ဟပ်ကာဟပ်ကာ ပြည့်တန် ပတ္တမြားအတိကို မျက်စိ အမြင်သန့်ဘိသူတို့ လက်ဝါးပြင်မှာ တင်ကာကြည့်လျှင် ကြောင်ကြောင်ကြီး သိမြင်ရသလို၊ ဤမိမိလက်တခု

မှာ ကွယ်ကာထားသည့် ပညတ်များနှင့်၊ အတွင်းသား ခေတ်ကြည်များကို ခြားနား၍ ကြောင်ကြောင်ကြီး ထင်မြင်လာအောင်၊ မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

ဤလက်ဘခုမှာ ခြားနား၍ ထင်မြင်ပေါက်ရောက်ပြီးမှ၊ ခြေစသည်တို့ကို ရှုကြည့်ရာမှာလည်း၊ ဤအပေါ်ရံက ထင်မြင်ရသော ခြေထောက်ကြီးကား၊ ဆေးသားနှင့်တူသော ပညတ်တည်း။ အတွင်းက ရှိသမျှတို့ကား ဖလ်ကြည်နှင့် တူသော ခေတ်ကြည်တို့ပင်တည်းဟူ၍ရင်း၊ ဤအပေါ်ရံက ထင်မြင်ရသော ကိုယ်ကောင်ကြီးလည်း ကွယ်ကာထားသည့် ဆေးသားနှင့်တူသော ပညတ်ဘည်း။ အတွင်းကရှိသမျှတို့ကား ဖလ်ကြည်နှင့်တူသော ခေတ်ကြည်တို့ပင်ဘည်းဟူ၍ရင်း၊ ထင်မြင်အောင် ရှုကြည့်ကြသောအခါ၊ အကြည်ခေတ် သက်သက်သာဟု မထင်ပါဘဲ၊ အရိုးချောင်း၊ အကြောချောင်း၊ အရွခွေအရှုမ၊ အသားတုံး၊ အသည်းတုံး၊ အဆုပ်တုံးစသည်က အရာမြှုကျအောင် ပညတ်ပုံသဏ္ဌာန်အစု တခုခုတို့ ခံနေမှု၊ ခံသမျှတွေဟာ အပေါ်ရံက ကွယ်ကာနေကြသော ဆေးသားနှင့်တူသည့် ပညတ်စုတို့ချည်းသာတည်း။ ထိုထိုအပေါ်ရံ ပုံသဏ္ဌာန်ပညတ်တို့၏ အတွင်းသား ရှိရှိသမျှတို့ကား၊ ဆေးသားအတွင်းက ဖလ်ကြည်များနှင့် တူလှသော ဒြပ်အထည် မရှိသည့် ခေတ်ကြည် အတိတ္ထိသာ အပြည့်အပြည့် ရှိနေကြပါတကားဟု ဆေးသား, ဖလ်ကြည် နှင့် ပညတ်များ ခေတ်ကြည် တို့ကို ဟပ်ကာ ဟပ်ကာ ကြောင်ကြောင်ကြီး အကြည်ခေတ်ထုကြီး ထင်မြင်လာအောင် မိမိတို့ အတွင်းသားကိုရင်း၊ ဤခြေထုကြီးနှင့်ဘကွ ထိုထို သစ်ပင်, တောတောင် အကောင် အထည် ရှိရှိသမျှတို့၏ အတွင်းသားတို့ကိုရင်း မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

ဤပညတ်များနှင့် ခေတ်သားကိုရှုရာ အဓိပ္ပါယ်အချုပ်မှာကား၊ ထိုထို အကောင်အထည်ဒြပ်ပညတ်ကြီး,ငယ် ထင်မြင်နေကြသမျှကို မထင်မြင်ရအောင် ပယ်ဖျောက် နေကြရတာမျိုး မဟုတ်ပေ။ စင်စစ်မှုကား၊ ငါတို့ ထင်မြင်ထားနေကြသော အကောင်အထည်ဒြပ် ပညတ်ကြီး,ငယ်တို့ကား တခြားမဟုတ်၊ အတွင်းသား ခေတ်ကြည်, ကလာပ်ကြည်တို့ အထဲမှာ နဲနဲမျှမပါမရှိ။ ထိုခေတ်ကလာပ်ကြည်တို့၏ အပြင်စပ်ကသာ ပေါင်းစပ်ပူးကပ်နေကြပါသော ကလာပ်တို့၏ ထိပ်စွန်းချင်း ဟပ်ကာ– စပ်ကာ မျက်လှည့်ရုပ် ဥပမာကဲ့သို့၊ ထိုထိုအကောင်အထည်ဒြပ် ပညတ်ကြီး,ငယ် တို့အနေနှင့် ပေါ်လွင်ထင်ရှားနေကြပါကကားဟု ပရမတ်သားနှင့် မရော

ဘဲ၊ အပေါ်ရုံကြောက ပညတ်မျက်ကို ပညတ်သဘောအတိုင်း အသီးအခြား သိရှိထားပြီးမှ၊ ၎င်းအထည်ဖြစ် ပညတ်ကြီးငယ်တို့၏ အတွင်းသား ရှိရှိသမျှတို့ အကုန်အစင်တွေဟာ အထည်ဖြစ်မရှိသည့် အကြည်ဓာတ် အတိတို့သာတည်းဟု ထိုထိုအကောင် အထည်ဖြစ် ပုံသဏ္ဍာန် ပညတ်တို့မှ အသီးအခြား ထုတ်ယူထားအပ်သော ဆတ်ဆတ်သော ပရမတ်အနေနှင့် ထင်မြင်လေအောင် ရှုကြည့်ကြရဦးပေတည်းဟု အဓိပ္ပါယ်အချုပ် တိုတို တုတ်တုတ်ကို အဟုတ်ရမိ သိရှိနိုင်ကြပါစေသတည်း။ ဤဝိပဿနာအလုပ် ကြီးမှာ ဓာတ်ကြည်ကို အသိဉာဏ် ဆိုက်ရောက်ဘို့ အရေးအကြီးဆုံး ဖြစ်၍သာ အခါခါ အထပ်ထပ် လောကကြီး အားလုံးကို ရှုကြည့်တတ် အောင် ပြအပ်သော ဓာတ်ကြည့်,ကလာပ်ကြည့်ရှုနည်း၊ ဤတွင်-ပြီးလိုက် ပါသတည်း။

သဏ္ဍာန သန္တတိ ပညတ်ခွါ၍ရှုနည်းမှာ။ ။**တိမ်ဘိုက်ထဲဘွင်၊ ရုပ်ပုံ ထင်သို့၊ ထင်မြင်သမျှ၊ သဏ္ဍာန၊ ခေတ္တခေတ်မှုန့်သိ။** ။ဟူသော- ဆောင် ပုဒ်လင်္ကာအရ၊ တိမ်မှုန့်တွေစုမိက၊ ထိုထိုတိမ်ချပ်ပုံတွေ ထင်မြင်ရသလို၊ ခေတ္တ ဓာတ်ကလာပ်မှုန့်တွေ အဓိဝမ်းတွင်းစသည်တို့မှာ ပေါင်းစုမိကြ လေက၊ (အဇ္ဈတ္တဗဟိဒ္ဓသမောဓာန၊ ဟောတိ ကောသာဒိသမ္မုတိ)။ ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စကားအရနှင့်၊ ရှေးက အကျယ်ပြခဲ့သည့် အတိုင်း ဆံပင်-မွေးညှင်းစသော ထိုထိုအကောင် အထည်ဖြစ် ပညတ်ကြီး,ငယ် တွေကား တခြားမဟုတ်၊ အတွင်းသား ဓာတ်ကလာပ်တို့ကို အမှီတံကဲ အစွဲပြု၍၊ တမှိုင်နက်ဖြစ်ကြသော ထိုဓာတ်ကလာပ်တို့တွင်၊ အပြင်ဘက် စပ်က ကလာပ်ထိပ်စည်းချင်း စပ်ဟပ်ကြပြီး ဖျတ်ကနဲ ထင်ရှားစွာ ဖြစ် ပေါ်၍ နေကြပါသော **သဏ္ဍာနပညတ်**ကြီးတို့ အစစ်ပေတည်းဟု သိကြ ပါလေ။ ၎င်းပညတ်ကို ရှေ့ကလည်း များစွာပြခဲ့လှလေပြီ။

**မီးစက်ဝန်းနှယ်၊ သဲချောင်းသွယ်သို့၊ ရှေ့ပြယ်နောက်ထင်၊ စဉ်မပြတ်၊ မှတ်လေသန္တတိ၊** ဟူသော-လင်္ကာဆောင်ပုဒ်အရ၊ မီးစတခုကို မီးစက် ဝန်းကြီးဖြစ်နေအောင် ညဉ့်မှောင်မိုက်သောအခါ၊ သျှင်မြန်စွာ ရမ်းဝိုင်း၍ ကြည့်သည်ရှိသော်၊ မျက်မြင်မှာ ထိစပ်ဝန်းဝိုင်း၍ နေသော မီးစက်ဝိုင်း ကြီးတခုဟု ထင်မြင်သိရှိရ၏။ ဉာဏ်မြင်မှာ ဆက်စပ်နေသော မီးစက်ဝိုင်း ကြီးတခုထည်းမဖြစ်နိုင်၊ မီးစတခုထည်းသာ ဖြစ်သောကြောင့်၊ ၎င်း မီးစ အောက် အထက်,ဘေးဘီစသည် တနေရာရာမှာ ရှိခိုက်၊ ကြွင်းနေရာ ရှိသမျှတို့မှာ ကောဋ္ဌမရှိကြကုန်ပြားသော်လည်း၊ လှည့်လည်၍ သွားချက်

က လျင်မြန်လှသောကြောင့်သာလျှင် နောက်က ထပ်ကာထပ်ကာ ဆက်လက်လာသည့် အစဉ်သန္တတိအတွက်၊ မီးစက်ဝန်းကြီး တဆက်ထည်း ထင်မြင်နေကြရသကဲ့သို့၊ ဂန္ထသေယျက သတ္တဝါတို့မှာ ကလလ ရေကြည်ကစ၍ သတ္တာဟာဇဆက်ဆက် လ—နှစ် အဆက်ဆက်၊တဘဝလုံး အတွက် တို့မှာ မပျောက်ပျက်ကြဘဲ၊ တဆက်ထည်း ထင်မြင်နေကြရသည်ကား- တခြားမဟုတ်၊ အကြောင်းတရား အစားစားတို့ကြောင့် ဖြစ်သော အရေကလာပ်, အဖတ်ကလာပ်၊ ရုပ်ခါတ်, နာမ်ဓာတ် အကျိုးတရား၊ ပရမတ်အစစ်များတို့၏ အဖြစ်အပျက် အလွန် လျင်မြန်သော အချက်ကို၊—

**ကောဋ္ဌိ်ဟိ အစ္ဆရာ သင်္ဃာတက္ခဏေ အနေကာနိ**
**စိတ္တ ကောဋိ သတ သဟဿာနိ ဥပ္ပဇ္ဇန္တိ။**

ဟိသစ္စံ၊ မှန်၏။ ဧကသ္မိံ အစ္ဆရာသင်္ဃာတက္ခဏေ၊ လက်ဖြစ်တတွက်ခဏ၌။ အနေကာနိ စိတ္တကောဋိ သတသဟဿာနိ၊ များစွာကုန်သော စိတ်ကုဋေ အသိန်းတို့သည်။ ဝါ၊ စိတ်ကုဋေ အသိန်း များစွာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကြကုန်၏။ ။ဟုသံယုတ်အဿဘာသုတ် အဋ္ဌကထာမိန့်မှာတော်မူသည်နှင့်အညီ။လက်ဖြစ်တတွက်ကာလမှာ၊ စိတ်အကြိမ် ကုဋေအသိန်း ပေါင်းများစွာ ဖြစ်နိုင်မူ၊ စိတ္တက္ခဏ ၁၇-ချက် ရုပ်သက်ရှိသောကြောင့်၊ ၎င်းလက်ဖြစ်တတွက် ခဏကာလမှာ ရုပ်အကြိမ် ကုဋေထောင်သောင်း ပေါင်းများစွာတို့ ရှေ့နောက် အစဉ်မပျက် ဆက်လက်၍ ဖြစ်ပျက်နေကြသောဓာတ်ပရမတ်တို့အချင်းချင်းစပ်ဟပ်ကြပြီး၊ဖျတ်ကနဲ တည်ထွန်းကာ၊ တရှိထဲ ရှိနေကြပါသည်ဟု ထင်မြင်နေကြရသည်ကား၊ တခြားမဟုတ်ပါ၊**အစဉ်သန္တတိ ပညတ်ကြီးတို့ အစေ်းမတည်း**ဟု သိရှိကြပါလေ။

**တစ္တေတနည်း**မှာ၊ ဖူးမှုတ်, ခုန်းမှုတ်ဖြစ်စေ၊ နို့ဆိဗူး, ယိုဗူးစသည် တခုခုကိုဖြစ်စေ၊ အောက်က လက်သန်း ဝင်လောက်အောင် ဖေါက်၍ သဲမှုန့်ထည့်ပြီးလျှင်၊ သဲချောင်းကြီးအောက်သို့ အတန်းလိုက် ကျစေလျက် ရပ်၍၎င်း၊ထိုမှ-ဤမှရွေ့၍၎င်း ကြည့်ရှုကြပါလျှင်၊၎င်း သဲချောင်းကြီးမှာ ပညတ် ၂-ပါး ရှိရာ၏။ ၂-ပါး ဟူသည်ကား၊ အောက်သို့ တမှိုင်နက် ကျကျနေကြသော သဲမှုန့်အများတို့တွင်၊ အပြင်ဘက်နားက သဲမှုန့်ဘေးသားချင်း စပ်ဟပ်ကြကာ၊ မျက်လှည့်ရုပ်ပမာအလား အတွင်းသား သဲမှုန့်များကို အမှုန့် သဘောတွေဟု မထင်စေပြား ကွယ်ကာထားလျက်၊

ဘွားကနဲ့ သဲချောင်းပုံသဏ္ဌာန်ကြီး ပေါ်နေချက်ကား တခြားမဟုတ်၊ သမ္မုတိပညတ်နယ်မှာ တကယ်အဟုတ် ရှိနေကြသော **သဏ္ဌာနပညတ်** တရားကြီးတပါးပေတည်း။ ၎င်းနောက် ထိုသဲအချောင်းကြီး မပျက်စီးဘဲ၊ ထိုသဲချောင်းကြီးအတိုင်းနှင့်ပင် ရပ်၍နေသည်။ ထိုမှ-ဤမှ ရွေ့ရှားသွားလာ၍နေသည့်ဟု ထင်မြင်ရအောင် ရှေ့ကျသော သဲနှင့်၊နောက်ကျသော သဲတို့ မပြတ်ဆက်စပ်၍ ကျကျနေကြသည့် သဲမှုန့်ချင်း စပ်ဟပ်ကြကာ၊ မျက်လှည့်ရုပ်ပမာအလားကျကျပျောက်ပျက်သွားသော သဲမှုန့်အများကို၊ ကျ၍ပျောက်ပျက်နေကြသည်ဟုမထင်စေဘြား ကွယ်ကာထားလျက်၊ဘွားကနဲ ထိုသဲချောင်းကြီး အတိုင်းနှင့်ပင် ရပ်တည်နေနိုင်သည်, ရွှေ့ပြောင်းသွားနိုင်သည်ဟု ထင်မြင်ကြရချက်ကား တခြားမဟုတ်၊သမ္မုတိ သစ္စာနယ်မှာ တကယ်အဟုတ်ဘဲ ရှိနေကြသော **သန္တတိပညတ်** တရားကြီး တပါးအစစ်ပေတည်း။ ဤသဲချောင်း ပုံသဏ္ဌာန်တည်းဟူသော သဏ္ဌာနပညတ်ဆက်စပ်၍၊ သဲမှုန့်စသည်တို့မှ ကျကျနေမှုတည်းဟူသောသန္တတိပညတ် ၂-ပါးတို့ကို ထင်ရှားသိရှိကြကာ၊ သဲမှုန့်များကို အဟုတ်ချ၍ ရှုကြည့်ကြပါမူ၊တဖြိုင်နက်ကျသောအတွင်းသား သဲမှုန့်များနှင့် အပေါ်ရံသဲချောင်း **ပုံသဏ္ဌာန်ပညတ်ကြီး**များကိုင်း၊ အောက်သို့ ရောက်၍ ကျပျောက်နေရစ်ခဲ့သော သဲမှုန့်များနှင့်၊ အသစ်အသစ် ဆက်လက်၍ သဲချောင်းကြီးမပျက်ဟုထင်မြင်ရအောင်၊ကျကျလိုက်နေကြသောသဲချောင်း **အစဉ် သန္တတိပညတ်ကြီး**များကိုင်း၊ မျက်မြင်-ဉာဏ်မြင် ၂-ပါးနှင့် ထင်ရှား သိမြင်ကြရပေလိမ့်သတည်း။ ဝါ၊ ထင်ရှားသိမြင် ကြအောင် မကြာမကြာ အခါခါရှုကြပါလေ ယောဂီမြတ်တွေတို့။

[ဤ မီးစက်ဝန်း, သဲချောင်း ဥပမာစကားရပ်တို့က ပညတ် ၂-ပါးနှင့် ပရမတ်သားတို့ကိုင်း၊ ရှေ့ ၆-ရက်မြောက်သဿတ, ဥစ္ဆေဒအချက်မှာ ပြခဲ့သော ယမ်းစနက်မီး ဥပမာကိုင်း၊ယခု ၇စ်ရက် ဟောချက်တွင် ရှေ့နားကပြခဲ့သည့် ခေတ်ကြည်များကိုင်း ခြားခြားနားနားကြီး ထင်မြင်ကြပါက၊ပရမတ်သားတို့ အနိစ္စအပျက်များကို ပြရာကျတော့ ပိုင်ပိုင် နိုင်နိုင်ကြီးထင်မြင်ကြရပေလိမ့်သတည်း။သို့အတွက် အခါခါတိုက်တွန်းရပါသတည်း။]

## (၂၈) တေဇောမီးနှစ်မျိုး ခေတ် ၄-ပါးတို့ဆိုင်းမှုနှင့် သမ္မသန ဉာဏ်အရဖြင့် အားလုံးကြီးတို့ အနိစ္စရှုရပုံ

ဤသို့ ရှေ့ကပြအင်ခဲ့ပြီးသော ဥပမာစကားရပ်များမှာ ဉာဏ်ဝါး ဝ၍၊ သမ္မသနဉာဏ်အတွက် အနိစ္စအချက်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ် အများ ယောကျာ်း,မိန်းမ ရဟန်း,ရှင်လူ ရှိရှိသမျှတို့သည်၊ယခုရက် ရှေ့နားကပြခဲ့သော ကိန်းသေရှုနည်း, ဉာဏ်အမြင် ပေါက်အောင် ရှုနည်း အရနှင့် ပြခဲ့သည့်အတိုင်း၊အပေါ်ရံ ပညတ်သားနှင့်၊ အတွင်းသား ခေတ်ကြည်များကို မိမိခန္ဓာနှင့်တကွ လောက အားလုံးကြီးတို့မှာ ပွ ရွ ပွ-ကြွေ၊ ထိကာ စပ်ကာမျှပေါင်းစု၍ နေကြသော အကြည်ခေတ် ကလာပ်၊ ပရမတ်စစ်တွေအားလုံးတို့ကို ဝိပဿနာရှုလိုသောအခါတိုင်းတို့၏၊ အစအစတိုင်းတို့မှာ ထင်မြင်လာအောင် ရှုကြသွဲ့ပြီးမှ၊ လောကအားလုံးကြီးကို **ဝိပဿနာရှုကြပုံကား။**...... ဪ– ငါ ထင်မြင်နေသော အဆုံးအပိုင်း အခြားမရှိသည့် အကြည်ခေတ်ကလာပ် အထုကြီး အတွင်းက၊ ကလာပ်တိုင်းတို့မှာပင် ပါနေကြသည့် **ပထဝီသဘောကား၊** ယမ်းမီးစာသဘောတည်း။ **တေဇောသဘောကား၊** လောင်ကျွမ်းစေတတ်သော မီးသဘောတည်း။ **အာပေါသဘောကား၊** ပထဝီယမ်းနှင့် တေဇောမီးတွေ၊ မလောင်ချင် မနေရအောင် ပူးကပ်- ဖွဲ့စပ်ပေးသမားတည်း။ **ဝါယောသဘောကား၊** ထိုထိုထိစပ်နေကြသည့် ပထဝီမီးစာကို တေဇောမီးက လျင်မြန်စွာ လောင်သွားလေအောင် မှုတ်ပေးသမားတည်း။ **ဩဇာခေတ်ဆီကလည်း** ရေနံဆီလောင်းပေးသမားတည်း။ဤသို့ရုပ်ကလာပ် တိုင်းတို့မှာပါသည့် ခေတ်ကြီးလေးပါး ဩဇာများတို့၊လျင်မြန်စွာ ပျက်ပြားကြဘို့ အရေးတို့ကိုသာ အားပေးကူညီကြပြီးသား ဖြစ်နေကြ ကြောင်းကို သိရှိတော်မူပြီး ဖြစ်ကြသောကြောင့်၊ ၎င်း ကလာပ်တိုင်းတို့မှာ ပါသည့် ဘေဇော မဟာဘုတ်ဆိုသည်ကား၊ မီးခေတ်ကြီး အစစ်တမျိုးပေတည်း။ ထိုမီးခေတ်ကြီး၏ အခွင့်ကိစ္စသည်လည်း၊ လောကမျက်မြင် မီးတို့ကဲ့သို့၊ အတူတကွဖြစ်သော ရုပ်ကလာပ်တို့ကို အတွင်းလောင်ကျွမ်း ကုန်ဆုံးစေမှု အခွင့်ကိစ္စကြီးတပါး။ ရုပ်ကလာပ်သစ်တို့ကို အတွင်းပေါက်ဖွား တိုးပွါးစေမှု အခွင့်ကိစ္စကြီးတပါး။ ဤအခွင့်ကိစ္စကြီး ၂-ပါးတို့ကို မျက်တောင်တခပ်မျှ မလပ်မစဲ အမြဲနိစ္စအားဖြင့် အနန္တ လောကခေတ် အားလုံးကြီးတို့၌၊ ရှိရှိသမျှသော သဝိညာဏက, အဝိညာဏက ခန္ဓာအစဉ်မှာ တွင်ကျယ်စွာ ရွက်ဆောင်နေကြသည့်အတွက်၊ မျက်စိဘမှိတ် လျှပ်တပြက်မျှ

အသက်ရှည်၍ တည်နေနိုင်သော တရားအစုတို့ ယခုလည်းရှိဆဲမဟုတ်၊ ရှေ့ကလည်းမရှိခဲ့ပြီ၊ နောက်နောင်လည်း တခုမျှမရှိ ကြလတ္တံ့ ပါတကား ဟု လောကအားလုံးကြီးတို့သို့ ဉာဏ်သွား၍၊သာမညပုဂ္ဂိုလ်ကို ရှုစားသော ဉာဏ်သည် **သမ္မသနဉာဏ်** မည်၏ဟု မှတ်ကြပါလေ။

သဝိညာဏက - ခန္ဓာ အစဉ်မှာကား၊ ၎င်း တေဇော ဓာတ်တို့နှင့် ကလာပ်တူပါသော ဩဇာကၡင်း၊ ရှေးရှေး ကံတို့က ၎င်း၊ စိတ်တို့ က၎င်း၊ ရုပ်ကိုဖြစ်စေမှု, ပွါးစေမှု အကြောင်းပြုတို့ကား ပါသေး၏။ ထိုသို့ပင် ပါသော်လည်း၊ ၎င်းအကြောင်း ၄-ပါးတို့ကြောင့်ဖြစ်ကြသော ရုပ်ကလာပ်တိုင်းတို့မှာ ပါရှိသည့်တေဇောမီးကင်္ဂကြီးတို့ အတွင်းမှာသာ သေဆုံး ပျောက်ပျက်ရခြင်း ဖြစ်လေသောကြောင့်၊ တေဇော ဓာတ်မီး ကြီး၏ အခွင့်ကင်္ဂ ၂-ပါးဖြင့်သာ အလုံးစုံသော ဓာတ်ကလာပ်တို့၏ အနိစ္စ အချက်ကြီးကို ထင်ထင်ရှားရှားကြီး သိသာနိုင်သောပါဠိအကိုးအကားကို ပြရမှာကား။ ။**ဥတု စတုသမုဋ္ဌာနိကရူပါနံ ပဝတ္တိယာစ ဝိနာသဿစ ပစ္စယော ဟောတိ**။ ။ဟု- ဝိသုဒ္ဓိမဂ် ရွှေကျမ်းကြီး အထွက်ကို အနက် မြန်မာဆိုသော်။ ။ဥတု၊ တေဇောတည်းဟူသော ဥတုသည်။ စတုသမုဋ္ဌာနိကရူပါနံ၊ ကံ,စိတ်,ဥတု အာဟာရ တည်းဟူသော အကြောင်း တရား လေးပါးတို့ကြောင့်ဖြစ်သောရုပ်တို့၏။ပဝတ္တိယာစ၊ အသစ်အသစ် ဖြစ်ပေါ်ခြင်း၏၎င်း။ ဝိနာသဿစ၊ အဟောင်းဟူသမျှ ပျက်ပျက်လိုက်ရ ခြင်း၏၎င်း။ ပစ္စယော၊ အကြောင်းဖျား အကြောင်းရင်းသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်လိုက်နေ၏။ ။[ဤပစ္စယောအရ အဖြစ် စတုသမုဋ္ဌာ နိက ရုပ်တို့တွင်၊ ဥတုဇရုပ်ကား အကြောင်းရင်း၊ ကြွင်း ၃-ပါးတို့ကား၊ အကြောင်းဖျားတည်း။ အပျက် စတုသမုဋ္ဌာနိက ရုပ် ၄-ပါးလုံးတို့ပင် တေဇောက အကြောင်းရင်း ဖြစ်နိုင်၏ဟု မှတ်ကြပါလေ]။ ။ဤဝိသုဒ္ဓိ မဂ် ပါဠိအထွက် လိုရင်းဆုံးအချက်ကို တို့မြန်မာဘာသာ သက်သက် နှင့် အချက်ကျ သိစေလို၍၊ **ရုပ်သေ-ရုပ်ပျိုး၊ နှစ်ပါးကိစ္စ၊ တေဇောက၊ သဟာယကောင်းချာ၊ တိုး- ဆုတ်ပါ၊ အနိစ္စမှု အရေးကိစ္စ**ဟု- ဆောင်ပုဒ် စာအုပ်မှာ ပါဠိနှင့်တကွ ရေးပြလိုက်သည့် အတိုင်း၊ သဘော အမှုအရာ သက်သက်မျှသာ ဖြစ်ကြပါသော ရုပ်အကြည်ဓာတ်ကလာပ်တို့ အတွင်း က၊ တေဇောဓာတ်မီးကြီး အမြဲလောင်မြိုက် နေခြင်းကြောင့်၊ အမှုအရာ တပါးက၊ အမှုအရာ တပါးသို့ မချုပ်ပျက်ဘဲ၊ ၎င်း ကလာပ် ကလေး အတိုင်း ရွှေ့ပြောင်း၍ ဌာနစင်စစ် မလိုက်နိုင်ကြ။အလှုပ်,အရှား၊ အကြွ

အရွစသော အမှုအရာ အသစ်အသစ်တို့မှာကား၊သဲချောင်းအမှုအရာသစ်နှင့် သဲမှုန့် အသစ်အသစ်တွေ ဖြစ်လေသကဲ့သို့ရင်း၊ ယမ်းမှုန့် သစ်မှာ မီးမှုန့်သစ်တွေ ဖြစ်ဖြစ်တက်သွားကြသလို၊ ယခု အမှုအရာ သစ်နှင့်မှ ဖြစ်ပေါ်လာသည့် ရုပ်သစ်, ကလာပ်သစ်တို့သာ ဖြစ်ဖြစ် · ဖြစ်ဖြစ်တက်သွားကြသော အခါ၊ အမှုအရာဟောင်းတွေနှင့် အပြည့် အပြည့်ရှိသမျှ ရုပ်သဘာဝ ကလာပတို့ အကုန်အကုန်လုံးကြီးတို့ ဖြုန်းကနဲ, ဖြုန်းကနဲ သဲချောင်း အမှုအရာဟောင်းကြီးတွေနှင့် သဲမှုန့်အဟောင်းကြီးတွေ ကျပျောက်လေသကဲ့သို့ရင်း၊ ယမ်းမီးမှုန့် ဟောင်းကြီးတွေ သေပျောက်ကာလိုက်နေသကဲ့သို့ရင်း၊ ထိုသို့အမှုအရာဟောင်းကြီးတွေနှင့်တကွနက်၊ဖြုန်းကနဲ ဖြုန်းကနဲ သေပျောက်၊အနိစ္စရောက်၍ လိုက်နေမှုကို၊ယခု ထိုင်နေရင်း မိမိလက်တဘက်ကို ဝဲယာရွေ့၍ ရွေ့၍၊ မျက်ဗ်နှင့်လည်း အမှုအရာအသစ်ပြောင်း ပြောင်း၍ တက်သွားတိုင်း၊ အမှုအရာဟောင်းတွေလည်း နောက်ပိုင်းက၍ ပျက်၍ ပျက်၍ လိုက်နေချက်ကို ။ဝါ၊ နောက်ပိုင်းက မရှိ၍-မရှိ၍ လိုက်နေသည့်ကို ဒိဋ္ဌ ကြောင်ကြောင်ကြီး မြင်ကြရသည့် အတိုင်း၊ ဝိပဿနာ ဉာဏ်မျက်ဗ်နှင့်လည်း အမှုအရာ အသစ်တိုင်းတို့နှင့် အပြည့်အပြည့်၊ရုပ်သစ်,ကလာပ်သစ်တို့ ပြောင်း၍ပြောင်း၍ တက်သွားနေကြပါတကားဟု အတွင်းသားဖြစ်ဖြစ် တက်နေသည့်ကို ကြောင်ကြောင်ကြီး ထင်မြင်လာအောင်၊ အတွင်းသား သဘာဝ အစုတို့ကို ရှုးရှူး ဗိုက်ဗိုက် ရှုလိုက်ကြပါလေ ယောဂီမြတ်တွေတို့။

တဖန်-ထိုလက်ရွေ့သောအမှုအရာဟောင်းတိုင်းတို့နှင့်၊အပြည့်အပြည့် ရုပ်ဟောင်း, ကလာပ်ဟောင်းတို့လည်း၊ဖြုန်းကနဲ ဖြုန်းကနဲ သူ့အမှုအရာဟောင်းနှင့်သူ ပျက်၍ပျက်၍ လိုက်နေကြပါတကားဟု ကြောင်ကြောင်ကြီး ထင်မြင်လာအောင်၊သဲမှုန့်ဟောင်း,ယမ်းမီးဟောင်းတွေ ကျပျောက်သေပျောက်၍ လိုက်နေတာကို ထင်မြင်ရသလို၊အတွင်းသား ရုပ်ကလာပ်မှုန့်ဟောင်းအများတွေ အကုန်လုံးသေပျောက် အနိစ္စရောက်နေမှုကို ထင်မြင်ကြရန် အထူးကြိုဖန်၍ ရှုကြပါလေ၊ဤလက်တချဉ်း အမှုအရာ အသစ်, အဟောင်း ပြောင်းလဲတိုင်းတို့မှာ အတွင်းသား ရုပ်ဓာတ် ကလာပ်တို့လည်း အသစ်, အဟောင်း ပြောင်းလဲ၍လိုက်နေမှုကို ထင်မြင်ပါမူ၊ ယခု ထိုင်နေရင်း မိမိကိုယ်ကောင်ကြီးကို ရှေ့နောက်ယိမ်းယိုင်ပြီး၊အတွင်းသားတွေကိုသာ ရှုးဗိုက်၍ ရှုကြည့်လိုက်ပါမူ၊ ရှေ့သို့ ဇိကနဲ- ဇိကနဲ ကိုယ်ကောင်ကြီးနှင့် အပြည့်အပြည့် ရုပ်သစ်တွေ ပြောင်းလိုက်လျှင်၊နောက်ပိုင်း

ကလည်း ဖြောင်းကနဲ ဖြောင်းကနဲ ကိုယ်ကောင်ကြီးနှင့် အပြည့် အပြည့် ရုပ်ဟောင်းတွေ ပျက်ပျက်လိုက်နေကြသည်ကိုလည်း၊ ကြောင်ကြောင်ကြီး ထင်မြင် လိုက်နေကြ ကုန်ရာ၏။ ဝါ၊ မထင်မြင် သေးမူ၊ ထင်မြင် လာ အောင် မကြာ မကြာ အခါခါ သဲချောင်း ဥပမာနှင့် စပ်ဟပ်ကာ ရှုကြ ပါလေ။

ဤလက်အမှု အရာပြောင်းနှင့် ကိုယ်အမှု အရာပြောင်းတို့ကို၊ ကောင်း ကောင်းကြီး ထင်မြင်ပေါက်ရောက်ကြပါမူ၊တလောကလုံး ရှိရှိသမျှအမှု အရာ ပြောင်းတိုင်း တို့၏ အနိစ္စ အချက်ကြီး တို့ကိုလည်း သက်သက် သာသာနှင့်ပင် ထင်မြင်ပေါက်ရောက်နိုင်ကြပါ လိမ့်သတည်း။ ဤအမှုအရာ ပရမတ် ပျက်ကို မသိ၊ အပေါ်ရံကြောက ပညတ် သဘောတို့ကိုသာ ကြည့်၍ သိ၍ နေကြသည့် ပညတ်သိ မျက်စိတို့ကား၊ ဤ အမှုအရာပျက် အနိစ္စ အချက်ကို နှစ်နှစ် သက်သက် မယုံကြည် နိုင်ကြကုန်ရာ၏။ ဤ အကောင်အထည်ကြီး မပျက်စီးဘဲ၊ အမှုအရာ အမျိုးမျိုး ပြောင်းနေနိုင် သည်။ နောက်ဆုံးပိတ်မှသာ သေပျောက်ခြင်း အနိစ္စရောက်သည်ဟု ရုပ် နာမ်သိနှင့်ဝေးကွာ ဝိပဿနာ နတ္ထိ၊ လူတိုင်းသိ၊ တိရစ္ဆာန်များပင်သိကြ သည့် ပညတ်ပျက် အနိစ္စကိုသာ ယုံကြည်ရသောကြောင့်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာဆရာက ခဏိကပျက်-အနိစ္စ၊ သန္တတိပျက်-အနိစ္စ၊ သမ္မုတိ ပျက်-အနိစ္စဟူ၍ သုံးပါးရှိရာတွင်၊ လူသေသည်, ကျွဲ,နွားစသည်တို့ သေ သည်ဟု ဆိုအပ်သော သမ္မုတိမရဏနှင့် မခြချက်အနိစ္စကို မြင်မှုကား၊ ဝိပဿနာ ဘာဝနာ ဉာဏ်မျိုးမဟုတ်၊ လူနတ်မခြား၊ တိရစ္ဆာန်များပင် နဂိုရ်က သိကြရင်းမျိုးဖြစ်၍၊ ၎င်း သမ္မုတိအနိစ္စကို ဝိပဿနာအလုပ်မှာ မရှုကြရ။ လက်ဖြစ်တတွက်ခန့်ကာလမှာ နာမ်က ကုဋေတသိန်းမက၊ ရုပ်က ကုဋေ ငါးထောင်ကျော်မက၊ အကြိမ်ပေါင်းများစွာ ဖြစ်ပျက်နေ ကြသည်ကို ဘုရား, ပစ္စေကဗုဒ္ဓါ သာဝက ထူးကြီးများကို ထား၍၊ သာမန် လူစားတို့ ဉာဏ်မှီအောင်လိုက်၍ မရှုနိုင်ကြသည့်အတွက်၊ ခဏိကမရဏ အနိစ္စကိုလည်း ဝိပဿနာဉာဏ်မှာ ထင်မြင်လာရန် မရှုကြရ၊ စင်စစ်မှာ မူကား၊ အစဉ် သန္တတိပျက်မရဏ အနိစ္စတို့ကိုသာ နောက်နောက်သို့ ဆက်လက်၍ မပါနိုင်ကြဘဲ၊ အခါခါ သေပျောက် သေပျောက်၍လိုက်နေ မှု၊ဉာဏ်မှီသော အချက်စုကိုသာ စစဉ်းရှုကြည့်ကြကုန်ရာ၏ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာဆရာကြီးက၊—

**အဒ္ဓပစ္စုပ္ပန္နာတိ-အဒ္ဓပစ္စုပ္ပန္နာ ဩဠာရိကာ ဒီဃတာရုပဗန္ဓာ။ ခဏပစ္စုပ္ပန္နာ သုခုမတာရာ ဣတ္တရကာလာ၊ သန္တတိပစ္စုပ္ပန္နာ မဇ္ဈိမာ။ ဣဓအာဒိတော ပဂ္ဂဟေတဗ္ဗာ။**

အဒ္ဓပစ္စုပ္ပန္နာတိ၊ အနိစ္စအချက်နှင့် ဝိပဿနာပျက် ရှုကြည့်ရန် ပစ္စုပ္ပန် ဟူသည်ကား။ အဒ္ဓပစ္စုပ္ပန္နာ၊ တခုမှာ တခါပျက်၊ တသက်မှာ တခါသေ အရနှင့်သိရှိနေကြရသော အဒ္ဓပစ္စုပ္ပန်တို့သည်ကား။ဩဠာရိကာ၊ ရုန့်ရင်း ကြမ်းတန်းကုန်၏။ဒီဃတာရုပဗန္ဓာ၊အလွန်အစဉ်အဆက် ရှည်ကုန်၏။ခဏ ပစ္စုပ္ပန္နာ၊ ရုပ်နာမ်ခဏ ပစ္စုပ္ပန်ရှိသမျှတို့သည်။ သုခုမတာရာ၊ လွန်စွာနူးညံ့ သိမ်မွေ့ကုန်၏။ ဣတ္တရကာလာ၊ တိုသောကာလ ရှိကြကုန်၏။ သန္တတိ ပစ္စုပ္ပန္နာ၊ ထိုထိုအမူအရာ ကာလစသည်တို့၏ အစဉ် တခုစီနှင့် နှိုင်းချင့်၍ ယူရသော သန္တတိပစ္စုပ္ပန်ရှိသမျှတို့သည်။မဇ္ဈိမာ၊အလယ်အလတ်ဖြစ်ကုန် ၏။ ဣဓ၊ ဤဝိပဿနာ ရှုအပ်သောအရာ၌။ အာဒိတော၊ အစက။ ပဂ္ဂဟေ တဗ္ဗာ၊ သိမ်းဆည်း ရှုကြည့်အပ်၏။ - ဟု မိန့်ရှိတော်မူတိုင်း၊ ၎င်းသန္တတိ ပစ္စုပ္ပန်ပျက် အနိစ္စအချက်ကို၊ အသက်တရာရှိသောသူတို့ အရွယ် ၃-ပါး၊ (၁၀) ပါး၊ အပါး ၂၀-၃၀-၄၀-၅၀-တို့ဖြင့်၎င်း၊ နှစ်, ဥတု, လ, ပက္ခ, ရက်,နေ့,ညဉ့်တို့ သန္တတိတို့ဖြင့်၎င်း၊ပုရိမယာမ်,မဇ္ဈိမယာမ်,ပစ္ဆိမယာမ် သန္တတိ၊ခြေလှမ်းသန္တတိစသည်တို့ဖြင့်၎င်း ပိုင်းခြား၍ရှုကြရပုံအစဉ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးမှာပင် ခတ်မပေါက်သူတို့ပါထင်မြင်သာအောင် လွန်စွာကျဲသော အနိစ္စအချက်ကစ၍ ပြတော်မူပေသတည်း။ ယခုရှေ့က ပြခဲ့သည့်အတိုင်း ဒိဗ္ဗိဝိသုဒ္ဓိစခန်းက ခတ်ကလာပ်ပရမတ်တို့သဘာဝကို ထင်မြင်ပေါက်ရောက်ကြပြီး၊ ဤအတွင်းသားပျက် အနိစ္စအချက်ကြီးကို စီးစီးဝါးဝါး ဝိပဿနာဉာဏ်မျက်စိ အမြင်ထွားသူတို့ကား၊ အရွေ့အထား မခံ၊ အပျက်အစီး မြန်လှသည်ကို ဟန်ရအောင် ကြောင်ကြောင်ကြီး ထင် မြင်၍၊ လယ်တီဆရာတော်ဘုရားကြီးနှင့်တကွ ဝိသုဒ္ဓိမဂ် သမ္မသနဉာဏ် စခန်းတို့က အမူအရာပျက်နှင့် အနိစ္စအချက်ကို ပြတော်မူကြသည့်အတိုင်း၊ မိုးစဲးညှင်း တောရ ကိုယ်တော်ကြီးက ယခု တဖန် ငါတို့ နားလည် လွယ်အောင် ထုတ်ပြန်ရေးသား၍ ပေးသနားတော်မူသည်ကို အဟုတ် အားထုတ်ကြည့်၍ ဝိပဿနာပညာမျက်စိ ပေါ်ပေါက်လျက်ရှိသူတို့ကား၊ **အမယ်မင်း ဟုတ်လိုက်လေခြင်း-ဟုတ်လေခြင်း** ဟု သဘောတူကြသော သူတော်ကောင်းတို့ကို ပြောပြီးရင်း ပြောချင်ရင်း ရှိကြပေလိမ့်သတည်း။

**ဒြေဒ်-အပေါ်ဗဟားထွက်ကြည့်သူတို့သိခဲ့စွ-မိခဲ့စွ။ပေါက်ရောက်သူတို့ ပြောစကားကိုလည်း ယုံခဲ့စွ-ယုံခဲ့စွ။**

ဤအမှုအရာပျက်ရုပ်တို့၏ အနိစ္စအချက်ကို ထင်မြင်ပါမှုလည်း၊အမှုအရာ မပြောင်းဘဲ တတည်ထဲ တည်နေသည်ဟု ထင်မြင်ကြသော အကောင်, အထည်ဘဏ္ဍာတို့၏ အတွင်း၌ ရုပ်ခေတ်ကလာပ်တို့ အနိစ္စကိုလည်း၊ ယခင်က ဖြစ်ခဲ့သည့်မိမိတို့၏လက်အမှုအရာပြောင်း,ကိုယ်အမှုအရာပြောင်းတို့မှာ ယခုရှုနေသော အနိစ္စရုပ်စုနှင့် အမှုအရာ မပြောင်းသော အကောင်, အထည် အတွင်းက ရုပ်စုတို့သည် အကြီး, အငယ်အရွယ်လည်းတူ၊ အသက်လည်း တူ၊ ဖြစ်ပျက်လည်း အတူတူတို့ချည်းပါ တကားဟု တွဲလိုက်လျှင်၊ တခါ ထည်း ကုလားတပ်ကြီးများ ခြေလှမ်းညီညီနှင့် ဖြုတ်ဖြုတ် - ဖြုတ်ဖြုတ် လှမ်း၍တက်သွားနေတာလို၊ တလောကလုံးကြီးတို့မှာ ရှိရှိသမျှ သဘာဝ ရုပ်မှုန့်ကလေးတိုင်းတို့၌လည်း၊ သူ့တေဇောမီးနှင့် သူ အသစ် အသစ် ဖြစ်ပွါး၍ အစားဝိုက်လျက်၊ အနာဂတ်ဘက်သို့ တက်တက်သွားနေသမျှ ရုပ်ကလာပ်ဟောင်းတွေကလည်း တပြိုင်နက်ထည်း၊ပျက်ပျက်ပြီးပျောက် ပျောက်ပြီး၊ အတိတ်အဖြစ်သို့ ရောက်ရောက်ပြီး၊ အကုန်လုံးကြီးတို့ လိုက် နေကြတာများကို၊မပင်မပန်းဘဲ ချမ်းချမ်းသာသာ ထင်မြင်ပေါက်ရောက် လာလတ္တံ့ပေလိမ့်သတည်း။ ဝါ၊ရှေ့က ဥပမာပြခဲ့သည့် သဲချောင်းကျနေ သော သဲဖူး ၂-ခုတို့ အဘူသွားကြည့်၊ အဘူရင်ကြည့်၊တခုသွား တခုရပ် ကြည့်ကြသောအခါ၊သဲကျပုံချင်း အတူတူချည်း ဖြစ်ကြသည့် မျက်မြင်ဒိဋ္ဌ ဥပမာအရနှင့် ဟပ်ကာဟပ်ကာ အမှုအရာပြောင်း၍ ပျက်မှုနှင့်၊ မပြောင်း ဘဲ ပျက်မှုတို့ အတူတူပျက်သည်ကို ထင်မြင် ပေါက်ရောက်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။

ဤသို့-ပြဆိုခဲ့သည့် အတိုင်း ပျက်ပျက် ပျောက်ပျောက် လိုက်နေမှု တို့ကို၊ရှုရှု ရှုရှု။ ကြည့်ကြည့်-ကြည့်ကြည့်။ သိသိ သိသိ လိုက်နေသည်ကို ပင် **အနိစ္စာနုပဿနာ ဘာဝနာကြီး** အစစ် ဖြစ်ဖြစ်-ဖြစ်ဖြစ် နေသည်ဟု အသေအချာစိတ်ယူစွဲ၍ မြဲမြဲကြီးမှတ်ကြပါလေ။ပါးစပ်က **အနိစ္စ-အနိစ္စ** ဟု ဆိုမှသာလျှင် အနိစ္စဝိပဿနာ ရှုသည်။ အနိစ္စဝိပဿနာ ဖြစ်သည်ဟု မမှတ်ကြနှင့်။ဤပျက်၍လိုက်နေချက်ကိုအကွက်ကျမထင်မြင်ဘဲ၊ပါးစပ်က သာ **အနိစ္စ-အနိစ္စ မမြဲတာ,မမြဲတာ**ဟု ပါဠိလို မြန်မာလို, အော်လို့ပင် ရွတ်ဘတ်သော်လည်း၊ဝိပဿနာ ဘာဝနာ အစစ်မဖြစ်လေ။ပါးစပ်ကသာ ရွတ်ဆိုနေကြသည့်**ရွတ်ဘတ်သနာ ဘာဝနာသာ**ဖြစ်လေရာ၏။သို့အတွက်

ပါးစပ်ကပင် မဆို, မရွတ်သော်လည်း၊ ပျက်ပျက်, ပျောက်ပျောက်လိုက် သော အနိစ္စအချက် ကောင်ကြီးကိုသာ ဉာဏ်မှာ ထင်မြင်လာနေအောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။

ရုပ်ပေါက်က နာမ်နှင့်တကွ လက္ခဏာရေး ၃-ပါးလုံး ပေါက်ပုံမှာ။ ဤ ရှေ့က ပြခဲ့သည့်အတိုင်း ရုပ်ကိုသိမ်းဆည်း၍၊ အနိစ္စအချက်နှင့်အကွက် ကျ ထင်မြင်ပေါက်ရောက်ကြပါမူ၊ ၎င်းရုပ်တို့ကို အမှီရမှ ဖြစ်ပေါ်နိုင်ကြ သော နာမ်ဝိညာဏ် ၆-မျိုးတို့၏ အနိစ္စအချက် တို့ကိုလည်း၊ ၆-ဒွါရ၏ အစွမ်းဖြင့် ထင်မြင် ပေါက်ရောက်နိုင်တော့၏။ ပေါက်ရောက်ပုံ အမြွက် ကား၊ စင်္ကြံစသည် သွားလာရာတို့မှာ တကိုယ်လုံးရှိ ရုပ်ကလာပ်မှုန့်တို့၏ တရှန်းရှန်း ချုပ်ပျက်လိုက် နေသည့် အထဲမှာ၊ မျက်စိရုပ်, အဆင်းရုပ် ၂-ပါးတို့ ထိခိုက်ကြ၍၊ မျက်စိအတွင်းက ဝင်းကနဲ ဖြစ်ပေါ်လာသော မြင်သိနှင့်တကွ၊ နာမ်တရား အစားစားတို့လည်း မှီရာမျက်စိရုပ်နှင့်တတွ နက်၊ ခြေတလှမ်း တလှမ်း ရုပ်စုအပျက်တွင်၊ ခြေတလှမ်း အတွင်းက မြင်သမျှနာမ်တို့လည်း ကွယ်၍ ပျောက်၍, ပျက်၍ လိုက်နေချက်ကို၊ ဒိဋ္ဌ သိမြင်ပေါက်ရောက်နိုင်ကြရာ၏။ ဤအတူ တကိုယ်လုံးရုပ်တွေ၊ တရှန်းရှန်း ပျက်လိုက်နေသည့် အထဲက နားရုပ်, အသံရုပ် ၂-ပါးတို့ ထိခိုက်ကြ။ နှာခေါင်းရုပ်,အနံ့ရုပ် ၂-ပါးတို့ထိခိုက်ကြ။ လျှာရုပ်,အရသာရုပ် ၂-ပါးတို့ ထိခိုက်ကြ။ ကိုယ်ရုပ်,အတွေ့ရုပ် ၂-ပါးတို့ ထိခိုက်ကြ။ ဟဒယဝတ္ထုရုပ်ကို မှီသည့် မနောအကြည် ဓမ္မာရုံတို့နှင့် ထိခိုက်ကြသောအခါတို့မှာ၊ ကြား, သိနာမ် အမျိုးမျိုး၊ နံ့,သိနာမ်အမျိုးမျိုး၊ လျက်, သိနာမ်အမျိုးမျိုး၊ တွေ့သိ နာမ်အမျိုးမျိုး၊ ကြံ,သိနာမ် အမျိုးတို့လည်း မှီရာဝတ္ထုရုပ်နှင့် တကွနက်၊ ခြေလှမ်းရုပ်စု အပျက်တွင် ရေဗူးကို မီးလောင်၍ ပျက်စီးသော အခါ ဗူးထဲက ရေချည်း မပျက်စီးဘဲနှင့်၊ တွဲလောင်းကြီး မကျန်နိုင်ဘဲ၊ ဗူးနှင့် ရေတို့ အတွဲလိုက် ပျက်စီးရသလို၊ ရုပ်အနိစ္စကို သိမ်းဆည်း၍ ထင်မြင် ပေါက်ရောက်သော ယောဂီမြတ်တို့မှာ၊ မှီရာဝတ္ထုရုပ် ၆-မျိုးတို့နှင့်၊ အမှီ နာမ် ၆-မျိုးတို့သည်၊ အတွဲလိုက်-အတွဲလိုက် ပျက်၍, ပျက်၍၊ ပျောက်၍, ပျောက်၍ လိုက်ချက်တို့ကိုလည်း ဒိဋ္ဌသိမြင် ပေါက်ရောက် နိုင်ကြကုန်ရာ ၏။ ။အယုတ်ဆုံး ယခုအမှုအရာပျက်နှင့် ရုပ်ပျက်ကို ရှုရှုလိုက်နေသော ဝိပဿနာ နာမ်တွေလည်း သူ့ရုပ်ပျက်နှင့် သူ့ရှုချက်တို့ အတွဲလိုက် အတွဲ လိုက် ပျက်စီး၍ လိုက်နေကြတာတွေပါ တကား၊ ငါဖြစ်ပြီး အနိစ္စ ရှုနေ သူကား တခြားမရှိ၊ အနိစ္စ အရှုခံသည့်ရုပ်နှင့်၊ ရှုနေသည့် နာမ်တို့ဘဲ၊ ရှုနေ

ဆဲက အတွဲလိုက် အတွဲလိုက် ဖြစ်ပျက်နေကြပါတကားဟု ရုပ်ပျက်ကို ရှု နေသောဉာဏ်ကို နာမ်ဘက်သို့ ငဲ့၍ငဲ့၍ရှုလိုက်က၊နာမ်ပျက်တွေကိုလည်း ထင်မြင်ပေါက်ရောက် နိုင်တော့၏ဟု အသေအချာ စိတ်ယူ၍၊ မြဲမြဲကြီး မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

[အချို့ ဆရာကြီးတို့က နာမ်ဆိုတာ သာမန်လူတို့ မထင်မြင် နိုင်ဘူး၊ အလွန်ခက်ခဲ နက်နဲလှသည်ဟု ပြောဟော နေကြသည့် အတွင်းမှာ၊သည်,မိုဃ်းညွှင်းကိုယ်တော်ကြီးက လောကမှာတော့ ထင်ရှားနေကြသည့် မြင်သိ ကြားသိ စသော ဒိဋ္ဌသက်သေဥပမာ တွေကိုသာ ပြပြီး၊ ကျမ်းဂန်တို့မှာလည်း မရှိကြဘဲနှင့် သူထင် သလို သူဆွဲ၍ရေးနေတာပါလားဟု စောဒနာဘွယ်ရှိ၍သာ ပါဠိကို ပြရမှာကား။ — **တဿေဝံ ပရိဂ္ဂဟိတရူပဿ ဒွါရဝသေန အရူပ ဓမ္မာ ပါကဋာ ဟောန္တိ။** ။ဧဝံ၊ ဤသို့။ ပရိဂ္ဂဟိတရူပဿ၊ ရုပ်ကို သိမ်းဆည်း၍ ထင်မြင်ပေါက်ရောက်သော။တဿ၊ထိုယောဂီမြတ် အား။အရူပဓမ္မာ၊နာမ်တရားတို့သည်။ဒွါရဝသေန၊ဓါက် ဒွါရ၏ အစွမ်းဖြင့်။ ပါကဋာ၊ ထင်ရှားပေါက်ရောက် လာနိုင်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ဟု-မဟာဝိသုဒ္ဓိမဂ်ကြီးက ထင်ထင် ရှား ရှားပြတော်မူသည့်အတိုင်းကိုသာ၊သူငါစသောလောကကြီးတွေ အထဲမှာ ကြောင်ကြောင်ကြီး ထင်မြင်လာအောင်သာ၊ ငါတို့က ဉာဏ်ဆင်ကာ ဟောပြအပ်ပါ သတည်း။ ကိုယ့်အထင်နှင့် ကိုယ် ဆွဲ၍ အလွဲကိုရေးသည် မဟုတ်ဟု ဉာဏ်တုတ်သူတို့လည်း သိရှိ တော်မူကြပါစေသတည်း။]

ဤဝိပဿနာအရာ၌၊ ရုပ်တို့၏ အနိစ္စကို ထင်မြင် ပေါက်ရောက်ပါမှ၊ နာမ်တို့၏ အနိစ္စတို့လည်း ထင်မြင်ပေါက်ရောက်လာရုံမျှ မကသေး၊ ၎င်း ရုပ်နာမ်တို့၏ ပျက်ပျက် ပျောက်ပျောက် သေသေ လိုက်နေ ကြသော အနိစ္စ အချက် ကောင်းကြီးတခု ထင်မြင် ပေါက်ရောက်ပါမှလည်း၊ ဒုက္ခ အချက်ကောင်းကြီးတို့လည်း ထင်မြင်ပေါက်ရောက်လာနိုင်ကြကုန်ရာ၏။ **ထင်မြင်ပေါက်ရောက်လာပုံကား၊** ဤလောကကြီးမှာ အိုဘေး ဒုက္ခထက် နာဘေးဒုက္ခကကြီးသည်၊ နာဘေးဒုက္ခထက် သေဘေးဒုက္ခကကြီးသည် ဟု အများဘဲသိရှိနေကြသည့်အထဲမှာ၊ရောဂါစသည်အတွက် တဖြေးဖြေး မှ သေရသည်ထက် အလျင်မြန် သေရသည်က ဘေးဒုက္ခကြီးသည်။

အလျှင်အမြန် သေရချက်တို့တွင်လည်း တုတ်ရိုက်ခံ၍ သေရသည့် ဒုက္ခထက် ထား, လှံ, သေနတ်စသည်နှင့် တချက်ထည်း ခုတ်-ထိုး-ပစ်သတ်၍၊ ဆတ်ကနဲ သေရသည့် ဒုက္ခကကြီးသည်။ ၎င်းထက် အရိုး အသားတွေ တချက်ထည်းနှင့် ကြေမွသွားအောင် မောင်းခွက်ကြီးထဲ သွင်းပြီးလျှင် တချက်ထည်းနှင့် ဘွပ်ကနဲထောင်းချေ၍ သေရသည့်ဒုက္ခကကြီးကျယ်လှသည်။၎င်းထက် ပန်းဘဲလုပ်သည့် ပေပေါ်မှာ ပြေးသွားနေရှာသည့် ပရွက်ဆိတ်ကလေးတွေကို တူမကြီးနှင့် အားကုန်ထုနှက်လိုက်ရာ၊အရိုး,အသားများကိုတောင် ရှာမရဘဲ၊အစိုရာကလေးမျှသာ ကျန်ရှိပါသော ဘေးဒုက္ခကြီးက၊ ရှေ့ကပြပြီးသား အဆင့်ဆင့် တိုးတက်ပြင်းထန် ကြီးမားသော သမ္မုတိမရဏ သေဘေးဒုက္ခကြီးများကို သူငါအများပင် သိမြင်ထင်ရှားနေကြသော ဒုက္ခကြီးများထက်၊ရုပ်နာမ်ပရမတ်တိုင်းတို့၏ အစ·အလယ်အဆုံး သုံးပါးလုံးတို့မှာ လောင်မြိုက်လျက် အမြဲပါနေသောဇာတိမီး,ဇရာမီး,မရဏမီးတို့အတွက် အနိစ္စဘေးကြီးတွေနှင့် သေသေ လိုက်နေရသော ရုပ်နာမ်ပရမတ် အစစ်တို့ကား၊ယခင်က ပရွက်ဆိတ်သေရ သလို၊ အစိုရာကလေးမျှ မကျန်ရဘဲ၊ လက်ဖြစ် တတွက် ခဏခြင်းထဲမှာ ကုဋေ ငါးထောင်ကျော်မကသော၍၊ ချက်ခြင်းဘဲ ငုတ်တုတ် ဖြုတ်ကနဲ- ဖြုတ်ကနဲ ပျောက်ပျောက်သွားအောင် သေဘေးအဆိုးဆုံးကြီး သင့်သင့် လိုက်နေကြရသည့် ဘေးဒုက္ခတွေထက် ကြီးကျယ်လှသော ဒုက္ခမည်သည်၊ ဤလောကကြီးအတွင်းတို့အထဲမှာ နဲနဲမျှမရှိဟု ဤသေဘေးအနိစ္စကို ထင်မြင်ပေါက်ရောက်သူ ယောဂီဖြူတို့သည်၊ဤသေဘေးဒုက္ခကြီးဘက်ထဲသို့၊မိမိတို့ဉာဏ်ကို နဲနဲကလေး ငဲ့ကာ-ငဲ့ကာ ရှုရှုပေးလိုက်ပါမူ၊ အများသူတို့ပင် ဤဒုက္ခလက္ခဏာကြီးကို ထင်မြင်ကြနိုင်ရာသော ပါဠိကို ပြရမှာကား။—

**အနိစ္စတာ စ နာမေ သာ မရဏံ၊ မရဏတော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ။ ။**

ဩသာအနိစ္စတာစနာမ၊ ဤမမြဲသောအဖြစ်မည်သည်လည်း။မရဏံ၊အငွေ့အသက်ကလေးမျှ မကျန်ရအောင် သေရခြင်းပင်ဘည်း။ မရဏတော၊ သေရခြင်းထက်။ ဥတ္တရိ၊ သာလွန်ပိုကဲသော။ဒုက္ခံနာမ၊ ဆင်းရဲဒုက္ခတွေ့ကြုံရခြင်းမည်သည်။ နတ္ထိ၊မရှိ။ ။ဟု သံယုတ်အဋ္ဌကထာ မိန့်မှာတော်မူတိုင်းကိုသာ၊သူငါစသော လောကကြီးတွေအတွင်းမှာ ကြောင်ကြောင်ကြီး ထင်လင်း လာအောင်သာ ဉာဏ်သွင်းကာ ပုံဖြင် အစားစားနှင့် ဟောကြားရသည့် အလုပ်ကို၊ ဉာဏ်တုတ်သူတို့လည်း သိရှိတော်မူကြပါစေသတည်း။

ဤသို့-ပြဆိုခဲ့ပြီးသည့် အတိုင်း သေပျောက် ပျက်ဆုံး၍ လိုက်နေကြသော အနိစ္စအချက်ကြီးကိုထင်မြင်ကြသူ ယောဂီပုဂ္ဂိုလ်တို့မှာ၊ ဒုက္ခအချက်ကိုသာ ထင်မြင်လာနိုင်ရုံမျှ မကသေး၊ အနတ္တ အချက်တို့ကိုလည်း ထင်မြင်ပေါက်ရောက်လာနိုင်သေး၏။ **ထင်မြင်ရပုံကား၊** အနတ္တပုဒ်အရကို **အနှစ်သာရမဟုတ်၊ အစိုးမရ၊ အလိုသို့မလိုက်**ဟု မြန်မာပြန်ကြသည့် အနက်အဓိပ္ပါယ်အရကို ပြရမူ၊ သဘောအမှုအရာမျှ ကလေးတို့သာ ဖြစ်နေကြသော ရုပ်နာမ်အစစ်တို့၏ အနိစ္စအချက်နှင့် ပျက်ပျက်လိုက်နေသည်ကို၊ ထိုထို အကောင်အထည်တို့ အတွင်းသားတွင် အတပ်ထင်မြင် ရသဖြင့်၊ အနှစ်မရှိ၍သာ ခဏခြင်း ပျက်ပျက်- ပျက်ပျက် လိုက်နေရသည် ဟူ၍လည်း သိရ၏။ တဖန်- ခဏခြင်း ပျက်ပျက် လိုက်နေရသော ကြောင့် အနှစ်မရှိဘူးဟူ၍လည်း သိရပြန်၏။ ။ခိုင်မြဲနေအောင် အာဏာပေးဘို့ အစိုးမရကြလို့သာ ခဏခြင်းပျက်ပျက်လိုက်နေရသည် ဟူ၍လည်း သိရ၏။တဖန်- ခဏခြင်း ပျက်ပျက် လိုက်နေရကြသောကြောင့်လည်း၊မပျက်ရအောင် ငုံနိုင်သမျှ အမိန့်အာဏာပြုလို့လည်း အစိုးမရဘူး ဟူ၍လည်း သိရ ပြန်၏။ ဘယ်လိုပင် တောင်းပန် ခယ ပြုပြင် ပေးကြသော်လည်း မိမိတို့အလိုသို့ ရည်ရွယ်တိုင်းမလိုက်ကြလို့သာ၊ ခဏခြင်းပျက်ပျက်လိုက်နေရသည်ဟူ၍လည်း သိရ၏။ တဖန်-ခဏခြင်း ပျက်ပျက်လိုက်နေရကြသောကြောင့်၊ တောင်းပန်ခယ ပြုပြင်ပေးကြလို့လည်း မိမိတို့ ရည်ရွယ်တိုင်းမလိုက်ကြဘူးဟူ၍လည်း သိရပြန်၏။ ဤသို့ အနိစ္စ အချက် အပျက်ကို ထင်မြင်သူတို့၊ ၎င်း **အပျက်နှင့် တွဲဘက်၍ရှုပုံကား၊**။—

**ပျက်၍- အနှစ်မရှိ၊ အနှစ်မရှိ၍- ပျက်၊** ပဌမအချက် အနက်အရတည်း။

**ပျက်၍- အစိုးမရ၊ အစိုးမရ၍-ပျက်၊** ဒုတိယအချက် အနက်အရတည်း။

**ပျက်၍- အလိုသို့ မလိုက်နိုင်၊ အလိုသို့ မလိုက်နိုင်၍- ပျက်** တတိယအချက် အနက်အရတည်း။

ဤအနတ္တလက္ခဏာကြီးတို့ကို ကွက်ကွက်- ကွင်းကွင်းကြီး ထင်မြင်ကြစရာ ကျမ်းဂန်ပါဠိကို ပြရမှာကား၊—**အနိစ္စ သညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ**။ ။ဘိက္ခဝေ၊ဒိုချစ်သားတို့။ အနိစ္စသညိနော၊ အနိစ္စသညာကို ထင်မြင်ပေါက်ရောက်သောသူအား။ အနတ္တ သညာ၊ အနှစ်ဘလာ အကာမျှမရှိသော အနတ္တသညာသည်။သဏ္ဌာတိ၊ ယောဂီ

ဉာဏ်မှာ တည်ထွန်းပေါ်ပေါက်လာနိုင်၏။ ။ဟု-အဂ်ုတ္တိုရ် ပါဠိတော်မှာ၊ ဘုရားဟောတော်မူတိုင်းကိုသာ၊ သူငါစသော လောကကြီးတွေအတွင်းမှာ ကြောင်ကြောင်ကြီး ထင်လာအောင်သာ ဉာဏ်သွင်း၍ ပြအပ်ပါသည်။ကိုယ့်အထင်နှင့်သာ ကိုယ်မှန်း၍ အရမ်းရေးတာ မဟုတ်ဟု ဉာဏ်တုတ်သူတို့လည်း သိရှိတော် မူကြပါစေသတည်း။ ။ဤသို့- ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း အနိစ္စအချက်တခုကို ပျက်ပျက် ထင်ထင် အဟုတ်မြင်ပါမူ၊ဒုက္ခ အချက်, အနတ္တအချက်ကြီးတို့လည်း ပြီးစီးအောင်မြင်နိုင်သောကြောင့်၊ဝိပဿနာအလုပ်ကို အဟုတ်စင်စစ်ကြီး အားထုတ်ပြီး,အားထုတ်ဆဲ,အားထုတ်လတ္တံ့သော ရှင်လူအများ ယောကျ်ား,မိန်းမတို့မှန်က၊ မိရိုးဘ,လာ နည်းအရနှင့် ဉာဏ်အမြင်မရှိကြဘဲ၊ ပါးစပ်ထဲကသာ **အနိစ္စ-ဒုက္ခ-အနတ္တ**။ ။**အနိစ္စ-ဒုက္ခ-အနတ္တ**ဟု တဆက်ထည်းသာ ရွတ်နေကြသည့် **ရွတ်ဘတ်သနာ ဘာဝနာ**ကိုသာ အခါခါ မပွါးများကြစေဘဲ၊ ဤသဝိညာဏက,အဝိညာဏက လောကကြီးတို့၏အတွင်းသားတို့ ပျက်ပျက်လိုက်နေသော **အနိစ္စ**အချက်ကြီးကိုဖြစ်စေ၊ သို့မဟုတ် ဇာတိ,ဇရာ မရဏ-တေဇော စသော မီးဘေးကြီးတွေ သင့်၍ ဘေးဒုက္ခကြီးတွေ အဆင့်ဆင့်ရောက်နေကြသော **ဒုက္ခ**ဘေးအချက်ကြီးကိုဖြစ်စေ၊ သို့မဟုတ် ဤဘေးဒုက္ခကြီးတွေသင့်၍ အဆင့်ဆင့်သေနေရသော သဘာဝကလေးတွေကို မအိုမနာ- မသေရကြဘို့ အာဏာအမျိုးမျိုးပေးလို့လည်း **အစိုးမရ**၊တောင်းပန်ခ, ယလို့လည်း **အလိုသို့ မလိုက်**ကြဘဲ၊ အနှစ်သာရ နဲ့နဲ ကလေးမျှ မရှိကြသည့် **အနတ္တ**အချက်ကြီးကို ဖြစ်စေ၊ မိမိတို့ ဉာဏ်မှာ ထင်ရှားစွာ ထင်မြင်လာသော လက္ခဏာရေး တခုခုကိုသာ ဂရုစိုက်ပြီး အားတိုက်ကြီး ပွါးများလိုက်ပါမူ၊ ကြွင်းလက္ခဏာရေး ၂-ပါးတို့သည် ဝိပဿနာဉာဏ်အစဉ်မှာ ထင်မြင်ပေါက်ရောက်လာနိုင်ကြောင်းကို ပါဠိမတောင်းဘဲပင် အဂ်ုတ္တိုရ် အဋ္ဌကထာတွင်။—

**ဧတေသု တီသု လက္ခဏေသု ကေသ္မိံ ဥဋ္ဌေ ကုတရဒွယံပိ ဥဋ္ဌမေဝ ဟောတိ။**

ဧတေသု တီသု လက္ခဏေသု၊ ဤ ၃-ပါးသော လက္ခဏာရေးတို့တွင်။ ကေသ္မိံ၊ တပါးပါးသော လက္ခဏာရေးသည်။ ဥဋ္ဌေ၊ ထင်မြင်ပေါက်ရောက်သည်ရှိသော်။ကုတရဒွယံပိ၊ဤအစဦး ထင်တာမှ တပါးသောလက္ခဏာရေး ၂-ပါးသည်လည်း။ ဥဋ္ဌမေဝ၊ ထင်မြင်ပေါက်ရောက်နိုင်တော့သည်သာလျှင်၊ ဟောတိ၊ဖြစ်၏။ ။ဟု-ထင်ထင်ရှားရှား မိန့်ကြားတော်

မှုသည့်အတိုင်း အပျက်စသည် မထင်မြင်ဘဲ၊ ပါးစပ်ထဲကသာ ရွတ်ဆို နေကြသည့်**ရွတ်ဘတ်သနာ ဘာဝနာ**တရားတို့ကို ပယ်ရှား၍၊ ဝိပဿနာ တရားအစစ် တခုခုတို့ကိုသာ ပွါးများကြလေဟု ဝိပဿနာ အလုပ်ကို အားထုတ်ပြီး, အားထုတ်ဆဲ, အားထုတ်လတ္တံ့ သောသူတို့ အချင်းချင်း တို့ကိုသာ ပြောဟောကြ နှိုးနှော်ကြလေ။ နဂိုရ်ရင်းကိုက ဘိတ်ဘိတ်သား အားမထုတ်လိုကြသူများကိုတော့ ယခုလို **ရွတ်ဘတ်သနာ ဘာဝနာ** သာ ဖြစ်သည်ဟု စသည်ဖြင့် နှိပ်သယောင်ယောင် ရှိသော စကားမျိုးများကို မဟောကြားကြလေနှင့်။ နွားထုံ,နွားပျင်းကို ရှေ့သို့တက်အောင် ကြိမ်တို့ သောအခါ၊နောက်ကို ခြေနှင့် ကန်ရုံသာမက ဘေးကိုလည်း ဖွဲ့ရုန်းတတ် ကြသလို၊ မောင်ပျင်း, မောင်ဖျင်းတို့ကို ကောင်းစေလို၍၊ မိရိုး- ဘ, လာ အတိုင်း မဖိပ်ကြနှင့်ခဲ့သို့ချင်၊ မတော်မတဲ့ စကားဖြင့် ဘေးကိုဖွဲ့- နောက်ကိုကန်၊ ကလန် ကဆန်စကား ပြောကြားရုံမက ကရုဏာရှင် တို့က ပြောဟောသမျှ အလုပ်အစဉ်တို့ကို ဖျင်းလှ၍လည်း မမှတ်မိ။ ပျင်းလှ၍လည်း အားမထုတ်မိကြဘဲ၊ ပေါ့လိမ့်နိုးနိုး မျောက်ဆေးထိုးရာ မှာ ဆေးအတွက်လေးရှာသည့်ပမာလို၊ ကောင်းအောင်ပြောဟောသည့် အတွက် သာလျှိုပင် ခက်နေတတ်ကြလှသည့် အချက်များတို့ကြောင့်၊ ထို မိရိုး ဘ,လာ- ပုတီးစိပ်သူတို့ အားတက်ရန် ကြံဖန်၍ ပြောဟောရ ပုံကား၊—

သမထနယ်က အားထုတ်လိုကြသော သမ္မာဆန္ဒလည်း ဇောက္ခမရှိလှ ဘဲ၊ ဒိပ်ပျော်နေတုန်း အထဲမှာ ဘီလူးကြီးဆွဲခါမှ သူငယ်ကလေးက **နမောဗုဒ္ဓဿ** ဟု ကစားရင်း အရွတ်များလှ၍ ယောင်ရမ်းပြီး ရွတ်ကြား လိုက်ထာတောင်၊ ဗိမ္ဗိသာရမင်းကြီး၏ စားတော်ထမင်း, ဟင်းနှင့်တကွ ရွှေခွက်ကြီးပါ သူငယ်ခြေကို ဆွဲမိသောဘီလူးက ပူဇော်ကန်တော့လာ သည်ကို အပူဇော်ခံရသော ရာဇဂြိုဟ်ပြည်သား ထင်းခွေယောကျ်ား၏ သား သူငယ်ကလေး၏ ဝတ္ထု၊ သက်သေများကို ထောက်ထား နှိုင်းစာ ဆင်ခြင်ပါမူ၊ ယခုအခါ မိရိုးဘ,လာ အတိုင်း **အနိစ္စ-ဒုက္ခ-အနတ္တ** ဟု ရွတ်ဆို၍ ပုတီးစိပ်ကြလိုသူတို့ကား၊ရွတ်ဆိုသောဘာဝနာသည်ဝိပဿနာ နယ်ထဲကလည်းဖြစ်၊ အားသစ်လိုသော ကုသိုလ်သမ္မာဆန္ဒ ကောင်းတို့က လည်း ရှိကြ၍၊ မျက်မှောက် အကျိုးမှာ ရွှေခွက်မျှမက စိန်ခွက်တွေနှင့် နတ်သြဇာတွေထည့်ပြီး သိကြားမင်းကြီး ကိုယ်တိုင် အပူဇော် လာနိုင် သည်ကို၊ ခံထိုက်-ရထိုက်ကြပြီး သံသရာခရီးမှာလည်း ယခင်က သမထ

နယ်ထက် ကြီးကျယ်စွာသော အကျိုးများကို ခံစားထိုက်လှ ကြပါ၏၊ နေ့တိုင်း ပုတီးစိပ်ဖြစ်ကြအောင် အဓိဋ္ဌာန်ထားကြပြီး ပုတီးပတ် များများ ကြီး ရအောင် ကြိုးစား၍ စိပ်တော်မူကြပါဟု အားပေးကူညီကြပါလေ။ မိရိုးဘ,လာစိပ်နည်းကိုစိပ်သွားရ၍ အားတက်လာကြတော့မှ၊ ရှေ့ကိုဆက်၍ တက်၍ ဟောပြောကြပါလေ။ သို့မဟုတ်နဲ့၊ ပါးစပ်ထဲကသာ တတွတ်တွတ် ရွတ်ကြသည့် **ရွတ်ဘတ်သနာ ဘာဝနာ** သမားများဟာ ဘာဟုတ် မလဲဟု နှိပ်နှင်းခြင်းကို မပြုကြဘဲ၊ လယ်ယာများကို စည်းစံနှစ် တို့နှင့် မထွန်တတ်သူတို့ လယ်ယာထဲက မတက်ဘဲ ထွန်ချင်သမျှ ထွန်နေကြသော ထွန်ချောင်းရာတို့ဟာ ဤလယ်ယာထဲက ဘယ်ကိုမျှ မသွားကြဘဲ၊ လယ်ယာထဲတွင်သာ မြေတွေကြေညက်နေရာသကဲ့သို့၊ စိတ်အားသန်သန်နှင့် ကျင့်ကြံ ပုတီးစိပ်သမျှတို့ စည်းစံနှစ်တို့နှင့် အချက်မကျပေမဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော ဝိပဿနာ လုပ်ငန်းနယ်ထဲက တခြားဘက်သို့ မတက်ကြဘဲ၊ ရွတ်ချင်သမျှ ရွတ်နေကြသော **ပုတီးစိပ် ထွန်ချောင်းရာ ကုသသာတို့၊ ဘယ်ကိုမျှ မသွားကြဘဲ၊ မိမိဘို့ကိုယ်ပိုင်ပစ္စည်း အစစ်ကြီး ထဲသို့သာ အဝင်အပါ ဖြစ်ကြပါသတည်း** ဟု အားပေးကူညီခြင်းကိုသာ ပြုကြပါလေ ယောဂီမြတ်တွေတို့။

[ဤကား၊ သမ္မသနဉာဏ်အရကို အကျဉ်းမျှ ပြချက်ပါတည်း။ အကျယ်ကိုသိလိုသေးမူ၊ ငါတို့ ရေးထုတ်လိုက်သော ဝိသုဒ္ဓိ ကျင့်စဉ်စာအုပ်, ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ် စာအုပ်တို့မှာ ကြည့်ရှုကြပါလေ။]။ ။သမ္မသနဉာဏ်စခန်း ဤတွင် နိဋ္ဌိတံ။

## (၂၉) ဥဒယဗ္ဗယဉာဏ်အရကိုခြေလှမ်းစသည်နှင့် ဟောပြပြီးနောက် ညဉ့်ချမ်းချောက်သည့်အခါ ကိုယ်တိုင် စင်္ကြံနှင့်သွားပြပုံ

ရှေ့က ပြအပ်ခဲ့ပြီးသော သမ္မသနဉာဏ်က လက်အမူအရာ,ကိုယ်အမူအရာပျက်နှင့်တကွ၊နာမ်ပျက်တို့ပါ ထင်မြင်ကြပြီး၍၊ဥဒယဗ္ဗယဉာဏ်များကို အားထုတ်လိုသော ယောဂီပျိုအများ ယောကျ်ား, မိန်းမ၊ ရှင်, ရဟန်း စသည်တို့ အစွဲအမြဲ မှတ်ယူထားကြဘို့ လိုရင်းဆုံး အချက်ကြီး တို့ကား ခပ်သိမ်းသော ရုပ်နာမ် ခေတ်ကလာပ် ပရမတ်အစစ်တို့သည်၊အထည်ဒြပ် မပါ၊ ကိရိယာ အမူအရာ သဘောမျှကလေးတွေ သက်သက်သာ ဖြစ်နေကြကုန်၏။ ထို့ကြောင့် ထိုထို အကောင်, အထည်တို့မှာ အမူ အရာ

တမျိုး တမျိုးဖြစ်ပေါ်မှုသည် ရုပ်တမျိုးတမျိုး၊နာမ်လည်း တမျိုး တမျိုးတို့သာလျှင် ဖြစ်ပေါ်မှု။ ဝါ၊**ဥပဒ်မှု**။ ဝါ၊**ဥဒယမှု**တို့ပင်တည်း။ထိုထိုအကောင်အထည်တို့မှာ အမှုအရာ တမျိုးတမျိုး ကွယ်ပျောက် မှုသည်လည်း ရုပ်တမျိုးတမျိုး၊ နာမ်လည်း တမျိုးတမျိုးတို့သာလျှင် **သေပျောက်မှု**။ဝါ၊**ဘင်ချုပ်မှု**။ဝါ၊**ဝယမှု**တို့ပင်တည်းဟု ဤအချက်ကြီးများကိုသိ,ကြားနားလည်ကြစေခြင်းအကျိုးငှါ။   ။**ထိုထိုအမှုအရာ၊ဖြစ်,ပျက်ဟာ၊ခန္ဓာဖြစ်,ပျက်မှု၊အစစ်ရှု**ဟု ဆောင်ပုဒ်တို့မှာ ရေးထုတ်လိုက်ပါသည့်အတိုင်း၊ခြေတလှမ်းတလှမ်းတို့မှာ တခါပျက်စိကစ၍ စင်္ကြံနှင့်ရှုကြည့်ကြ,အားထုတ်ကြတိုင်းတို့၏ အစ-အစ တိုင်းတို့မှာရပ်လျက်၊ရှေ့ကရေးပြအပ်ခဲ့ပြီးသည့်အတိုင်း အတွင်းသား ဓာတ်ကြည်တို့ တေဇောမီးအတွက် အရွေ့အထား မခံနိုင်ချက်များကို ထင်ရှားအောင် ရှုကြည့်ပြီးမှ၊ ထိုထို ညာလှမ်း, ဘယ်လှမ်း အမှုအရာ အသစ်အသစ် ဖြစ်ကြ၍၊ မိမိကိုယ်ကောင်ကြီး ရှေ့ဘက်သို့တက်တက်သွားမှု။ဝါ၊အသစ်အသစ်ဖြစ်ဖြစ်သွားမှု။**ဥဒယနက်ကိုကား** မိမိတို့မျက်စိနှင့်ပင် ဒိဋ္ဌထင်မြင် ထင်မြင်လိုက်ချက်နှင့်ရှုကြ။ ထိုထို ညာလှမ်း, ဘယ်လှမ်း အမှုအရာ ဟောင်း၊ ရုပ်နာမ် ဟောင်းတွေ နောက်ဘက်က ပျက်ပျက်-ပျောက်ပျောက်လိုက်နေမှု။ ဝါ၊ အမှုအရာဟောင်းတွေ မရှိမရှိလိုက်နေမှု**ဝယနက်ကို**ရှုရှုလိုက်ရန်။မိမိတို့ဉာဏ်ကို နောက်ကျောဘက်က စိုက်ထားကြလျက်၊ ညာလှမ်း ဘယ်လှမ်း အမှုအရာ ပျက်ချက်ကိုသာ ကြည့်ကြည့်-သိသိကြပြီး၊**ဤစင်္ကြံအလင်ကြီးနှင့် အားထုတ်ကြရပုံကား**၊-

ထိုရပ်နေရာမှ ညာခြေကို လှမ်းလိုက်ကြသော အခါ၊ ညာခြေလှမ်း အစမှာ ရှေ့၌ မရှိဘူးကြကုန်ဘဲ၊ ယခုမှအသစ် ဖြုန်းကနဲ ဖြစ်ပေါ်လာကြသော တကိုယ်လုံး၌ ဓာတ်ကြည်,ကလာပ်ကြည် အစုကြီးတို့သည်၊ရှေ့သို့ အမှုအရာအသစ် ဖြစ်ဖြစ်တက်လာသည်ကို မျက်စိနှင့်လည်း မြင်ရ၏။ ထို အမှုအရာ အသစ်ပြောင်းသမျှ နောက်ပိုင်းက အမှုအရာ ဟောင်းတွေ မရှိ ကွယ်ပျောက် အနိစ္စရောက်ရောက် လိုက်နေချက်ကိုကား၊ ဉာဏ်နှင့်သာ သိသိလိုက်နေကြသည့် ဉာဏ်တွေနှင့်တကွ၊ ၎င်းညာခြေလှမ်း အချတွင် အကုန်လုံးတို့ ဖြုန်းကနဲ သေဆုံး ပျောက်ပျက်ရကုန်၏။ တဖန်-ဘယ်ခြေလှမ်းအစတွင်လည်း ရှေ့၌မဖြစ်ဘူးကုန်ဘဲ၊ယခုမှအသစ်ဖြုန်းကနဲဖြစ်ပေါ်လာကြသော တကိုယ်လုံး၌ ဓာတ်ကြည် ကလာပ်ကြည် အစုကြီးတို့သည်လည်း၊ရှေ့သို့အမှုအရာ အသစ်ဖြစ်ဖြစ်တက်လာသည်ကို မျက်စိနှင့်လည်း မြင်ရ၏။ထိုအမှုအရာအသစ်ပြောင်းသမျှနောက်ပိုင်းက အမှုအရာဟောင်း

တွေ မရှိကွယ်ပျောက်အနိစ္စရောက်ရောက်လိုက်နေချက်ကိုကား၊ဉာဏ်နှင့်သာ သိသိလိုက်နေကြသည့် ဉာဏ်တွေနှင့်တကွ၊ ၎င်းဘယ်ခြေလှမ်းအချတွင် အကုန်လုံးတို့ ဖြုန်းကနဲသေဆုံး ပျောက်ပျက် ရကုန်၏ဟု ဉာဏ်မိအောင် ဖြေးဖြေး,ဖြေးဖြေးလှမ်း၍မကြာမကြာ အခါခါရှုကြည့်ကြပါလေ။ [ဤရှုနည်းကား၊ ခြေလှမ်းအစက ဖြစ်ကြရသော ရုပ်နာမ်တို့၏ ဖြစ်မှု **ဥဒယ**ကိုရင်း၊ထိုခြေလှမ်းအဆုံးတွင် ပျက်ကြရသော ရုပ်နာမ်တို့၏ပျက်မှု **ဝယ**ကိုရင်း ရှုကြည့်ရသောနည်းဖြစ်၍၊၎င်းအချက်တို့ကို ထင်မြင်-ထင်မြင်လိုက်သော ဉာဏ်ကို **ဥဒယဗ္ဗယဉာဏ်**ဟု ဆိုအပ်လေသတည်း]။ ။ဤအချက်ကို ထင်မြင်ပေါက်ရောက်လွယ်အောင်၊ ရှေးကပြခဲ့တိုင်း လေ့လာခဲ့သော ယမ်းစနက်မီးမှာ ယမ်းသစ်နှင့်မီးသစ်ပြောင်းလျှင် ယမ်းဟောင်းနှင့်မီးဟောင်းတို့ တထောင်းထောင်း သေပျက်လိုက်ချက်ကို ဉာဏ်သက်နိုင်သကဲ့သို့၊ ယခု စင်္ကြံနှင့်အားထုတ်ရာမှာလည်း၊ အမူအရာ အသစ်နှင့်ရုပ်နာမ်သစ်တွေပြောင်းလျှင် အမူအရာဟောင်းနှင့် ရုပ်နာမ်ဟောင်း တွေလည်း ပျက်ပျက်လိုက်ချက်ကို ထင်မြင်လွယ်အောင်၊ ယခု စင်္ကြံသွားသောဘေးနားက စနက်ယမ်းမီးတောက်ကြီးပျက်စီး၍ လိုက်နေမှုအတုထားပြီးရှုစားကြရန် အချက်များကို **စနက်ယမ်းမီး၊ ပမာဒိုးကား၊ သူ့ထက်ငါ-လောင်း**၍ ပြေးရှာဟု ဆောင်ပုဒ်မှာ ရေးပြအပ်ပါသတည်း။

တနည်းလည်း၊ ရှေးကပြခဲ့တိုင်း၊ သဲချောင်း အမူအရာသစ်နှင့် သဲသစ်ပြောင်းလျှင်၊သဲချောင်းအမူအရာ ဟောင်းနှင့် သဲဟောင်းဟူသမျှတို့၊ကျကျလိုက်ချက်ကိုလည်း ဉာဏ်သက်နိုင်သလို၊ကိုယ်အမူအရာပျက်ကို ထင်မြင်လွယ်အောင်၊ အောက်က ဖေါက်ထားသော သဲဇိတ်ကြီးကို လွယ်ပြီး၊ သဲချောင်းနှင့် လူတို့ အတွင်းသားအမူအရာဖြစ်ပျက် တူလှချက်ကို ရှုကာရှုကာ စင်္ကြံသွားလိုက်ကြပါမူ၊ မကြာခင် ခြေဘလှမ်းတလှမ်းမှာ တခါပျက် အနိစ္စကို ထင်မြင်ကြကုန်ရာ၏။ ။ဤအနိစ္စ အချက်မှာ ယုံကြည်နိုင်ရာသော သက်သေကို ပညာရှိကြီးတွေကိုတောင် မေးမြန်းရှာဖွေ မနေရပါ။သူငယ်များကိုပင် မေးမြန်းငြားက၊ထင်ရှားအောင် ဖြေရှင်းနိုင်ကြကုန်ရာ၏။ **ဖြေရှင်းပုံကား**။ ။အမောင်သူငယ်—ညာခြေလှမ်းအမူအရာဟာ၊ ဘယ်ခြေလှမ်း အမူအရာ ဖြစ်ကဲ့လားဟူ၍၎င်း၊တဖန်–ဘယ်ခြေလှမ်း အမူအရာကလည်း၊ ညာခြေလှမ်း အမူအရာ ဖြစ်ကဲ့လား ဟူ၍၎င်း မေးမူ၊ မဟုတ်ဘူးဗျို့ တမျိုးစီဟု ဖြေပေလတ္တံ့။သိလည်း သိကြပေလတ္တံ့။တဖန်-၎င်းအမူအရာတို့ ၂–ချပြိုင်၍ဖြစ်လေသလားဟု မေးပြန်မူ၊မဖြစ်နိုင်ဘူးဗျို့

တချဖြစ်ပြီးမှ တချဖြစ်သည်ဟု အမေးခံရသည့် သူငယ်တို့က ဖြေကြပေလတ္တံ့။ သိလည်း သိကြပေလတ္တံ့ သတည်း။ ၎င်းသူငယ်တို့ ဖြေချက်သဘောအရ၊ ညာခြေလှမ်းအမူအရာမှာ ထင်ရှားစွာ ဖြစ်ကြသော ရုပ်နာမ် အစုတို့သည်၊ ဘယ်ခြေလှမ်း အမူအရာမှာ ထင်ရှားစွာ ဖြစ်ကြသော ရုပ်နာမ်အစုတို့ မဟုတ်ကြဟူ၍၊ပဌမ သက်သေခံချက် အရပေတည်း။တချ ဖြစ်ပြီးမှ တချဖြစ်သည်ဟုဆိုသော နောက်စကားအရဖြင့်၊ ရှေ့အမူအရာမှာ ထင်ရှားစွာ ဖြစ်ကြသော ရုပ်နာမ်အစုတို့ ချုပ်ပြီးမှ၊ နောက် အမူအရာတည်းဟူသော ရုပ်နာမ်စုဖြစ်ပေါ် ကြသည်ဟူ၍ သက်သေခံမှု ကိစ္စစုတို့ ပြီးစီးကြသည်သာတည်း။ ဤကဲ့သို့ကလေးများပင် မိမိတို့ဉာဏ်နှင့် ပိုင်ပိုင် သက်သေ ခံနိုင်လောက်အောင် ရှေ့ကပြခဲ့သော အချက်တွေနှင့်လည်း ရုပ်နာမ်အမူအရာ အစစ်တို့ အသစ်ပြောင်းတာကို တွေ့ပါမှု၊ အဟောင်း ပျက်တာတို့ကိုလည်း ကွင်းပြင်ကြီးတွင် ဆင်ပြောင်ကြီးကို မြင်ရသလို၊ အလွန်ပင်ထင်မြင်နိုင်ကြေကုန်ရာသော ဖါဠိကိုပြရမှာကား၊......

**ရူပဿ နိဗ္ဗတ္တိယာ ဒိဋ္ဌာယ တဿ ဘင်္ဂေါပိ ဒိဋ္ဌောယေဝ ဟောတိ၊ ဣတ္တရကာလတ္တာ။**

ရူပဿ၊ ရုပ်တရား၏။ နိဗ္ဗတ္တိယာ၊ အသစ်အသစ်ဖြစ်၍ တက်နေသည်ကို။ဒိဋ္ဌာယ၊ထင်မြင်ပေါက်ရောက် အပ်သည်ရှိသော်။တဿ၊ထိုရုပ်တရား၏။ဘင်္ဂေါပိ၊ ပျက်၍ ပျက်၍လိုက်နေမှုကိုလည်း။ ဒိဋ္ဌောယေဝ၊ ထင်မြင် ပေါက်ရောက်နိုင်တော့သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ကသ္မာ၊ အဘယ့် ကြောင့်နည်းဟူမူကား။ ဣတ္တရ ကာလတ္တာ၊ အရွှေ့အထားမခံကြ၊ တိုလှသော ကာလရှိသောကြောင့်တည်း။ ။ဟု–ဝိသုဒ္ဓိမဂ် မဟာဋီကာစကား အရကို တို့မြန်မာ စကားနှင့် သူငါတို့ ထင်ရှားအောင်သာ အကျယ်ကို ရေးပြရ ပါသတည်း။ ကိုယ့်အထင်နှင့် ကိုယ်မှန်း၍ အရမ်းရေးသည် မဟုတ်ဟု ဉာဏ်တုတ်သူတို့လည်း သိရှိတော်မူကြပါစေသတည်း။

[ဤခြေတလှမ်းမှာ တခါပျက်ကိုးနေ့ရက်တိုတို့နှင့် အားထုတ်လာသူများဖြစ်က၊တရက်မျှလောက်နှင့် ထင်မြင်အောင်အားထုတ်ကြစေပြီးမှ၊နောက်တရက် ကျတော့ ၂–ခါပျက်စီး၊ ၎င်း နောက်တရက်ကျတော့လည်း ၃– ခါပျက်စီး၊ ၎င်း နောက်တရက်ကျတော့မှ အမြန် ပျက်လိုက်နေကြသည့် ဘင်ဉာဏ် အချက်တို့ကို ကိုယ်တိုင် ညနေချမ်း အခါတို့မှာ ပြသပုံနည်း နိသျည်း တို့ကို နောက်ကဆက်၍ ရေးပြလတ္တံ့ ပေလိမ့်သတည်း။]

ယခု တဆက်ထည်း ဟောပြရဘို့ကား၊ ခြေတလှမ်းမှာ တခါပျက် အရနှင့် ရှေ့က ဟောပြခဲ့သည့် အတိုင်း၊ မိမိတို့ ကိုယ်ကောင်ကြီးနှင့် အပြည့်အပြည့်ရှိနေကြသော ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်အစစ်တို့သည်၊ ညာလှမ်း, ဘယ်လှမ်း အမူအရာဟောင်းတွေနှင့် တကွ၊ နောက်ပိုင်းက တထိုင်းထိုင်း ချုပ်ပျောက်လိုက်နေကြသည်ကို အဟုတ် ထင်မြင်ပေါက် ရောက်ကြပါမူ၊ **အကုန်း** အမူအရာပြောင်း။ **အကွေး**အမူအရာပြောင်း။**အထ** အမူအရာပြောင်း။ **အထိုင်** အမူအရာပြောင်း။ **အအိပ်** အမူအရာပြောင်း။ **အနေ**အမူအရာပြောင်း။**အသွား, အလာ**အမူအရာပြောင်း။ **အလှုပ်,အရှား** အမူအရာပြောင်း။ **အတွန့်, အသိမ်း** အမူအရာပြောင်း။ **အငုံ့, အစောင်း** အမူအရာပြောင်း။**ထွက်သက်, ဝင်သက်ဘို့**၊**အရှူ, အရှိုက်**စသော ထိုထို အမူအရာပြောင်းတိုင်းတို့မှာလည်း၊ထိုထို အမူအရာဟောင်းတို့နှင့် အပြည့် အပြည့်ရှိနေကြသော ရုပ်နာမ်ဟောင်းတို့သည်၊ထိုထိုအမူအရာတို့ ပျက်ကြသည်နှင့် တကွနက်၊ တချက်ထည်း တဖြုန်းဖြုန်းသေသေ၊ ဆုံးဆုံး-ချုပ်ချုပ်-ပျောက်ပျောက်၊ အနိစ္စရောက်ရောက် လိုက်ချက်များကို သတိထား၍၊အမူအရာ ပြောင်းတိုင်းတို့မှာ ရှုစားလိုက်ကြပါမူ၊ထင်ရှားစွာ ယောဂီမြတ်တို့ဉာဏ်မှာ ကြောင်ကြောင်ကြီး ထင်မြင် ပေါက်ရောက်ကြကုန်ရာ၏။ဝါ၊ ထင်မြင် ပေါက်ရောက်ကြအောင် အမူအရာ ပြောင်းတိုင်းတို့မှာ မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော အမူအရာ တမျိုးက တမျိုးသို့လှုပ်ရှားကြွရွ၍ ပြောင်းရွှေ့ကြပြီးနောက်၊ မလှုပ်မရှားဘဲ၊ **ကုန်းသည့်** အမူအရာစသည်တို့နှင့်၊ တကုန်းထဲကုန်း၊တကွေးထဲကွေး၊ တထထဲထ၊ တထိုင်ထဲထိုင်၊ တအိပ်ထဲအိပ်၊တနေ့ထဲနေ့၊တငုံ့ထဲငုံ့၊တစောင်းထဲ စောင်းနေကြသောအခါ စသည်တို့မှာကား၊ ထွက်သက်, ဝင်သက်တို့နှင့် တွဲဘက်၍ အနိစ္စ အချက်ကို ရှုကြပါလေ။ **ရှုပုံကား။** ။မိမိ ကိုယ်ကောင်ကြီး အလယ်ပိုင်း ရင်ဝ နံဘေးတို့မှာ စိတ်ကိုစိုက်ထား၍ ထွက်သက်ရှူသောအခါ၊ အလယ်ပိုင်း ကိုယ်ကောင်ကြီး **ရှုံ့ရှုံ့ငိုက်ချက်** အမူအရာပျက်တို့နှင့်ရင်း၊ ဝင်သက် ရှိုက်သောအခါ၊ ကိုယ်ကောင်ကြီး**မွှမွှ-မွှမွှလာချက်** အမူအရာပျက်တို့နှင့် ရင်းတွဲဘက်၍၊အမူအရာ အသစ်ပြောင်းတိုင်းတို့မှာ အဟောင်းတို့ပျက်မှု၊ ထင်ရှားသော သက်သေစုနှင့် ကြောင်ကြောင်ကြီး ထင်မြင်လာအောင် မကြာမကြာ အခါခါရှုကြပါလေ။

အာနာပါနသမထအလုပ်ကို အစက အားထုတ်သူတို့မိတ်ကို နှာသီးဝမှာထား၍ထွက်သက်,ဝင်သက်တို့ အချက်တိုင်းတို့ကို ဉာဏ်နှင့်သိအောင်, မိအောင် ဖမ်းရသည်။ ဤအာနာပါန အလုပ်က ဆက်လက်၍ ဝိပဿနာတက်လိုပြန်ကြမူ၊ ထွက်သက်, ဝင်သက် ဝါယောဓာတ်က ဆက်လက်ကြပြီး၊ ကရဇကာယတို့ကို ထင်မြင် အောင်ရှုပြီးမှ၊ အကြောင်းကိုသိမ်းဆည်း၍၊ အနိစ္စ စသော ဝိပဿနာအချက်ကြီးတို့ကို ရှုရသည်ဟူ၍ မှတ်ကြပါလေ။ ။ယခုငြိမ်သက်စွာ နေကြသောအခါတို့မှာ၊ အာနာပါနနှင့် အားထုတ်လိုကြပါသော ငါတို့လူစုမှာကား၊ ရုပ်နာမ်တရားတို့ကို ရှေးဝိပဿနာစခန်းက ဖြောင့်တန်းစွာပေါက်ရောက်ကြပြီးသား ဖြစ်သောကြောင့်၊ ဝါယောဓာတ်က ဆက်လက်၍ မတက်ကြရဘဲ၊ အမှုအရာ ပျက်နှင့်သာ ရှုကြရတို့ ပိုသောကြောင့်၊ ရင်ဝနံဘေးအရပ်မှာ စိတ်ထား၍၊ထွက်သက်, ဝင်သက် အမှုအရာပျက်ကိုသာ ဉာဏ်မိအောင် ဖမ်းကာ-ဖမ်းကာ အနိစ္စအချက်စုကို ရှုကြပါလေ။ ။**တစ်တွေတနည်းမှာ**၊ရှေ့ကပြခဲ့တိုင်း မလှုပ်မရှားဘဲ၊ ငြိမ်သက်စွာနေကြသော ဣရိယာ ပုထ်တိုင်းတို့မှာ ခြေလက်စသည်မလှုပ်ရှားစေဘဲ၊မျက်စိကိုမှိတ်ပြီး မိမိကိုယ်ကောင်ကြီးအတွင်းသို့ ဉာဏ်သွင်းလျက်၊ငြိမ်ငြိမ်သက်သက် အတန်ကြာအောင် ရှုကြည့်လိုက်ကြပါမူ၊ သွေးကြောတွေက တဒိတ်ဒိတ်တိုးကြ၍ အတွင်းသားအကုန်လုံးတို့ တရှန်းရှန်းပျက်စီးကာ လိုက်နေကြပါသည်ကိုရင်း၊ ဣရိယာပထသန္တာပ-ဓာတ်မီးတို့ အပြီးတိုင်လောင်မြှိုက်၍ အတွင်းသားတို့ အထဲမှာ ဟိုနေရာကလဲ,ကိုက်ကိုက်ခဲခဲ၊သည်နေရာကလဲ,ပိုးပိုးစစ်စစ်၊ ဒိုးဒိုးဒိတ်ဒိတ်၊ ရှိုးရှိုးရိပ်ရိပ်စသည်ဖြင့် ဖြစ်ချင်သလိုဖြစ်ကြချက် **ဥဒယ**ကို အကွက်ကျ ထင်မြင်နိုင်ကြပါမူ၊ ထိုထိုအမှုအရာ အချက်အလက်တို့နှင့် ပျက်ချင် သလိုပျက်လိုက်နေသော **ဝယ** အပျက်တို့ကိုလည်း၊ အကွက်ကျ ထင်မြင်နိုင်လာကြတော့၏ဟု စိတ်ယူစွဲ၍ မြဲမြဲကြီးမှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤ (၈) ရက်မြောက်နေ့ အခါက ဓာတ်အလုပ်များကို ပြောကြားပြီးနောက်၊ ညချမ်းသို့ ရောက်သောအခါ၊ စင်္ကြံနှင့် ကိုယ်တိုင်သွားပြစရာတို့ကား၊ ဤရှေ့က ရေးပြခဲ့သည့် အတိုင်း ခြေတလှမ်းမှာ တခါပျက်ကို တရက်လောက်နှင့်ပင် ထင်မြင်ကြအောင် အားထုတ်ကြစေပြီးမှ၊ နောက်တရက် ညချမ်းအခါမှာ ခြေတလှမ်း တခါပျက်ရှုနိုင်ကြသူ ယောဂီဖြူဟူသမျှတို့ အကုန်လုံးဘေးတိုက်၊ မိမိနှင့် တညီတညာထည်း စီတန်းနေစေကြပြီးမှ ရှေ့ကပေါက်ခဲ့ကြသည့်အတိုင်း၊မိမိတို့ အပေါ်ရှိ ပုံသဏ္ဌာန်

ပညတ်ကြီးတို့၏ အတွင်းသား ဓာတ်ကြည်တိုင်းတို့သည် တေဇောမီး အတွက်ကြောင့် အရွေ့အထားမခံချက်ကို ရှုကြည့်ကြကာ နောက်ကျောဘက်က ဉာဏ်စိုက်ထားကြပါလျက်၊ ညာခြေကို လှမ်းကြစေပြီးလျှင်၊ နောက်တဖန် ဘယ်ခြေကို နှုတ်ယူလာသော အမူအရာကြီးသည် ရှေ့သို့ လှမ်းထားပြီး ညာခြေထောက်နှင့် တဲ့တဲ့ရောက်သည့် အမူအရာ ပဌမ တခါပျက်ကိုသာ ကြပ်ကြပ်ကြီး ဂရုစိုက်၍ ရှုလိုက်ကြပြီး၊ ၎င်းရှေ့ညာခြေထောက်နှင့်တဲ့ရာမှ၊ ရှေ့သို့လွန်၍ချလိုက်သော ဘယ်ခြေလှမ်း၏ ဒုတိယ အမူအရာ ၂-ခါပျက်တို့ကို မိမိတို့ပကတိ မျက်စိ, ဉာဏ်မျက်စိတို့နှင့် ပြူးပြူးကြီးသိကာ ကြည့်ကာ ဘယ်ခြေလှမ်းကို ချကြကုန်ရာ၏။ ထိုနောက် တဖန် ညာခြေကိုလှမ်းပြန်သော အခါတို့မှာလည်း၊ ညာခြေကို နှုတ်ယူလာသော အမူအရာကြီးသည်၊ ရှေ့သို့လှမ်းထားပြီး ဘယ်ခြေထောက်နှင့် တဲ့တဲ့ရောက်သည့် အမူအရာ ပဌမတခါပျက်ကို အချက်ကျရှုပြီးမှ၊ ၎င်း ရှေ့ဘယ်ခြေထောက်နှင့်တဲ့ရာမှ၊ ရှေ့သို့ လှမ်း၍ ချလိုက်သော ညာခြေလှမ်း၏ ဒုတိယ အမူအရာ ၂-ခါပျက်တို့ကို၊ မိမိတို့ ပကတိမျက်စိ,ဉာဏ်မျက်စိတို့နှင့် ပြူးပြူးကြီးသိကာ ကြည့်ကာ၊ ညာခြေကို ချကြကုန်ရာ၏။ နောက်နောင်ဆက်လက်၍ လှမ်းသွားသမျှ၊ ဘယ်ခြေလှမ်း,ညာခြေလှမ်း တိုင်းတို့မှာလည်း ဤ၂-ခါပျက်နည်းနှင့်တူစွာ **နှုတ်သည့်အမူအရာတိုင်း ရှေ့ခြေနှင့်တဲ့သည့်အခါ ပျက်၊ ရှေ့ဆောင်သည့် အမူအရာတိုင်း ခြေချသည့်အခါ ပျက်ပျက်သိုက်ကြမှုကို** ရှုကာ- ရှုကာ၊ စစဦး ခပ်ဖြေးဖြေး စင်္ကြံသွားကြပါမူ၊ မကြာခင် ခြေတလှမ်းမှာ ၂-ချက်စီ ပျက်လိုက်နေတာ တို့ကို အချက်ကျ ထင်မြင်ကြရပေလိမ့် သတည်း။ ဤသို့ ၂-ချက်ပျက် ထင်မြင်ကြသည်၌၊ ခြေနှုတ်သည့် အမူအရာတို့ အစ-အဆုံး၊ (တနည်း) အဖြစ်အပျက်တို့ကို သိမှု-ရှုမှုသည်ပင်လျှင် ဥဒယ- ဝယတို့ကို ထင်မြင် ချက်-ရှုချက်တို့ပင်တည်း။ တဖန် ခြေကိုရှေ့သို့ဆောင်သည့် အမူအရာ အစ အဆုံး၊(တနည်း) အဖြစ်အပျက်တို့ကို ရှုမှုသည်ပင်လျှင် ဥဒယ–ဝယတို့ကို ထင်မြင်ချက်, ရှုချက်တို့ပင်တည်းဟု သိကြကာ၊ ခြေတလှမ်း တလှမ်းမှာ ၂-ခါစီ အဖြစ်အပျက်တို့ကို ထင်မြင်ကြရသည့် အတိုင်း ရက်မဆိုင်းဘဲ၊ တရက်ထည်းနှင့် ပေါက်ရောက်ထင်မြင်ချက် စွဲမြဲသွားအောင် အထူးကြိုး ဆောင် အားထုတ်ကြပါလေ။ ။ဤစင်္ကြံနှင့်သွား၍ အားထုတ်ကြသည့် အလုပ်မှာ၊ဤ ၂-ချက်ပျက်ဟာ အခက်ဆုံးပါတည်း။ ဤ ၂-ချက်ပျက်တွင် လည်း ခြေကိုနှုတ်သည်က ရှေ့ခြေနှင့်တဲ့သည့် အမူအရာပျက်ဟာ အခက်

သုံးပါတည်း။ ဤခြေနှုတ်သောအချက်ကို ဂရုစိုက်ပြီး၊ စိတ်ကိုလည်းတည်ကြည်အောင် ကြံဆောင်ရှုးစိုက်၍ စကြံနှင့် အားထုတ်လိုက်ကြပါလျှင်၊ မကြာခင် ၂-ချက် ပျက်စသည်တို့ကို ထင်မြင်ပေါက်ရောက် ကြပေလိမ့်သတည်း။ ဤသည်တို့ကား၊ ယောဂီများကို ကိုယ်တိုင်စင်္ကြံနှင့် သွား၍ပြချက်ကြီးပေတည်း။

(တနည်း)ဤ ရှေ့ကပြခဲ့သည့်အတိုင်း ခြေတလှမ်းမှာ ၂-ခါပျက်စီတို့ကို တရက်လောက်နှင့်ပင် ထင်မြင်အောင် အားထုတ်ကြစေပြီးမှ၊နောက်ရက် ညနေချမ်းအခါ၊ကိုယ်တိုင် စင်္ကြံသွား၍ ၃-ခါပျက်များကိုထင်ရှားအောင် ပြရမုံဘား၊- ရှေ့ကအတိုင်း ယောဂီများအားလုံးကုန် ဘေးတိုက်စီတန်း၍ နေကြစေပြီးမှ၊ ရှေ့ကပေါက်ရောက်ကြပြီးသည့်အတိုင်း၊ မိမိတို့ကိုယ်ခန္ဓာ အပေါ်ရုံကြောကသော ဖလ်ရုပ်ကြီးမှာ သုတ်ထားသည့် ဆေးသားနှင့် တူလှစွာသော ပုံသဏ္ဌာန် အကောင်, အထည်ဒြပ် ပညတ်ကြီး တို့၏ အတွင်းသားတွေဟာ ဖလ်ရုပ်ကြီး၏ အတွင်းသား ဖလ်ကြည်, မှန်ကြည်တွေနှင့်တူလှစွာသော ခတ်ကြည်,ကလာပ်ကြည်တိုင်းတို့သည် တေဇော မီး လောင်မြိုက်ချက်ကြောင့်၊ အရွေ့အထားမခံချက်များကို ရှုစား၍, ရှေ့နေ့ကအတိုင်း ၂-ချက်ပျက်ကိုကြည့်၍စင်္ကြံ ၃-ခေါက်စီလောက်သွားကြစေပြီးမှ၊ ဤယခုသွားသော ၂-ခါပျက်တို့တွင် နှုတ်သည့် အမှုအရာပျက်၊ ဆောင်သည့်အမှုအရာပျက်တို့၏ နောက်ဆက်က၊ မြေသို့ကျရောက်တိုင်းတို့မှာ ဒိတ်ကနဲ-ဒိတ်ကနဲ၊ တကိုယ်လုံး တုန်လှုပ်၍ တုန်လှုပ်၍ ပျက်ပျက်လိုက်သော အချက်တခုနှင့် ဆက်လိုက်က ၃-ချက် ပျက်ကို ကွက်ကွက်ကွင်းကွင်းကြီး ထင်ထင်–လင်းလင်းကြီး ထင်မြင် ပေါက်ရောက် ကြကုန်ရာ၏။

[ဤ ၃-ချက် ပျက်ကို ရှုကြရာ၌လည်း ရှေ့ ၂-ချက်ပျက်ကို ရှုကြသည့် အတိုင်း ခြေကိုနှုတ်ခာမှ၊ ရှေ့ခြေနှင့် တဲ့တဲ့ ရောက်သောအခါ၊ နှုတ်သည့် အမှုအရာ ပျက်သွားမှုကလေးတခုကိုသာ အထူးဂရုစိုက်၍ ရှုလိုက်ပါက၊ ရှေ့သို့ဆောင်သော အမှုအရာပျက်ကို မိမိတို့ မျက်မြင်နှင့်လည်း သိရ၏။ ဒိတ်ကနဲ-ဒိတ်ကနဲ ခြေကိုချလိုက်သည့် အမှုအရာပျက်ကို မိမိတို့တကိုယ်လုံးကြီးတုန်တုန်ပြီး ပျက်သွားသည့် ကိုယ်တွေ့နှင့်လည်း သိရှိရ၏။ ဤသို့သိရှိကြရာ၌၊

ခြေကိုနှုတ်သည့်အမှုအရာ အဖြစ်, အပျက်တို့ကိုရင်း၊ ရှေ့သို့ ခြေကို ဆောင်သည့် အမှုအရာ အဖြစ်, အပျက်တို့ကိုရင်း၊ ခြေကိုချသည့် အမှုအရာ အဖြစ်,အပျက်တို့ကိုရင်း သိရှိ ရှုကြည့်သော ဉာဏ်တို့ သည်၊ **ဥဒယဗ္ဗယဉာဏ်**အစစ်တို့တည်းဟု တစ်တစ်-ခွခွ သိကြပါ လေ ယောဂီမြတ်တွေတို့။]

တနည်းလည်း၊ဤ ရှေ့ကပြခဲ့သည့်အတိုင်း ခြေလှမ်းတိုင်းတို့မှာ ၃-ခါစီ ပျက်ချက်တို့ကို၊ဘရက်လောက်နှင့်ပင် ထင်မြင်ကြအောင် အားထုတ်ကြ စေပြီးမှ၊ နောက်တရက် ညချမ်းအခါမှာလည်း ဤ ၃-ချက် ပျက်နည်းနှင့် အကွက်ကျအောင် ၃ ခေါက်လောက်စကြံသွားစေ၍၊ခြေတလှမ်းတလှမ်း တို့မှာ ၃-ချက် အဖြစ်, အပျက်တို့ကို ထင်မြင်ရာက၊ ထိုထက်အပျက်ဖိပ် အောင် ထိုစကြံနှင့်ပင် နဲနဲကလေး ရွှေ့ရွှေ့တက်သွားကြရာ၊ များများကြီး ရွှေ့ရွှေ့တက်သွားကြရာတို့မှာ၊**အဖြစ်,အပျက်တို့နှင့်** ရှုကြည့်ပုံအား၊မိမိတို့ ရုပ်နာမ်ကောင်ကြီး အတွင်းက ညာခြေလှမ်း, ဘယ်ခြေလှမ်း အမှုအရာ တို့နှင့် အပြည့်ပြည့် ရှိနေကြသော ရုပ်နာမ်ခတ်ကလာပ် ပရမတ်အစစ် တို့သည် ရှေ့သို့လက်တသစ်,နှစ်သစ်စသည် နဲနဲ-နဲနဲကလေး အဖြစ်ဇာတိ သစ် **ဥဒယအစစ်တို့** ယရသွားနေရင်းမှ ဖြစ်၍,ဖြစ်၍၊ တက်တက်-တက် တက်သွားလေသမျှ၊ရင်းရုပ်နာမ်အဟောင်းကောင်ကြီးတို့ နောက်ပိုင်းက လည်း လက်တသစ်,နှစ်သစ်စသည် နဲနဲ-နဲနဲကလေး အပျက်အနိစ္စမရဏ **ဝယအစစ်တို့**ဖြစ်ကြပြီး၊ပျောက်ပျောက် ပျက်ပျက် လိုက်နေကြပါတကား ဟု အဖြစ်အပျက် **ဥဒယဗ္ဗယ**ကို ဉာဏ်မှာ ကြောင်ကြောင်ကြီး ထင်မြင် လာအောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

တဖန်-ရှေ့သို့ တထွာ,တတောင် စသည် များများ-များများကြီးအဖြစ် ဇာတိသစ် **ဥဒယအစစ်တို့** ယရ သွားနေရင်းမှ၊ ဖြစ်၍-ဖြစ်၍ တက်တက် တက်တက်သွားလေသမျှတို့မှာလည်း၊ရင်းရုပ်နာမ်အဟောင်းကောင်ကြီး တို့ နောက်ပိုင်းကလည်း တထွာ,တတောင်စသည် များများ များများကြီး အပျက်မရဏ အနိစ္စ **ဝယအစစ်တို့**ဖြစ်ကြပြီး၊ ပျောက်ပျောက်-ပျက်ပျက် လိုက်နေကြပါတကားဟု အဖြစ်,အပျက် **ဥဒယဗ္ဗယ**ကို ဉာဏ်မှာ ကြောင် ကြောင်ကြီးထင်မြင်လာအောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။

[ဤသည်တို့ကား၊ ဥဒယဗ္ဗယဉာဏ်အရကို မြန်သည်ထက်မြန် လှအောင် အကျဉ်းမျှ ပြချက်ပါတည်း။ အကျယ်ကိုအလိုရှိကြသေး မူ၊ ဝိသုဒ္ဓိမဂ်ကြီး၌ရှင်း၊ ငါတို့ရေးထုတ်လိုက်သော ဝိသုဒ္ဓိကျင့်စဉ် စာအုပ်,ပဋ္ဌိစ္စသမုပ္ပါဒ်ကျင့်စဉ်စာအုပ်တို့မှာ ကြည့်ရှုကြပါလေ။]

ဥဒယဗ္ဗယဉာဏ် စခန်း ဤတွင်နိဋ္ဌိတံ။

## (၃၀) ဘင်ဉာဏ်အချက်က သတိပဋ္ဌာန်ပါဠိတော်အရကို တွဲဘက်၍ပြပုံ သမ္ပဇည လေးပါးဖြစ်ဌါးနေကြပုံ

ဤသို့ ရှေ့က ရေးပြခဲ့သည့် အတိုင်း၊ စင်္ကြံသွားရင်း အဖြစ်, အပျက် တို့ကို နှလုံးသွင်းကြရာ၊ အဖြစ်, အပျက် ထင်မြင်ချက် ဗ်ပ်, ဗ်ပ်လာသော အခါ၊အဖြစ်ကိုမရှုပါဘဲ၊အပျက်တခုတည်းကိုသာ ဉာဏ်နှင့် ရှုးရှုးဗိုက်ဗိုက် ရှုကြည့်လိုက်ကြပါမူ၊အလွန့်အလွန်အပျက်တွေ ဗ်ပ်ပြီးလျှင်၊ရှိဝ်ရိုင်-ရှိဝ်ရှိဝ် နှင့်ပင် အပျက်တွေကိုသာ ထင်မြင်လာနေမူ၊ **ဘင်ဉာဏ်အချက်သို့** ကူး တက် ပေါ်ပေါက်လာလေ၏ဟု သိကြပါလေ ယောဂီမြတ်တွေတို့။ ။ဤ နိဗ္ဗာန်ပေါက် ဝိပဿနာအလုပ်ကြီးမှာ အရေးအကြီးဆုံး ဝိပဿနာဉာဏ် ကား- ဤဘင်ဉာဏ်ကြီးပေတည်း။ ထိုစကားမှန်၏။ အထက်- အထက် ဉာဏ်ကြီးတွေသို့၊ကူးတက်လိုသော ယောဂီပုဂ္ဂိုလ်ဟူသမျှတို့သည်၊ လောက အားလုံးပျက်ကို ထင်မြင်ကြသည့် ဤဘင်ဉာဏ်၌သာလျှင်၊ မိမိတို့စိတ်ကို စိုက်ထားကြ၍၊ ဘယ-အာဒီနဝစသော အထက်အထက် ဉာဏ်များကို တက်တက် သွားကြရသောကြောင့်၊ ဤဘင်ဉာဏ်အချက် အလျှင်အမြန် အပျက်ကို ကွက်ကွက် ကွင်းကွင်း ဉာဏ်အမြင် ထင်လင်းအောင်၊ မိမိ စိတ်ကိုတင်း၍ အပြင်းပင် နေ့ရက်များစွာ အားထုတ်ကြပါလေ သူတော် ကောင်းတွေတို့။

ဤသို့ ရှေ့က ပြဆိုခဲ့ပြီးသည့်အတိုင်း၊ စင်္ကြံစသည်တို့နှင့် ရုပ်နာမ်အမှု အရာတို့၏ အပျက်ကိုသာ အကွက်ကျ ထင်မြင် ပေါက်ရောက် လာသော ယောဂီမြတ်ဖျား ယောကျ်ား,မိန်းမ ရှင်,ရဟန်းစသော သူတော်ကောင်း အပေါင်းတို့သည်၊သတိပဋ္ဌာန် ပါဠိတော်၌ ဘုရားရှင် ကိုယ်တော်တိုင်။ ။ **အဘိက္ကန္တေ-ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ**။ ။အဘိက္ကန္တေ၊ ရှေ့သို့ တက်ရာ၌။ပဋိက္ကန္တေ၊ နောက်သို့ပြန်ရာ၌။ သမ္ပဇာနကာရီ၊ ပညာ အဆင်

အခြင်နှင့် သွားခြင်း, ပြန်ခြင်းကို ပြလေ့ရှိသည်။ ပေါတိ၊ ဖြစ်၏။-ဟု သတိပဋ္ဌာန်ပါဠိတော်မှာ ဟောတော်မူတိုင်း၊မိမိတို့နေမြဲအရပ်က ဆွမ်းခံရွာသို့ရင်း၊တပါးအရပ်သို့ရင်း သွားလိုကြသော အခါတိုင်းတို့မှာ **ငါသည် ဝိပဿနာသတိကို လွှတ်ကာ၍** မသွားပါဟု မိမိစိတ်ကို မြဲမြဲသည်ထက် မြဲမြဲအောင်လည်းအဓိဋ္ဌာန်၍၊သတိ, ဝီရိယတို့ ကြီးကြီးထားလျက်၊ ရှေ့သို့ တက်တက် သွားတိုင်းသော ထိုထို အမူအရာ အသစ်, အဟောင်းတို့ ပြောင်းလဲတိုင်းတို့မှာ၊ စနက်ယမ်းမီးတို့၊ သဲချောင်း, သဲမှုန့်တို့၊ ရှေ့က ပြခဲ့သည့် ဥပမာအရအတိုင်း အသစ်, အဟောင်း ပြောင်းလဲလျက်၊ နောက်ပိုင်းဘက်ကပျက်ပျက်လိုက်နေတာကိုထင်မြင်ရသလို၊ထိုထိုရှေ့သို့ တက်သော အမူအရာတိုင်းတို့မှာ၊ ရုပ်နာမ် အသစ်,အဟောင်း တို့လည်း ပြောင်းလဲလျက်၊နောက်ပိုင်းက ပျက်ပျက်လိုက်နေချက်တို့ကို ဘင်္ဂဉာဏ်ဖြင့်ဖိဖိ၊ အတပ်သိ၍-ကြည့်၍၊ အချက်တိုင်းတို့မှာ လုပ်ငန်းနှင့် မိ၍သွားဖြစ်အောင်အထူးကြိုးဆောင်၍ သွားကြပါလေ ယောဂီမြတ်တွေတို့။ ဤသို့ ဝိပဿနာရှု၍ သွားနေသူ ယောဂီဖြစ်သည်၊ **အဘိက္ကန္တေ သမ္ပဇာနကာရီ ဟောတီ**ဟူသောပါဠိတော်ကြီးအရ၊ပုဂ္ဂိုလ်မြတ်ကြီးတို့ဖြစ်ကြရသတည်းဟု ဝမ်းမြောက်ကြပါလေ။ ။ဤသို့ပြဆိုခဲ့တိုင်း ရှေ့အဘိုက ဤပါဠိတော်ကြီးများအရနှင့်၊ဤလုပ်ငန်းကြီးများကို သိရှိထားပြီးကြသော အရှင်မြတ်ကြီးများနှင့်တကွ သူငါတိုင်းတို့ပါ၊ ရှေ့ကပြခဲ့တိုင်း **အဓိဋ္ဌာန်မထားမိကြသည့် အတွက်** ရှေ့သို့ တက်တိုင်းစသည်တို့မှာ မေ့လျော့လျက်သာ ရှိနေကြပါတကားဟု သတိသမ္ပဇဉ် အမြဲခင်၍၊ မိမိတို့လိုအပ်သော အရပ်သို့ သွားလိုတိုင်းတို့ အစ-အစတို့မှာ အဓိဋ္ဌာန်၍သာ သွားဖြစ်အောင် သွားကြပါလေ။ ။ဩော်-အချက်ကောင်းကြီးများကို သိလည်းသိခဲ့စွ၊ဝိပဿနာလုပ်ငန်းနှင့် မိလည်း-မိခဲ့စွ။သွားတိုင်း သွားတိုင်းတို့မှာ လုပ်ငန်းပါအောင် သတိ ဝီရိယတို့ ရှိလည်း-ရှိခဲ့စွ။ ရှိအောင် အားထုတ်ကြ- အားထုတ်ကြပါလေ။

**တစ်ဖွေတနည်းမှာ**။ ။ဆွမ်းခံရွာမှရင်း၊အခြားအရပ်မှရင်း၊မိမိတို့နေရင်းအရပ်သို့၊ ပြန်လည်၍ လာလိုတိုင်းသော အခါတို့မှာလည်း **ငါသည် ဝိပဿနာသတိကိုလွှတ်ကာ၍** မပြန်ပါဟု မိမိတို့ စိတ်ကိုမြဲမြဲသည်ထက် မြဲမြဲအောင်အဓိဋ္ဌာန်၍၊ သတိ ဝီရိယကြီး ထားလျက်၊ နောက်သို့ ပြန်လာတိုင်းသော ထိုထိုအမူအရာ အသစ်, အဟောင်းတို့ ပြောင်းလဲတိုင်းတို့မှာလည်း စနက်ယမ်းမီးတို့၊သဲချောင်း,သဲမှုန့်တို့ ရှေ့ကပြခဲ့သော ဥပမာအရ

အတိုင်း၊ အသစ်, အဟောင်း ပြောင်းလဲလျက်၊ နောက်ပိုင်းက ပျက်ပျက် လိုက်နေတာကို ထင်မြင်ရသလို၊ထိုထိုနောက်သို့ ပြန်သော အမူအရာတိုင်းတို့မှာ၊ရုပ်နာမ်အသစ်,အဟောင်းတို့လည်းပြောင်းလဲလျက်၊နောက်ပိုင်းက ပျက်ပျက် လိုက်နေချက်တို့ကို ဘင်္ဂဉာဏ်ဖြင့်စိစိ၊ အတပ်သိ၍ ကြည့်၍၊ အချက်တိုင်းတို့မှာ၊ လုပ်ငန်းနှင့် မိကာမိကာ ပြန်ဖြစ်ပါအောင် အထူးကြိုဆောင်ကာ ပြန်ကြပါလေ၊ ယောဂီမြတ်တွေတို့။ ။ဤသို့ ဝိပဿနာရှု၍ ပြန်လာသူ ယောဂီပုဂ္ဂိုလ်သည်၊ **ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ** ဟူသော ပါဠိတော်ကြီးအရ၊ပုဂ္ဂိုလ်မြတ်ကြီးတို့ ဖြစ်ကြရသတည်းဟု ဝမ်းမြောက်ကြပါလေ ယောဂီမြတ်တွေတို့။ ။ဩဘော်– ဤ အချက် ကောင်းကြီးများကိုလည်းသိခဲ့စွ၊ဝိပဿနာ လုပ်ငန်းနှင့်လည်းမိခဲ့စွ၊ထိုထိုအရပ်မှ ပြန်တိုင်းပြန်တိုင်းတို့မှာလည်း၊ ဤ လုပ်ငန်းပါအောင် သတိဝီရိယတို့လည်း ရှိခဲ့စွ ရှိခဲ့စွ။ ရှိအောင်အားထုတ်ကြ အားထုတ်ကြပါလေ။

**တတွေ့တနည်းမှာ။** ။**အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။** ။အာလောကိတေ၊ ရှေ့သို့တဲ့တဲ့ကြည့်ရှုရာ၌။ဝိလောကိတေ၊ ဝဲယာဘေးဘီ နောက်ဘက်ဆီသို့ ကြည့်ရှုရာ၌။ သမ္ပဇာနကာရီ၊ ပညာ–အဆင်အခြင်နှင့် တဲ့တဲ့ကြည့်ခြင်း, တစောင်းကြည့်ခြင်းကို ပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။ ။ဟု–ဤငင်းပါဠိတော်လာတိုင်း သူတော်ကောင်းတရား နှလုံးထားနှင့်၊မိမိတို့မျက်လွှာကိုချကာ နေထိုင်သွားလာကြပါသော ယောဂီမြတ်တို့မှာ၊ တစုံတခုအကြောင်းပြု၍၊ ရှေ့သို့တဲ့တဲ့ အရပ်သို့ငင်း၊ လက်ဝဲလက်ျာ၊ဘေးဘက် နောက်ဘက်အရပ်တို့သို့ငင်း၊ရှုကြည့်လိုသော အခါတိုင်းတို့မှာလည်း **ငါသည် ဝိပဿနာသတိကို လွှတ်၍၊ထိုထိုအရပ်ကိုမကြည့်**ဟု သတိ,ဝီရိယတို့မြဲမြံသည်ထက် မြဲမြံကြအောင် အဓိဋ္ဌာန်၍၊ ရှေ့သို့ငင်း၊ ဘေးဘီအရပ်သို့ငင်း ကြည့်ရှု၍ သွားတိုင်းသော၊ ထိုထိုအမူအရာတို့၏ အသစ်, အဟောင်း ပြောင်းလဲတိုင်းတို့မှာလည်း၊ စနက်ယမ်းမီးတို့၊ သဲချောင်း,သဲမှုန့်တို့၊ရှေ့ကပြခဲ့သော ဥပမာ အရအတိုင်း၊အသစ်, အဟောင်း ပြောင်းလဲလျက်၊ နောက်ပိုင်းက ပျက်ပျက် လိုက်နေတာကို ထင်မြင်ရသလို၊ ထိုထိုရှေ့သို့ တဲ့တဲ့ကြည့်ရှုသော အမူအရာ တိုင်းတို့မှာငင်း၊ ဘေးဘီအရပ်သို့ကြည့်ရှုသော အမူအရာတိုင်းတို့မှာငင်း ရုပ်နာမ် အသစ်,အဟောင်းတို့လည်း ပြောင်းလဲလျက်၊ နောက်ပိုင်းက ပျက်ပျက် လိုက်နေချက်တို့ကို ဘင်္ဂဉာဏ်ဖြင့် စိစိ၊အတပ်သိ၍ ကြည့်၍၊ ထိုထိုအချက်တိုင်းတို့မှာ လုပ်ငန်းနှင့်မိ၍၊ရှေ့တဲ့တဲ့အရပ်သို့ငင်း၊ ဘေးဘီ အရပ်သို့ငင်း

ကြည့်ရှုအပ်သမျှတို့ကို ရှုကြည့်ဖြစ်အောင် အထူးကြိုးဆောင်၍ ကြည့်ရှုကြပါလေ ယောဂီမြတ်တွေတို့။ ဤသို့ ဝိပဿနာရှု၍ ရှာတဲ့တဲ့ ရှိသမျှဘေးဘီအရပ်မှာ ရှိသမျှဘို့ကို ကြည့်ရှုကြသူတို့သည်။ ။(အာလောကိတေ, ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊) ဟူသော ပါဠိတော်မြတ်ကြီး၏ အရ၊ ပုဂ္ဂိုလ်မြတ်ကြီးတို့ ဖြစ်ကြရသတည်းဟု ဝမ်းမြောက်ကြကာ အားသစ်ကြပါလေ ယောဂီမြတ်တွေတို့။ ။ဩော်.....ယာဉ် ပြဆိုခဲ့တိုင်းလည်း သိခဲ့ပွ၊ မိခဲ့ပွ၊ ရှိခဲ့ပွ၊ သိ-မိ-ရှိ အောင် အထူးကြိုးဆောင်ကြပါလေ။

ဤ ကြည့်ရှုသည့် သမ္ပဇည်နှင့်စပ်ကာ ဇာနိ္ဒယသံဝရသီလ လုံခြုံကြစေရာ ဥပမာကား၊ အရှေ့အနောက် အလျားရှည်သောရွာကြီး၏အနောက်ပိုင်းက အိမ်တခုမှာ၊ ထိုထိုအရပ် အကွက်တိုင်းတို့၌၊ အထူးအဆန်းရှိရာတို့သို့ ထမီကလေး ဒူးလောက်ဝတ်ပြီး သွားကနဲ သွားကနဲ နေအောင် ပျံ့သွား ပြေးသွားတတ်သော အသက် ဆယ်နှစ်လောက် ပျံ့သွားမ သမီးတယောက်ရှိရာ၏။ ဘနေ့သည်၌ အရှေ့ပိုင်းကစ၍ မျောက်ပွဲပြဆရာတို့ အိမ်စဉ် အတိုင်း က, ပြလာသည်နှင့် ၎င်းပျံ့ သွားမကလေးသည် သွားကနဲ သွားကနဲ ပြေးသွားပြီး၊ ရွာအရှေ့ဖျားကစ၍ ကြည့်ရှုလာရသဖြင့်၊ အလယ်ပိုင်းလောက်ကျသော အခါ၊ ကြည့်၍ အားရပါသဖြင့် အိမ်သို့ပြန်ခဲ့ပြီး၊ အမိအနီး၌ ဇာချေရေ ထိုင်နေသောအခါ၊ မျောက်ဆရာတို့ အနောက်ပိုင်းသို့ ရောက်လာသောအခါ၊ ၎င်း အမိက သိမြင်လေရာ၊ ချစ်သမီးကလေးအား မျောက်ပွဲကို ရှုကြည့်ပါလားဟု တိုက်တွန်းသော အခါ၊ ၎င်း သမီးကလေးက မေမေ-မခိုင်းခင် အရှေ့ပိုင်းက ကြိုတင်၍ သွားကနဲ, သွားကနဲ၊ ရေးကနဲ, ရေးကနဲနေအောင် ပြေးသွားလျက်၊ တို့က အရင်ကြည့်ပြီးသားကြီးပါ မေမေရဲ့ဟု- ပြောဆိုရာသည့်အတူ၊ တို့ယောဂီပျို့ အမိတို့မှာလည်း၊ ပျံ့သွားမသမီးတွေမျက်စိကတယောက်၊ နားကတယောက်၊ နှာခေါင်းကတယောက်၊ လျှာက တယောက်၊ ကိုယ်က တယောက်၊ မနောက တယောက်အားဖြင့် ၆-ယောက်တို့ပင် ရှိနေရာ၊ ရှေ့သို့ တဲ့တဲ့ကြည့်ခြင်း၊ တစောင်းကြည့်ခြင်းတို့မှာ ယောဂီ ပြုလုပ်သူအမိတို့က သတိထားမည်ဟု မကြံမိသေးခင်က၊ ရှေ့တဲ့တဲ့ တစောင်းအရပ်တို့မှာ ရှိရှိသမျှ ကြည့်ရှုစရာတို့ကို အကုန်လုံး ပြုပြစင်အောင် မျက်ဇပျံ့သွားမကလေးက သွားကနဲ- သွားကနဲ အရင်ပြေးသွား၍ ရှုကြည့်ပြီးသား မဖြစ်နေကြဘူးလားတို့ယောဂီ ဆရာများတို့ဟုမေးပါမူ၊ **အာမဘန္တေ**။ဘန္တေ၊ အရှင်ဘုရား။

အာမ၊ သြော်- ကြည့်ရှုမိပြီးသား ဖြစ်နေကြပါ၏ ဘုရား။ ။ဟု- သတိ မထားသော ယောဂီအများတို့ လျှောက်ထား ဝန်ခံစကား တုံ့ပြန်ချက် ပေတည်း။

ကြွင်းဒွါရ ငါးပေါက်က၊ ပျံ့သွားမကလေး ငါးယောက်တို့လည်း ထို့နည်းအတူ သတိထားလိုသူက နောက်ကျခံနေကြပြီးလျှင်၊ စိတ်သွား ချင်တိုင်း သွားကနဲ- သွားကနဲ ပြေးသွားနေကြလျက်၊ မရှိကြ ဘုရား တို့ယောဂီများတို့ဟု မေးပြန်ပါမူ၊ **အာမဘန္တေ**- လို့ဘဲလျှောက်စရာတွေ ပေါ်နေမှာပေါ့လေ။ ထို့အတွက် ၆- ဒွါရတို့ လုံခြုံအောင် သတိသမ္ပဇဉ် တည်းဟူသော အစောင့်အရှောက်ထားကာ အခါခပ်သိမ်း မျက်လွှာချပြီး၊ ထိုထို အမှုအရာပုက် ဝိပဿနာတရားကြီးများကို ရှေ့ကပြ အင်ပြီးသော ဝိညာဏ် ၆-ပါးအနိစ္စတရားကြီးများနှင့် ဖြစ်စေ၊အားထုတ်ဖြစ်ကြအောင် ၎င်း၊မျက်လွှာမချဘဲ သတ္တဝါတို့ကို ကြည့်ရသောအခါတို့မှာ ချမ်းသာကြ ပါစေ-စသော မေတ္တာတရားကြီးများနှင့်ဖြစ်စေ အားထုတ်ဖြစ်ကြအောင် ၎င်း၊မကြာမကြာအခါခါ အဓိဋ္ဌာန်၍၊နေထိုင် သွားလာပြုကျင့်နိုင်ကြပါမူ၊ ဗောဓိဉာဏ်ရကြောင်း အကျင့်ကောင်းကြီးဖြစ်သောကြောင့်၎င်း၊ ဤဒွါရ ၆-ပါးလုံခြုံခြင်းမှ ဣန္ဒြိယသံဝရ သီလစုတို့ကြောင့်၎င်း၊ဤအကျင့်ကောင်း တို့ဖြင့် ဥပဓိ ၄-ပါး ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်လေသော ကြောင့်၊မျက်မှောက် သံသရာ ၂-ဖြာတို့မှာ သတ္တဝါတိုင်းတို့ ချမ်းသာ ကြဘို့ဖြစ်လှကြောင်းကို သုဗြဟ္မနတ်သားအား ဘုရားကိုယ်တော်တိုင်။—

**နညတြ ဗောဇ္ဈာတပသာ၊ နညတြိန္ဒြိယ သံဝရာ။**
**နညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။**

ဒေဝပုတ္တ၊သုဗြဟ္မဟု- နာမထင်ရှား သင်နတ်သား။ ဗောဇ္ဈာ၊ ဗောဓိ ဉာဏ်၏ အကြောင်းဖြစ်သော။ တပသာ၊ အကျင့်တရားကို။ အညတြ၊ လွှတ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ မျက်မှောက် သံသရာ နှစ်ဖြာနှစ်ဆင့် ချမ်းသာခွင့်ကို။ နပဿာမိ၊ ငါဘုရားမြင်တော်မမူ။ ဣန္ဒြိယ သံဝရာ၊ဣန္ဒြေ ၆-ပါးတို့ကို လုံခြုံအောင် စောင့် စည်းခြင်း ဣန္ဒြိယ သံဝရ သီလတရားကို။အညတြ၊လွှတ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ မျက်မှောက်သံသရာ နှစ်ဖြာနှစ်ဆင့် ချမ်းသာခွင့်ကို။ နပဿာမိ၊ ငါဘုရား မြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ၊ ကိလေသာနှင့် ခန္ဓာ-ကာမ၊သင်္ခါရရှိ ဥပဓိ တရား ၄-ပါးအစုံ အကုန်စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်တရားကို။အညတြ၊

လွှတ်ထား၍။ ပါဠိနံ၊ သတ္တဝါတို့၏။ သောတ္တိံ၊ မျက်မှောက်သံသရာ နှစ်ဖြာနှစ်ဆင့် ချမ်းသာခွင့်ကို။နပဿာမိ၊ငါဘုရား မြင်တော်မမူ။ ။ဟု- ဟောတော်မူလေသောကြောင့်၊ ၆- ဒွါရတို့ကို လုံခြုံကြရန် မျက်လွှာကို အမြဲချထား၍၊ သတိသမ္ပဇဉ် တရားနှင့် ဝိပဿနာအလုပ်များ၊ မေတ္တာ အလုပ်များကို ကြိုးစားကြ၍ ဗောဓိဉာဏ်ရကြောင်းအကျင့်,ဣန္ဒြိယသံဝရ သီလ အကျင့်, နိဗ္ဗာန်ရကြောင်း အကျင့်တို့ မြင့်ထက် မြင့်ကြကာ မျက် မှောက်သံသရာ ချမ်းသာရကြောင်း၊ဤအကျင့်ကောင်းကြီးများကို မကြာ မကြာ အခါခါ ရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။ ။ဤသို့ရှေ့က ပြခဲ့သည့်အတိုင်း၊ ဝိပဿနာ သတိမကင်းစေဘဲ၊ ရှေ့တဲ့တဲ့က ရှိရှိသမျှ တို့ကိုရင်း၊ ဘေးဘိ အရပ်ရပ်က ရှိရှိသမျှတို့ကိုရင်း၊ ကြည့်ရှုကြသော ယောဂီအများ ယောကျာ်း, မိန်းမတို့သည် (အာလောကိတေ ဝိလောကိ တေ သမ္ပဇာနကာရီ ဟောတိ) ဟူသော ပါဠိတော်ကြီးအရနှင့်၊ ဘုရား ဟောပြအပ်သော ပုဂ္ဂိုလ်မြတ်ကြီးများဟာ ငါတို့ ဖြစ်နေကြပါတကား ဟု ဝမ်းမြောက်ကြကာ အထူးအားသစ်ကြပါလေ ယောဂီမြတ်တွေတို့၊ သိခဲ့·မိခဲ့-ရှိခဲ့ပြီ။

**တခေွတနည်းမှာလည်း။ ။သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။** ။သမိဉ္ဇိတေ၊ ခြေလက်ကိုကွေးရာ၌။ ပသာရိတေ၊ ခြေလက် ကိုဆန့်ရာ၌။သမ္ပဇာနကာရီ၊ ပညာအဆင်အခြင်နှင့် ကွေးခြင်း, ဆန့်ခြင်း ကိုပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။ ။ဟု- ၎င်း ပါဠိတော်လာတိုင်း၊ ဆန့် တန်းထားသော မိမိတို့ခြေလက်တို့ကို ကွေးလိုသောအခါတိုင်းတို့မှာ၎င်း၊ ကွေးထားသော မိမိ ခြေလက်တို့ကို ဆန့်လိုသော အခါတိုင်းတို့မှာ၎င်း၊ **ငါသည် ဝိပဿနာသတိလွှတ်လျက် မကွေးမဆန့်ဟု** သတိဝီရိယ မြဲမြဲ သည်ထက် မြဲမြဲကြအောင်၊ အသိ- အသိ အဓိဋ္ဌာန်လျက်၊ ကွေးသမျှ- ဆန့်သမျှသော ထိုထို အမူအရာအသစ်, အဟောင်း ပြောင်းလဲတိုင်းတို့မှာ လည်း၊စနက်ယမ်းမီးတို့၊ သဲချောင်းသဲမှုန့်တို့ ရှေ့ကပြခဲ့သော ဥပမာအရ အတိုင်း၊ ထိုထိုခြေလက်တို့ ကွေးသော အမူအရာတိုင်း၊ ဆန့်သောအမူ အရာတိုင်းတို့မှာ၊ရုပ်နာမ် အသစ်,အဟောင်းတို့လည်း ပြောင်းလဲလျက်၊ ထိုထို အမူအရာ နောက်ပိုင်းက ပျက်ပျက် လိုက်နေချက်တို့ကို ရှုတတ် သည့် ဘင်္ဂဉာဏ်ဖြင့်စိပ်၊အတပ်သိ၍ ကြည့်၍၊ထိုထိုအမူအရာ အချက်တိုင်း တို့မှာလုပ်ငန်းနှင့်မိ၍၊ခြေလက်တို့ကို ကွေးဖြစ်-ဆန့်ဖြစ်အောင် အထူးကြံ ဆောင်၍ ကွေးကြ-ဆန့်ကြပါလေ ယောဂီမြတ်တွေတို့။ ။ဤသို့ပြခဲ့တိုင်း

ဝိပဿနာရှု၍ ကွေးသူ-ဆန့်သူတို့သည် (သမိဥ္စိတေ-ပသာရိတေ-သမ္ပဇာနကာရီဟောတိ)ဟူသော ပါဠိတော်ကြီးအရနှင့် ဘုရားဟောပြအပ်သော ပုဂ္ဂိုလ်မြတ်ကြီးများဟာ ငါတို့ဖြစ်နေကြပါတကားဟု ဝမ်းမြောက်ကြကာ အထူးအားသစ်တော်မူကြပါလေ ယောဂီမြတ်တွေတို့။ ။ဩ......ယခုပြခဲ့တိုင်းသော တရားအချက်တိုင်းတို့ကိုလည်း သိခဲ့ဖွ-မိခဲ့ဖွ-ရှိခဲ့ဖွ၊ သတိထား-သတိထား။

**တထွေတနည်းမှာလည်း၊** ။**သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ။** ။သံဃာဋိပတ္တစီဝရဓာရဏေ၊ သင်္ကန်းကို ဝတ်ရုံရာ သပိတ်သင်္ကန်းကို ဆောင်ယူရာ၌။သမ္ပဇာနကာရီ၊ပညာအဆင်အခြင်နှင့် ဝတ်ရုံခြင်း ဆောင်ယူခြင်းကို ပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။ ။ဟူရင်း ပါဠိတော်လာတိုင်း ဆွမ်းခံရန်စသည် အကြောင်းနှင့်၊ သင်္ကန်းကို ဝတ်ရုံလိုတိုင်းတို့မှာရင်း၊ သပိတ်ကို ကိုင်ယူလိုတိုင်းတို့မှာရင်း၊ လူ့ဘိုးသူတော် သီလရှင် စသည်တို့မှာလည်း အဝတ်ပုဆိုး,ထမီ စသည်တို့ကို ဝတ်,ရုံ,ခြုံလိုတိုင်းတို့မှာရင်း၊ မုံ့,ပဲ,ငါး,သားဆွမ်းတော်ပန်း၊ ရေချမ်းစသော အလှူဝတ္ထုတို့ကိုပေးလှူရန် ကိုင်ယူဆောင်သွားတိုင်းတို့မှာရင်း၊တောင်သူ,ယာခုတ်အရောင်း,အဝယ်စသော မိမိတို့အသက်မွေးရာ အကြောင်းနှင့် ဆိုင်သမျှ ဝတ္ထုတို့ကို၊ ကိုင်ယူဆောင်မို့ ပြုပြုသမျှသော အမှုတိုင်းတို့မှာရင်း၊ **ငါသည် ဝိပဿနာသတိသွင်း၍၊ဘာကိုမျှ ဝတ်ရုံခြင်း၊ ကိုင်တွယ် ပြုလုပ်ခြင်းကိုမပြု**ဟု သတိ,ဝီရိယတို့ မြဲမြံအောင် အဓိဋ္ဌာန်၍ အငိဋ္ဌာန်၍၊ ထိုထိုအမှုတို့ကို ပြုပြုသမျှ အမူအရာအသစ်, အဟောင်း ပြောင်းလဲတိုင်းတို့မှာလည်း စနက်ယမ်းမီးတို့၊ သဲချောင်း,သဲမှုန့်တို့နှင့် ရှေးကပြခဲ့သော ဥပမာ အရအတိုင်း၊ ရုပ်နာမ် အသစ်, အဟောင်း တို့လည်း ပြောင်းလဲလျက်၊ နောက်ပိုင်းက ပျက်ပျက်လိုက်နေချက်တို့ကို ဘာဂဉာဏ်ဖြင့် စိစိ၊ အတပ်သိ၍ ကြည့်၍၊ဝတ်ရုံခြင်းစသော ထိုထိုအမူအရာအချက်တိုင်းတို့မှာဝိပဿနာလုပ်ငန်းနှင့်မိ၍သင်္ကန်းအဝတ်ပုဆိုး,ထမီစသည်တို့ကိုဝတ်ရုံဖြစ်ကြအောင်ရင်း၊ သပိတ်စသော အသက်မွေးကြောင်း ဝတ္ထု တခုခုတို့ကို ကိုင်ယူဖြစ်ကြအောင်ရင်း၊ ဆွမ်း, သင်္ကန်းစသော လှူဘွယ်ဝတ္ထု တခုခုတို့ကို ကိုင်ယူဖြစ်ကြအောင်ရင်း၊အထူးအားသစ်ကြပါလေ ယောဂီမြတ်တွေတို့။ ဤသို့ ပြဆိုခဲ့တိုင်း ပြုကျင့်သူတို့သည်၊ (သံဃာဋိပတ္တ စီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ။)ဟူသော ပါဠိတော်ကြီးအရနှင့် ဘုရားဟောပြအပ်သော ပုဂ္ဂိုလ်မြတ်ကြီး များဟာ၊ ငါတို့ ဖြစ်နေကြပါ တကား-ဟု

ဝမ်းမြောက်ကြကာ၊ အထူး အားသစ်ကြပါလေ သူတော်ကောင်းတွေ တို့။ ။ယခုပြခဲ့တိုင်းလည်း၊ သိခဲ့ဗွ-မိခဲ့ဗွ, ရှိခဲ့ဗွ။

**တခွေ့ဘာနည်းမှာလည်း။** ။**အသိတေ ဝိဒတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။** ။အသိတေ၊ စားတိုင်း၌။ ဝိဒတေ၊ သောက်တိုင်း၌၊ ခါယိတေ၊ ခဲတိုင်း၌။ သာယိတေ၊ လျက်တိုင်း၌။ သမ္ပဇာနကာရီ၊ ပညာအဆင်အခြင်နှင့် စားခြင်း,သောက်ခြင်း,ခဲခြင်း,လျက်ခြင်းကိုပြုလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ဟု ဝင်းပါဠိတော်သာတိုင်း ဆွမ်းထမင်း, ဘောဇဉ်တို့ကို စားလိုတိုင်းတို့မှာရင်း၊ ရေ,အဖျော်စသည်တို့ကို သောက် လိုတိုင်းတို့မှာရင်း၊ သစ်သီးခဲဘွယ် စသည်တို့ကို ခဲလိုတိုင်းတို့မှာရင်း၊ ပျားဘင်လဲ စသည်တို့ကို လျက်လိုတိုင်းတို့မှာရင်း၊ **ငါသည် ဝိပဿနာ သတိလွတ်၍ မစားမသောက်, မခဲ, မလျက်**ဟု သတိဝီရိယ မြဲမြဲအောင် အဓိဋ္ဌာန်၍-အဓိဋ္ဌာန်၍ စားစားသမျှ၊ သောက်သောက် သမျှ၊ ခဲခဲ သမျှ၊ လျက်လျက်သမျှ အမှုအရာ အသစ်အသစ် ပြောင်းလဲတိုင်း တို့မှာလည်း၊ စနက်ယမ်းမီးတို့ သဲချောင်း, သဲမှုန့်တို့နှင့် ရှေ့ကပြခဲ့သော ဥပမာအရ အဘိုင်း၊ ရုပ်နာမ် အသစ်, အဟောင်းတို့လည်း ပြောင်းလဲလျက်၊ ထိုထို အမှုအရာ နောက်ပိုင်းက ပျက်ပျက် လိုက်နေချက်တို့ကို ရှုတတ်သည့် ဘင် ဉာဏ်ဖြင့် ဗိဗိ၊ အကပ်သိ၍-ကြည့်၍၊ ထိုထိုအမှုအရာ အချက်တိုင်းတို့မှာ လုပ်ငန်းနှင့်မိ၍ရင်း၊ ခေတ်မလုပ်သူတို့လည်း အနိစ္စရှုကြဘို့ကား၊ ပဌမ ထမင်း, ဟင်း စသည်တို့ကို စားသိ-သောက်သိ ဝိညာဏ်တို့သည်၊ပဌမ အချက် အမျိုလိုက်မှာ ချုပ်ပျောက်သေဆုံး သွားရာသည်ကိုရင်း၊ဒုတိယ, တတိယ စားသောက်ချက် စသည့်တို့မှာလည်း သူ့အချက်နှင့်သူ စားသိ သောက်သိ ဝိညာဏ်တို့ အစဉ်အတိုင်း သေဆုံး ချုပ်ပျောက် အနိစ္စရောက် လိုက်နေကြသည်ကိုရင်း ဉာဏ်နှင့်မိမိ၊ပြူးပြူးကြည့်၍-သိ၍၊အချက်တိုင်း တို့မှာ လုပ်ငန်းနှင့်မိ၍ရင်း၊စားခြင်း,သောက်ခြင်း၊ခဲခြင်း၊လျက်ခြင်းတို့ကို ပြုကြပါလေ ယောဂီမြတ်တွေတို့။ ဤသို့ ပြခဲ့တိုင်း ဝိပဿနာရှု၍၊ စား, သောက်, ခဲလျက် သူတို့သည် ( အသိတေ ဝိဒတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ)ဟူသော ပါဠိတော်ကြီးအရနှင့်၊ ဘုရားဟောပြ အပ်သော ပုဂ္ဂိုလ်မြတ်ကြီးများဟာ ငါတို့ ဖြစ်နေကြ ပါတကားဟု ဝမ်း မြောက်ကြကာ အထူးအားသစ်တော်မူကြပါလေ ယောဂီမြတ်တွေတို့။ ။ ဩဝါဒ်-ဤတရားအချက်တိုင်းတို့ကိုလည်း သိခဲ့ဗွ,မိခဲ့ဗွ,ရှိခဲ့ဗွ၊အထူးသတိ ထားကြ သတိထားကြ။

**တဖန်တနည်းမှာလည်း။** ။ဥစ္စာရ ပသာဒကမ္မေ သမ္ပဇာနကာရီ ဟောတိ။ ။ဥစ္စာရ ပသာဒကမ္မေ၊ကျင်ကြီးစွန့်မှု၊ကျင်ငယ်စွန့်မှုတို့၌။ သမ္ပဇာနကာရီ၊ ပညာအဆင်အခြင်နှင့် ကျင်ကြီးစွန့်ခြင်း, ကျင်ငယ်စွန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ဟု ဝင်းပါဠိတော်လာ တိုင်း ကျင်ကြီးစွန့်လိုသော အခါတိုင်း၊ ကျင်ငယ်စွန့်လိုသော အခါတိုင်းတို့မှာ လည်း၊ငါသည် ဝိပဿနာသတိကိုလွှတ်၍ ကျင်ကြီးကိုမစွန့်၊ကျင်ငယ်ကို မစွန့်ဟု သတိ, ဝီရိယ မြဲမြဲကြအောင် အသီး အသီး အဓိဋ္ဌာန်ကြလျက်၊ ကျင်ကြီးစွန့်ရာမှာကျင်ကြီးပေါက်ကို အဆင့်ဆင့်တိုက်ခိုက်ပြီး၊ကျင်ကြီး နှင့်တကွ ကျင်ကြီးစွန့်သူတို့ အမူအရာအသစ်, အဟောင်းပြောင်းလဲလိုက် တိုင်းတို့မှာဝင်း၊ ကျင်ငယ်စွန့်ရာမှာလည်း ကျင်ငယ်ပေါက်ကို အဆင့် ဆင့် တိုက်ခိုက်ပြီး၊ ထိုကျင်ငယ်နှင့်တကွ ကျင်ငယ်စွန့်သူတို့ အမူအရာ အသစ်, အဟောင်း ပြောင်းလဲလိုက်တိုင်း တို့မှာဝင်း၊ စနက်ယမ်းမီးတို့, သဲချောင်း,သဲမှုန့်တို့၌ရှေ့ကပြခဲ့သော ဥပမာအရအတိုင်း၊ရုပ်နာမ် အသစ်, အသစ်, အဟောင်းတို့လည်း ပြောင်းလဲလျက်၊ထိုထိုအမူအရာ နောက်ပိုင်း က ပျက်ပျက်လိုက်နေချက်တို့ကိုရှုတတ်သည့် ဘာဂဉာဏ်ဖြင့်စိစိ၊အတပ်သိ ၍,ကြည့်၍၊ထိုထိုအမူအရာတိုင်းတို့မှာ ဝိပဿနာလုပ်ငန်းနှင့်မိ၍၊ကျင်ကြီး ကျင်ငယ် စွန့်ဖြစ်အောင် အသူးကြိဆောင်၍ စွန့်ကြပါလေ ယောဂီမြတ် တွေတို့။ ။ဤသို့ ပြခဲ့တိုင်း ဝိပဿနာရှု၍ စွန့်သူတို့သည်(ဥစ္စာရပသာဒ ကမ္မေ သမ္ပဇာနကာရီ ဟောတိ) ဟူသော ပါဠိတော်ကြီးအရနှင့် ဘုရား ဟောပြအပ်သော ပုဂ္ဂိုလ်မြတ်ကြီးများဟာ ငါတို့ဖြစ်နေကြပါ တကားဟု ဝမ်းမြောက်ကြကာ အထူး အားသစ်တော် မူကြပါလေ ယောဂီမြတ် တွေတို့။

**တဖန်တနည်းမှာလည်း။** ။သမထနယ်က အသုဘ တို့နှင့်လည်း ရှုကြစရာ ဥပမာကား၊ ဝိသုဒ္ဓိမဂ် အသုဘအချက်တို့မှာလာသော မြေခွေး မိုက်သည်၊ နီရဲစွာပွင့်နေသော ပေါက်ပင်ကိုတွေ့မြင်ရာ၊ငါသည် အမဲသား ပင်ကြီးများ တွေ့နေပါတော့တကားဟု ဝမ်းမြောက်စွာ၊အသင်ထက်သို့သာ မော်၍ မျှော်လင့်ကာ နေခိုက်မှာ၊ လေတိုက်တာနှင့် ပေါက်ပွင့် ကြွေကျ သောအခါ၊ ပြေး၍ဟပ်လိုက်ရာ (ဟာင်) ဤအောက်ကျသမျှ အပွင့်တို့ကား အမဲသားမဟုတ်သေးပါ။ အထက်မှာရှိနေတာတွေသာ အမဲသား ဖြစ်လေ ရာသည်ဟု မြော်လင့်စောင့်ဆိုင်းရင်းပင်၊ထိုပေါက်ပင်အောက်မှာ အစာ ပြတ်ခါ မိုင်းမိုင်းကြီးလည်း၍ သေရှာသော ထိုမြေခွေး၏မိုက်ချက်များ

ကို ထင်ရှားအောင် ရှုကြည့်ကြပုံကား၊ ဩော်-ဤမြေခွေးသည် အထက်က ကြွေကျသည့် အပွင့်ဟူသမျှတို့ အမဲသားမှတ်ကြလျှင်၊ အပင်ထက်မှာ ရှိသမျှ တို့လည်း အကုန်လုံးချည်းတို့ဘဲ အမဲသား မှတ်ချက်ကို သိ၍၊ အစားအစာ ရရှိရာသို့ သွားသင့်ပါလျက် ဉာဏ်ဝိဇ္ဇာ ကင်းချက်ကြောင့်၊ ထိုပေါက်ပင်အောက်နားမှာ အဟုတ်ကြီးထင်ထားပါ၍၊တပါးသို့မခွါရက်သဖြင့်၊ ဒုက္ခတွေ အမျိုးမျိုးခံကာ သေရရှာသည်ကား၊ အမှန်ကိုဟောကြားမည့်ဆရာမရှိရှာ၍သာ သေရရှာလေသည့်ပမာ၊ငါတို့တစုမှာလည်း ထိုပေါက်ပင်နှင့် တူစွာ၊ မိမိတို့ ခန္ဓာယုတ်ကြီးကို ဟုတ်လှပြီထင်ထား၍ အစားအစာ ဟူသ၍တို့နှင့် အများတကာ အပူမတွေ့ရအောင် ချမ်းမြေ့စွာ စားသောက်ကြကာ နေထိုင်ကြရာ၊ နေပူထဲ မိုးသီးရွာထဲ၌ပင် မသွားချင် မနေသာဘဲ၊ ကျင်ကြီး,ကျင်ငယ်က ဆွဲသောကြောင့် တောထဲစသည်သို့ ပြေးကာ စွန့်ညှစ်၍ချလိုက်သောအခါတို့မှာလည်း ဆင်ခြင်ရာသည်ကား၊ ဩော် စောဘုရားတင်ထားပြီး၊ အဟုတ်ကြီး တင်ထားပြီး အထင်မှားနေကြသော ဤအပုပ်ကောင်မ,အပုပ်ကောင်ထီး၊ အယုတ်ကောင်မ,အယုတ်ကောင်ထီး၊ မဟုတ်ကောင်မ, မဟုတ်ကောင်ထီးကြီးတို့က မဟုတ်လှ၍သာ အကောင်းအမွန်တွေကိုလည်း ကျွေးထားရရုံမက၊ ဘေးများစွာတို့လည်း ဖြစ်ကြရပြီး၊ အညစ်အထေးကြီးတွေ အစားစားထွက်ကျ၍ သွားနေဆဲ၊ဤယခုအခါကြီးထဲမှာ ခိုးထုပ်,ခိုးထယ်နှင့်တကွ၊ဤခန္ဓာသိုးကြီးကို ဖမ်းမိကြရမှာလည်း၊ ကျင်ကြီး, ကျင်ငယ်တို့ကိုသာ အယုတ်ဘမာတွေ ထင်၊ အထက်ပိုင်း ကျန်ရစ်သည့် အစာဟောင်း, အစာသစ်နှင့် တကွ၊ အပုပ်အညစ်တွေ ဟူသမျှကိုတော့ အဟုတ် အနှစ်တွေ ထင်နေချက်နှင့်၊ တသက်လုံး မိုက်မှားလိုက်စားနေကြချက်တို့ဟာ၊ ယခင်က မြေခွေးမိုက်နှင့် လွန်စွာတူလှပါတကားဟု ကြပ်ကြပ်ကြီး စဉ်းစားပြီးမှ၊ ၎င်းမြေခွေးမိုက်များကို အကယ်၍ မင်း-ထင်ထားသည့် အမဲသားကြီးဟာ၊ မင်းထင်တိုင်း မဟုတ်ပါဘူးဟု အထူးပြောဟောသူရှိက၊ ၎င်းအပင်က စွန့်ခွါ၍ ချမ်းသာရာသို့ သွားရာ၏။

ငါတို့တစုမှာကား၊ ကျန်ရစ်ခဲ့သော ကျင်ကြီး,ကျင်ငယ်နှင့်တကွ၊ ဤအကောင်ပုပ်ကြီးက အောက်သို့ကျပြီး ကျင်ကြီး, ကျင်ငယ် တို့ထက် ဆိုးဝါးယုတ်မာ၊ရောဂါတွေပြား၊ကြောင့်ကြဘွယ်အစားစားနှင့်မာန်မာန တက်ကြွား၍ အပါယ်လားကြောင်းတွေ များများကြီးတို့ပိုင်းအုံ့သို့ နေကြပါတကားဟု ဟောကြားသည့်ဆရာ၊ ရေးထားသည့် ဤစာစသည်များကို

နာကြား သိရှိကြပါလျက်၊ ၉-ပေါက်ဒွါရ အမာဝဏ၊ ထွက်ကျသော နှပ်တံတွေး, ကျင်ကြီး, ကျင်ငယ်စသော စက်ဆုပ်ဘွယ်တို့သာ အယုတ် တမာတို့ပါတည်း။ ထွက်ကျတာမှတပါး အတွင်းသား ဖြစ်နေကြသော အစာသစ်, အစာဟောင်း စသော ထောင်သောင်းမက ဆိုးဝါးညစ်တေ အပြစ်တွေပေါများလှသည့် ငါကောင်မ, ငါကောင်ထီး၊ သူကောင်မ,သူ ကောင်ထီးတို့ကိုတော့ အဟုတ်ကြီးတွေဘဲဟု ယခုထက်ထိ ထင်မြင်စွဲမှတ် နေကြမှုကား၊ယခင်က မြေခွေးထက် ဆယ်ဆထက်မက မိုက်မှား၍နေကြ ချက်ပေတည်းဟု သံဝေဂ ကြီးထွားကြကာ အသုဘကိုလည်း ပွါးများ အားထုတ်ကြကုန်ရာ၏။ထိုထိုအိမ်သာ,ကုဋိတို့မှာလည်း**မြေခွေးမိုက်ထက် ငါ့ဒိုက သာသည်**ဟု စာလုံးကြီးကြီးနှင့် ရေးထားကြပြီး၊ ကျန်ရစ်သည့် အထက်ပိုင်းကိုလည်း အသုဘထင်အောင် အိမ်သာ,ကုဋိတက်တိုင်း ရှုနိုင် မှု၊ မြေခွေးထက် အကောင်းသာ၏။ သုဘထင်နေသေးမှု၊ မြေခွေးထက် အခါး,အယုတ် သာ၏ဟု-မိမိကိုယ်ကို အတပ်သိကြပါလေ။ ။ပြောင်- ယခု ပြဆိုခဲ့တိုင်းသော တရားအချက်တို့ကိုလည်း၊ သိခဲ့စွ၊ မိခဲ့စွ၊ သမထ ဝိပဿနာလုပ်ငန်းတို့လည်း ရှိခဲ့စွ၊ကျင်ကြီး,ကျင်ငယ်စွန့်ဆဲအခါတိုင်းတို့ မှာလည်း သတိများ ရခဲ့စွ- ရခဲ့စွ၊ အထူး သတိထားကြ- အထူးသတိ ထားကြ။

**တသွေဘနည်းမှာလည်း။ ။ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိ တေ ဘာသိတေ တုဏှိဘာဝေ သမ္ပဇာနကာရီ ဟောတိ။** ။ဂတေ၊ ခေါက်တုံ့ခေါက်ပြန် စင်္ကြံသွားလိုသောအခါတိုင်း၌။ ဌိတေ၊ ရပ်လိုသော အခါတိုင်း၌။ နိသိန္နေ၊ ထိုင်လိုသော အခါတိုင်း၌။ သုတ္တေ၊ အိပ်လိုသော အခါတိုင်း၌။ဇာဂရိတေ၊နိုး၍ထလိုသောအခါတိုင်း၌။ဘာသိတေ၊စကား ပြောဆိုသော အခါတိုင်း၌။ တုဏှိဘာဝေ၊ စကားမပြောဘဲ တိတ်တိတ် နေလိုသောအခါတိုင်း၌၊ သမ္ပဇာနကာရီ၊ ပညာ အဆင်အခြင်နှင့် စင်္ကြံ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ စကားပြောခြင်း၊ ဆိတ် ဆိတ် တိတ်တိတ် နေခြင်းတို့ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ဟု ၎င်းပါဠိတော်လာတိုင်း၊ ခေါက်တုံ့ ခေါက်ပြန် စင်္ကြံ သွားလိုသောအခါ တိုင်းတို့မှာ၎င်း ရပ်လိုသော အခါတိုင်းတို့မှာ၎င်း၊ ထိုင်လိုသော အခါ တိုင်းတို့မှာ၎င်း၊ အိပ်လိုသော အခါတိုင်းတို့မှာ၎င်း၊နိုး၍ထလိုသောအခါ တိုင်းတို့မှာ၎င်း၊ စကားပြောဆို၍လိုသော အခါတိုင်းတို့မှာ၎င်း၊ စကား မပြောဘဲ ဆိတ်ဆိတ် တိတ်တိတ် နေလိုသော အခါတိုင်း တို့မှာ၎င်း၊

**ငါသည် ဝိပဿနာသတိနှင့် လွတ်၍၊ မသွားမရပ်၊ မထိုင်, မအိပ်, မထ၊ စကားမပြောဆို၊ ဆိတ်ဆိတ် တိတ်တိတ်မနေ** ဟု သတိ-ဝီရိယ မြဲမြံသည်ထက် မြဲမြံကြအောင်၊ အသီးအသီး အဓိဋ္ဌာန်၍၊ စင်္ကြံသွားသမျှ၊ ရပ်သမျှ၊ ထိုင်သမျှ၊ အိပ်သမျှ၊နိုး၍ထသမျှ၊စကားပြောဆိုသမျှ၊ ဆိတ်ဆိတ် တိတ်တိတ် နေသမျှ၊အမူအရာ အသစ်,အဟောင်း ပြောင်းလဲတိုင်းတို့မှာလည်း စနက်ယမ်းမီးတို့၊ သဲချောင်း, သဲမှုန့်တို့ အရနှင့် ရှေ့ကပြခဲ့သည့် ဥပမာ အရမှာ၊ မီးတွေ,သဲတွေ,အသစ်,အဟောင်း ပြောင်းလဲလျက်၊ နောက်ပိုင်း ဘက်က သူ့အမူအရာနှင့်သူ ပျက်ပျက်လိုက်နေတာကို ထင်မြင်ရသလို၊ထို ထို အမူအရာတိုင်းတို့မှာ ရုပ်နာမ် အသစ်,အဟောင်းတို့လည်း ပြောင်းလဲ လျက်၊ နောက်ဘက်က ပျက်ပျက် လိုက်နေချက်တို့ကို ရှုမြင်နိုင်ကြသည့် ဘာဂ်ဉာဏ်ဖြင့် စိစိ၊ အတပ်ကြည့်၍ သိ၍၊ထိုအမူအရာ အချက်တိုင်းတို့မှာ ဝိပဿနာလုပ်ငန်းနှင့် မိ၍၊ သွားခြင်း,ရပ်ခြင်း၊ ထိုင်ခြင်း, အိပ်ခြင်း၊ နိုး၍ ထခြင်း၊စကားပြောခြင်း၊ဆိတ်ဆိတ်တိတ်တိတ်နေခြင်းတို့ကိုပြုကြပါလေ ယောဂီမြတ်တွေတို့။ ။ဤသို့ပြဆိုခဲ့တိုင်း ပြုကျင့်သူတို့သည်၊(ငတေဒွိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှိဘာဝေ သမ္ပဇာနကာရီ ဟောတိ။) ဟူသော ပါဠိတော်ကြီးအရနှင့် ဘုရားကိုယ်တော်တိုင် ဟောပြ အပ်သော ပုဂ္ဂိုလ်မြတ်ကြီး များဟာ ငါတို့ပင် ဖြစ်နေကြပါတကားဟု-ဝမ်းမြောက်ကြကာ အထူး အားသစ်ကြပါလေ သူတော် ကောင်းတွေ တို့။ ။ဩော်-ဤအချက်ကောင်းကြီးတွေကို သိလည်း သိခဲ့ရွှ၊ ဝိပဿနာ လုပ်ငန်းနှင့် မိလည်း မိခဲ့ရွှ၊ သွားတိုင်း,ရပ်တိုင်း စသည်တို့မှာ ဝိပဿနာ လုပ်ငန်းပါအောင် သတိ, ဝီရိယတို့ ရှိလည်းရှိခဲ့ရွှ၊ အထူးသတိထားကြ၊ အထူးသတိထားကြ။

ဤရှေ့ကပြအပ်ခဲ့ပြီးသော သတိပဋ္ဌာန်ပါဠိတော်များမှာ**သမ္ပဇာနကာရီ** ဟုပါနေကြသော စကားအရ၊ သမ္ပဇဉ် တရားတို့ကလည်း။ ။သတ္ထက သမ္ပဇဉ်၊ သပ္ပါယသမ္ပဇဉ်၊ ဂေါစရသမ္ပဇဉ်၊ အသမ္မောဟသမ္ပဇဉ်။ ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်၊ ထိုပါဠိတော်တို့က။ ။ အဘိက္ကန္တေ ပဋိက္ကန္တေ စသည်အရ၊ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်း စသည်တို့ကိုပြုကြသော အခါတိုင်းတို့မှာ၊စိတ်ထင်တိုင်း အရိုင်းမပြုကြဘဲ၊ ရှေ့အဘို့ကပင် ကြိုတင်၍၊ဤသမ္ပဇဉ်လေးပါးနှင့် ကျင့်ကြံအားထုတ်ကြရ ပုံကား၊ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်း စသည်တို့ကို ယခု ငါပြုခွင့် ဆိုက်နေသည်၌၊ ပြောပ လောက်အောင် လောကီဘက်၊ လောကုတ္တရာ

ဘက်၊ တခုခုတို့မှာ အကျိုး များ မများတို့ကို စဉ်းစားကြည့်၍၊ အကျိုး မထင်တာ ရှောင်ကြဉ်ကာ အကျိုးထင်တာမှ ပြုကျင့်ကြပါမူ၊ **သတ္ထက သမ္ပဇညအလေ့ကို** အားထုတ်သူဟုဆိုရ၏။

တနည်းမှာ၊ ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်းစသည်တို့၌၊ထိုသို့ပင် အများရတို့ အကျိုးထင်လာပါသော်လည်း၊ရောဂါဘေးဒဏ်စသည်မဖြစ် ရန်၊အာပတ်မသင့်ရန်၊ ကိလေသာ ဒုစရိုက် အမိုက်အမှားစသည်တို့မဖြစ် ရန်။ လျော်ကန် လျောက်ပတ်ခြင်း သပ္ပါယ ဖြစ်-မဖြစ်တို့ကို စဉ်းစား ကြည့်၍၊ သပ္ပါယ-မဖြစ်ထာ ရှောင်ကြဉ်ကာ၊ သပ္ပါယဖြစ်ထာမှ ပြုကြပါ မူ၊ **သပ္ပါယသမ္ပဇညကို** အားထုတ်သူဟု ဆိုရ၏။

တနည်းမှာလည်း၊ရှေ့သို့တက်ခြင်း,နောက်သို့ ဆုတ်ခြင်းစသည်တို့မှာ ထိုသို့ပင် အကျိုးထင်သည့် သတ္ထက သမ္ပဇည၊သင့်လျော် လျောက်ပတ် ခြင်း သပ္ပါယသမ္ပဇညတို့နှင့် ပြည့်စုံကြငြားသော်လည်း၊မိမိတို့ ရှေ့အတို့ က အလေ့အလာ ပြုထားကြသော သမထဘာဝနာ, ဝိပဿနာဘာဝနာ အလုပ်များကို မေ့လျော့ ပေါ့စား မစွန့်ထားဘဲ၊ လေ့ကျက်ရင်း ဘာဝနာ နှင့်တွဲ၍ပြုကြပါမူ၊ **ဂေါစရသမ္ပဇညကို** အားထုတ်သူဟု ဆိုရ၏။

တနည်းမှာလည်း၊ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်းစသည်တို့မှာ၊ ထိုသို့ပင် အကျိုးထင်သည့် သတ္ထက သမ္ပဇည၊ သင့်လျော် လျောက်ပတ် ခြင်း သပ္ပါယသမ္ပဇည၊လေ့လာရင်း ဘာဝနာကို မစွန့်လွှတ်ခြင်း ဂေါစရ သမ္ပဇညတို့နှင့် ပြည့်စုံကြ ငြားသော်လည်း၊သက္ကာယဒိဋ္ဌိ နယ်သမားတို့ ဘက်က ဘာဝနာကြီးတွေကို ငါကိုယ်တိုင် အားထုတ်လျက်၊ ငါတို့ ကိုယ်တိုင်သွားလာသည်။ငါကိုယ်တိုင် ကြည့်ရှုသည်စသော သက္ကာယဒိဋ္ဌိ အချက်ကြီးတွေနှင့်၊ အလွန်တွေဝေလှကြသော သမ္မောဟ အချက်ကြီး များကို ပယ်ရှား၍၊ အကြောင်းအကျိုးတရားတို့အတွက်နှင့် ဤသတိပဋ္ဌာန် ပါဠိတော်အရ၊ဝိပဿနာအလုပ်ကို ရှေ့က ပြခဲ့တိုင်း ရုပ်နာမ်ခေတ်ပရမတ် တို့ အသစ်, အဟောင်း ပြောင်းလဲ ဖြစ်, ပျက် ဆက်လက်၍သာ ရှေ့သို့ တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း စသော ထိုထို အမှုအရာတို့၊ အသစ်, အဟောင်းပြောင်းလဲ ဖြစ်,ပျက်၍လိုက်နေချက်သက်သက်တို့ပါတကားဟု ရှုစား၍၊ ထိုထို အမှုအရာစုကို ပြုကြပါမူ၊ **အသမ္မောဟ သမ္ပဇညကို** အားထုတ်သူဟု ဆိုရ၏။

[ဤသို့ သတိသမ္ပဇဉ်ကို အားထုတ်ကြသူဟု ဆိုအပ်သော အနက်နှင့်၊ ဘုရားဟောပြအပ်သော အချက်လေးပါးတို့တွင်၊ ရှေ့ သတ္ထက သမ္ပဇဉ်နှင့်၊ သပ္ပါယ သမ္ပဇဉ် ၂-ပါး တို့ကိုကား၊ အတော် အတန်မျှ သတိ ထားနိုင်ကြသူတို့ပင် သုံးစားကျင့်ကြံ နိုင်ကြဘို့ လွယ်ကူလှသေး၏။ နောက်ဂေါစရ သမ္ပဇဉ်ကိုကား၊ သမထနိမိတ်ရသူတို့မှာသာ၊ အရာရာနှင့်တွဲကြရဘို့ လွယ်ကြလိမ့် မည်။မရသူတို့ကား၊အလွန်ခက်ကြပေလိမ့်သတည်း။ ၎င်းနောက် က အသမ္မောဟ သမ္ပဇဉ်ကို ဒိဋ္ဌိဝိသုဒ္ဓိအလုပ် ပေါက်သူတို့မှ အရာရာတိုင်းတို့၌ သမ္မောဟကင်းကြဘို့ လွယ်ကူကြပေလိမ့်မည်။ မပေါက်သူတို့ကား၊အတွင်းသား ခေတ်ပရမတ်တို့သည် အပေါ်ရုံ ပညတ်နိုင်ငံသားတို့ မဟုတ်ကြဘဲ၊အကြောင်းအကျိုးအမျိုးမျိုးတို့ ဆက်လက်တွဲစပ်ကြကာ သွားလာနေထိုင်ခြင်း စသည်တို့ကိုပြုနေ ကြပါတကားဟု မိမိတို့စိတ်ထဲမှာ အဟုတ်ကျေနပ်ကြဘို့ ခဲယဉ်း ကြပေလိမ့်သတည်း။]

ဤသမ္ပဇဉ် အချက်၊ အခက်ကြီး ၄-ပါးကို တမြို့င်နက်ထည်း လွယ် လွယ်ကြီးနှင့်ပင် ကျင့်ကြပြီးသား ဖြစ်နေကြပုံကား၊ ရုပ်နာမ်ဓမ္မ သမူဟ တို့၏ ဖြစ်, ပျက်ကို၊ ထိုထို အမူအရာတို့၏ ဖြစ်, ပျက်နှင့် တွဲဘက်လျက် ဝိပဿနာအလုပ် ပေါက်ရောက်၍၊အဘိက္ကန္တေ-ပဋိက္ကန္တေ-စသော သတိ ပဋ္ဌာန်ပါဠိတော်ကြီးများအရနှင့်၊ ရှေ့ကပြခဲ့ပေသော ဝိပဿနာ အလုပ် တွေကို၊ သူ့အမူအရာနှင့် သူ့အကွက်ကျ အချက်ကျ အားထုတ်၍ နေကြ သော ယောဂီမြတ်များ ယောကျ်ား,မိန်းမ၊ရှင်,ရဟန်းစသည်တို့သာလျှင်၊ အခက်ဆုံး ဖြစ်လှသည့် အသမ္မောဟ သမ္ပဇဉ် အလုပ်ကိုလည်း ကျင့်ကြံ အားထုတ်ကြပြီးသား ဖြစ်ကြရ၍၎င်း၊ အရာရာတိုင်းတို့မှာ ဤအားထုတ် ရင်း၊ဝိပဿနာဘာဝနာကိုမလွတ်ရဘဲ အားခဲသွားသည့်အတွက်၊ဂေါစရ သမ္ပဇဉ် အလုပ်ကိုလည်း ကျင့်ကြံ အားထုတ်ကြပြီးသား ဖြစ်ကြ၍၎င်း၊ ရှေ့ကပြခဲ့သော ဝိပဿနာအလုပ် အားထုတ်ကြဘို့ကလည်း ဘယ်အလုပ် တို့နှင့်မှလည်း မဆန့်ကျင်ကြဘဲ၊ လွန်စွာသင့်လျော် လျောက်ပတ်လှ၍ သပ္ပါယသမ္ပဇဉ်အလုပ်ကိုလည်းကျင့်ကြံအားထုတ်ကြပြီးသားဖြစ်၍၎င်း၊ သေက္ခပုထုဇ္ဇန်တို့အလုပ်အမျိုးမျိုး၊လောကီ,လောကုတ္တရာအကျိုးတို့တွင် ခေါင်ထက်ခေါင်ခွေမိုးကြီး ဖြစ်လှပါပေသော လောကုတ္တရာ အကျိုးကြီး များ ပြီးစီးသွားရန်၊ကျင့်ကြံအားထုတ်မှုကြီးတွေဖြစ်နေကြသောကြောင့်၊

သဏ္ဍာကသမ္မဇ္ဇည အလုပ်ကိုလည်း ကျင့်ကြံအားထုတ်ပြီး ဖြစ်၍ရင်း၊ ဝမ်းမြောက် ဝမ်းသာလုံးကြီးတွေ ဘာဝင်မှာ အထူးရွှေ့ရွှေ့ပြီး မမေ့မလျော့ကြဘဲ၊ ဤသာသနာ့မြတ်ကြီးနှင့် သေခွဲ မခွဲခင် အလျင်အမြန် မိမိတို့လည်း ကျင့်ကြံနိုင်ကြ၍၊ ပေါက်ရောက်လွယ်ကြပါစေ သတည်း။ မိမိတို့နှင့် စပ်သမျှ တပည့်တကာ မိတ်ကလျာဏ်ပါ၊ချမ်းသာစွာကျင့်ကြံပေါက်ရောက်နိုင်ကြအောင်လည်း ဘုရားကရုဏာတော်ကြီးအလား ဇတ်ကို ထား၍၊ လည်လည် ပတ်ပတ်၊ နပ်နပ်နောနော ဖြစ်ကြရန်။ ချော့ချော့မော့မော့၊ ပြော့ပြော့ပျောင်းပျောင်း၊ ကောင်းကောင်းမွန်မွန်၊ လွန်လွန်မင်းမင်း၊ ဖြည်းညှင်းသာယာစွာ ဟောကြား-သွေးဆောင်နိုင်ကြပါစေ သတည်း။ ဝါ၊ ဟောကြားသွေးဆောင်ကြပါလေ ပညာရှိ ယောဂီမြတ်တွေတို့။

(၃၁) အဇ္ဈတ္တ,ဗဟိဒ္ဓတွဲပုံနှင့်၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိပြီးစီးပုံ

ဤသို့ သတိပဋ္ဌာန် ပါဠိတော်ကြီးများ အရနှင့် ဘင်္ဂဉာဏ် အချက်ကျအောင်၊ ရှေ့က ရေးပြခဲ့သည့် အတိုင်း၊ မိမိတို့ ခန္ဓာကိုယ်ကြီး တကောင်လုံးတို့ တဖြုန်းဖြုန်း အလျင်အမြန် ပျက်သော ဘင်္ဂဉာဏ် အချက်ကို ထင်မြင်လျက် ရှိကြသူ ယောဂီဖြူတို့သည်၊ မိမိတို့ အတွင်းအဇ္ဈတ္တပျက်နှင့် တွဲဘက်၍၊ အပဗဟိဒ္ဓ အပျက်တို့ကို ရှုကြည့်ကြလိုပြန်မူ၊ ရှေ့ကအတိုင်း အလုပ်ပြသရမည့် တပည့်တွေကို မိမိနှင့်ဘေးတိုက်စီတန်း၍ရပ်နေစေကြပြီးလျှင်၊ မိမိတို့၏ အပေါ်ရှိသဏ္ဍာန် ပညတ်များနှင့်၊ အတွင်းသား ခါတ်ကြည်တို့သည်ရင်း၊ ဤအောက်က မြေထု, တော, တောင်၊ အကောင်အထည် ကြီးငယ်တို့၏ အပေါ်ရှိ ပုံသဏ္ဍာန် ပညတ်များနှင့် အတွင်းသား ခါတ်ကြည်တို့သည်ရင်း၊ ကလာပ်တိုင်းမှာပါသည့် တေဇောခါတ်မီး အတွက်ကြောင့်၊ အရွေ့အထားမခံချက်ကို ရှေ့ကပြခဲ့တိုင်း ကွက်ကွက်ကွင်းကွင်းကြီး ထင်အလင်း သိရှိကြရလျက်၊ ထိုထိုအကောင်အထည် ဝတ္ထုဘို့၊ ထိုထိုအမှုအရာသစ် ဌာနသစ် အဟောင်းတို့ ပြောင်းရွှေ့ သွားကြက၊ လောက အားလုံးတို့မှာ ဖြစ်ပျက်တူ အသက်ဘူဖြစ်သော ရုပ်သစ်, နာမ်သစ်တို့လည်း ပြောင်းပြောင်း လိုက်ကြရကုန်၏။ ထိုထို အမှုအရာသစ်, ဌာနသစ်, ကာလသစ် ပြောင်းပြန်ကလည်း၊ အမှုအရာဟောင်း, ဌာနဟောင်း, ကာလဟောင်းတို့ အခိုက်အတန့် ကာလတို့မှာ၊ ထိုထို အကောင်အထည် ဝတ္ထုတို့နှင့် အပြည့်အနှက် ရှိရှိ နေကြကုန်သော ရုပ်

ဟောင်း, နာမ်ဟောင်းတို့လည်း၊ တပေါင်းထည်း အသက်တူ ဖြစ်ပျက်တူ ဖြစ်သောကြောင့်၊ ထိုထိုအမူအရာဟောင်း, ကာလဟောင်းတို့ ပျက်သည်နှင့် တကွနက်၊ ပျက်ပျက် လိုက်နေကြရသည်ဌ၊ ဤမြေပေါ်က ရွေ့ပြောင်း ကျော်လွှား၍ သွားနေသော မိမိတို့ အဏ္ဏုအ ဓာတ်ကြည်တို့တွင်၊ ရှေ့သို့ အမူအရာသစ်, ရုပ်နာမ်သစ်တို့ ပြောင်းပြောင်း သွားသမျှ၊ နောက်ပိုင်းက အမူအရာ ဟောင်း ရုပ်နာမ် ဟောင်းတို့ ပျက်ပျက် လိုက်ချက်ကို၊ ယခု လက်ငင်း ရှုကြည့်ရင်း ထင်မြင် ကြရသည့် သက်သေ အရ အတိုင်း၊ အောက်ပိုင်းက အခံမြေဓာတ် ကလာပ်ကြည့်တို့လည်း အပေါ်က ကျော်လွှား ပျက်ပျက် လိုက်သွားကြသော ရုပ်ဓာတ် ကလာပ်တို့နှင့်၊ အသက်တူ ဖြစ်ပျက်တူ ဖြစ်သောကြောင့်၊ အောက်အခံ ရုပ်တို့ကိုလည်း ဉာဏ်နှင့် ငဲ့ကာ ငဲ့ကာ အကျော်အလွှားရုပ်နှင့် တပေါင်းထည်း ပျက်ပျက် လိုက်နေကြတာကို ရှု၍-ရှု၍၊ ခြေကို ခပ်ဖြေးဖြေး လှမ်းလျက်၊ ယခု တတန်းထည်း ရပ်နေကြသော တို့လူစု သွားလိုက်ကြစမ်းဟု ပြောကြား၍၊ ကိုယ်တိုင် လည်း စင်္ကြံနှင့်တွဲ၍ ပြကြပါလေ။ စစဦး မိမိတို့ အောက်တဲ့ဘဲ့ရှိ အခံ မြေဓာတ်ကြည်တို့နှင့်သာ တွဲကြပါလေ။ အတိတ်ကာလ နောက်ကျော ဘက်က၊ အကျော်-အခံ ရုပ်နာမ်ဟောင်းတွေ၊ သဲကမ်းပါးကြီးများ ပြိုပြို ပြိုပြို လိုက်နေဘိသကဲ့သို့ရင်း၊ယမ်းစနက်မီးတောက်ကြီးတွေ သူ့ယမ်းနှင့် သူမီးတို့ သေပျောက် - သေပျောက် လိုက်နေဘိသကဲ့သို့ရင်း၊ အတွဲလိုက် အတွဲလိုက် ရိပ်ရိပ်-ရိပ်ရိပ်နှင့် ပျက်ပျက် လိုက်နေသည်များကို ထင်မြင် လာအောင်၊ မကြာမကြာ အခါခါတွဲ၍ ရှုကြပါလေ။ အောက်အပေါက် က သဲချောင်းကျနေသော သဲခွက် ၂-ခုမှာ၊ တခုကသွားရင်းကျ၊ တခုက ရပ်ထားရင်း ကျနေကြသည်ဌ၊ သွားရင်းကျ ကြသည့်ကား၊ ရှေ့သို့သဲ အသစ် ပြောက်သွားသမျှ၊ နောက်ကသဲဟောင်းတွေ ကျပျောက် လိုက် ထာ ထင်ရှားသလို၊ စင်္ကြံသွားရာဌ၊ ရှေ့သို့ ရုပ်နာမ်အသစ်တွေ ပြောင်း ပြောင်း သွားသမျှ၊ နောက်ပိုင်းက ရုပ်နာမ်ဟောင်းတွေ ပျောက်, ပျက် လိုက်နေတာတို့ကား၊ သဲဥပမာစကားနှင့် ထပ်တူထပ်မျှ ထင်ရှားလှ၏။ ရပ်ထားရင်း ကျကျနေသည့်သဲချောင်းဌကား၊တနေရာထည်းသာ ထပ်ခါ ကျနေကြသည့်အတွက်၊ အချောင်းပုံသဏ္ဍာန် ပညတ်ကြီးကား၊ ပျောက်, ပျက်လိုက်ချက် မထင်ရှားသော်လည်း၊ ရွေ့ရှားနေသော သဲခွက်နှင့် သဲ ကျပုံချင်းအတူ သဲကုန်ပုံချင်းအတူ၊ အတွင်းသား သဲမှုန့်တွေ တပြိုင်နက် ရိပ်ရိပ် ရိပ်ရိပ် ရိပ်ရိပ် ကျနေကြတာများ မျက်မြင်မှာပင် ထင်ရှားသလို၊

မလှုပ်မရှားသော အောက်အခံ မြေခါတ်ကြည်စသည်တို့၏ အဖြစ်-အပျက်တို့လည်း၊ ဘနေရာထည်း ထပ်ခါထပ်ခါ ဖြစ်ပျက်၍နေကြပါသည့်အတွက်၊ ရုပ်သစ်ရုပ်ဟောင်း ပြောင်းလဲချက်တို့ပင် မထင်ရှားသော်လည်း၊ မြေပေါ်က ကျော်သွား၍ ပျက်လိုက်သွားနေသော၊ မိမိတို့အတွင်းသား ရုပ်ပျက်တွေနှင့်၊ အောက်အခံမြေရှိ ရုပ်တို့အသက်တူ ဖြစ်ပျက်တူဘဲဟု တွဲဘက်၍ ရှုကြည့်လိုက်ကြပါမူကား၊ အောက်အခံ ရုပ်အပျက်များလည်း ထင်ရှားသိမြင် နိုင်ကြကုန်ရာ၏။ ဤအချက်များကို ထင်ရှားသိစေလို၍။—

**အကျော်-အခံ၊နှစ်တန်တွေ့ပျက်၊စဉ်အဆက်မှာ၊ထို့နည်းသာ ပြိုင်ကာပျက်၍လိုက်။**

**စက်ခွေးသွားစိုင်၊ ချင်းချင်းချိတ်ကာ၊ လည်ကြရသို့၊ ဖြာဖြာ ခေတ်စစ်၊ သားမြေးဖြစ်ချင်း၊ ပျက်ကြွကွင်း၊ဖြစ်ချင်းပြိုင်၍လိုက်။**

ဟု-ဝိသုဒ္ဓိဆောင်ပုဒ်မှာ ရေးထုတ်လိုက်ရပါသတည်း။ ။ဤသို့ရှေ့က ရေးပြခဲ့သည့်အတိုင်း၊မိမိတို့စကြံအောက် တဲ့တဲ့က မြေခါတ်ကြည် တို့ကို တွဲနိုင်ပြီးမှ၊ ဘေးဘီက မြေခါတ်ကြည်တို့ကို ချဲ့ကာ ချဲ့ကာ အားလုံးမြေထုခါတ်ကြည်စု တို့ကိုလည်း တွဲကြပါ၍ရင်း၊ မြေပေါ်ရှိသမျှ အကောင်အထည်တို့ အတွင်းက၊ ခါတ်ကြည် အလင်းတို့နှင့်လည်း တွဲပါ၍ရင်း၊ ကောင်းကင်ရှိသမျှ အကောင်အထည်တို့ အတွင်းက၊ ခါတ်ကြည်အလင်းတို့နှင့်လည်း တွဲကြပါ၍ရင်း၊ မိမိတို့အတွင်းသား ရုပ်အမှုအရာ ပျက်တွေ အတိုင်း၊ အချက်ကျကျ ရှုကြည့်လိုက်ကြပါမူ၊ ကုလားဘပ်ကြီး ရှေ့နောက် ငဲယာ အသီးအသီးတို့ တပြိုင်နက်ထည်း သုတ်သုတ် သုတ်သုတ် တဖြုတ်ဖြုတ်နှင့် အဆုတ်အဆိုင်းမရှိဘဲ၊ အဟုတ်အပြေးအလွှား တက်တက်သွားဘိသကဲ့သို့၊ စင်္ကြံအလုပ်နှင့် အားထုတ်နေသော မိမိတို့ငဲယာ ရှေ့နောက်၊ ထက်အောက်မကြွင်း၊ အဆုံးအပိုင်းအခြားမရှိသော ရုပ်နာမ်တသင်းတို့၊ ထင်အလင်း တပြိုင်နက်၊ အလျင်မြန် ချုပ်ပျက်သော **ဘင်္ဂဉာဏ်များကို** ထင်းရှားပေါက်ရောက်ကြပေလိမ့်သတည်း။ဤသို့ရှေ့ကပြခဲ့သည့်အတိုင်း အားထုတ်၍၊ ဘင်္ဂဉာဏ်အလုပ် အဟုတ်ထင်မြင် ပေါက်ရောက်သော ယောဂီမြတ်ဖျား၊ ယောကျ်ား,မိန်းမ၊ ရှင်ရဟန်းစသည်တို့သည်။ ။သဒ္ဓါ ဘာသ,ပီတိ,ပဿဒ္ဓိ-စသော ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်တို့မှ ကင်းလွတ်ကြပြီးသား ဖြစ်ကြသဖြင့်၊ နိဗ္ဗာန်သို့ရောက်ကြရန် ဖြောင့်မှန်သောခရီးသို့ ရောက်ကြပြီးသား ဖြစ်ကြလေသောကြောင့်၊ **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအလုပ်ကြီးတို့လည်း** ထမြောက်ပြီးသားဖြစ်ကြလေတော့၏။

ထိုစကားမှန်၏။သြဘာသ, ဝိတိ, ပဿဒ္ဓိ- စသော ဝိပဿနာ ညစ်ညူးကြောင်းတို့သည်ကား၊ ဥဒယဗ္ဗယ ဉာဏ်စခန်းမှာသာ ဖြစ်ရ၏။ ထိုညစ်ညူးကြောင်းတို့ မဖြစ်သော အရိယာစသည်တို့ အထဲသို့၊ ၎င်း ဥဒယဗ္ဗယ ဉာဏ်စခန်းကိုလွန်၍ အားကြီးသော ဝိပဿနာအတန်တန် ဖြစ်လျက် ဘင်ဉာဏ်စသည် စခန်းဘက်သို့ တက်သွားသူတို့လည်း၊ ဝိပဿနာ ညစ်ညူးကြောင်း မဖြစ်ကြသည့်အတွက်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆရာမြတ်ကြီးတို့ကလည်း ထည့်သွင်းကြကြောင်းကို။—

**အရိယ သာဝကဿာတိ စ ဣဒံ ဥက္ကဋ္ဌ နိဒ္ဒေသေန ဝုတ္တံ။**
**ဗလဝ ဝိပဿနာ ပတ္တဿာပိ အနုပ္ပဇ္ဇနတော။**

အရိယာ သာဝကဿာတိ ဣဒံ ဝစနံ၊ အရိယာ သာဝက များဟာ ဝိပဿနာ ညစ်ညူးကြောင်း မဖြစ်ပါဘူး ဟူသော ဤစကားကို။ ဥက္ကဋ္ဌ နိဒ္ဒေသေန၊အကြီးအမြတ်ဆုံးကို ညွှန်ပြသောအားဖြင့်။ဝုတ္တံ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆိုအပ်ပါ၏။ ဗလဝဝိပဿနာပတ္တဿာပိ၊ အားကြီးသော ဥဒယဗ္ဗယဝိပဿနာက ဘင်ဉာဏ်စသည်သို့ ပေါက်ရောက်သော ယောဂီမြတ်အားလည်း။ အနုပ္ပဇ္ဇနတော၊ ဝိပဿနာ ညစ်ညူးကြောင်း မဖြစ်သောကြောင့်တည်း။ ။ဟု-မိန့်ဆိုတော်မူတိုင်း၊ ယခုအားထုတ် နေကြသော ယောဂီမြတ်အများ ယောကျ်ား, မိန်းမ, ရှင်, ရဟန်းစသည်တို့မှာလည်း၊ အားကြီးသော ဝိပဿနာဖြစ်ကြလျက်၊ ဘင်ဉာဏ်စသည်ဘက်သို့ တက်သွားကြသူ၊ တို့လူစုတမူလည်း ဖြစ်ကြသောကြောင့်သာ၊ အရောင်အဝါစသည်မဖြစ်ကြဘဲ၊မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိအလုပ်ကြီးလည်း ပြီးစီးအောင်မြင်တော့ ပြီးဟု—အထူး ဝမ်းမြောက်ကြကာ အားသစ် လိုက်ကြပါလေ။

[ဤ၌ရှေ့က ပြခဲ့ပြီးသော အချက်စုနှင့်ပင် ဘင်ဉာဏ်အစဉ်တို့ အထွင့်အထိပ်သို့ ရောက်လောက်ကြပြီး ဖြစ်သောကြောင့်၊ ဝိသုဒ္ဓိမဂ် လာစကား အကျယ် အားဖြင့် မရေးသား လိုက်ပေတော့သတည်း။ ထိုထက်အကျယ်ကို ကြည့်သိလိုကြသေးပါမူ၊ ငါတို့ ရေးထုတ်လိုက်သော **ဝိသုဒ္ဓိကျင့်စဉ်**, **ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်**တို့မှာ၎င်း၊ ဝိသုဒ္ဓိမဂ်ကြီးတို့မှာ၎င်း ရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။]

ဤအဋ္ဌမရက် အပြီးသတ်မှာလည်း နိဂုံးချုပ်စကား ပြောကြားလိုက်ကြရန်ကား၊ အပေါ်ရုံပညတ်နှင့် အတွင်းသား ခတ်ကြည့်တို့ကို တွက်

ခြေကျ ကိန်းသေနည်း၊နှမ်းပြစ်ရုပ်ကြီးတို့မှာ အသေးဆုံး နှမ်းစေ့။ ထိုနှမ်းပြစ်ရုပ်ကြီးအတွင်းနှင့် အပြည့်လည်း နှမ်းစေ့သာဟု ထင်မြင်သိရှိကြတာလို၊ထိုထို အကောင်အထည်တို့ အတွင်းမှာလည်း၊အသေးဆုံး ပရမာဏုမြူ၊ ထိုထိုဝတ္ထု၊နှင့် အပြည့်ပြည့်တို့လည်း ပရမာဏုမြူတို့သာ ရှိနေကြတာကို၊ မိမိတို့နေရာကျတော့အခါခါ ရှုကြည့်ကြပြီးမှ၊ဉာဏ်အမြင်ပေါက်ရောက်အောင်ရှုကြည့်နည်းကား၊——

ဖလ်ရုပ်,မှန်ရုပ်ကြီးတို့မှာ အတွင်းသား– ဖလ်ကြည်, မှန်ကြည်တို့နှင့်၊ အပေါ်ရံဆေးသားတို့ကို ခြားနား၍ ထင်မြင်နိုင်တာလို၊ ထိုထို အကောင်အထည်တို့၏ အတွင်းက ကလာပ်ကြည်, ဓာတ်ကြည်များနှင့် အပေါ်ရံပညတ်များကို ထင်ရှားစွာ ထင်မြင်လာအောင်၊ မိမိတို့နေရာမှာ အခါခါ ရှုကြပြီးမှ၊ ထိုထို အကောင်အထည်အတွင်းက ဓာတ်ကြည်ရှိရှိသမျှတို့မှာ တောဖောမီး တွက်တာကြောင့် ထောက်တည်ရာမရ၊ အားလုံးကုန်ပျက်စီးနေကြသည်များကို၊ ထိုထိုအကောင်အထည်တို့ အတွင်းသို့၊ ဉာဏ်သွင်း၍ သွင်း၍ ရှုကြည့်ကြသော အခါ၊မျက်စိတမှိတ် လျှပ်တပြက်မျှ အသက်ရှည်၍ မတည်နိုင်တာတွေကို ထင်မြင်နေအောင်၊ မိမိတို့ နေရာကျတော့ ရှုကြည့်ကြပြီးမှလည်း၊ စက္ခုနှင့်လည်း ရှေ့သို့ အသစ်အသစ်ဖြစ်၍ တက်လာသည့်အဖြစ် ဥဒယအချက်ကို၊ မျက်စိနှင့် မြင်၍လည်းသိရ၏။ မိမိတို့ နောက်ပိုင်းက ရုပ်ဟောင်း, နာမ်ဟောင်း, အမှုအရာ ဟောင်းတွေ၊ တထောင်းထောင်း ပျက်ပျက် ပျောက်ပျောက် မရှိ-မရှိ လိုက်နေသည့် ဝယ အချက်၊ နောက်ကျောဘက်က ဉာဏ်နှင့် စိစိ၊ ပြုံးပြုံးကြည့်၍ ခြေတလှမ်းမှာ အနည်းဆုံးတခါပျက်ကို ၂-ခါပျက်ကို၊ ၃-ခါပျက်ကို၊ ၎င်းနောက်များစွာပျက်ကို၊ရှေ့ကပြခဲ့တိုင်း တနေ့တခါစီတိုးတက်၍ ပြကြရန်တို့တွင်၊ ယနေ့ ညဥ့်အတွက်မှာ တခါပျက်စီသာ ထင်မြင်လာအောင် မကြာမကြာ အခါခါရှုကြပါလေဟု-လိုရင်းဆုံး အချုပ်စကားကို ပြောကြား၍၊( ၈ ) ရက်ဝိပဿနာ အလုပ်ပေးစဉ် တရားကြီး အကျဉ်းနည်းနှင့် အပြီးသတ်လိုက်ကြကုန်ရာသတည်း။ ။ရှစ်ရက်လုပ်ငန်း နိဋ္ဌိတံ။

### (၃၂) နာမရုပ်၌၊ သိုက်ဥပမာနှင့်''အဘိဓမ္မာတရား-စကား-စာ'' ဤသုံးပါးတို့ ခြားနားချက်နှင့်၊ စာကျငြိညာဏဓာတ် အစရင်ရင်တို့ဖြင့် ဝိပဿနာအလုပ်ပေးချက်

ရှေ့က ပြဆိုအပ်ခဲ့ပြီးသော ရှစ်ရက်တို့က၊ ရုပ်သက်သက်တို့ကို ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိတို့က ဆက်လက်ကြလျက်၊ ဝိပဿနာအလုပ်များဘက်သို့ တဆက်ထည်းရသွားအောင်ပြပြီး၍၊ ဤယခု ပြလတ္တံ့သော နာမရက်၊ ဝိညာဏဓာတ်တို့၏ ဝိပဿနာ လုပ်ငန်းများ ပေးချက်တို့မှာလည်း။ နိဗ္ဗိန္ဒ သံဝေဂဘရား ရှေ့သားဘက်ကြစရာ၊ ရှေ့က ပြခဲ့သော တတိယ ဈာန်လျောတတ်ချက် အနိစ္စခေါ်းကွပ်ချက် တရားကြီးများကို ဟောကြားပြီးမှ၊ **အဘိဓမ္မာ ပရမတ်တရားနှင့် အဘိဓမ္မာ ပရမတ်စကား၊ အဘိဓမ္မာ ပရမတ်စာ**တို့ကို ထင်ရှားသိသာအောင်၊ သိုက်ဥပမာဖြင့် ပြရာ၏။ ။**ပြမုံကား၊ ရွှေအိုးကြီးကိုးလုံး** မြေဖုံးလွှမ်းကာ၊ သစ်ပင်အောက်မှာ မြှုပ်ထားပါသည်ကား၊ သိုက်များအစစ်ပေတည်း။ ထိုသိုက်ကိုသိရှိသော ဝိဇ္ဇာဓိုရ်ကြီးက၊ ၎င်းသိုက်ကို တူးယူသုံးစားကြစေရန်၊ ရည်သန် တောင့်တတော်မူလှ၍ **ဤသစ်ပင်အောက်မှာ ရွှေအိုးကြီးကိုးလုံးရှိ**၏ဟု ပြောကြားခြင်းသည်ကား၊သိုက်မဟုတ် သိုက်စကားသာ ဖြစ်၏ဟုသိပါ။ ၎င်းသိုက်စကားကိုပင် မမေ့ရကြအောင်၊ **စာသုံးအက္ခရာများနှင့် ရေးသားထားခြင်းကား**သိုက်လည်းမဟုတ်၊ သိုက်စကားလည်းမဟုတ်၊ သိုက်စာမျှသာဖြစ်၏ဟုသိပါ၊ ဤသုံးပါးတို့တွင်၊ သိုက်စာက သိုက်စကားဖြစ်ကြဘို့ ကျေးဇူးပြုပေ၏။ ၎င်းသိုက်စကားကလည်း၊ ရွှေအိုးကြီးကိုးလုံးတည်းဟူသော သိုက်များတို တူးယူသုံးစားကြဘို့ ကျေးဇူးပြုပေ၏ဟု သိကြပါလေ။ထိုသိုက်စကားထဲ သိုက်စာထဲတို့မှာ သိုက်တူး၍မရ၊ ၎င်းစကား ၎င်းစာတို့က ညွှန်ကြားရာ အရပ်ဌာနတို့မှာ တူးယူမှ၊ ၎င်း ရွှေသိုက်ကို ရနိုင်၏။ ထိုသိုက်စကား, သိုက်စာတို့ကလည်း ပါဠိဘာသာနှင့် ပြောဆိုမှ ရေးသားမှ၊ သိုက်စကား, သိုက်စာဖြစ်သည် မဟုတ်ပါ၊ စင်စစ်မှာမူကား၊ လူမျိုးဘရာ့ တပါးတို့တွင် ဘယ်သူစကားနှင့် သိုက်ရအောင် ပြောပြော၊ ဘယ်သူ့စာလုံးအက္ခရာနှင့် သိုက်စာကိုရေထားထား၊ မိမိ မိမိတို့ဘာသာစကား စာလုံးများနှင့်သိ ကြားနားလည် လွယ်ကြပြီး၊ ရွှေအိုးကြီးများကို ရယူသုံးစားလွယ်ကြဘို့၊ အကျိုးတမျိုးထည်းသာ၊လိုရင်းဆုံးကြီးဖြစ်ကြသည့် ဥပမာလို၊၎င်း ရွှေအိုးများထက်မက၊ အဘိုးအနဂ္ဃထိုက်တန်လှသော အဘိဓမ္မာပရမတ် တရားမြတ်အစစ်တို့ကား၊ တခြားမှာရှိ

နေကြတာမဟုတ်၊ ထိုထိုမြို့ရွာ သူငါစသည်တို့ တည်းဟူသော ပညတ်အများ မြေသား, မြေထုတို့၏အတွင်းနှင့် အပြည့် အပြည့်တည်ရှိ နေကြသည်ကို သိရှိတော်မူလှသော ဝိဇ္ဇာဓိုရ်အလား တို့ဘုရားက သားစဉ်မြေးဆက်တို့ ဆင်းရဲဒုက္ခ ဟူသမျှမှ လွတ်ထွက်ကြစေရန် ရည်သန်တောင့်တတော်မူလှ၍၊ ထိုထိုအဘိဓမ္မာ ပရမတ် တရားတော်မြတ်တို့ကို၊ **ကုသလာဓမ္မာ– အကုသလာဓမ္မာ– အဗျာကတာဓမ္မာ– အစဖြာသဖြင့် ဟောကြားဘော်မူအပ်သော ဒေသနာစကားတို့သည်ကား**၊ သိုက်စကားနှင့် တူစွာသော **အဘိဓမ္မာ စကားမှုသာဖြစ်၏**။အဘိဓမ္မာ တရားအစစ်မဖြစ်၊ ထိုသို့ဘုရားဟောကြားတော်မူအပ်သော အဘိဓမ္မာ တရားစကားများကို မမေ့မလျော့ကြရအောင် စာလုံးအက္ခရာများနှင့် ရေးသား၍ ထားခြင်းသည်ကား၊ အဘိဓမ္မာ တရားလည်းမဟုတ်၊ အဘိဓမ္မာ စကားလည်း မဟုတ်၊ သိုက်စာနှင့်တူစွာသော **အဘိဓမ္မာ ကျမ်းစာတွေမှုသာဖြစ်၏** ဟု သိကြပါလေ။

ဤသုံးထွေတို့တွင်၊အဘိဓမ္မာကျမ်းစာက အဘိဓမ္မာစကားဟောကြားတတ်ကြဲ့ဘို့ ကျေးဇူးပြုကြ၏။ ၎င်း အဘိဓမ္မာ စကားတို့က၊ ထိုထိုမြို့ရွာ–သူငါစသည် တို့တည်း ဟူသော ပညတ်အများ၊ မြေသား, မြေထုတို့၏အတွင်းနှင့်၊အပြည့်အပြည့် တည်ရှိနေကြသည့် အဘိုးအနဂ္ဃထိုက်တန်လှသော ရွှေအိုးကြီးများအလား၊အဘိဓမ္မာပရမတ်၊ တရားတော်မြတ် အစစ်တို့ကို ထင်မြင်ပေါက်ရောက်၊ ထွင်းဖေါက် တူးယူနိုင်ကြသူတို့၊ နိဗ္ဗူသို့အပေါက်၊ချမ်းသာတွေ ရောက်ကြဲ့ဘို့ အဆင့်ဆင့် ကျေးဇူးပြုကြသည်ကို သိကြပါလေ။ ထိုသိုက်စကား– သိုက်စာတို့အထဲမှာ ဘယ်သည့်အခါမျှ သိုက်တူး၍ မရသလို၊ အဘိဓမ္မာစကား, အဘိဓမ္မာကျမ်းစာတို့ အထဲမှာလည်း၊သဒ္ဒနဝက ကလာပ်၊သုဒ္ဓဋ္ဌက ကလာပ်မှတပါး အဘိဓမ္မာပရမတ် အမြတ် တရားအစစ်များကို ရှာ၍မရ၊ ၎င်း စကား, ၎င်း ကျမ်းစာတို့က ညွှန်ကြားရာ၊ ထိုထိုမြို့ရွာ သူငါ စသည်တို့ အတွင်းသားထဲမှာ ရှာမှသာ အဘိဓမ္မာပရမတ် တရားအစစ်များကို ရရာ၏ဟု– အသေအချာ သိကြပါလေ။ ။ထိုထိုအဘိဓမ္မာအစစ်တို့ကို သိကြောင်းဖြစ်သော၊ ထိုထို အဘိဓမ္မာစကား,အဘိဓမ္မာ ကျမ်းစာတို့ကိုလည်း၊ ပါဠိဘာသာနှင့် ပြောဆိုမှ၊ ရေးသားကြမှ၊အဘိဓမ္မာ ပရမတ်စကား, အဘိဓမ္မာကျမ်းဂန်စာများဖြစ်သည်မဟုတ်၊ စင်စစ်မှာမူကား၊ လူမျိုးတရာ့ တပါးတို့တွင်၊ ဘယ်သူ့ဘာသာစကားနှင့်မဆို၊ ထိုထိုအဘိဓမ္မာတရားအစစ်များကို သိ, ကြားနား

လည်ကြအောင် ပြောပြော၊ဘယ်သူတို့စာလုံးအက္ခရာနှင့်မဆို၊ထိုထိုအဘိဓမ္မာ ကျမ်းစာတို့ကို ရေးထားထား၊ ထိုထိုလူမျိုးဘာသာတပါးတို့၊ မိမိတို့ဘာသာစကား အက္ခရာစာလုံးများနှင့်၊ လွယ်လင့်တကူ သိ, ကြားနားလည် လွယ်ကြပြီးလျှင်၊ ရွှေဒင်္ဂါးကြီးများကို ရကြသည့် ထက်မက၊ အဘိဓမ္မာပရမတ် တရားရတနာမြတ် အစစ်ကြီးများကို ထင်မြင်ပေါက်ရောက်၊ ထိုထိုပညတ်တို့အတွင်းကထွင်းဖေါက်ရယူနိုင်ကြ၍၊နိဗ္ဗာန်အပေါက် ချမ်းသာရောက်ကြဘို့ အကျိုးတမျိုးသာ လိုရင်းဆုံးကြီးဖြစ်ကြတာကို၊အဟုတ်သိရှိကြပါသော ယောဂီအများ ယောကျ်ား, မိန်းမ၊ ရှင်ရဟန်းစသည်တို့သည်၊မိမိတို့၏ ၆-ဒွါရနှင့်၊ခြောက်ဝအာရုံ၊ခြောက်စုံဝိညာဏ် စသည်ဖြင့်၊ နေ့စဉ် အသုံးကျ အသုံးချနေကြသောအဘိဓမ္မာပရမတ် တရားမြတ်အစစ်တွေကို တို့မြန်မာစကားသက်သက်များနှင့် ဟောကြားကြပါမူ၊စာတတ်သူ, မတတ်သူတို့သည် အလွယ်တကူနှင့် သင်ယူ ပေါက်ရောက်ကြကာ တနေ့ တခြားပင် အားတက်တက်-တက်တက် လာချင်ကြအောင် မကြာမကြာ စကားစပ်စပ်ပြီး၊ ဤသိုက်ဥပမာကြီးကို ဟောကြား တတ်ကြပါစေသတည်း။

## (၃၃) ဝိညာဏခေတ်သို့ အလှုပ်ပေါက်အောင် ဟောကြားကြဘို့အရေးကိစ္စ

ဤသိုက်စာ တရားများကို နာကြားရသူတို့က၊ ပရမတ် တရားတွေဆိုတာ၊ တခြားမှာ ရှာကြံနေကြရဘာမျိုး မဟုတ်ကြပါတကား၊ မိမိတို့၏ **မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနော** ဤသဘောတွေနှင့်၊ ငါတို့နေ့စဉ်အသုံးကျအသုံးချနေကြတာတို့ချည်းသာ ဖြစ်နေကြတာတွေပါတကားဟု-အားကြီး ဝမ်းမြောက် သွားကြအောင် ဟောကြားတော်မူကြပြီးနောက်၊ ဝိညာဏခေတ်တို့ အလှုပ်ပေါက်အောင် ဟောကြားကြဘို့ကား၊ ရှေးကရုပ်ကလာပ်အများတို့ကိုထင်မြင် ပေါက်ရောက်ပြီးသားယောဂီများတို့မှာ၊ ၎င်းဝိညာဏခေတ်၊နာမ်ပရမတ်တရားတို့ ထင်ရှားစွာပေါက်ရောက်လွယ်လာကြောင်းကို။ ။**တသောဝ ပရိဂ္ဂဟိတ ရူပဿ ဒွါရဝသေန အရူပဓမ္မာ ပါကဋာ ဟောန္တိ**။ ။ဝေ၀ံ၊ ဤသို့။ ပရိဂ္ဂဟိတရူပဿ၊ ရုပ်ကိုသိမ်းဆည်း၍ ထင်မြင်ပေါက်ရောက်သော။တဿ၊ ထိုယောဂီမြတ်အား။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ ဒွါရဝသေန၊ ၆-ဒွါရ၏ အစွမ်းဖြင့်။ ပါကဋာ၊

ထင်ရှားလာနိုင်ကုန်သည်။ဟောနိ့၊ဖြစ်ကုန်၏။ ။ဟု-ဝိသုဒ္ဓိမဂ် မိန့်တော်ချက်အတိုင်း၊ ဝိပဿနာ အလုပ်အရာမှာ ပြဌာန်းသော ဝိညာဏ်ကိုသိက ကြွင်းနာမ်ရှိသမျှတို့လည်း ပါကြပြီးသားဖြစ်သောကြောင့်၊ထိုဝိညာဏ်၏ အရနှင့် ၆-ဒွါရတို့မှာ ထင်ရှားစွာ ဖြစ်ပေါ် နေကြတာတို့ကို သိစေလို၍ ကျေးဖူးရှင် လယ်တီဆရာတော်ဘုရားကြီးက၊—

ထွေထွေလာလာ၊သိမှုမှာ၊ခန္ဓာငြာဏ်မှတ်။
မြင် ကြား,နံ့,လျက်၊ တွေ့သိချက်၊ ဆဋ္ဌာင်ညာဏ်မှတ်။—

ဟု-ဟောပြတော်မူအပ်သည်၌၊ဝိညာဏခတ် ၇-ပါးရှိသည့်အနက်၊ မနောခတ်ကား၊ ဒွါရ,ဝိထိတို့နှင့် မထင်ရှားသောကြောင့် မထည့်သော်လည်း၊ဤပဉ္စဝိညာဏ်ဝိထိတို့အတွင်းမှာပါဝင်ပြီးသားဟု သိရှိတော်မူကြပြီးနောက်၊ ဝိညာဏ ခတ်တွေက ပေါက်၍၊ ဝိပဿနာ အဆုံးရောက်အောင် အားထုတ်ကြပုံကား။ ။ပါဠိခေါ် စက္ခုဝိညာဏခတ်၊ မြန်မာခေါ် မျက်စိ-သိ,သဘော။ ဝါ၊ မြင်-သိ,သဘော။ ဤ၌ လောက အခေါ်ကား၊ မျက်စိ သိကို မြင်သိဟု ခေါ်ကြတိုင်းသို့ လိုက်၍၊ ကျေးဖူးရှင် လယ်တီဆရာတော်ကြီးက ရွှေစကားလုံးတွေကိုသာယူပြီးလျှင်။ ။'မြင် ကြား,နံ့,လျက်၊ တွေ့-သိချက်' ဟု ရေးပြတော်မူသည့် ၆-ဝိညာဏ်အရတို့ကိုလည်း နှီးနှော၍သိကြပါလေ။ ။ဤပါဠိမြန်မာ ၂-ဘာသာတို့သည်၊ ဘယ်ဘာသာ၌ အဘိဓမ္မာ ပရမတ်၊ တရားမြတ်အစစ် မဖြစ်ကြသော ခေါ်ဝေါ်ပြောဆိုကြသော ဝေါဟာရစကား၊ သဒ္ဒပညတ်များသာ ရှိကြသေး၏။ ၎င်း ၂-ဘာသာစကား သဒ္ဒါများတို့က ဟောကြားအပ်,ပြောဆိုအပ်ကုန်သော အဘိဓမ္မာပရမတ်တရားမြတ် အနက်အစစ်တို့ကား၊မျက်စိရှိသော သတ္တဝါတိုင်းတို့၏ မျက်စိအကြည်ခတ် အတွင်းက၊ ထိုထိုသဝိညာဏက, အဝိညာဏကတို့၏ အဆင်းတို့ကို မြင်ကြသည့်၊ (မြင်-သိ-သဘော) ကလေးတွေပင် တည်းဟု ဘာသာစကား၊ သဒ္ဒါပညတ် ၂-ပါးနှင့် အနက်ပရမတ်စစ်တရားတို့ကို ခြားနား၍ သိကြပြီးနောက်။ ။ ဝိ.ဿနာ အလုပ်ပေါက်အောင် မိမိလည်း လုပ်လိုမှု၊ သူတပါးကိုလည်း ဟောကြားလိုမှု၊ ပါဠိခေါ် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်အောင်လုပ်၊ မြန်မာခေါ် အမြင်စင်ကြယ်၊ တနည်း- အမှားစင်ကြယ်အောင် လုပ်ရမည် ဟု သိကြရာ၏။

[ ဤ၌ (တနည်းအမှားစင်ကြယ်)ဟု ဆိုရာ၌၊ ဒိဋ္ဌိအရကို မြန်မာလို အမြင်-ဟုသာ မဆိုဘဲ၊ ဒိဋ္ဌိဂတ သမ္ပယုတ္တ ဟူသော သဗ္ဗိုဟ်

စကား၌ မိစ္ဆာသဒ္ဒါနှင့်တွဲ၍ အမှားဟု သိရသည်ကား၊ အကုသိုလ် အရာများမှာဖြစ်၍၊ မိစ္ဆာသဒ္ဒါ မပါသော်လည်း၊ မှား ဟူသော မိစ္ဆာအနက်ကို တွဲဘက်၍သိရာ၏ဟု-ဋီကာကျော် ဆရာတော်များ မိန့်ကြားတော်မူသည့် အရနှင့်သာ ဒိဋ္ဌိဝိသုဒ္ဓိအရကို အမှား-စင် ကြယ်ဟု-နောက်နည်းရေးပြလိုက်ပေသတည်း။ မဂ္ဂင်၈စ်ပါး အရာ များနှင့်စပ်၍ သုံးကြပါမူ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ· စသည်ဖြင့် မိစ္ဆာသဒ္ဒါပါမှ ဒိဋ္ဌိအရကို အမှား-ဟုသိရ၏။ မပါလျှင် မသိရဟု ဤသို့ အရာဌာနကို လိုက်၍၊ နောက်နည်း ရေးပြလိုက်သည်ဟု– ရှောကရော၊ နောက်ဆိုလတ္တံ့တို့ပါ ဒိဋ္ဌိစကားတိုင်းတို့မှာ သိကြ ပါလေ၊ နောင်အထူးမမှာတော့အံ့။]

အမှားစင်ကြယ်အောင် ဘယ့်နှယ်လုပ်ရမည်နည်း။ (မေး)

အမှန်သိအောင်လုပ်။ (ဖြေ)

ဘာအမှန်ကိုသိအောင် လုပ်ရမည်နည်း။ (မေး)

ပရမတ်မှန်,ပညတ်မှန်တို့ကို သိအောင် လုပ်ရမည်။ (ဖြေ)

ဤဒိဋ္ဌိဝိသုဒ္ဓိအရာ၌ နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍သာ လာသော်လည်း၊ ၎င်းလာသော နာမ်ရုပ်တို့ကို သဏ္ဌာန်,သန္တတိ စသော သမ္မုတိပညတ် တို့မှ ပရမတ္ထတရားတို့ကို သီးသန့်ခြားနား၍ ခွဲထုတ်ယူကြရန် အတွက်နှင့် ဥပမာပြချက်ကား၊ဆွမ်းဆန်နှင့် ကြွက်ချေး ရောနှောနေကြရာ၊ဆွမ်းဆန် ကိုသာ အလိုရှိပါသော်လည်း၊ ကောက်ပစ်စရာ ကြွက်ချေး၏ လက္ခဏာ ကား၊ နက်နက်နှင့် လုံးသည်ဟူ၍၎င်း၊ ဆွမ်းဆန်ကား ဖြူဖြူနှင့် လုံးသည် ဟူ၍၎င်း ခြားနား၍ မသိက၊ တခုကိုယူရာ ဆန်,ကြွက်ချေး ၂-ခုလုံးပါ၍ လိုရာဆန်တွင်သာ မရမှာလို ဖြစ်နေကြမည်စိုးသောကြောင့်၊ ဋီကာကျော် (၈၈) နံပါတ်၌၊(သမ္မုတိံ ဌပေတွာ နိဗ္ဗတ္တိတ ပရမတ္ထ၀သေနေ၀)။ ။ဟု မိန့်ဟတော်မူသည်ကို။ ။သမ္မုတိံ၊ ဓာတ်ပရမတ်တွေ စပ်ဟပ်၍နေသော အခါ၊၎င်းဓာတ်ပရမတ်တို့ အပေါ်ရံက၊ပုံသဏ္ဌာန်,အကောင်,အထည်ဒြပ် ပညတ်သဘောကို။ ဌပေတွာ၊ ၎င်းပညတ်တို့အတွင်းနှင့်အပြည့်၊ရှိရှိသမျှ သော ပရမတ်တို့ နယ်ဟူသမျှမှာ မယှုပယ်ရှား စွန့်ကြဉ်ထား၍။နိဗ္ဗတ္တိတ ပရမတ္တ၀သေနေ၀၊ ထိုထို အပေါ်ရံ ပုံသဏ္ဌာန် အကောင်, အထည်ဒြပ် ပညတ်တွေမှ အသီး ထုတ်အပ်သော ဆတ်ဆတ်သော အတွင်းသား၊ ဓာတ်ပရမတ်အများ၏ အစွမ်းဖြင့်သာလျှင်။ ။ဟု– မဏိမဥ္ဇူသာ (၈၉)

နံပါတ်မှာ၊ ၎င်းအနက် သဘောအရ ဖွင့်ပြတော်မူသည့် အတိုင်းသော သဂြိုဟ်ကျမ်းမှာလည်း။ ။ပရမတ္ထတော။ ။ဟူသောပုဒ်ကို၊ ပရမတ္ထတော ပရမတ္ထဝသေနဝ၊ သမ္မုတိပညတ်ကိုထား၍ ဆတ်ဆတ်သော ပရမတ္ထတ်၏ အစွမ်းဖြင့်သာလျှင်။ ။ဟု နိသျှဆရာတော်ကြီးများမိန့်ကြားတော် မူသည့်နှင့်အညီ၊ အသိးထုတ်ယူရန်မှ အပ, အပါဒါန် ဖြစ်ကြသော ၎င်းပညတ် တို့ကိုလည်း၊ ပညတ်ရှိနယ်က ရှိနေကြသည့် အတိုင်းပင်၊ ပညတ်အမှန် သိမြင်ကြရန်၊ လိုနေကြပြန်သေးသည့် အတွက် **ပညတ်မှန်** ကိုလည်း ထည့်စွက်၍ ဝိဇ္ဇာဝိသုဒ္ဓိအချက်မှာ ပြအပ်ပါသတည်း။

ဤဝိဇ္ဇာဝိသုဒ္ဓိပေါက်ရောက်ကြရန်၊ကျင့်ကြံရကြည့်ရပုံကား၊၎င်း**ပရမတ် မှန်** တွေဆိုတာ၊ဘိမာန္တာ တောတောင် စသည့်တို့မှာသာ ရှိနေတာမျိုး မဟုတ်ကုန်၊ထိုထိုသတ္တဝါတွေ မိမိတို့မျက်စိတွေနှင့်နေ့စဉ်အသုံးကျအသုံး ချနေကြသော **မြင်သိ**လုံးတို့ပင်တည်း။ ၎င်းမြင်သိတို့၏သန္တတိ ပျက် အစ အဆုံးတို့ကား၊ အောက်သို့ပိုက်၍ ကြည့်သွားသောသူတို့မှာ၊အောက်ခံမြေ စသည်တို့ အဆင်းကို ကြည့်၍သွားရာ၊ညာခြေ,ဘယ်ခြေလှမ်းတို့၏ အစ-အဆုံးဘို့၌ပင် ဖြစ်ကြကုန်၏ဟု သိပါ။(ဘနည်း) ထိုထိုဝတ္ထု တခုတခုဖြစ်သော ယပ်ကိုဖြစ်စေ၊လက်ကိုဖြစ်စေ ကြည့်ကြဟု အလုပ်ပေးဆရာတို့က ပြရမည်။ ဒဲ ယခုကြည့်လို့ မြင်ကြသည့် မြင်, သိလုံးတွေဟာ-လက်ငင်း ချက်ချင်း သိရှိရသော ပရမတ်အစစ် အမှန်ပါဘည်း။ ထိုထို အဆင်းကို ကြည့်၍ မြင်, သိလုံး အသစ်-အသစ်ပြောင်းလေမူ၊ မြင်,သိ အဟောင်း တွေလည်း ပျက်ပျက် လိုက်နေမှု၊ ထင်ရှားသော အချက်စုတို့ဖြင့်လည်း၊ မြင်,သိတို့ အစ-အဆုံးနယ်ကိုသိကြပါလေ။

**ပညတ်မှန်** အချုပ်ကို အဟုတ်သိပြန်ကြရဘို့ကား၊ထိုထိုပညတ်အများ တို့တွင် ဝိဇ္ဇာဝိသုဒ္ဓိအလုပ်၌၊အဟုတ် အသုံးဝင်သော ပညတ်တို့သည်ကား၊ ငါဘဲ- သူဘဲ- ယောကျ်ားဘဲ-မိန်းမစသည်တို့ဘဲဟု-ထင်မြင်ကြရအောင် အတွင်းသား ပရမတ္ထတို့၏ အပေါ်ရံ ကြောတွင်သာ ကလာပ်ချင်း စပ်ဟပ်ကြကာ ပညတ်နယ်တို့တွင်သာ မျက်လှည့်ရုပ်ဥပမာဖြင့် ပေါ်လွင် ထင်ရှား နေကြပါသော၊ မိမိတို့ ပုံသဏ္ဌာန်၊ သူတပါးတို့ ပုံသဏ္ဌာန်၊ ယောကျ်ားတို့ပုံသဏ္ဌာန်၊မိန်းမတို့ပုံသဏ္ဌာန် စသည် အကောင်,အထည် အဂ္ဂဒြဗ် ကြီး,ငယ်တို့သည်ကား၊ **သဏ္ဌာနပညတ်** ကြီး, ငယ်တို့ အစစ် ပေတည်း။ ထို ငါ-သူတပါး၊ ယောကျ်ား,မိန်းမ စသည်တို့၏ ပုံသဏ္ဌာန် တည်းဟူသော သဏ္ဌာနပညတ်တို့ အတိုင်းသာ၊ မွေးဖွားသည်က စ၍

သေပျောက်သည့် နေ့ကျအောင်၊ အစဉ်ဆက်လက်၍ သွားမှုသည်ကား၊ **သန္တတိပညတ်**ကြီး တို့ပေတည်းဟု သိရှိကြ၍၊ ထိုသမ္မုတိ သစ္စာနယ်မှာ ထင်ရှားစွာရှိနေပါသော ငါကောင်,သူကောင်၊ယောကျ်ားကောင်,မိန်းမကောင်-စသော ပညတ်ကောင်ကြီးတို့၏ အစ-အဆုံးနယ်တို့ကား၊အထင်ခံ, အမြင်ခံအားဖြင့် မွေးဖွားလာတာအစ၊ သေပျောက်ရာကျတော့မှ အဆုံးဟုပညတ်တို့၏ အစ-အဆုံးနယ်ကို မှတ်၍ကြည့်မူ၊ **ပရမတ်-ပညတ်** တို့၏ ခြားနားနေကြမှုကို သိမြင်နိုင်၏။ တခုကလည်း တခုတို့ မဖြစ်နိုင်ကြကုန်။ ထို(မြင်သိ) ပရမတ် အစစ်တို့၏ ၎င်း၊ ငါကောင်မ-ငါကောင်ထီး စသည့် (ပညတ်) အစစ်တို့၏၎င်း၊ အစ-အဆုံးနယ်တို့ကိုလည်း ခြားနား၍မသိသူတို့၏ မျက်စိနှင့် (မြင်သိ) သမျှတွေဟာ တခြားမဟုတ်ကြ၊ ပညတ်နယ်က ထင်မြင်ရသော ငါကောင်မ-ငါကောင်ထီးတွေဘဲ ဟူ၍၎င်း၊ (တနည်း) ငါကောင်မ-ငါကောင်ထီးတွေကပင်၊ထိုထိုအဆင်းကို(မြင်သိ)နိုင်တာဘဲ ဟူ၍၎င်း၊ ပရမတ်စစ်ကသာ မြင်သိနိုင်တာကို၊ ပညတ်စစ်တွေပါ မြင်သိနိုင်တာဘဲဟု မှား၍ထင်မြင်နေကြသည့် အချက်ကြီးများကို၊ မြန်မာခေါ် မြင်သိပရမတ်၌ ငါအမြင်လုပ်၍ မှားသောကြောင့် **ပရမတ်မှား**၊ပါဠိခေါ် ပရမတ်အပေါင်း သညာယ၌ ဒိဋ္ဌိအမှား ဖြစ်သောကြောင့် **သညာသဒိဋ္ဌိ** အစစ်ဖြစ်လေသတည်း။

မြင်သိပရမတ်က ငါကောင်မ-ငါကောင်ထီးပညတ်မဖြစ်နိုင်ကြပုံများကို ထင်ရှားအောင် ဆိုဦးအံ့။ အကယ်၍ ခရီးသွားရာမှာ သူ့ခြေလှမ်းနှင့် သူ့မြင်,သိတို့၊ သေဆုံး ပျက်ပျောက်၊အနိစ္စရောက်ရောက် လိုက်နေသည့် **မြင်,သိ** ပရမတ်စစ်တွေဘဲ၊ တသက်လုံး သန္တတိပညတ်တွေနှင့် ထင်ရှားရှိနေသော ငါကောင်မ-ငါကောင်ထီး ပညတ်အစစ်တွေပင်ဖြစ်နေပါမူ၊ ခြေလှမ်းတိုင်းမှာ ထိုသို့မြင်,သိ ပရမတ်စစ်တွေ ချုပ်ပျောက်၍ သေကြရာတွင်၊ ငါကောင်မ-ငါကောင်ထီး၊ ပညတ် မသားလောင်းတွေလည်း၊ ခြေလှမ်းတိုင်းမှာ တဖုန်းဖုန်း လဲလဲသေလိုက်ကုန်ရာ၏။ ထိုသို့ (မြင်,သိ) ပရမတ်စစ်တွေ သေသေ သွားနေရာမှာ၊ ငါကောင်မ- ငါကောင်ထီး ပညတ်စစ်တို့လည်း သေသေမလိုက်ကြသည့်အတွက်၊ပညတ်က ပရမတ်နောက်သို့ မလိုက်ချက်, ပရမတ် မဟုတ်ချက်တို့ကိုလည်း တပ်တပ်-ထင်ထင် အထူး သိမြင်အောင် ကြည့်ကြ, သိကြပါသဖြင့်၎င်း။ ။ဘဖန်-မွေးသည့်နေ့က အကောင်, အထည်ကြီးတွေ ထင်ရှားဖြစ်ပေါ်လာကြ၍၊ သေသည့် နေ့ကျအောင် သန္တတိပညတ်တွေနှင့် တသက်လုံး တည်ရှိနေ

ကြသော ငါကောင်မ-ငါကောင်ထီး စသော ပညတ် အစစ်တွေကဘဲ၊ မြင်,သိ ပရမတ်အစစ်တွေ ဖြစ်ပါမူ၊ တဘဝလုံးက မြင်,သိတွေဟူသမျှလည်း၊ သေဆုံးချုပ်ပျောက် အနိစ္စမရောက်ဘဲ၊ ပညတ်ကဲ့သို့ တသက်လုံး တည်ရှိနေကြကုန်ရာ၏။ ထိုသို့ပညတ်စစ်တွေ တသက်လုံးတည်ရှိနေရာမှာ ပရမတ်စစ်တွေကလည်း တည်မနေနိုင်သည့် အတွက်၊ ပရမတ်ကလည်း ပညတ်နောက်သို့ မလိုက်ချဘ်, ပညတ်မဟုတ်ချက်တို့ကိုလည်း တပ်တပ်-ထင်ထင် အထူးသိမြင်ကြအောင် ကြည့်ကြ, သိကြပါသဖြင့်ရင်း၊ ရှေ့က ပြခဲ့တိုင်း၊ (မြင်,သိ) ပရမတ်တွေကိုလည်း ပညတ်တွေနှင့် မရောဘဲ၊ ထို ငါကောင်မ-ငါကောင်ထီးစသော ပညတ်ထဲက အသီးထုတ်နုတ်၍၊ မြင်, သိပရမတ်အတိုင်း **ပရမတ်မှန်ကိုသိ**၊ ငါကောင်မ-ငါကောင်ထီးစသော ပညတ်တို့ကိုလည်း၊ ပရမတ်နယ်က ထင်ရှားရှိနေကြသော ရုပ်နာမ်တို့နှင့် မရောမရှက်ဘဲ၊ သမ္မုတိသစ္စာနယ်ထဲက၊ အကောင်, အထည်ဒြပ် ပညတ်တို့ သက်သက် အတိုင်းသာ **ပညတ်မှန်ကိုသိ** ကြပါ၍၊ ပရမတ်နယ်က ထင်ရှားရှိကြပါသော ပရမတ်တွေကို၊ ငါမြင်တယ်-သူမြင်တယ် စသည် ဖြင့် ပညတ်မြင်အနေနှင့် မှားကြသည့် ပရမတ်-မှား၊ သက္ကာယဒိဋ္ဌိတွေမှ အရှအသည်းထဲကပါ လှိုက်လှိုက်လှဲ့လှဲ့ကြီး တကယ့် အဟုတ်ဘဲ စင်ကြယ် ရမှု ပြီးစီးကြလေသောကြောင့် မြန်မာခေါ် **အမှား-စင်ကြယ်မှု**၊ ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ** တို့အလုပ်၊ ငါတို့တစုမှာ အဟုတ်ပြီးစီးလာပြီဟု ဝမ်းမြောက်ကြပါလေ ယောဂီမြတ်တွေတို့။

ထိုဒိဋ္ဌိဝိသုဒ္ဓိ ပေါက်ရောက်ပြီးနောက်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ထမြောက်ကြရန် ကျင့်ကြံကြဘို့ကား တခြားမဟုတ်၊ ပါဠိခေါ် **ကင်္ခါဝိတရဏဝိသုဒ္ဓိ**၊ မြန်မာခေါ် **ယုံမှားခြင်းစင်ကြယ်သောဉာဏ်တည်း**။ ၎င်းဉာဏ်ကို ဝိသုဒ္ဓိမဂ်က အကြောင်း သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်** ဟု မိန့်ဆိုပြန်သည်နှင့်အညီ၊ ထို (မြင်,သိ) ပရမတ်စစ်တို့ ဖြစ်ဖြစ်သမျှတို့သည်၊ မျက်စိအကြည်နှင့် အဆင်း ၂-ပါးတို့ကြောင့် ဖြစ်ကြရကြောင်းကို သံယုတ်ပါဠိတော်၌၊ (စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ)။ ။စက္ခုံစ၊ မျက်စိဟု ဆိုအပ်သော စက္ခုပသာဒကိုရင်း။ ရူပေစ၊ အဆင်းဟု ဆိုအပ်သော ရူပါရုံတို့ကိုရင်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ စက္ခုဝိညာဏံ၊ မြင်,သိဟုဆိုအပ်သော စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ။ ဟု- မိန့်ရှိတော်မူတိုင်း ကောင်းမြတ်သည်ကိုရင်း၊ ယုတ်ညံ့သည်ကိုရင်း၊ (မြင်,သိ) နေကြသည့် အဘိဓမ္မာပရမတ် **စက္ခုဝိညာဏဓာတ်** အစစ်တို့

ကား၊ ထာဝရ ဘုရား, သိကြား, ဗြဟ္မာ, ဒေဝါ မိဿနိုး၊ အမျိုးမျိုးတို့ ဖန်ဆင်းကြလို့ ဖြစ်ရသည်မဟုတ်၊ မီးခတ်နှင့် မီးခတ်ကျောက်တို့ တိုက်ခိုက်မိသော အခါမှသာ၊အာဂန္တုက မီးပွင့်ငယ် ပေါ်လာသကဲ့သို့၊မျက်စိ အကြည် ဓာတ်ပရမတ်နှင့် ထိုထို သဝိညာဏက, အဝိညာဏက ဝဏ္ဏတို့၏ အတွင်းရှိ အဆင်းဓာတ် ပရမတ်အစစ်တို့ တိုက်ခိုက် ပေါင်းဆုံမှ အကြောင်းစုကြောင့်၊ အာဂန္တုက တခဏမျှ (မြင်,သိ) ပရမတ် အကျိုးဓာတ်တွေ ဖြစ်ပေါ်လေ၏ဟု– မိမိတို့ဉာဏ်မှာ ရှင်းလင်းစွာထင်မြင်ပါမှ၊ အကြောင်းကို သိမ်းဆည်းသည့် ပစ္စယပရိဂ္ဂဟဉာဏ် တရင်၊ ဤစက္ခုဝိညာဏဓာတ်၌ ပြီးစီး၍၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကြီး အလုပ်၊ အဟုတ်ထမြောက်၏ဟူ၍ သိကြပါလေ ယောဂီမြတ်တွေတို့။

ထိုကင်္ခါဝိတရဏ ဝိသုဒ္ဓိအလုပ်ကြီး ထမြောက်ပြီးနောက်၊ ဝိပဿနာဉာဏ် အဆင့်ဆင့် ပေါက်ရောက်ကြဘို့ များကို၊ ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ်တရားကြီးတို့မှာလည်း ရေးသားပြသ အပ်ပြီးသော်လည်း၊ ၎င်းစာအုပ်တို့ကို ရှာ၍ မကြည့်ရဘဲ၊ ဤစာတအုပ်ထည်းနှင့် အလုပ်တရား ပေးနိုင်၊ ပေါက်ရောက်နိုင်၊အားထုတ်နိုင်ကြစေရန်၊ ဤစာအုပ်မှာလည်း ဖေါ်ထုတ်ရေးသားရဘို့ကား၊ ဤ မြင်,သိ စက္ခုဝိညာဏဓာတ်၌ ရှေ့က ပြခဲ့တိုင်း ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ၂-ပါးတို့ ထင်ရှား ပေါက်ရောက်ကြသူ ယောဂီဖိုးများ၊ ယောကျ်ား, မိန်းမ ရှင်,ရဟန်း စသည်တို့မှာ၊ ဝိပဿနာဉာဏ်ဆယ်ဖြာ တို့တွင်၊ အရင်းအစ သမ္မသနဉာဏ် ထင်မြင်ရန် ကျင့်စဉ် အားထုတ်စဉ်တို့ကား၊ နေ့စဉ်စင်္ကြံသွားရင်း အောက်မြေခင်း၌ ရှိသော အဆင်း ဟူသမျှတို့ကို ရှုကြည့်ကြကာ သွားလာရာ၌၊ ထိုထို ဝဏ္ဏတို့ အဆင်းကိုမြင်၍ မြင်,သိလုံး အသစ်အသစ်တွေ ပေါ်လာတိုင်း၊ မဆိုင်း မတွ မြင်,သိဟောင်းဟူသမျှတို့ ကွယ်ကွယ်–ပျက်ပျက်၊သေသေ–ပျောက်ပျောက် လိုက်ကြမှ အနိစ္စ အစစ်စုတို့သာတည်းဟု ယခု ပစ္စုပ္ပန်ပျက်နှင့် တကွ အတိတ်အနာဂတ် ဖြစ်သော မြင်, သိလုံး အပျက် သာမညတို့ကို အခါခါဆုံးဖြတ်၍၊ သုံးသပ်သော ဉာဏ်အမြင်တို့သည်သာလျှင် **သမ္မသနဉာဏ်** အစစ် ဖြစ်လေသတည်း။

ဤ မြင်,သိ အသစ်ပြောင်းလျှင်၊ မြင်,သိဟောင်းပျက်မှု အနိစ္စအချက်ကောင်းကြီးစုကို စင်္ကြံနှင့် နေ့စဉ်ဖြစ်စေ၊ အရောင်းအဝယ်, ကုန်သည်, ယာခုတ်စသည် အသက်မွေးမှုတခုခုတို့ကို လုပ်ကိုင်ရောင်းချရန် သွားလာတိုင်းတို့မှာ ဖြစ်စေ၊ ခြေလှမ်း မြင်, သိပျက်–အားထုတ်ကြ၍၊ မြင်, သိ

လုံးတွေ ပျောက်ပျောက် ပျက်ပျက်လိုက်နေကြသည့် အနိစ္စအချက်တွေ၊ သန့်ရှင်းစွာ ထင်မြင်လာသူတို့သည်၊ဝင်းမြင်,သိ အဘိဓမ္မာပရမတ် ဓာတ် အစစ်ကြီးတို့ဟာ၊ မိမိတို့ မြို့ပြ,ပြည်ရွာ သူငါတို့အထဲမှာ အမြဲ ဖြစ်,ပျက် လိုက်နေသည်များကို လက်ငင်းပြလိုမှု၊ ယပ်ကိုဖြစ်စေ၊ လက်ကိုဖြစ်စေ ပြ၍ ဖုံးကွယ်လိုက်က မြင်,သိပျက်ရမှု၊ (တနည်း) မိမိတို့ပတ်လည်ရှိ အဆင်းတို့ကို သိရန် လကျာ်ရစ် လှည့်၍ အကြည့်ခိုင်းပြီး၊ မြင်,သိတွေ အသစ်ပြောင်းသမျှ မြင်,သိဟောင်း ပျက်ပျက်လိုက်ရမှုကို ထင်မြင်အောင် ပြရာ၏။ (တနည်း)ဝတ္ထုအဆင်းတခုထဲကိုပင် မှိတ်ချည်-ဖွင့်ချည် အလီလီ ကြည့်က၊ အလီလီပျက်ကြမှုကို ထင်မြင်အောင်ပြရာ၏။ (တနည်း) မျက်စိ မမှိတ်ဘဲ လူပေါလှသည့် ဈေးထဲစသည်တို့မှာ ရှိရှိသမျှသော အဆင်းစု တို့ကို ရှုကြရလိုပါ၍၊ မျက်စိ ၂-လုံးဖွင့်ပြီးလျှင် သွားလာနေထိုင် လုပ်ကိုင် ပြုကျင့်၍နေကြရာ၊ အနီးအနားရှိ ဝတ္ထု အကောင်, အထည်တို့၏ အဆင်း အမျိုးမျိုးတို့ကို ထင်မြင်ကြပြီးလျှင်၊ရပ်သူရွာသား သူငါတို့အတွင်းများမှာ မြင်,သိလုံးချင်း စပ်ကာထပ်ကာ ထင်မြင်၍ နေကြရာတွင်၊ **အနိစ္စကို ရှုရ ပုံကား**။မြင်,သိလုံးတွေ အသစ်အသစ် ပြောင်းလျှင်၊မြင်,သိလုံးအဟောင်း အဟောင်းတွေ ကွယ်ပျောက်, သေပျက်၍ လိုက်လိုက် နေချက်တို့ပင်၊ အနိစ္စဖြစ်ချက်တို့ချည်းတည်းဟု ထင်မြင်တိုင်းတို့ကို အခါခါရှု၍၊ အပျက် စုကို ထင်မြင်မှု ပိုင်နိုင်ပါမူ၊ (သမ္မသနဉာဏ်) ပိုင်နိုင်၏ဟု မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

**ဥဒယဗ္ဗယဉာဏ်သို့တက်ပုံကား**။ ။ဤမြင်,သိ အနိစ္စကို စ-စဦးစင်္ကြံ စသည်နှင့် မကြာမကြာ အခါခါ ထုထောင် အားထုတ်ကြ၍၊ မြင်,သိ ဟောင်းတွေ ကွယ်ကွယ်လိုက်ချက်၊ ပျက်ပျက်လိုက်ချက်၊ သေသေလိုက် ချက်၊ ပျောက်ပျောက်လိုက်ချက်၊ **အနိစ္စ** ရောက်ရောက်လိုက်ချက် တို့ကို ဉာဏ်အမြင် စင်ကြယ်စွာ ထင်မြင်လာသူ ယောဂီဖြူတို့ အတွက်၊ အထက် ဥဒယဗ္ဗယဉာဏ်သို့ ကူးတက်ကြစရာ **မြင်သိ- ဥဒယဗ္ဗယ အနိစ္စ** တရား အစစ်ကြီးတွေဟာ ဘုရားစကား ကျမ်းဂန်များတို့အထဲမှာ ဧကန္တ မရှိ ကြ။ မြို့ပြ-ပြည်ရွာ အိမ်တကာတို့မှာ သူငါတို့ မျက်စိအတွင်း၌သာ ဖြစ် ပျက်ခြင်းသဘော အစစ်တွေနှင့်၊ ဧကန္တဖြစ်ပျက်လျက် ရှိနေကြသည်ကို ရှုကြည့်လိုမှု၊ရှေ့က သမ္မသန ဉာဏ်အတိုင်း၊စင်္ကြံနှင့် အောက်မြေအပြင်ရှိ အဆင်း အမျိုးမျိုးတို့ကို စိစိကြည့်ပြီးလျှင် အားထုတ်ကြရာ မှာကား၊ ပဌမ ခြေလှမ်း အတွင်း မြင်စ ပစ္စုပ္ပန်ဖြစ်ချက် **ဥဒယ**၊ မြင်ဆုံး ပျက်ချက်**ဝယ**

တို့ကို အတပ်ထင်မြင်အောင်ရှု။တဖန် ဒုတိယ ခြေလှမ်းအတွင်းမှာလည်း မြင်စပဇ္ဇုပ္ပန်ဖြစ်ချက် ဥဒယ၊မြင်ဆုံးပျက်ချက် ဝယ တို့ကိုရှုကြ။ တတိယ စသော နောက်နောက် ခြေလှမ်းတို့လည်း ထိုနည်းတူစွာ၊ ပစ္စုပ္ပန်မြင်စ (ဥဒယ) မြင်ဆုံး (ဝယ) တို့ကို ကြောင်ကြောင်ကြီး ထင်မြင်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။ ရှေ့က ပြခဲ့တိုင်း စကြံနှင့်ပင် အား မထုတ်ရဘဲ၊ မျက်စိနှင့် မြင်မြင်သမျှတို့ကိုလဲ ဥဒယဗ္ဗယ ဉာဏ်နှင့် တဲ့၍ ရှုကြည့်လိုကြပြန်သေးမူ၊နံက်လင်း၍ မျက်စိ ၂-လုံးဖွင့်ပြီးလျှင်၊ သွားလာ နေထိုင် လုပ်ကိုင်ပြုကျင့်၍ နေကြရာ၊ အနီးအနားမှာရှိနေကြသည့်၊ ထိုထို အကောင်အထည် ဝတ္ထုတို့၏ အဆင်းအမျိုးမျိုးတို့ကို ထင်မြင်ကြပြီးလျှင်၊ မှိုပြ ပြည်ရွာ သူငါတို့၏ အတွင်းမှာ၊ မြင်လုံးချင်းစပ်ကာ ထင်မြင်၍ နေ ကြရာတွင် ဥဒယဗ္ဗယ ဉာဏ်,ထင်မြင်အောင်၊ ဆင်ခြင်းသုံးသင်ရပုံကား၊ ထိုထိုအကောင်အထည် ဝတ္ထုတို့ကို မြင်စ-မြင်ဆုံး အချက်ကောင်ကြီးကို မိအောင်–သိအောင်ဖမ်းရာ၏။ အထူးသတိပြု၍ ကြည့်ရှုရာ၏။ငင်း အချက် ကို မိသူတို့ကား၊အပြုစသည်တို့ကိုကြည့်လျှင်၊ငင်း အပြုကို(မြင်စ-မြင်ဆုံး) တို့ ထင်ရှား သိမြင်လာလိမ့်မည်။ထို့အတူအနီကို (မြင်စ-မြင်ဆုံး)အညိုကို (မြင်စ–မြင်ဆုံး) အနက်ကို၊ အပြာကို၊ အဝါကို (မြင်စ - မြင်ဆုံး) ထိုထိုတုံး အဆင်းကို (မြင်စ-မြင်ဆုံး)တိုင်အဆင်းကို(မြင်စ–မြင်ဆုံး)တော အဆင်း ကို၊တောင်အဆင်းကို၊ဇိမ်အဆင်းကို၊ကျောင်းအဆင်းကို(မြင်စ–မြင်ဆုံး) လူအဆင်းကို (မြင်စ-မြင်ဆုံး)ကျွဲအဆင်းကို၊ နွားအဆင်းကို၊ မြင်းအဆင်း ကို၊ထိုထိုသဝိညာဏက အကောင်တွေဟူသမျှတို့၏ အဆင်းကို (မြင်စ- မြင်ဆုံး၊) ထိုထို အဝိညာဏက အထည် ဝတ္ထုတို့၏ အဆင်းကို (မြင်စ-- မြင်ဆုံး) တို့လည်း ထင်ရှားစွာသိမြင်လာလိမ့်မည်။ဝါ၊ ထိုထို မြင်လုံးတို့ (အစ-အဆုံး)ကို သိအောင်, မိအောင် မကြာမကြာ အခါခါ ရှုကြပါလေ။ ဤသို့ကြည့်ရှု၍ မြင်,သိအစ (ဥဒယ) အဆုံး (ဝယ) တို့ကို၊ သိမှု မိမှုတို့ပိုင် နိုင်ကြပါမူ၊ (ဥဒယဗ္ဗယဉာဏ်) ပိုင်နိုင်ပြန်ပြီးဟု မှတ်ကြပါလေ။

ငင်း ဥဒယဗ္ဗယဉာဏ် အမြင်သန်၍ ဘင်္ဂဉာဏ်ထင်မြင်ကြရန် ရှုကြည့် ကြရပုံကား၊ ထိုထိုမြင်သိအစ(ဥဒယ)၊မြင်သိအဆုံး (ဝယ)တို့ကို ရှုကြည့် ကြရာ၊ခြေတလှမ်းတလှမ်းအတွင်းမှာပင်၊အောက်မြေအပြင်က မြက်သစ် ပင်စသည် အမျိုးမျိုးတို့၏ အဆင်းတို့ကို မြင်ကြရသည့် မြင်သိလုံးတို့ အစ,အဆုံးတွေ ဆယ်ကြိမ်,ဆဲ့ငါးကြိမ်မက၊ စိပ်စိပ်–စိပ်စိပ် လာကြလိမ့် မည်။ဝါ၊မြင်,သိလုံးတွေ စိပ်စိပ်လာအောင် အခါခါ ရှုကြည့်ကြကုန်ရာ၏။

ဤသို့ ရှုကြည့်၍ ဖိပ်လွန်းမက ဖြင်, သိလုံးတွေ ဖိပ်ဖိပ် လာကြလျက် (ဥဒယ)ဟူသော ဖြစ်စတို့အချက်တို့ကို မမြင်ကြဘဲ၊(ဝယ)ပျက်တခုထည်းကိုသာ ဉာဏ်မှာစွဲမြဲ၍ မော်တော်ကား, ရထားစသည်နှင့် သွားလာသောအခါကဲ့သို့၊မြင်,သိလုံးတွေ ရိပ်ရိပ်-ရိပ်ရိပ်နှင့် ပျောက်ပျက်၍ လိုက်နေကြချက်ကိုသာ ရှုနိုင်ပါမူ၊ဘင်္ဂဉာဏ်ပိုင်နိုင်ပြန်ပြီးဟု မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤ၌ရှေ့က ပြခဲ့ပြီးသော ဝိပဿနာဉာဏ် အတန်တန်တို့တွင်၊ဥဒယဗ္ဗယဉာဏ်မှာကား၊ မကြန့်ကြာဘဲ ဘင်ဂ်ဉာဏ်ထဲသို့သာ အလျင် အမြန်တက်လာသူတို့ကား၊ ဩဘာသ-ပီတိ-ပဿဒ္ဓိ စသော ဝိပဿနာ ညစ်ညူးကြောင်းအပြစ်တို့မှ ကင်းစင်ကြ၍၊ မဂ်ဟုတ်လား, မဟုတ်လားဟု တွေးရှုပ်ဘွယ်သံသယများမှ စင်ကြယ်ကြသောကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အလုပ်လည်း၊ အဟုတ် ပြီးစီးအောင် မြင်၏ဟု မှတ်ကြ ပါလေ။ ဝိပဿနာအလုပ်ကိုအားထုတ်ကြသူ ယောဂီဖွဲ့တို့မှာကား၊ဤဘင်ဂ်ဉာဏ်သို့ ရောက်ဘို့သာ အားကြီးလိုလှပါသည်။ ဘယ-အာဒီနဝစသော အထက်အထက်ဉာဏ်ကြီးတို့ကား၊ ဤဘင်ဂ်ဉာဏ်ကို အရင်းခံ၍ တက်ကြရသောကြောင့် ဝိပဿနာ အလုပ်ပေးသူတို့ကိုလည်း၊ ဘင်ဂ်ဉာဏ်အလုပ်ဘက်သို့ တက်ကြရန် ဟောကြားပြီး၍၊ ၎င်းဉာဏ် အမြန်ပေါက်အောင်သာ အားထုတ်ကြပါလေဟု တိုက်တွန်းပြီးနောက်၊ သောတပိဉာဏ ခေတ်အလုပ်ပေါက်ရောက်အောင် ဟောကြားရာ၏။ အထက်အထက် ဉာဏ်ကြီးတွေသို့ တက်ရန်ဘို့ကိုကား၊ နောက်မှ ဟောကြားရာ၏ဟု သိကြပါလေ။ ဝိပဿနာ အလုပ်ပေး—ဆရာတွေတို့။ ။မြင်သိ စက္ခုပိဉာဏ်ခေတ် ဤတွင်အပြီးသတ်။

## (၃၄) ကြားသိပေါက်က ဘင်္ဂဉာဏ်ကျအောင် ဝိပဿနာ အလုပ်ပေးစဉ်ကြီးနှင့်၊ အသိအသိသတိပေးချက်

ကြားသိ—သောတပိဉာဏခေတ်၌လည်း ပါဠိခေါ် သောတဝိညာဏခေတ်၊မြန်မာခေါ် နား-သိ-သဘော။ဝါ၊ ကြားသိ-သဘော၊ဤ ၂-ဘာသာတို့လည်း၊ ဘယ်ဘာသာမှ အဘိဓမ္မာပရမတ် အမြတ်တရား အစစ်မဖြစ်ကြသေး၊ခေါ်ဝေါ်ပြောဆိုကြသော ဝေါဟာရ စကား သဒ္ဒါပညတ်များသာ ရှိသေး၏။ ၎င်း ၂-ဘာသာစကား သဒ္ဒါများတို့က ဟောကြား

အပ် ပြောဆိုအပ်ကုန်သော အဘိဓမ္မာပရမတ် တရားမြတ်အစစ်တို့ကား၊ နားရှိသော သတ္တဝါတိုင်းတို့၏ နားအကြည်ဓာတ် အပေါ်က၊ ထိုထိုခေါ် ဝေါ်ပြောဆိုခြင်းစသော အသံတို့ကို ကြားကြသည့် **ကြား-သိ သဘော** လုံးတို့ပင်တည်းဟု သဒ္ဒါပညတ် ၂-ပါးနှင့်၊ အတ္ထပရမတ် တရားတို့ကို ရှေးဦးစွာ ခြားခြား - နားနားကြီး သိကြပြီးနောက်၊ ဝိပဿနာ အလုပ် ပေါက်အောင် မိမိလည်းလုပ်လိုမှု၊သူတပါးတို့ကိုလည်း ဟောကြားလိုမှု၊ ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်အောင်လုပ်**၊မြန်မာခေါ် **အမြင်စင်ကြယ်**။တနည်း၊ **အမှားစင်ကြယ်အောင်လုပ်ရမည်**ဟု သိကြရာ၏။

အမှားစင်ကြယ်အောင် ဘယ့်နှယ်လုပ်ရမည်နည်း။ (မေး)

အမှန်သိအောင်လုပ်။ (ဖြေ)

ဘာမှန်ကို သိအောင် လုပ်ရမည်နည်း။ (မေး)

ပရမတ်မှန်, ပညတ်မှန်တို့ကို သိအောင်လုပ်ရမည်။ (ဖြေ)

၎င်းပရမတ် မှန်တွေဆိုတာ မသိ-မမြင်-မထင်မရှားသော ဟိမဝန္တာ တော,တောင် စသည်များမှာသာ ရှိနေတာမျိုးမဟုတ်ပါ၊ထိုထိုသတ္တဝါ တွေ မိမိတို့နားတွေနှင့် နေ့စဉ်အသုံးကျ၊နေ့စဉ်အသုံးချနေကြသော **ကြား သိ**လုံးတို့ပင်တည်း။၎င်းကြားသိလုံးတို့၏သင်္ခတပျက် အစအဆုံးတို့ကား၊ ထိုထို အသံတို့၏ အစ-အဆုံးတို့သည်ပင်လျှင် နားအတွင်းက၊ ကြားသိ ဟူသမျှတို့၏ အစ အဆုံးတို့ပင်တည်း။တနည်း၊ ကြားသိလုံးတွေ အသစ် ပြောင်းပေမှု၊ ကြားသိဟောင်းတွေ ပျက်လိုက် နေကြရာတွင် ထင်ရှား သောအချက်ကိုပင် ရှာ၍လည်း**ကြားသိ**လုံးတို့၏ အစ-အဆုံးကို **သိကြ**ပါ လေ။ ။ပညတ်မှန်ကို သိပြန်ရဘို့ကလည်း၊ ရှေ့စကျူးက နည်းအတိုင်း၊ သဏ္ဌာနပညတ်, သန္တတိပညတ် ၂-ပါးနှင့်၊ သမ္မုတိသစ္စာ နယ်များမှာ တကယ် ထင်ရှားစွာရှိနေကြသော ငါကောင်မ, ငါကောင်ထီး စသော ပညတ်ကောင်ကြီးတို့၏ အစ - အဆုံးနယ်တို့ကား၊ အထင်ခံ,အမြင်ခံအား ဖြင့် မွေးဖွါးတာအစ၊ သေပျောက်ရာ ကျတော့မှ အဆုံးဟု ပညတ်တို့၏ အစ-အဆုံးနယ်ကိုမှတ်၍ ကြည့်ရှုစဉ်းစားပါမှု၊**ပရမတ် ပညတ်** ၂-ပါးတို့ ခြားခြား-နားနားကြီး ကွဲပြားနေကြသည်ကို သိ မြင်နိုင်ကြရာ၏။ တခုက လည်း တခုတို့ မဖြစ်နိုင်ချက်ကို ဆက်၍ ဆိုဦးအံ့။ ယခု ကမ္မဋ္ဌာန်းတရား ဟောကြားနေသောအသံနှင့်တကွ၊ထိုထိုအသံများကို (ကြားသိ) ပရမတ် စစ်တို့က ငါကောင်မ, ငါကောင်ထီးစသည် ပညတ်တို့ဖြစ်ပါမှု၊ ရှေ့ရှေ့

က ကြား, သိလုံးတွေနှင့်တကွ၊ ယခု ကြားသိနေကြဆဲတို့ပါ၊ ငါကောင် စသည့်တို့ တည်သလောက် တသက်လုံးတည်ရမည်။ ဤသို့လည်း မတည် ကြသည့်အတွက်၊ ငါကောင်စသည် ပညတ်တို့မဖြစ်နိုင်၊ မဟုတ်နိုင်လေ။ တဖန် ငါကောင်စသည် ပညတ်တို့ကလည်း (ကြားသိ) ပရမတ်အစစ်ဖြစ် ပါမူ၊ သူ့အသံနှင့်သူကြား,သိတို့ချုပ်ပျောက် သေဆုံးကြရမှာ၊ငါကောင်မ ငါကောင်ထီး စသည့်ပညတ် မသာလောင်းကြီးတွေကလည်း၊ ဖုန်းကနဲ ဖုန်းကနဲလဲ၍ သေသေလိုက်ကြရမည်။ ဤသို့လည်း သေမလိုက်ကြသည့် အတွက်၊ ပညတ်ကောင်တွေကကြား,သိပရမတ် အစစ်မဖြစ်နိုင်ကြသည် တို့ကို တပ်တပ်-ထင်ထင် သိမြင်ကြရသဖြင့်၊ (ကြားသိ) ပရမတ်စစ်တွေ ကိုလည်း၊ ငါကောင်မ- ငါကောင်ထီး ပညတ် အစစ်တို့အထဲက အသီး အခြား ထုတ်နုတ်ထား၍၊ ကြားသိပရမတ် အတိုင်း (ပရမတ်မှန်ကိုသိ၊) ငါကောင်မ-ငါကောင်ထီး စသောပညတ်တို့ကလည်း၊ပရမတ်နယ်ထဲက ထင်ရှားရှိနေကြသော ရုပ်-နာမ်တို့နှင့် မရောမရှက်ကြဘဲ၊ သမ္မုတိသစ္စာ နယ်ထဲက အကောင် အထည်ဖြစ် ပညတ်တို့ သက်သက် အတိုင်းသာ (ပညတ်မှန်ကိုသိ) ကြပါ၍၊ ပရမတ် နယ်ထဲက ထင်ရှား ရှိနေကြသော (ကြား,သိ) ပရမတ်တွေကို ငါကြားတယ်- သူကြားတယ် စသည်ဖြင့် ပညတ်ကြား- အနေနှင့် မှားကြသည့် **ပရမတ်မှား- သက္ကာယဒိဋ္ဌိ**တွေမှ အရှအသည်းထဲကပါ လိုက်လိုက်-လှဲလှဲကြီး တကတဲ အဟုတ်ဘဲ စင်ကြယ် ရမှုအလုပ် အဟုတ် ပြီးစီးကြလေသောကြောင့်၊ မြန်မာခေါ် **အမြင်စင် ကြယ်**။ ဝါ၊ အမှားစင်ကြယ်မှု၊ ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ**ခုတို့လည်း၊ ငါတို့တစုမှာ အဟုတ်ပြီးစီးလာပြီဟု ဝမ်းမြောက်ကြပါလေ ယောဂီမြတ်တွေတို့။

ဒိဋ္ဌိဝိသုဒ္ဓိပေါက်ရောက်ပြီးနောက်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိထမြောက်ရန် ကျင့်ကြံ ကြဘို့ကား တခြားမဟုတ်၊ ပါဠိခေါ် **ကင်္ခါဝိတရဏ ဝိသုဒ္ဓိ**၊ မြန်မာခေါ် **ယုံမှားခြင်းစင်ကြယ်သောဉာဏ်**တည်း။ ၎င်းဉာဏ်ကို ဝိသုဒ္ဓိ မဂ်က အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်** ဟုမိန့်ဆိုပြန် သည်နှင့်အညီ၊ ထို (ကြား,သိ) ပရမတ်စစ်တို့ ဖြစ်ဖြစ်သမျှတို့သည်၊ နား အကြည်နှင့်အသံ ၂-ပါးတို့ကြောင့် ဖြစ်ကြရကြောင်းကို သံယုတ်ပါဠိတော် ၌၊—**သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ**။ ။သောတဉ္စ၊ နားအကြည်ဟု ဆိုအပ်သော သောတပသာဒကိုင်၎င်း။ သဒ္ဒေစ၊ အသံဟု ဆိုအပ်သော သဒ္ဒါရုံတို့ကို၎င်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ သောတ ဝိညာဏံ၊ ကြား,သိဟုဆိုအပ်သော သောတဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်

ပေါ်လာ၏။ ။ဟု-မိန့်ရှိတော်မူတိုင်း၊ကောင်းမြတ်သည်ကိုရှင်း၊ယုတ်ညံ့သည်ကိုရှင်း (ကြား,သိ)နေကြသည့် အဘိဓမ္မာပရမတ် **သောတဝိညာဏခေတ်** အစစ်တို့ကား၊ ထာဝရဘုရား သိကြား, ဗြဟ္မာ၊ ဒေဝါ, ဗိဿနိုး၊ အမျိုးမျိုးတို့ ဖန်ဆင်းကြလို့ ဖြစ်ရသည်မဟုတ်၊မီးခတ်နှင့် မီးခတ်ကျောက်တို့ တိုက်ခိုက်မိသောအခါမှသာ အာဂန္တုကမီးပွင့်ငယ်ပေါ်လာသကဲ့သို့၊ နားအကြည်ဓာတ် ပရမတ်နှင့် ထိုထို သဝိညာဏက, အဝိညာဏကတို့၏ အသံဓာတ်ပရမတ်အစစ်တို့ တိုက်ခိုက် ပေါင်းဆုံမှု အကြောင်း စုကြောင့်၊ အာဂန္တုက တခဏမျှ (ကြား,သိ) ပရမတ် အကျိုးဓာတ်တွေ ဖြစ်ပေါ်လေ၏ဟု-မိမိတို့ဉာဏ်မှာ ရှင်းလင်းစွာ ထင်မြင်ပါမူ၊အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်**တရပ်၊ ဤသောတဝိညာဏဓာတ်၌ ပြီးစီး၍၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကြီးအလုပ်၊ အဘုတ် ထမြောက်ပြီးစီး၏ဟူ၍ သိကြပါလေ ယောဂီမြတ်တွေတို့။

ဤကြား,သိ သောတဝိညာဏ ဓာတ်၌၊ ရှေးက ပြခဲ့တိုင်း၊ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ၂-ပါးတို့ ထင်ရှား ပေါက်ရောက်ကြသူ ရှင်,လူ အများ ယောကျ်ား,မိန်းမစသည်တို့မှာ၊ဝိပဿနာ ဉာဏ်ဆယ်ဖြာတို့တွင်၊ အရင်းအစ သမ္မသနဉာဏ် ထင်မြင်ရန် ကျင့်စဉ်, အားထုတ်စဉ်တို့ကား တခြားမဟုတ်၊ယခုဟောကြားသော အသံတို့ကို ကြားကြရဲ့မဟုတ်လား။ မေး။ ။ဤပြောဟောသံကို ကြားကြသည့် (ကြားသိ) လုံးကလေးတွေဟာ တခြားမဟုတ်၊ ငါကောင်တွေ စသော ပညတ်တို့မှ အသီးထုတ်၍၊ ရှေးကပြခဲ့သော ပရမတ္ထအစစ်တို့ပေတည်း။ ၎င်းကြားသိ, ပရမတ်အစစ်တို့သည်၊ သူ့အာရုံဖြစ်သော အသံတို့ ချုပ်ပျောက်လျှင်၊ ကြား, သိလုံးတို့ကလည်း မကြားရဘဲ၊ ကြားသိလုံး ရပ်စဲ ချုပ်ပျောက်မှုတွေဟာ အနိစ္စအစစ်တို့ပါတည်းဟု-သေသေချာချာ သိကြပါလေ။၎င်းကြား,သိလုံးပျက် အနိစ္စအချက်ကို သိကြပြီးနောက်၊ဤဝိပဿနာအလုပ်ပေးဆဲ အခါထဲ၌ပင် ကဲကဲ ယခုလက်ငင်း ပျက်စီကို မှတ်၍၊ နားပေါက်ကသာ ကြား, သိဟူသမျှတို့ ပျက်လိုက်နေကြမှုကို ရှုလိုက်ကြစမ်းဟု-အတန်ငယ်ရပ်တန့်၍ ရှုကြသောအခါ၊ထိုထိုသတ္တဝါတို့အသံ၊ မိုဃ်းလေ-ရထား၊အဝိညာဏက အစားစားတို့ အသံများကို ကြား, သိလုံး အစားစားတို့ ပျက်မှု အနိစ္စအချက်စုကို လက်ငင်းချက်ခြင်းပြပြီးမှ၊ အမြဲထာဝရ နေ့စဉ် အနည်းဆုံး တနေ့ ၅-ခေါက်ကျစီလောက် အဓိဋ္ဌာန်ထား၍ အားထုတ်ကြဘို့ကား၊ ရှေ့က မြင်, သိ, ပျက်ကို စကြံနှင့်တွဲ၍ အားထုတ်ရသည် အထဲမှာပင်၊

ခြေသံ, ဘိနပ်သံတို့ကို (ကြား,သိ) လုံး ပျက်တို့နှင့် တွဲဘက်၍ အားထုတ် ရပုံကား၊ ဘိနပ်စီးနင်း၍ဖြစ်စေ၊ စင်္ကြံသွားရင်း ရှေ့က မြင်,သိ, ပျက်နှင့် အားထုတ်ခြင်း ရှိသူတို့သည်၊ ခြေလှမ်းတိုင်းမှာ မြင်, သိတွေသာ ပျက် လိုက်နေကြတာမက၊မိမိတို့၏ညာခြေသံ,ဘိနပ်သံ ကြား,သိတို့လည်းပျက် ဘယ်ခြေသံ, ဘိနပ်သံ ကြား,သိတို့လည်း ပျက်ပျက် လိုက်နေမှု၊ အနိစ္စ အစစ်စစ်တို့သာတည်းဟု- ယခု ပစ္စုပ္ပန်ပျက်နှင့် တကွ၊ ဟို..... ရှေးရှေးက (ကြား,သိ) ခဲ့သမျှတို့၏ ပျက်ပျက် လိုက်လာချက် သာမညတို့ကိုရင်း၊ နောက်နောက်လည်း(ကြား,သိ)သွားလတ္တံ့တို့၏ပျက်ပျက်သွားကြဦးမည့် ပျက်မှု သာမညတို့ကိုရင်း အခါခါ ဆုံးဖြတ်၍ သုံးသပ်သော ဉာဏ်အမြင် တို့သည်သာလျှင် **သမ္မသနဉာဏ်** အစစ်ဖြစ်လေသတည်း။

ဤ ကြား, သိ အသစ် ပြောင်းလျှင် အဟောင်း ပျက်မှု၊ အနိစ္စအချက် ကောင်းကြီးစုကို နေ့စဉ် စင်္ကြံနှင့် အနည်းဆုံး ၅-ခေါက်ကျစီ ဖြစ်စေ၊ သို့မဟုတ် အရောင်းအဝယ်,ကုန်သွယ်,ယာခုတ်စသည် အလုပ်တခုခုတို့ကို အားထုတ်ရောင်းချ သွားလာခြင်း စသည်တို့မှာ ဖြစ်စေ၊ ခြေသံစသည် တို့ကို (ကြား,သိ)လုံးပျက်တို့နှင့် အားထုတ်ကြ၍၊ ၎င်း(ကြား,သိ)လုံးတွေ ပျောက်ပျောက်ပျက်ပျက်လိုက်နေကြသည့် **အနိစ္စအချက်တွေ** သန့်ရှင်းစွာ ထင်မြင်လာနေကြပြီးနောက်၊ရောက်ရာရောက်ရာဆူညံလှစွာသော မြို့,ရွာ ပွဲလယ်၊ ဈေးနယ် စသည်အတွင်းတို့မှာ တွေ့ကရ ကြား,သိ,ပျက်ဟူသမျှ တို့နှင့်လည်း၊ မရ,ရသာ အားထုတ်ခွင့်ကိုရှာ၍ အားထုတ်လိုကြမှု၊ အား ထုတ်လိုဆဲ ခဏထဲမှာပင်၊ မျက်စိကိုမှိတ်ကာ နားပေါက်က ကြား, သိ, ပျက်ဟူသမျှတို့ကို ရှုကြရာ၌ မိမိတို့ဉာဏ်ကို စိုက်ထား စောင့်စား၍ ရှု ကြည့်ကြပါမူ၊ လူသံအများ၊ ရထား, ကားနှင့်၊ စီးပွါးဆိုက၊ ရောင်းဝယ် ကြသော အသံဟူသမျှတို့ကိုရင်း၊ ငှက်တော်ဖိုးငွက်၊ ကျီးဆက်ရက်နှင့်၊ ခွေး,ကြက်-လေမိုးယံ၊စက်သံအမျိုးမျိုးစသော သဝိညာဏက အသံတွေ ဟူဟူသမျှတို့ကိုရင်း၊ ကြားသိ, လုံးတွေ ချက်ခြင်း လက်ငင်း ပျက်ပျက် လိုက်နေချက်များကို၊ ဉာဏ်နှင့် စူးစိုက်၍၊ကြည့်ကြည့် သိသိ-ရှုရှုနေချက် တို့ပင်၊ ဝိပဿနာအလုပ်ကို အဟုတ်ထင်မြင် ပေါက်ရောက်ချက်တို့ဘည်း ဟု သိရှိတော်မူကြပြီး၊ လောကီ အလုပ်တွေထဲက မရ-ရသာ အခွင့်ကို ရှာ၍၊မျက်စိမှိတ်ကာ မှိတ်ကာ မကြာမကြာ အခါခါရှုကြပါလေ ယောဂီ မြတ်တွေတို့။

ဤသို့ ကြားသိပေါက်က ဝိပဿနာအလုပ် အဟုတ်လွယ်မှန်း သိကြပြီးသား ဤစာကိုဘတ်ရှုကြ၊ နာကြားကြသော သူတော်ကောင်း အများတို့သည်၊ နောက်ခါမှ, နောက်တော့မှ ရှုမည်ဟု အကြွေး မထားကြဘဲ၊ ဤစာကို ဘတ်ဆဲပင်၊ ၎င်း အသံနှင့်တကွ ကြား,သိလုံးတွေ အတွဲလိုက်အတွဲလိုက် ပျက်ကျသည့် အနိစ္စအချက်များ၊ ဝိပဿနာအလုပ်တရားတို့ကို ၎င်း၊ သို့မဟုတ် စာဘတ်ကို သိမ်းရပ်ကြ၍၊တခဏမျှ နားပေါက်ကစိုက်၍ ရှုလိုက်ကြပါမူ၊ ထိုထိုနေ့၌ရှိသောအသံ၊ ညဉ့်၌ရှိသောအသံတို့နှင့်တကွ၊ ကြား,သိလုံး ဟူသမျှတို့ပါ၊ အတွဲလိုက် ပျက်, ပျောက်ကြသည့် အနိစ္စအချက်များ ဝိပဿနာအလုပ် တရားတို့ကိုရင်း အဟုတ် ထင်မြင်ကြရပေလိမ့်သတည်း။

ဤကဲ့သို့ မြင်, သိပေါက် ကြား, သိပေါက်တို့က ဝိပဿနာ လုပ်နည်းအသီးသီးတို့ကို၊ ဆရာတို့အထံက နည်းမရဘဲ၊ တမျိုးတည်းသော သမထဝိပဿနာများကို သင်ကြား လေ့လာထားသူ ယောဂီဖြူတို့ကရင်း၊ မိမိတို့ကား၊ ရွာကြားက အရှုပ်သမားတွေဖြစ်နေရာက သူတော်ကောင်းများမှာ တရားအလုပ်ပေး၊ပြောဟောရေး စသည်အရပ်ရပ်အတွက်၊ လူသူများနှင့် စပ်ရှက်စည်ကား တရားပွဲကြီးများ ဖြစ်နေသည်ဟု တဆင့်စကား ကြားလိုက်လျှင်၊ ပါးစပ်တွင်သာ သူများထက်သာအောင် ပြောချင်ရှာသူတို့ကတိုလဲ တရားအားထုတ်သွားချင်ပါရဲ့၊ အဝေး မြို့,ရွာ စသည်ကလာ၍ လူများစွာ ရှုပ်လွန်းလို့ဟု–သူတပါးအပြစ်စုကိုသာ ရှုတတ်ရှာကြသူတို့ကား မြို့ပြ ပြည်ရွာ အတွင်းမှာရင်း၊စစ်ကိုင်းတောင်ရိုးတလျှောက်စသည်တို့မှာရင်း၊ လူတွေ စည်လှ–ရှုပ်ရှက်လှ၊ ဆူညံလှသောကြောင့်၊ တရားအားထုတ်ရာ ဌာနမဟုတ်ရာ၊ ညဉ့်အခါ လူခြေ တိတ်လောက်မှသာ တရားအားထုတ်ခွင့် ရရာသည်ဟု ထင်မှတ်ပြောဆိုချင်ကာ အပြစ်တင်တတ်ရှာကြ၏။ ရှေ့က ပြခဲ့ပြီး မြင်,သိ,ပျက်– ကြား,သိ,ပျက် အနည်းနည်းတို့ကို လေ့လာပြီးသူ ယောဂီဖြူတို့ကား၊ရှေ့ကပြခဲ့သော ဌာနတို့ထက်မက၊ထိုထို ဘုရားပွဲကြီး,တရားပွဲကြီး,အစည်းအဝေးပွဲကြီး, ဈေးပွဲကြီး စသည်တို့၏ အတွင်းသို့ မကင်းတရားနှင့် ရောက်နေကြရစေကာမူ၊ ၎င်းအရှုပ်များကို မျက်စိနှင့် ရှုစားရင်း မြင်, သိ, ပျက်တွေနှင့်လည်း နှလုံးသွင်း နိုင်၏။ အတွင်းသား မပါ၊ ပညတ်သွာက၊ သတ္တဝါတွေ အစားစား ဘက်သို့ စိတ်အာရုံဆက်လိုက်လျှင်လည်း၊မေတ္တာတွေ အနည်းနည်း၊ကရုဏာတွေ အသီးသီး၊ မုဒိတာတွေ ခပ်ကြီးကြီးဘက်သို့လည်း တိုးတက် သွားအောင်

မိမိတို့စိတ်ကို မဖြစ်မနေရဟု အားသစ်ကြကာ ဆောင်ရွက်ကြပါလေ။ ဤသို့မဟုတ်ငြား၊ မျက်စိကို မှိတ်ထား၍၊ ၎င်းပရိသတ်များတို့ ဆုညံသည့် လူသံစသည်တို့ မတိတ်ခင်၊ကြွား,သိ,ပျက်အနိစ္စတို့ကို လှလှကြီးထင်မြင်ကြပြီးလျှင်၊ ၎င်းပရိသတ်တို့နှင့် ကင်း၍၊ တယောက်ချင်း နေရာစသည်မှာကား၊ မိမိတို့ ရ,ထားရင်း ဘာဝနာအာရုံနှင့် မကင်းစေဘဲလည်း နေနိုင်ကြ၏။ ဝါ၊နေနိုင်ကြအောင်လည်း အားထုတ်ကြပါလေ။ ဤသို့မဟုတ်ဘဲ၊ကိုယ့်အလုပ်လည်း မတွင်၊သူဘပါးတို့လည်းမခံချင်အောင် အပြစ်ဘင်စကားတို့ အရင်မဦးညားဘို့၊ အထူးသတိထား နိုင်ကြပါစေသတည်း။

ဤသို့ နေရာ အစားစားတို့မှာ အားထုတ်သွားနိုင် ကြရာသည်တို့ကို ကြားနာပြီးသား၊ မိုဃ်းသွင်းဘေးပေါက်သမားတို့က၊ ဤတရားအချက်နှင့် အမှားမြွက်ထောင်ပြီး မောင်ဘိုးစိန်ကြီး ပွဲကြား၊ ဈေးလယ် များတို့မှာ သရော်လှောင်ပြောင်စကားဖြစ်ပွါးကြဘို့၊ဈာန်ဝင်စားသလိုလုပ်ပြီးလျှင်၊ ၎တ်တုတ်ကြီး ထိုင်ကြ၍ မိုဃ်းသွင်းကမ္မဋ္ဌာန်း ရှုလာရသည်ဟု ဆရာ့ ဂုဏ်ကိုများ ပြမနေကြရန်ကိုတော့၊ နဲနဲကလေး တောင်းပန်ချင် ပါ၏။ အကယ်၍ မိမိတို့ဘာသာအလိုက် မကင်းတရားနှင့် အကျဉ်းကြားမှာ ကြုံကြိုက်ကြရသောအခါ၊ ၎င်းပွဲသဘင်စသော ပရိသတ်ကြီး များကိုကား၊ ယခင်က မေတ္တာခေတ်,ဝိပဿနာခေတ်တွေနှင့် အထူးသတိပြု၍ ရှုစားကြရန် အလွန်တရာမှ လျော်ကန်သင့်မြတ်လှပါ၏ဟုသိကြပါလေ၊မိုဃ်းသွင်းဘေးပေါက်တွေတို့။ ။ဤသို့ရှေ့က ပြအပ်ခဲ့ပြီးသော ပစ္စုပ္ပန်သာမည ကြွား, သိ, ပျက် အနိစ္စနည်း အသီးသီးနှင့်တကွ၊ အတိတ်က ကြွား,သိခဲ့ပြီး သမျှ အကုန်လုံး ပျက်စီး၍လိုက်ကြသည့် သာမညပျက် အနိစ္စတို့ကိုငင်း၊ နောင် ကြွား,သိလတ္တံ့ ဟူသမျှတို့လည်း၊ အကုန်လုံး ပျက်စီးသွားကြမည့် သာမညပျက် အနိစ္စတို့ကိုငင်း၊အခါခါဆုံးဖြတ်၍ သုံးသပ်သောဉာဏ်သည် **သမ္မသနဉာဏ်** မည်၏။

ဤရှေ့က ပြခဲ့ပြီးသော ပစ္စုပ္ပန် ကြွားသိ, အပျက် သာမညတို့ကို ရှုကြသည်ထက်၊ ဝိသေသအားဖြင့် ဂရုထား၍၊ ကြွား, သိလုံး အများတို့၏ ဖြစ်ချက် အစ ဉဒယ၊ ပျက်ချက်အဆုံး ဝယ တရား ဤ ၂-ပါးတို့ကို၊ ထင်ရှားသိသာ ထင်မြင်လာအောင်ရှုသောဉာဏ်ကို၊ ဉဒယဗ္ဗယဉာဏ်ဟု ဆို၏။ဤဉဒယဗ္ဗယဉာဏ် အမြင်သန်အောင် ရှေ့ ကြွား,သိ,ပျက် သမ္မသန ဉာဏ်က စကြိ စသည်တို့နှင့် တွဲဘက်၍၊ ပစ္စုပ္ပန်ပျက်တို့ကို ပြခဲ့သည့် အချက်စုထဲမှာ၊ဤပစ္စုပ္ပန် ကြွား,သိလုံးတို့၏ အစ,အဆုံးထင်မြင် ထင်မြင်

လိုက်ကြရန် အထူးဂရုစိုက်ပြန်၍ အားထုတ်ကြသော အခါတို့မှာ၊ ထိုထို ဥဒယဗ္ဗယဉာဏ်အမြင်သန်၍၊ ကြွား,သိလုံးဟူသမျှတွေ လျင်အမြန်ပျက်စီး နေသည်ကို ထင်မြင်သည့်အတွက်၊ ထိုထို (ကြွား,သိ) လုံးတို့၏အစ၊ ဖြစ်ပေါ်ချက် ဟူသမျှကို မမှတ်နိုင်ကြဘဲ၊ ဝေါကနဲ ဝေါကနဲ ပျက်ပျက်လိုက် ချက်တို့သာ ထင်မြင်လာသောဉာဏ်ကို ဘင်္ဂဉာဏ်ဟု ဆိုရပြန်၏။ ဤသည် တို့ကား၊ စာတတ်သူ,မတတ်သူ ယောဂီဖြူတို့မှာ လွယ်ကူစွာ တိုတို တုတ် တုတ်နှင့် ဖြုတ်ကနဲ အလုပ်များ အဟုတ်ဘဲရသွားကြရန်၊ ဉာဏ် ၃-ဉာဏ် ဝိပဿနာတရားတို့ကို ထင်ရှားအောင်ပြသ၍ ဟောကြားချက် အရတို့ပေ တည်း။ ။[ ဆန်းဆန်း ကြယ်ကြယ် အသွယ်သွယ်နှင့်၊ အကျယ်ကိုသိလို ကြသေးပါမူ၊ ငါတို့ရေးထုတ်လိုက်သော ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ်စာအုပ် (၁၆၉) နံပါတ်မှာ ရှုကြည့်ကြပါလေ၊ သူတော်ကောင်းတွေတို့ ]။ ။ ဤ၌လည်း ဥဒယဗ္ဗယဉာဏ် မလေးကန်ဘဲ၊ ဘင်္ဂဉာဏ်ထဲသို့ လျင်အမြန် တက်သွားသူတို့မှာ၊ (သြဘာသ-ပီတိမယဿဒ္ဓိ)စသော ဝိပဿနာ ညစ်ညူး ကြောင်းမှ ကင်းစင်ကြသောကြောင့်၊ **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**အလုပ် လည်း၊ အဟုတ်ပြီး၏ဟုမှတ်ကြပါလေ။ ဝိပဿနာ အလုပ်သမားတို့ကား၊ ဤဘင်္ဂဉာဏ်တရားသို့ ဆိုက်ရောက်ဘို့သာ အားကြီးလိုလှပါသည်။ဘယ အာဒီနဝစသော အထက်အထက် ဉာဏ်ကြီးတို့ကိုကား၊ဤဘင်္ဂဉာဏ်ကို အရင်းခံထား၍ တက်ကြရသောကြောင့် ဝိပဿနာ အလုပ် ပေးအပ်သူ တို့ကိုလည်း ဘင်္ဂဉာဏ်အလုပ်ဘက်သို့ အမြန်တက်ကြရန်၊ ယခုတရားနာ ပြီးနောက်၊နဲ့နဲ့ကလေးနားခွင့်ထားပြီး၊စင်္ကြံသွားရင်းလည်း အားထုတ်ကြ၊ ထိုင်ရင်းလည်း ကြွား,သိပျက်များကို အားထုတ်ရ၏ဟု-နေ့စဉ်ဝတ်ထား သန်သန်ကြီး အားထုတ်သွားအောင် ဟောကြားကြကုန်ရာ၏။

မိမိသူတပါးတွေ ပြောဆိုနေကြသော အသံစကားနှင့် စပ်၍၊ အထူး သတိ ထားတတ်ကြဘို့ ဝိပဿနာ ရှုတတ်ကြဘို့ အချက်ကောင်းကြီးတို့ ကား၊ ဝိပဿနာအလုပ်များကို အဟုတ်အားထုတ်သူမှန်ပါက၊သီလလည်း ညှိုးနွမ်းလျက်၊သမာဓိလည်း ပျက်တတ်လှသည့် ၃၂-ပါးသော တိရစ္ဆာန ကထာ စကားများကို မပြောကြားဖြစ်အောင်၊ နားမထောင် ဖြစ်အောင် အထူးသတိဆောင်နိုင်ကြပါစေသတည်း။ ။ထိုစကား ၃၂-ပါးဟူသည် ကား။ ။ရာဇကထာ၊မင်းနှင့်စပ်သ၍(တရားနှင့်လည်း မငွေ၊ဂေဟာသိတ နှင့်) မွေလျော့သော စကားကိုရင်း။ ။အထက် အကွင်း အတွင်းက တရားနှင့်လည်း မငွေ၊ ဂေဟာသိတနှင့်ဟု- ပါသောစကားကို၊ နောက်

ဂါထာ ၃၁-တို့မှာလည်း သိပါ။ အဓိပ္ပါယ်အစစ်မှာ၊ ဂေဟာသိတပေမကို မမှီကြဘဲ၊တရားနှင့်ယှဉ်တွဲ၍ပြောဟောမှု အပြစ်မရှိ၊ဂေဟာသိတ တဏှာ ပေမ မျိုးဟူသည့်ကား၊ မိမိတို့ပြောဆိုကြသော စကားတို့ကို တရားနှင့် မဆက်၊ ရောက်မိ ရောက်ရာ၊ စပ်မိစပ်ရာ နောက်နောင်က မော်ကြွား မိုက်မှား အံ့သြဘွယ်များ သက်သက်ကို နေ့အိပ်အလား အမှိုက်ပြွားငြား နှစ်သက်သာယာသောအားဖြင့် ပြောကြားသော စကားမျိုးဟူသမျှသည်၊ ဂေဟာသိတ ပေမကိုမှီ၍ ပြောဆိုကြခြင်း မည်၏။ ။[ ၎င်း ၃၂-ပါး ဆန်းကြယ်သော စကားတို့အရကို ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ်စာအုပ်(၁၇၂) နံပါတ်မှာ ကြည့်ရှုကြပါလေ။ ]

၎င်းတရားနှင့်လည်း မငွေ၊ဂေဟာသိတနှင့် မွေ့လျော်သောစကားမျိုးကို ပြောဆိုကြခြင်းသည်၊ ဈာန်,မဂ်ခရီးကို ဗီလာဆီး၍၊ရပြီးဈာန်သမာဓိပင် ကုန်စင်အောင် လျောကျ စေတတ်သောကြောင့် **တိရစ္ဆာနကထာ** မည် လေရာသည်ဟုမှတ်။ ။အကယ်၍ မကောင်းတရားနှင့် ၎င်းစကားတို့ကို မွေ့ လျော်မှုဂေဟာသိတပေမတို့ကိုမမှီဘဲ၊မိမိတို့အမှုပြီးစီးနိုင်လောက်အောင်မျှ ပြောကြားသူ၊ တရားကို အဦးထား၍ ပြောကြားကြသူတို့မှာကား၊ သီလ ညှိုးနွမ်းမှု စသည်နှင့် အပြစ်မဆိုသာ၊ ဘုရား, ရဟန္တာ အရိယာတို့ ပြော ဟောရိုးတံထွာ မွမ်းဘာပင်တည်း။ ။အကယ်၍ မွေ့လျော်မှု ဂေဟာသိတ တို့ကိုမှီ၍သာ ဒဏ္ဍာရီစကား၊ ရှေ့ဖြစ်, နောက်ဖြစ်များကို မကောင်းဘရား အနေထားလျက် ပိုင်းဖွဲ့၍ပြောကြားနေသူ၊ ထိုထိုယောဂီလုပ်သူတို့ကိုသာ အပြစ်ဆိုစရာ ရှိလေရာ၏။ ဤကဲ့သို့ မကောင်းတရားနှင့် သတိမေ့ကာ၊ ၎င်း စကားတို့ကို ပြောကြားမိသော အခါတို့၏ အပြီးသတ် အပြီးသတ်တိုင်း တို့မှာ ဝိပဿနာရှုတတ်ကြရာတို့ကား။ ။ပြောကြားတတ်သူ,ပြောကြား အပ်သူ, ပြောကြားသောစကား။ ဤ ၃-ပါးတို့၏ အတွင်းသား ရုပ်နာမ် တို့သည်၊ယခုပြောသူလည်း ပြောလျက်သားမတည်၊နာသူလည်း အသံကို ကြားလျက်သား မတည်ဘဲ၊ ပြောသော စကားသံ ကြား, သိလုံးတို့နှင့် အတွဲလိုက် အတွဲလိုက် ပျက်စီးခြင်းသို့ ဆိုက်ရောက် ကြကုန်ပြီးဟု- ဝိပဿနာရှုပါမှုကား၊ ထိုထို တိရစ္ဆာနကထာ စကားတွေဟာ ကမ္မဋ္ဌာန်း တရားတွေထဲသို့ အဝင်အပါတို့သာ ဖြစ်လေရာ၏ဟု- အထူးသတိပြုကာ ဝိပဿနာနှင့် တိရစ္ဆာနကထာ စကား၊ မကောင်းတရားနှင့် ပြောကြားမိကြ သည့် အပြီး အပြီးတို့မှာ၊အုပ်ချုပ်ဖြစ်အောင် အုပ်ချုပ်ပါလေ ယောဂီမြတ် တွေတို့။ ။ဤအရာမှာ ကိုယ်တော်ကြီး ရေးပြသော အချက်တို့နှင့်ကား၊

ချုပ်ပျက်မှုကမ္မဋ္ဌာန်းဘရားတို့ အလွန်ပင်ထင်ရှား **သိ**ရှိရပါသော်လည်း၊ ကိုယ်တော်ကြီးစကား ပါဠိများမရှိက ပေါ့ဆဆ ပြောင်ချော်ချော် လူသရော်တို့ အချောက်အချား မခံနိုင်ရာဟု-စောဒနာဘွယ်ရှိ၍သာ ပါဠိကို ပြရမှာကား၊—

> **တေပိနာမ ခယံဂတာတိ ဇဝံ ပဝတ္တာပန သဗ္ဗသ္သကမ္မဋ္ဌာန မေဝ ဟောတိ။**

တေပိနာမ၊ ထိုပြောဆိုတတ်သောသူ, ပြောဆိုအပ်သောသူ, ပြောဆိုသော စကားတို့အတွင်းရှိပရမတ်ဘရားတို့မည်သည်။ခယံဂတာ၊ကုန်ဆုံးခြင်းသို့ ရောက်ကုန်၏ဟူ၍။ ဇဝံ၊ဤသို့။ ဝါ၊ ဤလို-ဤပုံ။ ပဝတ္တာပန၊ ဖြစ်မှုကား။ သဗ္ဗတ္ထကမ္မဋ္ဌာနမေဝ၊ အလုံးစုံကမ္မဋ္ဌာန်းတို့ချည်း မည်သည်သာလျှင်။ဟောတိ၊ဖြစ်၏။ဟု—အဂ္ဂိုတ္တိုရ်ဒသနိပါတ် အဋ္ဌကထာမြတ် မိန့်တော်မူအပ်သည်နှင့် အညီသာ ရှေ့စကားရပ်တို့ကို ရေးပြအပ်ပါသတည်းဟု-ဉာဏ်ကြီးသူတို့လည်း သိရှိတော်မူကြပါစေသတည်း။

မိုးဃ်းညှင်းကိုယ်တော်ကြီးတရား သို့ဖြစ်ပြောမူ၊ပြောချင်တာ ပြောပြီးမှ ဝိပဿနာအုပ်ကြလျှင် ဟုတ်ထာချည်းဖြစ်ကြ၍၊ဝိပဿနာသမားကို့စကားများလို့ ကိစ္စမရှိဘူးလားဟုပြောအုံ။ ဤကဲ့သို့ အပြီးသတ်မှာ ဝိပဿနာနှင့် အုပ်ရသော စကားမျိုးကို မဆိုထားဘိဦး၊ တရားစကား အစစ်ကိုပင်ဖြစ်စေ၊ မိမိတို့ ဝိပဿနာအလုပ် လစ်ဟင်းအောင် ပြောဟော နေကြဘို့ကား၊ ဘုရားကို မဆိုထားဘိ၊ နတ်များကပါ မကြိုက်ကြဲတာကား၊ ကောသလတိုင်းမှာ အရှင်အာနန္ဒာအား။၂။ကိံ တေဗိဋ္ဌိ မိဋ္ဌိကာ ကရိဿတိ။ ။ ဟု ဝနသံယုတ် အာနန္ဒာသုတ်မှာ သတိပေးလာရသောထုံးကို နှလုံးသွင်းကာ၊ နေ့စဉ် မိမိတို့အားထုတ်သော ကာလလည်း ရှိကြပါစေ သတည်း။ ပြောဟောသင့်သလောက် ကာလကိုလည်း သိကြပါစေသတည်း။ ၎င်းပါဠိမှာမြန်မာပြန်ချက်ကား။ ။ဘန္တေ၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လိုလတ် အရှင်မြတ်။ တေ၊ အရှင်မြတ်အား။ မိဋ္ဌိမိဋ္ဌိကာ၊ လာလာသမျှ ဒါယကာ-ဒါယိကာမ စသည်တို့အား၊ဗလစ်—ဗလစ်တရားဟောခြင်းဖြင့်။ ကိံ ကရိဿတိ၊ အဘယ်သို့လျှင် ကမ္မဋ္ဌာန်းအကျိုး ပွါးတိုး ပြီးစီးတော့အံ့နည်း။ ။ဤသို့လာလာသမျှတို့ကို နှေ့ညဉ့်မစဲ အမြဲဟောပြောခြင်းကိုမပြုဘဲ၊မိမိတို့လုပ်ငန်းတွင်အောင်သာ အားခဲ၍၊မလွဲမကင်းသာမှုနှင့်ဖြစ်ကြပါမှ၊တနေ့ ၂—နာရီ၊ ၃-နာရီမျှ ကာလထားကြ၍၊ဟောကြားပြသ သူတို့မှာလည်း၊ ဟောကြားရင်းပင် မိမိလည်း ထိုဝိပဿနာအချက်တွေကို နှလုံး

သွင်းကာ-သွင်းကာဟောကြားပါမူ၊ နာကြားသူတို့သာမက၊ ဟောကြားသူတို့ပါ မဂ်,ဖိုလ်ကို ပေါက်ရောက် နိုင်ပါသော သက်သေကား၊ ကောသမ္ဗီယောသိတာရုံတိုက်နေ မထေရ် ၆-ကျိပ်တို့က ဗဒရိကာရာမတိုက်နေ အရှင်ခေမကကို ခန္ဓာငါးပါး အနတ္တတရားများကို မေးမြန်းကြရာ၊ ဖြေဆိုဟောကြားရင်း၊ မိမိလည်းနှလုံးသွင်းပါ၍၊နာကြားသူ ရဟန်းတော် ၆-ကျိပ်နှင့် တကွ၊အရှင်ခေမကပါ ရဟန္တာဖြစ်ကြကြောင်းကို **ထေရောပိ အညေန နိဟာရေန အကထေတွာ ဝိပဿနာ သဟာဂတ ဝိဗ္ဗေနေဝ ကထေသိ အရဟတ္တံ ပါပုဏာတိ**။ ။ထေရောပိ၊ရဟန်းတော် ၆-ကျိပ်သာ ရဟန္တာဖြစ်ကြရုံမက၊ တရားဟောပြတော်မူသော အရှင်ခေမက မထေရ် သည်လည်း။ အညေနနိဟာရေန၊ သူတပါးတို့ ကျွတ်လွတ်ဘို့သာ ရည်ရွယ်ကာဖြင့်။ အကထေတွာ၊မဟောမူ၍။ဝိပဿနာ သဟာဂတဗ္ဗေနေဝ၊ မိမိလည်းဝိပဿနာရှုရင်း၊ နှလုံးသွင်းသဖြင့် သာလျှင်။ ကထေသိ၊ ဟောကြားတော်မူ၏။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ မိမိလည်း ရောက်ရလေ၏။ ။ဟု- ခန္ဓဝဂ္ဂသံယုတ်၊ ခေမကသုတ် အဋ္ဌကထာ၌ မိန့်မှာတော်မူသောထုံးများကို နှလုံးထားကာ မိမိတို့လည်း ပြောဟောနေရင်း အခါကာလ ကလေးအတွင်းမှာတောင် မလစ်ဟင်းရအောင်၊ ဝိပဿနာ လုပ်ခင်းကြီးများကို နှလုံးသွင်းကာ သွင်းကာ ပြောဟောကြပါမူ၊ မိမိ သူတပါး, နှစ်ပါးအကျိုး ပွါးတိုးကြပေလိမ့်သတည်း။ ဝါ၊ ပွါးတိုး ကြအောင် အထူး သတိ ဆောင်ကာ ပြောဟော ကြပါလေ ယောဂီမြတ်တွေတို့။

သည်သာမကသေး၊ပရိယတ်တရားများကို သင်အံပြန်ဆိုကြ၊ဘတ်ရွတ်ကြတိုင်းတို့မှာ မိမိအသံနှင့်တကွ ရုပ်,နာမ်တို့၏ဖြစ်မှု,ပျက်မှုတို့ကိုထင်မြင်အောင် ရှု၍၊ မဂ်,ဖိုလ်များကို ပေါက်ရောက်သွားနိုင်ကြောင်းကို၊ ကောသလတိုင်းတောအုပ်တခု၌၊ ရဟန်းငယ်တပါး ဆရာအထံက နေ့အခါ-ညဉ့်ပဌမယာမ်၊ ပစ္ဆိမယာမ် အခါတို့၌၊ ပရိယတ်တရား စာပေကျမ်းဂန်များကို သင်ကြား၍ ရွတ်ဘတ်ပြန်အံတိုင်းတို့မှာ၊မိမိအသံတို့၏ဖြစ်မှုဥဒယ၊ ပျက်မှု ဝယ တို့ကို ထင်မြင်အောင် ရှုပြီးမှ၊ ၎င်းအသံနှင့်တကွ ဖြစ်သော ဥပါဒါရုပ် မဟာဘုတ်တို့ကိုၚင်း၊ ထိုရွတ်ဘတ်ပြန်အံသော သဒ္ဒရုပ်ကို ဖြစ်စေတတ်သော နာမက္ခန္ဓာတို့ကိုၚင်း၊ထိုနာမက္ခန္ဓာတို့၏မှီရာ ရူပကာယ ကြီးတို့ကိုၚင်း၊ထိုရွတ်ဘတ် ပြန်အံသော အသံနှင့် အတွဲလိုက်-အတွဲလိုက် ဖြစ်မှု,ပျက်မှုတို့ကိုလည်း ထင်မြင်အောင်ရှု၍ ရဟန္တာဖြစ်ကြောင်းကို၊—

**သဗ္ဗာယံ ကတွာ ဥဒယ-ဝယဘော သမ္မသတိ။ တတော သေသံ ဥပါဒါယရူပံ ဘူတရူပံ နာမရူပဉ္စ ပဇ္ဇသု ခန္ဓေသု ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏာတိ။**

သဗ္ဗာယံ၊နေ့ညဥ့်မပြတ်၊ အထပ်ထပ် ရွတ်ဘတ်ပြန်အံခြင်းကို။ကတွာ၊ ပြု၍။ဝါ၊ ပြုတိုင်းပြုတိုင်း။ ဥဒယဝယတော၊ထိုအသံ၏ ဖြစ်မှု-ပျက်မှုအားဖြင့်။သမ္မသတိ၊ သုံးသပ်ဆင်ခြင်၏။တတော၊ ထိုနောက်မှ။သေသံ၊ ကြွင်းသော။ဥပါဒါယ ရူပဉ္စ၊ ထို သဒ္ဒရုပ်နှင့် တကွဖြစ်သော ဥပါဒါရုပ်ကိုရင်း။ ဘူတရူပဉ္စ၊ ထိုသဒ္ဒရုပ်တို့ မှီရာမဟာဘုတ်ကိုရင်း။ နာမရူပဉ္စ၊ ထိုသဒ္ဒရုပ်ကို ဖြစ်စေတတ်သော နာမက္ခန္ဓာ၊ ထိုနာမ်တို့၏ မှီရာနှင့်စပ်သမျှ ရူပကာယ တကိုယ်လုံးကြီးကိုရင်း။ဇာတိ၊၍သို့။ပဉ္စသု၊ငါးပါးကုန်သော။ခန္ဓေသု၊ ခန္ဓာတို့၌။ ဝိပဿနံ၊ လက္ခဏာရေးရှုမှု၊ ဝိပဿနာစုကို။ ဝဍ္ဎေတွာ၊ ရွတ်ဘတ်ပြန်အံတိုင်းတို့မှာ အဖန်ဖန်ပွါးများပါလျက်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ပါပုဏာတိ၊ရောက်ရလေ၏။ ။ဟု သဂါထာဝဂ္ဂ ဝနသံယုတ် သဇ္ဈာယသုတ် အဋ္ဌကထာမြတ်တို့ မိန့်မှာတော်မူအပ်သောထုံးကို နှလုံးသွင်းကာ သွင်းကာ စာပေကျမ်းဂန်များကို၊ ကျက်ဘတ်ပြန်အံတိုင်းတို့မှာ၊ မိမိအသံ သဒ္ဒရုပ်နှင့် ဖြစ်ပျက်တူ အသက်တူပြား၊ တလောကလုံးကြီးတို့မှာ ရှိရှိ သမျှသော ရုပ်တရား, နာမ်တရားတို့လည်း၊ အတွဲလိုက် - အတွဲလိုက်၊ဖြစ် ပျက်၍ဘမြိုင်နက်လိုက်နေမှုတို့ကို ရှုကာရှုကာ ဝိပဿနာနှင့်တွဲဖြစ်အောင် တွဲကြပါလေ၊ ယောဂီ ဟုတ်-မဟုတ်ပြား စာသင်သား စာဘတ်သမား သူတော်ကောင်း အများတို့။ ဤသည်တို့ကား၊ တိရစ္ဆာန ကထာထဲမှာ ဝိပဿနာနှင့်တွဲရန်၊ တရားပြောဟောဆဲမှာ ဝိပဿနာနှင့် တွဲရန်၊ စာပေ ကျမ်းဂန်များကို ကျက်ဘတ်,ပြန်,အံဆဲမှာ ဝိပဿနာနှင့်တွဲရန်၊အဘိုးဘန် အမျိုးမှန် အချက်ကောင်း အကွက်ကောင်း အစစ်ကြီးတို့ပေတည်း။

ကြားသိဝိညာဏခေတ်အပြီးသတ်။

[နဝမရက်ဟော၍အပြီးသတ်မှာလည်း၊မိမိတို့နေရာကျတော့၊ နေ့စဉ် တနေ့အနည်းဆုံး ၅-ခေါက် စကြံသွားကြ၍၊ ခြေဘလှမ်း တလှမ်း၌၊မြေအပြင်ကို မြင်,သိ,ပျက်၊မိမိခြေသံကို ကြား,သိ,ပျက် အနိစ္စတို့ကို ရှုကာရှုကာ အားထုတ်ကြပါလေဟု အထူးသတိပေး ကြပါလေ]။ ။နဝမရက်အလုပ်ပေးချက်ပြီး၏။

## (၃၅) ဒသမရက်၊ နံ့, သိ ပေါက်က ဝိပဿနာအလုပ် ပေးစဉ်များ ဒါနမှာ သတိထားရန်

ဤဒသမရက် အလုပ်ပေးချက်၌လည်း၊ ဝိပဿနာ-ပညာ- သာသနာ မလုံပါက၊ဗြဟ္မာ့ ဗြဟ္မာ တွေဟာ ခဏမကြာသေရာ၍၊ ကာမဌာအပြည့်မှာ၊သူနှင့်ငါ ယခုတွေ့နေကြရတာ သူများတွေမဟုတ်ပါ။ ဤကမ္ဘာပျက် စဉ်က၊တညီတညာ ဗြဟ္မာအထက်ခွင့်သို့ ထုတ်ခြောက်၊တူမကွာ ရောက် ကြသော်လည်း၊ ဝိပလ္လာသ သမားနောက်လို၊နိကန္တိတဏှာပေါက်တိုက၊ ဤွဲ့ပြန်လို့ကျခဲ့ရခြင်းများကို ရှေ့ဓားကွပ်ချက်နေရာက သေအချာပြအပ် ခဲ့ပြီးသော စတုဗ္ဗဓားကွပ်ချက်ကြီးတို့ကိုလည်း၊ နိဗ္ဗာနသံဝေဂ ရလောက် အောင် ဟောပြပြီးမှ၊ရှေ့နဝမရက်အစက၊ပရမတ်တရားတွေ သူ့အထဲ ငါ့ အထဲမှာ အလွယ်သား ရှိနေကြပါသည်များကို ထင်ရှားစွာ သိသာလွယ် ကြရာ သိုက်ဥပမာ ,ဇီဝကဥပမာနှစ်ခုတွင်၊ တခုခုကိုလည်း အလုပ်ယူသူ များတို့ ရွှင်လန်းဝမ်းမြောက် သွားအောင် ဟောကြားကြပြီးမှ၊ ဃာန ဝိညာဏ်ဓာတ်က ပေါက်၍၊ ဝိပဿနာအဆုံးသို့ရောက်အောင် အားထုတ် ကြပုံကား၊—ပါဠိခေါ် **ဃာနဝိညာဏဓာတ်**၊ မြန်မာခေါ် **နှာခေါင်းသိ သဘော**။ ဝါ၊နံ့,**သိသဘော**၊ဤ ၂-ဘာသာတို့လည်း ဘယ်ဘာသာမှ အဘိ ဓမ္မာပရမတ် အမြတ်တရားစစ် မဖြစ်ကြသေး၊ ခေါ်ဝေါ်ပြောဆိုကြသော ဝေါဟာရစကား သဒ္ဒါပညတ်များသာ ရှိသေး၏။ အဘိဓမ္မာပရမတ် တရားမြတ်အစစ်တို့ကား၊ နှာခေါင်းရှိသောသတ္တဝါတိုင်းတို့၏ နှာခေါင်း အကြည်ဓာတ် အပေါ်က ထိခိုက်လာကြသော ထိုထို သဝိညာဏက, အဝိညာဏကတို့၏ အနံ့တို့ကို နံကြသည့် နံ့-**သိ** သဘောလုံးကလေးပင် တည်းဟု- သဒ္ဒါပညတ် ၂-ပါးနှင့်၊ အဋ္ဌပရမတ်တရားတို့ကို ရှေးဦးစွာ ခြားခြား နားနားကြီး သိကြပြီးနောက်၊ ဝိပဿနာ အလုပ်ပေါက်အောင် အားထုတ်လိုကြမူ၊ပါဠိခေါ် **ဗိဋ္ဌိသုဒ္ဓိ ဖြစ်အောင်လုပ်**၊ မြန်မာခေါ် **အမှား စင်ကြယ်အောင်လုပ်ရမည်**ဟု သိရာ၏။

အမှား စင်ကြယ်အောင် ဘယ့်နှယ်လုပ်ရမည်နည်း။ (မေး)

အမှန်ကို သိအောင်လုပ်။ (ဖြေ)

ဘာမှန်ကို သိအောင် လုပ်ရမည်နည်း။ (မေး)

ပရမတ်မှန်- **ပညတ်မှန်**တို့ကို သိအောင်လုပ်ရမည်။ (ဖြေ)

ငင်း ပရမတ်မှန်တွေသိတာ သူ-ငါတို့ မသိနိုင်တာမျိုး မဟုတ်ပါ၊ ထိုထိုသတ္တဝါတွေ၊မိမိတို့နှာခေါင်းတွေနှင့် နေ့စဉ်အသုံးကျ နေ့စဉ်အသုံးချနေကြသော နံ့,သင်းလုံးတို့ပင်တည်း။ ငင်း နံ့သိလုံးတို့၏ သဘာဝ ပကတိပျက် အစ-အဆုံးနယ်တို့ကား၊ အတွင်းသို့ ရှိုက်သွင်းတာ အစ၊အပြင်သို့ ရှူထုတ်တာ အဆုံးတို့သည်ပင်လျှင် နှာခေါင်း အတွင်းက နံ့သိလုံးဟူသမျှတို့၏ အစ အဆုံးတို့ပင်တည်း။တနည်း၊နံ့,သိလုံးတွေ အသစ်ပြောင်းပေမူ၊ နံ့သိဟောင်းတွေ ပျက်လိုက်နေကြရာတွင်၊ ထင်ရှားသော အချက်ကို ရှာ၍လည်း (နံ့သိ)လုံးတို့၏ အစ-အဆုံးတို့ကို သိကြပါလေ။ ။ပညတ်မှန်ကို သိပြန်ရဘို့ကလည်း၊ရှေးစက္ကူကအကျယ်ပြတိုင်း၊အပေါ်ရံကြော်တွင်သာ ကလာပ်သဘောချင်း စပ်ဟပ်ကြကာ မျက်လှည့်ရုပ် ဥပမာဖြင့် ထင်မြင်ပေါ်လွင် ထင်ရှားနေကြပါသော ငါကောင်မ, ငါကောင်ထီး စသော ပညတ်ကောင်ကြီးတို့၏ အစ အဆုံးနယ်တို့ကား၊ မွေးတာအစ၊ သေရာကျတော့အဆုံးဟု ပညတ်မှန်ကို သိကြပြီးမှ၊ ငင်း ပရမတ်ပညတ်တို့ တခုက-တခုတို့ မဖြစ်ကြပုံကား၊(နံ့သိ)ပရမတ်က၊ ငါကောင်မ,ငါကောင်ထီး စသည်ပညတ်တို့ဖြစ်ကြပါမူ၊ရှေးရှေးက နံ့သိလုံးတွေ၊ငါကောင်စသည်တို့ တည်နေသလောက် တသက်လုံးတည်ရမည်။ဤသို့လည်း မတည်ကြသည့်အတွက်၊ငါကောင်မ-စသည်ပညတ် မဖြစ်လေ။တဖန်ငါကောင်မစသည် ပညတ်တို့ကလည်း၊ နံ့သိ-ပရမတ်စစ်တို့ ဖြစ်ပါမူ၊ ထိုထိုအနံ့ကိုနံကြသည့် (နံ့သိ)လုံးတို့သေဆုံးချုပ်ပျောက် အနိစ္စအရောက်နှင့်တွဲ၍တွဲ၍၊ငါကောင်မ စသည်တို့ကလည်း ဖုန်းကနဲ-ဖုန်းကနဲလဲ၍ ဧကန္တသေသေ လိုက်ရမည်။ ဤသို့လည်း မသေကြသည့် အတွက်၊ နံ့သိ-ပရမတ်အစစ် မဖြစ်နိုင်လေသည်တို့ကို တပ်တပ်ထင်ထင် သိမြင်ကြရသဖြင့်၊ နံ့သိ– ပရမတ်တွေကိုလည်း၊ ငါ ကောင်မ, ငါ ကောင်ထီးစသည် ပညတ်အစစ်တို့ အထဲက၊ အသီးအခြား ထုတ်နုတ်ထား၍၊ နံ့သိ-ပရမတ်သက်သက် အတိုင်းသာဟု **ပရမတ်မှန်ကိုသိ**၊ငါကောင်မ, ငါကောင်ထီးစသော ပညတ်အစစ်တို့ကလည်း၊ အတွင်းသား ပရမတ်နယ်ထဲက ထင်ရှားရှိနေကြသော ရုပ်-နာမ်တို့နှင့်မရောမရှက်ကြဘဲ၊သမ္မုတိသစ္စာ နယ်ထဲက အကောင် အထည်ဖြစ် ပညတ်တို့ သက်သက်အတိုင်းသာဟု **ပညတ်မှန်ကိုသိ**ကြပါ၍၊ ပရမတ်နယ်က ထင်ရှားရှိနေကြသော (နံ့သိ) ပရမတ်တွေကို ငါနံ့တယ်-သူနံ့တယ် စသည်ဖြင့်၊ ပညတ်နံ့တဲ့အနေနှင့်မှားကြသည့် **ပရမတ်မှား–သညာဝိပ္ပလ္လာသဒိဋ္ဌိ**တွေမှ အရှအသည်းထဲကပါ လှိုက်လှိုက် လှဲလှဲကြီး၊ တကထဲ– အဟုတ်ဘဲ

စင်ကြယ်ကြရမှု အလုပ်ကြီး၊ အဟုတ် ပြီးစီးကြလေသော ကြောင့် မြန်မာခေါ် **အမြင်စင်ကြယ်၊** ဝါ၊ **အမှားစင်ကြယ်မှု** ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ** ရဘို့၊ ငါတို့တတွေမှာ အဟုတ်ပြီးစီးပေပြီဟု ဝမ်းမြောက်ကြပါလေ ယောဂီမြတ်တွေတို့။

ဒိဋ္ဌိဝိသုဒ္ဓိ ပေါက်ရောက်ပြီးနောက်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ထမြောက်ကြရန်ကျင့်ကြံကြဘို့ကား၊ တခြားမဟုတ် ပါဠိခေါ် **ကင်္ခါဝိတရဏဝိသုဒ္ဓိ**၊ မြန်မာခေါ် **ယုံမှားခြင်း စင်ကြယ်သော ဉာဏ်တည်း**။ ၎င်းဉာဏ်ကို ဝိသုဒ္ဓိမဂ်က အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်**ဟု မိန့်ဆိုပြန်သည်နှင့်အညီ၊ ထိုနံ့သိပရမတ်အစစ်တို့ ဖြစ်ဖြစ်သမျှတို့သည်၊ နှာခေါင်းအကြည်နှင့် အနံ့ ၂-ပါးတို့ကြောင့် ဖြစ်ကြရကြောင်းကို သံယုတ်ပါဠိတော်၌။— **ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။** ။ဃာနဉ္စ၊ နှာခေါင်းအကြည်ဟု ဆိုအပ်သော ဃာနပသာဒကိုရင်း၊ ဂန္ဓေစ၊ အနံ့ဟု ဆိုအပ်သော ဂန္ဓာရုံတို့ကိုရင်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ ဃာနဝိညာဏံ၊ နံ့သိဟု ဆိုအပ်သော ဃာနဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ။ဟု မိန့်ရှိတော်မူတိုင်း၊ ကောင်းမြတ်သည်ကိုရင်း၊ ယုတ်ညံ့သည်ကိုရင်း၊ (နံ့သိ)နေကြသည့် အဘိဓမ္မာပရမတ် **ဃာနဝိညာဏဓာတ်** အစစ်တို့ကား၊ ထာဝရဘုရား,သိကြား,ဗြဟ္မာ၊ ဒေဝါ ဗိဿနိုး အမျိုးမျိုးတို့က ဖန်ဆင်းကြလို့ ဖြစ်ရသည်မဟုတ်၊ မီးခတ်နှင့်-မီးခတ်,ကျောက်တို့ တိုက်ခိုက်မိကြသော အခါမှသာ အာဂန္တုက မီးပွင့် ငယ် ပေါ်လာသကဲ့သို့၊ နှာခေါင်း အကြည်ဓာတ်ပရမတ်နှင့်၊ ထိုထိုသဝိညာဏက, အဝိညာဏက တို့၏ အနံ့ဓာတ်ပရမတ်တို့ တိုက်ခိုက် ပေါင်းဆုံမှု အကြောင်းစုကြောင့်၊ အာဂန္တုက တခဏမျှ (နံ့သိ) ပရမတ် အကျိုးဓာတ်တွေ ဖြစ်ပေါ်လေ၏ ဟု မိမိတို့ဉာဏ်မှာ ရှင်းလင်းစွာ ထင်မြင်ပါမူ၊ အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်**တရပ်။ ဤဃာနဝိညာဏဓာတ်၌ပြီးစီး၍၊ ကင်္ခါဝိတရဏဝိသုဒ္ဓိကြီးအလုပ် အဟုတ်ထမြောက်ပြီးစီး၏ဟူ၍ သိကြပါလေ။

ဤနံ့သိ ဃာနဝိညာဏဓာတ်၌ ရှေးကပြခဲ့တိုင်း ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ ၂-ပါးတို့ထင်ရှားပေါက်ရောက်ကြသူ၊ ရှင်လူအများ ယောကျ်ား, မိန်းမစသည့်တို့မှာ၊ ဝိပဿနာဉာဏ်ဆယ်ဖြာတို့တွင် အရင်းအစ သမ္မသနဉာဏ်ထင်မြင်ကြရန် ကျင့်စဉ်, အားထုတ်စဉ်တို့ကား၊ တခြားမဟုတ်၊ နံ့သိ-ဃာနဝိညာဏဓာတ်တို့ကို ဝိပဿနာရှုလိုပါမူ၊ ထိုနံ့သိ ဖြစ်ပေါ်သမျှ ရှုကြရဘို့၊ နှာခေါင်းအတွင်းသို့ ဉာဏ်စိုက်ထားပြီးလျှင် ပရပ်ဆိုကိုဖြစ်

စေ၊ ဘေးကင်းသော အနံ့တခုခုတို့ကိုဖြစ်စေ နမ်းရှုပ်လိုက်ချည်၊ နှာခေါင်းမှ လွတ်အောင် ဖယ်လိုက်ချည်များကို အခါခါလုပ်၍ ကြည့်ကြပါမူ၊ ၎င်းနံ့သိလုံးတို့ နှာခေါင်းမှ ဖယ်သမျှတိုင်းတို့မှာ ပျက်ပျက် ပျောက်ပျောက် သေသေလိုက်မှု **အနိစ္စ**အစစ်စုတို့သာတည်းဟု ယခုပစ္စုပ္ပန်ပျက်နှင့်တကွ အတိတ်အနာဂတ်ဖြစ်သော နံ့သိလုံးသာမညပျက်တို့ကို အခါခါ သုံးသပ်၍ ဆုံးဖြတ်သောဉာဏ်သည် **သမ္မသနဉာဏ်**အစစ် ဖြစ်ကြလေသတည်းဟု သိရှိကြပြီးလျှင်၊ ထိုထို ဟင်းနံ့၊ ထမင်းနံ့၊ အမွှေးနံ့၊ အပုပ်နံ့စသည်တို့ကို နံ့သိတိုင်းတို့မှာ နံ့သိလုံးတွေ အသစ်အသစ် ပြောင်းလျှင် အဟောင်း အဟောင်းတွေ ပျက်ပျက် လိုက်နေကြတာကို မကြာမကြာ အခါခါ ရှုကြည့်ကြ၍၊ သတိသမ္ပဇဉ် အမြဲယှဉ်ကာ နံ့သိပျက်တွေ ထင်မြင်လေအောင် အထူးကြိုးဆောင်၍ ရှုကြပါလေ။

အတိတ်-အနာဂတ်-ပစ္စုပ္ပန်နှင့် တကွ နံ့သိလုံးတို့ ပျက်ပျက်လိုက်နေကြသော သာမညပျက်ကိုရှုသော သမ္မသနဉာဏ် ထက်သန်အား ရှိသော ယောဂီမြတ်တို့အတွက်၊ အထက်ဥဒယဗ္ဗယဉာဏ်ဘက်သို့ ကူးတက်ဘို့ရာ **နံ့သိ ဥဒယဗ္ဗယ အနိစ္စ** တရားအစစ်ကြီးများဟာ၊ ဘုရားစကား ကျမ်းဂန်များတို့အထဲမှာ နဲနဲကလေးမျှ ဧကန္တမရှိကြ၊ မြို့ပြ, ပြည်ရွာ အိမ်တကာတို့မှာ သူငါတို့ နှာခေါင်း အတွင်း၌သာ ဖြစ်ပျက်ခြင်း သဘောအစစ်တွေနှင့်၊ ဧကန္တဖြစ်လျက်ရှိနေကြသည်ကို ရှုကြည့်လိုမူ၊ ရှေ့ကပြခဲ့တိုင်းသော ဖြစ်ဆဲပရုပ်ဆိုနံ့တို့ကို အခါခါနမ်းရှုကြတိုင်းတို့မှာ၊ နံ့သိလုံး **အစဥဒယ**၊ နံ့သိလုံး**အဆုံးဝယ**တို့ကို ထင်မြင်ပေါက်ရောက်ကြအောင် ရှုကြည့်ပြီးမှ၊ ပန်းနံ့တို့ **နံ့သိ အစ-အဆုံး**၊ ရေမွှေးနံ့တို့ **နံ့သိ အစ-အဆုံး**၊ ထိုထိုအမွှေးနံ့တို့ **နံ့သိအစ,အဆုံး**၊ ထိုထိုအပုပ်နံ့တို့ **နံ့သိအစ,အဆုံး ဥဒယဗ္ဗယ**တို့ကို ထင်မြင် ပေါက်ရောက်ကြအောင် မကြာ မကြာ အခါခါ ရှုကြပါလေ ယောဂီမြတ်တွေတို့။

ဤဥဒယဗ္ဗယဉာဏ်အမြင်သန်၍ ဘင်္ဂဉာဏ်ထင်မြင်ကြရန် ရှုကြည့်ရပုံကား၊ ထိုထို နံ့သိလုံးအစ-ဥဒယ၊ အဆုံး-ဝယ တို့ကို ရှုကြည့်ကြသော အခါ၊ နံ့သိလုံး အဖြစ်,အပျက်တွေ ဗိုလ်ဗိုလ်လာအောင် အခါခါရှုကြည့်ကြကုန်ရာ၏။ ဤသို့ ရှုကြည့်၍ ဗိုလ်လွန်းမက ဗိုလ်ဗိုလ်လာကြလျက်၊ ဥဒယဖြစ်စ အချက်ကိုမမြင်ကြဘဲ၊ **ဝယ**အပျက်တို့ကိုသာ ဉာဏ်မှာစွဲမြဲ၍ထင်မြင်နေပါမူ၊ ဘင်္ဂဉာဏ်လည်း ပိုင်နိုင်ပြီးဟူ၍ မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

## (၃၆) ဒါနနှင့်စပ်၍ အထူးသတိထားရန်အချက်

[**အထူးသတိပေးချက်။** ။ဤနှာခေါင်းပေါက်က တောက်ထ၍နေသော ကိလေသာတွေကား၊ သူတော်ကောင်းအလုပ်နှင့် အဟုတ်နှိပ်ကွပ်လိုက်ပါမှ၊ လွန်စွာ လွယ်ကူတတ်ကြလေ၏။ မနှိပ်ကွပ်ဘြား ပေါက်လွတ်ထားပါမူ၊ ၎င်းနှာခေါင်းကိလေသာက ကိလေသာကာမဂုဏ်တို့ အမြူးမှာ ပွဲဦးထွက်ကြ၍၊ ရုံးပြင်ကနား၊ လျော်ကြေးများနှင့်၊ မှုပြစ်တွေအစားစား ဘက်သို့၊ မိမိစိတ်တို့ နေ့စဉ် တက်ချင်နေကြချက်၊တက်နေကြချက်များကို စဉ်းစား၍ ကြည့်ပါမူ၊ အလွန်ပင် ထင်ရှားကြလှပါ၏။ သို့အတွက် ပန်း ရေမွှေး စသည်တို့ကိုလည်း အမှတ်တမဲ့ မနမ်းမိအောင် အထူးသတိပြုကြပါလေ။ ၎င်းပန်း,ရေမွှေး စသည်တို့ကို လှူဒါန်းလိုသော အခါတို့မှာ၊ ဤအမွှေးနံ့ ဒါနတို့၏ မွန်မြတ်လှသည့်အဖြစ်ကို စွဲမြဲစွာ ဒါနအာရုံကို ယူလိုပါ၍၎င်း၊ ဤအမွှေးနံ့နှင့် တကွ နံ့သိလုံး ဟူသမျှတို့ကို ဝိပဿနာရှုကာ လှူဒါန်းလိုပါ၍၎င်း၊ မိမိတို့ဒါနဝတ္ထု အမွှေးနံ့စုတို့ကို မလှူမီက နမ်းရှု၍ ကြည့်ကြသိကြ ဝိပဿနာတင်ကြပါမူ၊ အလွန်ပင် ကောင်းမြတ်၏ ဟူ၍ ချီးမွမ်းထိုက်၏။ အချို့သူတို့ကား၊ ပေးလှူဘို့ဆိုလျှင် ပန်း, ဆွမ်း, ဟင်း, အဖျော် စသည်တို့ကို ဘယ်နည်းနှင့်မှ မနမ်းကောင်းဘူး၊ ဆားစသည် တောင် မမြည်းကောင်းဘူးဟု ထင်မှတ်ပြောဆိုကြ၏။ ဤသို့ ထင်မှတ်ကြသည့်အတိုင်း မလှူရခင် လှူဘို့ရန် စီရင်ထားသော အလှူဝတ္ထု များကို အငြိး အဖျား ခံစားလိုမှုနှင့် နမ်းရှုစားသောက်ခြင်း စသည့်ကို ပြုမှသာ ကဲ့ရဲ့ရာ၏။ အကယ်၍ မိမိတို့ သုံးဆောင်လိုမှုနှင့် နမ်းရှုပန်ဆင်ခြင်း၊ စားသောက်ခြင်း စသည်များပြုပြီးသား ပန်း,ရေမွှေး၊ ဆွမ်း,အဖျော် စသော ဝတ္ထုများကို ပေးလှူရန် တော်တန် လျောက်ပတ်သော အလှူခံတို့အား၊ သဒ္ဒါပွါးကာ စိတ်အား ထက်သန်စွာနှင့် ပေးလှူ ကြပါမူလည်း၊ တမျိုး အကောင်းပင်တည်း။

(ဟိ) ထိုစကားကို ချဲ့၍ဆိုဦးအံ့။ အချို့သူတို့က အငြိး အဖျားကို ရမှ ပေးလှူမည်။ သုံးဆောင်ဆဲ-သုံးဆောင်ပြီးများကိုတော့၊မိမိလည်း မလှူချင်၊ သူတပါးတို့ ပေးလှူရာတွင်လည်း ကဲ့ရဲ့ပြစ်တင်တတ်ကြ၏။ ဤသည်လည်း ဒါနတို့၏ အန္တရာယ်ကြီးတမျိုးပေတည်း။စင်စစ်မူကား၊မိမိတို့အစီးအပွါး အစစ်များကို အဟုတ်လိုလားသူ မှန်ပါက၊ ဈေးသည်များ ရောင်းချရာမှာ အဘိုးရဘို့ တမျိုးသာ လိုရင်းဆုံးကြီးထားပါ၍၊ အသစ်ကို ဝယ်လိုသူနှင့် အခန့်သင့်တွေ့မူ၊ အသစ်ကိုရောင်း၊ မိမိတို့သုံးဆောင်နေဆဲကိုဘဲ၊ ဝယ်ယူ

လိုသူနှင့် အခန့်သင့်တွေ့မူ၊သုံးဆောင်ဆဲကိုပင် ရောင်း၊သုံးဆောင်ပြီးသား အကြွင်းများကို ဝယ်လိုသူနှင့် အခန့်သင့်တွေ့မူ၊ ထိုသုံးပြီးသားကို ရောင်းစား၍၊ သူဌေးကြီးများ ဖြစ်ကြသူ တို့ကိုသာ ချီးမွမ်းကြ ကုန်ရာ၏။ သူဌေးကြီးဖြစ်အောင် သုံးစားဆဲ– သုံးပြီးများကို ရောင်းစား ရမလားဟု ကဲ့ရဲ့သူ, မရောင်းချသူများကိုသာ ဤလောကမှာ အရူး, နုံ, ရာကျသလို၊ သုံး ဆဲ သုံးပြီးများကို ပေးလှူခွင့် ဆိုက်နေသောအခါ၊ ဒိဋ္ဌ, နာ, သေရေး ဒုက္ခဘေးတို့မှ အလျင်အမြန် လွတ်ထည့်ကြရန်၊ဇောစေတနာ ထက်သန်စွာနှင့် ပေးလှူကြပြီး၊ နိဗ္ဗာန်နှင့် နီးရသော လောကုတ္တရာ သူဌေးကြီး တို့ကိုသာ ချီးမွမ်းထိုက်ရာ၏။ အဦးအဖျား မဟုတ်ငြားဘဲ၊ သုံးဆဲ-သုံးပြီး များကို ပေးလှူခွင့်ဆိုက်နေသော်လည်း၊ ပေးလှူလိုက်ရမလားဟု ကဲ့ရဲ့သူ, မပေးလှူသူတို့သည်သာ၊ ၎င်းဒါန၏ အန္တရာယ်ကြီးတို့ မိမိလည်းဖြစ်၊ သူ တပါးတို့ကိုလည်း နှစ်ချရာရောက်လေ၏။ စင်စစ်မူကား၊ မသုံးသေးဘဲ သုံးဆဲ-သုံးပြီး သုံးစားသော ပစ္စည်းတို့တွင် လှူခွင့်ဆိုက်လာသမျှ အခါ ခပ်သိမ်းတို့မှာ မသုံးသေးခင်ချည်း ပေးလှူနိုင်ပါမူလည်း ကောင်းလှပါ ၏။ ၎င်းအသစ်များမရှိ၊ သုံးဆဲ-သုံးပြီးတို့သာရှိ၍၊ အလှူဝတ္ထု ညံ့သည့် အနေသို့လိုက်၍၊ နောင်အကျိုးပေးသောအခါ အနုံသာပေးရာ၏ဟု မထင် ထိုက်ချေ။ အဘယ့်ကြောင့်နည်းဟူမူ၊အလှူဝတ္ထုကသာ အကျိုးကိုဖြစ်စေ နိုင်တာမျိုးမဟုတ်၊ ပေးလှူသော စေတနာနှင့် အလှူခံမြတ်ထာတို့ကလည်း အကျိုးထူးကို ဖြစ်စေနိုင်တာမျိုးဖြစ်၍၊ အလှူခံမြတ်များ အသုံးကျတာနှင့်၊ မိမိတို့ ဇောစေတနာ ထက်သည်ထက် ထက်အောင်သာ ထားကြကာ လှူဒါန်းပါ၍၊ ဝိပဿနာနှင့်လည်း တွေ့ပါမူ၊ ဤဘဝတွင်မှာပင် မဂ်ဖိုလ် တောင် ပေါက်ရောက် ထင်မြင်နိုင်ရာသော သက်သေတို့ကား၊—

သာဝတ္ထိပြည်၌ လယ်ထွန် စဦးအခါ, တလင်းလုပ် စဦးအခါ၊ ၎င်း တလင်း၌ ကောက်များကို စုပုံထားစဦးအခါ၊ထမင်းချက်စဦးအခါ၊ခွက်၌ ထမင်းခူးစဦးအခါ၊ ဤအခါငါးပါးတို့မှာ အဦးအဖျား ဒါနများကိုလည်း ပြုတတ်လှ၊ရောက်လာသမျှ အလှူခံတို့ကိုလည်း လှူတတ်လှသောကြောင့်၊ **ပဉ္စဂ္ဂဒါယက**ဟု- အမည်ရပါသော ပုဏ္ဏားကြီး သို့မိခင်ပွန်းတို့ ထမင်း စားနေဆဲအခါ၊ ဘုရားရှင် ရပ်တော်မူလာလျှင်၊ပုဏ္ဏေးမ အရင်မြင်သော အခါ မလှူချင်ပါ၍၊ လင်မမြင်ရစဉ်၊ ဘုရားအနားသို့ လာပြီးလျှင်၊ အသံ ကလေးတိုးစွာနှင့် ကန်တော့ပါသေးဘုရားဟု- ကြွသွားအောင် ပြုသော် လည်း၊ထိုသူတို့ ကျွတ်ခွင့်များကို ထောက်သား၍၊ဆွမ်းမရဘဲ ငါမသွားဟု

သိစေမှုအလို့ငှါ၊ဦးခေါင်းကိုရမ်းလိုက်သောအခါကျတော့မှ၊ပုဏ္ဏေးမက သို့စင်ဘုရားကြီး ဤဆွမ်းကလေး အနည်းငယ်ဖြင့် ခေါင်းရမ်းပြီး ဇွတ် ရပ်နေတာ အရူးအသည်းယားလာ၍ ပြင်းစွာ ရယ်မောလိုက်မှ ပုဏ္ဏားကြီး သိရလျှင်၊ထက်ဝက်စားပြီးသား ထမင်းခွက်များကိုယူကာ ဘုရားအနား သို့ လာပြီးလျှင် အရှင်ဘုရား တပည့်တော်သည်၊ ငါးပါးသော အရာဌာန တို့၌ အဦးအဖျားကိုသာ လှူ၍စားပါသည်။ ယခုမှာမူကား၊ ဤထက်ဝက် စားပြီးသား ထမင်းများကို ခံပါအံ့လားဘုရားဟု- လျှောက်ထားခြင်းကို ပြုသောအခါ၊ အလှူခံများနှင့်,ပေးလှူသူများ အထူးသတိထားစရာ ဘုရား ဟောတော်မူသည်မှာကား၊—

**ဗြာဟ္မဏ အဂ္ဂံပိ မယှံမေဝ အနုစ္ဆဝိကံ၊မဇ္ဈေ ဘိန္ဒိတွာ အဇ္ဈ**
**ဘုတ္တဘတ္တံပိ စရိမကဘတ္တပိဏ္ဍာပိ မယှံမေဝ အနုစ္ဆဝိကော။**
**မယံဟိ ဗြာဟ္မဏ ပရဒတ္တူပဇီဝိပေတသဒိသာ။**

ဗြာဟ္မဏ၊ အဦးအမြတ် ပေးလှူတတ်ငြား၍ ပဉ္စဂ္ဂဒါယကာဟု နာမ ကျော်ကြား ဒိုပုဏ္ဏား၊ အဂ္ဂံပိ၊ အဦး အဖျား သည်လည်း။ မယှံ၊ သုံးလူ ထွဋ်ထား၊ငါဘုရားကြီးအား။အနုစ္ဆဝိကံဧဝ၊ လျော်ကန်သင့်မြတ်လျောက် ပတ်သည်သာလျှင်တည်း။ မဇ္ဈေ၊ အလယ်၌။ ဘိန္ဒိတွာ၊ ခွဲယူ၍။ အဇ္ဈဘုတ္တ ဘတ္တံပိ၊ ထက်ဝက်ထမင်း စားကြွင်းသည်ရင်း။ စရိမကဘတ္တပိဏ္ဍာပိ၊ အဆုံးစွန် စားကြွင်း ထမင်းဆုပ်သည်ရင်း။ မယှံ၊ ငါဘုရားအား။ အနုစ္ဆဝိ ကောဧဝ၊ လျော်ကန်သင့်မြတ်လျောက်ပတ်သည်သာလျှင်တည်း။ ဟိ၊ ထို စကားသင့်စွ။ဗြာဟ္မဏ၊ပုဏ္ဏားကြီး။မယံ၊ အလှူခံစား ငါးဘုရားတို့သည်။ ပရဒတ္တူပဇီဝိပေတသဒိသာ၊ သူတပါးတို့ကို မှီကပ်ကာ အသက်မွေးရရှာ သော ပြိတ္တာတွေနှင့်တူကြလေကုန်၏။ ။ဟု ဟောတော်မူပြီးမှ၊ကဿပ ဘုရားလက်ထက်တော်က နမောဗုဒ္ဓါယ ဟူသော စကားသံကိုမျှ ကြားဘူးခဲ့ကြ သော ပါရမီအကျိုးဆက်ကြောင့်၊ နာမ်ရုပ်များကို ဝိပဿနာပွါးဘို့ ဟော ကြားလိုက်က၊ ပုဏ္ဏားလင်မယား နှစ်ဦးသားလုံးပင် နာမ်ရုပ်ကို ထင်မြင် ချက်က ဝိပဿနာသို့ ဆက်လက်ကြ၍၊အနာဂါမ်ချည်းဖြစ်ကြ၏ဟု-ဓမ္မပဒ အဋ္ဌကထာမှာ ဘုရားကိုယ်တော်တိုင်ဟောကြားတော်မူပါသည်ကို၊ကြား သိရသည့် အလှူခံတို့ကလည်း၊အဦး-အကြွင်းအတွက်နှင့် စိတ်မပျက်ငြား ဘဲ ပြိတ္တာတို့အလား မိမိကိုယ်ကို အောက်တန်းထဲကထားတော်မူကြ၍၊ကြုံ တွေ့သမျှသော အလှူကို သန္တုဋ္ဌိသဘောနှင့် ခံယူ သုံးဆောင်တော်မူကြ ရာ၏။ ပေးလှူကြသူတို့ကလည်း၊အဦး-အမြတ် ရမှဟု စောင့်ဆိုင်းခြင်းကို

မပြုကြဘဲ၊ ငါတို့၏ အတွင်းသား နာမ်ရုပ်များက မည်သူ့စကားကိုမျှ နား မထောင်ကြားဘဲ၊အဆုံးစွန် ပျက်ပြားသော အချက်များသို့၊ တပြေးထဲ ပြေး လွှား၍သွားနေကြရမှုတို့ကို ရှုကာရှုကာအကြောင်းညီညွတ်သမျှအလှူဒါန ကိုသာ ဒိ–နာ–သေရေး၊ဘေးကလွတ်မှု၊ဆုကိုငင်း တောင်း၍ပြုကြရာ၏။

ဝိပဿနာနှင့်တွဲကာ ဒါနကိုပြုလိုပါမူ၊ငင်းအလှူဝတ္ထုတို့ကို ယူဆောင် သွားလာရာ၊ ချီးမြှောက်ကပ်ဆက်ရာတို့မှာ၊ ငြိမ်သက်နေသော ထောက် ကန့်ဝါယော အပြည့်ရှိသည့် အလှူဝတ္ထုကြီး ဆောင်ယူရာ ရှေ့ဘက်သို့၊ အမှုအရာအသစ် လှုပ်ရှားသော ဝါယောနှင့်တကွ ရုပ်သစ်တွေဖြစ်ကြ၍၊ တက်တက်သွားသမျှ နောက်ဘက်က အမှုအရာဟောင်း,ရုပ်ဟောင်းတွေ အကုန်လုံးပျက်ပျောက်,အနိစ္စရောက်၍ ရောက်၍ လိုက်မှုနှင့်၊ဝိပဿနာရှု၍ လှူကြပါလေ။ ငြိမ်သက်စွာ ချထားသော အလှူဝတ္ထု အလှူခံ, အလှူ ပေးသူများကို ဝိပဿနာရှုစားလိုသေးမူ၊ နေ့အခါ ပေးလှူရာတို့မှာ၊ ငင်း အလှူ ဝတ္ထု, အလှူခံ, အလှူပေးသူတို့ အတွင်းသားတို့နှင့် အပြည့်တို့မှာ၊ များသောအားဖြင့် ပူရုပ်–ပူသိနာမ်တွေ အဆင့်ဆင့်တက်တက်သွားသမျှ၊ ဧးရုပ်–ဧးသိနာမ်တွေကလည်း အဆင့်ဆင့် ပျက်စီး၍လိုက်မှု အနိစ္စကိုရှု၍ ငင်း၊ ညဥ့်အခါ ပေးလှူရာတို့မှာလည်း၊ ငင်းအလှူဝတ္ထု,အလှူခံ,အလှူပေး သူတို့ အတွင်းသားတို့နှင့် အပြည့်တို့မှာ၊ များသောအားဖြင့် ဧးရုပ်–ဧးသိ နာမ်တွေ အဆင့်ဆင့် တက်တက်သွားသမျှ၊ ပူရုပ်-ပူသိနာမ်တွေကလည်း အဆင့်ဆင့်ပျက်စီး၍ လိုက်မှု အနိစ္စကိုရှု၍ငင်း၊ ပေးလှူဖြစ်အောင် ရေ မီး ပန်းစသည်တို့မှာ နေ့စဉ်ဗိမိတ္တိုပိတ်ကို လေ့လာ၍လည်း ပေးလှူကြပါလေ။ လွယ်သည်ဟု မမှတ်နှင့်။ ပေးလှူရာကျတော့မှ အလွန်ပင် မေ့တတ်လှ၊ အမှတ်တမဲ့ လှူတတ်လှသည်များကို အထူးသတိထားကြကာ အကြောင်း ညီညွတ်ရာ ဒါနနှင့် စင်ထားများကို ဝိပဿနာ ပွါးလိုက်ကြက၊ ဤဘဝ တွင်ပင် မဂ်ဖိုလ်ပေါက်ရောက်ထင်မြင်နိုင်ကြဘို့တောင် ရှိလှကြောင်းကို သိကြပါလေ၊ သူတော်ကောင်းတွေတို့။ ဤဿာနဝိညာဏခေတ်၌လည်း၊ ဘင်ဉာဏ်ကို အမြန်ဆိုက်က မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအလုပ်လည်း ပြီးစီး၏ဟူ၍မှတ်ပါ။အထက်ဉာဏ်ကြီးတွေသို့ တက်ရန်မှာလည်း နောက် မှ ဟောကြားရာ၏ဟု သိကြပါလေ ဝိပဿနာအလုပ် ဆရာတွေတို့။]

နံ့သိ ဿာနဝိညာဏခေတ်–ဤတွင်အပြီးသတ်။

## (၃၇) လျက်သိပေါက်က ဘင်ဥာဏ်ကျအောင် ဝိပဿနာ အလုပ်ပေးစဉ်ကြီး

လျက်သိ ဗိုဓိဝိညာဏခေတ်၌လည်း၊ ပါဠိခေါ် **ဇိဝှါဝိညာဏဓာတ်**၊ မြန်မာခေါ် **လျှာ, သိသဘော**။ဝါ၊ **လျက် သိသဘော**။ ဤပါဠိ-မြန်မာ ၂-ဘာသာတို့သည်၊ ဘယ်ဟာမှ အဘိဓမ္မာ တရားအစစ်မဖြစ်၊ စကား ပညတ်မျှဖြစ်၏။ဤ ၂-ဘာသာစကားတို့က ဟောကြားပြောဆိုအပ်သော ပရမတ်တရားအစစ်ကား၊ လျှာရှိသော သတ္တဝါတိုင်းတို့၏ လျှာအကြည်ဓာတ်အပေါ်က၊ ထိခိုက်လာကြသော၊ထိုထို အရသာတို့ကို စားကြသည့် **လျှာသိ-ဝါ-လျက်သိ**လုံးကလေးတို့ပင်တည်းဟု သဒ္ဒါပညတ် ၂-ပါးနှင့် အနက်ပရမတ်တရားတို့ကို၊ခြားနား၍ သိရှိကြပြီးနောက်၊ဝိပဿနာအလုပ်ပေါက်အောင် အားထုတ်လိုကြပါမူ၊ပါဠိခေါ် (ဝိဇ္ဇာဝိသုဒ္ဓိဖြစ်အောင်လုပ်၊) မြန်မာခေါ် (အမှားစင်ကြယ်အောင် လုပ်ရမည်) ဟု သိရာ၏။

အမှားစင်ကြယ်အောင် ဘယ့်နှယ်လုပ်ရမည်နည်း။ ( မေး )
အမှန်သိအောင်လုပ်။ ( ဖြေ )
ဘာမှန်ကို သိအောင်လုပ်ရမည်နည်း။ ( မေး )
ပရမတ်မှန်,ပညတ်မှန်တို့ကို သိအောင်လုပ်။ ( ဖြေ )

၎င်း ပရမတ်မှန်ဆိုတာ သူ,ငါတို့ မသိနိုင်တာမျိုး မဟုတ်ပါ၊ ထိုထို သတ္တဝါတွေ၊ မိမိတို့လျှာတွေနှင့်၊ နေ့စဉ်အသုံးကျ အသုံးချ နေကြသော (လျှာသိ။ဝါ၊ လျက်သိ)လုံးတို့ပင်တည်း။ ၎င်း လျက်သိလုံးတို့၏ သန္တတိပျက်အစ-အဆုံးနယ်တို့ကား၊ ထိုထိုအရသာတို့ကို လျှာပေါ်သို့တင်မှုကား၊ **လျက်သိအစ**၊မျိုချလိုက်မှုကား၊**လျက်သိအဆုံး**ဟုသိပါ၊ တလုပ်စားသည့် အတွင်းမှာပင် လျှာသိလုံးတွေ အသစ်အသစ် ပြောင်းလျှင်၊ အဟောင်း အဟောင်းတွေ ပျက်လိုက်နေကြရာ၊ ထင်ရှားသော အချက်ကိုသာ ရှာ၍လည်း၊ လျှာသိ ပရမတ်စစ်တို့၏ အစ-အဆုံးနယ်ကို သိကြပါလေ။ ။ ပညတ်မှန်ကိုသိပြန်ကြရာ၌ကလည်း ရှေ့စက္ခုကအကျယ်ပြတိုင်း၊ ထိုထို ပရမတ်စုကြီး အသီးအသီးတို့၏ အပေါ်ရံကြောက တည်ရှိကြသော ကလာပ်သဘောချင်း စပ်ဟပ်ကြကာ မျက်လှည့်ရုပ်ဥပမာဖြင့် ပေါ်လွင်ထင်ရှားကာ ရှိနေသော ငါကောင်မ- ငါကောင်ထီးစသော ပညတ်ကောင်ကြီးတို့၏ အစ- အဆုံးနယ်တို့ကား၊ မွေးဖွားတာအစ သေရာကျတော့ အဆုံးဟု ပညတ်မှန်တို့၏နယ်ကိုလည်း သိရှိကြပြီးမှ၊၎င်းပရမတ်,

ပညတ်တို့ **တနုကတနုဘို** မဖြစ်ကြပုံကား၊လျက်သိပရမတ်က ငါကောင်မ ငါကောင်ထီးစသည့် ပညတ်တို့ဖြစ်ကြပါမူ၊ ရှေးရှေးက လျက်သိလုံးတွေ၊ ငါကောင် စသည်တို့ တည်နေသလောက်၊ တသက်လုံးပင် တည်နေရမည်။ ဤသို့လည်း မတည်ကြသည့်အတွက် ငါကောင်မ- စသည်ပညတ် လည်းမဖြစ်လေ။ တထွေကနည်းမှာ၊ ငါကောင်မ စသည့် ပညတ်တို့က လည်း၊ လျက်သိ ပရမတ်အစစ်ဖြစ်ပါမူ၊ ထိုထိုအရသာတို့ကို စားကြရာ ထမင်းပွဲမှာပင်၊ ထမင်းတလုပ် တလုပ်က **သျှားသီသုံးတို့** သေဆုံးချုပ် ပျောက် အနိစ္စအရောက်နှင့်ဘွဲ၍ ငါကောင်မ စသည်တို့ကလည်း၊ဖုန်းက နဲ- ဖုန်းကနဲလဲ၍ သေသေ လိုက်ရမည်။ ဤသို့လည်း မသေကြသည့် အတွက် လျက်သိ- ပရမတ်အစစ် မဖြစ်နိုင်လေသည်တို့ကို တပ်တပ်- ထင်ထင် သိမြင်ကြရသဖြင့် **ဖျက်သိ** ပရမတ် အစစ်တွေကိုလည်း၊ ငါ ကောင်မ- ငါကောင်ထီး စသော ပညတ်အစစ်တို့ အထဲက အသီးအခြား ထုတ်နှုတ်ထား၍၊လျက်သိ-ပရမတ်အတိုင်း **ပရမတ်မှန်ကိုသိ**၊ငါကောင်မ ငါကောင်ထီးစသော ပညတ်အစစ်တွေကလည်း၊ အတွင်းသား ပရမတ် စစ်တို့နယ်ထဲက ထင်ရှားရှိနေကြသော ရုပ်-နာမ်တို့နှင့် မရော မရှက် ကြဘဲ၊ သမ္မုတိသစ္စာနယ်ထဲက အကောင်အထည်ဖြိမ် ပညတ်တို့ သက် သက်အတိုင်းသာဟု **ပညတ်မှန်ကိုသင်**ကြပါ၍၊ပရမတ်နယ်ထဲကထင်ရှားရှိ နေကြပါသော (လျက်သိ) ပရမတ်တွေကို ငါလျက်တယ်။ သူလျက်တယ် စသည်ဖြင့် ပညတ်တွေကလျက်နေကြတဲ့ အနေနှင့် မှားကြသည့် **ပရမတ် မှား- သဏ္ဍာနဒိဋ္ဌိ**တွေမှ၊ အရူအသည်းထဲကပါ လှိုက်လှိုက်- လှဲလှဲကြီး၊ တကတဲ အဟုတ်ဘဲ၊ စင်ကြယ်ကြရမှုအလုပ်ကြီး၊ အဟုတ်ပြီးစီးကြလေ သောကြောင့်၊မြန်မာခေါ်**အမြင်စင်ကြယ်**။ဝါ၊**အမှားစင်ကြယ်**မှု၊ ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ**တို့ ငါတို့တတွေမှာ အဟုတ်ပြီးစီးပေပြီဟု ဝမ်းမြောက်ကြပါ လေ ယောဂီမြတ်တွေတို့။

ဒိဋ္ဌိဝိသုဒ္ဓိ ပေါ်ရောက်ပြီးနောက်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ထမြောက်ကြ ရန် ကျင့်ကြံကြဘို့ကား တခြားမဟုတ်ပါ။ ပါဠိခေါ်**ကင်္ခါဝိတရဏဝိသုဒ္ဓိ**၊ မြန်မာခေါ် **ယုံမှားခြင်းစင်ကြယ်သော ဉာဏ်တည်း**။၎င်းဉာဏ်ကို ဝိသုဒ္ဓိ မဂ်က အကြောင်းကိုသိမ်းဆည်းသည့် **ပစ္စယ ပရိဂ္ဂဟဉာဏ်**ဟု-မိန့်ဆိုပြန် သည်နှင့်အညီ၊ ထို (လျက်သိ) ပရမတ်စစ်တို့ ဖြစ်ဖြစ်သမျှတို့သည်၊ လျှာ အကြည်နှင့် အရသာ ၂-ပါးတို့ကြောင့် ဖြစ်ကြရကြောင်းကို၊ သံယုတ် ပါဠိတော်၌။ **။ဓိတ္ထ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။** ။ဇိဝှဉ္စ၊

လျှာအကြည်ဟု ဆိုအပ်သော ဇိဝှါပသာဒကိုင်း။ ရသေစ၊ အရသာဟု ဆိုအပ်သော ရသာရုံတို့ကိုင်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ ဇိဝှါ ဝိညာဏံ၊ လျက်သိဟု ဆိုအပ်သော ဇိဝှါဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ် ပေါ်လာ၏။ ။ဤသို့မိန့်ရှိတော်မူတိုင်း ကောင်းမြတ်သည်ကိုင်း ယုတ် ညံ့သည်ကိုင်း၊ လျှာနှင့်လျက်သိနေကြသည့် အဘိဓမ္မာပရမတ်**ဇိဝှါဝိညာ ဏခေတ်**အစစ်တို့ကား၊ ထာဝရ ဘုရား သိကြား-ဗြဟ္မာ-ဒေဝါ-ဗိဿနိုး အမျိုးမျိုးတို့က ဖန်ဆင်းကြလို့ ဖြစ်ရသည် မဟုတ်၊ မီးခတ်နှင့် မီးခတ် ကျောက်တို့ တိုက်ခိုက်မိကြသော အခါမှသာ၊ အာဂန္တုက မီးပွင့်ငယ် ဖြစ်ပေါ်လာသကဲ့သို့၊ လျှာအကြည်ခေတ် ပရမတ်နှင့်၊ထိုထို အစာအာဟာ ရတို့၏ အရသာ ခေတ်ပရမတ်တို့ တိုက်ခိုက် ပေါင်းဆုံမှု အကြောင်းစု ကြောင့် အာဂန္တုက တခဏမျှ(လျက်သိ)ပရမတ် အကျိုးခေတ်တွေ ဖြစ် ပေါ်လေ၏ဟု—မိမိတို့ ဉာဏ်မှာ ရှင်းလင်းစွာထင်မြင်ပါမူ၊ အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်**တရပ်၊ ဤ ဇိဝှါဝိညာဏခေတ်၌ ပြီးစီး၍၊ ကင်္ခါဝိတရဏဝိသုဒ္ဓိကြီးအလုပ် အဟုတ်ထမြောက်ပြီးစီး၏ ဟူ၍ မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤလျက်သိ ဇိဝှါဝိညာဏခေတ်၌၊ ရှေ့ကပြခဲ့တိုင်း ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါ ဝိတရဏဝိသုဒ္ဓိ ၂-ပါးတို့ ထင်ရှားပေါက်ရောက်သူ ယောဂီဖြူတို့မှာ၊ ဝိပဿနာ ဉာဏ်ဆယ်ဖြာတို့တွင်၊ အရင်းအစ သမ္မသနဉာဏ်ထင်မြင်ကြ ရန် ကျင့်စဉ်-အားထုတ်စဉ်တို့ကား၊ **လျှာသိ- ဇိဝှါဝိညာဏခေတ်သို့ကို** ဝိပဿနာရှုလိုကြရာ၊ မိမိတို့ အိမ်, ကျောင်းမှာ ပြဋ္ဌာန်းသော သူဖြစ်ပါမူ၊ ပုတီးကိုဖြစ်စေ၊ မန်ကျည်းစေ့- ကျောက်စရစ်ခဲစသည် တခုခုတို့ကို ဖြစ် စေ ကိုင်ယူထားပြီးလျှင်၊ အယုတ်ဆုံး ထမင်းတလုပ်တလုပ်မှာ လျှာသိ ပျက်၊ တချက်တချက်စီ ထင်မြင်အောင်စား၍၊ ပုတီး, ကျောက်စရစ်တို့ တစေ့တစေ့စီ အမှတ်ပြုကာ စားမည် သောက်မည်ဟဲ့ဟု မြဲမြဲစွာ မိမိတို့ စိတ်ကို အဓိဋ္ဌာန်ပါ၍၊လျှာအတွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ ခံစားရာ တို့၌ လျှာပေါ်မှာထင်ရှားဖြစ်ပေါ်လာသော လျှာသိလုံးတွေဟာ၊အယုတ် ဆုံး အလုပ်တိုင်း- အလုပ်တိုင်းတို့ အမျိုလိုက်တိုင်းတို့၌၊ လျှာပေါ်မှာ ပျက်ပျက်–ပျောက်ပျောက် သေသေလိုက်မှု **အနိစ္စ**စုတို့သာတည်းဟု–ယခု ပစ္စုပ္ပန်ပျက်နှင့်တကွ အတိတ်,အနာဂတ်တို့၌ ဖြစ်ဖြစ်သမျှသော လျှာသိ လုံး အပျက်သာမည်တို့ကို အခါခါသုံးသင်၍ ဆုံးဖြတ်သော ဉာဏ်သည် **သမ္မသနဉာဏ်** မည်၏ဟု သိရှိကြပြီးလျှင်၊ ထိုနည်းတူစွာ ထမင်း, ဟင်း

စသော စားဘွယ်တို့ကို စားတိုင်းတို့မှာ ၎င်း၊ မုံ့သစ်သီးစသော ခဲဘွယ်တို့ကို ခဲစားတိုင်းတို့မှာ၎င်း၊ ပျားတင်လဲစသော လျက်ဘွယ်တို့ကို လျက်တိုင်းတို့မှာ၎င်း၊ ယာဂု, အဖျော်စသော သောက်ဘွယ်တို့ကို သောက်တိုင်းတို့မှာ၎င်း၊ ထိုထိုဝတ္ထုတို့ကို အမျိုးလိုက်တိုင်း အမျိုးလိုက်တိုင်းတို့၌၊ လျှာပေါ်မှာ လျှာသိ လုံးတွေ။ ဝါ၊ ချိုသိ လုံး, ချဉ်သိ လုံး, ဖန်သိ လုံး, ငန်သိလုံး, ခါးသိလုံး, စပ်သိလုံး, ဆိမ့်သိလုံးတွေ ပျက်ပျက် – ပျောက်ပျောက်–သေသေလိုက်မှ **အနိစ္စ**စုတို့သာတည်းဟု အစ အလုပ်က အဆုံး အလုပ်ကျအောင် သတိသမ္ပဇဉ် အမြဲယှဉ်ကာ လျှာသိပျက်လုံးတွေကို အခါခါ သုံးသပ်၍ ဆုံးဖြတ်သောဉာဏ်တို့ ရင့်သန်ပါမူ၊ **သမ္မသနဉာဏ်**ကိုပိုင်နိုင်ပြန်၏ဟု မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤသမ္မသနဉာဏ် ထက်သန်အားရှိသူ ယောဂီပြုတို့အတွက်၊ အထက် ဥဒယဗ္ဗယဉာဏ်ဘက်သို့ ကူးတက်ဘို့ရာ၊ လျှာသိ **ဥဒယဗ္ဗယအနိစ္စ**တရား အစစ်ကြီးတွေဟာ ဘုရားစကား ကျမ်းဂန်များတို့အထဲမှာ နဲနဲကလေးမျှ ကြွင်းမရှိကြ၊ မြို့ပြ ပြည်ရွာ အိမ်ဘကာ တိုင်းတို့မှာ၊ သူ-ငါဘို့အတွင်း၌သာ ဖြစ်ပျက်ခြင်း သဘောအစစ်တွေ ကြွင်းဖြစ်ထွန်းလျက် ရှိနေကြသည်ကို ရှုကြည့်လိုကြပါမူ၊ ယခင်ရှေ့ကပြခဲ့တိုင်း စားသောက်ကြသော အခါ၊ လျှာအတွင်းသို့ ဉာဏ်သွင်းပါလျက် ထမင်းလုပ်စသည် အာဟာရ တခုခုကို ယခုချက်ခြင်းခံတွင်းသို့ သွင်းတိုင်း သွင်းတိုင်းတို့မှာ ပစ္စုပ္ပန် လျှာသိအစ **ဥဒယ**၊အယုတ်ဆုံးမျိုး၍ အချတိုင်းတို့မှာ လျှာသိအဆုံး ဝယ တို့ကို ထင်မြင် ပေါက်ရောက် ကြအောင် ရှုကြည့်ကြပြီးမှ၊ မုံ့သစ်သီး စသော ခဲဘွယ်တို့ကို ခဲစားမှုအလုပ်တိုင်းတို့မှာလည်း၊ပစ္စုပ္ပန်လျှာသိအစ (ဥဒယ)၊ အဆုံး (ဝယ) တို့ကို၎င်း၊ ပျားတင်လဲစသော လျက်ဘွယ်တို့ကို လျက်တိုင်းတို့မှာလည်း ပစ္စုပ္ပန်လျှာသိအစ (ဥဒယ)၊ အဆုံး (ဝယ) တို့ကို ၎င်း၊ ယာဂု, အဖျော်စသော သောက်ဘွယ်တို့ကို သောက်တိုင်းတို့မှာ လည်း ပစ္စုပ္ပန်လျှာသိအစ (ဥဒယ)၊ အဆုံး(ဝယ) တို့ကို၎င်း မကြာမကြာ အခါခါ ရှုကြည့်လိုက်ကြပါမူ၊ လွယ်လင့်တကူနှင့်ပင် ထင်မြင်ပေါက် ရောက်နိုင်ကြကုန်ရာ၏။ဤသို့ အထူးဂရုပိုက်ကာ ရှုကြည့်ကြပါ၍ လျှာသိ တိုင်းတို့၏ အစ (ဥဒယ)၊ အဆုံး (ဝယ) တို့ကို သိမှတ်ပိုင်နိုင်လာပါမူ၊ **ဥဒယဗ္ဗယဉာဏ်**ပိုင်နိုင်ပြန်ပြီးဟု မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤဥဒယဗ္ဗယဉာဏ် အမြင်သန်၍၊ **ဘင်္ဂဉာဏ်ထင်မြင်ကြ**ရန် ရှုကြည့် ရမုံ့ကား၊မိမိတို့စားသောက်ကြတိုင်းတို့မှာ လျှာသိတို့အစ(ဥဒယ)၊အဆုံး

(ဝယ) တို့ကို ရှုကြည့်ကြသောအခါ၊ လျှာသိလုံးဖြစ်ပျက်တွေ စိပ်စိပ်လာအောင်၊ ထမင်းစသည်တို့ လျှာပေါ် ရောက်စ ဖြစ်ပျက်မှု၊ အလယ်အခါ ဖြစ်ပျက်မှု၊ အဆုံးအခါ ဖြစ်ပျက်မှုများကိုဖြစ်စေ၊ တနည်း၊ ထမင်းလုပ်စသည်တို့ကို ဝါးတိုင်း, ဝါးတိုင်းတို့မှာ လျှာသိအမျိုးမျိုး ပြောင်းချက်တိုင်းတို့၏ ဖြစ်ပျက်မှုများကိုဖြစ်စေ၊မကြာမကြာအခါခါ ရှုကြည့်ကြကုန်ရာ၏။ဤသို့ရှုကြည့်၍ မိပ်လွန်းမက လျှာသိလုံး ဖြစ်ပျက်တွေ မိပ်မိပ်လာကြလျှက်၊လျှာသိလုံးတို့အစ (ဥဒယ) အချက်ကို မထင်မြင်ကြဘဲ၊ အပျက်(ဝယ) အချက်တို့ကိုသာ ဉာဏ်မှာစွဲမြဲပါ၍၊ ဝါးတိုင်း, ဝါးတိုင်းတို့မှာ တမျိုးတမျိုးတို့ ပြောင်းပြောင်း ပျက်ပျက် - ပျောက်ပျောက် လိုက်နေကြသည်ကိုသာ ရှုနိုင်-ထင်မြင်နိုင်ကြပါမူ၊ ဘင်္ဂဉာဏ်ပိုင်နိုင်ပြန်ပြီးဟု မှတ်ကြပါလေ ယောဂီမြတ်တွေတို့။ ဤဘင်္ဂဉာဏ်က အထက် အထက်ဉာဏ်ကြီးတို့ကား လွယ်ကူ သွားနိုင်ကြပေလိမ့်သတည်း။ ။ဤဒီဃါပေါက်က ဝိပဿနာ အလုပ်ကို အားထုတ်လိုကြသူ အများတို့ အထူးသတိ ထားရန်ကား၊ပါးစပ်တွင်းသို့ စားသောက်ဘွယ် ထည့်သွင်းပြီးနောက်၊ တခြားသို့ မရောက်စေဘဲ၊ လျှာအတွင်းထဲသို့သာ ဉာဏ်သွင်းကာ သွင်းကာ လျှာသိလုံးတွေ ဘယ်လိုဖြစ်ပျက်ပြောင်းလဲနေသည်ဟု ရှုကာ ရှုကာ ပဌမအလုပ်မျိုပြီးခါမှ၊ ဒုတိယစသည့်အလုပ်များကို စားသောက်ရန် ကြည့်ရှုကြ၊ ကြံစည်ကြ၊ နှိက်ယူကြကာ အလုပ်တိုင်း အလုပ်တိုင်းတို့မှာ ဝိပဿနာနှင့် စားသောက်ကြပါလေ။ အကောင်းများကို လောဘ ရှေ့ထား၍ စားခြင်း၊ အညံ့အဖျင်းများကို ဒေါသ ရှေ့ထား၍စားခြင်း၊ မညံ့မကောင်း ငြား အလတ်စားကို လောဘ, ဒေါသမဖက် ဥဒ္ဓစ္စဝိတက်တို့နှင့် စားခြင်းများကို မဖြစ်စေဘဲ၊ ဝိပဿနာနှင့် တွဲ၍သာ စားသောက်ကြပါလေ။

## (၃၈) စားသိပေါက်က ဘုရားအလိုတော်ကျ ကျင့်ကြရပုံ၊ အသားဟင်း,ဆားဟင်း ၂-ပါးခုံတို့ ဖြောင့်ဖြောင့် ကျင့်သွားကြရပုံနှင့်၊ကျွဲ,နွားအသားရှောင်ရှားရပုံ

ဤ လျှာသိပေါက်က ကိလေသာမီးကြီး တောက်ကြပုံကား။ ။ကြွင်းခွါရငါးပေါက်တို့က ကာမဂုဏ်များကို မလိုက်စားကြဘဲ သည်းခံကြပြီးလျှင်၊ တော်လျော်ရုံနေကြ၍ သေမသွားကြရကုန်။ ဤ လျှာသိပေါက်က မူကား၊ ဘိုတ်မစားဘဲ ရှောင်လွှဲနေမူ၊ သေရေးချ သေကြရဘို့သာ ရှိနေ

ကြရသောကြောင့်၊ အစားအစာတို့ကို စားကြပြန်ရာမှာလည်း၊ မိမိတို့ မကြိုက်ထာကိုလည်း မစားချင်၊ ၎င်းမကြိုက်ထာကိုပင် ဇွတ်အတင်း စားပြန်လျှင်လည်း၊ကောင်းကောင်းမဝင်သည့်အချက်နှင့်ကြိုက်ထာကိုမှ စားမိကြပြန်သည့်အတွက်၊အလွန်နှစ်သက်မှုတဏှာကြီးတွေ အဖိစီးအနှိပ်စက်ခံနေကြရသည့် ဘုရားသားတော်,သမီးတော်များကို အလွန့်အလွန် အမင်းကြီး ကရုဏာတော် ရှေ့ထားသဖြင့်၊ အလွန်တရာ လိမ်မာလှပါသော ဆေးဆရာကြီးသည်၊ တွေ့ကရများကို မစားနိုင်။မိမိတို့လျှာမှာ တွေ့သော အစာကိုသာ စားလိုသော ဆန္ဒရှိနေကြသော လူမမာတို့ကို မဘဲ့ဘယ်လို့ မကျွေးဘဲ ထားလိုက်က၊ သေကြရုံသာ ရှိကြမှာကြောင့်၊ ကဲကဲ မင်းတို့ ကြိုက်သော အစာကိုလည်း ကျွေးမယ်။ ၎င်းကြိုက်သည့်အစာကို စားပြီး စားဆဲ အခါထဲမှာ၊ငါဆရာ၏ အညွှန်ခံ-အစားမှား,ပျောက်သည့် ဆေးကလေးများကိုလည်း စားရလိမ့်မည်ဟုဆိုမှ၊ ၎င်းလူမမာ ရှိသမျှတို့က အားတက်ကြ၍၊ စားပါမည် ဝန်ခံလျက် စားချင်တာကို ဝစွာစားရ၍၊ ခွန်အားလည်းပြည့်၊ ဆရာ့ဆေးကို စားကြ၍ ရောဂါများလည်း ပျောက်ရကြသည့်ပမာလို၊ ကိလေသာ အနာရောဂါ စွဲကပ်နေကြပါသော ဘုရားသားတော်, သမီးတော်များအား မင်းတို့စားလို့ ဝင်မည့် စားချင်သည့် ဝိနည်း အပြစ်ကင်းသော အသားဟင်း, ဆားဟင်း စသည်များကိုလည်း စားကြ။ ငါဟောကြားသည့် ဆေးဝါးပမာ ဝိဇ္ဇာပါတ ပစ္စဝေက္ခဏာတရား, ဓာတု ပစ္စဝေက္ခဏာတရား, ပဋိကူလ ပစ္စဝေက္ခဏာတရား,အာဟာရေ ပဋိကူလသညာ တရားကြီးများကိုလည်း အထူးဆင်ခြင်သော အားဖြင့် စားကြဟု ဇိဝှါပေါက်က တံခါးစောင့် အလား၊ ကုစားဘို့ ဆေးဝါးကြီးများကို ဟောကြားတော်မူအပ်ပေသတည်း။၍ပစ္စဝေက္ခဏာ သုံးပါး ပဋိကူလသညာတရားတို့ကား၊၎င်းရသတဏှာ အနာရောဂါများကို ကုစားနိုင်သော သမာဓိနယ်သား ဆေးဝါးတို့သာတည်း။ လျှာ သိပျက် အနိစ္စတို့ကား၊ယခုချက်ခြင်း လက်ငင်း မဂ်,ဖိုလ်ကိုရနိုင်သော ဝိပဿနာနယ်သား ဆေးဝါးတို့သာတည်း။ ထိုစကားမှန်၏။ သီဟိုဠ်ကျွန်းများမှာ ရွာတွင်း စသည်တို့၌ ဆွမ်းစားကျောင်း ဆောက်ထားကြကုန်၏။ ထိုကျောင်းတို့မှာ အရှင်မြတ်များဆွမ်းကိုစားရင်း ရှေးကပြခဲ့သောဝိပဿနာနှလုံးသွင်းတို့ကြောင့် မဂ်,ဖိုလ်ဘုရားများကို ရလိုက်ကြတာ၊ ထိုဆွမ်းစားကျောင်းအပေါ်တို့မှာ မည်သည့်နေရာကလေးတခုဟာ မဂ်,ဖိုလ်ကိုမရဘူးကြသည့်နေရာဘဲဟု ပြစရာပင် မထင်မြင်ရအောင်၊ယခုစားဆဲ ချက်ခြင်း

လက်ငင်း၊ မဂ်,ဖိုလ်ရနိုင်သော ဝိပဿနာတရား အစစ်ကြီးများပင်တည်းဟု ယုံယုံကြည်ကြည် စိတ်ထားနှင့်၊ ဆေးဝါးကုသသော အလား၊ စားသောက်တိုင်းများမှာ ရှုစားကြကုန်ရာသတည်း။ ရှုစားကြပါလေ။

[အထူးသတိထားရန်ကား၊ ဤလောက၌ လူဆိုးများ၊ ရထားသင်္ဘောပေါ် ပါသွားသည်ကို သိသူတို့က ဆိုင်ရာဌာနကို ကြေးနန်းရိုက်လိုက်ကြမှု၊ အဆင်းကစောင့်၍ ဖမ်းဆီးနိုင်ကြသလို၊ မိမိတို့ ကြိုက်တတ်သော အစာ၊ အလွန် ကောင်းမြတ်သော အစားအာဟာရတို့ကို စားသောကြသော အခါ၊ အလုပ်တိုင်း အလုပ်တိုင်းတို့မှာ၊ တိုက်ခိုက် ဖျက်ဆီးတတ်သော ရသာရုံ ကောင်း၊ ထားပြ အပေါင်းတွေ ပါလာလေသည်ဟု- သတိတည်းဟူသော ကြေးနန်းရိုက်ကာ ရိုက်ကာ စားသောက် ကြပါမှု၊ ထမင်းလုပ်သွင်းစမှာပင် ၎င်းအရသာ ကောင်း၊ ထားပြ အပေါင်း တို့ကို ဝိပဿနာ ပညာသန်လျက်နှင့် ခုတ်ဖျက် အောင်မြင် နိုင်ကြရန် အချက်ကောင်းကြီးများကို အထူးသတိထားကြကာ ကြေးနန်းကို ရိုက်ပါ၍ စားသောက်တော် မူကြပါစေသတည်း။]

ဤသည်တို့ကား၊ဝိနည်းကံစသည်တို့နှင့်အပြစ်လွတ်ကင်းသော အသားဟင်း, ဆားဟင်းစသော အစာအာဟာရများကို မိမိတို့အလိုရှိသလောက် စားသောက်ကြသော အခါတိုင်းတို့မှာ၊ ပစ္စဝေက္ခဏာ သမထအစားစား ဝိပဿနာ အလုပ်များနှင့်၊ဘုရားအလိုတော်ကျ ရသာတဏှာ စသည်တို့ကို နှိပ်နင်းကြဖို့၊ အပြစ်လည်းကင်းငြား နိဗ္ဗာန်ပေါက် အရိုးခံတရားကြီးတို့ ပေးတည်း။ထို့ထက်ကျူး၍ အထူးအရိုးခံ ကျင့်လိုကြပြန်သေးမူ၊ကျင့်လိုသူများနှင့်လျော်ကန်ရာ ဆွမ်းနှင့် စပ်လာသော ဓုတင် ငါးရပ်တို့တွင်၊ အလိုရှိရာ ဓုတင်တွေလည်း ပါအောင် အားထုတ်ကြကုန်ရာ၏။ တဖန် ထို့ထက်ကျူး၍ အထူးအရိုးခံ ကျင့်လိုကြပြန်သေးမူ၊ မိမိ-မိမိတို့မှာ ဌာန,ကာလ, ဒေသ အားလျော်စွာ ရရှိလာကြသော ချို,ချဉ်,စပ်,ခါး၊ ဝိနည်းကံစသည်တို့နှင့် လျော်ကန်သော အသားဟင်း,ဆားဟင်းစသော အစာအာဟာရများကို ဓုတင် အစားစားနှင့်လည်း ကျင့်ကြသည့်ပြင်၊ရသင့်သမျှနှင့်သာ တင်းတိမ်ရောင့်ရဲခြင်း **သန္တုဋ္ဌိနှလုံးသွင်း**၍ ကောင်းသည့် ဟင်းကိုရမှု၊ မကောင်းသည့်ဟင်းကိုရမှု၊ အသားဟင်းကိုရမှု၊အသားကင်းသော ဟင်းကိုရမှု၊ သစ်သီးဆွမ်းကိုရမှု၊ သစ်ရွက်ပြုတ် ဆွမ်းကိုရမှုဟု– တောင့်တ-ရှာဖွေခြက်ပြုတ်, အားထုတ်ကြစေခြင်း၊ ငဲ့မြော်တောင့်တ ခြင်းတို့မှ ကင်း

လွတ်ကြလျက်၊သန့်ရှင်းသော စိတ်ဓာတ် ရှေ့ကပြခဲ့သည့် ပစ္စဝေက္ခဏာ ဝိပဿနာ အကျင့်မြတ်တို့နှင့် သုံးဆောင်လတ်ပါမူ၊ ရှေ့က ကျင့်သူထက် တဆင့်ထူးကဲသော အရိုးခံဘရားကြီးဘဲဟု ဆိုအပ်၏။ တဖန် ထို့ထက် ကျူး၍ အထူးအရိုးခံ ကျင့်လိုပြန်သေးမူ၊**ထိုသန္တုဋ္ဌိနှလုံးသွင်း** ရရသမျှနှင့် ရောင့်ရဲခြင်း ရှိနေကြသည့်အထဲက၊ အကောင်းအမွန်ရသမျှတို့ကို ပေးလှူထိုက်သော သူတို့အား ပေးလှူပြား၍၊ အညံ့စား ပဲပြုတ်၊ သို့မဟုတ်က ဘာမျှမရှိကြမူ၊ ဆားကိုမျှ မရှာမှီးကြဘဲ၊ ဆွမ်းသက်သက် တခုထည်းကိုသာ ပကာသနအလုပ်၊မဘော်ထုတ်ငြား၊စိတ်ယုတ်မာတွေကို ပယ်ရှား၍၊**သလ္လေခ** အရိုးခံဘရား၊ ပစ္စဝေက္ခဏာ ဝိပဿနာအလုပ်များနှင့် အဟုတ်အားထုတ်နိုင်ကြပြန်မူ၊ ရှေးရှေးကအကျင့်ထက် အဆင့်ဆင့်ထူးကဲသော အရိုးခံတရားကြီးတို့ဘဲဟူ၍လည်း ဆိုထိုက်၊ ဘုရား, ဗြဟ္မာ, သူတော်စွာ ဟူသမျှတို့လည်း အလွန် အမင်းကြီး ချီးမွမ်းထိုက်လှ၍ ချီးမွမ်းကြ၏။ ဤသည်တို့ကား၊ အစားပေါက်က သူတပါးကို မထိခိုက် ရဘဲ၊ မြတ်သည်ထက် မြတ်ကြရန် ကျင့်ကြံဘို့အမျိုးမျိုး အရိုးခံ အရိယာဝံသ တရားအစစ်ကြီးများပင်တည်း။

ယခု ခေတ်အခါမှာ အချို့ ဆရာကြီးများ အသက်သတ်လွတ် စားသောက်ရန်၊အကျင့်အကြံများကို မိမိတို့လည်း အားသစ်၊ တပည့်တကာ သူတော်စွာတို့ကိုလည်း မစားကြသည့်အကျိုး အမျိုးမျိုးတို့ကို ဟောပြောရိုးတွင်မရပ်ကြဘဲ၊အသားစားတတ်သူတို့၏အပြစ်စကားတို့ကိုပြောကြားလတ်သည်ကား၊ တိရစ္ဆာန်အသားကို စားသူတို့မှာ၊ တိရစ္ဆာန်အသွေး, အသားများ မိမိတို့ အတွင်းမှာ တိုးပွါးလာရုံမက၊ တိရစ္ဆာန်စိတ်တွေလည်း ဖြစ်ပေါ်လာတတ်ကြ၍၊ မတော်မတန် တိရစ္ဆာန်တို့၏ အကျင့်အကြံတွေကို၊ ကျင့်ကြံနေတတ်သည်ဟု နှိပ်၍ပြောကြတတ်သည်၌၊ထိုသို့ပြောကြားတတ်ကြသူများ၏ မိဘ,ဆွေမျိုးတို့ကော စား,မစားကို စစ်မေးက ခက်နေကြလိမ့်မည်များကိုငင်း၊မေတ္တာသုတ်မှာလာသည့်မာတာယထာ နိယံပုတ္တံ စသည်အရ။တယောက်ထည်းသောသားကိုချစ်အားပိုစွာအသက်ကို စောင့်ရှောက်ထာလို၊သတ္တဝါအများကို မေတ္တာပွါးကြဘို့ တရားတို့ကို မသိကြလို့ မကျင့်ကြလို့သာ၊သူတပါးအသားကို မေတ္တာမထားဘဲစားနိုင်ကြ၏။စားသောက်သူမှန်သမျှတို့ကား မေတ္တာပွါးလို့အစစ်မဖြစ်ဟူ၍ငင်း၊ ထိုအသားစားသူတို့၏ မေတ္တာပို့ဘယ်ဆိုတာ ဘာဟုတ်မှာလဲ ဟူ၍ငင်း၊ နှိပ်နင်း၍ ပြောဟောတတ်ကြသည်၌၊ ငင်းမေတ္တာသုတ်ကို ဘယ်သူ့ဟော

သနည်း၊ ထိုပြောသောသူသည် ခင်ဗျားတို့ ထင်ချက်အတိုင်း၊ သူတပါး အသားတို့ကို မိမိမစားဘဲ မေတ္တာပွါးများရဲ့လား။ ခင်ဗျားတို့ ထင်ချက် အတိုင်း အသားကိုမစားမှ မေတ္တာပွါးရာရောက်ပါမူ၊သူတပါးတို့ကိုသာ မစားဘဲကျင့်စေလို၍၊ မိမိကိုယ်တိုင်ကား အသားစားမူ၊ မိမိချည်းစားရ အောင် သူတပါးကို ရှောင်ရှားစေရာ ကျမနေဘူးလား၊ငင်းအသားများကို စားမိက မေတ္တာမဖြစ်ကြမူ၊ဘုရားအရိယာ သူတော်စွာအများ အသားစား ဟူသမျှတို့မှာလည်း၊ မေတ္တာကိုမပွါးကြလို့ ငင်းအသားများကို စားနေကြ တယ်။ ငင်းစားသူ အရိယာ ဟူသမျှတို့ မေတ္တာကို ပွါးကြစေကာမူ၊ ခင်ဗျားတို့ ထင်ချက်အရနှင့် မေတ္တာမဖြစ်ကြဘူးဟု ဆိုရမှာလား ဟူ၍ ပြန်လို့ စစ်မေးက ခက်နေကြလိမ့်မည် များကိုငင်း။ ။ထို့ပြင် တပါး၊ အသားကိုစားကြသည့် ဘုရား,ရဟန္တာတို့စိတ်နှင့်၊ယခုစားကြသူတို့စိတ် တူကြသလားဟု ဆိုပြန်ငြားမူ၊ စိတ်တူ,မတူ လိုရင်းမဟုတ်၊ အသားကို စားသူတိုင်းတို့ သတ္တဝါများကို မေတ္တာမထားရာ ကျ-မကျ၊မေတ္တာမထား သူများမှသာ သတ္တဝါတို့ အသားကို စားနိုင်ကြတာ- စားနေကြတာတို့ ဟုစစ်ဖြစ်-မဖြစ်တို့သာ လိုရင်းဆုံး အစစ်ပါတည်း။ အကယ်၍ အသား စားလို့ မေတ္တာမဖြစ်ပါမူ၊စားသူအားလုံးတို့ မဖြစ်ထိုက်၊ဘုရားရဟန္တာတို့ အကုသိုလ် မဖြစ်ကြဘဲ၊ ကြိယာဇောနှင့် စား၊ ကြိယာဇောနှင့် မေတ္တာ ပွါးလို့ဖြစ်ကြပါမူ၊ ပုထုဇ္ဇန်သေက္ခတို့မှာလည်း အကုသိုလ်မဖြစ်စေဘဲ၊ ကုသိုလ်ဇောနှင့်စား၊ကုသိုလ်ဇောနှင့်မေတ္တာပွါးလို့ မဖြစ်နိုင်ကြဘူးလား ဟု-မေးမူ၊ ခက်နေကြလိမ့်မည်များကိုငင်း၊ အထူး သတိထားတော်မူ ကြ၍၊အသားစားသူများကို မနှိပ်ငြားဘဲ၊ မိမိတို့နှစ်သက်ရာ တရားတို့ကို စွဲမြဲ၍သာ ခဲမဲတော်မူနိုင်ကြပါစေသတည်း။

ဤရှေ့က မေတ္တာသုတ်အရနှင့်ပြခဲ့သော စကားအရပ်ရပ်တို့ကို၊ဆရာစွဲ, အယူဝါဒစွဲမရှိကြဘဲ၊ တရားမှန်ကိုသာ သိလိုသောစိတ်စွဲနှင့်၊ အထပ်ထပ် ကြိုကြည့်သူ၊အထပ်ထပ်ကြံမိသူ၊သဘောဖြူ ပညာရှိမှန်သမျှတို့ကား(အိမ်း) ဤ မေတ္တာသုတ်ကို ဘုရားကိုယ်တော်တိုင်လည်း ဟောကြားတော်မူပြီး၊ အစွန်းသုံးပါးလွတ်သော အသားတို့ကိုလည်း အလိုရှိသူတို့ စားကြရန် ခွင့်ပြုတော်မူပြန်၍၊ ဘုရားအရိယာ တပည့်သားသူတော်စွာတို့ပါ၊ ရရှိနေ ရင်း အာဟာရတို့ကို ပယ်ပြီး၊မရရှိတာကို မရှာမှီးကြဘဲ၊ ထိုထိုအရပ်ရပ် တို့က ရတတ်သမျှ တို့နှင့်သာ ရောင့်ရဲကြပါ၍၊ မိမိတို့ လိုအပ်သော ပရိယတ်-ပဋိပတ်တရားများ အားထုတ်လာကြသည်ကား၊ ထိုထိုကျမ်းဂန်

အမျိုးမျိုးတို့မှာ လမ်းရိုးတရားကြီးများအစစ်ပေတည်း။ ။ဤသို့ရတတ် သမျှနှင့် မျှတရောင့်ရဲတော် မူကြသော ဘုရားအရိယာ သူတော်စွာတို့ အထဲက အသားဟင်းကို စားမိကြ၍ မေတ္တာကို မပွါးကြတော့ဘူးဟူ၍ ၎င်း၊ ပွါးသော်လည်း မေတ္တာ မဖြစ်ကြတော့ဘူး ဟူ၍၎င်း မဆိုထိုက် မဆိုသင့်ပေ။ အကယ်၍ ဘုရားအရိယာ သူတော်စွာတို့ အသားဟင်းကို လည်း စားကြ၏။ မေတ္တာကိုလည်း ပွါးကြ၍ မေတ္တာ အစစ်လည်းဖြစ် ကြ၏ဟု- ဆိုပါမူ၊ မေတ္တာသုတ်တရားဟာ အလကားဖြစ်ရတော့မှာလား ဟူငြားအံ့၊ အလကားမဖြစ်ထာကို သေချာစွာပြရမူ။—

**မာတာ ယထာ နိယံ ပုတ္တံ၊ မာယုသာ-ဧကပုတ္တ-မနုရက္ခေ။**
**ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အ-ပရိမာဏံ။**

မာတာ၊အမိသည်။နိယံပုတ္တံ၊ မိမိရင်၌ဖြစ်သော။ ဧကပုတ္တံ၊ တယောက် ထည်းဖြစ်၍၊အလွန်ချစ်လှစွာသောသားကို။အာယုသာ၊ အသက်သေရေး၊ ဘေးအမျိုးမျိုးတို့ကြောင့်။အနုရက္ခေယထာ၊ အစဉ်စောင့်ရှောက်သကဲ့သို့။ ဧဝမ္ပိ၊ဤအတူလည်း။သဗ္ဗဘူတေသု၊ ခပ်သိမ်းသောသတ္တဝါတို့၌။ အ-ပရိ မာဏံ၊ အတိုင်း အရှည်မရှိသော။ မာနသံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။ ဘာဝယေ၊ အဖန်တလဲလဲ ပွါးများအားထုတ်ရာ၏။ ။ဤမေတ္တာသုတ်ပါဌ် အနက်အရ အကျဉ်းချုပ် အဓိပ္ပါယ်ကိုပြရမူ၊မေတ္တာအလုပ်ကို အားထုတ် လိုသူအပေါင်း သူတော်ကောင်းတို့သည်၊မေတ္တာပွါးကြသော အခါတိုင်း တို့မှာ မိမိတို့ သားချစ်ကလေးကို မေတ္တာထားသလို၊ သတ္တဝါခပ်သိမ်း တို့ကိုလည်း မေတ္တာထားကြပြီး ပွါးများကြဟူ၍သာ မေတ္တာပွါးသည့် အရာမှာ စံထား၍ ပွါးများကြစရာ ဥပမာစကားတို့သာ ဟောကြားတော် မူလေသည်ဟု- ပါဠိတော်စကားစဉ်ကို ထင်မြင်အောင်ကြည့်ကြပါလေ။ သားချစ် အသားကို မေတ္တာသက်၍ မစားရက်ထာလို၊ သတ္တဝါများ အသားကိုလည်း မစားရက်ကြဘဲ၊ မေတ္တာပွါးမှ မေတ္တာ အစစ်ဖြင်ကြ သည်ကို သိစေလို၍ဟောကြားသည် မဟုတ်ကြောင်းကို ကောင်းကောင်း ကြီး သိရှိတော်မူနိုင်ကြပါစေသတည်း။ ။ဤသို့ဖြစ်မူ၊သေသောသတ္တဝါ များကို မေတ္တာထား၍ မစားဘဲနေက၊မေတ္တာမဖြစ်ဘြဲဘူးလားဟူငြားအံ့၊ သေပြီး သတ္တဝါများ၌ မေတ္တာအစစ် ဖြစ်ပွါးရန်များကို မဆိုထားနှင့်ဦး၊ မေတ္တာပွါး၍ ဈာန်ရပြီးသား၊ ဆရာသမား၌ပင် သေလျှင် မေတ္တာလည်း မဖြစ်၊မေတ္တာလည်း မပွါးရကြောင်းကို **ဝိသုဒ္ဓိမဂ်ပါဠိအဆို မြန်မာလိုပြန် ချက်ကား။** ။ပန၊သေသောသူတို့အား မေတ္တာမပွါးရသည်ကို ဆက်၍

ဆိုဦးအံ့။ကာလက်တော၊ သေသော သတ္တဝါ၌။ ဘာဝေန္တော၊ မေတ္တာပွါး
သောသူသည်။ အပ္ပနာ၊ ဈာန်အပ္ပနာသို့။ နေဝပါပုဏာတိ၊ မရောက်။ ဥပ
စာရံ၊ဥပစာ သမာဓိသို့။နပါပုဏာတိ၊မရောက်။အညတရော၊တယောက်
သော။ဒဟရဘိက္ခု၊ရဟန်းငယ်တပါးသည်။အာစရိယံ၊ဆရာကို။အာရဗ္ဘ၊
အာရုံပြု၍။မေတ္တံ၊ မေတ္တာဈာန်ကို။အာရဘိ၊ ရအောင်အားထုတ်၏။တသ၊
ထို ရဟန်းငယ်၏။ မေတ္တာ၊ ရပြီးမေတ္တာဈာန်သည်။ နပဝတ္တတိ ကိုရ၊
ဝင်စားလို့ မဖြစ်ဘူးတဲ့။ သော၊ ထိုရဟန်းငယ်သည်။ မဟာထေရဿ၊
ကမ္မဋ္ဌာန်းဆရာ မဟာထေရ်ကြီး၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။
ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ မေတ္တာဈာန သမာပတ္တိ၊
မေတ္တာဈာန်သမာပတ်ကို။ ပဂုဏာ၀၊ အဝါးဝစွာ၊ လေ့လာအပ်သည်သာ
တည်း။စ၊ ထိုသို့လေ့လာအပ်သည်ဖြစ်ပါလျက်။နံ၊ ထို ဈာန်သမာပတ်ကို။
အဟံ၊ တပည့်တော်သည်။ သမာပဇ္ဇိတုံ၊ ဝင်စားအံ့သောငှါ။နသက္ကောမိ၊
မတတ်နိုင်ပါဘုရား။ ကာရဏံ၊ အကြောင်းကား။ ကိံ နုခေါ၊အဘယ်ပါနည်း။
ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထား၏။ ထေရော၊ မထေရ်ကြီးက။ အာဝု
သော၊ငါ့ရှင်။နိမိတ္တံ၊ဈာန်၏ အာရုံနိမိတ်ဖြစ်သောသင့်ဆရာကို။ ဂဝေသာ
ဟိ၊ အသက်ရှင်တာအစစ်၊ ဖြစ်-မဖြစ်ကို၊ စိစစ်ရှာဖွေးလေလော့။ ဣတိ၊
ဤသို့။ အာဟ၊ မိန့်တော်မူ၏။သော၊ ထိုရဟန်းငယ်သည်။ ဂဝေသန္တော၊
ရှာဖွေ စိစစ်သည်ရှိသော်။ အာစရိယဿ၊ ရပြီးဈာန်၏ အာရုံဖြစ်သော
ဆရာ၏။ မတဘာဝံ၊ ပျံလွန်တော်မူသည့်အဖြစ်ကို။ ဉတွာ၊ သိ၍။ အညံ၊
သေပြီး ဆရာမှ တပါးသောသူကို။ အာရဗ္ဘ၊ အာရုံပြု၍။ မေတ္တာယန္တော၊
မေတ္တာကိုပြုသည်ဖြစ်၍။သမာပတ္တိံ၊ ဈာန်သမာပတ်ကို။ အပ္ပေတိ၊ဝင်စား
နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ကာလက်တော၊ သေသောသတ္တဝါဟူသမျှ၌။
နဘာဝေတဗ္ဗာ၀၊ သေချာဂန ကေန္တ မေတ္တာအရပ်ရပ် မပွါးများအပ်
ထာတို့အစစ် ဖြစ်သည်သာလျှင်တည်း။

ဤသို့ ဝိသုဒ္ဓိမဂ် မိန့်တော်ချက်အရနှင့် သေပြီးသား သတ္တဝါတို့၌၊
မေတ္တာလည်းမဖြစ်၊ မေတ္တာလည်းမပွါးရသည့်အဖြစ်များကို ထင်ရှားစွာ
သိရှိရပါသော်လည်း၊ အသားကို မစားရသည့်အရာမှာ၊ ဤမေတ္တာသုတ်
ပါလေအောင် သေသူတို့၌ မေတ္တာမဖြစ်မှု၊အသတ်ခံရလတ္တံ့သူတို့ မသေ
ရသို့ မေတ္တာထား၍၊ မစားဘဲနေသူတို့ သာလျှိမေတ္တာအစစ် မဖြစ်ကြ
ဘူးလားဟူဖြားအံ့၊ အကယ်ကြောင် သတ္တဝါတို့ မသေရသို့ မေတ္တာထားပြီး
ရှောင်ရှားလိုသူ အစစ်မှန်ပါမူ၊အသားအတွက် သေရမှုတခုထည်းကိုသာ

မကြည့်ပါဘဲ၊ဉာဏ်မျက်စိကျယ်ကျယ်နှင့်သတ္တဝါတွေသေရသည့်အနယ်နယ်တို့ကို ရှုကြသောအခါ၊အရေ,အမွေး,အသွေး,အဆီ,အရိုး, သည်းခြေစသည်တို့ကို အကြောင်းခံ၍၊ သေကြရသည့် သတ္တဝါများ ကိုလည်း မေတ္တာထား၍၊ သားရေနှင့်စပ်သမျှ သားရေနွယ်, သားရေအိတ်, သားရေဖုံးသောစာအုပ်၊ သားရေဘိနပ် စသည်များကိုလည်း ရှောင်ရှားကြဘို့။အမွေးနှင့် စပ်သမျှသော သက္ကလတ်–ဘိုစောင်– ကော်ဇောစသော အထည်ဝတ္ထု အစုစုတို့ကိုဂုင်း၊ ပိုးချည်နှင့်စပ်သော အထည်ဝတ္ထု အစုစုတို့ကိုဂုင်း ရှောင်ရှားကြဘို့။ ငါးကြီးဆီတို့နှင့်စပ်၍ ဆေးသုတ်ထားသော သဘော်ရထား, အိမ်,ကျောင်း,စရပ် စသည်များကိုလည်း ရှောင်ရှားကြဘို့။ဆေးအရာတို့မှာ အသုံးပြုနေကြပါသော ကြွံသွေး၊ ကတိုး၊ ဆတ်ချိုနု၊ လိပ်ကျောက်ဆူး၊ ကြွေ၊ ခရု၊ ယောက်သွား၊ လိပ်ခွံ၊ ပုလဲ၊ စပါးကြီး၊ ဝံ၊ မိကျောင်းစသော သတ္တဝါတို့၏သည်းခြေ,အရိုး,အစွယ်စသည်တို့ ပါနေကြသော ဆေးဟူသမျှ၊ အထည်ဝတ္ထု ဟူသမျှတို့ကိုလည်း သေရမည့် သတ္တဝါများကို မေတ္တာထား၍ ရှောင်ရှားကြပြီးလျှင်၊ မေတ္တာပွါးသူတို့ကား၊ အသားအတွက်သာ မေတ္တာထားသူတို့ထက်၊ အကျိုးများချက်နှင့် အကုန် ရှောင်ကြဘို့ ပြောဟောလာမှု၊ အကုန်လုံး ရှောင်ကြရဘို့လည်း ခက်၊ အချို့ကိုသာရှောင်က မေတ္တာတပိုင်းကြောင် ဖြစ်နေကြမှာကလည်း ခက်နေကြပေလိမ့် မည့်အတွက်၊မည်သူဘက်ကိုမျှ မလိုက်မပါ။ အထူး မေတ္တာထားပါ၍၊ ဤ မေတ္တာ သုတ် အလာနှင့် ရှင်းလင်း၍ ပြချက် ရှေ့နောက် စကားအချက်များတို့ကိုပါ အထပ်ထပ် စပ်ဟပ် နှိုးနှော့ကြပါ၍၊ ပညာရှိသူ သဘောဖြူမှန်သမျှတို့ အထူးသတိထားကြလျက် အသားစားသူတို့အား မနှိပ်ငြားဘဲ၊ မိမိတို့ အကျိုးထင်၍ ရှောင်ကြဉ်လိုသော တရားကိုသာ ခဲမဲပါမှု၊ မိမိတို့ အလိုရှိရာအကျိုး၊ အမျိုးမျိုးတို့ ပွါးတိုးကြဘို့ ရှိရမည်များကို အထူး သတိထားတော်မူကြရန် မိုးယှဉ်းညွှင်း တောရ ကိုယ်တော်ကြီးက တောင်းပန်လိုက်ပါသည်။ အသားမစားသူ အပေါင်း သူတော်ကောင်းတို့။

အသားများကို စားသူတို့ကလည်း၊ အသားမစားသူတို့အား နှိပ်နင်းလိုသော စိတ်ထားနှင့် သုတ်,အဘိဓမ္မာ, ဝိနည်းတို့အထဲမှာ သူတို့အသက် သတ်လွှတ်စားရန် ကျင့်ကြံဘို့နည်းများ ထုးခြား၍ မပါဘဲနှင့်၊ ဂုဏ် ပကာသနပြုလိုကြ၍ ငါးပိစသည်ခတ်ငြား၊ရလွယ်သော အာဟာရများကို တော့ပယ်ရှား၍၊အရပ်တိုင်းတို့မှာရခဲစွာသော အသားကင်းတဲ့ဆားဟင်း

များကိုတော့ မိမိအား ကြည်ညိုကြသူတို့ အမှုကိစ္စ တခု လုပ်ကြပြီး ချက်ပြုတ်လှူကြရန် စိတ်ရည်သန်၍ သက်သတ်ပါတာ ငါတို့ မစားဘူးဟု-အရိပ်ထူး, နိမိတ်ထူးတို့ကိုလည်းပြ၊တိုက်ရိုက်လည်း ဟောပြောကြ၍ အာဇီဝလည်း မစင်ကြယ်၊ ဘုရား မပယ်သည့် အသား စားမှုများကို ဒေဝဒတ်ညီပွါး ယောက်ဖများတို့က နောက်နောင်ကဝင့်ဒုက္ခတို့နှင့်လည်း မကင်း ပေးလှူခဲ့ခြင်းလည်းမရှိကြဲ၍၊ ယခုဘဝမှာ မိမိသာမစားရရုံမက သူတပါးကိုတောင် နောက်နောင်ဝင့်ပါရအောင် အကျင့်တရား အမြတ်ဆုံးကြီးတခုထား၍ ဟောကြားနေကြသည်ကား၊ ဘုရား ကိုယ်တော်တိုင် ကျင့်ကြံဟောကြားသည့် ပစ္စဝေက္ခဏာသုံးပါး၊သမထ ဝိပဿနာတရား၊ ရတင်တရား သန္တုဋ္ဌိ,သလ္လေခတရားတို့ အထဲကလည်းမဟုတ်၊အလကား အယုတ်တို့ သာတည်းဟု- အသားကို မစားသူတို့ကို တဖန် နှိပ်နင်း၍ ပြောကြပြန်သည်၌လည်း ဧကန္တမကောင်းလေ။ အဘယ့်ကြောင့်နည်းဆိုပေမူ၊ ထိုအသားကို မစားသူတို့က၊ ၎င်းကဲ့ရဲ့သူများဟာ ကိုယ်စိတ်နှင့်နှိုင်းစာ၍ ကဲ့ရဲ့တိုင်း ဖြစ်စေကာမူ၊စိတ်မာန်နှင့် ကဲ့ရဲ့သူမှာ အကျိုးမများ၊ ဒေါသတွေတောင်ဖြစ်ကြလေရာ၏။အကယ်၍စိတ်ကောင်းထား၍ အသားစားကို ရှောင်ရှားသူများဖြစ်ကြပါမူ၊ ၎င်းသူတော်ကောင်း ကြီး,ငယ်များကို အလွန် ဝန်လေးသော စကားတို့ဖြင့် ပြောကြား တတ်လှသည်ကား၊ ပဏ္ဍိဘ သာမဏေများ ငါးကြင်းသားကို ပေးလှူခဲ့၍၊ နောက်ဖြစ်တဲ့ဘဝမှာ ငါးကြင်းသားကိုလည်း ကြိုက်လာ၊ စားလည်းစားရပါသည်ကို ထောက်စာ၍၊ယခုကာလ အသားကိုမစားကြသူတို့ဟာ နောက်နောင်က မပေးလှူခဲ့တာကြောင့် မစားရ။ပေးလှူခဲ့သူတို့မှသာ စားရကြကုန်ရာ၏ဟု အသားကို စားသူတို့က ခိုတတ်လှသည်ကို၊ အသားကို မစားသူတို့က ခွေး-ကျီး-လင်းဘ များဟာ မစင်-ခွေးကောင်ပုပ်များ လှူဒါန်းထားခဲ့သို့ ၎င်းတို့ကို ကြိုက်ကြဘာ၊ စားကြတာလားဟု ပြန်၍မေးက ခက်နေကြလိမ့်မည်ကိုလည်း အထူးသတိထားကြ၍၊ အသားမစားသူတို့အား မနှိပ်ငြားဘဲ၊မိမိတို့လည်းစားချင်၊ ဘေးအပြစ်တို့လည်းကင်းစင်သည့် အသားများကိုဖြစ်စေ၊ ပစ္စဝေက္ခဏာသုံးပါး သမထ ဝိပဿနာ တရားများနှင့်၊ အတိုင်းအရှည်နှင့်ပြုကာစားပြီးလျှင်၊ ကိုယ့်အကျိုးစီးပွါး သူတော်ကောင်းတရားများကို ပွါးစီးကြအောင်သာ အားထုတ်ကြဲစေလို ပါကြောင်းနှင့်၊ မိုးညှင်းတောရ ကိုယ်တော်ကြီးက တောင်းပန်လိုက်ပါသည်။ အသားစားသူအပေါင်း သူတော်ကောင်းတို့။ အဘယ့်ကြောင့် အသားကိုမစား

သူ-စားသူ နှစ်ဦးနှစ်ဝတို့ကို တောင်းပန်ရသနည်း ဟူမူ၊ လှည်းထမ်းပိုး တပ်ရာ၊ ဘေးဘက်ကိုသာ ကန်၍ ရုန်းနေကြရှာသော နွား သတ္တဝါတို့ သည်၊ လှည်းအပေါ်ကဝန်ကို ရုန်းရသည်ထက်၊ တကောင်က တကောင် ကို စတင်လျက်၊ ဘေးဘက်သို့ ရုန်းချက်ကို မခံချင်သည့်အတွက်၊ ဘေးဘက်သို့ချည်း ကန်ကန်-ကန်ကန် ရုန်းနေရကြသည့် အချက်က သာလွန်ပင် ပင်ပန်းလှကြပြီးလျှင်၊ ခရီးလည်းမတွင်သကဲ့သို့၊အသားစားမှု နှင့် တယောက်က တယောက်ကို အပြစ်တွေဆိုနေကြချက်များသည်၊ ဒေါသတွေလည်းဖြစ်ပွါးလှ၊ သူတော်ကောင်းအားတွေလည်း ကုန်ကြား ကြ၍၊ ဘာသာတပါးတို့ကလည်း နှောင့်ရှက်ချင်စရာ၊ မိမိတို့လိုအပ်သော ခရီးတွေလည်း မတွင်ကြမှာကြောင့်၊ ကရုဏာရှေ့ထား မေတ္တာပွါးကာ အထူးဆင်ခြင်ကြရာဘို့ တောင်းပန်အပ်ပါသတည်း။

စင်စစ်မှာမူကား၊ ၎င်းအသားများကို စားသူ-မစားသူ နှစ်ဦးလူတို့၏ သံသရာအပြစ် အကျိုးအစစ်တို့ကား၊ ကိလေသာဒုစရိုက်တို့ ဖြစ်-မဖြစ် သာ လိုရင်းဆုံးအချုပ် တရားကြီးပါဘည်း။ အစာအာဟာရ စားသောက် ကြသည့်အခါ၊ ဤကိလေသာဒုစရိုက်တို့ ဖြစ်နေကြမူ၊ သက်သတ်မပါ၊ ဆွမ်းဗလာထား၊ သစ်သီးသစ်ရွက် မြက်စသည်ကိုပင် စား၍နေသည် ဖြစ်သော်လည်း၊ ဧကန်စင်စစ် မကောင်းတာဖြစ်၏ဟု ဆိုထိုက်၏။ ၎င်း ကိလေသာ ဒုစရိုက်ကင်းကာ နတ်သုဒ္ဓါနှင့် အကောင်းဆုံး ဟင်းလျာ စသည်တို့ကို စားစေကာမူ၊ မကောင်းဟူ၍ မဆိုထိုက်တာကို ဥပမာ ဆိုသော်၊ မြွေဆိုးမှန်သမျှ ကြီးသည်, ငယ်သည်မဆိုရ၊ မိမိနှင့် ထိစပ်ကြ သူတို့ အထူးသတိမမူကြဘဲ၊ တွေ့ရာကို ကိုင်ဆွဲကြသော်၊ ဆတ်ကနဲ ကိုက်လိုက်က အမျိုးမျိုး ဘေးဒုက္ခတို့ကို တွေ့ကြုံကြရ သည်နှင့်ကား၊ ကိလေသာအာရုံ ကာမဂုဏ် မှန်သမျှ အသားဟင်း စသည် ပါလို့ ကောင်းသည်၊ဆားဟင်းစသည်တွေမို့ မကောင်းသည်ဟု မဆိုရငြားဘဲ၊ အမှတ်တမဲ့စားသူတို့မှာ ကောင်းတယ်ထင်လျှင် လောဘ၊ မကောင်းဘူး ထင်လျှင် ဒေါသ။ မကောင်း-တကောင်း ထင်မှု မောဟ စသည်၊ ကိလေသာဒုစရိုက်လျှာကို မြွေအကိုက်ခံကြသူတို့နှင့် တူလှ၏။ အချို့သူတို့ က မြွေတွေ့ကြမူ၊ သတိပညာကူ၍ မြွေဘကောင်လုံးမှာ ဦးခေါင်းတခု ကိုသာ ကြောက်စရာရှိသည်အတွက်၊ ကြီးငယ်မဟူ အထူးသတိမူကာ၊ ပါးစင်ပြလာအောင် မြွေလည်ပင်းကို အတင်းဆုပ်မိကြက၊ ၎င်းမြွေ၏ ကိုယ်, အမြီး စသည်တို့နှင့် ထိပါး ရစ်ပတ်ကြသော်လည်း မကြောက်

ရငြား၊တသက်လုံးချမ်းသာသွားကြရသလို၊ ကောင်း-မကောင်း အရသာတို့ကို စားသောက်မှု အတွက်တာနှင့် ကိလေသာစု၊ မကောင်းမှုများဖြစ်ပွါးကြသည့်အခါကား၊ လျှာသည်၊ ဝါ၊ **လျှာက်သိခာတ်များ** လျှာပေါ်မှာဖြစ်ပွါး၍နေရာ **စားနေဆဲအခါတို့မှာသာ** ဖြစ်နေကြပါသည်ဟု သိရှိကြကာ၊ ထိုထိုအသားဟင်း, ဆားဟင်းစသည်တို့ကို စားကြဆဲအခါ၊ထမင်းအလုပ်တိုင်းတို့မှာလည်း ပိဏ္ဍပါတ ပစ္စဝေက္ခဏာ, ဓာတုပစ္စဝေက္ခဏာ, ပဋိကူလ ပစ္စဝေက္ခဏာ, အာဟာရေပဋိကူလသညာတို့နှင့်ဖြစ်စေ၊ ရှေ့ကပြအပ်ခဲ့ပြီးသော ဝိပဿနာအလုပ်ကြီးနှင့်ဖြစ်စေ၊လျှာသိဓာတ်အတွင်းထဲမှာ ရသတဏှာပါးစင်ပြ၍ ပွဲခြင်းပြီးသလောက်အောင် အထူးသတိဆောင်၍ စားသောက်လိုက်ကြက၊ ကောင်းသည့်အတွက် လောဘ၊ မကောင်းသည့်အတွက် ဒေါသ၊ ကြမ်းတန်းညှံ့ဖျင်းသည့်အတွက် နူးညံ့ကောင်းမြတ်သော အစာ အာဟာရဘက်သို့၊ တမ်းတမှုနှင့် ပျံ့လွင့်ချက်ဖြစ်သော ဥဒ္ဓစ္စမောဟစသည် အလီလီသော ကိလေသာဒုစရိုက်တို့ မဖြစ်ထိုက်ငြား၊ လိုရင်းဆုံး အချုပ်တရားကြီးများကို၊ ယခု ရှေ့ကပြခဲ့သည့်အတိုင်း သိရှိတော်မူကြကာ မိမိတို့ အမြတ်ထင်သည့် စားချင်သောအာဟာရနှင့် နိဗ္ဗာန်ကို အမြန်ရအောင် တဦးက တဦးကို အထူးကဲ့ခဲ့ပြစ်တင်၊ ဘေးပွဲချင်ခြင်း၊ အပြစ်တင်ကင်းလျက်၊ရှေ့ကပြခဲ့သည့် ကိလေသာ ဒုစရိုက်တို့ မဖြစ်ခြင်း လိုရင်းသုံးအချက်နှင့်၊ နိဗ္ဗာန်တည်းဟူသောရှေ့ဘက်သို့သာ ကုန်း၍-ရုန်း၍၊ အသားဟင်း, ဆားဟင်း ဆရာတို့ အသီးအသီး တက်တော်မူနိုင်ကြပါစေသတည်း။

---

**ကျွဲ, နွားတို့၏အသားကို မစားကြရန် မေတ္တာရပ်ခံချက်**

ဤရှေ့က အချင်းချင်းညီညွတ်ကြအောင် တောင်းပန် ခ,ယ, ရေးပြခဲ့ရာ၊ မိမိတို့အလိုရှိသော လမ်းတဲ့တဲ့ကိုသာ ဘေးမဲ့ပါဘဲ၊ အားခဲ၍သွားတော်မူကြစေချင်သည့်အထဲမှာ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်ရှိသမျှအပေါင်းကိုတော့ ကောင်းကောင်းကြီး တောင်းပန်လိုက်သည်မှာ၊ ကျွဲနွားတို့၏ ကျေးဇူးတရားတို့ကို ဘုရားရှင်ကလည်းဟော၊ ကျွဲနွားတို့အပေါ်တွင် သနားချင်အောင် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးတို့ကလည်းဟော၊ဝံသာနု-သံဃသာမဂ္ဂီ ဆရာတော်မြတ်တို့ကလည်းဟော၊ မဂ္ဂဇင်း-သတင်းစာ အဖြာဖြာတို့ကလည်း မကြာမကြာ ရေးသား၍

ဟောကြားတော်မူကြသည့် အထဲမှာ၊ နဲနဲကလေးမျှ အထူးမေတ္တာရပ်လိုက်ရသည်ကား အလွန်တရာ ကျေးဇူးများလှပါသော ကျွဲနွားဟူသမျှတို့ အသားကိုသာ အမြဲထာဝရ စားသုံးနေကြသူ လူမျိုးများလည်းမဟုတ်ငြား၍၊ ၎င်းကျွဲနွားတို့၏အသားကိုမစားရုံမျှ၊ မကျေးမွေးမလှူဒါန်းရုံမျှနှင့် ကောင်းနိုးရာရာ စားဘွယ်၊ ကျေးမွေး လှူဒါန်းဘွယ်များလည်း ရှားပါးကြဘို့၊ ဝန်လေးကြဘို့၊ သူတော်ကောင်း မှန်သမျှတို့မှာ ဧကန္တစင်စစ်မဖြစ်ကြမှာကြောင့်၊ အားလုံးကုန် တညီတညာထည်း ၎င်း ကျွဲနွားများကို အထူးမေတ္တာထားပြီးလျှင် ရှောင်ကြဉ်ကြ၊ ရှောင်ကြဉ်ရန် ပြောဟောကြပါမူ၊ ဓိဝိဘဒါန နွားသတ်ရုံလေလံဆွဲကြဘို့ ငွေနဲနဲကလေးမျှ မကုန်ကြဘဲ၊ ဓိဝိတဒါန နွားကျွဲတွေ မသေရသဖြင့် အားလုံးကြီး ချမ်းသာရကြဘို့ ပြောဟောကြပါလေ။ ဤစာကိုဘတ်ရှုကြားနာရသော သူတော်ကောင်းမှန်သမျှတို့ အချင်းချင်းပြောဟောကြရာ၊ အယုတ်ဆုံး သူတပါးကို မရသာလျှင် ကိုယ့်ကိုယ်ကိုတော့ ကိုယ်ရအောင်ပြောဟောကြပါ၍၊ ၎င်းအသားများကို ဆေးဝါးခတ်စာ အလို့ငှါနှင့်၊ ၎င်းအသားမှန်း မသိတာများချန်လှပ်ထားလျက် စားချင်သောစိတ်သက်သက်နှင့်ကား ဧကန္တ မစားပါဟု လူသိနတ်ကြား အဓိဋ္ဌာန်ထား၍၊ ရှောင်ရှားတော်မူကြရန် အထူးပင်မေတ္တာရပ်ခံလိုက်ပါသည်၊ ရှင်ရဟန်းလူအများ ယောကျ်ား,မိန်းမ၊ ဘိုးသူတော်, မယ်သီလ ရသေ့စသည်တို့။

ဤစကားရပ်တို့မှာ၊ လူကတ်များ ဝင်ဘို့ရာကား၊ ရှေ့နားကတော့ ဘာကိုစားစား၊နောက်နားက ကျွဲနွားကိုတော့ မေတ္တာရှေ့ထား၊ ကျေးဇူးများလို့ ရှောင်ရှားကြဟဲ့။ သည်မှတပါး သတ္တဝါများကိုတော့ ကျေးဇူးမများလို့ မေတ္တာမထားဘဲ စားသာစားကြဟဲ့ဟု ပြောဟောရာ မကျနေဘူးလား ဟူငြားအံ့။ (အိမ်း) ရှေ့နားက ဘာကိုစားစားဟု ဆိုသည်ကား၊ အသားဟင်း ဆားဟင်း ၂ ပါးတို့တွင် ဘာကိုပင်စား၍ ကျင့်ကျင့်၊ သူတပါးကို အပြစ်မဆိုကြနှင့်ဟု ရည်၍ရေးလိုက်ပါသည်။ နောက်နားက အသားကိုစား၍ ကျင့်ကြံလိုသူများအနက်၊ ကျေးဇူးမများတဲ့ သတ္တဝါအသား အသေကောင်တွေကိုကား၊ မေတ္တာမထားဘဲ စားသာ စားဟုငါတို့ကဟောခုကျမှုနှင့် စောဒနာကတ်ဖွဲ့ကို ပြုလိုကြပါမူ၊ ဘုရားကိုပင်သူတို့အပြစ်တင်မလွတ်နိုင်ရာ။ အဘယ့်ကြောင့်ဆိုပါသနည်းဟူမူ၊ **ဘုရားကိုသာကိုးကွယ်ရာ** ဟု ဟောတော်မူသည်၌၊ တရား **သံဃာတွေဟာ** ကိုးကွယ်ရာမဟုတ်ဟု(ဘုရားကိုသာ)ဟူသော ဧဝသဒ္ဒါ၏အနက်၊တရား–

သံဃာကို မကန့်ကွက်ရဘူးလားဟု ကတ်ဖွဲ့သမားများက စောဒနာချင်ကြပေလိမ့်မည်။ သို့သော်လည်း ၎င်းတရား, သံဃာတော်များကို မကန့်ကွက်ရသည့်အပြင်၊ ဤတရား, သံဃာတော်တို့လည်း ကိုးကွယ်ရာ ဖြစ်သေး၏ဟု **အနုညာတအနက် ခွင့်ပြုချက်ကို သိရသေး၏၊** ကျေးဇူးများသော ကျွဲနွားတို့ကို အထူးမေတ္တာထား၍ ရှောင်ရှားကြပါဟူသော ရှေးစကားဖြင့်၊ ကျေးဇူးမများသော ကြက်, ဝက် စသည်များကိုတော့ စားသာစား၊ မေတ္တာမထားနှင့်ဟု ကတ်ဖွဲ့သမား စောဒနာထားသလို မကန့်ကွက်ရသည့်ပြင်၊ ကျေးဇူးရှင် ဟုတ် မဟုတ်ပြားပေမဲ့၊ အသက်ရှင်တဲ့- ရှိရှိသမျှ သတ္တဝါများတို့ကို အမိဒ္ဒြာန်ထား၍ နေ့စဉ် မေတ္တာပုတီးစိပ်ကြီး ပွါးများကြဟု အနုညာတအနက် ခွင့်ပြုချက်များအရ၊ ငါတို့က အမြဲထာဝရ ပြောဟော၍ နေသည့်အချက်ကို၊ သက်သက်မသိကြပြား ကတ်ဖွဲ့သမားတို့ကသာ ကျေးဇူးမများတဲ့ သတ္တဝါများကို မေတ္တာမထားဘဲ စားသာစားကြဟဲ့ ဟု– ပြောဟောရာ ကျမှုနှင့် ကတ်ဖွဲ့ စောဒနာ ပြုချင်ကြပေလိမ့်မည်တကြောင်း။

၎င်းပြင် ရှေးကပြခဲ့သော (ဘုရားကိုသာ ကိုးကွယ်ရာ) ဟူ၍ ဘုရားဟောတော်မူသည်၌၊ (ဘုရားကိုသာ) ဟူသော ဧဝသဒ္ဒါဖြင့်၊ နိဝတ္တေတဗ္ဗအနက် မြစ်တားချက်ကို မိစ္ဆာဝါဒ သာသနာပ လွဲမှား၍နေကြသော ဒိဋ္ဌိဘုရား, ဒိဋ္ဌိတရား, ဒိဋ္ဌိသံဃာ တို့ကိုကား၊ ဧကန္တစင်စစ် ကိုးကွယ်ရာ မဖြစ်ဟု သိရကြသလို၊ ဤမေတ္တာတရား ပွါးများကြသောအရာ၌၊ သေပြီးသား ကြက်,ဝက် များကို မဆိုထားဘိဦး၊ အနန္တဂုဏ်၊ ကျေးဇူးဟုန်နှင့် ပြည့်စုံလှသော မိဘ-ဆရာ အစဖြာသော အသေကောင် ဟူသမျှတို့မှာကား မေတ္တာပွါးလို့လည်းမဖြစ်၊ မိဘ-ဆရာတို့ ရှင်စဉ်က မေတ္တာပွါး၍ ရပြီးသား ဈာန်များတောင်၊ ကုန်စင်အောင် ဧကန္တ လျော့ကျရမည်မုချကြောင့်၊ အသေကောင်ဟူသမျှ၌၊ စားသူတို့ကား မေတ္တာပျက်ပြားသည်၊ မစားသူမှ မေတ္တာရှုးရှသည် စသော စကားကိုမျှ ပြောကြားဘွယ်မရှိကြဟု **နိဝတ္တေတဗ္ဗအနက်၊ လွဲမှားသည့်အယူဝါဒ၊ တားမြစ်ချက် အဓိပ္ပါယ်သွားကို** သက်သက်သား မသိကြပြားသော ကတ်ဖွဲ့သမားတို့ကသာ၊ သည်မိုဃ်းညှင်းတောရ ကိုယ်တော်ကြီးက၊ ကျေးဇူးမများတဲ့ သတ္တဝါတို့အသား၊ အသေကောင်များကိုတော့ မေတ္တာ မထားဘဲ စားသာ စားဟု ဟောကြားရာ မကျဘူးလားဟူ၍ ကတ်ဖွဲ့စောဒနာ ချင်ကြပေလိမ့်မည်လည်း တကြောင်းတို့ဟာ တခြားမဟုတ်ပါ၊ အရှင်ကောင် သတ္တဝါများ

ကို အဓိဋ္ဌာန်ထား၍ နေ့စဉ် မေတ္တာပွါးများကြရန် ငါတို့က ဟောကြား နေချက်များကို ကြားသိသူ၊ သေပြီးသားဟင်းလျာများတွင် မေတ္တာထား၍ မဖြစ်ချက်များကို သိ,ကြား,နားလည်သူတို့ကား ကတ်ဖွဲ့စကား၊ မဝေ ဒနာလိုပြောဘဲ၊ **အထူးသဘောရသွားမိုကား**၊ သြော်—နေ့စဉ် မေတ္တာပွါးအပ် သော သတ္တဝါအများတို့တွင်၊ ရှောင်ကြဉ်ကြသူများလည်း ဝန်မလေးလှ၊ ၎င်းကျွဲ, နွားတို့ကလည်း ကျေးဇူး ဥပကာရတို့ အလွန်ကြီးမားလှသည့် အတွက်၊ ကျေးဇူးကို ထောက်ဆကာ အထူးမေတ္တာပိုသာ၍ အားလုံးကြီး သူငါတို့ ရှောင်နိုင်ကြလေ့ကျက်ရှိသော မိုးယံညွှန်းတော့ရ ကိုယ်တော်ကြီး က ဟောကြားရပါတကား။ အကယ်၍အားလုံးတို့အသားကို မစားကြနှင့် ဟု ဟောလိုက်က၊ ငါး သိုင်းများလျှင် ဟင်းဟုန်ချင်သည့် စကားပုံလို၊ အကုန်လုံးကို ရှောင်ရမည်ဆိုတာနှင့်၊ တချို့တဝက်မျှ ရှောင်ကြဉ်လိုကြတာ တောင် ကုန်စင်အောင် မရှောင်နိုင်ကြသည့် အတွက်၊ ဟင်းဟုန်၍ ပျက်ကြမည်များကို စိုးရိမ်၍သာ မဟောကြားပါ တကားဟု သိရှိကြ ပေလိမ့်သတည်း။

ကျေးဇူးများများ၊ မများများ မေတ္တာစသည်အတူတူ ထားသင့်သည် ဟု-လူကတ်များက တဖန်ဆိုကြပြန်မူ၊ ၎င်းဆိုသူတို့၏ ကျေးဇူးများသော ဆရာသမား- မိဘများတို့ကို အလေးဂရု မေတ္တာပြု၍ ကျေးဇူးဆပ်သည့် အလားနှင့် တစားထည်းတူစွာ၊ သူတပါးတို့ကိုလည်း အားလုံးကြီးအချရာ တိုင်းဘို့မှာ အလေးဂရု အရိုအသေပြုနိုင်ကြပါ့လားဟု မေးမူ၊ အချာချ တိုင်းတို့မှာတော့ ဘာအဘူထား၍အလေးဂရုအထူးပြုနိုင်ပါ့မလဲ၊ ကျေးဇူး များသူ အကုန်ထဲမှာတောင် အလေးဂရု၊ အရိုအသေ အကုန်လုံးကို မပြု နိုင်ကြဘူးဟု ဖြေကြားရင်းပင် ကတ်ဖွဲ့သမားများ သဘော အကုန်ကျ သွား၍။ ။သြော်...... ရှေဇိဂါ ဝိညာဏ်ခေတ်က ပဥ္စဂ္ဂဒါယကာအား ဘုရားကိုယ်တော်မြတ်ကြီးက။ ။ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ မယံ၊ ငါတို့သည်။ ပရဒတ္တူ ပဇီဝိပေတသဒိသာ၊ သူတပါးကိုမှီ၍ အသက်မွေးခြင်းရှိသော ပြိတ္တာနှင့် တူကုန်၏ဟု– ဟောကြားတော် မူသည့်အတိုင်း၊ ဒါယကာ- ဒါယိကာမများကိုမှီ၍ အသက်မွေးသူအများ သူတော်ကောင်း အထက် တန်းစား အကုန်လုံးတို့အား၊ အသက်ပါတာဟူသမျှ အလုံးစုံတို့ကို ဘုရား ကပင် ဒေဝဒတ်က မစားလတ်အောင် တောင်းပန်တိုင်း မစားကြနှင့်ဟု- ဟောကြားလိုက်ခဲ့လျှင် **ခပ်မရောက်ခင်က၊ မြှားကုန်နေကြသည့်** စကား ပုံလို၊ သမထ ဝိပဿနာ အလုပ်ဆီသို့ မရောက်ခင်က၊ အစားကလေးတခု

မျှကို သူတပါးနှင့်စပ်နေကြရာ၊ငါတို့က ဘာကိုတော့မစားဘူး၊ ဘာကိုမှ စားတယ်ဟု- အသွယ်သွယ်- အဝဝ၊ နိမိတ္တ-ဩဘာသတို့ကို ပြုမိကြက လည်း၊ သီလပျက်စီးဘို့ အခက်ကြီးတို့ ဖြစ်ကြရ၏။ မပြုကလည်း မိမိတို့ ဆန္ဒနှင့် မပြည့်စုံကြဘဲ၊ အားကုန်စဲ၍ ဆားဟင်းများနှင့် စားနိုင်လောက် အောင် မှီခြောက်,ကြာညို၊ ပဲငပိစသည်တို့ကိုရှာလဟဲ့၊ သိမ်းဆည်းထား လဟဲ့၊ ချက်ပေးနိုင်သူကိုလည်း ပျောင်းပြော့ ချော့မော့စွာ မရ-ရအောင် ရှာလဟဲ့၊ အယုတ်ဆုံး နေ့စဉ်ချက်ပြုတ်စရာထင်း, ရေစသည်တို့ကို ရှာလ ဟဲ့ စသည်ဖြင့် အားလုံးကြီးဝန်လေး သွားကြမည့်ကြောင့် ဘုရားက ခွင့် မပြုတာများကို၊ မိုးညှင်းတောရ ကိုယ်တော်ကြီးက ပညာကြီး အစား စားနှင့် ထောက် ထား၍၊ သူတပါးကိုမှီ၍ အသက်မွေးသူ အများ၊ သူတော်ကောင်း အထက်တန်းစားကြီးတို့လည်း၊ ကျွဲ, နွားမှတပါး စား သောက်ဘွယ် အလွန်များလှ၊ ဝန်မလေးကြမည်လည်း တကြောင်း၊ အလွန်တရာ ကျေးဇူးများလှသော ကျွဲ, နွားတို့ဂုဏ် အလုံးစုံတို့ကို အာရုံ ပြုကြား၍၊ အခြားသတ္တဝါတို့ထက် မေတ္တာတွေ အထူးသက်ကြလျက်၊ မစားဘဲ ရှောင်ကြဉ်ကြ ရှောင်ကြဉ်ရန် ပြောဟောကြပါမူ၊ ဇိဝိတဒါန ပြုလုပ်ကြဘို့ နွားသတ်ရုံလေလံဆွဲရန်ငွေ၊ နွားသားဝယ်စားရန်ငွေများ လည်း မကုန်စေကြားဘဲ၊ တခြားနေရာမှာသုံးရ၍ ရှောင်သူများနှင့် သေရ သူ ကျွဲ, နွား ၂-ဦးသားတို့ ကျေးဇူးများကြမည်လည်း တကြောင်း၊ ဤ အကြောင်းတို့ကြောင့် ကျွဲ, နွား တို့၏ အသားကိုသာ အထူးပိုသေသ ဤစာကို ဘတ်ရှုနာခံကြရသူတို့နှင့်တကွ၊ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အများ၊ယောကျ်ား,မိန်းမ, ဘိုးသူတော်,မယ်သီလ ရသေ့စသည်တို့အား၊ မိမိတို့လည်းမစားကြရန်၊ သူတပါးတို့ကိုလည်း ပြောဟောကြရန် မိုးညှင်းတောရ ကိုယ်တော်ကြီးက အထူးမေတ္တာရပ်ခံတော်မူပေတာကို၊ ဘယ်သူမှ ငြင်းပယ်ဆန့်ကျင် အပြစ်မတင်နိုင်ကြရာ၊ မရှောင်နိုင်ဘဲ ရှိပါ အံ့နည်းဟု အသီးအသီးကျေနပ်ကြ၊ ရှောင်ကြဉ်နိုင်ကြ၊ ဟောပြောနိုင်ကြ ပေလိမ့်သတည်း။ တာမှ မကျေနပ်ကြ,မရှောင်ကြဉ်ကြပါမူ၊ ထိုမရှောင် ကြဉ်သူတို့သည်၊ **လူထူးတွေသာပဘူ၍** သိကြပါလေ။ ထိုသူများကို မှတ်မိ ထားအောင်လည်း၊ အထူးစေ့စေ့-စပ်စပ်၊ အထပ်ထပ် ကြည့်ကြပါလေ သူတော်ကောင်းတွေဘို့။

ဤသည်တို့ကား စားသိပေါက်က၊ ကိလေသာမီးတောက် ထချက်များ ကို၊ငြိမ်းဇေးအောင် ကုစားချက်များက ဆက်လက်ကြလျက်၊အသားဟင်း

ဆားဟင်းဆရာတို့ကို အထူးသတိပေးချက်၊ ကဲ့, နွားတို့ အသားများကို မစားကြရန် အသူးမေတ္တာခံချက်တို့ပေတည်း။

လျက်သိဝိညာဏခေတ် ၏တွင်အပြီးသတ်။

၏ ဒသမ ရက်ဟော၍ အပြီးသတ်မှာလည်း၊ နံ့, သိ ဖြစ်တိုင်းတို့မှာ ဝိပဿနာ မလွတ်ရာတို့ အထူးသတိပြုကြလေ။နေ့စဉ် စားတိုင်း,သောက်တိုင်း တို့မှာလည်း၊ အနည်းဆုံး တလုပ်တခါကျ၊ လျှာသိ,ပျက် အနိစ္စကို ရှုဖြစ်ကြရန်၊ ထပ်မံ၍ စားသောက်တိုင်းတို့မှာ ပုတီးကို လက်ကိုင်ထား လျက် စားသိ, ပျက် ဝိပဿနာကြီးတွေ အထူးပွါးပြီး စားသောက် ဖြစ် အောင် အဓိဋ္ဌာန်ထား၍ စားသောက်ကြလေဟု-အထူး သတိပေးကြပါလေ၊ ဝိပဿနာ ဆရာလုပ်သူအပေါင်း သူတော်ကောင်းတို့။

ဒသမ,ရက် ဝိပဿနာ အလုပ်ပေးချက်ကြီး ပြီး၏။

## (၃၉) ကောဒသမ,ရက် အလုပ်ပေးချက်၌၊ ကာယဝိညာဏခေတ် ဝိပဿနာ လုပ်ရတ်ကို ပြချက်

၏ ဧကာဒသမရက် ဝိပဿနာ အလုပ်ပေးချက်၌လည်း၊ ရှေ့ဝိညာဏ ခေတ် ဟောသည့်ရက်က မနာရဘဲ၊ ယခုနေ့မှ လူသစ်တွေ ပါနေကြမှု၊ ရှေ့ ၂-ရက်က ဟောပြခဲ့ပြီးသော မြင်,သိလုံးပရမတ်အစစ်နှင့်၊ ၎င်းမြင် သိတွေ အသစ်ပြောင်းလျှင် အဟောင်းတွေ ပျက်လိုက်နေမှု၊ အနိစ္စအစစ် စုကိုလည်း၊ လူသူတွေ ရှုပ်ရှက်သည့်အထဲမှာတောင် ရှုကြည့်၍ ဖြစ်နိုင်မှု ကို အကျဉ်းချုပ် ဟောပြပါလေ။ ကြား,သိလုံး ပရမတ်အစစ်နှင့်၊ ၎င်း ကြား,သိတွေ အသစ်ပြောင်းလျှင် အဟောင်းတွေ ပျက်လိုက်နေမှု၊ အနိစ္စ အစစ်စုကို မြို့,ရွာလူသူတွေ ဆူညံနေသည့် အထဲမှာတောင် ရှုကြည့်၍ ဖြစ်နိုင်မှုကိုလည်း အကျဉ်းချုပ်ဟောပြပါလေ။ ။နံ့သိလုံးပရမတ်အစစ် နှင့်၊၎င်းနံ့သိတွေအသစ်ပြောင်းလျှင် အဟောင်တွေ ပျက်လိုက်နေမှုအနိစ္စ အစစ်စုကို၊ထိုထိုကောင်းသည့် အနံ့,မကောင်းသည့်အနံ့တို့အတွင်းထဲမှာ ရှုကြည့်၍ ဖြစ်နိုင်မှုကိုလည်း; အကျဉ်းချုပ် ဟောပြပါလေ။ လျှာသိလုံး ပရမတ်အစစ်နှင့်၊၎င်းလျှာသိလုံးတွေ အသစ်ပြောင်းလျှင် အဟောင်းတွေ ပျက်လိုက်နေမှု အနိစ္စအစစ်စုကို၊ ထိုထို အစာ, အာဟာရ တို့ကို မစား သောက်ကြဆဲ၊ အခါထဲမှာတောင် ရှုကြည့်၍ ဖြစ်နိုင်မှုကိုလည်း အကျဉ်း

ချုပ် ဟောပြကြပါလေ ဆရာလုပ်သူတွေတို့။ ။၎င်းနောက်မှ **ကာယ** ဝိညာဏဓာတ်ပေါက်က ဝိပဿနာအလုပ်ပေးကြပုံကား၊ပါဠိခေါ် **ကာယဝိညာဏဓာတ်**၊ မြန်မာခေါ် **ကိုယ်သိသဘော**။ ဝါ၊ **တွေ့သိသဘော** ဤ ၂-ဘာသာတို့ဟာ ဘယ်ဘာသာမှ အဘိဓမ္မာပရမတ် အမြတ်တရားအစစ် မဖြစ်ကြသေး၊ ခေါ်ဝေါ်ပြောဆိုကြသော ဝေါဟာရစကား၊သဒ္ဒါပညတ် များသာရှိသေး၏။ ၎င်းသဒ္ဒါပညတ်များက ဟောကြားပြောဆို အပ်သော အဘိဓမ္မာ ပရမတ် တရားမြတ် အစစ်တို့ကား၊ ကာမပုဂ္ဂိုလ် တိုင်းတို့၏ ကိုယ်,အကြည်ဓာတ်အပေါ်က ထိခိုက်လာကြသော၊ထိုထိုသဝိညာဏက, အဝိညာဏကတို့၏အကြမ်း,အနူးဟူသော ပထဝီအတွေ့၊အပူ,အအေးဟူသော တေဇောအတွေ့၊အတိုး,အဝှေ့ဟူသော ဝါယောအတွေ့တို့ကို တွေ့ထိကြ သည့် **တွေ့သိ** သဘောလုံးကလေးတို့ ပင်တည်းဟု-သဒ္ဒါပညတ် ၂-ပါး နှင့်၊ အဿပရမတ် တရားတို့ကို ရှေးဦးစွာ ခြားခြား နားနားကြီး သိရှိ ကြပြီးနောက်၊ ဝိပဿနာ အလုပ်ပေါက်အောင် အားထုတ် လိုကြမူ၊ ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင်လုပ်**၊ မြန်မာခေါ် **အမှားစင်ကြယ်အောင် လုပ်ရမည်**ဟု သိရာ၏။

အမှားစင်ကြယ်အောင် ဘယ့်နှယ်လုပ်ရမည်နည်း။ (မေး)

အမှန်ကို သိအောင်လုပ်။ (ဖြေ)

ဘာမှန်သိအောင် လုပ်ရမည်နည်း။ (မေး)

ပရမတ်မှန်-ပညတ်မှန်တို့ကို သိအောင်လုပ်ရမည်။ (ဖြေ)

၎င်းပရမတ်မှန်တွေဆိုတာ သူ့,ငါတို့ မသိနိုင်တာမျိုးတွေ မဟုတ်ပါ။ ထိုထို သတ္တဝါတွေ မိမိတို့ တကိုယ်လုံးတွေနှင့်၊ နေ့စဉ်အသုံးကျ၊ နေ့စဉ် အသုံးချနေကြသော **တွေ့သိ**လုံးတို့ပင်တည်း။၎င်းတွေ့သိလုံးတို့၏ သန္တတိ ပျက် အစ–အဆုံး အချက်တို့ကား ခရီးသွားသောသူဖြစ်မူ၊ ညာခြေလှမ်း မြေနှင့် တွေ့သိ အစ–အဆုံး၊ ဘယ်ခြေလှမ်း မြေနှင့် တွေ့သိ အစ–အဆုံး၊ ထိုထို အကြမ်းသိ, အနူးသိတို့၏ အစ–အဆုံး၊ အပူသိ-အအေးသိတို့၏ အစ– အဆုံး၊ အတိုး အဝှေ့သိတို့၏ အစ-အဆုံးနယ်ကိုလည်း သိပါ။ (တနည်း) မိမိတို့ကိုယ်မှာ တွေ့သိလုံးတို့ အသစ် အသစ် ပြောင်း၍၊ အဟောင်း အဟောင်းတို့ ပျက်လိုက်နေကြရာ ထင်ရှားသော အချက်ကိုရှာ၍လည်း၊ တွေ့သိလုံးတို့၏ အစ–အဆုံးဟု တွေ့သိပရမတ်မှန်တို့၏နယ်ကို သိကြပါ လေ။ ။ပညတ်မှန်ကို သိပြန်ကြရဘို့ကလည်း၊ ရှေ့စကွဲ့က အကျယ်

ဖြစ်တိုင်း၊ ထိုထို အကောင်,အထည်တို့ အပေါ်ရုံကြော်က တည်ရှိကြသော ကလာပ်သဘောချင်း စပ်ဟပ်ကြကာ၊မျက်လှည့်ရုပ် ဥပမာဖြင့် ပေါ်လွင်ထင်ရှားစွာ တည်ရှိနေကြပါသော ငါကောင်မ- ငါကောင်ထီး စသော ပညတ် ကောင်ကြီးတို့၏ အစ-အဆုံး နယ်တို့ကား၊ အထင်ခံ, အမြင်ခံအားဖြင့် မွေးဖွားတာအစ သေရာကျတော့ အဆုံးဟု-ပညတ်မှန်တို့၏ နယ်ကိုလည်း သိကြပြီးမှ၊ငင်းပရမတ်ပညတ်မှန်တို့ **တခုဘာ-တခုဘို့ မဖြစ်ကြပုံကား**၊တွေ့သိလုံးပရမတ်က ငါကောင်မ,ငါကောင်ထီး စသည်ပညတ်တို့ဖြစ်ပါမူ၊ ရှေးရှေးက တွေ့သိလုံးတွေ ငါကောင်မ စသည်တို့ တည်နေသလောက်၊တသက်လုံး တည်ရှိထိုက်သည်။ဤသို့လည်း မတည်ကြသည့်အတွက် တွေ့သိလုံး ပရမတ်အစစ်တို့သည်၊ ငါကောင်မ စသည် ပညတ်အစစ်မဖြစ်လေ။ တဖန် ငါကောင်မ စသည် ပညတ်တို့ကလည်း၊ တွေ့သိပရမတ်အစစ် ဖြစ်ပါမူ၊ ထိုထို အတွေ့ ဖောဋ္ဌဗ္ဗာရုံများကို တွေ့ကြသည့် (တွေ့သိလုံးတို့) သေဆုံးချုပ်ပျောက် အနိစ္စအရောက်နှင့်တွဲ၍ ငါကောင်မ စသည်တို့ကလည်း၊ ဖုန်းကနဲ-ဖုန်းကနဲ လဲ၍ သေသေလိုက်ရမည်။ ဤသို့လည်း မသေကြသည့် အတွက် ငါကောင်မ စသည် ပညတ်တွေက (တွေ့သိလုံး)ပရမတ်အစစ်တွေ မဖြစ်နိုင်လေသည်တို့ကို၊မိမိတို့ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်နှင့် တပ်တပ် ထင်ထင် သိမြင်ရသဖြင့်၊ ငင်းတွေ့သိပရမတ်အစစ်တွေကိုလည်း ငါကောင်မ-ငါကောင်ထီး စသည် ပညတ်အစစ်တို့အထဲက အသီးအခြား ထုတ်နှုတ်ထား၍၊ တွေ့သိ ပရမတ်တို့ သက်သက်အတိုင်းသာဟု **ပရမတ်မှန်ကိုသိ**၊ ငါကောင်မ- ငါကောင်ထီး စသည် ပညတ်သက်သက်တို့ကလည်း၊ အတွင်းသား ပရမတ်နယ်ထဲက ထင်ရှားရှိနေကြသော ရုပ်နာမ်တို့နှင့် မရောမရှက်ကြဘဲ၊သမ္မုတိသစ္စာ နယ်ထဲက အကောင်,အထည်ဖြစ် ပညတ်တို့သက်သက်အတိုင်းသာတည်းဟု**ပညတ်မှန်ကို သိကြပါ**၍၊ငင်းပရမတ်နယ်ထဲက ထင်ရှားရှိနေကြသော (တွေ့သိ) ပရမတ် အစစ်တို့ကို ငါတွေ့တယ်- သူတွေ့တယ် စသည်ဖြင့် ပညတ်အကောင်မ,အကောင်ထီးတို့က တွေ့ထိတဲ့အနေနှင့် မှားကြသည့် **ပရမတ်မှား-သက္ကာယဒိဋ္ဌိ** တွေမှ၊ အရှုအသည်းထဲကပါ လှိုက်လှိုက် လှဲလှဲကြီးတကထဲ-အဟုတ်ဘဲ စင်ကြယ်ကြရမှ အလုပ်ကြီး အဟုတ် ပြီးစီးကြလေသောကြောင့်၊ မြန်မာခေါ် **အမြင် စင်ကြယ်**။ ဝါ၊ **အမှား စင်ကြယ်မှု**၊ ပါဠိခေါ် **ဒိဋ္ဌိဝိသုဒ္ဓိ**ခုတို့ ငါတို့တတွေမှာ အဟုတ်ပြီးစီးပေပြီဟုဝမ်းမြောက်ကြပါလေ ယောဂီမြတ်တွေတို့။

ဒိဋ္ဌိဝိသုဒ္ဓိ ပေါက်ရောက်ပြီးနောက်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ထမြောက်ကြရန်၊ ကျင့်ကြံကြဘို့ကား တခြားမဟုတ်ပါ။ ပါဠိခေါ် **ကင်္ခါဝိတရဏဝိသုဒ္ဓိ၊** မြန်မာခေါ် **ယုံမှားခြင်းစင်ကြယ်သောဉာဏ်ဟူသည်၊** ၎င်းဉာဏ်ကို ဝိသုဒ္ဓိမဂ်က အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယ ပရိဂ္ဂဟ ဉာဏ်**ဟု-မိန့်ဆိုပြန်သည်နှင့်အညီ၊ ထို (တွေ့သိ) ပရမတ်စစ်တို့ ဖြစ်ဖြစ်သမျှတို့သည်၊ ကိုယ် အကြည်နှင့်၊ ထိထို အတွေ့ ၂-ပါး တို့ကြောင့် ဖြစ်ကြရကြောင်းကို သံယုတ်ပါဠိတော်၌။—**ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။** ။ကာယဉ္စ၊ ကိုယ်အကြည်ဟု ဆိုအပ်သော ကာယပသာဒကို၎င်း။ ဖောဋ္ဌဗ္ဗေစ၊ ထိထို အတွေ့ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံတို့ကို၎င်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ ကာယဝိညာဏံ၊ ကိုယ်သိဟု ဆိုအပ်သော။ ဝါ၊ တွေ့သိဟု ဆိုအပ်သော ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ။ဟု-မိန့်ရှိတော်မူတိုင်း၊ အကြမ်း,အနု ဟု ဆိုအပ်သော ပထဝီ ဖောဋ္ဌဗ္ဗ၊ အပူ, အအေးဟု ဆိုအပ်သော တေဇော ဖောဋ္ဌဗ္ဗ၊ အတိုး အရွေ့ဟု ဆိုအပ်သော ဝါယော ဖောဋ္ဌဗ္ဗတို့ကို တကိုယ်လုံးနှင့် တွေ့သိကြသည့် အဘိဓမ္မာပရမတ်(ကာယဝိညာဏဓာတ်)အစစ်တို့ကား၊ ထာဝရဘုရား, သိကြားဗြဟ္မာ, ဒေဝါ, ဗိဿနိုး အမျိုးမျိုးတို့က ဖန်ဆင်းကြလို့ ဖြစ်ရသည်မဟုတ်၊ မီးခတ်နှင့်, မီးခတ်ကျောက်တို့ တိုက်ခိုက်မိကြသော အခါမှသာ အာဂန္တုကမီးပွင့်ငယ် ပေါ်လာသကဲ့သို့၊ ကိုယ်အကြည်ဓာတ် ပရမတ်နှင့်၊ ထိယိုသဝိညာဏက,အဝိညာဏကတို့၏ အတွေ့ဖောဋ္ဌဗ္ဗဓာတ် ပရမတ်တို့ တိုက်ခိုက် ပေါင်းဆုံမှု အကြောင်းစုကြောင့်၊ အာဂန္တုက တခဏမျှ (တွေ့သိ) ပရမတ် အကျိုးဓာတ်တွေ ဖြစ်ပေါ်လေ၏ဟု-မိမိတို့ ဉာဏ်မှာ ရှင်းလင်းစွာ ထင်မြင်ပါမူ၊ အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်တခုင်** ဤကာယဝိညာဏဓာတ်၌ ပြီးစီး၍၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကြီးအလုပ် အဟုတ်ထမြောက် ပြီးစီး၏ဟူ၍ မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤတွေ့သိကာယ ဝိညာဏဓာတ်၌၊ ရှေ့ကပြခဲ့တိုင်း ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ ၂-ပါးတို့ ထင်ရှားပေါက်ရောက်သူ ယောဂီဖြူတို့မှာ၊ ဝိပဿနာ ဉာဏ်ဆယ်ဖြာတို့တွင် အရင်းအစ သမ္မသနဉာဏ်ထင်မြင်ကြရန် ကျင့်စဉ်အားထုတ်စဉ်တို့ကား၊ **ဓွေ့,ဒိ**ကာယဝိညာဏဓာတ်ပရမတ် အစစ်ကို ဝိပဿနာရှုလိုပါမူ၊ တွေ့သိလုံးဖြစ်ပေါ်သမျှ ရှုကြည့်ရဘို့၊ စစဦး စကြံ့နှင့် အားထုတ်သူတို့မှာ ခြေဘဝါးမှစ၍၊ တကိုယ်လုံးကြီးတို့၏

အတွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ ညာခြေလှမ်းအချ၊ အောက်မြေ အပြင်နှင့် တိုက်မိုက်ကြရာ၊ ငယ်ထိပ်တို့ ပေါက်သွားပါအောင် တကိုယ်လုံး သွက်သွက်ခါ တုန်လှုပ်လျက် ဤကိုယ်ကြီးနှင့်အပြည့် တွေ့သိလုံးတွေ ဖြစ်ပျက်၍သွားမှုကို ထင်မြင်အောင်ရှု၊တဖန်ဘယ်ခြေလှမ်းအချမှာလည်း၊ ထိတ်ကနဲဆို- ငယ်ထိပ်ကျူးအောင် တကိုယ်လုံးသွက်သွက်ခါ တုန်လှုပ်လျက်၊ ဤကိုယ်ကြီးနှင့်အပြည့် တွေ့သိလုံးတွေဖြစ်ပျက်သွားမှုကို ထင်မြင်အောင်ရှုကြပါလေ။ တဖန် တတိယခြေလှမ်းစသည်တို့မှာလည်း၊ မြေ၌ ခြေကို အချဘိုင်းတို့မှာ၊ ထိတ်ကနဲ-ထိတ်ကနဲ၊ ဤတကိုယ်လုံးနှင့် အပြည့် အပြည့် တွေ့သိလုံးတွေ ဖြစ်ကြကုန်ပြီး၊ ပျက် ပျက် – ပျောက် ပျောက် သေသေလိုက်မှု အနိစ္စစုတ္တိသာ ဘည်းဟု ယခုပစ္စုပ္ပန် တွေ့သိပျက်နှင့် တဘွ၊ အတိတ် အနာဂတ်ဖြစ်သော တွေ့သိလုံး အပျက်သာမည်တို့ကို အခါခါသုံးသပ်၍ ဆုံးဖြတ်သော ဉာဏ်သည် **သမ္မသနဉာဏ်မည်**၏ဟု- သိကြပြီးလျှင်၊အကြမ်း,အနုတည်းဟူသော ပထဝီအတွေ့,အပူ,အအေး တည်းဟူသော တေဇောအတွေ့, အတိုးအဖြေ့ဘည်းဟူသော ဝါယောအတွေ့ တိုင်းဘို့မှာလည်း၊ တွေ့သိလုံးတွေ ပျက်ပျက်-ပျောက်ပျောက် လိုက်နေကြသည်များကို မကြာမကြာ အခါခါ ဆုံးဖြတ်၍ သုံးသပ်သောဉာဏ် ပိုင်နိုင်ပြန်မှ၊ သမ္မသနဉာဏ်အလုပ်ကြီး ထမြောက်ပြီးစီး၏ဟု သိကြပါလေ ယောဂီမြဘ်တွေတို့။

ဤသမ္မသနဉာဏ် ထက်သန် အားရှိသူ ယောဂီဖြူတို့အတွက် အထက် ဥဒယဗ္ဗယ ဉာဏ်ဘက်သို့ ကူးတက်ဘို့ရာ **တွေ့သိ ဥဒယဗ္ဗယ အနိစ္စ တရားကြီးတွေ့မှာဘုရားစကား** ကျမ်းဂန်များတို့အထဲမှာ၊ နဲနဲကလေးမျှ ဒေါကန္တံမရှိကြ၊ မြို့ပြပြည်ရွာ အိမ်ဘကာတိုင်းတို့မှာ၊ သူ-ငါတို့ အတွင်း၌ သော ဖြစ်ပျက်ခြင်း သဘောအစစ်တွေနှင့် ဒေါကန္တံဖြစ်ပျက်လျက် ရှိနေကြသည်ကို ရှုကြည့်ကြလိုပါမူ၊ ယခင်ရှေက စင်္ကြံနှင့် အားထုတ်ကြရာဝယ်၊ ညာခြေလှမ်းအစ ပစ္စုပ္ပန်တွေ့သိ **ဥဒယ**၊အဆုံးတွေ့သိ (ဝယ) တို့ကိုရင်း၊ တဖန်ဘယ်ခြေလှမ်းအစ ပစ္စုပ္ပန်တွေ့သိ **ဥဒယ**၊ အဆုံးတွေ့သိ(ဝယ)တို့ကို ရင်း၊ တဖန် တတိယ ခြေးလှမ်းစသော ပစ္စုပ္ပန်တွေ့သိတို့အစ (ဥဒယ)၊ အဆုံး(ဝယ)တို့ကိုရင်း၊ မိမိတို့ဉာဏ်မှာ ထင်ရှားသိမြင်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။

ဤစင်္ကြံနှင့်တွေ့သိတို့ **ဥဒယဗ္ဗယကို** အချိုးကျအောင်ရှုကြည့်နိုင်ကြပါမူ။ကြွင်းသမျှသော ပုဒ်ရိုက်သောအခါတို့မှာ၊ ယပ်လေး- ရေးစသည်

အဆင့်ဆင့်တို့၊ ပစ္စုပ္ပန်တွေ့သိအစ (ဥဒယ)၊ အဆုံး(ဝယ) တို့ကိုငင်း၊ချမ်း တုန်း အခါတို့မှာလည်း၊မိုးပူ, နေပူစသည်အဆင့်ဆင့်တို့ ပစ္စုပ္ပန်တွေ့သိ အစ(ဥဒယ၊)တွေ့ဆုံး(ဝယ)တို့ကိုငင်း၊ထိုထိုအဝတ်အစား အသုံးအဆောင် စသော အဝိညာဏက အထည် ဝတ္ထု၊ သဝိညာဏက အကောင်ဝတ္ထု တို့နှင့်၊ အဆင့်ဆင့် တွေ့သိသမျှတိုင်းတို့မှာ၊ ပစ္စုပ္ပန်တွေ့သိ တိုင်းတို့အစ (ဥဒယ၊)တွေ့ဆုံး(ဝယ)တို့ကိုငင်း မကြာမကြာ အခါခါရှုကြည့်လိုက်ပါမူ၊ လွယ်လင့်တကူနှင့်ပင် ထင်မြင် ပေါက်ရောက်နိုင်ကြရာ၏။ ဤ တွေ့သိ ကာယဝိညာဏဓာတ် တရချ်၌၊ အဖြစ်(ဥဒယ)၊အပျက် (ဝယ)တို့ကိုအချက် ကျကျ ထင်မြင်ပေါက်ရောက်ကြအောင် မကြာမကြာ အခါခါ ရှုကြည့်၍ ပိုင်နိုင်ပါမူ၊ **ဥဒယဗ္ဗယ ဉာဏ်** ပိုင်နိုင်ပြန်ပြီးဟု- မှတ်ကြ ပါလေ ယောဂီမြတ်တွေတို့။

ဤ ဥဒယဗ္ဗယဉာဏ် အမြင်သန်ပြန်၍၊ ဘင်ဉာဏ် ထင်မြင်ကြရန် ရှုကြည့်ပုံကား၊ ထိုထိုတွေ့သလုံးတို့၏အစ (ဥဒယ)၊ အဆုံး (ဝယ) တို့ကို ရှုကြည့်သောအခါ၊ တွေ့သိလုံးဖြစ်ပျက်တွေ စိပ်စိပ်လာအောင် အခါခါ ရှုကြည့်ကြကုန်ရာ၏။ ဤသို့ရှုကြည့်၍ စိပ်လွန်းမက တွေ့သိလုံး ဖြစ်ပျက် တွေ စိပ်စိပ်လာကြလျက်၊ တွေ့သိလုံးတို့ (ဥဒယ) အချက်ကို မမြင်ကြဘဲ၊ အပျက် (ဝယ) တမျိုးထည်းကိုသာ ဉာဏ်မှာစွဲမြဲ၍ တွေ့သိလုံးအချက်တွေ တမျိုးတမျိုးစီ ခြားနားပေ၍၊ ချုပ်ပျောက်လိုက်နေသည်ကို ရှုကြည့်လိုမူ၊ နေထွက်သည်က စ၍ နေဝင်သည့်အခါ ကျအောင် များသောအားဖြင့် ပူသိနာမ် အရပ်ရပ် ကာယဝိညာဏဓာတ်တွေ တက်တက်သွားသမျှ ထိုအခါပစ္စုပ္ပန် ဧးသိနာမ်အရပ်ရပ်၊ ကာယဝိညာဏဓာတ် အဆင့်ဆင့် တို့လည်း တဆိတ်ဆိတ် တရိပ်ရိပ်နှင့် အလျင်အမြန် ပျက်ပျက် ပျောက် ပျောက် လိုက်နေသည်တို့ကို ထင်မြင်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။ တဖန်နေဝင်သည်က နေထွက်သည့်အခါ ကျအောင်လည်း၊ များသောအားဖြင့် ဧးသိ ကာယဝိညာဏဓာတ်တက်သမျှ၊ ပူသိ ကာယ ဝိညာဏဓာတ်တို့ တရိပ်ရိပ် ပျက်ပျောက် ရသည်တို့ကိုလည်း မကြာ မကြာ အခါခါ ရှုကြပါလေ။

**တတွေ့တနည်း**မှာ၊ ဆိတ်ငြိမ်ရာအရပ်၌၊ ထိုင်လျက် လက်ကိုပိုက်ကာ ဒိဒိ ကိုယ်ကောင်ကြီး အတွင်းသို့ ဉာဏ်သွင်းခါ ရှုးမိုက် ထားပါ၍၊ တည်ကြည်သော သမာဓိနှင့် ခပ်ကြာကြာကလေး ရှုကြည့်လိုက်ပါမူ၊ အတွင်းရှိ ဣရိယာပထ သဏ္ဍာပဓာတ်မီးတို့ အပြီးတိုင် လောင်မြိုက်

ချက်ကြောင့်၊ ဟိုနေရာက ဗိုးဗိုးစစ်စစ်၊ သည်နေရာက ဗိုးဗိုးစစ်စစ်တို့ဖြစ်ကြ၍၎င်း၊ ဟိုနေရာက ရှိုးရှိုးရွရွ၊ သည်နေရာက ရှိုးရှိုးရွရွတို့ ဖြစ်ကြ၍၎င်း၊ အတွင်းရှိသွေးကြောတွေက သွေးတိုးကြသဖြင့်လည်း၊ ဟိုနေရာက ဒိုးဒိုးဒိတ်ဒိတ်၊ သည်နေရာက ဒိုးဒိုးဒိတ်ဒိတ်တို့ ဖြစ်ကြ၍၎င်း၊ တကိုယ်လုံးတကောင်လုံးကြီးတို့ အတွင်းမှာ အတင်းအဓမ္မ၊ ကိုယ်တွေ့ ကိုယ်သိဒိဋ္ဌပျက်ပျက်လိုက်နေကြသည်များကို ထင်ရှားစွာ ထင်မြင်လာကြကုန်ရာ၏။ ဝါ၊ ထင်မြင်လာအောင် အခါခါ ရှုကြပါလေ။

## (၃၀) သုခဒုက္ခဝေဒနာ ဝိပဿနာ သက်စောင့်တရားကြီးနှင့် သမသိသိ လေးပါးကို ပြချက်

တထွေတနည်းမှာ၊ ကာမဂုဏ်ငါးပါး တို့တွင်လည်း ကိုယ်ပေါက်က ခံစားကြသော ကာမဂုဏ်သည် အကြီးအကျယ် အလွန်အမင်းဆုံး ကာမဂုဏ်ကြီး ဖြစ်နေကြ၍၎င်း၊ ဆင်းရဲ ဒုက္ခ ဝေဒနာတို့တွင်လည်း၊ ကိုယ်ပေါက်က ခံစားကြရသော ဒုက္ခဝေဒနာတို့သည်၊ အကြီးအကျယ် အလွန်အမင်းဆုံး ဆင်းရဲဒုက္ခကြီးများ ဖြစ်နေကြ၍၎င်း၊ ကိုယ်ပေါက်မှာ ဖြစ်ပွါးနေကြပါသော သုခဝေဒနာ, ဒုက္ခဝေဒနာကြီးများကို ဝိပဿနာ ရှုစားကြဘို့၊ ကိုယ်စောင့်, သက်စောင့် တရားကြီးများကို ထင်ရှားအောင် ပြရမှု၊ ခံစားခဲ့ပြီးသမျှ ကိုယ်တွေ့ဒိဋ္ဌ ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်ချမ်းသာ ဟူသမျှတို့သည်၊ တဒင်္ဂ-တခဏမျှ ဖြစ်လာကြပြီးလျှင်၊ အကုန်လုံးကြီးတို့ ပျက်စီး၍ လိုက်နေကြသည့် **အနိစ္စ အစစ်ကြီးတို့** ပါတကား၊ ငါနှင့်သူ, သူနှင့်ငါ ဖြစ်ကြပြီးလျှင် ခံစား၍နေတတ်သူလည်း၊ ဧကန္တ ခံစားမှု ပရမတ်သားတို့အထဲမှာ နဲနဲကလေးမျှ မရှိကြပြား မီးလောင်ထားသည့် ရေငတ်လှသော နွားမိုက်တို့ ဆားငန်ရေများကို သောက်စားလို့လည်း အဆာမပြေရာ၊ငတ်သည်ထက် ငတ်လို့သာနေရရှာသည့်ပမာလို၊ ပါယ်လေးရွာအောက်ငရဲမှာ တဖြစ်ထဲဖြစ်နေကြရန်၊ နောက်နောင်လည်း ခံစားချင်နေပြန်သည့် ကိလေသာ-အဆာအငတ်တွေသာ သေပေါက်, သေဝကြီးတို့မှာ အကွဲခက်-အခွဲခက်လျက် ငရဲဘက်သို့ စွက်ကာနဲ့ကျရောက်ဘို့သာ၊ ၎င်းကိုယ်တွေ့အာရုံ ကာမဂုဏ် တွေဟာ အထပ်ထပ် ပိုမိုသာချက်သက်သက်တို့သာ ဖြစ်ပြီးနေကြပါဘကားဟူ၍၎င်း၊ ထိုတဒင်္ဂ တခဏမျှ၊ ခံစားရခြေား သုခကလေးများနှင့် မကင်းခဲ့သမျှ ရှေးရှေးဘဝ, ရှေးရှေး

ကာလတို့မှာလည်း၊ ကိလေသာ ဒုစရိုက် အမိုက် အမှား တို့နှင့် တကွ၊ ကာယိကဒုက္ခ, စေတသိကဒုက္ခ၊အကောင်မကြီး, အကောင်ထိးကြီးတွေ အဖြစ်က အပါယ်လေးပါးသို့ ကားကနဲ-ကားကနဲ ကျကြရဘိချည်း ခံစားခဲ့ပြီးသမျှတို့သာတည်း ဟူ၍၎င်း၊ အတိတ်ကာမဂုဏ် သုခတို့၏ ပျက်ပျောက်လိုက်ချက် အနိစ္စနှင့်၊ အပြစ်ဒေါသ အာဒီနဝ ဘေး-ဘယကြီး တွေ ထင်မြင်နေကြအောင် မကြာမကြာ အခါခါ ရှုကြပါလေ သူတော်ကောင်းတွေတို့။

နောက်နောင် ခံစားကြရလတ္တံ့သော သုခတို့လည်း၊ ထို့နည်းတူစွာ ပျက်စီးပါ၍ အပါယ်ပြည်မှာ မလွတ်သာဘဲ၊ တဖြစ်ထဲ ဖြစ်နေကြရန် နောင်ထက်နောင်လည်း ခံစားချင်သေးသည့် ကိလေသာ အဆာအငတ်ကြီးတွေသာ အထပ်ထပ် ပိုမိုလာချက် သက်သက်တို့သာ ဖြစ်လတ္တံ့တို့ပါတကားဟူ၍၊ အနာဂတ် ကာမဂုဏ်သုခတို့၏ ပျက်ပျောက်လိုက်သွားကြဦးမည့် အနိစ္စနှင့်၊ အပြစ်ဒေါသ အာဒီနဝ ဘေးဘယကြီးတွေ ထင်မြင်နေကြအောင် မကြာမကြာ အခါခါ ရှုကြပါလေ။

ယခုနေ့-ယခုညဉ့်တို့မှာ ခံစားဆဲ ကာမဂုဏ် ချမ်းသာတို့လည်း၊ မြင့်မြတ်သောဗြဟ္မစရိယသိလမှကင်း၍၊ ယုတ်ညံ့ခြင်းကြီးလှလှ အယုတ်အညံ့ကောင်မ, အယုတ်အညံ့ကောင်ထိးတို့ တသက်လုံးကြီး ဖြစ်နေကြဘိ၊ တဒင်္ဂ-တခဏမျှ ဖြစ်ပေါ်ကြငြား ခံစားတတ်သူ, ခံစားအပ်သူ၊ ထိုနှစ်ယောက်သောသူတို့၏ အတွင်းသား-ခံစားနေဆဲဖြစ်သော အတွင်းသား ခံစားရုပ်, ခံစားနာမ် ကေန် ရှိရှိသမျှတို့သည်၊ အကုန်လုံးကြီး ယခုချက်ခြင်း လက်ငင်း ပျက်စီးကြကာ နောက်နောင်လည်း ခံစားချင်သေးပါသည့် ကိလေသာ-အဆာငတ်ကြီးတွေသာ အထပ်ထပ် ပိုမိုလာချက် သက်သက်တို့သာ ဖြစ်ဆဲဖြစ်နေပါတကားဟူ၍၎င်း၊ ထိုတဒင်္ဂ-တခဏမျှ ခံစားရမှု သုခကလေးများနှင့် မကင်းသမျှ ယခု တဘဝလုံးမှာလည်း၊ ကိလေသာ-ဒုစရိုက် အမိုက်, အမှားတို့နှင့် တကွ၊ ကာယိက ဒုက္ခ, စေတသိကဒုက္ခ၊ အကောင်မကြီး, အကောင်ထိးကြီးတွေ အဖြစ်က အပါယ်လေးပါးတို့ ကားကနဲ-ကားကနဲ ကျကြရဘိ ဖြစ်ဆဲတို့သာတည်း ဟူ၍၎င်း၊ ယခု ခံစားဆဲ ကာမဂုဏ် ချမ်းသာတို့၏ ယခုလက်ငင်း ပျက်ပျောက်နေကြသည့် အနိစ္စနှင့်၊အပြစ်ဒေါသ အာဒီနဝ၊ဘေးဘယကြီးတွေ ဟူသမျှကို ထင်မြင်လာကြအောင် မကြာမကြာ အခါခါရှုကြည့်

ကြပါလေ။ ။ဤသည်တို့ကား၊ ကာယိက သုခဝေဒနာ ပေါက်က ဝိပဿနာ ရှုစားကြဖို့ ကိုယ်စောင့်တရားကြီးတို့ပင်တည်း။

ကာယိကဒုက္ခ ပေါက်က ဝိပဿနာရှုကြဖို့ ကိုယ်စောင့်တရားကြီးတို့ကား၊ အယုတ်ဆုံး ဣရိယာပုထ် တခုထည်းသာ တာရှည်စွာနေထိုင်၍၊ ထုံမှု-ကျင်မှု၊ ညောင်းမှု ညာမှု၊ နာကျင်မှု–ကိုက်ခဲမှု၊ အောင့်အင်းမှု၊ တောင့်တင်းမှု၊ နင့်မှု-ရှူးမှု၊ ယားယံမှု၊ ပူဒုက္ခမှု၊ နွမ်းဒုက္ခမှု၊ ချမ်းဒုက္ခမှု၊ မောဒုက္ခ၊ ပန်းဒုက္ခ၊ ဖျားဒုက္ခ၊ နာဒုက္ခ စသော လောကကြီးနှင့်အပြည့် ရှိရှိသမျှသော ရောဂါအနာတို့ကို အတ္တဒိဋ္ဌိ၊ ငါကောင်, သူကောင်ကြီး တွေနှင့်တွဲဘိ၍၊ ငါနာသည်–သူနာသည်ဟု မဖြစ်ကြစေဘဲ၊ ဒုက္ခအမျိုးမျိုး ပြောင်းလွဲ၍ အမြဲသေဆုံးလိုက်နေချက်တို့ကို အကွက်ကျကျ ရှုလိုကြပါမူကား၊ အမယ်လေး၊ အဘလေးဟု (တ) (သ) ညည်းညူရအောင် ထင်ရှားစွာဖြစ်ပေါ်နေမှု၊ ကျင်နာခံခက်သော ဒုက္ခစုကိုပင် ဉာဏ်နှင့်မိမိ၊ ပြူးပြူး ကြည့်၍၊ ဒုက္ခဒုက္ခ-ဒုက္ခဒုက္ခ ဟူ၍ငင်း၊ သံတုံး, သံခဲကြီးကို မီးရဲအောင် ဖုတ်ထားသောအခါ၊ ၎င်းသံတုံး, သံခဲကြီးအတွင်းသားနှင့်အပြည့် ရဲရဲ ညီသော မီးကလာပ်မှုန့်တွေ ရှိနေကြသကဲ့သို့၊ ခြေလက်ကိုယ်ခေါင်း၊ အပေါင်း–အဖိတ်တို့နှင့် အပြည့်အပြည့် အတွင်းသားရှိသ၍တို့မှာ၊ ရောဂါ နှင့်လျော်စွာ ကျင်နာခံခက်သော ဒုက္ခအစုကြီးတွေကိုပင် ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍၊ ဒုက္ခခြေကြီး၊ ဒုက္ခလက်ကြီး၊ ဒုက္ခကိုယ်ကြီး၊ ဒုက္ခခေါင်း ကြီးတို့ဘဲဟူ၍ငင်း၊ ဒုက္ခကောင်, ဒုက္ခခဲ, ဒုက္ခတုံးကြီးတွေဘဲ ဟူ၍ငင်း၊ ထင်မြင်လာအောင် အနည်းငယ်မျှ နာကျင်စ ဒုက္ခကလေးတို့က အချိုး ကျကျ စီးလားရအောင် အထူးသတိပြု၍ ကြည့်ရှုကြပါလေ။

ဤသို့ အချိုးကျကျ နာကျင်မှုဒုက္ခ ဟူသမျှတို့၌၊ ဝိပဿနာနည်းများ စီးလားရပြီးသား ယောဂီမြတ်အများတို့မှာ၊နောင်အရေးတစုံ ဒုက္ခအချက် ကိုယ်၌ ကြုံသောအခါ၊ ၎င်းအနိဋ္ဌရုပ် ဒုက္ခဝေဒနာတို့ အသစ်အသစ် ပြောင်းက၊ အဟောင်းအဟောင်းတို့ပျက်ရမှု အနိစ္စစုကိုငင်း၊ဆင်းရဲလှမှု ဒုက္ခစုကိုငင်း၊ ပျောက်လဟဲ့ဟု အာဏာပေးကြလို့လည်း အစိုးမရမှု၊ ချမ်းသာပေးတော်မူပါဘုရား ဟု တောင်းပန်ငြား သော်လည်း အလိုသို့ မလိုက်မှု အနတ္တစုတို့ကိုငင်း အခါခါရှုကြည့်ကြရာ၊မိမိတို့ဉာဏ်မှာ အထူး ထင်ရှားလာသော လက္ခဏာရေး တခုခုကိုသာ များစွာ ရှုကြည့်ကြရာ၌၊ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ် စသော ဝိပဿနာ ဉာဏ် ဆယ်ဖြာတို့ အလိုက်သင့်ဖြစ်ပွါး၍၊ အင်္ဂုတ္တိုရ် သတ္တကနိပါတ် အနိစ္စသုတ်

အဘွင့် အဋ္ဌကထာ နံပါတ်(၁၄၀)လာ သမသိသိ လေးဖြာတို့တွင် တပါး ပါး၌ ပါဝင်ကြကာ ခီဏာသဝရဟန္တာ ဖြစ်ကြကုန်ရာ၏။ ထို **သမသိသိ လေးပါးဟူသည်ကား၊** ရောဂါ သမသိသိ, ဝေဒနာ သမသိသိ, ဣရိယာ ပထ သမသိသိ, ဇီဝိတ သမသိသိ ဟူ၍လေးပါးတို့ပေတည်း။ ထိုလေးပါး တို့တွင်၊ ရောဂါ သမသိသိဟူသည်ကား၊ ရောဂါ အနာ စွဲကပ်လာသော ယောဂီမြတ်အများ ယောကျ်ား, မိန်းမ၊ ရှင်ရဟန်း စသည်တို့သည်၊ ငါသည် ဤရောဂါအတွင်းတွင် ကိလေသာကင်းစင်အောင် အဘင်းပင် အားထုတ်မည်ဟု စိတ်ရည်ရွယ်ကာ အားထုတ်ကြရာ၊ ရောဂါပျောက်ငြိမ်း မှုနှင့် ကိလေသာတို့လည်း ကုန်ငြိမ်းမှုတို့ တပြိုင်နက်ထည်း တူမျှကြခြင်း သည် **ရောဂါသမသိသိ** မည်၏။ ယခုကာလ အားထုတ်ကြသူ ယောဂီဖြူ တို့လည်း၊ ရောဂါတွေ့တိုင်းတို့မှာ ရှေးကပြခဲ့တိုင်း အဓိဋ္ဌာန်နှင့် စိတ်ကို ပိုင်းကာ အားထုတ်ပါမူ၊ ဤရောဂါ သမသိသိတွင် ပါဝင်၍ ရဟန္တာ အရှင်ကောင်းကြီးများ အစစ် ဖြစ်သွားနိုင်ကြရာ၏။ ဝါ၊ ဖြစ်သွားနိုင် အောင် မကြာမကြာ အခါခါ ရောဂါတွေ့တိုင်းတို့မှာ အားထုတ်ကြပါ လေ သူတော်ကောင်းတွေတို့။

ဝေဒနာသမသိသိ ဟူသည်ကား၊ ကျန်းမာ ချမ်းသာတုန်းအခါ၊ သုခ ဝေဒနာတခုခုနှင့်ဖြစ်စေ၊ မကျန်းမာ-မချမ်းသာတုန်းအခါ၊ ဒုက္ခဝေဒနာ တခုခုနှင့်ဖြစ်စေ တွေ့ကြုံနေသော ယောဂီမြတ်ဖျား ယောကျ်ား, မိန်းမ၊ ရှင်ရဟန်း စသည်တို့သည်၊ ငါသည် ကျန်းမာ ချမ်းသာ တုန်းအခါ ဤ သုခဝေဒနာ အတွင်းတွင်၊ (တနည်း) ငါသည် မကျန်းမာ မချမ်းသာတုန်း အခါ ဤဒုက္ခဝေဒနာအတွင်းတွင် ကိလေသာကင်းစင်အောင် အတင်းပင် အားထုတ်မည်ဟု စိတ်ရည်ရွယ်ကာ အားထုတ်ကြရာ၊ ကျန်းမာ, ချမ်းသာ မှု သုခဝေဒနာ အစဉ်ချုပ်ငြိမ်းမှုနှင့်၊ (တနည်း) မကျန်းမာ မချမ်းသာမှု ဒုက္ခဝေဒနာစု အစဉ်ချုပ်ငြိမ်းမှုနှင့်၊ ကိလေသာတို့လည်း ကုန်ငြိမ်းမှုတို့ တပြိုင်နက်ထည်း တူမျှကြခြင်းသည် **ဝေဒနာ သမသိသိ** မည်၏။ ယခု ကာလ အားထုတ်ကြသူ ယောဂီဖြူတို့လည်း၊ သုခ အစဉ်တွေ့တိုင်း၊ ဒုက္ခ အစဉ်တွေ့တိုင်းတို့မှာ ရှေးကပြခဲ့တိုင်း အဓိဋ္ဌာန်နှင့် စိတ်ကိုပိုင်းကာ အားထုတ်ကြပါမူ၊ ဤဝေဒနာ သမသိသိတွင် ပါဝင်၍ ရဟန္တာအရှင် ကောင်းကြီးများအစစ်ဖြစ်သွားနိုင်ကြရာ၏။ ဝါ၊ဖြစ်သွားနိုင်အောင် သုခ-ဒုက္ခ ဝေဒနာ အစဉ်ကြီးတို့နှင့် တွဲကြကာ၊ မကြာ မကြာ အခါခါ အားထုတ်ကြပါလေ။

ဣရိယာပထ သမသီသီ ဟူသည်ကား၊ လျောင်း-ထိုင်-ရပ်-သွား လေးပါးသော ဣရိယာပုထ်တို့တွင်၊ မိမိတို့ သပ္ပါယဖြစ်ရာ တပါးပါး သော ဣရိယာပုထ်နှင့် အားထုတ်ကြသော ယောဂီမြတ်များ ယောကျ်ား, မိန်းမ၊ ရှင်ရဟန်း စသည်တို့သည်၊ ငါသည် ဤ ဣရိယာပုထ်အတွင်းတွင် ကိလေသာ ကင်းစင်အောင် အတင်းပင် အားထုတ်မည်ဟု စိတ်ရည်ရွယ် ကာ အားထုတ်ကြရာ၊ မိမိတို့အားထုတ်သည့် ဣရိယာပုထ် ပျက်မှုနှင့် ကိလေသာတို့လည်း ချုပ်ငြိမ်းမှုတို့ တပြိုင်နက်ထည်း တူမျှကြခြင်းသည် **ဣရိယာပထ သမသီသီ** မည်၏။ ယခုကာလ အားထုတ်ကြသူ ယောဂီဖြူ တို့လည်း၊ အားထုတ်ကြသော ဣရိယာပုထ်တိုင်းတို့မှာ ရှေးကပြခဲ့တိုင်း စိတ်ကိုပိုင်းကာ အားထုတ်ကြပါမူ၊ ဤဣရိယာပထ သမသီသီတွင် ပါဝင် ၍ ရဟန္တာအရှင်ကောင်းကြီးများအစစ် ဖြစ်သွားနိုင်ကြရာ၏။ ဝါ၊ ဖြစ်သွား နိုင်အောင် ထိုထို ဣရိယာပုထ် အစဉ်ကြီးတို့နှင့် ဝိပဿနာအလုပ် တွဲကာ တွဲကာ မကြာမကြာ အခါခါ အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဇီဝိတ သမသီသီဟူသည်ကား၊ မိမိတို့ ရှေးကအားထုတ်ခဲ့ရင်း ဝိပဿ နာလုပ်ခင်း တခုခုကိုဖြစ်စေ၊ ရှေးကပြခဲ့ရင်း ဒုက္ခဝေဒနာလုပ်ခင်းကို ဖြစ်စေ၊ သေခြင်းအဆုံးတိုင်အောင် ပိုင်ပိုင်-နိုင်နိုင်ကြီး အားထုတ်ကြပါ သော ယောဂီမြတ်များ ယောကျ်ား,မိန်းမ ရှင်ရဟန်း စသည်တို့သည်၊ သေခြင်းအနီးကပ်ကလေးမှာ အရဟတ္တမဂ်ကိုရရာ၊ ကိလေသာချုပ်ငြိမ်း ပြီးနောက် ပစ္စဝေက္ခဏာ ဇောအဆုံးတွင်မှ စုတိစိတ် ကျရောက်သော် လည်း၊ လောကတွင် ထင်မြင်,ပြောပလောက်အောင် နောက်မကျသော ကြောင့်၊ ကိလေသာကုန်ခြင်း၊ အသက်ဇီဝိန်ကုန်ခြင်း, ထိုနှစ်သင်းတို့၏ တပြိုင်နက်ထည်း တူမျှကြခြင်းသည် **ဇီဝိတသမသီသီ**မည်၏။ ယခုကာလ အားထုတ်ကြသူ ယောဂီဖြူတို့လည်း၊ ရောဂါဖြစ်တိုင်း ဒုက္ခဝေဒနာဖြစ် တိုင်းစသည်တို့မှာ ရှေးက ပြခဲ့တိုင်းစိတ်ကိုပိုင်းကာ အားထုတ်ကြပါမူ၊ ဤဇီဝိတ သမသီသီတွင် ပါဝင်၍ ရဟန္တာ အရှင်ကောင်းကြီးများ အစစ် ဖြစ်သွားနိုင်ကြရာ၏။ ဝါ၊ ဖြစ်သွားနိုင်ကြအောင် သေခြင်းအနီးမှာ နိဗ္ဗာန် ပေါက် ပွဲမြင်ပေးတတ်ကြရန် ဂတိဝိသုဒ္ဓိ အသင်းကြီးကိုလည်း မဖြစ်- ဖြစ်အောင် ထူထောင်ကြကာ အသီးအသီး ကူညာပြီးလျှင်၊ အားကြီးကြီး ထုတ်ကြပါလေ ယောဂီမြတ်တွေတို့။ ။[သံယုတ် အဋ္ဌကထာ၌ကား၊ ဝေဒနာသမသီသီကိုပယ်ရှား၍၊ သမသီသီ ၃-ပါးသာ မိန့်မှာတော်မူ၏။]

ဤသို့ ရောဂါကြီးများနှင့်ငင်း၊ သုခ,ဒုက္ခ ဝေဒနာကြီးများနှင့်ငင်း၊ ထိုထို ဣန္ဒြိယာပုထ်ကြီးများနှင့် ငင်း၊ သေခြင်း အဆုံး ကျအောင်သော ကာလတို့နှင့်ငင်း တွဲဘက်ကြကာ သက်စောင့် ဝိပဿနာ လုပ်ငန်းတွေ အမျိုးမျိုးရှိနေကြသူ ယောဂီဖွဲ့တို့မှာကား၊ သေခြင်းတရားကို တွေ့ကြရန် အထူးကြိဖန်၍ မကြောက်ရာ၊ ဝမ်းတောင်မြောက်ရာ၏။ ဤသက်စောင့် ဝိပဿနာတရား စသည်တို့ မရှိကြသူတို့မှာကား၊ သေခြင်းတရားကို တွေ့ရဘို့မဆိုထားနှင့်ဦး၊ ဧကန္တသေရမည့်စကားမျှကို ကြားကာမတ္တနှင့် မေ့လျော့-ဝေမှိုင်၊ ယိမ်းယိုင်-မှုးလဲ၊ ရင်ထဲ ဖိုထိတ်၊ စိတ် တပူပူ၊ ကြောက်အားယူကာ သေရပါ၍၊ လေးရွာမကင်း သေခြင်းမလျှ၊ဖြစ်တတ်ကြသည်ကို **ဥပမာဆိုသေး**၊ တာဝတိန် ဘုံများက သိကြားမင်းကြီး ကိုယ်တိုင်လာ၍ အများတကာသိကြစေရန်၊ ဧကန်စင်စစ် ဒုဗ္ဘိက္ခကြီး ဖြစ်မည်ဟု ပြောလစ်သောအခါ၊ ကြားရရုံနှင့်သာ လူနုံစွာအများတို့ ကြောက်အားပိုကာ ထိတ်လန့်ကြပါ၍၊ ငင်းကပ်ကြီးနှင့် အဟုတ်တွေ့ကြုံကြရချိန်၊ များစွာဆင်းရဲ၊ သေဘေးထဲသို့၊ ရောက်မြဲမှတ်တာ၊ ကဲ့ပမာအလား၊ သက်စောင့်တရား မရှိကြရသော လူနုံစွာအများတို့ သေပေါက်မှာ မလွဲ၊ ကားကန်–ကားကန်အများ၊အပါယ်သို့ပိုင်းပိုင်းလဲသွားတတ်ကြမှတို့ တူလှ၏။ ။ငင်း သိကြားစကားကို ကြားသိရသောသူထဲက၊ ပစ္စည်းလည်းရှိပြန်၊ အလိမ္မာဉာဏ်နှင့်လည်း ပြည့်စုံပြန်သူတို့ကား၊ ဤ ဒုဗ္ဘိက္ခစကားကို ဖေါက်ကန်ကြားလိုက်က ဝမ်းတွေလည်း မြောက်ကန်-သွားလိုက်ကြပြီးလျှင်၊ ငါ့ စီးပွါးလမ်း၊ တိုးတက်ဘို့စခန်းကြီး ပေါ်ပေါက်လာပြီးဟု-ရရသမျှသော အစာအာဟာရစုတို့ကို ကျီကြီး၊ တိုက်ကြီး၊ စည့်ကြီး၊ ဂိုဒေါင်ကြီးစသည်တို့နှင့် ပြည့်လှအောင် လှောင်ပြီးလျှင်၊ ဈေးကောင်း ရောင်းချင်သော ဆန္ဒနှင့်သာ ကပ်တိုက်ခဲလှပါသည်ဟု မြော်လင့်ကာနေကြရာ၌ ကပ်တိုက်လာသည်ကစ၍၊ ထိုသူတို့မှာ လာဘ်တိုက်လာပြီးလျှင် ကပ်တိုက်၍အပြီးတွင် သူဌေးကြီး-ဖြစ်ကြရမြဲမှတ်တာ၊ ကဲ့ပမာအလား၊ ဂတိ ဝိသုဒ္ဓိအသင်း များနှင့် ပြုပြင်ပေးတတ်ကြစရာ သက်စောင့်တရား၊ ရှိကြငြားရာ၊ လူဟုတ်စွာအများကို သေပေါက်မှာ လှလှ ဖေါက်ပြန်ပျက်စီးကြသည့် **ခန္ဓ**၊ဆင်းရဲလှသည့် **ဒုက္ခ**၊တောင်းပန်လို့လည်းအလိုမလိုက်ကြ၊ အာဏာပေးလို့လည်းအရိုးမရသည့် **အနတ္တဘို့** အလွန်ပင် ထင်ထင်ရှားရှားကြီး ထင်မြင်ပေါက်ရောက်ကြ၍၊ အယုတ်ဆုံး သုဂတိဘဝက နိဗ္ဗာန်ကျအောင် ရောက်ရသူအများ၊ ယောကျ်ား,မိန်းမ၊

ရှင်ရဟန်းစသည်တို့နှင့်ဘူလှ၏။ ဤသည်ကား၊သူများတကာ ထိတ်လန့်ကြောက်ရွံ့ ကြရသော ဒုက္ခဝေဒနာကြီးငယ်၊ အသွယ်သွယ် တို့ကို၊ တကာယ်အဘိုးတန်ကြီးတွေ အစစ်ဖြစ်ကြအောင် စောစော–စီးစီးက သတိဆောင်ကြ၍၊ သက်စောင့် ဂတိဝိသုဒ္ဓိအသင်းသား ကျင့်ဝတ်တရားနှင့် ဝိပဿနာ-ရတနာကြီးများကို ကြိုးစား၍ ရောဂါသမသီသီ ရဟန္တာသူဌေးမင်းကြီးများဖြစ်ပွါးကြရန်၊ အနာရောဂါတည်းဟူသော ကာယိက ဒုက္ခနှင့်၊ ဝိပဿနာအလုပ်ရသည့်၊ ကျိုကြ-ဂိုဏ်းတောင်ကြီးတွေနှင့် အပြည့်အပြည့် သက်စောင့် တရား ဝိပဿနာ ရတနာကြီးများ ရှိနှင့်ကြဘို့ စောစောက သတိရရှိကြပါလေ။

ဝေဒနာသမသီသီ ရဟန္တာသူဌေးမင်းကြီးများ ဖြစ်ပွါးကြရန်လည်း၊ ကာယိကသုခ, ကာယိကဒုက္ခ ဝေဒနာနှင့် ဝိပဿနာ အလုပ်ရသည့်၊ ကျိုကြ-ဂိုဏ်းတောင်ကြီးတွေနှင့် အပြည့်အပြည့် သက်စောင့်တရားဝိပဿနာ ရတနာကြီးများရှိနှင့်ကြဘို့ စောစောကသတိရရှိကြပါလေ။ ။ဣရိယာပထ သမသီသီ ရဟန္တာသူဌေးမင်းကြီးများဖြစ်ပွါးကြရန်လည်း၊ဣရိယာပုထ် လေးပါးနှင့်စပ်၍ အားထုတ်အပ်သော ဝိပဿနာ အလုပ်တရား၊ ကျိုကြ-ဂိုဏ်းတောင်ကြီး များနှင့် အပြည့် အပြည့် သေပေါက် နားမှာ၊ သက်စောင့်တရား ရတနာကြီးများလည်းရှိနှင့်ကြဘို့ စောစောက သတိရရှိကြပါလေ။ ။အယုတ်ဆုံး ဇီဝိတသမသီသီ ရဟန္တာ သူဌေးမင်းကြီးများ ဖြစ်ပွါးကြရန်လည်း၊ မြဲမြံသော သတိ ဝီရိယကြီးတွေ ရှိကြပြီးလျှင်၊ သေခြင်းအဆုံးအထိ ဝိပဿနာအလုပ် ရှိကြအောင် ဂတိဝိသုဒ္ဓိအသင်းဖြစ်အောင် ထူထောင်လျက်၊ နိဗ္ဗာန်ပေါက် ပြုပြင်ပေးကြချက်တည်းဟူသော ကျိုကြ-ဂိုဏ်းတောင်ကြီးတွေနှင့် အပြည့်အပြည့် သက်စောင့်တရား ဝိပဿနာရတနာကြီးများ ရှိနှင့်ကြပြီး၊ သေဝအနီးမှာ မညည်းမညူ မပူ-မပင်၊ တခြားစိတ် မဝင်သာအောင် ပြုပြင်ပေးနည်း လိမ္မာပြီး ဂတိဝိသုဒ္ဓိအသင်းသားတယောက်ယောက်က နားဝမှာ ကြားလောက်ရုံသာ၊ ရှေ့ဒုက္ခဝေဒနာက ပြခဲ့သည့်အတိုင်း တခြားစိတ်များကို မတွေးတော-မပူပန်၊ မကြံစည်နှင့်၊ ဤနာကျင်ခံခက်သော ဒုက္ခအချက်ကြီးကိုသာ ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကာ ဒုက္ခဒုက္ခ ဒုက္ခဒုက္ခ ဟု အခါခါရှုပါဟု မကြာမကြာလည်းပြောပြကြ၊ါ။ အမြဲထာဝရ ဒုက္ခဒုက္ခ ဟူသောအသံကြားနေရအောင် နားဝအနားမှာ ရွတ်ဆိုနေကြပါမူ၊ ၎င်း ဒုက္ခဝေဒနာ ဝိပဿနာဘာဝနာကြီးကို လေ့လာပြီးသား လူမမာများက သတိရ၍၊ ဤ

ဒုက္ခဝိပဿနာကြီးနှင့် တွေ့ကာ သေဆုံးရသည့် လက်ဖြစ်တတွက်အတွင်းမှာ ဝိပဿနာဉာဏ်အဆုံးပေါက်ရောက်ပါ၍၊ ဇီဝိတ သမသီသိ ရဟန္တာ အစစ်၊ဤဘဝတွင် အယုတ်ဆုံး ဖြစ်နိုင်လောက်အောင် အားသစ်ကြရန် အရေးနှင့်၊ စောစောက သတိပေးတရားကြီးများကို ဟောကြားလိုက်ပေ သတည်း။ ။ဩဝါဒ်-သေဘပါးနိုး ဤအရေးအကြီးဆုံးကြီး အချက်များ ကို ထင်မြင်နိုင်ခဲ့စွ၊ ထင်မြင်ကြသည် ဆိုသော်လည်း ပြုပြင်ပေးတတ် အောင် အသင်းမရှိက အပိုစကားမျှအစစ်ဖြစ်ကြလေစွ၊ဖြစ်ကြလေစွ။ ။ ဤ ဘင်ဉာဏ်က အထက်အထက် ဉာဏ်ကြီးတွေသို့ တက်ရဘ့်ကား မခဲယဉ်းလှတော့ပြီဟု သိကြပါလေ။ ။ကာယဝိညာဏဓာတ်၊ ဤတွင် အပြီးသတ်။

---

## (၄၁) မနောဝိညာဏဓာတ်က ဝိပဿနာလုပ်ရပုံကို ပြချက်

မနောဝိညာဏဓာတ်ပေါက်က ဝိပဿနာအလုပ် ပေးရပုံကား။ ပါဠိ ခေါ် **မနောဝိညာဏဓာတ်**၊ မြန်မာခေါ် **မနောသိ**။ ဝါ၊ **ကြံသိသဘော**၊ဤ ၂-ဘာသာတို့သည်၊ ဘယ်ဘာသာမှ အဘိဓမ္မာပရမတ် အမြတ်တရား အစစ်မဖြစ်ကြသေး။ ခေါ်ဝေါ်ပြောဆိုကြသော ဝေါဟာရစကား သဒ္ဒါ ပညတ်များသာရှိသေး၏။ ၎င်းသဒ္ဒါပညတ်များက ဟောကြားပြောဆို အပ်သော အဘိဓမ္မာ ပရမတ်တရားမြတ်အစစ်တို့ကား၊ စတုဝေါကာရ, ပဉ္စဝေါကာရ ပုဂ္ဂိုလ်တိုင်းတို့၏ ဘဝင်မနော အကြည်ဓာတ်တို့နှင့် ထိုက် သည့်အားလျော်စွာ ထိခိုက်ခြင်းရှိသော မျက်စိအကြည်ရုပ်, နားအကြည် ရုပ်,နှာခေါင်း, လျှာ, ကိုယ်အကြည်ရုပ် စောင့်ရှောက် တတ်သည့် ဇီဝိတ ရုပ်စသော ရုပ်ဓမ္မာရုံ ၂၁-ပါးတို့ကို မနောသက်သက်နှင့် သိကြသည့် **ကြံသိ**လုံးပင်တည်း။(တနည်း) မြင်သိ,ကြားသိ,နံသိစသော လောကီစိတ် ဓမ္မာရုံ ၈၁-ခုတို့ကိုလည်း၊ မနောသက်သက်နှင့် သိကြသည့် (ကြံသိ)လုံး ပင်တည်း။(တနည်း)အာရုံ ၆-ပါးတို့ကိုမှတ်သားမှုသညာ၊ခံစားမှုဝေဒနာ စသော စေတသိက် ဓမ္မာရုံ ၅၂-ပါးတို့ကိုလည်း၊ မနောသက်သက်နှင့် သိကြသည့် (ကြံသိ)လုံးပင်တည်း။(တနည်း)ထိုထို အမ,အထီး ပုံသဏ္ဍာန် ထိုထို ဝတ္ထု အထည်စသည့်တို့ ပုံသဏ္ဍာန် အကောင်,အထည်ဒြဗ် စသော ပညတ်ဓမ္မာရုံ အမျိုးမျိုးတို့ကိုလည်း၊ မနော သက်သက်နှင့် သိကြသည့် (ကြံသိ)လုံးပင်တည်းဟု-သဒ္ဒါပညတ် ၂-ပါးနှင့်၊အဋ္ဌပရမတ်တရားတို့ကို

ခြားနားရှ်သိကြရာ၏။ ဤ၌ ဝိပဿနာရှုမှုအရာဖြစ်၍၊လောကုတ္တရာဓမ္မာရုံနှင့် စပ်သော မနောဝိညာဏဓာတ်စုကိုပယ်ထားရ၏ဟု သိကြပြီးနောက်၊ ဝိပဿနာ အလုပ်ပေါက်အောင် အားထုတ်လိုကြမူ၊ ပါဠိခေါ် (ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်အောင်လုပ်)မြန်မာခေါ်(အမှားစင်ကြယ်အောင်လုပ်ရမည်ဟုသိရာ၏။

အမှားစင်ကြယ်အောင် ဘယ့်နှယ်လုပ်ရမည်နည်း။ (မေး)
အမှန်ကို သိအောင်လုပ်။ (ဖြေ)
ဘာမှန်ကို သိအောင် လုပ်ရမည်နည်း။ (မေး)
ပရမတ်မှန်-ပညတ်မှန်ကို သိအောင်လုပ်ရမည်။ (ဖြေ)

ဋ္ဌင်းပရမတ်မှန်တွေဆိုတာ သူ့,ငါတို့ မသိနိုင်တာမျိုးတွေ မဟုတ်ပါ။ ထိုထို သတ္တဝါတွေ၊ငါတို့မနောသက်သက်နှင့် ကြံစည်ကြသောအားဖြင့် နေ့စဉ်အသုံးကျ, နေ့စဉ်အသုံးချနေကြသော (ကြံသိ) လုံး ဟူသမျှတို့ပင် တည်း။ဋ္ဌင်းကြံသိလုံးတို့၏ အစ-အဆုံးနယ်တို့ကား၊ယခုလက်ငင်း မနော သက်သက်နှင့် ကြံစည်နေကြရာတို့မှာ၊ ထိုထို ရုပ်ဓမ္မာရုံ တခုခုကိုဋ္ဌင်း၊ စိတ်ဓမ္မာရုံ တခုခုကိုဋ္ဌင်း၊ စေတသိက်ဓမ္မာရုံ တခုခုကိုဋ္ဌင်း၊ ပညတ်ဓမ္မာရုံ တခုခုကိုဋ္ဌင်း၊ ကြံစည်မှုတို့၏ အစ-အဆုံးတို့ပင် ဋ္ဌင်း (ကြံသိ) လုံးတို့၏ အစ-အဆုံးနယ်ဟု သိကြပါလေ။

ပညတ်မှန်ကို သိပြန်ရအံ့ကလည်း၊ ရှေ့စကားက အကျယ်ပြတိုင်း၊ထိုထို အကောင်, အထည်ဒြပ်တို့၏ အပေါ်ရံကြောက ကလာပ် သဘောချင်း စပ်ဟပ်ကြကာ၊ မျက်လှည့်ရုပ်ဥပမာဖြင့် ပေါ်လွင်ထင်ရှားစွာ တည်ရှိနေကြပါသော ငါကောင်မ,ငါကောင်ထီးစသော ပညတ်ကောင်ကြီးတို့၏ အစအဆုံးနယ်တို့ကား၊ အထင်ခံ, အမြင်ခံအားဖြင့် မွေးဖွားလာတာအစ၊ သေရာကျတော့ အဆုံးဟု ပညတ်မှန်တို့၏ နယ်ကိုလည်း သိပြီးမှ၊ ဋ္ဌင်း ပရမတ်,ပညတ် ၂-ပါးတို့၊ တခုက တခုအို မဖြစ်ကြပုံကား၊ကြံသိပရမတ် အစစ်က ငါကောင်မ-ငါကောင်ထီး စသည့် ပညတ်တို့ ဖြစ်နေကြပါမူ၊ ရှေ့ရှေ့က ကြံသိလုံးတွေ ငါကောင်မ-စသည်တို့ တည်နေသလောက် တသက်လုံး တည်နေနိုင်ရမည်။ ။ဤသို့လည်း မတည်ကြသည့်အတွက် ကြံသိလုံး ပရမတ်အစစ်သည်၊ငါကောင်မ စသည့် ပညတ်မဖြစ်နိုင်လေ။ တဖန်-ငါကောင်မ စသည် ပညတ်တို့ကလည်း၊ကြံသိလုံး ပရမတ်အစစ် ဖြစ်နေကြပါမူ၊ထိုထိုဓမ္မာရုံများကို ကြံစည်ကြသည့် (ကြံသိ) လုံးတို့သေဆုံး ချုပ်ပျောက် အနိစ္စရောက်မှုနှင့် တွဲ၍၊ ငါကောင်မ-ငါကောင်ထီးတို့

ကလည်း ဖုန်းကနဲ-ဖုန်းကနဲလဲ၍ သေသေလိုက်ရမည်။ဤသို့လည်းမသေကြသည့်အတွက် ငါကောင်မ စသည် ပညတ်တွေက ကြံသိလုံး ပရမတ်အစစ်တွေ မဖြစ်နိုင်လေသည်တို့ကို၊ မိမိတို့ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်ပင် တပ်တပ်-ထင်ထင် သိမြင်ကြရသဖြင့်၊ (ကြံသိ) ပရမတ်အစစ်တွေကိုလည်း၊ ငါကောင်မ- ငါကောင်ထီး စသော ပညတ်အစစ်တို့ အထဲကအသီးအခြား ထုတ်နုတ်ထား၍၊ ၎င်းကြံသိတွေဟာ ပရမတ် သက်သက်အတိုင်းသာဟု **ပရမတ်မှန်ကိုင်း၏**၊ ငါကောင်မ- ငါကောင်ထီး စသောပညတ်သက်သက်တို့ကလည်း အတွင်းသား ပရမတ်နယ်ထဲက ထင်ရှားရှိနေကြသော **ရုပ်နာမ်** တို့နှင့် မရော မရှက်ကြဘဲ၊ သမ္မုတိ သစ္စာနယ်ထဲက အကောင်,အထည် ဖြစ် ပညတ်တို့သက်သက် အတိုင်းသာတည်းဟု **ပညတ်မှန်ကိုင်းကြပါ၍**၊ ၎င်းပရမတ် နယ်ထဲက ထင်ရှား ရှိနေကြသော (ကြံသိ)ပရမတ်အစစ်တွေကို၊ငါကြံတယ်-သူကြံတယ်စသည်ဖြင့် ပညတ်အကောင်မ, အကောင်ထီးတို့က ကြံစည်ကြသည် အနေနှင့် မှားကြသည့် **ပရမတ်မှား-သက္ကာယဒိဋ္ဌိ** တွေမှ၊ အူအသည်းထဲကပါ လိုက်လိုက် လှဲလှဲကြီး၊ တကတဲ-အဟုတ်ဘဲ၊ စင်ကြယ်ကြရမှုအလုပ်ကြီး၊အဟုတ်ပြီးစီးကြလေသောကြောင့် မြန်မာခေါ် **အမြင်စင်ကြယ်**။ ဝါ၊ **အမှားစင်ကြယ်မှု**၊ ပါဠိခေါ် **ဒိဋ္ဌိသုဒ္ဓိ**ခုတိုငါတို့တတွေမှာအဟုတ်ပြီးစီးပေပြီဟု ဝမ်းမြောက်ကြပါလေ ယောဂီမြတ်တွေတို့။

ဒိဋ္ဌိဝိသုဒ္ဓိ ပေါက်ရောက်ပြီးနောက်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ထမြောက်ကြရန် ကျင့်ကြံဘို့ကား တခြားမဟုတ်ပါ။ပါဠိခေါ် **ကင်္ခါဝိတရဏသုဒ္ဓိ** မြန်မာခေါ် **ယုံမှားခြင်းစင်ကြယ်သော ဉာဏ်တည်း**၊၎င်းဉာဏ်ကို ဝိသုဒ္ဓိမဂ်က အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်** ဟု မိန့်ဆိုပြန်သည်နှင့်အညီ၊ထို(ကြံသိ)ပရမတ်အစစ်တို့ ဝမ္မာရုံနှင့်စပ်၍ဖြစ်ဖြစ်သချတို့သည်၊ ဘဝင်မနော အကြည်နှင့် ဓမ္မာရုံ ၂-ပါးတို့ကြောင့် ဖြစ်ကြရကြောင်းကို သံယုတ်ပါဠိတော်၌။ ။**မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ**။ ။မနဉ္စ၊ ဘဝင်မနော အကြည်ကိုလည်း။ ဓမ္မေစ၊ ရုပ်ဓမ္မာရုံ ၂၁-ပါး၊ လောကီစိတ်ဓမ္မာရုံ ၈၁-ပါး၊စေတသိက်ဓမ္မာရုံ ၅၂-ပါး၊ ထိုထိုပညတ်ဓမ္မာရုံ အများတို့ကိုလည်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ မနောဝိညာဏံ၊ ကြံသိဟု ဆိုအပ်သော မနောဝိညာဏ်သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ။ဟု-မိန့်ရှိတော်တိုင်း၊ ကောင်း,မကောင်းဓမ္မာရုံတို့ကို မနောသက်သက်နှင့်ကြံစည်နေကြသည့်အဘိဓမ္မာပရမတ် **မနောဝိညာဏ်ခေတ်**

အစစ်တို့ကား၊ ထာဝရဘုရား,သိကြား,ဗြဟ္မာ၊ ဒေဝါ,ဗိဿနိုး၊အမျိုးမျိုးတို့က ဖန်ဆင်းကြလို့ ဖြစ်ရသည်မဟုတ်၊ မီးခတ်နှင့် မီးခတ်ကျောက်တို့ တိုက်ခိုက်မိကြသော အခါမှသာ အာဂန္တုက မီးပွင့်ငယ် ဖြစ်ပေါ်လာသကဲ့သို့၊ မနော အကြည်ဓာတ် ပရမတ်နှင့်၊ ထိုထို ဓမ္မာရုံတို့ တိုက်ခိုက်ပေါင်းဆုံမှု အကြောင်းစုကြောင့် အာဂန္တုက၊ တခဏမျှ (ကြံသိ) ပရမတ် အကျိုးဓာတ်တွေ ဖြစ်ပေါ်လေ၏ဟု-မိမိတို့ဉာဏ်မှာ ရှင်းလင်းစွာ ထင်မြင်ပါမူ၊ အကြောင်းကို သိမ်းဆည်းသည့် **ပစ္စယပရိဂ္ဂဟဉာဏ်** တရပ်၊ မနော ဝိညာဏဓာတ်၌ ပြီးစီး၍၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိကြီး အလုပ်လည်း၊ ထမြောက် ပြီးစီး၏ဟူ၍ မှတ်ကြပါလေ ယောဂီမြတ်အပေါင်း သူတော်ကောင်းတွေတို့။

[ဤဝိညာဏဓာတ် ၆-ပါးတို့၌၊ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါ ဝိတရဏဝိသုဒ္ဓိ ၂-ပါးတို့ကို အလုပ်ပေးနည်း အတူတူချည်းပင် ဖြစ်သော်လည်း၊ ဉာဏ်လေးသူများလည်း တိုက်ရိုက်သိ။ ဉာဏ်ကြီးသူများလည်း အထပ်ထပ်ဉာဏ်ပွါးစီးကြရန်၊ကရုဏာသန်သန်နှင့်အဖန်ဖန်ရေးပြလိုက်ပေသတည်း။]

ကြံသိ-မနောဝိညာဏဓာတ်ပရမတ်အစစ်၌၊ဒိဋ္ဌိကင်္ခါ၊ဝိသုဒ္ဓိ ၂-ဖြာတို့ ပေါက်ရောက်ကြပြီးသော ယောဂီအများ၊ ယောကျာ်း, မိန်းမ၊ ရှင်ရဟန်း စသည်တို့မှာ ဝိပဿနာဉာဏ်ဆယ်ဖြာတို့တွင် အရင်းအစ သမ္မသနဉာဏ် ထင်မြင်ကြရန် ကျင့်ကြံစဉ်, အားထုတ်စဉ်တို့ကား၊ ကြံသိမနောဝိညာဏ ဓာတ်၊ ပရမတ်အစစ်တို့ကို ဝိပဿနာ ရှုလိုကြပါမူ၊ ရှေ့က ပြခဲ့ပြီးသော စကြိုသည်တို့နှင့်၊ ထိုထို ဝိညာဏဓာတ်ပျက် အနိစ္စတို့ကို ရှုရှု ရှုရှုလိုက်နေသော ဝိပဿနာ ကြံသိလုံးတို့သည်၊ သူ့ဝိညာဏဓာတ်တွေ ပျက်ပျက်လိုက်နေမှု အာရုံစုနှင့်၊ငင်းအနိစ္စအာရုံတို့ကို ရှုရှုလိုက်နေသော ဝိပဿနာမှု၊ သူ့မနောဝိညာဏဓာတ် အစုတို့ အတွဲလိုက်-အတွဲလိုက်၊ ပျက်ပျက်-ပျောက်ပျောက် သေသေလိုက်မှု အနိစ္စအစစ်စုတို့သာတည်းဟု-ယခုရှုဆဲ မနောဝိညာဏဓာတ် ဝိပဿနာသန္တတိ၊ ပစ္စုပ္ပန် ကြံသိပျက်နှင့် တကွ၊ အတိတ်,အနာဂတ်တို့မှာ ကြံကြံသမျှသော (ကြံသိ)ပျက် သာမည အနိစ္စတို့ကို အခါခါသုံးသပ်၍ ဆုံးဖြတ်သောဉာဏ်သည် **သမ္မသနဉာဏ်**မည်၏။ ဤ၌ လိုရင်းအချုပ် အဓိပ္ပါယ်တို့ကား၊ရှေ့ကမြင်သိပျက်စသော ဝိညာဏ ဓာတ်တို့ကို ဝိပဿနာရှုရာမှာ၊ ငင်းပဥ္စဝိညာဏဓာတ်တို့အပျက်ကို ရှုရမှုကိုသာ ပြသည်။ ယခုမှာမူကား၊ ရှုအပ်သော ပဥ္စဝိညာဏ ဓာတ်တို့သာ

ပျက်သည်မဟုတ်၊ ၎င်းဝိညာဏ်ခဓာတ်တို့၏ အပျက်ကိုရှုတတ်သည့် မနော ဝိညာဏဓာတ် ဝိပဿနာ-ကြိသိ စိတ်တို့ပါ ၎င်း ပဥ္စဝိညာဏဓာတ်တို့ နှင့် အတွဲလိုက်-အတွဲလိုက် ချုပ်ပျက်ကြကုန်၏ဟု မြင်သိပျက် စသည်ကို ဝိပဿနာရှုရင်းထဲမှာ ကြိသိမနောဝိညာဏဓာတ် အပျက်ကိုလည်း တွဲ၍ ရှုရ၏ ဟုလိုသည်။ သည်သာမကသေး၊ ရုပ်ပျက်တို့ကို ဝိပဿနာရှုရာ၌ လည်း၊ ရုပ်သာ ပျက်သည်မဟုတ်၊ ရှုတတ်သော မနောဝိညာဏဓာတ် ဝိပဿနာစိတ်သည်လည်း၊ ၎င်းရုပ်ပျက်နှင့် အတွဲလိုက်-အတွဲလိုက် ချုပ် ပျက်၍ လိုက်နေ၏ဟု ရုပ်ကို ဝိပဿနာရှုရင်းထဲမှာ တွဲ၍လည်း ရှုရာ၏ ဟုလိုသည်။

ထိုမှတပါး၊ ဝိပဿနာရှုပြေားတာမဟုတ်ဘဲ၊အာရုံ ၆-ပါးတို့ကို မနော သက်သက်နှင့် ကြိကြိသမျှ(ကြိသိ)လုံးတို့တွင်လည်း၊ အာရုံတခုထည်းကို အထပ်ထပ်ကြိနေမှု၊ကြိသိလုံးတွေ အသစ်ပြောင်းသမျှ၊ ကြိသိဟောင်းတို့ အဆင့်ဆင့် ပျက်ပျက်လိုက်မှု ဉာဏ်တွေ့ဒိဋ္ဌ အနိစ္စစုကိုရင်း၊ အာရုံတခု ထည်းမဟုတ် အာရုံအမျိုးမျိုးတို့ကို ကြိနေကြမှု၊ အသစ်အသစ် ကြိသိ လုံးတွေပြောင်းလျှင်၊အဟောင်းအဟောင်း ကြိသိလုံးတို့လည်း ပျက်စီး၍ လိုက်နေကြမှု အနိစ္စစုကိုရင်း၊ မကြာမကြာ အခါခါရှုကြည့်ကြ၍ ထင်မြင် ကြသောအခါ၊ ကြိသိနှင့်စပ်သမျှသော သမ္မသနဉာဏ်ကိုလည်း ပိုင်နိုင် ပြန်၏။ ဝါ၊ ပိုင်နိုင်ပြန်အောင် မကြာမကြာ အခါခါရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။

ဤသမ္မသနဉာဏ် ထက်သန်အားရှိသူ ယောဂီဖြူတို့ အတွက်၊အထက် ဥဒယဗ္ဗယ ဉာဏ်ဘက်သို့ ကူးတက်ဘို့ရာ **ကြိသိလုံး ဥဒယဗ္ဗယ အနိစ္စ တရားကြီးတွေဟာ** ဘုရားစကား ကျမ်းဂန်များတို့ အထဲမှာ၊နဲနဲကလေးမျှ ကောန့်မရှိကြ။ မြို့ပြ ပြည်ရွာ ဇိမ်ဓိတကာတို့မှာ သူငါတို့အတွင်း ၌သာ ဖြစ်ပျက်ခြင်း သဘောအစစ်တွေနှင့် ကောန့်ဖြစ်လျက် ရှိနေကြသည်ကို ရှုကြည့်ကြလိုပါမူ၊ ယခင်-ရှေ့ကပြခဲ့တိုင်း ဝိညာဏဓာတ်ပျက် တခုခုကို၊ ရှုကြည့်ခဲ့သော **ကြိုး** ဝိပဿနာဉာဏ်၊ သင်္ခတိပစ္စုပ္ပန်အစဉ် တခုတခု တို့၏ ရှုစဥ္ဒယ၊ ရှုဆုံးဝယတို့ကို ထင်မြင်ပေါက်ရောက်အောင် ရှုကြည့် ကြပါလေ။ ဤ၌ နာမ်တို့မည်သည်၊ ၂-ခုပြိုင်၍ ဖြစ်ရိုးမရှိ။ တခုဖြစ်ပြီးမှ တခု ဖြစ်ရသောကြောင့်၊ မိမိတို့၏ ရှုခဲ့ခဏပစ္စုပ္ပန်တို့၏ ဖြစ်ပျက်ကို နောက်အခြားမဲ့ ဝိပဿနာဉာဏ်တို့က မရှုနိုင်ကြလေသောကြောင့်သာ ရှေ့ရှေ့ရှုခဲ့ သင်္ခတိတို့၏ ရှုစ(ဥဒယ၊)ရှုဆုံး(ဝယ)တို့ကို ထင်မြင်အောင်

ရှုရ၏ဟု ဆိုအပ်ပေသတည်း။ အချို့သူတို့က မိမိတို့ခန္ဓာ ပစ္စုပ္ပန်နာမ်ပျက်ကို ထင်မြင်အောင် ဝိပဿနာ ရှုနိုင်၏ဟု အထင်ကြီးတတ်၏။ခန္ဓာပစ္စုပ္ပန်နာမ် ၂-ချပြိုင် မဖြစ်နိုင်သည့် အချက်ကို၊ သက်သက် မသိ၍သာ အထင်ကြီးရှာသည်ဟု မှတ်ပါလေ။ ဤ ဝိညာဏခေတ်ပျက်ကို ရှုကြည့်သည့် ဝိပဿနာ ကြံသိတိုင်းတို့၏ ရှုစ (ဥဒယ၊) ရှုဆုံး (ဝယ) တို့ကို ထင်မြင်ပေါက်ရောက်နိုင်ကြပါမူ၊ ရုပ်ပျက်တို့ကို ရှုကြည့်သည့် ဝိပဿနာကြံသိလုံးတို့၏ ရှုစ (ဥဒယ၊) ရှုဆုံး (ဝယ) တို့ကိုလည်း ထင်မြင်ပေါက်ရောက်နိုင်ကြကုန်ရာ၏။ ။ထိုမှတပါး၊ ဝိပဿနာရှုတာ မဟုတ်ဘဲ၊အာရုံ ၆-ပါးတို့ကို မနောသက်သက်နှင့် ကြံကြသမျှ ကြံသိလုံးတို့တွင်လည်း၊ အာရုံတခုထည်းကို အဆင်ထပ်ကြံနေမှု၊ ထိုကြံ သိလုံး အဆင့်ဆင့် တို့၏ အစ (ဥဒယ၊) အဆုံး (ဝယ) တို့ကိုရင်း၊ အာရုံတမျိုးဘမျိုးတို့ကို အသစ်အသစ်ကြံသိလုံးတို့ ဖြစ်မှု(ဥဒယ) စဖြစ်က၊ အဟောင်းအဟောင်း ကြံသိလုံးတို့ပျက်မှု(ဝယ)စတို့ကိုရင်း ထင်မြင်ပေါက်ရောက်နိုင်ကြရာ၏။ ၁၊ ထင်မြင်ပေါက်ရောက် နိုင်အောင် မကြာ မကြာ အခါခါ ရှုကြည့်ကြပါလေ။ ဤသို့ ရှုကြည့်၍၊ ထိုထို ကြံသိလုံးတို့ အစ (ဥဒယ)၊ အဆုံး (ဝယ) တို့ကို သိမှတ် ပိုင်နိုင်ပါမူ၊ ဥဒယဗ္ဗယဉာဏ်ကို ပိုင်နိုင်ပြီးဟူ၍ မှတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤ ဥဒယဗ္ဗယဉာဏ် အမြင်သန်၍၊ ဘင်္ဂဉာဏ် ထင်မြင်ကြရန် ရှုကြည့်ပုံကား၊ ထိုထို ကြံသိလုံးတို့၏ အစ (ဥဒယ၊) အဆုံး (ဝယ) တို့ကို ရှုကြည့်ကြသောအခါ၊ ကြံသိလုံး ဖြစ်-ပျက်တွေ စိပ်စိပ်လာအောင် ရှေ့ကပြခဲ့သော ဝိညာဏ်ခေတ်တို့ အပျက်ကိုရှုသည့် ဝိပဿနာ ကြံသိတိုင်းတို့၏ ဥဒယဗ္ဗယတို့ကိုရင်း၊ ရုပ်ပျက်များကို ရှုစားသော ဝိပဿနာကြံသိတိုင်းတို့၏ဥဒယဗ္ဗယတို့ကိုရင်း၊ဝိပဿနာရှုတာမဟုတ်ဘဲ၊ မနောသက်သက်နှင့် ကြံစည်ကြသမျှသော ကြံသိတိုင်းတို့၏ ဥဒယဗ္ဗယတို့ကိုရင်း၊ စိပ်သည်ထက် စိပ်စိပ်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။ဤသို့ရှုကြည့်၍ စိပ်လွန်းမက ကြံသိလုံးဖြစ်ပျက်တွေ စိပ်စိပ်လာကြလျက်၊ အဖြစ် ဥဒယ အချက်ကို မမြင်ကြဘဲ၊ အပျက်ဝယ တချက်ထည်းကိုသာ ဉာဏ်၌မြင်၍ ကြံသိလုံးသဘောတွေ တမျိုးဘမျိုးစီ ခြားကား-ခြားကာ ပျောက်ပျက်၍လိုက်နေတာကိုသာ ရှုမြင်နိုင်ပါမူ၊ဘင်္ဂဉာဏ် ပိုင်နိုင်ပြန်ပြီးဟု မှတ်ကြပါလေ။ ဤဘင်္ဂဉာဏ် အလွန်လျင်မြန်အောင် ပိုင်နိုင်ပြန်၍၊ အထက် အထက် ဉာဏ်ကြီးတွေသို့ တက်ရန်ကား မခဲယဉ်းတော့ပြီ ဟူ၍သိ။ ။[ ဤကြံသိ

မနောဝိညာဏခေါ်တ် အရပ်ရပ်ထူးဆန်းပုံများကို သိလိုသေးမူ၊ငါတို့ရေးထုတ်လိုက်သော ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်စာအုပ် (၁၉၃) နံပါတ်မှာကြည့်ကြပါလေ။]

ကြံသိစခန်း နိဋ္ဌိတံ။

## (၄၂) ဝိညာဏခေါ်တ် ၆-ပါး၊ အနိစ္စများကို တပြိုင်နက် ဝိပဿနာ ရှုခါးပုံနှင့်၊ နေ့စဉ် သူတော်ကောင်းစာရင်း ရှင်းလင်းချက်ဘား

ဤဝိညာဏခေါ်တ် ၆-ပါးတို့ လက်ပြစ်တတွက်ကာလမှာ နာမ်တို့က ကုဋေ,တသိန်းမက၊ ရုပ်တို့က ကုဋေငါးထောင်ကျော်မက အဖြစ်အပျက်မြန်လှ၍ ခြေဘလှမ်းတွင်းမှာပင်၊ထို ၆-ဝိညာဏ်နှင့်တကွ အာရုံ ၆-ပါး၊ ဒွါရ ၆ ပါး၊ နာမ်ရုပ် အမျိုးမျိုးတရားတို့လည်း အကြိမ်ကြိမ် အထပ်ထပ်ဖြစ်ပျက်နေလတ်သည်ကို တပေါင်းထည်း သန္တတ်ပျက်မှုနှင့် ဝိပဿနာရှုလိုပါမူ၊နှာခေါင်းမှာ အနံ့သင်ရှားသည့် ပရုပ်ဆီစသည်ကို သုတ်၍ထား၊ ခံတွင်းမှာ ဗလရှင်ဆေးစသည် တခုခုကိုလည်း ငုံ၍ထားပြီးလျှင်၊အောက်အခင်းတွင်ရှိသမျှ အဆင်းတို့ကို ရှုကြည့်ကြကာ ညာခြေကို ခပ်ဆောင့်ဆောင့်အချမှာ ခြေချသံကို ကြားသိလုံးနှင့် တကွ၊ နားရုပ် - ခြေသံရုပ်တို့ကလည်း၊ဖြုတ်ကနဲ-အသံဖြစ်ပေါ် ပြီး ပျက်စီးကြချက်၊ဤခေါ်တ်သုံးပါးလုံးအပျက်ကိုလည်း ကြားသိဉာဏ် အပျက်နှင့် တွဲဘက်၍ ရှုကြပါ။

၎င်းညာခြေအချမှာ၊အောက်အခင်းကို ထိမှန်းသိသောတွေ့သိ လုံးနှင့်တကွ၊ ငယ်ထိပ်ကျအောင် တကိုယ်လုံးကြီး သိမ့်သိမ့်တုန်ပြီး တကိုယ်လုံး အတွင်းရှိ ကိုယ်ရုပ်တို့ အောက်မြေအပြင်က အတွေ့ရုပ်တို့လည်း၊ ထိတ်ကနဲ ထိခိုက်၍ ပျက်စီးကြချက်၊ ဤခေါ်တ်သုံးပါးလုံးအပျက်ကိုလည်း တွေ့သိဉာဏ် အပျက်နှင့် တွဲဘက်၍ ရှုကြပါ။ ။၎င်းညာခြေ အချမှာ အောက် အခင်းက အဆင်းကိုကြည့်သော မြင်သိလုံးနှင့်တကွ၊ မျက်စိရုပ် ၎င်းအဆင်း ရုပ်တို့ကလည်း၊ ဖြုတ်ကနဲမြင်ပြီး ပျက်စီးကြချက်၊ ဤခေါ်တ်သုံးပါး အပျက်ကိုလည်း မြင်သိဉာဏ် အပျက်နှင့် တွဲဘက်၍ ရှုကြပါလေ။ ။၎င်း ညာခြေလှမ်းအချမှာ ပရုပ်ဆီစသည်တို့ကို နမ်းသော နံ့သိလုံးနှင့် တကွ၊ နှာခေါင်းရုပ်,အနံ့ရုပ်တို့ကလည်း ဖြုတ်ကနဲ နံ့ပြီး ပျက်စီးကြချက်၊ ဤခေါ်တ်သုံးပါး အပျက်ကိုလည်း နံ့သိဉာဏ် အပျက်နှင့်တွဲ

ဘက်၍ရှုကြပါလေ။ ။ငင်းညာခြေလှမ်းအချမှာ ဗလရှင်သေးစသည်ကို ငုံထားသည့် အရသာကို သိသည့် ဇိဝှာဝိညာဉ်လုံးနှင့်တကွ၊ လျှာရုပ်-အရသာရုပ်တို့ကလည်း ဖြုတ်ကနဲ အရသာကိုသိပြီး ပျက်စီးကြချက်၊ ဤခါတ်သုံးပါး အပျက်ကိုလည်း လျှာသိဉာဏ်အပျက်နှင့် တွဲဘက်၍ ရှုကြပါလေ။ ။ငင်းညာခြေလှမ်းအချမှာ ရှေ့ကပြခဲ့သော ငင်းဝိညာဏ်ငါးပါးနှင့် ရုပ်တရားတို့ အပျက်ကို ရှုသော ဝိပဿနာ (ကြံသိ) လုံးနှင့် တကွ၊ ဘဝင်မနောအကြည် ကြံသိလုံး အမှီရုပ်၊ ကြံစည်အပ်သော နာမ်ရုပ်တို့ကလည်း ဖြုတ်ကနဲ အနိစ္စဟု- ဝိပဿနာရှုပြီး ပျက်စီးကြချက်၊ ဤမနောခါတ်, မနောဝိညာဏ ခါတ်, ဓမ္မခါတ်သုံးပါးတို့၏ အပျက်ကိုလည်း ကြံသိဉာဏ်အပျက်နှင့် တွဲဘက်၍ရှုကြပါလေ။ ။ဤဝိညာဏခါတ် ၆-ပါးတို့ အပျက်နှင့်တွဲဘက်၍ အတိုက် အာရုံခါတ် ၆-ပါး၊ အခံဒွါရခါတ် ၆-ပါးတို့ ညာခြေလှမ်းချက်၊ ရုပ်အမူအရာ အပျက်ထဲမှာ အကုန်လုံး တပြိုင်နက် လိုလိုပင် ထင်မြင်နိုင်ကြကုန်ရာ၏။ ဝါ၊ ထင်မြင်လာအောင် မကြာမကြာ အခါခါစဉ်းစားကာ စဉ်းစားကာ ဖြေးညှင်းသက်သာစွာ ညာခြေကိုလှမ်းကာ ရှုကြည့်ကြပါလေ။ ဘယ်ခြေစသည်တို့ အလှမ်းအလှမ်းတိုင်းအချက်၊ ရုပ်အမူအရာပျက်တို့အထဲမှာလည်း ဝိညာဏ် ၆-ပါး ခါတ်အများတို့ အပျက်တို့ကိုလည်း၊ ထင်ရှားစွာထင်မြင် ပေါက်ရောက်လာအောင် မကြာမကြာ အခါခါစဉ်းစားကာ- စဉ်းစားကာ ဖြေးညှင်းသက်သာစွာ ဘယ်ခြေ-စသည်တို့ကို လှမ်းကာ-လှမ်းကာ ရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။

ဤ၌ အာရုံခြောက်ပါးက အတိုက်ခါတ်တို့တည်း။ ဒွါရခြောက်ပါးက အခံခါတ်တို့တည်း။ ငင်းအတိုက်ခါတ်,အခံခါတ်နှစ်ပါးစုံတို့ ထိခိုက်ကြသောအခါမှသာ ဖြစ်ပေါ်လာသော အသိခါတ်ခြောက်ပါးတို့နှင့် တကွ၊ ကြံစည်သိရှိနေကြမှုတို့ကား၊အသိဝိညာဏခါတ်တို့ပေတည်း။ဤအတိုက်အာရုံခြောက်ပါး၊ အခံဒွါရခြောက်ပါး၊ အသိဉာဏ်နှင့်တကွ ဝိညာဏ်ခြောက်ပါးတို့ ခြေလှမ်းတိုင်း လှမ်းတိုင်းတို့မှာ သန္တတိပျက်အားဖြင့် တပြိုင်နက် တွေ့ပျက် တွေ့ပျက်တို့ဖြစ်ကြကာ ထိုထိုဒွါရအာရုံတို့က နာမ် ဝိထိသိလုံး၊ ပြောင်းပြောင်းသမျှအစဉ် အဆက်တို့မှာ၊ ပျက်၍ ပျက်၍သာ လိုက်နေကြရသည်တို့ကို ရှုကြည့်ပွါးများ အားသစ် သွားကြစေလို၍၊- **အတိုက်အခံ၊သိဉာဏ်တော့ ပျက်၊စဉ်အဆက်မှာ၊ ထို့နည်းသာ၊ ပြိုင်ကာ ပျက်၍လိုက်။** ။ဟု ဝိသုဒ္ဓိ ဆောင်ပုဒ်မှာ ရေးထုတ်လိုက်ပါသတည်း။

ဤဇေကာဒသမ,ရက် အပြီးသတ်တို့မှာလည်း၊ မိမိတို့ နေရာကျတော့ နေ့စဉ်စကြံနှင့် အနည်းဆုံး တနေ့တနေ့လျှင် သုံးခေါက်ကျစီ အားထုတ်ပါမည်ဟုအဓိဋ္ဌာန်ထားကာ အားထုတ်ကြစရာကို ရှေ့ကပြခဲ့ပြီးသော ခြေတလှမ်းတလှမ်းတို့အထဲတွင်၊ တပေါင်းထည်းတွဲစရာ အောက်အခင်းက အဆင်းစုကိုမြင်သိပျက်၊ ခြေသံကိုကြားသိပျက်၊ မြေကိုခြေနှင့် တွေ့သိပျက် ဝင်းအပျက် သုံးပါးတို့ကို ဝိပဿနာ ရှုကြည့်သည့် ကြံသိပျက် ပေါင်း အပျက်လေးပါးတို့ကို ခြေတလှမ်း တလှမ်းတို့မှာပင် စွဲမြဲစွာထင်မြင်လာအောင်၊ ယနေ့ညဥ့် အခါ စသည်တို့မှာ ဖြေးညှင်း သက်သာစွာ စင်္ကြံ အခေါက်များစွာသွားကြရင်း စဉ်းစား၍ အားထုတ်ကြပါလေ။ ။နည်းတထွေမှာ၊အနည်းငယ်မျှ ဒုက္ခဝေဒနာတို့ဖြစ်စက ဝိပဿနာအချိုး ကျကျ အလုပ်ရကြအောင် ဒုက္ခဒုက္ခ-ဒုက္ခဒုက္ခဟု မိမိတို့လည်းရှုကြ၊ ဒုက္ခရောက်သူရှိက အချင်းချင်းလည်း သတိပေးကြပါလေဟု- တိုတို တုတ်တုတ်နှင့် နိဂုံးချုပ်တရားကိုလည်း ပြောကြားကြပါလေ။

နည်းတထွေကား၊ ထိုထိုနေ့အပြီးသတ်,ညဥ့် အပြီးသတ်တို့မှာလည်း၊ ဒွါရ ခြောက်ပါးဖြင့်၊ အာရုံ အစားစားတို့ကို နေ့စဉ်ခံစားခဲ့ သမျှသော သုခ,ဒုက္ခတို့အရနှင့် ဖြစ်ပွါး၍နေကြသော ကိလေသာ ဒုစရိုက်မိုက်မှားပြီး၊ မိုက်မှားဆဲ၊ မိုက်မှားလတ္တံ့သော အချက်များကို၊ နေ့စဉ်စာရင်းရှင်းသောအားဖြင့် ပယ်ရှားသုတ်သင်၊ ကိလေသာကင်းစင်အောင် ပြုကျင့်ကြရပုံကား။ ။ဤ လောကမှာ တွက်ခြေကျ ဇယား အသစ်အသစ်တို့နှင့်၊စံနစ်ကျကျ ရောင်းဝယ်ဖေါက်ကားနေကြသော ကုန်သည်ကြီး,သူဌေးကြီးတို့သည်၊ထိုထိုနေ့ည၊လ,နှစ်တို့ကရောင်းခဲ့,ဝယ်ခဲ့သမျှသော စာရင်းတို့ကို၊ ထိုထိုနေ့ညအကုန်၊ လ,နှစ်တို့အကုန်တွင်၊ အမြဲစာရင်းတို့ကို ရှင်းကာ ရှင်းကာ စာရင်းချုပ်ထားကြရဘိသကဲ့သို့၊ဤယခုအခါတို့မှာ ဘဝကောင်း,ကာလကောင်းကြီးများကို ရရှိတော်မူကြပေကုန်သော ရဟန်းရှင်လူ၊ ပြည်သူပြည်သား၊ ယောကျ်ား,မိန်းမ၊ ဘိုးသူတော်, မယ်သီလ စသည်များတောင်း သူတော်ကောင်း သူဌေးမင်းကြီး အပေါင်းတို့သည်လည်း၊ ညချမ်းအခါ၊ အိပ်ရာဝင် စသည်တို့မှာ အမြဲနိစ္စ **ခံစားမှု စာရင်း နေ့စဉ် ရှင်းမဟဲ့** ဟု အဓိဋ္ဌာန်ပြုကြ၍၊ သူတော်ကောင်း **စာရင်းချုပ်များ ပြုလုပ်ရှင်းလင်းဆားကြပုံကား**။ ။ဩော်......ငါတို့မှာ၊ယခုနေ့ကမျက်စိနှင့် ခံစားခဲ့သမျှ ကြည့်လို့ကောင်းလုံး,မကောင်းလုံးတို့သည်ဝင်း၊နားနှင့် ခံစားခဲ့သမျှသော ကြားလို့ကောင်းလုံး, မကောင်းလုံး တို့သည် ဝင်း၊

နှာခေါင်းနှင့်ခံစားခဲ့သမျှသော နံ့လို့ကောင်းလုံး,မကောင်းလုံးတို့သည် ၎င်း၊ လျှာနှင့် ခံစားခဲ့သမျှသော လျက်လို့ကောင်းလုံး, မကောင်းလုံးတို့ သည်၎င်း၊ ကိုယ်နှင့်ခံစားခဲ့သမျှသော တွေ့လို့ ကောင်းလုံး, မကောင်းလုံး တို့သည်၎င်း၊ မနောသက်သက်နှင့် ခံစားခဲ့သမျှသော ကြံလို့ကောင်းလုံး, မကောင်းလုံးတို့သည်၎င်း၊ ယခုဆင်ခြင်ဆဲအခါတို့မှာ တတိုတစမျှ မရှိ ကြဘဲ၊အားလုံးကြီးတို့ပျက်ပျောက်၊အနိစ္စရောက်ခဲ့ကြသည်တို့ကို ကြည့်၍ အနိစ္စ-အနိစ္စဟု-သုခ, ဒုက္ခအရပ်ရပ်တို့အပေါင်း၊ ဝိညာဏခတ်အရပ် ရပ်တို့ အပေါင်း အနိစ္စတို့ကိုလည်း၊ အနည်းဆုံး တနေ့ ပုတီးတပတ်ကျစီ လောက် ရှုကြည့်ကြပါလေ သူတော်ကောင်း ရှိသမျှတွေတို့။

တဖွေဘနည်းမှာ၊ဇွိပ်ရာနိုးသည်ကစ၍၊ယခုသူတော်ကောင်းစာရင်း ရှင်းသည့် အခါကျအောင်၊ မျက်စိနှင့် ထင်ရှားကြည့်ခဲ့, သိခဲ့သမျှသော မြင်သိဟောင်းတွေ၊ တထောင်းထောင်း ပျက်လိုက်နေကြသော အစဉ် အဘိုင်းတို့ကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကြပြီး အနိစ္စ-အနိစ္စဟု ထင်မြင် အောင် ရှုကြပါလေ။ ထိုသို့ ထင်မြင်ကြသောအခါ ဆင်ခြင်ရမှာကား၊ ဩြော်-တနေ့လုံး မျက်စိပေါက်က ခံစားခဲ့သမျှတို့သည်ကား။ ။သုပိန ကူပမာ–ကာမာ။ ။ကာမာ၊ခြွေရံလင်မယား၊ သွီးသားနှင့်၊ စီးပွါးအာရုံ ကာမဂုဏ်တို့သည်။ သုပိနကူပမာ၊ဇွိပ်မက်တွင်ကား၊ဟုတ်လိမ့်လားနှင့်၊ နိုးကြားကာလ၊ မဟုတ်ကြဘ၊ ကဲ့ပမာသို့၊ခံစားဆဲကား၊ ဟုတ်လိမ့်လား နှင့်၊ခံစားပြီးခါ၊ မဟုတ်ပါဘိ၊ ထင်ရှားသိကြသည့်အတွက်၊ ဇွိပ်မက်နှင့် တူသော ဥပမာရှိကုန်၏။ ။ဟု-ဘုရားဟောပေါ်၊ ပါဠိတော်နှင့် အညီ၊ ဇွိပ်မက်ထဲမှာ ခံစားခဲ့သမျှဘိုကား၊ နိုးကြားသော အခါတို့မှာ ဘာမျှ မရှိကြ၊ မဟုတ်ကြသလို၊ ယခုတနေ့လုံး–တည၌လုံး မျက်စိပေါက်က ခံစားခဲ့သမျှဘိုလည်း၊ အကုန်လုံးကြီးတို့ ဘာတခုမျှ မရှိကြ မဟုတ်ကြ သည့် အနိစ္စအစစ်ကြီးတို့ပါတကား။ နောက်နောင် ခံစားသွားလတ္တံ့ တို့ မှာလည်း ဘာမျှမရှိကြမည့် အနိစ္စအစစ်ကြီးတို့ပါ တကားဟု အခါခါ ပွါးများကြ၍၊ မျက်စိပေါက်က ခံစားမှုစာရင်းကိုလည်း နေ့စဉ်ရှင်းကြ ပါလေ။ ။ထိုမျက်စိအဘူ၊ နားပေါက်က ခံစားမှု စာရင်းကိုလည်း နေ့ စဉ် ရှင်းကြပါလေ။နှာခေါင်းပေါက်က ခံစားမှု စာရင်းကိုလည်း နေ့စဉ် ရှင်းကြပါလေ။ လျှာပေါက်က ခံစားမှုစာရင်းကိုလည်း နေ့စဉ်ရှင်းကြပါ လေ။ ကိုယ်ပေါက်က ခံစားမှု စာရင်းကိုလည်း နေ့စဉ်ရှင်းကြပါလေ၊ မနောပေါက်က ခံစားမှု စာရင်းကိုလည်း နေ့စဉ်ရှင်းကြပါလေ။ ၊ဤသို့

ညှဉ့်မအိပ်ခင်၊ အိပ်ရာဝင်စသည်တို့ ငါသည် ရှေးရှေးက၊ အခိုင်မက်-မက် သမျှ ဦးလာရလျှင်၊ ဘာတခုမျှမရှိကြသည့်၊ အနိစ္စအနိစ္စ အနိစ္စအနိစ္စ-အနိစ္စအနိစ္စ။ ။နောက်နောင်လည်း ဘာတခုမျှ မရှိကြသည့်၊အနိစ္စအနိစ္စ အနိစ္စအနိစ္စ-အနိစ္စအနိစ္စဟု- အိပ်မက်ဥပမာတို့ အနိစ္စဖြစ်တာကို ထင်မြင်အောင်ရှုပြီးမှ၊ ကိုလေသာ ဥပမေယျကိုရှုကြရပုံကား။ ။ငါသည်ရှေးရှေးက ခံစားခဲ့သှသည့်၊ ကာမဂုဏ်ချမ်းသာဟူသမျှတို့၊ထိုအခိုင်မက်နှင့် တူလှစွာ၊ဘာတခုမျှ မရှိကြသည့်၊ အနိစ္စအနိစ္စ အနိစ္စအနိစ္စ-အနိစ္စအနိစ္စ။ ။နောက်နောင်လည်း ဘာတခုမျှမရှိကြမည့်၊ အနိစ္စအနိစ္စ- အနိစ္စအနိစ္စ-အနိစ္စအနိစ္စ၊ဟု ထင်မြင်အောင် ရှုကြပါလေ။ ဤတရားကို ကြားသိသမျှ အပေါင်း သူတော်ကောင်းတွေတို့။

ကြွေ်-ခြောက်ဒွါရက ခံစားခဲ့ရသမျှသော ပရမတ်တရားတို့၊ဤကဲ့သို့ ပျက်ပျောက်၊ အနိစ္စရောက်သည်များကို မရှုစားဘဲ၊ အပေါ်ရံပုံသဏ္ဍာန် ပညတ်တရားတို့နှင့် တွဲလျက်၊ ဟိုရက်, ဟိုလ, ဟိုနှစ် စသည်တို့ကလဲ ငါချည်းဘဲ ခံစားခဲ့တာကလား၊ နောက်နောင်လဲ ငါဘဲ ခံစားသွားချင်သေးသည်ဟု-မီးအလောင်ခံရသော နွားငတ်တွေဟူသမျှတို့ ဆားငန်ရေသောက်မိကြသော အခါ၊ သာလို့ပင် အငတ်ကြီး ငတ်လာ သကဲ့သို့၊ သာလို့ပင် ကိလေသာ အဆာ, အငတ်ကြီးတို့၊ ငါကောင်, သူကောင်, ပညတ်ကောင်ကြီးတွေနှင့် စင်ကြရလို့ အလွန့်အလွန်ကြီး ငတ်ကြလျက်သာ ရှိနေကြပါတကားဟု— များများကြီး သံဝေဂတရား ရရှိကြပြီးလျှင်၊ အထူးသဖြင့် ထိတ်လန့်ကြကာ ခံစားပြီး, ခံစားဆဲ, ခံစားလတ္တံ့တို့မှာ ဆားငန်ရေ ဥပမာနှင့် ရှုတတ်ကြစရာကား။ ။ငါသည်၊ ဆားငန်ရေသောက်မိတာလို၊ကာမဂုဏ် ခံစားခဲ့သမျှ၊တိုးလို့ပင် ခံစားချင်လှသည့်၊ ကိလေသာ အဆာအငတ်တွေ ထူသင်လေစွတကား။ကိလေသာ အဆာအငတ်တွေ ထူသင်လေစွတကား။ ။ဟု-ထပ်ထင်ခံစားကြလို့ အဆာ, အငတ် မပျောက်မှုကို ထင်မြင်အောင် ရှုပြီးမှ ၎င်းကိလေသာ အဆာ, အငတ် ပြေရာ၊ အခါခါ ပျက်ပျောက် နေမှုကို ရှုသည့် ဝိပဿနာတရားရေချိုများကို နေ့စဉ်ဝတ်ထား၍ သောက်သောက်သွားကြစရာကား။ ။ငါသည်၊ ရှေးရှေးက မျက်စိပေါက်က ခံစားခဲ့သမျှ၊နားပေါက်က ခံစားခဲ့သမျှ၊ နှာခေါင်းပေါက်က ခံစားခဲ့သမျှ၊ လျှာပေါက်က ခံစားခဲ့သမျှ၊ ကိုယ်ပေါက်က ခံစားခဲ့သမျှ၊မနောပေါက်က ခံစားခဲ့သမျှ ဘာတခုမျှမရှိကြသည့် အနိစ္စ အနိစ္စ- အနိစ္စ အနိစ္စ- အနိစ္စ အနိစ္စ။ ။နောက်နောင်

**လည်း ဘာတခုမျှမရှိကြမည့် အနိစ္စအနိစ္စ- အနိစ္စအနိစ္စ- အနိစ္စအနိစ္စ။** ဟု- ထင်မြင်အောင် ရှုကြပြီးလျှင်၊ နောက်နောင် ခံစားချင် လာသည့် ကိလေသာ အဆာ,အငတ် ဟူသမျှတို့ကို ဤတရားရေချို သောက်၍ ပယ် ဖျောက်ကြပြီးကာ။ ။**တနည်းတပုံအားဖြင့် စဉ်းစားကြရဘို့ကား။** ။ ဩော်–ယခု နေ့ညဥ့်တို့ ကုန်ကုန် သွားခြင်းတို့ဟာ သူ့ဘာသာသူ-ကုန် သွားတာမျိုး မဟုတ်ပါဘဲ၊ ရှိရှိသမျှသော သတ္တဝါတို့၏ အသက်တွေ, ခွန်အားတွေကို အမြဲ အသေသတ်ကာ သတ်ကာ နှိပ်စက် ဖျက်ဆီး၍၊ ယူယူ-ယူယူ သွားနေကြပါတကားဟု- နေ့စဉ် အထူးဝိသေသ ရှုစားကြ စေခြင်းငှါ တေမိဇာတ်တော်ကြီး၌။ ။ရတျော အမောဃာ ဂစ္ဆန္တိ။ ။ ရတျော-ရတ္တိယော၊ နေ့ညဥ့်တို့သည်။ အမောဃာ၊အချည်းနှီးမဟုတ်ငြား၊ သတ္တဝါအများတို့၏ အသက်ခွန်အားကို ကုန်စေကုန်သည်ဖြစ်၍သာလျှင်။ ဂစ္ဆန္တိ၊သွားကုန်၏။ဟု-ဘုရားဟောတော်မူသည့်အတိုင်း၊နေ့စဉ်ထာဝရ နံနက်အခါတိုင်းတို့မှာ သတ္တဝါတိုင်းတို့၏ အသက်ခွန်အား ဟူသမျှတို့ အကုန်လုံး အနိစ္စမရဏ ရောက်ကြသည့် စာရင်းကိုလည်း ရှင်းလင်းကြ ပါလေ။ ဤတရားကို ကြားသိသမျှအပေါင်း သူတော်ကောင်းတွေတို့ဟု- ကော ဒသမ,ရက်ကြီး အပြီးသတ်လိုက်ကြပါလေ။

ကောဒသမ ရက်-ဝိပဿနာအလုပ်ပေးချက် ပြီး၏။

---

## (၄၃) ဧကဒသမ ရက်က ဘုံသုံးဝကြီးဟာ ဒိးကျီးဘွင်း ပမာတူပုံ၊ ၁၁–မီးဘို့ အပြီးတိုင်လောင်နေပုံနှင့်၊သူတော်ကောင်း အလျင်ထဲမှာ မီးစွဲသပုံ

ယခု ပြလတ္တံ့သော ဧကဒသမရက် ဝိပဿနာ အလုပ်ပေးချက်၌၊ ဧ ကော,ဒသမရက်ကပြခဲ့သည့်အနိစ္စအချက်တွေဟာ မြန်သည်ထက် မြန်လှ အောင် ပျက်လိုက်နေနိုင် တာကိုလည်း ထင်မြင်လာနိုင်ရန်၊ ဘယဉာဏ် စသည်တို့လည်း ဖြစ်နိုင်ကြရန်၊ ဘုံသုံးတန်အများ မီးကျီးတွင်း အလား၊ ရပ်ကလာပ်တပါးမှာ၊ အနည်းဆုံး ၂၅–မီးတို့ တခါထည်း လောင်ကျွမ်း လျက်၊ ဘေးဘျမ်းကြီးတွေ အပြီးသား နှိပ်စက်နေချက်နှင့် ဘယဉာဏ် စသည့် အစားစား ဖြစ်တက် သွားကြရဘို့ ဥပမာစကားရပ်ကား၊ မီးခတ် လိုက်ကြသောအခါ၊ မီးပွင့်ငယ်ကလေးများဖြစ်ပေါ်လာရာမှာ စဉ်စား၍ ရှုကြည့်စရာကား၊ငင်းမီးပွင့်ကလေးမှာ စစဦး ဖြစ်ပေါ်စမီး၊ အလယ်မှာ

ဝင်းကနဲ ပေါ်လာချက်မီး၊ အဆုံးမှာဖြုတ်ကနဲ သေပျောက်သွားချက်မီး ဟူ၍ မီးသုံးစားခွဲခြား၍ ရှုကြည့်ကြရာသည်၌၊အစအချက်ကလည်း မီးပင်၊ အလယ်အချက်ကလည်း မီးပင်၊ အဆုံးအချက်ကလည်း မီးပင် ဖြစ်ကြ၍၊ တခုစီမခြားနားဘဲ တသားထည်း ရှုကြည့်လိုပါမူ၊ မီးတပွင့်လုံး မီးဘဲဟု ရှုလိုက်က မီးသုံးခုလုံး ပါဝင်ကြမှုကို သိရှိရ၍၊ ၎င်းမီးပွင့်ပေါင်း ရာ, ထောင်,သိန်း,သောင်း စုမိရာ၌သည်း၊ ထို ရာ,ထောင်, သိန်းသောင်းတို့ အကုန်လုံး မီးချည်းဘဲ ဟူ၍၎င်း၊ ထို မီးတို့ကို ဖိုးပြု, ဖန်းခါး အစွယ်က အစားစားကြီးပွါးကြအောင် စုထားကြရာတို့မှာလည်း၊ ၎င်းအစွယ်အစား စားတို့ အကုန်လုံးပင် မီးချည်းဘဲဟူ၍၎င်း သိမြင်ထင်ရှား၊ရှုစားလွယ်ကူ သည်နှင့် အလားတူ ရှုစားကြရန် ဈေကပြခဲ့သော တေဇောမီးကား၊ ရှင် တကောင် မြွားဘစင်းဆိုဘာလို၊ရုပ်ကလာပ်စည်းတိုင်းတို့မှာ လောင်စေ တတ်သော တေဇောမီး တခု-တခုစီသာ ပါနေကြသည်ကား၊ ထင်းမီး စသည်မှာ ထင်းတပိုင်း- မီးဘပိုင်း လောင်နေသကဲ့သို့၊ ပထဝီနှင့်တကွ အနည်းဆုံး ရုပ် ၈-ပါးစီတို့ကား မီးစာနှင့်တူ၍။ တေဇောကား မီးနှင့် တူလေ၏။ယခုပြလဘွဲ့သည်တို့ကား၊ရုပ်ကလာပ်တစည်းမှာ အနည်းဆုံး ရုပ်ရှစ်ခုစီရှိကြသည်၌၊ဤရုပ်ရှစ်ခုလုံးတို့ အစစ္စာဘွားကနဲဖြစ်ပေါ်မှုသည် **ဇာတိမီးရှစ်ခုတို့၏** အစစ္စာ ဘွားကနဲ ဖြစ်ပေါ်လာမှု အစစ်တို့ပေတည်း။ ၎င်းရုပ်ရှစ်ခုတို့ ဋီအခါမှာ၊ ထင်ရှားစွာ တည်ဘုံမှုသည် **ဇရာမီး အစစ် ရှစ်ခုတို့၏** ထင်ရှားစွာ လောင်ကျွမ်းမှု အစစ်တို့ပေတည်း။၎င်းရုပ်ရှစ်ခုတို့ အဆုံးသတ် ချုပ်ပျက်မှုသည်၊ **မရဏမီးအစစ်** ရှစ်ခု တို့၏ အဆုံးသတ် လောင်မြှိုက်မှု အနိစ္စစုအစစ်တို့ပေတည်း။ပေါင်းရှစ်ခုသုံးလီ ၂၄-မီးတို့မှာ တေဇောမီးထည့်က မီး ၂၅-မီးတို့ အပြီးသား ကလာပ် အစားစားတို့ကို လောင်မြှိုက်ချက်ဒဏ် ကြီးမား၍နေပြန်သည်ကား၊ ပရွက်ဆိတ်ခေါင်းမှာ တင်းတောင်းလောက်အနာကြီး ဖိစီးနှိပ်စက်လျက် သေပျက်ရသည်ထက် ဆယ်ဆထက်မက ပြင်းထန်လှသောကြောင့် လက်ဖြစ်တတွက် ကာလ ကလေးအတွင်းမှာ၊ သေခြင်းမလှ ကုဋေငါးထောင်ကျော်မက၊ တလော က လုံးကြီး သေပျောက်ကြရလေသတည်းဟု အပြီးတိုင် ထင်မြင်ထင်မြင် လာအောင် အခါခါ ရှုကြပါလေ။ ဤ ရုပ်ကလာပ် တို့ကသာ ဇာတိမီး, ဇရာမီး,မရဏမီးတို့ လောင်ကြသည်မဟုတ်၊၎င်းရုပ်စုကို ဝိသသနာရှုနေ သော နာမ်တရားတို့၏ ဥပါဒ်, ဌီ, ဘင် တို့မှာလည်း၊ ဇာတိမီး, ဇရာမီး, မရဏမီးတို့ အပြီးတိုင်လောင်မြှိုက်၍၊အနိစ္စဘေးကြီးတို့ ဆိုက်နေကြရမှု

အစစ်စု ပေတည်းဟု- ဘုရားကိုယ်တော်မြတ်ကြီး ဟောကြားတော်မူအပ်သော မီးသုံးမီးတို့ အကျယ်နည်းနှင့် ရှုကြည့်လိုက်ကြပါမူ၊ ၎င်းရုပ်ဓာတ်,နာမ်ဓာတ် ကလာပ်တိုင်းတို့၏ အစ-အကုန်လုံး တို့ကလည်း၊ မီးအကုန်လုံးတို့ ဖြစ်နေကြ၍၎င်း၊ အလယ်အကုန်လုံးတို့ကလည်း၊ မီးအကုန်လုံးတို့ ဖြစ်နေကြ၍၎င်း၊ အဆုံးသတ် အကုန်လုံးတို့ကလည်း၊ အဆုံးသတ်မီးအကုန်လုံးတို့ပင် ဖြစ်နေကြ၍၎င်း၊ စင်စစ်ဧကန် ထင်မြင်ရန်ကား၊ ရုပ်နာမ်ကလာပ် ပရမတ်စစ်မှန်သမျှ အကုန်လုံးတို့သည်၊ အမြဲထာဝရ ငွဲငြိ၍နေကြသော **မီးသဘော အစစ်ဘို့သာတည်း**။ **မီးသဘော အစစ်ဘို့သာတည်း**ဟု ထင်မြင်အောင် ရှုကြည့်ကြပါလေ။

၎င်းနောက်ကလာပ်ဆယ်မှုန့်တို့စုမိလျှင် မီးဆယ်မှုန့်စုဖြစ်၏။တရာစုမိလျှင်၊ မီးတရာစုဖြစ်၏၊ဖီးဖြူ-ဖန်းခါးသီးလောက် ရုပ်ကလာပ်စုမိလျှင် ရုပ်မီးခဲလည်း ဖီးဖြူ, ဖန်းခါးလောက်ပင် ဖြစ်၏။ လိုရင်းဆိုးအချုပ်မှာ ရုပ်အစစ်,နာမ်အစစ်တို့ ဟူသမျှတို့သည်၊ဓာတ်-ဇရာ,မရဏမီးအစစ်၊အနိစ္စမီးခဲကြီးတို့ ဧကန္တဖြစ်၏ဟု- တထစ်ချ ထင်မြင် ပေါက်ရောက် လာကြအောင် အတွင်း, အပြင် အကုန်အစင် ရှုကြည့်၍၊ မီးခဲကြီးပမာ ထင်မြင်ပေါက်ရောက် လာပြီးနောက်၊ တဖန် ရှုကြည့်ကြရန်ကား၊ ဤမြေအပြင်ရုပ်အထုကြီး စသည်တို့ကို ထိုအဝီစိငရဲကြီး၏ သတ္တဝါငရဲသား အကြားမရှိ၊ ငရဲမီးအကြားမရှိ၊ ဒုက္ခအကြားမရှိပုံ၊ ဘင်ပုပ်ငရဲ၊ပြာပူငရဲ၊လက်ပံတောငရဲ၊ သန်လျက်တောငရဲ၊ ကြိမ်ပိုက်ချောင်း ငရဲငယ်တို့ ရှံနေပုံ၊ ငရဲသားများ အပြန်ပြန်အလှန်လှန် ခံနေကြရပုံနှင့်၊ထိုထို အောက် ငရဲကြီးတို့မှာ အလျှံပြောင်ပြောင် တောက်လောင်နေသည့် သံမြေ အပြင်ကြီးစသည်တို့နှင့် တထပ်ထည်း ထင်မြင်အောင် ရှုကြည့်ကြပါလေ။

၎င်းနောက် အိမ်,ကျောင်း,အဝတ်,အရုံစသော ထိုထိုအသုံးအဆောင်အဝိဉာဏက ရုပ်စုတို့ကိုလည်း၊ ငရဲမှာ အလျှံပြောင်ပြောင် တောက်လောင် ချပ်ပျက်နေကြသော သံတွေအိမ်, သံတွေကျောင်း, သံတွေခဲပုဆိုး,အဝတ် သံတွေခဲ သင်္ကန်းစသော ထိုထို ငရဲက အသုံးအဆောင်နှင့် တထပ်ထည်းတူစွာ ထင်မြင်လာကြအောင်၊ ထိုငရဲက ဥပမာနှင့် စင်ကာဟပ်ကာ ရှုကြည့်ကြပါလေ။

၎င်းနောက် အလျှံပြောင်ပြောင် တောက်လောင်ချပ်ပျက် အနှိပ်စက်ခံနေရသော ငရဲသားတို့နှင့် မခြား၊ မိမိနှင့်တကွ သတ္တဝါ အများတို့၏

အတွင်းသား ရုပ်နာမ်ဓမ္မ အနိစ္စဘို့ကို ရှုကြည့်ကြရပုံကား၊ ငါ၏နေရာ အိမ်ဂေဟာ အသုံးအဆောင်နှင့် တကွ၊ ငါ၏ဦးခေါင်း-ကိုယ်လက်၊ ခြေ အချက်တို့အတွင်း ရှိရှိသမျှ ရုပ်နာမ်စုမှာ ဇာတိ,ဇရာ, မရဏမီးတို့ အပြီး သား လောင်မြိုက်နေကြသည့် အတွက်၊ အနိစ္စဘေးကြီး အပြီးတိုင် သင့် လျက် ရှိသော မီးအိမ်,မီးကျောင်းကြီးတို့ အတွင်းမှာ မီးအဝတ် အစား၊ မီးအသုံး အဆောင်တို့ပါ ထိန်ထိန်ပြောင် တောက်လောင်လျက် အနှိပ် စက် ခံနေရသော မီးဦးခေါင်းကြီး, မီးကိုယ်ကောင်ကြီး, မီးလက်ကြီး မီးခြေကြီးတို့ သက်သက် ဖြစ်ချက်နှင့်၊ အားလုံးကုန် ချုပ်ပျက်လိုက်နေ ရဘာတွေပါတကားဟု- ထင်မြင်အောင်၊ ထိုထိုဝဋ္ဋ၊ အတွင်းသို့ ဉာဏ် သွင်းကာ-သွင်းကာ ရှုကြည့်လိုက်ကြပါလေ။ နည်းတထွေမှာ၊ အတွင်း, အပြင်တကိုယ်လုံးတို့မှာ အနိစ္စ မီးမျက်လုံးကြီး, မီးနားကြီး,မီးနှာခေါင်း ကြီး, မီးလျှာကြီး, မီးကိုယ်ကြီး,မီးမနောအကြည်ကြီးတို့ သက်သက်ဖြစ် လျက်၊ အားလုံးကုန် ချုပ်ပျက် လိုက်နေရကြဘာတွေပါ တကားဟု-ငါမိ ကိုယ်ကို ငရဲမီးထဲမှာ ခံနေရသော ငရဲမီး ရုပ်ကောင်တွေနှင့် မခြား၊ တသားထည်း ထင်မြင်ရအောင် ရှုကြည့်ကြပါလေ။

ဤင်းနောက် မိမိနှင့်စပ်သမျှ မိဘ, လင်မယား- သွီးသား၊ ဆွေညာ- မိတ်သဟာတို့ကိုလည်း ဘုံနန်းဗိမာန် အသုံးအဆောင်တို့နှင့် တကွ၊ အလျှံ ပြောင်ပြောင်မီးတွေ အဘောက်အလောင် ခံနေရသော ငရဲသားတွေ, ငရဲတိုက်ကြီးတွေနှင့် မခြား၊ တသားထည်း ဇာတိ, ဇရာ, မရဏမီးတို့ အပြီးတိုင် အလောင် အမြိုက်ခံနေရ၍ ထောက်တည်ရာမရ၊ ပျက်စီး၍ လိုက်နေကြရသည့် တော်ပရမတ်အနိစ္စ မီးကောင်မ,မီးကောင်ထီး၊မီးအမိ မီးအဘ၊ မီးလင်,မီးမယား၊ မီးသား,မီးသွီး၊ မီးဆွေမျိုး-မီးညာတိ၊ မီးမိတ် ဆွေသင်္ဂဟ၊ မီးဘုံနန်းဗိမာန်၊ မီးအသုံးအဆောင်၊ မီးအဝတ်အစား ရှိသမျှ အကုန်လုံးတို့ တဖြုန်းဖြုန်း အလောင်အမြိုက်ခံနေရသော အနိစ္စမီးအစစ် တို့သာတည်း ဟူ၍လည်း၊ ထင်မြင်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။

ဤင်းနောက် သမ္မုတိသစ္စာနယ်မှာ၊ အကယ်အချမ်းသာဆုံးကြီး ထင် မြင်နေကြရသော ဘုံနန်းဗိမာန် အသုံးအဆောင်နှင့် တကွ၊ သူကြွယ်, သူဌေးမင်း၊ မြို့အုပ်နယ်ပိုင်၊ အရေးပိုင်-မင်းကြီး၊ ပဒေသရာဇ်မင်း-ဧက ရာဇ်မင်း၊စကြာမန္တာတ်မင်းတို့၏ အတွင်းအပြင်၊ တကိုယ်လုံး-တကောင် လုံးကြီးတို့လည်း၊ ဇာတိ,ဇရာ,မရဏမီးတို့ အပြီးတိုင်လောင်မြိုက်ခံနေ

ကြရ၍ ထောက်တည်ရာမရ၊ပျက်စီး၍လိုက်နေကြရသည့် မီးဘုံနန်းဗိမာန် မီးအသုံးအဆောင်၊ မီးအဝတ်စားတို့ အတွင်းမှာ ငရဲသားတို့ပမာ၊ သွားလာမြုပ်နစ်၍ စင်စစ်ခံနေကြရသော မီးသူကြွယ်, မီးသူဌေး၊ မီးမြို့အုပ်, မီးနယ်ပိုင်၊ မီးအရေးပိုင်၊ မီးမင်းကြီး၊ မီးပဒေသရာဇ် မီးဧကရာဇ်၊ မီးစကြာ မီးမန္ဓာတ်မင်းတို့၏ အတွင်းအပြင် အကုန်လုံးတို့သည်၊ ရုပ်နာမ် ပရမတ် အနိစ္စဓာတ် အစစ်တို့သာတည်း ဟူ၍လည်း ထင်မြင်အောင် ရှုကြပါလေ။

၎င်းနောက် သမ္မုတိ သစ္စာနယ်ထဲမှာ အချမ်းသာ တကာတို့တွင် ဘုရင် ခေါင်ချုပ်ကြီးတွေဘဲဟု ထင်မြင်နေကြရသော ဘုံနန်း ဗိမာန် အသုံးအဆောင်တွေနှင့်တကွသော နတ်ပြည်ခြောက်ထပ်က နတ်မင်းကြီး၊ နတ်မိဖုယားကြီး။ သိကြားမင်းကြီး–သိကြားမိဖုယားကြီး၊ ဗြဟ္မာ ၂၀–က ဘုံနန်းဗိမာန်နှင့်တကွ၊ ဗြဟ္မာမင်းကြီးတို့၏ အတွင်းအပြင် အကုန်လုံးကြီး တို့လည်း ဇာတိ, ဇရာ, မရဏမီးတို့ အပြီးတိုင် လောင်မြိုက် ခံနေရ၍၊ ငရဲသားတွေပမာ၊ မီးဘုံနန်း ဗိမာန်တို့အတွင်းမှာ ထောက်တည်ရာမရ ပျက်စီး၍ လိုက်နေရသော မီးနတ်မင်းအနိစ္စကောင်ကြီး၊ မီးနတ်မိဖုယား အနိစ္စကောင်မကြီး၊ မီးသိကြား အနိစ္စကောင်ကြီး၊ မီးသိကြား မိဖုယား အနိစ္စကောင်မကြီး၊ မီးဗြဟ္မာမင်း အနိစ္စကောင်ကြီးအစစ် သက်သက် တို့သာတည်းဟူ၍လည်း အတွင်းသားရုပ်နာမ်ဓမ္မတို့ကို ၂၅–မီး အသီးသီး လောင်မြိုက်ချက်နှင့်၊ ဘင်္ဂဉာဏ် အနိစ္စဘက်သို့ လျှင်အမြန်တက်တက် သွားအောင် မကြာမကြာ အခါခါရှုကြပါလေ။

ဤသို့ရှေ့ ဒိဋ္ဌိ ဝိသုဒ္ဓိ စခန်းက ရုပ်နာမ်သဘာဝတို့ကို ပေါက်ရောက်အောင် ပြခဲ့သည့်အတိုင်း၊ ရှိရှိသမျှ–သဝိညာဏက, အဝိညာဏကတို့၏ အတွင်းသို့ ဉာဏ်သွင်း၍၊ အရေ, အဖတ် ရုပ်ဓာတ်, နာမ်ဓာတ် ကလာပ် သဘာဝတွေကို ရှုကြည့်လိုက်ကြသော အခါ၊ ပွ– နု– မွ– ကြေလျက်၊ သဘောမျှ ဓာတ်ကြည် သက်သက်ကလေးတွေသာ ထင်မြင်လာသည့် အတွင်းသို့၊ အနည်းဆုံး ဇာတိမီးရှစ်, ဇရာမီးရှစ်, မရဏမီးရှစ်, တေဇောမီး တစ်တို့ ကလာပ်တိုင်းမှာ ဖြစ်သောကြောင့်၊ ရှဉ့်တကောင်မှာ မြွား ၂၅–စင်းပမာ၊ ရုပ်ကလာပ်တိုင်းတို့မှာ အနည်းဆုံး ၂၅–မီး ၂၅–မီးတို့ အလောင်အမြိုက် ခံနေရှာကြရခြင်းကို ဉာဏ်သွင်း၍ သွင်း၍ အတန်တန် ရှုကြည့်လိုက်ပြန်မူ၊ အလျှံကင်းပြီး သျှားမီးကျီးပမာ၊ ထိုထိုအတုံးကြီးတွေ ဟာ မီးကျီးတုံးကြီးတွေပမာ ထင်မြင်လာနိုင်၏။ ထိုထို အခဲကြီးတွေဟာ

လည်း၊မီးကျီးခဲကြီးတွေပမာ ထင်မြင်လာနိုင်၏။ထိုထိုအကောင်ကြီးတွေလည်း၊မီးကျီးကောင်ကြီးတွေပမာ ထင်မြင်လာနိုင်၏။ ထိုထိုအထည်ဝတ္ထုကြီးတွေလည်း၊ မီးကျီးအထည်ဝတ္ထုပမာ ထင်မြင်လာနိုင်၏။ အာသုံးကြီးတို့အလုပ်နှင့် စကားအချုပ်ကိုသုံးရမူ၊ ကာမ ၁၁-ဆဲ့တဘုံလုံးကြီးတို့လည်း၊ အလျှံကင်းပြီးသော မီးကျီး ၁၁-ဆဲ့တစ္ဆာနှယ်ပ ထင်မြင်ကြနိုင်၏။ ရူပ ၁၆-ဘုံလုံးကြီးတို့လည်း၊အလျှံကင်းပြီးသော မီးကျီး ၁၆-ဆွာနှယ် ထင်မြင်ကြနိုင်၏။ အရူပဘုံမှာ ရုပ်မရှိသော်လည်း၊ နာမ်မှာလဲ မီးအလျှံခဲသော ကြောင့် မီးတို့တည်ရာ လေး၌ နဘဲဟု ထင်မြင်နိုင်ကြ၏။ ဤသို့ထင်မြင်နိုင်ကြသဖြင့် အနည်းငယ်ကလေးမျှ ထောက်တည်ရာ မရကြဘဲ၊ အလျင်အမြန် အချုပ်အပျက်မြန်လှသော **ဘင်္ဂဉာဏ်ဘက်သို့** တက်ကာတက်ကာ စကြံစသည်နှင့် မကြာမကြာ အခါခါတွဲ၍ ရှုကြည့်ကြပါလေ။ ယောဂီမြတ်တွေတို့။

ဤအချက်မှာလည်း၊ အလျှံကင်းပြီးသော မီးကျီးတွင်း ပမာထား၍၊ ရှုစားကြလို့ ထင်မြင်ပေါက်ရောက်သူများ၊ကျမ်းဂန်မှာမရှိပြောဘဲ၊ ကိုယ့်အထင်နှင့်သာ ကိုယ်ဆွဲ၍ ရေးနေတာပါလားဟု- စောဒနာရန် ရှိပြော၍သာ ပါဠိကို ပြရမှာကား၊— **တယောဘဝေ ဝီတစ္စိတင်္ဂါရ ပုညာအင်္ဂါရ ကာသုယောင်ဃ ဟုတွာ ဥပဋ္ဌဟန္တိ**။ ။တယောဘဝါ၊ ကာမ, ရူပ, အရူပ ဟု ဆိုအပ်ကုန်သော သုံးပါးသော ဘုံဘဝတို့သည်။ ဝီတစ္စိတင်္ဂါရ ပုညာအင်္ဂါရကာသုယောဝိယ၊ အလျှံကင်းသော မီးကျီးတို့ဖြင့် ပြည့်သော မီးကျီးတွင်းမှာ ထောက်တည်ရာမရ၊ မီးခဲကြီးတွေရှိသမျှတို့ ပုံက်စီး၍ လိုက်နေရသကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌဟန္တိ၊ ထင်မြင်ပေါက်ရောက်ကြကုန်၏။ ။ဟု ဝိသုဒ္ဓိမဂ် မိန့်တော်မူချက် အတိုင်း၊ ကာမဘုံ, ကာမသတ္တဝါ၊ ရူပဘုံ, ရူပသတ္တဝါ၊ အရူပဘုံ, အရူပသတ္တဝါတို့၏အတွင်းသား ခါတ်ပရမတ် အကုန်လုံးတို့သည်၊ အလျှံကင်းသော ဇာတိမီး, ဇရာမီး, မရဏမီးတို့ အပြီးသားလောင်မြိုက်နေကြသော မီးခဲဘုံ,မီးခဲသတ္တဝါတို့ အစစ် ဖြစ်ဖြစ်နေကြတာတို့ကို ထင်မြင်ပေါက်ရောက် လွယ်အောင်သာ တို့မြန်မာနှင့် ရေးပြအပ်ပါသတည်း။ ကိုယ့်အထင်နှင့် ကိုယ်မှန်း၍ အရမ်းရေးနေတာမဟုတ်ဟု ဉာဏ်တုတ်သူတို့လည်း သိရှိတော်မူကြကာ၊ ရှေ့က ရေးပြတိုင်းထင်မြင်လာအောင် မကြာမကြာ အခါခါအားသစ်ကြပါလေ။

ဤမီးတို့ထက်မက ကြီးကျယ်လှသော မီးဆဲ့တဝတို့ လောင်မြိုက်မှုနှင့် **ဘင်္ဂ,ဘယ,အာဒီနဝ စသည်ဉာဏ်**ခုဖြစ်အောင် ရှုကြည့်ကြရပုံကား၊ ရှိရှိ

သမျှသောသတ္တဝါတိုင်းတို့မှာ များသောအားဖြင့် တဆဲ့တသီး မီးလျှံကြီးတို့ အပြိုင်လောင်မြှိုက်၍၊ ကတိုက်ကရိုက်ပျက်စီး၍လိုက်နေရကြသော အနိစ္စအချက်ကြီးတွေကို ခြောက်ဒွါရမှာ မီးဆဲ့တဖြာတို့ဖြင့် အသီးအသီး ရှုကြည့်လိုသော ယောဂီများအများ ယောကျ်ား၊ မိန်းမ၊ ရှင်ရဟန်းစသည်တို့သည်၊ ရှေးကပြခဲ့တိုင်း ရုပ်နာမ်ရှိရှိသမျှ အားလုံးကြီးတို့ မီးတုံး၊ မီးခဲကြီးတွေ ဖြင်နေကြသော အလှမီးကောင်မ၊ အလှမီးကောင်ထီး၊ မလှမီးကောင်မ၊ မလှမီးကောင်ထီးတို့ တယောက်နှင့် တယောက် တွေ့ကြုံကြရာ၊ ၂-ယောက်လုံးရှိ မျက်စိမီးခဲကြီး ၂-ခုနှင့်၊ ထို ၂-ယောက်တို့၏ လှ-မလှ အဆင်းမီးခဲကြီး ၂-ခုတို့ ထိခိုက်စပ်ဟပ်မိကြသောအခါ၊ မီးစ ၂-ခုတို့ ပူးစပ်ထိခိုက်၍၊ မှုတ်ဖွေးသောအခါ မီးတောက် ဖြစ်ပေါ်လာသကဲ့သို့၊ အသံဝရ-အယောနိသော မနသိကာရ တည်းဟူသော ဖိုကြီး ၂-လုံးစီနှင့်၊ ခြောက်ဒွါရလုံး တို့မှာ ထိုးမှုတ်၍ ပေးလိုက်ပါမူ၊ အလှကောင်မ-စသည်တို့ကို မြင်ရသည့်အတွက် လောဘ မီးတောက်ကြီးတို့ တဟုန်တည်းတောက်လောင်လျက်၊ ဒွါရအာရုံ နှစ်ပါးစုံမီးကျိုးခဲနှင့်တကွ၊ လောဘစသော မီးတောက်ကြီးတို့သည်၊ အသီးအသီးလောင်မြိုက်လျက်၊ လျှင်အမြန်ချုပ်ပျက်၍ လိုက်နေကြရမှု ဘင်္ဂဉာဏ်အနိစ္စစုတို့ကို ထင်မြင်အောင် ရှုကြပါလေ။ ။တနည်း။ မလှကောင်မစသည်တို့ကိုမြင်ရသည့်အတွက်၊ ဒေါသမီးတောက်ကြီးတို့ တဟုန်တည်းတောက်လောင်လျက်၊ ဒွါရအာရုံ နှစ်ပါးစုံ မီးကျိုးခဲနှင့်တကွ၊ ဒေါသစသော မီးတောက်ကြီးတို့လည်း အသီးအသီး လောင်မြိုက်လျက်၊ လျှင်အမြန် ချုပ်ပျက်၍ လိုက်နေကြရမှု (ဘင်္ဂဉာဏ်အနိစ္စစုတို့ကို)လည်း ထင်မြင်အောင်ရှုကြပါလေ။ ။တနည်း။ မသာ့ တသာ့ သာမည အကောင်မ-စသည်တို့ကို မြင်ရသည့်အတွက်၊ အမှတ်တမဲ့ နှမှုန်း-နထုံး၊ ရိုးတိုးရားတား၊ လွင့်တီးလွင့်ပါး၊ မောဟမီးတောက်ကြီးများ တဟုန်တည်း တောက်လောင်လျက်၊ ဒွါရအာရုံ နှစ်ပါးစုံ မီးကျိုးခဲနှင့်တကွ၊ မောဟစသော မီးတောက်ကြီးတို့လည်း၊ အသီးအသီး လောင်မြိုက်လျက်၊ လျှင်အမြန် ချုပ်ပျက်၍ လိုက်နေကြရမှု (ဘင်္ဂဉာဏ်အနိစ္စစုတို့ကို) လည်း ထင်မြင်အောင်ရှုကြပါလေ။ ။ဤကား မျက်စိပေါက်က မီးတောက်ထမှုနှင့်၊ ဘင်္ဂဉာဏ်အနိစ္စ ရှုကြရပုံတည်း။

၎င်းနောက်၊ လှ-မလှ နှစ်ယောက်တို့၏ နားပေါက်မီးခဲကြီး နှစ်ခုနှင့်၊ ၎င်းနှစ်ယောက်တို့၏ ဣဋ္ဌအနိဋ္ဌ-ဣဋ္ဌမဇ္ဈတ္တဖြစ်သော အသံမီးခဲကြီးသုံးခုတို့ ထိခိုက်စပ်ဟပ်မိကြသော အခါတို့မှာလည်း ရှေးနည်းအတူ၊ နား မီး

ပေါက်ကြီးတို့က လောဘ မီးတောက်ကြီးတို့ တဟုန်းဟုန်း၊ ဒေါသ မီးတောက်ကြီးတို့ တဟုန်းဟုန်း၊ မောဟ မီးတောက်ကြီးတို့ ဘဟုန်းဟုန်း တောက်လောင်လျက်၊ ဥါရအာရုံ နှစ်ပါးစုံ မီးကျီးခဲတို့နှင့်တကွ၊ သုံးပါး သော မီးတောက်ကြီး တို့လည်း အသီး အသီး လောင်မြိုက် လျက်၊ ချုပ်ပျက်၍ လိုက်နေရမှု (ဘင်္ဂဉာဏ်အနိစ္စစုတို့ကို) လည်း ထင်မြင်အောင် ရှုကြပါလေ။ ။ဤကား-နားပေါက်က မီးတောက်ထမှုနှင့်၊ ဘင်္ဂဉာဏ် အနိစ္စရှုကြရပုံတည်း။

ငင်းနောက်လည်း၊လှ-မလှ နှစ်ယောက်တို့၏ နှာခေါင်းမီးပေါက်ကြီး နှစ်ခုတို့နှင့်၊ ၎င်းနှစ်ယောက်တို့၏ ဣဋ္ဌ,အနိဋ္ဌ-ဣဋ္ဌမဇ္ဈတ္တ ဖြစ်သော အနံ့ မီးခဲကြီးသုံးခုတို့ ထိခိုက်စပ်ဟပ်မိကြသော အခါတို့မှာလည်း ရှေ့နည်း အတူ၊ နှာခေါင်းမီးပေါက်ကြီးတို့က လောဘမီးတောက်ကြီးတို့ တဟုန်း ဟုန်း၊ ဒေါသမီးတောက်ကြီးတို့ တဟုန်းဟုန်း၊ မောဟမီးတောက်ကြီးတို့ တဟုန်းဟုန်း တောက်လောင်လျက်၊ ဥါရအာရုံ နှစ်ပါးစုံ မီးကျီးခဲတို့နှင့် တကွ၊ သုံးပါးသော မီးတောက်ကြီးတို့လည်း၊ အသီးအသီး လောင်မြိုက် လျက်၊ ချုပ်ပျက်၍လိုက်နေကြမှု (ဘင်္ဂဉာဏ်အနိစ္စစုတို့ကို) လည်း ထင်မြင် အောင် ရှုကြပါလေ။ ။ဤကား—နှာခေါင်းမီးပေါက်က မီးတောက်ထမှု နှင့် ဘင်္ဂဉာဏ်ရှုရပုံတည်း။

၎င်းနောက်လည်း၊ လှ-မလှ နှစ်ယောက်တို့၏ လျှာပေါက် မီးခဲကြီး နှစ်ခုတို့နှင့်၊ တယောက်နှင့်တယောက် ကျွေးမွေးပေးကမ်းကြသော ဣဋ္ဌ, အနိဋ္ဌ-ဣဋ္ဌမဇ္ဈတ္တ ဖြစ်သော ကွမ်း ဆေး လဘက်၊ ထမင်းဟင်း အဖျော် စသော စားဘွယ်, သောက်ဘွယ်, ခဲဘွယ်, လျက်ဘွယ်တည်းဟူသော မီးခဲကြီးသုံးခုတို့ ထိခိုက်စပ်ဟပ်မိကြသော အခါတို့မှာလည်း ရှေ့နည်း အတူ၊လျှာမီးပေါက်ကြီးတို့က လောဘမီးတောက်ကြီးတွေတဟုန်းဟုန်း၊ ဒေါသ မီးတောက်ကြီးတွေ တဟုန်းဟုန်း၊ မောဟ မီးတောက်ကြီးတွေ တဟုန်းဟုန်းတောက်လောင်လျက်၊ ဥါရအာရုံ နှစ်ပါးစုံ မီးကျီးခဲတို့နှင့် တကွ၊ သုံးပါးသော မီးတောက်ကြီးတို့လည်း အသီးအသီး လောင်မြိုက် လျက်၊ ချုပ်ပျက်၍ လိုက်နေရမှု (ဘင်္ဂဉာဏ်အနိစ္စစုတို့ကိုလည်း) ထင်မြင် အောင် ရှုကြပါလေ။ ။ဤကား—လျှာမီးတောက်နှင့်ဘင်္ဂဉာဏ်ဖေါက်ပုံ။

၎င်းနောက်လည်း၊ လှ-မလှ ၂-ယောက်တို့၏ ကိုယ်ပေါက်မီးခဲကြီး ၂-ခုတို့နှင့်၊ ဣဋ္ဌ,အနိဋ္ဌ-ဣဋ္ဌမဇ္ဈတ္တ ဖြစ်သော တယောက်နှင့် တယောက်

တို့၏ ကိုယ်အင်္ဂါ ကြီး,ငယ် အတွေ့စသော ထိုထိုအတွေ့ မီးခဲကြီးသုံးခုတို့ ထိခိုက် စပ်ဟပ် မိကြသော အခါတို့မှာလည်း ရှေးနည်းအတူ၊ ကိုယ် မီးပေါက်ကြီးတို့က လောဘ မီးတောက်ကြီး တဟုန်းဟုန်း၊ ဒေါသ မီး တောက်ကြီး တဟုန်းဟုန်း၊ မောဟ မီးတောက်ကြီး တဟုန်းဟုန်းတို့ တောက်လောင်လျက်၊ ဒွါရ,အာရုံ ၂-ပါးစုံ မီးကျီးခဲတို့နှင့်တကွ၊ သုံးပါး သော မီးတောက်ကြီးတို့လည်း အသီးအသီးလောင်မြိုက်လျက်၊ ချုပ်ပျက် ၍ လိုက်နေရမှု (ဘင်ဉာဏ်အနိစ္စစုတို့ကိုလည်း) ထင်မြင်အောင် ရှုကြပါ လေ။ ။ဤကား-ကိုယ်မီးတောက်နှင့် ဘင်ဉာဏ်ဖေါက်ပုံ။

ဌင်းနောက်လည်း၊ လှ-မလှ ၂-ယောက်တို့၏ မနောအကြည်ပေါက် မီးအစုကြီး ၂-ခုတို့နှင့်၊ ၎င်း ၂-ယောက်တို့၏ အလိမ်မာဂုဏ်၊ အနုပ် အပါးပညာဂုဏ်၊ ရတနာသုံးပါးတို့ကို ယုံတတ် ကြည်တတ်သော **သဒ္ဓါ** **ဂုဏ်**၊စွန့်ကြဲပေးကမ်းတတ်သော **စာဂဂုဏ်**၊ မကောင်းမှုပြုရမှာကို ရှက် တတ်သည့် **ဟိရီဂုဏ်**၊ ကြောက်လန့်တတ်သည့် **ဩတ္တပ္ပဂုဏ်** စသော ကောင်းမြတ်သော ဣဋ္ဌဂုဏ် ဓမ္မာရုံမီးအစုတို့သည်၎င်း၊၎င်း ၂-ယောက် တို့၏ အမိုက်ဂုဏ်၊ အမှားဂုဏ်၊ အပျင်းဂုဏ်၊ အဖျင်းဂုဏ်၊ လိမ်တတ်၊ ကောက်တတ်၊ မှောက်တတ်၊ မှားတတ်ဂုဏ် စသော မကောင်းသော အနိဋ္ဌဂုဏ် ဓမ္မာရုံမီးအစုတို့သည်၎င်း၊ ကောင်း-မကောင်းရောရှက်သော ဣဋ္ဌမဇ္ဈတ္တဂုဏ် ဓမ္မာရုံ မီးအစုတို့သည်၎င်း၊ ထိခိုက် စပ်ဟပ်မိကြသော အခါတို့မှာသည်း ရှေးနည်းအတူ၊ မနော မီးပေါက်ကြီးတို့က လောဘ မီးတောက်ကြီးတွေ တဟုန်းဟုန်း၊ ဒေါသမီးတောက်ကြီးတွေ တဟုန်း ဟုန်း၊မောဟမီးတောက်ကြီးတွေ တဟုန်းဟုန်းတို့တောက်လောင်လျက်၊ ဒွါရ, အာရုံ ၂-ပါးစုံ မီးအစုကြီးတို့နှင့်တကွ၊သုံးပါးသောမီးတောက်ကြီး တို့လည်း၊ အသီးအသီး အသစ်အဟောင်း ပြောင်းလဲ ချုပ်ပျက်၍ လိုက်နေ ရမှု (ဘင်ဉာဏ်အနိစ္စစုတို့ကိုလည်း) ထင်မြင်အောင် ရှုကြပါလေ ယော ဂီ မြတ်တွေတို့။ ။ဤကား-မနောမီးတောက်နှင့် ဘင်ဉာဏ်ဖေါက်ပုံ။

ဤသို့လျှင် အလှ-မီးကောင်မ၊အလှ-မီးကောင်ထီး၊မလှ မီးကောင်မ၊ မလှမီးကောင်ထီးတို့၏ ခြောက်ဒွါရတို့က ဇာတိ,ဇရာ,မရဏ မီးခဲကြီး တို့နှင့်၊ ခြောက်အာရုံတို့က ဇာတိ,ဇရာ, မရဏ မီးခဲကြီးတို့ ထိခိုက်တွေ့ ကြုံ စပ်ဟပ်ပူးကပ်၍ ရှုမြင်ကို မစောင့်စည်းသည့် **အသံဝရ**၊ မသင့်တင့် သည်ကို နှလုံးသွင်းတတ်သည့် **အယောနိသော မနသိကာရ**တို့ တည်းဟူ သော မီးကို လျင်စွာတောက်ထအောင် မှုတ်ပေးတတ်သည့်ဖိုကြီးနှစ်လုံး

တို့နှင့် ထိုးမှတ်၍ပေးလိုက်ကြရာ၊ တယောက်နှင့်တယောက်တို့၏ လောဘမီးချင်း ဘယ်လိုဆက်လက်စပ်ဟပ်၍ ကူးစက်နေကြသည်ကိုရင်း၊ ဒေါသမီးချင်းလည်း၊ မောဟမီးချင်းလည်း၊ ဘယ်လို ဆက်လက်ကူးစက်နေကြသည်ကိုရင်း၊ ကိုယ်တွေ့မျက်မြင် အထင်အရှား ရှိနေကြပြီးသားဖြစ်သူတို့မှာ ငါ့လင်,ငါ့မယား၊ ငါ့သား,ငါ့သမီး၊ ငါ့ပစ္စည်း-ငါ့ဥစ္စာ၊ ငါ့လယ်ယာနှင့်၊ ငါ့တကာ,ငါ့တပည့်၊ ငါ့အသိ ငါ့မိတ်ဆွေ စသည်တို့ကို တွယ်တာငြိကပ်၊ သိမှတ်ခင်မင်၊ ဆန့်ကျင် ဖြစ်မှား နေကြပြန်သောကြောင့်၊ ငါ့အတွက်,ငါ့ဟာအတွက်၊ ငါ့လူအတွက်, ငါ့လူဟာအတွက်တို့နှင့် ပြည့်စုံလုံလောက်အောင် ကြံစည်အားထုတ်ဘို့ရန် ကိန်းအမျိုးမျိုးတို့နှင့်ရင်း၊ ပြည့်စုံ လုံလောက်ပြီး တို့ကိုလည်း မပေါက် မပြန် မပျက် မစီး ကြရလေအောင် စောင့်ရှောက် လုံခြုံရန် ကြိုးကြိုး ကုတ်ကုတ် အားထုတ်ကြရဘို့၊ ကိန်းအမျိုးမျိုးတို့နှင့်ရင်း၊ ကြုံကြိုက် ဆိုက်တိုက် နေကြရာမှာ၊ ဘယ်လိုပင် အားထုတ်၍ စောင့်ရှောက်ပါသော်လည်း၊ အနိစ္စ တရားကို မလွှန်ဆန်နိုင်ကြငြားသည့်အတွက်၊ အမျိုးမျိုးပေါက်ပြန်နေကြရ၊ အမျိုးမျိုးသေနေကြရ၊ ပျက်စီးနေကြရ၊ အမျိုးမျိုး ချွတ်ချော်နေကြရသော ဘေးအပေါင်းတို့နှင့်တွေ့ကြုံကြရသဖြင့်၊ ပိုးရိမ်ပူပန်ရသော**သောကမီးတောက်ကြီး** အမျိုးမျိုးတွေ တဟုန်းဟုန်း၊ ငိုကြွေး မြည်တမ်းရသော **ပရိဒေဝမီးတောက်ကြီး** အမျိုးမျိုးတွေ တဟုန်းဟုန်း၊ ကိုယ်၏ ဆင်းရဲခြင်း **ဒုက္ခမီးတောက်ကြီး**အမျိုးမျိုးတွေ တဟုန်းဟုန်း၊ စိတ်၏ဆင်းရဲခြင်း**ဒေါမနဿမီးတောက်ကြီး** အမျိုးမျိုးတွေ တဟုန်းဟုန်း၊ ရင်တီးလက်ခတ်-သက်ကြီးရှိုက်တငင်- ပင်ပန်းရခြင်း **ဥပါယာသ မီးတောက်ကြီး** အမျိုးမျိုးတွေ တဟုန်းဟုန်း ငွဲငြိကာ မိမိတို့ကိုယ်ကိုလည်း တောက်လောင်၊ မိမိတို့နှင့် စပ်သမျှသော သူတို့ကိုလည်း၊ လောကမှာ အိမ်, ကျောင်း စသည်တို့ကို ကူးစက်၍ လောင်ကြသော မီးတို့သဘောအတိုင်း၊ ကူးစက်၍လည်း တောက်လောင်ချက်တို့နှင့်၊ ထိုမီးတို့ အသစ်အသစ်ပြောင်း၍ အဟောင်း, အဟောင်းတို့ ချုပ်ပျက်ကုန်ဆုံး၍လိုက်နေကြရမှု**ဘင်္ဂဉာဏ်အနိစ္စအချက်နတ္ထိ**ကိုလည်း အသီးအသီး ထင်မြင်ပါအောင်၊ မကြာမကြာ အခါခါ ရှုကြပွါးများကြ အားထုတ်ကြပါလေ။

ဤသို့ပြဆိုခဲ့တိုင်း၊ ငါကောင်, သူကောင်မ၊ ငါကောင်, သူကောင်ထီးတို့၏ ဇ-ဒွါရနှင့်၊ ခြောက်ဝအာရုံတို့မှာလည်း ဇာတိမီး, ဇရာမီး, မရဏမီးတို့ အခါမစဲ၊ အမြဲလောင်မြှိက်၍၊ ကတိုက်ကရိုက်သေဆုံး၍ လိုက်နေ

ရကြပါတကား၊ ၎င်းဒွါရ,အာရုံ ၂-ပါးစုံတို့ စပ်ဟပ်ပေါင်းဆုံမိကြသောအခါ၊ သတိကင်း၍ ဉာဏ်မလင်းသူတို့မှာ လောဘဒိဋ်း,ဒေါသဒိဋ်း,မောဟမိုးတို့က ဆက်လက်ကြွ၍၊သေးကမိုး,ပရိဒေဝမိုး, ဒုက္ခမိုး,ဒေါမနဿမိုး, ဥပါယာသမိုးတို့လည်း အပြီးတိုင် လောင်မြိုက်၍၊ ကတိုက်ကရိုက် သေဆုံး၍ လိုက်နေရကြပါ တကားဟု ထင်မြင်လာအောင်၊ မကြာမကြာ အခါခါ ရှုကြည့်၍၊ တဆဲ့တမိုးတို့ တဟုန်တည်း တောက်လောင်လျက်ထောက်တည်ရာ မရကြဘဲ၊ သံသရာတလျောက်လုံးတို့မှာ ငရဲမီးကောင်ကြီးတွေအလား ကျင်လည်ပြေးသွားနေကြရသော လူ,နတ်,ဗြဟ္မာ ပါယ်လေးရွာသားတို့နှင့် တကွ၊ ဘုံဗိမာန် အသုံးအဆောင်တို့ အတွင်းသားရုပ်,နာမ်ပရမတ်၊မီးခဲတ်သဘောကလေးတိုင်းတို့သည်၊ရှေ့ကပြခဲ့သောဘင်ဉာဏ်တို့ လျင်အမြန် ပျက်နိုင်ဘို့ အရေးကိုလည်း အားပေးရုံမက၊ အားလုံးကုန်မီးဘေးကြီးတွေဖိစီးနှိပ်စက်နေတာတို့ကို ထင်မြင်လာသော **ဘယဉာဏ်**၊ ကိလေသာဒုစရိုက် အမိုက်အမှား အပြစ်များနှင့်၊ ရုပ်, နာမ်တရားတို့အပြစ်များကို ရှုစားထင်မြင်လာသော **အာဒီနဝဉာဏ်**၊ဤဘယ, အာဒီနဝရှိသော ရုပ်နာမ်တို့ကို ထင်မြင်က၊ ထိုရုပ်နာမ်တို့နှင့် ဖြစ်ကြရန်အလွန်ပင် ပျင်းမုန်းငြီးငွေ့ မပျော်မွေ့သော **နိဗ္ဗိန္ဒာဉာဏ်** ဖြစ်ပေါ်လာနိုင်ပြန်၏။ထိုထိုရုပ်နာမ်ဘဝတို့၌ငြီးငွေ့ကလည်း၊၎င်းရုပ်နာမ်တို့မှ လျင်အမြန်လွတ်လိုလှသော **မုဉ္စိတုကမျတာဉာဏ်** ဖြစ်ပေါ်လာပြန်၏။ အမြန်လွတ်လိုကလည်း လွတ်ကြောင်းဖြစ်သော ရှေ့က ပြခဲ့သည့် တလောကလုံးပျက် ဝိပဿနာဉာဏ်အချက်တို့ကိုပင်၊တဖန် အားထုတ်ပြန်သော **ပဋိသင်္ခါဉာဏ်** ဖြစ်ပေါ်လာပြန်၏။ ၎င်း ဉာဏ်ရင့်သန်၍ ရုပ်နာမ်တို့ကို လျစ်လျူရှုခြင်း၊ အကြော-ကြက်တောင် မီးလောင် ကွေးကုပ် နောက်သို့ ဆုတ်သကဲ့သို့၊ ရုပ်နာမ်အစု ကာမဂုဏ်တို့ ကြီးပွါးရေးကို တွေးမိ, ကြံမိပိတ်ဉာဏ်တို့ မျက်နှာလှည့်လိုက်က မပျော်မပါး မကျက်စားဘဲ၊ လွတ်အားသန်သန် နောက်ဆုတ်ပြန်ငြား လျစ်လျူထားသော **သင်္ခါရုပေက္ခာဉာဏ်** ဖြစ်ပေါ်လာပြန်၏။ ၎င်းဉာဏ်လည်း ရင့်သန်၍ မဂ်ကို ရအံ့သောအခါ၊ မဂ္ဂဝီထိမှာပါသည့် ပရိကံ, ဥပစာ, အနုလုံဘည်းဟူသော **အနုလောမဉာဏ်**ဖြစ်ပေါ်လာကြပြီး၊ မဂ်ဉာဏ်ကိုလည်း တခါထည်းပေါက်ရောက်ရကြသည်၌၊ ဝိပဿနာဉာဏ် (၁၀)ပါး ဖြစ်ပြီးသား ရှိရာဝယ်၊ သြဘာသဝိဘိ-ပဿနွိ စသော ဥပက္ကိလေသ ဆယ်ချက်မှ လွတ်ထွက်ပြီးနောက်၊ ဆက်လက်၍ အားထုတ်ကြသော ဥဒယဗ္ဗယ ဉာဏ်မှစ၍၊ အနုလောမ

ဉာဏ်တိုင်အောင်သော ဝိပဿနာဉာဏ် ၉-ပါး၊ အကျင့် တရားတို့၏ စင်ကြယ်ခြင်းသည် **ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏**။ မဂ်ဉာဏ်သည် **ဉာဏဒဿနဝိသုဒ္ဓိမည်၏**။ ရှေ့ကပြခဲ့ပြီးသော ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ သုံးပါးတို့နှင့်၊ ဤက ဝိသုဒ္ဓိ ၂-ပါးတို့ အရကို ပေါင်းသော် **ပညာသာသနာက** ဝိသုဒ္ဓိငါးပါးအရကို ပြခြင်း ကိစ္စ ပြီးစီးကြလေ၏။

[ထို့ထက် အကျယ်ကို အလိုရှိကြပါသေးမူ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, ဋီကာကြီးတို့နှင့်တကွ၊ ငါတို့ ရေးထုတ်လိုက်သော ဝိသုဒ္ဓိကျင့်စဉ်စာအုပ်, ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ်စာအုပ်များမှာ ရှုစားကြပါလေ။ လိုရင်း အချုပ်မှုကား၊ ယခု ပေါက်ရောက်ကြ ပြီးသော ဘင်ဉာဏ်ကို၊ ယခု ဤမှာပြထားတိုင်း၊ သန်သန်ကြီးအားသစ်ကြပါမူ၊ အထက်အထက် ဉာဏ်ကြီးတွေနှင့် တကွ၊ မဂ်ဖိုလ်ကိုရကြရောက်ကြရန် တားဘားကလေးသာ ကျန်တော့၍၊ ခပ်မြန်မြန် အားထုတ်တော်မူနိုင်ကြပါစေသတည်း။]

ဤတဆဲ့တမီးအရနှင့် ရေးပြအပ်သော အချက်မှာလည်း၊ အလျှံပြောင်ပြောင် တောက်လောင်နေသော ငရဲမီးကောင်ကြီးတွေပမာ၊ တဆဲ့တဖြာသော မီးတို့ဖြင့်၊ညီးညီးပြောင်ပြောင် အမြဲလောင်မှုနှင့်၊အနိစ္စတို့အချက်ကို ရှု၍ ထင်မြင်ပေါက်ရောက် သူများဆိုတာလည်း ကျမ်းဂန်တို့မှာ မရှိဘြားဘဲ၊ကိုယ့်အထင်နှင့်သာ ကိုယ်ဆွဲ၍ ရေးသားနေတာပါလားဟု-စောဒနာ ဘွယ်ရှိလှ၍သာ ပါဠိကိုပြရမှာကား၊—

**သတ္တဝိညာဏဋ္ဌိတိယော နဝ သတ္တာဝါသာ ဧကာဒသဟိ အဂ္ဂီဟိ အာဒိတ္တာ သမ္ပဇ္ဇလိတာ သဇောတိဘူတာဝိယ ဟုတွာ ဥပဋ္ဌဟန္တိ။**

သတ္တဝိညာဏဋ္ဌိတိယောစ၊ ၇-ပါးသော ဝိညာဏဋ္ဌိတိတို့သည်၎င်း။ နဝသတ္တာဝါသာစ၊ ၉-ပါးသော သတ္တာဝါသတို့သည်၎င်း။ ဧကာဒသဟိ အဂ္ဂိဟိ၊ တဆဲ့တပါးသော မီးအများတို့ဖြင့်။ အာဒိတ္တာဝိယစ၊ ရဲရဲညီးညီး အစွဲကြီးလျက်၊အပြီးတိုင် လောင်မြိုက်သကဲ့သို့၎င်း။ သမ္ပဇ္ဇလိတာဝိယစ၊ အတွင်း,အပြင် ဝန်းကျင်ပတ်ချာမှာ အလျှံပြောင်စွာ တောက်လောင်ကာ တည်ရှိသကဲ့သို့၎င်း။ သဇောတိဘူတာဝိယစ၊အတွင်း,အပြင် တပြိုင်နက် ဝင်းဝင်းပြောင်ပြောင် တောက်လောင်၍ တက်နေသကဲ့သို့၎င်း။ ဟုတွာ၊

အနိစ္စစစ်၊ ဘေးရန်အပြစ်၊ အကြီးဆုံးဖြစ်၍။ ဥပဒ္ဒဟန္တိ၊ ယောဂီမြတ် ဉာဏ်အစဉ်မှာ ကြောင်ကြောင်ကြီး ထင်မြင်လာကုန်၏။ ။ဟု-ဝိသုဒ္ဓိမဂ် မိန့်တော်ချက်အတိုင်း၊ အဖန်ဖန်, အခါခါ ရှုကြည့်သူတို့မှာ ၇-ပါးသော သတ္တဝိညာဏဋ္ဌိတိ။ ၉-ပါးသော သတ္တာဝါသဟုဆိုအပ်သော ၃၁-ဘုံ အကုန်လုံးတို့သည်၊ တဆဲ့ဘမီးပါ၊ မီးအများတို့, လောင်မြိုက်ချက်နှင့် ထောက်တည်ရာမရ ပျက်စီး၍ လိုက်နေရသော မီးတုံးကြီး,မီးခဲကြီး, မီး တောက်ကြီး,မီးလျှံကြီးတို့သက်သက်သာတည်းဟုထင်မြင်ပေါက်ရောက် နေကြသော ယောဂီမြတ်တွေ ထဲသို့၊ ငါလဲဘဲ တယောက် အဝင်အပါ ဖြစ်နေပါပြီတကားဟုဝမ်းမြောက်ကြပါလေကုန်။မပေါက်ရောက်သေးဘဲ စောဒနာ လိုသူတို့အထဲမှာ ပါနေသူတို့ကလည်း၊တဆဲ့တမီးအရနှင့် အနိစ္စ ရှုကြသည်ကား၊ ကျမ်းဂန်လာများနှင့် အညီပေတည်းဟု အထူးဂရုပြု၍ ဘတ်ရှုကျင့်ကြံနိုင်ကြပါစေသတည်း။

ဤသို့ရှေ့က ပြခဲ့ပြီးသော မီးတရားကြီးများကို နာခံမှတ်သား ဘတ် ကြားကြည့်ရှုရပါသော်လည်း၊ ပိုးဖလံမျိုးပမာ၊ မီးကိုသာဖွတ်တိုး၍ နေလို ပါသော သူငါတို့စိတ်ထားကို ထင်ရှားရန်အချက်ကိုပြရမူ၊ တရားဟော ဆရာတော်များ တရားဟောအဆုံးသတ် အဘိဓမ္မာစကား အပြီးသတ်မှာ **ဤသို့ပေါင်းအင် များမြတ်သော ကုသိုလ်ကံ စေတနာတို့ကြောင့်၊ တဆဲ့ တမီးတို့ငြိမ်းချာ၊ နိဗ္ဗူတာသို့ လျင်မြန်စွာ ရောက်ရပါလိုကုန်သောဟူ၍ ဆုတောင်းကြကုန်** ဟု- ဟောကြား ဆုပေးသည်ကို တရားနာသူများက လည်း **ဟောတော်မူတိုင်း ပြည့်စုံရပါလို၏ဘုရားဟု** သူ့,ငါတိုင်းတို့ ဆုတောင်းနေကြသည့်အချက်နှင့် လောကကြီးကို၊ အဟုတ် အကောင်း ဆုံးကြီးထင်ပြီး ခင်မင်နေကြသူတို့၏ စိတ်ဆန္ဒအမှုသွားတို့၊ ဘယ်လိုများ ဆိုက်ရောက်နေသနည်းဟု- စဉ်းစား၍ ရှုကြည့် လိုက်စမ်းကြပါ။ တဆဲ့ တပါးသော မီးတို့ဆိုသည်ကား၊ ခံစား,စံစားနေကြသော သည်လင် သည်မယား၊ သည်သား- သည်သမီး၊ သည်ပစ္စည်း- သည်ဥစ္စာ စသည် အကောင်အထည်ကြီးတွေပင်၊တဆဲ့တမီးအစစ် အကောင်အထည်ကြီးဘို့ ဖြစ်၍၊၎င်းမီးလောင်စာကြီးတို့ ဖြစ်နေကြသောကြောင့်၊တရားဟော အပြီး သတ်မှာ ဆုပေးသော ဆရာတို့က တဆဲ့ဘမီး ကင်းတာ ထင်ရှားအောင် ထုတ်ဆောင်၍၊ **သတ္တဝါတိုင်းတို့၏ တဆဲ့တမီးတို့ကို သွင်းစွာမွှါးစီးစေ တတ်သော အကောင်းအမြတ်ဆုံးကြီးဖြစ်လှသည့် လင်ချစ် မယားချစ်၊ သားချစ်-သမီးချစ်၊ ပစ္စည်းချစ်-ဥစ္စာချစ်စသည်တို့နှင့်၊ မကြာမတင် ယခု**

ချက်ခြင်း လျှင်လျှင်မြန်မြန် လက်စတုံးအဆုံးသတ်၊ အပြေတ်ကြီးပြေတ်၊
အကင်းကြီးကင်း၊ အရှင်းကြီးရှင်း၊ အကွဲကြီးကွဲ၊ အလွဲကြီး လွဲရပါလို့
ကုန်သောဟူ၍ ဆုတောင်းကြကုန်ပြီ- အကောင်းတွေဟူသမျှ မီးတွေ-
မီးစာတွေမှန်း,လူတိုင်းသိကြအောင် ဆုပေးပါမူ၊တရားနာသူတို့ကလည်း
မီးတွေ-မီးစာတွေဘဲလို့ ယခုကြားနာရ၍ သိရှိလာကြသည့် လင်မယား၊
သား-သမီး၊ ပစ္စည်းအာရုံ ကာမဂုဏ်တို့မှ၊ အဟုတ်ချက်ခြင်း ကင်းဘို့ကို
မဆိုထားနှင့်ဦး၊စကားတုံ့မျှဟောတော်မူသည့်အတိုင်း၊ လျှင်မြန်စွာလက်
စတုံး အဆုံးသတ်၊ အပြေတ်ကြီးပြေတ်၊ အကင်းကြီးကင်း၊ အရှင်းကြီးရှင်း၊
အကွဲကြီးကွဲ၊အလွဲကြီးလွဲရပါလို၏ဟု တရားဟောဆရာတော်တို့က အော်
လို့ပင် နှုတ်တိုက်ချပေးတာတောင်၊ခပ်လေးလေးသာလိုက်သူ၊မလိုက်ဘဲ
သော်လည်း နေသူများကြရုံမက၊ သည်ကိုယ်တော် ပါးစပ်ပုပ် တရားကို
နောက်နောင်လည်းမနာကြားကြရအောင်၊ဘယ်တော့မှ သည်ကိုယ်တော်
ကို မပင့်ကြနှင့် ဟူ၍ပင်၊ တားမြစ်ချင်ကြမည့် လူစားထဲသို့၊ ယခုတရား
အလုပ်ကို အားထုတ်ကြမည့် အားထုတ်နေကြသည့် အားထုတ်နေကြပြီး၊
တို့ယောဂီကြီးတို့လည်း အဝင်အပါ ဟုတ်သည်- မဟုတ်သည် များကို
စဉ်းစား၍ကြည့်ကြက၊ ကိုယ့်ကိုယ်တော့ ကိုယ်သိကြမှာ ပလေ၊ သို့ပေမဲ့
သူဘာပါးက ဟုတ်လိမ့်လားဟု ထင်ရအောင်၊ ရုပ်ဆင်လို့အမျိုးမျိုး ပြော
ကြပေလိမ့်ဦးမည် ကေန်တည်း။ အဘယ့်ကြောင့် ချစ်လင်- ချစ်မယား
စသည်များနှင့်၊ အပြတ်ကြီး, အကွဲကြီးစသည်ဖြင့် ဆုပေးရသနည်းဟူမူ၊
၎င်းချစ်လင်-ချစ်မယား စသည်များနှင့်အစုံတွဲ၍၊ နိဗ္ဗာန်ထဲသို့မဝင်ရလေ။
နိဗ္ဗာန်တံခါးဝ မဂ်ဖိုလ်တို့ကပင်၊ ၎င်းအချစ်တို့၏ အပြစ်ကြီးများကို
ထင်ရှားသိမြင်လျက်၊ မခင်မင်-မလိုချင်လှသည်အတွက်၊ ခွေးငတ်ဘဝက
မစင်ကို ကြိုက်လှသော်လည်း၊ လူဘဝကျတော့ မုန်းလှသလို၊ ၎င်းအာရုံ
ကာမဂုဏ်တွေကို မုန်းလှ၍၊နိဗ္ဗာန်တံခါးဝ မဂ်ဖိုလ်အဆုံးကျကတည်းက၊
တခါထဲ အပြီးသတ်အပြေတ်ကြီး၊အကင်းကြီး၊အရှင်းကြီး၊အကွဲကြီး၊အလွဲ
ကြီးအပြတ်ကင်းရှင်းကွဲလွဲခြင်းဖြစ်ကြလျက်၊ဧးမြသောနိဗ္ဗာန်အတွင်းဘက်
သို့ ကူးတက်ကြရမည့်အတွက်ကြောင့်၊ထင်ရှားအောင်ဖေါ်ထုတ်၍ဆုပေး
ရခြင်းဖြစ်ပေသတည်း။ ။၎င်းအချစ်နှမစသည်တို့ကို အပြစ်ပြ၍ ပေးသော
ဆုကို မကြိုက်ကြဘဲ၊နိဗ္ဗာန်နှင့်လွဲလိုသော ကာမဂုဏ်အညီကြိုက် တို့လူစု
တသိုက်ကိုတော့ ကာမဂုဏ်နှင့်ကွဲစကား၊သူတို့မကြိုက်သည့် အချက်များ
ကိုတော့ ပြည်ဖုံးချထား၍၊ မင်းတို့လူစု ဘဝအဆက်ဆက်တို့မှာ ဒိုလို့

ချည်းဘဲ၊နာလို့ချည်းဘဲ၊ သေလို့ချည်းဘဲ နေချင်ကြသလားဟု မေးမူ၊မနေချင်ပါဘူးဟု လူတိုင်းကပင် ပြောကြလိမ့်မည့် သူတို့ကို၊ ကဲကဲ ဒါဖြင့် ဤကောင်းမှုကြောင့်၊ အိုဘေးကြီး၊နာဘေးကြီး—သေဘေးကြီးတို့မှ၊လျင်မြန်စွာ ကင်းလွတ်ရပါစေ၍ ဘုရား ဟု မင်းတို့လိုသော ဆုကို တောင်း၍—တောင်း၍ ထိုထို ကောင်းမှုတို့ကို ပြုကြပါလေဟု— ပြည်ဖုံးချ၍၊ နိဗ္ဗာန်၏ကောင်းခြင်းအရသာ အနှဲ-အကျဉ်းမျှကို ပြကာပြကာ ဆုပေးလိုက်ကြပါလေ ဓမ္မကထိကတွေတို့။

ဤအရာ၌ ဝိပဿနာအလုပ်နှင့် အဟုတ်သဘာဝဆိုက်ပြီး၊ ဤလောကကြီး အားလုံးတို့ဟာ အယုတ်အမှားနှင့်၊ မဟုတ် မတရားကြီးတွေဘဲဟု ထင်မြင် ပေါက်ရောက် သူတို့ကား၊ ယခု ရှိရင်းစွဲ သံယောဇဉ်တို့မှ အကြောင်း မညီညွတ်လှ၍၊ လူကိုယ်တိုင် ကျွတ်လွတ်အောင် မထွက်မြောက်နိုင်သေးသော်လည်း၊ ဝိပဿနာစိတ်အယဉ်နှင့်၊လျင်မြန်စွာ လွတ်ချင်သော ဆုကိုတော့ ဇောစိတ်ပါပါနှင့် ကြွေ့တောင်းနိုင်ကြကုန်ရာ၏။ ယောင်တောင်တောင်-ဝါးတားတား၊ယောဂီစားတို့ကား၊ရှေ့လူများအထဲကနေကြပြီး တရားဟောရာ၊ အဘိဓမ္မာအဆုံးမှာ နိဂုံးသတ် ဆုပေးကိုယ်တော်များကို၊ကိုးရို-ကားရား လုပ်ချင်သူသာများကြပေလိမ့်သတည်း။ ဤသည်ကား ပိုးဖလံမျိုး မီးကိုတိုးနေကြတာထက်မက၊လင်မယား သားသမီးစသည်တို့ဟာ မီးတွေပါဟု ဟောပြကြ၍၊ ယခု ဤစာကို ဘတ်ကြည့်ကြနာကြားကြရ၍၊ သိရှိကြပြီးသား၊ စိတ်- ဉာဏ်အနုံစားတို့မှာ၊ ထိုမီးတွေအတွင်းသို့သာ ဇွတ်အတင်း ရှေ့ကလည်း တိုးဆင်းခဲ့လှကြလေပြီ။ ယခုလည်းပညာမျက်စိဖွင့်မကြည့်ကြဘဲ၊ စုံမှိတ်ထားခြင်း၊ ဇွတ်တိုးဆင်းနေကြဆဲ၊နောက်နောင်ကိုလည်း သည့်လင်-သည့်မယား၊သည့်သား-သည့်သမီး၊ သည်ပစ္စည်းအာရုံ ကာမဂုဏ် မီးအတွင်းသို့ မချွတ် မယွင်းကြဆဲ၊ ဇွတ်အတင်း- တိုးတိုး- တိုးတိုး ဆင်းသွားကြရပါလိုသော- ဩကာသ-ဩကာသဟု မီးအတွင်းသို့၊ တိုးကြရဘို့ ဆုကိုလည်း တောင်နေကြငြား၊ ပိုးဖလံအောက်တန်းစားတို့ဟာ၊ငါတို့ဘဲဖြစ်နေတာလားဟု စဉ်းစားမိကြရန်၊ စဉ်းစားကြည့်ကြရန် ထုတ်ပြန်ဟော ကြားလိုက်ပေသတည်း။ ။

ဩော်......ဤ အချက်ကောင်းကြီးများကို အဟုတ်လည်းသိခဲ့စွ။ ဝိပဿနာလုပ်ငန်းနှင့်လည်းမိခဲ့စွ။ နေထိုင်သွားလာတိုင်းတို့မှာ လုပ်ငန်းပါအောင် သတိဝီရိယတို့လည်း ရှိခဲ့စွ-ရှိခဲ့စွ။ ရှေ့ကပြခဲ့တိုင်း သိအောင်- မိအောင်

ရှိအောင်၊ အထူးကြိုးဆောင်၍ အဓိဋ္ဌာန်ကြီး အသီးသီးထားကြကာ အား သစ်ကြပါလေ ယောဂီမြတ်တွေတို့။

လောကီအလုပ်ကို အဟုတ်ထင်ပြီး၊ အားကြီး လိုက်စားနေသူများကို မခရိထားနှင့်ဦး၊ လောကငြီး၍ငွေပြီး၊ တဆဲ့တမိုးငြိမ်းကြောင်း၊ သူတော် ကောင်းအလုပ်ထဲမှာတောင် ကိလေသာမိုး စွဲလာတတ်ချက်ကို ပြရမူ၊ဤ ဝိပဿနာ လုပ်ငန်းများကို တို့ရှေ့ကပြခဲ့သော နည်းများနှင့်ဖြစ်စေ၊ထိုထို ဆရာမြတ်တို့ နည်းများနှင့်ဖြစ်စေ၊ တကယ်သိ, တကယ်မိ, တကယ်ရှိ သောယောဂီမြတ်ဖျား သူတော်ကောင်းအများတို့၊မိမိတို့နှစ်သက်ရာထိုထို တောတောင်၊ ချောင်မြောင်စရပ်၊ ကျောင်းမြတ်ဝိဟာ၊ ရပ်ရွာအတွင်း၊ နံ့နက်ခင်း စောစောအခါ စသည်တို့မှာ၊မိမိတို့ သိကြ-မိကြ-ရှိကြသော ဝိပဿနာအလုပ်ကို အဟုတ်အားထုတ်၍ နေကြစဉ်အခါကြီး တို့မှာပင်၊ ကိလေသာမိုးတို့ သီးပေါက်ရှာ၍ ဝင်လာသည်ကား၊ ချိပါသားတို့ ဇီးဖြူ သီးမှိုင်သည့် ပမာဖြင့် သိသာတို့အချက်မှာ၊ လူတယောက်က ငါ့ဇီးဖြူ ပင်မှာ အမြစ်ကစ၍ ထိုထိုအညွန့်များ, အရွက်များကျအောင် ကွက်လပ် မရှိရဘဲ၊ အပြည့်အညှပ် သီးသည်ဟု ဇီးဖြူသီးမှိုင်ရာ၊ ချိပါသားကလာ၍ မင်းအပင်လည်းသီးပါပေရဲ့၊သို့သော်လည်း၊ငါ့အပင်လောက် သီးပေါက် ရှာ၍ မသီးသေးဘူးဟုဆိုရာတွင်၊ ငါ့အပင်ထက်သာအောင် ဘယ်လို သီး ပေါက်ရှာ၍ သီးပါသနည်းဟုမေးသောအခါ၊ ချိပါသားက၊ ငါ့ အပင်မှာ သီးချက်ကား၊ မင်းအပင်ကဲ့သို့ ကွက်လပ် မရှိအောင် သီးချက်ချင်းတူ သော်လည်း၊ ရင်းအပင်အောက်နားက ဆယ်တင်းသားမက၊ဇီးဖြူသီးတွေ ပုံနေကြပြီး၊ ထိုအပင်ထက်သို့ တက်၍ သီးကြရန် ကွက်လပ်ကို မျှော် လျက်၊ တမော်မော်ကြည့်နေကြသမောင့်။ အကြောင်း တပါးကြောင့်၊ အသီးကြွေကျ၊ ကွက်လပ်ရှိကြပါမူ၊အောက်က ဇီးဖြူသီးတွေ သူထက်ငါ လုကြပြီး၊ ဖောက်ကနဲ- ဖောက်ကနဲ တက်တက် သီးကြရအောင်၊ သီး ပေါက်ကိုရှာ၍၊ ငါ့ ဇီးဖြူပင်က သီးပါသမောင့်ဟု- ပြောကြားရာသော ဥပမာလို၊ ယောဂီပျိုတို့မှာလည်း၊ သမထဝိပဿနာလုပ်ငန်းရ၍၊ နေ့ညဉ့် မစဲ၊ စွဲမြဲအားထုတ်နေကြဆဲအခါ၊မိမိတို့ ရုပ်နာမ်ခန္ဓာ ဘာဝနာတို့အစဉ် မှာ ဇာတိမီး, ဇရာမီး, မရဏမီး, တေဇောမီးတို့ အပြီးတိုင်လောင်ချက် နှင့် ချုပ်ပျက်၍လိုက်နေမှုကို ရှုရှု-ရှုရှုနေကြရသည့်အတွက်၊ ကိလေသာ မီးတို့ မနော္ဒါရဝိတ်အစဉ် တည်းဟူသော **မဒ္ဒါယုဋ္ဌာနဘုံ** မှာလည်း သီး ကွက်မရကုန်၊ ကိုယ်နှုတ် အစဉ်တည်းဟူသော **ဝီတိက္ကမဘုံ**တို့မှာလည်း

သီးကွက်မရကုန်၍၊ဖီးဖြူပင် အောက်နှင့် တူစွာ၊ခန္ဓာအစဉ်မှာ အမြဲပါနေသည့် အနုသယဘုံဌာနမှာသာ တထောင့်ငါးရာမက၊ အနုသယ ကိလေသာမီးတို့ စုပုံကြလျက်၊ ဝိပဿနာ အားထုတ်နေဆဲ၊ နှလုံးထဲ အပင်ထက်သို့သာ သီးကွက်ရှာ၍၊ မော်ကာ-မော်ကာ ရှုကြည့်နေကြရာ၊ ယောဂီဖြတ်ဆရာတို့က ဩော် ..... ငါ့မှာ ယခုအားထုတ်လာလိုက်တာ၊ တို့ဒကာ, ဒကာမ၊ တို့ကျောင်းသားများ၊ ငါမှာထားခဲ့သည်၊ ဘယ်အလုပ်ကလေးဟာ ဟုတ်မှ-ဟုတ်ပါ့မလားဟူ၍ငင်း၊ငါမပြန်ခင် ဘယ်လိုများ ဖေါက်ပြန်ချင်တိုင်း ဖေါက်ပြန်နေကြလိမ့်မလဲဟူ၍ငင်း၊

ကလေးများ **တိုင်ကူးဘန်း ကစားရာ၊ တခြားသူက ဝိဝိတိုင်ကိုဦး၍ တိုင်သက်သွတ်သူက ခွေးရူးဖြစ်တန်း ကစားကြသလို** ငါအပြန်မှာ ဒကာ, ဒကာမ စသည် ကျောင်းစသည်၊နေရာစသည် တခုခုကို သူများက ဦးနှင့်ကြ၍ ငါ ခွေးရူးများ ဖြစ်နေရတော့မှာလားဟူ၍ငင်း စသည်ဖြင့်၊ တပည့်-သား, သမီး၊ ပစ္စည်းအာရုံ ကာမဂုဏ်တို့ အတွက်နှင့်၊ ဝိပဿနာစိတ် လစ်လပ်ကွက်ရမှု၊အနုသယဘုံက မော်၍ ကြည့်နေကြသော အနုသယကိလေသာမီး ဖီးဖြူသီးတို့က၊ ပရိယုဋ္ဌာနပင်ထက်၊ ဝိတိက္ကမပင်ထက်သို့၊ဖောက်ကနဲ ဖောက်ကနဲ၊ တက်တက်- တက်တက်သီး၍ တကိုယ်လုံး- တကောင်လုံး ကြီးတို့ ပင်လုံးကျွတ် သီးသော ကိလေသာ မီးတုံးကြီး, မီးကောင်ကြီးတွေ ဖြစ်နေကြအောင် လာလာလောင်တတ်လှ၊ ကိလေသာဖီးဖြူသီးတို့ -သီးတတ်လှမှုများကို သတိဘား၍၊ ၃၁-ဘုံရှိသမျှ သဝိညာဏက, အဝိညာဏကဘုံ ခန္ဓာအစဉ်တိုင်းတို့မှာ ထိုက်သည့်အားလျော်စွာ၊တဆဲ့တသီး မီးကျီး, မီးတောက်တို့ တဟုန်တည်းလောင်တောက်ကာ လျင်မြန်စွာ တလောကလုံးကြီးတို့ ချုပ်ပျောက် သေဆုံး၍၊ အနိစ္စတုံးကြီးတွေ ဖြစ်ဖြစ်-ဖြစ်ဖြစ် လိုက်နေကြပါတကားဟု သံသရာဘေး၊ ထိတ်လန့်ဘွယ် အရေးများကိုလည်း၊ တွေးတွေး- တွေးတွေးပြီး မကြာမကြာ အခါခါ ဘင်ဉာဏ်,ဘယဉာဏ် စသည်ဘက်သို့၊ လျင်အမြန် ကူးဘက်နိုင်ကြပါစေသတည်း။ဤဘဆဲ့တမီးတို့နှင့် ဝိပဿနာရှုရန်ပြခဲ့သည့်အဋ္ဌကထာကြီးများစကားအရကို လွယ်လွယ်နှင့် သိကြဘို့ လက်ာတို့ကို **ဇာတိ-ဇရာ-မရဏာနှင့်၊ ကိလေသာမီး၊ ပြောင်ပြောင်ညီးကာ၊ သူ့ထက်ငါ၊ လောင်၍ ပြေးရှာ။**—ဟု ဝိသုဒ္ဓိဆောင်ပုဒ်မှာ ရေးထုတ်လိုက်ပါ သတည်း။ ဤလက်ာသံပေါက်အတိုင်း နှလုံး သွင်းကာ သွင်းကာ အမှုအရာ အသစ်, အဟောင်း ပြောင်းလဲတိုင်းတို့မှာ၊ အနိစ္စ မရဏ မီးတို့သာ၊ အသစ်,

အဟောင်း ပြောင်းလဲလိုက်နေချက်တို့ကို ရှုကြည့်လိုက်ပါမူ၊ သူ့အမူအရာ ပျက်နှင့်၊ သူ့အကွက်ကျ အလျင်အမြန် ဘင်ဉာဏ်အချက်နှင့် ပျက်ပျက်လိုက်နေကြသည်ကိုပင်၊ ထင်မြင် လာအောင် ကြမကြာ အခါခါ ရှုကြပါလေ။

[ဤသည်တို့ကား တေဇောဒီးက တဆဲ့ဘမိုးကျအောင် ဘင်ဉာဏ်၊ ဘယ-အာဒီနဝ စသည်ဉာဏ်ဘက်သို့ ကူးတက် နိုင်ကြလောက်ရုံသာ အကျဉ်းမျှ ပြလိုက်ပါသတည်း။ ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်စာအုပ်မှာကား၊ သမ္မသနဉာဏ်များ အလျင်အမြန် တက်သွားကြရန် ရည်သန်၍၊ သမ္မသနဉာဏ် အချက်မှာ၊ ၎င်း ၁၁-မီးတို့နှင့် ပြခဲ့ပေသတည်း။ ဤစာအုပ်မှာကား၊ ဘင်ဉာဏ်, ဘယဉာဏ်စသည်ဘက်သို့ တက်လွယ်ကြရန် ရည်သန်၍၊ ဘင်ဉာဏ် စသည်အရာမှာ၊ ၎င်း ၁၁-မီးတို့ကို ပြအပ်ပါသတည်း။ ဤဘင်, ဘယ, အာဒီနဝစသည် အကျယ်ကို သိလိုကြသေးမူ၊ ငါတို့ ရေးထုတ်လိုက်သော ဝိသုဒ္ဓိကျင့်စဉ်စာအုပ်,ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ် စာအုပ်တို့မှာ ရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။]

ဤဒွါဒသမ, ရက် အပြီးသတ်မှာလည်း၊ ရုပ်နာမ်ဓမ္မ တလောကလုံး ကြီးတို့ အလျှံကင်းသော မီးကျီးတွင်းပမာ၊ ထင်မြင်လာအောင် ဓာတ်, ဓရု,မရဏမီးသုံးပါးနှင့်၊ ရုပ်တုံး,ရုပ်ခဲ,ရုပ်ကောင် ရုပ်သည်ကြီးတွေဟာ မီးတုံး,မီးခဲ, မီးကောင်, မီးအထည်ကြီးတွေ ထင်မြင်နေအောင်၊ နိဂုံးချုပ်တရားစကားကိုသည်း ဟောကြား၊ ခြောက် ဒွါရတို့မှာ ဘဆဲ့ဘဖြာစီသော မီးတွေ လောင်နေချက်နှင့်၊ မီးပေါက်ကြီး ခြောက်ပေါက်က မီးတောက်ကြီးတွေ တဟုန်းဟုန်းတောက်ထွက်နေချက်များကို ထင်မြင်သွားကြရန်၊ နိဂုံးချုပ်တရားတို့ကိုလည်း မိမိတို့နေရာကျတော့နှလုံးသွင်းဘတ် ဆင်ခြင်တဘ်ကြရန် ဟောပြသျှင်၊ ဒွါဒသမ, ရက်မြတ်၊ အဆုံးသတ်လိုက်ကြပါလေ၊ ဆရာလုပ်သူအပေါင်း သူတော်ကောင်းတွေဘို။

ဒွါဒသမ,ရက် အလုပ်စခန်း ဤတွင်နိဋ္ဌိတံ။

## (၄၄) တေရသမ႑ရက်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်တို့ ထက်မြက်အောင် အဘိဏှသုတ်က အိုဘေးကြီး၊ နာဘေးကြီး၊ အနည်းနည်းတို့နှင့်ရှုကြရပုံ

ယခုပြလတ္တံ့သော တေရသမ႑ရက် ဝိပဿနာအလုပ်ပေးချက်၌လည်း ရှေးနေ့များက ပြထားခဲ့သည့် အနိစ္စအချက်တွေဟာ မြန်သည်ထက် မြန်သွားလျက်၊ ဘယ၊ အာဒီနဝ စသော ဉာဏ်အစားစားဘက်သို့၊ တက်တက်သွားနိုင်ကြရန် သိတံ ဆောင်ပုဒ်ကို၊ **သူ့ထက်ငါသာ၊ ဘေးကြီးရော၊ ပြိုင်ကာပြေးရခြင်း**။ ဟု- ဝိသုဒ္ဓိ ဆောင်ပုဒ်၌ ရေးထုတ်လိုက်သည့် အရက **သူ့ထက်**ဆိုသည်ကား၊ မိဘ၊ လင်မယား၊ သို့၊ သားမျိုးဆွေ၊ သတ္တဝါတွေ ရှိရှိသမျှတို့ထက်ဟု ဆိုလိုသည်။ **ငါသာ** ဆိုသည်ကား၊ မိမိ-မိမိတို့က သာအောင် ထိုဘေးကြီးရာသို့၊ ပြေးနေကြသည်ဟု ဆိုလိုသည်။ ရဟန်း၊ ရှင်၊ လူ ဘယ်သူမဆို ပျို၊ အို မရွေး၊ ပြိုင်၍ပြေးနေကြသော ထို **ဘေးကြီး**ရော ဆိုတာကလည်း တခြားမဟုတ်ပါ၊ ငါဘဲဟု ခဲခဲမဲမဲ အထင်လွဲနေကြသော မိမိ-မိမိတို့ ခန္ဓာဆိုးကြီးတို့ပင် ဖြစ်နေကြပါသည်ဟု မသိရှာကြသည့် အတွက် မိုက်မှားကွက်ရသမျှ၊ ခန္ဓာဆိုးအလိုသို့လိုက်၍၊ မိုက်မှားလိုကြသော လူ-ဂဟဋ္ဌ၊ ရဟန်း-ပဗ္ဗဇိတတို့ပါ၊ နေ့ည၌မလပ် ဒလစပ်ပွါးများအားထုတ်စေလို၍ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားတော်မူသည့် သုတ်ကို **အဘိဏှသုတ်**ဟု အမည်နာမ ခေါ်ဝေါ်ကြရလေသတည်း။ ဤအဘိဏှသုတ်ကြီး၏ပါဌ်အနက်တို့ကို၊ ဉာဏ်လေးသူများ၊ အရအကျက်ခက်ကြမည်စိုးသောကြောင့်၊ တို့မြန်မာသံပေါက် တမျိုးထည်းနှင့်သာပြရမှာကား။.....

**အို-နာ-သေ-ကွဲ၊ ကံနှစ်ခွဲ၊ အမြဲနေ့တိုင်းရှု။**
**အကုသိုလ်ပြုက၊ အပါယ်ကျ၊ ကုသိုလ်ပြုမှ၊ ကောင်းရာရ၊ ကံသာမူလ၊ ဖြစ်သမှု။**

ဟု-ဆိုပါဠိတော်အပြန့်နှင့်၊ ဤအကျဉ်းချုပ်အရကို နှုတ်မှာ သွက်သွက် အရကျက်ပြီးလျှင်၊ ထိုအဘိဏှသုတ်ကြီးက ဇရာဓမ္မောမှိ အရကို၊ တို့မြန်မာက အိုဟုဆိုကြ၏။ ၎င်းဇရာကလည်း သမ္မုတိဇရာ၊ ခဏိကဇရာ၊ သန္တတိဇရာ အားဖြင့် သုံးပါးရှိကြသည်တွင်၊ ခါးကုန်း၊ ဆံဖြူ၊ သွားကျိုးသူတို့၏ အိုခြင်းကား၊ **သမ္မုတိဇရာတရားတည်း**။ ၎င်းဇရာအရကို၊ သူငါတို့ပင် သိရှိနေကြပြီး ဖြစ်သောကြောင့်၊ အထူးဟောကြား ရေးသားဘွယ် မရှိတော့ပေ။ ရုပ်နာမ်တို့၏ ဌီ ကာလကား၊ **ခဏိက ဇရာတရားတည်း**။ ၎င်း

ဇရာအံ့ရကို လက်ပြစ်တတွက် ကာလမှာ နာမ်က ကုဋေတသိန်း၊ ရုပ်က ကုဋေငါးထောင် ရှစ်ရာ့ရှစ်ဆဲ့နှစ်၊ ကုဋေသုံးသန်း ငါးသိန်း နှစ်သောင်း ကိုးထောင် လေးရာတစ်ဆဲ့ နှစ်ချက်(၅၀၈၂၃၅၂၉၄၁၂) ဖြစ်,ပျက်မြန်ကြသည့် အထဲမှာ၊ တဗိတ်တဗိတ်စီ ခွဲ၍၊ ၎င်း တဗိတ်ထဲက အလယ်ပိုင်း **ဓော်ကဇရာ** ကလေးတွေကိုသာ ထင်မြင်လာအောင် ပုဂ္ဂလဝိသေသများကို ထား၍၊ သာမာန်လူစားတို့ ရှုကြည့်ကြရဘို့ ခဲယဉ်းလှသည့် အတွက် မရှုကြရပေ၊ ရှုကြည့်ကြစေလိုရင်း အစစ်ကား၊ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊ ၎င်း မဟာဋီကာကြီးတို့မှာ ပြထားသည့် တခုဘခုသော ရုပ် နာမ် အစဉ် သန္တတိတို့၏ **ဖြစ်ခ-ဇာတိ၊ အလယ်ပိုင်း-ဇရာ၊ အဆုံးချက်-မရဏ** ကာလတို့ ခင်ကျဲကျဲထင်မြင်ရာက ၊ကာလဗိုင်ဗိုင်လာအောင်သာ လေ့လာရှုစား ပွါးများအားထုတ်ကြကုန်ရာသည်၌၊ ဤသမ္မုတိ-ခဏိက-သန္တတိ မရဏ သုံးပါးလုံးတို့သည်၊ ၎င်းဇရာ သုံးပါးလုံးတို့က အမြန်, အနှေး၊ သေမိန့်ပေးချက်ကို ဦးထိပ်ရွက်ကာ မနေသာဘဲ၊သေပေါက်ထဲသို့ ဖြုန်းကနဲ အတင်း ချန်ချန်-ချန်ချန် ဆင်းနေကြရကုန်၏။ ဤရုပ် သန္တတိအရကို ထင်ရှားအောင် ပြရမူ၊ မီးခြစ်ကြသောအခါ၊ စစဦး မီးတောက်မှုသည်၊ မီးတောက်ရုပ်၏ **သန္တတိဇာတိမည်**၏။ မီးတောက်စမှ အဆုံးကျအောင် လောင်မှုကား၊ မီးတောက်ရုပ်၏ **သန္တတိဇရာမည်**၏။ မီးတောက်အဆုံးသတ်မှာ ဖျတ်ကနဲ သေမှုကား၊ မီးတောက်ရုပ်၏ **သန္တတိမရဏ မည်**၏ ဟု-သေချာစွာ သိရှိကြပါလေ။

ဤတရားသုံးပါးဝယ်၊ အလယ်ပိုင်း ဇရာမီးက အဆုံးသို့ မကျအောင်၊ လ, နှစ်, သံသရာ ကမ္ဘာတို့ပင်လုံး စောင့်ဆိုင်းပါမူ၊ ၎င်းအတွင်းမှာ အဆုံးသတ်မရဏမဖြစ်ရပေ။၎င်းဇရာမီးကခဏချက်ခြင်းအတင်းလောင်မြိုက်ပါမူ၊ ခဏချင်းပင် သေပျောက်ရ၏။ ဖယောင်းမီးနှစ်တိုင် တပြိုင်နက် မီးထွန်းကြရာ၊ လေတိုက်မှာရှိသည့် မီးတိုင်ကား၊ ခဏချင်းမရဏတွင်းသို့ ဆင်းရာ၏။ မှန်အိမ်တွင်းရှိသည့် မီးတိုင်ကား၊ ကြာမြင့်မှ မရဏဘေးသင့်ရသည့်အလားတူ၊ လောကကြီးအားလုံးမှာ၊ ပျက်,ပျောက် သေဆုံးတာဟူသမျှတို့ ဇရာက ရှေ့သွားရှိမှ၊ ဇရာက စီရင်ဆုံးဖြတ် အမိန့်တော်မှတ်မှသာ အဆုံးသတ်မရဏ သေပျောက်, ပျက်စီးကြရ၏ဟု မြဲမြဲကြီး မှတ်ကြပြီး၊သေဘေးကြီးကို ကြောက်အားပိုသည်ထက် သေရဘို့အချက်ကို အမြဲစီရင်နေသော **ဒိုးဘေး-ဇရာ**တွေကို၊ သာလို့ပင် ကြောက်ထိုက်လှသည်။ ကြောက်ကြရမည်။ ထိုကြောက်စရာ့- ဒိုးဘေးကြီးဟာ ဘယ်

အခါကစ၍ မိလာကြေပါသနည်းဟု မေးချက်ကို ဥပမာနှင့်ပြဆိုရမူ၊ စည်းစောင်ရန်းတို့က တိုးငင်ရန် ငုံ့ပေါက်တွေဟူသမျှဘို့မှာ ညွတ်ကွင်းတွေအစေ့ ထောင်ထားရာ၊ သားငှက်တွေလာပြီး ငုံ့ပေါက်သို့ ထိပ်တော့ကာ ရှေ့ဘက်သို့ ငင်လိုက်ရာ၊ ညွတ်ကွင်းမှာ တန်းလန်း၊ ဆွဲငင်ရာစခန်းသို့၊ ဒလကြမ်း လိုက်ရဘိသကဲ့သို့၊ သတ္တဝါတွေ ပဋိသန္ဓေ ဥပါဒ်အစသည်၊ ဇရာညွတ်ကွင်းသို့ ဦးခေါင်းတေ့ကြမှုဘို့ပေဘည်း။ ပဋိသန္ဓေရုပ်နာမ်ဘို့၏ ငြိသို့ ရောက်ချက်သည်၊ ဒိုးဘေးဇရာကွင်းကြီးများ လည်ပင်းကို မိထားချက်တို့ပေတည်း။ ဤသို့ မိထားသော ဇရာကွင်းကြီးများကို ငါဘဲဟု ထင်မြင်နေကြသော မိမိတို့ ခန္ဓာဆိုးကြီးတို့က အတင်းအဓမ္မ၊ ယခုနေ့-ညဉ့်-လ-နှစ်ရှိသမျှ၊ဆွဲငင်ယူဆောင်ကြကာ သေပေါက်သို့ အမြန်ရောက်ပါအောင် အမြဲနှိပ်စက်ဆဲ ဖြစ်နေကြရသည့် ဒိုးဘေး-ဇရာ ကြီးကိုငင်း၊

တနည်းမှတ်စရာ ဥပမာကား၊ နွားများစွာကို နွားသတ်ရုံသို့ သတ်ရန် မောင်းသွားသော နွားသတ်သမားကြီးက နှေးနှေးမောင်းမူ၊ ဖြေးဖြေးမှ နွားသတ်ရုံသို့ကျ၍ သေရသည်နှင့်ငင်း၊ မြန်မြန်မောင်းမူ၊ မြန်မြန်နွားသတ် ရုံသို့ကျ၍ သေရသည်နှင့်ငင်း အလွန်တူလှစွာ ရှုကြပါလျက်၊ ကြီး,ငယ် မရွေး ကလေးစသည် ရှိရှိသမျှ,သတ္တဝါအနန္တ တည်းဟူသော နွားခြံ တို့ကို ဆုတ်ယုတ်လျော့ပါး သေအောင်ပြုသမားတည်းဟူသော ဇရာ ဒိုး ဘေးဆိုး နွားမောင်းသမား အမျိုးမျိုးတို့က အမြဲထာဝရ နွားသတ်ရုံ တည်းဟူသော မရဏာသို့ အဘင်းအဓမ္မ ယခုနေ့, ညဉ့်-လ-နှစ် ရှိသမျှ မောင်းနှင်ယူဆောင်ကြကာ သေပေါက်သို့ အမြန်ရောက်ပါအောင် အမြဲ နှိပ်စက်ဆဲ ဖြစ်နေကြရသည့် ဒိုးဘေး-ဇရာဆိုးကြီးကိုငင်း၊ ဉာဏ်နှင့် မိမိ ပြုံးပြုံးကြည့်ကာ အပျက်ကိုသာ ရှုကြည့်ပါသည့်-ဘင်ဉာဏ်မှာ ဇတ် ကို စိုက်ထားပါလျက်၊ ဤ ခန္ဓာဆိုးကြီးက ဒိုးဘေးကြီးနှင့် နှက်နေဆဲ၊ ဒိုးဘေးကြီးနှင့် နှက်နေဆဲဟု ဖြစ်ဆဲ မိမိခန္ဓာနှင့်၊ လင်မယား,သား,သမီး စသည်တို့၏ ခန္ဓာတို့က လက်ငင်း နှိပ်စက်နေကြမှု ဘေးအထုတ်ကို ပုဘီးတပတ်အတွင်းမှာ ထင်မြင်လာအောင်၊ မိမိတို့ခန္ဓာအတွင်းသို့ ဉာဏ် သွင်း၍လည်းကြည့်၊ ချစ်ခင်လှသော လင်မယား- သားသမီးနှင့်၊ တပည့် တကာ၊ညာဘကာ စသည်တို့ဘက်သို့လည်း နှက်နေဆဲအချက်ကို ဉာဏ် သက်ကာ သက်ကာ ထင်မြင်လာအောင် မကြာ-ကြာ အခါခါ ရှုကြပါ လေ။ ။တဖန် အတိတ်ဘာက ဖြစ်ခဲ့သမျှ တို့ကိုလည်း၊ မိမိခန္ဓာတို့က ဒိုးဘေးကြီးတို့နှင့်နှိပ်စက်ခဲ့ကြ၍၊ တတို့-တစမျှ အကြွင်းအကျန် မရှိကြရ

သည့်ကို ဉာဏ်နှင့်မိမိပြုံးပြုံးကြည့်ကာ အပျက်ကိုသာရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ ဗိတ်ကိုရိုက်ထားပါလျက်၊ ဤခန္ဓာဆိုးကြီးကား၊ ဒိုဘေးကြီး နှင့် နှက်ခဲ့သည်ပြီ၊ ဒိုဘေးကြီးနှင့် နှက်ခဲ့သည်ပြီဟု ဖြစ်ပြီး မိမိခန္ဓာ စု၊ လင်မယား သားသမီးစသည့်တို့၏ ခန္ဓာစုတို့က အတင်းအဓမ္မ နှိုင်စက်ခဲ့ကြပြီးမှု ဘေး အထုတ်ကို ပုတီးတပတ်အတွင်းတွင် ထင်မြင်လာအောင်ရှုကြပါလေ။ ။

တဖန် အနာဂတ်ဘာ နောင်ဖြစ်လတ္တံ့ သမျှတို့ကိုလည်း မိမိခန္ဓာတို့က ဒိုဘေး ဒုက္ခကြီးတွေနှင့် နှိပ်စက်ကြလတ္တံ့ချည်း ဖြစ်သွားကြမည်ကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကာ အပျက်ကိုသာရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ ငတ်ကို ရိုက်ထားပါလျက်၊ ဤခန္ဓာဆိုးကြီးကား၊ ဒိုဘေးကြီး နှင့် နှက်ချည်သေး၊ ဒိုဘေးကြီးနှင့် နှက်ချည်သေး ဟု ဖြစ်လတ္တံ့ မိမိခန္ဓာ စု– လင်မယား,သားသမီးစသည့်တို့၏ ခန္ဓာ စုတို့က အတင်းအဓမ္မ နှိုင်စက်ကြလတ္တံ့မှု ဘေးအထုတ်ကို ပုတီးတပတ်အတွင်းတွင် ထင်မြင် လာအောင် မကြာမကြာ အခါခါရှုကြည့်ကြပါလေ ယောဂီမြတ်တွေတို့။

ဤ၌ရှေ့က ခြခဲ့သည့်အတိုင်း ဇရာ-ဒိုဘေးဆိုးကြီးက သတ္တဝါတိုင်းတို့ကို အပြေးအသွားနှိပ်စက်နေကြသည်ကို ထင်မြင်ကြပြီး၊ပုတီးစင်ကြရန် ဥပမာတတန်ကား၊ သတ္တဝါတိုင်းတွေပနိုသခန္ဓာတည်နေစက သေဒဏ်မှတ်ကို ရကြပြီး၊ဇရာရထားကြီးကို တက်စီးကြကာ သေဘူဘာသို့ဆိုက်အောင်ကတိုက်ကရိုက်စက်ကုန်ရတ်နေကြသည်ကား၊ယခုကာလ ရထား စီးများနှင့် အလွန်တူလှ၏။တူပုံကား၊ယခုကာလ ရထားစီးကြသူတို့တွင်၊ မိမိတို့အလိုရှိရာ ရထားပေါ်မှာ စားသောက်နေထိုင် ငေးမှိုင် တွေးတော ပြောဆို-အိပ်ပျော်ခြင်း စသည့် အမှုကိစ္စတို့ဖြင့်၊ အလိုရှိတိုင်း ပြုလုပ်နေထိုင်ကြပါသော်လည်း၊ လူတွေတင်သွားသော ရထားကြီးတို့က၊ ထိုသူများကဲ့သို့ မစားသောက်,မနေထိုင်၊ မငေးမှိုင်–မတွေးတော မပြောဆို-မအိပ်ပျော်ဘဲ၊ အမြဲဘူတာသို့သာ ဆိုက်ရောက် ပါအောင် လျင်မြန်စွာ ပြေးသွားနေကြသည့် အရင်ရပ်နှင့် စပ်ဟပ်၍ ရှုကြည့်ပုံကား။—

ဩော်......ငါတို့တစုကသာ ကိုယ်ကျိုးစီးပွါးအစစ်ဟာ ဘယ်သင်းဘဲဟု မသိကြဘဲ၊ ကိုယ်ပိုင်ရကြွာနဲ့၍ မွေ့မွေ့–လျော့လျော့ စားသောက် နေထိုင်–ငေးမှိုင်နေပုံကြ–နေရဲကြလေသည်။ သေဘူတာသို့ အရောက်ပို့နေသော ဇရာရထားကြီးကား၊ ထိုသို့ မွေ့လျော့သည့် အခိုက်အတန့်များမှာ ရပ်တန့်ပါ၍၊ မစားသောက်–မနေထိုင်–မငေးမှိုင်ဘဲ၊သေဘူဘာကြီးထဲသို့ အရောက် ထုပြေးထဲ-ပြေးနေကြလို့သာ စားသောက်ရင်းသေ၊ နေထိုင်

ရင်းသေး၊ ပေးမှိုင်ရင်းသေးနေကြရသည့် သေဘူတာသို့ ဆိုက်ရောက်ကြကာ၊ ကိုယ်ပိုင်စရိတ်မပါဘဲ၊ သံသရာခရီးခဲမှာ ဆင်းရဲစွာ သွားလာနေကြရမှာပါ တကား-ဟူ၍ရင်း။ ။ဩော် .....ငါတို့တစုကသာ ဘုံဆိုင်အမှုတွေကို ကိုယ်ပိုင် အစစ်စု တွေဟု အလေးပြု၍၊ ထိုထို အမှုအားလျော်စွာ ကြံစည်တွေးတော ပြောဆို လုပ်ကိုင် နေကြ၏။ ဓာရေသေးကြီးကာ - ထိုသူတို့မေ့လျော့သည့် အခိုက်အတန့်များမှာ ရပ်တန့်ပါ၍၊ မကြံစည်-မတွေးတော မပြောဆို-မလုပ်ကိုင်ဘဲ၊ သေဘူတာကြီးထဲသို့ အရောက် တပြေးထဲ-ပြေးနေကြလို့သာ၊ ထိုထိုဘုံဆိုင်အမှုတွေကို ကြံစည်ရင်းသေး၊ တွေးတောရင်းသေး၊ ပြောဆိုရင်း သေး၊ လုပ်ကိုင်ရင်း သေးနေကြရသည့် သေဘူတာသို့ဆိုက်ရောက်ကြကာ ကိုယ်ပိုင်စရိတ်မပါဘဲ၊ သံသရာခရီးခဲမှာ ဆင်းရဲစွာ သွားလာနေကြရမှာပါ တကား ဟူ၍ရင်း။ ။ဩော်..... ငါတို့တစုကသာ စိတ်ချ-လက်ချ အိပ်နေမှု၊ ကာမဂုဏ်ချမ်းသာ အစားစားတို့ကို ခံစံနေမှုများနှင့် ခံစားမေ့လျော့နေကြ၏။ ဓာရေသေးကြီးကား-ထိုသူတို့မေ့လျော့သည့် အခိုက်အတန့်များမှာ ရပ်တန့်ပါ၍၊ အိပ်မနေကြ ခံစံမနေကြ၊ မေ့လျော့မနေကြဘဲ၊ သေဘူတာကြီးထဲသို့ အရောက် တပြေးထဲ-ပြေးနေကြလို့သာ၊ အိပ်ပျော်ရင်းသေး၊ခံစံရင်းသေး၊မေ့လျော့ရင်းသေးနေကြရသည့် သေဘူတာသို့ဆိုက်ရောက်ကြကာ ကိုယ်ပိုင်စရိတ်မပါဘဲ၊ သံသရာခရီးခဲမှာ ဆင်းရဲစွာ သွားလာနေရမှာပါ တကား-ဟူ၍ရင်း၊ ထိတ်လန့်ခြင်း သံဝေဂကြီးကြီး-ကြီးရကြလျက်၊ မိမိ-သူတပါး-လင်မယားနှင့် သမီးသား မျိုးဆွေ၊သတ္တဝါတွေ ရှိရှိသမျှတို့ဟာ နေ့ရောညဉ့်ပါ ဘယ်ခါ မလပ်၊ ဓာရေ ဘေးကြီးတွေ အမြဲ နှိပ်စက် အပ်နေ သည်ကို ထင်မြင်ကြစေလို၍၊—

**အခင်းဏ္ဍေ အခင်းဏ္ဍေ၊ နေ့ရောညဉ့်ပါ ဘယ်ခါမလေပ်။ ပစ္စဝေက္ခိဘဖွဲ့၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။**ဟု—

ဓာရေစသော အတိဏှသုတ်တရားကို ဟောကြားတော်မူသည့်အတိုင်း ကိုသာ ထင်မြင်လာအောင်၊ တို့မြန်မာနှင့် အမြဲထာဝရ ပွါးများ ပုတီးစိပ်လွယ်ကြရန်၊ ရည်သန်ရေးသား၍၊ ရှေ့ကပြထားသည့်အတိုင်း အားထုတ်ကြ၍ ကာလသုံးပါးတို့၌၊ သတ္တဝါတိုင်းတို့မှာ အိုဘေး-ဓာရေ မလွတ်လပ်တာကို ထင်မြင်လာကြသောအခါ၊ လောကအားလုံးကြီးတို့ကို ထင်မြင်ပေါက်ရောက်သွားကြပုံကား၊ ပါဠိစကားက ဓာရေ၊ မြန်မာစကားက အိုဟုဆိုအပ်သော လူတိုင်း သိနေကြ ရိုးနေကြသည့် စကားသွား၏ တရားများ

အရကို သတ္တဝါတိုင်းတို့မှာ အမြဲပါရှိနေကြပါသော၊ ထို (အိုဘေး-ဇရာ) တရားတွေ ကာလသုံးပါးမှာတွေ့အောင် နှလုံးသွင်းလိုက်က၊ ဩော် ..... အနန္တစကြဝဠာမှာ ယခုဖြစ်နေဆဲ အနန္တ သတ္တဝါတို့၏ လည်ပင်းမှာ အိုဘေး ဇရာကွင်းက မလွတ်လပ်ကြဘဲ၊ ဒလစပ် သေပေါက်ထဲသို့ တဆွဲထဲ-ဆွဲနေတာတွေကို ထင်မြင်လာတော့မှုရင်း၊ အတိတ်ဘဝ-အစ မထင်သော ကာလတို့အတွင်းမှာလည်း ဖြစ်ဖြစ်ခဲ့သမျှသော သတ္တဝါ တိုင်းတို့၏ လည်ပင်းမှာ အိုဘေး-ဇရာကွင်းက မလွတ်ကင်းကြဘဲ၊ အတင်းအဓမ္မ သေပေါက်ထဲသို့ ကျကျလာခဲ့ရတာတွေကို ထင်မြင်လာ တော့မှုရင်း၊ အနာဂတ်ဘဝ-အဆုံးမရှိသော ကာလတို့အတွင်းမှာလည်း ဖြစ်ဖြစ်သွားကြလတ္တံ့သော သတ္တဝါတိုင်းတို့၏ လည်ပင်းမှာ အိုဘေး-ဇရာကွင်းက မလွတ်ကင်းကြဘဲ၊ အတင်းအဓမ္မ သေပေါက်ထဲသို့ ဆွဲဆွဲချ ကြလတ္တံ့မှာတွေကို ထင်မြင်လာတော့မှုရင်း၊ ဤ မိုဃ်းသွင်းအကျဉ်းချုပ် အဘိဓမ္မာသုတ်လက်ာက (အို) ဟုဆိုအပ်သော စကားတလုံးထဲနှင့် တရား အသုံးအစွဲတို့ကို ကြည့်ရှုကြရာ ကျတော့မှ၊ ၎င်း (အိုဘေး) ဆိုးကြီးက လွတ်လပ်သော သတ္တဝါလည်း မရှိပါတော့တကား၊ လွတ်လပ်သော ကာလလည်း မရှိပါတော့တကား၊ ကောင်းကင် တပြင်လုံးတို့မှာ ဗိတ်ဖုံး ကာ အောက်သို့ကျလု ဆဲဆဲဖြစ်နေပါသော အိုဘေးဆိုးကျောက်ဖျာကြီး အောက်မှာ အမြန်လွတ်ထွက်ပေါက် ရှိနေခိုက်ကိုမှ ကျွတ်လွတ်အောင် ထွက်မပြေးလိုက်ကြဘဲ၊ ငေးမှိုင်-လေးဖင့်၊ကာလမြင့်ဘိမူ၊သင့်တင့်သော အခါမရ၊ အိုဘေးကျောက်ဖျာကြီးအောက်နားက ဗိကနဲ ကြိတ်ဝါးကြ၍၊ ပြားကနဲ ကြေညက်ရပြီး၊ အောက်နရက်ကြီးတို့သို့ ရောက်ကြရတော့မှ တောက်တခတ်ခတ် မရှိလတ်ကြအောင်၊ အိုဘေးကြီးက ကြပ်ကြပ်ကြီး မဆိုးကြမီ၊ ဤဇရာအဘိဓမ္မာသုတ်တရားကို မပြတ်မလပ်ရှုစားလျက်၊ မိမိ · မိမိတို့ခန္ဓာ၏ ဆိုးဝါးချက်များဟာ အလွန့်အလွန်ပင် ကြီးမားလှ၏ တကားဟု အမြဲထင်မြင်ထားအောင် ရှုစားကြပါလေ သူတော်ကောင်း တွေတို့။ ။အိုဘေးရှုနည်းပြီး၏။

ထိုမှတပါး၊ အဘိဓမ္မာသုတ်တရားကြီးက ဗျာဓိဓမ္မောမှိ အရကို၊ တို့ မြန်မာက နာ ဟု ဆိုကြ၏။ ဤနာဘေးဆိုးကြီး၏ အရကား၊ ပဋိသန္ဓေ တည်နေသည်က သေခြင်း အဆုံးကျအောင် ထိုထို သတ္တဝါတိုင်းတို့၏ လည်ပင်းကို နာဘေး (ကွင်း) ကြီး တပ်ပြီးလျှင်၊ ငါဘဲဟု ထင်မြင်နေကြ သော မိမိတို့ခန္ဓာဆိုးကြီးတို့က အတင်းအဓမ္မ၊ ယခု နေ့,ညဥ့်,လ,နှစ်တို့

ရှိသမျှ ဆွဲငင်ယူဆောင်ကြကာ အမြဲနှိပ်စက်ဆဲရှိနေပါသည်ကို **နာဘေးဗျာဓိ** ဆို၏။ ဤနာဘေးအမြဲနှိပ်စက်သည်ကို ဘယ်လိုသိရအံ့နည်းဟုဆိုမူ၊ အိပ်နေမှုဆဲဆဲတွင် ညောင်းညာမှုစသည် နာဘေးဝင်၍၊လက်ဝဲ-လက်ယာ ဖောင်းမှုနှင့်ကုသကြရ၏။ ခြေလက် ကွေးဆန့်မှုနှင့် ကုသရ၏။ ဤသို့ကုသလို့မှ မရလျှင်၊ ထိုင်ခြင်း ဣရိယာပုထ်ကိုပြောင်း၍ ကုသရ၏။ ဤကဲ့သို့မှ မကုသဘဲ၊ တအိပ်ထည်းအိပ်နေပါမူ၊ အထက်ကိုယ်ကောင်ကြီးက ဖိနှိပ်ကြကာ အောက်အခင်းနှင့်ကြိတ်ကြရာမှာ ဣရိယာပထ သန္တာပ-ခေတ်မီး တောက်ထလာ၍၊ တကိုယ်လုံး ကြီး တို့မှာ ပူပင်နာ, တောင့်တင်းနာ, အောင့်အင်းနာ,ညောင်းညာနာ,ကိုက်ခဲနာစသည်တို့က အမျိုးမျိုးကြီးပွါးကြ၍၊ သေခြင်း အဆုံးကျအောင် နှိပ်စက်သွားကြမည့် နာဘေးဒုက္ခစု၊ အမြဲနှိပ်စက်မှုတို့ပေတည်းဟု ထင်မြင်အောင်ရှုကြပါလေ။ ။ထိုထိုင်ခြင်း ဣရိယာပုထ်အတွင်းမှာလည်း၊ကျင်နာခြင်းစသည် အမျိုးမျိုးတို့နှိပ်စက်၍၊ အမျိုးမျိုးပြုပြင်ကြလျက် ကုသကြရမှ၊ တာမှ မရသေးလျှင်၊ မတ်တတ် ရပ်ခြင်းစသော ဣရိယာပုထ်ကိုပြောင်း၍ ကုသရမှ၊ဤကဲ့သို့မှ မကုသလျှင် နာဘေးဆိုးကြီးတွေ အမျိုးမျိုးတို့က၊ သေဘေးဆိုးကြီးတွေကျအောင် အမြဲနှိပ်စက်သွားကြလိမ့်မှုများကို ထင်မြင်အောင် ရှုစားကြပါလေ။ ထို ရပ်ခြင်း ဣရိယာပုထ်, သွားခြင်း ဣရိယာပုထ်တို့မှာလည်း၊ရှေးနည်းတူစွာ အနာအမျိုးမျိုးတို့နှင့် နှိပ်စက်မှုတို့ကိုလည်း ထင်မြင်အောင်ရှုကြပါလေ။

**တဖွေဘနည်းကား**၊ သတ္တဝါအများတို့မှာ ဆာလောင်မွတ်သိပ်ခြင်း ရောဂါအနာတို့သည်၊ နေ့ညဥ့်မစဲ အမြဲနှိပ်စက်နေမှု၊ လ,နှစ်မစဲ၊ ဘဝမစဲ၊ သံသရာမစဲ အမြဲနှိပ်စက်နေမှုကြောင့်၊ ဤလောကမှာ အနာကြီးဟုသမုတ်ကြသော နူနာအကွက် သမင်ရက်တို့ထက်၊ အဆက်ဆက်အသေလျင်မြန်လှသော ပလိပ်ကပ်,ဝမ်းရောဂါ၊ ဘေးထိုးရင်ကျပ်ပါ၊ လေသင်ဒုန်းနာတို့ထက် ဆယ်ဆထက်မက ကြီးကျယ်လှသောကြောင့်၊ အတုမရသော **ဆာတဲ့အနာရောဂါကြီး** ဟူ၍ သိအပ်၏။ အဘယ့်ကြောင့်ဆိုသော်၊ နေ့ညဥ့်မစဲ၊ အမြဲကုသဆဲမှာတောင် ( ဆာတဲ့အနာကြီးတွေ ) ဝင်ရောက်နှိပ်စက်နေကြတာကြောင့်၊ ထိုဆာလောင်မွတ်သိပ်ခြင်းအနာကို နေ့စဉ်ထာဝရ၊ မကုသကြက သေခြင်းအဆုံးကျအောင် အမြဲနှိပ်စက်မှု ဘေးဒုက္ခကြီးတခုဘည်းဟု သိကြ၍ရင်း၊သတ္တဝါကြီးငယ်၊ အသွယ်သွယ်တို့၏ အလယ်မှာ တကယ်ထင်ရှားသော နာဘေးဒုက္ခကြီးတခုဟု သိကြ၍ရင်း၊ နေ့တရုံးရုံး၊ ညဥ့်တအုံးအုံး၊ သတ္တဝါတွေအကုန်လုံးတို့သည်၊ စားသုံးရန်

အစာ ဆေးဝါးစုနှင့်၊ နေ့ညဉ့်မစဲ အမြဲကုသနေကြရမှု၊ လ,နှစ်မစဲ၊ ဘဝ သံသရာ-ကမ္ဘာမစဲ အမြဲကုသနေကြရမှု၊ ဘေးဒုက္ခအစုတို့ကြောင့်၊ အတုမရှိသော ဆင်းရဲကြီးဟူ၍လည်း သိအပ်၏။ထိုဆာလောင်သည့် နာဘေးဒုက္ခတစု၊ ၎င်းအတွက် ပြုပြင်ပေးရသည့် ဘေးဒုက္ခတစု၊ ပေါင်းနှစ်စုတို့ကို အတုမရှိသောဒုက္ခတို့ဟု ထင်မြင်အောင် ရှုနိုင်ကြပါမူ၊ချမ်းသာတကာတို့ထက် လွန်ကဲသော နိဗ္ဗာန်သို့ အမြန်ရောက်ကြောင်း ဖြစ်ရသည်ကို၊—

**ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရမာ ဒုက္ခာ။**
**ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။**

ဇိဃစ္ဆာ၊ ဆာလောင်မွတ်သိပ်ခြင်းသည်။ ပရမာ၊ လွန်ကဲသော။ ရောဂါ၊ အနာဆိုးကြီးမည်၏။ သင်္ခါရာ၊ အစာဆေးဝါး စသည်များနှင့် နေ့ရှိသမျှ ပြုပြင်နေကြရခြင်းသည်။ပရမာ၊လွန်ကဲသော။ဒုက္ခာ၊အဆင်းရဲဆုံးကြီးမည်၏။ ဧတံ အတ္ထံ၊ ဤသို့သော အကြောင်းကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဉတွာ၊ သိ၍။ ဝါ၊ သိသည်ရှိသော်။ ပရမံ သုခံ၊ ချမ်းသာတကာတို့ထက်လွန်ကဲသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ ။ဟု ဓမ္မပဒ ပါဠိတော်မှာ ဘုရားဟောပြတော်မူသည့် အရနှင့်၊ **ဆာလောင်မွတ်သိပ်ခြင်းရောဂါဇုံသာ** ရောဂါ တကာတို့ထက် အကြီးဘကာ့ အကြီးဆုံးရောဂါဟူ၍ လေးမြတ်စွာယုံကြည်ကြကုန်ရာ၏။ ။ဤပါဠိတော်စကား ပါဌ်အနက်များကို မကျက်နိုင်သူဘို့အလို သံပေါက်နှင့်ဆိုရမူ။—

**မွတ်သိပ်ခြင်းမှာ၊ လွန်ကဲစွာ၊ အနာဟူ၍သိ။**
**နေ့ရှိသမျှ၊ ပြုပြင်ရ၊ ကြီးလှဒုက္ခသိ။**
**၎င်းနှစ်ဖြာ၊ သိသူမှာ၊ ခေမာရောက်လေဘိ။**

ဟု သိကြပါလေ၊ ရကြပါစေ။

ဤဆာလောင်မွတ်သိပ်မှု ဗျာဓိစုတို့ကို နေ့စဉ်ကျွေးမွေး ကုသရေးနှင့် မယဉ်ကျေးနိုင်မှု အတွက်၊ မိမိတို့ ခန္ဓာဆိုးကြီးတွေက မိုက်ရိုင်းနေကြချက်တို့ကို ဥပမာဆိုရမူ၊ ဤလောက၌၊ အမိုက်ဆုံးစံထားကြရာမှာခွေးမိုက်သည်၊ ခွေးမိုက်အကောင်ဟု ပြောဆိုကြရသည့် အလွန်မိုက်, အလွန်ကိုက်တတ်သော ခွေးတို့ပင် ဖြစ်စေကာမူ၊ ထန်းလျက် တပြည်သားလောက် ကျွေးမွေးထားလိုက်က ယဉ်ကျေးလာကြ၍၊ ကျွေးမွေးသူအပေါ်၌၊ မမိုက်ရာ, မကိုက်ရာပေ။ မိမိတို့ခန္ဓာအဆိုး အမိုက်ကြီးတို့ကို

ကား၊ထန်းလျက်ထက်မက ကောင်းမြတ်လှသော စားသောက်ဘွယ်တွေ အများ ဆယ်တင်းသားမကတွေနှင့်၊နံက်ခင်းက ကျွေးမွေးကြလျှင်၊ ညနေခင်းအခါ ဆာလောင်ရေးနှင့်၊ အားသေး သွားအောင်နှက်၊ တဖန်– ညဥ့်ကျွေးက နံက်ကျွေးတော့ နှက်ကြမှုစသည်အတွက်၊ မယဉ်ကျေးနိုင်ချက်တို့ကြောင့်၊မိမိတို့ခန္ဓာတို့က၊ မိမိတို့အပေါ်မှာ ခွေးလောက်ယဉ်ကျေး၊ ခွေးလောက်လိမ္မာ၊ ခွေးလောက် ညွှာတာကြပါမူ၊ မကြာခဏ နိဗ္ဗာန်ကိုရနိုင်ကြ၏ဟု သိသင့် သိထိုက်ကြလှ၏။ လောကမှာ ကျေးဇူးကန်းသူကို ဤအကောင်ဘာ ငါ့သမင်းလုပ် သင်းလည်ချောင်းထဲက မကျသေးခင်က၊ ငါ့ကျေးဇူး– ကန်းလှ၏ဟု ဆိုထိုက်သူထက်မက ကျေးဇူးကန်းလှချက်ကား၊ မိမိတို့နှစ်သက်သော အစားအစာကို စားရဆဲ အခါဥပင်လျှင်၊ နံနက်ဖြန်လည်း ဤလိုစားချင်၏။ ကျွေးမွေးစေချင်၏။ မကျွေးမွေးကြလို့ မစားရလျှင်၊ငါသဘောမကျချင်ဘူး(မောင့်)ဟု ပါးစပ်ကထုတ်မပြောချင်တာ တမယ်ပင်၊ စိတ်ကတော့ ပြောချင်တင်တင်၊ စားချင်တင်တင်၊ မစားရလျှင် သဘောမကျချင် တင်တင် ရှိနေကြသည်များကို ကိုယ့်စိတ်သွားနှင့် ကိုယ်ကား၊ သိသာထင်ရှားလှသည့်ပြင်၊ နေ့တိုင်း အချိန်မှန်ကျွေးမွေးနေကျအချိန်ကလွန်ကာ ဆာလောင်လာကြရမှာ အချိန်မှန် မကျွေးမွေးလာသူတို့ကိုသာ အပြစ်ဒေါသဆိုကြ၊ အပြစ်တင်တတ်ကြကုန်၏။ စင်စစ်မူကား၊ ထိုသူများက၊ ရှေ့က ကျွေးမွေးဘော်လည်းရ၊ နာကျင်ခံခက်ရအောင် ဘယ်လိုမှလည်း မပြုကြကုန်။သည့်အတွက် ကျေးဇူးတင်ထိုက်၏။ မိမိခန္ဓာသိုးကြီးတို့ကား၊ သူကိုလည်း နေ့စဉ်ကျွေးမွေးထားပါလျက်၊ ဤရှေ့လောက်ကာလ မကျွေးမွေးမိကြရုံမျှနှင့် နာကျင်ခံခက်၊ ဆာလောင်ချက် စသည်တို့နှင့် နှိပ်စက်လှချေ၏တကားဟု မိမိတို့ ခန္ဓာသိုးအပေါ်၌သာ သံဝေဂကြီးကြီး ထားနိုင်ကြပါစေသတည်း။

ဤသို့လျှင်- ရှေ့က ရေးပြခဲ့ပြီးသော ဣရိယာပုထ် တိုင်းတို့မှာ အမြဲလက်ငင်းနှိပ်စက်ဆဲ၊ နှိပ်စက်ခဲ့ပြီး၊ နှိပ်စက်လတ္တံ့ ဖြစ်နေကြပါသော ကျင်နာ ညောင်းညာမှုစသော ဗျာဓိစု။ နေ့-ညဥ့်- လ- နှစ်၊ ဖြစ်ဖြစ်သမျှ၊ ဘဝအဆက်ဆက်တို့မှာ အမြဲလက်ငင်း နှိပ်စက်လိုက်ဆဲ၊ နှိပ်စက်လိုက်ပြီး၊နှိပ်စက်လိုက်လတ္တံ့ ဖြစ်နေကြပါသော ဆာလောင်မွတ်သိပ်မှု ဗျာဓိစုတို့ကို၊ ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ အပျက်ကိုသာ ရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ စိတ်ကိုငိုက်ထားပါလျက်။ ။ဤခန္ဓာဆိုးကြီးကား၊ နာဘောကြီးနှင့် နှက်နေဆဲ၊ နာဘောကြီးနှင့် နှက်နေဆဲဟူ၍ရင်း။ ။ဤခန္ဓာဆိုးကြီး

ကာ၊နာဘေးကြီးနှင့် နှက်ခဲ့လှပြီ၊ နာဘေးကြီးနှင့် နှက်ခဲ့လှပြီဟူ၍ရင်း။ ။ ဤခန္ဓာဆိုးကြီးကာ၊ နာဘေးကြီးနှင့် နှက်ချည်သေး ၊ နာဘေးကြီးနှင့် နှက်ချည်သေး ဟူ၍ရင်း၊ မိမိ-လင်မယား၊ သွီးသားစသည် ခန္ဓာတို့က အဘင်း အခဲ့၊ နာဘေးကြီးတို့နှင့် လက်ငင်းနှိပ်စက်နေကြဆဲ၊ နှိပ်စက်နေကြပြီး၊ နှိပ်စက်နေကြလတ္တံ့မှု ဘေးအထုတို့ကို ပုတီးတပတ်စီအတွင်းမှာ ထင်မြင်လာအောင်၊မိမိတို့ ခန္ဓာအတွင်းသို့ ဉာဏ်သွင်း၍လည်းကြည့်၊ ချစ်ခင်လှစွာသော လင်မယား သားသွီးနှင့်၊ တပည့်တကာ ဉာတကာ စသည်တို့ ခန္ဓာတွေအတွင်းသို့လည်း၊ဉာဏ်သွင်း၍ သွင်း၍ ကြည့်ရှုကြ၊ ပွါးများကြပါလေ သူတော်ကောင်းတွေဘို့။

ဤရှေ့က ပြခဲ့ပြီးသော ဗျာဓိ-နာဘေးဆိုးကြီးက သတ္တဝါတိုင်းတို့ကို အခါမစဲ အမြဲနှိပ်စက်နေချက်ကို ထင်မြင်ကြရန်၊ သတ္တဝါတိုင်းတို့ ပဋိသန္ဓေတည်နေစက သေလက်မှတ်ကိုရပြီး၊ ဗျာဓိရထားကြီးကို တက်စီးလာကြကာ သေဘူဘာသို့ဆိုက်အောင်၊ ကတိုက်-ကရိုက် စက်ကုန် ခုတ်နေချက်များနှင့်၊ယခုကာလရထားစီး ဥပမာများအရ၊ရှေ့ဇရာကပြခဲ့သည့် အတိုင်းသာ နှီးနှောပါ၍၊မိမိတို့လည်း နေ့စဉ်အားထုတ်လတ်ကြ၊သူတပါးတို့ကိုလည်း ပြောဟောတတ်ကြပါစေသတည်း။ ။ပြဿ-- ဤဗျာဓိ အဘိဗျာသုတ်တရားကို အသေအချာ နာကြား၍ ပွါးများအားထုတ်လိုက်ကြရာ၊အနန္တစကြဝဠာမှာ၊ ယခု ဖြစ်နေဆဲ အနန္တသတ္တဝါတို့၏ လည်ပင်းမှာ နာဘေး-ဗျာဓိကွင်းက မလွတ်လပ်ကြဘဲ၊ ဒလစပ်သေပေါက်ထဲသို့ ဆွဲနေတာတွေကို ထင်မြင်လာမှရင်း၊ အတိတ်ဘာ အစမထင်သော ကာလတို့ အတွင်းမှာလည်း၊ဖြစ်ဖြစ်ခဲ့သမျှသောသတ္တဝါတိုင်းတို့၏လည်ပင်းမှာ ( နာဘေး-ဗျာဓိ ) ကွင်းက၊ မလွတ်ကင်းကြဘဲ၊ ဒလစပ်သေပေါက်ထဲသို့ ကျကျ လာခဲ့ရတာတွေကို ထင်မြင်လာမှရင်း၊ အနာဂတ်ဘာအဆုံးမရှိသောကာလတို့အတွင်းမှာလည်း၊ ဖြစ်ဖြစ်သွားလတ္တံ့သော သတ္တဝါတိုင်းတို့၏ လည်ပင်းမှာ (နာဘေး-ဗျာဓိ) ကွင်းက၊ မလွတ်ကင်းကြဘဲ၊ ဒလစပ်သေပေါက်ထဲသို့ ဆွဲဆွဲချလတ္တံ့မှာတွေကို ထင်မြင်လာမှရင်း၊ ဤ မိုးဃံးညွှန်းအကျဉ်းချုပ်၊ အဘိဗျာသုတ်လက်ာက (နာ) ဟုဆိုအပ်သော စကားတသုံးထဲနှင့်၊တရားအသုံးအစွဲကို ကြည့်ရှုရာကျတော့မှ၊ ရင်း နာဘေးဆိုးကြီးက လွတ်လပ်သောသတ္တဝါလည်း မရှိကြပါတော့တကား။လွတ်လပ်သော ကာလလည်း မရှိကြပါတော့တကား။ ကောင်းကင် တပြင်လုံးတို့မှာ ပိတ်ဖုံးကာ အောက်သို့ကျလုဆဲဆဲ ဖြစ်နေပါသော

နာဘေးသိုး ကျောက်ဖျာကြီးအောက်မှာ အမြန်လွတ် ထွက်ပေါက်ရှိနေ ခိုက်ကိုမှ ကျွတ်လွတ်အောင် ထွက်မပြေးလိုက်ကြဘဲ၊ ပေးမှိုင်လေးဖင့်-ကာလမြင့်ဘဲမှု၊ နာဘေးကျောက်ဖျာကြီးနောက်နားမှာ စိကနဲ ကြိတ်ဝါး၍၊ပြားကနဲကြေညက်ပြီး၊ အောက်နရက်ကြီးတို့သို့ ရောက်ကြမှ တောက်တခတ်ခတ်မရှိသတ်ကြဲအောင်၊နာဘေးကြီးက ကြပ်ကြပ်ကြီးမသိုးကြမိ၊ ဤဖျာဝိ အဘိဇ္ဈာသုတ်တရားကို၊ မပြတ်မလပ်ရှုစားလျက်၊ မိမိခန္ဓာကြီးတို့ အသီးအသီး သိုးဝါးချက်များဟာ အလွန်ပင်ကြီးမားလှကြ၏ တကားဟု အမြထင်မြင်လာအောင် ရှုစားကြပါလေ သူတော်ကောင်းတွေတို့။ ။ နာဘေးရှုနည်းပြီး၏။

---

## (၄၈) သေဘေးကြီးများ ရှုခြားမှုနှင့်၊ လက်သင်စကာပင် ဖျတ်ကနဲ ကွဲဘေးကြီးက ဘေးအမျိုးမျိုးသင့်သွားကြပုံ

ထိုမှတပါး၊ အဘိဇ္ဈာသုတ်တရားကြီးက မရဏခမ္မောမှ် အရကို၊ တို့ မြန်မာကသေဘေးဟု ဆိုကြ၏။ ဤသေဘေးသိုးကြီး၏ အရကိုလည်း သမ္မုတိ မရဏ,ခဏိက မရဏတို့ကို မယူကြဘဲ၊သန္တတိမရဏနှင့်သာ ရှုကြည့် ကြရဘို့မှာ၊ ဤ ဝိပဿနာအလုပ်ကို ရှေ့က ခြေလှမ်းစသည် အမှုအရာ ပျက်နှင့် ပြခဲ့သည့်အတိုင်း၊မြန်သည်ထက် မြန်အောင် အားထုတ် ထားသူ တို့မှာ၊ အားထုတ်ထားတိုင်း အပျက်အနိစ္စ မရဏတို့ကို ရှုကြရာ၏။ ၎င်း အနိစ္စမရဏတို့ကို အားမထုတ်ရသူဘို့မှာ အာဟာရနှင့် သန္တတိကိုဖြတ်၍ ဖြတ်၍၊အဆုံးသတ် အနိစ္စ မရဏတို့ကို ထင်မြင်အောင် ရှုကြရဘို့ကား၊ ပဋိသန္ဓေ တည်နေသည်က သေခြင်း အဆုံးကျအောင်၊ ထိုထို-သတ္တဝါ တိုင်းဘို့၏လည်ပင်းကို၊ သေဘေးကွင်းကြီးတပ်ပြီးလျှင်၊ငါဘဲဟု ထင်မြင် နေကြသော မိမိဘို့ခန္ဓာသိုးကြီးတို့က အလွန်ဆုံး ၇-ရက်အတွင်း သေ ကြအောင်၊ အတင်းအဓမ္မ၊ ယခု နေ့-ညဉ့်-လ-နှစ်တို့ ရှိရှိသမျှ ဆွဲငင်ယူ ဆောင်ကြကာ အမြဲသတ်သတ်လိုက်လျက် နှိပ်စက်ဆဲဖြစ်၍၊ သန္တတိ မရဏဖြင့် သေသေ လိုက်နေကြရသော သေဘေးသိုး ကောင်မကြီး၊ သေဘေးသိုး ကောင်ထီးကြီးတို့ကို သမ္မုတိမရဏနှင့်၊ ယခု ချက်ခြင်း အပြီးတိုင်မသတ်လိုက်ပါစေခြင်းအကျိုးငှါ၊ နေ့ရှိသမျှ အစား,အသောက် အာဟာရ အမျိုးမျိုးဘို့နှင့် တောင်းပန်တိုး လျှိုးရ။ ဇာရိယာပုထ် အနေ အထား၊ဆေးဝါး ခတ်အစာအမျိုးမျိုးတို့နှင့်၊ တောင်းပန်တိုးလျှိုးရမှုတို့

အတွက်နှင့်သော အယူခံ အလွန်ဆုံး ၇-ရက်မျှ သက်သက် ခွင့်ပေးကြသော ယခု လက်ငင်းသေဘောဆိုး ကောင်မကြီးတွေ၊ သေဘောဆိုးကောင်ထိပ်ကြီး တွအစစ် ဖြစ်နေကြသည့်ကို၊ ဉာဏ်နှင့် မိမိ ပြူးပြူးကြည့်ကာ အပျက်ကိုသာ ရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ စိတ်ကို ရိုက်ထားပါလျက်။ ။ဤခန္ဓာဆိုးကြီးက၊ သေဘောကြီးနှင့် နှိုက်နေသဲ၊ သေဘောကြီးနှင့်နှိုက်နေသဲ။ ။ဟုဖြစ်သဲ မိမိ လင်မယား-သွီးသားစသည် ခန္ဓာတို့က အကောင်းအမွေ၊ လက်ငင်းသေဘောကြီးတို့နှင့် အသီးအသီးနှိပ်စက်နေကြမှု ဘေးအထုတ္တိုကို ထင်မြင်အောင် ရှုကြပါလေ။ ။နည်းတဘွေမှာ၊ အတိတ်ဘဝဖြစ်ခဲ့သမျှတို့ကိုလည်း၊ တတိုတစမျှမကျန်ရအောင်၊ မိမိတို့ခန္ဓာတို့က ထိုသေဘောဆိုးကြီးတို့နှင့်၊ အမြဲနှိပ်စက်ပြီး လိုက်လာခဲ့ကြသည်များကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ အပျက်ကိုသာ ရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ စိတ်ကို ရိုက်ထားပါလျက်။ ။ဤခန္ဓာဆိုးကြီးက၊ သေဘောကြီးနှင့် နှိုက်ခဲ့သပြီ၊ သေဘောကြီးနှင့်နှိုက်ခဲ့သပြီ။ ။ဟု-ဖြစ်ပြီး မိမိတို့ခန္ဓာဆိုးကြီးတို့နှင့်တကွ၊ လင်မယား, သွီးသားစသည် ခန္ဓာစုတို့က အတောင်းအမွေ၊ အသီးအသီး နှိပ်စက်ကြမှု ဘေး အထုတ္တိုကိုလည်း ထင်မြင်အောင် ရှုကြပါလေ။

နည်းတဘွေမှာ၊ အနာဂတ်ဘဝ နောင်ဖြစ်လတ္တံ့ သမျှ တို့ကိုလည်း၊ တတိုတစမျှ မကျန်ရအောင် မိမိတို့ခန္ဓာတို့က၊ ထိုသေဘောဆိုးကြီးတို့နှင့် နှိပ်စက်ကြလတ္တံ့ချည်း ဖြစ်သွားကြမည့်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ အပျက်ကိုသာ ရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ စိတ်ကိုရိုက်ထားပါလျက်၊ ဤခန္ဓာဆိုးကြီးက သေဘောကြီးနှင့် နှိုက်ချည်သေး၊ သေဘောကြီးနှင့် နှိုက်ချည်သေး။ ။ဟုဖြစ်လတ္တံ့သော မိမိတို့၏ခန္ဓာဆိုးကြီးတို့နှင့်တကွ၊ လင်မယား, သွီးသားစသည်ခန္ဓာစုတို့က အတောင်းအမွေ အသီးအသီး နှိပ်စက်ကြလတ္တံ့မှု ဘေးအထုတ္တိုကို ပုတီးတပတ်ငီတို့အတွင်းမှာ ထင်မြင်လာအောင် မိမိတို့ခန္ဓာအတွင်းသို့လည်း ဉာဏ်သွင်း၍ကြည့်။ ချစ်ခင်လှစွာသော လင်မယား,သားသွီးနှင့်၊ တပည့်တကာ ဉာတကာ စသည့်တို့ ခန္ဓာတွေအတွင်းသို့လည်း၊ ဉာဏ်သွင်း၍ သွင်း၍၊ ကြည့်ရှုကြ ပွါးများကြပါလေ သူတော်ကောင်းတွေတို့။

ဤ၌ရှုက ပြခဲ့ပြီးသော အာဟာရနှင့် သန္တတိပျက် မရထာကို ရှုကြရသည့်အရာ ဥပမာသော်ကား၊ အုန်းဆံကြိုးရှည် တုတ်တုတ်ကြီးကိုမြင်ကြသောအခါ၊ ရှည်မှုကား၊ အုန်းဆံမျှင်အတိုကလေးချင်း ဆက်ထားလို့၊

တုတ်ကြီးနေမှုကား၊ အုန်းဆံမျှင်အသေးကလေးတွေ ပေါင်းထားလို့သာ၊ ၎င်းအုန်းဆံကြိုးကြီး ရှည်နေ,တုတ်နေပါတကားဟု သိရှိရသလို၊ သတ္တဝါတိုင်းတို့မှာလည်း၊ ခန္ဓာမသာလောင်းချင်း ပေါင်းထား၍သာ အကောင်, အထည်ကြီး ဝတုတ်နေကြပါတကား၊ အကယ်၍ တနေ့-နှစ်နေ့ စသည် မစားလိုက်ပါမူ၊ ထိုနေ့တို့အတွက် မိမိတို့ ခန္ဓာအတွင်းမှာ ခန္ဓာမသာလောင်းတွေ လျော့လျော့ပြီး၊ သေးငယ်ပိန်ချုံး၍ သွားလိမ့်မည်များကို သိသာထင်ရှားလှပါ၏။ များစွာသော ရက်-လ-နှစ်တို့မှာ ကိုယ်ခန္ဓာတွေ အသက်ရှည်နေတာကလည်း တခြား မဟုတ်ကြ၊ ခန္ဓာမသာလောင်းချင်း ဆက်ကြ၍သာ ကာလမြင့်ကြာတည်နေပါသည်ကိုထင်ရှားအောင် ဥပမာဆိုပြန်မူ၊ သားသမီးတွေ နေ့စဉ်နာ, နေ့စဉ် သေနေကြသော မိဘဖြစ်သည့် မိဒုက္ခ,မောင်ဒုက္ခကြီးတို့အိမ်မှာ လဆန်းရှစ်ရက် အရုဏ်တက်မှာ သားချစ်ကြီးဘယောက် သေရှာ၍ ငိုကြွေးရမှု ဒုက္ခစုတွေပူပန်လျက်၊ သုသာန်သို့ ပို့ပြီး အပြန်တွင် အိမ်ထဲသို့ အဝင်မှာ အိမ်ပေါ်က အလန့်တကြား အော်၍ အမေ, အဘေတို့ လာကြပါဦး- လာကြပါဦး၊ ဟောသည်မှာ အမေတို့ သားကြီးတယောက်လည်း၊ အကြောတွေဆွဲပြီး အပြန် အလှန် လူးလှိမ့်နေပါပြီဟု-ခေါ်လိုက်ပြန်က၊ ကတိုက်ကရိုက်တက်ပြေးကြ၍ ရှု၍ မဝသည့် သားလှရဘနာလည်း၊ သည်တခါ သေပြန်ဦးမည်လားဟု- သောကတွေ အကုန်ပွါးကာ ထိတ်ကနဲ ရင်ဝမှာ ဆို့သာ၍ နေ့ညဥ့်ပါ မအိပ်ရဘဲ၊ တခါထဲ ပွေ့ပိုက်-တညဥ့်လုံးပြုစုလိုက်သော်လည်း၊ ၉-ရက်နေ့ အရုဏ်အတက်တွင် ထိုသားချစ်သေပြန်လျှင်၊ သောက- ပရိဒေဝ၊ မီးလျှံတွေ တောက်ထပြန်၍၊ သုသာန်သို့ ပို့ပြီးအပြန်တွင်လည်း၊ ရှေ့နည်းတူစွာ လာကြပါဦးဟု- ပြူးတူးပြာတာ ခေါ်ရာက နေ့မအား-ညဥ့်မအား၊ လ,မအား-နှစ်,မအား၊ ဘဝမအား-ကမ္ဘာမအား၊ တသံသရာလုံး မအားကြရအောင်၊ သား,သမီးနာတွေလည်းမပြတ်၊သား,သမီး အသေတွေလည်း မပြတ်ကြဘဲ၊ ဒလစပ် တွေ့ကြုံနေရသော မိဒုက္ခ,မောင်ဒုက္ခ တို့အိမ်ဟာ မည်သည့် အခါမှ ဖွေးကွက်ရှာ၍ မချကြသလို၊ မိမိတို့ ခန္ဓာအိမ်ကြီးတို့မှာလည်း များသောအားဖြင့် ထမင်းအသက် ၇-ရက်သာ တည်နိုင်ရသောကြောင့်၊ လဆန်း တရက်နေ့က အာဟာရတို့ကို စားသုံးမျိုသွင်း၍၊ ခန္ဓာအသစ်ပေါက်ပွားခြင်းကိုပြုလိုက်ရာ၊ လဆန်း ၇-ရက် အကုန်၊ရှစ်ရက်နေ့ အရုဏ်အတက်မှာ၊ထိုခန္ဓာသေဆုံးချုပ်ပျက်ပြီးနောက်၊လဆန်း ၂-ရက်နေ့ စသည်တို့က မျိုသွင်းလိုက်ကြသော ခန္ဓာကောင် မသာလောင်း တို့က

လည်း၊ ၎င်း၄စ်ရက်နေ့ စသည်အကုန်တွင် သေပွဲသို့ ဝင်တော့မည့် အခြေနှင့်၊ အသက်ဝင်နေသည့် သူနာလည်းမစဲ၊ အမြဲထာဝရရှိ၊ ၎င်းနေ့, ရက်, လ, နှစ်၊ ဘဝ, ကမ္ဘာ သံသရာတိုင်းတို့မှာ တပိုင်းပိုင်း သန္တတိပျက် မရဏာတွေနှင့်၊ တထိုင်းထိုင်း သေပျောက်လိုက်နေချက်တို့လည်း၊ အမြဲထာဝရ ရှိရှိလိုက်နေကြသည်ကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကာ ဘင်ဉာဏ်အပျက်ဥ္သ စိတ်ကို ဖိုက်ထားပါ၍၊ ရှေးကပြခဲ့သည့်အတိုင်း၊-ဤခန္ဓာ ခိုင်ကြီးကာ၊ **သေဘေးကြီးနှင့် နှက်နေသဲ၊ နှက်ခဲ့ပြီ၊ နှက်ချည်သေး၊** ။ဟု-ဤသုံးဌာနစုကိုပင် လှလှကြီးထင်မြင်အောင်၊ အနည်းဆုံး ပုတီးတပတ်ကျစီလောက် အားထုတ်ကြပါလေ သူတော်ကောင်းတွေတို့။ ။၎င်းနောက်ရှိရှိသမျှသော သတ္တဝါအားလုံးတို့ **သေဘေးကြီး** စီးနင်းကြပြီး၊တဟုန်တည်း စက်ကုန် ချတ်နေကြသည့် ဥပမာများကိုင်း၊ လွတ်ပေါက်မရှိကျလုဘိသော သေကျောက်ဖျာကြီး အောက်မှာ မွေလျော့ကာ နေကြရသော ဥပမာကိုင်း၊ ရှေးကပြခဲ့သော နည်းကိုမှီ၍၊ မိမိတို့လည်း သိကြ၊ ကြည့်ကြ-အားထုတ်ကြ၍၊ ထိတ်လန့်ခြင်း သံဝေဂကြီးကြီး ကြီးရကြပါစေသတည်း။ဘပည့်တကာ မိတ်ကလျာတို့ကိုလည်း၊ထိုနည်းတူဖွာ သိစေကြည့်စေ၊ အားထုတ်စေ-ထိတ်လန့်စေကြပါစေသတည်း။ ။သေဘေး ရှုနည်း ဤတွင်ပြီး၏။

[ဤတေရသမ,ရက်မှာ ဟောပြကြရာ၊တခြားဟောဘွယ်များကို ချွံမိ၍ အချိန်စေ့မူ၊ဤမရဏ အဘိဓမ္မာသုတ်ကို ဟော၍အဆုံးမှာ၊ရှေ့ အကျယ် အရပ်ရပ်တို့ကို ချုံးပြီး၊ လိုရင်းဆုံး စကားမြွတ်တို့ဖြင့် နိဂုံးသတ်၍၊ ၎င်းရက် အပြီးသတ်လိုက်ကြလေ။]

အကယ်၍ ဟောချိန်ကာလ ရှိကြသေးမူ၊ ကွဲဘေးကြီး သင့်နေချက်ကိုလည်း ဆက်လက်၍ ဟောကြားစရာကား၊ ထိုမရဏမှတပါး အဘိဓမ္မာ သုတ်တရားကြီးက၊ (နာနာဘာဝေါ-ဝိနာဘာဝေါမှိ)အရကို၊ တို့မြန်မာက **ကွဲ**ဟု ဆိုကြ၏။ သို့ရာတွင် သဝိညာဏက ဖြစ်သော မိဘ, လင်မယား စသည့်တို့နှင့်ကား၊ **ကွဲဘေးသင့်မူ**၊ အဝိညာဏကဖြစ်သော ပစ္စည်းဝတ္ထု တို့နှင့်ကား၊ **မွဲဘေးသင့်မူ**ဟု- တို့မြန်မာတို့က အသုံးအနှုန်း ပြုကြသည့်အတိုင်း၊ ၂-ခု ခွဲခြား၍ တရားကိုပွါးများအားထုတ်ကြရာ၏။ ၎င်းကွဲဘေး ကြီးတို့ကလည်း **နာနာဘာဝ** တယောက်တခြား အသီးအသီး ၄င်ကွဲ ကွဲပြားမူ တမျိုး၊ **ဝိနာဘာဝ** အကင်းအပြတ် ဘယ်တော့မှ မစပ်ရဘဲ၊ **သေကွဲ ကွဲသွားမူ** တမျိုးအားဖြင့် ၂-ပါးသော (ကွဲ) ချက်များကို ဘုရား

ဟောတိုင်း သိမှတ်ရာ၏။ မွဲဘေးသင့်မှုကလည်း **ရှင်မွဲ သေမွဲ** ဟို ၂-မွဲ တို့ကိုလည်း ခွဲခြား၍ သိထားကြပြီးမှ၊ ပဋိသန္ဓေတည်နေသည်က ကွဲခြင်း အဆုံးကျအောင်၊ ထိုထို သတ္တဝါတိုင်းတို့၏ လည်ပင်းကို၊ ကွဲ **ကွင်း**ကြီး တပ်ပြီးလျှင် ငါဘဲဟု ထင်မြင်နေကြသော မိမိတို့ခန္ဓာဆိုးကြီးတို့က ရှိရှိ သမျှသော မိဘ,လင်မယား၊သွီး,သား၊ဆွေညာ၊ မိတ်သဟာတို့နှင့် အကွဲ ကြီး ကွဲကြအောင်၊ အတင်းအဓမ္မ ယချနေ့,ညဥ့်,လ,နှစ်တို့ ရှိရှိသမျှ **ယုန် တောင်ပြေး၊ ချွေးမြောက်ကိုက်** ဆိုဘာလို၊ ဆွဲငင် ယူဆောင်ကြကာ မိမိ ကလည်း ထိုသူတို့နှင့်ဝေးကွာအောင် အတင်းပြေးနေမှု၊ မိဘ,လင်မယား သွီး,သား၊ဆွေညာ,မိတ်သဟာတို့ကလည်း မိမိတို့နှင့်အကွဲကြီး ကွဲအောင် ထိုသူတို့လည်ပင်းမှာ ကွဲ (ကွင်း) ကြီးတွေ ကိုယ်စီကိုယ်ငှ တပ်ကြပြီး၊ အရှေ့,အနောက်၊ တောင်,မြောက်အရပ်၊ ထောင့်ဖြတ် ဗီလာ၊ဖြောင့်ဖြောင့် ပြေးနေကြရာ၊ နောက်ကိုပြန်ကြည့်လို့ မြင်ကြသေး၍သာ မကွဲသေးဘူးဟု ထင်ကြရသေး၏။ စင်စစ်မူကား၊ မိမိ-သူတပါး ၂-ဦးသားတို့ ကွဲပြား ကြဘို့ အရေးနှင့်၊နေ့စဉ်ထာဝရတပြေးတည်း ပြေးနေကြရမှုများကို ဉာဏ် နှင့်မိမိ ပြုံးပြုံးကြည့်ကာ အချက်ကိုသာ ရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ စိတ်ကို ဝိုက်ထားပါလျက်၊ ဤ**ခန္ဓာ**ခိုးကြီးက၊ **ကွဲဘေးကြီးနှင့်နှက်နေဆဲ၊ ကွဲဘေးကြီးနှင့် နှက်နေဆဲ**။ ။ဟု- ထင်မြင်အောင် ရှုကြပါလေ။ ။ **နည်းတားတွေမှာ**၊ အတိတ်ဘဝ ဖြစ်ခဲ့သမျှသော မိဘ,လင်မယား စသည် များတို့နှင့်လည်း၊ မိမိတို့ခန္ဓာဆိုးကြီးတို့က ကွဲ(ကွင်း) ကြီးများ ကိုယ်စီ ကိုယ်ငှ တပ်ထားကြလျက်၊ ခွဲ၍ခွဲ၍ချည်း လိုက်လာကြရပြီးသား အချက် များကို၊ ဉာဏ်နှင့် မိမိ ပြုံးပြုံးကြည့်ကာ ဘင်ဉာဏ်မှာ စိတ်ကို ဝိုက် ထားပါလျက်၊ ဤ **ခန္ဓာ**ခိုးကြီးက၊ **ကွဲဘေးကြီးနှင့် နှက်ခဲ့သပြီ- ကွဲ ဘေးကြီးနှင့် နှက်ခဲ့သပြီ**။ ။ဟု-ထင်မြင်အောင် ရှုကြပါလေ။ ။**နည်း တားတွေမှာ**၊ အနာဂတ်ဘဝ-နောင်ဖြစ်လတ္တံ့သမျှသော မိဘ, လင်မယား စသည်များတို့နှင့်လည်း၊မိမိ-မိမိတို့ ခန္ဓာဆိုးကြီးတို့ကကွဲ(ကွင်း)ကြီးများ ကိုယ်စီ ကိုယ်ငှ တပ်ထားကြလျက်၊ ခွဲ၍ ခွဲ၍ချည်း သွားကြလတ္တံ့သော အချက်ကြီးများကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကာ ဘင်ဉာဏ်မှာ စိတ်ကို ဝိုက်ထားပါလျက်။ဤ**ခန္ဓာ**ခိုးကြီးက၊ **ကွဲဘေးကြီးနှင့် နှက်ချည်သေး၊ ကွဲ ဘေးကြီးနှင့် နှက်ချည်သေး**။ ။ဟု-ထင်မြင်အောင် ရှုကြပါလေ သူတော် ကောင်းတွေတို့။ ။ဤသည်တို့ကား ကွဲကွဲ လိုက်နေကြမှု ဘေးကြီးစုနှင့် ရှုကြရပုံတို့ပေတည်း။

(ပန) သဥ္ဇာဝါတွေမှာ ဘေးအပြစ်တို့ကို မမြင်သာအောင်၊ အဝိဇ္ဇာက ကွယ်ကာလေသမျှ တဏှာက တွယ်တာနေကြသောကြောင့်၊ အထက်ကို အောက်၊ အရှေ့ကို အနောက်ဘဲဟု ဗီလာကန့်လန့် လွဲသကဲ့သို့၊ အကွဲကို တော့-အပေါင်း၊ မကောင်းထင်စရာကိုတော့-အကောင်းမင်္ဂလာ စသည် ထင်နေကြချက်မှာ၊ မင်္ဂလာသမားများ ဘက်သို့ မငဲ့ကွက်သာဘဲ၊ ဘုရား အလိုတော် ဘက်သို့သာ ငဲ့ပါ၍ ဟုတ်မှန်ရာအချက်ကို ဆက်၍ဆိုဦးအံ့။ ယခုကာလ ပေါင်းဘက်နေကြသော လင်နှင့်မယားတို့၊ကွဲဘေးကြီးများ ဘယ်အခါ မိကြသနည်းဟု မေးမူ၊ သာမည ကြည့်သူတို့က၊ ရှင်ကွဲ, သေကွဲဘို့အချိန်ကျလို့ ကွဲကြတဲ့အခါကျတော့မှ၊ ကွဲဘေးသင့်ကြဘာပါ့ ဟု ပြောကြပေလိမ့်မည်။စင်စစ်မူကား၊ လက်ထပ်စကပင်၊ ကွဲဘေးကြီး မိနေအင်ကို၊ ထင်ရှားအောင်ဆိုရမူ၊လူကြီးစုံရာရှေ့မှာ မင်္ဂလာဆောင်ရန် ၁၆-နှစ်သမီးနှင့်၊၁၈-နှစ်သားတို့ ထိုင်နေကြရာတွင်၊သူငယ်မသည် လက် မထပ်ရသေးသည့် အတွက်၊ မင်္ဂလာသား မတက်ခင် အပျိုစင်အတိနှင့်၊ လင်ကွဲ လင်ပူ,လင်ဆူစသည်ဘေး မရှိသေးမှုများကို ထင်ရှားအောင် သိ ထား ကြည့်ထားကြပါဦး၊ငင်း သူငယ်ကလည်း လက်မထပ် ရသေးသည့် အတွက်၊ မင်္ဂလာသား မတက်ခင် လူပျိုစင်အတိနှင့်၊ မယားကွဲ-မယားပူ မယားဆူစသည်ဘေး မရှိသေးမှုများကိုလည်း၊ ထင်ရှားအောင်သိထား-ကြည့်ထားကြပါဦး၊ ဤဘေးကင်းကြသူ ၂-နှစ်ဦးလူတို့ မင်္ဂလာဖြစ်ပွဲ အောင် လက်ထပ်ပေးစားမည့် ရွယ်လိုက်ရင်း၊ ကွဲကွင်းကြီး ၂-ကွင်းက ထို ၂-ယောက်တို့လည်ပင်းကိုစွပ်လိုက်ရန် ရွယ်လိုက်ရင်းဖြစ်လာ၏။ဤမျှ နှင့်မဖြတ်၊ သဘောတူ နှစ်ရပ်တို့ လင်ဇာတိ-မယားဇာတိ ဖြစ်ကြလတ် အောင် ဖျတ်ကနဲ လက်ထပ်လိုက်လျှင်၊ ကွဲကွင်းကြီး ၂-ကွင်းတို့လည်း၊ ထိုသူငယ်, သူငယ်မတို့ လည်ပင်းကို အတင်းတပ်ပြီး၊ ရှင်ကွဲ-သေကွဲ ဘေးဆိုးကြီးတို့အထဲသို့၊ဘယ်နည်းနှင့်မှ မလွတ်ကြအောင်သာ မိမိတို့၏ခန္ဓာ ဆိုးကြီးတို့ကဆွဲဆောင်ကြလို့ ကွဲဘေးကြီးတို့ ဤလက်ထပ်စက မိလာကြ တော့မှ၊မည်သူနှင့်-မည်ဝါတို့ ယခုမှပေါင်းမိကြလေတော့၏ဟု သဥ္ဇာဝါ အများ ကြောင်ကြောင်ကြီး အထင်အမြင် မှားနေချက်တမျိုးပေဘည်း။

**တွေတနည်းမှာ။** ။မင်္ဂလာသား တက်ခါမှ အပျိုရေ,လူပျိုရေပျက် ရှာကြပြီး၊တခါထည်းအခန့်မ,အခန့်သိမ်းကလေးတွေလည်းဖြစ်ကြရရုံမက၊ ထိုလင်မယားဇာတိ ဖြစ်လိုက်မိလျှင်ပင် ထိုလင်မယားတို့ ပေါက်ဖြန်ချိတဲ့ ကြဘို့ ဇရာဘေးကွင်းကြီး၊သေပျောက်ကြဘို့ မရဏဘေးကွင်းကြီး၊ ဒိုးရိမ်

စရာ ရှိရှိသမျှတို့ထက်မက စိုးရိမ်ကြရတို့ **သောကဘေးကွင်းကြီး**၊ ငိုကြွေး စရာရှိရှိသမျှ ငိုကြွေးကြရတို့ **ပရိဒေဝ ဘေးကွင်းကြီး**၊ ကိုယ်နှင့်တွေ့ကြုံ ဆင်းရဲစရာရှိရှိသမျှ ဆင်းရဲကြရတို့ **ဒုက္ခဘေးကွင်းကြီး**၊ စိတ်ဆင်းရဲစရာ ရှိရှိသမျှဆင်းရဲကြရတို့ **ဒေါမနဿဘေးကွင်းကြီး**၊လင်မယား, သားသမီး၊ ပစ္စည်းအာရုံ ကာမဂုဏ်တို့အပျက်က ဆက်လက်ကြ၍၊မိတ်ထဲ၌ာတနွေး နွေး၊ ဘယ်အခါမှာ မအေးကြရဘဲ၊ သက်ကြီးရှိုက်ဘငင်၊ တပင် ပန်းပန်း၊ တနွမ်းရိရိ စသည်ဖြစ်ထိုက်သမျှဖြစ်ကြရတို့ **ဥပါယာသဘေးကွင်းကြီး**တို့ လည်း အသီးအသီး လင်မယား ဇာတိရှိကြသူတို့၏ လည်ပင်းကို အဘင်း အခမ့ တပ်မိကြပြီ၊ မိမိတို့ဆိုင်ရာဆိုင်ရာ ဘေးပေါက်ကြီးတို့သို့ တဟုန် တည်း ဆွဲငင်ပြေးသွား၊ ဖြုပ္ပစရိယ မဂ်လာတရား ပျက်ပြားကာ ဘေး အစားစား သင့်သွားကြရ၊ မကောင်းထင်စရာတွေ ဖြစ်လာကြတော့မှ၊ အကောင်းမင်္ဂလာအစစ်တွေ အသစ်တွေဖြစ်လာကြသည်ဟုအထင်အမြင် မှားနေချက်တမျိုးတို့ကို အကျိုး, အကြောင်းနှင့်တကွ သိစေလိုလှ၍။—

> **ဇာတိပစ္စယာ-ဇရာ,မရဏ-သောက-ပရိဒေဝ-ဒုက္ခ- ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ**။......

ဟု-မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း၊ လင်မယားရစ- စသည်တို့ **ဇာတိပစ္စယာ** ကြောင့်၊လင်မယားစသည်တို့ ပေါက်ပြန်ချိုဘဲ့မှ ဇရာစသည်တို့ ဖြစ်ကြကုန်၏ဟု ၎င်းပါဠိအနက် အဓိပ္ပါယ်တို့ကိုလည်း၊ သိကြ, ကြည့်ကြ, ထိတ်လန့်ခြင်း သံဝေဂလည်း ရှိကြပါစေ သူတော် ကောင်း တွေ တို့။

တနည်းအရ၊ **ပြောင်းပြန် ထင်မှားနေကြသည်ကား**၊ ဤလောကကြီး မှာ ဖူးစာရေးနတ်ရှိ၏။ ထိုဖူးစာရေးနတ်က မည်သူနှင့်မည်သူဝါတို့ ပေါင်း ကြစေဟု နဖူးမှာ စာရေးထားသူချင်းမှ ပေါင်းသင်းကြရ၏ဟု အထင်ရှိ ကြသည့်အတိုင်း၊ သဘင်သမားများက **တဦးနှင့် တဦးတို့၊ရွှေနဖူးမှာ စာ ထူးတော်ပါကြ၍ ပေါင်းကြရ၏ဟု**- ထင်မှတ် ပြောဆိုကြသည့် **စာထူး ဆိုသည်ကား**၊ အထက်ဟု စာရေးထားတာကို အောက်ဟုဘတ်။ ရှေ့ဟု စာရေးထားတာကို- နောက်ဟု ဘတ်ကြရအောင် စိတ် သညာအသိတို့ ပြောင်းပြန်ဖြစ်ဘိ၍၊ (က) နှင့် (ယ) ကိုရင်း၊(သ) နှင့် (ဘ) ကိုငင်း၊ (ပ)နှင့် (ဂ) ငင်း၊ (ဇ) နှင့် (စ) ကိုငင်း၊ (ာ) နှင့် (င) ကိုငင်း၊ အထက်, အောက် ရှေ့, နောက် အပြန်အလှန် ထင်မြင်စွဲမှတ်၊ မျက်စိကို စောက်ထိုး တပ်၍

ဘတ်ကြလတ်သကဲ့သို့၊ **နာနာဘာဝ-ဝိနာဘာဝ** ဘုရားရှင်နဖူးစာ အရနှင့်ကား၊ ရှေ့က ငှင်းနဖူးစာ မရှိကြသေး၊ လက်ထပ်သည့် အခါကျမှ ထိုနှစ်ယောက်တို့၏ ရွှေနဖူးစာမှာ **ကောန္တကွဲကြစေ** ဟူသော စာထူးတံဆိပ်ခတ်နှိပ်ပြီးသား ဖြစ်ကြသည့်၊ ထိုနဖူးစာတို့ကို စေ့စေ့ကြည့်ကာ ဘတ်ရှုကြတာကား၊ သည်သူငယ်နှင့် သူငယ်မတို့ **ပေါင်းကြစေ**ဟု ပြောင်းပြန်ဘတ်ကြား၊ မှတ်သားထင်မြင်နေကြရသောကြောင့်၊ ပါဠိခေါ် **နာနာဘာဝ ဝိနာဘာဝ**၊ မြန်မာခေါ် **ပေါင်းဖိကြကား၊ ကွဲကြစေ** ဟူသော နဖူးစာရှိသည့်အတိုင်းမသိကြဘဲ၊ လူတိုင်းတို့မှာ ပါနေကြသည့် နဖူးစာတို့က (ပေါင်းကြစေ) ဟု-အလွဲပြောင်းပြန် သံရှိနေကြရပြန်သည်များကို စဉ်းစားမိကြကာ၊ ထိုနဖူးစာသည် သာမန်စာ မဟုတ်၊ ထူးသောစာဟူ၍လည်း သိကြပြီး၊ ထိုထို ချစ်ခင်သမျှတို့နှင့် ပေါင်းမိစတို့ကလည်း (ဟိတ်) ငါတို့ကွဲကွင်းကြီး မိလာတော့ပြီးဟု သံဝေဂကြီးကြီး ရကြ၍၊ (ကွဲ) ဟူသော အဘိဓမ္မာသုတ် တရားကြီးများကို မင်္ဂလာတရား အနေထား၍၊ ပွဲများအားသင်ကြပါလေ သူတော်ကောင်းတွေတို့။

**တတွေတနည်းမှာ**၊ မင်္ဂလာဆောင်ကြသော အခါက ကွဲဘေးသင့်လာကြသည်ကို၊ ပွဲများစေလိုသော ဘုရားစကား **မင်္ဂလာတရားကြီးတွေကိုတော့** မင်္ဂလာဆောင်လိုသူတို့စိတ်မှာ **အမင်္ဂလာအစားထား၍** လေသံကလေးကိုမျှ မပြောရဲကြစေဘဲ၊ လူကြီးစုံရာတို့ရှေ့ထဲမှာ **မသာလေး အချာလေး၊ အနာလေး အင်နေကြသည့် အမင်္ဂလာစကားတွေကိုတော့ မင်္ဂလာစကား** ဟု- သူငါအများ ထင်မှတ်ထား၍ ပြောကြားနေကြသည်ကား တခြားမဟုတ်ပါ။ အဝိဇ္ဇာနှင့် တဏှာယုတ်တို့ကိုသာ လွန်စွာကြောက်ထိတ် ဘွယ်ကြီးဖြစ်စွ တကားဟု ရှုစားကြပါလေ။ အဘယ်သို့အ,မင်္ဂလာစကားကို မင်္ဂလာဘင်ထား၍ ပြောကြား ကြသနည်း ဟူမူ၊ (သင်တို့နှစ်ယောက် မပေါက်မပြား၊ မကွဲပြားဘဲ၊ သက်တော် ရာကျော်ရှည်ကြပြီး၊ သေတပန်သက်ဆုံး ပေါင်းကြရပါစေ၊ အိုအောင် မင်းအောင်ပေါင်းကြပါစေ၊ ညှိုး၍လည်းမဖြစ်ကြဘဲ၊ တယောက်နှင့် တယောက်တို့တိုးလို့သာ ချစ်ကြပါစေ)ဟု-ရေစစ်စလီ စာချုပ်တွင်မက၊ ကုန်းစစ်စလီတည်းဟူသော လူကြီးစုံရာတို့က ပြောကြားကြသည့်စကားကို၊ ကြားကြားသမျှတို့က နှစ်သက်အားရ၊ ဩဘာမင်္ဂလာ ပေးနေကြသည့် **သေတပန်သက်ဆုံးပေါင်း**ဟူသော မင်္ဂလာစကား၊ အဓိပ္ပါယ်သွားအရကို လောကဘက်သို့မငဲ့ကွက်ဘဲ၊ တဲ့တဲ့ကြီးဆိုရပါမူ၊ နှစ်ဦးလူတို့သဘောကျ အကယ်

၍ ငါသေရတောင် တခြားမှာမသေ၊မင်းလက်ပေါ်မှာ သေမည်၊မင်းသေကလည်း ဘခြားမှာမသေရ၊ငါ့လက်ပေါ်မှာ သက်တော်ရာကျော်အောင် ပျော်ပျော်ကြီးနေပြီးမှ၊ သေကြရန်အချက်များကို လူကြီးစုံရာနှင့်၊ နောက်နောင်– မရှောင်ရှားသာအောင် မသာလောင်းကောင်မ၊ မသာလောင်းကောင်ထီးတွေ အပ်နှံနေကြသော စကားအစစ်ကြီးတွေ ဖြစ်မနေကြပေဘူးလားဟူ၍ငှင်း၊ အိုအောင် မင်းအောင်ပေါင်း ဟူသော မင်္ဂလာစကားလည်း၊အိုမင်းသောအခါကျတောင် လွတ်လပ်ခွင့်ရရှင့်သူတော်ကောင်းအလုပ် အားထုတ်ခွင့်မရကြစေဘဲ၊ ဤအအိုကောင်မ၊ အအိုကောင်ထီးတို့အဖြစ်နှင့်ပင်၊ တယောက်နှင့် တယောက် မခွဲသာအောင်၊ လူကြီးစုံရာနှင့် အအိုလောင်းထီး၊အအိုလောင်းမကလေးတွေ အပ်နှံနေကြသော စကားအစစ်တွေ ဖြစ်မနေကြဘူးလားဟူ၍ငှင်း။

ညှိုး၍လည်း မဖြစ်ကြဘဲ၊ တယောက်နှင့် တယောက်တို့ တိုးလို့သာချစ်ကြပါစေ ဟူသော မင်္ဂလာစကားလည်း ကျိုး, ကန်း, နူ, ခွဲ၊ ရောဂါအမျိုးမျိုးနှင့် တွဲကာ၊ ညှိုးနွမ်း၍ နေရပါသော်လည်း လွတ်လပ်ခွင့်မရ၊ ညှိုးနွမ်းသျက်နှင့်ပင် လင်မယား,သားသွီး အသီးသီးသော ဝန်ထုပ်,ဝန်ပိုးဝန်ဆိုးကြီး များကို မရွက်ဆောင်ချင်တယ်လို့ မနေရအောင်ငှင်း၊ လင်မယား,သားသွီးတို့အနည်းနည်းဆိုးမှု၊ဘေးဒဏ်အထု အမျိုးမျိုးတို့နှင့်၊မိမိတို့ အပေါ်မှာ ဆိုးမှုစသည်တို့နှင့်၊ မချိတင်ပဲ ဆင်းရဲညှိုးနွမ်းကြအောင် ပြုကြလို့တောင် လွတ်လပ်ခွင့်မရ၊ ညှိုးနွမ်းလျက်ပင်၊ ထိုလင်မယား,သားသွီးဆိုးတို့ဝန်ကို မရွက်ဆောင်ချင်တယ်လို့ မနေရအောင်၊ လူကြီးစုံရာနှင့် ရောဂါအမျိုးမျိုး ရောက်ပြီး၊ အညှိုးလောင်းကောင်ထီး၊ အညှိုးလောင်းကောင်မ၊ အတော,အပေ, အမိုက်အမှား အပြစ်ဘေးဒဏ် အမျိုးမျိုးများနှင့် အဆိုးအဝါးလောင်း ကောင်မ၊အဆိုးအဝါးလောင်းကောင်ထီးတွေ တယောက်နှင့်တယောက်တို့ လွတ်ကင်းပေါက် မရအောင်၊ ဇွတ်အတင်း အပ်နှံနေကြသည့်စကားအစစ်ကြီးတွေ ဖြစ်မနေကြဘူးလားဟူ၍ငှင်း။ ။ (တနည်း)မည်သူမည်ဝါတို့မင်္ဂလာဆောင်ကြသည်ဟူသော စကားလည်း အပြောသာ နားဝင်ချိုသာ၍၊ အမှုသွား နစ်နာသည့် ဥပမာမှာ၊ မြွေပွေး-မြွေဟောက် ပေါက်သတ်လိုက်သည်ကို မည်သူကို ပိုးကောင် ကလေးထိသည်ဟု နားဝင်မှာချိုသာသော စကားနှင့် ပြောကြားလိုက်သော်လည်း၊ အကိုက်ခံရသူမှာတော့ စန့်နေရသလို၊နှုတ်ဖျားကချိုသာသည့် ထိုမင်္ဂလာအဆောင် ခံရသူတို့မှာတော့ သွားမကျိုး, ဆံမဖြူကြဘဲ၊ ငယ်ရွယ်သော

အခါထဲမှာပင် အဓိမ,အဓိဘီး အသီးသီး ဖြစ်ကြရုံမက၊ ရှင်ကွဲ, သေကွဲ ကျန်ကွဲရဘို့၊ ရှေ့ကပြခဲ့တိုင်းသော ဘေးအမျိုးမျိုးတို့သာ ပွါးတိုးဘို့ရာ အရေးကို အားပေးသောအလားဖြင့်၊ **မည်သူမည်ဝါဘို့မိန့်ဘောဆောင်ကြ သည် ဟူသော စကားကို** ကလေးမ,ကလေးထီးတို့ ဘေးကြီးတွေသင့်လို့ စန့်နေကြဘို့သာ ပြောကြရာ မကျနေဘူးလားဟူ၍ရင်း။

ဤလောကီအရေးကို အားပေးမှုနှင့် မညွှာဘဲ၊ ဟုတ်မှန်ရာကို စဉ်းစား ကြည့်သူ၊စဉ်းစားမိသူ၊ သဘောဖြူတို့ကား၊ ဤမိုယ်းညွှန်းကိုယ်တော်ကြီး ဟောကြားသည့်စကားတွေဟာ ဘုရားရှင်၏တရား ဤအဘိဓမ္မာသုတ်ကြီး များနှင့်လည်း ညီညာပြီး၊ ဤလောကကြီး အတွင်းမှာလည်း ဟုတ်လိုက် လေခြင်း– ဟုတ်လိုက်လေခြင်းဟု ပြောပြီးရင် ပြောင်ချင်ရင်းလည်း ဖြစ် ကြ။ ထို နာနာဘာဝ– ဒိနာဘာဝ တို့အရ၊ ရှင်ကွဲ, သေကွဲ ဤ ၂–ကွဲမှု၊ ပေါင်းမိစကမချွတ်၊ ကျေနပ်မလွတ်ကြရခြင်းမှု၊ ဤအဘိဓမ္မာသုတ် ပုတီးစိပ် တရားကြီးစုကိုလည်း၊ အားပြုကြကာ ပွါးများကြ ကုန်ရာသတည်း။ ။ ဤလက်ထပ်မင်္ဂလာအရာနှင့် အကောင်းတွေကို ကြုံတွေ့သမျှ (ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ, မုတမင်္ဂလာ)အရာများ အစားစား တို့ကိုသာ အလေး တမူ အရေးယူရှာကြသော သူတို့မှာကား၊ ဤအဘိဓမ္မာသုတ်တရား ပါးစပ်ပုပ် စကားများကို ကြားနာလို,ပွါးများလိုမှာဝေးစွ ဟောပြောတတ်သူ၊ဟော ပြောသည့်စာအုပ်တို့ကိုမျှ မကြုံတွေ့လိုကြဘဲ၊ ထိုပြောဟောသူများကို,ထို စာအုပ်များကို မဆဲကြလျှင် ကံကောင်းပင်ဟု ဆိုရပေလိမ့်မည်။ညြှော်..... ဤအချက်များကိုလည်း၊ သိခဲ့စွ–ကြည့်ခဲ့စွ။ဤပုတီးစိပ်အလုပ်လည်း ရှခဲ့စွ။

ယခုကာလ ရှိရှိသမျှသော မိဘ,ဆရာ၊ ဉာတကာ, လင်မယား၊ သွီး သား–မိတ်သဟာ သဗ္ဗဝါအားလုံးတို့ ကိုယ်စီ ကိုယ်ငှ ပေါင်းဆုံးစကာ ကွဲလက်မှတ်ရကြပြီး၊ ကွဲရထားကြီး စီးနင်းကြကာ ကွဲဘူတာသို့ မြန်စွာ ချတ်နေကြသည်၌၊ရှေ့အဘို့က ကြိုတင်၍ ဆင်ခြင်ထားကြစရာ **ရထားစီး ဥပမာကား**၊ ယခုကာလ အသီးအသီး လက်မှတ်ခံကြ၍၊ ရထားစီးကြသူ များ သဘောထားအတိုင်း၊ ဤကွဲရထားကြီးမှာလည်း သဘောထား၍ စီး သွားရာ၏။ အဘယ်သို့ ရထားစီးများ သဘောထား သနည်း ဟူမူ၊ ငါသည် ခရီးခဲသို့ သွားရမှာ လုံလောက်အောင် ရိက္ခာပါဘို့ အရေးကြီး သည့်ပြင်၊ ငင်းပါသည့် ရိက္ခာ မကျန်ရစ်ပါဘဲ၊ မိမိတို့ လက်မှတ်ရသည့် ဘူတာထဲက အသီးအသီးတက်စီးကြ၊ ရထားပေါ်မှာလည်း ရထားစီးတွေ အပြည့်အနှက်ပါရှိကြ၊လက်မှတ်ဆုံးသည့်ဘူတာတို့မှာလည်း အသီးအသီး

ဆင်းကြရသည်များ၌၊ သဘောထားလိုက်နေကြသည်ကား၊ ငါ **လက်မှတ်ရသည့်ဘူတာကား ရထားဆိုက်ရောသည့်** ဥပမာနှင့်ကား၊ ယခုလောကမှာ ရှိကြသော မိဘ,လင်မယား၊ သွီးသား မျိုးဆွေ၊ တပည့်ဆရာ စသည်တွေ တို့ ကွဲရထားကြီး စီးနင်းကြကာ သံသရာခရီးခဲကိုသာ သွားလာလျက်ရှိ သူတို့မှာလည်း၊ မိမိတို့ ယခုဖြစ်ဆဲ ရယူထိုက်သော ဘဝထဲက သူတော် ကောင်းရိက္ခာ လုံလောက်စွာ အပါမနဲ့ကြဘို့ အရေးကြီးလှသည့်ပြင်၊ ၎င်း ပါသည့် ရိက္ခာများကို သေပါးနီး ဘေးရန်ကြီးတို့နှင့်အတွေ့ မှားမေ့၍ မကျန်ရစ်ကြစေဘဲ၊ သုဂတိဘဝကိုအရ၊ ပဋိသန္ဓေမှစ၍ ကွဲလက်မှတ်ရ သည့် ဘူဘာက ထိုသို့ဘုံဘဝအဖြစ် ကွဲရထားကြီး အစစ်သို့၊ အသီးအသီး စီးနင်းဖြစ်လာနေကြရသည့်တို့နှင့် တူလှ၏။

ယခုလောက မိမိတို့ တက်စီးကြသော ရထားပေါ်မှာ ရထားစီးသူတို့ လည်း အပြည့်အနှက်ပါကြသည့်ပြင်၊ **လက်မှတ်ဆုံးသည့် ဘူတာဘို့မှာ လည်း အသီးအသီးဆင်းသွားကြရသည့်** ဥပမာနှင့်ကား၊ မိမိတို့ ဖြစ်ရာ ဘဝ ကွဲရထားကြီးအပေါ်သို့ ကျသောအခါ၊ မိဘ-ဆွေညာ၊ မိတ်ကလျာ စသည်တို့လည်း အပြည့်အနှက် ရှိနှင့်သောအား၊ စီးသွားနေနှင့်ကြသည့် ပြင်၊ မိမိတို့လက်မှတ်ရောက်ရာ ဘဝဆုံးဘူတာတို့မှာလည်း၊ အသီးအသီး သေပျောက်၊ ကွဲရထားဘူတာပေါက်က ဆင်းသွားသောလား၊ ကွယ်လွန် သွားကြရသည့်တို့နှင့် တူလှ၏။

ယခုလောက ရထားစီးအများ သဘောထား၍ ရထားစီးလိုက်နေကြ သည့်ကား၊ ငါလက်မှတ်ရသည့် ဘူတာက ရထားသို့တက်ရာ၊ ရထားပေါ် မှာ မိမိ၏ ရှေ့-နောက်အဘို့တို့က စီးလိုက်ကြသူတွေ များပြားနေသည့် အတွက်နှင့် စိတ်အားမတက်ကြလေ။ **သူကျင်နေဘယ်သို့၊ စိတ်အောင် ပျက်ကြအတ်သည့်** ဥပမာနှင့်ကား၊ ဤမိမိတို့ဖြစ်ရာဘဝ၊ ကွဲရထားစီးမိကြ သူတို့ သဘောကြီးကြီး၊ အသီးအသီးထားကြဘို့ကား၊ ဩဝ်- ငါတို့မှာ ဤ သုဂတိဘဝ ကွဲလက်မှတ်ကြီးရကြပြီး၊ ကွဲရထား တည်းဟူသော ဤ ဘဝသို့ ကျရောက်တက်စီးကြရာ၊ ရှေ့အဘို့က ရှိနှင့်ကြသော မိဘ-ဆွေ ညာ-မိတ်သင်္ဂဟာ စသည်တို့အတွက်နှင့်၎င်း၊ နောက်မှ ဖြစ်ပေါ်လာကြ သော ဆွေညာ-တပည့်များ၊ လင်မယား-သားသွီးစသည်တို့ အတွက်နှင့် ၎င်း၊ စိတ်အား- ကိုယ်အား မတက်သင့်လေ။ အိုး-နာ-သေကွဲ၊ ဘေးဒုက္ခ အနဲ့နဲ့၊ အပူကောင်တွေနှင့် တွဲနေကြရသည့် ကိန်းအရပ်ရပ်တို့နှင့် ကျပ်

ကြရဘို့၊ ကျပ်ကြရလို့တောင်မှ စိတ်ပျက်စရာတွေ တွေ့ကြုံနေကြရသည်နှင့်လွန်စွာတူ၏။

ယခု လောက ရထားစီးသွားသူဘို့ ကိုယ်စီးသည့် ရထားတွဲက လူတွေများ ဆင်းသွားတယ်လို့ ဝမ်းမနည်းကြ၊ လူတွေချောင် သွားပေပြီဟု ဝမ်းများတောင် သာကြတတ်ပြီး၊ မိမိတို့ ရထားကအဆင်းမှာလည်း၊ ပါရင်းစွဲရိက္ခာ မကျန်ရစ်ပါအောင် အသူးသတိဆောင်ကာ ဆင်းသွားကြရမှာ၊ သူများတွေ မဆင်းလေ တယ်လို့လည်း ဝမ်းမနည်း ကြပါ။ မိမိတို့ ချမ်းသာရာသို့သာ သွားကြရောက်ကြရဘို့ အရေးကြီးလှသည့် ဥပမာ အရ နှင့် ကား၊ ဤအဘိဓမ္မာသုတ် ပွါးပြီးသား၊ ကွဲရထားစီးသွားသူတို့၊ ယခုရှိကြရင်း ကိုယ့် အပေါင်း အသင်းထဲက ရှင်ကွဲ, သေကွဲခွဲ၍ သွားကြတယ်လို့ ဝမ်းနည်းဘွယ်မရှိရာ။ ထိုသူ တို့မှာလည်း ကွဲလက်မှတ်ခံကြပြီး၊ ငါတို့နှင့် အခိုက်အတန့် အတူစီးကြရာ၊ သူတို့ကွဲလက်မှတ်ဆုံးရာ ကွဲဘူတာမှ ခွဲခွဲ-ခွဲခွဲသွားကြဘာ အတွက်၊ ဘာသိုင်ချက်နှင့် စိတ်ပျက်ကြရမှာတဲ့လဲ။ ယခု ကျန်ရှိနေရင်းစွဲ ကွဲရထားစီးချင်း တို့တသင်းထဲကလည်း၊ မိမိတို့ လက်မှတ်ဆုံးရာ ကွဲဘူတာတို့မှာ၊ ကိုယ်စီ ကိုယ်ငှ ဆင်းကုန်ကြပြီး၊ တယောက်ထည်း ဘည်းသာ သံသရာခရီးခဲ အပါယ်စသော ဘေးဒုက္ခကြီးတွေအနဲနဲတို့မှာ၊ ကျင်တဲ၍ သွားကြရမှာကြောင့်၊ သဒ္ဓါ- သီလ- သုတ-စာဂ-ပညာ၊ အစဖြာသော သူတော်ကောင်းဥစ္စာ လမ်းရိက္ခာတို့ကို ရှေ့ကပြခဲ့တိုင်း၊ သေကွဲခွဲရမည့် ဘေးအပြစ်များကို စင်စစ်သတိမထားဘဲ၊ အချစ်ခင်သဲလှသော မိဘ လင်မယား-သွီးသားဆွေညာ၊ဆရာတပည့် အစရှိသူတို့နှင့် သေကွဲကြီး ကွဲရခြင်း၊ကွဲရထားကြီးအဆင်းမှာ မေ့လျော့ခြင်း မရှိပါအောင် ယခု ကာလ ဘူတာအဆင်းမှာ အထူး သတိထားကြရပါသလို **ရေမှုနှင့် ဘိနင်မပေါ်မူ၊ နေ့ခါမှသိကြမည်၊ ဒါန- သီလ သေည်မပေါ်မူ၊ သေခါမှသိရမည်**ဟူသော သူမြတ်တို့ စကားအရအတိုင်း၊ ဂတိဝိသုဒ္ဓိ အသင်းကြီး အနည်းနည်းတို့နှင့် အသီးအသီးပြုပြင်ကြငြား၊အထူးသတိထားကြကာ အားလုံးကြီးတို့နှင့် ကွဲကြရမှာထက် မေ့လျော့ပေါ့စား၊ အခွဲအခက်ငြားလျက်၊ငရဲဘက်သို့လားရဘို့ အချက်တို့ကိုသာ အထူးကြောက်စရာ ကောင်းလှပါတကားဟု ထိတ်လန့်ခြင်းသံဝေဂကိုပြု၍ အဟုတ်မကွဲခင်၊ စောစော-စီးစီးက ကြိုတင်လျက်၊ ရှေ့ကပြခဲ့ပြီးသော ကွဲရထားကြီး စီးပြီးသား၊ထင်မြင်ထားအောင်၊ ရှေ့ကပြခဲ့ပြီးသော နာနာဘာဝ-ဝိနာဘာဝ အဘိဓမ္မာသုတ်တရား ပုတီးစိပ်ကြီး

များကို အနည်းဆုံးတနေ့တနေ့ ပုတီးတပတ်ကျစ်လောက် နောင်ကွဲရထားကြီး အပေါက်က အဆင်းအတက် အချက်ကျအောင်၊ လေ့လာပွဲများအားထုတ်ထားကြသူတို့မှာ နောင်ကွဲခွင့်ဆိုက်လာသောအခါ၊ ကွဲကြရပါတယ်လို့ မျက်ရည်ယိုပြီး မငိုကြသည့်ပြင်၊မင်းတို့ကွဲတာက ယခုနောက်မှ၊ ငါက ခွဲထားတာကား၊ ဘုရားအဘိဓမ္မာသုတ် တရားအရကို မိုးယံညွှန်းကိုယ်တော်ကြီးအထံက နာကြားရစကစ၍၊ နေ့စဉ်အမြဲ ခွဲထားပြီးသားကြီး (ဟေ့)ဟူ၍တောင် ခပ်ပြုံးပြုံးမျက်နှာထားနှင့် ပြောကြားနိုင်ကြကာ သုဂတိပြည်ခေမာ ချမ်းသာရာသို့သာ သွားကြ ရောက်ကြဘို့ အရေးကြီးနေကြသည်နှင့် လွန်စွာတူလှ၊လွန်စွာတူကြသည်များကို အထူးသတိထားကြပါ၍၊ဤကွဲရထား ဥပမာအရနှင့်၊ နေ့စဉ်ကွဲထားကြ၊ ခွဲထားကြပါလေ သူတော်ကောင်းတွေတို့။

ရှေ့ကပြခဲ့ပြီးသော ဒိ-နာ-သေ-ကွဲဘေးကြီးတို့ တပေါင်းထည်း နှိပ်စက်နေချက်ကို အနည်းငယ်ဆက်၍ ဆိုဦးအံ့။ သတ္တဝါတိုင်းတို့၏ ပဋိသန္ဓေတည်နေစတို့ကပင် ဥပစာတင်၍၊ ထိုသတ္တဝါတိုင်းတို့ လည်ပင်းကို ဒိုကွင်းကြီး၊ နာကွင်းကြီး၊သေကွင်းကြီး၊ ကွဲကွင်းကြီးတို့ ဘယ်နည်းနှင့်မှ ဖြုတ်မရအောင် ခိုင်မြဲလှစွာတပ်ပြီး အကြီးဆုံးဖြစ်သော ဒိုု,နာ,သေ,(ကွဲ) ဘေးအကြီးဆုံးကြီးထဲသို့ ဆိုက်ရောက်ကြဘို့၊ မိမိတို့ ခန္ဓာသိုးကြီးတို့က ဆွဲငင် ဆောင်ဖို့ကြသည်ကို ခံနေရသော သူငယ်ကလေးတွေက၊ ဘ,မိ-သိကြား၊ ဗြဟ္မာများနှင့် ဘုရားတို့ပါ ကယ်တော်မူကြပါ၊ ကြည့်နေကြတော့မှာလားဟု အော်သံကြားရာ၊ မဟာကရုဏာနှင့် ကယ်ကြဘို့အရေးနှင့်၊ အားလုံးကုန်လာ၍ မေးသော အခါ၊ ဒိုု, နာ, သေ,-ကွဲကွင်းတွေနှင့်၊ အဘင်း အနှိပ်စက်ခံနေရသည်ကို ကယ်တော်မူပါဟု ဆိုနိုင်စေကာမူ၊ ၎င်း ကာရုဏာရှိသူတို့ ဤစွပ်ပြီးသား ကွင်းများကို ဖြုတ်ချက်မှာ မကယ်ဆယ်နိုင်ကြရာ။ စင်စစ်မှာမူကား၊ ဇာတိခန္ဓာ ထင်ရှားရှိနေကြသော သိကြား-ဗြဟ္မာ,ဘုရားတို့မှာပင် ၎င်းဘေးစုက၊ မလွတ်ကြ အင်ကို ထင်ရှားသိစေလို၍။——

**သိကြားဗြဟ္မာ၊ ဘုရားလာလည်း၊ ကိုးရာမရ၊ သခ်ိဳ ါရ၊ ဖြစ်ကပုက်ခြိသာ။**

**သိကြားဗြဟ္မာ၊ဘုရားမှာတောင်၊ကိုးရာမရ၊သခ်ိဳါရ၊ဖြစ်ကပုက်ခြိသာ။** ။ဟု-ပိသုဋ္ဌိ ဆောင်ပုဒ်မှာ ရေးထုတ်လိုက်ပါသတည်း။

ဤအဘိဏှသုတ်တရားကြီးများကို နာခံဘတ်ကြား ပွါးများ အားထုတ်သူ ရှင်လူ အများ ယောကျ်ား, မိန်းမ စသည်တို့သည်၊ မိမိတို့ ခန္ဓာနှင့် တကွ၊လင်မယား,သားသမီးစသည်တို့ ခန္ဓာအိုကိုပါ ချစ်ခင်မှုစင်ကွာပြီး၊ အဖြစ်အထုကြီးတွေသာ ထင်လာ၍၊ သြော်- မိမိတို့- ခန္ဓာနှင့် တကွ၊ တပည့်-ဆရာ-လင်မယား-သမီးသားစသည်တို့ကို၊ ဤသုတ်မှာပါတဲ့ဘေး တကယ့် အရေးများနှင့်၊ အားထားစရာ အစစ်တို့ ကေန့မဖြစ်ဘဲကုန်။ အကယ်၍ ဖြစ်အောင်ကြောင့်ကြပိုက်ကြစေကာမူ၊ အလကားသာ ဖြစ်နေကြပါတကား၊သိကြား-ဗြဟ္မာ-ဘုရားတို့မှာဘောင် အို-နာ-သေ ကွဲတို့ အရေးမှ ပြေး၍ မလွတ်သာဘဲ၊ အမြဲအနှိပ်စက် ခံနေရကြပါဘကားဟု စဉ်းစားမိကြသူ ယောဂီပုဂ္ဂိုလ်များ သူတော်ကောင်း အစားတို့၊ အတိုသုံး စကားဖြင့် မညှာတန်းပြောကြားရန်အစစ်ကား၊ ငါငါတို့ဒြပ်မှာ သားတွေ သမီးတွေ သမက်တွေ- ချွေးမတွေ- အပေါင်းအဖေါ် စသည့် တွေ လာရောက်ဖြစ်ပေါ်လာပေမူ၊ မသားသေင်းကောင် - အနာလေင်းကောင်၊ အအို လေင်း ကောင်တွေ ဖြစ်ပေါ်လေကြပေပြီ၊ ဘယ်သည့်အခါမှာ တယောက်နှင့် တယောက်တို့၊ ငိုနိုး ကားကား- ဖြစ်ကြရြား၍၊ ရှင်ကွဲကြီး ကွဲ၊ သေကွဲကြီး ကွဲကြရတို့၊ တို့ဒိဒိပေါ်သို့ လေအောက်ဖြစ်ပေါ်လေတော့ အစင်တို့တည်းဟု။ ။ခပ်ညည်းညည်း မကြာမကြာ ကတွက်တွက်,ရွတ်ဆိုရင်း နှလုံးသွင်းစရာကား။ ။သင်မယား သားသမီး စသည်တို့ကား၊ အို-နာ-သေရေးနှင့်၊ ကွဲဘေးကြီး သင့်ကြတို့ အစင်တည်း။ ကွဲ ဘေးကြီး သင့်ကြတို့အစင်တည်း။ ။ဥစ္စာပစ္စည်းတို့ကား၊ မွဲဘေးကြီးသင့်ကြတို့ အစင်တည်း၊ မွဲဘေးကြီးသင့်ကြတို့အစင်တည်းဟု ငြီးငွေ့ညာတ်ပါပါနှင့်၊ ရွတ်ကာ-ရွတ်ကာ မကြာမကြာ အခါခါ အားသစ်ကြပါလေ။ကွဲဘေးကြီး က ဆက်လက်၍ အပါယ်ဘက်သို့ မကျလိုသူအပေါင်း သူတော်ကောင်း တို့။ ။ဤကွဲဘေးကြီးကို ဟောပြီးသည့် အဆုံးမှာ၊ အကျဉ်းချုံးစကား နိဂုံးကိုလည်း ဟောကြား၍၊ တေရသမရက်ကြီး အပြီးသတ်လိုက်ပါလေ ဆရာလုပ်သူတွေတို့။

၁၃-ရက်ဟောချက် ပြီး၏။

## (၄၆) ရုဒ္ဒသမရက်မှာ၊ မွဲဘေးကြီးနှင့် နှက်ကြပုံနှင့်၊ မကွဲနိုင်သည့် ဆွေမျိုး၊ မမွဲနိုင်သည့် ပစ္စည်း အစစ်ဖြစ်ကြရန်၊ ဘဏ်သွင်းမှု ကုသလဉ်ကို ပြုကြရပုံ

ယခုပြလတ္တံ့သော ရုဒ္ဒသမရက်၊ ဝိပဿနာ အလုပ်ပေးချက်၌လည်း၊ ရှေ့နေ့ကမပါဘဲ၊ ဤနေ့မှသာ လူသစ်တွေပါလာမူ၊ ရှေ့နေ့ကဟောပြခဲ့ပြီးသော လင်မယား သားသမီးစသည်တို့ကား၊ မင်္ဂလာဆောင်စက ပဋိသန္ဓေတည်နေစက တပည့်တကာ၊ ဆွေညာသင်္ဂဟစသည်တို့ တော်စပ်စကား၊ ကွဲဘေးကြီးတွေ သင့်လိုက်နေကြသည်များကို အကျဉ်းချုပ်စကားနှင့် ထင်ရှားအောင် ဟောပြပြီးမှ၊ ဤအဘိဏှသုတ်ကြီးက နာနာဘာဝ-ဝိနာဘာဝ အရ မွဲဘေးကြီးနှင့် ရှုကြရပုံကား၊ နေ့စဉ် ငွေ တထောင်တထောင်ကျရသောသူမှာ ရသည်နှင့်တပြိုင်နက်၊ ဖြုန်းကနဲ မွဲကွင်းကြီးအပြီးတပ်လျက်၊ တပြားမျှမရှိ-မပိုင်၊ မဆိုင်အောင်၊ မွဲသည်ထက်မွဲဘက်သို့ကျအောင်၊ ငါဘဲဟု ထင်မြင်နေကြသည့် မိမိတို့ခန္ဓာဆိုးကြီးတို့ကရင်း၊ ပစ္စည်းဝတ္ထုအစုစုတို့ကရင်း၊ အတင်းအဓမ္မ ယခုနေ့-ညဉ့်-လ-နှစ်,ရှိသမျှ ဆွဲငင်ယူဆောင်နေကြမှုများကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကာ အပျက်ကိုသာ ရှုကြပါသည့် ဘင်္ဂဉာဏ်မှာ စိတ်ကို စိုက်ထားပါလျက်၊ ဤခန္ဓာဆိုးကြီးက မွဲဘေးကြီးနှင့်နှက်နေသဲ၊ မွဲဘေးကြီးနှင့်နှက်နေသဲ။ ။ ဟု ထင်မြင်အောင်ရှုကြပါလေ။ ဤ၌ မိမိနှင့်တကွ-လင်မယား၊ သားသမီးစသည် ခန္ဓာဆိုးကြီးတို့က ရရသမျှ ပစ္စည်းဝတ္ထုတို့ကို တတို-တစမျှ မကျန်ရအောင် သုံးပစ်ဖြုန်းပစ်ကြလို့မွဲ၊ ရန်သူမျိုးငါးပါး ဖျက်ဆီးကြသို့ မွဲကြရသည်၌၊ မိမိဘို့ကို ထိုထိုဝတ္ထုပစ္စည်းတို့က စွန့်ပစ်ကြမှုနှင့်၊ မရှိကုန်စဲ၍ အမွဲကလေးမွဲမှုဘမျိုးတည်း။ မိမိခန္ဓာဆိုးကြီးတို့ကလည်း သေဘေးကြီးအတွက်နှင့် ခါးမှာ,စွပ်ထားလျက်ရှိသော အဝတ်စုတ်များနှင့်တကွ၊ တပြားတချပ်မျှ မဆိ-မဆိုင်၊ မိမိတို့ဖြစ်လေရာဘဝသို့မပါနိုင်ဘဲ၊ အမွဲကြီးမွဲမှုတမျိုးတည်း။ ဤ အမွဲ ၂-မျိုးနှင့် ဧကန်စင်စစ် အမွဲကောင်မကြီး၊ အမွဲကောင်ထီးကြီး အစစ်တွေ ဖြစ်ဖြစ်နေအောင်သာ ကြိုးပမ်း အားသစ်ကြကာ နေ့ညဉ့်ရှိသမျှ သူထက်ငါ ဤ အချက်ကြီးများကို မမြင်ကြဘဲ၊ တန်းစေ့ရုံစားမှု,ဝတ်မှုထက် အပိုအမိုတွေ ရှာရှာနေကြရမှုတို့သာတည်း ဟု အားကြီးကြီး ထိတ်လန့်ကြကာ ရှေ့ကပြခဲ့ပြီးသော မွဲဘေးအဘိဏှသုတ် ပုတ်ီးခိုင်ကြီးများကို ထင်မြင်ထားအောင် ကြိုးစား အားသစ်ကြပါလေ သူတော်ကောင်းတွေတို့။

တနည်း။ အတိတ်ဘဝတို့က ဌေးခဲ့သမျှတို့ကိုလည်း၊ တပြားမျှလက်ရှိ မဒိုင်၊ မဆိုင်အောင် တက်တက်ပြောင် အပြဲဘက်သို့၊ ငါဘဲဟု ထင်မြင်နေကြသော မိမိတို့ ခန္ဓာဆိုးကြီးတို့က မွဲဘုန်းကြီး တပ်ကြပြီး၊ အဘင်းအဝမှ ဆွဲငင်ကြ၍ မွဲသို့မွဲသို့ချည်း လိုက်လာခဲ့ကြသည့် အချက်များကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကာ အပျက်ကိုသာ ရှုကြည့်ပါသည့် ဘင်ဉာဏ်မှာ စိတ်ကိုဗိုက်ထားပါလျက်၊ ဤဌေးဒိုးကြီးက မွဲဘေးကြီးနှင့် နှက်ခဲ့သည်။ နှက်ခဲ့သည်။ ။ဟု ထင်မြင်အောင်ရှုကြပါလေ။ ။တနည်း။ နောင်ဖြစ်လတ္တံ့ဘဝတို့မှာ ဌေးသမျှသောပစ္စည်းတို့နှင့်လည်း အပဲကြီးမွဲမွဲသွားအောင် မိမိတို့ခန္ဓာဆိုးကြီးတို့က မွဲဘုန်းကြီး တပ်ကြပြီး၊ အတင်းအဝမှ ဆွဲငင်ကြလျက်၊ မွဲ၍မွဲ၍လည်း သွားရလတ္တံ့သောအချက်တို့ကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်ကာ အပျက်ကိုသာ ရှုကြည့်ပါသည့် ဘင်ဉာဏ်မှာစိတ်ကို ဗိုက်ထားပါလျက်၊ ဤဌေးဒိုးကြီးက၊ မွဲဘေးကြီးနှင့် နှက်ချည်သေး၊ မွဲဘေးကြီးနှင့် နှက်ချည်သေး။ ။ဟု ထင်မြင်အောင် ရှုကြပါလေ။ ဤသည်တို့ကား၊ နာနာဘာဝ၊ ဝိနာဘာဝ အရကို မွဲဘေးကြီးနှင့်ရှုရပုံတည်း။

ဤ ကွဲဘေး မွဲဘေးကြီးတို့က ဆက်သွယ်ကြ၍၊ အပါယ်သို့ ကျရပုံနည်းများကို၊ အပြီးသား ရှိနေကြသည့် အချက်ကို ဆက်၍ ဆိုဦးအံ့။ ဤလောကကြီးမှာ မိဘ,လင်မယား၊ သမီး,သား စသည်တို့နှင့်ရင်း၊ ပစ္စည်းဥစ္စာတို့နှင့်ရင်း၊ ပြည့်စုံနေကြသည့် အထဲက တယောက်တလေသာကွဲ၊ ခိုးသူစသည်တို့အတွက် တချို့တလေသာ မွဲသွားရရုံနှင့် ဝေ့ကြုံကြသော သူငါစသည်တို့မှာ၊ ငိုယို ရှူးနောက် အမျိုးမျိုးသောကရောက်နေကြသည့် အကွဲခက်-အမွဲခက်ကြီးတွေတို့ကို ကိုယ်တွေ့မျက်မြင် အထင်အရှားရှိနေကြသည်များကို နမူးလက်တင် အဓိပ္ပါယ်တိုင်းသို့မှာ စဉ်းစား၍ကြည့်မိုကား၊ ဩော်.....တယောက်တလေသာကွဲ၊ တချို့တလေသာမွဲရုံနှင့်၊ ဤမျှလောက်ဘဲ ဆင်းရဲပူပန်ရကြသေး၏။ မိဘ-ဆွေမျိုး ရှိသမျှ အားလုံးတို့နှင့်လည်း(ကွဲ)၊ ပစ္စည်းရှိသမျှအားလုံးတို့နှင့်လည်း(မွဲ)ကြ၍၊ ငါတယောက်ထည်းသာ အားလုံးကြီးတို့ကို လက်မဲ့ဖြစ်ပါလျက်၊ သေကွဲကြီးကွဲချက်နှင့် ဧကန္တ ထွက်ရသောအခါ၊ နှလုံးသားသည်းခြေမှာ လောင်မီးတွေကျသကဲ့သို့၊ သောကမီးတဟုန်းဟုန်းနှင့် အပါယ်သို့ချည်းသာ တဖုန်းဖုန်းကျကြကုန်ရာ၏ဟု။ ဝါ၊ ကျကြရလိမ့်မည်ဟု အထူးသတိပြုကာ၊ ဤ နာနာဘာဝ၊ ဝိနာဘာဝအရေးနှင့် ဧကန္တဖြစ်ကြရမည့် (ကွဲ) ဘေးကြီး, (မွဲ) ဘေးကြီးများကို စောစောစီးစီးက အကွဲကြီး ကွဲပြီးသား၊ အမွဲကြီး မွဲပြီး

သားဟု ထင်မြင်ထားကြအောင် ပွါးများကြပါလေ၊ သူတော်ကောင်းတွေတို့။ ။ဤရှေ့ကပြခဲ့ပြီးသော ချစ်ခင်လှသည့် သားသမီး၊ ပစ္စည်းဥစ္စာစုတို့ကား၊ ကိုယ်နှင့်မဆိုင်၊ ကိုယ်ပိုင်မဖြစ်၊ ဘေးရန် အစားစားတို့နှင့်သာ ဆိုင်သော ဘုံဆိုင်အစစ်ဖြစ်ကြကြောင်းကို ကောင်းကောင်းကြီးသိရှိကြရသဖြင့်၊ ဘယ်တော့မှ မကွဲနိုင်သော ဆွေမျိုးအစစ်၊ ဘယ်တော့မှ မခွဲနိုင်သော ကိုယ်ပိုင်ပစ္စည်းအနှစ်တို့ကိုသာ အဟုတ်အလိုရှိပြီးရှာမှီးကြဘို့ကား၊ တခြားမဟုတ်ပါ။ ဘယ်သည့်အခါမှ မပေါက်ပြန်ကြဘဲ၊ ဘေးရန်ခပ်သိမ်းတို့လည်း ကင်းငြိမ်းကြပြန်သည့် အလွန်တရာ ရိုးသားဖြောင့်မှန်သော ရတနာသုံးတန်၊ ထိုထိုဘဏ်တိုက်ကြီးများမှာ ယခုဘဝ ရှိကြသော ဝဋ္ဋပစ္စည်းအတန်တန်တို့ကို အကုန်အကျခံ၍ ဒါနတည်းဟူသော ငွေဘဏ်များကို။ ။ဤကောင်းမှုကြောင့်၊ အိုးဘေးကြီး-နာဘေးကြီး-သေဘေးကြီးတို့မှ လျင်မြန်စွာ ကင်းလွတ်ရပါလို၏။ ။ဟု ဤဝိဝဋ္ဋဆုတောင်းကြီးကိုလည်း အဟုတ်အလိုရှိပြီး၊ တောင်းကာ တောင်းကာ ဝဋ္ဋမြောက်များစွာ အကုန်အကျခံပါ၍၊ တလမှာ ၂-ခါ၊ ၃-ခါ၊ တနှစ်မှာ ၄-ခါ၊ ၅-ခါ စသည်တို့ဖြင့် ပြုကြရသည့် ဝိဿဇ္ဇဒါနဘဏ်ကြီး။ ။တနည်း။ နေ့စဉ် အနည်းငယ်မျှပီ အကုန်အကျခံပြီး ပြုကြရသည့် နိစ္စဒါနဘဏ်ကြီးတို့ကို သွင်းကြရာ၏။

ဝိဿဇ္ဇဒါနဘဏ်ကြီး သွင်းသောနည်းမှာ၊ ဤလောက၌ ကိုယ်ပိုင်အစစ်မဟုတ်၊ ရေ-မီး မင်း-ခိုးသူ စသည့် ရန်သူ အစားစား၊ ဘုံဆိုင်သူအများတို့ သောင်းကျန်းလှကြသောအခါ၊ စိတ်ချရပါအောင်၊ ယခုနေ့ ဘဏ်သွင်းရန် ငွေဘဏ်ထောင် စိတ်မချရသော မိမိတို့အိမ်ပေါ်ကယူဆောင်ဆင်းသွားသမျှ၊ စိတ်ချရသော ဘဏ်တိုက်ကြီး အတွင်းသို့၊ လျှမ်းကာနဲ့ သွင်းလိုက်ရလို့၊ စိတ်ချရမှန်း၊ အတိုးလည်းရမှန်းကို အဟုတ် သိရှိလာသူတို့မှာ၊ နက်ဖြန်ခါ စသည်တို့၌သည်း၊ ဘဏ်သွင်းစရာတွေ ရှိသေးက တထောင်စီထက်မက နေ့စဉ်သွင်းလိုကြသူ၊ သွင်းနေကြသူတို့လောကီနယ်ထဲမှာ ငါလဲဘဲ တယောက်ပါလိမ့်မည်ဘေနဲ့ဟု သိရှိကြရပြန်သည်နှင့်အတူ၊ ဘယ်တော့မှမပေါက်ပြန်၊ အလွန်ပင်ဖြောင့်မှန်သော ရတနာသုံးတန် လောကုတ္တရာဘဏ်ကြီးထဲသို့၊ ယခုနှစ်-ယခုလ-ယခုရက်တို့မှာ ဘုရားတည်ခြင်း၊ ဘုရားပွဲကြီးပြုလုပ်ခြင်း၊ စာပေကျမ်းဂန်တို့ကို ရိုက်နှိပ်ဝယ်ခြမ်း လှူဒါန်းခြင်း၊ တရားပွဲကြီး ပြုလုပ်ခြင်း၊ သံဃာတော်တို့အား ပစ္စည်းလေးရပ်တို့ကို ကပ်လှူခြင်း စသော ဝိဿဇ္ဇဒါန၊ ပစ္စည်းအများ

ကုန်ကျ၍၊ ယနေ့-လှူဒါန်းလိုက်က ယနေ့ပင် ကိုယ်ပိုင်မဟုတ်၊ ဘုံဆိုင်အယုတ်ဖြစ်နေသော မိမိတို့အိမ်ပေါ်က ငွေတစ်ထောင်, နှစ်ထောင် စသည်တို့ ဒါနပြုဘဏ်သို့သွင်းသွားပြီး၊ ဘယ်သူတို့နှင့်မှမဆိုင် မိမိတို့ ကိုယ်ပိုင်အစစ်သာ ဟုတ်မှန်လှပါသည့် ဒါနအစားစား၊ ငွေဘဏ်တိုက်ကြီး များမှာ ဝိဝဋ္ဋသုတောင်းကြီးများကိုလည်း ဘောင်းကြပါ၍၊ ဥမ်းကနဲ သွင်းလိုက်သောလား၊ လှူဒါန်းကြရခြင်းလို့၊ ရန်သူအစ းစားတို့နှင့်မဆိုင်၊ ကိုယ်ပိုင် တံဆိပ်ခတ်နှိပ်လိုက်ရပြီးမို့၊အလွန်ပင်စိတ်ချရမှန်းလည်းသိကြ၊ထိုနောက် တဖန်-စာဂါနုဿတိ အစားစားနှင့် ပွါးများလိုက်ပြန်က၊ ကောင်းမှုတွေ အတိုးအပွါး၊ ထပိုးကြွား၍ ရကြမှန်းလည်း သိကြသူတို့အစစ် အဟုတ်လည်း ဖြစ်ကြ၊ ပေးလှူနိုင်သော သဒ္ဓါများရှိထားကြသူတို့အစစ်၊ အဟုတ်လည်းဖြစ်ကြပါမှု၊ ဤနှစ် တထောင်လှူပြီး၊ နောင်နှစ် ၂-ထောင်လှူလို၊ ဤလ-ဤရက်တို့မှာ နှစ်ထောင်စသည်တို့ကို လှူပြီးခြင်းလည်း၊ နောက်လ-နောက်ရက်တို့မှာလည်း၊ သုံးထောင်, လေးထောင် စသည်တို့ကို လှူလိုသောဆန္ဒလည်း ရှိနေကြပေလိမ့်မည်။ လှူလည်း လှူနေကြပေလိမ့်မည်။ ဤကဲ့သို့ကိုယ်ပိုင်ပစ္စည်း၊ ဘုံဆိုင်ပစ္စည်း ဖြစ်သတည်းဟု အဟုတ်မသိသူတို့ကား၊ တကြိမ်တခါ လှူရလျှင်၊ နောက်နောင် တသက်လုံး မလှူချင်ကြဘဲ၊ အားရ,ထားတာကလည်း တမျိုးဗျ၊ ထို့ထက်-ဆိုလှသည်ကား၊ ဒါနအကျိုးက သံသရာရှည်တယ်, ကြမ်းတယ် စသည်ဖြင့်၊ အသွယ်သွယ် အဝဝ စိတ်နောက်ကလေးများနှင့်ကြသူမှန်သမျှတို့မှာ၊ ကိုယ်ပိုင်အရေးကို အလေးမပြုကြဘဲ၊ ဤလောကနယ်ကြီးထဲက ဘုံဆိုင်ပစ္စည်း ရှာဖွေရန် နည်းဘက်သို့ စိတ်အကြံသက်လိုက်လျှင်၊ ဘုံဆိုင်ရွှေငွေတွေ ယခုရှာဖွေလို့ရပြီးစပင်၊ နောင်ကိုလည်း ဤလိုရချင်သောဆန္ဒလည်းရှိကြ၊ ရအောင်လည်း အမြဲအားထုတ်နေကြသည့် သူထဲက၊ ငါလဲဘဲ တယောက် အဝင်အပါ အစစ်-ဖြစ်,မဖြစ်များကို စဉ်းစား၍ကြည့်ရ၊အဝင်အပါဟုသိပါမှ၊

**ကိုယ့်ကိုယ်ကိုသာ-ကိုယ်ဆုံးမ ကြရာကား။—**

ဘုရားပစ္စေကဗုဒ္ဓါနှင့် ငရဲပြိတ္တာ စသည်ဖြစ်ကြရန် အလောင်းအလျာ အစားစား တို့တွင်၊ ယခုငါဟာ ဘာအလောင်းလဲဟု သူတကာတို့က အကဲခပ်ကြည့်ကြစရာ၊ ဒါနကိုလည်း ကြမ်းသည်ထင်ထား, နုသည်ဟု ထင်ထားသည့် သမထဝိပဿနာတရားတို့ကိုလည်းရှောင်ရှား၊ လင်မယားနှင့် ပစ္စည်းများရှာဘို့အရေးကိုတော့ အပြေးအလွှား လေးလေးစားစား ပြုပုံနေခြင်းသော **အမောင်ထိပ်စီး၊ ငါ အသောင်းအလျာကြီး** အထူး

သတိထားပြီး စဉ်းစား၍ကြည့်လိုက်စမ်းပါ။ ဘဝသံသရာတလျှောက်လုံး က နိဗ္ဗာန်ကျအောင် သုံးသွားကြရတို့ ကိုယ်ပိုင်ပစ္စည်း အလုပ်တို့ကိုတော့ တခါလောက် ပြုဘူးရုံမျှနှင့်၊ နောက်နောင် မပြုချင်ကြဘဲ၊ တသက်လုံး အမောင်အားရနေသည်။ ရန်သူအများနှင့်လည်းတွေ့၊ သေပေါက်မှာ အမွဲ ကြီးလည်း ကွေ့ မွဲသွားရတို့၊ ဘုံဆိုင်ပစ္စည်း အလုပ်တို့ကိုတော့ တခါ ရရုံမျှနှင့် တင်းမတိမ်ကြ၊ ယခုရပြီးစပင် ထပ်၍ထပ်၍ ရချင်ချင် ဖြစ်ကြ ကာ၊ တသက်လုံးအားသစ်နေရဲ့ချက်ကြီးတွေဟာ သက်သက်မစဉ်းစားမိ သည့်အတွက်၊ ဘေးရန်အချက်ကြီး တမျိုးတည်း၊ နိဗ္ဗာန်ကိုလို၍ ပြုက သံသရာ တိုကြဘာချည်း ဖြစ်သောနည်းကိုလည်းမသိ၊ ဘယ်ကောင်းမှု မဆို ပြုလိုသူက ဝိတ်ကြမ်းမှ ကြမ်းကြတာချည်း ဖြစ်သောနည်းကိုလည်း မသိကြ၍သာ၊ ဒါနအလုပ်ဟာ သံသရာရှည်သည်၊ ကြမ်းသည်ဟူ၍ အာစေးစေးသွားအောင် ပြောဟောနေကြပြီး၊ ဒါနအရေးကိုတော့ နှောင့် နှေးကြသည်။ ထိုဒါနထက် သံသရာရှည်တဲ့-ကြမ်းတဲ့၊ လင်မယား,သား- သမီး နှင့် ပစ္စည်းရှာဖွေမှုအရေး၊ ကိလေသာဒုစရိုက် စသည်နှင့် ရောထွေး စပ်ရှက်ကြရ၍၊ အလွန်ဝန်လေးလှသည့် အမှုတွေကိုတော့၊ ထိုထို ဟော ဆရာ, ပြောဆရာတွေနှင့်တကွ၊ အလောင်းအလျာကြီးအစစ် ကွေ့ ဖြစ်ကြမည့် ငါတို့တစုမှာ၊ အားကျ-ပါးကျ လိုက်စားမိုက်မှား နေကြပါ တကား၊ အကယ်၍ ဒါနစုကို ကုသိုလ်ကြမ်း အစစ်ဘဲဟု- အဟုတ် ထင် မြင်ပါမူ၊ ထိုထက်ကြမ်းသည့် ကိလေသာ ဒုစရိုက်အရေးတွေနှင့်၊ ရော ထွေးနေသည့် ကာမဂုဏ်အလုပ်တွေကို ပယ်ဖြတ်ပြီးလျှင်၊ နူးသည့်ထင် သည့် သမထ ဝိပဿနာအလုပ်တို့ကိုသာ နေ့ညဉ့်မစဲ အမြဲအားထုတ်နေပါ တော့လားဟု မိမိကိုယ်ကိုမိမိတို့ကောင်းသည်ထက်ကောင်းသည့်ဘက်သို့ တက်အောင် တင်စမ်းကြည့်သောအခါ၊ တက်သွားကြပါမူ၊ **သာရ-သာရ၊** ဤသို့လည်း မတက်နိုင်ကြဘဲ၊ ထက်သန် ယုံကြည်သော သဒ္ဓါတရားတို့က လည်း ခပ်မွဲမွဲ၊ ဒါနတို့ကိုလည်း ပြုတတ်က အမြတ်တမျိုးဘဲဟု သိတတ် သောအမြော်အမြင် ပညာတို့ကလည်း ခပ်နဲနဲ၊ ရွှေနှုတ်တော်တို့ကလည်း ခပ်ရဲရဲနှင့်လူထဲမှာ ကြွားနာသမျှတို့ပါအလွဲဘက်ပါအောင် ထင်မှတ်ပြော ဟောနေတတ်သူ ငါတနူ အစစ် ဖြစ်နေတော့၏ တကားဟု-ကိုယ့်ကိုယ် ကိုသာ ကိုယ်ဆုံးမကြပါလျက်၊ ဝိသေသဒါန ဘဏ်သွင်း ဖြစ်ကြသည့် ဘက်သို့သာ တခါပြီး တခါ၊ ဆက်ဆက်ပြီး တက်တက် သွင်းသွားနိုင်ကြ အောင်သာ အားသစ်ကြပါလေ သူတော်ကောင်းတွေတို့။

နေ့စဉ်ထာဝရ ဒါနပြုကြဘို့ အချက်တို့မှာ၊ ယခုကာလ ငွေချမ်းသာသူများ မျက်မှောက်အကျိုး ပွါးတိုးကြဘို့ နေ့စဉ် တနေ့ တနေ့ ငွေ (၁ဝိ) ဝိ၊ (၅) ဝိ၊ (၃)ဝိ၊ (၁)ဝိ ဘဏ်သွင်းကြသူများ ရှိနေကြသကဲ့သို့၊ ယခုဘာဝက နိဗ္ဗာန်ကျွအောင်ခံစံသွားကြရန်၊ ဘယ်တော့မှမပေါက်ပြန်သော အရှင်ဂေါတမ၏ ရတနာသုံးတန် လောကုတ္တရာ ဘဏ်အတွင်းမှာ၊ အလိုရှိရာသူ ဒါန်းသုံးစွဲကြရန် စိတ်ရည်သန်ကာ၊ မိမိတို့ပစ္စည်းအား, သဒ္ဓါအား ကြီးမားကြသည့်အတိုင်း၊ မိမိတို့တအိမ်သားလုံး တိုင်ပင်ညှိနှိုင်းတတ်၍၊ သေတ္တာငယ်တခုကိုဖြစ်စေ၊ ငွေဝင်သာရုံသာ အပေါ်အဆစ်က ပေါက်ထားသော ကျည်တောက်ကို ဖြစ်စေထားကြ၍၊ ရှေ့က ပြခဲ့ပြီးသော ပိဿနွဲ့ဆုတောင်းကြီးကိုလည်း တနေ့တခါကျ တအိမ်လုံးတောင်းကြစေ၍၊ နေ့စဉ်ထာဝရ တနေ့ တနေ့ ငွေ ၅-ဝိ၊ ၃-ဝိ၊ ၀-ဝိ၊ ၄-ဝိ၊ ၂-ဝိ၊ ၁-ဝိ၊ ၂-ပြား၊ ၁-ပြားဖြင့်ဖြစ်စေ၊ နိစ္စဒါန တည်းဟူသော ငွေဘဏ်များကို သွင်းထားကြကုန်ရာ၏။ ထိုပိုက်ဆံတပြားမှ မတတ်နိုင်ပါမူ၊ အိမ်သားချင်း ညှိနှိုင်းတတ်ကြကာ ထမင်းတခါချက်လျှင် ဆန်တဆုပ် တဆုပ်စီနှုတ်၍၊ ဒါနဆန်အိုးတလုံးမှာ ဒါနဆန်စုထားပါက၊ တလလျှင် အဆုပ်ပေါင်း ၆၀-ရသဖြင့် ရသေ့, ရဟန်း, ဘိုးသူတော်, မယ်သီလ ဆွမ်းတော်ကြီးခံစသော အလှူခံများဆိုက်ရောက်ခြားက၊ တွန့်တိုသော မနှမြောရမဘက် ဖေးကြည်စွာ မေတ္တာသက်ကြပြီး စေတနာသန်သန်နှင့် မြန်မြန်ကြီး ၎င်းဆန် စသည်တို့ကို ပေးလှူနိုင်ကြကုန်ရာ၏။ ဤကဲ့သို့ ဒါနဆန်မထားဘဲ၊ ဆန်အိတ်ကြီးထဲက များများကြီး ကော်ခပ်၍ ပေးလှူကြရဘို့ကား၊ ၎င်းဆန်စေ့ တိုင်းတို့မှာ ငါ့ဆန် ဟူသော တံဆိပ်တွေ ပါနေတာကြောင့်၊ လူများက ခွက်ကြီးနှင့် ပြည့်ပြည့်ကြီး ခပ်လိုက်ရင်း၊ များအံ့ထင်သော မနှမြောရမျက်စောင်းကို ကောင်းကောင်းကြီး ကြောက်ရှာကြသော ထိုခွက်ထဲသို့ လိုက်ပါပြီးသား ဆန်စေ့ကလေးများ အကုန်လုံးတို့ မျက်နှာငယ်ကြပြီး ဆန်ခွက်ကြီး စောင်းသွားအောင် ဘေးဘက်ကိုနင်းလျက်၊ အတင်းပြန်၍ ဆန်အိတ်စသည်အတွင်းသို့ဆင်းဆင်းပြေးနေ ရှာရစ်ကြသည်များကို၊ ကိုယ်တိုင်လက်တွေ့သာ ဖြစ်နေတတ်ကြရသည်များကို အထူးသတိထားကြကာ ငါ့တံဆိပ်လွတ်ပါလျက် ဇောစေတနာထက်ထက်နှင့်နေ့စဉ်မပျက်အာစိဏ္ဏကံလည်းဖြစ်ကြလျက်၊ နေ့စဉ်ဒါနဘဏ်သွင်းချက်ကို အလေးတမူ အရေးသူကာ မိမိတို့လည်း သွင်းကြမိမိနှင့်စပ်သမျှတို့ကိုလည်းပြောဟောကြပါလေ သူတော်ကောင်းတွေတို့။

အကယ်၍ ဆန့်တဆုပ်စီမှ မထားနိုင်ကြသူတို့မှာ၊ ရေအိုး ကြီးကြီး တလုံးနှင့်အားလပ်သူက နေ့စဉ်ရေကိုခပ်ပြီး၊မြတ်သောနေရာတခုမှာထား ၍၊ တအိမ်သားလုံး ဒါနဟု သိစေကြပြီး၊ နေ့စဉ် ဝိဝဋ္ဋဆုတောင်းကြီးကို တောင်းကြကာ တောင်းကြကာ ဤရေကိုဘုရားအားလှူပါ၏ဟု လှူဒါန်း ခြင်းကို ပြုကြပါလေ။ ဤကားလှူစရာ ဒါနကလည်းမရှား၊ ပေးလှူသည့် စကားကလည်း မများသောကြောင့်၊သူတော်ကောင်းဓာတ်ခံ နဲနဲကလေး များ ရှိကြသူမှန်က မြန်မြန်ကြီး နေ့စဉ် မှန်မှန်ကြီး ပြုနိုင်ကြ ပေလိမ့် သတည်း။ ဤတရားကို ဘတ်နာမှတ်သားကြရပါလျက်၊ အမြဲနိစ္စဒါန ဝတ် ဘက်သို့ မတက်လိုသူမှန်က၊ မိမိဘို့ ကိုယ်ကိုတော့ မိမိတို့ ကဲ့ရဲ့ကြလေ။ သူဘပါးကိုတော့ သံသရာ တလျောက်လုံး ဆင်းရဲသွားဘို့ သဒ္ဓါစသော သူတော်ကောင်းဥစ္စာ မွဲနေကြဘာများကို အထူးကရုဏာထား၍ သနား ကြပြီး၊သံဝေဂကြီးကြီးဖြစ်ကြပါစေ။ထိုသဒ္ဓါစသည်မွဲသူတို့က မုန်းကြချုံ အခံခက်ရုံမျှ စကားလုံးတွေနှင့်တော့ မနှိပ်ကြလေနှင့်၊ အဘယ့်ကြောင့် ဆိုသော်-ထိုသူဘို့ပေါ့လျော့ညံ့ဖျင်း ပျင်းသောအရေးသည်၊မိမိတို့အရေး မဟုတ်၊ ကိုယ့်အရေးကိုသာ တိုးတက်သည်ထက် တိုးတက်လာအောင် အထူးကြံဆောင်အားသစ်ကြပါလေ။ဤဘရားကို ကြားသိသမျှ သူတော် ကောင်းတွေတို့။

ဒါနဘဏ်သွင်းနည်း အကျဉ်းပြီး၏။

## (၄၇) အဘိဓမ္မာသုတ်က သီလဘာဝနာဘဏ်သွင်းကြရပုံ

ရွှေရတနာနှင့်တူလှစွာသော သီလရဘနာကြီးတွေကို ငွေကြေးများနှင့် စပ်၍ ဘဏ်သွင်းတတ်ကြဘို့ကား၊ တလ- တလကို လေး သိဘင်း, ရှစ် သဘင်းစသည်အဓိဋ္ဌာန်ထား၍ စောင့်ရှောက်သွားသူဘို့၊ငင်းနေ့မှာ လော ကီအလုပ် ပြုလုပ်ကြက၊ပြုသူဘို့ဘန်းအစားစားအားလျော်စွာ၊ ရထိုက်ကြ သည့် ရွှေ,ငွေစသော ဘုံဆိုင် ပစ္စည်းများကို အားထုတ်၍ မယူကြဘယ်လို့ အလကား ဖြစ်သွားသည်မဟုတ်၊ ထိုထိုအမှုတို့ကို ပြုလုပ်၍ မယူကြသည့် အတွက်၊ သီလတည်းဟူသော ရွှေဘဏ်မှာ အသားကက်လာမှု တချက်။ ငင်းသီလစောင့်သောနေ့တို့မှာ စားသုံးကုန်ကျသမျှတို့လည်း၊သီလဘဏ် မှာချည်း အသားတက်မှုဘချက်။ ငင်းသီလများကို ရက်ရှည် စောင့်သွား သော အခါဘို့မှာ၊ အထူးရထိုက်ပါသော ငွေ-ရာထောင် စသည်တို့ကို ဥပုသ်စောင့်နေသည့်အတွက် မရချက်တို့လည်းအလကားမဖြစ်၊ယခင်က

ဘာဏ်သွင်းဥပမာမှာ၊ ဇိမ်ပေါ်က ငွေတွေဆင်းသွားသမျှ စိတ်ချရသော ဘာဏ်တိုက်မှာ၊အကုန်လုံးအသားဘက်ထားလို၊ ထိုရာ,ထောင်စသောငွေများ ကိုမယူပဲပယ်ရှား၍ သီလတရားကို အားထုတ်ကြသူတို့မှာ၊မယူသမျှ အဘိုး ထိုက် ငွေတွေဟာ ကိုယ်ပိုင်အစစ် သီလတည်းဟူသော ရွှေဘာဏ်မှာချည်း အသားတက်ကြမှုတချက်၊ ပေါင်းသုံးချက်စုတ်နှင့်ဝိသေသ သီလဘာဏ်ကို လည်း၊ လမှန်မှန် သွင်းဖြစ်အောင် အထူး အားသင်ကြပါလေ သူတော် ကောင်းတွေတို့။

နေ့စဉ်ထာဝရ နိစ္စသီလဘာဏ်များ သွင်းထားကြကိုကား၊ စာရိတ္တ သီလမျိုးသာကျင့်လျှင်အကျိုးရှိ၏။ မကျင့်လျှင်အပြစ်မရှိ။ ဤငါးပါးသီလ, အာဇီဝဋ္ဌမက သီလတို့သည် မဆောက်တည်ဘဲ မိုက်မိဘယ်လို့၊ မသိ၍ မိုက်မိတယ်လို့၊ ဤအယူဝါဒမရှိ၍ မိုက်မိဘယ်လို့၊ ဘယ်သူ့ကိုမှ ဘယ် အခါကာလမှ ချမ်းသာခွင့်မပေး၊ အပြစ် ဝန်လေးလှသော သီလစုဖြစ် သောကြောင့်၊ ၎င်း အပြစ်ဝန်ဘေးမှ ကင်းဝေးကြစေခြင်း အကျိုးငှါ၊ ဤနိစ္စသီလစုကို မည်သူမဆို ဘယ်အခါမဆို မလွန်ကျူး, မကျော်နင်းရ၊ ထိုမကောင်းမှုများတို့မှ ရှောင်ရှားသောအားဖြင့် ကျင့်သုံးဆောက်တည် ကြရမည်ဟု ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တားမြစ်တော်မူအပ်သော ဝါရိတ္တသီလမျိုးဖြစ်သောကြောင့်၊ အခါခပ်သိမ်း အဋ္ဌဘာဒ္ဓ ပါဏာ ပေဘံ ရှောင်ကြဉ်ရန်အနေနှင့်၊ ဆောက်တည်ကြပြီး အကယ်၍ဘည်း ပုထုဇဉ် ဂတ်မို့ မိုက်မှားမိသည်ရှိသော်၊ ထပ်မံဆောက်တည်မှုနှင့် ဖါ ထေးခြင်းကို ပြုမည်ဘကားဟု ဘယ်သူ့ကိုမျှ မလိမ်လည် မလှည့်ဖြားဘဲ၊ အဟုတ်စိတ် ကောင်းထား၍ ဆောက်တည်သူနှင့် ငါနောက်မိုက်ချင်တဲ့အခါ မိုက်ဦး မှာဘဲဟု မဆောက်တည်သူ ၂-ယောက်လူတို့၊ ၎င်း ဒုစရိုက်စု တခုခုကို အတူသွား၍ အတူတူမိုက်မှားကြသောအခါ၊ဘယ်သူကသာလို့ ယုတ်မာ ၍ ဘယ်သူကများ မြင့်မြတ်ပါသနည်းဟူမူ၊နောင်မိုက်ချင်တဲ့အခါ မိုက်ဦး မှာဘဲဟု မဆောက်တည်သူသည်၊ သွား၍ မမိုက်မိကလည်း သီလမရှိ၊ မိုက်ဆဲအခါ- မိုက်ပြီး အခါတို့မှာလည်း အရှက်အကြောက်ကင်း၍၊ ရဲရဲ တင်းတင်းကြီးလည်း မိုက်မှားဝံ့၊နောက်ကာလတို့မှာလည်း လူထဲချကာ၊ ရှေ့ကမိုက်မှားခဲ့တာကို အကုသိုလ်တဖန်ပွါးများလာပြန်အောင် ရဲရဲကြီး ပြောကြွားဝံ့ကြပါ၍၊ ထိုရဲရဲကြီးမိုက်မှားဝံ့သော ဒုစရိုက်ကံတို့သာ ထက် သန်ကြီးမားရသောကြောင့်၊ တသက်ပန်မဆောက်တည်ဘဲ ရဲရဲမိုက်သူ က သာလို့ပင် ယုတ်မာလှသည်ဟု မှတ်ကြပါလေ။

တသက်ပန်လုံး ထိုသီလကိုဆောက်တည်ထားသူမှာ၊မမိုက်ဒီကလည်း သီလရ၊မိုက်မှားသော အခါမှာလည်း မိုက်မှားမိသည့် သီလသာပျက်၍၊ ကြွင်းသီလတွေ ရှိနေမှုတို့က သာသည့်ပြင်၊ လူသိနတ်ကြား အဓိဋ္ဌာန် ဆောက်တည်ထားကြသည့်အတွက်၊ မိုက်မှားဆဲ-မိုက်မှားပြီး အခါတို့မှာ အရှက် အကြောက်ဖြစ်လာ၍၊ ရှုံ့တွန့်စွာမိုက်မှားရချက်။ နောက်ကာလ လည်း လူထဲချကာ၊ မပြောကြားဝံ့ပါချက်။ ထိုအတွက် ၎င်းဒုစရိုက်ကံတို့ အားသေးလျက်ရှိသောကြောင့်၊တသက်ပန်လုံးဆောက်တည်ပြီးမှ မိုက်မိ သူကမဆောက်တည်ဘဲ ရဲရဲမိုက်မိသူထက် မြင့်မြတ်လှသည်ဟူ၍ စိတ်ယူ စွဲကာ မြဲမြဲကြီးမှတ်ကြပါလေ။ ။ထိုစကားကိုထင်ရှားအောင် ဆိုဦးအံ့၊ ထိုသူ ၂-ယောက်တို့မှာ မဆောက်တည်ဘဲ ရဲရဲမိုက်ဝံ့သူကအပြစ်ကြီး၍၊ ဆောက်တည်ထားချက်နှင့် ခပ်ရှက်ရှက်မိုက်ရသူက အပြစ်နည်းကြောင်း ကို ဆူးကိုမသိဘဲ ရဲရဲကြီးနင်းဝံ့သူက အစူးနာ၍၊ဆူးမှန်းသိကာ၊ ခပ်ရှုံ့ရှုံ့ နင်းသူက အစူးမနာကြောင်းကို ပမာထား၍၊အရှင်နာဂသေန ဟောကြား သော ဓမ္မနှင့် ထင်ရှားယုံကြည်စွာ သိမှတ်ကြပါလေ။ ။သို့ဖြစ်ပါလျှင် ကိုယ်တော်မြတ်ကြီးများ အထံမှာ၊ အာမ ဘန္တေ ခံလာခဲ့တာများဟာ မုသာမဖြစ်ဘူးလားဟုငြားအံ့။ ၎င်းအတိုက,ကိုယ်တော်များကို လှည့်စားလို သော **ဝိသံဝါဒန** စိတ်မရှိသောကြောင့်၊ မုသာမဖြစ်ဟု စင်စစ်မှတ်ကြပါ လေ။ ထိုစကားမှန်၏။ ထို မုသာဖြစ်ခြင်းအင်္ဂါမှာ **ဝိသံဝါဒန ပုရက္ခတာ လိမ်လည်လှည့်ဖြား ချွတ်ယွင်းလိုသော စိတ်သား ရှေ့သွားရှိသည်လည်း ဖြစ်စေ**။ ဟူသော ဤအင်္ဂါပါမှသာ မုသာဖြစ်သည်ကိုဆိုသည့် ထိုထိုအဋ္ဌ ကထာ, ဋီကာကျမ်းဂန်များစွာတို့နှင့် ညှိ၍ လည်းသိကြပါလေ။ ကိုယ့် အထင်နှင့် ကိုယ်မှန်း၍သာ ဓိဋ္ဌာန်ဆောက်တည်ပြီးမှ မိုက်ကြသူတို့သည်၊ ကိုယ်တော်များကိုလိမ်ရာကျ၍ **မုသာဖြစ်သည်**ဟု ရပ်ရွာ တိုင်းတို့မှာပင် အရမ်းပြောဆိုလေ့ ရှိကြသော သူတို့စကားကို မယောင်ဝါးကြစေနှင့်၊ အကယ်၍ သူတို့စကားမှန်ပါမူ၊သီလဆောက်တည်ပြီးမှ လွန်ကျူးသူတို့ သီလတပါးထဲ မပျက်ကြရာ၊ မုသာနှင့်တကွ၊ အနည်းဆုံးသီလ ၂-ပါး ပျက်ပြားကြရမှာလိုချည်း ဖြစ်ကြရပေလိမ့်မည်။ဤသို့လည်း မဖြစ်နိုင်ရာ။ သူ့ ဒုစရိုက် မိုက်မှားမှုနှင့်သာ သူ့အပြစ်ရောက်ထာဟု ထင်ရှားစွာသိကြပြီး လျှင်၊ဤတားမြစ်အပ်သော ဝါရိတ္တသီလစုကို တသက်ပန်လုံးသာ ရဲရဲကြီး ဆောက်တည်ကြပြီး၊ အထူး သဖြင့်လည်း စောင့်ရှောက် ကြပါလေ။ အကယ်၍မရှောင်သာတဲ့ လမ်းမြောင်ကြားမှာ ပုထုဇဉ်တို့ဂတိနှင့်ညား၍

မိုက်မှားမိလို့ရှိပြန်လျှင်လည်း၊ နမုနေ့စံ **ကမ္မိသာသနိ**၊ပုန၊ တဖန်။ဝေံ၊ဤသို့။ နကရိဿာမိ၊မပြုတော့အံ့။**ဝါသည်နောင် ဤသို့မပြုတော့အံ့ဟု** ပါဠိနှင့်ဖြစ်စေ၊ မြန်မာသက်သက်နှင့်ဖြစ်စေ မိမိစိတ်ကိုလည်းမိဋ္ဌာန်၊ သီလကိုလည်း ထပ်မံ၍ဆောက်တည်ကြပါလေ သူတော်ကောင်းတပိုင်းကြောင်တွေတို့။

ဤငါးပါးသီလ အာဇီဝဋ္ဌမကသီလတို့ကို ကိုယ်တော်များ အထံမှာ ဖြစ်စေ၊ ဘုရားရှေ့တော်မှာ ဖြစ်စေ၊ မိမိတို့ အလိုရှိရာမှာ ဖြစ်စေ၊ ခံယူ ဆောက်တည်လို့ ဖြစ်နိုင်၏။ သားမယားနှင့် ရောင်းဝယ် ပေါက်ကား၊ ညစာ စား၍လည်း နေရ၊ ဤအဖွတင္က ပါဏာပေတံ- တသက်လုံးစိတ် ရည်သန်၍တကြိမ်ထည်းဆောက်တည်ထားလျှင်၊မကျိုးမပျက်က တသက် လုံးပင် သီလတည်သွားသော်လည်း၊ ကုသိုလ်အထပ်ထပ်လည်း ဖြစ်ကြ၊ ရှောင်ကြဉ်ရန် သတိလည်း မမေ့ရအောင် နေ့စဉ်ဆောက်တည် ကြဘို့ ကောင်းလှ၏။ အကယ်၍ တပါးကိစ္စ ရှုပ်ထွေးလှ၍ရင်း၊ အလုပ်မောပန်း လှ၍ရင်း၊သီလများကို အကျယ်မခံယူနိုင်ငြားမူ၊အကျဉ်းအားဖြင့်။ ။**အဇ္ဇ တဂ္ဂေ ပါဏုပေတံ ပဉ္စင်္ဂသီလံ သမာဒိယာမိ** ဟူ၍ရင်း၊ **အဇ္ဇတဂ္ဂေ ပါဏု ပေတံ အာဇီဝဋ္ဌမကသီလံ သမာဒိယာမိ** ဟူ၍ရင်း ဘယ်လိုပင် အရေး ကြီးကျယ်၊ရှုပ်ထွေးနေကြစေကာမူ၊သီလကို အလေးတမူ အရေးယူသော သူ အစစ်အမှန်ဖြစ်ပါက၊ ဤအကျဉ်းဆုံးနည်းနှင့် ခံယူဆောက်တည်နိုင် ကြကုန်ရာ၏။ ႆ ။ဤကားသမာဒါန ဝိရတိအရနှင့် ဆောက်တည်ကြပြီး၊ ကျင့်ကြဘို့အချက်တည်း။

သမ္ပတ္တဝိရတိအရနှင့် ကျင့်သုံးကြရဘို့ကား၊ရင်း နိစ္စသီလတရားတို့ကို မခံယူ မဆောက်တည်ကြသော်လည်း၊ သီလ ပျက်လောက်အောင် မိုက် မှားရန် ကိန်းဆိုက်နေသည့် အတွေ့များကို လွတ်ကင်းအောင် ရှောင်ရှား ထိန်းသိမ်း၍ သွားသော သူတို့သည်၊ **သမ္ပတ္တဝိရတိသီလနှင့်** ဖွဲ့ဘဏ်ကို သွင်းပြီးသာဖြစ်၏။ ထိုမိုက်ခွင့် ဆိုက်လာသော အတွေ့ကို မရှောင်သူတို့ စာချုပ်လက်မှတ်ရေးပြီး၊ နောင်ကြွေးကြီးယူနေကြသည်များကို ထင်ရှား အောင် ဆိုဦးအံ့။ဤလောကမှာ ကြွေးချေးလာသူတို့ကို၊ခံ-၅။း-ဒိ စသည် တို့ကို မင်းတို့ကကြွေးယူကြသည်အတွက်နှင့်၊နှစ်-လ-ကြာမြင့်စွာ ထောင် မှာလည်း ချထားဦးမည်၊ ထောင်ကထွက်လျှင် တသက်လုံးပင် မင်းတို့ကို ကျွန်ချည်းဘဲလုပ်၍ ခိုင်းလိမ့်မည်များကို ထင်ရှားသိသာစွာ ပြောကြား၍၊ စာအချုပ်ခံနိုင်ပါ့မလားဟု မေးပါမူ၊ ဘယ်သူမှ ထိုအဖြစ်ကို သိကြ၍၊ ကြွေးယူကြမည် မဟုတ်သလို၊ ဤလောကကြီးမှာလည်း၊ ခံ ၅။း -ဒိ တန်

စသည်တို့ကို မရသာ ရသာ အခွင့်ကို ရှာ၍ နပ်နိုင်သမျှနပ်၊ ပါးနိုင်သမျှ ပါးနေကြကာ၊ အိမ်ပေါ်သို့ ငွေတရာ-တထောင်စသည် အသားတက်လာသည်ဟု ထင်မှတ်ကြတတ်၏။ စင်စစ်မူကား၊ အသားတက်ထာမဟုတ်ကြပါ၊ ၁ံ-၅။း-၁ိ တန်စသည်တို့ကိုရအောင် အခါခါ နပ်ပါးယူသမျှ မုသာ အဓိန္နဒါနံစသော အလွန်ဝန်လေးလှသည့် စာချုပ်ကြီးများကား၊ ယခုဘဝ-ကျွန်တော်, ကျွန်တော်မတို့၊ ၁ံ-တန်စသည်တို့ကို နပ်ပါး၍ နောင်ကြွေးယူပါရစေ၊ ၎င်းနောင်ကြွေးအတွက်၊ သေသည့်အခြားမဲ့မှာ အပါယ်လေးပါး ထောင်ကြီးများမှာ အချအထားခံပြီးနောက်၊ သံသရာတလျှောက်လုံးမှာ အမွဲတကာ့-အမွဲဆုံး၊ အဆင်းရဲတကာ့-အဆင်းရဲဆုံး၊ အကောင်မ, အကောင်ထီးချည်းဖြစ်ပွါးလျက်၊ သူတပါးတို့ အစေအပါး ဒဏ်ချည်းခံပါမည်ဟူ၍၊ နောက်နောင်ဘဝမှာ မရှောင်နိုင်ကြရန် မြဲမြံသော ငါမိုက်တယ် ငါနင်တယ်-ငါပါးတယ် ဟူသောသက္ကာယဒိဋ္ဌိကြီးများကို သက်သေထားကြကာ စာချုပ်ခံရှာကြရ၍၊ အနာရောဂါ အမျိုးမျိုးနှင့် သေဘေးဆိုးကောင်မကြီး,သေဘေးဆိုး ကောင်ထီးကြီးတွေဖြစ်ဖြစ်နေအောင် ဇကန်စင်စစ်သတ်ကြပြီး၊ အပါယ်အရပ်ရင်တို့ကိုလည်း၊ မဆုတ်မနစ် ပစ်ချကြမည့်မိမိတို့ခန္ဓာဆိုး- သားမယားစသည်တို့ ခန္ဓာဆိုးကြီးတို့ကို ကျွေးမွေးနေရချက်များဟာ ရဟန်းရှင်လူ၊ ဘယ်သူမကြွင်း နစ်နာခြင်း ဖြစ်ကြရသည်များကို အထူးသတိထားတော်မူကြကာ မိုက်မှားခွင့်ဆိုက်လာသမျှ ရှေ့ကရေးပြခဲ့သော နောင်ကြွေးစာချုပ်နှင့်၊ မိမိတို့ ခန္ဓာယုတ်ကြီးများ အလိုအတွက်၊ ယခု မိုက်မှားချက် ပိုတော့မည်အခြေသို့၊ ဆိုက်နေရပြန်သည်များကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍၊ ဟုတ်မှန်တိုင်း တို့ကိုလည်း သိ၍၊ လိုလိုချင်ချင်၊ နှင်နှင်ပျပျ၊ ရှောင်ကြဉ်တော်မူကြသည့် ( သမ္မတ္တဝိရတိသီလ) အတန်တန်နှင့် ရွှေဘဏ်ကြီးများကို အသီးအသီး သွင်းထားနိုင်ကြပါစေသတည်း။

သီလဘဏ်သွင်းနည်း ဤတွင်ပြီး၏။

ဗိန်ကျောက်, ပတ္တမြား ရတနာကြီးများနှင့် တူလှပါသော ဘာဝနာ တရားကြီးတွေကို၊ ငွေကြေးများနှင့်စပ်၍ ဘဏ်သွင်းတတ်ကြ ဘို့ကား၊ တလ,တလတို့မှာ ၄-ရက် ၈ရက် စသည် အဓိဋ္ဌာန်ချက်နှင့် သီလလည်း ဆောက်တည်ရင်း၊ ဘာဝနာ နှလုံးသွင်းသူတို့သည်၊ ထိုဘာဝနာအားထုတ်သည့်ရက်တို့မှာရှာလျှင် ရကြမည့်ပစ္စည်း၊ ဘာဝနာ အားထုတ်

ရင်း သုံးစွဲကုန်ကျသမျှသော ပစ္စည်း၊ တခြားသို့ သွား၍ ဘာဝနာအားထုတ်နေရိုက်တို့မှာ အထူး ကိန်းသိုက်၍ ရထိုက်သော ဝိသေသ ပစ္စည်းများကို မရ- မယူလိုက်ကြတာ၊ အလကား အသားပျက်ထာတွေ မဟုတ်၊ ရင်း ရထိုက်သမျှတို့ကို မယူပယ်ရှား၍၊ ဘာဝနာတရားကို အားထုတ်သူတို့မှာ၊ မယူသမျှ အတိုးထိုက်ငွေတွေဟာ ကိုယ်ပိုင်အစစ်ဘာဝနာ တည်းဟူသော စိန်,ကျောက်,ပတ္တမြားဘာသာသွင်းထားပြီးတို့ချည်း ဖြစ်သွားကြောင်းကို ကောင်းကောင်းကြီး သိရကြကာ ရှေ့ကပြခဲ့သည့် ဘုံဆိုင်ပစ္စည်းများ မရကြတယ်လို့ မနှစ်နာကြဘဲ၊ ဝိပဿနာအလုပ်ရသူတို့မှာ၊ ထိုထို အမှုအရာ အသစ်ပြောင်းလျှင်၊ အမှုအရာဟောင်းတွေ ပျက်လိုက်နေကြသည့် အခါခါတိုင်းတို့၌၊ ဝိပဿနာ အလုပ်တို့နှင့်သာ တွဲဘက်ပါ၍၊ စိန်,ကျောက် ပတ္တမြားတို့နှင့် တူလှစွာသော ဘာဝနာ ဘာသာကြီးထဲသို့သာ နေ့ည၌မစဲ အမြဲမကွာ သွင်းထားကြပါလေ။ ဝိပဿနာ အလုပ်မရသူတို့မှာ လူသူတွေ ရှုပ်ရှက် နေသောအခါ၊ ရင်းရှုပ်နေသူတို့ကို မျက်စိနှင့်လည်း စိစ- ပြုံးပြုံး ကြည့်၍ ဤသူတွေ ချမ်းသာကြပါစေ-ချမ်းသာကြပါစေ။ ။ဟု-မေတ္တာ ပွါးများကြပါ။ လူရှင်းသောအခါ၊ ရှေ့ကလေ့လာထားသည့် ဗုဒ္ဓါနုဿတိ-ဓမ္မာနုဿတိ- သံဃာနုဿတိ စသည်ဖြင့် မိမိတို့ စွဲမြဲအားထုတ် နေကြ သမထအာရုံကိုယူ၍ မေတ္တာကို ဖြစ်စေ၊ ဗုဒ္ဓါနုဿတိကို ဖြစ်စေ၊ အာနာပါန စသည်တို့ကိုဖြစ်စေ၊ သမထဘက်က အာရုံနိမိတ်ရသူတို့မှာ၊ ထိုထို ဣရိယာပုထ်တိုင်းတို့၌၊ သမထအလုပ်နှင့်သာ တွဲဘက်ပါ၍၊ စိန်,ကျောက် ပတ္တမြားနှင့် တူလှစွာသော ဘာဝနာဘာသာများကို သွင်းထားကြပါလေ ယောဂီမြတ်တွေ့တို့။

ရှေ့ကပြခဲ့ပြီးသော ဘာသာသုံးစားတို့ကို ဝိဇ္ဇ ဆုတောင်းကြီးများကိုလည်း တောင်းကာ-တောင်းကာ နေ့စဉ်ထာဝရ သွင်းထားကြ၍၊ နိဗ္ဗာန်ပေါက် ထိုထိုဒါနဘာသာလက်မှတ်,သီလဘာသာလက်မှတ်, ဘာဝနာဘာသာလက်မှတ်တို့ကိုသာ မပျောက်ပျက်ရအောင်၊ ကောင်းမှုစာရင်းမှာလည်း ရေးထား၊ စာဂါနုဿတိ, သီလာနုဿတိ, ဘာဝနာ အာနိသင်ကို များကိုလည်း ပွါးများအားထုတ်တတ်ကြရန်၊ နေ့စဉ် ဒါန, သီလ, ဘာဝနာ ပုတီးစိပ် စာရင်းမှတ်ကြစရာ ၁၂-နှစ်အတွက် ဇယားကွက်တို့လည်းပါ၊ ၎င်း အနုဿတိတရား ပွါးများ အားထုတ်နည်းတို့လည်း ပါအောင်၊ ငါတို့က ကြံဆောင်ရေးသား၍ပေးသနားလိုက်သောခရီးဆောင်ကောင်းမှုစာရင်း ရေးသားကျင့်စဉ်စာအုပ်များကို တယောက်တအုပ်စီ၊ အယုတ်ဆုံး တအိမ်

တအုပ်စီထား၍၊ပွဲါးများအားထုတ်ကြသောအားဖြင့်၊ ၎င်းဘဏ်လက်မှတ်များကို လုံခြုံအောင်သိမ်းဆည်းထားကြပါ၍၊ဘဝများစွာသံသရာသို့၊ဆောင်ယူသွားကြရပြီး၊ ရောက်ရာဘဝ ဘဏ်တိုက်ကြီးတို့ကသာ ၎င်းလက်မှတ်နှင့် ထုတ်ယူသုံးစွဲကြပါမူ၊ ဖြစ်လေရာရာ ဘဝတိုင်းတို့မှာ၊ ဘယ်တော့မှ မမွဲရာသည့် ကိုယ်ကျိုး,ကိုယ်စီးပွါး၊ ကိုယ်ဆိုင်, ကိုယ်ပိုင် ပစ္စည်းတို့အစစ်၊ ကိုယ့်အမွေခံအစစ်၊ ကိုယ့်ချမ်းသာကြောင်းအစစ် ဘယ်တော့မှ မကွဲနိုင်သော ကိုယ့်ဆွေရင်း, မျိုးရင်းအစစ်၊ ကိုယ့်ကိုးကွယ်ရာ အစစ်တို့သာ ဧကန်စင်စစ်ဖြစ်ကြမှုကိုသိစေလို၍ အင်္ဂုတ္တိုရ်ပါဠိတော်စသည်တို့မှာ။—

သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ၊ ကမ္မယောနီ၊ ကမ္မဗန္ဓူ၊ ကမ္မပဋိသရဏာ၊

ဟု-ဘုရားဟောတော်မူချက်ကို အနက် မြန်မာဆိုသော်။ ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။သတ္တာ၊သတ္တဝါအပေါင်းတို့သည်။ကမ္မဿကာ၊မိမိတို့ ကံသည်သာလျှင်ရန်သူစသည်တို့မဖျက်ဆီးနိုင် အလွဲမသုံးစားနိုင်ကြသော ကိုယ်ကျိုး-ကိုယ်စီးပွါး၊ ကိုယ်ဆိုင်, ကိုယ်ပိုင် ပစ္စည်းအစစ်တို့ ဖြစ်နေကြကုန်၏။ကမ္မဒါယာဒါ၊မိမိတို့ကံသည်သာလျှင် အမွေခံအစစ်ဖြစ်ကြကုန်၏။ ကမ္မယောနိ၊ မိမိတို့ ကံသည်သာလျှင် ချမ်းသာကြောင်းအစစ် ဖြစ်ကြကုန်၏။ကမ္မဗန္ဓု၊မိမိတို့ကံသည်သာလျှင် သွားလေရာရာ အပေါ်ပါမည့်၊ဆွေမျိုးရင်းချာ အစစ်ဖြစ်ကြကုန်၏။ ကမ္မပဋိသရဏာ၊ မိမိတို့ကံသည်သာလျှင် မိမိတို့ ကိုးကွယ်ရာအစစ်ဖြစ်ကြကုန်၏။ ။ဤပါဠိတော်ပါဌ်အနက်တို့ကို မကျက်နိုင်သူတို့အတွက် သံပေါက်နှင့် ပြချက်ကား။—

ခပ်သိမ်းသတ္တဝါ၊ ကံကိုသာ၊ ဥစ္စာအစစ်မှတ်။
ခပ်သိမ်းသတ္တဝါ၊ မွေခံမှာ၊ ကံသာအစစ်မှတ်။
ခပ်သိမ်းသတ္တဝါ၊ ချမ်းသာကြောင်းမှာ၊ ကံသာအစစ်မှတ်။
ခပ်သိမ်းသတ္တဝါ၊ ဆွေမျိုးမှာ၊ ကံသာအစစ်မှတ်။
ခပ်သိမ်းသတ္တဝါ၊ ကိုးကွယ်ရာ၊ ကံသာအစစ်မှတ်။

ဤပါဌ်အနက်လင်္ကာစု၊တခုခုကို အရလည်းကျက်ထားပြီး၊ဘဏ်သွင်းအလုပ်ကြီးများကိုလည်း အားထုတ်ကြငြားပါမူ၊ ကိုယ်ပိုင် ပစ္စည်းများကိုအပ်နှံထားသော ကံတည်းဟူသော ဆွေမျိုးချစ် အစားစားတို့က ကြိုဆိုလာသည့်အလား သက်သေများကား၊ သာဝတ္ထိပြည်- ဓမ္မိက သတင်းသည်ကြီးနှင့်၊ သိဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိ မင်းကြီးများ သေပနားမှာ၊

နတ်ပြည် ၆-ထပ်က၊ ၆-ရာသော နတ်ရထားတွေ၊ လိုသူတော်ကောင်းတို့၏ ကံ တည်းဟူသော အမျိုး အဆွေတို့ အနေနှင့် ကြိုဆိုကြသဖြင့်၊ တုသိတာဘုံသို့ ရောက်ရရုံမက၊ နိဗ္ဗာန်အထိရောက်ကြရန် အတွင်းထဲမှာ မဆင်းခဲ့ကြပါအောင်၊ ရှေးရှေး ဘာသာတို့က ဘာသာသွင်းထားခဲ့ကြသော ပါရမီကုသိုလ်ကံ အတန်တန်ဘည်းဟူသော ကိုယ်ပိုင်ပစ္စည်းအစစ်၊ ကိုယ့်အမွေခံပစ္စည်းအစစ်၊ ကိုယ့်ချမ်းသာကြောင်း ပစ္စည်းအစစ်၊ ကိုယ့်ဆွေမျိုးရင်းကြီးများအစစ်၊ ကိုယ့်မှီခို ကိုးကွယ်ရာကြီးများအစစ် ဖြစ်ဖြစ်သွားကြလိမ့်မည်များကို ထင်ရှားသိရှိကြကာ၊ ဤပါဠိတော်အရများကို ထောက်ထား ယုံကြည်ကြပါ၍၊ ကံတို့သည်သာ ကိုယ်ပိုင်ဥစ္စာနှင့် ဆွေညာတို့အစစ်ဟူ၍ သိရှိကြရသမျှဖြင့်၊ ယခုဘာသာတွင် တော်စပ်နေကြသော မြွေရှံ လင်မယား၊ သွီးသားနှင့်၊ စီးပွါးအာရုံ၊ ကာမဂုဏ်တို့အပေါ်၌၊ မချော်ချွတ်ရန် နေ့စဉ်နှလုံးသွင်းစရာ သတိထားစရာတို့ကား။—

(၁) မြွေရှံလင်မယား၊ သွီးသားနှင့်၊ စီးပွါးအာရုံ၊ ကာမဂုဏ်တို့ကား၊ ကွဲဘို့နှင့်-မှဲ့ဘို့အစစ်တည်း။

(၂) ဒါန-သီလနှင့်၊ တုပကာင်းကွာ၊ ဘာဝနာတို့ကား၊ အစဉ်ထာဝရ၊ ကောင်းဘို့နှင့်-ပေါင်းဘို့အစစ်တည်း။

(၃) မြွေရှံလင်မယား၊ သွီးသားနှင့်၊ စီးပွါးအာရုံ၊ ကာမဂုဏ်တို့ကား၊ ဘုံဆိုင်အစစ်တရားတည်း။

(၄) ဒါန-သီလနှင့်၊ တုပကာင်းကွာ၊ ဘာဝနာတို့ကား၊ အစဉ်ထာဝရ၊ သုံးစွဲသွားကြဘို့၊ ကိုယ်ပိုင်အစစ်တရားတည်း။

ဤအချက်ကောင်းကြီးများကို အရလည်းကျက်၍ထား၊ နေ့စဉ်လည်း သတိထားကြရအောင်၊ ထင်မြင်လွယ်သော နေရာများမှာလည်း၊ ၎င်းစကားလေးပိုဒ်ကိုအက္ခရာစာလုံးကြီးကြီးနှင့်ရေးသား၍ကပ်ထားကြကာ၊ သတိ-ရ-ရသွားပါမှ၊ ဤဘဝမှာ ကိလေသာရောဂါဆိုး အမျိုးမျိုးတို့မှ တခါတည်း နာလံထသွားရတော့မည်ဟူ၍ဝမ်းမြောက်ကြပါလေသူတော်ကောင်းတွေတို့။ ။ဤသို့လျှင် မိဘ လင်မယား၊ သွီးသား-ဆွေညာစသည်တို့ ဖြစ်ပေါ် တော်စပ်စ၊ ပစ္စည်းဥစ္စာရစတို့မှာပင်၊ အဖု အရု အနာကလေး ဖြစ်ပေါ်စ၊ သံပုနှင့်အနာကင်းသတ်လိုက်ကြသလို၊ ဤကွဲဘို့နှင့် မှဲ့ဘို့သာ ဖြစ်ပေါ် တော်စပ်ကြသည်ဟု ကိလေသာကင်း တဘျာ အကင်းသတ်သော အားဖြင့် အတော်အတန်ထင်မြင်သွားအောင် ဤအဘိဓမ္မာသုတ် ပုတီးစိပ် အလုပ်ကို အထူး အားထုတ်ကြပြီးလျှင်၊ နိဗ္ဗာန်ခွင်သို့ ရောက်အောင်ပင်

မကွဲနိုင်-မပွဲနိုင်သည့် ဤဘဏ်သွင်း ကုသိုလ်ကြီးများကိုလည်း ကြိုးကြိုးစားစား၊ နေ့စဉ်အားသစ်သွားကြပါလေ သူတော်ကောင်းတွေတို့။

ဤရှေ့က ပြောဟောပြခဲ့သည့် အတိုင်း၊ ကိုယ်ပိုင် အရေးတို့ကိုတော့ ကိုယ့်အရေးမထင်၊ မိဘ လင်မယား၊ သွီးသား ဆွေညာစသော ကွဲဘို့ အရေး၊ ပစ္စည်းဥစ္စာတည်းဟူသော မွဲဘို့အရေးတို့ကိုသာ ကိုယ့်အရေး, ကိုယ့်အမှု, ကိုယ့်အလုပ်တို့ပင်ဟု အပြေးအလွှား မှတ်ထင်ထားကြကာ၊ ကြိုးကြိုး စားစား အားထုတ်လျက် ရှိနေကြပါသော ရှင်လူ အများ၊ ယောကျ်ား, မိန်းမ တို့သည်၊ ဝဋ်းစွဲတန် တရားကြီးတွေနှင့် သေကြကာ၊ ပြိတ္တာမ, ပြိတ္တာထီးကြီးတွေ ဖြစ်တတ်လှ၍၊ ညဥ့်အခါတို့မှာ သုသာန်သို့ မိမိတယောက်ထည်း မသွားဝံ့တယ်လို့မနေရ၊ ရှေ့က စောဘုရားတင်၍ အဟုတ်ကြီးဘဲဟု စွဲစွဲမြဲမြဲတင်ထားသော မိဘ လင်မယား၊ သွီးသား အချစ်တို့ကင် တယောက်ထည်းသုသာန်ကြီးသို့ပို့လိုက်လျှင်၊ထိုသင်းချိုင်း ပြိတ္တာ ဗိုလ်ချုပ်ကြီးများလာ၍၊ ဟဲ့-ပြိတ္တာမ,ပြိတ္တာထီး၊ ဤသုသာန်ကြီးသို့ သင်လာရာ ဘာလက်ဆောင် ပါသနည်းဟု မေးလေရာ၊ ကွဲဘို့နှင့် မွဲဘို့ အရေးကိုသာ ကိုယ့်အရေးထင်မှတ်ရာ၍၊ ခဲခဲ-မဲမဲ ကြဲကြဲ ကြိတ်ကြိတ်၊ စိတ်ရှိလက်ရှိ အားထုတ်နေရာက၊ ဖြုန်းကနဲ ပြိတ္တာဖြစ်ပေါ်လာကြသော ရှင်လူအများ၊ ယောကျ်ား,မိန်းမ အစားစား ပြိတ္တာများတို့က၊ ဘာလက် ဆောင်မှ မပြနိုင်ဘဲ၊ ထုံပြိတ္တာဗိုလ်ကြီးလဲအားရ၊ မိမိနှင့် ဆိုင်သယောင် ယောင်လည်း အထင်ရ၍ ပြောဆိုကြတတ်သည်ကား၊ ကျွန်ုပ်မှာ ယခု လက်ဆောင်မပါသော်လည်း၊ ညံ့သည်ဟုမထင်ပါနှင့်၊ ကျွန်ုပ်သည် ရှေ့ ဘာက မင်းကြီး, အရေးပိုင် စသော အပိုးရတန်း, ရှေ့နေတန်း, စက်ပိုင် စသည့် သူဌေးတန်း, ကုန်သည်ကြီးစသည့် အတန်းစားထဲကပါ။ ကျွန်ုပ် သွားက ဇကေ္ကလက်ဆောင်များရခဲ့မှာပါဟု ခွင့်တောင်း၍၊ ဘုရားဟော တိုရောက်ုငွသုတ်လာသည့်အတိုင်း၊ တစုံတရာလက်ဆောင်ပဏ္ဏာ ရရန် မြော်လင့်၍ အိမ်သို့ပြန်ရာ၊အားလုံးတို့သိသာအောင် အိမ်နံရံ တံခါး အသံ မြည်တတ်သော နေရာများကို၊ဗုတ်ဗုတ် ဗုတ်ဗုတ်ဟု မြည်အောင်ပုတ်လိုက် ကာ တို့မိဘ-လင်မယား စသည်များဟာ တစ္ဆေကြီးဖြစ်လာပြီဟု သိရှိ ကြကာ ပြောကြတတ်သည့် စကားမှာကား၊ အို-မိဘ-လင်မယား သွီး သားတို့ရေ—ယခုတော့ ရှေ့ကနှင့်ဇာတ်မတူဘူး၊ မြန်မြန်သွားပါ- မြန်မြန် သွားပါ၊ ကလေးတွေ ကြောက်နေပါမယ်ဟု ကလေးများ အသာချပြီး အားလုံးကြီးတို့က သဘောမတူကြသော အလုပ်နှင့် နှင်ထုတ်လိုက်ကြ

သော်လည်း၊ ထိုပြိတ္တာမိုလ်ကြီးအထံ ရဲဝံ့စွာ အာမခံခဲ့သည့်အတွက် ပြန်မထွက်ဘဲ၊ သဲလွှိုသာ ပုတ်ပြန်သောအခါ၊—

နက်ဖြန်နံနက်လင်းရင် အတင်းပရိတ်ရွတ်လွှတ်မှတော်မည်ဟု အထင်ရတိုင်း၊ မဆိုင်းမတွ ပရိတ်ရွတ်ကြသောအခါ၊ လွှတ်ရာသို့ ခွါပြီးလျှင် နောက်တဖန်ပုတ်လာပြန်သောအခါ၊ တန်တော့ ပရိတ်နှင့် မရတော့ဘူး၊ ပယောဂဆရာနှင့်ထုတ်မှ ရတော့မည်ဟု စိတ်ရည်သန်တိုင်း၊အကျော်ဆုံး ပယောဂဆရာကြီးကိုခေါ်ရာ၊ ၎င်းဆရာကြီးက တဖက်လောက် တိုင်ကြီးကို ခိုင်မြဲစွာ စိုက်စေပြီးမှ၊ ဘုံဆိုင်ကို ကိုင်းပိုင်အထင်ရ၍၊ ခဲမဲခဲ့ကြသည့်အတွက် အားလုံးကြီးလက်မှဲ့ဖြစ်ပြီး၊ပြိတ္တာထီး ပြိတ္တာမ၊ မိဒုက္ခ၊ မောင်ဒုက္ခတို့ကို ဆေးနှောင်ကြိုးကြီးနှင့်တဲပြီး ထိုတိုင်ကြီးမှာ ချည်တွဲလိုက်လျှင်၊ ထိုတိုင်ကြီးပင် သွက်သွက်ခါရမ်းနေတာကို အများမြင်ကြရမှ၊ ထိုဆရာကြီးက-ဤပြိတ္တာကြီးဟာ အလွန်ပင် စွဲတန်ကြီးသည်၊မွမ္ပနှင့် နှင်ထုတ်သို့ မပြေးပါ၊ ဟောဒီဆေးကြိမ်လုံးကြီးနှင့်သာ ကျောငါးရာ-ရင်ငါးရာ ရိုက်လွှတ်မှ ပြေးမှ ဗျို့၊ သင်္ချာတွင် လူဖြစ်စဉ်အခါက စပ်တော်ခဲ့ကြသော ခင်များတို့ မိဘကို လင်မယားစသည်ကို၊ ခင်များတို့က ရိုက်စေလိုမှ ရိုက်ပြီး နှင်လိုက်မည်။ မရိုက်စေလိုက ခင်များဘဲ့ပြိတ္တာကြီးနှင့် ခင်များတို့ နေရစ်ခဲ့ကြတော့၊ကျုပ်ကား ဤဘဏ္ဍာကြီးကိုလွှတ်ထားပြီးပြန်သွားရုံရှိတော့ဘာပါ့-ဟု ဆရာက အဟုတ်ပြောခဲ့လျှင်၊ ယခုသက်ရှိ အချစ်ချင်းနှောပြီး အားကြီးသဘောကျနေကြသော မိဘ လင်မယား၊ သို့းသား-ဆွေမျိုးချင်းပင် တဦးဦးက ဖြစ်သွားကြသော ဤသားရဲကြီးကို ဇွဲမ်မှာ လက်ခံထားကြမှာလား၊ ရိုက်နှင်ကြမှာလားဟု မေးမူ၊ ဟုတ်မှန်ရာနှင့် မညာတန်းပြောကြမူ၊ ငါသားရဲဖြစ်လာလျှင် မညာဘဲ မင်းတို့က ရိုက်နှင်ကြ၊မင်းတို့က ဖြစ်လာကြလျှင်လည်း၊ငါတို့က မညာတန်းရိုက်နှင်ကြလိမ့်မည်ဟု ပြောကြရန်အစစ်ဖြစ်နေကြသော်လည်း၊ ယခုမှာတော့ ညာတာသော သဘောနှင့် ရိုက်နှင်ပါတော့ဟုပြောက ရိုင်းပိုင်းရာကျမှာကြောင့်၊ ကျုပ်တို့ကတော့ ဆရာရေ့— နောက်နောင် ဘယ်တော့မှ ပြန်မလာဘဲ၊ တခါထဲအပြတ်သာ ဇွဲမ်ကသွားဘို့ရာအလိုရှိပါတယ်၊ဇွဲမ်ကသွားအောင် ဆရာကြီး သဘောတော်ရှိပါဘဲဟု ထောင်မှူး အာဏာသား လက်ကို သတ်ရန်ဘို့ ဝ,ကွက်၍၊ရက်ရက်စက်စက် အပ်လိုက်ဘိသကဲ့သို့၊ ဧကန္တ အပ်လိုက်ကြပေလိမ့်မည်။ ယခုချစ်နေကြသည့် အချစ်ချင်းလည်း၊ဤပြိတ္တာဖြစ်ကိန်းအတိုင်းကြုံက၊ ဤအတိုင်း ပြုကြမှာ ချည်းဘဲ ဖြစ်၍ စင်စစ်မှာ

မူကား၊မိဘ-လင်မယား၊သွီးသား-မျိုးဆွေ၊ ပစ္စည်းတွေတို့ အရေးအလုပ်တို့ကိုသာ ကိုယ့်အရေး, ကိုယ့်အလုပ်, အစစ်တွေဘဲဟု တသက်လုံး ခံမဲနေကြရသမျှ ကွဲခြင်းအစစ်နှင့် မွဲခြင်းအစစ် ဖြစ်ကြရရုံမက၊ ငါတသက်လုံး ရှာထားခဲ့ဘာတွေကို၊ နောက်နောင်အသစ် ချစ်စရာတွေနှင့် ပျော်ပါး၍ ဒုက္ခမီး ပူဆာပြီး၊ ပြိတ္တာထီး,ပြိတ္တာမ အဖြစ်နှင့် လာရသော ငါ့ကိုလည်း၊ ကျောငါးရာ,ရင်ငါးရာ ရိုက်ခတ်၍၊ တောရပ်ကို နှင်ကြပါလေဟု အသေအချာ တခြားကိစ္စမှာ မှာထားသွားတာကမှ လွဲလိမ့်ဦးမည်။ ချစ်ခင်သော သူတို့ချင်းအကွဲက သားရဲမ-သားခဲထီး အဖြစ်ကျတော့ စင်စစ်နှင်ဖြစ်ကြတို့ကား၊ မလွဲကေန်ဖြစ်ကြရန်တို့ အရေးများကို အဟုတ်မစဉ်းစားမိကြသို့သာကွဲခြင်း-မွဲခြင်း-နှင်ခံရခြင်းအရေးတို့ကိုသာ ကိုယ့်အရေး,ကိုယ့်အလုပ်တည်းဟု အဟုတ်ကြီး အထင် အမြင်မှားကြ၍၊ ဘဝကောင်း, ကာလကောင်းကြီးအစားစားတွေ၊ကျုံလွှန်ကုန်နေကြသည်များကိုလည်း၊အလွန်အမင်းကြီး နှမြောကြ၊ နောက်နောင်ကိုလည်း ဤကဲ့သို့ မချော်ချွတ်ကြလေအောင်၊ တချာလုံး,တပြည်လုံး၊ တအိမ်လုံးတို့မှာ ဘယ်သည့်အခါမှ၊ ဆွေမျိုးရင်း အစစ်တို့နှင့် မကွဲရကြ၊ ကိုယ်ပိုင်ပစ္စည်း အနှစ်တို့နှင့်လည်း၊ မမွဲရကြရန်၊ မည်သူမဆို နေ့စဉ်ကျင့်ကြံ အားသစ်နိုင်ကြလောက်အောင်၊ ရှေ့ကရေးပြခဲ့သော ဘဏ်သွင်းကုသိုလ်ကြီးများအစားစားတို့ကို၊ မိမိတို့လည်း နေ့စဉ်ကြိုးစားအားသစ်ကြပါလေ။ချစ်ခင်သူများနှင့် မိမိတို့စကားကို နားထောင်မည့်သူများကိုလည်း နေ့စဉ်မလစ်၊အားထုတ်ဖြစ်ကြအောင် တိုက်တွန်း နှိုးဆော်သော အနေနှင့်၊ စိတ်ရှည်ရှည် ပြောဟောကြပါလေ၊ ဓမ္မကထိက ပညာရှိအပေါင်း သူတော်ကောင်းတွေတို့။

ဤရှေ့က ရေးပြခဲ့ပြီးသော အဘိဏှသုတ်တရား အစားစားတို့ကို၊ အားထုတ်ထားသူတို့၊ရှင်ကွဲ ရှင်မွဲဘို့နှင့်မတွေ့ကြရစေကာမူ၊သေကွဲ,သေမွဲတို့နှင့်ကား၊ဧကန္တ တွေ့ကြရမည်ကား အစစ်ဘဲ။ထိုအခါ အကွဲခက်,အမွဲခက်ပြီး၊ ငရဲဘက်သို့ချည်း မကျကြရန်၊ယခုရှိသဲ ကွဲခင်,မွဲခင်က ကိန်းဆင်ကြပြီး၊ မကြာမကြာ ကွဲမှု, မွဲမှုဘေးကြီးများနှင့် စစ်ရေးပြထားကြစရာကား၊ မိမိတို့ရှိသမျှ ပစ္စည်းနှင့် သား,သွီး,ဆွေဘဲတို့အကုန် အိမ်ကြီးပေါ်မှာ ပေါင်းဆုံမိကြသည့်အခါ၊အားလုံးကြီး မီးလောင်နေတာကို လုပ်ကြံ၍ လုပ်ကြံ၍၊ မကြာမကြာ အခါခါကြည့်ရှုရင်း၊ စိတ်မာန်ကို တင်းရန်ကား၊ ယခု ဆွေမျိုးတွေ အကုန်သေနေကြပြီး သေလိုက်ကြမောင့်၊ ယခု ပစ္စည်းတွေ အကုန်ပျက်နေကြပြီး ပျက်လိုက်ကြမောင့်၊ ငါ့မှာ ဤဘဝသို့

လာခဲ့ခြင်း၊ **အရင်း မရှုံးသေးဘူးမဲ့** ဟု မျက်နှာထားခပ်ရှင်းရှင်းနှင့် စိတ်မာန်ကို တင်းဘင်း ထားကြည့်ကြရမည်။ အဘယ်သို့ အရင်း မရှုံးသနည်းဟူမူ၊ ငါသည် ဤဘဝသို့ လာခဲ့ရင်းက၊ ခါးမှာစွပ်သည့် အဝတ် တချိုလည်း မပါ။ ဆွေမျိုးဉာတ်၊ အသိမိတ်သဂ်ဟ တယောက်မျှလည်း မပါကြဘဲ၊ ငါတယောက်ထည်းသာ သွားကနဲ ဖြစ်ပေါ်လာရခြင်း၊ အရင်းတယ်ထဲကလည်း နဲနဲကလေးမျှ အရှုံးမရှိကြသေးရုံမက၊ ဤဘဝသို့ ငါရောက်လာစက ကိုယ်၏အမှု-နှုတ်၏ အမှုတို့ကို မပြုနိုင်ကြသေးဘဲနှင့်တောင်၊ ဤမျှလောက် ထွန်းပြောင်လာနိုင်သေးတာကဘဲ၊ ယခုမှာမူကား၊ ခါးမှာ စွပ်သည့် အဝတ်တွေလည်း ရှိနေကြရုံမက၊ ကိုယ်အမှု၊နှုတ်အမှု တို့ကိုလည်း ပြုနိုင်ကြကာ၊ မိတ်သဂ်ဟများစွာတို့ပင် အထင်အရှား၊ ဤဘဝသို့ လာစ၊ ရောက်စကထက်၊ အမြတ်တွေ အပုံကြီးတောင် များနေပါလျက် (ဘာ) အတွက်ကြောင့် သောကရောက်ရမည်နည်းဟု စိတ်ကိုတင်းစရှိပြီး၊ အားကြီးကြီး တင်းတင်းလိုက်သွားက ပူပင်သောက၊ ရှိသမျှတို့ တစ တစက လွတ်လွတ်ကြီး ကင်းပကြကုန်ရာသတည်း။ ဝါ၊ကင်းပကြအောင် ငါ့မှာ **ဤဘဝသို့ လာခဲ့ခြင်း အရင်းမဆုံးသေးဘူးမဲ့၊ အရင်းမဆုံးသေးဘူးမဲ့** ဟု-မကြာမကြာ အခါခါနေ့စဉ် အနည်းဆုံး ပုတီးတပတ်ကျစီလောက်၊ ထိုကွဲဘေး၊မွဲဘေးကြီးတွေသို့ ရောက်ရောက်ထားပြီးသားအနေက မပူပန်ကြခြင်းဖြစ်ကြရအောင်၊ အတင်းပယ်ဖျောက်ရန် သန်သန်ကြီး ပွါးများအားထုတ် ထားနှင့်ကြပါလေ သူတော်ကောင်းတွေတို့။

---

## (၄၈) ကံနှစ်တွဲ အရကို သုံးဌာနခွဲနှင့် ပွါးများရပုံ၊ ဥပ္ပန္န-အနုပ္ပန္န အကုသလ်သို့ ဖောနှိပ်ကြပုံများကို ဒိဋ္ဌသက်သေထား၍ ထင်ရှားအောင်ပြပုံ

ဤရှေ့က ပြခဲ့ပြီးသော ဒိ-န-သေ-ကွဲ၌ တပါး၊ ကံနှစ်တွဲ အရကို အဘိဏှသုတ်ကြီးက **ကလျာဏံ ဝါ– ပါပကံ ဝါ၊ တဿ ဒါယာဒေါ** ဟု– အမွေခံအရနှင့် ဟောပြတော်မူသည်တွင် **ပါပကံ ဝါ** ဟူသော အကုသိုလ် အမွေခံအရ၊ အပါယ်သို့ ကျကြရန်အချက်ကြီးတို့ကား၊ ဘဝများစွာ ကမ္ဘာ အဆက်ဆက်တို့က အပါယ်လေးပါးဘည်းဟူသော ကြိုးမိန့်၊ ထောင်မိန့် ပေးရန် အသင်္ချေမက များပြားလှသော ဒုစရိုက်အမိုက်အမှားတို့အတွက်နှင့် လူဆိုး ပရမ်းထုတ်ထားပြီးသား ဖြစ်နေကြသော သတ္တဝါတိုင်းတို့၏

သေပေါက်သေဝမှာ၊ ရှင်းကံတို့က အကျိုးပေးကြမည့်အနေနှင့် ဝိုင်းအုံကြကာ၊ လူဆိုးလား, လူကောင်းလားဟု စစ်ဆေးကြ ကုန်ရာ၏။ ဤသို့ စစ်ဆေးကြသောအခါ၊ ဆွေမျိုး,မိဘ-လင်မယား၊ သမီး,သားနှင့် ပစ္စည်းများစသည်တို့ကို ခင်မင်ငြိကပ်၊ တွယ်တာတတ်သော လောဘတည်းဟူသော ငရဲမင်းစုံထောက် သက်သေ အမျိုးမျိုး တို့ကရှင်း၊ သေဘေးကို ကြောက်မှုအတွက်နှင့် နှလုံးမသာယာချက် ဒေါသ၊ သားကောင်း,မယားကောင်း စသည်တို့နှင့် သေကွဲအပြတ်ကြီး ကွဲရမှုအတွက်နှင့် နှလုံးမသာယာ ချက်ဒေါသ၊ သားမယားမိုက် စသည်တို့က သေဝမှာ အရွဲ့ပြုကြမှုအတွက်နှင့် နှလုံးမသာယာချက် ဒေါသ၊ သေလောက်အောင် ရောဂါနှိပ်စက်သော ဒုက္ခစသည်တို့အတွက် နှလုံးမသာယာချက်စသော ထိုထိုဒေါသတည်းဟူသော ငရဲမင်းစုံထောက် သက်သေ အမျိုးမျိုးတို့ကရှင်း၊ ရောဂါအလွန်နှိပ်စက်၍ တွေဝေမိန်းမော နစ်မြော၍ သေကြရမှုစသော မောဟတည်းသော ငရဲမင်းစုံထောက် သက်သေအမျိုးမျိုးတို့ကရှင်း၊ ထိုသာမည လောဘ-ဒေါသ- မောဟ ကလေးတို့နှင့် သေကြရမည့်၊ ထိုလူ-ထိုရှင်- ထို ရဟန်းတို့သည်၊ ရှေးရှေး ဘဝတို့က ဒုစရိုက်, လူသတ်မှုစသည်နှင့်ဓနုဓိးပြေးဘေးဥပဒ်မျိုးဟု သောကနေပြီး၊ ငရဲမင်းပမာ စစ်ဆေးရာတွင်၊ သက်သေခံချက်နှင့် တကွ၊ မိမိတို့၏ သေဝမှာ ယခုလက်ငင်း ပြုဆဲဖြစ်ကြသည့် လောဘ, ဒေါသ, မောဟ ကလေးတို့ တည်းဟူသော မိုက်လက်စ တို့ကိုလည်း၊ ယခုလက်ငင်း ငရဲမင်းကိုယ်တိုင် တွေ့မြင်ရသဖြင့် ဘမ်းဆီး၍ စစ်ဆေးရာတွင်၊ ကမ္ဘာအသင်္ချေတို့က မိုက်မှားလာခဲ့လေသမျှသော အမှုအပြစ်ကြီးတွေကို၊ မိမိတို့ ခန္ဓာဆိုးကြီးတို့ အတွင်းတွင် ပါဝင်သော ငါဘဲဟု ထင်မြင်နေကြသည့် သက္ကာယဒိဋ္ဌိဆိုးကြီးက ကျွန်တော်ချည်းဘဲ နောက်နောင်က ဆိုးခဲ့ဘာပါဘဲဟု အကုန်လုံးဖေါ်ထုတ်၍ အစစ်ခံသောကြောင့်၊ ငရဲပြည် အောက်နရက်မှာ ကမ္ဘာနှင့်ရက်တွက်၍ ထောင်တသက်သွားစေဟူသော အပြစ်ဒဏ်ကြီးဖြင့်၊ ဒီကရီဆုံးဖြတ်ချက်ကို ချမှတ်ခြင်းပြုလေရာ၏။

ဤသို့ ဆုံးဖြတ်သော အပြစ်ဒဏ်ကြီးများကို ခံရကြဘို့များ အပြီးသားရှိနေကြသော ရဟန်း, ရှင်လူ၊ ပြည်သူ, ပြည်သား အတိုင်း မသိသော သတ္တဝါအများတို့သည်၊ ရှေးရှေးဘဝတို့က မိုက်မှားခဲ့သမျှသော ဒုစရိုက်အသင်္ချေတို့တွင်၊ ဒုစရိုက် တခု တခုကို အဏုမြူခန့် ဖြစ်ထားလျှင်၊ ဤစကြဝဠာ ဖြုပ္ပာ အထက်ကျအောင်ပင် မဆန့်နိုင်လောက်အောင် များပြားလှ

သော ဒုစရိုက်တို့ကရင်း၊ ယခုဘဝအတွင်း လက်ငင်း မိုက်မှားပြီးသား ဒုစရိုက် အမိုက် အမှားတို့ကရင်း၊ သေဝတို့မှာ နှိပ်စက်လာကြမည့် အမိုက်အမှားတို့ကရင်း၊ အပါယ်စသော ဆင်းရဲဒုက္ခကြီးနှင့်၊ ရှေးရှေး ကလည်း ဧကန္တ နှိပ်စက်ကြပြီးတို့ကိုရင်း၊နောက်နောင် ဘဝတို့မှာလည်း ဧကန္တ နှိပ်စက်ကြဦးမည့် အချက်ကြီးတို့ကို၊ ဉာဏ်နှင့်မိမိ ပြူးပြူးကြည့် ကာ အချက်ကိုသာ ရှုကြည့်တတ်ပါသည့် ဘင်ဉာဏ်မှာ စိတ်ကိုမိုက်ထား ပါလျက်။ ။**ဤခန္ဓာဆင်းကြီးကား၊အပါယ်ဘေးကြီးနှင့်နက်ခဲ့လှပြီ၊အပါယ် ဘေးကြီးနှင့် နက်ခဲ့လှပြီ**ဟူ၍ရင်း။ ။**ဤခန္ဓာဆင်းကြီးကား၊အပါယ်ဘေးကြီး နှင့် နက်ချည်သေး၊ အပါယ်ဘေးကြီးနှင့် နက်ချည်သေး** ဟူ၍ရင်း၊ အတိတ်,အနာဂတ် ကာလနှစ်ပါးမှာ တွေ့ကြုံကြကုန်ရာသည်ကို ကျွန်းမာ တုန်းအခါတို့၌သာ အကုသိုလ်မပြုငံ့အောင်၊ အပါယ်ဘေးကြီးတွေ ထင် မြင်နေကြတို့ရန် အပန်ဖန်ပွါးများ ကြကုန်ရာသည်။ မမာတုန်းအခါတို့မှာ မိုက်ပြီးသားတွေ ထင်မြင်လေအောင် မပွါးများကြရာ။အဘယ့်ကြောင့်ဆို သော်၊ မိမိတို့ ရှေ့ကပြုခဲ့သော မကောင်းမှုတို့ကို ခိုးထုပ် ခိုးထယ်နှင့်တကွ သတိရ၍၊ အပါယ်သို့ချည်း-ကျဖြတတ်သည်ဟု မှတ်ကြပါလေ။

**ကလျာဏဝါ** ဟူသော ကုသိုလ်အမွေခံအရ၊ကိလေသာဘေးဆိုးကြီး တို့နှင့် နက်ကြမည့်အချက်ကြီးတို့ကား၊ ဆင်းရဲတကာ့ အဆင်းရဲဆုံးကြီး ဖြစ်လှသော အပါယ်ဘေးဒုက္ခကြီးတွေကို အဟုတ်ကြောက်ပါမူ၊ဒုစရိုက် ကံတို့ အမှုတို့ကို ကြောက်ရမည်။ ထိုစကားမှန်၏။ အပါယ်ဘေးကြီးက သတ္တဝါတွေကိုအပါယ်ကျအောင် ဆွဲဆောင်လာသူမရှိ။မိမိတို့ကပြုမိကြ သည့် ဒုစရိုက်စု,ကံအမှုတို့ကသာ အပါယ်သို့ချည်း ဆွဲဆွဲချသွားနေကြပါ သောကြောင့်၊ဒုစရိုက်ကံတို့ကိုသာ စင်စစ် ကြောက်စရာကြီးတွေ အစစ် ဟု သိကြပါလေ။ဤဒုစရိုက်ကံတွေကို ကြောက်သူတို့ကလည်း၊ဒုစရိုက်မှု သို့ မရောက်ခင် မိုက်ချင်သောကိလေသာတို့က ရှေ့ပြေးရမှ ဒုစရိုက်ကံတို့ ဖြစ်ကြရသောကြောင့်၊ထိုရှေ့ပြေးကိလေသာတို့ကိုသာ စင်စစ် ကြောက် စရာဟု သိကြပါလေ။ ဤကိလေသာတွေကို ကြောက်သူတို့ကလည်း၊ ထိုကိလေသာတို့ကို လွန်စွာ အားပေးတတ်သော မိမိ-မိမိတို့ အလိုရှိကြ, နှစ်သက်ကြသော ဇာရွှာရုံ-ကာမဂုဏ် အမျိုးမျိုး၊ ကောင်းကျိုး ချမ်းသာ တို့ကိုသာ စင်စစ်ကြောက်စရာဟု သိကြပါလေ။ ဤဇာရွှာရုံ ကာမဂုဏ် အမျိုးမျိုးတွေကို၊ အဟုတ်ကြောက်ကြသူတို့ကလည်း၊ ၎င်းဇာရွှာရုံ-ကာမ ဂုဏ်တို့ကိုလွန်စွာဖြစ်ပွါးအောင် ကျေးဇူးကိုဆောင်နိုင်သော လူကောင်း

ဘဝ, နတ်ကောင်းဘဝ, ဗြဟ္မာကောင်းဘဝ, တိဟိတ်ဥက္ကဋ္ဌ ပဋိသန္ဓေ ကောင်းဘဝ စသည်တို့ကို ရလိုမှုဟု ဆိုအပ်သော **ဘဝသမ္ပတ္တိ၊** ထိုထို ပစ္စည်းအာရုံ ကာမဂုဏ်နှင့် ပြည့်စုံလိုမှုစသော **ဘောဂသမ္ပတ္တိ** တည်းဟူ သော ဝဋ်ကို တောင့်တ၍ပြုသော ကုသိုလ်၊ငါ့ကုသိုလ် အကျိုးကြီးအောင် ဟု သာမည အကျိုးကြီးဘို့ကိုသာ တောင့်တ၍ ပြုကြသော ကုသိုလ်၊ လောကကိုငဲ့၍ အမှတ်တမဲ့ ပြုကြသော ကုသိုလ်တို့သည်၊ ကိလေသာက မထွက်၊ ကိလေသာတို့ အားတက်စရာ ဈာရုံ အစားစားတို့ကို လွန်စွာ အားပေး တတ်သောကြောင့်၊ ၎င်းကုသိုလ် တို့ကိုသာ အထူး စင်စစ် ကြောက်စရာဟု သိကြပါလေ။

သို့ဖြစ်ပေမူ၊ ကုသိုလ်တို့ကို မပြုရတော့ဘူးလား ဟူငြားအံ့၊ (ဖြေမိန်း) မဂ်,ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ပြုကြသော ကုသိုလ်၊အဇ္ဈ,နာ,သေရေး၊ ဒုက္ခ ဘေးတို့ကို အဟုတ်ကြောက်၍။ ။**ဤကောင်းမှုကြောင့်၊ အိုဘေးကြီး, နာဘေးကြီး, သေဘေးကြီးတို့မှ၊ လျင်မြန်စွာ ကင်းလွတ် ရပါလို၏ဟု**-စသည်ဖြင့်၊ ဝဋ်ကင်းရာကို တောင့်တ၍ ပြုကြသော ဝိဝဋ္ဋ ကုသိုလ်တို့ကို ကား မကြောက်ရပါ။ ဤကုသိုလ်တို့ ဖြစ်ကြအောင်ပင် ဆရာသမားနှင့် သင်ကြားလေ့လာ ပွါးများအားထုတ်ကြရသေး၏ဟု မှတ်ကြပါလေ။၎င်း ဝိဝဋ္ဋကုသိုလ်တို့က ဈာရုံ ကာမဂုဏ်ကောင်းကောင်းတို့ကို မပေးတော့ ဘူလားဟူငြားအံ့၊(ဖြေမိန်း)ကိလေသာပိုးထိုးလွတ်သောမျိုးစေ့ကဲ့သို့၊ အတိ ဈာရုံ ကာမဂုဏ်ကောင်းကောင်းတို့ကို ဝိဝဋ္ဋကုသိုလ်တို့က ကိလေသာ ပိုးအထိုးခံရသော ဝဋ္ဋနိဿိတ ကုသိုလ်တို့ထက်၊ကေန်စင်စစ် ပိုပိုသာသာ ကြီး ပေးနိုင်တာတွေ ဖြစ်သော်လည်း၊ တဏှာအစေးနှင့်စပ်လျက် ပြုအပ် သော ကုသိုလ်၏ အကျိုးမဟုတ်၍၊ နောင် သူတော်ကောင်း တရားတို့နှင့် တွေ့ညားသောအခါ၊ ဤရပြီးသား ဈာရုံ,ကာမဂုဏ်များကို ပယ်ရှား၍၊ သူတော်ကောင်း တရားကိုကို လိုက်စားနိုင်ရန် အကြောင်းကံ ဖြစ်သော ကြောင့်၊ ကြောက်စရာကုသိုလ်မျိုးမဟုတ်ဟု သိကြပါလေ။ ဝဋ္ဋနိဿိတ ကုသိုလ်မျိုးတွေကသာ ဝဋ်ဆိုးကြီးတွေ၏ အထဲမှာ ဈာရုံ ကာမဂုဏ် အမျိုးမျိုးတို့နှင့်ဆက်သွယ်၍၊အပါယ်သို့ကျရန်ဒုစရိုက်အမိုက်,အမှားပြုရန် ကိလေသာ ဘေးဒဏ်ကြီးတွေနှင့် အသီးအသီး ယခုဘဝ နှိပ်စက်နေကြဆဲ ကိုင်း၊ အတိတ်ဘဝတို့က နှိပ်စက်ခဲ့လှပြီးကိုင်း၊ အနာဂတ် ဘဝတို့မှာ လည်း၊ နှိပ်စက်ကြလိမ့်မည့် အချက်ကြီး တို့ကိုင်း၊ ဉာဏ်နှင့်မိမိ ပြူးပြူး ကြည့်ကာ အပျက်ကိုသာရှုကြည့်ပါသည့် ဘင်ဉာဏ်မှာစိတ်ကိုစိုက်ထား

ပါလျက်။ ။ဤခန္ဓာဆိုင်းကြီးကား ကိလေသာ ဘေးကြီးနှင့် နှက်နေဆဲ၊ ကိလေသာဘေးကြီးနှင့် နှက်နေဆဲဟူ၍၎င်း၊ ဤခန္ဓာဆိုင်းကြီးကား ကိလေသာ ဘေးကြီးနှင့် နှက်ခဲ့သည်ပြီ။ ကိလေသာဘေးကြီးနှင့် နှက်ခဲ့သည်ပြီဟူ၍၎င်း၊ ဤခန္ဓာဆိုင်းကြီးကား ကိလေသာဘေးကြီးနှင့် နှက်ရည်သေး၊ ကိလေသာဘေးကြီးနှင့် နှက်ရည်သေးဟူ၍၎င်း၊ အလုံကြသည့် ဇုဋ္ဌာရုံ ကာမဂုဏ် ကောင်းကောင်းတွေ အနံ့၊ အနားသို့၊ သွားလာတိုင်း ချဉ်းကပ်တိုင်းတို့မှာ ကိလေသာဘေးကြီးတို့မှ ဆက်လက်ကြ၍၊ အကြီးတကာ့အကြီးဆုံး ဖြစ်လှသော အပါယ် ဘေးဒုက္ခကြီးတွေထဲသို့၊ စွတ်ကနဲ ကျရောက်အောင်၊ အပြီးသား ထောင်ထားမှု ကိလေသာဘေး အထုတ်တို့ကို ထင်မြင်အောင် ရှုကြပါလေ သူတော်ကောင်းတွေတို့။

ဤအဘိဏှသုတ်ကြီးက ကမ္မဿကာ, ကမ္မဒါယာဒါ-စသည့်တို့အရကို ထင်မြင်ထားအောင် ပွါးများကြဘို့ကား၊ ဤမျက်မြင်လောကကြီး အတွင်း၌၊ တပါးသူက တပါးသူကို ဘယ်လိုပင် စောင့်ရှောက်- စောင်မကြစေကာမူ၊ ကြောင့်ကြ ကြစေကာမူ၊ ဗိုးရိမ်မှုနှင့် ဂရုစိုက်ကြ စေကာမူ၊ ထိုသူတို့ စောင့်ရှောက်, စောင်မ, ဂရုစိုက်ကြတိုင်း မဖြစ်နိုင်ကြကုန်။ ထိုထိုသတ္တဝါတို့၏ ကံအားလျော်စွာ ဖြစ်နေရကြသည့် အချက်ကြီးတို့ကိုသာ ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ၊ အပျက်ကိုသာ ရှုကြည့်တတ်ပါသည့် ဘင်္ဂဉာဏ်မှာ စိတ်ကိုစိုက်ထားပါလျက်၊ **ခင်ဿမ်းသေးသူတို့သည်၊ ကိုယ့်ကံနှင့် ကိုယ်ဖြစ်ကြကုန်၏၊ ကိုယ့်ကံနှင့်ကိုယ် ဖြစ်ကြကုန်၏** ဟု- သံသရာတလျောက်လုံးကြီးတို့မှာ ကိုယ့်ကံနှင့်သာ ကိုယ်သွားကြရမှာချည်းဖြစ်ကြသည်ကို၊ ပုတီးတပတ်အတွင်းမှာ ထင်မြင်လာအောင်၊ မိမိတို့ခန္ဓာ သံသရာတလျောက်လုံးကိုလည်း ကြည့်၊ ချစ်ခင်လှစွာသော မိဘ, လင်မယား၊ သမီးသားရှိသမျှ တပည့်,တကာစသည်တို့၏ခန္ဓာ သံသရာတလျောက်လုံးကိုလည်း၊ မကြာမကြာ အခါခါကြည့်ရှု ပွါးများ ပုတီးစိပ်ထားကြပါလေ သူတော်ကောင်းတွေတို့။ ဤကံရှုရသည့်အချက်ကြီးကို ပိုင်နိုင်သူတို့သည်၊ တပည့်, တကာ၊ ဆရာသမား၊ လင်မယား, သားသမီး အသီးအသီးသော ချစ်ဆွေများတို့သာ မိမိအရေးစသည်ကို အရေးမယူ-အလေးမမူကြားဘဲ၊ လျစ်လျူထား၍၊ သူတော်ကောင်းတရား များကိုသာ စိတ်ချလက်ချ အားထုတ်နိုင်ကြကုန်ရာ၏။ မိမိတို့သေဝမှာလည်း၊ ၎င်းချစ်ဆွေတို့ကို ခင်မင်တွယ်တာမှု စသည်အတွက်နှင့် အပါယ်ဘက်သို့ မရောက်နိုင်ကြရာသည့် အကျိုးစသည်တို့ကို ခံစားကြဘို့သာ ဖြစ်ကြကုန်ရာသတည်း။

ယခုပြခဲ့သည့် အဘိဓမ္မာသုတ်ရှစ်ဌာန ပွါးများရသည်ကား၊ ပါဠိတော်
ငါးဌာန ဟောပြရာဝယ်၊နာနာဘာဝေါ-ဝိနာဘာဝေါမှိအရကို၊ သတ္တဝါ
တွေနှင့်တော့ကွဲ၊ ပစ္စည်းဘဏ္ဍာတွေနှင့်တော့မွဲ ဟု ၂-ပါးခွဲ၍ ရှုဆင်ခြင်
သောကြောင့်ငှင်း၊ ကလျာဏံ ပါပကံဝါ တေသံ ဒါယာဒါ အရမှာ၊
အကုသိုလ်ကံစု၏အပြစ်ကို ရှုမှုအမွေခံဘပါး၊ ဝဋ်ဒုက္ခတွယ်တာမှု ကုသိုလ်
ကံစု၏ ဂုဏ်ဖလဖြင့်၊ ကိလေသာတို့ကို ပွါးစေကြမှု အပြစ်ကို ရှုရခြင်း
အမွေခံဘပါး၊ ပေါင်းအမွေခံ ၂-ပါး။ကမ္မဿကာ,ကမ္မဒါယာဒါ-စသည်
အရမှာလည်း၊ ခပ်သိမ်းသောသူတို့ ကိုယ့်ကံနှင့်ကိုယ်သာ ဖြစ်ကြရသည်
ကို ရှုရမှုဘပါး အားဖြင့်၊ ကံကို ၃-စားခွဲ၍ ရှုသင့်သောကြောင့်ငှင်း၊
အားလုံးပေါင်း ရှေ့ကပြခဲ့သည့်အို-နာ-သေ-ကွဲ-မွဲ အကုသိုလ်,ကုသိုလ်
ကိုယ့်ကံ အားဖြင့် ရှစ်ပါး ရှစ်ဌာန ပွါးများကြရန် ထုတ်ပြန် ရေးသား
လိုက်ရပေသဘည်း။

၍အဘိဓမ္မာသုတ်အရနှင့် ဘယဉာဏ်ဖြစ်ကြအောင်၊ရှေ့ကရေးပြခဲ့သမျှ
လိုရင်းဆုံးအရမှာ၊ သတ္တဝါဘိုင်းတို့၏ အိုဘေးအကြီးဆုံး၊နာဘေးအကြီး
ဆုံး၊ သေဘေးအကြီးဆုံး၊ ကွဲဘေးအကြီးဆုံး၊ မွဲဘေးအကြီးဆုံး၊ အပါယ်
ပေါက်ကျဘေး အနိးဆုံးတို့ကား၊ဘဝအဆုံးသတ်ဘို့မှားသေတောချည်း
တို့ပေဘည်း။၍ဘေးအကြီးဆုံးကြီးတွေတို့ အမြန်ရောက်အောင် လူ့နတ်
ဗြဟ္မာစသော သတ္တဝါတိုင်းတို့၏ လည်ပင်းကို ပဋိသန္ဓေဘည်နေရင်းက
အစပြု၍၊ မိမိ-မိမိတို့ခန္ဓာဆိုးကြီးတို့က အိုဘေးကွင်းကြီး၊ နာဘေးကွင်း
ကြီး၊ သေဘေးကွင်းကြီး၊ ကွဲဘေးကွင်းကြီး၊ မွဲဘေးကွင်းကြီး၊ အပါယ်
ဘေးကွင်းကြီး၊ ကိလေသာ-ဒုစရိုက်၊ အမိုက်အမှားဘေးကွင်းကြီးတို့ကို
တပ်ပြိုင်နက်ဘည်း တပ်ကြပြီးလျှင်၊ယခင်ကပြခဲ့ပြီးသော ဘေးအကြီးဆုံး
ကြီးတွေသို့မြန်မြန်ကြီးကျရောက်လေအောင် မိဘ-လင်မယား၊သွီး,သား-
ဆွေညာ၊မိတ်သဟာ စသည်တို့ပါ တယောက်ထက်-တယောက် သာကြ
အောင် အတင်းအမွှေ ယခုချက်ခြင်း လက်ငင်းဘင် နေ့ရှိသမျှ ဆွဲငင်
ဆောင်ယူကြဘာ တပြိုင်နက်သာ ပြေးသွားနေကြရပါသည်ကို၊ဉာဏ်နှင့်
မိမိ ပြူးပြူးကြည့်ကာ၊အပျက်ကိုသာ ရှုကြည့်ပါသည့် ဘဂ်ဉာဏ်မှာစိတ်ကို
စိုက်ထားပါလျက်။ ။(သူ့ထက်ငါသာ၊ဘေးကြီးချာ၊ပြိုင်ကာပြေးရခြင်း။
ဟု) လက်ာကိုချ ထွင်ကာ။—

သူ့ထက်ငါသာ၊ အိုဘေးကြီးချာ၊ ပြိုင်ကာပြေးရခြင်း။

သူ့ထက် ငါသာ၊ နာဘေးကြီးချာ။ ။သေဘေးကြီးချာ။ ။

**ကဲ့ဘေးကြီးရော။ ။မွဲဘေးကြီးရော။ ။အပါယ်ဘေးကြီးရော။ ။ကံလေသာဘေးကြီးရော။ ။ဓိဓိဘ္ဘိုကာံနှင့် ဓိဓိဘ္ဘိုသွားကြရန် ဘေးကြီးရော၊ ပြိုင်ကာပြေးရခြင်း။—**

ဟု-နှုလုံးသွင်းကာ သွင်းကာ ဤဝိပဿနာအလုပ်က ဘယဉာဏ်,အာဒီနဝဉာဏ် စသည်တို့နှင့် အားထုတ်ကြစေလိုပါ၍၊ ဝိသုဒ္ဓိကျင့်စဉ် ဆောင်ပုဒ်မှာ ရေးထုတ်လိုက်ပါသတည်း။

ဤသို့ ဘယဉာဏ် ထင်မြင် ပေါက်ရောက်ကြရန် အဘိဏှသုတ်ကြီး အသီးအသီးတို့နှင့် ရေးပြခဲ့သည့်အတိုင်း ရှုကြည့်ကြ၍၊ ထိုထို ဘဝ ရုပ်, နာမ် သင်္ခါရတို့ကို၊ ဘေးကြီးတွေ အခြင်းအရာ ထင်မြင်လာသည့် ဘယဉာဏ်အချက်တို့မှာ၊ ထို့ထက်ကြီးကျယ်သော **အပြစ်ကြီးတွေ**အခြင်းအရာ ထင်မြင်လာအောင် ရှုရသော ဉာဏ်သည်ပင်လျှင်**အာဒီနဝဉာဏ်**မည်၏။ ဝါ၊ ကြီးကျယ်သော ဤအပြစ်ဒေါသ အာဒီနဝကြီးတွေ ထင်မြင်လာကြလေအောင်၊ ရှေ့ ဘယဉာဏ်က ပြအပ်သည့်အတိုင်းကိုသာ မကြာမကြာ အခါခါ ရှုကြပါလေ။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ **။အသတေ ပဉ္စာနေ ပညာ-အာဒီနဝေဉာဏံ။** ။ဟု-ဟောတော်မူ၏။ **အနက်မြန်မာကား။** ။ဘယတုပဋ္ဌာနေ၊ ကြောက်အပ်သည့် အဖြစ်ဖြင့်၊ သင်္ခါရတို့၏ ထင်ခြင်း၌။ ပညာ၊ဖြစ်သောပညာသည်။ အာဒီနဝေ၊ အပြစ်ဒေါသ အာဒီနဝ ဟူသော အာရုံ၌။ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။ ။ထိုစကားမှန်၏။ ဖြစ်ပျက်နေကြသော သင်္ခါရဘုရားမျိုးထည်းကိုပင်၊ မမြဲသည်ကို ကြည့်၍ **အနိစ္စ**၊ သေဘေးထိနေသည်ကိုကြည့်၍ **ဒုက္ခ**၊ဘည်တဲ့နိုင်သော အနှစ်မရှိသည်ကိုကြည့်၍ **အနတ္တ**ဟု ရှုကြည့်ကြသည့် အခြင်းအရာ ထူးသောကြောင့်၊အနုပဿနာဉာဏ် သုံးပါးပြားသကဲ့သို့၊ဤဉာဏ် ၂-ပါးမှာလည်း အလုံးစုံရှိသမျှ သင်္ခါရ တမျိုးထဲကို ဘေးဒုက္ခကြီးတွေဟု ရှုသမျှသော **ဘယဉာဏ်**အချက်ကိုပင်၊ ထို့ထက် ဘေးဒုက္ခကြီးကျယ်လာသော အပြစ်ဒေါသ အာဒီနဝကြီးတွေဟု ရှုပြန်သော အခြင်းအရာ ထူးသောကြောင့်၊ ပဋိပဒါဉာဏ် ၂-ပါးထူးခြားရပြန်၏။စင်စစ်မူကား၊ဘေးအပြစ် ထင်ချက်ဉာဏ်နှုန်း၊ တခါ တရံမှ ထင်မူ **ဘယဉာဏ်**၊ ၎င်းဘေး ထင်ချက်ရင့်သန်မှု၊ မကြာမကြာထင်မှု၊**အာဒီနဝဉာဏ်**တို့သဘောဟု သိကြရာ၏။ ဤသို့ သိရှိထိုက်သော ဘေးကြီးတွေ, အပြစ်ကြီးတွေ ထင်မြင် နေကြအောင်၊အထူးအားသစ်ကြစေလိုသောကြောင့်။ **။ရှေ့နောက်ညှင်ကား၊ ဘေးများစွာ၊ခံကာနက်၏မင်း။** ။ဟူ၍ ဝိသုဒ္ဓိဆောင်ပုဒ်မှာ ရေးထုတ်

လိုက်ပါသည့် အရ၊ ကြောက်လန့်ဘွယ် အရေးနှင့်ဖြင့်၊ လောကီနယ်က လင်မယား,သားသမီး၊ပစ္စည်းအရေးများ အလေးအနက်တို့ကို အရေးမထားသင့်ဘဲ၊ မိမိတို့ခန္ဓာဆိုးကြီးတို့၏ ဘေးကြီးတွေ,အပြစ်ကြီးတွေမှ၊အမြန်လွတ်ဘဲ့ကြရန်၊ အကြီး အကျယ်ဆုံး ဝီရိယကြီးတွေနှင့် အပြေး အလွှား အားထုတ်ထိုက်-အားထုက်သင့်-အားထုတ်ကြရမည့် အရေးကြီး,အချက်ကြီးလေးပါးတို့ အရနှင့်၊ **သမ္မပ္ပဓာနဝီရိယ** တရားကို ဘုရားဟောကြားတော်မူအပ်သည်ကား။——

**ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော။** ။ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်ဘရားတို့ကို။ ပဟာနာယ၊ ပယ်ဖျောက်ခြင်းငှါ။ ဝါယာမော၊ မီးရထားအားထက်မက ကြီးမားသော ဝီရိယဖြင့် အားထုတ်ကြရဘို့တပါး။ ။**အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါယာမော။** ။အနုပ္ပန္နာနံ၊ ဖြစ်ပြီး မဟုတ်ပါ၊ ဖြစ်လတ္တံ့သော ဟုတ်လှပါသော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဝါယာမော၊ မီးရထားအားထက်မက ကြီးမားသော ဝီရိယဖြင့် အားထုတ်ကြရဘို့ဘပါး။ ။ဟူ၍ အကုသိုလ် ဘက်က ၂-ပါးရှိ၏။ ထို့အတူ ကုသိုလ်ဘက်က ၂-ပါး၊ ပေါင်းလေးပါးတို့တွင်၊ဤ၌ ၂-ပါးအရကို ထင်ရှားစွာသိလိုလှ၍၊ရှေ့ကရေးပြလိုက်သည့် အပြစ်ဒေါသ အကုသလတို့တွင်၊ ဥပ္ပန္န အကုသိုလ်အရနှင့် အတိတ်ဘဝဖြစ်ခဲ့သမျှသော အပြစ်ဒေါသ အကုသလတို့ကို သိကြဘို့ရာ ဥပမာကား၊ ဤလောကကြီး၌၊ မိုးသီးခေါင်သော နှစ်တိုင်းတို့မှာ ပစ္စည်းမလုံလောက်သောသူတို့ ကြွေးယူ၍ စားသုံးရသကဲ့သို့၊ သူတော်ကောင်းတရားတည်းဟူသော မိုးသီးခေါင်သော ရက်-လ-နှစ်၊ဘာကမ္ဘာ သံသရာ တလျောက်လုံးကြီးတို့မှာလည်း၊ သူတော်ကောင်းတရား မလုံလောက်သော•ပုထုဇဉ်အများတို့သည်၊ မသူတော်ဘရား အလေ့ပေါက်ထွန်းကားသဖြင့်၊ လ,နှစ်,ကမ္ဘာ သံသရာရှည်သမျှ မိုဘ်ကြွေး, မှားကြွေးကြီးတွေချည်းဘဲ တင်-တင်လာသမျှ အကုသလတို့ကို၊ အဏ္ဏမြုလောက် ဒြပ်ထားပြီးလျှင်၊ တခုနှင့်ဘခု ထိစပ်ကာမျှ မကောင်းမှုရှင် သတ္တဝါတိုင်းတို့ကို နှိပ်စက်ကြဘို့ ပိုင်းအုံကြပါမူ၊ တယောက် တယောက်သော သူ၏ မကောင်းမှုနယ်ကြီးသည်၊ ဤစကြဝဠာနယ်ကြီးထက်မက၊ ကျယ်ပြန့်၍ သွားကြကုန်ပြီးလျှင်၊ ထိုသတ္တဝါတွေကိုပင် အမြဲလိုက်၍ ဖိစီးနှိပ်စက်နေကြကုန်၏။ ထိုစကားမှန်၏။ သူတော်ကောင်း တရားတည်းဟူသော

မိုဃ်းမည်သည်၊ ဘုရားပွင့်မှ ထွန်းကားနိုင်သည်။ ထို ဘုရားပွင့်သော ခေတ်အခါတို့ကလည်း၊ ဤကမ္ဘာတွင် ဘုရား အပွင့်ဆုံးကြီး ဖြစ်တာမှ ငါးဆူသာပွင့်နိုင်ကြသည်။ ထိုငါးဆူတို့သာသနာ လွန်စွာအဆုံး အနှစ်နှစ်သိန်းစီ ထားသော်မှလည်း၊ အနှစ်တသန်းသာ တရားကည်းဟူသော မိုဃ်းရွာရာ ခေတ်ကာလဖြစ်နိုင်၏။တရားမိုဃ်း မရွာရာခေတ် နှစ်တို့အရေအတွက်ကိုကား၊တခုတခုသောကမ္ဘာကြီးများတို့၏နှစ်အကြာကို၊ဂဏန်းသင်္ချာတို့ဖြင့်မရေတွက်နိုင်ရာသောအချက်မျှနှင့်ထောက်ဆကြစရာကား၊ -

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ကိန်းအောင်းနေတော်မူသောအခါ၊ ဘုရားရှင်အား ရဟန်းတပါးက ကမ္ဘာကြီးတခု၏အကြာကိုလျှောက်ထားရာ၊ ဥပမာနှင့် ဟောတော်မူသည်ကား၊ အလျား-အနံ-အစောက်-တယူဇနာစီရှိကြသော တခဲနက်ကျောက်တောင်ကြီးကို၊ အနှစ် တရာ-တရာလွန်မှ တခါတခါသာ၊ ကာသိတိုင်းဖြစ် ပိုးစစ် အဝတ် အထည်တို့နှင့်၊ တကြိမ်တထပ် စပ်မိရုံသာ ပွတ်တိုက်ကြရာ၊ ၎င်းအနှစ်တရာတွေ အခါခါများလေ၍၊ထိုပိုးစစ်အဝတ် စားသဖြင့်၊ ၎င်းတခဲနက်ကျောက်တောင်ကြီး ကုန်ပျောက်၍ သွားသော်လည်း၊ ဤကမ္ဘာကြီးကား၊ မကုန်သေးကြောင်းကို **နဇ္ဇေဝကပ္ပေါ**-ဟု ပဗ္ဗတူပမ အနမတဂ္ဂသုတ် သံယုတ်ပါဠိတော်၌ ဘုရားဟောတော်မူ၏။ ။**အနက်မြန်မာကား**။ ။ကပ္ပေါ၊ ကမ္ဘာကြီး တကမ္ဘာသည်။ ပရိက္ခယံ-ပရိယာဒါနံ၊ ထိုကျောက်တောင်ကြီးများ ပိုးအထည်နှင့် ပွတ်တိုက်ကြား၍ အကုန်လုံး ကွယ်ပျောက်သွားသော်လည်း၊ ကုန်ဆုံးကွယ်ပျောက်ခြင်းသို့။ နတ္ဝေဝ ဂစ္ဆေယျ၊ မရောက်ရာသည်သာတည်း။ ။ဟု-မိန့်မှာတော်မူတိုင်း၊ဤကမ္ဘာအဖြတ်ဆုံးကြီးမှာပင် တရားမိုဃ်းကောင်းရာ ခေတ်ကာလအခါကား၊ အနှစ်တသန်းခန့်သာ ရှိလေရာ၏။ တရားမိုဃ်းခေါင်ရာ ခေတ်အခါကား၊ အနှစ်အပိုင်းအခြားမရှိသည်များကို၎င်း၊ဤကဲ့သို့ အနှစ်အပိုင်းအခြားမရှိ များပြားဘိသော ကမ္ဘာကြီးတွေ အပေါင်းတို့တွင်၊ ဘုရား ဘိတ်ဘိတ်သား မပွင့်သော ကမ္ဘာကြီးတွေ ပေါင်း မရေ မတွက်နိုင်သည့် ကမ္ဘာ အသင်္ချေတွေကို၊ တစ်-နှစ်စသည့် ဂဏန်းထားပြန်၍ ရေတွက်ပြန်ရာ၊ အသင်္ချေပေါင်းတွေ များပြားလာ၍၊ အသင်္ချေကတဖန် အသင်္ချေချေတွေ ဖြစ်လာပြန်ရုံမျှမက၊အစမထင်နိုင်လောက်အောင် ကြာခဲ့လှသော ကာလကြီးတွေအတွင်းမှာ၊ လက်ပြစ်တတွက် လျှပ်စစ်တပြက်မျှ မလစ်လပ်ရအောင်၊ဇောစိတ္တုပ္ပါဒ်တို့နှင့်ချည်း

ဖြစ်ကြရ၏။ ထိုဇောစိတ္တုပ္ပါဒ်တို့တွင် သူတော်တရားသိ၍ ယောနိသော မနသိကာရ ရှိနိုင်ကြမှ၊ ကုသိုလ်ဇော ဖြစ်နိုင်ကြသည်ကိုရင်း၊ တရားကို လည်းမသိ၊ယောနိသော မနသိကာရတို့လည်း မရှိသူတို့ကား၊အကုသိုလ် ဇောချည်း ဖြစ်နေကြသည်ကိုရင်း၊ သိရှိတော် မူကြ ပြီးသား သူတော် ကောင်း အများ တို့သည်။ ။ဩော် — မိုးသည်းသွင်း ကိုယ်တော်ကြီးက သတ္တဝါတယောက်-တယောက်မှာ၊ အဇ္ဈမြှလောက်ဖြစ်ထား၍ နှိပ်စက် ကြဘို့၊ အကုသိုလ်တရားတို့က ဝိုင်းအုံကြမှု၊ဤစကြဝဠာနယ်ကြီးတို့ထက် မက၊ မိုက်ကြွေး,မှားကြွေးနယ်ကြီးတို့က ကျယ်ပြန့်၍သွားကြကုန်ရာ၏ဟု ရေးပြတော် မူသည်ကား၊ သတ္တဝါ အများကို ညွှာတာ သနား၍သာ လျော့ပေါ့ကာ ရေးပြထားတာတို့ ပေတည်းဟု သိရှိတော် မူကြကာ၊ ဩော် ငါတို့တစုမှာ အစမထင်သော အတိတ် သံသရာကြီးတလျှောက် လုံးတို့ ကုန်ဆုံး၍လာခဲ့ကြရတာများသည်၊ အလကား ဘေးဒဏ် အပြစ် မရှိငြားဘဲ၊ ကုန်ဆုံး၍လာ ခဲ့ကြရတာ မဟုတ်ပါ၊ နှစ်-လ-ရက်၊ ကာလ ရှိရှိသမျှတို့မှာ၊ သူတော်တရားမသိ၍၊ယောနိသော မနသိကာရမရှိကြဘဲ သံသရာဘေးဒဏ်အပြစ်၊ အကုသိုလ်အမိုက်အမှား ကြွေးအစစ်ကြီးတွေ တင်တင်လာခဲ့ကြရပါတကားဟူ၍လည်း၊သံသရာက ခန္ဓာအစဉ်ကြီးများ ကို ဘယ အာဒီနဝဉာဏ်က ဆက်လက်ကြကာ နိဗ္ဗိန္ဒသံဝေဂတရားကြီး ကြီး-ကြီး ပွါးများကြကုန်ရာ၏။

ထိုအတိတ်သံသရာက၊ ဖြစ်လာသမျှ မိုက်ကြွေး, မှားကြွေးကြီးတွေ တင်လာခဲ့ရသော အပြစ်ဒေါသ အာဒီနဝတို့ကို ယခု ရေးခဲ့သည့်အတိုင်း သိမြင်ထင်ရှားကြသည့် ယောဂီပုဂ္ဂိုလ်တို့သည်၊ယခုအခါ ဆရာသမား-သံဃာ တော်များတည်းဟူသော ခိုင်လုံကောင်းမြတ်သော မြေကောင်းကြီးတို့မှာ ဘုရားတရားတော်တည်းဟူသော မိုးကောင်း, မိုးမှန်များလည်း ရွာ ထားနေကြသည့် အခိုက်၊ ဝိဝဋ္ဋစေတနာ တည်းဟူသော မျိုးစေ့မှ၊ ဤ တဘဝနှင့်၊ တနှစ်နှင့်-တလနှင့်-တရက်နှင့်-တညဉ့်နှင့်၊ ပါရမီအစားစား တည်းဟူသော အညွန့်-အညှောက်-အပွင့်-အသီးတို့၊ တခါထည်းရင့်သန် ကြီးမား အဆုံးတိုင် ပေါက်ရောက်သွားကြမည့်အခိုက်မို့၊ ရှေးက မိုက်ခဲ့ပြီး သမျှ အကုသလတို့ကို ပဟာနာယ ဝါယာမော (ဟဲ့) ပဟာနာယ ဝါယာ မော(ဟဲ့)၊ မြန်မာလို **ငါ့အပြစ်ဘိုက်ပယ်ခြင်း၌၊ဇိဇိ့ယသန်သန်နှင့်၊မြန်မြန် ကြီး အားသွတ်ဟဲ့**၊ **မြန်မြန်ကြီးအားသွတ်ဟဲ့**ဟု အရေးအကြီးဆုံးအရနှင့် ဘုရားဟောပြတော်မူအပ်သော၊ ရှေးက မိုက်ပြီးခဲ့သမျှ နှိပ်စက်ကြဘို့၊

အဘင်း အဝမ္မ လိုက်နေကြသော ဥပ္ပန္နအကုသလ ဘေးကြီးများကို ငါတို့ ဆောင်ပုဒ်လင်္ကာက အတိုဆုံးစကားအရနှင့်ရှေးဟုရေးပြအပ်ပေသတည်း။

အနုပ္ပန္န အကုသိုလ်တို့အရနှင့်၊အနာဂတ်ဘဝ ဖြစ်လတ္တံ့သော အပြစ်ဒေါသ အာဒီနဝတို့ကို သိကြရဘို့ကလည်း၊ ရှေ့ကပြခဲ့ပြီးသော အတိတ်သံသရာကြီးနှင့် တူစွာ၊ သူတော်ကောင်းတရား မိုဃ်းခေါင်သွားလတ္တံ့သော ရက်, လ, နှစ်, ဘ၀,ကမ္ဘာ သံသရာ ရှည်သမျှ မိုက်ကြွေး, မှားကြွေးကြီးတွေ တင်တင်သွားကြရလိမ့်မည်ဥ၊ပင်လယ်စပ်အကျ ဂင်္ဂါမြစ်ကလည်းအဝ၊ရေစီးကလည်း သန်လှသောအထဲမှာ အားခဲ၍ လှော်နိုင်မှ လိုရာ ကမ်းစွန် ကလေးမှာ တားတားကလေးသာ တင်နိုင်ကြရမှာလို၊ ကမ္ဘာကြီးတွေ အရေ အသင်္ချေကြာအောင်ပင်၊ ဘုရားတွေ ကင်းကွယ်သည့် သုညကမ္ဘာ သံသရာပင်လယ်ကြီး အနီးမှာ၊ မိမိတို့ခန္ဓာ-ဂင်္ဂါမြစ်တွင်းကလောကီအတွက် မကောင်းမှုဘက်တည်းဟူသော ရေစီးပြင်းနေကြသည့်အထဲမှာ၊အားခဲ၍ ကျင့်ကြံနိုင်မှ မေတ္တေယျ ကမ်းစွန်ကလေးမှာ တားတားကလေးသာ တင်နိုင်ကြရမည်များကို မစဉ်းစားမိကြဘဲ၊ ရေ့ရဲရဲ-ယောင်တောင်တောင်၊ ခပ်ချောင်ချောင် နေမြော၍၊ သည်တဘဝ လျောသူတို့မှာ မေတ္တေယျ ကမ်းလွတ်ကွာ၍၊နောင်ကမ္ဘာတွင် အသင်္ချေအတွင်းမှာ၊ ဘုရားတွေ လုံးလုံးကင်းကွယ်သော သုညကမ္ဘာ သံသရာပင်လယ်ကြီးအထဲမှာ၊ အပါယ်လေးပါးတို့အစာ ကြောက်စရာ အနည်းနည်း ကြီးသည်ထက် ကြီးလှပါသော ဘေးဒုက္ခကြီးတွေထဲသို့၊မနေမနားတဖြစ်ထဲဖြစ် တနစ်ထဲ နစ်သွားရမည့် အနာဂတ်သံသရာ ဘေးဒုက္ခကြီးတကာတို့၏အပြစ်ဒေါသ အာဒီနဝကြီးများကို၊ယခုရေးပြခဲ့သည့်အတိုင်း သိမြင်ထင်ရှားကြသူ ယောဂီပြုတို့သည်၊ ယခုအခါ ဆရာသမား၊ သံဃာတော်များတည်းဟူသော ခိုင်လုံကောင်းမြတ်သော မြေကောင်းကြီးတို့မှာ ဘုရားတရားတော် တည်းဟူသော မိုဃ်းများလည်း၊ ရွာထားနေကြသည့်အခိုက်၊ ဝိဝဋ္ဋစေတနာ တည်းဟူသော မျိုးစေ့မှ၊ ဤတဘဝနှင့်, တနှစ်နှင့် တလနှင့်,တရက်နှင့်,တညဉ့်နှင့်၊ ပါရမီအစားစားတည်းဟူသော အညွန့်, အညှောက်၊ အပွင့်, အသီးတို့ တခါထည်း ရင့်သန်ကြီးမား၊ အဆုံးတိုင်ပေါက်ရောက်သွားမည့်အခိုက်မို့၊ နောက်နောင် မိုက်သွားကြလတ္တံ့ သမျှကုန်သော အကုသလတို့ကို၊ ပဟာနာယ ဝါယာမော (ဟဲ့) ပဟာနာယ ဝါယာမော(ဟဲ့)၊မြန်မာလို ထိုအပြစ်တို့ကိုပယ်ခြင်းငှါ၊ ဝီရိယသန်သန်နှင့်၊ **မြန်မြန်ကြီး အားထုတ်ကြဖို့ဲ၊ မြန်မြန်ကြီး အားထုတ်ကြဖို့ဲ** ဟု အရေး

အကြီးဆုံးအရှုပ်နှင့် ဘုရားဟောပြတော် မှုအပ်သော နောက်နောင် အခွင့် ရသမျှ မိုက်ကြလတ္တံ့ပြီ၊အားကြီးနှိပ်စက်ကြတို့ **အနုပ္ပန္နအကုသလဘေး** ကြီးများကို၊ငါသို့ဆောင်ပုဒ်လက်ာကအတိုဆုံး စကားအရှုပ်နှင့် **နောက်မှ** သိအပ်ပေသတည်း။ ။ဤ **ရှေ့-နောက်** အကုသိုလ်ဘေး၊ ရောဂါဥပဒ် အရပ်ရပ်သော ဘေးကြီးတွေ့ညှပ်ကာ သေဝပါးနီး အချက်ကြီး တို့မှာ တခါတည်း ဖြုပ်ဖြုပ် သွားနိုင်ကြရသော အချက်တို့ကို၊ ကွက်ကွက်-ကွင်းကွင်း-ထင်လင်း သိမြင်နိုင်ကြရသော ဘယဉာဏ်, အာဒီနဝဉာဏ် များကို နေ့စဉ်အလုပ်ထား၍ ပွါးများဖြစ်ကြရန်၊ **ရှေ့နောက် ညှပ်ကား၊ ဘေးများစွာ၊ ခံကာနှက်၏မင်းဟု-** ဝိသုဒ္ဓိဆောင်ပုဒ်၌ ရေးထုတ်လိုက် ပါသတည်း။

ဤသို့ သာသနာမရှိတုန်းအခိုက် ရှေးကမိုက်ခဲ့ပြီးသမျှ **ဥပ္ပန္နအကုသလ** တို့ ကောဋ္ဌာ ရှိခဲ့ပြီးတို့ကိုငှင်း၊ အရိယာမှတပါး ပုထုဇဉ် လူ, ရှင်, ရဟန်း အများတို့ ယနေ့ ဘုရားဘုပါး ပြောင်းရွှေ့သွားမှု၊ ယနေ့ပင် သာသနာ ကွယ်၏။ ထိုသို့ပင် မပြောင်းမရွှေ့ဘဲ၊ ဤဘုရား တခုထဲကိုသာ ကိုးကွယ် ဆည်းကပ်နေပါသော်လည်း၊ ယနေ့သေသူတို့ ယနေ့ပင် သရဏဂုံ ပျက် ပြား၍ သာသနာ ကွယ်ပသွားသော အခါတို့၌ငှင်း၊ ဤဂေါတမ, အရိ မေတ္တေယျ ဘုရားသာသနာ ခေတ်ကြီးများတို့လည်း၊အကုန်လုံး ကုန်ဆုံး ကွယ်ပ သွားသောအခါတို့၌ငှင်း၊ နောက်နောင် မိုက်ခွင့်ရှိသမျှ မိုက်ကြဦး မည့် **အနုပ္ပန္နအကုသလ**တို့ ကောဋ္ဌာ ရှိကြလတ္တံ့ တို့ကိုဋင်း၊ယခုအခါကပင် ထင်ရှားသိချင်သူများ သိသာသွားအောင် ခြားနားသော သက်သေခံအရ ကား၊ယခုအခါ ဘုရားသာသနာတော် ရှိသောကြောင့်၊ တရားတော်များ လည်း ထင်ရှားရှိဆဲ၊ထိုတရားတော်များကိုလည်း၊ဗုဒ္ဓဘာသာ မှန်သမျှတို့ သိသိုက်သမျှသိရှိကြရပေသော တရားတို့ကိုကျင့်ကြံလို၍၊တခြားသို့ စိတ် မလွှင့်ပါးစေဘဲ၊ ကျန်းမာ ချမ်းသာတုန်းအခါ၊ ဆိတ်ငြိမ်ရာ အရပ်တို့မှာ အကြောင်းကြောင်းညီညွတ်ကြပါ၍၊မိမိတို့စိတ်ကိုသာ မလျော့စေပါဘဲ၊ **ဘုရားရှိခိုးဆုံးခင်အတွင်း ငါ့စိတ်ဟာ ဤဘုရားက တခြားသို့ မသွားစေ ဘူးမဲ့** ဟု- အဓိဋ္ဌာန်လည်း ပြုပြီး၊ခဲခဲ-မဲမဲကြီး ဘုရားရှိခိုးမှုနှင့် တရားကို အဟုတ် လွန်မင်းစွာ အားထုတ်နေဆဲ အခါထဲမှာပင်၊ မိစ္ဆာဝိတက်တွေ ဝင်၍၊ မုံရွာနယ်- နွားကူးတို့ရွာက ဘုရားတကာ ဦးချမ်းဖေ ရှိခိုးနေဆဲ အခါ၊မကြာမကြာ တတောင်ဘာဘက်နှင့် နောက်ကိုချည်း တွက်တွက်နေ တာကို၊ သူတူများက မြင်ကြ၍ မေးသောအခါ၊ မကောင်းတဲ့ဝိတက်တွေ

ဝင်ဝင်လာနေကြတာများကို၊ နင်တို့နေကြဦး၊ နင်တို့နေကြဦး ဟူသော အချက်နှင့် နောက်သို့တွက်ထာမောင်ရှေ့ဘု ပြောပြလေသော ဦးချမ်းဖွေး ကိန်းအရ၊ ငါတို့တစုက ထို့အတူ တဘောင်နှင့် တွက်ကြရမှု၊ လက် ၂-ဘက်လုံးပင် နဖူးပြင်မှာ၊ ဦးတင်စရာ အခါမရဘဲ၊ ၂-ဘက်လုံး နောက် ဘက်ထဲမှာ တတွက်ထဲ တွက်နေကြရမည့် ကိန်းများနှင့် ကြုံပြီးသား ဖြစ်ကြသည်များကို၊ဘုရားရှိခိုးတိုင်း အဓိဋ္ဌာန်ထား၍ ထား၍ရှိခိုးသူအများ ယောကျ်ား,မိန်းမ၊ ရှင်, ရဟန်းစသည်တို့ သံဝေဂကြီးရရန်နှင့် စဉ်းစား၍ ကြည့်ကြပုံကား။—

သြော်-ယခုကာလ ဤလောကကြီးထဲမှာ သူတော်ကောင်းတချို့တွေ လည်း ထင်ရှားရှိ၊ ၎င်းတရားတို့ကိုလည်း ထင်ရှားသိ၊ သိရှိတိုင်းလည်း မဆိုင်းမတွ မိုက်ခွင့်မပေးကြဘဲ၊ အဓိဋ္ဌာန်ကြီးတွေနှင့် အရေးတကြီး အားထုတ်နေကြသည့် အတွင်းမှာပင်၊ မိုက်ခွင့်ကိုအတင်းရှာလျက်၊မိမိတို့ စိတ်ရောက်ချင်ရာသို့ ရောက်နေကြသော အချက်များကို၊ ခိုးထုပ်ခိုးထယ် နှင့်တကွ၊အရှိခိုးခံသူက သက်တော်ထင်ရှား ဘုရားအစစ်ကြီးဖြစ်မှုကား၊ လက်ရဘမ်းမိ- သိရှိထားသဖြင့်၊ သယ်-သင်တို့ မရှက်မကြောက် ငါ့ မျက်မှောက်မှာ၊ လူကိုတော့ ငါ့ဘက်မှာ မျက်နှာထားပြီး၊ လူကြား, ရှင် ကြား ကောင်းအောင်သာ ဘုရားရှိခိုး အရိုး, အဆန်း၊ အခန်းခန်းတို့ကို ဖြန်းဖြန်း ကွဲရတဲ့အောင် ကျက်ကြပြီး၊ ငါ့အနီးမှာ တစာစာနှင့်၊ ရပြီး သား ပါးစပ်နှင့်သာ ကိုယ်စားလည်လွှဲ၍၊ စိတ်ထဲကတော့ သွားချင်သမျှ သွားနေလိုက်ကြတာ ပါးစပ်က ရပြီးသားတွေ အကုန်ဆုံးတောင် လုံးလုံး ကြီး သတိမရကြသေး၍၊ကျနုပ်ရပြီးသားတွေဆုံးနေပြီးမျို့ ။ဦးချပါတော့ ဦးချပါတော့ဟု ကုန်းလျှိုပင် အော်နေစေကာမူ၊ အတော်ကြာမှ သတိရ၍ **ဟင်-ငါဘုရားရှိခိုး ဆုံးနေပါပြီလား** ဟု ဦးချပြီး ထထသွားနေကြရသည့် သင်တို့ **သူတော်ကောင်း ဘေလေအစားတွေကို** ငါဘုရားလည်း သိရဲ့၊ သင်တို့၏ ကိုယ်စောင့်နတ်, ကျောင်းစောင့်နတ်, အိမ်စောင့်, မြို့စောင့်, ရွာစောင့်နတ်တို့လည်း သိကြ၏။ သို့ပင် သိသော်လည်း၊ မင်းတို့မြို့ရွာ, ကျောင်း-ကန်-အာရာမ် အတွင်းတို့မှာ နံနက်တခါ-ညဉ့်တခါ၊ အချိန်မှန် စွာနှင့် ပါးစပ်ကို ကိုယ်စားလည်ထားပြီး၊ ဆူဆူညံညံလည်း ရှိပြီးသား၊ လူသိနတ်ကြားလည်း ဖြစ်ပွါးအောင် ရွတ်ဘတ်သရဇ္ဈာယ် ဘော်တို့ကား၊ မင်းတို့ကဘဲရကြား၍၊ငါ၏ကိုယ်တော်စားရပ်ပွါးစေတီတို့နှင့်၊ဒေဝီ,ဒေဝါ နတ်တကာတို့ကလည်း၊ ငါဘုရား အရိပ်နိမိတ်ကို သိကြပြီး၊ တပိုးတဖိမျှ

မသိကြဘဲ၊ မြှုံးဗိဗိသာရှိကြပါစေ၊ မိမိတို့က မျက်နှာထား ပျက်မှဖြင့်၊ ဂယောက်ဂယက် သမားတွေ ခက်ကြပြီး ကိုယ်စားလည်းနှင့်ပင်လည်း ရှိခိုးဘော်မရဘဲ ရှိကြလိမ့်မည်များကို ရုပ်ပွါးတော်တို့အား သတိပေးခဲ့ သည့်အလားဖြင့်၊ပြုံးဗဗိမျက်နှာထားနှင့်သာအရှိခိုးခံရှာကြရလေသတည်း။

အကယ်၍ဘုရားက ၎င်းမိစ္ဆာဒိဋ္ဌိတက် ကိလေသာတို့အတွက်၊တားမြစ် စေကာမူ၊ မရမည့်အချက်ကို ဥပမာဆက်၍ ဆိုဦးအံ့။မိဘတို့ရှေ့နားမှာ ချစ်ခင်လှစွာသော သား၏ရောင်ကို ချွေးမက ဆွဲလျက် သွားကျိုး ထွက် သွားအောင် ပါးကိုချ၊ သွီးချစ်၏ ဆံထုံးကိုဆွဲလျက် သွားကျိုး ထွက်သွား အောင် သားမက်က ပါးကိုချနေပါသည့် ချွေးမတို့,သမက်တို့ကို၊ မိဘတို့ က ချမ်းသာပေးကြပါ၊ ချမ်းသာပေးကြပါဟု အခါခါ တောင်းပန်ခြင်းကို ပြုသော်လည်း၊မရသည့်အဆုံးကျဘော့မှ ဘယ့်နှယ်လဲ ချစ်သား-ချစ်သွီး တို့-ငါမိဘတို့ မျက်စိအောက်မှာ တောင်းပန်နေသည့် အခါထဲက ရောင် ဆွဲ-ဆံထုံးဆွဲပြီး၊ အသီးအသီး ပါးကို ဘိနပ်ကြီးတွေနှင့် နှက်နှက်နေကြ သည့် ချွေးမနောက်-သမက်နောက်သို့၊ငါမိဘတို့က အဘယ်သို့လျှင် ထည့် လိုက်နိုင်ကြတော့အံ့နည်း ချစ်သား,ချစ်သွီးတို့ မလိုက်ကြပါနှင့်၊မလိုက်ကြ ပါနှင့်ဟု မျက်ရည်စက်လက်နှင့် အခါခါဖျက်သော်လည်း၊ ၎င်းသားသွီး တို့က ပါးရိုက်သူတို့ကိုမှ ဟုတ်တယ်လို့ထင်လှ၍ မျက်ရည်တွေ ယိုရွှဲနှင့်၊ ငိုပွဲတွေဆင်ပြီး မတားမြစ်ချင်ကြပါနှင့်တော့၊ ဘမိ,တို့၏ ကျေးဇူးတွေကို လည်း ထင်မြင်ကြပြီး၊ ဦးတင်ခဲ့ပါခဲ့။ ကျုပ်တို့အကြောင်းကံ တရားနှင့် ကျုပ်တို့သာ သွားပါရစေတော့ဟု ပြောပြောဆိုဆိုနှင့် ထိုပါးရိုက်သော အရေးကို မကြောက်၊ မိမိတို့ အထုပ်ကလေးတွေကိုသာ မြှောက်ပြီး၊ ငေါက်ငေါက်ပါအောင်မယားဆိုး,လင်ဆိုးတို့နောက်သို့၊မကြောက်မရွံ့၊ မတွန့်မတို၊လိုလိုချင်ချင်၊လျှင်လျှင်မြန်မြန် လိုက်သွားပြန်သော ချစ်သား, ချစ်သွီးများကို မျက်ရည်ယိုယို သနားပိုသော မျက်စိနှင့်ပင်၊ အမြင်ဆုံး အောင် လိုက်ကြည့်ဘိသကဲ့သို့၊မိဘ-အလား ဘုရားရှေ့တော်မှောက်မှာ၊ အမိဋ္ဌာန်ကြီးပါပျောက်ပျက်၍၊ ဂယောက်ဂယက်တွေ ဖြစ်နေကြအောင်၊ မိစ္ဆာဒိဋ္ဌိတက်များက နှိပ်စက်ထားကြသည်ကို၊ ဘုရားရှင်က သနားချစ်ခင် လှ၍၊-အို-ချစ်သား,ချစ်သွီးများတို့။ ငါဘုရားရှေ့တော်နားမှာ အမိဋ္ဌာန် ထားပါ၍၊ ဘုရားရှိခိုး နေကြတာတောင်မှ ကိလေသာ မိစ္ဆာဒိဋ္ဌိတက်တို့၏ အနှိပ်စက်ကလွတ်ကွက်ကိုမရကြကုန်၊မင်းတို့ကာမဂုဏ်နယ်၊မြို့ရွာလယ် တို့မှာ ဆိုဘွယ်ရာ မရှိ၍၊ထိုကာမဂုဏ်တွေ အကြားသို့၊ ငါဘုရားမထည့်

နိုင်ဟု အရှိုးခံသည့်ဘုရားက တားမြစ်လျှင်၊ ထိုဘုရားရှင် ကိုလည်း ကျေးဇူးတွေထင်မြင်ပြီး ဦးတင်ခဲ့ပါရဲ့။ တပည့်တော်,တပည့်တော်မများ ကိုကား အရှင်ဘုရား မသနားပါနိုင့်တော့။တပည့်တော်တို့ အကြောင်း တရားတို့နှင့်သာ တပည့်တော်တို့သွားပါရစေတော့ဟု ပြောပြောဆိုဆိုနှင့် လက်အုပ်ကိုချိုးမြှောက်ပြီး ငေါက်ကနဲ-စိတ်တမျိုးနှင့်၊ လင်ဆိုးမယားဆိုး တို့ထက်မက အဆိုးအဝါးဆုံးကြီးတွေဖြစ်လှသော ကာမဂုဏ်အစားစား၊ ကိလေသာဒုစရိုက် အမိုက်အမှားတို့နောက်သို့သာ ကောက်ကောက်ပါ အောင် ငါတို့မကြောက်မရွံ့ မတွန့်မတို၊ လိုလိုချင်ချင်၊ လျင်လျင်မြန်မြန် လိုက်စားမိုက်မှား နေကြပြန်တကားဟု ထိတ်လန့်ခြင်း သံဝေဂများများ ကြီး ရကြသဖြင့်၊ ဘုရားရှိခိုးတိုင်း အဓိဋ္ဌာန်ထားကြ၍၊ ရှိခိုးကြသူများ၊ မိမိတို့စိတ်သွားကို စဉ်းစားကြည့်သူတိုင်းတို့မှာ သိရှိကြရာသဖြင့်၊အတိတ် ကာလ သာသနာ,ကြီးတို့မှာ၊ဘုရားလည်းမရှိ၊ဘုရားကိုလည်းမသိ၊ဘုရား ကိုလည်း ကျင့်လိုသော စိတ်မရှိကြဘဲ၊ မိုက်ခွင့်ဆိုက်သမျှ မိုက်ခဲ့ကြပြီး ဥပုဿအကုသိုလ်ဘေးကြီး ငရဲမီးတို့ကို လည်းကောင်း၊ ယနေ့က နောက် လည်း မိုက်ပေါက်ကို မပေးဘဲနှင့်ပင်၊ မိုက်ချင်သလို မိုက်ခွင့်ကိုရ၍၊ အဝီစိငရဲမီးမှာ တခါထည်း မြုပ်နေအောင် မိုက်မိုက်သွားလတ္တံ့သော အနုပုဿအကုသိုလ်ဘေးကြီးငရဲမီးတို့ကိုလည်းကောင်း၊ကြောက်ခြင်းကြီး လှလှ၊ အဟုတ်လည်း ကြောက်ကြ၍၊ သူတော်ကောင်း တရား သမထ ဝိပဿနာများတို့ကိုအားသစ်ကြလို့ မဖြစ်မခြင်းစိတ်မလျှော့ကြဘဲ၊သာလို့ သာလို့ပင် အားခဲဘော်မှုနိုင်ကြပါစေသဘည်း။ ဝါ၊ အားထုတ်လို့ မဖြစ် နိုင်တယ်လို့ လျှော့ပေါက်, ပေါ့ပေါက်ရှိကြက ဘယ်နှယ်မလဲ၊ ယခုဘဝ သေဘေးဆင်းရဲကြီးမှ ငရဲမီးဟူသမျှတို့မှာ ကမ္ဘာကြီးတွေနှင့်ရက်တွက် ၍၊ထောင့်တသက်ခံရမည့် ဆင်းရဲဘေးဒုက္ခကြီးတွေကို ထောက်စာကုန် ဘိ၊ဉာဏ်မျက်စိနှင့်ကြည့်ကာ ကြည့်ကာ၊ယခုဘဝ ကာမဂုဏ်ကို မလိုက် စားရသည့်ဆင်းရဲ၊ အပင်ပန်းခံ၍ ကျင့်ကြံရသည့် ဆင်းရဲကလေးများကို အမှုမထား လောက်ဘဲ၊ ယခုဘဝ အမြန် ပေါက်ရောက် ကြအောင်သာ သမထ ဝိပဿနာများကို အားကျ-ပါးကျ အားထုတ်ကြပါလေ သူတော် ကောင်းတွေတို့။ ။ဤသည်တို့ကား။ ။(သူ့ထက် ငါသာ၊ဘေးကြီးရာ၊ ဖိုင်ကာ ပြေးရခြင်း။ ။ရှေ့နောက်ညှပ်ကာ၊ဘေးများစွာ၊ အုံဘာနှက်၏ မင်း)။ ။ဟူသော လင်္ကာ ၂-ပုဒ်အရကို ဘယဉာဏ်, အာဒီနဝဉာဏ် စသည် ဖြစ်ကြရန်၊အကျယ်ဝေဘန်၍ ပြချက်တို့ပေတည်း။ ။ဤ၁၃-ရက်

၁၄-ရက်တို့ပေါ၍ အပြီးသတ်တို့မှာလည်း၊ ဤအဘိဏှသုတ်ကြီး အရကို ပွါးများကြခြင်း လိုရင်းအချက်တို့ကိုဂုဏ်း၊ ဒါန,သီလ,ဘာဝနာဘဏ်များ သွင်းထားကြခြင်း၊ ကွဲဘေး စသည်တို့နှင့် တွေ့ကြုံကြသောအခါ၊ ဓိတ်မာန်များကို တင်းတင်းထား၍ ထောက်တည်ရာ အစားစားတို့ကို ရသွားနိုင်ခြင်းစသော လိုရင်းအချက်ကြီးများ နိဂုံးချုပ်စကားတို့ကိုလည်း ပောကြားကြပါလေ၊ ဆရာပြုသူအပေါင်း- သူတော်ကောင်း တွေတို့။ ။စုဒ္ဒသမရက် အလုပ်စခန်း ဤတွင်နိဋ္ဌိတံ။

---

## (၄၉) ပန္နရသမရက်က သမ္မသင်္ခါရ အနိစ္စာအရ၊ အဝိဇ္ဇာဏက တို့ကို မေးလိုရာမေးကြပါဟု ရဲရဲကြီး တာဝန် ပြုနိုင်ရန် အချက်ကို ထန်းရှက်နှင့်ပြပုံ

[ယခု ပြလတ္တံ့သော ၁၅-ရက်မြောက်သည့် ပန္နရသမရက်၊ဝိပဿနာ အလုပ်ပေးချက်၌ ရှေ့ရက်စုက ပြအပ်ခဲ့ပြီးသော ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဥ္စိတုကမျတာ ဉာဏ်တို့သည်၊ သီးခြား ဝိပဿနာ ဘာဝနာ တပါးရယ်လို့ မရှိတော့ချေ၊ ရှေ့ဉာဏ် ၃-ပါးတို့က ပြအပ်ခဲ့ပြီးသော ဝိပဿနာရှုနည်း အသီးသီးတို့တွင်၊ အလွန်အပျက် လျင်မြန်မှုကို ရှုကြည့်သည့် ဘင်္ဂဉာဏ်မှာသာ စိတ်ကို အမြဲပိုက်ထားပါ၍၊ဘယဉာဏ်, စသော အထက်အထက် ဉာဏ်ကြီးများကို တက်ကြရသည့် အဖြစ်ကို သိစေလို၍။ ။**ဘင်္ဂါနုပဿနံ အာသေဝန္တဿ ဘာဝေန္တဿ ဗဟုလီကရောန္တဿ။** ။ဟု-ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပြသည့်အတိုင်း၊ အပျက်ကို အဖန်ဖန်ရှုသောဘင်္ဂဉာဏ်ကိုမှီ၍သောပွါးများသော ကြိမ်ဖန်များစွာ အားထုတ်သောသူအား ဘယဉာဏ် စသည်တို့သည် ဖြစ်ကြရသည့် အတွက်၊ ဘင်္ဂဉာဏ်မှာ အမြဲစိတ်ကို ဝိုက်ထားပါလျှင်၊ ထိုထိုဘယဉာဏ် အာဒီနဝဉာဏ်အချက် စသည်တို့မှာ၊ ကြောက်ဘွယ်, လန့်ဘွယ် အသွယ်သွယ် တို့ကို ပြထားပါသည့်အတိုင်း၊ အလျင်အမြန်ပျက်နေကြသော တေဘူမက သင်္ခါရတရားတို့ကို ဘေးကြီးတွေဟု ရှုသော ဘယဉာဏ်,အပြစ်ကြီးတွေဟု ရှုသော အာဒီနဝဉာဏ်, ငြီးငွေ့ဘွယ်ကြီး တွေဟု ရှုသော နိဗ္ဗိဒါဉာဏ်, စွန့်လွှတ်ဘွယ်ကြီးတွေဟု ရှုသော မုဥ္စိတုကမျတာဉာဏ်တို့ ပေါ်ပေါ်လာအောင် ပေါ်၍ ပေါ်၍ ရှုရ၏။ ထိုမှတပါး၊ ဘယဉာဏ်စသည် ဝိပဿနာ ရှုနည်းရယ်လို့ သီးခြားမရှိတော့ပြီ။ ပဋိသင်္ခါဉာဏ်နှင့် သင်္ခါရုပေက္ခာ

ဉာဏ်တို့မှာကား၊ ဝိပဿနာရှုနည်း သီးခြားလည်း ဝိသုဒ္ဓိမဂ်မှာ လာ၏။ ၎င်း သမ္မသန, ဥဒယဗ္ဗယ, ဘင်ဉာဏ် အချက်တို့က ပွါးများကြရတာတို့လည်း ပါရှိနေကြပြန်သောကြောင့်၊ ၎င်းဉာဏ် အကုန်လုံးတို့မှာ အသုံးပြုနိုင်ရာသော **သဗ္ဗေသင်္ခါရာအနိစ္စာ** စသည် ဘာဝနာ ၄၀-အရနှင့်၊ဝိသုဒ္ဓိကျင့်စဉ် စာအုပ်, ပဋိစ္စသမုပ္ပါဒ် ကျင့်စဉ် စာအုပ် ဘင်ဉာဏ် အလုပ်တို့မှာပြခဲ့ပါသတည်း။ ]

ယခု၌ဝိပဿနာ အလုပ်ပေးစဉ်စာအုပ်၌ကား၊ဘင်ဉာဏ်က ပဋိသင်္ခါဉာဏ်ကျအောင်၊ အထက်အထက် ဉာဏ်ကြီး အသီးအသီးတို့လည်းပြီးစီး၊ နောက်ဆုံးပိတ်မှာ ပွါးများကြဘို့ အရေးကြီးလှပါသော သင်္ခါရုပေက္ခာဉာဏ်ကြီးတို့လည်းပြီးစီးကြရန်အချက်နှင့်၊နောက်ပိတ်ဆုံးရက် ဝိပဿနာ အလုပ်ကြီး ထိုးတင်ရန်အပြီးသတ်မှာ၊ ဝိပဿနာပျက်ချက် အစားစားနှင့် နည်းမထပ်အောင် ဟောကြားသမျှတို့ကို နာကြားသူတို့က၊ပြောဟောသူ အကဲသိရအောင် **မယုံသေးဘူးဗျ-မယုံသေးဘူးဗျ**ဟု- အရှုံး,အနိုင် ထား၍ ခဲမဲကြကြိတ်ကာ ပြောဆိုကြပါသော်လည်း၊ အနိစ္စပျက်အရနှင့် ဟောပြချက်ကြီး အနည်းနည်းတွေက များပြားလှသောကြောင့်၊ မယုံသေးဘူးသမားက ဆလံသ, လောက်အောင်၊ ထင်ရှားစွာပြရဘို့ အချက်တို့ကား၊ ထိုထိုအမှုအရာပျက်တို့နှင့် အနိစ္စအချက်ကို ရှုကြည့်ကြသောအခါ၊ အဖြစ်ကို မမြင်လာဘဲ၊ကုလားတပ်ကြီးတို့ တပြိုင်နက်ထည်း ၎င်းသို့ တက်တက်သွားသမျှ နောက်ပိုင်းကလည်း အကုန်လုံး ရုပ်သိမ်း ရုပ်သိမ်းပြီး လိုက်ဘိသကဲ့သို့၊ ဝိပဿနာအားထုတ်သူ ထိုထို အမှုအရာတိုင်းတို့ နောက်ပိုင်းကလည်း လောကအားလုံးကြီးတို့နှင့်တကွ၊ ချုပ်ငြိမ်း ရုပ်သိမ်းကြကာ၊ ပျက်စီး၍ လိုက်ပါနေကြသည်ကိုသာ ထင်မြင် ပေါက်ရောက်လျက် ရှိနေကြသော ယောဂီမြတ်ဖျား-ယောကျ်ား, မိန်းမ၊ ရှင်ရဟန်း စသည်တို့၏ ထင်မြင်ပေါက်ရောက် နေကြသည့် သဘောအရအတိုင်း **သဗ္ဗေသင်္ခါရာ အနိစ္စာ** ဟူသော ပါဠိတော် စကားကြီးကို **တို့မြန်မာစကား တနည်းနှင့် ပြန်ဆိုရသော်။** ။သဗ္ဗေ၊ ထက်ဝန်းကျင် အဆုံး အပိုင်း အခြားမရှိ၊ အချင်းချင်း ထိကာမျှဖြစ်၍၊ ဇာတိမီး, ဇရာမီး, မရဏမီး, တဏှာမီး, ကိလေသာမီးတို့အတွက်၊တရှူရှူ-တမွှမွှ ချုပ်ပျက်နေကြသည့်အလုံးစုံကုန်သော။ သင်္ခါရာ၊ အကြောင်းတရားတို့သည် ကောင်းစွာ ပြုပြင်အပ်ကုန်သော သင်္ခါရအနု-ဓာတ်အထု သဘောမျှ အစုတို့သည်။ အနိစ္စာ၊ မြဲခြင်းသဘောမရှိကုန်။ ။ဟု-ဝိသုဒ္ဓိကျင့်စဉ်ဆောင်ပုဒ် ဘာဝနာ လေးဆယ့်

အရမှာ မြန်မာပြန် အနက်ပြလိုက်ပေသည်များကို နှလုံးသွင်းကာသွင်းကာ တခဏကလေးမျှ ထောက်တည်ရာမရကြဘဲ၊ ထိုထို အမူအရာ အပြောင်းအလွဲနှင့်တကွ၊ ဘလောကလုံးကြီးတို့ ကတိုက်ကရိုက် ပျက်းစီး၍လိုက်ပါနေသည်များကို၊ လက်တွင် ဝတ်ထားသည့် ပြည်တန် ပတ္တမြားကို မျက်စိအမြင်ဖြင့် ပြည့်စုံလှသော မင်း-မိဖုရားတို့ ရှုစားကြသောအခါ၊ ကြောင်ကြောင်ကြီး မြင်ကြပါသလို၊ ယောဂီမင်း အများတို့မှာလည်း၊ ကြောင်ကြောင်ကြီး တလောကလုံးအပျက်တွေကို ထင်မြင်နေအောင်၊ထိုထိုအမူအရာပျက်နှင့် တွဲဘက်ကြကာ မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

ဝိပဿနာ အလုပ်တရားကို အားမထုတ်ဘူးသူ များတို့ပါ၊ လောကအားလုံးကြီးဘို့ပျက်စီး၍နေကြသည့်အရပ်ရပ်တို့ကိုသိမှတ်ပေါက်ရောက်လွယ်ကြရန်၊**သင်္ခတသင်္ခါရအနိစ္စ**ဟူသော ဘုရားဟော မဂဓစကားကိုတို့မြန်မာစကားနှင့်၊ သင်္ခါရအချက်-အနိစ္စအချက်၊ အနက်နှစ်ပါး ထင်ရှားလာအောင် ပြဆိုရပါမူ။ ။သင်္ခတ၊အဝိညာဏက,သဝိညာဏက-အတွင်းသား အကုန် အလုံးစုံရှိရှိသမျှဘို့သည်။ သင်္ခါရာ၊ အကြောင်းတရားတို့ကအခါမစဲ-အမြဲလည်း ပြုပြင်ကြရကုန်၏။ အနိစ္စာ၊အခါမစဲ-မြဲခြင်းသဘောလည်း မရှိကုန်။ ။ဟု နာမသတ် အနက် ပြန်ဆိုချက်အတိုင်းကို၊ ဝါစကား-ရှာစကားအရနှင့် ချပေးဘို့ကား၊**သင်္ခတသင်္ခါရအနိစ္စ-အလုံးစုံပြုသမျှ ပျက်**ဟု ချပေးလို့ ရသည့်စကား ၂-ခုတို့ကို၊ အဓိပ္ပါယ် ပေါ်လွင်အောင် ပြောဆိုရမူ၊ **အလုံးစုံအရ** ဘာနှင့်-ဘာတို့ လုံးကြသနည်းဟူမူ၊ အဝိညာဏက,သဝိညာဏက ရှိရှိသမျှတို့လုံးကြသည်ဟုသိကြပါလေ၊ထိုအဝိညာဏကအမျိုးမျိုးတို့တွင်၊တနေ့တခြား ကြီးပွါးတိုးတက်လာသောသစ်ပင်ချုံနွယ် စသည် တို့မှာလည်း၊ကြီးကြီးသွားအောင် ထိုထိုဝတ္ထုကြီးတို့နှင့် အပြည့်အပြည့် ရှေ့ကထက်ပို၍ ပို၍ ရုပ်တို့ကိုပြုပြင်ကြသည့်**သင်္ခါရ**အချက်နှင့်၊ အသေးဘက် အဆင့်ဆင့်တို့ အကုန်လုံး ပျက်စီးလိုက်နေကြသည့် **အနိစ္စ**အချက်တို့ကို ထင်မြင်ကြရန်၊ သဘောတမျိုး တစား ရှိကြ၏။ ။တနေ့တခြား သေးသေးသွား-ခြောက်သွေ့ သေးငယ်သွားသော အပင်- အကိုင်း- အခက်-အရွက်- အသီး စသည်တို့မှာလည်း၊ သေးငယ်သွားအောင် ထိုထိုဝတ္ထုကြီးနှင့်အပြည့်အပြည့်ရှေ့ကထက်လျော့၍လျော့၍ ရုပ်တို့ကို ပြုပြင်ကြသည့် **သင်္ခါရ**အချက်နှင့်၊အကြီးအဆင့်ဆင့်ဘို့ ဘက်ကအကုန်လုံးတို့ ပျက်စီး၍ လိုက်နေကြသည့် **အနိစ္စ** အချက် တို့ကိုလည်း၊ ထင်မြင်ကြရန် သဘောဘမျိုး တစားရှိကြ၏။ ။မတိုးမဆုတ်ဘဲ ပကတိ

သဏ္ဌာန်အတိုင်း တည်နေသော အုဋ်ကျောက်,သစ်,ဝါး၊ တုံးတိုင်,အပင် အခက်၊အရွက်,အသီး စသည်များတို့မှာလည်း မတိုးမဆုတ်အောင်၊ထိုထို ဝဏ္ဏကြီးတို့နှင့် အပြည့် အပြည့် ရှေ့အစား အတိုင်း ပြုပြင် ပေးကြသည့် **သင်္ခါရ**အချက်နှင့်၊ ရှေ့ရှေ့ဘက်က အစားတူ အဆင့်ဆင့်တို့ အကုန်လုံး ပျက်စီး၍ လိုက်နေကြသည့် အနိစ္စ အချက်တို့ကိုလည်း၊ ထင်မြင် ကြရန် သဘောတမျိုး တစားရှိကြ၏ဟူ၍၊ အဝိညာဏက ရှိရှိသမျှ အားလုံးတို့ မှာလည်း၊၃-မျိုး ၃-စား အလုံးစုံဟူသော-သဗ္ဗေ အရများကို ခြားနား၍၊ သင်္ခါရနယ်အရနှင့်၊ အနိစ္စနယ်အရတို့ကို အများသူတို့ပင်၊ သိမြင်ထင်ရှား အောင်၊ ဟောကြားပြသရမည့် အချက်ကြီး တမျိုး။

ထိုမှတပါး သဝိညာဏက အစားစားတို့တွင်လည်း၊ တနေ့တခြား ကြီးပွါးတိုးတက်လာသော သူငယ်များနှင့်၊ ခေတ်လေးပါးမျှ၍ ဝ-ဝ- လာသူတို့မှာလည်း ကြီးကြီးသွားအောင် ကိုယ်ကောင်ကြီးတို့နှင့်အပြည့် အပြည့် ရှေ့ကထက် ပို၍ပို၍ ရုပ်တို့ကိုပြုပြင်ပေးကြသည့် **သင်္ခါရ**အချက် နှင့်၊ အသေးအဆင့်ဆင့်တို့ဘက်က အကုန်လုံးပျက်စီး၍လိုက်နေကြသည့် **အနိစ္စ**အချက်တို့ကို၊ ထင်မြင်ကြရန် သဘော တမျိုး တစားရှိကြ၏။ ။ တနေ့ တခြား ပိန်ချုံး သေးငယ် သွားသော အိုသူ-နာသူတို့မှာလည်း၊ သေးသေးသွားအောင်၊ကိုယ်ကောင်ကြီးတို့နှင့်အပြည့်အပြည့်ရှေ့ကထက် လျော့၍လျော့၍၊ ရုပ်တို့ကို ပြုပြင်ပေးကြသည့် **သင်္ခါရ** အချက်နှင့်၊ အကြီး အဆင့်ဆင့်တို့ဘက်က အကုန်လုံးတို့ ပျက်စီး၍ လိုက်နေကြသည့် **အနိစ္စ** အချက်တို့ကိုလည်း၊ ထင်မြင်ကြရန် သဘော တမျိုးတစားရှိကြ၏။ ။ မတိုး မဆုတ်ဘဲ ပကတိ သဏ္ဌာန် အတိုင်း တည်နေသော လူတမ်းစေ့၊ လူလတ်စားတို့မှာလည်း၊ မတိုး မဆုတ်အောင် ကိုယ်ကောင်ကြီးတို့နှင့် အပြည့်အပြည့် ရှေ့အစားအတိုင်း ပြုပြင်ပေးကြသည့် **သင်္ခါရ**အချက်နှင့်၊ ရှေ့ရှေ့ဘက်က အစားတို့ အဆင့်ဆင့်တို့ အကုန်လုံးပျက်စီး၍လိုက်နေကြ သည့် အနိစ္စ အချက်တို့ကိုလည်း၊ ထင်မြင်ကြရန် သဘော တမျိုး တစား ရှိကြ၏ဟူ၍၊သဝိညာဏက ရှိရှိသမျှအားလုံးတို့မှာလည်း၊၃-မျိုး ၃-စား (အလုံးစုံဟူသော သဗ္ဗေ) အရ များကို ခြားနား၍၊ သင်္ခါရနယ်အရနှင့် အနိစ္စနယ်အရတို့ကို အများသူတို့ပင် သိမြင် ထင်ရှားအောင် ဟောကြား ပြသရမည့် အချက်ကြီးတမျိုးတို့အရကို၊အားလုံးကြီးနားလည်ကြအောင် ဥပမာဆောင်ရန်၊—

အသက်တရာ မစေ့ခင်လည်း မသေကြ၊ ပိုလို့လည်း မနေရသော အသက်တူ လူပေါင်းတရာဘို့ရွာတည်ကြရာ၊ ဥတု အာဟာရစသည်တို့ လွန်စွာညီညွတ်ကောင်းမြတ်လှသည့်အတွက်၊ ထိုမိဘတို့ထက် ထမ်းပိုး တက်၍၊ တမြိုင်နက် သားသမီး (၂၀၀) မွေးလျှင်၊ မိဘနှင့် ပေါင်း (၃၀၀) ရှိကြရာ၊ ပဌမအနှစ်တရာအကုန်တွင်၊ ၎င်းမိဘတရာတို့အသက်တရာစေ့၍၊ တယောက်သေတာကိုမြင်လျှင်၊ မိဘတရာလုံးပင် သေကြကာ၊ သား သမီး (၂၁၀) သာ ရှိတော့သည်ဟု သိရ၏။ ဤအချက်၌ ဉာဏ်မျက်စိ လည် တတ်ကြသည်ကား၊ သားသမီး (၂၀၀) သာရှိသော ဤရွာသားတို့မှာ၊ ငါတို့ ရွာတည်စက-တရာ၊ ယခု (၂၀၀) ဖြစ်၍၊ တရာတောင်တိုးလာသေးသည်၊ ဆုတ်ယုတ်ပျက်ပြားခြင်းမရှိဟု၊ အရေအတွက် သင်္ချာတို့ကိုသာ ကြည့်၍၊ ဉာဏ်မျက်စိလည်သူ များတတ်လှ၏။ ဤသို့လည်းကြရာ၌၊ ရွာတည်ရင်းမိဘ တရာတို့ကို၊ နိစ္စ-ထာဝရထား၍၊ ငါတို့ရွာ၌ ဆုတ်ယုတ်ပျက်စီးမှာဝေးစွ၊ အသစ်တိုး သားသမီးတွေနှင့် ယခုလူပေါင်း (၂၀၀) တောင် ရှိလာပြီဟု ဉာဏ်မျက်စိမလည်ကြရန်၊ အမှန်သင်ကြရမိုက္ခား၊ ယခုရှိလူ (၂၀၀) တို့ သည်၊ နောက်တိုး-နောက်ဖြစ်သက်သက်သားသမီး (၂၀၀)တို့သာတည်း။ ရွာတည်ရင်း မိဘတရာဘို့ကား၊ ဆုတ်ယုတ် ပျက်ပြား သေဆုံးမှု အနိစ္စ ရောက်သွားကြလေကုန်ပြီ။ စင်စစ်မှုကား၊ မိဘတို့ပြုပြင်ချက် သင်္ခါရ အတွက်ကြောင့်၊ တရွာလုံးနှင့်အပြည့် ယခုရှိနေကြသော သားသမီး(၂၀၀) ထဲသို့၊ အဟောင်းအနိစ္စ မိဘတို့ တယောက်မျှမပါဘဲ၊ ထိုရွာတွင်းက တယောက်သေရာ တရွာလုံးအတူသေ၍ပါရသော အနိစ္စမိဘတို့တရာထဲ သို့လည်း၊သင်္ခါရအတွက်နှင့် ဖြစ်ပေါ်ချက်သားသမီးတို့ တယောက်မျှမပါ ဘဲ၊ တမျိုးတခြားစီသာ ကွဲလွဲနေကြပါသည်ကို ဉာဏ်မျက်စိမှာ ဟုတ်မှန် တိုင်း ထင်မြင်လာကြအောင်၊ မကြာမကြာ-အခါခါရှုကြည့်ကြပါလေ။

ထို့နောက်တဖန် ၎င်းရွာမှာ ကျန်ရှိသောသားသမီး(၂၀၀)တို့ကလည်း၊ မိမိတို့ထက်ထမ်းပိုးတက်၍၊ သားသမီး (၄၀၀) မွေးလျှင်၊ မိဘနှင့် ပေါင်း (၆၀၀) ရှိကြရာ၊ ဒုတိယအနှစ်တရာအကုန်တွင်၊ မိဘ (၂၀၀) တို့သေ၍၊ သားသမီး (၄၀၀) တို့သာ ကျန်ရှိပြန်၏။ ၎င်း (၄၀၀) ကလည်း ထမ်းပိုး တက်၍၊ သားသမီး (၈၀၀) မွေးလျှင်၊ မိဘနှင့်ပေါင်း (၁၂၀၀) ရှိကြရာ၊ တတိယအနှစ်တရာအကုန်တွင် မိဘ (၄၀၀) တို့သေ၍၊ သားသမီး (၈၀၀) တို့သာ ကျန်ရှိပြန်၏။ ဤသို့ ကြီးပွါးတိုးတက်လာသည့် ရွာကြီး၌လည်း ဉာဏ်မျက်စိမလည်ကြစေဘဲ၊ ရွာလုံးကျွတ် အကုန် ပျက်ပျက်လိုက်နေကြ

သော အနိစ္စမိဘတို့ဘက်က နည်းပါး၍၊ တရွာလုံးကြီးနှင့် အပြည့်အပြည့် ဖြစ်လိုက်နေကြသော သင်္ဂါရအတွက် ဖြစ်ပေါ်ချက် သားသမီးတို့ဘက်က တိုးပွါးသောကြောင့်၊ ထိုရွာကြီး-ကြီးမားလာချက်ကိုရင်း၊ တယောက် သေလျှင် တရွာလုံးသေချက်အနိစ္စ၊ တယောက်မွေးလျှင် တရွာလုံးမွေးချက် သင်္ဂါရတို့ အဆင့်ဆင့်ဖြစ်ပျက်သွားချက်ကိုရင်း၊ ဉာဏ်မျက်စိမှာ အဟုတ် ထင်မြင်လာအောင် အခါခါ ကြည့်ရှုကြပါလေ။

ထို့နောက်တဖန်၊ ရင်းရွာကြီးမှာ ကျန်ရှိသောသားသမီး (၈၀၀) တို့က၊ ဥတု-အာဟာရစသည် ချိုဘဲ့ကြသည့်အတွက်၊ မိမိတို့အောက် ထမ်းပိုး ဆုတ်ယုတ်လျက်၊ သားသမီး (၄၀၀) မွေးလျှင်၊ မိဘတို့နှင့်ပေါင်း (၁၂၀၀) ရှိကြရာ၊ စတုတ္ထအနှစ်တရာအကုန်တွင်၊ မိဘ (၈၀၀) တို့သေ၍၊ သားသမီး (၄၀၀)တို့သာ ကျန်ရှိပြန်၏။ ရင်း(၄၀၀)တို့ကလည်း၊ ထမ်းပိုးဆုတ်ယုတ် ၍ သားသမီး (၂၀၀) မွေးလျှင်၊ မိဘတို့နှင့် ပေါင်း (၆၀၀) ရှိကြရာ၊ ပဥ္စမ အနှစ်တရာအကုန်တွင်၊ မိဘ (၄၀၀) တို့သေကြ၍၊ သားသမီး (၂၀၀) တို့ သာ ကျန်ရှိပြန်၏။ ရင်းသားသမီး (၂၀၀) တို့ကလည်း၊ ထမ်းပိုးဆုတ်ယုတ် လျက်၊ သားသမီး (၁၀၀) မွေးလျှင်၊ မိဘတို့နှင့်ပေါင်း (၃၀၀) ရှိကြရာ၊ ဆဋ္ဌမအနှစ်တရာအကုန်တွင်၊ မိဘ (၂၀၀) တို့သေကြ၍၊ သားသမီး (၁၀၀) တို့သာကျန်ရှိပြန်၏။ ဤသို့ ဆုတ်ယုတ်လျော့ပါးသွားသောရွာကြီး၌လည်း၊ ဉာဏ်မျက်စိလည်တတ်ကြသည်ကား၊ ဆဋ္ဌမအနှစ်တရာမှာ မမွေးခင် မိဘလူပေါင်း (၂၀၀) ရှိ၍၊ ယခု သတ္တမ အနှစ်တရာမှာလည်း မမွေးခင် လူပေါင်း (၁၀၀) သာ ရှိကြရာ၌၊ ရှေ့က အောက်လူ (၁၀၀) တောင် ဆုတ်ယုတ်သွားသေးသည့် အတွက်၊ လူတိုးချက်ကား ဘယ်မှာရှိအံ့နည်း ဟု အရေအတွက် သင်္ချာဂဏန်းကိုသာ ကြည့်၍ ဉာဏ်မျက်စိလည်တတ် ကြ၏။ **အမှန်ကိုဆိုပုံကား၊** ယခုသတ္တမအနှစ်တရာမှာရှိကြသော လူပေါင်း (၁၀၀) တို့သည်၊ နောက်တိုး,နောက်ဖြစ်,နောက်သစ်,နောက်မွေး သား သမီးတို့သာတည်း။ ဆဋ္ဌမ အနှစ်တရာက ရှိရင်း မိဘ (၂၀၀) တို့ကား၊ အကုန်လုံး ဆုတ်ယုတ် ပျက်ပြားကြလေကုန်ပြီ၊ စင်စစ်မူကား၊ သင်္ဂါရ အတွက်ကြောင့်၊ တရွာလုံးနှင့်အပြည့် ယခုရှိနေကြသော သားသမီးအသစ် (၁၀၀) ထဲသို့၊ အဟောင်း အနိစ္စမိဘတို့ တယောက်မျှ မပါဘူးဟူ၍ရင်း၊ တဖန် တယောက်သေရာသို့ တရွာလုံးကျွတ်သေ၍ ပါနေကြသော အနိစ္စ မိဘ (၂၀၀) ထဲသို့လည်း သင်္ဂါရအတွက် ဖြစ်ပေါ်ချက် သားသမီးတို့ တယောက်မျှ မပါဘူးဟူ၍ရင်း၊ ဉာဏ်မျက်စိမှာ ဟုတ်တိုင်းမှန်စွာ ထင်

မြင်လာကြလျက်၊ အနိစ္စမိဘတို့ဘက်ကများ၍၊ သင်္ခါရသားသမီးတို့ဘက်က နည်းပါးသောကြောင့် ရွာကြီးသေးငယ်သွားချက်ကိုရင်း၊တယောက်သေလျှင် တရွာလုံးသေချက်အနိစ္စ၊ တယောက်မွေးလျှင် တရွာလုံး မွေးချက်သင်္ခါရတို့ အဆင့်ဆင့်ဖြစ်ပျက်သွားချက်ကိုရင်း၊ဉာဏ်မျက်စိမှာ အဟုတ်ထင်မြင်လာအောင် အခါခါကြည့်ရှုကြပါလေ ယောဂီမြတ်တွေတို့။

ထို့နောက်တဖန် ၎င်းရွာမှာ ကျန်ရှိသောသားသမီး (၁၀၀) တို့က၊ဥတုအာဟာရစသည်တို့က ညီမျှရုံကလေးသာ ရှိကြပါသည့်အတွက်၊မိဘတို့အဘိုင်းသာ အသစ် (၁၀၀) မွေး – အဟောင်း (၁၀၀) သေ၊ ထို့အတူ တရာမွေး–တရာသေ၍သာ အနှစ်ပေါင်း ထောင့်,သောင်း ကြာအောင်သွားလေသည့် ရွာကြီး၌လည်း၊ ဉာဏ်မျက်စိ လည်တတ်ကြသည့်ကား၊ သတ္တမအနှစ်တရာကစ၍၊အနှစ်ပေါင်း ထောင်သောင်းကြာသော်လည်း၊ လူပေါင်းတရာကနဲ့နဲ့မျှ တိုးမဆုတ်ကြဘူးဟု အရေအတွက်သင်္ချာဂဏာန်းဘက်ကိုသာကြည့်၍၊ သတ္တမ အနှစ်တရာက၊ တနည်း–ရွာတည်စက လူပေါင်းတရာအတိုင်းပင်ဟု နိစ္စထာဝရထားလျက်၊ ဉာဏ်မျက်စိလည်သွားတတ်ကြလေ၏။ အမှန်သဘောမှာ၊ ယခုရှိလူတရာတို့ကား၊ နောက်တိုး,နောက်ဖြစ်,နောက်သစ်သက်သက် တရာတို့သာတည်း။အရင်ကရှိရင်းမိဘတရာတို့ကား၊ဆုတ်ယုတ်ပျက်ပြားကြလေပြီ၊ စင်စစ်မူကား၊ မိဘတို့ပြုပြင်ချက်သင်္ခါရအတွက်ကြောင့်၊တရွာလုံးနှင့်အပြည့် ယခုရှိနေကြသောသားသမီး (၁၀၀) ထဲသို့၊အဟောင်းအနိစ္စ မိဘတို့တယောက်မျှမပါဘဲ၊ ထိုတရွာလုံးအတူသေကြသည့် အနိစ္စမိဘထဲသို့လည်း၊ သင်္ခါရအတွက်နှင့် ဖြစ်ပေါ်ချက် သားသမီးတို့ တယောက်မျှမပါကြဘဲ၊ ပျက်သည့် အနိစ္စနှင့်, ပြုသည့် သင်္ခါရတို့ တူမျှကြသောကြောင့်၊ အရေအတွက် ဂဏာန်းသင်္ချာတို့သာ မတိုးမဆုတ်ပါ၊ ရွာနှင့်အပြည့်ရှိသော လူကောင်တွေကား အမြဲထာဝရ အသစ်,အဟောင်း ပြောင်းလဲနေကြတာတို့ကို ဉာဏ်မျက်စိမှာ အဟုတ်ထင်မြင်လာအောင် အခါခါ ကြည့်ရှုကြပါလေ။

ဤသို့ ရှေးက ပြအပ်ခဲ့ပြီးသော ရွာကြီးတို့တွင်၊ တိုးတက်လာသည့်ရွာကြီးထဲမှာ သင်္ခါရ–အနိစ္စတို့လည်း ဖြစ်ပါချက်၊ ရွာကြီး ဆုတ်ယုတ်သွားရာထဲမှာလည်း၊ သင်္ခါရ–အနိစ္စတို့လည်း ဖြစ်ပါချက်၊ ရွာကြီး မတိုးမဆုတ်ရှိနေသည့်အထဲမှာလည်း၊သင်္ခါရ–အနိစ္စတို့လည်း ဖြစ်ပါချက်အရ၊ ဥပမာပြအပ်သည်တို့ကို သေချာစွာ မှတ်သားမိကြအောင်၊ အထပ်ထပ်ကြည့်ကြပါလေ။ ဤဥပမာအရကို နားလည်ကြက အများ သူတို့ပင်

အလျင်အမြန် သင်္ခါရအနိစ္စာအရ နားလည် လွယ်ကြအောင် ဥပမေယျတို့ကို အဝိညာဏကတို့ဘက်က ပြဆိုရမူ၊ထန်းရွက်ကို ချိုင်ပြီးလျှင် နေပူတွင် ထားသောအခါ၊ ခြောက်လိုက်သွားရာ၌ ဆင်ခြင်ရန်ကား၊ ဤနေမင်းကြီးက ချိုင်ထားပြီးထန်းရွက်ကိုသာ ချုပ်ပျက်သွားအောင် ပူသည် မဟုတ်၊ ထန်းပင်ပေါ်က ထန်းရွက်တို့ကိုလည်း၊ ထို့အတူ ချုပ်ပျက်သွားအောင် ပူသော်လည်း၊အောက်ကပင်ရေတက်လျှောက်၍ နေပူလို့ခြောက်သည်ထက် ပိုမိုပြီးလျှင်၊ ကြီးကြီးလာချက်တို့ကိုလည်း လူတိုင်းတို့ပင် ထင်မြင်နေကြရာဝယ်၊ ချိုင်စက စိမ်းဖိုရှပ် တပိဿာရှိသော ထန်းရွက်ကို နေပူမှာ တနာရီလှန်းပြီးမှ၊ချိန်၍ ကြည့်ကြသောအခါ၊ ထန်းရွက်ခြောက် (၉၀)သားသာရှိလေရာတွင်၊**ပညာနှင့်ဆင်ခြင်၍ကြည့်ကြပုံကား၊** ပြော် ဆုတ်ယုတ်သွားသောရွာကြီးမှာ၊မိဘနှင့်တူပါသော ချိုင်ပြီးစ စိမ်းစိုသော ထန်းရွက်အတွင်းသား တချုံးတို့၏အတွင်း၌ စိုရှပ်တပိဿာ အကုန်လုံးတို့ ရှပ်သက်ချင်း တူကြလျက် တပြိုင်နက် ချုပ်ပျက်ကြ၍၊ နေပူတာ အတွက်နှင့်လည်း ၎ောကရွာကြီးမှာ၊ဆုတ်ယုတ်၍ မွေးသော သားသွီးပမာ ချတ်ဖြတ်၍ လှန်းထားပါသည့်အတွက်၊ ပင်ရေတက်ရန်မရှိ၊ အားနည်းဘိ၍၊ ၎င်းထန်းရွက်၌ တောဖောတို့က ရှပ်ကလာပ်သစ် တည်းဟူသော သားများလျော့၍ မွေးဖွားသောကြောင့်၊ နောက်ဖြစ် ထန်းရွက်ခြောက် (၉၀)သား ရှပ်သစ်တို့သက်သက်သာဖြစ်သတည်းဟု အမှန်ကိုသိမြင်၍ ဆင်ခြင် မိကြကုန်ရာ၏။ ဆုတ်ယုတ်သွားသော ရွာကြီးမှာ ဉာဏ်မျက်စိ လည်တတ်တာကဲ့သို့၊ဆုတ်ယုတ်ခြောက်သွေ့သွားသောထန်းရွက်၌လည်း ဉာဏ်မျက်စိ လည်နေတတ်ကြ သည်ကား၊ ထန်းရွက် တပိဿာနေလှန်းပါတာ (၉၀) သားသာရှိနေရာ၌၊ (၁၀)သား,သာ ချုပ်ပျောက်ခြောက်သွေ့သွားသည်။(၉၀) သားကား၊ မပျက်ငြားဘဲတည်ရှိနေသည်ဟု ဉာဏ်မျက်စိ လည်နေတတ်ကြလှ၏။**အမှန်ကိုသိရန်ကား၊** ရှေ့နား ငါးကြောင်းလောက်ကပင် ပြဆိုခဲ့လေပြီ။ ၎ောကထက် ထူးချက်ကား၊ ဆုတ်ယုတ်၍ မွေးသောရွာကြီးမှာ၊ ဖြစ်ပျက်-အသက်တူမိဘ (၂၀၀) ထဲက၊ တရောသာ အသေအနိစ္စ၊ တရာကား မသေနိစ္စမဖြစ်နိုင်ကြဘဲ၊(၂၀၀)လုံး အကုန်သေပျောက်၍၊နောက်မွေးတရာ အသစ်သာ ပေါ်ပေါက်နေရာသလို၊ဖြစ်-ပျက်အသက်တူ ထန်းရွက်စိုရှပ် တပိဿာထဲက (၁၀)သား, သာ အနိစ္စဖြစ်၍ သေ။ (၉၀)သားကား နိစ္စဖြစ်၍ မနေနိုင်ကြဘဲ၊ တပိဿာလုံး စိမ်းစိုသော ရှပ်စုအကုန်လုံးတို့ချုပ်ပျောက်အနိစ္စရောက်၍၊နောက်မွေးဥတုဇ သင်္ခါရ

ရုပ်သစ် (၉၀) သားသာ မျက်မြင်ဖြစ်နေ၏ဟု ဥပမာ–ဥပမေယျ ဟပ်၍၊ ဤ အချက်တခုမှာ ဉာဏ်ရှင်းသွားအောင် ထပ်ကာထပ်ကာ။ဝါ၊ ပြန်၍ ပြန်၍ ရှုကြည့်လိုက်ကြပါလေ။

ဤထန်းရွက်တပိဿာနေလှန်း၍၊(၉၀) သား,သာ ကျန်ရှိရာမှာ (၁၀) သား ပျက်ပျောက်မည်။ တပိဿာလုံးပင် ပျက်ပျောက်မည်များ သဘော သွားကို၊ မရှင်းမလင်းကြဘဲ ငြင်းပွဲကြီးဖြစ်ကြမူ၊ ဖြေရှင်းချက်အရ လွယ်ကူလှသည့်အတွက်၊ ပညာရှိကြီးတွေကို မဆိုထားနှင့်ဦး၊ သူငယ်များကို ယခုဖြစ်ပွါးသည့်အတိုင်း မေးမူလည်း၊ ဟုတ်မှန်ရာကို ဖြေဆိုနိုင်ကြကုန် ရာ၏။အဘယ်သို့ ဖြေဆိုနိုင်ရာသနည်းဟူမူ၊ ၎င်းငြင်းပွဲကြီးနားသို့ ရောက် လာသည့် သူငယ်တယောက်ကို ထိုထန်းရွက်နေလှန်းသည့်အတိုင်း မေး ပုံကား၊ အမောင်သူငယ်–နေမလှန်းခင် ဤထန်းရွက်အတွင်းသားတွေဟာ အစိုလား, အခြောက်လားဟု မေးမူ၊ **အစိုဗျို**ဟုဖြေလိမ့်မည်။ အလေးချိန် ဘယ်မျှ ရှိသနည်းဟု မေးမူ၊ **တပိဿာဗျို**ဟု ဖြေလိမ့်မည်။ ၎င်းတပိဿာ ရှိသည့် ထန်းရွက်ပိုကို နေအဘန်ကြာအောင် လှန်း၍၊ ခြောက်သွေ့ခါ (၉၀)သားသာ ရှိသောအခါမှာ၊ ၎င်းသူငယ်ကိုပင် အမောင်သူငယ်– ဤ ထန်းရွက် အတွင်းသားတွေဟာ အစိုလား, အခြောက်လားဟု မေးမူ၊ **အခြောက်ဗျို**ဟု ဖြေလိမ့်မည်။ အလေးချိန် ဘယ်မျှရှိသနည်းဟု မေးမူ၊ (၉၀) သားသာရှိသည်ဟု ဖြေဆိုပေလိမ့်မည်။ ယခင်က တပိဿာရှိသည့် ထန်းရွက်စိမ်းကြီးဟာ၊ယခု(၉၀)သားသာရှိသည့် ထန်းရွက် ခြောက်ကြီး ဟုတ်ကဲ့လားဟုမေးမူ၊ **ယခင်က တပိဿာရှိသည့် ထန်းရွက်ကြီးမဟုတ် တော့ဘူးဗျို။ ယခု(၉၀)သားသာရှိသည့်ထန်းရွက်ခြောက်ကြီး ဖြစ်နေပြီ ဗျို့**ဟု သူငယ်များကဖြေဆိုကြသည့်အတိုင်း၊လူကြီးများက ဘယ်အချက် ဟာ မဟုတ်ပါဘူးဟု ပယ်ဖျက်နိုင်သော အချက်တို့လည်းမရှိ၊ ထန်းရွက် ကြီးအတွင်းသားထဲမှာ စိုရုပ်တို့လည်းတတိုတစမျှ ရှာ၍မရအောင် အနိစ္စ နယ်ကပျက်၊အခြောက် ရုပ်တို့ကလည်း သဒိါရနယ်က တက်နေကြတာကို လည်း သိရှိကြရ၍၊ သူငယ်များဖြေကြားတိုင်း ဘုတ်လိုက်လေခြင်း–ဟုတ် လေခြင်းဟူ၍သာ ဦးခေါင်းညိတ်ကာညိတ်ကာ၊ဆလံပေးသော အလား အကုန်လုံး ခေါင်းဆတ်သွားကြကုန်ရာ၏။

ဤအချက်တခု သဘောကျပါမူ၊ နောက်နောင်၊၎င်းထန်းရွက်ကို နာရီ အဆင့်ဆင့်နေလှန်း၍ ရုပ်အဆင့်ဆင့်တို့ လျော့လျော့ လိုက်ချက်တို့မှာ လည်း၊ထန်းရွက်ရုပ်(၉၀-သား)မိဘတို့က(ဂ၀–သား)သားသို့တို့ကို မွေး

ဖွား၍(၉၀-သား)အကုန်သော၊(၇၀)ကလည်း(၇၀)မွေးသော၊(၇၀)ကလည်း (၆၀) မွေးသော၊ (၆၀) ကလည်း (၅၀) မွေး-သော၊ ၎င်း (၅၀-သား)မှာ ထန်းရွက် အခြောက် ရပ်သော အခါတို့၌ ကား၊ ထန်းရွက် (၅၀-သား) မိဘ အဆင့်ဆင့်တို့ကလည်း၊သားသမီး ထန်းရွက်ရပ် (၅၀-သား) အဆင့် ဆင့်တို့ကို ကာလကြာမြင့်အောင်မွေးလျက်၊သေလျက်ရှိနေကြရာတို့တွင်၊ အဆင့်ဆင့်ခြောက်သွေ့လိုက်နေကြသော ထန်းရွက်ရပ်စုတို့၊လျော့လျော့ လိုက်ပြီးလျှင်၊ထန်းရွက်ကြီးနှင့် အပြည့်အပြည့်ရှိသမျှ ရပ်ဟောင်းစုတို့က လည်း၊အကုန်လုံးသေပျောက် ခြောက်သွေ့လိုက်ရချက်အနိစ္စတို့ကိုလည်း ထင်မြင် ထမြောက်-သဘော ပေါက်လာ ကြပေလိမ့်မည်။ ဝါ၊ ထင်မြင် ပေါက်ရောက် သဘောပေါက်ကြအောင်၊ အပေါ်ရံထန်းရွက် ပုံသဏ္ဍာန် ပညတ်များကို မကြည့်ဘဲ၊ အတွင်းသားထဲက အရေကလာပ်မှုန့်- အဖတ် ကလာပ်မှုန့်တို့ တမျိုးပျောက်ပြီးမှ တမျိုးရောက်လာကြမှု၊ ပရမတ်စုတို့၏ သဘောရနှင့်-အနိစ္စအချက်တို့ကိုသာမကြာမကြာအခါခါရှုကြည့်ကြပါလေ။

တဖန်လူပေါင်းတရာရှိသော ရွာကြီးမှာ၊ သင်္ချာမတိုးမဆုတ်ဘဲ၊မိဘ-သားသမီးအဆင့်ဆင့်တို့ ဖြစ်ပျက်နေကြရာသကဲ့သို့၊ ထန်းရွက် အခြောက် ရပ်၍(၅၀-သား)က မလျော့သော ထန်းရွက်ခြောက်တို့မှာကား၊ အပြင် သား ထန်းရွက်ခြောက် ပုံသဏ္ဍာန်တို့ကသာ ရှေးအတိုင်း ထင်မြင်ရပါ သော်လည်း၊ခဏတချုဖြစ်ကြသောရပ်တို့သည်၊ အသက် တချု-ဖြစ်-ပျက်တချု ဖြစ်ကြသောကြောင့်၊ တခုပျက်လျှင် တရွက်လုံးပျက်၊ တခု ဖြစ်လျှင်-တ ရွက်လုံးဖြစ်နေကြသော အတွင်းသားရပ်ကလာပ်တို့ကို သိကြရန်၊ နံနက် စောစောက-၎င်း ထန်းရွက်ခြောက်ကို ချိန်ကြည့်ရာမှာ၊ (၅၀-သား)သာ ရှိသည်ဟု သိရှိပြီးမှ၊ နေလွန်း၍ နေမွန်းတည့်အခါ ချိန်၍ ကြည့်ပြန်ရာမှာ (၅၀-သား) ပင်ရှိသော်လည်း၊ အတွင်းသားတို့ ဖြစ်ပျက်မှုတို့ကို သိရှိသူ တို့က ပျက်သည့် အနိစ္စတို့လည်း (၅၀-သား)၊ သဘောရ အတွက် ဖြစ်ပေါ် ချက်ရပ်တို့ကလည်း (၅၀-သား) တို့ပင် ရှိသည်ဟု ပြောဟောကြရပေ လိမ့်မည်။ဤစကားကို အပေါ်ရံကြောက ပညတ်သဘောကိုသာရှုကြည့် သူတို့က ရှေးထန်းရွက်မှာ စိမ်းရိုသော ထန်းရွက် တပိဿာ ပျောက်၍၊ ခြောက်သောထန်းရွက် (၉၀-သား) တို့မှာကား၊ ဝဏ္ဏရပ်တို့-အလေးချိန် တို့လည်း ခြားနား၍သာ ယုံရပါ၏။ ဤထန်းရွက်ခြောက် (၅၀-သား)တို့ မှာကား၊ ဝဏ္ဏရပ်- အလေးချိန်တို့ မခြားနားသောကြောင့်၊ (၅၀-သား) ပျက်(၅၀-သား)ပင် ဖြစ်သည်ဟူသောစကားကိုမယုံကြဘဲ၊ အရှုံး, အနိုင်

လောင်းစားတန်း ငြင်းပွဲကြီးဖြစ်ကြမှု၊ အများကျေနပ် လောက်အောင် ရှင်းလင်း၍ သိကြရန် လွယ်ကူလှငြားသောကြောင့်၊ ပညာရှိကြီးများ အထံမှာတောင် လျှောက်ထား မေးမြန်းရန်မလို၊ သူငယ်များကိုပင် ယခု ဖြစ်ပွါးကြသည့် အတိုင်းမေးမှုကား၊ ဟုတ်မှန်တိုင်း အားကြီးကျေနပ် အောင် ဖြေကြားနိုင်ကြရာ၏။ အဘယ်သို့ ဖြေကြားရာသနည်းဟူမူ၊ ၎င်း လောင်းတန်း ငြင်းပွဲကြီးအနားသို့ ရောက်လာသည့် သူငယ် တယောက် ယောက်ကို၊ ထို ထန်းရွက်နေသမျှန်းသည့်အတိုင်း မေးပုံကား၊ အမောင် သူငယ်-နံက်စောစောက နေမလှန်းကြခင်၊ ဤထန်းရွက်ကြီးအတွင်းသား အကုန်လုံးတို့မှာ ဖေးရုပ်-ပုရုပ် ၂-ပါးတွင်၊ အဘယ်ရုပ်တရားတွေ အပြည့် နှင့်- အလေးချိန်ဘယ်၍ ရှိသနည်းဟုမေးမူ၊ ဖေးရုပ်တွေသာ ၅၀-သားရှိ တာဗျှုဟု ဖြေဆိုကြပေလိမ့်မည်။ ၎င်း အဖြေကိုမည်သူမျှ မငြင်းပယ်နိုင် ကြဘဲ၊ဟုတ်လှပါ၏ဟု ဝန်ခံကြပေလိမ့်မည်။ ၎င်း နောက် ထို ထန်းရွက် (၅၀-သား)ကို ခြောက်ဖြစ်ပွါးသည့် အမှုသွားအတိုင်း မွန်းတည့်အောင် နေလှန်းလျက် ချိန်စက်ကြကာ၊ ၎င်းသူငယ်ကိုသာ အမောင်သူငယ်- ဤ ထန်းရွက် အတွင်း သားတွေမှာ ဖေးရုပ်- ပုရုပ် ၂-ပါးတို့တွင် အဘယ် ရုပ်တရားတွေ အပြည့်နှင့်၊ အလေးချိန်ဘယ်၍ ရှိသနည်းဟု မေးမြန်း ကြမူ၊ ပုရုပ်တွေသာ ၅၀-သားရှိတာဗျှုဟု ဖြေကြပေလိမ့်မည်။ ၎င်း အဖြေကိုလည်း မည်သူမျှ မပယ်နိုင်ကြဘဲ၊ ဟုတ်မှန်လှပေ၏ ဟူ၍သာ ဝန်ခံကြကုန်ရာ၏။

၎င်းနောက် အမောင်သူငယ်- ယခင်က (၅၀-သား) ရှိသည့် ထန်း ရွက်ကြီး၏အတွင်းသားရုပ်ဖေးကြီးဟာ၊ယခု(၅၀-သား)ရှိသည့် ထန်းရွက် ကြီး၏ အတွင်းသားရုပ်ပုကြီး ဟုတ်ကဲ့လားဟုမေးမူ၊ယခင်က ၅၀-သား ရှိသည့် ထန်းရွက်ကြီး၏ ရုပ်ဖေးကြီး ပျောက်သွားပြီဗျှု၊ ယခု ထန်းရွက်မှု ၅၀-သားသာ အသစ်ဖြစ်နေပြီဗျှု ဟု သူငယ်က ဖြေသည့် အတိုင်းကို၊ လူကြီးရှိသမျှတို့က ဘယ်အချက်ဟာ မဟုတ်ပါဘူးဟုပယ်ဖျက်နိုင်သော အချက်လည်းမရှိ၊ထိုထန်းရွက်ကြီး၏ အတွင်းထဲမှာ အဖေးရုပ်တို့ကလည်း၊ အနိစ္စနယ်ကပျက်၊ ပုရုပ်တို့ကလည်း သန္တတိရနယ်က တက်နေကြသော ကြောင့်၊ သူငယ်များ ဖြေကြားတိုင်း ဟုတ်လိုက်လေခြင်း ဟုတ်လေခြင်း ဟူ၍သာ ဦးခေါင်းညိတ်ကာ ညိတ်ကာ ဆလံပေးသောအလား၊အကုန်လုံး ခေါင်းဆတ်သွားကုန်ရာ၏။ ။တဖန်-ရှာတည်စ လူတရောက သားသမီးတို့ အဆင့်ဆင့်တိုးပွါးလာတိုင်း၊လူကြီးပိုင်း မိဘတို့ အကုန်လုံး တထိုင်းထိုင်း

သေ၍ လိုက်နေကြသလို၊ ထန်းပင်ပေါ်က ထန်းချက်နု (၅၁-သား) ကို အောက်က ပင်ရေများ အားရှိသည့် အတွက်၊ ရွှေနေ့ထက် (၁၀-သား) ကျစ်ပိုသာလျက်၊တပိဿာကျမှ အကြီးရပ်ကြသည့်တိုင်အောင်၊ **အဆင့်ဆင့်အကုန်လုံး ဖြစ် အကုန်လုံး ပျက်နေကြပုံကား၊** ထန်းရွက် အတွင်းသားရုပ် (၅၀-သား) ဘမိက္ခိုက (၆၀-သား) သားသွီးများကို မွေးဖွား၍ ၎င်း (၅၀-သား) အကုန်သေ၊ထို (၆၀ သား) ကလည်း (၇၀· သား)မွေးဖွားပြီးသေ။(၇၀-သား)ကလည်း(၈၀-သား)မွေးဖွားပြီးသေ။(၈၀-သား) ကလည်း (၉၀-သား) မွေးဖွားပြီးသေ။ (၉၀-သား)ကလည်း၊ တပိဿာ မွေးဖွားပြီးသေ။ ဤတပိဿာမှာ ထန်းရွက်အကြီး ရပ်သော အခါတို့၌လည်း၊ ထန်းရွက် အတွင်းသား ရုပ်တည်းဟူသော မိဘ,တပိဿာ အဆင့်ဆင့်တို့က သားသွီး အတွင်းသားရုပ် တပိဿာ အဆင့်ဆင့်တို့ကို ကာလကြာမြင့်အောင် မွေး သေ၊ မွေးသေ၍ ရှိနေကြရာတို့တွင်၊ အဆင့်ဆင့်ကြီးပွါးလိုက်နေကြသော ထန်းရွက်အတွင်းသား ရုပ်စုတို့၊ တနေ့တခြားတိုးပွါး လိုက်ကြပြီးလျှင်၊ ထန်းရွက်ကြီးနှင့် အပြည့်အပြည့် ရုပ်သစ်တွေမွေးဖွားလိုက်နေချက် **သင်္ခါရ**၊ ထန်းရွက်ငယ် အဆင့်ဆင့်တွေနှင့် အပြည့်အပြည့် ရှိသမျှ၊ ရုပ်ဟောင်းတွေကလည်း၊ အကုန်လုံး သေပျောက်- သေပျောက်လိုက်ရချက် **အနိစ္စ** တို့ကိုလည်း ထင်မြင် ထ,မြောက်၊ သဘောပေါက်လာကြလိမ့်မည်။ ဝါ၊ ထင်မြင် ထ,မြောက် သဘောပေါက်ကြအောင်၊ အပေါ်ရုံကြောက ထင်မြင်ရသော ထန်းရွက်ပုံသဏ္ဌာန် ပညတ်များကို မရှုစားကြဘဲ၊ အတွင်းသားထဲက အရေ ကလာပ်မှုန့်, အဖတ်ကလာပ်မှုန့်တို့ တမျိုးပျောက်ပြီးမှ တမျိုးရောက်လာကြမှု၊ပရမတ်စုတို့၏ သင်္ခါရနှင့် အနိစ္စအချက်တို့ကိုသာ မကြာမကြာ အခါခါ အထပ်ထပ် ရှုကြည့်အပ်၏၊ ရှုကြည့်ကြလေ။

တဖန်-လူပေါင်းတရာက,မလျော့သော ရွာကြီးမှာ၊ရွှေအစားအတိုင်း သားသွီးအသစ်တွေ ပြောင်းသမျှ၊ မိဘ,အဟောင်းတွေ အကုန်လုံးသေ-သေလိုက် နေကြသကဲ့သို့၊ ထန်းရွက်အကြီးရပ်၍ တပိဿာထက် မတိုးမလျော့သော ထန်းရွက်ဝိုကြီးမှာလည်း၊အပြင်ဘက်သား အစိုပုံသဏ္ဌာန်ကြီးများကသာ ရွှေအတိုင်းဘဲဟု ထင်ရပါသော်လည်း၊ခဏတူသောရုပ်တို့သည်၊ အသက်တူ,ဖြစ်ပျက်တူကြသောကြောင့်၊ တခုပျက်လျှင် တရွက်လုံးပျက်၊ တခုဖြစ်လျှင် တရွက်လုံး ဖြစ်နေကြသည့် အတွင်းသား ရုပ်ကလာပ်တို့ကို **သိကြရန်**၊ ယနေ့နံက် ထန်းပင်သို့တက်၍ချိန်ရာ၊ ထန်းရွက်ဝို

တပိဿာရှိ၏။ နက်ဖြန် နံနက်လည်း တက်၍ ရှေ့နေ့ကထက် လှုပ်သည့် အမူအရာ ခြားနားကြကာ ချိန်စက်ရာတို့မှာ၊ ထန်းရွက်ပို တပိဿာပင် ရှိသော်လည်း၊အနိစ္စနှင့် သင်္ခါရတို့အရကိုမေးမူ၊ အနိစ္စအတွက် ပျက်ပျက် လိုက်ချက် ထန်းရွက်ကြီး အတွင်းသား တို့ကလည်း တပိဿာ၊ သင်္ခါရ အတွက် ဖြစ်ဖြစ်လိုက်ချက် ထန်းရွက်ကြီး အတွင်းတို့ကလည်း တပိဿာ တို့ပင်ရှိသည်ဟု ပြောကြရပေလိမ့်မည်။ ၎င်းစကားကိုအပေါ်ရံကြောက ပညတ်သဘောကိုသာ ရှုကြည့်ရှာသူတို့ကမယုံနိုင်ကြဘဲ၊ ရှေ့ကထန်းရွက် တို့မှာ အစိမ်း,အမိုနှင့် အခြောက်တို့ ဝဏ္ဏရုပ်ပြောင်းလဲချက်၊ အအေးရုပ်နှင့် အပူရုပ်တို့ တေဇောပြောင်းလဲချက်တို့က ခြားနားကြ၍သာ ယုံကြရပါ သည်။ ယခုမှာမူကား၊နံနက်ခင်းချည်းသာ အပင်ထက်မှာ ချိန်ကြပါသည့် ထန်းရွက်ပို တပိဿာတို့မှာကား၊ ဝဏ္ဏရုပ်လည်း မခြားနား၊ တေဇောတို့ လည်း မခြားနားကြသောကြောင့်၊ တပိဿာပျက်, တပိဿာ ဖြစ်သည် ဟူသောစကားကို မယုံကြဘဲ၊ငြင်းပွဲကြီး ဖြစ်ကြပြန်မူ၊၎င်းလင်း၍ သိကြ ရန် လွယ်ကူလှသည့် အတွက်၊ပညာရှိကြီးတွေအထံမှာတောင် လျှောက် ထား မေးမြန်းချက်မလို၊ သူငယ်များကိုပင် ယခု ဖြစ်ပွါးကြသည့်အတိုင်း မေးမြန်းပါမူ၊ ဟုတ်မှန်တာကို ဖြေဆိုနိုင်ကြကုန်ရာ၏။ အဘယ်သို့ ဖြေဆို နိုင်ရာသနည်းဟူမူ၊ ၎င်းငြင်းပွဲကြီး အနားသို့ လာရောက်သည့် သူငယ် တယောက်ယောက်ကို ခပ်နိမ့်နိမ့် ထန်းရွက်ကို ပိဿာလေး တဘက်ထား ၍ လှုပ်ရှားနေအောင်ချိန်ပြကာ **မေးမြန်းပုံမှာကား**၊ အမောင်သူငယ်- ဤ ချိန်ခွင်ပေါ်က လှုပ်နေသော ထန်းရွက်ကြီး အတွင်းသား အကုန်လုံး တို့မှာ၊ ထောက်ကန်သည့် ငြိမ်ရုပ်, လှုပ်ရှားသည့် ရုပ် ၂-ပါး တို့တွင်၊ ဘယ်ရုပ် တရားတွေ အပြည့်နှင့်အလေးချိန် ဘယ်၍ရှိနေသနည်းဟုမေးမူ၊ **လှုပ်ရုပ်တွေသာ- တပိဿာရှိတာဘုရား**ဟု- ဖြေပေလိမ့်မည်။ ၎င်းအဖြေကို ဘယ်သူမျှမငြင်းပယ်နိုင်ကြဘဲ၊ ဟုတ်လှပေ၏ဟု ဝန်ခံကြရပေလိမ့်မည်။ နက်ဖြန်နံနက်တခါ ၎င်းထန်းရွက်ပို တပိဿာကို ငြိမ်သက်စွာ ချိန်ထား၍၊ ၎င်းသူငယ်ကိုပင် အမောင်သူငယ်-ဤထန်းရွက်အတွင်းသားတွေမှာ ငြိမ် ရုပ်,လှုပ်ရုပ် ၂-ပါးတို့တွင်၊ ဘယ်ရုပ်တရားတွေ အပြည့်နှင့် အလေးချိန် ဘယ်၍ရှိသနည်းမေးပါမူ၊ **ငြိမ်ရုပ်တွေသာ တပိဿာရှိတာဘုရား**ဟု ဖြေကြ ပေလိမ့်မည်။၎င်းအဖြေကိုလည်း မည်သူမျှ မပယ်နိုင်ကြဘဲ၊ဟုတ်လှပေ၏ ဟူ၍သာ ဝန်ခံကြကုန်ရာ၏။

ဝင်းနောက် အမောင်သူငယ်· ယခင်ကတပိဿာရှိသည့်ထန်းရွက်ကြီး၏ အတွင်းသား လှပ်ရှပ်ကြီးဟာ၊ ယခု တပိဿာရှိသည့် ထန်းရွက်ကြီး၏ အတွင်းသား ငြိမ်ရှပ်ကြီး ၎တ်ကဲ့လားဟု- မေးမူ၊ **ယခင်က တပိဿာရှိ သည့် ထန်းရွက်လှုပ်ကြီးပျောက်သွားပြီဗျို၊ ယခုတပိဿာပင်ရှိသည့်ထန်း ရွက်ငြိမ်ကြီး** ဖြစ်နေပြီဗျိုဟု သူငယ်က ဖြေသည့်အတိုင်း လူကြီးများက ဘယ်အချက်ဟာ မဟုတ်ပါဘူးဟု ပယ်ဖျက်နိုင်သောအချက်လည်းမရှိ၊ထို ထန်းရွက်ကြီးအတွင်းမှာ လှုပ်ရှပ်တွေကလည်း အနိစ္စနယ်ကပျက်၊ငြိမ်ရှပ် တွေကလည်း သင်္ခါရနယ်က တက်နေကြသောကြောင့်၊ ဤသူငယ်များ ဖြေကြားတိုင်း ဟုတ်လိုက်လေခြင်း–ဟုတ်ႏလေခြင်း ဟူ၍သာ ဦးခေါင်း ညိတ်ကာ–ညိတ်ကာ ဆလံပေးသောအလား၊အကုန်လုံးခေါင်းဆတ်သွား ကြကုန်ရာ၏။ဤအချက်တို့မှာ **ဆောက်ကန်ဝါယော-လှုပ်ရှားဝါယော**ဟု မသိဘဲ၊ ရပ်သုံး ရွာသုံးနှင့်သာ **ငြိမ်ရှင်-လှုပ်ရှင်**ဟု ဆိုလိုက်ပါသတည်း။ ဤမတိုးမဆုတ်သော ထန်းရွက်ခြောက်, ထန်းရွက်ဗိုတို့မှာ ဧးရှပ်, ပူရှပ်၊ ငြိမ်ရှပ်,လှုပ်ရှပ်တို့နှင့် အနိစ္စ–သင်္ခါရတို့ အချက်ကို ပြခဲ့ရာမှာ၊ ဖြစ်, ပျက် တူသည့် ထိုထန်းရွက်အတွင်းရှိခေတ်ကလာပ် ပရမတ်သားတို့ကိုမကြည့်၊ အပေါ်ရံကြောက ထင်မြင်ကြသည့် အနိစ္စ မထင်ရှားသော ထန်းရွက် ပုံ သဏ္ဍာန် ပညတ်များနှင့် အလေးချိန် အစားစားတို့ကိုသာ ကြည့်ရှုတတ် ရှာသူတို့က၊ အရှင်ဘုရားတို့–ယခု ဟောပြသည့် ထန်းရွက်ခြောက်, ထန်း ရွက်ဗိုကြီးတို့၏ အတွင်းသားမှာ အနိစ္စနှင့် သင်္ခါရနယ်တို့ဆိုဘာ မထူး ခြားလှပါဘူး၊ အဧးနှင့်အပူ၊ အငြိမ်နှင့်,အလှုပ်တို့သာ ထူးခြားကြပါသည် ဟု စောဒနာချင် ရှ ကြႏပလိမ့်မည်။ (ဇွိမ်း) ရှပ်တို့ သဘောသိတာ ဆန်ကောပျောက်က တချပ်လုံး ပျောက်ကြသည်ဟု သိကြတာလို၊ ရှပ် တပါးပြောင်းက တကွဖြစ်ပေါ်, ဖြစ်ဘက် ရှပ်အများတို့ပါ ပြောင်းကြရ သည်ဟု သိရှိတော်မူကြကာ ထန်းတရွက်လုံးရှိ ဧးရှပ်ဟောင်းတွေပျက် ရာမှာ ကြွင်းရှပ်တွေပါပျက်၏။ ထန်းတရွက်လုံးရှိ ပူရှပ်သစ်တွေ တက် တက် လာကြရမှာလည်း၊ ကြွင်းထန်းရွက်ကြီးနှင့် အပြည့် အနှက်ရှိ ရှပ် တွေပါအတူတကွ ဖြစ်ပေါ်လာကြ၏ဟု သိကြပါလေ။ ။**တဆွေတနည်း မှာ၊** ထန်းတရွက်လုံးကြီးအတွင်းက လှုပ်ရှပ်ဟောင်းတွေ ပျက်ကြရမှာ ကြွင်းရှပ်တွေပါ အတူပျက်ကြ၏။ ငြိမ်ရှပ်သစ်တွေ တက်တက်လာကြရာ မှာလည်း၊ကြွင်းထန်းရွက်ကြီးနှင့် အပြည့်အနှက်ရှိ ရှပ်တွေပါ အတူတကွ ဖြစ်ပေါ်လာကြ၏ **ဟူ၍၊ ရှေးက မထူးခြားလှပါဘူး** ဟူသော စောဒနာ

စကားအရ အဖြေကို သိကြပါလေ။ အကယ်၍ ထန်းရွက် သဏ္ဍာန်ပညတ်ကြီးနှင့်ဘက္ကွ အပျက်ကိုသိလိုကြပါသည်ဟုဆိုမူ၊ ထန်းရွက်သဏ္ဍာန်ကြီး ပျက်ပျောက်အောင် ဆုတ်ဖွဲ့, ခုတ်ဖြတ်, မီးရှို့လတ်၍သာ၊ ထိုလူကတ်တို့ ကျေနပ်ပါအောင် ကြံဆောင် ဖျောက်ဖျက်၍ ပြောဟောကြပါလေ။

ဤသို့လျှင်ရှေ့က ပြခဲ့ပြီးသော ချိုင်ပြီးစ ထန်းရွက်ကြီး၏အတွင်းသား စိမ်းဝိုသောရုပ်မှ၊ ခြောက်ရုပ်အတွင်းသားဖြစ်ကြသည့် **ဝဏ္ဏရုပ်နှင့်အနိစ္စသင်္ခါရ**တို့ကို ပဌမပြချက်။ ထန်းရွက်ခြောက်ကြီး၏ အတွင်းသား ဖွေးသော ရုပ်စုမှ၊ ပူသောရုပ်စု ဖြစ်ကြသည့် **တေဇောရုပ်နှင့်-အနိစ္စသင်္ခါရ** တို့ကို ဒုတိယ ပြချက်။ ထန်းပင်ပေါ်က အကြီးရပ်ကြသော ထန်းရွက်ဖိုကြီး၏ အတွင်းသား လှုပ်သော ရုပ်စုမှ ငြိမ်သော ရုပ်စုဖြစ်ကြသည့် **ဝါယော ရုပ်နှင့်-အနိစ္စသင်္ခါရ**တို့ကို တတိယ ပြချက်အားဖြင့်၊ ဤသုံးပါး, သုံးစားကလေးထဲကိုသာ အဟုတ် လည်ပတ်စွာ သိနားလည်ကြပါမူ၊ လက်ခမောင်းခတ်ပြီးလျှင် ဤလောကကြီးထဲတွင် ရှိရှိသမျှအဝိညာဏကတို့၏ ပရမတ်ပျက် ဝိပဿနာအနိစ္စအချက်များကို၊ ငါလည်းရှုစားနိုင်ပြီ၊ သူတပါးတို့က မေးမြန်းသမျှသော တောတောင်ရေမြေ၊ အထွေထွေသော အထည်ဝတ္ထုတို့၏ ပရမတ်ပျက်၊ ဝိပဿနာ အနိစ္စ အချက်များကိုလည်း ငါဟောကြားနိုင်ပြီဟု အလူးဝမ်းမြောက်ကြပါလေ။ အဘယ်သို့ ဟောကြားနိုင်ပါသနည်းဟူမူ၊ ပညတ်နယ်ဘက်က အကောင်, အထည်မပျက်၍အနိစ္စအချက် မထင်ရှားသော ဤမြေထုကြီး, တောင်ကြီး, အုဋ်တိုက်ကြီး, အိမ်ကြီး စသော မရွေ့ရှားဘဲ နိစ္စခိုင်မြဲသည်ဟု ထင်ရသော အကောင်, အထည်, ဝတ္ထုတို့၏ ဝိပဿနာအနိစ္စကိုပြောစမ်းပါဟု နေ့အခါမှာ မေးလာမူ၊ ထိုထို ဝတ္ထုတို့၏ အတွင်းသားရှိသမျှ ပရမတ္ထတို့၏ အနိစ္စကိုပြရန်၊ ရှေ့က ထန်းရွက်မှာဟောပြခဲ့သည့် **၃-ဌာနတို့နှင့် စဉ်းစားကြည့်မိုကား။** ။ဩဝါဒ်- ဤမြေထုကြီး စသည်တို့အတွင်းသား ဝဏ္ဏရုပ် ပရမတ်တရားတို့နှင့်လည်း၊ အဖြစ်အပျက် အနိစ္စအချက် မထူးခြား၍ မဟောကြားရ။ ၎င်း အတွင်းသား ပရမတ်တရားတို့ကို လှုပ်ရုပ်, ငြိမ်ရုပ်တို့နှင့်လည်း အဖြစ်, အပျက် အနိစ္စ အချက် မထူးခြား၍ မဟောကြားရ။ ဤ ၂-ချက်တို့နှင့် မဟောကြားရမူ၊ တေဇော တချက်နှင့်သာ ဟောကြားဘို့ ရှိပါတော့တကားဟု စဉ်းစားမိကြလျက် ဟောကြားချက်၊ မိမိတို့လည်း ရှုစားချက်တို့ကား၊ နေ့အခါတို့မှာ များသောအားဖြင့်၊ ထိုမြေ, တောင်, တိုက်, အိမ်စသည်တို့ အတွင်းရှိသမျှ တို့မှာ၊ အပူဥတုလွန်ကဲကြသော ရုပ်အဆင့်ဆင့်တို့ သင်္ခါရ ပြုပြင်ချက်

နယ်အတွက်နှင့် တက်ဘက်လာသမျှ အဇ္ဈတ္တ လွန်ကဲကြသော ရုပ်အဆင့်ဆင့်တို့လည်း၊အနိစ္စနယ်ဘက်က ပျက်ပျက် ပျောက်ပျောက် လိုက်နေကြသည့် အနိစ္စအစစ်၊ ပရမတ်ပျက်ကို ရှုသည့် ဝိပဿနာအနှစ်ကို ထင်မြင် အားသစ်ကြအောင်လည်း ပြောဟောကြ၊ ကိုယ်တိုင်လည်း အားသစ်ကြပါလေ။ တဖန်-ညဉ့်အခါမှာ မေးလာမူ၊ များသောအားဖြင့် ထိုမြေ, တောင်, တိုက်, အိမ်စသည်တို့ အတွင်းရှိသမျှတို့မှာ၊ အဇ္ဈတ္တလွန်ကဲသော ရုပ်အဆင့်ဆင့်တို့ သင်္ခါရ ပြုပြင်မှုနယ်က တက်တက် လာသမျှ အပူ ဥတုလွန်ကဲကြသော ရုပ် အဆင့်ဆင့် တို့လည်း၊ အနိစ္စနယ်က--ပျက်ပျက်- ပျောက်ပျောက် လိုက်နေကြသည့် အနိစ္စအစစ်၊ ပရမတ်ပျက်ကို ရှုသည့် ဝိပဿနာအနှစ်ကို ထင်မြင်အားသစ်ကြအောင်လည်း ပြောဟောကြ၊ ကိုယ်တိုင်လည်း အားသစ်ကြပါလေ။

**တွေ့ဆုံနည်းမှာ**။ မေးသူတို့က ရွှေပြောင်းလှုပ်ရှား၍ ရကောင်းသော ဝတ္ထုတာခရုတို့၏ ချက်ခြင်းပျက်အနိစ္စ ဝိပဿနာအလုပ်များကို၊ သိလိုသောအားဖြင့် မေးမြန်းကြမူ၊ ရှေ့ကထန်းရွက်ပျက်အနိစ္စနှင့် ဟောပြခဲ့သည့် ၃-ချက်တို့တွင်၊ ထန်းရွက်ပို အကြီးရပ်ရာမှာ ပါယောပျက်နှင့် ပြခဲ့ပါသည့်အတိုင်း၊ ဤမေးသည့် ဝတ္ထုဘာခရုမှာလည်း ချက်ခြင်းလှုပ်၍ ငြိမ်၍ပြပြီးလျှင် ဟောကြည့်ကြပါ။ဤဝတ္ထုမှာ ယခုပြုပြင်ပေးသည့် သင်္ခါရနယ်က ဖြစ်ပေါ်လာကြသော အတွင်းသား လှုပ်ရုပ်တွေ အကုန်ဖြစ်ကြလျှင်၊ အနိစ္စနယ်က အတွင်းသား ငြိမ်ရုပ်တွေ အကုန်ပျက်ကြသည့် အနိစ္စအစစ်တို့ကိုရှင်း၊ သင်္ခါရနယ်က အတွင်းသား ငြိမ်ရုပ်တွေ အကုန်လုံးဖြစ်ပေါ်လာကြလျှင်လည်း၊အနိစ္စနယ်က အတွင်းသားလှုပ်ရုပ်တွေ အကုန်လုံးတို့ ပျက်ကြသည့် အနိစ္စအစစ်တို့ကိုရှင်း၊ တစ်တစ်ခွခွ လက်ကိုင်၍ပြကြပါလေ။ဤနေရာလည်း ဖြစ်ပျက်တူ,အသက်တူ အတွင်းသား ပရမတ်များကို မကြည့်တတ်၊ အပေါ်ရံပညတ်မျှကိုသာ သိတတ်သူတို့က အလှုပ်နှင့်, အငြိမ်သာ ထူးခြားပါသည်။ထိုထိုဝတ္ထုတို့ကား မထူးခြားပါဘူးဟု ရှေ့ကပြခဲ့တိုင်း စောဒနာချင်ရှာကြပေလိမ့်မည်။ထိုစောဒနာလိုသူတို့ ပညတ်ပါပျက်သည့်အချက်ကို သိလိုကြသလားဟု မေးသောအခါ၊သိလိုပါသည်ဟု ပြောမူ၊ဤပညတ်ပျက်ပါ သိလိုသည့် ဝတ္ထုဟာ ကိုယ်ပိုင်ဖြစ်လျှင် ထုခြေခွဲဖျက်၍ ပညတ်ပျက်အနိစ္စကို ရှုကြပါလေ။သူတပါးဝတ္ထုဖြစ်မူ၊ဤပညတ်ပျက်အနိစ္စမျိုးနှင့် ထုချေခွဲဖျက်၍ရှုကြ၊လျော်ကြေးပေးကြရလိမ့်မည်ဟု ပြောဟောကြကာ၊အဝိဇ္ဇာထက ရှိရှိသမျှတို့၏ အနိစ္စတို့ကို ဤရှေ့ကပြခဲ့

ပြီးသော နည်း ၃-နည်း တို့နှင့် ပိုင်ပိုင်-နိုင်နိုင်ကြီး မိမိတို့လည်း မကြာမကြာ အခါခါ ရှုကြပါလေ။ မိမိတို့ပိုင်နိုင်စွာ ရှုကြသဖြင့် သိရှိကြသမျှတို့ကိုလည်း၊ ရှင်းလင်းစွာ ပြောဟောတတ်ကြပါစေသတည်း။ ဝါ၊ ရှင်းလင်းစွာ ပြောဟောတတ်ကြအောင်၊ မိမိတို့လည်း မကြာမကြာ အထူး ထင်မြင်လာကြရန် အခါခါ အားသစ်ကြပါလေ။

ဤရှေ့ကပြခဲ့သော ထန်းရွက် သုံးစားတို့တွင်၊ အဆင့်ဆင့် ခြောက်သွေ့သွားသော ထန်းရွက်တစား၊ အဆင့်ဆင့် ကြီးပွါးသွားသော ထန်းရွက်တစား၊ အခြောက်ရပ်, အကြီးရပ်သော ထန်းရွက်တစား၊ ပေါင်း သုံးစားတို့၏ အချင်းချင်း သဘောမတူကြပြား၊ ထူးခြားကွဲလွဲနေကြချက်တို့ကား တခြားမဟုတ်၊ ပြုပြင်မှုသင်္ခါရ အတွက်တို့ကြောင့် သာဘည်း။ ပျက်စီးမှု အနိစ္စ အတွက်ကြောင့်ကား၊ မထူးခြားကြကုန်။ ထိုစကားကို ထင်ရှားအောင် ပြဆိုဦးအံ့။ ရှေ့က ပြခဲ့ပြီးသော ထန်းရွက် သုံးစားတို့ကို နေပူထဲမှာ လှန်ထားကြရာ၊ နေမင်းကြီးက ခုတ်ပြီးစ ထန်းရွက်ကို သာ၍ပူမည်၊ အပင်ပေါ်က ထန်းရွက်နုကို ညှာ၍ပူမည်။ အခြောက် ရပ်ပြီး, အကြီး ရပ်ပြီးသော ထန်းရွက်တို့ကို အရှင်းမပူဘဲ ထားတော့ မည်ဟု မျက်နှာကြီး,ငယ်လိုက်၍ကား မပူပေ။ စင်စစ်မူကား၊ ထိုထန်းရွက်သုံးစားတို့၏ အတွင်းသား ရုပ်စု အကုန်လုံးတို့ကို တညီတညာတည်း ပူရုပ်တွေ အဆင့်ဆင့် တက်တက်သွားသမျှ၊ ဖေးရုပ်တွေ အဆင့်ဆင့် ပျက်ပျက်သွားကြအောင် ပူပါသော်လည်း၊ ထို ထန်းရွက် သုံးစားတို့၏ အတွင်းသား သင်္ခါရတို့တွင်၊ ခုတ်ချိုင်ထားစ တပိဿာရှိသော ထန်းရွက်ရုပ်က- ဥတုသင်္ခါရမှာ ကြီးပွါးလာအောင်၊ အောက်က ပင်ရေ မတက်ချက်၊ ခက်မာသော ပထဝီအားနည်း၊ ပို ရွမ်းသော အာပေါဓာတ် အားကြီး၍ နေပူမိးလောင်သည့် အတွက်၊ အဆင့်ဆင့် ဆုတ်ယုတ်၍ မွေးဖွားချက်သင်္ခါရကြောင့်၊ အဆင့်ဆင့်သေးငယ်လျက်သွားလေသတည်းဟုဆုတ်ယုတ်သော ထန်းရွက်အစားတို့ သင်္ခါရထူးခြားပုံကိုသိကြပါလေ။ ။ထန်းပင်ပေါ်က (၅၀-သား)ရှိသော ထန်းရွက်နုရုပ်က ဥတုသင်္ခါရမှာကြီးပွါးလာအောင် ပင်ရေအောက်က တက်ချက်။ ခက်မာသော ပထဝီတို့ကလည်း အားတက်သည့် အတွက်၊ ရှိရင်းရုပ် မိမိတို့ထက် အဆင့်ဆင့်တိုးတက်အောင် မွေးဖွားချက် သင်္ခါရကြောင့်၊ တနေ့တခြား အဆင့်ဆင့် ကြီးပွါးလာကြရလေသတည်းဟု ကြီးပွါးလာသော ထန်းရွက်အစားတို့ သင်္ခါရထူးခြားချက်ကို သိကြပါလေ။ ။အခြောက်ရပ်၍(၅၀-သား)သာရှိသော ထန်းရွက်ရုပ်က

ဥတုသင်္ခါရမှာကြီးပွါးလာအောင် အောက်ကပင်ရေပင်မတက်လာသော်လည်း၊ ခက်မာသော ပထဝီက အားကြီးကြလျက်၊ ဗိုလ်ရှမ်းသော အာပေါဓာတ်က အားနည်းကြသည့် အတွက်၊ ထန်းရွက်ခြောက်ရပ်ရှိ မိမိတို့နှင့် အစားတူအောင် (၅၀-သား) သာ မွေးဖွားလာချက် သင်္ခါရတို့ အတွက်ကြောင့်၊ရှေးအတိုင်း (၅၀-သား)သာ အလေးချိန်သချာရှိလေရာသတည်းဟူ၍ရင်း၊ ထန်းပင်ပေါ်က တပိဿာရှိပြီး၊ အကြီးရပ်သော ထန်းရွက်ရင့်ရပ်က ဥတုသင်္ခါရမှာ ကြီးပွါးလာအောင် အောက်က ပင်ရေလာသော်လည်း၊ ထန်းရွက်ရင့် ရပ်ရှိ မိမိတို့က အကြီးရပ်ကြပြီးလျှင်၊ ဇရာရင်းကြီးက ဖိစီးနှိပ်စက်ကြ၍ ကြီးပွါးအောင်၊ ရင်းတက်လာသမျှ ပင်ရေတို့ကို မယူနိုင်သည့်အတွက် မိမိတို့နှင့် အစားတူရုံ တပိဿာ မျှကိုသာ မွေးဖွားလာချက် သင်္ခါရတို့ အတွက်ကြောင့်၊ ရှေ့က အတိုင်း တပိဿာသာ အလေးချိန်သချာ ရှိလေရာသတည်းဟူ၍ရင်း၊ အခြောက်ရပ်,အကြီး ရပ်သော ထန်းရွက်အစားတို့ သင်္ခါရထူးခြားချက်ကို သိကြပါလေ။

ရှေ့ကပြခဲ့ပြီးသော ရွာကြီးဥပမာ အရပ်ရပ်နှင့် စပ်ဟပ်၍ ကြည့်ပုံမှာ ထိုရွာကြီး၌၊ မွေးသူသင်္ခါရတို့က တိုးမွေးကြလျှင်၊ ထိုရွာ-ကြီးပွါးလာသည်၌ရင်း၊ ဆုတ်မွေးလိုက်လျှင်၊ထိုရွာ သေးငယ်ရာသည်၌ရင်း၊ ထပ်တူမွေးလိုက်လျှင် ထိုရွာရှေ့အတိုင်း ရှိနေရာသည်၌ရင်း၊ အဟုတ် ထင်မြင်အောင် ဆင်ခြင်၍ ကြည့်လိုက်က၊ သင်္ခါရတို့က ထူးခြား ကြသည့်ကို ကြောင်ကြောင်ကြီး ထင်မြင်ရသလို၊ ဤထန်းရွက် သုံးစားတို့မှာလည်း၊ အချင်းချင်း သဘောမတူကြခြား ပြုပြင်မှုသင်္ခါရတရားတို့ အတွက်၊ ထူးခြားကွဲလွဲချက်တို့ကို အဟုတ်ထင်မြင်အောင်၊အခါခါ အထပ်ထပ် ဆင်ခြင်အပ်၊ ကြံစည် အောက်မေ့အပ်၏။ ထိုရွာကြီးမှာ သေပျောက် လိုက်ကြသည့် အနိစ္စတို့ဘက်ကကား၊ အချုပ်သေ,အချုပ်မသေ၊ တိုး၍သေ- ဆုတ်၍သေဟု ၂-မျိုး ၂-စား ထူးခြားခြင်းမရှိကြ၊ဆုတ်၍မွေးသမျှလည်း အကုန်သေ၊ တိုး၍ မွေးသမျှလည်း အကုန်သေ၊ ရှေ့အတိုင်း မွေးသမျှလည်း အကုန်သေကြရခြင်း တမျိုးတစားထဲသာရှိသောကြောင့်၊အတိုး-အဆုတ် အတန်း ၃-စားတို့မှာ အနိစ္စတို့အတွက်မဟုတ် သင်္ခါရတို့အတွက်သာဟု ရွာကြီးဥပမာနှင့် ဤထန်းရွက်တချမှာ သင်္ခါရ-အနိစ္စတို့ အချက်ကို ဉာဏ်အမြင် အဟုတ်သက်ပါမူ၊ အဝိညာဏက အမျိုးမျိုးတို့တွင်၊ တနေ့တခြား ကြီးပွါးတိုးတက်လာသော သစ်ပင်ချုံနွယ် စသည်တို့မှာလည်း၊ အဆင့်ဆင့်ကြီးပွါးသွားအောင် ပြုပြင်ကြသည့် **သင်္ခါရ**အချက်။အတိတ်ဘက်က

အသေး အဆင့်ဆင့်တို့ ပျက်စီး၍ လိုက်နေကြသည့် အနိစ္စ အချက်တို့ကိုလည်း အများသူတို့ပင် ဉာဏ်အမြင် သက်နိုင်ကြကုန်ရာ၏။ တနေ့တခြား ခြောက်သွေ့ သေးငယ်သွားသော ပင်စည်- ကိုင်းခက်၊ အရွက်, အသီးစသည်တို့၏လျော့၍ပျက်ပြင်ကြသည့် သင်္ခါရနှင့်-အနိစ္စတို့ကိုလည်း အများသူတို့ပင်၊ ရှေးကပြခဲ့ပြီးသော အချက်နှင့် ဉာဏ်အမြင်သက်နိုင်ကြကုန်ရာ၏။ မတိုး-မဆုတ်ဘဲ၊ ပကတိတည်နေသော အုဋ်ကျောက်,သစ်ဝါး,'တိုင် စသည်များတို့၏ သင်္ခါရနှင့်-အနိစ္စ တို့ကိုလည်း၊ အများ သူတို့ပင် ရှေးကပြခဲ့ပြီးသော အချက်နှင့် ဉာဏ်အမြင်သက်နိုင်ကြရာ၏။ဤသို့အများသော သူတို့ပင် သိမြင် ထင်ရှားနိုင်အောင် အတွက်နှင့်၊ ရှေးက သဗ္ဗသင်္ခါရာအနိစ္စာတို့အနက်ကို၊ တမျိုးပြလျက် စကားအခြေခံ ထားခဲ့သည့်တာဝန်အချက်များကို၊ ဤထန်းရွက်အနိစ္စ သုံးမျိုး,သုံးစားတို့က နည်းကိုရ၍၊ တလောကလုံး ပေါက်ရောက်သွားကြအောင် ရေးသားလိုက်သည့် ဤစာကို၊ အခါခါ-အထပ်ထပ် ကြည့်ရှုကြံစည် လတ်ကြပါမူ၊ အလုံးစုံသော အဝိညာဏက ရှိရှိသမျှတို့၏ သင်္ခါရနှင့်- အနိစ္စ 'တို့ကိုလည်း၊ အများသူတို့ပင် သက်သက်သာသာ ကလေးနှင့် ထင်မြင် ပေါက်ရောက်ကြကုန်ရာ၏။ ဝါ၊ ထင်မြင်ပေါက်ရောက်ကြအောင် အခါခါ အထပ်ထပ်၊ ပြန်၍ ပြန်၍ ရှုကြည့်အပ်,ကြံစည်အပ်,ဟောကြားနာခံအပ်၏၊ ဟောကြားနာခံကြလေ။ ။အဝိညာဏကအရ ပြီး၏။

---

## (၃၀) သဝိညာဏက သုံးစား အစိုင်နေမှုများနှင့် စိတ္တသင်္ခါရ အစားတို့အတွက်၊ အနိစ္စပြောဟောချက်တို့ပေါ်များလှ၍၊ မယုံသေးဘူး လိုက်သမားတွေက အရှုံးပေးနေရအောင်ပြချက်

တတွေတနည်းမှာ၊အဝိညာဏက,သဝိညာဏကတို့ မာတိကာအရနှင့် ရှေးက ပြခဲ့ပြီးသော သဝိညာဏက သုံးမျိုး, သုံးစားတို့တွင်၊ တနေ့တခြား ကြီးပွါးတိုးတက်လာသော သူငယ်များနှင့်၊ ခတ်လေးပါးမျှတ၍၊ ဝ—ဝ လာသော သတ္တဝါတိုင်းတို့၏ အတွင်းသား ရုပ်စုတို့၌ လည်း၊ တိုးတက်လာသောရွာကြီးမှာ၊ လူဦးရေနည်းပါးကြသော မိဘတို့ဘက်က၊ ရွာလုံးကျွတ်-ရွာလုံးကျွတ်တမြှိုင်နက် သေပျောက်မှု အနိစ္စ ဖြစ်လိုက်သမျှတို့ကို၊ သင်္ခါရ အတွက် ကြီးကြီးသွားသော သားသမီးတို့ဘက်က၊ တရွာလုံး အပြည့် အပြည့် တမြှိုင်နက်ထည်း တိုးတိုးပြီး ဖြစ်ပေါ်လာချက်ကြောင့်၊

ဇင်းရွာကြီးမှာ တိုးတက် ကြီးမားလာသကဲ့သို့၊ သေးငယ် ပိန်ချုံးသော ဘက်က၊ တကိုယ်လုံးရှိ အတွင်းသား ရုပ်စုတို့၊ တမြိုင်နက် တမြိုင်နက် အနိစ္စရောက်ကြ၍၊ပျောက်ပျက်ကြပြီးမှသာ ကြီးမားပြည့်ဝသောဘက်က၊ တကိုယ်လုံး အပြည့်အပြည့် အတွင်းသား ရုပ်စုတို့ကို ပို၍ပို၍ပြုကြသည့် သင်္ခါရအတွက်၊တမြိုင်နက် ဝ-၍ဝ-၍ဖြစ်ပေါ်မှုတို့ကို လူကြီးများကိုမဆို ထားနှင့်ဦး၊ မနူးမနပ်သော သူငယ်ကလေးများပင်၊ အရင်ကပိန်တာတွေ ပျောက်ပြီးမှ၊ယခု ဝ,တာတွေ ရောက်လာသည်ဟု ပျောက်ချက်အနိစ္စနှင့်၊ ရောက်ချက်သင်္ခါရတို့ကို လှလှကြီးသိနိုင် ပြောဟောနိုင်ကြကုန်ရာ၏။

တဖန်- တနေ့တခြား ပိန်ချုံးသေးငယ်သွားသော အိုသူ, နာသူတိုင်း တို့၏အတွင်းသား ရုပ်စု၌လည်း၊သေးငယ်သွားသောရွာကြီးမှာ လူဦးရေ များပြားသော မိဘ- ဘက်က ရွာလုံးကျွတ်, ရွာလုံးကျွတ် တမြိုင်နက် သေပျောက်မှု အနိစ္စ ဖြစ်လိုက်သမျှတို့ကို၊ ယုတ်လျော့သော သင်္ခါရ အတွက် လူဦးရေ နည်းပါးသော သားသွီးတို့ဘက်က ရွာလုံးပြည့်,ရွာလုံး ပြည့် တမြိုင်နက် ဆုတ်ဆုတ်ပြီး မွေးဖွားဖြစ်ပေါ်လာချက်တို့ကြောင့်၊ ဇင်း ရွာကြီးမှာ သေးငယ်ဆုတ်ယုတ်၍ သွားသကဲ့သို့၊ ကြီးမား ဝ,တုတ်သော တကိုယ်လုံးရှိ အတွင်းသားရုပ်စုတို့ တမြိုင်နက် အနိစ္စရောက်၍ ပျောက် ပျက်ပြီးမှသာ ပိန်ချုံး သေးငယ်သွားသော တကိုယ်လုံးရှိ အတွင်းသား ရုပ်စုတို့ကို၊ လျော့၍ လျော့၍ ပြုကြသော သင်္ခါရမှုတို့ အတွက်၊ တမြိုင် နက် အသေးအဆင့်ဆင့်တို့ဖြစ်ပေါ်၍၊ ပိန်ပိန်သွားချက်ကို၊ လူကြီးလူငယ် အများပင် အကြီး, အဝ- ပျောက်ပြီးမှ၊ အငယ်,အပိန်ရောက်က အကြီး, အဝ-ပျောက်ရသည်ဟု လှလှကြီးသိနိုင်ကြ၊ ပြောဟောနိုင်ကြကုန်ရာ၏။

တဖန်-အရေ အတွက် မတိုးမဆုတ်ဘဲ၊ နှစ်ပေါင်း- ထောင်သောင်း တည်နေသော ရွာကြီးမှာ၊ ရှေးအတိုင်း တည်လျက်ရှိနေသော မိဘတို့ ဘက်က အနိစ္စဖြစ်၍၊ ရွာလုံးကျွတ်,ရွာလုံးကျွတ် တမြိုင်နက် သေပျောက် လိုက်သမျှတို့လို၊သင်္ခါရအတွက်၊ရှေ့အတိုင်းမွေးဖွားလာချက်၊ သားသွီး တို့ဘက်က ရွာလုံးပြည့်- ရွာလုံးပြည့် တမြိုင်နက် ဖြစ်ပေါ်ချက်ကြောင့်၊ ဇင်းရွာကြီးမှာ အရေအတွက်တို့ကသာ မတိုးမဆုတ်ပါဘဲ၊ ရှေ့ အတိုင်း တည်ငြားသော်လည်း၊ မိဘတို့ တယောက်သေလျှင်-တရွာလုံးသေ၊ သား သွီးတို့တယောက်ဖြစ်လျှင် တရွာလုံးဖြစ်ကြကုန်ပြီးလျှင်၊အသစ်,အဟောင်း တပြောင်းတည်း ပြောင်းလိုက်နေကြသော ရွာကြီးမှာကဲ့သို့ မတိုးမဆုတ် ကြဘဲ၊လူတမ်းစေ့စသည့် အစားစားတို့မှာ အပြင်သားလုံးယပ် သဏ္ဍာန်

တို့ကသာ ရှေ့အတိုင်းထင်ရပါသော်လည်း၊အတွင်းသားရုပ်နာမ်တို့ကား၊ အချင်းချင်း အသက်တူ- ဖြစ်ပျက်တူကြသောကြောင့်၊ တခု ပျက်လျှင် တကိုယ်လုံးပျက်၊ တခုဖြစ်လျှင် တကိုယ်လုံးဖြစ်ကြ၏ဟု ပြောဟောက၊ သဏ္ဌာနပညတ်,သန္တတိ ပညတ်ကြီးနှစ်ပါးတို့နယ်ကိုသာ တကယ်ဘဲဟု ထင်မှားရှာသူတို့ကား၊အကုန်ဖြစ်,အကုန်ပျက်ဆိုတာ မယုံပါဘူးဟုဆိုချင်သူတို့ အပုံကြီးဘဲ များကြပေလိမ့်မည်။ ဤသို့ များကြလျှင်၊ ၎င်းမယုံဘူးသမားများကပင် တကိုယ်လုံးပျက်အနိစ္စအချက်တွေ ဆန်းဆန်းပြောသမျှ မယုံဘူးမယုံဘူးဟူ၍တောင် မလိုက်နိုင်ကြအောင်၊ သင်္ခါရနှင့်အနိစ္စတို့ကို ဟောပြရာ အဖြာဖြာတို့တွင်၊ အပူဥဏှ-အအေးသီတတည်းဟူသော ဥတုသင်္ခါရနှင့်၊ အတွင်းသား ပရမတ္ထတို့အပျက် အနိစ္စတို့ကိုပြကြရန် နေရိပ်, နေပူများ၊ဥတုနှစ်ပါးတို့နှင့်ထင်ရှားအောင် အားထုတ်ပွဲများ ဟောကြားလေ့လာကြကုန်ရာ၏။ အဘယ်သို့ အားထုတ်ပွဲများ ဟောကြားလေ့လာအပ်ပါသနည်းဟူမူ၊ အရိပ်တွင်း၌ နေသော မိမိတို့၏ တကောင်လုံးရှိ အတွင်းသား ရုပ်ကလာပ်တို့တွင် ပါဝင်သော ပထဝီဓာတ်တို့သည်၊ များသောအားဖြင့် ချွေးမထွက်၍ ခြောက်သွေ့ကြမ်းတန်းသော ပထဝီဓာတ်ရှိသော ရုပ်ကလာပ်စုကြီးဟု ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ပြီးမှ၊နေပူသို့ထွက်ကြသောအခါမှာ၊ များသောအားဖြင့် ချွေးထွက်လာ၍ ပျောင်းပြော့နူးညံ့သော ပထဝီများနှင့် တကွသော အတွင်းသားရုပ်ကလာပ် တကောင်လုံးတို့ နေပူဥဏှဥတု သင်္ခါရနယ်ထဲသို့ကျလတ်မှ၊ သိလုံးနာမ်နှင့်တကွ ဖျတ်ကနဲအသစ် ဖြစ်ပေါ်ရမှု ရုပ်နာမ်သင်္ခါရစုတို့ကိုရှင်း၊ ထိုအရိပ် သီတဥတုသင်္ခါရနယ်ထဲကနေခဲ့ရင်း၊ အတွင်းသားကြမ်းသော ရုပ်ကလာပ်ဟောင်းတကောင်လုံးစုတို့သည်၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ပျက်ရမှုအနိစ္စစုတို့ကိုရှင်း အထူးသတိပြုကာ၊ ထင်မြင်လာအောင် ကြိုးဆောင်ကြည့်ရှုကြပါလေ။ [နောက်နောင်လည်းနေပူ-အရိပ်ဟုဆိုလျှင်၊အပူ ဥဏှဥတုသင်္ခါရ၊အအေးသီတ ဥတုသင်္ခါရဟု သိကြပါလေ]။ ။ဤနေရာမှာတကိုယ်လုံးရှိသမျှ ပထဝီနှင့်တကွသော ရုပ်ကလာပ်တို့သာ ဖြစ်ပျက်၍ လိုက်နေကြတာ မဟုတ်သေး၊ ထိုဖြစ်ပျက်မှုကိုရှုသည့် ဝိပဿနာ နာမ်ခန္ဓာနှင့်တကွ၊ ထိုအခါ ၆-ဒွါရမှာ ဖြစ်ပေါ်သမျှသောနာမ်ခန္ဓာ ဟူသမျှတို့လည်း၊ ထိုထိုမှီရာရုပ်တို့၏ အကုန်လုံးပျက်ကြရာ၌၊ ရေဗူးကွဲရာမှာ ရေပါပျက်ကျသလို။ တချက်ထည်း ဖြစ်ပျက်၍ ပါလေသည်ကို သိစေလို၍၊ **သိလုံးနာမ်နှင့်တကွ** ဟု ရှေ့က ရေးပြခဲ့ပေသတည်း။ ။[နောင်ပြလတ္တံ့ တို့မှာ

လည်း၊ ဤနည်းအတိုင်းဘဲ နာမ်နှင့်တွဲ၍၊ အမြဲပျက်ကာလိုက်နေပါ၏ ဟု သိကြပါလေ။]

တဖန်-နေပူထဲမှာ ခြေထွက်နေရာက အရိပ်သို့ ဝင်ပြန်ရာ၊ ခြေတိတ်သောအခါတို့မှာလည်း၊ ကြမ်းသော ပထဝီရှိသော အတွင်းသား ရုပ်ကလာပ် တကောင်လုံးကြီးတို့သည်၊အရိပ်ထဲသို့ကျမှ သိလုံးနာမ်နှင့် တကွ၊ ဖြုန်းကနဲ အသစ်ပေါ်ရမှု ရှင်နာမ်-သင်္ခါရတို့ကိုရင်း၊နေပူထဲမှာ ရှိသည့် နူးညံ့သော ပထဝီရှိသော အတွင်းသား ရုပ်ကလာပ်ဟောင်း တကောင်လုံးတို့လည်း၊သိလုံးနာမ်နှင့်တကွ၊ ဖြုန်းကနဲ ပျက်ရမှု အနိစ္စ တို့ကိုရင်း အထူးသတိပြုကာ ထင်မြင်လာအောင် မကြာမကြာ အခါခါရှုကြပါလေ။ ။ဤရှာ ပြအပ်ခဲ့ပြီးသော အရိပ်ထဲ-နေပူထဲတို့၌ ရှိသော သီတ-ဥဏှ-တေဇောတည်းဟူသော ဥတုသင်္ခါရ အကြောင်းကြောင့် ပထဝီရုပ်တမျိုးထဲက နူးညံ့ပထဝီ, ခက်မာပထဝီ နှစ်ပါးတို့ ဖြစ်ပွါးကြ၍ အသစ်အသစ်ပြောင်းတိုင်း၊အဟောင်းအဟောင်းရုပ်တို့ ရှုကြည့်သောဝိပဿနာ နာမ်စုနှင့်တကွ၊ဖြုန်းကနဲဖြုန်းကနဲဖြစ်ပျက်၍လိုက်ရမှုသင်္ခါရနှင့်-အနိစ္စ တို့ကို မကြာမကြာ အခါခါ ရှုကြည့်၍၊ ဤနေရာတခုမှာ (အပုတ် ဉာဏ် ရှင်းလင်းသွားပါမှ)၊ ပြလတ္တံ့တို့မှာလည်း၊ အကုန်လုံး ဉာဏ်ရှင်းလင်း၍ သွားပေလိမ့်သတည်း။

အဘယ်သို့ ဉာဏ်ရှင်းလင်း၍ သွားကြအံ့နည်းဟူမူ၊ပြဆိုအပ်ခဲ့ပြီးသော အရိပ်ထဲ-နေပူထဲ တို့၌ ရှိသော သီတ-ဥဏှ-တေဇော တည်းဟူသော ဥတုသင်္ခါရ အကြောင်းကြောင့်၊ ရုပ်တမျိုးတမျိုးတို့၏ ပေါက်ပြန်ချက် အနိစ္စ သက်သေရသဖြင့်၊ တကွဖြစ်ဘက် ရုပ်နာမ် အားလုံးတို့ပါ အနိစ္စ အမျိုးမျိုးဖြစ်တာများကို ထင်ရှားစွာ သိကြရတို့ကား၊ အရိပ်ထဲက- နေပူထဲသို့ ထွက်သောအခါ၊များသောအားဖြင့်ခြေထွက်လာ၍၊စီးယို အာပေါနှင့်တကွ အဝိုရုပ်ကလာပ်တွေ တကောင်လုံးမှာ သိလုံးနာမ်နှင့် တကွ ဖြုန်းကနဲ အသစ်ဖြစ်ပေါ်လာရမှု ရှင်နာမ်သင်္ခါရတို့ ဖြစ်ပေါ်ကြသော အခါ၊အရိပ်ထဲက ရှိရင်းစွဲ၊ ဖွဲ့စေးအာပေါနှင့်တကွ ခြောက်ရုပ် ကလာပ်တွေ တကောင်လုံးတို့မှာ၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲပျက်ရမှု အနိစ္စ တို့ကိုရင်း၊ တဖန်-အရိပ်ထဲသို့ ဝင်ပြန်လျှင်လည်း၊ အခြောက် ရုပ်ကလာပ်တွေ တကောင်လုံးတို့မှာ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ အသစ်ဖြစ်ပေါ်လာရမှုရှင်နာမ်-သင်္ခါရ၊ အဝိုရုပ်ကလာပ်တွေ တကောင်လုံးတို့လည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ပျက်ရမှု အနိစ္စတို့ကိုရင်း၊ အထူးသတိ

ပြုကာ ထင်မြင် လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။ ။ **တထွေတနည်းမှာ၊** အရိပ်ထဲက–နေပူထဲသို့ ထွက်ကြသော အခါ၊ ပူရုပ်ကလာပ်တွေ တကောင်လုံးတို့မှာ၊ သိလုံးနာမ်တို့ပါ ဖြုန်းကနဲ အသစ်ဖြစ်လာမှု **ရင်နာခံ–သင်္ခါရ**ချ၊ အေးရုပ်တွေ တကောင်လုံးတို့မှာလည်း၊ သိလုံးနာမ်တို့နှင့်တကွ ဖြုန်းကနဲပျက်ရမှု **အနိစ္စ**ခုတို့ကိုရင်း၊ တဖန်–အရိပ်ထဲသို့ ဝင်ပြန်လျှင်လည်း၊ အေးရုပ်ကလာပ်တွေ တကောင်လုံးတို့မှာ သိလုံးနာမ်တို့ပါ ဖြုန်းကနဲ အသစ်ဖြစ်လာမှု **ရင်နာခံ–သင်္ခါရ**ချ၊ ပူရုပ်ကလာပ်တွေ တကောင်လုံးတို့မှာလည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ပျက်ရမှု **အနိစ္စ**ခုတို့ကိုရင်း အထူးသတိပြုကာ ထင်မြင်လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။ ။**တထွေတနည်း**–ဝါယောနှင့် ပြရန် အချက်မှာ၊ နေပူသို့မထွက်ဘဲလည်း၊ ယခုငြိမ်နေရာက လှုပ်လိုက်ကြမှု၊ လှုပ်လိုသော နာမ်နှင့်တကွ လှုပ်ရုပ် တကောင်လုံးကြီးတို့က **သင်္ခါရ**၊ ငြိမ်လိုသော နာမ်နှင့်–ငြိမ်ရုပ် တကောင်လုံးကြီးတို့က**အနိစ္စ**၊တဖန်–လှုပ်ရာကငြိမ်လိုက်ကြပြန်မှု၊ ငြိမ်လိုသော နာမ်နှင့်တကွ ငြိမ်ရုပ် တကောင်လုံးကြီးတို့က **သင်္ခါရ**၊ လှုပ်လိုသော နာမ်နှင့်၊ လှုပ်ရုပ်တကောင်လုံးကြီးတို့က **အနိစ္စ** ဖြစ်ကြမှုကို အထူးထင်မြင်အောင်ရှုကြပါလေ။နောင်စိတ္တသင်္ခါနှင့်ပြသော အခါမှာလည်း လွန်စွာထင်ရှားပါလိမ့်သတည်း။ ။**တထွေတနည်းမှာလည်း၊** အသားဖြူသောသူတို့သည်၊ အရိပ်ထဲက နေပူထဲသို့ထွက်ကြသော အခါ၊ အသားနီ ဝဏ္ဏရုပ်ကလာပ်တွေ တကောင်လုံးတို့မှာ၊ သိလုံးနာမ်ပါ ဖြုန်းကနဲ ဖြစ်ပေါ်လာမှု **ရင်နာခံ–သင်္ခါရ**ချ၊အသားဖြူ ဝဏ္ဏရုပ် ကလာပ်တွေ တကောင်လုံးတို့လည်း၊ နာမ်နှင့် တကွ ဖြုန်းကနဲပျက်ရမှု **အနိစ္စ**ခုတို့ကိုရင်း၊တဖန်–အရိပ်ထဲသို့ ဝင်ပြန်လျှင်လည်း၊ဖြူသောရုပ် ကလာပ်တွေ တကောင်လုံးတို့မှာသိလုံးနာမ်နှင့်တကွ ဖြုန်းကနဲဖြစ်ပေါ်လာရမှု**ရင်နာခံ သင်္ခါရ**ချ၊ နီသော ရုပ်ကလာပ်တွေ တကောင်လုံးတို့မှာလည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲပျက်ရမှု**အနိစ္စ**ခုတို့ကိုရင်း အထူးသတိပြုကာ ထင်မြင်လာအောင် အခါခါရှုကြပါလေ။ ။**တထွေတနည်းမှာလည်း၊**အရိပ်ထဲက နေပူထဲသို့ ထွက်ကြသောအခါ၊ ချွေးစေ့နံသည့် ဂန္ဓရုပ်ကလာပ်တွေ တကောင်လုံးတို့မှာ၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ဖြစ်ပေါ်လာရမှု **ရင်နာခံသင်္ခါရ**ချ၊မနံသည့်ဂန္ဓရုပ်ကလာပ်တွေတကောင်လုံးတို့မှာလည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲပျက်ရမှု**အနိစ္စ**ခုတို့ကိုရင်း၊တဖန်အရိပ်ထဲသို့ ဝင်ပြန်လျှင်၊ချွေးစေ့မနံသောရုပ်ကလာပ်တွေတကောင်လုံးတို့မှာသိလုံး

နာမ်နှင့်တကွ ဖြုန်းကနဲဖြစ်ပေါ်ရမှု ရုပ်နာမ်-သင်္ခါရစုနှံသောရုပ်ကလာပ်တွေ တကောင်လုံးတို့မှာလည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲပျက်ရမှုအနိစ္စခုတို့ကိုရှင်းအထူးသတိပြုကာထင်မြင်လာအောင်အခါခါရှုကြပါလေ။

**တနေ့တနည်းမှာလည်း**၊အရိပ်ထဲက နေပူထဲသို့ထွက်ကြသောအခါ၊ များသော အားဖြင့် ချွေးထွက်လာ၍၊ ငန်သောရသာ ရုပ်ကလာပ်တွေ တကောင်လုံးတို့မှာ၊ သိလုံးနာမ်နှင့် တကွ ဖြုန်းကနဲ ဖြစ်ပေါ်လာရမှု **ရုပ်နာမ်-သင်္ခါရ**ခု၊မငန်သောရုပ်ကလာပ်တွေ တကောင်လုံးတို့မှာလည်း သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ပျက်ရမှု **အနိစ္စခု** တို့ကိုရှင်း၊ တဖန်-အရိပ်ထဲသို့ဝင်ပြန်လျှင် ချွေးတိတ်သဖြင့်၊မငန်သော ရုပ်ကလာပ်တွေတကောင်လုံးတို့မှာ၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲဖြစ်ရမှု **ရုပ်နာမ်သင်္ခါရ**ခု၊ ငန်သော ရုပ်ကလာပ်တွေ တကောင်လုံးတို့မှာလည်း သိလုံးနာမ်နှင့် တကွ ဖြုန်းကနဲပျက်ရမှုအနိစ္စခုတို့ကိုရှင်းအထူးသတိပြုကာ၊ထင်မြင်လာအောင် အခါခါ ရှုကြပါလေ။ ။**တနေ့ တနည်းမှာလည်း**၊ ဤငန်သော ရုပ်ကလာပ်,မငန်သော ရုပ်ကလာပ်တို့၏သင်္ခါရနယ်ကဖြစ်မှု၊အနိစ္စနယ်ပျက်မှုတို့ကိုပြဆိုသဖြင့်၊ ၎င်းတို့နှင့် တကွဖြစ်သော **ဩဇာရုပ်တို့က**၊ ငန်လျှင်သက်သော ရုပ်ကလာပ်တွေ၊မငန်လျှင် တက်သောရုပ်ကလာပ်တွေ ဖြစ်ပေါ်လေအောင် ထောက်ပံ့သည့် အဖြစ်ကို သိရှိကြရသဖြင့်၊ နေပူထဲသို့ ထွက်ကြသော အခါ၊ များသောအားဖြင့် ငန်ရုပ်နှင့်တကွ ဖြစ်ကြသော ဩဇာတို့အတွက်၊ သက်ရုပ်တွေ တကောင်လုံးမှာ၊ သိလုံးနာမ်နှင့် တကွ ဖြုန်းကနဲ ဖြစ်လာကြမှု **ရုပ်နာမ်သင်္ခါရ**ခု၊ တက်ရုပ်တွေ တကောင်လုံးတို့မှာလည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ပျက်ရမှု **အနိစ္စခု** တို့ကိုရှင်း၊ တဖန်-အရိပ်ထဲသို့ ဝင်ပြန်လျှင်၊ များသောအားဖြင့် မငန်သော ရုပ်တို့နှင့် တကွ ဖြစ်ကြသော ဩဇာရုပ်တို့အတွက်၊တက်ရုပ်တွေ တကောင်လုံးတို့မှာလည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ဖြစ်လာကြမှု **ရုပ်နာမ်သင်္ခါရ**ခု၊ သက်ရုပ်တကောင်လုံး တို့မှာလည်း၊ သိလုံးနာမ်နှင့်တကွ ဖြုန်းကနဲ ပျက်ရမှု **အနိစ္စခု**တို့ကိုရှင်း အထူးသတိပြုကာ၊ ထင်မြင် လာအောင် မကြာမကြာ အခါခါ ရှုကြပါလေ။ ။[ဤသည်တို့ကား၊ ဥတု သင်္ခါရနယ်က ရုပ်တပါး-တပါးစီတို့ ဖေါက်ပြန်ချက် ထင်ရှားမှုအရန့်၊ အတွင်းသားတွေ တကိုယ်လုံးတို့ ဖြုန်းကနဲ ဖြုန်းကနဲ သင်္ခါရနယ်က ပြုပြုထားသမျှ၊ အနိစ္စနယ်က ပျက်ပျက် သွားနေကြသည်များကို ထင်ရှားအောင် ပြချက်တို့ပေတည်း။]

စိတ္တသင်္ခါရအတွက် ထိုထိုအမူအရာ ဖြစ်ပျက်တို့မှာ၊ ရုပ်နာမ်ခန္ဓာတို့ ဖြစ်,ပျက်စုပါနေကြမှုကို ရှုရပုံကား၊မလှုပ်မရှားဘဲ စင်းစင်းကြီး အိပ်လို သော စိတ်ဖြင့် စင်းစင်းကြီး အိပ်နေရင်း၊ မိမိတို့၏-အတွင်းသား အရေ, အဖတ် ကလာပ်မှုန့် တကိုယ်လုံးတို့သည်၊ ငြိမ်သက်သော ထောက်ကန် ဝါယောနှင့်ဘက္က ဖြစ်နေကြမှုကို ထင်မြင်အောင် ရှုပြီးမှ၊ လူးလဲခြင်း စသော လှုပ်ရှားလိုသောစိတ်ကို သိသာထင်ရှားစွာ ဖြစ်စေပြီးလျှင် လှုပ် ရှားမှုကို ပြုကြသောအခါ၊ လှုပ်လိုသော စိတ်နှင့် အတွင်းသား လှုပ်ရုပ် အမူအရာတွေ တကိုယ်လုံးတို့၊ သူသိ–ငါမြင် အထင်အရှားကြီးဘဲ ဖြုန်း ကနဲ အသစ်ဖြစ်ပေါ်လာမှ ရင်နာမ်သင်္ခါရ၊ ရှေ့အဘို့ကရှိရင်းစွဲ ငြိမ်လို သောစိတ်နှင့် အတွင်းသား ငြိမ်ရုပ် အမူအရာတွေ တကိုယ်လုံးတို့၊ ဖြုန်း ကနဲ ကွယ်ပျောက်ရမှု အနိစ္စရတို့ကိုရင်း၊တဖန်လှုပ်နေရာက ငြိမ်လိုသော စိတ်ဖြင့် ငြိမ်ငြိမ်နေလိုက်ကြပြန်မူ၊ ငြိမ်လိုသောစိတ်နှင့် ငြိမ်ရုပ်အမူအရာ တွေ တကိုယ်လုံးတို့၊ ဖြုန်းကနဲ အသစ်ပေါ်လာမှ ရင်နာမ်သင်္ခါရ၊ ရှေ့ အဘို့က လှုပ်လိုသောစိတ်နှင့် လှုပ်ရုပ်အမူအရာတွေ တကိုယ်လုံးတို့လည်း ဖြုန်းကနဲ ပျောက်ရမှု အနိစ္စရ တို့ကိုရင်း အထူးသတိပြုကာ ထင်မြင်လာ အောင် အခါခါ ရှုကြပါလေ ယောဂီမြတ်တွေတို့။

[ဤနေရာဝယ်၊ထောက်ကန်,လှုပ်ရှား ဝါယောဓာတ် ၂-ပါးတို့ ပြောင်းလဲရာ၌၊ သဝိညာဏက, အဝိညာဏက တကိုယ်လုံး, တထည်လုံးတို့ အတွင်းရှိ ရုပ်တို့နာမ်တို့ သည်လည်း၊ ဖြစ်,ပျက် ပြောင်းလဲ၍ လိုက်နေချက်ကို၊ နောက်တော့မှ- နောက်ခါမှ ရှု ကြည့်မည်ဟု အကြွေးမထားဘဲ၊ ယခု ဤစာဘတ်ရင်း မိမိကိုယ်ကို လှုပ်၍ ငြိမ်၍ ချက်ခြင်းကြည့်ကြပါ၊နောက်နောင်ကိုလည်း ကွက် ကွက်-ကွင်းကွင်းကြီး၊ထင်လင်းပြီးလာကြအောင်၊ထကြွလှုပ်ရှား တိုင်းတို့မှာ ဤနည်းအတိုင်း ရှုကြည့်ကြရန်၊ အနည်းဆုံး သုံးရက် လောက်၊ တခြားအမှုများကိုလျော့ထား၍၊နာနာကြီးရှုစားလိုက်ကြ ပါမူ၊ ထိုရှုစားအပ်သော အကောင်, အထည်ကြီး၏ အတွင်းသား ငြိမ်ရုပ်တွေ အဆင့်ဆင့်၊ လှုပ်ရုပ်တွေ အဆင့်ဆင့်တို့ ဖြစ်ပျက်နေ ကြမှု အချက်စုတို့ကို မိမိတို့ဉာဏ်မှာလည်း၊ ကြောင်ကြောင်ကြီး ထင်မြင်လာလိမ့်မည်။ သူတပါးတို့အားလည်း၊ ထင်ရှား သိ, မြင် အောင် ဟောကြားတတ်လိမ့်မည်။ဤသည်တို့ကား၊အတွင်းသား ရုပ်နာမ်တို့သာ ပျက်မှုကို ရှုရပုံတည်း။ ။အပေါ်ရှိ ပုံသဏ္ဍာန်

တို့ကား၊ ပညတ်ဖြစ်သောကြောင့်၊ ယခု ရှုရသည့် အတွင်းသား သဘာဝပျက်နှင့်–ရော၍ မပျက်ပေ။ ထိုထို ပုံသဏ္ဌာန် အတိုင်းနှင့် ပင်၊ ထိုထို အမှုအရာတွေ ပြောင်းရွှေ့နေသည်ဟု ထင်ရ,မြင်ရ၏။ အကယ်၍ ရှုလိုသူတို့က မိမိတို့ ပညတ်ပျက်ပါ ရှုလိုပါသည်ဟု ပြောဆိုလာသူကို၊ တခုခုနှင့် ထိုသူ တကောင်လုံးကြီးကို ထုချေ ပြလိုက်ကြတို့ အချက်နှင့်၊ အပေါ်ရံ ပုံသဏ္ဌာန် ပျက်သဘောကို ပြောဟောတို့သာ ရှိတော့၏။ သို့အတွက် ဝိပဿနာဉာဏ် အစစ် ဖြစ်ကြအောင်ကား၊ ပရမတ်ပျက်,ဓာတ်ပျက်တို့ကိုသာ ရှုကြကုန်ရာ၏။ သမထဉာဏ် အတွက် နိမိတ္တသံဝေဂတို့ အတွက်နှင့်ကား၊ ပညတ်ပျက် များကိုလည်း ရှုကြည့်ကြရပါကုန်၏။ ဤနေရာမှာ နာမ်ခန္ဓာ လေးပါး ရှိကြသည့်အနက်၊ ပြဋ္ဌာန်းသော စိတ်ခန္ဓာကို ပြလျှင်ပင်၊ မပြဋ္ဌာန်းသော စေတသိက်ခန္ဓာ သုံးပါးတို့၏ အပျက် များကိုလည်း ပြပြီးသားဖြစ်၏ဟု သိကြပါလေ။]

ဤရှေ့က ပြခဲ့ပြီးသော ရှေးရှေးအမှုအရာတို့၏ အဖြစ်, အပျက်တို့အထဲ မှာပင်၊ ထိုထို အမှုအရာတို့နှင့် အပြည့်အပြည့် ဖြစ်ကြသော အတွင်းသား ရုပ်ကလာပ်တို့လည်း၊ အကုန်အစင် ဖြစ်,ပျက်၍ လိုက်ကြကုန်၏။ နောက် နောက် အမှုအရာသစ်တို့ အဖြစ်, အပျက်သို့၊ အနည်းငယ်မျှ မကူးဆက် နိုင်ကြကြောင်းကို။—

**အတိက္ကမေ ပဝတ္တရူပံ ပဋိက္ကမံ အပ္ပတ္တာ တတ္ထေဝ နိရုဇ္ဈတိ။ ပဋိက္ကမေ ပဝတ္တရူပံ အာလောကနံ၊ အာလောကနေ ပဝတ္တရူပံ ဝိလောကနံ၊ ဝိလောကနေ ပဝတ္တရူပံ သမိဉ္ဇနံ၊ သမိဉ္ဇနေ ပဝတ္တရူပံ ပသာရဏံ အပ္ပတ္တာ တတ္ထေဝ နိရုဇ္ဈတိ။ တသ္မာ အနိစ္စံ ဒုက္ခမနတ္တာတိ၊ တိလက္ခဏံ အာရောပေတိ။**

အတိက္ကမေ၊ ရှေ့သို့တက်ခြင်း အမှုအရာအတွင်း၌။ ပဝတ္တရူပံ၊ ဖြစ်ပေါ်လာကြသည့် ရုပ်ဓာတ်ကလာပ် ဟူသမျှသည်။ ပဋိက္ကမံ၊ နောက်သို့ ဆုတ်လာ အမှုအရာသို့။ အပ္ပတ္တာ၊ မရောက်မူ၍။ တတ္ထေဝ၊ ထိုရှေ့သို့တက်ခြင်း အမှုအရာ ဆုံးသည့် အတွင်း၌ သာလျှင်။ နိရုဇ္ဈတိ၊ အနည်းငယ်မျှ မကျန်ရအောင် ချုပ်ပျောက်ကြလေ၏။ ပဋိက္ကမေ၊ နောက်သို့ ဆုတ်ခြင်း အမှုအရာအတွင်း၌။ ပဝတ္တရူပံ၊ ဖြစ်ပေါ်လာကြသည့် ရုပ်ဓာတ်ကလာပ် ဟူသမျှသည်။ အာလောကနံ၊ ရှေ့တည့်တည့်မှ တူရူကြည့်ခြင်း အမှုအရာ အတွင်းသို့။ လ။ အာလောကနေ၊ ရှေ့တည့်တည့်မှ တူရူကြည့်ခြင်း အမှု

အရာ အတွင်း၌။ ပဝတ္တုရုပ်၊ ဖြစ်ပေါ်လာကြသည့် ရုပ်ခါတ်ကလာပ် ဟူသမျှသည်။ ဝိလောကနံ၊ တစောင်းကြည့်ခြင်း အမူအရာ အတွင်းသို့။ ဝိလောကနေ၊ တစောင်းကြည့်ခြင်း အမူအရာအတွင်း၌။ ပဝတ္တုရုပ်၊ ဖြစ်ပေါ်လာကြသည့် ရုပ်ခါတ်ကလာပ်ဟူသမျှသည်။သမိဉ္ဇနံ၊လက်ခြေကွေးခြင်း အမူအရာအတွင်းသို့။သမိဉ္ဇနေ၊လက်ခြေကွေးခြင်းအမူအရာအတွင်း၌။ပဝတ္တုရုပ်၊ဖြစ်ပေါ်လာကြသည့် ရုပ်ခါတ်ကလာပ် ဟူသမျှသည်။ပသာရဏံ၊ လက်ခြေဆန့်ခြင်း အမူအရာ အတွင်းသို့။ အပ္ပတွာ၊ မရောက်မူ၍။ တတ္ထေဝ၊ ထိုလက်ခြေကွေးခြင်း အမူအရာဆုံးသည့် အတွင်း၌သာလျှင်။ နိရုဇ္ဈတိ၊အနည်းငယ်မျှ မကျန်ရအောင် ချုပ်ပျောက်ရလေ၏။တသ္မာ၊ထို ရှေ့ရှေ့ အမူအရာ ရုပ်တပါးက၊ နောက်နောက် အမူအရာ ရုပ်တခြားသို့ မသွားနိုင်ဘဲ၊ ရှေ့ရှေ့အမူအရာ ထဲတွင်သာ အကုန်အစင် ချုပ်ပျောက်ရာသောကြောင့်။ အနိစ္စံ၊ ချုပ်ပျောက်သေမှု အနိစ္စ အစတို့သာတည်း။ ဒုက္ခံ၊ သေဘေးသင့်မှု ဒုက္ခအစတို့သာတည်း။ အနတ္တာ၊ အနှစ်မတိုး၊ အပိုးမရ လိုမကျမှု၊ အနတ္တ အစတို့သာတည်း။ ဣတိ၊ ဤသို့။ ဝါ၊ ဤလို- ဤပုံ။ တိလက္ခဏံ၊သုံးပါးသော လက္ခဏာသို့။ အာရောပေတိ၊ တင်၏။ ။ဟု ဝိသုဒ္ဓိမဂ်-မိန့်တော်ချက်အတိုင်း၊ရှေ့ရှေ့အမူအရာ အတွင်းမှာဖြစ်ပေါ်လာသမျှသော ရုပ်ခါတ်ကလာပ် ဟူသမျှတို့သည်၊ နောက်နောက် အမူအရာ အတွင်းသို့ ကျရောက်ခြင်းမရှိဘဲ၊ ရှေ့ရှေ့ အမူအရာ ထဲ၌ပင်လျှင်၊ အမြဲချုပ်ပျက်၍ လိုက်ကြရမှု၊ဤဝိသုဒ္ဓိမဂ် သက်သေစုဖြင့် ရှေ့က ရေးပြခဲ့ပြီး၊ နောင်ရေးပြလတ္တံ့သောအမူအရာပျက်ဟူသမျှတို့ကို ကောင်းကောင်းကြီး ယုံကြည်ကြကာ မကြာမကြာ အခါခါ အားထုတ်ကြ၍၊ ဝိပဿနာအလုပ်များ အဟုတ်ပေါက်ရောက်သွားနိုင်ကြပါစေသတည်း။ဝါ၊အဟုတ်ပေါက်ရောက် သွားအောင် မကြာမကြာ အခါခါ အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။ ။ထို့ပြင်တဖန်၊ ဝိပဿနာရှုကာ အိပ်ရာက ထိုင်လိုသော စိတ်ဖြင့် ထိုင်လိုက်ပြန်သောအခါ၊ ထိုထိုင်လိုသော စိတ်နှင့် အတွင်းသား ထိုင်ရုပ်အမူအရာတွေ တကိုယ်လုံးတို့၊ သင်္ခါရနယ်က ဖြုန်းကနဲ အသစ်ဖြစ်ပေါ်လာမှု ရှင်နာမ်သင်္ခါရစုရှေ့အဘို့ကတုံးလုံးအိပ်လိုသော စိတ်နှင့်၊ အိပ်ရုပ်အမူအရာဟောင်းတွေ တကိုယ်လုံးတို့ ဖြုန်းကနဲ ကွယ်ပျောက်ရမှု အနိစ္စစုတို့ကိုလည်း၊ အထူးထင်မြင်အောင် အခါခါ ရှုကြပါလေ။

တဖန်-ထိုင်နေရာက ဝိပဿနာရှုကာ ရပ်လိုသော စိတ်ဖြင့် ရပ်လိုက်ပြန်သောအခါ၊ ထိုရပ်လိုသော စိတ်နှင့် အတွင်းသားရပ်ရုပ်အမူအရာတွေ

တကိုယ်လုံးတို့၊ သင်္ခါရနယ်က ဖြုန်းကနဲ အသစ်ဖြစ်ပေါ်လာမှု ရုပ်နာမ်သင်္ခါရဓာတ်ရှေအတို့ကထိုင်လိုသောစိတ်နှင့် ထိုင်ရုပ်အမူအရာဟောင်းတွေ တကိုယ်လုံးတို့လည်း၊ ဖြုန်းကနဲ ကွယ်ပျောက်ရမှု အနိစ္စ တို့ကိုလည်း အသူး သတိပြုကာ ထင်မြင်လာအောင် အခါခါ ရှုကြပါလေ။ ။ထို ရပ်ရာမှ သွားလိုသောအခါ၊ သွားရာမှ ထိုင်လိုပြန်သော အခါ၊ ထိုင်ရာမှ အိပ်လိုပြန်သော အခါတို့မှာရင်း၊ ထိုထို အိပ်ရင်း၊ ထိုင်ရင်း၊ ရပ်ရင်း၊ သွားရင်းအခိုက်အခါတို့၌၊ ထိုထိုအမှုကို ပြုလိုသောအခါတိုင်းတို့မှာရင်း၊ မိမိတို့ကိုယ်တိုင် သိရှိကြပြီးလျှင်၊ထိုထိုအမှုကို ပြုလိုကြသော စိတ္တသင်္ခါရ အကြောင်းရမှသာ ပြုပြုနေကြပါသော ထိုထို အမူအရာ- သိန်းသောင်း၊ ပြောင်းလဲ- ဖြစ်, ပျက်နေကြသည့် အချက်တွေကို ကိုယ်တိုင်လည်း သိ၊ ကိုယ်တိုင်လည်း အသုံးကျ- အသုံးချနေကြသော လက်တွေ့-စိတ်တွေ့- ဉာဏ်တွေ့ကြီးများ အစစ်ဖြစ်လှသည့် သင်္ခါရနှင့်-အနိစ္စ တရားကြီးများကို၊ မိမိတို့လည်း ကိုယ်တိုင်လုပ်ငန်း တွင်အောင်၊ ထိုထိုအမူအရာတိုင်းတို့မှာ ဆင်ခြင်ပွါးများ အားထုတ် သွားကြပါလေ။ မိမိတို့ အားထုတ်ပြီးသား ထင်မြင်ပေါက်ရောက်ပြီးသား ဝိပဿနာအစစ်များကို၊ တပည့်- တကာ မိတ်ကလျာတို့အားလည်း၊ ဂ-နှ-သချာစွာ ဟောကြား ပြသကြပါလေ ယောဂီမြတ်တွေတို့။

ထိုမှတပါး၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၏ ဖြစ်ပျက်မှုအစားစား မထပ်စေ ငြားဘဲ၊ ဆန်းဆန်းပြောဟောသမျှတို့ကို (မယုံသေးဘူး-မယုံသေးဘူး)ဟု လိုက်သူတို့က ဆန်း-ဆန်းပြီးပြောဟောလုံးတွေများလှ၍၊ (မယုံသေးဘူး) ဟု-မလိုက်နိုင်ကြဘဲ၊ အရှုံးပေးပါပြီ ဘုရားဟု (ဆလံ-သလျက်) ဝန်ချရ လောက်အောင် အနိစ္စစခန်းက ဆန်းဆန်းပြနိုင်သော နည်းအစားစားတို့ အနန္တ ပေါများလှပုံများကို စိတ္တသင်္ခါရ တခုမျှနှင့်ပင်၊ ကိုယ်ပိုင်ဉာဏ် ဖြင့် ကိုယ်တိုင် သိမြင်ကြကာ ကြည့်ရှုပွါးများလိုကြပါသေးမူ၊ ရှေ့ကပြဆို ခဲ့တိုင်း၊ ထိုထိုအမူအရာကိုပြုလိုသော စိတ်ကြောင့်၊ ထိုထို ကိုယ်အမူအရာ ရုပ်တို့ဖြစ်ကြကုန်၏ဟု သိရှိကြသည် အားလျော်စွာ၊ ကုန်းလိုသောစိတ် ကြောင့်၊ ကုန်းသည့် အမူအရာအစားစား- ရုပ်နာမ်တရားတို့ ဖြစ်-ပျက်မှု တို့ကို ထင်မြင်သွားကြအောင် ကြွေးမထားကြဘဲ၊ ဤ စာကိုဘတ်ဆဲမှာ ယခု ဆန့်တန်းနေသော ကိုယ်အမူအရာ ရုပ်ကောင်ကြီးက ကုန်းလိုသော စိတ်ထားနှင့်- ယခုပင် စဉ်းစားပြီး ကုန်းပေးလိုက်ပါက၊ စိတ်ဆောင်ရာ ရှေ့ဘက်နားသို့၊ ရှိရင်းစွဲ အမူအရာ ရုပ်စုများတို့ အကုန်လုံး ပျက်ပြား၍၊

အဆင့်ဆင့်ကုန်းကုန်း-ကုန်းကုန်းသွားမှု၊ အတွင်းသား အမူအရာရုပ်သစ်စုကို အခါခါ ယခုချက်ခြင်း လက်ငင်းရှုလိုက်ကြပါလေ။ ။ဤ နေရာမှာပညတ်အကောင်ကြီး မပျက်စီး၍၊ အနိစ္စလည်း မဖြစ်ဟု မမှတ်ကြနှင့်၊ ဝိပဿနာ ဉာဏ်အစစ်တို့ မည်သည်၊ ထိုထိုပညတ်ပျက် အနိစ္စတို့ကို ရှုရသည်မဟုတ်၊ ထိုထိုပညတ်တို့ အတွင်းသား ရုပ်နာမ်အမူအရာ အကုန်လုံးတို့၊ဖြုန်းကနဲ-ဖြုန်းကနဲပျက်ပျက်လိုက်မှု အနိစ္စစုကိုသာ ရှုရ၏ဟု မှတ်ကြပါလေ။ ။အတွေ့အနည်းများ၊ကွလိုသောစိတ်ကြောင့်၊ကွသည့် အမူအရာအစားစား၊ ရုပ်နာမ်တရားတို့ ဖြစ်-ပျက်မှုများကိုလည်း ကြွေးမထားဘဲ၊ ထင်မြင် သွားအောင် ရှုစားကြပါလေ။ ။တဖန်- ယိမ်းလိုသော စိတ်စသည်ကြောင့်၊ယိမ်းသည့်အမူအရာအစားစား၊ရုပ်နာမ်တရားတို့ဖြစ်ပျက်မှုတို့ကိုရင်း၊ နောက်နောင်လည်း ထို့အတူယိုင်သည့် အမူအရာ အစားစား၊ ရုပ်နာမ်တရားတို့ ဖြစ်ပျက်မှုတို့ကိုရင်း၊ ထသည့် အမူအရာအစားစား၊ထိုင်သည့် အမူအရာအစားစား၊ ငုံ့သည့် အမူအရာအစားစား၊ ရွှေ့သည့် အမူအရာအစားစား၊တဲ့သည့် အမူအရာအစားစား၊ စောင်းသည့် အမူအရာအစားစား၊ ကောင်းသည့် အမူအရာအစားစား၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုတို့ကိုရင်း၊ ဦးခေါင်းလှုပ်မှု အမူအရာအစားစား၊ လက်လှုပ်မှု၊ ခြေလှုပ်မှု၊ ကိုယ်လှုပ်မှု အမူအရာအစားစားတို့ ရှိနေကြရာတွင်၊ ဦးခေါင်းလှုပ်မှု၌လည်း၊ မျက်ခုံးလှုပ်မှု- မျက်လုံးလှုပ်မှု၊ မျက်တောင်လှုပ်မှု၊ နှုတ်ခမ်းလှုပ်၊ ပါးစပ်လှုပ်မှု၊ လျှာလှုပ်မှု၊ အာလှုပ်မှု၊ မေးလှုပ်မှု၊ ပါးလှုပ်မှု၊ နားလှုပ်မှုစသည့် အမူအရာ အစားစား၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုတို့ကိုရင်း၊လက်-ခြေ-ကိုယ် လှုပ်မှုတို့တွင်လည်း၊ လက်ရုံး-လက်မောင်း လက်ချောင်းစသည်၊ လက်အင်္ဂါ အမျိုးမျိုးတို့ လှုပ်မှု၊ ခြေအင်္ဂါ အမျိုးမျိုးတို့လှုပ်မှု၊ ကိုယ်အင်္ဂါ အမျိုးမျိုးတို့လှုပ်မှု အမူအရာ အစားစား၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုတို့ကိုရင်း အထူးသတိပြုကာ နာမ်ပျက်နှင့်တကွ ရှင်းလင်းစွာ ထင်မြင်လာအောင်၊နောက်တော့မှ-နောက်ခါမှဟု အကြွေးမထားကြဘဲ၊ ယခု ချက်ခြင်း လက်ငင်းပင်၊ အတွင်းသား အမူအရာတို့ ဖြစ်မှု-ပျက်မှုတို့၌သာ မိမိတို့ဉာဏ်ကို စိုက်ထားပါ၍၊ ယိမ်းလိုက်တိုင်း၊ ယိုင်လိုက်တိုင်း၊ ထိုင်လိုက်တိုင်း၊ ထလိုက်တိုင်း၊ ငုံ့လိုက်တိုင်း၊ ရွှေ့လိုက်တိုင်း၊တဲ့လိုက်တိုင်း၊ စောင်းလိုက်တိုင်း၊ ကောင်းလိုက်တိုင်းတို့မှာရင်း၊ ဦးခေါင်းအင်္ဂါ အစိတ်စိတ်၊လက်အင်္ဂါ-ခြေအင်္ဂါ-ကိုယ်အင်္ဂါအစိတ်အစိတ်တို့လှုပ်ရှားလိုက်တိုင်းတို့မှာရင်း၊ အတွင်းသား ရုပ်နာမ်တို့၏ ဖြစ်ပျက်မှု

**သင်္ခါရနှင့် အနိစ္စတို့ကို**၊ထိုထိုအမှုအရာတို့ ဖြစ်ပျက်မှုတို့နှင့်သာ တွဲဘက်ပါ၍ ရှုတတ်ကြပါစေသတည်း။ ။ဤ သည်တို့ကား၊ မယုံသေးဘူးဟု လိုက်သမားတို့က အနိစ္စ မထပ်တမ်း- အဆန်းပြောသမျှ မယုံသေးဘူးဟု မလိုက်နိုင်ကြ၍ ဆလံသ,ရသည့် အချက်ကြီးတမျိုးအတွက် ပေတည်း။

## (၅၁) ခြောက်ဒွါရနှင့် စင်လျက်၊ အမှုအရာပျက်အနိစ္စ၊ အနတ္တပေါ်များလှပုံနှင့်၊ အနိစ္စပုတီးစိပ်တလုံးတလုံးတို့အထဲမှာ၊ တလောကလုံးတို့ အပျက်ထင်မြင်လာပုံ နိဂုံးခါးပတ် အပြီးအဆုံးသတ်ပုံအချက်ခု

ခြောက်ဒွါရနှင့် စပ်လျက် အမှုအရာပျက် အနိစ္စတို့၊ အနတ္တပေါ်များမှုတို့ကိုရှုကြည့်ကြရပုံကား၊မျက်စိပေါက်ကရှုကြည့်လိုသောစိတ်နှင့်ရှုကြည့်ပုံ ကိုယ်စိတ်အမှုအရာ အစားစား၊နားပေါက်က နားထောင်ပုံ၊ နှာခေါင်းပေါက်က နမ်းပုံ၊ လျှာပေါက်က- စားပုံ၊ကိုယ်ပေါက်က- တွေ့ပုံ၊ မနောပေါက်က-ကြံစည်ပုံ ကိုယ်စိတ်အမှုအရာအစားစား၊ ရုပ်နာမ်တရားတို့၏ **သင်္ခါရနယ်ကဖြစ်မှု၊ အနိစ္စနယ်က ပျက်မှုတို့ကို** အတပ် ထင်မြင်အောင် ရှုကြရန် အချက်တို့တွင်၊ **မျက်စိပေါက်က ရှုကြည့်ပုံအမှုအရာအစားစားတို့ဝယ်**၊ စာကို ဘတ်လိုမှုနှင့်၊ (က-ခ-ဂ-ဃ-င-) စသည်တို့ကို ကြည့်ရှုကြသောအခါ၊ ရှေ့ရှေ့အက္ခရာ တခုတခုတို့ကို ကြည့်ရှုမှုတွေ အဆုံးမရှိလေအောင် များပြားလှသည့် ရုပ်နာမ် အမှု အရာ အစားစားတို့သည်၊ နောက်နောက်အက္ခရာ တခုတခုတို့ကို ကြည့်ရှုမှု အဆုံးမရှိအောင် များပြားလှသည့် ရုပ်နာမ်အမှုအရာ အစားစားတို့သို့ မလိုက်ပါနိုင်ကြဘဲ၊ သူ့အက္ခရာနှင့် သူ့ရှုမှု-ရုပ်နာမ် အမှုအရာ အစားစားတို့၏ ဖြစ်ပေါ်လာမှု **သင်္ခါရ၊ ပျက်မှု အနိစ္စတို့ကိုလည်း** နောက်တော့မှ-နောက်ခါမှ ရှုမည်ဟု ကြွေးမထားကြဘဲ၊ ယခု ဤစာကိုဘတ်ရှုဆဲမှာပင် သတိသမ္ပဇဉ် ဉာဏ်တွေဝင်၍၊ဆင်ခြင်ကာကြည့်ရှုရပုံကား။ ။ဩဒ်-ယခု ဤစာကိုကြည့်ရင်း စဉ်းစားကြည့်သော အခါ၊ ရှေ့ရှေ့ အက္ခရာတို့ကို ကြည့်လိုက်ပုံ, သိလိုက်ပုံ ကိုယ်အမှုအရာ စိတ်အနေအထားတို့ကားတမျိုးတခြား၊နောက်နောက် အက္ခရာတို့ကို ရွေ့၍ရွေ့၍ ကြည့်လိုက်ပုံ,သိလိုက်ပုံ ကိုယ်အမှုအရာ စိတ်အနေ အထားတို့ကလည်း တမျိုးတခြားတည်း။ရှေ့ရှေ့ အက္ခရာတို့ကို ကြည့်သည့်- သိသည့်၊ ရုပ်နာမ် အမှုအရာတို့သည်၊ နောက်နောက်

အကွဲရာတို့ကို ကြည့်သည့်-သိသည့် ရုပ်နာမ် အမူအရာတို့သို့မလိုက်ပါဘဲ၊ ရှေ့ရှေ့ အကွဲရာတို့ကို ကြည့်၍-သိ၍ အပြီးအပြီးတို့မှာ အကုန်အစင်သာ ချုပ်ငြိမ်း၊ရုပ်သိမ်းလိုက်မှု အနိစ္စစုတို့ချည်း ဖြစ်လိုက်နေကြပါတကားဟု- ယခု ဤစာကိုဘတ်ရင်း အနိစ္စ ရှုနိုင်လောက်အောင် ချီးမြှောက်ရေးသား၍ ပေးသနားလိုက်သည်များကို၊ တွေ့ရှိ ဘတ်သိသူ အစားအစားတို့ နည်းရ၍၊ နောက်နောင် ဤစာကိုရင်း၊ အခြားစာတို့ကိုရင်း ဘတ်ရှုသွားလတ္တံ့ တိုင်းတို့မှာ၊ ဤ ကြည့်ပုံ, သိပုံ ရုပ်နာမ် အမူအရာပျက်၊ အနိစ္စအချက်နှင့် တွဲဘက်ကြကာ၊မကြာမကြာ အခါခါ ရှုနိုင်ကြပါစေသတည်း။ ။စာမှ တပါးသော အဆုံးအပိုင်း အခြားမရှိသော အကောင်အထည် ဝတ္ထု အစားစားတို့တွင်၊တပါးပါးသော အဆင်းကို ကြည့်ရှုကြရာ၌ပင်၊စာလုံး အကွဲရာကို ကြည့်ရှုရာ မှာကဲ့သို့ ရှေ့ရှေ့ အကောင်အထည်တို့၏ အဆင်း တို့ကို ကြည့်ရှုမှုတို့၊ အဆုံးမရှိအောင် များပြားသည့် အမူအရာ အစားစား ရုပ်နာမ် တရားတို့သည်၊ နောက်နောက် အကောင် အထည်တို့၏ အဆင်းတို့ကို ကြည့်ရှုမှုတို့၊ အဆုံးမရှိအောင် များပြားသည့် အမူအရာ အစားစား ရုပ်နာမ်တရားတို့သို့ မလိုက်ပါနိုင်ဘဲ၊ သူ့အကောင်,သူ့အထည် နှင့်၊ သူ့ရှုမှုတို့၏ အဆုံးအပိုင်းအခြားမရှိအောင် များပြားလှသည့်အမူအရာ အစားစား ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှုတို့ကို အထူးသတိပြုကာ ကြည့် ရှုသော အရာရာတိုင်းတို့မှာ၊ ဤအမူအရာပျက် အနိစ္စအချက် ထင်မြင်လာ အောင် မကြာမကြာ အခါခါရှုကြည့်ကြပါလေ ယောဂီ မြတ်တွေတို့။

ထိုမှတပါး၊နားပေါက်က-နားထောင်ပုံ၊နှာခေါင်းပေါက်က-နမ်းရှုပုံ၊ လျှာပေါက်က-စားသောက်ပုံ၊ကိုယ်ပေါက်က-တွေ့ထိပုံ၊မနောပေါက်က ကြံစည်ပုံ၊ ကိုယ်စိတ် အမူအရာ အစားစား ရုပ်နာမ်တရားတို့တွင်လည်း၊ နားပေါက်က နားထောင်ပုံ အစားစား အမူအရာတို့ ဖြစ်ပျက်မှုများနှင့်၊ ဝိပဿနာ ရှုစားလိုကြပါမူ၊ စာကို အသံထုတ်၍ ရွတ်ဘတ်ပြန်အံမှုနှင့်၊ (က-ခ-ဂ-ဃ င) စသည့်တို့ကို ရွတ်ဘတ်ပြန်အံကြသောအခါ၊ ရှေ့ရှေ့ အကွဲရာ တခုတခုတို့ကို ကြားရသည့် ကိုယ်အမူအရာ အနေအထား ရုပ် အစားစား၊ နားနှင့် ကြားသိလုံးနာမ်အစားစားတို့သည်၊ နောက်နောက် အကွဲရာ တခုတခုတို့ကို ကြားရသည့် ကိုယ်အမူအရာ အနေအထား ရုပ် အစားစား၊နားနှင့် ကြားသိလုံး နာမ်အစားစားတို့သို့ မလိုက်ပါဘဲ၊ရှေ့ရှေ့ အကွဲရာတို့ကိုကြား၍ အပြီး အပြီးတွင်၊ အကုန်အစင် ကြားရသည့် အမူ အရာ အားလုံးတို့ ဖြုန်းကနဲ-ဖြုန်းကနဲ ချုပ်ငြိမ်း ရုပ်သိမ်းလိုက်မှု အနိစ္စစု

တို့ကို၊ နောက်တော့မှ-နောက်ခါမှဟု အကြွေးမထားကြဘဲ၊ ယခုချက်ခြင်း လက်ငင်း၊ ဤစာကို အသံထုတ်၍ ရွတ်ဘတ်ပြန်အံရင်း နှလုံးသွင်းနိုင် ရှုကြည့်နိုင်၏။ ထိုထိုပရိယတ်, ပဋိပတ်အရာတို့၌ ဝါသနာပါကြပေသော သူတော်ကောင်း အပေါင်းတို့သည်၊ ထိုထိုကျမ်းစာအရပ်ရပ်တို့ကိုဘတ်ရှု နာကြားကြရင်းဖြစ်စေ၊ မိမိတို့ရသမျှတို့ကို ရွတ်ဘတ်ပြန်အံရင်း ဖြစ်စေ၊ မိမိတို့အသံနှင့်ကာကွ ရွတ်ဘတ်ကြသည့် အမှုအရာ ဖြစ်သည့် ရုပ်နာမ် ပရမတ်အစစ်ကို အသစ်အသစ်ပြောင်းလျှင်၊ အဟောင်း အဟောင်းတွေ ပျက်ပျက်လိုက်မှုတို့ကို ထင်မြင်အောင်ရှု၍ ရဟန်းငယ်တပါး မဂ်ဖိုလ်များ ကို ပေါက်ရောက်သွားနိုင်ကြောင်းကို ရှေးသောတဝိညာဏခေတ်ကလည်း ပြအပ်ခဲ့ပြီးသော သဂါထာ၁၇-ဝနသံယုတ် သဇ္ဈာယသုတ် အဋ္ဌကထာ မြတ်တို့ မိန့်မှာတော်မူအပ်သောထုံးကို နှလုံးသွင်းကာ သွင်းကာ၊ ပရိယတ် ပဋိပတ်တရားများကို လိုလားတော်မူကြသော သူတော်ကောင်းအပေါင်း တို့မှာလည်း၊ ထိုထိုစာပေကျမ်းဂန်များကို ကျက်ဘတ် ပြန်အံတိုင်းတို့မှာ၊ မိမိတို့အသံနှင့်ဖြစ်ပျက်မှုတူ။အသက်တူ၊ရုပ်နာမ်ခန္ဓာ အကုန်လုံးတို့လည်း အတွဲလိုက် အကွဲလိုက် ဖြစ်ပျက်၍ လိုက်နေမှုတို့ကို အထူးသတိပြုကာ ရှင်းလင်းစွာ ထင်မြင်လာအောင် မကြာမကြာ အခါခါ အားထုတ်နိုင်ကြ ပါစေသတည်း။ဝါ၊ အခါခါ အားထုတ်ကြပါလေ။ ။ဤသည်တို့လည်း၊ မယုံသေးဘူး သမားဘာ၊ အနိစ္စ အဆန်းနည်းတွေများလှ၍ (ဆလံသ,ရ ချက်)ဘမျိုးတို့ကို၊ အကောင်အထည်ဒြပ်ကြီးတို့ မတိုးမဆုတ်ကြဘဲ၊တည် မြဲတိုင်းနှင့်ပင် အနိစ္စ ထင်မြင်အောင် ပြချက်တို့ပေတည်း။ ။ဤသို့- သဝိညာဏက ရှိရှိသမျှတို့မှာလည်း၊သုံးမျိုးသုံးစားတို့ခြားနား၍၊ 'သဒ္ဒါရ နှင့်အနိစ္စ' တို့ကို အများသူတို့ပင် သိမြင်ထင်ရှားလောက်အောင် အတွက် နှင့်၊ ရှေ့က(သဒ္ဒသန် ါရုအနိစ္စာ)တို့အနက်ဘမျိုးပြသျက်၊ စကားအခြေခံ ထားခဲ့သည့် တာဝန်ချက်များကို၊ဤမှာပြသည့်-သဝိညာဏက သုံးမျိုးက ပျောက်သွား၍၊ အကုန်လုံးပေါက်ရောက်သွားအောင် ရေးသားလျက် ထားချက်များကို၊ အထပ်ထပ် အခါခါ ကြည့်ရှု ကြိုးစည်ကြပါမူ၊ အလုံးစုံ သော သဝိညာဏက ရှိရှိသမျှတို့၏ (သဒ္ဒါရနှင့်အနိစ္စ)တို့ကိုလည်း၊အများ သူတို့ပင် သက်သက်သာသာ ကလေးနှင့် ထင်မြင်နိုင်ကြကုန်ရာ၏။ ဝါ၊ ထင်မြင်နိုင်ကြအောင် မကြာမကြာ အခါခါ အထပ်ထပ်၊ပြန်၍ ပြန်၍ ကြည့်ရှုအပ်၊ကြိုးစည်အပ်၊ဟောကြားနာခံအပ်၏။ဟောကြားနာခံကြလေ။

ဤသို့လျှင် ရှေ့ကပြအပ်ခဲ့ပြီးသော အဝိဇ္ဇာဏကတို့ဘက်က၊ အတိုး အဆုတ်-အရပ် ၃-စား၊သဝိဇ္ဇာဏကတို့ဘက်က၊အတိုး-အဆုတ်-အရပ် ၃-စား၊ပေါင်း ၆-စားတို့သည်၊ **သဒ္ဒေ** ဟူသောကတ္တားပုဒ် အရတည်း။ ၎င်း ၆-စားတို့ သင်္ခါရအတွက်နှင့် အသစ်အသစ် - ဖြစ်ဖြစ်တက်နေချက် တို့သည်၊**သင်္ခါရေ**ဟူသောနာမသတ်ပုဒ်အနက်အရတည်း။၎င်း ၆-စားတို့ အဟောင်းတွေရှိသမျှ ပျက်ပျက်လိုက်နေချက်တို့သည်၊ **အနိစ္စာ** ဟူသော နာမသတ်ပုဒ် အနက်အရတို့ကို ထင်ရှားအောင် ပြချက်တို့ပေတည်း။ ဤ သည်တို့ကား,လောကကြီး အများကို ၆-စားနှင့် ပြချက်တည်း။

ဤလောကကြီးအများကို **တစားထဲနှင့်** ပြရပုံမှာ၊ ရှေ့က ပြအပ်ခဲ့ပြီး သော သဝိဇ္ဇာဏကသုံးစား၊ အဝိဇ္ဇာဏက သုံးစားတို့သည်၊ လွန်စွာ ပေါ်လွင် ထင်ရှားလှပါသော်လည်း၊ တပည့်တော်, တပည့်တော်မတို့မှာ ကာလလည်းမအား၊ဉာဏ်ကလည်း မများကြသည့်အတွင်းမှာရေးသား၍ ထားတာတွေက ကျယ်ဝန်းနေလှသည်လည်းတကြောင်း၊၎င်း ၆-စားတို့ အနက်မှာ တစား တစားစီသာ ဝိပဿနာ ရှုကြရန် အလုပ်ကို၊ ရှေ့က ရေးထုတ်လျက် ရှိနေပြန်သည်လည်းတကြောင်းတို့ကြောင့်၊**အနိစ္စ-အနိစ္စ** ဟု အားထုတ်ကြသော ဝိပဿနာဉာဏ်အသုံး၊ ပုတီးစိပ်တလုံး တလုံးတို့ အထဲမှာ၊ ၎င်း အဝိဇ္ဇာဏက, သဝိဇ္ဇာဏက ၆-စားတို့ အကုန်လုံးပါ၊ ဖြုန်းကနဲ-ဖြုန်းကနဲ သင်္ခါရနယ်က တက်တက်သွားသမျှ၊ အနိစ္စနယ်က ဖုန်းကနဲ-ဖုန်းကနဲ ပျက်ပျက်လိုက်နေကြဘာကို ထင်မြင်ကြပြီးလျှင်၊နေ့စဉ် **မဆိုကောင်း- ဆိုကောင်း** ပုတီးစိပ်ချင်ပါသည်ဟု သဒ္ဒါဝီရိယ ကြီးထွား လှသူတို့က လျှောက်ထား တောင်းပန်ဘွယ်ရှိလှ၍၊ကာလမအား- ဉာဏ် နည်းပါးသူတို့ပါ၊လွယ်လွယ်ကလေးနှင့် အားထုတ်နိုင်ကြစရာ၊ထိုသဝိဇ္ဇာ ဏက, အဝိဇ္ဇာဏက ခြောက်ဖြာတို့အရနှင့် တလောကလုံးကြီးတို့ ရှိရှိ သမျှတို့ကို ဝါးလုံးတွေအများတို့ကို ကြိုးတချောင်းထဲနှင့် စည်း၍၊ ဆွဲယူ ရာသို့ အကုန်လိုက်ပါရသကဲ့သို့၊ ဥတုသင်္ခါရ တခုမျှနှင့် အနိစ္စရှုရာသို့ အကုန်လုံးစု၍၊ ဉာဏ်အမြင်မှာ ထင်ရှားစွာလိုက်ပါနိုင်ကုန်၏။ **လိုက်ပါ အောင်ရှုရပုံကား။** ။နေမထွက်ခင် အခါ, သဝိဇ္ဇာဏက သုံးစား, အဝိဇ္ဇာဏကသုံးစားတို့ အတွင်းသား ရုပ်နာမ်ခါတ်ကလာပ် အကုန်လုံး တို့မှာ များသောအားဖြင့် ဧးရုပ်, ဧးသိနာမ်တို့သာတည်းဟု တလောက လုံးကြီးတို့ကို ထင်မြင်မှုနှံ့ပြားသွားအောင် အခါခါရှုစားကြပြီးမှ၊ အပူ ဥတုဥတုနှင့် တကွ နေမင်းကြီးဘွားကနဲ ထွက်ပေါ်လာလျက်၊ ပူရုပ်

တေဇောတို့ တက်လာလျှင်- တက်လာခြင်း၊ ၎င်း ခြောက်ဌာန လောက အားလုံး ကြီးတို့မှာ ရှိရှိသမျှသော ဇေးရုပ်- ဇေးသိနာမ်တို့ ချက်ခြင်းသေ ပျောက် အနိစ္စရောက်၍၊ ပူရုပ်-ပူသိနာမ်တို့ချက်ခြင်း အကြောင်းသင်္ခါရ အပေါက်က ဖြစ်ရောက်ပေါ်တက်လာကြပြီးနောက်လည်း၊နေမင်းကြီးက ဥဏှဥတုနှင့် သင်္ခါရ အဆင့်ဆင့်ပြုတိုင်း၊ပူရုပ်-ပူသိနာမ်တွေ အဆင့်ဆင့် တက်တက်လာချက် သင်္ခါရတို့ကိုင်း၊ ရှိရင်းစွဲ ဇေးရုပ်-ဇေးသိနာမ်တွေက လည်း၊ အဆင့်ဆင့် ပျက်ပျက်လိုက်နေရချက် အနိစ္စဘို့ကိုင်း၊ ဝါးစည်း တို့မှာ ကြိုးတချောင်းထည်းနှင့်ပင်၊ ချည်တုပ်ဆွဲငင်ရာသို့ ပါရသလို၊သီတ ဥဏှ ဥတုအပြောင်း သင်္ခါရ ကြိုးတချောင်းထည်းနှင့်ပင်၊ အများသူတို့ တောင် တလောကလုံးကြီး ကုန်ဆုံးအောင်၊ လွယ်လွယ်ကလေးနှင့်သာ ထင်မြင်ထမြောက် သဘောပေါက်နိုင်ကြကုန်ရာ၏။ ဝါ၊ သဘောပေါက် အောင် အခေါက်ခေါက် အခါခါ၊ပြန်၍ ပြန်၍လည်းကြည့်ကြ၊ ကြံ၍ကြံ၍ လည်း သိကြရှုကြည့်ကာ နေထွက်နေဝင်အတွင်းမှာ ဇေးရုပ်-ဇေးသိနာမ် တွေ အဆင့်ဆင့် ပျက်လိုက်နေကြသည့် အနိစ္စ ပုတီးစိပ်ကြီးများကို နေ့ အခါတိုင်းတို့မှာ ပွါးများအားထုတ်ကြပါလေ။

တဖန်-နေမဝင်ခင် အခါတို့မှာ သဝိညာဏကသုံးစား, အဝိညာဏက သုံးစားတို့ အတွင်းသား ရုပ်နာမ် ခတ်ကလာပ်တို့ အကုန်လုံးတို့ကား၊ များသောအားဖြင့် ပူရုပ်-ပူသိ နာမ်တို့သာတည်းဟု တလောကလုံးကြီး တို့ကို ထင်မြင်မှု နှံ့ပြားသွားအောင် အခါခါ ရှုစားကြပြီးမှ၊ နေမင်းကြီး ဖြုတ်ကနဲ ဝင်သွားသောအခါ၊ အဇေးသိတ ဥတုကြီးက ဇေးရုပ်-ဇေးသိနာမ် တွေ အဆင့်ဆင့် ဖြစ်စေပြန်၍၊ ထိုဇေးရုပ်- ဇေးသိနာမ်တို့ တက်တက်သွား သမျှတို့မှာလည်း၊ ၎င်း လောကအားလုံးကြီးတို့မှာ ရှိရှိသမျှသော ပူရုပ်- ပူသိနာမ်တို့ ချက်ခြင်းပျက်ပျောက် အနိစ္စရောက်ချက်ကို ကွက်ကွက် ကွင်းကွင်းကြီး ဉာဏ်အလင်းမိကြပြီး အနိစ္စ အနိစ္စဟု ဝိပဿနာရှုကြပါ လေ။၎င်းနောက်လည်း အဇေးသိတ-ဥတု သင်္ခါရအဆင့်ဆင့်တို့ ပြုပြုသွား တိုင်း၊ ဇေးရုပ်-ဇေးသိနာမ်တွေ တလောကလုံးကြီးတို့မှာ အဆင့်ဆင့်-တက် တက်နေချက်သင်္ခါရတို့ကိုင်း၊ပူရုပ်-ပူသိနာမ်တွေကလည်း၊ တလောက လုံးကြီးတို့မှာ အဆင့်ဆင့် ပျက်ပျက်လိုက်နေချက် အနိစ္စတို့ကိုင်း ဉာဏ် နှင့်မိမိ၊ပြူးပြူးကြည့်ကာ နေဝင်က နေထွက်အတွင်းမှာ ပွါးများအားထုတ် ကြပါလေ။ ။ဤသည်တို့ကား၊ကာလမအားဉာဏ်မများသူတို့အနိစ္စ-အနိစ္စ ဟုအားထုတ်ကြသော ဝိပဿနာဉာဏ်အသုံး၊ပုတီးစိပ်တလုံးတို့ အထဲမှာ၊

ဝှင်း သဝိညာဏက, အဝိညာဏက ၆-စားတို့၏ အပေါ်ရံ ပုံသဏ္ဌာန် အကောင်အသည်ဖြစ် ပညတ်အစားစားတို့ပင် မပျက်ကြပြားသော်လည်း၊ ထို ၆-စားတို့၏ အတွင်းသား အကုန်လုံးတို့မှုကား၊ ဖြန်းကနဲ-ဖြန်းကနဲ ပျက်ပျက်လိုက်နေသည့် အနိစ္စအချက်များကိုသာ ကွက်ကွက်ကွင်းကွင်း ကြီး ထင်ရှားပါအောင် ရေးသားကာ ပြသချက်တို့ပေတည်း။

ဤသို့လျှင် အများသူတို့ပင် ထင်မြင်လောက်အောင် ရေးပြ၍၊လောက အားလုံးကြီးတို့နှင့်တကွ၊မိမိတို့ခန္ဓာကြီးတို့၏ အတွင်းသား ရှိသမျှတို့ပါ၊ ဧးရုပ်– ဧးသိနာမ်တွေ အဆင့်ဆင့် ပျက်ပျက်လိုက်ချက်၊ တဖန် ပူရုပ် ပူသိ နာမ်တွေလည်း၊ အဆင့်ဆင့် ပျက်ပျက် လိုက်ချက်၊ အနိစ္စ အနက် သဘောသွား အစစ်တရားကြီးများကို အများသူတို့ပင် ထင်မြင်နေကြပါ သော်လည်း၊ လွင်တီးခေါင်မှာ ဆင်ပြောင်ကြီးလာသည်ကို ထင်ရှားစွာ မြင်ရပါလျက်၊ထိုဆင်၏ ခြေရာကွက်ကို အားတက် ပါးတက်ရှာကြသည့် ပမာ၊သည် မိုယ်းညွှင်း ကိုယ်တော်ကြီးဟာ လောကတွင် ထင်ရှားသော ဥပမာကလေးများ အရနှင့်သာ ညဥ့်မှာဖြစ်ကြသော ဧးရုပ်– ဧးသိနာမ်တို့ ဟာ နေ့သို့မပါ၊နေ့မှာဖြစ်ကြသော ပူရုပ်-ပူသိနာမ်တို့ဟာလည်း ညဥ့်သို့ မပါမှုများကို ရှုစားခြင်းသည်၊ဝိပဿနာ အလုပ်ကြီးဘဲဟု ရေးပြနေတာ၊ ကျမ်းဂန်ပါဠိမရှိဘဲနှင့် ငါ့မြင်း ငါပိုင်း ညောင်ကိုင်းသို့ ရောက်ရောက် ဆိုတာလို၊စက္ကူနှင့် ခဲတံရှိလျှင်ရေးချင်သလိုရေးလို့ဖြစ်နေရတော့မှာလား ဟု စောဒနာဘွယ်ရှိလှ၍သာ အားနာ–ပါးနာနှင့် ပါဠိကိုပြရမှာကား၊—

**ရတ္တိံ ပဝတ္တရူပံ ဒိဝသံ အပ္ပတွာ တတ္ထေဝ နိရုဇ္ဈတိ၊ ဒိဝသံ ပဝတ္တရူပမ္ပိ ရတ္တိံ အပ္ပတွာ တတ္ထေဝ နိရုဇ္ဈတိ။ တသ္မာ အနိစ္စံ ဒုက္ခမနတ္တာတိ၊ တိလက္ခဏံ အာရောပေတိ။**

ရတ္တိံ၊ညဥ့်အခါ၌။ ပဝတ္တရူပံ၊ ဖြစ်ပေါ်နေကြသော ဧးရုပ်အဆင့်ဆင့် သည်။ဒိဝသံ၊နေ့အခါသို့။ အပ္ပတွာ၊ မရောက်မူ၍။ တတ္ထေဝ၊ ထိုညဥ့်အခါ ဧးရုပ် အဆင့်ဆင့်မှာပင်လျှင်။ နိရုဇ္ဈတိ၊ ခဏတဖြုတ်နှင့် ချုပ်ချုပ်လိုက်ရ လေ၏။ဒိဝသံ၊ နေ့အခါ၌။ ပဝတ္တရူပမ္ပိ၊ ဖြစ်ပေါ်နေကြသော ပူရုပ်အဆင့် ဆင့်သည်လည်း။ ရတ္တိံ၊ ညဥ့်အခါသို့။ အပ္ပတွာ၊မရောက်မူ၍။ တတ္ထေဝ၊ ထိုနေ့အခါ ပူရုပ်အဆင့်ဆင့်မှာပင်လျှင်။ နိရုဇ္ဈတိ၊ ခဏတဖြုတ်နှင့် ချုပ်ချုပ် လိုက်နေရလေ၏။ တသ္မာ၊ ထိုသို့ တလောကလုံး၌၊ ရုပ်စုတွေ အဆင့်ဆင့် ချုပ်ပျောက်လေ၍ သေသေလို့ချည်း လိုက်နေရသောကြောင့်။ အနိစ္စံ၊

ချုပ်ပျောက်သေမှု၊ အနိစ္စအစုတို့သာတည်း။ ဒုက္ခ၊ သေဘေးသင့်မှု၊ ဒုက္ခအစုတို့သာတည်း။ အနတ္တာ၊ အနှစ်မတိုး၊ အပိုးလည်းမရ၊ အလိုသို့မလိုက်ကြသည့်အနတ္တအစုတို့သာတည်း။ဇာတိ၊ဤသို့။ဝါ၊ဤလို၊ဤပုံ။တိလက္ခဏာ၊ သုံးပါးသော လက္ခဏာရေးကို။ အာရောပေတိ၊ တင်၍ ရှုရ၏။ ။ဟု ဝိသုဒ္ဓိမဂ် ကျမ်းဂန်ထွက် ပါဠိစကားကိုသာ အနိစ္စ သည်တရား အစစ်တို့ တလောကလုံးကြီးတို့မှာ ဖြစ်နေကြတာတွေကိုသာ ဉာဏ်သက်လွယ်ရာ တို့မြန်မာစကားနှင့် ထင်ရှားအောင်ရေးပြရပါသည်။ ကျမ်းဂန်ပါဠိမရှိ ဘဲ၊မညီဘဲ၊ ငါ့မြင်း ငါစိုင်း၊ညောင်ကိုင်း ရောက်ရောက် ဆိုတာလိုလည်း မဟုတ်ပါ။ စက္ကူနှင့် ခဲတံရှိလျှင် ရေးချင်တိုင်း ရေးကြတာမျိုးလည်း မဟုတ်ပါကြောင်းကို ဉာဏ်တုတ်စွာသော သူတော်ကောင်း တို့လည်း သိရှိတော်မူကြပါစေသတည်း။

ဤသို့ ရှေ့ကရေးပြခဲ့တိုင်း သဝိညာဏက ခန္ဓာအစဉ် တည်းဟူသော သတ္တသောက၊ အဝိညာဏက ခန္ဓာအစဉ် တည်းဟူသော ဩကာသ လောကကြီးတို့ တမြိုင်နက်တည်း ဆုံဆုံ-ဆုံဆုံကြပြီးလျှင် ပျက်စီး၍ လိုက် နေကြသောအခါ၊သဲကမ်းပါးကြီးတို့ ဒိကနဲ ဒိကနဲ ပြိုပျက်၍လိုက်သော အခါ၊နောက်ပိုင်းက ပြိုပျက်ပြီးစ ဟာလာဟင်း ကောင်းကင်ကြီးက ပြိုပြို လိုက်သော သဲကမ်းပါးကြီးနှင့်တစပ်ထည်း ခေါင်းဆိုက်ဆိုက်ပြီး လိုက် နေသလို၊ပျက်စီးကြပြီးသော အတိတ်သံသရာဟာလာဟင်းကြီးတို့လည်း ဖြစ်ပျက်နေဆဲ၊ ပစ္စုပ္ပန်ရုပ်နာမ်တို့နှင့် တစပ်ထည်းသာ ခေါင်းဆိုက်ကြ ကာ လိုက်လိုက်နေကြရပါသည်ကို၊ ဤဝိပဿနာ အလုပ်နှင့် အဟုတ်ထင် မြင်ကြပြီးသား ဝိပဿနာ အလုပ်တရားအစစ်များ ပျောက်ပျက်၍ မသွား ကြရန်၊စကြိုစသည်တို့နှင့် အားထုတ်ကြသောအခါ၊မမေ့ကြရအောင်။—

ရှေ့နတ်ပြုဟ္ဗာ၊ ပါယ်လေးရွာဘုံ၊ အလုံးစုံ၊ ဆုံ၍ပျက်၏မင်း။ ။
အတိတ်သံသရာ၊ ခေါင်းဆိုက်လော၊ နောက်မှာဟာလာဟင်း။ ။—

ဟု-ဝိသုဒ္ဓိဆောင်ပုဒ်စသည်တို့မှာ ဖေါ်ထုတ်ရေးပြလိုက်သည့်အတိုင်း၊ မကြာ မကြာ အခါခါ ဤလင်္ကာကို ရွတ်၍ ရွတ်၍ ရှုကြည့် ကြပါလေ။ ဤသည်တို့ကား၊ သင်္ခတ်သင်္ခါရ-အနိစ္စာ ဟု- အရိုးခံ တရားကြီးများကို လောက အားလုံးကြီး တို့ကိုလည်း ပေါက်ရောက်သွား၊ လွယ်လွယ် ကလေးနှင့်လည်း ရှုစားနိုင်လောက်အောင် ၁၅-ရက်မြောက် ဝိပဿနာ အလုပ်ပေးစဉ်တရားကြီးတို့ ထိုးတင်ဘို့ အရပ်ရပ်၊ဤတွင်သာ အပြီးသတ် လိုက်ပါသေးသတည်း။

ဤရှေ့က အလုပ်ပေးသည့်အတိုင်း အားထုတ်ကြ၍၊ မိမိတို့အတွင်းရှိ ဓာတ်ပရမတ်နှင့်တကွ၊ တလောကလုံး ရှိသမျှတို့ပါ အနိစ္စပျက်တွဲဘက်နိုင် သူ ယောဂီဖြစ်တို့၊ ဘယဉာဏ်,အာဒီနဝဉာဏ် စသောဉာဏ်ကြီးတွေအဆင့် ဆင့်တို့သို့ တက်နိုင်ရန်၊ အကျယ်တဝင့်ပြသင့်သမျှရေးထုတ်ပြလိုက်သော ဝိသုဒ္ဓိကျင့်စဉ်ကျမ်း, ပဋိပတ္တိသမုပ္ပါဒ် ကျင့်စဉ်ကျမ်းတို့မှာလည်း ရှုကြည့် ကြကာ နှံ့ဒွာန်ထိပေါက်ရောက်ပါအောင်၊ မိမိတို့လည်း လေ့လာပွါးများ သင်ကြား အားထုတ်ကြကုန်ရာ၏။ ဤသို့ လေ့လာပွါးများ, သင်ကြား အားထုတ်ကြသည့် ဓမ္မာနုဓမ္မပဋိပတ္တိ ကုသိုလ်ကြီးများကို ရဟိ-သိရှိတော် မူကြတိုင်း ဟောပြောပြသ ဆုံးမသွန်သင်တော်မူကြသောဓမ္မဒါနကုသိုလ် မိမိတို့လည်း မကျင့်အား၊ သူတပါးတို့ကိုလည်း မဟောကြားတတ်သူတို့မှာ မိမိ-သူတပါး ၂-ဦးသားတို့ နောက်နောင်ပညာပါရမီကြီးတွေလည်းဖြစ် ယခု ဘဝမှာလည်း ကျင့်ကြံအားသစ် သွားနိုင်ကြအောင် ဤဝိပဿနာ လုပ်ငန်း, ထိုထို သမထလုပ်ငန်း စသည့်တရားအလုပ်ကြီးများကို ပါဠိ-မြန်မာ အဖြာဖြာတို့ဖြင့်ရေးသားတော်မူကြသော ကျမ်းဂန်စာအုပ် အစား စားတို့ကို ဝယ်ယူလှူဒါန်းကြသော(ဓမ္မဒါန)ကုသိုလ်များသည်၊ဒါနတကာ တို့ထက်၊တုဘက်မမြင် ဘုရင်ခေါင်ဖျား၊ အအောင်ဆုံး၊အနိုင်ဆုံးဒါနများ ဖြစ်ကြောင်းကိုရင်း၊ ထို သမထဝိပဿနာ စသည့် တရားအလုပ် များကို အားထုတ်ကြသောအခါ၊ပီတိသုခစသည် ဖြစ်ပေါ်လာမှု အရသာစုသည်၊ နတ်သုဒ္ဓါစသော ရသာတကာတို့ထက်၊ တုဘက်မမြင် ဘုရင်ခေါင်ဖျား အအောင်ဆုံး **အရသာ**များ ဖြစ်ကြောင်းကိုရင်း၊ ထို သမထ-ဝိပဿနာ စသည့် တရားအလုပ်တို့ကိုပင် အားထုတ်ကြသောအခါ၊ ၎င်းတရားများ ထင်ရှား ပေါ်ပေါက်လာကြသဖြင့်၊ မိမိတို့ ပေါ်ပေါက်လာသော တရား တို့ကို ပိတ်အာရုံဝင်စားကာ ပျော်ပါးလျက်ရှိပါသော မွေ့လျော်မှုသည်၊လူ, နတ်အများ အကောင်းဆုံး ကာမဂုဏ်အစားစားတို့နှင့် မွေ့လျော်ကြသည် ထက်၊တုဘက်မမြင်၊ဘုရင်ခေါင်ဖျား၊အအောင်ဆုံး၊အနိုင်ဆုံး မွေ့လျော် **ဘွယ်**များ ဖြစ်ကြောင်းကိုရင်း၊ ဒုက္ခအများ၊ ဆင်းရဲမှု အစားစား တို့ကို ပယ်ဖျောက်နိုင်သည့် ဒုက္ခငြိမ်းမှု တကာတို့တွင်၊ အရဟတ္တမဂ်,အရဟတ္တ ဖိုလ်သို့ ရောက်၍၊တဏှာ ချုပ်ပျောက်မှုသည်၊ ဒုက္ခချုပ်ငြိမ်းမှု တကာတို့ ထက်၊တုဘက်မမြင်၊ဘုရင်ခေါင်ဖျား၊ အအောင်ဆုံး၊ အနိုင်ဆုံး **ဒုက္ခငြိမ်း ခြင်း**များ ဖြစ်ကြောင်းကိုရင်း မသိနိုင်၍၊ ၁၂-နှစ်တိုင်တိုင် နတ်ပြဿနာ အများ ပြင်းပွဲကြီး ဖြစ်ပွါးလျက်၊ **အနိုင်ဆုံး-အသာဆုံးဖြစ်သည့် ဒါန-**

**အရသာ, မွေ့လျော်ခြင်း, ဒုက္ခငြိမ်းခြင်းတို့ဟာ ဘယ်သင်းတို့ပါနည်းဟု** ဘုရားကို လျှောက်သောအခါ။—

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

သဗ္ဗဒါနံ၊အလုံးစုံရှိသမျှအလှူဒါနအမျိုးမျိုးအပေါင်းကို။ဓမ္မဒါနံ၊တရားတည်းဟူသောအလှူက။ဇိနာတိ၊အောင်၏။နိုင်၏။ သဗ္ဗရသံ၊အလုံးစုံသော အရသာအမျိုးမျိုးအပေါင်းကို။ဓမ္မရသော၊ တရားကိုအားထုတ်သောအခါ ဖြစ်ပေါ်လာသော တရား၏အရသာက။ ဇိနာတိ၊အောင်နိုင်၏။သဗ္ဗရတိံ၊ အလုံးစုံသောမွေ့လျော်ခြင်းအမျိုးမျိုးအပေါင်းကို။ ဓမ္မရတိ၊ တရားနှင့်မွေ့လျော်ခြင်းက။ဇိနာတိ၊ အောင်၏။ နိုင်၏။ သဗ္ဗဒုက္ခံ၊ အလုံးစုံသောဆင်းရဲဒုက္ခ ဟူသမျှကို။ တဏှက္ခယော၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ကျ၍ တဏှာကုန်ခန်းရခြင်းက။ဇိနာတိ၊အောင်နိုင်၏။ ။ဟု-ဓမ္မဒပါဠိတော်က ဖြေကြားတော်မူသည့်အရ၊အကောင်းဆုံး မွေ့နေမွေ့ပဝိုပတ္တိနှင့် တကွ၊**ဓမ္မဒါန-ဓမ္မရသ-ဓမ္မရတိ- တဏှက္ခယ** ဖြစ်ကြအောင် ဤကျမ်းစာ စသည်တို့ကိုကြည့်ရှု၍၊မိမိတို့လည်း အားသစ်တော် မူနိုင်ကြပါစေသတည်း။မိမိတို့အားသစ်သမျှသော ဓမ္မဒါန၊တုမရသည့် ကုသလစသည်တို့ကိုလည်း၊ သိကြားမင်းကြီးက အလွန့်အလွန်ကြီး လိုလားတော်တာ၊ သာရေခေါ်လို လှ၍၊ ပြုလုပ်သူတို့က အမျှပေးဝေတော် မူကြစေလိုကြောင်း များကို၊ ဘုရားအားတောင်းပန်က **ပတ္တိ ံဒဒေယျာထ**။ ။ပတ္တိ ံ၊ဓမ္မဒါန၊ဘို့ဘာဂကို။ ဒဒေယျာထ၊ ပြုပြုသမျှအခါ၊ မမေ့ကြပါဘဲ၊ အမြဲဝေကြ ကုန်လောဟု- ဘုရားဟောတော်မူတိုင်း၊ နေ့စဉ်တရားဟောသူ တို့မှာလည်း၊ ဟောပြီး တိုင်းတို့မှာဖြစ်စေ၊ သို့မဟုတ် နောက်ဆုံးပိတ်အပြီး ထိုးတင်ရက်ကြီးမှာ ဖြစ်စေ၊ ဆုတောင်း အမျှဝေကြီးများကို ဆရာလုပ်သူတို့က ချ၍ပေးကြပါ လေ။ဝိပဿနာအချိုးကျပြီး၊ပကတိသာဝကဆုပန်မှန်က နောက်ဘဝတွေ အတွက် ဆုတောင်းနေချက်မလို၊ ဤဘဝတွင်သာ ယခု နေညဉ့်မှာပင်၊ မဂ်ဖိုလ်ကို ရက်တိုနှင့်ရဘို့ကိုသာ အားထုတ်ပါမူ၊ မကြာခဏရနိုင်ကြ၏။ ဤဘဝမရ နတ်ပြည်မှာရနိုင်ချက် အင်္ဂုတ္တိုရ်အထွက်နှင့်၊ ဆက်ဆက်ကြီး ရနိုင်၏။ အကြောင်းချိုတဲ့သည့် ပကတိသာဝကနှင့်၊ ကြွင်းဗောဓိဆုပန် ၄-ပါးတို့ အတွက်ပါ၊ အကုန်လုံး ပြီးစီးနိုင်ကြရသော ပညာစသည် **ဆုတောင်းနှင့်တကွ အမျှဝေကြဘို့ကား။—**

[အရှင်ဘုရား အလုံးစုံသော အိုဘေးကြီး,နာဘေးကြီး, သေဘေးကြီး, အပါယ်စသော ဘေးကြီး အပေါင်းတို့မှ၊ လျင်မြန်စွာ ကင်းလွတ်ပါရစေခြင်း အကျိုးငှါ ဤဝိပဿနာ အလုပ်တရားကြီး များကို နာခံမှတ်သား ဟောကြားလေ့လာ အားထုတ်ရပါသော ကုသိုလ်စသည်တို့ကြောင့်၊ဒုက္ခအပေါင်းတို့ ကောင်းကောင်းကြီး ချုပ်ငြိမ်းရာ နိဗ္ဗာန်ဘသို့ တပည့်တော်တို့ ရည်ရွယ်တာ အတိုင်း လျင်မြန်စွာ ရောက်ရပါလို၏ဘုရား။ နိဗ္ဗာန်သို့ မရောက်မီကာလ ဘဝအဆက်ဆက်တို့၌၊ ကြီးမြတ်သော မဟာပညာ၊ ထူထဲခိုင်ခံ့ သော ပုထုပညာ၊ ပြန့်ပြောသော ဝိပုလပညာ၊ နက်နဲသော ဂမ္ဘီရပညာ၊ အောက်အောက်ပုဂ္ဂိုလ်တို့ မသိစွမ်းနိုင်သော အသ မတ္တပညာ၊ မြေကြီးအထုနှင့် တူသော ဘူရိပညာ၊ ပွါးများသော ဗာဟုလ္လပညာ၊ လျင်မြန်သော သီဃပညာ၊ ပေါ့ပါးသော လဟု ပညာ၊ ရွှင်လန်းသော-ဟာသပညာ၊ လျင်စွာသိစွမ်း နိုင်သော ဇဝနပညာ၊ ထက်မြက်သော-တိက္ခပညာ၊ သူတပါးတို့၏ ယုံမှား သက်ာ မိစ္ဆာအထုံးအဖွဲ့တို့ကို ဖြေဖျောက်နိုင်သော-ပရပ္ပဝါဒမဒ္ဒန ပညာ၊သူတပါးတို့ မိစ္ဆာအယူကိုနှိပ်နင်းနိုင်သော နိဗ္ဗေဓိကပညာ၊ ဌာနာဌာန ကောသလ္လဉာဏ်, ဗဟုဿုတ ဉာဏ်၊ ၇-ပါးသော အဘိဉာဏ် ဈာန်သမာပတ်စသော ပညာအမျိုးမျိုးတို့နှင့် ပြည့်စုံ ရပြီး၊ သူတော်ကောင်းကြီးတို့ တရားကိုကြိုးစားကျင့်ကြံနိုင်ကြ၍၊ နိဗ္ဗာန်တိုင်ထုတ်ခြောက် လျင်မြန်စွာရောက်ရပါလို၏အရှင်ဘုရား။ နိဗ္ဗာန်သို့ မရောက်မီ ကျင်လည်သမျှ ဘဝအဆက်ဆက် တို့၌၊ လင်ဆိုး, သားဆိုး, မယားဆိုး စသော အဆိုး ဟူသမျှ တို့မှ ဝေးဝေးကြီး ကင်းလွတ်ရ၍၊ အကောင်းဟူသမျှတို့နှင့် ဆက်ဆံ ပေါင်းဘော်ရ၍၊ ရှင်အနုရုဒ္ဓါ ကဲ့သို့၊ မရှိစကား မကြားရဘဲ၊ ဇောတိကလို ကိုယ်မပေးက မြူခြမ်းမျှလောက်၊ ဘယ်ရန်သူ၊ မယူမဖျက်နိုင်ကြ၊ ရှင်ဗာကုလသို့ ကင်းလှရောဂါ၊ မဟောသဓာ လို၊ အရာရာ၌၊ ပညာကြီးမြောက်၊ မပျောက်မပျက် နိုင်ရာသော ဣဿာသယဆေး၊ နတ်လာပေး၍၊ အရေးဟူသမျှ၊ပြီးစီးရလျက်၊ ဒသပါရမီ၊ ၇-လီသော သူတော်ကောင်းတရားတို့ကို၊ ဘဝမခြား ကြိုးစား အားထုတ် ကျင့်ကြံ နိုင်ကြ၍၊ နိဗ္ဗာန်တိုင်ထုတ်ခြောက်၊ လျင်မြန်စွာ ရောက်ရပါလို၏ အရှင်ဘုရား။

ဤသို့ပြုခဲ့သမျှသော ဓမ္မဒါန ကုသလအစု ကောင်းမှု အဘို့တို့ကိုရင်း၊ ထိုမှတပါး၊ ပြုပြုသမျှသော ကုသိုလ်အစားစားတို့ကိုရင်း၊ ဒေဝါသနင်း, သိကြားမင်းကြီးအားရင်း၊ ကိုယ်စောင့်နတ်, ကျောင်းစောင့်နတ်, အိမ်စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်,အာကာသစိုးနတ်အစရှိသော အလုံးစုံသောနတ်,ဗြဟ္မာအပေါင်းတို့အားရင်း၊မိဘ, ဆရာ,ဉာတကာစသော ဤအရပ်သို့ စည်းဝေး ရောက်လာကုန်သော ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အားရင်း၊ ယမဒေါ-ယမက, ယမမင်းစသော သုံးကျိပ်နှစ်ပါးသော နတ်မင်းတို့အားရင်း၊ သုံးဆဲ့တဘုံ၌ ကျင်လည်ကုန်ကြ၊ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့အားရင်း အထူးသဖြင့် အမျှပေးဝေပါကုန်၏။ အထူးသဖြင့် အမျှ ပေးဝေပါကုန်၏။ အထူးသဖြင့် အမျှ ပေးဝေပါကုန်၏။ အကျွန်ုပ်တို့နှင့် ထပ်ထူ-ထပ်မျှ ကုသိုလ်ကောင်းမှု အဘို့ကိုအမျှရကြ၍ချမ်းသာကြသည်ဖြစ်စေသော၊အကျွန်ုပ်တို့အားလည်း၊ တနေ့တခြား သူတော်ကောင်းတရား ပွါးများအားထုတ် နိုင်ကြအောင် အထူးသဖြင့် စောင်မကြည့်ရှု ခွင့်ပြုနည်းပေးတော်မူကြပါစေသတည်း။]

## နိဂုံး

မုံရွာနယ်တွင်း၊ တိုက်မိုယ်းညွှင်းမှာ၊ မှီတင်းကာဝယ်၊ များစွာရှင်လူ၊တောင်းပန်သူကြောင့်၊ကြည်ဖြူစေတနာ၊ထက်သန်ပါလျက်၊ ဆဲ့ငါးရက်တွင်း၊ ပေးခြင်းနည်းမှာ၊ ဝိပဿနာလုပ်ငန်း၊ ပေးစည်ကျမ်းသည်၊ဆုံးခန်း နိဗ္ဗိတာလေသတည်း။

ထောင့်နှစ်ရာ့ ကိုးဆယ်၊ တခုဆွယ်ရ၊ တပေါင်းလ၊ ပြီးထလပြည့်မှာ။

ဝိပဿနာပဂေး၊ အလုပ်ပေးရ၊ ကုသလကြောင့်၊ ဘယကင်းကွာ၊သူတော်စွာတို့၊မကြာခဏ၊ ပေါက်ရောက်ကြ၊ဖြစ်ရအရိယာ။

နေ့ ညဥ့် မချာ၊ မိမိမှာလည်း၊ ဘာဝနာ ထင်မြင်၊ နိဗ္ဗာန်ခွင်၊ အလျင်ရောက်လိုပါ။

# ဝိပဿနာဝီထိအစားစားကျင့်စဉ်တရားကြီး

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊**

## (၁) ဒိဋ္ဌိကင်္ခါ အနိစ္စ အလုပ်တို့ပါ၊ စတုဓာရုင်နှင့် သိုရင်းအကျဉ်းချုပ်ကိုပြချက်

မိုးညှင်း တောရ ကိုယ်တော်ကြီးသည်၊ ဤမိုးညှင်း တောရ၌ တရားမဟော, စကားမပြောဘဲ၊ ၁၀-နှစ်လောက် အားထုတ်ပြီးနောက်၊ ချီးမြှောက် ထိုက်သောသူတို့အား တရားဟောသော အခါ၊ စာမတတ်သောမိန်းမကြီးစသည်တို့အား၊ရုပ်ဓာတ်ကလာပ်စည်းတို့ကိုပင်၊မကြာခင် ထင်မြင်တတ်မြောက်အောင် သင်ကြားပြီးနောက်၊ ၎င်းရုပ်ကလာပ်တို့၏ ဖြစ်စဉ် ရုပ်ဝီထိနှင့် တကွ၊ ဤလောကတွင် မိမိတို့ကိုယ်တိုင် သိရှိကြ၍၊ ထင်မြင်ပြောဆိုနေကြ ထိုထိုအလုပ်များကို၊ ကြံစည်ပြုလုပ် အားထုတ် ရွက်ဆောင် နေကြသမျှသော နာမ်ဝီထိ အဆက်ဆက်တို့၊ ဖြစ်ပျက်၍ လိုက်နေကြပုံ အမျိုးမျိုးတို့ကို၊ လွယ်လွယ်ကလေးနှင့် သိ, ကြားနားလည် သွားကြရန်၊ ဤမိုးညှင်းတောရမှာပင် ဟောပြတော်မူပါသည့် အတိုင်း ရေးသားထားသောကြောင့်၊အထက်စာကြီးများကို မသင်ကြားဘူးသော်လည်း၊ ဤစာစုကိုသာ ခဲမဲကျက်မှတ်ကြကာ လောကီအရာစသည်တို့မှာ သဘောဉာဏ်ပါသူတို့ အစစ်မှန်ပါက ဤဝီထိစာသွားအကြောင်း,အကျိုး များကိုညှိ၍၊ ဆရာမရှိဘဲ ကိုယ်ပိုင်ဉာဏ်တို့နှင့် ကြံကြည့်က လွယ်လွယ် ကလေးနှင့်သိနိုင်ကြပေလိမ့်မည်။အကယ်၍ မိမိတို့ဉာဏ်က,လေး၍ မသိ နိုင်သေးကြပါမူ၊ ဆရာကြီးများအထံ မေးလျှောက်လိုက်က၊ ဤစာပါ ရုပ်နာမ်ဝီထိအစားစား၊ ဝိပဿနာအလုပ်များကို လွယ်လွယ်ကလေးနှင့် နားလည်သွားကြရန်၊ ထုတ်ပြန်ရေးသားထားတော်မူခဲ့သော ဤဝိပဿနာ ဝီထိအစားစား ကျင့်စဉ်တရားကြီးမှာ၊ဒိဋ္ဌိဝိသုဒ္ဓိ-ကင်္ခါဝိတရဏဝိသုဒ္ဓိတို့

အရာဝယ်၊ကံ-စိတ်-ဥတု-အာဟာရအကြောင်းတရားလေးပါးတို့နယ်က၊ ရုပ်တို့ကို ဖြစ်စေကြရာ၌ ရုပ်အစဉ်ဖြစ်ပုံ၊ ရုပ်ဝီထိကို သေချာစွာအဟုတ်နားလည်လိုသောသူ၊ ဉာဏ်ကောင်းသော သဘောဖြူတို့သည်၊ သင်္ဂြိုဟ်ရုပ်ပိုင်းကို ဖြစ်စေ၊ သို့မဟုတ် သံခိပ်ရုပ်ပိုင်းကိုဖြစ်စေ၊ သို့မဟုတ် ဝိသုဒ္ဓိဆောင်ပုဒ်မှာ ငါတို့ ရေးထုတ်လိုက်သော စာအုပ်က ရုပ်ကလာပ်တို့ကိုဖြစ်စေ အရကျက်သူတို့ကား၊ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်ကို၊ ၎င်းစာတို့မှာ ပါသည့်အတိုင်း၊သရုပ်သကောင်နှင့်တကွ ပေါက်ရောက်နိုင်ကြကုန်ရာ၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအလုပ်မှာလည်း စာမှာပါသည်ထက်၊ ဤ ရုပ်ဝီထိတို့နှင့်တွဲဘက်၍၊ အချက်ကျပေါက်ရောက်နိုင်ကြရန်၊ ဤဝီထိပုံစာတို့ကို ကြည့်လိုက်ပြန်က၊ အဟုတ်နားလည်ဘို့ရှိကြပေလိမ့်သတည်း။ သို့အတွက် ရုပ်ပိုင်းစသည်တို့ကို အရကျက်ကြပါလေ။

အကယ်၍ ရုပ်ပိုင်းတို့ကား မကျက်နိုင်။ ဤစာမှာပါပြီး အကျဉ်းနည်းစာအရတို့နှင့်သာ သိလိုကြပါသေးမူ၊ ခြေတလှမ်း တခါပျက်ထား၍၊ ဝိပဿနာအလုပ်များအားထုတ်ကြရန်၊ စတုသမုဋ္ဌာန်ရုပ်တို့ ဖြစ်ပျက်ပုံကို ခပ်ကြမ်းကြမ်းနှင့်သာ သိကြဘို့ရာကား၊ ပဌမ ခြေလှမ်း၌ရှိသော စတုသမုဋ္ဌာန်ရုပ်တို့မှာပါသည့် တေဇောကရင်း၊ ဩဇာကရင်း၊ ဒုတိယခြေလှမ်းမှာဥတုဇရုပ်-အာဟာရဇရုပ် ၂-ပါးအကျိုးတရားကိုဖြစ်စေ၏။၎င်းဒုတိယခြေလှမ်းကျမှ ဖြစ်ကြသောစိတ်တို့ကရင်း၊ ရှေးကံဟောင်း-ယခုဘဝကံသစ်တို့ကရင်း၊ဤဒုတိယခြေလှမ်းမှာ စိတ္တဇရုပ်-ကမ္မဇရုပ် ၂-ပါးအကျိုးတရားကို ဘွားကနဲဖြစ်စေ၍၊ ၎င်းဒုတိယ ခြေလှမ်းမှာပင် စတုဇရုပ်သစ်ဖြစ်ပေါ်ကြပြီး ထိုခဏမှာဘဲပျက်စီးကြရကုန်၏။တတိယ-စတုတ္ထခြေလှမ်း စသည်တို့၌လည်း၊ ထို့အတူ ရှေ့ရှေ့ခြေလှမ်းက စတုဇရုပ်ရှိတေဇော ဩဇာတို့က၊ နောက်နောက်ခြေလှမ်း၌၊ ဥတုဇရုပ်-အာဟာရဇရုပ်အကျိုးတရားတို့ကို ဖြစ်စေကြ၏။ ကံ-စိတ်တို့က နောက်နောက်ခြေလှမ်းဖြစ်ပေါ်ရာတို့မှာ ကမ္မဇရုပ်,စိတ္တဇရုပ်တို့ကိုဘွားကနဲ-ဘွားကနဲဖြစ်ပေါ်ကြစေ၍၊ စတုဇရုပ် အကျိုးတရားတို့ပေါင်းဆုံကြကာ ပေါင်းဆုံကြကာ ဖြစ်ပေါ်တက်သွားကြပြီး၊ ထိုထို ခဏတို့မှာပင် ပျက်စီးကြရကုန်၏။ဤသို့ရုပ်နာမ် ပရမတ်တွေ အကြောင်းအကျိုးဆက်စပ်၍ ဖြစ်ပျက်နေကြသည်ကို သိလျက် ရှုကြည့်သော ဉာဏ်တို့ကား၊ ဒိဋ္ဌိဝိသုဒ္ဓိ ပြီးမြောက်သော **နာမရူပ ပရိစ္ဆေဒဉာဏ်**၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပြီးမြောက်သော **ပစ္စယပရိဂ္ဂဟဉာဏ်**၊ သာမညပုက်ကိုရှုသော **သမ္မသနဉာဏ်**၊ အသစ်ဖြစ်

ချက် အဟောင်းပျက်ကိုရှုသော ဥဒယဗ္ဗယဉာဏ် ကိစ္စများ ပြီးစီးသွားနိုင်ကြ၏။ ဤ၌ရှေ့စကားရပ်မှာ အနိစ္စအချက်နှင့် ဖြစ်ပျက်လိုက်နေတာကို ဆိုသောအရာ၌၊ တဖြိုင်နက်ဖြစ်ကြသော ရုပ်ကလာပ်တို့ အပေါ်ရံ အပြင်စပ်က ပုဂ္ဂိုလ်သတ္တဝါသူငါစသည်ဘဲဟု ထင်မြင်ရသော သဏ္ဌာနပညတ်ကြီးတို့ နယ်ကရင်း၊ ရှေ့နောက် မပြတ်ဆက်စပ်၍ ဖြစ်နေကြသော ရုပ်ကလာပ်တွေ အစဉ်မှာ၊ ထိုပုံသဏ္ဌာန်အရနှင့် ထင်မြင်နေကြသော ငါ-သူတပါး စသည်များတို့ မသေမပျက်ကြဘဲ၊ တသက်လုံးစသည် တည်နေနိုင်သည်ဟု ထင်မြင်ကြရသော သန္တတိပညတ် ကြီးတို့ နယ်က ရင်း၊ တကယ်တမ်းအသစ်အသစ် ဖြစ်ပျက်နေကြသည်ကို မဆိုလိုပါ။ စင်စစ်မူကား၊ မိမိတို့အတွင်း၌ ရုပ်နာမ်တရားတို့ အသစ်,အဟောင်း ပြောင်းလဲဖြစ်ပျက်နေကြသည်ကိုသာ ဆိုလိုပါသည်။ အဘယ်သို့ ပြောင်းလဲသနည်းဟူမူ၊ ခြေမလှမ်းခင် ရပ်နေဆဲအခါ၊ မိမိတို့ အတွင်းသား ရုပ်နာမ်ပရမတ်များကို မိအောင်ရှုကြည့်သောအခါ၊ ရပ်လိုသောစိတ်နှင့် ရပ်ရုပ်အမူအရာကြီးတွေအစစ် ဖြစ်နေကြချက်ကို အတပ်သိမြင်ကြပြီးနောက်၊ ပဌမ ခြေလှမ်းလိုက်လျှင် လှမ်းလိုသော စိတ်သစ်နှင့်၊ လှမ်းရုပ် အမူအရာ သစ်တို့ဖြစ်ပေါ်လာချက်ကိုရင်း၊ ရှေ့က ရပ်လိုသောစိတ်နှင့် ရပ်ရုပ် အမူအရာဟောင်းတို့ တပေါင်းထည်းချုပ်ပျောက် အနိစ္စရောက်ချက်ကိုရင်း၊ စာတတ်-မတတ်သူအပေါင်း သူတော်ကောင်းတို့ပင်၊ သူတပါး ပြောဟောစကားကို မှတ်သားမှုနှင့် မဆိုင်၊ ကိုယ်ပိုင်ရှိဉာဏ်နှင့် ကိုယ်တိုင်သိနိုင်ကြကုန်ရာ၏။ ဤနည်းကိုမှီးလျက်၊ နောက်နောက် ခြေလှမ်းလိုက်သောအခါတိုင်း တို့မှာလည်း၊ လှမ်းလိုသောစိတ်နှင့် လှမ်းရုပ်တို့ အမူအရာအသစ်ပြောင်းတိုင်း၊ ရှေ့ရှေ့ အမူအရာရှိ အတွင်းသား ရုပ်ဟောင်း နာမ်ဟောင်းတို့ တပေါင်းထည်းချုပ်ပျောက် အနိစ္စရောက်ချက်တို့ကို မိမိတို့ကိုယ်ပိုင်ဉာဏ်နှင့်၊ သိသိ-ကြည့်ကြည့် ရှုရှု လိုက်နေကြသော ဉာဏ်တို့သည်ပင်လျှင်နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့ အစစ်ဖြစ်ကြသည်ကို သိစေလို၍သာ၊ အထက်က အနိစ္စ အတွက်နှင့် ဖြစ်ပျက် လိုက်နေသော အချက်ကို ပြဆိုလိုက်ပါသတည်း။ ဤ ယခု ပြလိုက်သော ဝိပဿနာ အကျဉ်းနည်း တခုထည်းနှင့် ဉာဏ်ကြီးသူတို့ စိတ်သန်သန်ထား၍ နေ့စဉ် အားထုတ်သွားကြပါမူ၊ ဝိပဿနာဉာဏ် သစ်တွေ အစားစားဖြစ်ပေါ်လာချက်များကို ကိုယ်တွေ့ဒိဋ္ဌ သိရှိတော်မူလာကြ ပေလိမ့်သတည်း။ အားထုတ်၍မကြည့်သူ ဉာဏ်

မမိသူများကား၊ ဤစကားကိုတောင် ယုံကြည်ကြဘို့ ခဲယဉ်းကြပေလိမ့် သတည်း။ [ဤသည်တို့ကား၊ ဝိပဿနာသမားများ၊ စတုဇရုပ်တရား၌၊ ဉာဏ် အစားစား ဖြစ်ပေါ်သွားပုံကို သိသာရုံမျှ အကျဉ်းပြချက်ပေ တည်း]။ ။ရင်းစတုဇရုပ်တို့ တဘာ တဘဝ တို့မှာ အစအဆုံးဖြစ်ချက် တို့ကား၊ ကမ္မဇရုပ် တို့သည်၊ ပဋိသန္ဓေ စိတ် ဥပါဒ်ကစ၍၊ စုတိစိတ်ရှေ့ တဆယ့် ခုနစ်ချက်မြောက်သော စိတ္တက္ခဏ ဥပါဒ်ကျအောင် ခဏတိုင်း ခဏတိုင်းတို့မှာ အသစ်အသစ် ဖြစ်ပေါ်လာကြကုန်၏။

ဥတုဇရုပ်တို့သည်၊ပဋိသန္ဓေစိတ်ဌီကစ၍၊ စုတိနောက် အဆက်ဆက် ကာလကြာအောင်ပင်၊ခဏတိုင်း ခဏတိုင်းတို့မှာအသစ်သစ်ဖြစ်ပေါ်လာ ကြကုန်၏။အာဟာရဇရုပ်တို့သည်၊ဂဗ္ဘသေယျကတို့မှာ ဒုတိယ,တတိယ သတ္တာဟကစ၍ရင်း၊ဥပပါတ်,သံသေဒဇတို့မှာမျိုချသည်ကစ၍ရင်း၊စုတိ စိတ်ကျအောင် ခဏတိုင်းခဏတိုင်းတို့မှာ အသစ်အသစ်ဖြစ်ပေါ် လာကြ ကုန်၏။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်စိတ် ဥပါဒ်က စ၍ စုတိစိတ်ကျအောင်၊ ဒွေပဉ္စ ဝိညာဏ်တဆယ်၊ရဟန္တာတို့ စုတိစိတ် ကြဉ်သော ကာမ-ရူပဘုံဖြစ် စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်းတို့မှာ အသစ်-အသစ်ဖြစ်ပေါ်လာကြကုန်၏။

ကမ္မဇ ကလာပ် ကိုးစည်းဘို့ အသီးအသီးဖြစ်ကြပုံကား၊ အမိဝမ်းမှာ ပဋိသန္ဓေနေကြသော ပုဂ္ဂိုလ်တို့၊ ပဋိသန္ဓေစိတ်ဥပါဒ်မှာ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ကလာပ် ၃-စည်းတို့ ဖြစ်ကြ၍၊ ကလလ ရေကြည် ၇-ရက်၊အမြှုပ် ၇-ရက်၊ သွေးခဲ ၇-ရက်၊သားတစ် ၇-ရက်၊ ခက်မငါးဖြာ ၇-ရက်ဖြစ်ပြီးနောက်၊ရင်းရုပ်ခတ်ကလာပ်တို့ ရင့်မာပွါးစီး ကြီးမားကြရန်အတွက်၊ ငါးသတ္တာဟတို့ဖြစ်ချက်နှင့်၊ ပေါင်းဆယ်သတ္တာ ဟ ရှိကြပြီးနောက်၊ ၁၁-သတ္တာဟမြောက် နောက်ဆုံးရက်မှာ စက္ခု၊ သောတ၊ဃာန၊ ဇိဝှါဒသက ကလာပ်တို့ဖြစ်ပေါ်ကြကြောင်းကို ကထာ ဝတ္ထုအဋ္ဌကထာကြီးမှာ အသေအချာလာရှိသည်။ ဋီကာကျော်နောက်သို့ ယောင်၍ မလိုက်ကြနှင့်။ ။ဇိဝှါဒသက- ကလာပ် ဘယ်အခါမှာဖြစ် ပေါ်သည်ဟု ကျမ်းကြီးတို့မှာ အဆိုမရှိသော်လည်း၊ အစာချက်ဇိမ်၌ အစာချက်သောအခါကစ၍ ဖြစ်၏ဟု ဆရာမြတ်တို့ ဆုံးဖြတ်ကြကုန်၏။ ။ သံသေဒဇ- ဥပပါတ် ပုဂ္ဂိုလ်တို့ ပဋိသန္ဓေ စိတ်ဥပါဒ်မှာ စက်-သော- ဃာ-ဇိ-ကာ-ဘာ၊ဝတ္ထုဒသက-ကလာပ် ၇-စည်းဖြစ်ကြကုန်၏။ဤကား၊ အပြည့် အစုံဖြစ်ပုံတည်း။ ။ချို့မူ-စက်-သော-ဃာ-ဘာ။ ရင်း ၄-စည်း

ချုပ်ကောင်း၏။ ။ရူပပုဂ္ဂိုလ်တို့ ပဋိသန္ဓေစိတ် ဥပါဒ်မှာ၊ စက္ခု-သောတ-ဝတ္ထုဒသက၊ ဇီဝိတနဝက-ကလာပ်ပေါင်း ၄ စည်းတို့ဖြစ်ကြကုန်၏။ ။အသညသတ် ပုဂ္ဂိုလ် ပဋိသန္ဓေ ဥပါဒ်မှာ ဇီဝိတနဝက-ကလာပ်တစည်း၊ ပဝတ္တိမှာ၊ သုဒ္ဓဋ္ဌက ကလာပ်, လဟုတာဒိ ဧကာဒသက ကလာပ်၊ ဤဥတုဇကလာပ် ၂-စည်းနှင့် ပေါင်း ၃-စည်းသာဖြစ်၍၊ ၃-စည်းပင်စုတိကျရ၏ဟုမှတ်။ ။ဤပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခါ၊ပဝတ္တိအခါတို့၌၊စတုဇရုပ်တို့ဖြစ်စ,ဖြစ်ဆုံး တို့ကိုလည်း မှတ်မိအောင် အထပ်ထပ်ကြည့်လေ။

---

## (၂) ရုပ်နာမ် ဝီထိ၌ ရေးခိုင်းနှင့်၊ သင်္ကေတသိရှိရန်ခု

ပြလတ္တံ့သော လက်ာစုမှာ (×) ဤလက္ခဏာပါမူ၊ ၎င်းလက္ခဏာနောက်က ဝီထိကို၊ ရှေ့မှတ်အစင်၊ အဆုံးဖြတ်၊ သုံးရပ်သိဉာဏ်ကြိုဟုပြလတ္တံ့သော ၃-ဝီထိတို့ရှိမှ သိနိုင်မည့်လက္ခဏာကို ပြသည်ဟုသိပါ။ ။ရုပ်ဝီထိသိရန်၊နာမ်ဝီထိနှင့် မှတ်ပြန်ကြတို့၊ကျက်ရန်တို့ကား။—ပဋိသန္ဓေတကြိမ်၊ ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ မနောဒွါရာ ဝဇ္ဇန်းတကြိမ်၊ ဘဝနိကန္တိကလောဘဇော ၇-ကြိမ်၊ထို့နောင် ဘဝင်များစွာဖြစ်၍ချုပ်၏။ ။အတီတဘဝင်၊ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ၊ပဉ္စဒွါရာဝဇ္ဇန်း၊စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိုဏ်း၊သန္တီရဏ၊ဝုဋ္ဌော၊ဇော ၇-ကြိမ်၊တဒါရုံ ၂-ကြိမ်၊ထို့နောင် ဘဝင်များစွာဖြစ်၍ ချုပ်၏။

[စက္ခုဝိညာဏ်နေရာမှာ သောတဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်,ကာယဝိညာဏ်တို့ကိုထည့်၍ပဉ္စဒွါရ ၅-ဝီထိတို့ကို သိကြပါလေ။]

### ရုပ်ဝီထိ ဆောင်ပုဒ်တို့ကား

စ-ခဏမှ၊ ငါးဆယ်ကျအောင်၊ တိုးကြတစ်စီ၊ နောက်တလီက၊ စ၍မရပိုင်း၊ ခဏတိုင်းၤယ်၊ငါးဆယ့်တစ်သာ၊ ချုပ်-ဖြစ်ဖြာ၊ကံ-ဥ-ဟာရဇ၊ တစည်းပြ။ ။ပဘဝင်က၊ စိတ္တ ဆယ့်ခွန်၊ ဥပါဒ် စွန်မှာ၊တစ်စီသာ ပွါး၊ နောက်ပါး စိတ်စု၊တခုချုပ်ဖြစ်၊ ဆယ့်ခုနစ်သာ၊ တိုးဆုတ်မှာ၊ပဉ္စာစိတ်စု၊ အထူးရှု။ ။တရာ့ငါးဆယ်၊သုံးခုဆွယ်၊သုံးရာငါးဆယ်ခွန်။ ။လေးရာရှစ်မျှ၊ အကုန်ရ၊နှစ်ရာ့လေးခုစွန်။ ။ကမ္မပစ္စယ၊ဥ-ဟာ-ဇ၊ရုဏ်ငါးဆင့်သာ။ ။စိတ္တပစ္စယ၊ဥ-ဟာဇ၊ ရုဏ်သုံးဆင့်သာ။ ။အာဟာရ-ပစ္စယ၊

ဥ-ဟာ၁၈၊ ရုံ၏ဆယ့်နှစ်သာ။ ။ဥတုပစ္စယ၊ ဟာရဆယ့်နှစ်၊ ဥတုဖြစ်၊ များလစ် နှစ်ရှည်ကြာ။ ။(တထောင့်လေးရာ၊ ခုနစ်ဆယ်သာ၊ ကိုးပါကလာပ်ပေါင်း)။ ။ ရုပ်ဝိထိဆောင်ပုဒ်ပြီး၏။

## နာမ်ဝီထိဆောင်ပုဒ်တို့ကား

မြင်-ကြား-နံ-လျက်၊ တွေ့-သိချက်၊ ဆက္ကုဝိညာဏ်မှတ်။ ။အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ၊ ၄-ပါးကြုံ၊ တစ်ခုဆယ့်ငါးရှိ။ ။ဝိဘူတာရုံ၊ အဝိဘူတာရုံ၊ ၂-ပါးကြုံ၊ အကုန်သင်္ချ၊ ၂-လည်းရ။ **တစ်ခုဆယ့်ငါးရှိ၏အရေးအတိမဟန္တာရုံတစ်ဝီထိကား**။ ။အတိတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုဏ်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောင်ဘဝင်များစွာ ဖြစ်၍ချုပ်၏။

**မဟန္တာရုံ ၂- ဝီထိကား**။ (၁) အတိတဘဝင် ၂-ကြိမ်။ လ ။ ဇော ၇- ကြိမ်။ ထို့နောင်ဘဝင် တကြိမ်မှ စ၍၊ ဖြစ်ထိုက်သ၍ဖြစ်၏။ ။ (၂) အတိတဘဝင် ၃-ကြိမ်။လ။ ဇော ၇-ကြိမ်။ ထို့ နောင် ဘဝင် များစွာဖြစ်၍ချုပ်၏။ ။မဟန္တာရုံ ၂-ဝိထိပြီး၏။

## ပရိတ္တာရုံ ၆-ဝီထိကား

(၁) အတိတဘဝင် ၄-ကြိမ်။လ။ ဝုဋ္ဌော ၂-ကြိမ်၊ ထိုနောင် ၅-ကြိမ်မှ စ၍၊ ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၂) အတိတဘဝင် ၅-ကြိမ်။လ။ဝုဋ္ဌော ၂-ကြိမ်၊ ထိုနောင်ဘဝင် ၄-ကြိမ်မှစ၍ဖြစ်ထိုက်သ၍ဖြစ်၏။ ။(၃)အတိတဘဝင် ၆-ကြိမ်။လ။ဝုဋ္ဌော ၂-ကြိမ်။ ထို့နောင် ဘဝင် ၃-ကြိမ်မှ စ၍၊ ဖြစ်ထိုက်သ၍ဖြစ်၏။ ။(၄) အတိတဘဝင် ၇-ကြိမ်။လ။ဝုဋ္ဌော ၂-ကြိမ်။ ထိုနောင် ဘဝင် ၂-ကြိမ်မှစ၍၊ ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၅) အတိတဘဝင် ၈-ကြိမ်။လ။ဝုဋ္ဌော ၂-ကြိမ်။ ထို့နောင် ဘဝင် တကြိမ်မှ စ၍၊ ဖြစ်ထိုက်သ၍ ဖြစ်၏။ (၆) အတိတဘဝင် ၉-ကြိမ်။လ။ဝုဋ္ဌော ၂-ကြိမ်။ ထို့နောင်ဘဝင်များစွာဖြစ်၍ချုပ်၏။ ။ပရိတ္တာရုံ ၆-ဝိထိပြီး၏။

## အတိပရိတ္တာရုံ ၆-ဝီထိကား

(၁) အတိတဘဝင်၊ ၁၀-ကြိမ်။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ထို့နောင် ဘဝင် ၅-ကြိမ်မှ စ၍၊ ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၂) အတိတဘဝင်

၁၁-ကြိမ်။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ထို့နောင်ဘဝင် ၄-ကြိမ်မှစ၍၊ ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၃) အတီတဘဝင် ၁၂-ကြိမ်။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ထို့နောင် ဘဝင် ၃-ကြိမ်မှစ၍၊ ဖြစ်ထိုက်သ၍ဖြစ်၏။ ။(၄) အတီတဘဝင် ၁၃-ကြိမ်။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ထို့နောင် ဘဝင် ၂-ကြိမ်မှစ၍၊ဖြစ်ထိုက်သ၍ဖြစ်၏။ ။(၅) အတီတဘဝင် ၁၄-ကြိမ်။ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ။ထို့နောင် ဘဝင် ၁-ကြိမ်မှစ၍ဖြစ်ထိုက်သ၍ဖြစ်၏။ ။(၆)အတီတဘဝင် ၁၅-ကြိမ်။ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏။ ။အတိပရိတ္တာရုံ ၆-ဝီထိပြီး၏။

ဤကား၊ စက္ခုဒွါရဝီထိ ၄-မျိုးတစုံ-ဆယ့်ငါးရှိ၏အရတည်း။ ဤအတူ၊သောတဒွါရဝီထိ-၁၅၊ ဃာနဒွါရဝီထိ-၁၅၊ဇိဝှါဒွါရဝီထိ ၁၅၊ကာယဒွါရဝီထိ ၁၅-တို့ကိုလည်းသိကြလေ။ အားလုံးပေါင်း ပဉ္စဒွါရဝီထိ ၁၅-ငါးစုံ၊ ၇၅-ဝီထိပြီး၏။

**မနောဒွါရက၊ အကုန်သဏ္ဍာမှာ၊ ဝိဘူတာရုံ ၅-ဝီထိကား**

အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇-ကြိမ်၊တဒါရုံ ၂-ကြိမ်၊ထို့နောက် ဘဝင် ၄-ကြိမ်မှစ၍ ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၂) အတီတဘဝင် ၂-ကြိမ်။လ။တဒါရုံ ၂-ကြိမ်။ ထို့နောင် ဘဝင် ၃-ကြိမ်မှ စ၍ ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၃) အတီတဘဝင်-၃-ကြိမ်။လ။တဒါရုံ ၂-ကြိမ်။ထို့နောင်ဘဝင် ၂-ကြိမ်မှစ၍ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၄) အတီတဘဝင် ၄-ကြိမ်။လ။ဘဒါရုံ ၂-ကြိမ်။ ထို့နောင် ဘဝင် တကြိမ်မှစ၍၊ ဖြစ်ထိုက်သ၍ဖြစ်၏။ ။(၅)အတီတဘဝင်၅-ကြိမ်။ လ။တဒါရုံ ၂-ကြိမ်။ထို့နောင်ဘဝင်များစွာဖြစ်၍ချုပ်၏။ ။ဝိဘူတာရုံ ပြီး၏။

**အဝိဘူတာရုံ ၂-ဝီထိကား**

(၁) အတီတဘဝင် ၆-ကြိမ်။ လ။ ဇော ၇-ကြိမ်။ ထို့နောင် ဘဝင် တကြိမ်မှစ၍ ဖြစ်ထိုက်သ၍ ဖြစ်၏။ ။(၂) အတီတဘဝင် ၇-ကြိမ်။လ။ ဇော ၇ ကြိမ်။ထို့နောင် ဘဝင်များစွာဖြစ်၍ ချုပ်၏။ ။အဝိဘူတာရုံပြီး၏။

**၂-လည်းရက၊ ဝိဘူတာရုံ တဝီထိကား**

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ထို့နောင်ဘဝင်များစွာဖြစ်၍ချုပ်၏။ ။**အဝိဘူတာရုံတဝီထိကား၊**

ဘာဝင်္ဂစလန်၊ ဘာဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ၇-ကြိမ်။ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏။ ။(ဤကား၊ အကုန်သတ္တ ၂-လည်းရ၊ ဆိုသည့် ၉-ဝိထိတို့တည်း။)

****မြင်သိကား**။ ။တိတ်-ပေါင်း-နက်×မည်၊နှစ်သက်ကြည်၊ငါးလီ နောက်လိုက်၊ မြင်မှု၌။ ။တိတ်-ပေါင်း နက် × မည်၊ ဝိဉ် × လိုသည်၊ ခြောက်စီကိုမူသိ။ ။တိတ်-ပေါင်း၊ မည်×နက်၊ နှစ်သက် ကြည်ညို၊ အက္ခရာကို၊ မြင်လို နောက်လိုက်၊ ငါးပါးဆိုက်၊ အက္ခရာ အများ၊ တွေ့, မြင့်,ကြားက၊ တိတ်ပေါင်းအမည်၊အလီလီတိုး၊တမျိုးပေါင်း မည်၊×နက်၊ နှစ်သက်ကြည်ညို၊ များထိုထို၊ ပွါးလိုအထူးသိ။ ။မြင်သိပြီး၏။

**ကြားသိကား**။ ။တိတ်- ပေါင်း- မည် × နက်၊ နှစ်သက် ကြည်ညို၊ ငါးပါးကို၊ကြားလိုနောက်လိုက်၊ သိမှု၌။ ။တခြားဘာသာ၊မည်နောက် မှာ×မိမိဘာသာသွင်း။ ။ဝိဇ္ဇမာနသဒ္ဒါ၊ ဟောသိရာမှာ၊ ပညာကြီးမှ၊ ပရမတ်စစ်ကျ၊ နည်းလှသူမှာ၊ဝေါဟာရတ္တာ၊သိချာဝိထိကျ။ ။တိတ်-ပေါင်း-သံမှတ်၊ စပ်-ဖြတ်-နက်×မည်၊ ဤရှစ်လီမူ၊ ဆိုသူနက်မည်၊ သိရသည်။ ။နက်-မည်-သဒ္ဒ၊စောပန၊ဝဒန္တ လေးဝိထိ။ ။တိတ်-ပေါင်း-ဝိဉ်-မည်၊×နက်×လိုသည်၊ခြောက်လီနှုတ်မူသိ။ ။အက္ခရာအများ၊ တွေ့, မြင့်,ကြားရာ၊ ဝိညတ်ပါမူ၊ တိတ်-ပေါင်း-ဝိဉ်-မည်၊ အလီလီတိုး၊ တမျိုး ပေါင်းမည်၊ ×နက်×လိုသည်၊ ပွါးမည်အထူးသိ။ ။ကြားသိပြီး၏။

**နံ့-သိ၊ လျက်-သိ၊ တွေ့-သိ တို့ကား**။ ။တိတ်-ပေါင်း- မည်×နက်၊ နှစ်သက်ကြည်ညို၊ နှာ, လျှာ, ကိုယ်၊ များထို နောက်လိုက်၊ သိမှု၌။ ။(နံ့သိ-လျက်သိ-တွေ့သိ တို့ပြီး၏)။ ။**အလွတ် မနောသိတို့ကား**။ ။ဒိဋ္ဌ၊သုတံ၊ ဝိညာတံ၊ သမ္ဘန်ကိုယ်စီပွါး။ ။မနောသဒ္ဒ၊ နောက်လိုက်က၊ ပဉ္စဒွါရ၊နည်းတူကျ။ ။ရုံကြွင်း,စေ,စိတ်၊ပညတ်,နိဗ်၊ငါးစိတ်မှောရုံ။ ။နက်မည်-မည်နက်၊ကောင်းမကောင်းဘက်၊ ၂-ချက်နောက်လိုက်စုံ။ ။ရှေ့မှတ်,အစပ်၊အဆုံးဖြတ်၊သုံးရပ်သိဉာဏ်ကြုံ။ ။မဟာဂ္ဂုတ်၊လောကုတ္တရာ၊အပ္ပနာတွင်၊စရွာရမှု၊ဝင်စားမှု၊ စုစုဆင်ခြင်တွေး။ ။အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊အဓိဋ္ဌာနဝသီ၊ဝုဋ္ဌာနဝသီ၊ပစ္စဝေက္ခဏဝသီ၊၃-လီ ၂-ပါး၊ ဝင်စားဆင်ခြင်၊ ပိုင်နိုင်လျှင်၊ ငါးအင်ဝသီဘော်။ ။**ဈာနအာဒိကမ္မိက ဝိထိကား**။ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ပရိကံ၊ ဥပစာ၊ အနုလုံ၊ဂေါတြဘု၊ ဈာန်ဇောက တကြိမ်၊ ထို့နောင်ဘဝင်များစွာ ဖြစ်၍

ချုပ်၏။ ။**ဈာနသမာပတ္တိ ဝီထိကား**။ ။ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ဈာန်ဇောများစွာ။ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏။ ။[ပစ္စဝေက္ခဏာဝီထိမှာ၊ ရှေ့နောက်လိုက် မနောသိ ဝီထိနှင့်တူ၏။]

**အဘိညာဉ် ၇-မျိုးကား**၊ အလွန် အသေး၊ အဝေး အဆင်းတို့ကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ် ၁။

အလွန်အသေး၊အဝေးအသံတို့ကို ကြားနိုင်သော ဒိဗ္ဗသောတအဘိညာဏ် ၂။

မြေသို့ မိုးယံပျံစသော တန်းခိုး အမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဏ် ၃။

သူတပါးတို့ စိတ်အကြံကို သိစွမ်းနိုင်သော စေတောပရိယအဘိညာဏ် ၄။

ပဋိသန္ဓေစသော အကျိုးဆက်တို့ကို မြင်သဖြင့်၊ နောက်ကဘယ်အကြောင်း ကံကြောင့်ဟု ကံကို သိစွမ်းနိုင်သော ယထာကမ္မုပဂ အဘိညာဏ် ၅။

နောက်နောင် လားလတ္တံ့သော ဘဝ အဆက်ဆက်၊ ဖြစ်ချက်အမျိုးမျိုး တို့ကို လှမ်း၍ မြင်စွမ်းနိုင်သော အနာဂတံသအဘိညာဏ် ၆။

ရှေးရှေး ဘဝ အဆက်ဆက်တို့က ဖြစ်ချက် အမျိုးမျိုးတို့ကို ပြန်၍မြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသ အဘိညာဏ် ၇။

**ဤအဘိညာဉ် ၇-ချက်အရကျက်မှတ်ရန်ကား**။ ။စက်,သော,ဣဒ်, စေ၊ ယ, နာ, ပေ၊သဗ္ဗေ အဘိညာဏ်။ ။ သိုအဘိညာဏ် ဝီထိတို့ဖြစ်စဉ်ကား၊ (ပါဒကဈာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒက၊ ထို့နောက်မှ၊ ကျလေအဘိညာဏ်။)**အဓိဋ္ဌာန်ပါဒက ဝီထိကား**။ ။ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာ ဇ္ဇန်း၊ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ပဥ္စမဈာန်ဇောများစွာ၊ ထို့နောင် ဘဝင်များစွာဖြစ်၍ချုပ်၏။ ။**အဓိဋ္ဌာန်ဝီထိကား**။ ။ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အဓိဋ္ဌာန်ဇော ၇-ကြိမ်၊ ထိုနောင် ဘဝင်များစွာဖြစ်၍ ချုပ်၏။ ။[ထို့နောင် အဘိညာပါဒကဝီထိသည်လည်း၊ အဓိဋ္ဌာန်ပါဒက ဝီထိအတိုင်း သိလေ ဆိုလေ]။ ။ **အဘိညာဏ် ဝီထိကား**၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ အဘိညာဏ်ဇော တကြိမ်။ထို့နောင်

## ( ၃ ) ရုပ်ဝီထိပုံနှင့်-ဘင်သပုဒ္ဓနံ ရုပ်ဝီထိအစီပွါယ်ခု ဝိပဿနာရှုရပုံ

ဤပြလတ္တံ့သော-ရုပ်ဝီထိပုံ၌၊ ကမ္မဇကလာပ်တစည်း၏ ရုပ်ဝီထိကိုသိက၊ ကြွင်းကမ္မဇ- ဥတုဇ- အာဟာရဇ- ရုပ်ဝီထိတို့ကိုလည်း သိနိုင်ကြ၏။ စိတ္တဇ-စိတ္တပစ္စယ ဥတုဇကလာပ်တစည်းစီတို့၏ ဝီထိတို့ကိုသိက၊ စိတ္တပစ္စယ အာဟာရဇ ရုပ်ဝီထိတို့ကိုလည်းသိနိုင်၏။ ။ပဋ္ဌိဉာဏ်စိတ်တို့ ဥပါဒ်က စိတ္တဇ-ကလာပ်တစည်း လျော့သည့်ဝီထိပုံနှင့်၊ငင်းစိတ္တပစ္စယ-ဥတုဇ-အာဟာရဇ-ရုပ်တို့လည်း လျော့၍ ဖြစ်သည့်ဝီထိပုံတို့ကိုလည်းသိသာရုံ ပြချက်တို့မှာ၊ ( ၀ ) ဤအစက် လက္ခဏာကလေး-ရှေ့နားကပြမှု၊ ( ဥပါဒ်-ဖြစ်ရုပ် ) အလယ်ကပြမှု၊ (ဒွိ-တည်ရုပ်) နောက်နားကပြမှု၊ ( ဘင်-ချုပ်ရုပ် ) ဟု ဤအစက်လက္ခဏာကိုကြည့်၍သိကြ၊ အစက်မပါသော- အကွက်ကား၊ ရှေ့အကွက် ပြထားသည်နှင့် တူ၏ဟု သိကြရာ၏၊ ရုပ်ကလာပ် တစည်းစီသာ ပြသောကြောင့်၊ငင်း (ဖြစ်ရုပ်-ချုပ်ရုပ်) လည်း တစည်းစီသာဟုသိ၊ငင်း တစည်းစီနှုတ်ကြွင်းရှိသမျှ ဂဏန်းအရ၊ (ဋ္ဌီဖြစ်သည့်တည်ရုပ်) တို့ချည်းသာဟု မှတ်ကြပါလေ ယောဂီတွေတို့။

| နာမ်ဝီထိအမည်စု ၄င်းဥပါဒ်,ဒွိ,ဘင်စု | ဋိ ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | မ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပဋိသန္ဓေ ကမ္မဇ ကလာပ်တစည်း ဝီထိသွားပုံ — ဥပါဒ် | ၀ ၁ | ၀၀ ၄ | ၇ | ၁၀ | ၁၃ | ၁၆ | ၁၉ | ၂၂ | ၂၅ | ၂၈ | ၃၁ | ၃၄ | ၃၇ | ၄၀ | ၄၃ | ၄၆ | ၄၉ | ၀၀၀ ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၀၀၀ ၅၁ |
| ဒွိ | ၀၀ ၂ | ၀၀ ၅ | ၈ | ၁၁ | ၁၄ | ၁၇ | ၂၀ | ၂၃ | ၂၆ | ၂၉ | ၃၂ | ၃၅ | ၃၈ | ၄၁ | ၄၄ | ၄၇ | ၀၀ ၅၀ | ၀၀၀ ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၀၀၀ ၅၁ |
| ဘင် | ၀၀ ၃ | ၀၀ ၆ | ၉ | ၁၂ | ၁၅ | ၁၈ | ၂၁ | ၂၄ | ၂၇ | ၃၀ | ၃၃ | ၃၆ | ၃၉ | ၄၂ | ၄၅ | ၄၈ | ၀၀၀ ၅၁ | ၀၀၀ ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၅၁ | ၀၀၀ ၅၁ |
| စိတ္တဇ ကလာပ် တစည်း ဝီထိ သွားပုံ — ဥပါဒ် | မ | ၀ ၁ | ၀၀ ၂ | ၀၀ ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ဒွိ | မ | ၀ ၁ | ၀ ၂ | ၀ ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၀ ၁၇ | ၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၇ |
| ဘင် | မ | ၀ ၁ | ၀ ၂ | ၀ ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| စိတ္တပစ္စယဥတုဇ ကလာပ်တစည်း ဝီထိသွားပုံ — ဥပါဒ် | | မ | ၀ ၁ | ၀ ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၀ ၁၆ | ၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၇ |
| ဒွိ | မ | ၀ ၁ | ၀၀ ၂ | ၀၀ ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ဘင် | မ | ၀ ၁ | ၀ ၂ | ၀ ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၀ ၁၇ | ၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၇ |
| နာမ်ဝီထိအမည်စု ၄င်းဥပါဒ်,ဒွိ,ဘင်စု | တီ ၀၀၀ | န ၀၀၀ | ဒ ၀၀၀ | ပ ၀၀၀ | စ ၀၀၀ | သံ ၀၀၀ | ဏ ၀၀၀ | ဝု ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဇ ၀၀၀ | ဒါ ၀၀၀ | ဒါ ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဋ ၀၀၀ | ဘွင် ၀၀၀ | ဘွင် ၀၀၀ |
| ပဋ္ဌိဉာဏ်စိတ်မှ စိတ္တဇရုပ် လျော့ပုံဝီထိ — ဥပါဒ် | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၆ | ၀၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀၀ ၁၆ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ဒွိ | ၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၆ | ၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀ ၁၆ | ၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၇ |
| ဘင် | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၆ | ၀၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀ ၁၆ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ငင်းစိတ္တပစ္စယ ဥတုဇရုပ်လည်း လျော့ပုံဝီထိ — ဥပါဒ် | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ | ၀၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀၀ ၁၆ | ၀ ၁၆ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ဒွိ | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၀ ၁၆ | ၀၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀၀ ၁၆ | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ဘင် | ၀ ၁၇ | ၀ ၁၇ | ၁၇ | ၁၇ | ၀ ၁၆ | ၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀ ၁၆ | ၀ ၁၇ | ၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၇ |
| ငင်းစိတ္တပစ္စယ အာဟာရဇ ရုပ်လည်း လျော့ပုံဝီထိ — ဥပါဒ် | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ | ၀၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀၀ ၁၆ | ၀ ၁၆ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ဒွိ | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၀ ၁၆ | ၀၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀၀ ၁၆ | ၀၀ ၁၇ | ၀၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀၀ ၁၇ |
| ဘင် | ၀ ၁၇ | ၀ ၁၇ | ၁၇ | ၁၇ | ၀ ၁၆ | ၀ ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၁၆ | ၀ ၁၆ | ၀ ၁၇ | ၀ ၁၇ | ၁၇ | ၁၇ | ၁၇ | ၀ ၁၇ |

ဘဝင်များစွာဖြစ်၍ ချုပ်၏။ ။**မဋ္ဋမိထိကား**၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါ်ပြဲဘု၊ မဂ်ဇော တ-ကြိမ်၊ ဖိုလ်ဇော ၂-ကြိမ်၊ ၃-ကြိမ်၊ ထို့နောင် ဘဝင်များစွာဖြစ်၍ ချုပ်၏။ ။ **ဖလသမာပတ္တိ ဝီထိကား**၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အနုလုံလေးကြိမ်၊ ဖိုလ်ဇောများစွာဖြစ်၏။ ထိုနောင် ဘဝင်များစွာဖြစ်၍ ချုပ်၏။ ။[မဂ်ဖိုလ်စသည့် ပစ္စဝေက္ခဏာ ဝီထိတို့ ရှေ့ကနောက်လိုက် မနေသိ ဝီထိနှင့်ဘူ၏]။ ။**ပဉ္စဒွါရမနောဒွါရ ကာမဇောသန္တီရဏ ဝီထိကား**၊ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုဏ်း၊ သန္တီရဏ၊ ဝုဋ္ဌော မရဏာသန္နဇော,ငါးကြိမ်၊ တဒါရုံ, ၂-ကြိမ်၊ ထို့နောင် စုတိတကြိမ် ဖြစ်၍ ချုပ်၏။ ။[ပဋိသန္ဓေဝီထိ ရှေ့အတိုင်း။ ။သော, ဃာ, ဇိ, ကာ, ထည့်၍၊ ပဉ္စဒွါရ ၅-ဝီထိသိလေ]။ ။တဒါဘဝင်၊ ဇောဘဝင်၊ နောက်တွင် ၄-စုတိ။ ။သုဒ္ဓ၊ ဈာန်၊ ပစ္စဝေက္ခ၊ အဘိည ၄-စုတိ။ ။ **သုဒ္ဓမနောဒွါရ-မရဏာသန္နဝီထိကား**၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅-ကြိမ်၊ စုတိတကြိမ်၊ ထို့နောင် ပဋိသန္ဓေ စသည်ဖြစ်၍ ချုပ်၏။ ။**ဈာနသမနန္တရဝီထိကား**၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ အနုလုံ၊ ဂေါ်တြဘု၊ ဈာန်ဇော ၅-ကြိမ်၊ စုတိတကြိမ် ဖြစ်၍ ပရိနိဗ္ဗာန်စံ၏။ ။**ပစ္စဝေက္ခဏာသမနန္တရ ဝီထိကား**၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္န ပစ္စဝေက္ခဏာ ဇော ၅-ကြိမ်၊ စုတိ တကြိမ် ဖြစ်၍ ပရိနိဗ္ဗာန်စံ၏။ ။ **အဘိညာသမနန္တရဝီထိကား**၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါ်တြဘု၊ အဘိညာဏ် ဇောတကြိမ်၊ စုတိတကြိမ်ဖြစ်၍ ပရိနိဗ္ဗာန်စံ၏။ ။နာမ်ဝီထိဆောင်ပုဒ် ပြီး၏။

**ဝီထိပုံဘို့မှာ ပြသည့် အက္ခရာသင်္ကေတ သိကြဘို့ကား**၊ ပဋိသန္ဓေကို (ဋိ)မနောဒွါရာဝဇ္ဇန်းကို (မ)ဇောကို (ဇ) အတီတဘဝင်ကို (တီ) ဘဝင်စလနကို (န)ဘဝင်ုပစ္ဆေဒကို (ဒ) ပဉ္စဒွါရာဝဇ္ဇန်းကို (ပ) သမ္ပဋိစ္ဆိုဏ်းကို (သံ) သန္တီရဏကို (ဏ) ဝုဋ္ဌောကို (ဝု) တဒါရုံကို (ဒါ) ပရိကံကို (ကံ) ဥပစာကို (ဥ) အနုလုံကို (နု) ဂေါတြဘုကို (ဂေါ) အဘိညာဏ် ဇောကို (ဘိ) ဈာန်ဇောကို (ဈာန်) မဂ်ဇောကို (မဂ်) ဖိုလ်ဇောကို (လ်) စုတိကို (စု) ပရိနိဗ္ဗာန်စံသည့်စုတိကို (စံ)ဟူ၍ သင်္ကေတအားဖြင့် ရေးသားလတ္တံ့သည်များကို၊ ဤကသေချာစွာ မှတ်သား၍ သိကြလေ။

ဇယားကွက်ကိုကြည့်ပါ။

ဤဝီထိပုံတို့၌၊ ရုပ်ဝီထိဝယ် ဂဏန်းရေး လွယ်စေရန် ဥပါဒ်-ဌီ-ဘင် တို့ကို ခယားစောက် အထက်အောက် ထားလိုက်သည့်အတိုင်း၊ဂဏန်း စဉ်ကို ကြည့်ကြပါလေ။ ။ဤဝီထိပုံ၏အဓိပ္ပါယ်ကား၊ ပဋိသန္ဓေဥပါဒ်က စ၍၊၁၆-ခုမြောက် ဘဝင်၏ဌီသို့ကျသောအခါ၊ခဏငယ်ပေါင်း ၅၀-ကျ သည်ဖြစ်၍၊ခဏငယ် တခုတခု၌ ရုပ်သစ်တခုတခု တိုးသောကြောင့်၊ရုပ် ကလာပ်ပေါင်းလည်း၅၀-ရှိလေ၏။ရင်း ၁၆ ခုမြောက်ဘဝင်၏ဘင်ခဏ ၌ကား၊ပဋိသန္ဓေဥပါဒ်က ဖြစ်သည့် ချုပ်ရုပ်-၁၊တည်ရုပ်-၄၉၊အသစ်ဖြစ် ရုပ်-၁၊ပေါင်း၅၁-စည်းရှိ၏။မနောဒွါရာဝဇ္ဇန်း၊ဇောစသည်တို့၏ဥပါဒ်-ဌီ ဘင်တိုင်းတို့မှာလည်း၊ဤအတူချုပ်ရုပ် ၁၊တည်ရုပ် ၄၉၊ဖြစ်ရုပ် ၁၊ပေါင်း ၅၁-စည်းသာချည်း။ကလာပ်တစည်း၏ ဝီထိအစဉ်ဖြစ်လေသတည်း။ ။ ဤအစ ခဏငယ်တချက်က ၅၀-ကျအောင် ဖြစ်ရုပ်, တည်ရုပ်တို့သာရှိမှု၊ ၅၀-က နောက် ကမ္မဇရုပ် ဖြစ်လျှင်၊ စုတိ၏ ရှေ့ခဏငယ် ၅၁-ချက် ကျ အောင်၊ဥတုဇ,အာဟာရဇ ရုပ်တို့ဖြစ်လျှင်၊ဘဝတုံးအောင်ခဏငယ်တိုင်း တို့မှာ၊ ဖြစ်ရုပ်-၁၊ တည်ရုပ်-၄၉၊ ချုပ်ရုပ်-၁၊ ပေါင်း ၅၁-စည်းတို့သာ ရှိမှု၊ ဤရုပ်ကလာပ်တခုစီ၏ ဝီထိအစဉ်ကို သေချာစွာ မှတ်မိအောင် ရှေ့ ဝီထိပုံမှာလည်း အထပ်ထပ် ကြည့်ကြလေ။ ဤသို့ ကြည့်၍ မှတ်မိသော အခါကျမှ၊ ဂဗ္ဘသေယျကတို့ ပဋိသန္ဓေ ဥပါဒ်မှာ၊ ကာယ-ဘာဝ-ဝတ္ထု ၃-စည်းတို့ ဖြစ်ချက်ကိုရင်း၊သံသေဒဇ-ဥပပါတ်တို့ ပဋိသန္ဓေ ဥပါဒ်မှာ၊ စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ, ဘာဝ,ဝတ္ထု ၇-စည်းတို့ ဖြစ်ချက်ကို ရင်း၊ ရူပဗြဟ္မာတို့ ပဋိသန္ဓေ ဥပါဒ်မှာ၊ စက္ခု, သောတ, ဝတ္ထု, ဇီဝိတ ၄-စည်းတို့ ဖြစ်ချက်ကိုရင်း၊ရုပ်ဝီထိအစဉ် ရေတွက်လိုမူ၊ ယခင်တစည်း အတွက် ၇-ဂဏန်း၌၊ ၂-စည်းလောင်း၍၊ ၆-စည်းလောင်း၍၊၃-စည်း လောင်း၍၊ ခဏငယ် ၅၀-က, နောက်၊ ၅၁-သုံးလီ, ၁၅၃-စည်းချည်း ဖြစ်ကြလိမ့်မူ၊ ၅၁-၇-လီ-၃၅၇-စည်းချည်း ဖြစ်ကြလိမ့်မူ၊ ၅၁-၄-လီ၊ ၂၀၄-စည်းချည်း ဖြစ်ကြလိမ့်မူကို အတပ် သိရာ၏။ ဂဗ္ဘသေယျကတို့ ၁၁-သတ္တာဟမြောက်၌ စက္ခု, သောတ, ဃာန ဇိဝှါဒသကတို့ ဖြစ်၍၊ ခဏငယ် ၅၀-က,နောက်၊ ယခင်ကာယ, ဘာဝ, ဝတ္ထုနှင့် ပေါင်းလျှင် ၇-စည်း ဖြစ်လာသောကြောင့်၊ ၅၁-ခု၊ ၇-လီ ၃၅၇-စည်းတို့ချည်း ဖြစ် ကြလိမ့်မူကို သိကြလေ။ ။အသညသတ်တို့ ဇီဝိတနဝက ကလာပ် တစည်းကား၊ ဝီထိပုံမှာရှိတိုင်း ဝီထိအစဉ်ကိုသိကြလေ။

ဤကမ္မဇရုပ်ဝီထိကိုသိသောသူတို့သည်၊ ၎င်းကမ္မဇ ရုပ်ကလာပ်တို့မှာ ပါသည့် တေဇောဥတုတို့ ဌီသို့ရောက်တိုင်း ရောက်တိုင်းဖြစ်စေသော ဥတုဇရုပ်ဝီထိတို့ကို ရေတွက်လိုမူ၊ ပဋိသန္ဓေတို့ ဌီ၌စ၍၊ ၁၇–ခုမြောက် ဘဝင်၏ ဘင်မှာ၊ ခဏငယ် ၅၁–ဘို့ ကျအောင်၊ ဌီသို့ ရောက်တိုင်း ရောက်တိုင်းသော ကမ္မဇတေဇောက၊ ဥတုဇရုပ် တခုတခုကို ဖြစ်စေသောကြောင့်၊ ဖြစ်ရုပ်,တည်ရုပ်တို့သာ ဖြစ်ကြကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဇောစသည်တို့၏ ဥပါဒ်,ဌီဘင်,ခဏတိုင်းတို့မှာကား၊ ဖြစ်ရုပ်,တည်ရုပ်, ချုပ်ရုပ်တို့ ဖြစ်ကြကုန်၏။ အရေအတွက်မှာ၊ ကမ္မဇကလာပ် ၃–စည်း၊ ၇–စည်း၊ ၄–စည်းတို့ တေဇောတို့က ဖြစ်စေရာမှာ၊ ခဏငယ် ၅၀-က, နောက်၊ ခဏငယ်တိုင်းတို့မှာ ကမ္မဇရုပ် အရေအတွက်အတိုင်းပင်၊ ဥတုဇ ကလာပ် ပေါင်း ၁၅၃–စည်း၊ ၃၅၇-စည်း၊ ၂၀၄–စည်းတို့ချည်း ဖြစ်ကြမှုကို သိကြလေ။ ။ဗဟိဒ္ဓဥတုက ဖြစ်စေအပ်သော ဥတုဇ ကလာပ် တစည်းကိုလည်း ပဋိသန္ဓေဌီကစ၍၊ ခဏငယ် ၅၀–ကျအောင် တစည်းစီ တိုးမှု၊ ၎င်းနောက် ဖြစ်ရုပ် –၁၊ တည်ရုပ်–၄၉၊ ချုပ်ရုပ်–၁၊ ပေါင်း ၅၁-စည်းစီတို့ချည်း ဖြစ်ကြမှုကို သိကြလေ။

အာဟာရဇ ကလာပ်တို့ ဖြစ်ကြပုံကား၊ ဂဗ္ဘသေယျကတို့မှာ၊ ၂–သတ္တာဟ ၃–သတ္တာဟတို့၌၊အမိစားသော အာဟာရတို့ စိမ့်ဝင်သည်က စ၍၎င်း၊ သံသေဒဇ–ဥပပါတ်တို့မှာ မျိုသည်ကစ၍၎င်း၊ ခဏငယ် ၅၀-ကျအောင် ခဏတိုင်းမှာ တစည်းစီတိုးသောကြောင့်၊ဖြစ်ရုပ်,တည်ရုပ်တို့သာဖြစ်ကြကုန်၏။ ၎င်းနောက် ၅၁–စသော ခဏာငိုင်းတို့၌၊ ဖြစ်ရုပ် ၁၊ တည်ရုပ် ၄၉၊ ချုပ်ရုပ် ၁၊ ပေါင်း ၅၁–စည်းစီတို့ချည်း ဖြစ်ကြမှုကိုသိကြလေ။ ။ဤကား ဗဟိဒ္ဓသြဇာက၊အာဟာရဇရုပ်ကိုဖြစ်စေပုံတည်း။ ။ ၎င်းဗဟိဒ္ဓသြဇာကထောက်ပံ့သည်မှစ၍၊အဇ္ဈတ္တ ရှိကမ္မဇကလာပ်,ဥတုဇ ကလာပ်, စိတ္တဇကလာပ်တို့မှာ ပါရှိကြသည့် သြဇာတို့ကလည်း၊ အသီး အသီး အာဟာရဇ ရုပ်ကလာပ်ကို ဖြစ်စေကြကုန်၏။ ထိုအာဟာရဇ ကလာပ်တို့၏ အရေအတွက်တို့ကို၊ဂဗ္ဘသေယျကတို့၏ အစ–ကမ္မဇကလာပ် ၃-စည်း၊၎င်းတို့က ဖြစ်စေသည့် ဥတုဇကလာပ် ၃-စည်း၊ဗဟိဒ္ဓဥတုက ဖြစ်စေသည့် ဥတုဇကလာပ် တစည်း၊ ဗဟိဒ္ဓ သြဇာက ဖြစ်စေသည့် အာဟာရဇကလာပ်တစည်း၊ စိတ္တဇကလာပ်တစည်း၊ ပေါင်း ၉-စည်း တို့မှာပါသည့် သြဇာရုပ်တို့က၊ မိမိတို့ဌီတိုင်း ဌီတိုင်းတို့မှာ အာဟာရဇ ရုပ်တို့ကို ဖြစ်စေကြကုန်၍၊ ၎င်းကမ္မဇ ၃-စည်း၊ဥတုဇ ၄–စည်း၊အာဟာ

ရဇ ၁ စည်း၊ ဝိတ္တဇ ၁-စည်းတို့ ဝိထိစဉ် အရေအတွက်အတိုင်း သိကြလေ။ ။သံသေဒဇ ဥပပါတ်တို့၏အာဟာရဇရုပ်ဖြစ်ပုံကိုလည်း မျှသည်ကစ၍၊ အာဟာရဇရုပ်ကိုဖြစ်စေကြမှု၊ ဗဟိဒ္ဓသြဇာက ထောက်ပံ့သည်မှစ၍၊ အဇ္ဈတ္တရှိ ကမ္မဇ,စိတ္တဇ,ဥတုဇ,အာဟာရဇကလာပ်တို့၌ ပါသည့်သြဇာရုပ်တို့က၊အာဟာရဇရုပ်သစ်,ကလာပ်သစ်ကို ဖြစ်စေကြမှု အရေအတွက် စုကိုလည်း၊ ၎င်းဖြစ်စေသည့် ကမ္မဇ, ဥတုဇ, အာဟာရဇတို့အတိုင်း ရေတွက်ရမှုကို သိကြလေ။ ။စိတ္တဇကိုနောက်၌အသီးအခြား ဖော်ပြပေလိမ့်သတည်း။ ။၎င်းဗဟိဒ္ဓအာဟာရဇရုပ်တို့မှာပါသည့် တေဇောတို့က ဖြစ်စေသော ဥတုဇရုပ် ဝိထိတို့ကို ရေတွက် ရာ၌လည်း၊ စဦးအာဟာရဇရုပ် ငြိမှစ၍ ခဏငယ် ၅၁-ကျအောင်၊ ခဏတိုင်း တစည်းစီတိုးမှု၊ ၎င်းနောက် ၅၁-စသော ခဏတို့၌၊ ဖြစ်ရုပ် ၁၊ တည်ရုပ် ၄၉၊ ချုပ်ရုပ် ၁၊ ပေါင်း ၅၁-စည်းစီတို့ချည်း ဖြစ်ကြမှုကိုသိကြလေ။ ။သို့မှကြွင်းသော ကမ္မပစ္စယ အာဟာရဇရုပ်၊ ဥတုပစ္စယ အာဟာရဇ ရုပ်ကလာပ်တို့မှာပါသည့် တေဇောက၊ဥတုဇရုပ်ကိုဖြစ်စေသည့် ရုပ်ဝိထိတို့အရေအတွက်တို့ကို၊ ၎င်းကမ္မဇ, ဥတုဇတို့ အရေ အတွက် တိုင်းပင်ဟုသိကြပါလေ။

ဤရှေ့က ပြခဲ့သော ဂဗ္ဘသေယျက၊ ကမ္မဇကလာပ် ၃-စည်းတို့ ခဏတိုင်းတို့မှာ၊ ကလာပ်အစိတ်ပေါင်း ၁၅၃-တို့စည်းတို့သာ ဆက်လက်ကြပြီး၊သွားချက်ကိုသိစေလို၍၎င်း၊ထို့နောက်(၁၁)သတ္တာဟမြောက်မှာ၊ ဤသုံးစည်းနှင့် စက္ခု၊သောတ၊ဃာန၊ ဇိဝှါဒသက လေးစည်းတို့ကိုပေါင်း၍၊ (၇) စည်း အပြည့်အစုံဖြစ်ကြသော သံသေဒဇ ဥပပါတ်တို့လည်း၊ ၎င်းကလာပ်(၇)စည်းတို့ပင်ဖြစ်ကြ၍၊ဤ(၇)စည်းတို့ခဏတိုင်းတို့မှာကလာပ်အစိတ်ပေါင်း (၃၅၇) စည်းတို့သာ ဆက်လက်ကြပြီး၊သွားချက်ကို သိစေလို၍၎င်း၊ ထို့နောက်၊ ဇီဝိတနဝက ကလာပ်တစည်း ဖြစ်ပေါ်လာသောအခါ၊ရှေ့(၇)စည်းနှင့်ပေါင်း ၎င်း (၈)စည်းတို့ ခဏတိုင်းတို့မှာ ကလာပ်အစိတ်ပေါင်း (၄၀၈)စည်းတို့သာ ဆက်လက်ကြပြီး၊သွားချက်ကို သိစေလို၍၎င်း၊ ရူပဗြဟ္မာတို့မှာ ဖြစ်ကြသည့် ကမ္မဇကလာပ် (၄)စည်းတို့ ခဏတိုင်းတို့မှာ ကလာပ်အစိတ်ပေါင်း (၂၀၄) စည်းတို့သာ ဆက်လက်ကြပြီး၊ သွားချက်ကို သိစေလို၍၎င်း။ ။**တရာ့ငါးဆယ်၊ သုံးခုဆွယ်၊သုံးရာ့ငါးဆယ်- ခွန်။ ။လေးရာ ရှစ်မျှ၊ အကုန်ရ၊ နှစ်ရာ့ လေးခု ခွန်**-ဟု ရှေ့လက်ာ၌ ရေးပြလိုက်ပါသတည်း။ ။ဤရှေ့ကပြခဲ့သော စတုဇရုပ်

တို့တွင်၊ ကမ္မဇကလာပ်တို့မှာ ပါသည့် တေဇောက-ဥတုဇရုပ်တို့ကို၊ ဩဇာက-အာဟာရဇရုပ်တို့ကို ငါးဆင့်သာ ဆက်လက်ဖြစ်ပွါး စေနိုင်ကြသည်။ ။စိတ္တဇကလာပ်တို့မှာပါသည့် တေဇောက-ဥတုဇရုပ်တို့ကို၊ ဩဇာက-အာဟာရဇရုပ်တို့ကို သုံးဆင့်သာ ဆက်လက် ဖြစ်ပွါးစေနိုင်ကြသည်။ ။အာဟာရဇကလာပ်တို့မှာပါသည့် တေဇောက-ဥတုဇရုပ်တို့ကို၊ဩဇာက အာဟာရဇရုပ်တို့ကို (၁၂) ဆင့်သာ ဆက်လက်ဖြစ်ပွါး စေနိုင်ကြကုန်သည်။ ။ဥတုဇ ကလာပ် တို့မှာ ပါသည့် ဩဇာက၊ အာဟာရဇ ရုပ်တို့ကို (၁၂)ဆင့်သာ၊ တေဇောတို့က မူကား၊ ဥတုဇ ရုပ်တို့ကို သေသည့်နောက်မှာ၊ နှစ်လရှည်ကြာအောင် ဆက်လက်ဖြစ်ပွါး စေနိုင်ကြသည်များကို သိစေလို၍။ ။ကမ္မပစ္စယ၊ ဥ-ဟာ-ဒ၊ ရုဏ် ငါးဆင့်သား။ ။စိတ္တပစ္စယ၊ ဥ-ဟာ-ဒ၊ ရုဏ်သုံးဆင့်သား။ ။အာဟာရပစ္စယ၊ ဥ-ဟာ-ဒ၊ ရုဏ်ဆယ့်နှစ်သား။ ။ဥတုပစ္စယ၊ဟာ-ဒ ဆယ့်နှစ်၊ ဥတုဖြစ်၊ များလေစ်နှစ်ရှည်ကြ။ ။ဟု ရှေ့လက်ာဥ္စရေးပြလိုက်ပါသတည်း။

## အထူးသတိပြုရန်အချက်

ထို့ပြင် အချို့သော ကာမပုဂ္ဂိုလ်တို့မှာ၊ ကမ္မဇ ကလာပ် ဇ-များဆုံးကျု၊သောတ၊ ဃာန၊ဇိဝှါ၊ကာယ၊ ဘာဝ၊ ဝတ္ထုဒသက၊ ဇီဝိတနဝကနှင့် ပေါင်း ၈- စည်းတို့ဖြစ်၏။ ။၎င်း ၈-စည်းတို့နှင့်တကွ၊ ဗဟိဒ္ဓဥတုဇ ကလာပ် ၁၊ဗဟိဒ္ဓဩဇာအာဟာရဇကလာပ် ၁-အားလုံးပေါင်း ကလာပ် ဆယ်မျိုးတို့တည်း။ ဤဗဟိဒ္ဓဥတုဇ ကလာပ် ဗဟိဒ္ဓဩဇာ အာဟာရဇ ကလာပ် ၂-စည်းတို့ကား၊ ဗဟိဒ္ဓက ကျေးဇူးပြုကြသည့် အကြောင်း ကလာပ်ထဲမှာသာ ပါသည်။ သတ္တဝါတို့အတွင်းက ဝီထိရေတွက်ရသော ကလာပ်ထဲမှာ မပါ၍၊ ကလာပ် ၂၀-စည်းမျှသာ ပေါင်းလိမ့်မည်။ ဤ ရှေ့ကပြခဲ့သည့် ကလာပ်ဆယ်မျိုးတို့မှာ ပါသည့် တေဇော ဥတုတို့က၊ ဥတုဇကလာပ် ၁၀-စည်းတို့ကို ၎င်းတို့ရှေ့ ကလာပ်ဆယ်မျိုးတို့မှာ ပါသည့်၊ဩဇာတို့က အာဟာရဇကလာပ် ၁၀-စည်းတို့ကို၎င်း ဖြစ်စေကြကုန်၏။ဤရှေ့ကပြခဲ့သော ကမ္မဇ ၈-စည်း၊ဥတုဇ ၁၀-စည်း၊အာဟာရဇ ၁၁-စည်းတို့ သုံးရပ်ပေါင်း ကလာပ် ၂၈-မျိုးတို့၊ နေ့စဉ်အမြန်ဖြစ်ကြ ပြန်သောအခါ၊ ခန္ဓာငယ် တချက်တချက်တို့မှာ ကလာပ် တမျိုးတမျိုးလျှင်၊ ၅၁-စည်းစီ ထင်ရှားရှိနေကြသောကြောင့်၊ ကလာပ် ၂၈ မျိုး၊ ၅၁-လီ မြှောက်ပွါး၍ ကလာပ်စည်းပေါင်း ၁၄၂၈-စည်း ဖြစ်ကြ၏။ ။စိတ္တဇ ကလာပ်တစည်း၊ ၎င်းမှာပါသည့် တေဇော,ဩဇာတို့က ဥတုဇတစည်း၊

အာဟာရဇတစည်း၊ ပေါင်း ကလာပ်သုံးမျိုးတို့ ပဋ္ဌိသန္ဓေကျာ်နောက် ၁၆-ခဏတို့မှတပါး ခဏတိုင်းတို့မှာ၊ ၁၇-စည်းကျစီ ဖြစ်ကြလေသောကြောင့်၊ ကလာပ်သုံးမျိုး ၁၇-လီ၊ ၅၁-စည်းစီဖြစ်ကြ၏။ ဤရှေ့က ၁၄၂၈ စည်းနှင့် ၅၁ စည်း၊ နှစ်ရပ်ပေါင်း ၁၄၇၉-စည်းတို့ မချွတ်ကြပါမူ၊ ခဏငယ်အချက်တိုင်းတို့မှာ ကေန်စင်စစ်ဖြစ်နိုင်ကြသည်ကို သိစေလို၍ **တဆောင့် လေးရာ၊ ခုနစ်ဆယ်သာ၊ ကိုးပါ ကလာပ်ပေါင်း။** ။ဟု-ရှေ့လက်ာ၌ ရေးပြလိုက်ပါသတည်း။ ။ပဋ္ဌိသန္ဓေကျာ်နောက် ၁၆-ခဏတို့မှာကား၊ ဤကလာပ် တစည်းစီ လျော့၍၊ (၁၆) စည်းကျစီသာ ဖြစ်ကြ၏ ဟုသိကြပါလေ။

ဤသို့လျှင် ရှေ့ကပြခဲ့သောကမ္မဇကလာပ် ၃-စည်း၊ ၇-စည်း၊ ၄-စည်းစသည်တို့၏ ဝီထိစုတို့သည်ရင်း၊ ၎င်းကမ္မဇ တေဇောတို့က ဖြစ်စေသော ဥတုဇတမျိုး၊ ဗဟိဒ္ဓ ဥတုဇတမျိုး၊ အာဟာရဇ တေဇောတို့ကဖြစ်စေသည့် ဥတုဇတမျိုး၊ ပေါင်း ဥတုဇ ၃-မျိုးတို့ ဝီထိစုတို့သည်ရင်း၊ ယင်းကမ္မဇ ကလာပ်တို့၌ ပါသည့် ဩဇာ၊ ဥတုဇကလာပ်တို့မှာ ပါသည့် ဩဇာ၊ အာဟာရဇကလာပ်တို့မှာပါသည့်ဩဇာ၊ ပေါင်း ၃-မျိုးတို့ကဖြစ်စေသည့် အာဟာရဇကလာပ် ၃-မျိုးတို့ဝီထိစုတို့သည်ရင်း၊ ခဏတိုင်း-ခဏတိုင်းမှာ ဖြစ်ကြမှု, ပျက်ကြမှုချင်းတူကြ၍၊ ကလာပ်တစည်း၏ သင်္ချာကိုသိက၊ ဖြစ်သမျှကလာပ်တို့ကို ပေါင်းစုရေတွက် နိုင်ကြမည် ဖြစ်သောကြောင့်၊ ၎င်းအချက်ကို အရကျက်၍ ဆောင်ရွက်ရန်ကား။ **။စ-ခဏမှုငါးဆယ်ကျအောင်၊ တိုးကြဘစ်ခ်ိ၊ နောက်တသီက၊ စဉ်မဆိုင်း၊ ခဏတိုင်းဝယ်၊ ငါးဆယ်ဘစ်သာ၊ ချုပ်ဖြစ်ဖြာ၊ ကံ-ဥ-ဟာရဇာ၊ တစည်းပြ။** ။ရှေ့က အကျယ် ဤဝယ်ဝင်အောင်ကြည့်၊ ဤလက်ာ အကျဉ်းကလည်း၊ ရှေ့အကျယ်များမှာ၊ ဖြာဝင်သွားအောင် ကြံဆောင်ကြည့်ရှုကြလေ။

ရှေ့ကတိဇရုပ်အရကို၊ ကျမ်းဂန်များဖြင့် ကျနစွာ ဝီထိအစဉ် အတိုင်း ပြလိုက်ရသည်ကား၊ ဂန္ထန္တရဗဟုဿုတ လိုလားတော်မူကြသူတို့အတွက်သာ ရေးပြလိုက်ရခြင်းဖြစ်လေသည်။ ဤ ရုပ်တို့၏ ခဏပဋ္ဌပွန်ပျက်အရနှင့်၊ ဝိပဿနာရှုကြဘို့မဟုတ်ပါ။ အဘယ့်ကြောင့်ဟု ဆိုလာသော်၊ လက်ဖြစ် တတွက်ကာလမှာ နာမ်က အကြိမ်ပေါင်း ကုဋေတသိန်း၊ ရုပ်က အကြိမ်ပေါင်း ကုဋေ ငါးထောင်ကျော်တို့ ဆက်လက်၍ ဖြစ်ပျက်နေကြသည့် အထဲက၊ ရုပ်တကြိမ်ထဲ၏ ဥပါဒ်-ဋ္ဌီ-ဘင် တို့ဖြစ်ပျက်ကို ဘုရားစသောပုဂ္ဂိုလ်ထူးကြီးများကိုထား၍၊ သာမန်လူစားငါတို့လို ငါ့ပါမွှားတို့

ညာဏ်မှီအောင် မရှုနိုင်ငြားသောကြောင့် တည်း၊ အကယ်၍ မိဘစသည်တို့က ပဋိသန္ဓေ တည်နေမှုန်းသိစကဝိပဿနာရှုလိုကြပါမူ၊၍လောကမှာ စပ်တတ်-ချိတတ်သော မျိုးစေ့စသည်က၊စပ်တတ်-ချိတတ်သော အသီးစသည်ဘို့ကို သီးစေသကဲ့သို့၊ဖုန်းဖုန်းကြီး လဲလဲသေတတ် အနိစ္စကောင်၊ ဘေးဒုက္ခအမျိုးမျိုးရောက်တတ်သောဒုက္ခကောင်၊ အားကိုးအားထားစရာ အနှစ်ဘာတခုမျှ မရှိကြသော အနတ္တကောင်မ-ကောင်ထီး၊ငါတို့မိဘ နှစ်ပါးကြီးတို့ကြောင့်၊ဖြစ်ပွါးနေလာသောသူငယ်၏ရုပ်နာမ်ဟူသမျှတို့လည်း သေတတ်- ဘေးတွေ့တတ် အားကိုးစရာ မရှိလတ်သော သူငယ်ကလေး အစစ်၊ကောင့်ဖြစ်၍ ဝမ်းထဲတွင် သေမူခက်၊ ဖွားဆဲသေမူခက်၊နို့စို့-နို့ညှာသေမူခက်၊ထိုထက်ကြီး၍အသီးအသီးအရွယ်တို့မှာ သေကြမူလည်း၊ ထို့ထက်ပင် အမှုကြီး၍၊ အသီးအသီးခက်ကြစရာ၊ အစစ္စာသူငယ်၏ ရုပ်နာမ်ခန္ဓာအစစ် ဖြစ်ပေါ်လာသည်က ကုန်ဆုံးသေပျောက်၍ လိုက်နေကြသည်ကို ညာဏ်နှင့်မိမိ၊ ပြူးပြူးကြည့်ကာ၊ သေဘေးသင့်သိုက်၍၊ မမြဲသည့် အနိစ္စ—မမြဲသည့်အနိစ္စဟု နေ့စဉ်ရှုကာရှုကာ ချစ်ခင်မှု သမုဒယ သစ္စာကို၊ သေဝစသည်တို့မှာ အပါယ်မကျကြစရာ စောစောက ခွါကြပါလေ။ ။

ဒုက္ခဘေးကောင်မ၊ အကောင်ထီး အစစ်ဖြစ်ကြသော ငါတို့မိဘ ၂-ပါးတို့ကြောင့်၊ဖြစ်ပွါးနေလာသူ၏ ရုပ်နာမ်ခန္ဓာ ဟူသမျှတို့လည်း၊ ဝမ်းတွင်း ဘေး ဒုက္ခတွေ့မူခက်၊ ဖွားဆဲ ဘေးဒုက္ခတွေ့မူခက်၊ နို့စို့-နို့ညှာစသည် အခါတို့မှာလည်း ဘေးဒုက္ခတွေ့ကြမူ၊ ထို့ထက်ပင်အပူကြီး၍၊အသီးအသီး ခက်ကြစရာ၊ အစစ္စာသူငယ်၏ ရုပ် နာမ် ခန္ဓာအစစ်ဘေးဒုက္ခ ဖြစ်ပေါ်လာချက်ကို ညာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ ဘေးအစားစား- သင့်နေငြား၍၊ ဆင်းရဲသည့် ဒုက္ခ ဆင်းရဲသည့် ဒုက္ခဟု နေ့စဉ်ရှုကာရှုကာ၊ ချစ်ခင်မှု သမုဒယသစ္စာကို၊သေဝစသည်တို့မှာအပါယ်သို့မကျကြစရာ၊စောစောက ခွါကြပါလေ၊ အမိစသည်တဲ့တွေတို့။ ။

အားကိုး အားထားစရာ အစစ်ဘာတခုမျှ အနှစ်မဖြစ်ကြသည့် အနတ္တကောင်မ, အနတ္တကောင်ထီးတို့ကြောင့် ဖြစ်ပွါးလာသော အနတ္တသားသွီး၊ ရုပ်နာမ်ခန္ဓာ အသီးအသီးတို့ကား၊အမိဝမ်းတွင်းမှာလည်း အားထားစရာ အနှစ်မပါလို့ခက်၊ဖွားဆဲမှာလည်း အနှစ်မပါလို့ခက်၊နို့စို့-နို့ညှာစသည်အခါတို့မှာလည်း၊ အဟုတ်တမ်းအားထားစရာ အနှစ်မပါလို့ ခက်ကြဘို့ရာ၊ သူငယ်၏ ရုပ်နာမ်ခန္ဓာအစစ် အနှစ်မပါသည့်အဖြစ်ကို ညာဏ်နှင့်မိမိ ပြူးပြူးကြည့်၍၊အနှစ်မဲ့ဘိုး၊ အစိုးမရ၊အလိုမကျသည့်အနတ္တ-အနတ္တဟုမသေမချင်းမျက်ပျင်းကြမ်းထိ

အောင် နေ့စဉ်ရှုကြည့်ကာ-ရှုကြည့်ကာ ချစ်ခင်မှု သမုဒယသစ္စာကိုသော စသည်တို့မှာ အပါယ်ခကျကြရာ၊ စောစောက ခွါထားကြပါလေ၊ သူတော်ကောင်းတွေတို့။ ။ဤသည်တို့ကား၊ မိမိသူတပါးတို့မှာ တည်နေလာသည့် ပဋိသန္ဓေ ရုပ်နာမ်နှင့်စပ်၍၊ ချစ်ခင်တတ်သည့် သမုဒယ သစ္စာကို စောစောက ဖြတ်ထားနိုင်ကြရန် အကြမ်းစားနိုင့်ပြပါသည့် ဝိပဿနာ အလုပ်များသာတည်း။ ။ပညတ်, ပရမတ်ခြားနား၍၊ အနုစားနိုင့်မှုကား၊ ဤရုပ်-ဝိထိအဆုံးသတ်မှာ ပြလတ္တံ့ပါသတည်း။

တိသမုဋ္ဌာန်ရုပ် ဖြစ်ချုပ်အစုံ ဝိထိပုံပြီး၏။

---

## ( ၄ ) စိတ္တဇရုပ်ဝိထိနှင့်၊ပညတ်ပရမတ်ခြားနား၍ ဝိပဿနာ အနုစားရှုပုံ

စိတ္တသမုဋ္ဌာန် ရုပ်ရုဖြစ်ပုံမှာ၊ ပဋိသန္ဓေစိတ်နောင်၊ ပဌမ ဘဝင်စိတ်ကစ၍၊ ခွေပဉ္စ ဝိညာဏ်တဆယ်၊ ရဟန္တာတို့ စုတိမှတပါး၊ စုတိစိတ်ကျအောင်သော စိတ်တို့၏ ဥပါဒ်တိုင်းတို့မှာ ဖြစ်စေကြသော ကြောင့်၊ ယခင် ပဌမ ဘဝင်စိတ်၏ ဥပါဒ်၌၊ သုဒ္ဓဋ္ဌက- ကလာပ်တစည်းဖြစ်၏။ ဌီ-ဘင် ခဏတို့၌ကား၊ ဖြစ်ရုပ်အသစ် မဖြစ်သောကြောင့်ဌီသို့ရောက်ပြီး၊ ထိုကလာပ်တစည်းစီသာရှိ၏။ ဒုတိယဘဝင်၏ ဥပါဒ်၌၊ အသစ်ဖြစ်ရုပ်တစည်း၊ တည်ရုပ်တစည်း၊ပေါင်း ၂-စည်းသာရှိ၏။ရင်းဒုတိယဘဝင်၏ ဌီ-ဘင်တို့၌၊တည်ရုပ် ၂-စည်းစီသာရှိ၏။ဤမှ နောက်နောက် စိတ်တို့၏ ဥပါဒ်၌သာ အသစ်တစည်းတစည်းတိုး၍ ဖြစ်ရကား၊ ၁၇-ချက်မြောက်သော မနောဒွါရာဝဇ္ဇန်းစိတ် ဥပါဒ်ခဏ၌၊ ဖြစ်ရုပ် တစည်း၊ တည်ရုပ် ၁၆-စည်း၊ ပေါင်း ၁၇-စည်းရှိ၏။ ယင်းမနောဒွါရာဝဇ္ဇန်း၏ ဌီခဏ၌၊ တည်ရုပ် ၁၇-စည်းရှိ၏။ ၎င်းဘင်ခဏ၌၊တည်ရုပ် ၁၆-စည်း၊ ချုပ်ရုပ် တစည်း၊ ပေါင်း ၁၇-စည်းရှိ၏။ ဤနည်းတူ နောက်နောက် စိတ်တို့၏ ဥပါဒ်၊ ဌီ၊ဘင်ခဏတိုင်း ခဏတိုင်းတို့၌၊ ၁၇-စည်းစီ အမြဲရှိကြ၏။ ။ [ဤရုပ်ဝိထိ ဖြစ်စဉ်-ချုပ်စဉ်ကို၊ရှေ့ပဋိသန္ဓေဝိထိပုံမှာ၊ စိတ္တဇ ဝိထိပုံကို ပြန်၍ ကြည့်လေ]။ ။၎င်း စိတ္တဇရုပ်တို့မှာ ပါသော တေဇောကဖြစ်စေသော စိတ္တပစ္စယ ဥတုသမုဋ္ဌာန်ရုပ်တို့၏ ဝိထိစဉ်ကိုလည်း၊၎င်း ပဌမ ဘဝင် ဥပါဒ်၌ ဖြစ်သော စိတ္တဇ တေဇောသည်၊ ၎င်း ဘဝင် ဌီခဏ၌၊ မိမိလည်း ဌီသို့ကျသည်ဖြစ်၍၊ ဥတုဇကလာပ်တစည်းကို ဖြစ်စေ၏။ ၎င်း

ဘဝင်၏ ဘင်ခဏ၊ ဒုတိယဘဝင်၏ ဥပါဒ်ခဏတို့၌ကား၊ ဖြစ်ရုပ်မရှိသောကြောင့်၊ဌီသို့ရောက်ပြီး၊ ထိုကလာပ်တစည်းစီသာရှိ၏။ ၎င်းဒုတိယဘဝင်၏ ဌီခဏ၌၊ အသစ်ဖြစ်ရုပ်တစည်း၊ တည်ရုပ်တစည်း၊ ပေါင်း ၂-စည်းသာရှိ၏။၎င်းဒုတိယဘဝင်၏ဘင်၊တတိယဘဝင်၏ဥပါဒ်တို့၌၊တည်ရုပ် ၂-စည်းသာရှိ၏။ ဤမှ နောက်နောက် စိတ်တို့၏ ဌီတို့၌သာ အသစ်တစည်းတစည်းတိုး၍ ဖြစ်ရကား၊ ၁၇-ချက် မြောက်သော မနောဒွါရာဝဇ္ဇန်းစိတ်၏ဌီခဏ၌၊ ဖြစ်ရုပ်တစည်း၊တည်ရုပ် ၁၆-စည်း၊ ပေါင်း ၁၇-စည်းရှိ၏။ ယင်းမနောဒွါရာဝဇ္ဇန်း စိတ်၏ဘင်ခဏ၌၊တည်ရုပ် ၁၇-စည်းသာရှိ၏။ ဘဝင်္ဂကန္တက၊ ပဌမဇော ဥပါဒ်၌ကား၊ တည်ရုပ် ၁၆-စည်း၊ ချုပ်ရုပ် တစည်း၊ ပေါင်း ၁၇-စည်းရှိ၏။ ဤနည်းတူ နောက်နောက်စိတ်တို့၏ ဥပါဒ်၊ဌီ၊ ဘင်ခဏတိုင်းတို့၌၊ ၁၇-စည်းစီ အမြဲရှိကြ၏။ ။[ဤရုပ်ဝီထိဖြစ်စဉ် ချုပ်စဉ်ကို၊ ရှေ့ပဋိသန္ဓေ ဝီထိပုံမှာ၊ စိတ္တပစ္စယ ဥတုသမုဋ္ဌာန် ရုပ်ဝီထိပုံကို ပြန်၍ ကြည့်လေ]။ ။ပဝတ္တိအခါတွင်၊ ပဉ္စဝိညာဏ်တို့ ဥပါဒ်၌ကား၊ စိတ္တဇရုပ်ကို မဖြစ်စေကြသောကြောင့်၊ ၎င်းပဉ္စဝိညာဏ်စိတ်တို့ ဥပါဒ်မှ စ၍၊ ၁၇-ချက်မြောက် စိတ်၏ ဘင်တိုင်အောင်၊ စိတ္တဇကလာပ် ၁၆-စည်းတို့သာ ဖြစ်ကုန်၏။ အထူးကိုကား၊ ပဉ္စဝိညာဏ်တို့ ဥပါဒ်ပြီး၊နောက် ၁၆-ချက်တိုင်အောင်သော စိတ်တို့၏ ဌီ ခဏကိုင်းတို့၌၊ဘည်ရုပ် ၁၆-စည်းစီရှိကြ၏။ ၎င်းစိတ် ၁၆-ချက်တို့၏ ဥပါဒ်တိုင်းတို့မှာ ဖြစ်ရုပ်တစည်း၊တည်ရုပ် ၁၅-စည်း၊ပေါင်း ၁၆-စည်းစီရှိကြကုန်၏။ ၎င်း ပဉ္စဝိညာဏ် စိတ်နောက် ၁၅-ချက်မြောက်စိတ်တို့၏ ဘင်တို့၌၊တည်ရုပ် ၁၅-စည်း၊ချုပ်ရုပ် ၁-စည်း၊ ပေါင်း ၁၆-စည်းစီဖြစ်ကြကုန်၏။ ၁၆-ချက်မြောက်စိတ်၏ ဘင်၌ကား၊ ပဉ္စဝိညာဏ် စိတ်တို့ ဥပါဒ်က ဖြစ်ရုပ်မရှိသောကြောင့် ချုပ်ရုပ်လည်းမရှိ၊တည်ရုပ် ၁၆-စည်း တို့သာရှိ၏ဟု အထူးလည်းသိ။ ။[ရှေ့စက္ခုဒွါရ ဝီထိပုံနှင့်စပ်၍၊စိတ္တဇရုပ်လျော့သည့် ရုပ်ဝီထိပုံကိုလည်း ကြည့်ကြပါလေ။]

ဤပြခဲ့ပြီးသော လျော့သည့်စိတ္တဇရုပ်တေဇောတို့က ဖြစ်စေအပ်သော ဥတုဇရုပ်တို့လည်း၊ ပဉ္စဝိညာဏ်စိတ်တို့၏ ဌီမှစ၍၊ ၁၇-ချမြောက်စိတ်၏ ဥပါဒ်တိုင်အောင်သော ခဏတိုင်းတို့မှာ ၁၆-စည်းစီသာဖြစ်ကြကုန်၏။ အထူးကိုကား၊ပဉ္စဝိညာဏ်စိတ်တို့ဥပါဒ်မှာ တည်ရုပ် ၁၆-စည်း၊ ချုပ်ရုပ် ၁-စည်း၊ပေါင်း ၁၇-စည်းရှိ၏။၎င်းပဉ္စဝိညာဏ် စိတ်တို့၏ ဌီ–ဘင်၊၎င်းနောက် ၁၆-ချက်တိုင်အောင်သော စိတ်တို့၏ ဘင်ခဏတိုင်းတို့၌၊ တည်

ရုပ် ၁၆–စည်းစီရှိကြကုန်၏။ ၎င်းစိတ် ၁၆-ချက်တို့၏ ဌီခဏတိုင်းတို့၌၊ ဖြစ်ရုပ် ၁–စည်း၊တည်ရုပ် ၁၅–စည်း၊ပေါင်း ၁၆–စည်းစီ ရှိကြကုန်၏။ ၎င်းစိတ် ၁၆-ချက်တို့၏ ဥပါဒ်တိုင်းတို့၌၊ တည်ရုပ် ၁၅–စည်း၊ ချုပ်ရုပ် ၁-စည်း၊ ပေါင်း ၁၆ စည်းစီဖြစ်ကြကုန်၏။ ၁၇–ချက် မြောက်သော စိတ်၏ ဥပါဒ်၌ကား၊ ပဋိသန္ဓေစိတ်တို့၏ ဌီကဖြစ်ရုပ် မရှိခဲ့သော ကြောင့်၊ ချုပ်ရုပ်လည်းမရှိဘဲ တည်ရုပ် ၁၆–စည်းတို့သာရှိ၏ဟု အထူး လည်း သိ။ [ ရှေ့စက္ကူဒွါရဝီထိပုံနှင့်စပ်၍၊ စိတ္တပစ္စယ ဥတုသမုဋ္ဌာန် ရုပ် ဝီထိပုံကိုလည်း ပြန်၍ကြည့်ကြပါလေ ]။ ။ဤပြခဲ့ပြီးသော လျော့သည့် စိတ္တဇရုပ် ဩဇာတို့က ဖြစ်စေအပ်သော အာဟာရဇ ရုပ်တို့လည်း၊ အထက်က ဥတုဇရုပ်ကဲ့သို့ ပဋိသန္ဓေဌီမှစ၍ ၁၆–စည်းစီသာ ဖြစ်မှု စသည်ကို [ ရှေ့စက္ကူဒွါရဝီထိပုံနှင့်စပ်၍၊စိတ္တပစ္စယ အာဟာရ သမုဋ္ဌာန် ရုပ်ဝီထိပုံကို ပြန်ကြည့်လေ ]။ ။ဤစိတ္တဇရုပ်တို့၏ ဖြစ်စဉ်,ချုပ်စဉ်တို့ကို ထင်မြင်လွယ်ရန်အတွက်နှင့် အရကျက်ရန်ကား၊—

**ပဘာဝင်က၊ စိတ္တဇဆယ့်ခွန်၊ ဥပါဒ်စွန်မှာ၊ တစ်စီသာငါး၊ နောက် ပါးစိတ်ခု၊ တခုချုပ်ဖြစ်၊ ဆယ့်ခုနစ်သာ၊ တိုးဆုတ်မှား ပဋ္ဌာ စိတ်ခုအထူးရှု။**

ရှေ့ကအကျယ် ဤဝယ်ဝင်အောင်ကြည့်။ ဤလင်္ကာ အကျဉ်းကို ရှေ့ အကျယ်သို့ ဖြာဝင်သွားဆောင်၊ ကြံဆောင်ကြည့်ရှုကြလေ။ ။[ ဤရုပ် ဝီထိတို့ကို ဆိုင်ရာ၌၊ကမ္မဇကလာပ် စသည်တို့တွင်၊စက္ခုဒသက စသည် ကလာပ် တမျိုးတမျိုး၌ပင်၊ ကလာပ်ပေါင်း များစွာ ဖြစ်ကြငြားသော် လည်း၊ တမျိုးကိုတစည်းသာပြလိုက်၏။ကာမပုဂ္ဂိုလ်တို့ ဇီဝိတနဝကဝီထိ ကို ကျမ်းဂန်ကြီးတို့၌ အထူးမဆိုသောကြောင့် မထည့်လိုက်။ အကယ်၍ ရေတွက်လိုမူ၊ အစာကို ခြေချက်သည်ကစ၍၊ ဝီထိရေတွက် ရမည်ဟု မှတ်လေ ]။ ။စိတ္တဇကလာပ် ၆–စည်း၊ (တနည်း) ၅စ်စည်းတို့ ရှိကြ သည်တွင်၊ အခါခပ်သိမ်းဖြစ်နိုင်သော သုဒ္ဓဋ္ဌက စိတ္တဇကလာပ် တစည်း ကိုသာ ပြလိုက်၏။ ။ဥတုဇကလာပ် ၄–စည်း၊ အာဟာရဇ ကလာပ် ၂–စည်းတို့တွင်လည်း၊ အခါခပ်သိမ်း ဖြစ်ထိုက်သော သုဒ္ဓဋ္ဌက၊ ဥတုဇ အာဟာရဇကလာပ် တစည်းစီကိုသာ ပြလိုက်၏။ ကြွင်းသော စိတ္တဇ, ဥတုဇ, အာဟာရဇ ကလာပ်တို့လည်း အကြောင်းအားလျော်စွာ ဖြစ်ကြ ၏ဟုသိကြလေ။ ။ဤရုပ်ဝီထိဖြစ်စဉ်ကို ပြခဲ့သည်ကား၊ဝိပဿနာဆရာတို့ ၎င်းရုပ်ဝီထိခဏ အစဉ်အတိုင်း ဝိပဿနာ ရှုရအောင် ပြသည်မဟုတ်။

အဘယ့်ကြောင့်ဆိုသော် လက်ဖြစ်တတွက် လျှပ်တပြက်ကာလ၌၊ ရုပ်အကြိမ်ကုဋေပေါင်း များစွာ ဖြစ်, ပျက်နေကြရာတွင်၊ ရုပ်တကြိမ်ထဲ၏ ခဏပစ္စုပ္ပန်ပျက်ကို ဉာဏ်မှီအောင် မလိုက်နိုင်ကြသောကြောင့်တည်း။ ။ စင်စစ်မူကား၊ ထိုရုပ်တို့၏ခဏငယ်တချက် လွန်ကာ လွန်ကာ အုန်းဆံကြုံးလွန်း များကဲ့သို့၊ ထပ်ဆက် ဆက်လက်၍ ဖြစ်နေကြသည်ကိုငင်း၊ ယင်းရုပ်အပေါင်းတို့၏ လက်ဖြစ်တတွက်, လျှပ်တပြက်ကာလမှာ ကုဋေပေါင်းများစွာ ဖြစ်,ပျက်နေကြသည်ကိုငင်း၊ ဂမ္ဘီရ ဗဟုသုတဉာဏ်ဖြစ်ပွါးကြစေခြင်းငှါသာ ရုပ်ဝိထိကို ပြခဲ့ပါ၏။

ယင်းဂမ္ဘီရ ဗဟုသုတဉာဏ်ရှိ- မရှိသော ယောဂီ ဟူမျှတို့သည်ကား၊ ရုပ်တို့၏ အဖြစ်,အပျက် ပြန်လှန်၍ ရုပ်ဝိထိနှင့် မရှုကြဘဲ၊ ရုပ်အမူအရာပျက်နှင့်သာ ခြေ,လက် လှုပ်ရှားခြင်းစသော အမူအရာ တမျိုးတမျိုး ဖြစ်ပေါ်လာလျှင်၊ ရှေးရုပ်ဟောင်း,နာမ်ဟောင်းတွေ မဟုတ်ဘဲ၊ ရုပ်သစ်, နာမ်သစ်တွေသာ တမျိုးတမျိုး ပြောင်း၍ လိုက်မှုကိုငင်း၊ ရှေ့အမူအရာအဟောင်းတွေ ပျောက်ကွယ် လိုက်ရာမှာလည်း၊ ၎င်းအမူအရာဟောင်းအခိုက်အတန့်၌ ဖြစ်ကြသော တကိုယ်လုံး-တကောင်းလုံးရှိ၊ ရုပ်ဟောင်း, နာမ်ဟောင်းတွေ အကုန်ကွယ်ပျောက် ချုပ်ငြိမ်းလိုက်ကြမှုကိုငင်း၊ ကိုယ်တိုင်သိသော စိန္တာမယကိုယ်ပိုင်ဉာဏ်နှင့် အတပ်သိမြင်အောင်၊ ဤဝိထိတို့အစက ပြခဲ့သည့် အတိုင်း ရှုကြည့်ကြပါလေ။ ။အကယ်၍ ရှေ့အမူအရာရှိ ရုပ်စုက၊ နောက်အမူအရာရှိ ရုပ်စုမဖြစ်နိုင်မှုကို၊ သဏ္ဌာနပညတ်, သန္တတိပညတ်တို့ ကွယ်ကာချက်အရနှင့်၊ ဗိတ်မှာကျေနပ်စွာ မထင်မြင်နိုင်ကြပါမူ၊ သန္တတိ ဆက်လက်မှု ပိုင်းခြားနိုင်ခြင်း အကျိုးငှါ၊ အုန်းမှုတ်စသည်ကို ငါးမူးသားလောက် အောက်ကဖေါက်ပြီး၊ သဲအပြည့် ထည့်၍ ထိုမှဤမှ ရွှေ့ပြောင်း၍ ကြည့်သောအခါ၊ အောက်သို့ကျလာသော သဲမှုန့်တို့မှာ၊ သဏ္ဌာနပညတ် ပါနေသည်ကား၊ ၎င်းသဲမှုန့်တွေ စပ်ဟပ်၍ အပေါ်ရှိ အပြင်စပ်က သဲချောင်း ပုံသဏ္ဌာန်ကြီး ပေါ်နေ သည်ကား၊ သဏ္ဌာနပညတ် ဒြပ်အနက်ကြီးသာတည်း။ အတွင်းသား သဲမှုန့်ကလေးတွေ မဟုတ်ပေ။ တဖန် အတွင်းသား သဲမှုန့်ကလေးတွေကလည်း၊၎င်းတို့အပေါ်ရှိအပြင်စပ်က၊ပေါ်လွင်ထင်ရှားနေကြသော သဲချောင်းပုံသဏ္ဌာန်ပညတ်ဒြပ်ကြီးတို့ မဟုတ်ကြောင်းကို၊ ဤသဲနှင့် သဲချောင်း ၂-ပါးတို့ကို ခြားနားစွာ ဉာဏ်မှာ ကြောင်ကြောင်ကြီး ထင်မြင်လာအောင်၊ မကြာမကြာ အခါခါ သဲချောင်းကို အဟုတ်ချ၍ ရှုကြည့်ကြပါလေ ယောဂီမြတ်

တွေတို့။ ။ဤသို့ ရှုကြည့်၍၊ ဉာဏ်အမြင် သိလာပုံကား၊ ဤသဲချောင်း ပုံသဏ္ဍာန် ပညတ်ကြီးဟာ သဲမှုန့်တို့ အထဲမှာလည်းမပါ၊ သဲမှုန့်လည်း ကြေန်မဟုတ်၊ သဲမှုန့်ကိုထားပြီးလျှင် သီးခြားထုတ်နှုတ်၍ အဟုတ်ယူလို့ ရတာမျိုးလည်း မဟုတ်ကြကြောင်းကို၊ကောင်းကောင်းကြီး သိရှိအောင် ရှုကြည့်ကြပြီးနောက်၊ **အနတ္တကို ဂဏ ဖုံးကွယ်သည်၊ ၎င်းအပေါင်း ဂဏ ကို ပယ်ရှား၍ ပရမတ္ထအစစ် အနတ္တသဘာဝ** အဖြစ်ကို၊ ရှုကြည့်ရမည်ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာမိန့်မှာတော်မူသည့်အတိုင်း၊ ရှေ့ကဝိထိနှင့်ပြခဲ့ပြီးသော ကမ္မဇ,စိတ္တဇ,ဥတုဇ,အာဟာရဇ ရုပ်တို့ဆိုတာ၊ သူငါတို့မှာ မရှိတာမျိုး သူငါတို့ မသိနိုင်တာမျိုး မဟုတ်ကြကုန်။ သူငါတို့အတွင်းမှာ တင်းကျမ်း ပြည့်တည်ရှိနေသမျှကိုကား၊ရှေ့ကပြခဲ့သည့် စတုဇရုပ်ခေတ် ကလာပ်တို့ အစစ်သာတည်း။ ဤရုပ်ခေတ် ကလာပ်တို့မှာ ပညတ်တွေ ကွယ်ကာနေ ကြသည်ကား၊ ဒွတ္တိံသကာယတရား စသည်တို့သာတည်း။ ဤဒွတ္တိံသကို ခေတ်ခွဲ၍ဆိုရမူ၊ကေသာ,လောမာစသော ပထဝီခေတ် ၂၀။ပိတ္တံ၊သေမှံ စသော အာပေါခေတ် ၁၂-ပါးရှိကြသည်များကို၊ကလာပ်ခွဲ၍ဆိုရပြန်မူ၊ ပထဝီခေတ် ၂၀-ထဲက၊ ပထဝီပြဋ္ဌာန်းသည့် **ပထဝီကလာပ်** တမျိုး။ ဝါ၊ **အဖတ်ကလာပ်**တမျိုး။အာပေါခေတ် ၁၂-ပါးထဲက အာပေါပြဋ္ဌာန်းသည့် **အာပေါကလာပ်**တမျိုး။ ဝါ၊**အရေကလာပ်**တမျိုးစီထွက်လာလေသည်ဟု ဆိုရပေလိမ့်မည်။ ဤနှစ်မျိုး နှစ်စားသာ ရှိကြောင်းအမှန်ကို သိလိုပြန်မူ၊ ဤလူကောင်ကြီး အကုန်ကြေညက်အောင် စက်ကြီးနှင့် ကြိတ်လိုက်ကြမူ၊ အရေကလာပ်တစား၊ အဖတ်ကလာပ်တစား၊ ဤပရမတ်စစ် ၂-စားသာ မျက်မြင် ဉာဏ်မြင် ၂-ပါးနှင့်ပင် ကြေနွံ့ သိမြင်နိုင်ကြရာမှာ၊ **အပေါင်း ဂဏ ပညတ်ကိုခွါပုံကား၊**—

ရှေ့ကပြခဲ့သည့် သဲချောင်းကြီးကို ရှုကြည့်သောအခါ၊ အတွင်းသား သဲမှုန့်များကို ခြားနား၍ ဉာဏ်မမြင်။ သဲချောင်းကြီးတခု အပေါင်း ဂဏ ဖုံးကွယ်နေမှုကိုသာ ထင်မြင်နေကြရာ၌၊ သဲနှင့်- သဲချောင်းတို့ မပေါင်း မရော၊ သဘောတခြားစီ ရှိနေကြသည်ကို ရှေ့ကပြဆိုခဲ့သည့် အတိုင်း ရှုကြည့်၍ အသိဉာဏ် ပေါ်သောအခါ၊ သဲမှုန့်ကလေးတိုင်းတို့ အထဲမှာ၊ သဲချောင်း ပုံသဏ္ဍာန်ကြီး ကြေန်မပါတာလို၊ အရေကလာပ်မှုန့်၊ အဖတ် ကလာပ်မှုန့်ကလေးတိုင်းတို့ အထဲမှာလည်း၊ ငါ,သူတပါး, ယောကျ်ား, မိန်းမ စသည်တို့ ပုံသဏ္ဍာန် ပညတ်ကြီးတို့ ကြေန် မပါမရှိကြပါတကား၊ ၎င်းသဲမှုန့်တွေ ပေါင်းစု၍ ကျနေကြလို့ ရှိရင်လဲ၊ထိုသဲချောင်း ပုံသဏ္ဍာန်

ဖြစ် ပညတ်ကြီး,ငယ်တို့ကလည်း၊ ထိုသဲမှုန့်တွေအပြင်စပ်က ဖျတ်ကနဲ
ပေါ်ရှိနေတာလို၊ထိုအရေကလာပ်,အဖတ်ကလာပ်တို့ အမိဝမ်းထဲမှာ စင်
ဟပ်မိကြသောအခါက၊ ၎င်းကလာပ်တို့ အပေါ်ရံအပြင်စပ်က ဖျတ်ကနဲ
ဆံပင်, မွေးညှင်း စသော ဒွတ္တိံသတို့ ပုံသဏ္ဌာန်၊ မိန်းမ, ယောကျ်ား
စသည်တို့ ပုံသဏ္ဌာန် အသည်ဖြစ်၊အပေါင်း ဂဏ ပညတ်ကြီး,ငယ်တွေ
သမ္မုတိ ပညတ်နယ်မှာ တကယ်အဟုတ် ပေါ်ရှိ၍ နေကြပါတကား၊ ဤ
ပုံသဏ္ဌာန် အထည်ဖြစ်၊အပေါင်း ဂဏ ပညတ် ကြီး,ငယ်တွေဟာ အရေ
အဖတ် ဓာတ်ကလာပ်တို့အထဲမှာလည်း မပါ၊၎င်းဓာတ်ကလာပ်တို့လည်း
မဟုတ်၊ ၎င်းဓာတ်ကလာပ်တို့ကို ထားပြီးလျှင်၊အသီးအခြား ထုတ်နှုတ်၍
ယူလို့ရတာမျိုးလည်းမဟုတ်ကြပါတကားဟု အတွင်းသား အရေ,အဖတ်
ဓာတ်ကလာပ်တို့နှင့်၊ အပေါ်ရံပုံသဏ္ဌာန် ပညတ်တို့ကို၊ ယခု ပြခဲ့သည့်
အတိုင်း စာတတ်သူ– မတတ်သူ၊ အားထုတ်လိုသော သဘောဖြူတို့ပါ၊
အခါခါကြိကြည့်၍ လွယ်လွယ်ကလေးနှင့်၊ခြားနားစွာသိရှိတော်မူကြပါ
မူ၊သမ္မောအဋ္ဌကထာမှာလာသည့်အတိုင်း၊အပေါင်း, ဂဏကို ပယ်ရှား၍၊
ပရမတ္ထအစစ် အနတ္တသဘာဝ အဖြစ်တို့ကို ကြည့်နိုင်သူ,သိနိုင်သူ၊သဏ္ဍာ
ယမှာ ဒိဋ္ဌိပျောက်၍၊ ဒိဋ္ဌိဝိသုဒ္ဓိအလုပ် ပေါက်ရောက်နိုင်သူအစစ် ဧကန္တ
ဖြစ်ရ၏ဟု တထစ်ချမှတ်ကြပါလေ ယောဂီမြတ်တွေတို့။ ။တစ်တွေတနည်း
မှာ၊၎င်းအရေ, အဖတ် ဓာတ်ကလာပ်တို့သည်၊ ဖြဟ္မာ,သိကြား၊ ထာဝရ
ဘုရားစသည်တို့ ဖန်ဆင်းလို့ဖြစ်တာမျိုး မဟုတ်ကုန်။ ရှေ့ဝိထိကပြခဲ့သည့်
အတိုင်း ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့်
သာ ဖြစ်ပေါ်နေနိုင်ကြပါသည်ဟု အကြောင်းကို သိမ်းဆည်းနိုင်က ပစ္စယ
ပရိဂ္ဂဟဉာဏ်အစစ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအလုပ် အဟုတ်ပေါက်ရောက်
သူဖြစ်လေ၏ဟု သဲချောင်း ဥပမာနှင့်၊ သမ္မော အဋ္ဌကထာ စကားကို
ထင်ရှားစွာ သိကျပါလေ ယောဂီမြတ်တွေတို့။

တစ်တွေတနည်းမှာ၊ ၎င်းသဲချောင်းကြီးမှာ သန္တတိ ပညတ်လည်း
ပါနေချက်ကို ဆက်၍ ဆိုဦးအံ့။ ရှေ့ကပြခဲ့တိုင်း သဲမှုတ်ပေါက်က သဲ
ချောင်းကို အဟုတ်ချပြီး၊ ရပ်၍၎င်း၊ ထိုမှ–ဤမှ ရွေ့၍၎င်း၊ အတွင်းသား
သဲမှုန့်များကို စိစိအဟုတ်ကြည့်သောအခါ၊ အထက် သဲပေါက်က သဲမှုန့်
အစဉ်တွေ ဆက်လက်၍ ကျပြီး၊ ၎င်းတို့အပေါ်ရံ အပြင်စပ်က ထင်မြင်
နေကြသည့် သဲချောင်းကြီးတခု ရပ်နေမှု၊ သဲချောင်းကြီးတခု ရွေ့သွား
နေမှု သန္တတိ ပညတ်စုကို၎င်း၊ အတွင်းသား သဲမှုန့်များတို့က မူကား၊

မကျ-မပျောက်ဘဲတည်မြဲစွာ တနေရာထည်း ရပ်လို့လည်းမနေနိုင်၊ ရွေ့လို့လည်း မလိုက်နိုင်မှု အတွင်းသားသဲမှုန့်စုတို့ကိုရင်း၊ကောင်းကောင်းကြီး သိရှိအောင် ရှုကြည့်ကြပြီးနောက်၊ **အနိစ္စကို သန္တတိ ဖုံးလွှမ်းသည်၊ ၎င်း သန္တတိကို ဖြတ်၍ အနိစ္စကို ရှုတတ်ကြရန်၊** ၎င်းသဲမွှာ အဋ္ဌကထာ၌ မိန့်မှာတော် မူပြန်သည့်အရ၊ ရှေ့ကဝီထိတို့နှင့် ပြအပ်ခဲ့ပြီးသော ကမ္မဇ-စိတ္တဇ-ဥတုဇ-အာဟာရဇ ရုပ်တို့ဟာ စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက်မျှ အသက်ရှည်၍၊ တည်နေနိုင်သည့် ကာလတို့ကား၊ လက်ဖြစ်တတွက်မှာ ဆက်လက်သော ကုဋေ အကြိမ်ပေါင်း ငါးထောင်ကျော်အောင်၊ ကာလအပိုင်း ကလေးတွေ ပိုင်းခြား၍၊ တစိတ်ကလေးမျှသာ ကာလကြာပြီး ပျက်စီးနေသော **ခဏပစ္စုပ္ပန်ပျက်အနိစ္စအချက်ကို၊**ပါးစပ်က ပြောဟောလို့ ဖြစ်နိုင်၏။ စာနှင့်ရေးလို့လည်း ဖြစ်နိုင်၏။ မနောနှင့် အတပ်သိအောင် ရှုကြည့်သူတို့ကား၊မချုပ်ခင်အတွင်းမှာ ဉာဏ်မှီအောင် မမြင်နိုင်ရာသောကြောင့်၊ဝိသုဒ္ဓိမဂ် မဟာဋီကာက-မရှုရ။သန္တတိပစ္စုပ္ပန်ပျက်ကိုသာ စစဦး ရှုရမည် မိန့်ဆိုတော်မူသည်နှင့်အညီ၊ ယာခု အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့သည်လည်း၊ စစဦး စကြီးနှင့်တွဲ၍ ရှုကြရပုံကား၊ ၎င်းသဲမှုတ်ပေါက်က၊လက်ဖြစ်တတွက် ကာလမှာသဲမှုန့်ပေါင်းတကုဋေမျှ မကျနိုင်သော သဲမှုန့်များပင်၊ အရွေ့လည်း မခံ၊ အထားလည်း မခံ၊ ဖြစ်,ပျက်မြန်မှုနှင့် သန္တတိပညတ်နယ်က၊သဲချောင်းပုံသဏ္ဌာန်ကြီးလည်း မပျောက်ကွယ်ကြမှုကို။ဝါ၊သဲချောင်းကြီး မပျောက်သော်လည်း၊အတွင်းသား သဲမှုန့်စုတွေ၊ ကျပျောက်၍ လိုက်နေမှုကို အတပ် သိမြင်ရသလို၊ စကြီသွားလိုသော အခါ၊ ရပ်၍နေရာမှာ အတွင်းသား ရုပ်နာမ်များကို၊ ဉာဏ်နှင့်စိုက်၍ ရှုလိုက်သောအခါ၊ ရပ်လိုသောစိတ်နှင့်၊ ရပ်ရုပ်အမူအရာ အစဉ်တွေ ဖြစ်၍နေကြတာတို့ကိုသာ တပ်တပ်ထင်ထင် သိမြင်ကြပေလိမ့်မည်။ ထို့နောက်တဖန် ညာခြေကို လှမ်းလိုက်ပြန်သောအခါ၊ လှမ်းလိုသောစိတ်နှင့် လှမ်းရုပ်အစဉ်တွေ အသစ်ဖြစ်ပေါ်လေသည်ကိုရင်း၊ရပ်လိုသော စိတ်နှင့် ရပ်ရုပ်အမူအရာ ဟောင်းတွေ ပျက်ပျောက် လေသည်ကိုရင်း၊ တပ်တပ် ထင်ထင် ကြောင်ကြောင်ကြီး သိမြင်နိုင်ကြ ကုန်ရာ၏။ နောက်နောက် ခြေလှမ်းတိုင်းတို့မှာလည်း၊ လှမ်းလိုသောစိတ်သစ် ရုပ်အမူအရာသစ်ပြောင်းလျှင်၊ ရှိရင်းစွဲ စိတ်ဟောင်း ရုပ်အမူအရာဟောင်းတို့ တထောင်းထောင်း ပျက်ပျက်-ပျောက်ပျောက်အနိစ္စရောက်ရောက်လိုက်မှုကို၊ ဉာဏ်နှင့်မိမိ ပြူးပြူးကြီး ကြည့်ကြည့်-သိသိ-ရှုရှုလိုက်နေမှုတို့ပင်လျှင်၊

အနိစ္စဝိပဿနာဉာဏ် အစစ်ဖြစ်နေသော အနိစ္စာနုပဿီ ယောဂီမြတ်ကြီး များအစစ် ဖြစ်ကြရသောကြောင့်၊ စစဦး အားထုတ်သူတို့မှာ ဤစကြံ အလုပ်နှင့်သာ ရုပ်နာမ်အမှုအရာပျက်တွေ၊ ကြောင်ကြောင်ကြီး ထင်မြင် နေအောင်၊ နေ့စဉ်ဝတ်ထား၍၊ မကြာမကြာ အခါခါ ရှုကြ အားထုတ်ကြ ပါလေ၊ စာတတ်သူ, မတတ်သူအပေါင်း သူတော်ကောင်းတွေတို့။

ဤသို့ ရှုကြည့်သည့် အနိစ္စတို့အထဲက သာမညပျက်မှုနှင့် ခပ်ကျဲကျဲ ရှုသော ဝိပဿနာစကို သမ္မသနဉာဏ်ဟုသိပါ။ ထို့ထက်ဉာဏ်အမြင်သန်၍ ခြေလှမ်း တလှမ်းတို့မှာ တခါပျက်, နှစ်ခါပျက် စသည်တို့ အစအဆုံး အချက်တို့ကို ရှုနိုင်မှု၊ ဥဒယဗ္ဗယဉာဏ် ဖြစ်၏ဟု သိကြပါလေ။ ။ဤ သည်တို့ကား၊ ဒိဋ္ဌိကင်္ခါဝိသုဒ္ဓိ ၂-ဖြာက၊ သမ္မသန,ဥဒယဗ္ဗယ ၂-ဌာနတို့ ပါ၊ စတုဇရုပ်တို့မှာ အကျဉ်းအားထုတ်နည်း ဤတွင်ပြီး၏။

---

## (၃) နာမ်နှင့် ဒိဋ္ဌိကင်္ခါအလုပ်အားထုတ်ပုံနှင့်၊စာဗျူဒိဋ္ဌိအစားစား ဝိပဿနာ အလုပ်များ

နာမ်တရားတို့၌၊ ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကို အဟုတ် အားထုတ်ကြဘို့ရာ၊ စာမတတ်သော သူများတို့ပါ၊ အလွယ်ဆုံးသော ဝိပဿနာနည်းမြတ်နှင့် ပြီးမြောက်နိုင်ကြဘို့ကား၊ ရုပ်နာမ် ၂-ပါးတို့မှာ နာမ်ပရမတ် အစစ်တို့ ဆိုတာ၊ သူငါတို့မှာ မရှိဘာမျိုး မသိနိုင်ကြဘာမျိုးလည်း မဟုတ်ကုန်၊ စင်စစ်မူကား၊ သူငါတို့ပင် နေ့စဉ် အသုံးကျ-အသုံးချနေကြသော မျက်စိ နှင့် မြင်သမျှ၊ နားနှင့်ကြားသမျှ၊ နှာခေါင်းနှင့် နံသမျှ၊ လျှာနှင့် လျက်သမျှ ကိုယ်နှင့်တွေ့သမျှ မနောနှင့် ကြံကြံသမျှတို့ကား၊နာမ်အစစ်ပရမတ်တရား တို့ပင်တည်း။ ငါဖြစ်နေသည့် ပညတ်တရားတို့ မဟုတ်ကြကုန်။ အဘယ့် ကြောင့်ခဲသိသော်၊ ၎င်းနာမ်တရားတို့ဟာ ငါကောင် အစစ်ဖြစ်ပါမူ၊ ၎င်း နာမ်တရားတို့ ပျက်ပျောက်ရာတို့မှာ၊ ငါကောင်ကြီးလည်းပါ၍ သေထိုက် ၏။ မသေသည့် အတွက် ဧကန် နာမ် တရားတို့ဟာ ငါ-မဟုတ်ကုန်။ (တနည်း) ငါကောင်ကြီးဟာ ၎င်း နာမ်တရားတို့ အစစ် ဖြစ်ပါမူ၊ ငါကောင်ကြီး တသက်လုံး တည်သမျှ ၎င်းတွေကလည်း၊ မပျက်စီးဘဲ တည်နေထိုက်၏။ ဤသို့လည်း တည်မနေသည့် အတွက်၊ဧကန် ငါကောင် ကြီးဟာလည်း၊ နာမ်ပရမတ်စစ်တရားတို့ မဟုတ်ကုန်ဟု ပရမတ်,ပညတ် တို့ကို ခြားနား၍ သိတတ်က၊ သဏ္ဍာယဟု ဆိုအပ်သည့် နာမ်ပရမတ်

အနေပါင်း၌၊ ပညတ်ဘုရားတွေနှင့်၊ ငါလုပ်ပြီးမှားနေကြသည့် ဒိဋ္ဌိကြီးများ အဖြစ်မှ ကင်းလွတ်ကြ၍၊ ဒိဋ္ဌိဝိသုဒ္ဓိအလုပ် အဟုတ်ပြီးမြောက်သူ အစစ် ယောဂီမြတ်ကြီး ဖြစ်ရ၏။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌၊ နာမ်၏အကြောင်းကို သိမ်းဆည်းရာဝယ်၊ မှတ်မိလွယ်ကြစေခြင်းအကျိုးငှါ အကျဉ်းဆုံးနာမ်တရားတို့၏အကြောင်း ကား၊ ဝတ္ထု, ဒွါရ-အာရုံ ၂-ပါးတို့ တည်းဟု သိကြလေ။ ခွဲခြား၍သိရပုံ ကား၊စက္ခုဝတ္ထု ရူပါရုံတို့ကြောင့်၊စက္ခုဝိညာဏ် နာမက္ခန္ဓာတို့ဖြစ်ကြ၏။ သောတဝတ္ထု သဒ္ဒါရုံတို့ကြောင့် သောတဝိညာဏ်နာမက္ခန္ဓာတို့ဖြစ်ကြ၏။ ဃာနဝတ္ထု- ဂန္ဓာရုံတို့ကြောင့်၊ ဃာနဝိညာဏ် နာမက္ခန္ဓာတို့ ဖြစ်ကြ၏။ ဇိဝှါဝတ္ထု- ရသာရုံတို့ကြောင့်၊ ဇိဝှါဝိညာဏ် နာမက္ခန္ဓာတို့ ဖြစ်ကြ၏။ ကာယဝတ္ထု-ဖောဋ္ဌဗ္ဗာရုံတို့ကြောင့်၊ ကာယဝိညာဏ်နာမက္ခန္ဓာတို့ ဖြစ်ကြ ၏။ဟဒယဝတ္ထုကို မှီသော ဘဝင်မနော အကြည်နှင့် အာရုံခြောက်ပါးတို့ ကြောင့် မနောဝိညာဏ် နာမက္ခန္ဓာတို့ ဖြစ်ကြကုန်၏ဟု သိကြလေ။ ။ ဤဝိညာဏ် ၆-ပါးကို လယ်တီဆရာတော်ဘုရားက **မြင်-ကြား-နံ့-လျက်၊ တွေ့ သိချက်၊ ဆဲ့ချက်ဝိညာဏ်မှတ်** ဟု- မိန့်တော်မူသတည်း။ ။ဤနာမ် ၆-မျိုးတို့၏ အဓိပ္ပါယ်နှင့်တကွ၊ နာမ်ဝိထိတို့ဖြစ်ကြပုံ အကျဉ်းကို၊ လွယ် လွယ်နှင့် သိကြရန်ကား။ ။မြင်ချက်, ကြားချက်, နံ့ချက်, လျက်ချက်, တွေ့ချက်, သိချက်,ဟူ၍ ဆဲ့ချက်ဝိညာဏ် ပိုင်းခြားလျက်။ ။မြင်မှုကား၊ မျက်စိ၌ ဖြစ်ပေါ်သော ဓာတ်တည်း။ ကြားမှုကား၊ နား၌ ဖြစ်ပေါ်သော ဓာတ်တည်း။ နံ့မှုကား၊ နှာခေါင်း၌ ဖြစ်ပေါ်သော ဓာတ်တည်း။ လျက်မှု ကား၊လျှာ၌ ဖြစ်ပေါ်သောဓာတ်တည်း။တွေ့မှုကား၊ အတွင်းအပ တကိုယ် လုံး၌ ဖြစ်ပေါ်သော ဓာတ်တည်း။သိမှုကား၊ နှလုံး၌ ဖြစ်ပေါ်သော ဓာတ် တည်းဟု သိကြလေ။ ။ထိုဝိညာဏ ဆဲ့တို့တွင်၊နောက်ဆုံးဖြစ်သော သိမှုအချုပ်ကြီးသည်မှုကား၊ ရှေ့ငါးချက်တို့မှ ဆက်လက် ဖြစ်ပွါးသော သိမှုကြီး ငါးမျိုး။ ဝါ၊ အနုဗန္ဓ၊ တဒနုဝတ္တက ဝိထိစုငါးမျိုးဟူလို။အသီး အခြား အလွတ်သိမှုကြီးဘမျိုး။ဝါ၊ သုဒ္ဓမနောဒွါရ ဝိထိမျိုးဟူလို။ ပေါင်း ၆ မျိုး ရှိပြန်၏။ ။ပဉ္စဒွါရဝိထိနှင့် စပ်၍ဆိုမူ။ ။မြင်-သိ၊ ကြား-သိ၊ နံ့-သိ၊ လျက်-သိ၊ တွေ့-သိ၊အလွတ်သိဟူ၍ နောက်ဆုံး အသိခြောက်ပါး ရှိပြန်၏ဟူလို။ ။ထိုခြောက်ပါးတို့တွင်၊ **မြင်မှု,သိမှု ၂-ချက် ဖြင့်ပုံကား၊** ထိုထို အဆင်း အမျိုးမျိုးတို့နှင့် တိုက်ဆိုင်မိကြသော အခါ၊ မျက်စိမြင်မှု ရှေးဦးစွာ ဖြစ်၏။ နောက်၌ နှလုံးမှ သိမှုကြီးတွေ အမျိုးမျိုး ဆက်လက်

ဖြစ်ပွါးကြကုန်၏။ ဝီထိအရေအတွက်နှင့် သချ်ာစွာ ဆက်လက်၍ ပြရမူ။ ။ နွားစသည်တို့၏ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မြင်သည့် စက္ခုဒွါရဝီထိဖြစ်၏။ ထို့နောင် ထိုစက္ခုဒွါရဝီထိဖြင့်ယူအပ်သော အတိတ် ရူပါရုံကို အာရုံပြု၍ အတိတ်သိ ဝီထိ ၁။ ။ ဤ၌ အထူးဆိုဖွယ် ရှိသည်ကား၊ ယုတ်တရက်ပင် နွားစသည်ကို ကြည့်ရာ၌၊ တကောင်လုံးကို မြင်၍၊ နွားကောင် စသည်အနက်ကို သိရာဝယ်၊ဘမပြာဟုဆိုအပ်သော လက်ဖြစ်တတွက် လျှပ်တပြက် ကာလ၌ စိတ်အကြိမ်ပေါင်း ကုဋေ တသိန်းခန့်ဖြစ်နိုင်သောကြောင့်၊ နွားစသည်တို့၏ ဦးခေါင်းအဆင်းမှာပင်၊စက္ခုဒွါရဝီထိ၊ အတိတ်သိဝီထိတို့ အထပ်ထပ် ဖြစ်နိုင်၏။ ထို့အတူ လက်အဆင်း၊ ခြေအဆင်း၊ ကျောအဆင်း၊ ဝမ်းအဆင်း၊ ကိုယ်အဆင်း စသည်တို့၏ ထိုထို အကွက်ငယ် တခုတခုတို့မှာပင်၊စက္ခုဒွါရဝီထိ၊ အတိတ်သိ ဝီထိတို့ အထပ်ထပ်ဖြစ်နိုင်ကြသတည်း။

ဖြစ်နိုင်မှု သက်သေကား၊ ဦးခေါင်းမြင်စိတ်သည် လက်မြင်, ခြေမြင် စသည်တို့၏ စိတ်မဖြစ်နိုင်။စိတ်တခုထည်းဖြင့်လည်း အမျိုးမျိုးတို့ကို ရွေ၍လည်း၊မကြည့်နိုင်မှု သက်သေစုကိုထောက်ထား၍၊ဦးခေါင်းစသည်တို့၏ ထိုထိုအကွက်ငယ်အဆင်းတခုခုမှာပင်၊စက္ခုဒွါရဝီထိ၊အတိတ်သိဝီထိတို့ အထပ်ထပ်ဖြစ်ကြမှုကို သေသေချာချာကြီးဘဲ သိထိုက်လှသတည်း။ထိုသို့ပင်၊အကြိမ်ကြိမ် အထပ်ထပ် ဖြစ်သော်လည်း ဝီထိသဘောတူချင်းဖြစ်ကြ၍၊ တဝီထိစီကိုသာ ယူလေသတည်း။ ။ ထို့နောင်နွားစသည် တကောင်လုံးက အချပ်ချပ် အဆင်းတို့ကို၊ ထို ၂–ဝီထိဖြင့် အထပ်ထပ် သိမြင်အပ်သော အတိတ်ရူပါရုံ အပေါင်းကို အာရုံပြု၍ အပေါင်းသိ ဝီထိ ၂။ ။ ဤဝီထိသည်ကား၊ ခေါင်း, လက်, ကိုယ်, ခြေ၊ တခြားစီ ပြတ်နေသော အသဘာအကောင်ကိုကမ္မဋ္ဌာန်းရှုသောအရှင်မြတ်တို့ အသဘာတကောင်လုံး စပ်ဟပ်၍ ထင်မြင်နိုင်ရန်၊ ခေါင်း, လက်, ကိုယ်, ခြေတို့ အနေကျအောင် စပ်ဟပ်၍ပြသော ယောကျ်ားကဲ့သို့၊ နွားစသည် သဏ္ဌာနနိမိတ် အရိပ်အရောင် အကောင်အထည် အနက်ဒြဗ်ကြီးထင်မြင်နိုင်ရန်၊တကောင်လုံးရှိ အတိတ်ရူပါရုံအပေါင်းကို အာရုံပြု၍၊ အပေါင်းသိဝီထိ ကျလေသတည်းဟုမှတ်လေ။ ။ ရှေး ၂–ဝီထိနှင့်၊ ဤအပေါင်းသိ ဝီထိတို့ကား၊ ပရမတ္ထရူပါရုံ သိတို့သာ ဖြစ်၍၊ နွားစသည် အကောင်, အထည် အနက်ဒြဗ်သိ ဝီထိတို့ကား မဖြစ်သေး၊ ၎င်းအနက်သိ ဝီထိဖြစ်နိုင်ဘို့ ပေါင်းစု၍ ပေးသကဲ့သို့ကား ဖြစ်လေ၏ဟုမှတ်။ ။ ထို့နောင် တွေ့မြင် အပ်ပြီးသော

ရူပါရုံ အပေါင်းမှ အစဉ်လျောက်၍၊ နွားစသည် သဏ္ဌာနနိမိတ် အရိပ် အရောင် အကောင်,အထည်ဖြစ် ပညတ်အနက်ကို အာရုံပြု၍အနက်သိဝိထိ ၃။ ။ဤမြင်သိအရာ၌ အနက်ရှေးဦးစွာ သိပြီးမှ၊ အမည်နာမ ပညတ်ကို နောက်သိရသည်။ငင်းအမည်သိဝိထိလည်း၊ ရှေ့အဘို့က ဤအနက်မျိုးဟာ ဤအမည်မျိုးတည်းဟု အမှတ်သဘောစသည့်ရှိမှ ဖြစ်နိုင်သည်ဟုမှတ်။ ။ ထို့နောင် နွားစသည် အကောင်, အထည်ဖြစ် ပညတ်အနက်ကြီးတို့ဟာ (နွား) ခေါ်သည်၊ (လူ) စသည် ခေါ်သည်ဟု ဆိုအပ်သော အမည်နာမ ပညတ်ကို အာရုံပြု၍ အမည်သိဝိထိ-၄။ ။ထို့နောင် ၎င်းအမည်အနက် အဆင်းတို့၏ ကောင်း,မကောင်းကို သိကြ၍၊ အယောနိသောမနသိကာရ ရှိသူတို့၏ သေသေချာချာ နှစ်သက်ခြင်း,ပြစ်မှားခြင်းစသော အကုသိုလ် ဇောသိ အနုဗန္ဓ ဝိထိတို့ ဖြစ်ကြ၏။ ယောနိသော မနသိကာရ ရှိသူတို့ ကြည်ညိုခြင်းစသော သဒ္ဓါ-သတိ-ဟိရီ-ဩတ္တပ္ပစသည့်ကုသိုလ်ဇောသိ အနုဗန္ဓဝိထိတို့ဖြစ်ကြ၏။ ဤသို့ဖြစ်နိုင်ကြသော နှစ်သက်ကြည်ညိုသည်ဝိထိ ၅ ။ ။ဤ ၅ ဝိထိတို့ကို မြင်ပြီးနောက်၊ သိမှု,၅ ဝိထိဟူ၍၎င်း၊ အနုဗန္ဓ ၅-ဝိထိဟူ၍၎င်း၊ တဒနုဝတ္တက ၅-ဝိထိဟူ၍၎င်း ဆိုအပ်၏။နောက်လိုက် ၅-ဝိထိဟူလိုသည်။ယခုပြသည့် နောက်လိုက် ၅-ဝိထိအစဉ်တို့ကျမ်းဂန် တွင် လာသည့် အထောက်ကား။—

**တတ္ထာယံ ပဝတ္တိက္ကမော၊ပဥ္စဒွါရေ ရူပါဒိအာရမ္မဏေ အာပါထ ဂတေ နိယမိတာဒိဝသေန ကုသလာ ကုသလဇဝနေ ဥပ္ပဇ္ဇိတွာ ဘဝင်္ဂ ဩတိဏ္ဏေ မနောဒွါရိကဇဝနံ တံယေဝါရမ္မဏံ ကတွာ ဘဝင်္ဂ ဩတရတိ၊ပုန တသ္မိံ ယေဝဒွါရေ ရူပ္ပိုတိ အာဒိ နာ ဝဏ္ဏပေတွာ ဇဝနံ ဥပ္ပဇ္ဇိတွာ ဘဝင်္ဂ ဩတရတိ၊ပုနဝါရေ ပဿာဒရဏ္ဍနာဒိဝသေန ဇဝနံ ဇဝတိ။ ။နိက္ခေပကဏ္ဍအနုဋီကာ။**

**အနက်မြန်မာကား။** ။တတ္ထ၊ ထိုစကားရပ်၌။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ပဝတ္တိက္ကမော၊ဖြစ်စဉ်တည်း။ပဥ္စဒွါရေ၊စက္ခုစသည့် ၅-ဒွါရ၌။ ရူပါဒိအာရမ္မဏေ၊ ရူပါရုံ အစရှိသော ၅-ပါးသော အာရုံသည်။ အာပါထ ဂတေ၊ထင်ခြင်းသို့ရောက်သည်ရှိသော်။ နိယမိတာဒိဝသေန၊ နိယမိတ အစရှိသည်တို့၏ အစွမ်းဖြင့်။ ကုသလာ ကုသလဇဝနေ၊ကုသိုလ်, အကု သိုလ်ဇောသည်။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ဘဝင်္ဂ၊ဘဝင်သို့။ ဩတိဏ္ဏေ၊ သက်ပြီး သည်ရှိသော်။မနောဒွါရိကဇဝနံ၊အတိတ်သိမနောဒွါရိကပဌမဝိထိအကြိမ်။ အတိတ် ပရမတ် အပေါင်းသိ မနောဒွါရိက ဒုတိယ ဝိထိအကြိမ်သည်။

(ဤ၌ဝိထိထပ်သည်-ချုံ့သည်ဟူ၍မှတ်) ထံယော၊ထိုရူပါရုံ အစရှိသော အတိတ် အာရုံ, အတိတ် ပရမတ်အပေါင်း အာရုံကိုသာလျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဘဝင်၊ဘဝင်သို့။ ဩတရတိ၊ သက်၏။ ပုန၊တဖန်။ ဘဝင်္ဂံ ယေဝ ဥပ္ပါဒေ၊ ထိုမနောဒွါရ၌ သာလျှင်။ ဈုတ္တိပုဂ္ဂိုလ်သော်တိ အာဒိနည်း၊ မိန်းမ,ယောက်ျား စသည်တို့အနက် အဖြူအမည်နာမပညတ် စသည်ဖြင့်။ ဝဝဏ္ဏပေတွာ၊ပိုင်းခြားမှတ်သား၍။ ဓာနံ၊အနက်သိ တတိယဝိထိအကြိမ်၊ အမည်သိ စတုတ္ထ ဝိထိအကြိမ်သည်။ ( ဤ၌လည်း ၂-ဝိထိထပ်သည်။ ချုံ့သည်ဟူ၍မှတ် ) ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဘဝင်၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ပုနဝါရေ၊ တဖန်တကြိမ်၌။ပသာဒ ရဇ္ဇနာဒိ ဝသေန၊ ကြည်ညိုခြင်း၊ တပ်မက်ခြင်း စသည်တို့၏ အစွမ်းဖြင့်။ ဇဝနံ၊ မနောဒွါရိက ပဥ္စမ ဝိထိအကြိမ်သည်။ ဇာတိ၊ဖြစ်၏။ ။ဤပါဠ်၌အနက် အထောက် အထား အရ၊ အဓိပ္ပါယ် အကျဉ်းပြရမူ၊ ပဉ္စဒွါရ ၅-ဝိထိတို့နောင်၊ နောက်လိုက် ဝိထိ ၅-ပါးစီကျမှ၊ ထိုထို အမည်အနက် ၅-ချက်အာရုံတို့ကို၊ ကြည်ညိုခြင်းစသော သဒ္ဓါ,သတိ စသည်ဖြစ်ကြမှု၊နှစ်သက်ခြင်းစသော လောဘ, ဒေါသစသည် ဖြစ်ကြမှုကိုသိအပ်၏။ အနက်သိ- အမည်သိ ၂-ချက်မှာ၊ စက္ခုနောက်လိုက် ဝိထိတို့ကား၊အနက်ရှေး၊အမည်နောက်မှ သိနိုင်သည်။ သောတနောက်လိုက်ဝိထိတို့ကား၊ အမည်ရှေး၊ အနက်နောက်မှ သိနိုင်သည်။ ကြွင်း ၃-ပါးတို့နောက်လိုက်ဝိထိတို့မှာ အမည်ရှေး၊အနက်နောက်လည်း ဖြစ်နိုင်၏။အနက်ရှေး၊ အမည်နောက်လည်း ဖြစ်နိုင်၏ဟု အထူးကို သိပါ။ ။ဤအနုဋီကာ ဆရာသည်၊ဝိထိ ၂-ချက်စီ ဆိုသင့်သည်ကို မဆိုဘဲ၊ထပ်ပူး-ချုံးချဉ်း၍ ဆိုခြင်းသည်၊ အဋ္ဌကထာ,ဋီကာဆရာတို့ သဘော တံတွာ မေ့တာပေတည်းဟု သိကြလေဘို့ သက်သေတို့ကား။ ။ဝဇ္ဇိ ဓောသာနုသာရေန၊ သောတဝိညာဏ ဝီထိယာ။ ။ဟူသော အဘိ ဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာ ပစ္စည်းပိုင်းအဆုံး၌၊ ချဉ်းချုံးပူးထပ် ဤပြအပ် သည့် အရာကို၊အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ဆရာက အတပ်ပင်သိလှ၍၊—

ဃောသ, သောတဝိညာဏ ဝီထိယာ အနန္တရ ဘဝင်္ဂ မနော ဒွါရိကဝီထိဒွယ သောတဝိညာဏ ဝီထိဂ္ဂဟဏေန သင်္ဂဟေတွာ သောတဝိညာဏ ဝီထိယာတိ ဝုတ္တံ။ ။ဟု မိန့်ဟတော်မူလေ သတည်း။

အနက်မြန်မာကား။ ။စ၊ ဆက်၍ ဆိုဦးအံ့။ ဃောသ၊ ဤ အဘိ ဓမ္မတ္ထ သင်္ဂဟဆရာ သောတဝိညာဏ ဝီထိယာဟု ဆိုသောအရာ၌။ သောတ

ဝိညာဏဝီထိယာ၊ သောတဝိညာဏဝီထိ၏။ အနန္တရဘာဝိနီ၊ အခြားမဲ့၌ ချုပ်ခဲ့လပြီးသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ ဖြစ်သော။ မနောဒွါရိက ဝီထိမှိ၊ တဒနုဝတ္တက မနောဒွါရဝီထိကိုလည်း။သောတဝိညာဏ ဝီထိဂ္ဂဟ ဏေနေဝ၊ သောတဝိညာဏ ဝီထိကိုယူသဖြင့်သာလျှင်။ ဝါ၊ ယူသည်၌ သာလျှင်။သင်္ဂဟေတွာ၊ ပူးထပ်ချုံးချဉ်း၍။ သောတဝိညာဏဝီထိယာတိ၊ သောတဝိညာဏ ဝီထိယာဟူ၍။ ဝုတ္တံ၊အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ ဆရာ မိန့်မှာတော်မူအပ်၏။ ။ဤဋီကာဆရာ၏ မနောဒွါရိက ဝီထိမှိဟူ သောစကား၌၊ အတိတ်သဒ္ဒါရုံ အပေါင်းသိ ဝီထိကို ချုံးချဉ်းလိုပြန်၍၊ ဝိသဒ္ဒါဖြင့်လည်းပြ။ မူလဋီကာဆရာကလည်း ပေါ်ထုတ်၍ မိန့်ဟမှုကို အဘယ်ဆိုသော သဂြိုဟ်နိသျ၊ဗါးကရာ သာသနာပိုင် ဆရာတော် ဘုရား ကြီးက၊ဎင်းပါဌ်၏ အနက်မြန်မာကိုပြသည်ကား။ ။ဝစီဃောသာနုသာ ရေန၊ဘူမိ-ပဗ္ဗတ-ရုပ-ဝေဒနာ အစရှိသော ဝစီမယသဒ္ဒါကိုအစဉ်လျှောက် ၍ အာရုံပြုသဖြင့်။ပဝတ္တာ၊ဖြစ်သော။သောတဝိညာဏဝီထိယာ၊ သောတ ဝိညာဏဝီထိ၊ တဒနုဝတ္တက မနောဒွါရဝီထိ၏။ဝါ၊မူလဋီကာ ဆရာအလို အားဖြင့် သောတဒွါရဝီထိ၊ တဒနုဝတ္တကဝီထိ၊ သုဒ္ဓမနောဒွါရဝီထိ၏။ ။ ဟူ၍ အနက်ပေးတော်မူသည်ကို တွေ့မြင်ရသဖြင့်၊ အဋ္ဌကထာ,ဋီကာဆရာ တို့ အပြည့်အစုံမဆိုဘဲ၊ ပူးတွဲချုံးချဉ်း၍ထားသည်၌၊ အပြည့်အစုံသိလိုသူ တို့ကသာ ပေါ်ထုတ်၍ ယူရမှုကို ယုံကြည်စွာ မှတ်ကြပါလေ။ ။[ ထိုမှ တပါးသော အဋ္ဌကထာ, ဋီကာစကားရပ်တို့နှင့် တကွ၊ အာစရိယလဒ္ဓါ ပဒေသ နည်းအရတို့ဖြင့် ပြလတ္တံ့သော ဝိညတ်သိဝီထိ၊ ဝဒန္တ-သုဏန္တ တို့ဝီထိ၊ အက္ခရာ အစားစားမြင်ကြားသည့် ဝီထိစသည်များမှာ မေတ္တာ ရှေ့ထားပါ၍၊ ပိုဘာတွေ့မှု ကျမ်းဂန်များအရနှင့် ဖျက်တော်မူကြပါ။ လို တာတွေ့မှုလည်း-ဖွက်တော်မူကြပါစေသတည်း။]

ဤမြင်မှု၌၊ စက္ခုဝိညာဏ်သိမပါဘဲ၊ နောက်လိုက်မနောသိ ၅-ဝီထိတို့ ဖြစ်ချက်ကိုအရကျက်ရန်ကား၊— **တိတ်-ပေါင်း-နက်xမည်၊ နှစ်သက်-ကြည်၊ငါးမည်နောက်လိုက်၊ မြင်မှု၌။**ဎင်း၏ အဓိပ္ပါယ် အကျဉ်းကား။ ။ အတိတ်သိဝီထိ ၁-။အတိတ်အာရုံအပေါင်းသိဝီထိ ၂-။ ။အနက်သိဝီထိ ၃-။အမည်သိဝီထိ၄-။ ။နှစ်သက်ကြည်ညိုသိဝီထိ ၅-။ ။ဤသို့စက္ခုဒွါရ ဝီထိနောက်လိုက် ၅-ဝီထိတို့ရှိ၍၊ ကောင်းမကောင်းစသည်ကို သိနိုင်၏ဟု မှတ်။ ။နာမ်ဝီထိသွားပုံအရကျက်ရန်ကား။ ။(အတီတဘဝင်၊ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုဏ်း၊ သန္တီရဏ၊

ဝဋ္ဋော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောင် ဘဝင်များစွာဖြစ်၍ချုပ်၏)။ ။နောက်လိုက် မနောသိ ၅-ဝီထိတို့သွားပုံ အရကျက်ရန်ကား။ ။(ဘဝင်စလနံ၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်း၊ ဇော ၇-ကြိမ်၊ ထို့နောင်ဘဝင်များစွာဖြစ်၍ချုပ်၏)။ ။ဤဝီထိတို့ကား၊ ဝိညတ်မပါသော အဝိညာဏက၊ သဝိညာဏကတို့ အဆင်းကိုမြင်၍၊ မနော နှလုံးသိမှုကြီးတွေ အမျိုးမျိုးဆက်လက်၍သွားပုံတည်း။ ။ဝိညတ်ပါသော ထိုထို အဆင်းကိုမြင်သိ၊ ၂-ချက်ဖြစ်ပုံကား။ ။လက်လှုပ်၍ ခေါ်ရာ၌၊ လှုပ်ဆဲဖြစ်သော လက်၏ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍၊ မြင်သည့် စက္ခုဒွါရဝီထိဖြစ်၏။ ။ထို့နောင် ချုပ်လေပြီးသော အတိတ်ရူပါရုံကို အာရုံပြု၍ အတိတ်သိ ဝီထိ-၁။ ။ဤစက္ခုဒွါရဝီထိနှင့် အတိတ်သိဝီထိတို့ကား၊ လက်သည် အထက်သို့ရင်း၊ အောက်သို့ရင်း၊ ရှေ့ရှားတိုင်း၊ ရှေ့ရှားတိုင်းသော အဆင်းစု၊ တရစပ်ဥဒ်ထပ်ကာထပ်ကာ၊ ကုဋေ တသိန်းမက ကျကုန်ရာ၏။ ထို့နောင် လှုပ်ရှားသမျှသော အတိတ်ရူပါရုံအပေါင်းကိုအာရုံပြု၍ အပေါင်းသိဝီထိ-၂။ ။ထို့နောင်-လက်အနက်ဒြဗ်ကို အာရုံပြု၍၊ အနက်သိ ဝီထိ-၃။ ။ထို့နောင် လက်ဟူသော အမည်နာမပညတ်ကို အာရုံပြု၍ အမည်သိ ဝီထိ-၄။ ။ထို့နောင် လှုပ်ရှားသောလက်စသည်၌ တည်သောကိုယ်အမူအရာဟု ဆိုအပ်သော ကာယဝိညတ်ကိုအာရုံပြု၍ ဝိညတ်သိ ဝီထိ-၅။ ။ထို့နောင် လှုပ်ရှားသောပုဂ္ဂိုလ်၏ အလိုဆန္ဒကိုအာရုံပြု၍ အလိုသိ ဝီထိ-၆။ ။ဤ ၆-ဝီထိကို မြင်ပြီးနောက်သိမှု ၆-ဝီထိဟူ၍ရင်း၊ အနုဗန္ဓ ၆-ဝီထိဟူ၍ရင်း၊ တဒနုဝတ္တက ၆-ဝီထိဟူ၍ရင်းဆိုကြ၏။ နောက်လိုက် ၆-ဝီထိဟူလိုသည်။

မြင်မှုနောက်မှာဝိညတ်ပါသော ၆-ဝီထိကိုသိကြဘို့အချက် အရကျက်ရန်ကား၊— **တိတ်-ပေါင်း-နက်×မည်၊ ဝိဥ်+လိုသည်၊ ခြောက်ဝီက်ယ်မှုသိ၊** ၎င်း၏ အဓိပ္ပါယ်အကျဉ်းကား။ ။အတိတ်သိ ဝီထိ-၁။ ။အတိတ်အာရုံအပေါင်းသိ ဝီထိ-၂။ ။အနက်သိ ဝီထိ-၃။ ။အမည်သိ ဝီထိ-၄။ ။ဝိညတ်သိ ဝီထိ-၅။ ။အလိုသိ ဝီထိ-၆။ ။ဤသို့ လက်ရပ်ခေါ်ခြင်းစသည်ကိုမြင်သည့် စက္ခုဒွါရဝီထိနောက် လာစေလိုခြင်းစသော အလိုကိုနောက်လိုက် ၆-ဝီထိကျမှ သိရ၏ဟုမှတ်လေ။ ။(နာမ်ဝီထိသွားပုံ ရှေ့အတိုင်း မထူးတော့ပြီ)။ ။(လူ)စသော အက္ခရာစာလုံးကိုမြင်ရာ၌၊ မြင်သိ ၂-ချက်ဖြစ်ပုံကား။ ။(လူ) စသော အက္ခရာ၏ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မြင်ရသည့် စက္ခုဒွါရ ဝီထိဖြစ်၏။ ။ထိုနောင် ချုပ်လေပြီးသော အတိတ်ရူပါရုံကို အာရုံပြု၍ အတိတ်သိ ဝီထိ-၁။ ။ထို့နောင် အက္ခရာရှိ

အတိတ် ရူပါရုံ အပေါင်းကို အာရုံပြု၍ အပေါင်းသိ ဝီထိ-၂။ ။ထို့နောင်(လူ)စသော အမည်နာမပညတ်ကို အာရုံပြု၍ အမည်သိ ဝီထိ-၃။ ။ဤအက္ခရာကို မြင်သိ အရာ၌၊ အမည်ကို ရှေးဦးစွာ သိပြီးမှ၊ အနက်ကို နောက်မှ သိရ၏။ ရှေ့က အကောင် အထည်တွေကို မြင်မှု–သိမှု တို့နှင့် မတူဟုမှတ်။ ။ထို့နောင် လူစသော အကောင်အထည်အနက် ဒြဗ်ကြီးကို အာရုံပြု၍ အနက်သိ ဝီထိ-၄။ ။ထို့နောင် လူစသော အကောင်အထည်အနက်၊ အမည်အက္ခရာတို့ကောင်း, မကောင်းကို သိခြင်းစသည်။ အယောနိသော ရှိသူတို့ နှစ်သက်ခြင်း၊ ပြစ်မှားခြင်းစသည်။ ယောနိသော ရှိသူတို့ ကြည်ညိုခြင်း, သဒ္ဓါ,သတိစသည်ဖြစ်နိုင်သော နှစ်သက်ကြည်ညိုသိဝီထိ-၅။ ။ဤ ၅-ဝီထိတို့သည်၊(လူ)စသောအက္ခရာတလုံးကို မြင်ပြီးနောက်၊သိမှု ဝီထိတို့မည်ကုန်၏။ နောက်လိုက် ၅-ဝီထိဟုလိုသည်။

ဤအက္ခရာကိုမြင်၍၊ နောက်လိုက်ဝီထိတို့ကို သိမှုအချက်၊အရကျက်ရန်ကား၊—တိတ် ပေါင်း-မည်×နက်၊ နှစ်သက်ကြည်ညို၊ အက္ခရာကို၊မြင်လို နောက်လိုက် ငါးပါးဆိုက်။ ။၎င်း၏ အဓိပ္ပါယ် အကျဉ်းကား။ ။အတိတ်သိ ဝီထိ-၁။ ။အတိတ် အာရုံပေါင်းသိ ဝီထိ-၂။ ။အမည်သိ ဝီထိ-၃။ ။အနက်သိဝီထိ-၄။ ။နှစ်သက်ကြည်ညိုသိဝီထိ-၅။ ။ဤသို့ အက္ခရာဘလုံးကို မြင်သည့် စက္ခုဒွါရဝီထိ၏ နောက်လိုက် ၅-ဝီထိကျမှ၊ ကောင်း,မကောင်းစသည်ကိုသိ၏ဟုမှတ်လေ။ ။ဘုရားစသောအက္ခရာ ၂-လုံး။ မောဂ္ဂလာန်စသော အက္ခရာ ၃-လုံး၊ အနုရုဒ္ဓါစသော အက္ခရာ ၄-လုံး။ သာရိပုတ္တရာစသော အက္ခရာငါးလုံး စသည်ရှိကြသော ပုဒ်စုကို ကြည့်၍၊အမည်အနက်စသည်ကို သိရာ၌၊ ဝီထိစဉ်ဖြစ်ပုံတို့ကား။ ။(ဘု) အက္ခရာ အဆင်းကိုမြင်သော စက္ခုဒွါရဝီထိဖြစ်၏။ ။ထို့နောင် အတိတ်သိ ဝီထိ-၁။ ။ထို့နောင် အတိတ်အာရုံ အပေါင်းသိ ဝီထိ-၂။ ။ထို့နောင်(ဘု)ဟူသော အမည်သိဝီထိ-၃။ ။၎င်းနောက်(ရား)အက္ခရာအဆင်း မြင်သော စက္ခုဒွါရဝီထိဖြစ်၏။ ။ထိုနောင် အတိတ်သိ ဝီထိ-၄။ ။ထို့နောင် အတိတ်အာရုံ အပေါင်းသိဝီထိ-၅။ ။ထို့နောင်(ရား)ဟူသော အမည်သိဝီထိ-၆။ ။ထို့နောင်(ဘုရား)ဟူသော အတိတ် အာရုံအပေါင်း သိ ဝီထိ-၇။ ။ထို့နောင် (ဘုရား) ဟူသော အက္ခရာအပေါင်း အမည် သိဝီထိ-၈။ ။ထို့နောင်ဘုရားကိုယ်တော်မြတ် သဗ္ဗညုဒြဗ် အနက်သိ ဝီထိ-၉။ ။ထို့နောင် ဘုရားကိုယ်တော်မြတ်၏ အနက်ဒြဗ် အမည်နာမ ပညတ် အက္ခရာစသည်တို့ ကောင်း, မကောင်းစသည်တို့ကို အာရုံပြု၍၊

နှစ်သက်-ကြည်ညိုသိ ဝီသိ-၁၀။ ။ဤ ၁၀-ဝီထိကျမှ၊ ၂-လုံးအက္ခရာရှိ အနက်စသည်ကိုသိရ၏။ ။အက္ခရာ ၃-လုံး၊ ၄-လုံးစသည် ရှိကြမူ၊ ဤ-၁၀-ဝီထိ၌၊တိတ် ပေါင်း အမည်သိ ၃-ဝီထိ၊ ၃-ဝီသိစီတိုး၍ သိကြလေ။ ။ဤ အဓိပ္ပါယ်အချက်ကို နှုတ်ဝယ်အရကျက်ရန်ကား၊— အက္ခရာအများ၊ တွေ့မြင်ကြားက၊ တိတ်-ပေါင်းအမည်၊ အသီးသီးတိုး၊ တမျိုးပေါင်းမည်×နက်၊ နှစ်သက်ကြည်ညို၊ များထိုထို၊ ပွါးလိုအထူးသိ။ ။[ ၎င်း၏ အဓိပ္ပါယ်ကို အထက်ကရေးပြခဲ့သည့်အတိုင်း၊ ၂-လုံးဖြစ်လျှင် ၁၀-ဝီထိ။ ၃-လုံး၊ ၁၃-ဝီထိ။ ၄-လုံး ၁၆-ဝီသိ။ ဤသို့ အက္ခရာ တလုံးတလုံးတိုးလျှင်၊ ၃-ဝီထိ၊ ၃-ဝီထိစီတိုး၍သိကြပါလေ။]

နာမ်ဝီသိသွားပုံကား၊ ရှေ့ အတိုင်း မထူးတော့ပြီဟု မှတ်။ ။ရှေ့က ပြအပ်ခဲ့ပြီးသော နာမ်ဝီထိအစားစားတို့ကို၊ တခြားကျမ်းဂန်တို့၌ အတော်အတန်မျှ မလေ့လာဘူးသူ၊သို့မဟုတ်မသိမနေ့ရဟုဤစာအုပ်မှာ ရှေ့ကပြခဲ့သည့် ရသင့်တာစကို ကျက်ကာ၊ ဤစာစကို အထပ်ထပ်လည်း မကြည့်ကြဘဲ တခေါက်ထဲကြည့်သူတို့ကား၊ ကြည့်ရင်းပျင်းရှာကြပေလိမ့်မည်။ လေ့လာပြီး ကြည့်သူတို့ကား၊ နတ်သုဒ္ဒါကို စားရဘိသကဲ့သို့၊ ဆန်းထူးသောနည်းများ သိကြားရပေသည်ဟု အထူးဝမ်းမြောက်ကြပေလိမ့်မည်။ သို့သော်၊ ဤရှေ့က မြင်သိနှင့်စပ်သမျှ နာမ်ဝီထိ အစားစားတို့ကို ရေးပြလိုက်သည်ကား၊ ဝိပဿနာဆရာတို့၊ ၎င်းနာမ်ဝီထိတို့ခဏအစဉ် အတိုင်း ဝိပဿနာရှုရအောင်ပြသည်မဟုတ်၊အဘယ့်ကြောင့်ဆိုသော်၊လက်ဖြစ်တတွက်၊လျှပ်တပြက်ကာလ၌၊ ဆက်လက်၍ ဖြစ်ပျက်ကြသော နာမ်အကြိမ်ပေါင်း ကုဋေတသိန်းစိတ်၍၊ တစိတ်စာမျှ စိတ္တက္ခဏာ ကာလကလေးမျှသာ ကြာပြီး၊ပျက်စီး၍လိုက်နေကြသော ခဏပစ္စုပ္ပန်ပျက်၊အနိစ္စအချက်ကို ပါးစပ်ကပြောဟောလို့ကား ဖြစ်နိုင်၏။စာနှင့် ရေးလို့လည်းဖြစ်နိုင်၏။ မနောနှင့် အတပ်သိအောင် ရှုကြည့်သော ယောဂီတို့ ဉာဏ်မှာကား၊ပုဂ္ဂလဝိသေသကြီးများကို ထား၍၊ ထင်မြင်အောင် မရှုစား နိုင်သောကြောင့်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာက မရှုရ၊ အာရုံတခုဘခုစီ ပိုင်းခြား၍သိမှု၊ ဝီထိစနာမ်အစဉ် သန္တတိပစ္စုပ္ပန်တို့ ပျက်မှုကိုသာ စစဦး ခပ်ကျဲကျဲက ရှုကြရမည်ဟု မိန့်ဆိုတော်မူသည်နှင့်အညီ၊ယခုအားထုတ်လိုသော ယောဂီပျိုတို့သည်လည်း၊ စင်္ကြံသွား၍ အားထုတ်လိုမူ၊ ရပ်၍ အောက် မြေပြင်ကို ကြည့်သောအခါ၊ ရှေ့ကပြခဲ့သည့် မြင်သိဝီသိအစဉ်တွေ ပေါင်းရုံး၍ ရပ်နေဆဲအခါ၊မြင်သိလုံးတခုဟာ ညာခြေလှမ်းရာ ချုပ်ပျောက်ပါ၍၊ မြင်သိ

အသစ်ပြောင်းလာပြန်၏။ ဤအဘူ နောက်နောက် ခြေလှမ်းတိုင်းတို့အဆုံး အဆုံးမှာ၊ မြင်သိတွေ အသစ်ပြောင်းတိုင်း၊ ပြောင်းတိုင်းတို့၌၊ မြေအပြင်ကို မြင်သိဟောင်း နာမ်ပရမတ်စစ် အပေါင်းတွေ အကုန်လုံး ပျက်ပျောက် အနိစ္စရောက်ရောက် လိုက်နေချက်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြီး ကြည့်ကြည့်,သိသိ,ရှုရှုလိုက်နေမှုတို့ပင်လျှင်၊ အနိစ္စ ဝိပဿနာ ဉာဏ်အစစ် ဖြစ်နေသော အနိစ္စာနုပဿီ ယောဂီကြီးများအစစ် ဖြစ်ကြရလေသောကြောင့်၊ စစဦး အားထုတ်သူတို့မှာ၊ ဤစင်္ကြံအလုပ်နှင့်သာ ခြေတလှမ်း၊ တခါပျက်, ၂-ခါပျက်စသည်၊ မြင်သိပျက်တွေ စိပ်စိပ်လာလေအောင် နေ့စဉ်ဝတ်ထား၍၊ မကြာမကြာ အခါခါရှုကြပါလေ။ ဤသို့ ရှုကြည့်၍ မြင်သိ အသစ်ပြောင်း၊ အဟောင်းပျက်မှုများ၊ စင်္ကြံနှင့် ထင်ရှားပါမူ၊ နောက်နောင်, လှေ, လှည်း, ရထား, မော်တော်ကား ခြေကျင်များဖြင့် သွားလာတိုင်းတို့မှာလည်း၊ဝိပဿနာအလုပ်ကို မလွတ်စေဘဲ၊နိုင်မြဲသောသတိနှင့်သာ တွေ့ရှိသမျှတို့ကိုလည်း ကြည့်ကြည့်ပြီး၊ ဝိပဿနာဉာဏ်နှင့်လည်း၊ သိသိပြီး သွားနိုင်ကြပေလိမ့်မည်။ သွားနိုင်အောင်လည်း၊ အထူးသတိပြု၍ သွားကြပါလေ။ ။မသွားလာဘဲ- ထိုထို ဝတ္ထုတို့ကို အသစ်ပြောင်း၍ ရှုကြည့်တိုင်းတို့မှာလည်း၊ မြင်သိတွေ အသစ်ပြောင်းတိုင်း ပြောင်းတိုင်းတို့၌၊မြင်သိဟောင်းတွေ ပျက်ပျောက်၊ အနိစ္စ ရောက်ရောက်လိုက်မှုတို့ကို ရှုကြပါလေ။ ။စာကြည့် ရာတို့မှာလည်း၊ အက္ခရာစာလုံး မြင်သိတွေ အသစ်ပြောင်းတိုင်း၊ မြင်သိ အဟောင်းပျက်မှုကို ရှုကြည့်၍ အလွန်လွယ်လှသည့် အတွက်၊ ဧကန်ဆက်ဆက် ရှုဖြစ်အောင် ရှုကြပါလေ။ စာကြည့်သူ ယောဂီဖို့အပေါင်း သူတော်ကောင်းတွေတို့။ ။မြင်သိ ၂-ချက် ဝိသိဆက်ပုံ၊ဝိပဿနာ ရှုရပုံအကျဉ်းနည်းပြီး၏။

## (၆) ကြားသိဝိထိဆန်းကြယ်ပုံ၊ပရမတ်-ပညတ် သဒ္ဒါ ၂-ပါး ဆက်ပုံ၊ ပြောသူ, ကြားသူများ ဝိထိအစားစားနှင့် ဝိပဿနာရှုစားပုံ

ကြားသိ ၂-ချက် ဝိသိဆက်ပုံကား။ ။ထိုထို အသံ အမျိုးမျိုးတို့နှင့် နားတို့ တိုက်ဆိုင် မိကြသောအခါ၊ နား၌ ကြားမှု ရှေးဦးစွာ ဖြစ်၏။ ၎င်းနောက်မှ နှလုံး၌ သိမှုကြီးတွေ အမျိုးမျိုးဆက်လက်ဖြစ်ပွါးကြသည်ကို၊ ဝိထိ အရေအတွက်နှင့် သောချာစွာ ဆက်လက်၍ ပြဆိုရမူ၊ (နွား) စသော အသံကိုကြားရာ၌ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ကြားမှု သောတ

ဒွါရ ဝီထိဖြစ်၏။ ။ထို့နောင် ချုပ်လေပြီးသော အတိတ် သဒ္ဒါရုံကို အာရုံပြု၍၊ အတိတ်သိဝီထိ -၁ ။ ။ဤ နွားစသော အသံ၌ (န) ဗျည်း (ဝ) ဗျည်း ၂-(အား)သရ-၁။ ပေါင်း ၃-မျိုးရှိ၏။ ။ဒေကာမဒ္ဒေ့ာ ဘဝေ ရသောဘ၊ ဗွိမဒ္ဒေ့ာ ဒီဃမုစ္စတေ။ ။ဟူသည်နှင့်အညီ၊ အ-ဣ-ဥ။ ရဿ ၃-လုံး၊တမတ္တာစီရွတ်ဆိုရ၏။ မြန်မာလို 'အာ-ဤ-ဦ-ဧ အဲ-ဩ-ဪ-အား' ဒီဃသရရှစ်လုံး၊ အံဗျည်းကို သရ၌သွင်းမှု၊ဒီဃသရ ၉-လုံးကို ၂-မတ္တာစီရွတ်ဆိုရ၏။ ။သရကင်းသော ဗျည်းတို့ကို မတ္တာဝက်စီကာလကြာ အောင် ရွတ်ဆိုရသောကြောင့်၊ ၎င်း(န) အက္ခရာ(ဝ) အက္ခရာ (အား) အက္ခရာသိ၊ ၃-လုံးမှာ၊ ၃-မတ္တာ,လျှပ် ၃-ပြက်ကာလ ရွတ်ဆိုရ၏။ ထို ကာလတွင် ဗိတ်ပေါင်းကုဋေ ၃-သိန်းခန့် ဖြစ်နိုင်၏။ ။ဤလျှပ် ၃-ပြက် အတွင်းမှာ၊ သောတဒွါရ ပစ္စုပ္ပန်ဝီထိနှင့်၊ အတိတ်သိမနောဒွါရ ဝီထိတို့ သည်၊ အကြိမ် များစွာဖြစ်နိုင်၏ဟု သိရာ၏။ ။နောင်ပြ လတ္တံ့သော ဃာန-ဇိဝှါ-ကာယဒွါရ ဝီထိတို့နှင့်၊ အတိတ်သိဝီထိတို့၊ မတ္တာဝက်ကာလ၌ပင် ကုဋေပေါင်းများစွာ အဗိတ်တို့ဖြစ်နိုင်ကြ၍၊ အကြိမ်အလှည့်ပေါင်း အထပ်ထပ်ဖြစ်ကြနိုင်ရာသည်ကိုလည်း သိရာ၏။ ထိုသို့ပင်အကြိမ် အထပ် ထပ်ဖြစ်သော်လည်း၊ သဘောဘူချင်းဖြစ်ကြ၍၊ တဝီထိစီကိုသာ ယူလေ ၏။ ။ထို့နောင် ၎င်း ၂-ဝီထိတို့ အကြိမ်ကြိမ် ယူအပ်သောအတိတ် သဒ္ဒါရုံ အပေါင်းကို အာရုံပြု၍၊ အပေါင်းသိဝီထိ-၂။ ။[နောင်ဆိုလတ္တံ့သော အတိတ်အာရုံအပေါင်းသိ ဒုတိယဝီထိတို့လည်း၊ ၎င်း ၂-ဝီထိတို့ အကြိမ် ကြိမ်အထပ်ထပ် ယူအပ်သော အတိတ်အာရုံ အပေါင်းတို့ကိုချည်း အာရုံ ပြုကြသည်ဟုသိလေ။]

၎င်း ၂-ဝီထိတို့နှင့် ဤအပေါင်းသိဝီထိအာရုံသော်ကား၊ ပရမတ္ထသဒ္ဒါရုံ တို့သာဖြစ်၍၊ အက္ခရာရုပ်,ဝဏ္ဏရုပ်, ပုဒ်ဗျည်းရုပ်မပေါ်သေး၊ ၎င်း အက္ခရာ ဝဏ္ဏ၊ ပုဒ်ဗျည်းရုပ် နာမပညတ်ဖြစ်နိုင်ရန်မူကား၊ ပေါင်းစု၍ ပေးသကဲ့သို့၊ အတိတ် သဒ္ဒါရုံအပေါင်းကို အာရုံပြု၍၊ (အပေါင်းသိဝီထိကျလေသည်ဟု မှတ်လေ)။ ။ထို့နောင် ကြားနာအပ်ပြီးသော သဒ္ဒါရုံအပေါင်းမှ အစဉ် လျှောက်၍၊ အက္ခရာ·ဝဏ္ဏရုပ်၊ ပုဒ်ဗျည်းရုပ်ပြီသ သဖြင့်၊နွားစသည် အနက် ဒြဗ်ကို ဟောစွမ်းနိုင်သော (နွား) စသောနိစ္စသဒ္ဒါ အမည်နာမ ပညတ်ကို အာရုံပြု၍၊ အမည်သိဝီထိ -၃ ၊(ဤ၌ အက္ခရာရုပ်၊ ဝဏ္ဏရုပ်၊ ပုဒ်ဗျည်းရုပ်၊ သရရုပ် ပေါ်လာသောအခါ၊ ပရမတ်မဟုတ်ပြီ၊ နာမပညတ်သို့ ပြောင်း လေပြီဟုမှတ်။ ဥပမာကား၊ ကသိုဏ်းကို ရှုရာ၌၊ ဥဂ္ဂဟနိမိတ်အာရုံမှ

ပဋိဘာဂနိမိတ် တမျိုးအာရုံသို့ပြောင်းလေသကဲ့တည်း။ ။ဤကား အသံတည်းဟူသော ပရမတ္ထသဒ္ဒါနှင့်၊ အမည်နာမ ပညတ္တိသဒ္ဒါ ၂-ပါးတို့ ဖြစ်ပွါးကြပုံကိုသေချာစွာပြသချက်တည်း)။ ။ထို့နောင် (နွား)ဟူသော အမည်နာမ ပညတ္တိနိစ္စသဒ္ဒါသည် ပောအစ်။ဝါ၊ ပြောအစ် ပြအစ်သော နွားစသော အကောင် အသည်ဖြိမ် ပညတ်တည်းဟူသောအနက်ကို အာရုံပြု၍၊ အနက်သိ ဝီထိ-၄။ ။သို့နောင် နွားစသည်အနက်၊ အမည်၊အသံ၊ သဒ္ဒါတို့ကောင်း,မကောင်းသိ စသည်ကို အာရုံပြု၍၊နှစ်သက်ခြင်း၊ ကြည်ညိုခြင်းစသည်တို့ဖြစ်နိုင်ကြသော နှစ်သက်- ကြည်ညိုသိဝီထိ-၅။ ။ဤ ၅-ဝီထိကို ကြားပြီးနောက် သိမှုငါးဝီထိဟူ၍ငင်း၊ အနုဗန္ဓ ၅-ဝီထိဟူ၍ ငင်း၊ တဒနုဝတ္တက ၅-ဝီထိတို့ဟူ၍ငင်းဆိုအပ်၏။ နောက်လိုက် ၅-ဝီသိ ဟူလိုသည်။

ဤကြားမှု နောက်လိုက် ဝိညတ်မပါသောသဒ္ဒါကို၊ သိမှုမနောသိ ၅-ဝီသိတို့အချက်ကို အရကျက်ရန်ကား၊...... **တိတ်-ပေါင်း-မည်×နက်၊ နှစ်သက်ကြည်ညို၊ ငါးပါးကို၊ ကြားလို့နောက်လိုက် သိမှု၌။** ။၎င်း၏လိုရင်း အဓိပ္ပါယ်ကား။ ။အတိတ်သိ ဝီထိ-၁ ။ ။အတိတ်အာရုံ အပေါင်းသိ ဝီသိ - ၂။ ။အမည်သိဝီသိ-၃။ ။အနက်သိဝီသိ-၄။ ။နှစ်သက်ကြည်ညိုခြင်း စသည်သိ ဝီထိ-၅။ ။ဤသို့ သောတဒွါရဝီထိ၏ နောက်လိုက် ၅-ဝီသိ ကျမှ ကောင်း, မကောင်းစသည်ကို သိရ၏ဟုမှတ်လေ။ ။နာမ်ဝီထိ သွားပုံအရကျက်ရန်ကား၊ — (အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုဏ်း၊သန္တီရဏ၊ ဝုဋ္ဌော၊ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏)။ ။ နောက်လိုက် မနောဒွါရ ၅-ဝီသိတို့ နာမ်ဝီထိ သွားပုံကား၊ ရှေ့အတိုင်း ပင်တည်း။နောင်ပြလတ္တံ့သော သောတဒွါရစသည်ဝီထိတို့ အစဉ်လည်း ဤနည်းချည်းတည်း။ ။မိမိတို့ ဘာသာမှ တပါး (ဂေါ) စသော ပါဠိ ဘာသာ၊ကုလား,တရုပ်စသော တခြားဘာသာနှင့်ပြောသည်ကို ကြားသိ ရာ၌၊ယခင် ၅-ဝီထိဝယ် ၃-ခုမြောက်မှာ တခြားဘာသာ (ဂေါ)စသော အမည်နာမပညတ်သိဝီထိ-၃။ ။၎င်းနောက်က(နွား)စသောမိမိတို့မြန်မာ ဝေါဟာရဏ္ဍ နာမပညတ်ကို တဆင့်သိသော မိမိဘာသာနှင့် အမည် သိဝီထိ ၄။ ။ဤ၌အမည်သိ ၂-ဝီသိဆင့် ပြီးသွင်း၍၊ ၆-ဝီထိကျမှ မိမိတို့ ဘာသာနှင့်၊ အနက်စသည်တို့ ကောင်း, မကောင်းစသည်ကို သိနိုင်၏။

၏အချက် အကောင်းအစုတွေများကို နှုတ်ဝယ်ရထားကြဘို့ကား။— တခြားဘာသာ၊ မည်နောက်မှာ၊ မိမိဘာသာသွင်း။ ။၎င်း၏ လိုရင်း အဓိပ္ပါယ်အကျဉ်းကား။ ။အတိတ်သိဝိထိ-၁။ ။အပေါင်းသိဝိထိ-၂။ ။ တခြားဘာသာနှင့်(ဂေါ)စသည် အမည်နာမပညတ်သိဝိထိ–၃။ ။မိမိတို့ ဘာသာနှင့် (နွား) စသည်ဘဲဟု အမည်နာမ ပညတ်သိဝိထိ–၄။ ။ အနက်သိ ဝိထိ-၅။ ။နှစ်သက်ကြည်ညိုခြင်း စသည်သိဝိထိ-၆။ ။၏ ၆-ဝိထိဖြစ်ပုံကိုမှတ်လေ။ ။(ဂေါ)စသော ပါဠိဘာသာ၊ကုလား,တရုပ် စသောတခြားဘာသာကို၊မိမိတို့အက္ခရာတို့နှင့်ရေးထားသည်ကိုမျက်စိနှင့် မြင်၍၊အနက်စသည်တို့ကောင်းမကောင်းစသည်ကိုသိရာ၌လည်း၊၏အတူ တခြားဘာသာ သိနောင်၊ မိမိဘာသာသိ တဝိထိသွင်း၍၊ (ဂေါ) စသည် တလုံးသော အက္ခရာမှာ ၆-ဝိထိကျမှ နှစ်သက်ကြည်ညိုခြင်းစသည်ဖြစ်ရ ၏ဟုမှတ်။ ။အက္ခရာ ၂–လုံး၊၃–လုံး၊၄–လုံး၊၅–လုံးစသည်ကို ကြား၍၊ အနက် စသည်တို့ ကောင်း, မကောင်း စသည် သိရာ၌လည်း၊ အက္ခရာ ၂–လုံး၊ ၃–လုံး၊ ၄-လုံး၊ ၅–လုံး စသည်ကို မြင်၍သိသော ဝိထိတို့နှင့် မထူးတော့ပြီ။ စက္ခုဒွါရဝိထိ နောက်လိုက်နှင့်၊ သောတဒွါရဝိထိ နောက် လိုက်သာ ထူးတော့၏။ယခုကာလ မျက်စိအလင်း မရသူတို့သင်ကြားကြ သော လက်စမ်း၍တွေ့သောအက္ခရာတို့ဖြင့် သိကြရာတို့၌လည်း၊ဝိထိသွား မထူးခြားတော့ပြီ။ ၏က–ကာယဒွါရ ဝိထိနောက်လိုက်သာ ထူးတော့၏။ ထို့ကြောင့် ရှေ့ကရေးပြခဲ့သော လက်မှာ–အက္ခရာအများ၊ တွေ့–မြင်– ကြားက၊ တိတ်ပေါင်းအမည်၊ အသိသိတိုး၊ တမျိုးပေါင်းမည်×နက်၊ နှစ် သက်–ကြည်ညို၊များထိုထို၊ဌါးလိုအထူးသိဟု–ရေးပြခဲ့ ပေသတည်း။

**၊ ရှေ့က ရေးပြခဲ့သော သောတဒွါရဝိထိ၊၎င်း၏ အတိတ်သိဝိထိ၊ သဒ္ဒါရုံအပေါင်းသိ ဝိထိတို့ အာရုံဖြစ်သော အသံသဒ္ဒရုပ် ပရမတ္ထ တရား တည်းဟူသော ပရမတ္ထသဒ္ဒါ။ ။၏၌ပရမတ္ထသဒ္ဒါဆိုသည်ကား၊ အသံ ဟုဆိုအပ်သော စိတ္တဇသဒ္ဒါစု၊ ၎င်းတို့က ဆက်လက်သော ဥတုဇသဒ္ဒါ စုကိုဆိုသည်။၎င်းသဒ္ဒကလာပ်တို့ သိန်းသန်းမက စုပေါင်းမိသော်လည်း၊ အက္ခရာ,ဝဏ္ဏ,ပုဒ်,ဗျည်းရုပ်မဖြစ်နိုင်၍၊အနက်ကိုမဟောနိုင်။ဝါ၊မပြောနိုင်၊ မပြနိုင်ဟုမှတ်။ ။စင်စစ်မှာ မူကား၊ ကြားနာအပ်ပြီးသော သဒ္ဒါရုံ အပေါင်းမှ အစဉ်လျှောက်၍၊ အက္ခရာ– ဝဏ္ဏ– ပုဒ်– ဗျည်း ရုပ်ပြီးသဖြင့်၊ အနက်ကို ဟောစွမ်းနိုင်သော။ ဝါ၊ ပြောနိုင်– ပြသနိုင်သော နိဗ္ဗသဒ္ဒါ တည်းဟူသော အမည်နာမ ပညတ္တိ သဒ္ဒါအားဖြင့် ၂-ပါး အပြားရှိ၏။

ထို ၂-ပါးတို့တွင်၊ အနက်ကို ဟောပြော ပြသနိုင်သော ပညတ္တိသဒ္ဒါသည်လည်း၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် စသော ပရမတ္ထအနက်ကို ဟောတတ်။ ဝါ၊ ပြောတတ်၊ ပြသတတ်သော အမည်နာမ ပညတ္တိသဒ္ဒါတို့ကို၊ မိမိတို့ဟောအပ်သော အနက်၊ ပရမတ္ထတရားတို့ ထင်ရှားရှိသောကြောင့်၊ ဝိဇ္ဇမာန ပညတ္တိသဒ္ဒါတို့ဟု- ခေါ်ဆိုရပြန်၏။ ။ထိုထို ပရမတ္ထအပေါင်းတို့၏ အပေါ်ရံကြော သဏ္ဌာန နိမိတ် အရိပ်အရောင်ကြီးတွေကို စွဲ၍၊ ယောကျ်ား,မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ၊ တုံးတိုင်,သစ်ပင်စသော အကောင်, အထည်ဖြစ် ပညတ် အနက်တွေကို ဟောတတ်။ ဝါ၊ ပြောတတ် ပြသတတ်သော အမည်နာမ ပညတ္တိသဒ္ဒါတို့ကို မိမိတို့ဟောအပ်သော ပညတ် အနက်တို့ကား၊ပရမတ္ထတရားတို့ကိုထားပြီး၊သီးခြားထုတ်ယူစရာ ထင်ရှား မရှိသောကြောင့်၊ အဝိဇ္ဇမာန ပညတ္တိသဒ္ဒါဟု ခေါ်ဆိုရ၏။ ။အနိစ္စဟူသော သဒ္ဒါကို ကြားသောအခါ၊ ဘာဝနာပွါးသော အခါတို့၌၊ ဉာဏ်ကြီးသော သူတို့မှသာလျှင်၊ ရုပ်နာမ်ခန္ဓာတို့ ပျက်စီး၍မမြဲကြသော အနက်သို့၊ ဉာဏ်ဆိုက်ရောက်နိုင်သည်။ ဉာဏ်အလတ်စား ရှိသူတို့ကား၊ ယခင်သဘာဝတ္ထအနက်သို့ ဉာဏ်မဆိုက်နိုင်။ **အနိစ္စဆိုတာဟာ–အမြဲမရှိတာဘဲဟု** မိမိတို့ဘာသာ သဒ္ဒါတည်းဟူသော ဝေါဟာရတ္ထ အနက်သို့သာ ဉာဏ်ဆိုက်ရောက်နိုင်တော့သည်။ ဘာသာပြန်၍ သိဘို့မျှဉာဏ်မရှိသူတို့ကား၊ ယခင်သဘာဝတ္ထအနက်၊ဝေါဟာရတ္ထအနက်သို့ ဉာဏ်မဆိုက်နိုင်၊ အနိစ္စဆိုသည့် အတိတ်သိ ဝိထိ၊ အပေါင်းသိ ဝိထိ၊ အမည်သိ ဝိထိတို့နှင့် ပြီးရတော့၏။ အနက်သိဝိထိ မဖြစ်နိုင်ကြကုန်။ ပထဝီ,အာပေါအစရှိသော ပရမတ္ထသဒ္ဒါတို့ကို ကြားသောအခါ၊ နှလုံးသွင်းသော အခါတို့၌လည်း၊ ထို့အတူ ဉာဏ်ကြီးသော သူတို့မှာသာ နူးညံ့ခက်မာမှု၊ ဖွဲ့စေး–စီးယိုမှု စသော ပရမတ္ထအစစ်သို့ ဉာဏ်ဆိုက်ရောက်နိုင်သည်။ဉာဏ်အလတ်ရှိသူတို့ကား၊ ယခင်သဘာဝတ္ထ အနက်သို့ ဉာဏ်မဆိုက်နိုင်။ ပထဝီ-အာပေါ စသည်ဆိုတာ မြေ-ရေစသည်တို့ဘဲဟု၊ မိမိတို့ဘာသာ- သဒ္ဒါတည်းဟူသော ဝေါဟာရတ္ထအနက်၊သို့မဟုတ် မိမိတို့ထင်မြင်နေကြသောမြေအထု, ရေအထုတို့၏သဏ္ဌာန်နိမိတ်တည်းဟူသော ပညတ္တအနက်သို့သာ ဉာဏ်ဆိုက်ရောက်နိုင်သည်။ ဘာသာပြန်သိဘို့မျှ ဉာဏ်မရှိသော သူတို့ကား၊ ယခင် သဘာဝတ္ထအနက်၊ ဝေါဟာရတ္ထအနက်၊ ပညတ္တအနက် သိဉာဏ်မဆိုက်နိုင်။ ပထဝီ-အာပေါ စသည်ဖြင့် ပြောဆိုသည့် အတိတ်သိဝိထိ၊ အပေါင်းသိဝိထိ၊အမည်သိဝိထိတို့နှင့် ပြီးရတော့၏။

အနက်သိဝီထိတို့မဖြစ်နိုင်ဟု မှတ်သိလွယ်ချက်အရကျက်ရန်ကား။ — ဣန္ဒမာနသဒ္ဒါ၊ဟောသော်ရာမှာ၊ပညာကြီးမှ၊ပရမတ်စင်ကျ၊ နည်းသူ့သမှာ၊ ဝေါဟာရဈာ၊သိရာဝိထိကျ။ ၎င်း၏လိုရင်းအဓိပ္ပါယ်ကား၊ပရမတ္ထအနက်စုကို ဟောနိုင်သော ပထဝီ- အာပေါ- တေဇော- ဝါယော အစရှိသော ဝိဇ္ဇမာနသဒ္ဒါကိုကြားသောအခါ၊အက္ခရာ ၂-လုံး,၃-လုံး စသည်ရှိမူ၊ ရှေ့ကအတိုင်း တိတ်·ပေါင်း-အမည်သိဝိထိ၊ ၂-ဆင့် ၃-ဆင့်စသည်ရှိပြီးမှ၊ အသံအပေါင်းသိ ဝိထိချ၊ ထို့နောင် ပါဠိနှင့် အမည်သိ ဝိထိချ၊ထို့နောင် မြေ-ရေ-မီး-လေ စသော မိမိတို့ဘာသာ ဝေါဟာရအမည်သိဝိထိကျ၍၊ ဉာဏ်နည်းသောသူတို့ ဤတွင်ရပ်တော့၏။ ပရမတ္ထအနက်စင်သို့ ဉာဏ်မရောက်နိုင်။ ဉာဏ်ကြီးသောသူတို့မူကား၊ ခက်-မာ ဖွဲ့စေး-ပူ-အေး ထောက်ကန် စသော ပရမတ္ထ အနက်အစစ်ကို အာရုံပြု၍ အနက်သိ ဝိထိကျ၏။ ၎င်းနောက် ကောင်း,မကောင်းစသည်ကိုသိသော ဝိထိကျမှုကိုသိလေ။ ။ အက္ခရာကိုမြင်၍၊ ပရမတ္ထအနက်သို့ ဆိုက် မဆိုက်ကိုလည်း၊ ဤကြားသိ နည်းအတိုင်း သိကြလေကုန်။ ။ရွတ်ဆိုသောသူ၏ အသံကြား၍၊ ရွတ်ဆိုသူ ဒြဗ်အနက်နှင့် အမည်ကို သိရာ၌ကား။ ။ကြားသော သောတဒွါရဝိထိနောက်၌၊အတိတ်သဒ္ဒါရုံ သိဝိထိ-၁။ ။ထုံသဒ္ဒါရုံအပေါင်းသိ ဝိထိ-၂။ ။အသံသာမညသိ ဝိထိ-၃။ ။ထိုအသံကို မှတ်မိဘူးသော သကော်တသ်ဝိထိ-၄။ ။ယခုအသံနှင့် စပ်ဟပ်သိ ဝိထိ-၅။ ။ထိုသူ၏ အသံဘဲဟု ဆုံးဖြတ်သိဝိထိ-၆။ ။ရွတ်ဆိုသောသူ အကောင်, အထည် ဒြဗ် အနက်သိ ဝိထိ-၇။ ။အမည်သိ ဝိထိ-၈။ ။ဤအနည်းဆုံး ၈-ဝိထိ ကျမှ ပြောဆိုသံကြား၍၊ ပြောဆိုသူအနက်- အမည်ကို သိနိုင်မှု အချက်၊ နှုတ်တက် ဆောင်ရန်ကား။- တိတ်-ပေါင်း- သံ-မှတ်၊ စပ်ဖြတ်-နက်× မည်၊ ဤရှစ်လီမူ၊ ဆိုသူနက်မည် သိကြသည်။ ။၎င်း၏ အဓိပ္ပါယ်ကို၊ ရှေ့က ရှစ်ချက်ခွဲ၍၊ ဝိထိ ပြခဲ့သည်အတိုင်း သိကြလေ။ ။ဤကား မျက်ကွယ်ကပြောသော စကားသံ သဒ္ဒါ၏အနက်ကို မသိသေးခင်၊ ရွတ်ဆိုသူ၏အသံ သာမညကို အာရုံပြု၍၊ရွတ်ဆိုသူ အနက် ဒြဗ်နှင့်၊ရွတ်ဆိုသူ၏ အမည်ကိုသိသော ဝိထိစဉ်တည်း။ ။ထိုနောက်မှရွတ်ဆိုသောသူ၏(နွား) စသော သဒ္ဒါ၏ အနက်ကိုသိသော ဝိထိစုသည်၊ ဆိုခဲ့ပြီးသော အတိုင်း ဖြစ်၏။ ။မိမိတို့မျက်မှောက်တွင် ပြောဆိုနေသူကိုကား၊ ထိုသူအနက်ဒြဗ်နှင့်၊ထိုသူအမည်ကို၊ စက္ခုဒွါရဖြင့် ကိုသိပြီး၏။ သောတဒွါရဝိထိစဉ် ချဲ့ဘွယ်

မရှိ။ ။ဤဆိုအပ်ပြီးသော စကားရပ်ကား၊အသံကိုကြားရာ၌ နားထောင်နေသော သုဏန္တပုဂ္ဂိုလ်မှာ ဝိထိဖြစ်ပုံ စကားတို့တည်း။

ပြောဆိုတတ်သောဝဒန္တပုဂ္ဂိုလ်၌(နွား)စသော သဒ္ဒါကို ရွတ်ဆိုသောအခါ၊ ဝိထိစိတ်အစဉ်တို့ ဖြစ်ပုံကား။ ။သူတပါးကို ကြားစေလို၍ (နွား) စသော သဒ္ဒါကိုရွတ်ဆိုသောအခါ၊မရွတ်မှီရှေ့အဘို့၌၊နွားကောင်စသော အနက်ဒြပ်ကို အာရုံပြု၍ အနက်သိဝိထိ–၁။ ထို့နောင် နွားစသော ဒြပ်အနက်ကို အစဉ်လျှောက်၍၊ ရှေးကမှတ်သိဘူးသော (နွား)စသော အမည်သာမည၊ သို့မဟုတ် ကြာကြီး – ကြာကလေး စသော ဝိသေသအမည်ကို ဖြစ်စေ၊ အာရုံပြု၍ အမည်သိ ဝိထိ–၂။ ။ဤအမည်သိ ဝိထိ၏ အာရုံဖြစ်သော (နွား) စသော နာမပညတ်သဒ္ဒါကို မနသာ ဝဝတ္ထာပိတ သဒ္ဒါခေါ်သည်။ (ပြောမည်ဟု နှလုံးသွင်းသည့် အမည်ဟူလိုသည်)။ ။ အက္ခရာကို ရွတ်ဆိုကြသော သူခပ်သိမ်းတို့မှာပင်၊ ဤမနသာဝဝတ္ထာပိတ သဒ္ဒါကို မရွတ်ဆိုမှီ၊ ငါဘာကိုဆိုမည်၊ ဘာကိုပြောမည်ဟု အာရုံပြုမြဲ ဓမ္မတာပေတည်း။ ။ပြောဆိုတတ်သော ဝဒန္တပုဂ္ဂိုလ်က၊သိစေလိုသော မနသာ ဝဝတ္ထာပိတ (နွား) စသော နာမပညတ္တိ သဒ္ဒါကို၊ ၎င်းဝဒန္တပုဂ္ဂိုလ်က ပြောဆိုသော ဝစီဘေဒ ပရမတ္ထသဒ္ဒါကိုကြားမှ၊ နားထောင်တတ်သော သုဏန္တပုဂ္ဂိုလ်က သိနိုင်လေသည်။ မနသာ ဝဝတ္ထာပိတ နာမပညတ္တိ သဒ္ဒါသည်၊ ပရမတ်မဟုတ်၍ သောတဒွါရ၌ ခိုက်တိုက်ကောင်းသော သဒ္ဒါမဟုတ်၊ ထိုနာမပညတ်၏ အတုအစားပြုလုပ်၍ ရွတ်အပ်သော ပရမတ္ထသဒ္ဒါသည်သာ နားထောင်သော သုဏန္တပုဂ္ဂိုလ်၏ သောတဒွါရ၌ ခိုက်တိုက်လေသည်။ သောတဒွါရ၌ ခိုက်တိုက်သော်လည်း၊ထိုပရမတ္ထ သဒ္ဒါသည်၊ အက္ခရာ ဝဏ္ဏ–ပုဒ်–ဗျည်းရုပ် ပြီပြင်သည် မဟုတ်သောကြောင့်၊ အနက်ဒြပ်ကို မဟောနိုင်။ ဝါ၊မပြောနိုင်၊ မပြနိုင်လေ။ ။ကုဋေများစွာကြားနာရသောထိုပရမတ္ထသဒ္ဒါရိပ်ကိုမှီ၍သိရသော ထို မနသာ ဝဝတ္ထာပိတသဒ္ဒါနှင့် ထပ်တူထပ်မျှ ဖြစ်သော (နွား) စသော နာမပညတ္တိ သဒ္ဒါသည်သာလျှင်၊ အက္ခရာ–ဝဏ္ဏ–ပုဒ်–ဗျည်းရုပ် ပြီသသည် ဖြစ်၍ နွားကောင်စသော အနက်ဒြပ်ကို ဟောနိုင်။ ဝါ၊ ပြောနိုင်၊ ပြနိုင်လေသည်ဟု သေသေချာချာ ကြံမှတ်ကြလေ။ဤပရမတ္ထသဒ္ဒါ,နာမပညတ္တိ သဒ္ဒါတို့ ခြားနားချက်,ကူးပြောင်းဆက်နွယ်ချက်၊ နာမပညတ္တိသဒ္ဒါတို့ကမှသာ အနက်အဓိပ္ပါယ်တို့ကိုဟောနိုင်။ ဝါ၊ပြောနိုင်-ပြနိုင်သည့်အချက်တို့ဟာ လွန်စွာ နက်နဲလှပါ၍၊ ဆရာတော်ကြီးများ အထံက ရအပ်ပြီးသော

နည်းမြတ် တို့ကို ထင်ရှားစွာ ပြအပ်ပါသတည်း။ ။အထူး သတိပြု၍ ကြည့်တော်မူကြပါကုန်။

ထိုနောင် ရွတ်ဆိုအပ်ဟု ရည်မှန်းသော ပရမတ္ထသဒ္ဒါကို အာရုံပြု၍၊ သဒ္ဒါသိဝီထိ ၃။ ။ထိုနောင် ဖြစ်လတ္တံ့သော ပရမတ္ထသဒ္ဒါကို အာရုံပြု၏ဟု ယူရန်တချက်။ စောပနကြိယာဟု ဆိုအပ်သော ဝစီဝိညတ်ကို အာရုံပြု၏ ဟုယူရန်တချက်။ ဤ ၂-ချက်တို့တွင်၊ တချက်ချက်ကို အာရုံပြု၍၊ စောပန သိဝီထိ-၄။ ။ဤ ဝီထိသည်ကား၊ ရွတ်အံ့ဟု ရည်မှန်းသော အတိုင်း၊ အက္ခရာဝဏ္ဏတို့ ဖြစ်ပေါ်လာရန်၊ ဌာန်-ကရိုဏ်း- ပယတ်တို့ကို လှုပ်ရှား တိုက်ခိုက် ၍ပြင်ဘတ်သော ဝစီဝိညတ်ကို ဖြစ်စေတတ်သော စောပန ဝီထိတည်း။ ။( ပြောပြသည့် ဝီထိဟူလို )။ ။ဤ၌ (နွား) စသော တခု သောနာမပညတ်ကို သိစေလို၍၊ ပရမတ္ထသဒ္ဒါကို ရွတ်ဆိုသော အခါ၊ ၃-မတြာကာလ အတွင်း၌ ရွတ်ဆိုဆဲအခိုက်တွင်၊ သဒ္ဒသိဝီထိ၊ စောပန ဝီထိတို့သည်၊ ကုဋေ အရာမကကျကုန်ရာ၏။ နားထောင်နေသော သုတာန္တ ပုဂ္ဂိုလ်မှာလည်း၊ သောတဒွါရဝီထိ၊အတိတ်သိဝီထိတို့သည်၊ ကုဋေပေါင်း များစွာကျကုန်ရာ၏။ ။ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်မှာကား၊မိမိ၏ ဝိတ္တဇ သဒ္ဒါကို မိမိကြားနိုင်ခွင့်မရှိ။ ဝိတ္တဇသဒ္ဒါမှ ဆက်လက်ဖြစ်ပွါးလာသော ဥတုဇသဒ္ဒါကိုသာ ကြားနိုင်သည်။ နားထောင်သော သုတာန္တ ပုဂ္ဂိုလ် မူကား၊ ရွတ်ဆိုသူ၏ ဝိတ္တဇသဒ္ဒါကို ကြားနိုင်ရာ၏။ ၃-မတြာရွတ်မှ ပြီး ပြည့်စုံသော(နွား) သဒ္ဒါတလုံးကို၊များစွာသော ဇောဝီထိအပေါင်းတို့ဖြင့် ရွတ်ဆိုစဉ်၊ အကြားအကြား၌ ဘဝင်များစွာ ကျသောအခါ၊ ဝိတ္တဇ သဒ္ဒါ အစဉ်ပြတ်ပါသေး၏။ ဥတုဇ သဒ္ဒါမှာ မပြတ်ပေပြီ။ ။ထိုဝိတ္တဇ သဒ္ဒါမှ ဆက်လက် ဖြစ်ပွါးသော ဥတုဇ သဒ္ဒါစုသည်လည်း၊ ဝိတ္တဇ အနေအထိုင်သာ ထင်ရလေသည်။ ဤပြောဆိုသော ဝဒန္တပုဂ္ဂိုလ်၏ ၄-ဝီထိကား၊ပဉ္စဝိညာဏ်ဝီထိတို့၏ နောက်လိုက်ဝီထိမျိုးမဟုတ်၊သက်သက် သော မနောသင်ဝီထိမျိုးတို့သာတည်း။ သဒ္ဒါအရာမှာ ဆိုင်လာ၍သာ ဤ၌ ထည့်သွင်း ဖော်ပြလိုက်ပေသတည်း။ ။ဤဝီထိ အချက်ကို နှုတ်တက် ဆောင်ရန်ကား၊—

နက်-မည် သဒ္ဒ၊ စောပန၊ ဒေန္တလေးဝီထိ။ရင်း၏ လိုရင်း အဓိပ္ပါယ် ကား၊ အနက်သိဝီထိ-၁။ ။အမည်သိ ဝီထိ-၂။ ။ဆိုမည့် အသံသဒ္ဒါ သိဝီထိ-၃။ ။ပြောဆိုမည့်စောပနဝီထိ-၄။ ။ဤ ၄-ဝီထိကျမှ ပြောပြ နိုင်၏။ အက္ခရာ ၂-လုံး၊ ၃-လုံးစသည်အမည်ကို ပြောမူ၊ သဒ္ဒါသိဝီထိ၊

စောပနဝီထိတို့သာ အဆင့်ဆင့်တိုးလိမ့်မည့် အထူးကို သိလေ။ ။ဤဝီထိတို့ကား၊ ဝိညာဉ်အလိုနှင့် မစပ်သော သောတဒ္ဒါရနောက်လိုက် ဝီထိတို့တည်း။ ဝိညာဉ်အလိုနှင့် မစပ်ရဆိုသော်လည်း၊ လာလော့–သွားလော့ စသည်ကို ပြောကြားမှုစသော ဝိညာဉ်အထူးနှင့် မစပ်သည်ကိုသာ ဆိုပေသည်။ (နွား)ဟူသော ရွတ်ဆိုအပ်သော စိတ္တဇသဒ္ဒါဟူက၊ ဝိညာဉ်မကင်း ကောင်းသဖြင့် နွားဟုရွတ်ဆိုရာမှာလည်း၊ ဝိညာဉ် ပါသည်သာလျှင်တည်း။ သို့သော်လည်း အာရုံ ပြုသောသူက မူကား၊ နွားစသောသာမညစကားကို ပြောဆိုရာ၌၊ ဝိညာဉ်ကို အထူးအာရုံပြုသော ဝီထိဖြစ်ခွင့်မရှိပြီ၊ဥတုဇဖြစ်သော တောသံ,တောင်သံ,မိုးသံ,လေသံ, ဝမ်းသံ–အဆန်းမဟုတ်ဘဲ၊ အရိုးအဖြောင့်ဖြစ်သော လူတို့ညည်းတွားသံ, ဟောက်သံ, ချောင်းသံ, သမ်းသောအသံ, ချေဆတ်သော အသံတို့၌ကား၊ဝိညာဉ်မပါ အဆန်းဉာဏ်နှင့် တမျိုးသိစေလို၍၊ညည်းတွားခြင်း စသည်ကို ပြုမှုဝိညာဉ်ပါ၏ဟုမှတ်။ ။ဝိညာဉ်အလိုနှင့်စပ်သော သောတဒ္ဒါရဝီထိနောက်လိုက်တို့ဖြစ်ပုံကား။ ။သွားလာ စားသောက်စသည်ကို ဆိုသောသူ၏ ဝစီ ဝိညတ်-အမှုအရာစသည်ကိုသိသော ဝီထိဖြစ်စဉ်မှာ၊ရှေးဦးစွာ ပစ္စုပ္ပန် (လာ) စသော အသံသဒ္ဒါရုံကို အာရုံပြု၍ သောတဒ္ဒါရ ဝီထိကျပြီးနောက်၊ ၎င်းသောတဒ္ဒါရဝီထိ ယူအပ်ပြီးသော (လာ) စသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍၊မနောသိ ဝီထိ-၁။ ။(ဤ၌ လာ,သွားစသည် အက္ခရာတလုံးကို ၂-မတြာခွဲစသည် ကာလအတွင်း ရွတ်ဆိုရသည့် ကုဋေ အရာမက များသော သဒ္ဒါရုံတို့ကို အာရုံပြု၍ သောတဒ္ဒါရ ဝီထိနှင့်၊ အတိတ်သိဝီထိတို့ ကုဋေပေါင်းများစွာ အထပ်ထပ် ကျရာသည်ကိုလည်း၊ သေချာစွာသိကြလေ)။ ။ထို့နောင်၊ ၎င်း ၂-ဝီထိတို့ အထပ်ထပ် ယူအပ်ပြီးသော အတိတ်သဒ္ဒါရုံအပေါင်းကို အာရုံပြု၍ အပေါင်းသိဝီထိ-၂။ ။ထို့နောင် နှုတ်အမှုအရာဟု ဆိုအပ်သော ဝစီဝိညတ်ရုပ်ကို အာရုံပြု၍ ဝိညတ်သိဝီထိ ၃။ ။(ဤ၌ ဝစီဝိညတ် ဆိုသည်ကား၊ ရွတ်ဆိုသော ပရမတ္ထ သဒ္ဒါ၌ မှီလျက်ပါသော နှုတ်အမှုအရာ ဝိကာရရုပ်အထူးတည်း။ ဤဝိညတ်အမှုအရာ အထူးဖြင့် သွားစေလိုသည်။ လာစေလိုသည် စသော ပြောဆိုသောပုဂ္ဂိုလ်၏ အလိုကို သိရသည်ဖြစ်၏။ ဤ ဝစီဝိညတ်သည်၊ ပရမတ္ထ သဒ္ဒါ၏ အမှုအရာဖြစ်သောကြောင့်၊ သဒ္ဒါရုံ အပေါင်းသိ ဝီထိနောင် ဝိညတ်သိ ဝီထိကို ချရသည်ဟုမှတ်) ။ ။ထို့နောင်၊ လာ–သွား- စသော ဝိညတ်နှင့်တကွသော နာမပညတ်ကို အာရုံပြု၍ အမည်သိဝီထိ–၄။ ။ထို့

နောင်၊လာ,သွားစသော နာမပညတ်သဒ္ဒါ၏၊ ထိုမှ-ဤသို့လာ။ဤမှ-ထိုသို့ သွား-စသော အနက်အဓိပ္ပါယ်ကို အာရုံပြု၍၊ အနက်သိ ဝီထိ-၅။ ။ထို့နောင် ပြောဆိုသော သူ၏ လာစေလိုမှု၊သွားစေလိုမှုစသောအလိုဆန္ဒကို အာရုံပြု၍၊အလိုသိဝီထိ-၆။ ။(ထိုထိုအနက်ကို သိပြီးမှပင်၊ အလိုဆန္ဒကို သိနိုင်သောကြောင့်၊ အနက်သိဝီထိနောင်မှ၊ ဤအလိုသိဝီထိကို ချရလေသတည်း)။ ။ဝစီဝိညတ်ပါသောဤဝီထိစုအချက်ကို အရကျက်ရန်ကား၊—

တိတ်- ပေါင်း- ဝိဉ်-မည်၊ × နက် × ၁နိုသည်၊ ခြောက်သီ နှုတ်မှုသိ။ ၎င်း၏ လိုရင်းအဓိပ္ပါယ်ကား။ ။အတိတ်သိဝီထိ-၁။ ။အပေါင်းသိ ဝီထိ ၂။ ။ဝိညတ်သိဝီထိ-၃။ ။အမည်သိဝီထိ-၄။ ။အနက်သိဝီထိ-၅။ ။အလိုသိဝီထိ-၆။ ။ဤ ၆-ဝီထိကျမှ၊ လာ-သွားစသော တလုံးသော အက္ခရာနှင့် သူတပါးကပြောသည့် အလိုဆန္ဒကို ကြားသူက သိနိုင်ရသည်ကို သချာစွာမှတ်ကြလေ။ ။လာခဲ့ ဟူသော အက္ခရာ ၂-လုံး။ မြန်မြန်လာဟူသောအက္ခရာ ၃-လုံး။ မြန်မြန်လာခဲ့ ဟူသော အက္ခရာ ၄-လုံး၊ စသည်ရှိကြသော ပုဒ်စုကိုကြား၍၊ အနက် အလိုဆန္ဒစသည်ကို သိရာ၌၊ အက္ခရာဝဏ္ဏ၊ မပြိုသေးသော (လာ)ဟူသော ပရမတ္ထသဒ္ဒါစစ်ကိုအာရုံပြု၍၊ သောတဒွါရ ဝီထိနောင်၊အတိတ်သဝီထိ-၁။ ။ထို့နောင်အတိတ်ဖြစ်သော(လာ)ဟူသော ပရမတ္ထသဒ္ဒါ အပေါင်းသဝီထိ-၂။ ။ထို့နောင် ဝိညတ်သိဝီထိ-၃။ ။ထို့နောင်(လာ)ဟူသောအက္ခရာ၊ ပဏ္ဏတ်ရုပ်ပေါ်သည့် အမည်နာမပညတ်သိဝီထိ-၄။ ။ (ခဲ့)ဟူသော သဒ္ဒါ၌လည်း၊ ထို့အတူ တိတ်-ပေါင်း-ဝိဉ်-မည်-၄-ဝီထိကျ၏။ ။ထို့နောင်လာနှင့်ခဲ့ ဟူသော အတိတ်ပရမတ္ထသဒ္ဒါတို့ကို အာရုံပြု၍ တမျိုးအပေါင်းသိ ဝီထိ-၉။ ။ထို့နောင်၊ထိုပရမတ္ထ သဒ္ဒါအပေါင်းကို အစဉ်လျှောက်၍၊ အက္ခရာ-၁ဏ္ဏ၊ပုဒ်-ဗျည်း-ရုပ်ပြိုသသော လာခဲ့ဟူသော နာမပညတ္တိ သဒ္ဒါတို့ကို အာရုံပြု၍၊ အမျိုးအမည်သိဝီထိ-၁၀။ ။ထို့နောင် ၎င်းသဒ္ဒါ၏အနက်သိဝီထိ-၁၁၊ ထို့နောင် လာစေချင်သည့် ပုဂ္ဂိုလ်၏အလိုဆန္ဒ စသည်ကိုသိရ၏။အက္ခရာ ၃-လုံး၊၄-လုံးစသည်ရှိကြမှု၊ ဤ ၁၂-ဝီထိတို့၌၊ တိတ် ပေါင်း-ဝိဉ်-မည် သိ ၄-ဝီထိစီတိုး၍ သိကြလေ။ ။ဤအဓိပ္ပါယ် အချက်ကို အရကျက်ရန်ကား၊—အက္ခရာအများ၊တွေ့-မြင်-ကြား ရာ၊ ဝိညတ်ပါမူ၊တိတ်-ပေါင်း ဝိဉ်မည်၊ အသီးသီးတိုး တမျိုးပေါင်းမည်×နက်×သိုသည်၊ ၄ါးမည်အထူးသိ။ ။၎င်းအဓိပ္ပါယ်ကို ရှေ့က ရေးပြခဲ့သည့်အတိုင်း ၂-လုံးဖြစ်လျှင်၊ ၁၂-ဝီထိ။၃-လုံး၊ ၁၆-ဝီထိ။၄-လုံးဝီထိ-၂၀။ ဤသို့အက္ခရာတလုံးတလုံး

တိုးလျှင် ၄–ဝိထိ၊ ၄–ဝိသိဝိတိုး၍ သိကြလေ။ ဤဝိညာဉ်ပါသော အက္ခရာ အများကို၊နားကြား၍ အလိုဆန္ဒသိ ဝိထိအမျိုးမျိုးတို့ကို သိရသလို၊ ဝိညာဉ်ပါသည့် အနက်ကိုသိစေသော အက္ခရာအများကို မျက်စိနှင့် မြင်၍ ၎င်း၊ မျက်စိမစုံသူတို့ကို ဖတ်သိနိုင်သည့် လက်တွေ့ အက္ခရာစုကို လက်ဖြင့် တွေ့၍၎င်း၊ပုဂ္ဂိုလ်အလိုဆန္ဒကို သိရာ၌လည်းမထူးတော့ပြီ။ အက္ခရာ ၂-လုံး ၁၂-ဝိထိ၊ ၃-လုံး-၁၆-ဝိသိ၊ ၄-လုံး-ဝိထိ-၂၀။ စသည်ကျမှုကို သိကြလေ။ ။ဘမျိုးလူတို့ ဘာသာကို၊ တမျိုး လူတို့ကသိရာ၌လည်း၊ အနက်သိနောက် ၂-ဝိသိမကျခဲ့၊ အမည်နာမ ပညတ်သိ ဝိထိနောက်က၊ မိမိတို့ဘာသာ တဝိထိကိုချပြီးမှ၊ အနက်သိ–အလိုသိ ဝိသိတို့ကျနိုင်မည့်အထူးကို သေချာစွာသိကြလေ။

ဤရှေ့က ကြားသိဝိသိတို့နှင့်စပ်၍၊ ဆန်းကြယ်စွာ စာသွားအရနှင့် ရေးပြလိုက်သော ဝိဉ်စုကို၊ရှေ့ကတခြားစာမှာဖြစ်စေ၊ယခု ဤစာမှာဖြစ်စေ၊ မ‌လေ့လာဘူးခြား သူတော်ကောင်း အများတို့ကား၊ ရှုကြည့်ကြလို့ အလွန်ပင် ပျင်းရှာကြပေလိမ့်မည်။ လေ့လာဘူးခြား သူတော်ကောင်း အများတို့ကား၊ သိလုံးထွား၍၊အသပ်ထပ်ကြားချင်၊ အထပ်ထပ်ကြည့်ချင် ကြပေလိမ့်မည်။သို့သော် ဤရှေ့က ကြား သိလုံးနှင့်စပ်သမျှ အလွန်ပင် ဆန်းကြယ်လှသော နာမ်ဝိထိအစားစားတို့ကိုရေးသားလိုက်ရသည်ကား၊ ကျမ်းဂန်ဘတ်အကျော် ဆရာတော်ကြီးများ နည်းနိသျည်း အစားစားတို့ ပျောက်ပျက် မသွားရန်၊ ဂန္ထန္တရ ဗဟုသုတ-လိုလား၊ သူတော်ကောင်း အစားစားတို့ သိကြားကြစေရန်၊ ရည်သန်၍သာ ရေးပြလိုက်ပါသည်။ ဝိပဿနာဆရာတို့၊ ၎င်းအတိုင်း-ဝိပဿနာ ရှုကြရတို့ ရေးပြသည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုလာမူ၊ ဝိတ္တက္ကဏ ကာလတို့က၊ အလွန်တိုလှ၍ ဉာဏ်မမှီ နိုင်ကြသောကြောင့်ဟု- သိကြပြီးနောက်၊ ဝိပဿနာ အလုပ်-အားထုတ်ရန်ဘို့ကား၊ ထိုထိုဝိညာဉ် ၂၊-မပါသော အသံများကို၊တခုတခုစွဲ ပိုင်းခြား၍သိမှု၊ နာမ်အစဉ်သန္တတိ ပစ္စုပ္ပန်တရားစုတို့ ပျက်မှုကိုသာ–စစဦး ခပ်ကျဲကျဲက ရှုကြရမည်ဟု မဟာဋီကာ မိန့်မှာတော်မူသည့် အရ၊ ရှေ့ကအတိုင်း-စကြံသွား၍ အားထုတ်လိုကြပါမူ၊ရှေ့ကထိုထိုခြေလှမ်းနှင့် ဆိုင်သမျှသော မြင်သိလုံးတို့၏ အပျက်တို့ကို၊ ထိုထိုခြေလှမ်းတို့၏ အဆုံးအဆုံးတို့မှာ၊ ဖြုန်းကနဲ ဖြုန်းကနဲပျက်ကြမှု အနိစ္စ အချက်စုကိုသာ ပြခဲ့၏။ ယခုမှာမူကား၊၎င်းခြေလှမ်းတို့အဆုံးတို့မှာ မြင်သိလုံးတို့သာပျက်ကြသည် မဟုတ်၊၎င်းခြေချသံတို့ကို ကြားသိလုံးတို့၊ ထိုထိုခြေလှမ်းတို့ အဆုံးအဆုံး

တို့မှာ၊ တဖြုန်းဖြုန်း- ပျက်ပျောက် အနိစ္စရောက်လိုက်မှု တို့ကိုလည်း၊ ကြောင်ကြောင်ကြီး ထင်မြင်လာအောင်၊ ရှေ့က ထင်မြင်ပြီးသား၊ မြင်သိပျက် အနိစ္စရှုချက်များနှင့်၊ တွဲကာ တွဲကာ မကြာမကြာ အခါခါရှုကြပါလေ။ ။တစေတွေနည်းမှာ၊ ငင်းခြေလှမ်းတို့၏ အဆုံးအဆုံးတို့၌၊ မြင်သိ, ကြားသိ ဝိသိ စုသာ ပျက်ပျက်လိုက်နေကြတာ မဟုတ်သေး၊မိမိတို့ခြေနှင့် မြေကို တွေ့သိလုံးတို့၊ ထိုထိုခြေလှမ်းတို့ အဆုံးအဆုံးတို့မှာ တဖြုန်းဖြုန်း ပျက်ပျောက် အနိစ္စရောက်လိုက်မှုတို့ကိုလည်း၊ကြောင်ကြောင်ကြီးထင်မြင် လာအောင်၊ ရှေ့က ထင်မြင်ပြီးသား၊ မြင်သိပျက်, ကြားသိပျက် အနိစ္စ ရှုချက်များနှင့် တွဲကာ တွဲကာ မကြာ မကြာ အခါခါ ရှုကြပါလေ။ ။ နည်းတစေတွေမှာ၊ ငင်းခြေလှမ်းဘို့၏ အဆုံး အဆုံးတို့၌၊ မြင်သိ,ကြားသိ, တွေ့သိ ဝိထိစုသာ ပျက်ပျက်လိုက်နေကြတာ မဟုတ်သေး၊ ထိုမြင်သိပျက်, ကြားသိပျက်, တွေ့သိပျက် အနိစ္စ အချက်တို့ကို ရှုကြည့်သည့် မနောသိ ဝိပဿနာစိတ်တို့၊ ထိုထိုခြေလှမ်း အဆုံးအဆုံးတို့မှာ၊ တဖြုန်းဖြုန်း ပျက်ပျောက် အနိစ္စရောက်လိုက်မှု တို့ကိုလည်း၊ ကြောင်ကြောင်ကြီး ထင်မြင်လာအောင်၊ရှေ့ကထင်မြင်ပြီးသား၊မြင်သိပျက်,ကြားသိပျက်,တွေ့သိပျက် အနိစ္စ ရှုချက်များနှင့်၊ တွဲကာတွဲကာ မကြာ မကြာ အခါခါ ရှုကြပါလေ။

ဤရှေ့ကပြခဲ့တိုင်း ဝိပဿနာအလုပ် အဟုတ်ရအောင်၊အားထုတ်လိုသူ ယောဂီပုဂ္ဂိုလ်တို့ကား၊စင်္ကြံနှင့် ခြေလှမ်းတိုင်းတို့မှာ၊ မြင်သိပျက်တခုကိုသာ ရှုကြည့်လို့၊ ကြပ်ကြပ်ကြီး ထင်မြင်လာပြီးမှ၊ကြားသိပျက်, တွေ့သိပျက် တို့ကို တွဲဘက်ပါလေ။ ဤ ၃-သိပျက်ကိုသာ ရှုကြည့်ပါ၍၊ကြပ်ကြပ်ကြီး ထင်မြင်ပြီးမှရှုသိပျက်ကိုတွဲဘက်ပါလေ။ဤ၄-သိပျက်ကိုခြေလှမ်းအချက် တိုင်းတို့မှာ၊ ထင်မြင်လာကြအောင် မကြာမကြာ အခါခါရှုကြ၍ ထင်မြင် မှုပေါ်ပါမူ၊ စင်္ကြံမှတပါး တခြားသွားလာနေထိုင်၊ လုပ်ကိုင်နေကြသော ဣရိယာပုထ်စုတို့မှာလည်း၊ ငင်းဝိပဿနာရှုမှုနှင့် တွဲနိုင်ကြသူ ယောဂီပုဂ္ဂိုလ် များအစစ်ဖြစ်ကြလေ၏။ ။အဘယ်လိုရှုရပါမည်နည်းဟူမူ၊ ဤဝိပဿနာ အချက်များကို ရှုလိုသူ ယောဂီပုဂ္ဂိုလ်တို့သည်၊ တော, တောင်, ထွက်ရဘို့ အချက်မလိုလှပါ။အလွန်လူရှုပ်ထွေး ဆူညံလှပါသည့် သင်္ဘော,ရထား, စက်ရုံများတို့အလယ်၊ ဈေးရုံကြီး-ပွဲရုံကြီးများ အလယ်၌ပင်၊ ဝိပဿနာ ရှုချင်သော စိတ်ရှိက ရှုကြပုံကား၊ ရှုပ်နေကြသူများ အဆင်းတို့ကို မြင်သိ အသစ်ပြောင်း အဟောင်း ပျက်မှုနှင့်လည်း ရှုနိုင်၏။ ဆူညံနေသူတို့၏ အသံတို့ကို ကြားသိအသစ်ပြောင်း, အဟောင်း ပျက်မှုနှင့်လည်း ရှုနိုင်ကြ

၏။ တယောက်နှင့် တယောက်တို့ တိုးကြိတ်ထိပါး၍၊ တွေ့သိလုံးများကို အသစ်ပြောင်း အဟောင်းပျက်မှုနှင့်လည်း ရှုနိုင်၏။ ထိုထိုဝိပဿနာ ရှုမှုတို့ တခြားတပါးကို ကြံစည်မှုတို့ အသစ်ပြောင်း- အဟောင်းပျက်မှု တို့ကို လည်း ရှုနိုင်ကြကြောင်းကို၊ ကောင်းကောင်း သိရှိကြကာ အဘိုးတန် ဘဝကောင်း,ကာလကောင်းကြီးများဖြစ်ကြပါအောင်၊ မရ ရသာ အခွင့် ရှာ၍၊ အခါကာလတိုင်းတို့မှာ ဝိပဿနာနှင့် တွဲဖြစ်အောင် တွဲကြပါလေ ယောဂီ မြက်တွေတို့။ ။[ တွေ့သိပျက်၊မနောက်သိ ပျက်တို့ကို ဤမှာပင် အလျဉ်းသင့်ရာ တွဲဘက်ပါ၍၊ဘဆက်ထည်း ပြလိုက်ပါသတည်း။နောက် နောင် တွေ့သိပျက် ဝိပဿနာ၊ မနောသိနှင့်ဆိုင်သမျှ ဝိပဿနာတို့ကို မပြ ပေမဲ့၊ဤမှာပြတိုင်းသိကြပါလေ ]။ ။ကြားသိနှင့်စပ်သမျှ ဝိထိတို့ဖြစ်ကြ ပုံနှင့် အနိစ္စရှုရပုံပြီး၏။

---

## (၇) နှာ--လျှာ--ကိုယ်၊မနောတို့ဝိထိအစားစားနှင့်၊ဝိပဿနာရှုရပုံများ

**နံသိ ၂-ချက်-ဝိထိဆက်ပုံကား၊** ထိုထိုအနံ့အမျိုးမျိုးတို့နှင့်၊ ဃာနဝတ္ထု တို့ တိုက်ဆိုင်မိကြသောအခါ၊နှာခေါင်း၌ နံမှုဝိထိရှေ့ဦးစွာဖြစ်၍၊နောက် ၌ နှလုံးသိမှု ဝိထိကြီးတွေ အမျိုးမျိုးဆက်လက် ဖြစ်ပွါးကြကုန်၏။ ဝိထိ အရေအတွက်နှင့်၊သေချာစွာဆက်လက်၍ပြရမူ။ ။စံပယ်-နှင်းဆီစသည် တို့၏ ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၍ ဃာနဒွါရ ဝိထိဖြစ်၏။ ထို့နောင် ချုပ် လေပြီးသော အတိတ်ဂန္ဓာရုံကို အာရုံပြု၍ အတိတ်သင်ဝိထိ-၁။ ။ထို့ နောင်ရှေ့ ၂-ဝိထိတို့ အကြံဝ်ကြိမ်ယူအပ်သော အတိတ်ဂန္ဓာရုံ အပေါင်း ကို အာရုံပြု၍ အပေါင်းသ်ဝိသ်-၂။ ။ထို့နောင် ဤကား စံပယ်နံ့၊ ဤကား နှင်းဆီနံ့ စသည်ဖြင့်၊ အနံ့၏အမည်ကို အာရုံပြု၍ အမည်သ်ဝိထိ-၃။ ။ ထို့နောင် ထိုအနံ့၏တည်ရာ၊စံပယ်ပန်းပွင့်၊နှင်းဆီပန်းပွင့်စသောအထည် ဒြပ် အနက်ကိုအာရုံပြု၍ အနက်သိ ဝိသိ-၄။ ။ထို့နောင် ထိုအနက်-အမည် ဂန္ဓာရုံတို့ ကောင်း,မကောင်းသိခြင်းစသည် နှစ်သက်ဖြစ်မှားခြင်းစသည် ကြည်ညိုခြင်းစသော သဒ္ဓါ,သတိစသည်ဖြစ်နိုင်သော နှစ်သက်ကြည်ညို သိဝိသ်-၅။ ။ဤနောက်လိုက် ၅-ဝိကျမှ ထိုထို အနံ့၏ အနက်-အမည်တို့ ကောင်း,မကောင်း စသည်ကိုသိရ၏။ ။[ နာဝ်ဝိထိ သွားပုံမှာ၊ ရှေ့ကပြခဲ့ သည့် စက္ခုဒွါရဝိထိ၌၊ စက္ခုဝိညာဏ်ဟုဆိုသည့်နေရာမှာ၊ဃာနဒွါရဝိသိ သိလိုမူ၊ (ဃာနဝိညာဏ်) ထည့်ရုံ။ ဇိဝှါဒွါရဝိသိ သိလိုမူ၊ (ဇိဝှါဝိညာဏ်)

ထည့်ရုံ။ ကာယဒွါရဝီထိသိလိုမူ၊ (ကာဝိညာဏ်) ထည့်ရုံသာထူးတော့၏။ ကြွင်း အတူတူပင်ဟု မှတ်။ နောက်လိုက် မနောဒွါရ ဝီထိတို့လည်း ရှေ့အတိုင်းပင်ကည်း။]

လျက်-သိ ၂-ချက်ဖြစ်ပုံကား၊ ထိုထိုအရသာ အမျိုးမျိုးနှင့် ဇိဝှါဝတ္ထု တို့ တိုက်ဆိုင်မိကြသော အခါ၊ လျှာ၌ လျက်မှုဟု ဆိုအပ်သော ဇိဝှါဒွါရ ဝိသိ ရှေးဦးစွာဖြစ်၍၊ နောက်၌ နှလုံးသိမှု ဝိသိကြီးတွေ အမျိုးမျိုး ဆက် လက်ဖြစ်ပွါးကြကုန်၏။ ဝိထိ အရေအတွက်နှင့် သေချာစွာ ဆက်လက်၍ ပြရမူ။ ။ဝက်သား, ကြက်သားစသည်တို့၏ ပစ္စုပ္ပန်ရသာရုံကို အာရုံ ပြု၍၊ ဇိဝှါဒွါရဝိသိဖြစ်၏။ ။ထို့နောင် ချုပ်လေပြီးသော အတိတ်ရသာရုံ ကို အာရုံပြု၍ အတိတ်သိဝိထိ-၁။ ။ထို့နောင် ရှေ့ ၂-ဝိသိတို့ အကြိမ် ကြိမ်ယူအပ်သော အတိတ်ရသာရုံအပေါင်းကိုအာရုံပြု၍ အပေါင်းသိဝိထိ ၂။ ။ထို့နောင် ဤကား ဝက်သား၏ အရသာ၊ ဤကား ကြက်သား၏ အရသာ စသည်ဖြင့်၊ အရသာ၏ အမည်နာမ ပညတ်ကို အာရုံပြု၍ အမည် သိဝိသိ-၃။ ။ထို့နောင် ထိုအရသာ၏ တည်ရာ၊ ဝက်သား, ကြက်သား စသောအထည်ဒြဗ် အနက်ကိုအာရုံပြု၍ အနက်သိဝိထိ-၄။ ။ထို့နောင် ထိုအနက်အမည်ရသာရုံတို့ ကောင်း,မကောင်းသိခြင်းစသည်တို့ကို အာရုံ ပြု၍၊ နှစ်သက်ဖြစ်မှားခြင်း စသည်တို့သည်ရင်း၊ ကြည်စေခြင်း စသော သဒ္ဓါ,သတိ စသည်တို့သည်ရင်း၊ဖြစ်နိုင်သော နှစ်သက်ကြည်ညိုသိဝိထိ-၅။ ။ဤသို့နောက်လိုက် ၅-ဝိသိကျွမှ၊ ထိုထို အရသာ၏ အနက်အမည်၊ ရသာရုံတို့ ကောင်း,မကောင်းစသည်ကို သိရ၏ဟု မှတ်ကြလေ။

တွေ့-သိ ၂-ချက်ဖြစ်ပုံကား၊ထိုထိုအတွေ့ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးနှင့်အတွင်း အပြင် တကိုယ်လုံး၌ ကာယဝတ္ထုတို့ တိုက်ဆိုင်မိကြသောအခါ၊ တိုက် ဆိုင်ရာ ကိုယ်အရပ်၌၊ တွေ့မှုဝိထိစု ရှေးဦးစွာ ဖြစ်၏။ နောက်၌ သိမှု ဝိထိကြီးတွေအမျိုးမျိုး ဆက်လက်ဖြစ်ပွါးကြကုန်၏။ ဝိထိအရေအတွက် နှင့် သေချာစွာ ဆက်လက်၍ပြရမူ၊ကတ္တီပါ-ကမ္ဗလာအထည်စသည်တို့၏ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ကာယဒွါရ ဝိထိဖြစ်၏။ ။ထို့နောင် ချုပ်လေပြီးသော အတိတ်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ အတိတ်သိဝိထိ-၁။ ။ ထို့နောင် ရှေ့ ၂-ဝိထိတို့ အကြိမ်ကြိမ်ယူအပ်သော အတိတ် ဖောဋ္ဌဗ္ဗာရုံ အပေါင်းကို အာရုံပြု၍ အပေါင်းသိဝိထိ-၂။ ။ထို့နောင် ဤကား ကတ္တီပါ ၏ အတွေ့ဘည်း။ဤကား-ကမ္ဗလာ၏ အတွေ့ဘည်း စသည်ဖြင့်၊အတွေ့၏ အမည်ကို အာရုံပြု၍အမည်သိ ဝိထိ-၃။ ။ထို့နောင်ထိုအတွေ့၏ဘည်ရာ

ကဏ္ဍိပါ, ကမ္ဗလာစသော အထည်ဖြစ် အနက်ကို အာရုံပြု၍ အနက်သိ ဝိထိ–၄။ ။ထိုနောင် ထိုအနက်အမည် ဖော်ဗ္ဗာရုံတို့ ကောင်း,မကောင်း သိခြင်းစသည်ကို အာရုံပြု၍၊ နှစ်သက်ခြင်း, ပြစ်မှားခြင်းစသည်တို့သည် ၎င်း၊ကြည်စေခြင်းစသော သဒ္ဓါ,သတိစသည်တို့သည်၎င်း ဖြစ်နိုင်သော နှစ်သက် ကြည်ညိုသိ ဝိထိ–၅။ ။ဤနောက်လိုက် ၅-ဝိထိကျမှ ထိုထို အတွေ့၏ အနက်အမည် ဖောဋ္ဌဗ္ဗာရုံတို့ ကောင်း,မကောင်း စသည်ကိုသိရ ၏ဟု မှတ်လေ။ ။အထူးသိရန်မှာ၊ မြက်မှောက်တွင်ပင်၊စံပယ်-နှင်းဆီ စသည်တို့၏ အနံ့၊ ဝက်သား-ကြက်သားစသည်တို့၏ အရသာ၊ ကဏ္ဍိပါ ကမ္ဗလာစသည်တို့၏ အတွေ့တို့ကို သိရာ၌၊ အမည်သိဝိထိ၊အနက်သိဝိထိ တို့သည်၊စက္ခုဒွါရဝိထိဖြင့်လည်း ပြီးနိုင်၏။အနက်သိက ရှေ့၊ အမည်သိက နောက်လည်း ဖြစ်၏ဟု သိကြလေ။ ။ဤ ၃-ဒွါရ ဝိထိတို့၏ နောက်လိုက် ဝိထိတို့ အချက်ကို အရကျက်ရန်ကား။— **တိတ်-ပေါင်း မည်×နက်၊ နှစ်သက်ကြည်ညို၊ နှာ-လျှာ-ကိုယ်၊ များထို နောက်လိုက်-သင်မှတ်၍။** ။ ၎င်းတို့ အဓိပ္ပါယ်ကား၊ ရှေ့က ရေးသားခဲ့ဘာနှင့်ပင် ထင်ရှား သိသာလှ ၏။ ။(နံ့-သိ၊လျက်သိ၊ တွေ့-သိ၊ ၂–ချက်စိတ္တ ဝိထိဆက်ပုံပြီး၏။

အလွတ်မနောသိဟု ဆိုအပ်သော **သုဒ္ဓမနောဒွါရ ဝီထိသည်ကား၊** ကာမဇောဝါရဝိထိ၊ အပ္ပနာဇောဝါရ ဝီထိအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုတွင်၊ကာမဇောဝါရဝီထိသည်၊ပဥ္စဒွါရဝိထိတို့၏နောက်လိုက်မဟုတ်၊ သက်သက် အသီးအခြား ဘဝင်ဟု ဆိုအပ်သော မနောဒွါရ၌ ထင်လာ သော အာရုံအတွက်နှင့် ဖြစ်သော အလွတ် သုဒ္ဓမနောဒွါရ ဝိသ်ဖြစ်လေ သတည်း။ ။**ထိုမနောဒွါရဝီထိ၏ အာရုံကား၊**အာရုံ ၆-ပါးလုံးပင်ဖြစ်နိုင် ၏။ ။ထိုအာရုံ ၆–ပါးကိုယူသော အလွတ်သုဒ္ဓမနောဒွါရဝိထိသည်။ ။ ၁ ဒိဋ္ဌဝါရဝိထိ။ ။၂ ဒိဋ္ဌသမ္ဗန္ဓဝါရ ဝိထိ။ ။၃ သုတဝါရ ဝိထိ။ ။ ၄–သုတသမ္ဗန္ဓဝါရဝိထိ။ ။၅–ဝိညာတဝါရဝိထိ။ ။၆–ဝိညာတသမ္ဗန္ဓ ဝါရဝိထိအားဖြင့် ၆-ပါးအပြားရှိ၏။ ။၎င်းအချက်အရကျက်ရန်ကား၊– **ဒိဋ္ဌံသုတံ၊ဝိညာတံ၊ သမ္ဗန္ဓ်ကိုယ်ခြောက်ဒွါ၊** ၎င်း၏အဓိပ္ပါယ်ကား။ ။ဒိဋ္ဌနာမ ပုဗ္ဗေ ပဥ္စဟိဒွါရေဟိ ဂဟိတံ ပဥ္စာလမ္ဗဏံဟု-ပရမတ္ထဒီပနီဋီကာ မိန့်အပ် ၏။ **အနက်မြန်မာကား၊** ။ဒိဋ္ဌံနာမ၊ဒိဋ္ဌအာရုံတို့ မည်သည်ကား။ ပုဗ္ဗေ၊ ကာလ အတော်ကြာ ရှေ့အခါက။ ပဉ္စဟိ၊ ၅–ပါးကုန်သော။ ဒွါရေဟိ၊ စက်–သော–ဃာ–ဇိ၊ တလီကာယ၊ဤဒွါရတို့ဖြင့်။ဂဟိတံ၊အာရုံအဖြစ်နှင့် ယူဘူးသော။ပဥ္စာလမ္ဗဏံ၊ ၅–ပါးသော အာရုံတည်း။

(၁) ၎င်းအနက်၏အဓိပ္ပါယ်အချက်မှာ ရှေးအခါ၌၊ပဉ္စဒွါရဖြင့် ယူဘူးသော ရူပါရုံစသော အာရုံ ၅-ပါးသည်၊ မိမိကိုယ်တိုင် တွေ့ကြုံဘူးသော ဒိဋ္ဌအာရုံမည်၏။ ၎င်းဒိဋ္ဌ အာရုံအတွက်နှင့်။ ဝါ၊ ၎င်းဒိဋ္ဌအာရုံကို အာရုံပြု၍၊ ဖြစ်ပွါးသော သုဒ္ဓမနောဒွါရဝီထိသည် ဒိဋ္ဌဝါရဝီထိမည်၏။

(၂) ထိုတွေ့ကြုံဘူးသည်နှင့် စပ်ဆက်၍၊အထူးထူးအထွေထွေ ထင်မြင်သော အာရုံစုသည် ဒိဋ္ဌသမ္ဗန္ဓအာရုံမည်၏။ ၎င်းအာရုံတို့ အတွက်နှင့်။ ဝါ၊ ၎င်းအာရုံတို့ကို အာရုံပြု၍၊ ဖြစ်ပွါးသော သုဒ္ဓ မနောဒွါရဝီထိသည် ဒိဋ္ဌသမ္ဗန္ဓဝါရဝီထိမည်၏။သုတံနာမပရတော သုတွာ ဂဟိတံ ဆဋ္ဌာရမ္မဏံ။ ။၎င်းပရမတ္ထဒီပနီဋီကာ၊ အနက် မြန်မာကား။ ။ပရတော၊ သူတပါးအထံမှ။ သုတွာ၊ ကြားနာ ရဘူး၍။ ဂဟိတံ၊ ယူအပ်သော။ ဆဋ္ဌာရမ္မဏံ၊အာရုံ ၆-ပါးသည်။ သုတံနာမ၊ သုတအာရုံမည်၏။

(၃) ၎င်းအနက်၏အဓိပ္ပါယ်အချက်မှာ၊ရှေးအခါက၊သူတပါး အထံမှ ကြားနာရဘူး၍၊ ယူအပ်သောအာရုံ ၆-ပါးသည် သုတ အာရုံမည်၏။ ၎င်းအာရုံတို့ အတွက်နှင့်။ ဝါ၊၎င်းအာရုံတို့ကို အာရုံ ပြု၍၊ ဖြစ်ပွါးသော သုဒ္ဓမနောဒွါရ ဝီထိသည် သုတဝါရ ဝီထိမည် ၏။ ။မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်တည်းဟူသော ဗဟုသုတ၊ ထိုမှတပါး၊ဂန္ထန္တရဗဟုသုတ အားဖြင့် သုတအာရုံ သည် အလွန်များပြားစွာ ရှိကြသေးမှုကိုလည်း သိကြဦး။

(၄) ထိုသုတအာရုံစုနှင့်စပ်၍၊ အထူးထူး အထွေထွေ ထင်မြင် လာသော အာရုံစုသည် သုတသမ္ဗန္ဓ အာရုံမည်၏။ ၎င်းအာရုံတို့ အတွက်နှင့်။ ဝါ၊ ၎င်းအာရုံတို့ကို အာရုံပြု၍၊ ဖြစ်ပွါးသော သုဒ္ဓ မနောဒွါရဝီထိသည် သုတသမ္ဗန္ဓဝါရဝီထိမည်၏။

(၅) ဒိဋ္ဌ,သုတတို့မှတပါး၊ အိပ်မက် တိတ်နိမိတ်တို့၏ အစွမ်း၊ ဝိပလ္လာသတို့၏ အစွမ်း၊ စိန္တာမယဉာဏ်, ဘာဝနာဉာဏ်တို့၏ အစွမ်း၊ ပဋိဝေဓဉာဏ်တို့၏အစွမ်း ဤသို့စသည်တို့ကြောင့် ထင် မြင်သောအာရုံစုသည် ဝိညာတအာရုံမည်၏။၎င်းအာရုံတို့အတွက် နှင့်။ ဝါ၊ ၎င်းအာရုံတို့ကို အာရုံပြု၍၊ ဖြစ်ပွါးသော သုဒ္ဓမနောဒွါရ ဝီထိသည် ဝိညာတဝါရဝီထိမည်၏။

(၆) ထိုဝိညာဏ အာရုံစုနှင့် စပ်၍၊ အထူးထူး- အထွေထွေ ထင်မြင် လာသော အာရုံစုသည် ဝိညာဏသမ္ဗန္ဓ အာရုံမည်၏။ ၎င်းအာရုံတို့အတွက်နှင့်။ ဝါ၊ ၎င်းအာရုံတို့ကို အာရုံပြု၍၊ ဖြစ်ပွါးသော သုဒ္ဓမနောဒွါရ ဝီထိသည် ဝိညာဏသမ္ဗန္ဓဝါရ ဝီထိမည်၏။

ထိုသုဒ္ဓမနောဒွါရဝိထိတို့သည်၊ ထိုထိုနောက်လိုက် အနုဗန္ဓတဒနုဝတ္တက ဝီထိတို့မပါဘဲ၊သိတန်သလောက်သော အနက်အဓိပ္ပါယ်စု၊အာရုံစုကို မိမိ တဝီထိထဲနှင့်ပင် သိတန်ရာ၏။ ပဥ္စဒွါရ ဝီထိတို့မှာ ရူပ-သဒ္ဒ စသည်ကို မြင်မှု,ကြားမှု စသည်က ဆက်လက်၍၊ အနက်သိ, အမည်သိ, နှစ်သက် ကြည်ညိုသိ စသည် ဖြစ်ပွါးကြသလို၊ ဤသုဒ္ဓမနောဒွါရ ဝီထိမှာလည်း၊ ရူပ-သဒ္ဒစသည်တို့ကို ကြံစည်မှုက ဆက်လက်၍၊ အနက်သိ, အမည်သိ, နှစ်သက်ကြည်ညိုသိစသည် ဖြစ်ပွါးကြရာ၌လည်း၊ အနုဗန္ဓ တဒနုဝတ္တက နောက်လိုက်ဝီထိတို့ ဖြစ်သင့်သေး၏။ ထိုနောက်လိုက် ဝီထိတို့ ဖြစ်ပုံကို သိလိုမူ။ ။[ရူပါရုံကိုသိမှု၊ သုဒ္ဓမနောဒွါရဝီထိတို့၏ နောက်လိုက်ဝီထိတို့ ဖြစ်ပုံကို၊စက္ခုဒွါရဝီထိတို့ နောက်လိုက် ဝီထိတို့ကဲ့သို့ သိလေ။ ။ထိုအတူ သဒ္ဒါရုံကိုသိမှု။ ။ဂန္ဓာရုံကိုသိမှု။ ။ရသာရုံကိုသိမှု။ ။ဖောဋ္ဌဗ္ဗာရုံကိုသိမှု။ ။သုဒ္ဓမနောဒွါရဝီထိတို့ နောက်လိုက်ဝီထိတို့ ဖြစ်ပုံကိုလည်း၊သောတ, ဃာန, ဇိဝှါ,ကာယဒွါရဝီထိတို့ နောက်လိုက်ဝီထိတို့ကဲ့သို့ သိလေ]။ ။ ၎င်းတို့အချက်ကို အရကျက်ရန်ကား။— **မနောသုဒ္ဓ၊ နောက်လိုက်ကား၊ ပဉ္စဒွါရ-နည်းတူကျ။** ။အဓိပ္ပါယ် ရှေ့အတိုင်းသိလေ။

**မွှောရုံဟူသည်ကား။** ။ရူပ-စသော အာရုံ ၅-ပါး။ ဝါ၊ ဂေါစရရုပ် ၇-ပါးတို့မှ ကြွင်းသောရုပ် ၂၁။ စေတသိက် ၅၂။ စိတ်တခုယုတ် (၉၀) ပညတ်နိဗ္ဗာန်တို့ပေတည်း။၎င်းတို့အချက်အရကျက်ရန်ကား။—**ရုံ-ကြွင်း-စေ-စိတ်၊ ပညတ်-နိဗ်၊ ငါးဝိတ်မွှောရုံ။** ။၎င်းဓမ္မာရုံတို့၏အကျဉ်းချုပ်ကား၊ ထိုဓမ္မာရုံ အနက်သဘော တည်းဟူသော အတ္ထဓမ္မာရုံ။ ၎င်းအနက် သဘောကို ဟောတတ်။ ဝါ၊ ပြောတတ်- ပြသတတ်သော အမည်နာမ ပညတ်တိတည်းဟူသော သဒ္ဒဓမ္မာရုံအားဖြင့် ၂-ပါး, ၂-မျိုးသာ ရှိနိုင်၏။ ထိုတွင်၊အနက်တည်းဟူသော အတ္ထဓမ္မာရုံကို သိပြီးမှ၊ အမည်နာမ သဒ္ဒ ဓမ္မာရုံစသည် ဆက်လက်၍ သိရာ၌၊ ၂၁-ပါးသော ရုပ်သဘာဝ အနက်၊ စိတ်,စေတသိက်,နိဗ္ဗာန်,ပညတ်သဘာဝအနက်တို့ကို စတင်ကြံစည်မှုနှင့်၊ နောက်လိုက်ဝီထိတို့ ဆက်လက်မှုကား၊ ယခင်သဘာဝအနက် ငါးခုတို့

တွင်၊တခုခုသော သဘာဝအနက်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရဝီထိ-၁။ ။ ထို့နောင် ၎င်းသဘာဝအနက်၏အမည်ပညတ်သိနောက်လိုက်ဝီထိ-၂။ ။ ထို့နောင် ကောင်း၊မကောင်းစသည်သိ နောက်လိုက် ဝီထိ-၃။ ။၎င်း ၃-ဝီထိတို့ဖြစ်နိုင်၏။ ။(တနည်း) ၎င်းသဘာဝအနက် ၅-ပါးကို ဟောတတ်သော နာမပညတ်သဒ္ဒါ ၅-မျိုးတို့တွင်၊ တမျိုးမျိုးသော နာမပညတ်သဒ္ဒါကို၊ စတင်ကြားစည်မှုနှင့် နောက်လိုက်ဝီထိတို့ ဆက်လက်မှုကား။ ။ ယခင် သဘာဝအနက် ၅-မျိုးတို့ကို ဟောတတ်သော နာမပညတ်သဒ္ဒါ ၅-မျိုးတို့တွင်၊ တခုခုသော နာမပညတ်သဒ္ဒါကို အာရုံပြု၍၊သုဒ္ဓမနောဒွါရဝီထိ-၁။ ။ထို့နောင် ၎င်းနာမ ပညတ်သဒ္ဒါသည် ဟောအပ်။ ဝါ၊ ပြောအပ်၊ပြအပ်သောသဘာဝတ္တအနက်သိ နောက်လိုက်ဝီထိ-၂။ ။ထို့နောင် ကောင်း၊ မကောင်း စသည်သိ နောက်လိုက်ဝီထိ-၃။ ။ဤ ၃-ဝီထိတို့ ဖြစ်နိုင်၏။ ။၎င်းတို့အချက်ကို အရကျက်ရန်ကား။—နက်-မည်၊ မည်-နက်၊ကောင်း၊ မကောင်းဆက်၊ ၂-ချက် နောက်လိုက်ရုံ။ ။အဓိပ္ပါယ် ရှေ့အတိုင်း သိသာ၏။

ရှေ့ပဉ္စဒွါရဝီထိတို့ နောက်လိုက်ဝီထိ၊သုဒ္ဓမနောဒွါရဝီထိတို့ နောက်လိုက် ဝီထိစုတို့မှာ၊ ရှေးဦးစွာ အနက်ကိုသိရှိပြီးမှ၊ ၎င်းအနက်၏ အမည် နာမပညတ်သဒ္ဒါကို နောက်မှ သိမှု၊သို့မဟုတ် အမည်နာမပညတ်သဒ္ဒါကို ရှေးဦးစွာကြားသိပြီးမှ၊၎င်းအမည်နာမပညတ်သဒ္ဒါ၏အနက်ကို နောက်မှ သိမှု၊ကိုယ်အမူအရာတည်းဟူသော ကာယဝိညတ်ကို သိသဖြင့်၊ ၎င်းပုဂ္ဂိုလ်၏ အလိုဆန္ဒကိုသိမှု၊ ပြောဆိုသည့် စကားသံနှင့် တကွပါသည့် နှုတ်အမူအရာတည်းဟူသော ဝစီဝိညတ်ကိုသိသဖြင့်၊ ထိုပြောဆိုသူ၏ အလိုဆန္ဒကို သိမှုတို့ ဖြစ်နိုင်ခြင်းကား။ ။ရှေ့အတိုင်းပင် ဤအနက်ကား၊ ဤအမည် တည်း။ ဤအမည်ကား-ဤအနက်တည်းဟူ၍၎င်း၊ ဤဝိညတ်ကား၊ဤအလို ရှိတတ်၏။ ဤအလိုရှိသူတို့ကား၊ ဤဝိညတ်ကိုပြုတတ်၏ ဟူ၍၎င်း အမှတ် သင်္ကေတ ပြုဘူးသော ရှေ့အမှတ်သိဝီထိ ၁-လည်းရှိမှ။ ။ထို့နောက် ယခု တွေ့ကြုံသောအနက်၊အမည်၊အမူအရာဝိညတ်တို့သည်၊ရှေးကမှတ်ဘူးသည့် အနက်အမည်၊ အမူအရာ ဝိညတ်တို့နှင့် တူ၏ဟု သမ္ဗန္ဓ အစပ်အဟပ်ကို အာရုံပြုသော အစပ်သိဝီထိ ၂-လည်းရှိမှ။ ။ထို့နောင် ယခုတွေ့ကြုံ သော ဤအနက်သည်၊ဤအမည် ဧကန်တည်းဟူ၍၎င်း၊ယခု ကြားသိသော ဤအမည်နာမ ပညတ်သဒ္ဒါသည်လည်း၊ ဤအနက် ဧကန်တည်း ဟူ၍၎င်း၊ ယခုတွေ့သိရသော ဤအမူအရာဝိညတ်သည်၊ဤအလိုဆန္ဒ ဧကန်တည်းဟူ

၍ငင်း အဆုံးအဖြတ်ကို အာရုံပြု၍၊အဆုံးဖြတ်သိ ဝိထိ ၃–လည်းရှိမှ။ ။ ဤ ၃–ဝိထိတို့ရှိကြမှသာလျှင်၊ ယခုတွေ့မြင်ရသော အနက်ဖြစ်တို့ကား၊ဤ အမည်၊ ဤအမည်တို့ဘည်းဟူ၍ငင်း၊ ယခုကြားသိတွေ့မြင်ရသော အမည် နာမပညတ်တို့သဒ္ဒါ၊ စာလုံးကဥ္စည်းအက္ခရာတို့ကား၊ဤအနက်–ဤအနက်တို့ တည်းဟူ၍ငင်း။ ။**ဤအနက်သိ၍၊ပါဠိစသော တခြားဘာသာကို၊ မြန်မာ စသော ဗိဓိဘိုဘာသာ ဝေါဟာရစကား ပြန်မှုတွင်သော ဉာဏ်ဆိုးနေ တတ်၏။ ငင်းဘာသာပြန် ထင်မြင်သည်ကိုပင်၊အနက် ထင်မြင်သူ ဟူ၍ ပြောဆိုထင်မှတ်ကြ၏။ အနက်ကောင်ဖြစ်တို့သို့ အသိဉာဏ် ဆိုက်မှသာ အနက်ထင်မြင်သူ အနက်သိသူ အစစ်ဟုမှတ်။**

ယခု ပြသော ကိုယ်အမူအရာ၊ပြောဆိုသော နှုတ်အမူအရာ တို့ကား၊ဤ အလို–ဤအလိုဆန္ဒတို့ဘည်းဟူ၍ငင်း၊သိမြင်နိုင်ကြမှုအချက်စုကိုအရကျက် ရန်ကား –**ရှေ့မှတ် အစင်၊ အဆုံးဖြတ်၊သုံးရင် သိဉာဏ်ကြိုး။** ။ငင်း၏ အဓိပ္ပါယ်ကား၊ စက္ခုဒွါရဝိထိ၏ နောက်လိုက် ၅–ဝိထိမှာ **တိတ်–ပေါင်း နက်×မည်၊ နှင်သက်ကြည်၊ ငါးသိ နောက်လိုက် မြင်မှု၍။** ။ဟူသော ဤလင်္ကာဝယ်၊ နက်–နှင့် မည် အကြားက ကြက်ခြေ ထားမှုသည်ကား၊ အနက်သိ ဝိထိကျပြီးနောက်၊ အမည်သိ ဝိထိတဆက်ထည်း ကျနိုင်ခြင်း ကား၊ ရှေ့အဘို့ကပင်၊ ဤအနက်ကား– ဤအမည်ဘည်းဟု ရှေ့အမှတ်သိ ဝိထိ–၁။ ။ထို့နောင် ယခု တွေ့ကြုံသော ဤအနက် ကောင်ကြီးသည်၊ ရှေ့က မှတ်ဘူးသည့် အနက်ကောင်နှင့် တူ၏ဟု သန္တာန် အစပ်အဟပ်ကို အာရုံပြု၍ အစပ်သိဝိထိ–၂။ ။ထို့နောင် ယခု တွေ့ကြုံသော ဤအနက် သည်၊ ဤအမည်ဇကန်တည်းဟု အဆုံးအဖြတ်ကို အာရုံပြု၍ အဆုံးအဖြတ် သိဝိထိ–၃။ ။ပေါင်း ဤ ၃–ဝိထိတို့ဖြင့်၊သိဘူး–မှတ်ဘူး–ဆုံးဖြတ်ဘူးသူ တို့မှာသာလျှင် အနက်သိနောက် အမည်သိ တဆက်ထည်း ကျနိုင်၏။ သို့မဟုတ်မူ မကျနိုင်ဟုသိစေခြင်းငှါ (×) ဤကြက်ခြေကို ထိုထိုလင်္ကာ တို့၌ ပြထားပေသတည်း။ ဤနည်းအတိုင်း အဓိပ္ပါယ် သိကြလေ။ ။ဤ ရှေ့က နံသိဝိထိ၊ လျက်သိဝိထိ၊ တွေ့သိဝိထိ၊ သုဒ္ဓမနော, ကာမဇောသိ ဝိထိတို့နှင့်စပ်၍၊စာသွားတို့အရနှင့် ဆန်းကြယ်စွာရေးပြလိုက်သော ဝိထိ စုတို့ကို ရေးသား လိုက်ရသည်ကား၊ကျမ်းဂန်ဘတ်အကျော် ဆရာတော် ကြီးများနည်း နိသျည်းအစားစားတို့ ပျောက်ပျက်၍ မသွားရန်၊ဂဏ္ဍိဗ္ဗရ ငဟုသုတလိုလား၊သူတော်ကောင်း အစားစားတို့ သိကြားကြစေရန်ကို ရည်သန်၍သာ ရေးပြလိုက်ပါသည်။ ဝိပဿနာ ဆရာတို့ ငင်းအတိုင်း

ဝိပဿနာရှုကြဘို့ ရေးပြလိုက်သည်မဟုတ်ပါ။ ရှေ့ကပြခဲ့တိုင်းတမျိုးတမျိုး စိ သိလုံးသန္တတိ ပစ္စုပ္ပန်ပျက် အနိစ္စအချက်ကိုသာ ရှုကြည့်ကြကုန်ရာ၏။

**နံ့သိဉာဏ် ဝိပဿနာအလေ့အကျင့်အားထုတ်ပုံကား၊** အနံ့ ထင်ရှားသည့်ဝတ္ထု တခုခုကို၊ ဝိပဿနာရှုရန် သတိဉာဏ် ရှေ့ထား၍၊ အတွင်းသို့ ရှိုက်သွင်း လိုက်သောအခါ၊ နံ့သိလုံးတွေဖြုန်းကနဲ ပေါ်လာလေ၏။ တဖန်အပြင်ဘက် သို့ ရှုထုတ်လိုက်သောအခါ၊ ဖြစ်ပေါ်လာသော နံ့သိလုံးတွေ အကုန်လုံး ချုပ်ပျောက် အနိစ္စရောက်ကြသည်ကို၊ စာတတ်, မတတ်သူတို့၊ သူတပါး ပြောစကားကို မှတ်သားမှုနှင့် မဆိုင်၊ ကိုယ်ပိုင်ဉာဏ်နှင့်၊ ကိုယ်တိုင်သိမြင် နိုင်ကြကုန်ရာ၏။ နောက်နောင်လည်း ကောင်းသောအနံ့, မကောင်းသော အနံ့ဟူ၍ နံ့ကြသောအခါ၊ ဝိပဿနာရှုရန် သတိဉာဏ် ရှေ့ထား၍ အရှိုက်, အရှူအချက်များနှင့်၊ အနိစ္စဝိပဿနာတရားကို အခါခါ ပွါးများအားထုတ် ကြပါလေ။ ။**လျှာသိဉာဏ် ဝိပဿနာအလေ့အကျင့် အားထုတ်ကြ ပုံကား၊** ထမင်း,အဖျော်စသည်တို့ကို စားသောက်ကြသောအခါ၊ ဝိပဿနာရှုရန် သတိဉာဏ် ရှေ့ထား၍၊ ဇတ်မလွှင့်ပါးရန် ပုတီးစသည် တခုခုကိုထားပြီး လျှင်၊ စစဦး ထမင်းလုပ် ထည့်သွင်းလိုက်ရာ၊ လျှာသိလုံး ဖြစ်လာချက်၊ မျိုချလိုက်သော အခါ၊ လျှာသိလုံး ပျက်ချက်များကို ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်သိမှု၊ပျက်ချက် အနိစ္စရှု၍ ပုတီးတလုံးချ၊ နောက်နောက် ထမင်း အလုပ်တို့မှာလည်း၊ ခံတွင်းသို့ သွင်းသောအခါ၊ လျှာသိ ဖြစ်ပေါ်ချက်၊ မျိုချသောအခါ ပျက်ချက်များကို အထူးသတိထား၍၊ စားသောက်တိုင်း တို့မှာ ပုတီးအမှတ်သညာနှင့် ဝိပဿနာရှုကြပါလေ။ ဝိပဿနာရှုလိုသူများ အစားဝိဘက် မနှိပ်စက်ဘို့ရာ အထူးသတိထားရန်မှာကား၊ ထမင်းလုပ် မျိုမချခင်အတွင်း၊ လျှာသိကိုသာ ဉာဏ်သွင်း၍ မျိုချပြီးမှ၊ နောက်တလုပ် စားရန်စုကို အာရုံပြုကြပါလေ။ ။တွေ့သိဉာဏ်ရင်း၊ မနောသိဉာဏ်ရင်း ဝိပဿနာ ရှုရန် အချက်တို့ကို၊ ရှေ့က မြင့်သိ,ကြားသိတို့နှင့် ဆက်လက်၍ ခြေလှမ်း တချက်မှာပင်၊ လေးသိပျက် ထင်မြင်လွယ်အောင် ပြခဲ့သည့် အချက်စုကို ပြန်၍ ရှုကြည့်ကြပြီး၊ အားသည်းတော် မူနိုင်ကြပါစေ သတည်း။ ။ဤ သည်တို့ကား၊ နံ့သိ လျက်သိ၊ တွေ့သိ- သုဒ္ဓမနော,ကာမ ဇောသိတို့နှင့် စပ် သမျှ ဝိထိအစားစားတို့ ဖြစ်ပုံ၊ ဝိပဿနာရှုရပုံများ၊ အကျဉ်းစကားရပ်၊ ဤတွင် အပြီးသတ်လိုက်၏။

## (ဂ) ဈာန်-မဂ်-ဖိုလ်နှင့်တကွ၊ မရဏာသန္နဝီထိတို့ဖြစ်ကြပုံ

အပ္ပနာဇောဝါရသည်၊ မဟဂ္ဂုတ်အပ္ပနာ၊ လောကုတ္တရာ အပ္ပနာဟူ၍ ၂-မျိုးရှိရာတွင်၊ တမျိုးတမျိုး၌လည်း၊ အစဗွာရသော အာဒိကမ္မိက ဝီထိ, နောက်မှ ဝင်စားသော သမာပတ္တိဝီထိဟူ၍ ၂-ပါးစီ ရှိကြပြန်၏။ ။ မိမိတို့ရသော ဈာန်အင်္ဂါတို့ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိစု၊ မိမိတို့ရသော မဂ်,ဖိုလ်,နိဗ္ဗာန် ပယ်ကိလေသာ,ကြွင်းကိလေသာတို့ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာ ဝီထိစု တည်းဟူသော နောက်ဖြစ် ဆင်ခြင်သည့် ကာမဇောဝါရ ဝီထိတို့လည်း ရှိကြ၏။ ၎င်းတို့အချက်ကို အရကျက်ရန် ကား။—**မဟဂ္ဂုတ်-လောကုတ္တရာ၊ အပ္ပနာတွင်၊ စ,ဗွာရမှု၊ ဝင်စားမှု၊ ရုရ ဆင်ခြင်တွေး။** ။၎င်း၏လိုရင်းအဓိပ္ပါယ် အကျဉ်းကား၊ မဟဂ္ဂုတ်အပ္ပနာ၊ လောကုတ္တရာ အပ္ပနာ ၂-ပါးတို့တွင်၊ မဟဂ္ဂုတ် အပ္ပနာသည်၊ အစဗွာ ရသည့် အာဒိကမ္မိက ဝီထိမျိုးနောက်မှ၊ ဝင်စားသည့် သမာပတ္တိ ဝီထိမျိုး အားဖြင့် ၂-မျိုးရှိ၏။ ၎င်းမဟဂ္ဂုတ် ၂-မျိုးနောက်၊ မိမိတို့ရသော ဈာန် အင်္ဂါစုကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာ ကာမဇောဝါရ ဝီထိတို့လည်း ဖြစ်ကြကုန်၏။ ထိုဝီထိတို့တွင်၊ အစဗွာရသည့် အာဒိကမ္မိက ဝီထိဖြစ်ချက် အရကျက်ရန်ကား။ — (ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ဈာန်ဇောတကြိမ်၊ ထို့နောင် ဘဝင် များစွာဖြစ်၍ ချုပ်၏)။ ။အစဗွာရသည့် အာဒိကမ္မိက ဝီထိပြီး၏။

---

ရူပ-အရူပ မဟဂ္ဂုတ် ဈာန်ကို၊ အစဗွာရသည့် ဝီထိပုံ

| န | ဒ | မ | ကံ | ဥ | နုံ | ဂေါ | ဈာန် | ဘွင် | ဘွင် |
|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

---

၎င်းရပြီးဈာန်ကို ဝင်စားသည့် ဈာနသမပတ္တိ ဝီထိဖြစ်ချက်၊အရကျက် ရန်ကား။— (ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ဈာန်ဇောများစွာ၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏)။ ။ဈာန်ဝင်စားသည့် ဈာနသမာပတ္တိဝီထိပြီး၏။

---

မဟဂ္ဂုတ်ဈာန်ကို ဝင်စားသည့် ဈာနသမာပတ္တိ ဝီထိပုံ

| န | ဒ | မ | ကံ | ဥ | နုံ | ကာ | ဈာန် (များ စွာ ကျ) ဈာန် | | | | ဘွင် | ဘွင် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ ၀၀၀ | ၀၀၀ | ၀၀၀ |

ငင်းရပြီးဈာန်အင်္ဂါကိုဆင်ခြင်သည့် ပစ္စဝေက္ခဏာ ဝီထိဖြစ်ချက် အရကျက်ရန်ကား။ — ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇-ကြိမ်၊ (တနည်း) ၄-ကြိမ်၊ ၅-ကြိမ်၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ ချုပ်၏)။ ။ပစ္စဝေက္ခဏာ ဝီထိပြီး၏။

ဈာန်အင်္ဂါကိုဆင်ခြင်သည့် ပစ္စဝေက္ခဏာ ဝီထိပုံ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ဘွင် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီ၊ ပစ္စဝေက္ခဏာဝသီ၊ ၃-သိ ၂-ပါး၊ ဝင်စားဆင်ခြင်၊ ပိုင်နိုင်သျှင်၊ ငါးအင်ဝသီဘော်။ ဝသီဘော်ငါးပါးတို့တွင်၊ ဈာန်ဝင်စားရေး၌ ၃-ပါးကား၊ ဈာန်ဝင်စားလိုသည့် စိတ်၏အခြားမဲ့ဘဝင် ၂-ချက်၊ ၃-ချက်ထက်မလွန်ဘဲဝင်စားနိုင်မှု၊ သမာပဇ္ဇနဝသီဘော်နိုင်၏။ ။ကာလအပိုင်းအခြားအဓိဋ္ဌာန်တိုင်းဈာန်ကို ဝင်စားထားနိုင်မှု၊ အဓိဋ္ဌာန ဝသီဘော်နိုင်၏။ ။ဈာန်မှထအံ့ဟု ပိုင်းခြားသည့်အတိုင်း ထနိုင်မှု၊ ဝုဋ္ဌာန ဝသီဘော်နိုင်၏။ ဤ ၃ လီကား၊ ဈာန်ဝင်စားမှု ဝသီဘော်တည်း။ ။ဈာန်အင်္ဂါကိုဆင်ခြင်ရေး၌ ၂-ပါးကား၊ ဈာန်အင်္ဂါ တပါးပါးကို ဆင်ခြင်လိုသော ဇောစိတ်၏အခြားမဲ့၌၊ ၂-ချက်၊ ၃-ချက်သော ဘဝင်မျှကိုသာ လွန်စေ၍၊ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းကို ဖြစ်စွမ်းနိုင်မှု အာဝဇ္ဇန ဝသီဘော် ပိုင်နိုင်၏။ ။ပစ္စဝေက္ခဏာဝသီဘော်ကား၊ ဆင်ခြင်သော ပစ္စဝေက္ခဏာဇောတို့ကို ၄-ကြိမ်၊ ၅-ကြိမ်ထက် မလွန်ရဘဲ၊ ဒုတိယဇော ဝီထိဖြစ်ရန် အခွင့်ပေးခြင်းငှါစွမ်းနိုင်ပါမှု၊ ပစ္စဝေက္ခဏာဝသီဘော်နိုင်၏။ ။ဤဝသီဘော် ၂-ပါးတွင်၊ အာဝဇ္ဇန်းလျင်မှုကိုစွဲ၍ အာဝဇ္ဇနဝသီ၊ ဇောလျင်မှုကိုစွဲ၍ ပစ္စဝေက္ခဏာဝသီဟုဆိုရသည်။ စင်စစ်မူကား၊ တပါးနိုင်မှု ၂-ပါးလုံး ပြီးတော့၏ဟုမှတ်။ ဤ၌ ဘဝင် ၂-ကြိမ်၊ ၃-ကြိမ်ခြား၍၊ နောက်ဝီထိ ဖြစ်နိုင်မှုသည် ဘုရားစသော အတိတိက္ခပုဂ္ဂိုလ်တို့သာဟုမှတ်။

အဘိညာဏ် ၇-မျိုးကား၊ အလွန်အသေး- အဝေးအဆင်းကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ် ၁။

အလွန်အသေး-အဝေးအသံတို့ကို ကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဏ် ၂။

မြေလျှိုးမိုးယံပျံစသော တန်းခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဏ် ၃။

သူတပါးတို့ စိတ်အကြံကို သိစွမ်းနိုင်သော စေတောပရိယ အဘိညာဏ် ၄။

ပဋိသန္ဓေစသော အကျိုးဆက်ကို မြင်သဖြင့်၊နောက်က ဘယ်အကြောင်း ကံကြောင့်ဟု ကံကိုသိစွမ်းနိုင်သော ယထာကမ္မုပဂ အဘိညာဏ် ၅။

နောက်နောင် လားလတ္တံ့သော ဘဝအဆက်ဆက် ဖြစ်ချက်အမျိုးမျိုးတို့ကို၊ လှမ်း၍ မြင်စွမ်းနိုင်သော အနာဂတံသ အဘိညာဏ် ၆။

ရှေးရှေးဘဝ အဆက်ဆက်တို့က ဖြစ်ချက်အမျိုးမျိုးတို့ကိုပြန်၍ မြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသ အဘိညာဏ် ၇။

ဤအဘိညာဏ် ၇-ချက်ကို အရကျက်ရန်ကား– (စက်-သော-ဣဒ်, စေ ၊ယ-နာ ပေါ၊သတ္တေ–အဘိညာဏ်) ရှေ့အဓိပ္ပါယ်ပါ ရကြစေ။ ။ဤအဘိညာဏ် ၇-ပါးတို့တွင်၊ မိမိလိုရာအဘိညာဏ်ကို ဝင်စားလိုသော ပုဂ္ဂိုလ်သည်၊အဓိဋ္ဌာန်၏အခြေဖြစ်သော အဓိဋ္ဌာန်ပါဒကပဉ္စမဈာန်တဝိထိကျ။ ထို့နောင် မိမိတို့လိုရာ အဓိဋ္ဌာန်သော အဓိဋ္ဌာန်တဝိထိ၊ ထို့နောင် အဘိညာဏ်၏အခြေဖြစ်သော အဘိညာပါဒက ပဉ္စမဈာန်တဝိထိကျ။ထို့နောင်မှ မိမိတို့လိုရာ အဘိညာဏ်ဝီထိကျနိုင်၏။ အယုတ်ဆုံး ဤ ၄-ဝီထိရှိမှအဘိညာဏ်ဝီသိဖြစ်နိုင်မှုကိုသိစေခြင်းငှါ-(ပါဒကဈာန်၊အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒက၊ထိုနောက်မှ၊ကျလေ အဘိညာဏ်)ဟု ဆိုပေသတည်း။ ။ **အဓိဋ္ဌာန်ပါဒက ဝီထိကား**။ ။(ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ပဉ္စမဈာန်ဇော များစွာ၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏။ ။[ဤဝီထိပုံကား၊ ရှေ့က ဈာနသမာပတ္တိဝီထိပုံနှင့် တူ၏]။ ။**အဓိဋ္ဌာန်ဝီထိကား**။ ။ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊အဓိဋ္ဌာန်ဇော ၇-ကြိမ်၊ထို့နောင် ဘဝင်များစွာဖြစ်၍ချုပ်၏။ ။[ဤဝီထိပုံလည်း၊ ရှေ့က ပစ္စဝေက္ခဏာဝီထိပုံနှင့် တူ၏ဟုမှတ်လေ]။ ။ထို့နောင် **အဘိညာပါဒက ဝီထိကား**။ ။(ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ဥပစာ၊အနုလုံ၊ဂေါတြဘု၊ ပဉ္စမဈာန်ဇော များစွာ၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏)။ ။ဟု-

[၄၅ အဓိဋ္ဌာန် ပါဒက ဝီထိအတိုင်း၊ ဝီထိပုံကို ညွှန်ပြသည့် အတိုင်း သိလေ]။ ။အဘိညာဏ် ၇-ပါးတို့ ဝီထိဗိက်ဖြစ်ချက်၊ အရကျက်ရန် ကား၊—(ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ အဘိညာဏ်ဇော တကြိမ်၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏)။ ။အဘိညာဏ်သက်သက် ဝီထိချက်ပြီး၏။

အဘိညာဏ် ၇-ပါး သက်သက်ဝီထိစဉ်သွားချက်ပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| နဲ | ဒ | မ | ကံ | ဥ | နုံ | ဂေါ | ဘိ° | ဘင် | ဘင် |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

မဟာဂ္ဂုတ်ဝီထိတို့ဖြစ်ပုံပြီး၏။

လောကုတ္တရာ အပ္ပနာသည်လည်း၊ စဦးစွာ ရသော မဂ္ဂဝီထိမျိုး၊ မိမိ ရသော ဖိုလ်ကို ဝင်စားသော ဖလသမာပတ္တိဝီထိမျိုး အားဖြင့် ၂-မျိုးရှိ၏။ ၎င်းနောက် မိမိတို့ရသော မဂ်- ဖိုလ်- နိဗ္ဗာန်- ပယ် ကိလေသာ, ကြွင်း ကိလေသာတို့ကိုဆင်ခြင်သည့် ပစ္စဝေက္ခဏာကာမဇောဝါရဝီထိတို့လည်း ဖြစ်ကြကုန်၏။ ဤဝီထိတို့ဖြစ်ချက်၊ အရကျက်ရန်ကား၊—(ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ မဂ်ဇောတကြိမ်၊ ဖိုလ်ဇော ၂-ကြိမ်၊ ၃-ကြိမ်၊ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏)၊ ။မဂ် ၄-ပါးအရ ဝီထိကျပုံပြီး၏။

မဂ္ဂ ၄-ဝီထိတို့ ဝီထိပုံ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| နဲ | ဒ | မ | ကံ | ဥ | နုံ | ဂေါ | မဂ် | လ် | လ် | လ် | ဘင် | ဘင် |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

မဂ်ကို ရပြီးပုဂ္ဂိုလ်တို့၊ မိမိတို့ ဖိုလ်ကို ဝင်စားသည့် ဖလသမာပတ္တိ ဝီထိတို့ဖြစ်ချက်၊အရကျက်ရန်ကား၊— (ဘဝင်စလန၊ဘဝင်ပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ အနုလုံ ၄-ကြိမ်။ ထို့နောင်ဖိုလ်ဇောများစွာဖြစ်၏။ထို့နောင် ဘဝင်များစွာဖြစ်၍ချုပ်၏)။ ။ဖိုလ်ဝင်စားသည့် ဝီထိပြီး၏။

ဖိုလ် ၄-ဝီထိတို့ ဝင်စားပုံ ဝီထိကျစဉ်

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နဲ | ဒ | မ | နုံ | နုံ | နုံ | နုံ | လ် | ဇော | များစွာ | လ် | ဘင် | ဘင် | ဘင် |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

ပစ္စဝေက္ခဏာ ၅-ဝိထိတို့ဖြစ်စဉ်မှာ၊ ရှေးဆုံးရန်အင်္ဂါကိုဆင်ခြင်သည့် ဝိထိနှင့်အတူ၊ ဤမှာ မဂ်-ဖိုလ်-နိဗ္ဗာန် ပယ်ကိလေသာ၊ကြွင်းကိလေသာ ပေါင်း ၅-ပါးကို ဆင်ခြင်၏။

ဤ၌ သတိထားကြရန် အထူးကိုဆက်၍ပြဦးအံ့၊ယခုဤလောကကြီး မှာ ရှင်, လူအများ ယောကျ်ား, မိန်းမတို့သည်၊ သာမန် ကုသိုလ်များနှင့် တင်းမတိမ်ကြဘဲ၊ သမထ ဝိပဿနာဘာဝနာများကို အားထုတ်လိုသော စိတ်ဆန္ဒ အလွန်အားကြီးလာကြ၍ လိုက်စားကြလေရာ၊ အချို့ဆရာကြီး တို့က စစဦးဗုဒ္ဓါနုဿတိ,အာနာပါန,မေတ္တာစသည် တခုခုပေးပြီးနောက်၊ မိမိတို့လိုအပ်သော ဈာန်,သိဒ္ဓိ အပေါက်သို့သာ တက်သွားစေကြသော ဆရာကြီးတို့ အလွန်များကြ၏။ ဤသို့ တက်စေကြသော်လည်း၊ ရတနာ သုံးပါးနှင့်စပ်သော လောကီအလုပ်ကိုလုပ်ရသောကြောင့်၊ ဘာမျှမဟုတ် ဟု မဆိုသင့်ပါ။ သူနေရာနှင့်ကား အလွန်ကျေးဇူး များလှပါ၏။ မိမိတို့ လိုလားသော အကျိုးကြီးမားသည့် လောကုတ္တရာ အလုပ်အစစ်ဟူ၍ကား မဆိုရပေ။ အချို့ ဆရာ့ ဆရာ သာ့သက် သာကြီးတို့က အရိုးခံအားဖြင့်၊ သမထကဆက်၍ ဝိပဿနာသို့ တက်စေကြသောအခါ၊ ပညတ်ပရမတ် ခြားပြီး၊ ရုပ်နာမ်ဘာရေးကြီးမျ းကို သိလျှင်သိခြင်း ဒိဋ္ဌိဝိသုဒ္ဓိပြီးမြောက်၍၊ သောတာပန် အဖြစ်သို့ရောက်ပြီး၊သကဒါဂါမ်,အနာဂါမ်စသည်အဖြစ်သို့ ရောက်ပြီးဟူ၍ ဆုံးဖြတ်ကြကာ၊ မိမိတို့တပည့်များ အားတက်သွားအောင် ပြောဆိုလေ့ ရှိကြကုန်၏။ သို့မဟုတ် လက်မှတ်ပေးသည် ဟူ၍လည်း ကြားသိရကုန်၏။ဤသို့ဆုံးဖြတ်၍ လက်မှတ်ပေးပြီးသား၊အရိယာအစားထဲ က နေခင်သောအခါ၊ ဒုစရိုက် အမိုက်အမှားတွေ ပြုကျင့်နေကြသည်ကို ဂန္ထဓုရ ဗဟုသုတ ကြီးမားတော်မူကြသော ပညာရှိကြီးတို့က၊ သူတို့ ဝိပဿနာသမားများဟာ အားလုံးကုန် ဗလချာကြီးဘဲဟု အထင် အမြင် သေးဘွယ်-နှိပ်ဘွယ်-မဟုတ်ဘွယ်ရှိကြက၊ အလွန်ပင် ပဋိပတ္တိသာသနာ ကြီးများ မှေးမှိန်သွားရန် အကြောင်း ဖြစ်သောကြောင့်၊ ဝိပဿနာဆရာ ကြီးများကလည်း၊ မဂ်ဖိုလ်ရပြီး စသည် အသုံးအနှုန်းများကို၊ အထူးသတိ ထားတော်မူစေချင်လှ၏။ ။ဤသို့ဆရာကပြောမှသိရှိရသောအရိယာများ ဆရာများကို တပည့်များက အထူးသတိပြုတို့လိုလှ၏။အဘယ့်ကြောင့်ဆို သော် လောကုတ္တရာမဂ်ကိုရသော အရိယာတို့သည်၊မိမိတို့မဂ်၏ အကျိုး ဖြစ်သော အလွန်ကောင်းမြတ်သော ဖိုလ်ချမ်းသာကိုအလိုရှိတိုင်းဝင်စား ၍၊ ခံစားနိုင်ကြသည်လည်း တကြောင်း၊ မိမိတို့ရသော မဂ်,ဖိုလ်,နိဗ္ဗာန်

ကို လက်ပေါ်တင်ထား ပတ္တမြားကို ရှုစားသော မျက်စိအမြင်နှင့်ပြည့်စုံသည့်သူမှာ၊ ကြောင်ကြောင်ကြီး ထင်မြင်တာလို၊ ၎င်းလောကုတ္တရာတရားတို့ကို ကြောင်ကြောင်ကြီး ထင်မြင်နိုင်ကြကုန်သည့်အတွက်၊ ဆရာသမားက ဆုံးဖြတ်ချက်ရမှသိရှိရသော အရိယာမျိုးများကို၊ ၎င်းတို့ဆရာများကို ၎င်း အထူးသတိထားရန် သိစေလိုက်၏။ ။ဝင်စစ်လင်းမှန်သွားကြရန်မှာ၊ ၎င်းနာမ်ရုပ်တို့ကို ပိုင်းခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ်ကား၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရန်သာ ရှိသေးသည်။ ၎င်းကတဆင့်တက်၍ ထိုနာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းနိုင်က ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ရန်သာ ရှိသေးသည်။ ၎င်းနောက် သမ္မသန-ဥဒယ,ဘင် စသည့်ဉာဏ်အဆင့်ဆင့် တက်ရန်တို့လည်းရှိသေး၏။ဤကဲ့သို့ ဉာဏ်အဆင့်ဆင့်မတက်ငြားဘဲ၊ ကြီးထွားသော ပါရမီရှိသူတို့ကား၊ ဇ-ထိုင်ထဲနှင့်ပင် မဂ်ဖိုလ်တရားကို ပေါက်ရောက် သွားနိုင်ကြပါသေး၏။ ဤကဲ့သို့ ပေါက်ရောက်သူ အစစ်တို့ ဧကန်ဖြစ်ကြပါမူ၊ မိမိတို့ရသော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ဧကန်စင်စစ် အလိုရှိတိုင်း နှလုံးသွင်းနိုင် ကြကုန်၏။ ကြွင်းကိလေသာ, ပယ်ကိလေသာတို့ကိုသာ ဆင်ခြင်နိုင်သူ, မဆင်ခြင်နိုင်သူနှစ်စားဖြစ်ကြသည်များကို။—

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါ နဝါ။

ပဏ္ဍိတော၊ မဂ်ပညာ,ဖိုလ်ပညာရှိသည့် အရိယာပုဂ္ဂိုလ်သည်။ မဂ္ဂဉ္စ၊ မိမိရသော မဂ်ကိုငင်း။ ဖလဉ္စ၊မိမိရအပ်, ဝင်စားအပ်သော ဖိုလ်ကိုငင်း။ နိဗ္ဗာနဉ္စ၊ မိမိမျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကိုငင်း။ ပစ္စဝေက္ခတိ၊ စင်စစ်မသွေ သိနိုင်,မြင်နိုင်,ဆင်ခြင်နိုင်သေ၏။ ဟီနေ၊ မိမိမဂ်ကပယ်ကြကုန်ပြီးသော။ကိလေသေစ၊ကိလေသာတို့ကိုငင်း။သေသေ၊ မိမိမဂ်က မပယ်ကြကုန်ခြင်း၊ကြွင်းကျန်ကြသေးသော။ ကိလေသေစ၊ကိလေသာတို့ကိုငင်း။ ပစ္စဝေက္ခတိဝါ၊သိနိုင်,မြင်နိုင်,ဆင်ခြင်နိုင်သူလည်းရှိ၏။နဝါပစ္စဝေက္ခတိ၊ မသိမမြင်,မဆင်ခြင်နိုင်သူလည်းရှိ၏။ ။ဟု-လက်သန်းအဋ္ဌကထာ မိန့်မှာတော်မူတိုင်းမိမိတို့ရပြီးရောက်ပြီးသောမဂ်တရား,ဖိုလ်တရား,နိဗ္ဗာန်တရားတို့ကို နှလုံးသွင်းလိုက်, ဆင်ခြင်လိုက်သည် ရှိသော်၊ လက်ဝါးပြင်မှာတင်ကာကြည့်သော ပတ္တမြားကို မြင်ဘိသကဲ့သို့၊ ထင်ထင် ရှားရှားကြီး ဆင်ခြင်သည့်စိတ်အစဉ်မှာ ထင်မြင်၍လည်း ဧကန်လာနိုင်၏။ဖိုလ်အရသာကိုလည်း အလိုရှိတိုင်းဝင်စား၍ခံစားနိုင်၏။ဤကဲ့သို့မှမထင်မြင်နိုင်,မဝင်

စားနိုင်ကြပါမူ၊ မဂ်ဖိုလ်ရပြီဟု သူတပါး ပြောစကားကိုသာ ယုံကြည်၍ မထားဘဲ၊ အထူးစဉ်းစားကြပါလေ သူတော်ကောင်း တတွေတို့။

### လောကုတ္တရာ အပ္ပနာဝီထိတို့ ဖြစ်ပုံပြီး၏။

မရဏာသန္နဝီထိသည်၊ ပဥ္စဒွါရမရဏာသန္န ဝီထိ၊ မနောဒွါရ မရဏာသန္နဝီထိ အားဖြင့် ၂-ပါးရှိ၏။ ထိုတွင်၊ ပဥ္စဒွါရမရဏာသန္နဝီထိဖြစ်ချက် အရကျက်ရန်ကား၊—(အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုဏ်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ထို့နောင် စုတိတကြိမ် ဖြစ်၍ချုပ်၏။) ဤဝီထိကား- တဒါရုံနောင် စုတိကျ ဝီထိတည်း။ ထိုအတူ တဒါရုံနောင် ဘဝင်၊ ဘဝင်နောင်စုတိ—၁။ ဇောနောင်စုတိ ၁။ ဇောနောင်ဘဝင်၊ ဘဝင်နောင် စုတိ-၁။ ပေါင်း ပဥ္စဒွါရ၌စုတိ ၄-မျိုး။ ။ထိုအတူ မနောဒွါရ၌လည်း ၄-မျိုးရနိုင်၏။ ထို့ကြောင့်—တဒါဘဝင်၊ ဇောဘဝင်၊ နောက်တွင် ၄-စုတိ။ ဟု-ဆိုပေသတည်း။ ။[ ဤဝီထိ၌ စက္ခုဝိညာဏ် နေရာမှာ၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တို့ ထည့်၍၊ ပဥ္စဒွါရ မရဏာသန္န ၅-ဝီထိတို့ကို သိကြလေ ]။ ။ထိုစုတိက ဆက်၍ ပဋိသန္ဓေဝီထိဖြစ်ချက်၊ အရကျက်ရန်ကား၊—(ပဋိသန္ဓေတကြိမ်၊ ဘဝင် ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ မနောဒွါရာဝဇ္ဇန်း တကြိမ်၊ ဘဝနိကန္တိက လောဘဇော ၇-ကြိမ်။ ထို့နောင် ဘဝင်များစွာ ဖြစ်၍ချုပ်၏။)

### ပဥ္စဒွါရနှင့် သေပုံ၊ ပဋိသန္ဓေနေပုံပြီး၏။

ပဥ္စဒွါရ မရဏာသန္န ဝီထိတို့ပုံ

| တီ | န | ဒ | ပ | စ | သံ | ဏ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဒါ | ဒါ | စု |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |

ပဋိသန္ဓေနေပုံ ဝီထိဖြစ်ပုံ

| ဋိ | (ဘွင်၊ ၁၅-ကြိမ်၊ ၁၆-ကြိမ်) | မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘွင် | ဘွင် |
|---|---|---|---|---|---|---|---|---|---|---|---|
| ooo | ooo ........................ | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |

မနောဒွါရ မရဏာသန္န ဝီထိသည်လည်း၊ သုဒ္ဓ မနောဒွါရမရဏာသန္န ဝီထိ၊ ဈာန်ဇောနောင် စုတိ ကျသော ဈာနသမနန္တရ မရဏာသန္နဝီထိ၊ ပစ္စဝေက္ခဏာဇောနောင် စုတိကျသော ပစ္စဝေက္ခဏာသမနန္တရမရဏာ

သန္နဝီထိ၊ အဘိညာဏ်ဇောင်နောင် စုတိကျသော အဘိညာ သမနန္တရ မရဏာသန္န ဝီထိအားဖြင့် ၄-ပါးအပြားရှိ၏။ထိုတွင် နောက် ၃-ပါးကား ရဟန္တာတို့ စုတိသာ။ ရှေ့တပါးကား၊ ပုထုဇဉ် သေက္ခတို့ စုတိတည်း။ ၎င်း ၄-ချက် အရကျက်ရန်ကား၊— (သုဒ္ဓ ဈာန၊ ပစ္စဝေက္ခ၊ ဘိညာ ၄-စုတိ)။ ။သုဒ္ဓမနောဒွါရ မရဏာသန္နဝီထိဖြစ်ချက် အရကျက်ရန်ကား၊— (ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်း၊ မရဏာသန္န ဇော ၅-ကြိမ်၊ စုတိတကြိမ်၊ ထို့နောင် ပဋိသန္ဓေ စသည် ဖြစ်၍ချုပ်၏။)

---

ပုထုဇဉ် သေက္ခတို့၊ သုဒ္ဓမနောဒွါရ မရဏာသန္နဝီထိကျပုံ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | စု | ဋိ | ဘဝင် | ဘဝင် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

---

ရဟန္တာတို့ စုတိ ၃-မျိုးတွင်၊ဈာနသမနန္တရ မရဏာသန္နဝီထိဖြစ်ချက် အရကျက်ရန်ကား၊— (ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ဈာန်ဇော ၅-ကြိမ်၊စုတိတကြိမ်ဖြစ်၍ ပရိနိဗ္ဗာန်စံ၏)။ ။ဈာန်-နောင် စုတိကျ၍၊ ပရိနိဗ္ဗာန်စံသည့် ဝီထိ။

---

ဈာနသမနန္တရ စုတိကျ၍ ပရိနိဗ္ဗာန်စံပုံ

| န | ဒ | မ | ကံ | ဉ | နု | ဂေါ | ဈာန် | ဈာန် | ဈာန် | ဈာန် | ဈာန် | စံ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

---

ပစ္စဝေက္ခဏာ သမနန္တရ မရဏာသန္န ဝီထိတို့ကား၊ တေဘူမကတို့ကို ဆင်ခြင်မှု၊ ဈာန်အင်္ဂါတို့ကို ဆင်ခြင်မှု၊ သမထိသိ ရဟန္တာ စသည်တို့ကား၊ မဂ်,ဖိုလ်,နိဗ္ဗာန်,ပယ်ကိလေသာ စသည်တို့ကို ဆင်ခြင်မှု၊ ဇောတို့ နောင် စုတိကျ၍ ပရိနိဗ္ဗာန်စံနိုင်၏။ ၎င်းဝီထိတို့ဖြစ်ချက် အရကျက်ရန် ကား၊—(ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္န ပစ္စဝေက္ခဏာ ဇော ၅-ကြိမ်၊ စုတိတကြိမ်ဖြစ်၍ ပရိနိဗ္ဗာန်စံ၏)။

---

ပစ္စဝေက္ခဏာ သမနန္တရ၊ မရဏာသန္နဇောနောင် စုတိကျ ပရိနိဗ္ဗာန်စံပုံ

| န | ဒ | မ | ဇ | ဇ | ဇ | ဇ | ဇ | စံ |
|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

---

အဘိညာသမနန္တရဝီထိဖြစ်ချက် အရကျက်ရန်ကား၊—(ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ အဘိညာဏ် ဇောတကြိမ်၊စုတိတကြိမ်ဖြစ်၍ ပရိနိဗ္ဗာန်စံ၏။)

အတိဉာသမနန္တရ စုတိကျ၍၊ ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်ဝိထိပုံ

| နဲ | ဒ | မ | ကံ | ဉ | နံ | ဂေါ | ဘိ | စံ |
|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၁ | ၀၀၀ | ၀၀၀ |

ဤသို့ရေးသား ပေါ်ပြအပ်ပြီးသော **နာမ်ခံဝီထိတို့၏ အဓိပ္ပါယ်အကျဉ်း** ကား။ ။ဘဝင်လှုပ်သည်က စိတ္တက္ခဏ (၁၆) ချက်ကျအောင် အလွန်များသော အသက်ရှိသော ပစ္စုပ္ပန်အာရုံကို ယူသောကြောင့် (အတိမဟန္တာရုံဝိထိ)မည်၏။ တနည်း၊ဝိထိစိတ်တို့ တဒါရုံအကြိမ်မှာ ဆုံးသောကြောင့်လည်း (တဒါရမ္မဏဝါရဝိထိ) မည်သေး၏။ ဘဝင်လှုပ်သည်က စ၍ စိတ္တက္ခဏ (၁၅-၁၄) ချက်ကျရုံသာ များသော အသက်ရှိသော ပစ္စုပ္ပန်အာရုံကို ယူသောကြောင့် (မဟန္တာရုံဝိထိ) မည်၏။ တနည်း၊ ဝိထိစိတ် ဇောအကြိမ်မှာ ဆုံးသောကြောင့်လည်း (ဇဝနဝါရဝိထိ) မည်သေး၏။ ။ဘဝင်လှုပ်သည်က စိတ္တက္ခဏ(၁၃-၁၂-၁၁-၁၀-၉-၈) ချက်ကျရုံသာ နည်းသော အသက်ရှိသော ပစ္စုပ္ပန်အာရုံကို ယူသောကြောင့် (ပရိတ္တာရုံဝိထိ) မည်၏။ တနည်း၊ဝိထိစိတ် ဝုဋ္ဌောအကြိမ်မှာ ဆုံးသောကြောင့်လည်း (ဝေါဋ္ဌဗ္ဗနဝါရဝိထိ) မည်သေး၏။ ။ဘဝင်လှုပ်သည်က စိတ္တက္ခဏ (၇-၆-၅-၄-၃-၂) ချက်ကျအောင်၊ အလွန်အသက်ရှိသောကြောင့် (အတိပရိတ္တာရုံဝိထိ) မည်၏။ တနည်း၊ဝိထိစိတ် မဖြစ်ပေါ်လာဘဲ၊ ဘဝင်လှုပ်၍ ပြတ်လောက်ရုံမျှသာ အာရုံတိုက်ခိုက်လာသောကြောင့်လည်း (မောဃဝါရဝိထိ) မည်သေး၏။

**ပဉ္စဒွါရဝိထိ ၄-မျိုး၏အဓိပ္ပါယ်။** ။အလွန်ထင်ရှားသော အာရုံကို ယူသောကြောင့် (ဝိဘူတာရုံဝိထိ) မည်၏။ ။မထင်ရှားသော အာရုံကို ယူသောကြောင့် (အဝိဘူတာရုံ ဝိထိ) မည်၏ဟု မနောဒွါရဝိထိ ၂-မျိုး အဓိပ္ပါယ်အကျဉ်းကိုသိလေ။ ၎င်းဝိထိစိတ်တို့၏ အာရုံကား၊ ထင်ရှားရှိဆဲ ပစ္စုပ္ပန်အဆင်းကိုသာ စက္ခုဒွါရဝိထိ စိတ်တို့က အာရုံပြု၏။ ။ထင်ရှားရှိဆဲပစ္စုပ္ပန် အသံကိုသာ သောတဒွါရဝိထိစိတ်တို့ကအာရုံပြု၏။ ။ထင်ရှားရှိဆဲ ပစ္စုပ္ပန်အနံ့ကိုသာ ဃာနဒွါရ ဝိထိစိတ်တို့ကအာရုံပြု၏။ ။ထင်ရှားရှိဆဲ ပစ္စုပ္ပန်အရသာကိုသာ ဇိဝှါဒွါရဝိထိစိတ်တို့ကအာရုံပြု၏။ ။ထင်ရှားရှိဆဲ ပစ္စုပ္ပန် အတွေ့တို့ကိုသာ ကာယဒွါရဝိထိစိတ်တို့ကအာရုံပြု၏။ ။ပဉ္စဒွါရ ဝိထိအာရုံ ၅ ပါးတည်း။ ။ကာလ ၃-ပါး၌ဖြစ်သော အာရုံ ၆-ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်တရားတို့ကို မနောဒွါရ ဝိထိ

စိတ်တို့က အာရုံပြု၏။ ။ဓိဿိမည်သည်ကား၊ လူတို့၏ သွားလာရာ ခရီးအစဉ်နှင့်တူသောကြောင့် (ဝိထိ)မည်၏။ ။ဘဝနှစ်ပါးကို စပ်ခြင်းသည် (ပဋိသန္ဓိ)မည်၏။ ။ဘဝမပြတ်ကြောင်းသည် (ဘဝင်)မည်၏။ ။ဖြစ်ဆဲဘဝမှ ရွေ့လျောခြင်းသည် (စုတိ) မည်၏။ ။ငင်းဗီထိမုတ်စိတ် ၃-ပါးတို့၏ အာရုံကား၊ ကုသိုလ်,အကုသိုလ် စေတနာ တည်းဟူသော (ကံ)၁။ ။ငင်းကံ၏ အာရုံ အဆောက်အဦဖြစ်သော အတိတ်ပစ္စုပ္ပန်အာရုံ ၆-ပါးတည်းဟူသော (ကမ္မနိမိတ်) ၂။ ။လားရာဂတိ၌ ရှိသော ပစ္စုပ္ပန်အာရုံ ၆-ပါးတည်းဟူသော(ဂတိနိမိတ်)သုံးပါးတို့တည်း။ဝါ၊ငင်း ၃-ပါးတို့တွင် တပါးပါးကိုသာအာရုံပြု၏။ အာရုံဝတ္ထုတို့ အချင်းချင်းမထိခိုက်မီ၊ ချုပ်ပျက်ကွယ်လွန်သောကြောင့် (အတီတဘဝင်) မည်၏။ အာရုံနှင့် ဝတ္ထုမနောတို့ထိခိုက်၍၊ လှုပ်သော အခြင်းအရာရှိသောကြောင့် (ဘဝင်စလန) မည်၏။ ။ဘဝင်အလျင်ပြတ်သောကြောင့် (ဘဝင်္ဂုပစ္ဆေဒ) မည်၏။ ။ငါးခွါရ၌ထင်သော အာရုံတို့ကို ဆင်ခြင်တတ်သောကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း)မည်၏။ ။မနောဒွါရ၌ ထင်သော အာရုံတို့ကို ဆင်ခြင်တတ်သောကြောင့် (မနောဒွါရာဝဇ္ဇန်း) မည်၏။ ။မြင်တတ်သောကြောင့် (စက္ခုဝိညာဏ်)မည်၏။ ။ကြားတတ်သောကြောင့် (သောတဝိညာဏ်) မည်၏။ ။နံတတ်သောကြောင့် (ဃာနဝိညာဏ်) မည်၏။ ။လျက်တတ်သောကြောင့် (ဇိဝှါဝိညာဏ်) မည်၏။ ။တွေ့ထိစေတတ်သောကြောင့် (ကာယဝိညာဏ်) မည်၏။ ။ခံလင့်တတ်သောကြောင့် (သမ္ပဋိစ္ဆန်း) မည်၏။ ။စုံစမ်းတတ်သောကြောင့် (သန္တီရဏ)မည်၏။ ။မှတ်တတ်သောကြောင့် (ဝုဋ္ဌော) မည်၏။ ။လျင်စွာသိတတ်သောကြောင့် (ဇော) မည်၏။ ။ဇော၏အာရုံကိုယူတတ်သောကြောင့် (တဒါရုံ) မည်၏။ ။အပ္ပနာကို ပြုပြင်တတ်သောကြောင့် (ပရိကံ) မည်၏။ ။အပ္ပနာ၏အနီး၌ဖြစ်သောကြောင့် (ဥပစာ) မည်၏။ ။ရှေ့နောက် ဇောအားလျော်သောကြောင့် (အနုလုံ)မည်၏။ ။ကာမ ပုထုဇဉ်အနွယ်တို့ကို ဖြတ်တတ်သောကြောင့် (ဂေါတြဘု ) မည်၏။ ။အာရုံကိုကပ်၍ ရှုတတ်သောကြောင့် (ဈာန်)မည်၏။ ။အထူးအားဖြင့် သိတတ်သောကြောင့် (အဘိညာဏ်) မည်၏။ ။ကိလေသာကိုသတ်၍ နိဗ္ဗာန်သို့သွားတတ်သောကြောင့် (မဂ်) မည်၏။ ။အကြောင်းကြောင့် ဖြစ်တတ်သောကြောင့်(ဖိုလ်)မည်၏။ ။ထိုထိုအာရုံကို ဆင်ခြင်တတ်သောကြောင့်(ပစ္စဝေက္ခဏာဇော)မည်၏။ ။အဘိညာဏ် အခြေဖြစ်အောင် ဝင်စားသောကြောင့် (ပါဒကဈာန်) မည်

၏။ ။အလိုရှိရာ အဓိဋ္ဌာန်သောကြောင့် (အဓိဋ္ဌာန်ဇော) မည်၏။ ။သေခြင်းအနီး၌ ဖြစ်သောကြောင့် (မရဏာသန္နဇော) မည်၏။ ။အပူခပ်သိမ်း ငြိမ်းအေးလေသောကြောင့် (ပရိနိဗ္ဗာန်စံ)သည်မည်၏။ ။ဤသည်တို့ကား၊နာမ်ဝီထိ အဓိပ္ပါယ်အကျဉ်းတည်း။

ဤ၌ရှေ့က ပြအပ်ခဲ့ပြီးသော ဈာန်အဘိညာဏ်စသော ဝီထိစုကိုလည်း၊ ဂန္ထန္တရဗဟုသုတ လွယ်လွယ်ကလေးနှင့်၊ ဖြစ်ကြစေခြင်း အကျိုးငှါ သာ တို့မြန်မာဘာသာနှင့် ရေးပြလိုက်ပါသတည်း။ ။ဤ ဝီထိတို့အသွားအတိုင်း ဝိပဿနာ ရှုကြဘို့မဟုတ်ပါ။ ရှုကြစေလိုရင်းမှာကား၊ ရှေ့ကပြခဲ့သည့်အတိုင်း၊ထိုထိုအာရုံများကို ပိုင်းခြား၍ သိကြသည့် သန္တတိပျက် အနိစ္စအချက်နှင့်သာ ရှုကြည့်ကြရဘို့ပါတည်း။ ဤသန္တတိပျက်နှင့် ရှုကြရဘို့ကလည်း၊ ရှေ့ကမြင်သိပျက်၊ ကြားသိပျက်စသည်တို့နှင့်၊ ပြအပ်ခဲ့ပြီးသော အချက်တို့မှာ မနောကြံသိပျက်တို့လည်း၊ သာမညနှင့်ပင် သိသာလောက်အောင် ပါပြီးသားဖြစ်သောကြောင့်၊ ဤမှာရေးဘွယ် မလိုတော့ပြီ။ဝိသေသအားဖြင့်ကား၊ရှေ့ကပြခဲ့သည့်အတိုင်း ရုပ်ကိုရင်း၊နာမ်ကိုရင်း၊ အနိစ္စအချက် ပျက်၍လိုက်မှု မြင်အောင်ရှု၍၊ ဉာဏ်ဝမှာ ထင်ထင်ရှားရှား ကြောင်ကြောင်ကြီးထင်မြင်သော ယောဂီတို့သည်၊မိမိတို့ဉာဏ်မှာ အနိစ္စ ထင်မြင်လိုက်မှု ဝိပဿနာ နာမ်အဆင့်ဆင့်ဖြစ်ပွါးနေမှု အစဉ်တို့ကိုလည်း သိသာထင်ရှားလှတော့၏။ ရှေ့ရှေ့ရှုသော ဝိပဿနာ ဉာဏ်စုတို့လည်း၊ နောက်နောက်ရှုသော ဝိပဿနာဉာဏ်စု မဟုတ်နိုင်ခြင်း၊ ချုပ်ပျက်ကင်းပြီးမှ နောက်နောက် ဝိပဿနာတို့ ဖြစ်ပေါ်လာနိုင်မှု အနိစ္စအချက်စုလည်း သိသာထင်ရှားလှတော့၏။ ဤသို့ ထင်ရှားသော ယောဂီတို့မှာ၊ ရှေးရှေး ဝိပဿနာရှုသည့် နာမ်အဆင့်ဆင့်အစဉ်တို့ ပျောက်ပျက်လိုက်မှု အနိစ္စအချက်စုကို၊ နောက်နောက် ဝိပဿနာ ဉာဏ် အဆင့်ဆင့်ဖြင့် ထင်မြင်အောင်ရှုရ၏– ရှုကြလေဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မိန့်မှာတော်မူတိုင်း၊ ရှေ့ရှေ့စိတ်အပျက်ကို နောက်နောက်စိတ်နှင့်ဆက်၍၊ ဝိပဿနာအချက်ကို ဉာဏ်သက်၍ ရှုကြပါလေ ယောဂီမြတ်တွေတို့။ ။ယခုပြဆိုခဲ့ပြီးသည်ကား၊**သုဒ္ဓဝိပဿနာယာနိက ယောဂီ**တို့ ရုပ်ကဆက်လက်၍၊ နာမ်အချက်ပါ ထင်မြင်သာအောင် ပြသော နည်းစုတို့ပေတည်း။ ။**သမထယာနိက ယောဂီ**တို့ကား၊ မိမိတို့ရသောဈာန်အင်္ဂါတို့ ဉာဏ်မှာ အလွန်ထင်ရှားကြ၍၊နာမ်ကို ရှေးဦးစွာထင်မြင်ချက်ပေါက်ပြီးမှ၊ ၎င်းနာမ်တို့ မှီရာရုပ်တို့ကို ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်နှင့် ထင်မြင်ချက် ပေါက်နိုင်ကြ၍ သမ္မသန ဉာဏ်

အလုပ်မှာလည်း၊မိမိတို့အထင်အမြင်သန်သည့် နာမ်တို့၏ အနိစ္စအချက်က ဆက်လက်၍၊ ၎င်း နာမ်တို့၏ခြိုရာ ရုပ်အထုကြီးတို့ပါ ပျက်စီး၍ပါနေမှုကို၊ အတပ်ရှုနိုင်တော့၏ဟုမှတ်လေ။ ။ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အချက်ဖြစ်ပေါ်အောင်၊ ရုပ်နာမ်တို့ကို ဆရာသမားတို့နှင့် အချက်ကျကျ အားမထုတ်ကြဘူးသူတို့ ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတပါးစသည် ထင်မြင်ထားမှု၊ သက္ကာယဒိဋ္ဌိစု၊ အကုန်လုံး ဝဋ္ဋမှာ၊ ကွယ်ပျောက်အောင် မကျေနပ်ဘဲ ရှိကြပေလိမ့်မည်။ ဤမကျေနပ်သူတို့ မိမိတို့ကိုယ်တွေ့ဒိဋ္ဌ ရှိနေကြသော အနိစ္စ အချက်တို့ကို ကောင်းကောင်းကြီး ထင်မြင်နိုင်ကြအောင် ရှုနိုင်ကြဘို့ နည်းကောင်းတွေလည်း အလွန်ပင်ပေါ်များစွာရှိကြသေးသော်လည်း၊ယခုရေးခွင့်မသာ၍ လျှစ်လျူသာ ထားလိုက်ရတော့၏။ နောင်မကြာမီ ရေးလတ္တံ့သော ကျင့်စဉ်စာတို့မှာ ဆန်းကြယ်သော ဝိပဿနာရှုနည်း အသီးသီးတို့ ပါကြပေလိမ့်သတည်း။

## (၉) ဝဋ်ဆိုးကြီး ၃–ပါးတို့၌ နှစ်နေကြပုံနှင့်၊ ထွက်မြောက်ရပုံကိုပြချက်

ထိုထို သုတ်,ဝိနည်းပါဠိတော်,အဋ္ဌကထာဘို့မှာ၊ရဟန်းခံရှင်ပြုစသော မြင့်မြတ်သော ကုသိုလ်ကောင်းမှုတို့ကို ပြုကြသော အခါတို့၌။ ။သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ။ ။ဟု ဝိဝဋ္ဋ ဆုတောင်းကြီးများ ပါကြ၏။ပါသည့်အတိုင်းလည်း၊ ယခုအခါ ရေစက်ချ စသည်တို့မှာလည်း ဆရာကြီးများထည့်သွင်း၍ ချကြ၏။၎င်းပါဠိတော်စကားကို။ ။သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲ ဝဲသြဃ ရေအယဉ်မှ။မောစနတ္ထာယ၊ လွတ်မြောက်ပါရစေခြင်း အကျိုးငှါ။ ။ဟု– မြန်မာ ပြန်ကြားကြလေရာ။ ။သံသရာဆိုသည်ကား အဘယ်နည်း၊ ဝဋ်ဆင်းရဲဆိုသည်ကား အဘယ်နည်း၊ ဝဲသြဃ ရေအယဉ်ဆိုသည်ကား အဘယ်နည်း၊ လွတ်မြောက်ကြောင်းတရားကား အဘယ်နည်းဟု ပုစ္ဆာထွက်လိုက်၏။ ဤပုစ္ဆာတို့တွင်၊ သံသရာဟူသော ပါဠိစကားကို၊ တို့မြန်မာစကားနှင့် ရုပ်နာမ်ခန္ဓာစသည်တို့အစဉ်ဟုပြောဆိုရ၏။ဤပါဠိမြန်မာ နှစ်ဘာသာတို့နှင့်၊ ပြောအပ်,ဟောအပ်, ပြအပ်သည့် ပရမတ္ထသဘာဝ အနက်တို့ကား၊ သူငါ စသည်တို့ အတွင်းမှာ တင်းကျမ်းပြည့်နေကြကာ အကြောင်းအားလျော်စွာ အစဉ်မပျက် ဆက်လက်၍ ဖြစ်ပျက်နေကြသော ရုပ်နာမ်ခန္ဓာစသည်

တို့၏အစဉ်ကို သံသရာ အစစ်ဘဲဟု မြဲမြဲကြီးမှတ်ကြပါလေ။[ဤရုပ်ခန္ဓာတို့၏ ဆက်လက်၍ ဖြစ်ပျက်နေကြသော ရုပ်သံသရာအစဉ်တို့ကိုကား၊ ရှေ့ရုပ်ဝိထိက ပြအပ်သော အစဉ်အတိုင်း သိကြပါလေ။ နာမ်ခန္ဓာတို့၏ ဆက်လက်၍ ဖြစ်ပျက်နေကြသော နာမ်သံသရာ အစဉ်တို့ကိုလည်း၊ ရှေ့နာမ်ဝိထိက ပြအပ်သော အစဉ်အတိုင်း သိကြပါလေ။]ဤကား သံသရာ အဖြေစကားတည်း။ ။ဝဋ္ဋဒုက္ခ ဟူသောပါဠိစကားကို၊ တို့မြန်မာစကားနှင့် **ဝဋ်ဆင်းရဲ**ဟု ပြောဆိုကြသည်၌၊ (ဝဋ္ဋ)ကို ဝဋ်ဟု အနက် ပြန်ဆိုခြင်းကား၊ ပါဠိပျက် စကားမျှသာ ဖြစ်သည်။ မြန်မာစကား သက်သက်ကား၊ **အထပ်ထပ်လည်ဘတ်သော ဆင်းရဲ**ဟု-ပြောဆိုရ၏။ဤ အထပ်ထပ်လည်နေကြသည့် ဝဋ်ဆင်းရဲကြီးတွေအထဲမှာ မြုပ်နစ်မျောပါးကာ ခံနေကြရသည့် အချက်များနှင့်၊ ၎င်းဝဋ္ဋသဒ္ဒါ၏ အနက်ကိုသိစေလို၍၊ **ဝဲဩဃရေ** **အယဉ်**မှဟု မြန်မာစကားတရပ် ထပ်၍ပြတော်မူကြပေသတည်း။ဤကား **ဝဋ်ဆင်းရဲနှင့်ဝဲဩဃ** ရေအယဉ်အဖြေတည်း။ (ဤ ဝဋ်ဆင်းရဲတို့အပြားကား၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့တည်း။) တို့မြန်မာနှင့်ကား၊ **ညစ်နွမ်းပြီး လည်ဘတ်တဲ့ တရား၊ အကြောင်းဖြစ်ပြီး လည်ဘတ်တဲ့ တရား၊ အကျိုးဖြစ်ပြီးလည်ဘတ်တဲ့ တရား**ဟု- ပြောဆိုရ၏။ ဤ ပါဠိ မြန်မာ စကားတို့နှင့်၊ ပြောအပ်- ဟောအပ်- ပြအပ်သော ပရမတ္ထ သဘာဝ အနက်တို့ကား၊ ပဋိစ္စ သမုပ္ပါဒ်က ပြသည့် အတိုင်း၊ သူ့ါတို့ အထဲမှာ အမြဲထာဝရဖြစ်ပွါးနေကြသော ကိလေသ ဝဋ်ကား၊ အဝိဇ္ဇာ- တဏှာ- ဥပါဒါန် ၃-ပါးတို့တည်း။ ကမ္မဝဋ်ကား၊ သင်္ခါရနှင့်- ကမ္မဘဝ ၂-ပါးတို့တည်း။ဝိပါကဝဋ်ကား၊ ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ, ဇာတိ, ဇရာ မရဏ ၇-ပါးတို့တည်း။ ဤဝဋ် ၃-ပါးနှင့်ပဋိစ္စ သမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတို့ ကိုက်ကြဘို့ရာ ရေတွက်မှု မရှုပ်ပါအောင်၊ ဥပတ္တိဘဝတစိတ်ကို မထည့်လိုက်ပါသတည်း။ (**ဤဝဋ် ၃-ပါးတို့ကို ဘုံ ဌာနနှင့် ခွဲ၍ဆိုရန်**။ ။အပါယ်ဘုံနှင့် ဆိုင်သော ဝဋ်ဆိုးကြီး ၃-ပါး၊ ကာမသုဂတိဘုံသားတို့နှင့်ဆိုင်သော ဝဋ်ဆိုးကြီး ၃-ပါး၊ရူပ, အရူပဘုံ နှင့်ဆိုင်သော ဝဋ်ဆိုးကြီး ၃-ပါးဟု ဆိုရ၏။

**အပါယ်ဘုံနှင့် ဆိုင်သောဝဋ်ဆိုးကြီး ၃-ပါးကား၊** ကိလေသဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ်တည်း။ **ကိလေသဝဋ်ကား၊** ဒိဋ္ဌိဝိစိကိစ္ဆာတည်း။ ။**ကမ္မဝဋ်ကား၊** ဒုစရိုက်ကံတည်း။ ။**ဝိပါကဝဋ်ကား၊** အပါယ်ဘုံသားတို့၏ ဝိပါက်ရုပ်နာမ်ခန္ဓာတို့တည်း)။ ။**အပါယ်နှင့် ဆိုင်သော ဒိဋ္ဌိဝိစိကိစ္ဆာ**

ဝဋ်ဆင်းရဲကြီးဖြစ်ပုံကား၊ ကြိုးချည်၍ လွှတ်လိုက်သောကျီးငှက်တို့ သစ်ပင်စသည်တို့ ပြန်၍ တက်သော်လည်း ကြိုးကိုဆွဲချက၊ ခဏခြင်းပြန်လည်၍ ကျတိသကဲ့သို့၊ ဤဒိဋ္ဌိ ဝိပဲကိစ္စာကိလေသ ဝဋ်ဆိုးရှိသူများ အညွှန်းစားကို မဆိုထားနှင့်ဦး၊ ကျွတ်တော့မည်ဆဲဆဲ ဤကမ္ဘာကြီးအထဲမှာ၊ ဘုရား ပစ္စေကဗုဒ္ဓါ သာဝကအလောင်း အလျာကြီးများပင်၊ လူနတ်ဗြဟ္မာ အစစ် အထက်တန်းစားအဖြစ်က၊ အပါယ်၌မြုပ်နစ်အောင် ဆွဲချမှုကား၊ ဒိဋ္ဌိ ဝိစ ကိစ္စာ ကိလေသဝဋ်ဆိုးကြီး၏ ပြန်လည်စေမှု သတ္တိစုတည်း။ အပါယ် ပဋိသန္ဓေ ဝဋ်ဆင်းရဲကြီးတို့ဖြစ်ကြောင်းကား၊ ဒုစရိုက် ကမ္မဝဋ်ဆိုးကြီး၏ ပြန်လည်စေမှု သတ္တိစုတည်း။အပါယ်ပဋိသန္ဓေ ရုပ်နာမ် ခန္ဓာဝဋ်ဆိုးကြီး တို့ဖြစ်နေကြရမှုကား၊ ဝိပါကဝဋ်ဆိုးကြီး၏ ပြန်လည်၍ ဖြစ်နေရမှုသတ္တိစု တည်း။ဤဒိဋ္ဌိဝိစိကိစ္စာကိလေသဝဋ်ကြီးကိုမပယ်ကြရသေးသည့်အတွက်၊ ရှေ့ကလည်း အပါယ်ကျကြောင်း မကောင်းမှုတို့ကို ပြုခဲ့လှ၍ အပါယ် သို့ကျခဲ့လှသေးပြီ။ ယခုလည်းပြုနေကြဆဲဖြစ်၍ ကျလုဆဲဆဲဖြစ်နေကြရ၏။ နောက်နောင်လည်း ၎င်းအမှုကိုပြုလတ္တံ့၊ကျလတ္တံ့ဖြစ်၍ တထိတ်ထိတ်နေ ကြရသည်များကား၊ ဤ ကိလေသဝဋ်ဆိုးကြီးများ၏ လက်ချက် အစစ် ပါတည်း။ အဘယ့်ကြောင့် နည်းဆိုသော်၊ ဤဒိဋ္ဌိဝိစိကိစ္စာ ကိလေသဝဋ် ဆိုးကြီးများကို ပယ်ရှားပြီးသော သောတာပန်စသောအရိယာတို့မှာကား၊ မိုက်ပြီးဒုစရိုက်တို့လည်းအကျိုးမပေး။ယခုဘဝလည်းမမိုက်။နောက်နောင် ဘဝတို့မှာလည်း မမိုက်ကြ၊ အပါယ်သို့လည်း ပြန်မလည်ကြတော့မှာဖြစ် လေသောကြောင့်တည်း။ ဤကိလေသ ဝဋ်ဆိုး ရှိသူတို့မှာသာ ကမ္မဝဋ် ဆိုး, ဝိပါကဝဋ်ဆိုးတို့ ဖြစ်ခွင့်ရကြ၏။ ဤဝဋ်ဆိုးမရှိက ဖြစ်ခွင့် မရလေ သောကြောင့်၊ဤဒိဋ္ဌိဝိစိကိစ္စာ ကိလေသာကင်းကြောင်း ကောင်းမှုတို့ကို သာ သာသနာတော်ကြီးနှင့် ကြုံကြိုက်သော အခါ၊ များများကြီးအား ထုတ်ကြကုန်ရာ၏-အားထုတ်ကြလေ။

(**ကာမသုဂတိ ဘုံသားတို့နှင့် ဆိုင်သော ဝဋ်ဆိုးကြီး ၃ ပါးကား၊**- ကိလေသဝဋ်-ကမ္မဝဋ်-ဝိပါကဝဋ်တည်း။ကိလေသဝဋ်ကား၊ ကာမ ရာဂ ဒေါသတည်း။ ကမ္မဝဋ်ကား-ကာမ ကုသိုလ်စေတနာတည်း။ ဝိပါကဝဋ် ကား၊ကာမသုဂတိ ဘုံသားတို့၏ ဝိပါက် ရုပ်နာမ် ခန္ဓာဘည်း)။ ။ဤ၃-ပါး **တို့ ဝဋ်ဆင်းရဲကြီး ဖြစ်နေကြပုံကား၊**-အပါယ်ဘေးဒုက္ခကြီးများကို ကြောက် လှ၍၊သူတော်ကောင်းအလုပ်ကို အားထုတ်လို့၊အပါယ်ဝဋ်က ကျွတ်လွတ် ပြီးသော သောတာပန်, သကဒါဂါမ်-အစစ်ဖြစ်ကြသော အရိယာအရှင်

မြတ်ကြီးများတို့ ဖြစ်ကြလျက်၊ ကာမ,ရာဂ- ဒေါသဝဋ်ဆိုးတို့ကို မပယ်ရသေးသည့် အတွက်၊အဆက်မင်,အထက်ဖိုလ်က နိဗ္ဗာန်ကျအောင် မသွားနိုင်ကြသေးဘဲ၊ဤကာမသုဂတိဝဋ်ဆိုးဘုံထဲက မလွတ်နိုင်သောကြောင့်၊ အို,နာ,သေရေး၊ သောကပရိဒေဝ ဒုက္ခ စသောဘေးတို့နှင့် တွေ့ကြုံကြရသည်ကား၊၎င်းအရိယာတို့၏ ၆-ဌါရ တည်းဟူသော ဝိပါက ဝဋ်ဆိုးကြီးများ ရှိနေကြသည့်အတွက်၊ လူ,နတ်,ကာမဂုဏ်အာရုံ ၆-ပါး အကောင်းစား,မကောင်းစားတို့နှင့်တွေ့သောအခါ၊သာယာမှု **ကာမရာဂ**၊ပြစ်မှားမှု **ဒေါသ**၊ ဤကိလေသ ဝဋ်ဆိုးကြီးများ၏ ချည်နှောင်, တုပ်ဖွဲ့, ပြန်လှဲစေမှုသတ္တိတည်း။ ဤ **ကာမသုဂတိ ပဋိသန္ဓေဝဋ်ဆိုးကြီးဘုံဖြစ်ကြောင်းကား**၊ ကာမကုသိုလ်စေတနာ ကမ္မဝဋ်ဆိုးကြီး၏ ချုပ်, နှောင်, ချည်,ဖွဲ့ ပြန်လှဲ့စေမှုသတ္တိစုတည်း။ကာမသုဂတိ ပဋိသန္ဓေရုပ်နာမ်ခန္ဓာ ဝဋ်ဆိုးကြီးတွေ ဖြစ်နေကြရမှုကား၊ဝိပါကဝဋ်ဆိုးကြီး၏ ချုပ်နှောင်,ချည်ဖွဲ့, ပြန်လှဲ့နေရမှုသတ္တိစုတည်း။ ဤကာမ, ရာဂ, ဒေါသ ကိလေသ ဝဋ်ဆိုးကြီး တို့ကို သောတာပန်, သကဒါဂါမ် အရှင်မြတ်များ မပယ်ရှားနိုင်ကြသေးသည့်အတွက်၊အို,နာ,သေရေး ဘေးဒုက္ခအစားစားတို့ ထင်ရှားဖြစ်နေကြသော ကာမသုဂတိ ဘဝသို့ရောက်ကြောင်း ကောင်းမှု တို့ကိုလည်း၊ ပြုခဲ့လှ၍ သုဂတိ ဘဝသို့လည်း ရောက်ခဲ့ကြလှလေပြီ။ ယခုဖြစ်ဆဲ အရိယာ ဘဝမှာလဲ ပြုနေကြဆဲဖြစ်၍၊ နောင်တဖန်လည်း ပြန်ရောက်လု ဆဲဆဲ ဖြစ်နေကြရ၏။ နောက်နောင်လည်း၊ ၎င်းအမှုကို ပြုလတ္တံ့-ရောက်လတ္တံ့ ဖြစ်ကြ၍၊ တထိုင်ထိတ်နေကြရသည်များကား၊ ဤကိလေသဝဋ်ဆိုးကြီးများ၏ လက်ချက် အစစ်ပါတည်း။အဘယ့်ကြောင့်နည်းဆိုသော်၊ဤကာမရာဂ ဒေါသ ကိလေသ ဝဋ်ဆိုးကြီးများကို ပယ်ရှားပြီးသော အနာဂါမ် အရိယာတို့မှာကား၊ ပြုပြီးကာမကုသိုလ်စုတို့ကလည်း ကာမဘုံမှာဖြစ်ရန် အကျိုးမပေး၊ ယခုဘဝလည်း ကာမသုဂတိမှာ ဖြစ်စရာ ကုသိုလ်မပြု။ နောက်နောင်လည်း မပြုလတ္တံ့ ဖြစ်၍၊ ဤကာမဘုံဝဋ်ဆိုးကြီးထဲသို့ ပြန်၍လည်း မဖြစ်ကြရတော့မှာ ဖြစ်သောကြောင့်ဘည်း။ ဤကိလေသ ဝဋ်ဆိုးရှိသူတို့မှာသာ ကမ္မဝဋ်ဆိုး-ဝိပါက ဝဋ်ဆိုးတို့ ဖြစ်ခွင့်ရကြ၏။ ဤဝဋ်ဆိုးမရှိက ဖြစ်ခွင့်မရကြလေဘဲ၊ သင်္ခါသုခထဲသို့ ရောက်ကြောင်း ဖြစ်သောကြောင့်၊ဤလောဘ,ဒေါသ ကိလေသာကင်းကြောင်းကောင်းမှုတို့ကိုသာ သာသနာတော်ကြီးနှင့် ကြုံကြိုက်သောအခါ၊ များများကြီး အားထုတ်ကြ ကုန်ရာ၏-အားထုတ်ကြပါလေ။

(ရူပ,အရူပဘုံနှင့်ဆိုင်သော ဝဋ်ဆိုးကြီး ၃-ပါးကား–ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တည်း။ ကိလေသဝဋ်ကား၊ ရူပရာဂ, အရူပ ရာဂ အဝိဇ္ဇာတည်း။ ကမ္မဝဋ်ကား၊ ရူပ,အရူပ ကုသိုလ်စေတနာတည်း။ဝိပါကဝဋ်ကား၊ ရူပ,အရူပဘုံသားတို့၏ ဝိပါက်ရုပ်နာမ် ခန္ဓာတို့တည်း)။ ။ဤ ၃-ပါးသို့ ဝဋ်ဆိုးကြီး ဖြစ်နေကြပုံကား–အပါယ်ဆင်းရဲ, ကာမသုဂတိ ဆင်းရဲကြီးတွေကို ကြောက်လှ၍၊ သူတော်ကောင်းအလုပ်ကို အားထုတ်ကြလို့ သောတာပန်, သကဒါဂါမ်အဖြစ်က ကျူးပြီး၊ အနာဂါမ်အရိယာ အရှင်မြတ်ကြီးတို့ ဖြစ်ကြလျက်၊ ရူပရာဂ, အရူပရာဂ ဝဋ်ဆိုးကြီးတို့ကို မပယ်ရသေးသည့်အတွက်၊အရဟတ္တမဂ်ဖိုလ်က နိဗ္ဗာန်ကျအောင် မသွားနိုင်ကြသေးဘဲ၊ ဤရူပ,အရူပဝဋ်ဆိုးဘုံထဲက မလွတ်နိုင်ကြသောကြောင့်၊ ဇာတိ, ဇရာ မရဏဘေး၊ ၎င်းရာဂ-မောဟ စသော ကိလေသာ အညစ်အထေး၊ ဘေးအမျိုးမျိုးတို့နှင့် တွေ့ကြုံနေကြရသည်ကား၊ ၎င်းအနာဂါမ် ဗြဟ္မာတို့၏ စက္ခု,သောတ,မနတည်းဟူသော ၃–ဒွါရ ဝိပါကဝဋ်ဆိုးကြီး များ ရှိနေကြသည့်အတွက်၊ ဗြဟ္မာတို့အဆင်း,အသံ၊ ထိုထိုဂုဏ်, ဈာန် အာရုံ ၃-ပါးတို့နှင့် တွေ့သောအခါ၊ သာယာမှု ရူပရာဂ,အရူပရာဂ။ထိုဘုံဘဝတို့၏ အဖြစ်ကို စင်စစ်မထင်မြင်ရမှု အဝိဇ္ဇာ။ ဤကိလေသ ဝဋ်ဆိုးကြီးများ၏ ချည်နှောင်,တုပ်ဖွဲ့ ပြန်လှဲ့စေမှု သတ္တိစုတည်း။ ဤရူပ, အရူပ ပဋိသန္ဓေဝဋ်ဆိုးကြီးတို့ ဖြစ်ကြောင်းကား၊ ရူပ, အရူပ ကုသိုလ်စေတနာ ကမ္မဝဋ်ဆိုးကြီး၏ ချုပ်နှောင်, ချည်ဖွဲ့, ပြန်လှဲ့စေမှု သတ္တိစုတည်း။ ရူပ, အရူပ ပဋိသန္ဓေ ရုပ်နာမ် ခန္ဓာဝဋ်ဆိုးကြီးတွေ ဖြစ်နေကြရမှုကား၊ ဝိပါကဝဋ်ဆိုးကြီး၏ ချုပ်နှောင်ချည်ဖွဲ့ ပြန်လှဲ့နေရမှုသတ္တိစုတည်း။ ဤရူပရာဂ, အရူပရာဂ အဝိဇ္ဇာကိလေသာ ဝဋ်ဆိုးကြီးတို့ကို ရူပ, အရူပ အနာဂါမ် ဗြဟ္မာကြီးများ မပယ်ရှားနိုင်သေးသည့် အတွက်၊လျှပ်တပြက်ခါမျှ သက်သာခွင့် မရအောင်၊ ဒိုသေ,ညစ်ထေး ဘေးဒုက္ခ အစားစားတို့ ထင်ရှားဖြစ်နေကြသော ဤဗြဟ္မာဘုံသို့ ရောက်ကြောင်း၊ ဈာန်ကုသိုလ် ကမ္မဝဋ်ဆိုးအပေါင်းကိုလည်း ပြုခဲ့လှ၍၊ ဤဗြဟ္မာဘုံ ဝိပါကဝဋ်ဆိုးသို့လည်း ရောက်ခဲ့ကြလှလေပြီ။ ယခုဖြစ်ဆဲ အရိယာဘာဝမှာလဲ၊ဈာန်ဝင်စားမှု ကမ္မဝဋ်ဆိုးစုကို ပြုနေကြဆဲဖြစ်၍၊ နောင်တဖန်လည်း ဝိပါက ဝဋ်ဆိုးထဲသို့ ပြန်ရောက်လုဆဲဆဲ ဖြစ်နေကြရ၏။ နောက်နောင်လည်း ၎င်းကမ္မဝဋ်ဆိုး အမှုကို ပြုလတ္တံ့၊ ဝိပါကဝဋ်ဆိုးထဲသို့ ရောက်လတ္တံ့ ဖြစ်၍၊ တထိတ်ထိတ် နေကြရသည် များကား၊ဤကိလေသ ဝဋ်ဆိုးကြီးများ၏ လက်ချက်အစစ်

ပါတည်း။ အဘယ့်ကြောင့်နည်းဆိုသော်၊ ဤရူပရာဂ, အရူပရာဂအဝိဇ္ဇာကိလေသ ဝဋ်ဆိုးကြီးများကို ပယ်ရှားတော် မူကြပြီးသော ရဟန္တာမြတ်စွာကြီးတို့မှာကား၊ ဝင်စားပြီးစျာန်ကုသိုလ်တို့ကလည်း အကျိုးမပေး၊ ယခုလည်းပြုဆဲမဟုတ်၊ နောက်နောင်လည်း မပြုလတ္တံ့ဖြစ်၍၊ဤဗြဟ္မာဘုံဝဋ်ဆိုးကြီးထဲသို့ပြန်၍လည်း မဖြစ်ကြရတော့မှာဖြစ်သောကြောင့်တည်း။ ဤအဆိုးအဝါးဆုံးကြီးတွေ ဖြစ်နေကြသော ကိလေသမီး ဝဋ်ဆိုးကြီးတို့ကို လွန်စွာဖြစ်ပွါးစေနိုင်သော သုခဓာတ်, ဒုက္ခဓာတ်, ဝိပါကဝဋ်ဆိုးနှစ်ရပ်တို့တွင်၊ဘယ်ဝဋ်က သာ၍ဆိုးဝါးကြပါသနည်းဟူမူ၊သုခဓာတ်က သာလွန်၍ဆိုးပါးလှ၏။အဘယ့်ကြောင့်နည်းဆိုသော်၊ဤလောကကြီး၌၊ သုခ–ဒုက္ခ နှစ်စားတို့တွင် ဒုက္ခချည်းသာရှိနေပါမူ၊ သတ္တဝါတိုင်းတို့ပင် ဘေး အပြစ်ကြီးတွေဘဲဟု ထင်မြင် နိုင်ကြကာ၊ ဤ ဘေးဒုက္ခကြီးတွေ လွတ်ရာ နိဗ္ဗူတ သောင်ညာသို့ လျင်မြန်စွာ ကူးမြောက်၍ ရောက်ကြရပေလိမ့်သတည်း။ ယခုမှာမူကား၊ သုခ ဓာတ်ကြီးနှင့် ဖမ်းဆီးချုပ်မိနေသော ဝဋ်ကောင်မ, ဝဋ်ကောင်ထီးတို့သည်၊ ဒုက္ခဓာတ်ကြီး အသီးသီးတို့နှင့် နှိပ်စက်သမျှ ခံနေရ၏။

ဤခံနေရပုံကို ဥပမာဆိုရမူ၊ခွေးသတ္တဝါများကို သုခဓာတ်မဘက်ဘဲ၊ ဒုတ်,ဒါးလက်နက်နှင့် လဲပြမူ၊အဝေးကပင် ပြေးကြ၏။သုခဓာတ်ကလေးရကြဘို့၊ အစာ အာဟာရ ကျွေးမွေးကြရာမှာ၊ လျှပ်ပေါ်သော ခွေးယုတ်မာကို ဒုတ်ကြီးနှင့် လွှဲပြီး ခါးဆွဲအောင် ရိုက်လိုက်သော်လည်း၊ အိုင်အိုင်သံမစဲဘဲ ခါးဆွဲ၍သာအစာခွက်ထားသည့် ရိုက်သူအနားသို့ သုခဓာတ်ဆောင်ပို့လို့သာ အရိုက်ခံလာပြန်ရသလို၊ ကုသိုလ်၏အကျိုးအစစ်၊ မျက်စိ,နား,နှာ,လျှာ,ကိုယ်, မနော၊ ခြောက်ဒွါရ သဘောဖြစ်နေကြသော ဝိပါကဝဋ်ဆိုး၊ သူခိုး လက်ခံ ရှိနေကြပြန်သည်ကိုလည်း၊ အထူး ထိတ်လန့်ဘွယ်,ကြောက်ရွံ့ဘွယ်ကြီး တချက်ပေတည်း။ ထိုဘေးဒုက္ခကြီးတွေ ရောက်နေကြ၊ တွေ့နေကြသည့်အတွက်၊ လွတ်ကွက်ကိုတွေ့ရာ ထွက်တော့မည် ကြံပါသော်လည်း၊ ချွေရံ လင်မယား၊ တပည့်သားနှင့်၊စီးပွါး အာရုံ၊ ကာမဂုဏ် သုခဓာတ်တို့ကဆွဲရာ၊ယခင်က ခွေးပမာ၊အိုင်အိုင်သံမစဲဘဲ၊ ခါးဆွဲ၍သာ လင်အနှိပ်စက်၊ မယားအနှိပ်စက်၊ သားသမီး,မြေးမြစ်တို့ အနှိပ်စက် ခံနေပါသောကြောင့်၊ သားမယားစသည် ကာမဂုဏ်အာရုံကောင်းအမျိုးမျိုး ခိုးသူတို့ကိုရင်း၊ထိုခိုးသူတို့က ကိလေသဒုစရိုက်အမိုက်အမှားတို့နှင့် နှိပ်စက်သမျှလူ,ရှင်အများတို့၊သုခဓာတ်အတွက်ခံနေ

ကြရချက်ကိုငင်း၊ အထူးထိတ်လန့်ဘွယ်, ကြောက်ရွံ့ဘွယ်ကြီး တချက်ပေတည်း။ ထို့ထက်မက၊သောတာပန်,သကဒါဂါမ် အရှင်မြတ်ကြီးတွေ အပါယ် ဒုက္ခ ဒုစရိုတ်တို့မှ လွတ်မြောက်ကြသော်လည်း၊ လူ, နတ်အာရုံ ကာမဂုဏ် သုခတို့ဆွဲရာ၊ ဝဋ်ဒုက္ခကိလေသာ ငါသြဃသံသရာ၌၊ နစ်မွန်းမျောပါး၍ နေရသည်ကိုလည်း၊ အလွန်အကြူး အထူး ထိတ်လန့်ဘွယ် ကြောက်ရွံ့ဘွယ်ကြီး တချက်ပေတည်း။ထို့ထက်မက အနာဂါမ်ဖြစ်ကြ၍၊ ကာမရာဂ ဒေါသတို့မှ လွတ်မြောက်ကြသော်လည်း၊ ဗြဟ္မာ့သုခတို့က ဆွဲရာ ဝဋ်ဒုက္ခကိလေသာ ငါသြဃသံသရာ၌ နစ်မွန်းမျောပါးနေကြသည် ကား၊ဒုက္ခဘေးထက် သုခဘေးကြီးဟာ လွန်စွာထက်လွန်စွာ ထိတ်လန့်ဘွယ် ကြောက်ရွံ့ဘွယ်ကြီးတို့ အချက်တို့ပေတည်း။ဤသို့လျှင် သုခဝတ် အစားစားနှင့် ကိလေသဝဋ်ဆိုး ရှိသူများမှာသာ ကမ္မဝဋ်ဆိုး, ဝိပါက ဝဋ်ဆိုးတို့ ဖြစ်ခွင့်ရကြ၏။ ဤဝဋ်ဆိုးမရှိက ဖြစ်ခွင့်မရလေဘဲ သန္တာသုခ ထဲသို့သာ ရောက်ကြောင်းဖြစ်သောကြောင့်၊ ဤအပါယ်ဘုံနှင့် ဆိုင်သော ကိလေသဝဋ်ဆိုး၊ကာမသုဂတိနှင့်ဆိုင်သော ကိလေသဝဋ်ဆိုး၊ရူပ,အရူပ တို့နှင့် ဆိုင်သောကိလေသ ဝဋ်ဆိုးတို့မှ ကင်းကြောင်း ကောင်းမှုတို့ကို သာ သာသနာတော်ကြီးနှင့် ကြုံကြိုက်သောအခါ၊များများကြီး အားထုတ် ကြကုန်ရာ၏။အားထုတ်ကြပါလေ။ဤရှေ့က ဘုံဌာနနှင့်၊ဝဋ်ဆိုး ၃-စားစီ ခွဲခြား၍ ပြလိုက်သည်ကား၊ (ဝဋ္ဋဒုက္ခတော) ဟူသော ရှေ့ပါဠိတော်က ဝဋ်ဆင်းရဲ,ငါသြဃအရတို့ကို သိစေလိုလှ၍ ပြခဲ့သည်၌၊ငင်း ဘုံနှင့် ဆိုင် ရာ ဝဋ်ဆိုးရှိသူများတို့၊ ငင်းတို့ ဆိုင်ရာဘုံသို့ အထပ်ထပ် ရောက်ရသော ကြောင့် ဝဋ်မည်ပုံ။ငင်းဝဋ်တို့ဆိုင်ရာ ဘေးအစားစားတို့နှင့် တွေ့ရသော ကြောင့် ဒုက္ခမည်ပုံ။ငင်းဝဋ်ဆင်းရဲ ဒုက္ခထဲသို့ ထပ်တလဲလဲကျရောက်ရ၍၊ အထပ်ထပ်လည်တတ်သော ငါသြဃနှင့် တူလှပုံကို ပြချက်ပေတည်း။

ရေအယဉ်နှင့် တူပုံကား၊ မပြတ်မလစ်နိမ့်ရာသို့ စီးဆင်းနေသောရေ တို့ကိုရေအယဉ်ဟုဆို၏။ ဤရေအယဉ်တို့သဘောကား၊ လေးသောဝတ္ထု တို့ကိုမြုပ်တတ်–ပေါ့သောဝတ္ထုတို့ကိုမျောတတ်သကဲ့သို့၊ ဝဋ်ဆိုးကြီးတွေ ဖြစ်နေကြပါသော သံသရာ ရေအယဉ် ရုပ်နာမ် ခန္ဓာတို့အစဉ်မှာလည်း၊ မပြတ်မလပ် အတင်း နိမ့်သော အတွင်းသို့သာ ပြေးဆင်း၍ နေကြရ,နစ် မွန်း၍ နေကြရတာနှင့်တူလှပါ၏။ထိုစကားကို ထင်ရှားအောင်ပြဦးအံ့။ ။ ဤရုပ်နာမ်ခန္ဓာအစဉ် သံသရာရေအယဉ်၌၊နစ်မှု,မွန်းမှု,မျောပါးမှု အစား စားရှိနေကြရာတို့မှာ၊ သံသရာတလျှောက်လုံးက ၆-ခွါရတို့နှင့် ဖြစ်လာ

ခဲ့ကြရာ၊ များသော အားဖြင့် အာရုံကောင်းနှင့် တွေ့မှု လောဘ။ အာရုံဆိုးနှင့် တွေ့မှုဒေါသ။အာရုံလတ်နှင့်တွေ့မှု မောဟ-ဒုစရိုက်တို့ဖြစ်နေကြသည်ကား၊ သံသရာ ရေအယဉ်မှာ ခန္ဓာဝန်-ကိလေသာဝန်လေး၍ နစ်နေမှု- မွန်းနေမှုပေတည်း။ ။သံသရာ ရေအယဉ်၌ မျောနေမှုဆိုသည်ကား၊ ရတနာသုံးပါးမိတ်ကောင်း-ဆရာကောင်းများတို့နှင့် ပေါင်းဘော်ရသဖြင့်၊ အကုသိုလ်ပယ်ရှား၍- ဒါန, သီလ,သမထဖြစ်သော ကာမရူပ အရူပကုသိုလ် ဖြစ်နေကြငြားသော်လည်း၊ထိုထိုဘုံဘဝနှင့်ဂုဏ်ပကာသနတို့ကိုတောင့်တ၍ ပြုကြသူ, ကုသိုလ်ရသည်ဟု သာမညသိ၍ ပြုကြသူ,ငါ့ကုသိုလ် အကျိုးပေးသန်အောင်ဟု သာမည အကျိုးကိုသာ တောင့်တ၍ ပြုကြသူတို့ကား၊ ဝဋ္ဋနိဿိတ ကုသိုလ်များဖြစ်၍၊ သံသရာခန္ဓာရေအယဉ်မှာ မြုပ်သမားမဟုတ်။ဝဋ်မှဆန်တက် နိဗ္ဗာန်ဘက်သို့ ထွက်သမားလည်း မဟုတ်။ စင်စစ်မျောမှုကား၊ ပြည့်စုံသော သင်္ဘောကြီးနှင့် ကာမဂုဏ် အမျိုးမျိုးတို့ကို ခံစား ပျော်ပါးကြပြီး၊ သမုဒ္ဒရာ ပင်လယ်ကြောကြီးသို့ မျောပါးသွားသောသူများတို့၊ နောက်ဆုံးပိတ်အစားမှာ၊ ငါးသြဃအကြား၌ မြုပ်နစ်၍ သွားရဘိသကဲ့သို့၊ ဝဋ္ဋနိဿိတ ကုသလတို့အတွက်၊ လူ့နတ် ဗြဟ္မာတို့အာရုံ ကာမဂုဏ်ချမ်းသာ အကောင်းဆုံးတို့ကို ခံစားစံစားကြပြီး သုဂတိတဘဝမှ တဘဝသို့လည်း ရွေ့လျော၍၊သံသရာပင်လယ်ကြောမှာ မျောပါးကာ နေကြရသောကြောင့်၊ မျောသမားအစစ်ဖြစ်ကြသူများတို့ ဝိဝဋ္ဋပါရမီတရား မကြီးထွားက၊ ကာမဂုဏ်အကြားမှာ အဆင့်ဆင့်ယုတ်နိမ့်သွားပါ၍၊ ဤသုဂတိ သံသရာ ဝဋ်ဆိုးကြီးအထဲက အဝီစိကျအောင်၊ မြုပ်မြဲမြုပ်ကြရဘို့အစစ်တို့ ဧကန်ဖြစ်ကြဘို့ပေတည်း။ဤသည်တို့ကား၊ရှေ့ပြောဘော်က (သံသာရ)အရ(ဝဋ္ဋ)အရ(ဒုက္ခတော)အရတို့ကို ပြခြင်းတို့ပေတည်း၊

မောစနဋ္ဌာယအရ၊ ထိုထိုခန္ဓာသံသရာဝဋ်ဆင်းရဲ ဝဲသြဃရေအယဉ်မှ၊ နိဗ္ဗာန်ဘက် သောင်ညာသို့ကျအောင် ထိုထိုဝဋ် ၃-ပါးတို့မှ လွတ်လိုသော ဝိဝဋ္ဋစိတ်ထားနှင့်၊ဒါနသီလတည်းဟူသော သစ်ငါးဖေါင်၊ သမထတည်းဟူသော လှေဖေါင်၊ ဝိပဿနာ တည်းဟူသောသင်္ဘော ဖေါင်တို့နှင့် ဆန်တက်၍ ထွက်မြောက်ကြကုန်၏။ ဝိဝဋ္ဋစိတ်ထားဆိုသည်ကား၊ ဤ ၃-ပါး ဝဋ်ဆိုးတရားကြီးတို့မှ ကျွတ်လွတ် ထွက်မြောက်လိုသော စိတ်တည်း။ ဝဋ်ဆိုးတရားကြီးတွေ့ သိတာကလည်း တခြားမဟုတ်၊ ရှေးကပြခဲ့သည့် ဝဋ်ဒုက္ခအတွက်၊ ဒိဋ်ဘေး- နာဘေး- သေဘေး- ကိလေသ

ဒုစရိုက်၊ အမိုက်, အမှားဘေးကြီးတွေ တန်းလန်းနှင့်၊ အပေါင်နခမ်းမှာ မှုးယစ်မေ့လျော့ကြကာ မြုပ်နစ်၍ နေကြရတာတို့ပင်တည်း။ ဤအိုနာသေရေး၊ဒုက္ခဘေးတို့မှ အခါခပ်သိမ်း ကျွတ်လွတ်ထွက်မြောက်လိုသော စိတ်ဖြင့်၊ ဒါနသီလ သမထ ဝိပဿနာ စသည့်တို့ကို၊ ပြုခါနီး-ပြုနေဆဲ-ပြုပြီးစ တချက်ချက်တို့မှာ၊ ဤကောင်းမှုကြောင့် ဇာတိဘေးကြီး, နာဘေးကြီး, သေဘေးကြီးတို့မှလျင်မြန်စွာကင်းလွတ်ရပါလို၏ အရှင်ဘုရားဟုဆုတောင်းကာ-တောင်းကာပြုသမျှကုသိုလ်စုတို့သည်၊ဝိဝဋ္ဋကုသိုလ်အစစ်မဂ္ဂင်ပေါင်ကြီးများဖြစ်ကြ၍၊အိုနာသေရေးဒုက္ခဘေးတို့ကင်းဝေးရာနိဗ္ဗာန်သို့အမြန်ရောက်ကြောင်း တရားကောင်း အစစ်ဖြစ်ကြ၏။အမြန်ရောက်ကြောင်းဟုဆိုရာမှာလည်း၊ ရှေးကပြုခဲ့သော ပေါင်သုံးစားတို့ တချို့ ဆန်တက်သွားကြမူ၊ အချင်းချင်းမတူကြဘဲ၊ တခုထက် တခုက နှေးကြ-မြန်ကြပေလိမ့်သတည်း။ ဤသို့တချို့ မဆန်တက်ကြဘဲ၊ လျင်မြန်သော သမထဝိပဿနာတို့နှင့် တွဲပါမူ၊၎င်းတို့မြန်သလောက် မြန်မြန်ကြီးနိဗ္ဗာန်သို့ ရောက်နိုင်ကြကုန်ရာ၏။ ဖွဲ့ရုံကား၊ ကုသိုလ်ပြုသမျှတိုင်းတို့မှာ၊ ၎င်းကုသိုလ်နှင့် စပ်သမျှသော ထောက်ပံ့ကူညီ ရွက်ဆောင်ကြသူ၊ ခံယူသုံးဆောင်ကြသူများကိုသဘောထား၍၊ ဤကောင်းမှုနှင့်စပ်သမျှ ချမ်းသာကြပါစေ-ချမ်းသာကြပါစေဟု ကောင်းမှု၏ အစ, အလယ်, အဆုံး, အခါတို့မှာ၎င်း၊ ကာလကြာကြာကြီးတို့မှာ၎င်း၊ မေတ္တာသမထနှင့်တွဲက သမထ မြန်သလောက်မြန်နိုင်ကြ၏။ ဝိပဿနာနှင့် နေ့အခါတွဲလိုမူ ညဉ့်အခါကာလအလှူပေး-အလှူခံ-အလှူဝတ္ထုတို့အတွင်းက၊ ဧရင်-ဧသိနာခံရှိသမျှတို့၊ ဘာတခုမျှ မရှိကြသည့် အနိစ္စ-အနိစ္စဟူ၍၎င်း၊ညဉ့်အခါ ဝိပဿနာနှင့် တွဲလိုပါမူ နေ့အခါကာလ အလှူပေး-အလှူခံ-အလှူဝတ္ထုတို့အတွင်းက၊ မူရင်-မူသိနာခံ ရှိသမျှတို့၊ဘာတခုမျှမရှိကြသည့်အနိစ္စ- အနိစ္စ-ဟူ၍၎င်း၊ ကောင်းမှု၏ အစ,အလယ်,အဆုံး,တို့မှာ တွဲဘက်၍ရှုက၊ဝိပဿနာ မြန်သလောက်မြန်နိုင်ကြသော နည်းလမ်းကို မသိကြသူတို့က၊ ယခင်က မဂ္ဂင်ပေါင်တမျိုးထည်းနှင့် ဆန်တက်ကြသည် တို့ကိုသာ ကြည့်၍၊ ဒါန,သီလတို့က သမထထက် နှေးသည်။၎င်း သမထကလည်း ဝိပဿနာထက် နှေးသည်။ သံသရာဝဋ်ရှည်သည့် ဒါန, သီလ, သမထတို့ကို မလုပ်ကြနှင့်ဟု ဘုရားဟောထားခဲ့သည့် သုတ်, ဝိနည်း တရားတို့ကို နှိပ်၍၊ အမြန်ဆုံး ဖြစ်သော ဝိပဿနာအလုပ်ကိုသာ အားထုတ်ကြဟု အဘိဓမ္မာတရား တစားထဲကိုသာ တိုက်တွန်းရှာတတ်ကြသူတို့ ပြောဟောကြသည့် စကားက- ဝတ်န်

ဘုံ။ မိမိတို့ သားမယားစသည်များနှင့်၊ နေသိုင်ပြုလုပ်နေကြသော ဗိတ်နေ ဗိတ်သားတို့က ကလိမ်ချုံ ဖြစ်နေကြသည့်အတွက်၊ ဝိပဿနာ ဘက်သို့ အချက်ကျကျလည်း မဘက်နိုင်ကြဘဲ၊ ဒါန,သီလမျှ အားထုတ်နိုင်ကြဘို့၊ မိမိတို့စကားကိုလိုက်နာသူနှင့် တကွ၊မိမိတို့ပါ သဒ္ဓါမွဲ ပညာမွဲနေကြသည်တို့ကို သူတပါးမသိစေလို၍၊ ဒါန, သီလ, သမထတို့ကို ယုတ်ညံ့ ၍ သာငါဘို့ မပြုကြသည်ဆိုပြီး၊ မြင့်မြတ်သော ဝိပဿနာဘက်သို့လည်း ခဲမဲစွာ မဘက်ကြဘဲ၊ယုဘ်သည်ထက် ယုတ်လှသည့်ကာမဂုဏ်အလုပ်မှာ ခဲမဲစွာ အားထုဘ်နေကြတာကို တွေ့မြင်ရပါ၍ '**အမြောကာဝဘိန်ဘုံ၊ စိတ်သား သဘောက- ကသီခိချို့**'ဟု ရှေ့ကရေးပြလိုက်သည်များကို အထူး သတိထား၍၊ ဘယ်တရားကိုမျှ မနှိပ်ကြဘဲ **နဲညည်းချောင်း**, **များညည်းချောင်း**, **ဘောင်းပြည့်**ဆိုတာလို၊ အခွင့် သာသမျှသော ဒါန, သီလ, သမထတို့ကို မေတ္တာဝိပဿနာတို့နှင့် တွဲကာတွဲကာ ပါရမီတရား- ကြီးပွါးကြအောင်၊ အထူး အားထုတ်ကြပါလေ သူတော်ကောင်းတွေတို့။

ဤရှေ့ကပြခဲ့ပြီးသော ဝဋ်ဆိုးကြီး ၃-ပါးတို့ကို ဖ-ဒွါရနှင့် တွဲစပ်ကာ ဝိပဿနာ ရှုလိုသေးကြပါမူ။ ။(မျက်စိအဆင်း မြင်သိ ၃-ပါး ကောင်း, မကောင်း ၂-စားတို့ဘား၊ဝိပါက ဝဋ်ဆိုးတရားမျိုးတည်း။ ။ဤဝိပါက ဝဋ်ဆိုး တရားမျိုးတို့ဖြစ်ကြောင်းကား၊ ကုသိုလ်,အကုသိုလ် ကမ္မဝဋ်ဆိုး တရားမျိုးတည်း။ ။ဤဝဋ်ဆိုး ၂-ပါးတို့အတွက်၊လောဘ,ဒေါသ,မောဟ တို့ဖြစ်ရချက်ကား ကိလေသဝဋ်ဆိုး တရားမျိုးတည်း။ဤမျက်စိပေါက်က ဝင်သုံး၁ အနိစ္စကို၊မြင်သိ အသစ်ပြောင်း,အဟောင်းပျက်မှုနှင့် တွဲဘက်၍ ရှုကြပါလေ)။ ။ဤ ( )ကွင်းတို့ အတွင်းက စကားတို့ကို အရကျက်ထား၍၊**ဝဋ်ဆိုးတရားကြီးများအစစ်ဖြစ်ကြပုံ**ဘား၊ကုသိုလ်ကံ ကမ္မဝဋ်ဆိုး၏အကျိုး မျက်စိဘည်းဟူသော ဝိပါကဝဋ်ဆိုးကြီးကို၊မိမိတို့အတွင်းသား မျက်စိအင်္ဂါတပါး ပြုလုပ်ထားမိသည့် အတွက်၊ တရား အပိတ် အဆို့မရှိ သူတိုင်းတို့မှာ ဆယ်မျက်နှာတို့က ဝိုင်းအုံ၍နေကြသော အဆင်းကောင်း ထားပြတိုက်က **လောဘ**၊ အဆိုးတိုက်က **ဒေါသ**၊ အလတ်တိုက်က **မောဟ**ကိလေသဝဋ်ဆိုး အမျိုးမျိုးတို့အတွက် ဆက်လက်ကြပြီး၊ဒုစရိုက် အမိုက်အမှားစသော ကမ္မဝဋ်ဆိုးကြီး စသည်များလည်း ဖြစ်ကြရသဖြင့်၊ အပါယ်ဘေးဒုက္ခ မီးတို့အထဲမှာ တမြုပ်ထဲ မြုပ်နေရသော အပါယ် ဝိပါက ဝဋ်ဆိုးကောင်မ, ဝဋ်ဆိုးကောင်ထီး အဖြစ်နှင့်၊ တနစ်ထဲ နစ်နေကြရမည်များကို၊ကြောက်လန့်တကြား အထူးသတိထားကြပြီး၊ဝိပဿနာ

သာသနာတော်ကြီး အလွယ်ဆုံး နည်းနှင့်၊ ယခုအခါ ကြုံကြိုက်လာ၍ ရှုကြဘိုရာကား၊ ရှေ့ကပြခဲ့သည့် စကျူးဇွါရဝိထိတို့ အဆုံးမှာ၊ သေချာစွာ ဝိပဿနာအလုပ်ကို အလွယ်နှင့် အားထုတ်တတ်ရန်၊ ရေးပြထားခဲ့သည့် အတိုင်း ရှုကြပါလေ။ အထူးကား၊ ရုပ်တို့သည် နာမ်တို့ထက် အသက် ရှည်သော်လည်း၊ မြင်သိလုံးစသည် အသစ်ပြောင်းအောင်ကား၊ ရုပ်သက် က မရှည်နိုင်သောကြောင့်၊မြင်သိလုံးစသည် အသစ်ပြောင်း၍ အဟောင်း ပုက်လျှင်၊ဤမျက်စိနှင့်စပ်သမျှ ဖြစ်ဆဲရှင်စသော ဝိပါကဝဋ်ဆိုး၊ကိလေသ ဝဋ်ဆိုး၊ ကုသိုလ်, အကုသိုလ် ကမ္မဝဋ်ဆိုး အမျိုးမျိုးတို့လည်း၊ အသစ် ပြောင်း၍ အဟောင်း ပျက်ကြရလေသောကြောင့်၊ မျက်စိပေါက်ကဝဋ် သုံးဝဋ်၊မြင်သိအသစ်ပြောင်း,အဟောင်းပျက်မှုနှင့် တွဲဘက်၍ ရှုကြပါ လေဟု-ဆိုအပ်ပေသတည်း။

မျက်စိပေါက် ဝဋ်ဆိုး ၃-ပါး ဝိပဿနာတရားပြီး၏။

ဤနည်းကိုမှီ၍ နားပေါက်စသည်တို့နှင့်စပ်ကာ၊ဝိပဿနာရှုလိုသေးပါ မူ၊(နားအသံ ကြားသိ ၃-ပါး၊ကောင်း,မကောင်း ၂-ပါးတို့ကား၊ဝိပါက ဝဋ်ဆိုးတရားမျိုးတည်း။ ။ဤဝိပါကဝဋ်ဆိုး တရားမျိုးတို့ ဖြစ်ကြောင်း ကား၊ ကုသိုလ်, အကုသိုလ် ကမ္မဝဋ်ဆိုး တရားမျိုးတည်း။ ။ဤ ဝဋ်ဆိုး ၂-ပါးတို့အတွက်၊လောဘ-ဒေါသ-မောဟတို့ ဖြစ်ရချက်ကား၊ကိလေသ ဝဋ်ဆိုး တရားမျိုးတည်း။ ။ဤသို့- နားပေါက်က ဝဋ်သုံးဝ အနိစ္စကို ကြားနည်အသစ်ပြောင်း,အဟောင်းပျက်မှုနှင့် တွဲဘက်၍ရှုကြပါလေ)။ ။ နှာခေါင်းပေါက်က ရှုရပုံကား၊ (နှာခေါင်း အနံ့ နံသိ ၃-ပါး၊ ကောင်း, မကောင်း ၂-စားတို့ကား၊ဝိပါကဝဋ်ဆိုး တရားမျိုးတည်း။ ။ဤဝိပါက ဝဋ်ဆိုး တရားမျိုးတို့ ဖြစ်ကြောင်းကား၊ ကုသိုလ်,အကုသိုလ်ကမ္မဝဋ်ဆိုး တရားမျိုးတည်း။ ။ဤဝဋ်ဆိုး ၂-ပါးတို့အတွက် လောဘ-ဒေါသ-မောဟ တို့ ဖြစ်ရချက်ကား၊ကိလေသဝဋ်ဆိုး တရားမျိုးတည်း။ ။ဤနှာခေါင်း ပေါက်က ဝဋ်သုံးဝ အနိစ္စကို နံ့သိ အသစ်ပြောင်း၊အဟောင်းပျက်မှုနှင့် တွဲဘက်၍ရှုကြပါလေ)။ ။လျှာပေါက်က ရှုရပုံကား၊(လျှာအရသာ လျက် သိ ၃-ပါး၊ ကောင်း, မကောင်း ၂-စားတို့ကား၊ ဝိပါကဝဋ်ဆိုး တရား မျိုးတည်း။ ။ဤဝိပါက ဝဋ်ဆိုး တရားမျိုးတို့ဖြစ်ကြောင်းကား၊ ကုသိုလ် အကုသိုလ် ကမ္မဝဋ်ဆိုး တရားမျိုးတည်း။ ။ဤဝဋ်ဆိုး ၂-ပါးတို့ အတွက်

လောဘ,ဒေါသ, မောဟတို့ ဖြစ်ရချက်ကား၊ကိလေသဝဋ်ဆိုး တရားမျိုးတည်း။ ။ဤလျှာပေါက်က ဝဋ်သုံးဝ အနိစ္စကို လျက်သိ အသစ်ပြောင်း အဟောင်းပျက်မှုနှင့်တွဲဘက်၍ရှုကြပါလေ)။ ။ကိုယ်ပေါက်ကရှုရပုံကား၊ (ကိုယ်အတွေ့ တွေ့သိ သုံးပါး၊ကောင်း,မကောင်း ၂-စားတို့ကား၊ဝိပါက ဝဋ်ဆိုး တရားမျိုးတည်း။ ။ဤဝိပါက ဝဋ်ဆိုး တရားမျိုးတို့ဖြစ်ကြောင်း ကား၊ကုသိုလ်,အကုသိုလ်,ကမ္မဝဋ်ဆိုးတရားမျိုးတည်း။ ။ဤဝဋ်ဆိုး ၂-ပါး တို့အတွက် လောဘ,ဒေါသ,မောဟတို့ဖြစ်ရချက်ကား၊ ကိလေသဝဋ်ဆိုး တရား မျိုးတည်း။ ။ဤသို့ ကိုယ်ပေါက်က ဝဋ်သုံးဝ အနိစ္စကို တွေ့သိ အသစ်ပြောင်း,အဟောင်းပျက်မှုနှင့် တွဲဘက်၍ ရှုကြပါလေ)။ ။မနော ပေါက်က ရှုရပုံကား၊(မနောအကြည် ဓမ္မာရုံနာမ်ဝပါက် ၃-ပါး၊ကောင်း, မကောင်း ၂-စားတို့ကား၊ ဝိပါကဝဋ်ဆိုး တရားမျိုးတည်း။ ။ဤ ဝိပါက ဝဋ်ဆိုး တရားမျိုးတို့ ဖြစ်ကြောင်းကား၊ ကုသိုလ်,အကုသိုလ် ကမ္မ ဝဋ်ဆိုး တရားမျိုးတည်း။ ။ဤဝဋ်ဆိုး ၂-ပါးတို့ အတွက် လောဘ, ဒေါသ,မောဟတို့ဖြစ်ရချက်ကား၊ကိလေသဝဋ်ဆိုး တရားမျိုးတည်း။ ။ ဤမနောပေါက်က ဝဋ်သုံးဝ အနိစ္စကို ကြံသိအသစ်ပြောင်း-အဟောင်း ပျက်မှုနှင့် တွဲဘက်၍ ရှုကြပါလေ။)

[ဤသောတစသည် ငါးဒွါရတို့မှာလည်း၊ကမ္မဝဋ်ဆိုး,ဝိပါက ဝဋ်ဆိုး, ကိလေသ ဝဋ်ဆိုးတို့က ဆက်လက်ကြ၍၊ ကမ္မဝဋ်ဆိုး စသည်တို့ တဖန် ဖြစ်ပွါးကြပြန်၍၊ အပါယ်သို့ ထပ်မနားဖြစ်ကြ ရပုံကို၊ စက္ခုက ပြခဲ့သည့်အတိုင်း သိကြပြီးနောက်၊နားပေါက်က ဝိပဿနာရှုရပုံကိုလည်း၊ ရှေ့ကပြခဲ့ပြီးသော သောတဒွါရဝိထိတို့ အဆုံးမှာ၊ သေချာစွာ ဝိပဿနာ အလုပ်ကို လွယ်လွယ်နှင့် အား ထုတ်တတ်ကြရန် ရေးပြထားခဲ့သည့် အတိုင်း ရှုကြပါလေ။ ။ ကိုယ်ပေါက်, မနောပေါက်တို့က ဝိပဿနာ ရှုရပုံများကိုလည်း၊ ဤနားပေါက်က ဝိပဿနာ ရှုရသည်နှင့်တွဲ၍ ပြခဲ့သည့် အတိုင်း ရှုကြပါလေ။ နှာခေါင်းပေါက်, လျှာပေါက်က ဝိပဿနာရှုရပုံ တို့ကိုလည်း၊ ရှေ့က ပြခဲ့ပြီးသော ဃာနဒွါရ, ဇိဝှါဒွါရ ဝိထိတို့ အဆုံးမှာ၊ သေချာစွာ ဝိပဿနာအလုပ်ကို လွယ်လွယ်နှင့် အား ထုတ်တတ်ကြရန် ရေးပြထားခဲ့သည့်အတိုင်း ရှုကြပါလေ ယောဂီ မြတ်တွေတို့။]

ဤကား-မောစနဿာယ အရကို၊ ပင့်ဆိုးသုံးဝတို့မှ ဗိဝဋ္ဋဖြစ်ကြသော ဒါန, သီလ, သမထ, ဝိပဿနာ အဖြာဖြာတို့နှင့်၊ အခွင့်အခါ သင့်ရာက လျင်အမြန် ထွက်မြောက်နိုင်ကြရန်၊ နည်းကောင်း,လမ်းမှန်တရား အစားစားတို့ကို၊ ထင်ရှားအောင် ပြချက်တို့ပေတည်း။ ဤသည်တို့ကား၊သံသာရ အရ-ဝဋ္ဋအရ-ဒုက္ခအရ-မောစနဿာယ အရတို့ကို၊ သံသရာ ဝဋ်ဆင်းရဲ ငြိုငြင်ဖွယ်ရေအယဉ်မှ ထွက်မြောက်တတ်ကြဘို့၊ ရှင်းလင်း၍ ပြလိုက်သည့် အတိုင်း၊ အရာရာတို့မှာ အခါခါ အားထုတ်ကြလျက် ထွက်မြောက်နိုင်ကြပါစေသတည်း။

ထောင့်နှစ်ရာရှစ်၊ လေးခုနှစ်၊ ပြီးလစ်ဝါဆိုမှာ။
ဤစာရဘိ၊ မပြတ်ကြည့်၊ သိ၍ဝိထိစာ။
ဝိထိအစား၊ ကျင့်စဉ်မျ ား၊ ကြိုးစားအားထုတ်ပါ။

ဝိပဿနာ ဝိထိအစားစား ကျင့်စဉ်တရားကြီး
ဤတွင်ပြီး၏။

မိုးဃ်းညွှင်းကိုယ်တော်ကြီး ရိုက်ပြီးစာအုပ်တို့မှာ၊
လိုတာစွက်၊ ပိုတာဖျက်ရန် စသည် အကြောင်း
ရှိနေပြန်သောကြောင့်၊ ကိုယ်တော်ကြီး အထံက
ခွင့်မရဘဲ နောက်ထပ် မရိုက်ရ။

# ဓမ္မဒါနအလှူရှင်-စာရင်း


(၁) ရန်ကုန်မြို့- အဘောက်ကီသီလမ်း၊ အမှတ် ( ၁၉၅ ) ဦးမောင်ကြီး-ဒေါ်ညွှာ-သားသမီး,မြေးတို့ကောင်းမှု အုပ်ရေ..... ..... ..... ..... ၆၄၀

(၂) မိုးညှင်းတောရ ဓမ္မဒါန အသင်းကြီး ကောင်းမှု အုပ်ရေ..... ..... ..... ..... ၁၆၀

(၃) ( ရွက်ခြုံပါဝေခေါ် ) မြန်မာနိုင်ငံကောင်းတုံတရုပ်ကပြားအသင်းကြီး ကောင်းမှု အုပ်ရေ..... ၇၀

(၄) ပြည်လမ်း၊ ဒေါ်သိန်း နှင့် ညီမများ ကောင်းမှု အုပ်ရေ..... ..... ..... ..... ၇၀

(၅) ဝင်ဒါမီယာလမ်း၊ဦးဘညွှန့်-ဒေါ်မြရွှေနှင့်ညီမများ အိမ်သားတစု ကောင်းမှု အုပ်ရေ ..... ၇၀

(၆) မြေနီကုန်း၊ ဘား မား ဘွန့် ဦး စံ- ဒေါ် ခင် စော ကောင်းမှု အုပ်ရေ..... ..... ..... ၁၀

ရန်ကုန်မြို့
အဿကဲကလီလမ်း၊ အမှတ်-၁၉၅
ဦးမောင်ကြီး-ဓဂါညွှား
သား, သမီး, မြေးတို့
ကောင်းမှု
(အုပ်ရေ-၆၄၀)